

အတွဲ (၂၃) အမှတ် (၈)
၂၀၂၃ခုနှစ် ဩဂုတ်လ
မဂ္ဂဇင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

၂၀၀၁ ခုနှစ် ဇန်နဝါရီလမှစ၍ ထုတ်ဝေသည်။

မဂ္ဂဇင်း

အတွဲ (၂၃) အမှတ် (၈)
၂၀၂၃ ခုနှစ် ဩဂုတ်လ

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဘာသာရေးဆောင်းပါးများ


၅ ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော
နီတိပေါင်းချုပ်
(သာရတ္ထဒီပနီ)
**မဟာဗောဓိမြိုင်**
**ဆရာတော်ဘုရားကြီး**

၁၃ မန္တလေးတိုင်းဒေသကြီး
ကျောက်ဆည် ခရိုင်မြစ်သားမြို့က
သမိုင်းမတင်သော်လည်း
သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများ။
ကဿပစေတီတော်
**စနေထွန်း(မြစ်သား)**

၃၁ ဝါးမြူတောင်ရွာမှ
ဂုဏ်ရှိဆန်သော စူဠာမဏိ
ဆုတောင်းပြည့်စေတီတော်
**ကိုအေးအောင်(အင်းတော်)**

၆၇ တပ်ကုန်းမြို့နယ်၊
ကျောက်စရစ်ကုန်းမှ
ပန်တွာဘုရင်မကြီးနှင့် ဆွေတော်
မျိုးတော်များကောင်းမှု
မေတ္တာပန္နက်ဆုတောင်းပန်စေတီတော်
နှင့် သစ္စာမေတ္တာအမျက်တော်ပြေ
ဆုတောင်းပန်စေတီတော်ကြီး
**နေပြည်တော်ကျော်ကျော်စိုး**


## သုတရသဆောင်းပါး


၂၀ နေ့နံ့ထင်ရှား မြတ်ဘုရားခုနစ်ဆူ
ရှစ်ခိုးပူဇော်မည်
လယ်တီဆရာတော်ဘုရားကြီး၏
အကာအကွယ် မြန်မာစက်
ပရိတ်တော်ကြီး
**ဆုံကြွယ်**

၂၄ ဝိပဿနာအမေးအဖြေ(၈)
**အရှင်ဥတ္တမ**

၂၉ တတိယမောင်းထောင်ဆရာတော်
အရှင်ပညာသာမိ (၁၈၁၅- ၁၈၆၉)
**မောင်ဇေယျာ**

၄၁ စွမ်းအားထက်မြက်သော
ဗားမဲ့ဆရာတော်ကြီး၏
ကျေးချက်ဂါထာတော်အစွမ်း
**ရှိမောင်ဝင်း(ရေချမ်း)**

၅၁ ချမ်းသာ(၃)ပါး (၆)
**ချောင်းဆုံ အုန်းသွင်**

၅၃ ဘုရားဂုဏ်တော်တန်ခိုးကြောင့်
**ရဲမောင်(ရွှေသင်း)**

၅၆ မေတ္တာဟူသည်
**အင်ပင်သန်းရွှေအောင်**

၆၄ ကျေးဇူးဆပ်ကချမ်းသာရ
**ရွှေနှယ်ရိုး**

၇၈ မည်သို့ရှင်းပြရမည်နည်း
**ဦးနန**

၈၉ တရားဟောခြင်းသုံးမျိုး
**ကိုကြီးကောင်း**

၉၀ ကျောင်းကုန်းမြို့
တာဦးဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၉၆ ငွေဝင်သည့်ဂါထာဆို၍
**စောဗိသွင်(ရန်ကုန်)**

၁၁၈ သတိနှင့်ယှဉ်နေရမည့်နွေအပူရှိန်
**ပါမောက္ခဦးကြည်**

၁၃၆ အချစ်ကြီးသူ၏နောင်တအောင်ပွဲ
**မောင်စိုးပြေ(နဝဒါသီ)**

၁၄၃ သေစာရင်းရေးသူ
**ဖေသိန်းကြည်**

၁၇၂ ကျန်းမာချမ်းသာပါစေ
**မင်းသန့်ကျော်(ဗီးကုန်း)**

၁၇၃ ကံ (၁)
**ချောင်းဆုံ အုန်းသွင်**

၁၇၅ လှေသင်းအတွင်းဝန်မင်း၏
သမိုင်းဝင်ကြေးနန်းစာများ
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်**

၁၈၀ ပုန်းမကြည်ရှင်မ
**မောင်သန်းဆွေ(ထားဝယ်)**

၂၀၀ ကာမည်ကွယ်မည်မြတ်ပဋ္ဌာန်းနှင့်
**မောင်လှချစ်**

၂၃၇ မြန်မာ့တံဆိပ်ခေါင်းဝေါဟာရများ
**ကြည်လွင်**

၂၃၉ တစ်သက်တွင်တစ်ခါ
ကြုံကြိုက်ခဲ့လေသော
ထားဝယ်မြို့ပေါ်တည့်တည့်
နေလုံးဝကြွတ်ခဲ့ခြင်း
**မောင်စိမ်းဆွေ(ထားဝယ်)**

၂၄၃ ကျွန်ုပ်သိထားသောပျားစွဲခြင်း
**အေးချမ်းအောင်(ရမည်းသင်း)**

၂၄၁ လူငယ်များအတွက်ရွှေစကား
**မောင်ပွင့်ဉာဏ်(မောရ)**

၂၆၅ အားလုံးပြီးမြောက်
သိဒ္ဓိပေါက်ဂါထာတော်
**ဆလိုင်းငွန်သိန်း(ရမည်းသင်း)**

မြင့်မြင့် ★ စာပေ
31,ထန်းတပင်အနောက်လမ်း၊
လှည်းတန်း၊ကမာရွတ်



## သုရဋ္ဌတိုင်းရင်းဆေး

ချောင်းဆိုးပျောက်စေရန်
**နေပြည်တော်ကျော်ကျော်စိုး**

အစာလည်းဆေး၊ဆေးလည်းအစာ ရောဂါလည်းပျောက် လျှာလည်လောက်သည့် ရသာစုံလင်ဆေးဖက်ဝင် ဟင်းလျာများ(၈၈)
**ရွှေနဝင်း(ပုသိမ်)**

ဝန်ကြီးချုပ်ပေါင်းဦးနု၏ ဆေးစွမ်းကောင်းတစ်လက်
**မောင်ပွင့်ဥာဏ်(မောရ)**

နုနာနေသလား
**မောင်စိမ်းရင့်(ကျုံပျော်)**

လယ်ကန်စွန်းအရိုးတံနီ တကယ်စွမ်းလို့အဖိုးတန်ပြီ
**ကိုရင်ငြိမ်းအေး(ရထား၊ စက်မှု)**

ဆီးချိုရောဂါနှင့် ဆေးအိုးပုတ်ပင်အစွမ်း
**ထွန်းရင်(မြန်အောင်)**

နူးမွှေးခူနာပျောက်ဆေးနည်း
**ကိုသက်ရှည်**

ရှောက်သီးမီးဖုတ်သည့်ပြာ နှင့် ပျားရည်
**မင်းသန့်ကျော်(ဗီးကုန်း)**

မိုးဥတုတွင်သမုဒ္ဒာန်(၄)ပါး အလိုအရ လိုက်နာဆောင်ရွက် သင့်သောကျန်းမာစေကြောင်း နည်းလမ်းကောင်းများ
**ဒေါ်နေနေနိုင်ရည်**
**လ/ထညွှန်ကြားရေးမှူး**
**(ဖွံ့ဖြိုးရေးဌာနစိတ်)**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

မှတ်စုထဲမှမြန်မာ့ဆေးနည်းများ
**ကိုလေးဆင့်(လက်ပံတန်း)**

သွေးဝမ်းသွားရောဂါ ပျောက်ဆေးနည်း
**ကိုရင်ထွန်း(သီလဝမြေ)**

ကျောက်ကပ်မကောင်းသူများ စားစေချင်
**စိုးလင်းအောင်(မြန်အောင်)**

ဘုရားတတ်ကျိုးကြမ်းပိုးမကိုက်
**ကိုသက်ရှည်**

ဝမ်းလျှောရောဂါ အလွယ်ကုသနည်း
**နေဝင်းဝင်း(လွန်ဆေး)**

၂၅၇ မရန်းပင်နှင့်ကုက္ကိုသီးအမှည့်
**ထွန်းရည်(မြန်အောင်)**

၂၉၀ ပူတာကိုအေးစေပြီး အေးတာကိုပူစေတတ်သည်
**ကိုကိုသက်(ရေနံ)**

## သုရဋ္ဌဝတ္ထုတို

၃၈ သံမှတ်သာဒင်
**ကသာသင်းမွှေး**

၄၆ ဖုတ်ကောင်နဲ့ထိုးတဲ့လက်ဝှေ့ပွဲ
**အဂ္ဂဓော်**

၅၈ ဥစ္စာပစ္စည်းသည် သူတော်ကောင်းတို့၏ရန်သူ
**အောင်မြင့်ထွန်း(မသုံးလုံး)**

၇၅ ဝိပါတ်ကြမ္မာမပြေးသာသည်
**ကိုလှိုင်(မြန်မာစာ)**

၉၉ ဆံကေသာဝေဖြာလှုပနေသည့် မြကြာဖြူ
**စိုးလင်းအောင်(မြန်အောင်)**

၁၀၁ ပြကျောက်(၇၇)
**နေပြည်တော်ကျော်ကျော်စိုး**

၁၁၃ ဒေးပုလဲငွေစိန်သိုက်သမိုင်းနှင့် မငွေစိန်၏အချစ်ဇာတ်လမ်း
**မင်းသန့်ကျော်(ဗီးကုန်း)**

၁၂၃ သေမင်းနှင့်ခြေတစ်လှမ်းအလို
**ရင်သန်း**

၁၃၁ ဘဝကောက်ကြောင်း ပြန်ပြောင်းသက်သေ
**အာကာသ(သာစည်)**

၁၃၈ ဝက်ခြောက်
**ပန်းတနော်နောင်ထက်**

၁၅၂ ဖြူလိုက်မှဆိုး
**တင့်ထူး(ဇေယျဝတီ)**

၁၅၇ ကံ
**မောင်စိမ်းရင့်(ကျုံပျော်)**

၁၆၁ ပရလောကစကားဝိုင်း
**KM အေး(ကျုံပျော်)**

၁၈၂ ထိုက်တန်သည့်နေရာ
**စံဝင်းအောင်(မြန်အောင်)**

၁၉၁ ကိုယ်ပျောက်ခြုံလွှာ
**ရဲစက်တံခွန်**

၁၉၄ ခွေးမကြီး၏တုံ့ပြန်မေတ္တာ
**ရွှေလင်းမောင်ပြည့်ဖြိုး**

၂၀၄ အဘဘိုးမင်းခေါင်နှင့် တောင်ပို့စောင့်နတ်
**ဟိန်းဇေယျာ(စံမြင့်မြတ်)**

၂၀၇ ဘဝပျက်ချိန်ရောက်မှ ချမ်းသာလာသူ
**စိုးထွန်း(ဥပဒေ)**

၂၁၀ သရဲစိတ်ညစ်သည်
**ရှာန်လင်းထက်**

၂၃၁ သချိုင်းကုန်းကလက်ပံပင်ကြီး
**ရွှေပြည်စိုး(မိုးကုတ်)**

၂၄၅ ပုထုဇဉ်
**မောင်မောင်စိုးယု**
**(မန်းတက္ကသိုလ်)**

၂၅၀ အေလာစီမံကိန်းမှကြုံတွေ့ရသည့် အဖြစ်အပျက်များ
**စောမိသွင်(ရန်ကုန်)**

၂၅၄ ကံကြမ္မာဆန်းကြယ်ပုံကို ပြောရရင်ဖြင့်
**သက်လှိုင်မျိုး**
**(စက်မှုတက္ကသိုလ်)**

၂၆၇ နှမချစ်ရှာအလွန်က မယ်ဒီမိမြနတ်နန်း
**ကိုဇော်ဝင်း(လှုတော)**

၂၈၄ သူခိုး
**ထွန်းရင်(သဖန်းကိုင်း)**

## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်

၂၅၈ ကျွဲခွဲကောင်းတစ်ယောက်၏ ဘဝခရီး (၁)
**ဖိုးကျော့**

## သုရဇ္ဇ ပညာရပ်


၇၃ သာစည်ပင်းယ ဇောက်ထိုးကျလည်း
ပန်းခင်းလမ်းတော့ဖြစ်ခဲ့သည်
**ဖေသိန်းကြည်**

၈၁ အလုံဒီပါမဟာဂန္ဓာရီပညာနှင့်
ဝိဇ္ဇာမှတ်တမ်းများ(၃၉)
**ဆက်ထွန်းလင်း**

၈၇ အိမ်မြှောင်စုတ်ထိုး
လာဘ်မိုးကြွက်မြည်
**မင်းနေထွန်း(ကန့်ဘလူ)**

၁၁၀ ဝိဇ္ဇာမယိဒ္ဓိမှော်(၉)ဂါထာနှင့်
အဓ္ဌာရသအင်းပညာ
**ဆက်ထွန်းလင်း**

၁၂၇ အတိတ်ဇာတ
သားသမီးများ၏ဇာတာ
**မောင်မောင်စိုးယု**
**(မန်းတက္ကသိုလ်)**

၁၄၆ မြန်မာ့ရိုးရာလျှို့ဝှက်ရေးပေါင်း
ဆေးပညာ မြန်မာ့ဘောသဏ္ဍဂုရ
ဆေးဘုရားပညာတော်ကျမ်း(၂၃)
**ဆက်ထွန်းလင်း(ဝိဇ္ဇာဓရ)**

၁၆၆ အစကောင်းခြင်းဖြင့်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၁၇၀ ရေးပေါင်းမှုနန်းစဥ်သုံး
ဓာတုသင်္ဂဟဝိနိစ္ဆယ
နာမရူပဓာတ်ယတြာ
အစီအရင်ပြုနည်းကျမ်း(၆)
**ဆက်ထွန်းလင်း**

၁၇၇ လောကီမင်္ဂလာဆိုင်ရာ
ယုံကြည်မှု၏ဓလေ့များ
**မင်းရှိန်အောင်**

၁၉၆ ကောဇာဆန်းကျင် သိစေချင်
**မင်းနေထွန်း(ကန့်ဘလူ)**

၂၀၂ နာကြောက်လျှင်နောက်ကျ
မကြောက်၍အတင့်ရဲခဲ့သော်
နားစားပြီးနားကားနိုင်ပါသည်(၂)
**ဦးမင်းဇင်(ရွှေနဝင်း)**

၂၁၉ အခြေခံဆန်းကျမ်းဗဟုသုတများ
**ထိပ်တင်အုန်းကျော်**
**(သုတေသီ)**

၂၂၁ သိစရာကြည့်စရာလက္ခဏာပညာ
**မင်းရဲရင့်မွန်**

၂၇၀ ရာထူးတက်မလား
**စိုးလင်းအောင်(မြန်အောင်)**

၂၈၈ လက္ခဏာလမ်းကြောင်းများသည်
ပြောင်းလဲတတ်သလော
**အောင်ဆန်းလင်း(ဘီအေ)**


## သုရဇ္ဇလက်တွေ့အသုံးချ


၁၆၄ သဘာဝဆေးဖက်ဝင်
ချင်းတောင်တန်းကနတ်ဆေးဂမုန်း
**ဂမုန်းချစ်**

၂၇၂ မြေကြွမ်းကိုဘယ်လိုတိုက်ရပါ့
**စိုးမင်း(မြောက်စည်းရွာသစ်)**

၂၉၂ ကောင်းကျိုးပေးပြ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**

၂၉၄ စဥ်းစားပြီးမှလုပ်သင့်တဲ့
ယတြာအတွက်သုရဇ္ဇလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၉၈ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၂၉၉ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၀၂ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊
ခုနှစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
အေးအေးစန်း

facebook **ထိပ်စာ**
Thurizza Magazine-**သုရဇ္ဇမဂ္ဂဇင်း**

**ကွန်ပြူတာစာစီ**
ချမ်းမြေ့ကျော်နှင့်သဿစုကျော်
အေးချမ်းမေ
**ဒီဇိုင်း**
နုနုယဥ်
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၁၁၃၊၁၁၄) စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ (၄)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့
ဖြန့်ချိရေး၊ စာမူနှင့်ကြော်ငြာ
၀၉-၄၂၀၅၈၇၉၅၆
၀၉-၇၅၇၅၇၇၇၉၈

**မျက်နှာဖုံးနှင့် အတွင်းသန်းချို**
စိုးအောင်
**သုရဇ္ဇစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၊၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**မျက်လှ**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဥ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကလယား**-ဂါနေ့၊ ဗီလုံမှာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေဇ္ဇာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( **၆၂၀၀** ) ကျပ်

စံဝင်းအောင်

([illegible])

# ထိုက်တန်သည့်နေရာ



"ပေ့ကောင် ကိုယ့်နေရာကိုယ်နေစမ်းကွာ"

ထိုင်ခုံနှစ်လုံးရှိနေပါလျက်သူထိုင်နေသည့်ထိုင်ခုံအတွင်းအတင်းဝင်ရောက်ထိုင်လာသူကိုပြောလိုက်၏။သူတို့သူငယ်ချင်းတစ်စု၊ အိမ်တွင်ဂစ်တာတီး၍သီချင်းဆိုနေကြခြင်းဖြစ်သည်။ ထိုင်ခုံအလွတ်များရှိနေလျက်ကိုကြည်လှိုင်ထိုင်၍ဂစ်တာတီးနေသောခုံဘေးအတင်းဝင်ထိုင်လာသူမှာအုန်းသန်းပင်ဖြစ်သည်။ အုန်းသန်းကကိုကြည်လှိုင်ကို လွန်စွာခင်မင်၏။ ဟသ်ာတတွင်တစ်ရပ်ကွက်တည်းအတူနေထိုင်ကြသောသူငယ်ချင်းများ ဖြစ်သည်။ ယခုကိုကြည်လှိုင်၏မိခင်နှင့်ပထွေးရှိရာရန်ကုန်သို့ရောက်ရှိနေကြခြင်း ဖြစ်၏။ ကိုကြည်လှိုင်သည် ဟသ်ာတတွင်ဖခင်နှင့်မိထွေးတို့ဖြင့်နေထိုင်သူဖြစ်သည်။ သူ့တွင်အစ်မအရင်းတစ်ဦးရှိပြီးမီးရထားဝန်ထမ်းတစ်ဦးဖြင့်အိမ်ထောင်ကျသွားသဖြင့် သူတစ်ယောက်တည်းသာကျန်လေ၏။

မိဘနှစ်ပါးမသင့်မြတ်ဖြစ်ပြီးသီးခြားအိမ်ထောင်တွေနှင့်ဖြစ်နေရာ ကိုကြည်လှိုင်အဖိုမိထွေးနှင့်အဆင်မပြေ၍ ရန်ကုန်သို့ထွက်လာလိုက်၏။ ရန်ကုန်တွင်ပထွေးဖြစ်သူနှင့်တော့အလွန်အဆင်ပြေသည်။ ပထွေးသည်ဖခင်ရင်းပမာသူ့ကိုအလွန်ချစ်ခင်၏။ သားယောကျ်ားလေးချစ်တတ်သောဖထွေးကသူ့ကိုအလိုလိုက်သည်။သို့သော်လည်းသူရန်ကုန်တွင်တာရှည်မနေနိုင်ပြန်။ ဟသ်ာတအောက်မေ့သည်ဆိုကာပြန်ပြေ၏။ ဤသို့ဖြင့်ပင်ကူးလိုက်သန်းလိုက်နှင့်လေလွင့်နေသူဖြစ်လာလေ၏။

# ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော နှုတ်ပေါင်းချုပ် (သာရဏီယတတ္တာ)



(ယခင်လမှအဆက်)

၉၂။ (ဂ) သူတော်ကောင်းစကား နာကြားမိရာမှဖြစ်ပွင့်လာသောစကားလုံးများ (ဓမ္မသဝန)

စကားနောက် တရားအရိပ်
ချွေးလည်းတိတ်
သွေးလည်းတိတ်စေ၏။
တစ်ပါးအောက်ကျ အများ၏ထိပ်
ဝေးနီးမဆိတ် ဝေး၊နီး မဆိတ်
တက်ရောက်အိပ်ရ၏။

## ၁။ မိုးစွေတုန်းရေသွင်း မြောင်းမကျဉ်း

ဆရာသမားတို့မေတ္တာမိုးစွေ၍ခြွေသောတရားစကားမှန်သမျှ မြေဝယ်မကျနာခံထားတတ်မှသာ. . .

နာကြားရာမှဖြစ်သောဉာဏ်မနောကံလျှံပယ်ထွက်ကျလာသည်။

နာကြားဉာဏ်အခြေခံအတွေးအခေါ် ဉာဏ်ရင့်သန်လာစေသည်။

အတွေးကိုကိုယ်တွေ့ဖြင့်ဖော်ကိုယ်ပိုင်ဉာဏ်အမှန်ပေါ်စေမည်။

တပည့်အဖြစ်ခရီးသွား နားကြားပေါ် ဖဝါးထား သွားရသည်ချည်းသာ . . .။

နာကြားမှုမပျင်း သုတသိအမြင်မကျဉ်းမြောင်း. . .။

သုတသိအမြင်ကျယ်ကိုယ်ပိုင်သိထင်လွှယ်မြင်လွယ်. . .။

၁၃၆၄ ခုနှစ်၊ တန်ခူးလဆန်း
(၈) ရက်နေ့။
စံရိပ်ငြိမ်၊ ကျော်တော၊ ပုလဲ။

## ၂။ မိုးရေဖျန်း မချမ်းမရှိ ဝမ်းလုံးပြည့်

ဘုရားစကားသားတော်များမှတစ်ဆင့်ဖွားနာကြားခွင့်ရလေသူ၊

အရိယာအရှင်တို့စကားတိုက်ရိုက်

အားဖြင့်နာကြားခွင့်ရလေသူ၊

လရောင်အောက် လမ်းလျှောက်ထွက်သူ. . . အထက်လအေး မိမိ၌လည်းအပေးခံရပြီပမာ. . . တရားစကားနားဝင်ဉာဏ်ယှဉ်ယှဉ်သလောက်ချမ်းသာခြင်း ပြီးမြောက်နေသည်သာ . . .။ တရားကြောသဘောပေါက် ဉာဏ်ထောက်ထောက်သလောက် စိတ်ဝမ်းမြောက်နေသည်သာ. . .။

တရားတော်သည်လကဲ့သို့အလင်းကိုလည်းပေး အအေးကိုလည်းဆောင်သူ့အောက်ဝင်ရောက်လာသူအားလုံးတို့အား ထိုအကျိုးနှစ်မျိုးလက်သိပ်ထိုးပေးမြဲဖြစ်ချေရာ။

အရသာသိသူမှန်မျှတရားသံကြားသွားစမြဲ. . .။

အရသာမိသူမှန်သမျှတရားနာဝတ်နားလက်ကပင်မလွှတ်. . .။

ရဟန္တာမကြီးဘဝရောက်နေသောရမည်ချည်းသာ. . .။

၁၃၆၅ ခုနှစ်၊ တန်ခူးလဆန်း (၁) ရက်နေ့။ စံရိပ်ငြိမ်၊ ကျော်တော။

**၃။ ဆောင်းနှင်းကူ အပူခေတ္တငြိမ်း**

သူတော်ကောင်းစကားကြားနာနေရခြင်းသည် မောဟကင်းဆိတ်ကလေအားလုံးတို့ပါခေတ္တအိပ်မောကျသွားကြတော့ရကား. . . ဆောင်းခါကာလ ဆောင်းနှင်းများဝေကျချိန် လူတို့၏ခန္ဓာကိုယ်၌ရှိသော အပူကိန်းများဆောင်းတွင်း ကာလမကုန်မချင်းငြိမ်းအေးသည်ပမာ. . . တရားနာခွင့်ရသူများသည်လည်းနာစဉ်ခဏ တဒင်္ဂအပူငြိမ်းခွင့်ရစေသည်။

၁၃၆၅ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက်နေ့။
(သင်္ကြန်အကြိုနေ့)
ခေါင်နန်းပလ္လင်ရိပ်သာ၊
မဟာမြိုင်တောကြီး။

**၄။ မိုးကျစဉ်မျိုးကြဲ ဆောင်းကျလျှင်မျိုးခွဲယူပါ**

ဗုဒ္ဓဘာသာတို့၏ ခလေ့ကောင်းတစ်ခုမှာ. . .

တရားနာယူခြင်းဖြင့် သုတမယဉာဏ်ပညာကိုဆည်းပူးလေ့ရှိကြ၏။

တရားဟောခြင်းဖြင့်စိန္တာမယဉာဏ်ပညာကိုဆည်းပူးလေ့ရှိကြ၏။

ထိုစဉ်. . . ကြားနာမှတ်သားရာမှ ခမ္မဓာတ်အားများစုဝေးလာခဲ့ပါမူ ထိုနာကြားရင်းဟောရင်းကပင် ဘာဝနာမယဉာဏ်မှတစ်ဆင့်ပဋိဝေဓအဖွင့်ကြီးတရားဟောခိုင်းခဲ့ရာ. . . ဒကာမကြီးလည်းနာရင်းကစွဲသောတာပတ္တိဖိုလ်ထဲလွဲဝင်သွားတော့၏။ ထိုအရှင်လည်းဟောရင်းကစွဲသောတာပတ္တိဖိုလ်ထဲစွဲဝင်သွားတော့၏။

စင်စစ်တရားဟောတရားနာအလုပ်သည် စိတ်အရင်းထုတ်ဉာဏ်စာရင်းကုတ်မျိုးဖြစ်ရာ ဟောတတ်နာတတ်ကခဲတစ်လုံးတည်းနှင့်စာနှစ်ကောင်မှန်နိုင်စွမ်းရှိချေ၏။

၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်နေ့။
ခေါင်နန်းပလ္လင်ရိပ်သာ၊မဟာမြိုင်။

မိထွေးတော်ဂေါတမီသော်မှ ကိုယ်မခံ့ကျမ်းအနာရောဂါများ ပိုးပန်းနေချိန် ဘုရားအစထား အရှင်သောရိပုတ္တာစသောအရိယာကြီးများ၏တရားစကားနားဝယ်ထား စိတ်ချမ်းအေး၍ကိုယ်ဘေးသင့်လွှင့်စင်သွားသည်များ ခံစားရသေးရာ သာမန်ကားမိုးရွာတိုင်းဝင်ရေမြင်တိုင်းချိုး အအေးမိုးခေါင်းထိုးခံ

သိပ်ဟိုင်ခေတ်. . . တောကြက်မလေး တစ်ကောင်တောကျောင်းရဟန်း၏တရားသံနာခံနေရသဖြင့် အပူငြိမ်းတရားကိန်းနေစဉ် သိန်းစွန်ငှက်တစ်ကောင်ကဝင် ရောက်ထိုးသုတ်ခြင်းခံရသဖြင့် ဦးခေါင်းပြတ်လျက်အသေဇာတ်ဖက်သက်ရောက်သွားချေရာ. . . ထိုတရားနာခွင့်ရကုသိုလ်ကြောင့် ဗာရာဏသီပြည်ဝယ် လူ့ဘဝ၊ လူမိန်းကလေးအဖြစ်ဖြင့်ကောင်းကျိုးကံခံစံခဲ့ရပြီ. . .။

၃။ မိုးကြိုးနှမ်း မိုးပန်းအရာဝင်

တရားနာယူခြင်းသုတမယဉာဏ်
ပညာဖြင့်ချာန်အလျင်ပွားသမာဓိဘာဝ
နာများကျက်စားလေ့ရှိသူသည်. . .
တရားတော်ကြောင့်အပူငြိမ်း. . .
တရားတော်ကြောင့်အပူသိမ်း. . .
တရားတော်ကြောင့်ပင် အယူပါ
ထိန်းသိမ်းပြီးရှိချေရာ. . .
ဥဗ္ဗုတ္တရာကျွန်မသည် အစကာပန်း



ဖိုးထဲမှ အသပြာတစ်ဝက်ခိုးဝှက်ယူစားလေ့ရှိသော်လည်း ဘုရားတရားတော်နာဆဲခဏ သောတာပတ္တိမဂ်ကျသွားချိန်တွင်ကား ဒိဋ္ဌိမီးငြိမ်း၊ ဒိဋ္ဌိမီးသိမ်း၊ အယူမတိမ်းတော့ပြီ။

သည်မျှသာလား မကသေးပါ။

တရားနာကြားခြင်းမှအဆင့်တိုး တရားဟောကြားခြင်းဖြင့်တစ်ဆင့်မိုးပင်ရွာသွန်းပေးနိုင်တော့ရာ. . . နာယူခြင်းသည်ဟောကြားခြင်းသို့ အရာဝင်မည့်လမ်းစတည်း. . . ။

၁၃၆၅ခုနှစ်၊တန်ခူးလပြည့်ကျော်
(၁)ရက်နေ့။(နှစ်ဆန်း ၁
ရက်နေ့)ခေါင်နန်းပလ္လင်ရိပ်သာ၊
မဟာမြိုင်တောကြီး။

## ၆။ အသံအေးမာန်သွေးအထထန်

သူတော်ကောင်းတို့၏ဓမ္မစွမ်းရည်သည် တဏှာမာန်၊ ဒိဋ္ဌိမာန်တို့ကိုဖြိုချဖျက်ခွင်းအသက်ကင်းစေရာ၌ ရှေ့ပြေးသည်သူတော်ကောင်းတရား နာကြားခြင်းတည်း။

တရားနာရာမှဖြစ်သောသဒ္ဓါသည် တဏှာကိုတုန့်ရပ်စေ၏။

သဒ္ဓါလှုံ့သဖြင့် ငုံ့သွားရသောတဏှာနောက် ဒိဋ္ဌိပါကောက်ကောက်ပါ၏။

ထိုတဏှာငုံ့၍ ဒိဋ္ဌိမာန်ကြုံ့သွားချိန်သုတပညာမှဘာဝနာဘက် ခရီးထွက်လာခဲ့ပါမူ တရားအရသာကိုယ်တိုင်ဒိဋ္ဌိရိုးတွင်းခြင်ဆီစိုက်မျှ ခံစားခွင့်ရသွားချိန် အကြွင်းမဲ့ယုံကြည်ချက်အထိ သဒ္ဓါလက်နက်ခိုင်မြဲသွားတော့ရကား. . . တဏှာယိုင်ဒိဋ္ဌိယိုင်ထိုးလဲတော့သည်။

သူတော်ကောင်းတရားနာခံမှတ်သားခွင့်ရခြင်းသည် နိဗ္ဗာန်လမ်းလှမ်းထွက်လိုသူများအတွက် ခရီးလမ်းဆုံးအထိအစွမ်းထက်ပြတတ်သည်။

၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့်နေ့။
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

## ၇။ သေရွာပြောင်း အခေါင်းတလား တရားသည်ပင်ထား

သူတော်ကောင်းတရား နားဝယ်ထား ခံစားအာရုံယူနေသူ. . .

နာသော်လည်း ထိုအနာထဲစိတ်မဝင် တရား၌သာစိတ်ဝင်၏။

သေသော်မှလည်း ထိုအသေထဲစိတ်မပြောင်း တရား၌သာစိတ်အောင်း၏။

မိထွေးတော်သည် ဇေတဒါဘွဲ့ရ ရဟန္တာမကြီးပင်ဖြစ်သော်မှလည်း နာဖျားချိန်ကာလ လူမမာလာမေးသောအရှင်မြတ်များ၏တရားနာကြားခြင်းဖြင့် ဝေဒနာကိုကျော်လေ့ရှိ၏။

အရှင်မောဂ္ဂလာန်၊ အရှင်ကဿပတို့သည်လည်း ဘုရားရှင်၏ဗောဇ္ဈင်တရားနာကြားခြင်းဖြင့်ပင် ဖြစ်ဆဲရောဂါများမှသက်သာရာရစေ၏။

ထိုအရှင်၊ အရှင်မတို့ကိုထားဘိဦး ဘုရားရှင်ကိုယ်တော်တိုင်သော်မှလေနာရောဂါထအရှင်စုန္ဒ၏ဗောဇ္ဈင်တရားနာကြားခြင်းဖြင့်ပင် လေနာရောဂါပျောက်သက်သာရာရောက်ခဲ့၏။

စင်စစ်တရားသည်ဆေး တရားသည်စိတ်အလောင်းသွင်းရာအခေါင်း. . . ။

သို့ကြောင့်ပင် ဘုရားလက်ထက်တော်က ဓမ္မိကဥပသကာ၊ ရတနာပုံမန်းခေတ်တုန်းက ယောအတွင်းဝန်ဦးဖိုးလှိုင်တို့သည် မဟာသတိပဋ္ဌာနသုတ်တရားနာကြားရင်းကပင်အသက်ပျောက်ကြားသိရင်းကပင် အထက်ရောက်ကြသည်မဟုတ်လော. . . ။

၁၃၆၅ ခုနှစ်၊ နယုန်လပြည့်နေ့။
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

## ၈။ အစာငြိလျှင် မိတိုင်းညောင်း တရားမိလျှင်ထိတိုင်းကောင်း

လောကီအာရုံ ကာမဂုဏ်ခံစားမှုများသည် ထွေလီဆန်းပြားလိုက်မကုန်နိုင်အောင်ပင် ခေတ်တစ်နံတစ်လျှားအစုန်အဆန် သွားနေကြသော်လည်းတဏှာမညောင်းခင် အကောင်းထင်ပေါင်းနေကြရပြီး တဏှာစိတ်တိတ်ကြရစမြဲ။ တဏှာကြောင့်ဆန်း တဏှာကြောင့်ပန်း၊ တဏှာကန်းလမ်းကုန်မြဲ။

တရားတော်၏ဓမ္မရသ၊ဝိမုတ္တိရသသည်ကားသဒ္ဓါတွင်ပညာလွှမ်းရာမှခံစားခွင့်ရသောအရသာမျိုးဖြစ်ခြင်း၊သွေးမကုန်လူမပန်းစိတ်ဖြင့်သာ ခန်းဝင်ခွင့်ရခြင်း၊ သံသရာတရိုးမည်သည့်ကာလမျှမတိုးဘူးသေးသောအရသာဖြစ်ခြင်း၊သမာဓိဂုဏ်ပီတိပဿဒ္ဓိအဟုန်တို့ဖြင့်သာအစုံပွင့်နိုက်စားသုံးနေရခြင်းများကြောင့်ကြာလေကောင်းလေ၊ ဟောင်းလေသစ်လေရှေ့တိုးလေပိုကောင်းလေသာ. . . ။

ဘုရားရှင် (၄၉) ရက်ပတ်လုံးမည်သည့်အစာမှမစားဘဲဖလသမာပတ်ခေါ် ဓမ္မရသဝိမုတ္တိရသခံစားပြခြင်းကိုထောက်သိလောက်၏။ သည့်အတူ. . . ယနေ့တရားဝင်ယောဂီတို့သည်လည်းထိုဓမ္မရသဝိမုတ္တိရသထည့်ခွင့်မရကြသေး. . . ။ ဈာန်သမာဓိဈာန်ပီတိတို့ဖြင့်ဖြူးဆမ်းထားသောဉာဏ်အရာရှိဓမ္မပီတိကလေးနှင့်တိုးမိလျှင်ပင်. . . တစ်ထိုင်တည်းနှင့်မလွှတ်ချင်၊ တစ်ပိုင်နှင့်လည်းမလွှတ်ချင်၊အထိုင်အပိုင်ဖျက်စန်းခမှထွက်ခဲ့ရသည့်တိုင်ခံတွင်းစကားတချဉ်စဉ် တပြုပြင်ချည်း။

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်နေ့၊
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

## ၉။ ခရီးသွားရင်းအမောဖောက် စမ်းရေတစ်ကျိုက်သောက်

တရားနာခြင်းဓလေ့သည်လောကခံကြမ်းကမ်းခွာလေ့လျက် ဝေ့ခံရခြင်းကြောင့် ခရီးပန်းနွမ်းဟိုက်ကိုယ်နောက်စိတ်မလိုက်နိုင်သူများအတွက် ကုဆေးတစ်လက်ပင်ဖြစ်ရာ ပဋ္ဌာစာရီတရားနာရင်းကစိတ်အနွမ်းအပန်းပြေခဲ့ပြီ။

သုပြဗ္ဗာသိကြားတရားသံကြားရာက စိတ်မလန်းအနွမ်းပြေခဲ့ပြီ။

သန္တတိအမတ်တရားကြားစိတ်သွားထားမိရာမှအငြိမ်းခန်းတန်းဝင်သွားခဲ့ပြီ။ ထိုမျှစွမ်းအားသတ္တိအပြည့်ရှိသောတရား. . . သင်သည်ကြားရုံနှင့်ပြီးမသွားနာသည်အထိစမ်းပြီးသွားပါလေ. . . ။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့။
ခေါင်နန်းပလ္လင်မဟာမြိုင်။

## ၁၀။ တရားသိ မှား၏မရှိသာ

သူတော်ကောင်းနှင့်ပေါင်း သူကောင်းတရားနာကြားသူတော်ကောင်းပြောသောအတိုင်းလိုက်စားမိသူ၌အမှားမရှိဘေးကင်း၏။အယုတ်မရှိမြင့်မြတ်၏။ အကျမရှိတိုးတက်၏။

ထိုသူတော်ကောင်းဓာတ်တရားမြတ်သည်. . .

အမိုက်ကိုခွင့်အလင်းကိုပေးအနီးရောအဝေးပြေးမြင်စေနိုင်သောကြောင့်တည်း။

အမှောင်ကိုလှန်အ မှန်ကိုသိအမိရောအငြိမ်ဖြေပြီးရှိနေသောကြောင့်တည်း။

မျက်စိလည်ပြေ အတွေကိုသတ်အပတ်ရောအကပ် ဖြတ်ပြီးရှိနေသောကြောင့်တည်း။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆုတ်နေ့။
ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

## ၁၁။ မင်းမိန့်သံကြား ခိုးသားမနေသာ

ဘုရားဟောစကား တရားတော်

အစားစားသည်. . .

သီလဖြင့်ကိုယ်လှုပ်နှုတ်ဖွင့်အတင့်ရဲရဲဒုစရိုက်ကျူးပွဲအားတားပေးခြင်း။

သမာဓိဖြင့်စိတ်ထဲထိုးကျင့်မပွင့်တပွင့်ဒုစရိုက်ကျင့်အားဖြတ်ခြားပေးခြင်း။

ပညာဖြင့်သတ္တိကိန်းအပါအခွင့်သာလှုပ်မသာ ငုပ်နေသောအမြစ်အားဖယ်ရှားပေးခြင်း။

သို့ဖြစ်ရာ. . . ထိုတရားသံကြားတရားနာခွင့်ရသမားများ၏သဠာန်ရှိအစွဲအညစ်ဒိဋ္ဌိဝိဇ္ဇာမှောင်ရိပ်ခိုဖြစ်နေကြသောကိလေသာသံယောဇဉ်တရားကိုယ်အားလုံးတို့သည်လည်း မင်းမိန့်သံကြားခိုးသားများမနေသာပမာ. . .။

ကြားသည်နှင့်ကြက်ပျောက်၊ ငှက်ပျောက်ပျောက်ဘယ်ရောက်သွားသည်ပင်မသိရှိ. . .။

ကျင့်ခဲ့သော် ခေါ်ကြည့်တောင်မတွေ့အငွေ့မျှပင်ဝေ့မည်မဟုတ်တော့ချေ. . .။

သိခဲ့ပါမူကား အယူခံပင်ဝင်ခွင့်မရတစ်ချက်လွှတ်သေမိန့်ကျရော့မည်။

ဘုရားရှင်၏တရားသံဤမျှအထိအမိန့်ပြင်းထန်သည်ကိုအသိရှိသူတိုင်းတရားပွဲတဲ့ဆိုအလျှိုလျှိုခိုဝင်နေကြသည်. . .။

၁၃၆၅ခုနှစ်၊တော်သလင်းလဆန်း (၈) ရက်နေ့။ ခေါင်နန်းပလ္လင်ရိပ်သာ၊ မဟာမြိုင်။

**၁၂။ တရားနာမပေါက်သံဃာစင်ပါမှောက်**

တရားနာကြားဆွေးနွေးခြင်းသည်အလှူအယူဖြောင့်စေရာပင်ဖြစ်၍. . . ရှေးများကအလှူမဏ္ဍပ်၏သံဃာစင်တွင်အလှူဝင်နေ့မှသည် အလှူပြီးနေ့၏ပွဲမစမီအတိလူကြီးမားသူကြီးမားက အဘိဓမ္မာတရားဆွေးနွေးအလှူရှင်နှင့်လူငယ်များကနာခံ။ဒါနကိုဓမ္မဖြင့်အလှဆင်လေ့ရှိကြသည်. . .။

ယနေ့သော်ကားဘုန်းကြီးကျောင်းထွက် ခေါင်းပျက်သွားပြီဖြစ်ရာ တရားစကားအစား စီးပွားရေးစကားများကကြားဝင်လာချေပြီ။ အလှူဖြင့်တန်းထားသောပါရမီခန်းသည်လည်း ထုံးမြင့်စံတန်းလမ်းပျောက်ပြီ။ အလှူမဏ္ဍပ်ကသံဃာစင်ခွင်လုံးမှောက်ဖြစ်ကပြီ. . .။

၁၃၆၅ခုနှစ်၊တော်သလင်းလဆန်း (၁၀) ရက်၊ ခေါင်နန်းပလ္လင်ရိပ်သာ၊

**၁၃။ အလှူမြေရေမတက်**

ဒါနဖြင့် ရှင့်ဒကာ ရှင့်အမ ခံယူပြီးသည်နှင့်တရားအကျင့်ကျင့်၍အမှန်လမ်းဖွင့်ရမြဲဖြစ်ရာ. . . ယနေ့ကားအလှူမြေထက်ဓမ္မသဝနဓမ္မသာကစ္ဆာအမည်ရတရား ဆွေးနွေးသံရာသီမိုးသို့ ချုန်းချုန်းမည်းတော့သောကြောင့် အလှူဆိုအစုံရုံမျှသာ ထို့ထက်ရှေ့မတက် ပုညဒီရေလျှိုတွင်းဝေလျှိုရေမထွက်ပြီ. . .။

၁၃၆၅ ခုနှစ်၊တော်သလင်းလပြည့်နေ့၊ ခေါင်နန်းပလ္လင်ရိပ်သာ။ မဟာမြိုင်။

**၁၄။ လမ်းပျောက်ရှာ အသံမှာလမ်းထားစု**

တောလယ်ခေါင်လမ်းပျောက်ရှာဖွေရေးသမားများ တစ်ဦးလျှင်တစ်ဦးအသံဖြင့်အချက်ပေး၍ တောတိုးကြရသည်ပမာ. . . ဓမ္မလမ်းပျောက် ပမ်းလျှောက်၍ရှာကြံကြရာ၌လည်း တရားသံနာခံခြင်းဟူသောဓမ္မသာဝနဖြင့်ပင်မနိုးသေးသောသဒ္ဓါ နိုးကြားစေရာ၏။ မပွင့်သောလမ်းသုတဉာဏ်လမ်းခင်းဖြင့်ပွင့်လင်းစေရာ၏။မရောက်ဖူးသေးသောနေရာလိုက်နာခြင်းဖြင့် ဖဝါးတည်မိစေရာ၏။

ဓမ္မသဝနမှု သူကောင်းပြုကား. . .။

ငွေကုန်ကြေးကျ မပါဘဲနှင့်ခရီးရောက်. . .၊

ကိုယ်တိုင်မသွားဘဲနှင့် အထဲရောက်. . .။

အသံဖြင့်ကောင်းမှုမြောက်သောကုသိုလ်ထူးတည်း။

၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ခေါင်းနန်းပလ္လင်ရိပ်သာ။ မဟာမြိုင်။

**၉။ သူကောင်းစကားတစ်ဆင့်ပြောကြားမိရာမှဖြစ်ပွင့်လာသောစကားလုံးများ (ဓမ္မဒေသနာ)**

> စကားမှဖြစ်သော တရားအလှူပွဲ
> တခြားတခြားသောအလှူထက်
> ပိုကဲသည်။
> ဘုရားတရားမှ ထဖြစ်သော
> စကားအဖြူအမည်း များပြားသော
> အယူလွဲ ဖျက်ရာ၌ ဗိုလ်စွဲမည်. . .။

**၁။ ရေပြည့်လျှင်အပေါက်ဖောက်အောက်အောက်တောက်လျှောက်ဖြန့်ပါ**

သူတော်ကောင်း စကားသည်မတိမ်ကောသင့်သောရတနာတစ်ပါးပင်။ ထိုသူကောင်းစကားတစ်ဆင့်ပြောကြားပေးခြင်းဖြင့်. . .

ဘုရားအစထား သူတော်ကောင်းကြီးများ၏ကျေးဇူးကိုလည်းပေးဆပ်ရာရောက်၏။ မသိသေးသူအများအပြားမျက်စိတံခါးနားတံခါးဖွင့်ပေးရာလည်းရောက်၏။

သူကောင်းတရားမိမိ၏မနောပါးစပ်ဖျားသွားလာနေစေခြင်းဖြင့်မိမိလည်းအပူဝေးနှလုံးရင်ပါအေးချမ်း၏။ ကောင်းကင်ပိုက်သုံးငှက်တစ်အုပ်လုံး သိမ်းကျုံးဖမ်း မိမျိုးတည်း။

၁၃၆၄ ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ စံရိပ်ငြိမ်ကျော်တော၊ ပုလဲ။

**၂။ စမ်းချောင်းရေ လက်ခုပ်ဖြင့်ယူ လက်ခံဘက်လည်းအေး လက်လည်းအေး**

တရားဟောခြင်းသည်မိမိရမြီးသားမိမိနားဖြင့်နာကြားလျက်က တစ်ဖက်သို့နှုတ်ထွက်ဟော ဟောရသောအလုပ်ပင်ဖြစ်ရာ. . . ထိုတရားရေအေးသည်ဟောပြောရသူမိမိလည်းအေးမြီးနာခံသူတစ်ဖက်သားလည်းအေးစေ၏။ သညာအမှတ်ဖြင့်ဟောသညာကြော၌ပင်မျှောနာခံချေကနှစ်ဦးနှစ်ဖက်ဟောကွက်ဝင်စဉ်ခဏအေးခွင့်ရကြ၏။

အကယ်တိတိ. . . တစ်ဖက်ကလည်းပညာအတတ်ဖြင့်ဉာဏ်သွင်းလျက်ကဟောကြား ကျန်တစ်ဖက်ကလည်းပညာအမှတ်ဖြင့်ပင်ဉာဏ်ပင်း၍နာကြားနေပါက နှစ်ဦးနှစ်ဖက်စလုံး တစ်သက်လုံးမကတစ်ဖက်အဆုံးအထိအေးခွင့်ရကြမည်. . .။

အရှင်နာဂသိန်အရှင်မြတ်. . . ဆရာ၏တိုက်တွန်းချက်အရဆွမ်းအမကြီးအား ဆွမ်းစားပြီး ဆွမ်းအနုမောဒနာတရားဟောကြားတော်မူရာ. . .

အရှင်လည်း မိမိ၏နှုတ်ထွက်စကားဉာဏ်ဝင်စားလျက်ကဟော။

ဆွမ်းအမကြီးလည်းအရှင့်စကားဉာဏ်ဝင်စားလျက်ကနာကြား။

တရားမိုးချုန်း ပြီးဆုံးသွားလျှင်ပင်. . . ဆွမ်းအမကြီးလည်း သောတာပန်တံခါးရောက် အအေးဆုံးသို့လမ်းပေါက်သွားတော့သည်။ အရှင်လည်းသောတာပန်အထိခရီးရောက် နိဗ္ဗာန်တံခါးပေါက်လမ်းပေါက်သွားတော့သည်။

တရားဟောအတတ်လုပ်တတ်လျှင်အမြတ်ရပုံသာဓကတည်း။

၁၃၆၅ ခုနှစ်၊ တန်ခူးလဆန်း (၂) ရက်နေ့၊ စံရိပ်ငြိမ်၊ ကျော်တော။

**၃။ စကား၌နှလုံးသွင်းသန် နိဗ္ဗာန်ခေတ္တစံရ**

ဤ

သုခါ သဒ္ဓမ္မ ဒေသနာ ဘုရားအစထား အရိယာသူတော်ကောင်းကြီးများ၏စကားတစ်ဆင့် ပြောကြားနေရခြင်းကပင် အချမ်းသာဆုံးသုံးခွင့်ရနေခြင်းတည်း။

ထိုဘုရားစကားနားဝယ်ထားလျက်ကမိမိနာခံမှတ်သားထားမိသမျှဘုရားစကားအာရုံယူတစ်ဆင့်ခံစိတ်ကျက်စားလျက်ကနာခံလိုသူများဘက်ပြောကြားပေးနေလေသူ. . .

ဘုရားရှင်နှင့်အာရုံတူယူမိထားခြင်းကြောင့်လည်း အချမ်းသာဆုံးသို့ရောက်ရှိနေတတ်၏။

ဓမ္မဓာတ်၏ဆွဲအားများကြောင့်လည်း အချမ်းသာဆုံးသို့ရောက်ရှိနေတတ်၏။

ကိလေသာအငွေ့တန်း ခေတ္တလမ်းကန်းနေခြင်းကြောင့်လည်း အချမ်းသာဆုံးသို့ရောက်ရှိနေတတ်၏။ ကိုယ်ပိုင်အနေမဟုတ်သော်မှလည်း မိဘအမွေလက်သင့်သုံးခွင့်ရနေခြင်းကြောင့်တည်း. . . ။

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်နေ့။(၆၂ နှစ်ပြည့်သောနေ့)။
ခေါင်နန်းပလ္လင်ရိပ်သာ၊
မဟာမြိုင်တောကြီး။

### ၄။ ရေခပ်အိုး ချိုးရင်းပြည့်

တောင်ထွတ်ကြားများမှစိမ့်အဖြစ်စီးဆင်းလာသောစမ်းရေကိုခပ်၍ချိုးအိုးအဖြစ်တည်ခင်းပေးထားရာ. . . ဘယ်လောက်ချိုးချိုး ချိုးသလောက်တိုးမိုးချိန်အတိတဖြိုးတည်းပမာ. . . တရားတရားဟောပါများတရားထဲကပါဋိရစကားအတိုင်းပါဋိသာမကသဘာဝအရှိပါအသိတိုးတိုးလာတတ်ချေသည်။

စကားတစ်လုံးတစ်လုံး ဖွင့်တိုင်းနောက်ထပ်ထိုးဝင်လာနေသော အသိများကလည်း ဖျတ်ခနဲဖျတ်ခနဲပွင့်လိုက်လာချေပြီ။ ထိုအခါ မိမိဟောစကားအများကနာကြား၊ မိမိဟောတရားမိမိကိုယ်တိုင်နာကြားခြင်း ဟောသူ၊ နာသူဆရာတူဖြစ်နေချေရာ. . . နာသူလည်းရေချိုး၊ ဟောသူလည်းရေတိုးနှစ်မျိုးကိစ္စပြီးစီးကြရတော့သည်သာ. . . ။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း (၂) ရက်နေ့။ ခေါင်နန်း၊ မဟာမြိုင်။

### ၅။ စကားအလှူ အယူပတ္တမြား

တရားဟောခြင်းသည်စကားအလှူပေးခြင်းပင်. . . ။

တရားနာခြင်းသည်ကားပတ္တမြားယူပြန်ခြင်းပင်. . . ။

သို့ကြောင့်တရားဟောပြောရခြင်းဓမ္မဒေသနာကုသိုလ်သည်ပတ္တမြား တောင်ထိပ်ရောက်လာသူများအား စကားဖြင့်ပင်ပတ္တမြားကျောက် ကောက်ပေးနေပါသည်ပမာ. . .

နာသူ၌လောကီအစီးအပွားအကျိုးတရားကိုလည်းတိုးပွားစေ၏။

နာသူ၌မဂ်ဖိုလ်အစီးအပွားနိဗ္ဗာန်ဘုံအထိလည်းခရီးသွားသာစေ၏။ ထိုစကားအလှူသည်. . .

လှူတတ်လျှင်လည်းပတ္တမြား ယူတတ်လျှင်လည်းပတ္တမြားတည်း။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း (၂) ရက်နေ့၊ ခေါင်နန်းလွင်။

### ၆။ ရောင်းကုန်ထား တရားဗန်းတစ်ခင်း

သုခေါ သဒ္ဓမ္မ ဒေသနာ. . . ချမ်းသာတကာ တရားဟောချမ်းသာအစွာဆုံး . . . ။

တရားဟောပြော ပြသခြင်းများသည် မိမိရှိအတွင်းပစ္စည်းဗန်းဝင်ခင်းကျင်းပြကာ ဝယ်သူလာရောင်း တောင်းသူရှိပေးကျွေးနေ၏ပမာ. . . မိမိ၌ရှိသောအပွင့်တရားတစ်ဆင့်ဖြန့်ဖြူးဝေငှပေးနေခြင်းပင်ဖြစ်၏။

ထိုသို့ဖြန့်ဖြူးပေးနေရာ၌ဟောစဉ်တစ်လျှောက်လုံးသိက္ခာမဂ္ဂင်တွင်သမာဓိဈာန်အလျှင်ဖုံးလွှမ်းကာဟောပြောပေးနေခြင်းကြောင့်. . .

မိမိလည်းဟောရင်းကပင်ပီတိဖြစ်ဓမ္မအနှစ်စားရသည်။

နာသူများလည်းနာရင်းကပင်ပီတိဖြစ်ဓမ္မအနှစ်စားရသည်။

သို့ကြောင့်. . . အခြားကုန်ရောင်းရာ၌ကား ရောင်းသူနှင့်ဝယ်သူကြား ဈေးကစား ကြေးစကားပြောကြရဆစ်ကြရခြင်းဖြင့် နှစ်ဦးနှစ်ဖက်ဖတ်ဖတ်မောရ၏။ တစ်ခွန်းဆိုင်ဖြစ်သဖြင့် မပြောရသည့်တိုင် နှစ်ဦးနှစ်ဖက်ကြားကုန်ပစ္စည်းကိုင်ရုံဖြင့်ပြီးစီးသွားကြရသည်သာ. . . ။

ဓမ္မတရားဟောနာကြားမှုကဲ့သို့ နှစ်ဖက်ကြားအစားမပါချေ။ ။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း (၃) ရက်နေ့။ ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

### ၇။ တရားလှူ စားသူ အားချင့်ဝ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ. . . အလှူတကာ့အလှူ တရားအလှူသည် အစွာဆုံး . . . ။

တရားဓမ္မ ဘုရားကိုယ်စားဟောပြောပြခြင်းကား. . .

နာရုံမျှနာသူ၌ ဓမ္မသည် ပီတိကိုပေးဝေ၏။

နာရုံတွင် စဉ်းစားဉာဏ်ဝင်သူ၌ ဓမ္မသည် သုခအတိပေးဝေ၏။

နာရုံမကကိုယ်တိုင်ကိုယ်ကျလိုက်နာသူ၌ ဓမ္မသည် ဧကဂ္ဂတာအထိပေးဝေ၏။

လိုက်နာရုံမျှမက ထိုးထွင်းသိအတွင်းရှိထိန့်ကျယ်ယူသူ၌ကား. . .

ပထမမဂ်ဓမ္မသည် အပါယဘဝနှင့် အရသာကွင်းလုံးကျွတ်အဝစားပြီးတည်း။

ဒု၊ တမဂ်ဓမ္မသည် ကာမဘဝနှင့် ကာမအရသာကွင်းလုံးကျွတ်မျှဝသွားပြီတည်း။

စတုတ္ထမဂ်ဓမ္မသည် ဘဝရာဂနှင့်ဘဝအရသာနောက်တစ်ခါမဆာတော့ခြင်းအထိဝပြီတည်း. . . ။

တရားအလှူပေးကျွေးရာမှစားခွင့်ရများကား. . . မိမိ မိမိတို့အသိဉာဏ်၊ ချင့်ဉာဏ်တို့၏တင်းတောင်းပမာဏနှင့်အညီဝလင်သွားကြလေရာ. . . ။

အလှူတကာ့အလှူမှာဓမ္မအလှူသာအစွာဆုံး. . . ။

အလှူ့တကာများစွာတရားအလှူတကာအသာဆုံး. . . ။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း (၄)ရက်နေ့။
ခေါင်နန်းပလ္လင်ရိပ်သာ၊မဟာမြိုင်။

### ၈။ ဓမ္မပါ လူနာ ရောဂါပျန်း

ဆေးတကာ့ဆေး တရားဆေးသည် အစွာဆုံး. . . ။

တရားတော်သည်အရသာအားဖြင့်လည်းအများထက်စွာ၏။နှလုံးမွေ့လျော်ရာ၌လည်းအများထက်စွာ၏။ အဝင်လည်းမဆိုးအတွေ့လည်းတစ်မျိုးတည်း။

လူ၌စွဲကပ်လေ့ရှိသောရောဂါသည်တရားမမိ အမှတ်မရှိ မောဟမိရာချည်းအနာအဖျားရောဂါများ ဖြစ်ပွားလေ့ရှိတတ်ကြရာ. . . ၊ ဓမ္မတရားနားဝမှာတွင်မထား၊ နားကလည်းနာ စိတ်ကလည်းသဘောသွင်းအမှတ်သတိပါပင်းဦးမည်ဆိုသော်. . .

တရားတစ်ခွက်ဆေး ကိုယ်တွင်းနေသွေးလေများ အေးစေမြဲစေ၏။

တရားတစ်ခွက်ဆေးကိုယ်တွင်းဆူ

သွေးပူ၊ လေပူများလည်းယူပစ်ပြီးဖြစ်စေ၏။

ဗောဇ္ဈင်္ဂမေ့ ခုနစ်ဆင့်အချတွင်. . . ဟောရာစကားအတိုင်း နားသွင်းဉာဏ်ဖြင့် ပိုင်းကာပိုင်းကာသွင်းကိုယ်တွင်းနာ အရာသွင်းပေးလိုက်ရာ . . .

ဘုရားနှုတ်တော်မှဥပေက္ခာဗောဇ္ဈင်အရောက်အရှင်မောဂ္ဂလာန်ငေါက်ခနဲထထိုင်သည်။

ဘုရားနှုတ်တော်မှဥပေက္ခာဗောဇ္ဈင်အဖွင့် အရှင်ကဿပလည်း အသင့်တပြီးဖြစ်နေပြီ။

ဓမ္မပါ အဘယ်လူနာဖြစ်ဖြစ်ရောဂါအမြစ် နုတ်ရန်လာသူအဖြစ်တစ်ထစ်ချမှတ်လေ. . . ။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း (၅) ရက်၊ ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

## ၉။ ဓမ္မမြောက်ကြောက်၏ထိုသူပုန်

ငတ်မွတ်ခြင်းဘေးသည် လောဘတုံးပုန်းလျှိုးလျက်ကဒဏ်သင့်စေ၏။

လက်နက်ဘေးသည် ဒေါသလုံးပုန်းခိုလျက်ဒဏ်သင့်စေ၏။

အနာရောဂါဘေးသည် မောဟဖုံးမျက်လုံးပိတ်လျက်ကဒဏ်သင့်စေ၏။

ယင်းတို့သည်မရှက်မကြောက်သူများ၌ တရားမဲ့ဒဏ်ပေးလေ့ရှိကြ၏။ မရှက်မကြောက်ကား ရှက်ရမှန်းကြောက်ရမှန်းမသိရာကလာ၏။ ရှက်ရမှန်းကြောက်ရမှန်းမသိမှုကား တရားဟောဆရာထံမနာခံမိရာမှလာ၏။

ယနေ့တရားဓမ္မဟောပြောပြသတတ်သောဆရာထံမှောက်အရောက်. . . စိတ်ကလည်းဝင်စား၊ ဉာဏ်သွားကလည်းအကင်းအညာပါဖြင့်၊ တစ်လုံးတစ်ပါဒမျှ အပျောက်အရှမခံအားလုံးနားဖြင့်နာခံသဖြင့်၊ နှလုံးသွင်းမှန်ကန်မာန်မခံတန်ပြန်တွေးမတွေးခြင်းဖြင့် တရားအရေးကိုယ်၌ရှိသောသွေးဖြင့်စတေးကာနာယူလိုက်စား လေ့လာပွားများမနားမနေအရချွေသော်. . . ယနေ့ပင်ဒဏ်သင့်သမား ယနေ့ပင်ဉာဏ်ဖွင့်သမားတည်း. . . ။ ။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း (၆) ရက်၊ ခေါင်နန်းပလ္လင်၊မဟာမြိုင်။

## ၁၀။ ဟောအရာရှိ နာမိ အရာဆံ

တရားနာခြင်းသည် စစ်ထဲဝင်စစ်ဆင်ရာသွားရောက်တိုက်ခိုက်လိုသောစစ်သားကောင်တို့နေရာပင်ဖြစ်ရာ. . . ဝမ်းတွင်သင်တန်းပြဆရာ၏သင်တန်းစကားနာခံမှတ်သား၊ ရှေ့တန်းအရောက်၌စိပ်၊ ခွဲ၊ မှူးတို့၏အထူးစကားနာခံမှတ်သား၊ အဆင့်ဆင့်ရာထူးတိုးမြှင့်ခံရချိန်အထက်အထက်တို့၏အမိန့်ပေးစကားနာခံမှတ်သား. . . ဤသို့ဖြင့်ပင်တပ်သားမှအရာခံအဆင့်ထိုးဝင်နိုင်ခွင့်ရှိသည်။

တရားဟောခြင်းကား သဘောတရားရေးရာ စစ်သဘောနောကြေစွာဆင်နွှဲခဲ့ပြီးသောအရာရှိတစ်ဦး၏ သင်တန်းမှူးတပ်မှူးအရာဝင်ပင်ဖြစ်ရာ. . .

ဟောစတွင်ယခင်စစ်ပွဲများ၏အတွေ့အကြုံများဖွင့်ဖော်ဟောကြား၊

အပြအသတွင်ယနေ့ဆင်နွှဲနေဆဲ၏တွေ့ကြုံရမည့်အခြေနေ သတိပေးဟောကြား၊ အောင်ပွဲရချိန်ဆင်နွှဲခဲ့ပြီး၏။ အတိမ်အနက်ချိန်စက်လျက်ကသုံးသပ်ဟောကြား၊ ဤသို့ဖြင့်ပင်အကြပ်ကြီးမှဗိုလ်၊ ဗိုလ်မှဗိုလ်ချုပ် ဗိုလ်တကာတို့၏မှူးချုပ်အထိသဘာဝတရားပြည့်သောအရာရှိဖြစ်နိုင်ခွင့်ရှိသည်။

သို့ဖြစ်ရာ. . . တရားဟောကြားခြင်း၏ဓမ္မဒေသနာကုသိုလ်သည်သတ္တဝါတိုင်းကြောက်၍သတ္တဝါတိုင်းလက်မြှောက်သတ္တဝါတိုင်းအောက်ကြေးထောက်နေကြရသောထက်အောက်စုန်ဆန်ကိလေသာသူပုန်သူကန်တို့အားသုတ်သင်ရှင်းလင်းပေးရာ၌ မပါမဖြစ်သောတပ်ထွက်မိန့်ခွန်းများပင်တည်း. . . ။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်။ ခေါင်နန်းပလ္လင်၊ မဟာမြိုင်။

## ၁၁။ တရားလှူ အကူအထိဆုံး

စွန့်လှူခြင်းများ၏ အလေ့အထများသည်။. . .

သိက္ခာရှင်များအား စွန့်လှူပါကသိက္ခာအားဂုဏ်တင်ချီးမြှောက်ခြင်းတစ်ပါးတည်း။

သိက္ခာမဲ့များအား စွန့်လှူပါကသူ့ဒုက္ခအားကိုယ်စားပင်ကယ်တင်ပေးခြင်းတစ်ပါးတည်း။

သို့ဖြစ်ရာယင်းအလှူခံများအား . . .

အစားအစာဖြင့်ကူပံ့ပါမူတစ်ရက်မျှသာချမ်းသာစိတ်ဘိသိက်ခံနိုင်၏။

အဝတ်အထည်ဖြင့်ကူပံ့လေမူတစ်နှစ်တာမျှရှက်ကြောက်စိတ်ဘိသိက်ခံနိုင်၏။

ကျောင်း၊ အိမ်တို့ဖြင့်ကူပံ့လေမူယင်းခိုင်ခံအားမျှမျှတစိတ်ဘိသိက်ခံနိုင်၏။

ဆေးဝါးတို့ဖြင့်ကူပံ့လေမူတစ်ဘဝမျှအသက်ရှင်စိတ်ဘိသိက်ခံနိုင်၏။

တရားအလှူဖြင့်. . . အယူစင်ကြယ်ကျင့်စင်ကြယ်မှသည် သိစင်ကြယ်အထိကူဖြည့်ပေးနိုင်ပါမူကား. . .

တစ်ဘဝစာတစ်ခဏစာမျှမကနိဗ္ဗာန်အတိကျဘိသိက်ခံခွင့်ရသွားတော့ပြီ။

ဤပစ္စက္ခဘေးမျှမကအပါယဘေးကာမဘေးဘဝဘေးဆိုးတို့ပါချိုးပြီးဖြစ်သွားစေပြီ။ သဗ္ဗ ဒါနံ ဓမ္မဒါနံ ဇိနာတိ . . . ပြောလှူပြလှူသည်ပေးလှူကမ်းလှူ ထက်အစွာဆုံးတည်း။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့။ ခေါင်နန်းပလ္လင်၊ မဟာမြိုင်

## ၁၂။ ဓမ္မဒါနကာမဘဝနှင့်ဝစလုံးခဝါချ

တရားသဘောဟောပြောခြင်းဖြင့်ပြုသောဓမ္မဒါနသည်. . .

ကာမအဆိပ်အတောက်များလည်းပြေပျောက်စေ၏။ကာမကိုမှီ၍ဖြစ်သောဘဝများကိုပါဆိတ်သုဉ်းစေ၏။

အကယ်တိတိ. . . ထိုဓမ္မဒါနအလှူရှင်ပေးလှူသောထိုဓမ္မတို့ကိုစိတ်တွင်းဖန်ကိုယ်ခံနှုတ်အားလုံးတို့ဖြင့် သိက္ခာစဉ်ဖြင့်ဖုံးလွှမ်းသုံးသုံးကြပါမူကား. . .

ငါစွဲပျောက် မရောက် အပါယ်ခံ။

သူစွဲပျောက် မရောက် လူနတ်ကံ။

ဘဝစွဲပျောက်ကင်းပျောက်လုံးစုံရန်. . . ။ ။

၁၃၆၅ခုနှစ်၊
ဝါခေါင်လပြည့်ကျော် (၈) ရက်။

## ၁၃။ တရားနှင့်ကူအဖြူလူဖွေး

တရားသဘာဝဟောပြောပြသခြင်းဖြင့် ဒါနခန်းချရာ၌. . .

* အပူဒဏ်မခံနိုင်ခြင်းကြောင့် ပျံ့နှံ့ပြေးလွှားနေရရှာသောစိတ်ကိုလည်းအေးစေ၏။

* အာရုံဆွဲမသဲမကွဲကြောင့်တွေနေသောစိတ်ကလေးကိုလည်းအတွေပြေစေ၏။

တိရစ္ဆာန်တွင်း အဆင်းများခြင်းကြောင့် ထိတ်နေသောစိတ်ကလေးကိုလည်းအတိတ်ပြေစေ၏။

သို့ကြောင့် ထိုလူသားမောဟကူအယူမမှားတော့ရာ စိတ်မှောင်ဝေးဝေးစိတ်ဖွေးဖွေးသုတ်သုတ်ဓမ္မဆိုဓမ္မချည်းအလုပ်လုပ်ပြီးသာ။

သူ့ဓမ္မဒါန ကိုယ့်ဘက်ကျနေပြီ ထိုလူသား. . .

ကာမရည်ပူ ယူမထားမည်သည့် ကာလမည်သည့်ဘဝမဆိုလူကြွား၊ လူတွားချည်းသာ။

၁၃၆၅ခုနှစ်၊ဝါခေါင်လပြည့်ကျော် (၁၁) ရက်။

**၁၄။ တရားပေးအားဆေးအမြိုက်တက်**

ဓမ္မဒါနဟောပြောပြသသူထံမှအရ ယူစားခွင့်ရသူသည်. . .

ဓမ္မသည်ဘာမဆိုပယ်သတ်နိုင်စွမ်း သတ္တိလုံးစုံပြည့်ရှိနေခြင်းကြောင့်

* ကံသုခအလိုက် အမြိုက်အတိ နှိုက်ခံစားခွင့်ရတော့သည်သာ။

* ဈာန်သုခအလိုက် အမြိုက် အထိ နှိုက်ခံစားခွင့်ရတော့သည်သာ။

* ဉာဏ်သုခအလိုက် အမြိုက် အထိလှိုက်ခံစားခွင့်ရတော့သည်သာ။

အမြိုက်ဟူသည်ထိပ်၏ထက်ဘုံ ဆိုလျှင် ဘဝဂ်အာရုံဆိုနိဗ္ဗာန်ဘက် တည်း။

၁၃၆၅ ခုနှစ်၊ ဝါခေါင်လစေ့နေ့။

**၁၀။ အယူမှန်အမူပြုကျင့်မိရာမှဖြစ်ပွင့်လာသောစကားလုံးများ (ဒိဋ္ဌုဇုကမ္မ)**

သဘောအဖြူ ခံ၊ မခံ
အပြောမူ မှန်၊ မမှန်ဖြင့်
စံထိုးကြည့် အသိ။
ဓမ္မောအယူ မှန်၊ မမှန်
အရော လူဆန်၊ မဆန်ဖြင့်
ကံနိုးကြည့် အမိ။ ။

**၁။ အမြင်မလွဲအစွဲမဝင်လမ်းဖြောင့်တွင်**
. . .

ငါစွဲလျှင်သူပေါ် သူပေါ်ရာ ငါတပ် ငါချင်းချင်းပတ်တတ်သည်။

ယနေ့. . .

* စိတ်နှင့်ကိုယ်အပေးအယူလုပ်၍ကစားနေပါသည်ကိုငါဟူ၍အမြင်မှားနေခြင်းများသည်သူဆိုသောပညတ်လက်ယပ်ခေါ်နေခြင်းများပင်။

* စိတ်နှင့်ကံကြောင့်ဖြစ်ပေါ်လာသောအတိတ်ကံအကျိုးပေးများကိုငါ့ကြောင့်ဟူ၍အမြင်မှားနေခြင်းများသည် သူဆိုသောပညတ်လက်ယပ်ခေါ်နေခြင်းပင်။

* ပစ္စက္ခကံပေါ်ဉာဏ်ဆင့်ကံနှင့် ဉာဏ်အကြားဝီရိယအကူပင့်များကြောင့် လှုပ်ရှားနေသည်ကိုငါလုပ်နေတာဟူ၍ အမြင်မှားနေခြင်းများသည်သူဆိုသော ပညတ်လက်ယပ်ခေါ်နေခြင်းပင်. . . ။

ငါနှင့်သူအယူလွဲမှားခြင်းက. . .

ပြိုင်စရာရှိမာန၊ ရစရာရှိလောဘ၊ အမေး အယူမတည့်ဒေါသစသည့်ကိလေသာ အမိုက်အမှားများကိုပါသယ်ဆောင်လာ တတ်ရာ. . . အတွေ့ခံ့ဘုံပျက်ရှေ့ဆက် ရမည့်လမ်းပင်လမ်းစပျက်စေသည်။

ဘုရားတပည့်အမည်ခံဗုဒ္ဓဝါဒီမှန် သမျှတို့သည်ကား. . . ဒါနဖြင့်ကိုယ်ကျိုး စွန့်သီလဖြင့်သူကျိုးထိန်းမှသည် ဘုရား တရားနာကြားဟောပြောငါစွဲသူစွဲပါလော ပစ်ပြီးဖြစ်ခြင်းကြောင့် ငါမပါ၊ သူကင်း စေတနနာချင်းချင်းဆံဆင်းခြင်းမျှသာရှိ တော့ချေရာ. . .

* ကံပင်းစေတနာ သူ၊ငါမထောင့် နတ်လမ်းသို့အဖြောင့်ဝင်စေ့မည်။

* ဈာန်သွင်းစေတနာ သူ၊ ငါ မစောင့်ဗြဟ္မာခန်းအဖြောင့်ဝင်စေ့မည်။

*ဉာဏ်ခင်းစေတနာသူ၊ငါမမှောင့် အရိယာနန်းအဖြောင့်ဝင်စေ့မည်။

ထိုဓမ္မတာဘုရားသာသနာမှာသာ ရှိသိသူတိုင်းသုံးဆောင်နေကြပြီ. . . ။

မသိသူကျော်သွား၊ သိသူဖော်စား . . . ။

ထိုရှေးနီတိစကားဤသည့်တရား ကိုများ တင်စားထားလေရော့သလား . . . ။ ။

၁၃၆၄ ခုနှစ်၊ တာကူးလပြည့်။
စံရိပ်ငြိမ်၊ ကျော်တော၊ ပုလဲ။

**၂။ ကံကောင်းတို့ဝင့်ထွက်လာရာ ဝါမပါပါစေနှင့်**

လူတို့သည်ကံမိုန်စဉ် ငြိမ်ကုပ်နေ တတ်ကြသလောက် ကံကောင်းထောက် မကံပွင့်ချိန်ကျလာတော့လျှင်ကား အမြင့် နှင့်အဝင့်ဆင့်လာတတ်ကြသည်သာ။

ထို စဉ်. . .

လျှုစဉ်ကာလက သတိကင်းလွတ် နေသူ၊

လျှုစဉ်ကာလက တဏှာ၊ ပပဉ္စနှင့် စိတ်ရောနေသူ၊ ထိုသူများ၌နောက် ကြောင်းစွဲညည်၊ဝါသနာများစိတ်နှင့်အတူ အလျှုဝင်နေမြဲဖြစ်ကြရာ. . . ယခု အကျိုး ခံစားခွင့်ရကာလတွင်လည်း. . .

ကံကောင်းပင့်ညည်၊ဝါသနာများက ရှေ့ထွက်တွက်နှင့်ပြီးသားပင်။

ကံကောင်းဝင့်ညည်၊ ဝါသနာများ ကဆင့်၍ဆင့်၍ဝင့်ပြနေသည်ပင်။

ထိုသူများကောင်းရှိန်ကုန်ကောင်း ဟုန်ပျက်သော်မှနောက်ကြောင်းဆွဲညည်၊ ဝါသနာများကပွဲဆက်တုန်းပင်ဖြစ်ရကား အထည်ကြီးပျက်ဘဝဖြင့်အထည်သေး ပျက်မတတ်အပျက်ကြီးပျက်ကြရတော့ မည်သာ. . . ။

ကံကောင်းပင့်ဝါမဝင့်မိကြစေရာ . . . ။

ကံကောင်းမိုး ဝါမကျိုးစေရာ. . . ။ ။

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၆) ရက်နေ့၊ ခေါင်နန်းရိပ်သာ၊ မဟာမြိုင် တောကြီး။

**၃။ အယူဖြောင့်အမှောင့်မဝင်သော**

* မိမိစေတနာ၏တုန့်ပြန်မှုကိုသာ အကြောင်းခံအကျိုးသက်အဖြစ်မြင်ခြင်း သည် ပထမ။

* လူကျင့်ကျင့်မှ လူ့အဆင့်မီလူမှ နတ်၊ ဗြဟ္မာဘက်တလူလူတက်ရမည်ကို မြင်ခြင်းသည် ဒုတိယ။

* ငါမရှိသူမရှိယင်းတို့သည်အစွဲ ၏အလှည့်ဟူ၍မြင်ခြင်းသည်. . .

ရုပ်နှင့်နာမ်တို့၏ အပြန်အလှန် အကျိုးဆက်အကြောင်းခံပါ ထွင်းသိသိ ခြင်း။

သဘာဝအနိစ္စ၊ သဘာဝဒုက္ခ၊ သဘာဝအနတ္တကျနစွာထွင်းသိသိခြင်း။

ငါစွဲ၊ သူစွဲအာရုံစွဲများပြယ်ကွယ် ခြားနေသမျှအရှိတွင်းသိသိခြင်း။

ထိုလက်ရင်းများကိုပါအဖြောင့် မြင် မြင်ခွင့်ရသွားခြင်းကြောင့်. . .

အကြိုက်မှောင့် ယောင့်၍မဝင် သော။

အကျင့်မှောင့် ယောင့်၍မဝင် သာ။

အစွဲမှောင့် ယောင့်၍မဝင်သာ။

နေထင်းသော နေ့ခင်းအလင်း လည်းထိုး လူအားလုံးလည်းနိုးနေကြ ချေရာမည်သည့်သူခိုး ရွာရိုးကိုးပေါက် လျှောက်၍ခိုးရဲမည်နည်း။

အယူဖြောင့်သည်လမ်းမှန်ထက်သို့ စောင့်ခေါ်ခေါ်နေတတ်ရာလမ်းမှန်ခက် အထက်တက်လိုသူများသူ့အနားတိုးကပ် သွားမိဖို့သာ. . . ။

၁၃၆၅ ခုနှစ်၊
ဝါဆိုလပြည့်ကျော် (၈) ရက်နေ့။
ခေါင်နန်းပလ္လင်ရိပ်သာ၊မဟာမြိုင် တောကြီး။

**၄။ အယူရှင်း မလင်းမရှိ**

သံသရာတွင်းသားသတ္တဝါအများ အစားသက်နု သက်လတ် သက်ရင့် အဆင့်ဆင့်. . . ။

လူ့ဘုံတွင်ဖွားလူသားများလည်း သက်နုသက်လတ်သက်ရင့်လျှဖြစ်စုအဆင့် ဆင့်. . . ။

သို့ကြောင့်မျက်မြင်တွေ့ဌေကြည့်ကြလေတိုင်း. . . မိမိတို့အရပ်အမောင်းများအလိုက် အနိမ့်အမြင့်မြင်ကွင်းများသိမ်းပိုက်ရ၏သို့မိမိတို့အသိအမြင်များအလိုက်လည်း ယုံကြည်ချက်ကွာဟခြင်းများကိုသိမ်းပိုက်ကြရမည်သာ. . . ဖြစ်ကြရာ. . . နတ်မျှလောက်ထိတွေ့ခွင့်ရသူများက. . .

နတ်စွမ်း နတ်စလောက်ယုံကြည်နတ်ဂုဏ်များသို့မိမိတို့ဘဝပုံအပ်ကြမည်မှာမမွတာ။

နတ်သိကြားနတ်ဘုရားတမာန်တော်များမှတစ်ဆင့် ထိတွေ့ခွင့်ရသူများက. . .

ဘုရားသိကြားအစွမ်းအစယုံယင်းတို့၌သာပုံအပ်ကြမည်မှာမမွတာ. . .။

တကယ့်ဘုရား ဘုရားသွေးသားတကယ့်သာဝကများနှင့်ပါထိတွေ့ခွင့်ရသူများကား. . . တနာတို့၏စွမ်းပကားယုံရတနာအကြား ခြေစုံပစ်ခုန်ဝင်မည်မှာမမွတာပင်။

သို့ဖြစ်လျှင်လူလူချင်းဆုံအမြင်ခြင်းမဆုံသဖြင့် ငြင်းကြရခုန်ကြရမည်သာ။ အောက်ရှုပ်မှောင်ကိုရှင်းအထက်မချဉ်းနိုင်သမျှလည်းငြင်းကြရခုန်ကြရမည်သာ။

အကယ်၍များ. . . သူ့ဘာသာ၊ ငါ့ဘာသာအထင်ယုံအကုန်ဖယ်ရှား၊ သူ့ခန္ဓာငါ့ခန္ဓာအတွင်းအထင်မှန်သမျှကိုယ်ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့်ရှင်းလင်းသွားသွားကာအထက်ခေါင်တွင်း အမှောင်လွတ်ကင်းရာအတိတစ်ပြိုင်နက်တက်ခွင့်သာကြပါမူ. . .

ငါမပါသူ့ရှင်းအလင်းကား ထင်းထင်းမှထင်းထင်း။

မသိကိုအသိရှင်းအလင်းကားထင်းထင်းမှထင်းထင်း။

မရှိကိုအရှိကရှင်း အလင်းကားထင်းထင်းမှထင်းထင်း။

အယူရှင်းအလင်းသာထိုနေရာသို့အယူစွဲမျိုးစုံအကုန်ဝင်ဆံ့သွားသောအခါ. . . မှောက်ထားသောအိုးများလှန်ပြီးကြည့်ခွင့်ရပမာအငြင်းထားစကားမဆိုပြီ။ မျက်စိလည်လမ်းမှားများ မျက်စိလည်ပြယ်သွားသည်ပမာ အောက်အောက်ကြားအထက်လုပ်မသွားပြီ။ အမှောင်တံအကြားမီးထွန်းပြထားသည့်ပမာ. . . ဘာကြည့်ကြည့်အတည့်မြင်သွားပြီ။

အစွဲဖြင့်ဖြစ်သောအယူကိုရှင်း မိမိကိုယ်တိုင်ကွင်းဆင်းကြည့်သူများ၏အခွင့်အရေးတည်း. . .။ ။

၁၃၆၅ ခုနှစ်၊
ဝါဆိုလပြည့်ကျော် (၉) ရက်နေ့။
ခေါင်နန်းပလ္လင်ရိပ်သာ၊မဟာမြိုင်တောကြီး။

## ၅။ ရိုးဖြောင့်ရာရေစီးရေကြီးသလောက်ခရီးရောက်

အာရုံရှေ့သွား အယူထားကသာရိုးဖြောင့်နေချေသော်. . . ဒါနစသားကောင်းမှုပြုရာ၏ ကောင်းကျိုးသွားများသည်တဏှာမာနဒိဋ္ဌိတို့အမှောင့်အနှောင့်မခံရသောကြောင့်. . .

စေတနာထက် ထက်သလောက်ပင်ကိုယ့်မျက်မှောက်အကျိုးထွန်းပေါက်စေ၏။

စေတနာသန်သန့်သလောက်လည်းကိုယ့်လက်အောက်အကျိုးထွန်းပေါက်စေ၏။ ဉာဏ်ဦးစီးသော သူကောင်းပြုခရီးမတိုးတက်မသန့်ပြန့်မှာပူစရာ မလိုတော့ပါ။ ။

၁၃၆၅ ခုနှစ်၊
ဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့။
ခေါင်နန်း၊ မဟာမြိုင်

## ၆။ ကောင်းကြောင်းဆယ်မျိုးသူမပါရိုးကျိုးမည်

ဒါနစသည်သူကောင်းပြုပုညကိရိယာဝတ္ထုဆယ်ပါးတွင်. . . ဒိဋ္ဌုဇုကမ္မဟူသော ဤအယူဖြောင့်မှန်မှုပညာသည်ဦးစီးအရာဝင်၏။

ဉာဏ်ယှဉ်သော ကောင်းမှုအကြောင်းခံအကောင်းချည်းစုမိသွားစေ၏။

ဉာဏ်ဝင်ဆံ့သောကောင်းမှုလော်ဟာဉာဏ်အဆံချောင်ထွက်သွားစေ၏။

ယနေ့သာသနာတွင်းဒါန၌ဉာဏ်သာဦးစီးခွင့်ရကြလျှင် ဒါနရောပါရမီပါတန်းဝင်စေပြီး. . .

ဒါနကြောင့်ဘဝနှင့်စည်းစိမ်ရိပ်ငြိမ်စဉ်ဝင်ရောက်ခံစားခွင့်ရစေ၏။

ပါရမီကြောင့် ကိလေခေါင်းပါးတစ်ကြောင်းထားလမ်းတန်းသွားသာစေ၏။ ကြာလည်းညက်၊ကြက်လည်းမောတစ်ခါတည်းနှင့်နှစ်ကိစ္စတောတိုးပြီးသားတည်း။

၁၃၆၅ ခုနှစ်၊
ဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့။
ခေါင်နန်း၊ မဟာမြိုင်။

## ၇။ အယူခံ၌မာန်မပါစေနှင့်

အတွေးအခေါ် အယူအဆတို့ဖြင့်ခံယူချက်ထားကြရာ၌. . .

ငါက ဘယ်သူ့ကိုဘာဆိုသော တဏှာမာန်၊ မာနမာမာန်၊ ဒိဋ္ဌိမာန်အခံမထားကောင်း။

ဒါဆိုဘာကိုဘယ်လိုအကျိုးထူးနိုင်သည်ဆိုသောအမျှော်လည်းအခံမထားကောင်း။ ယင်းတို့သည် ကောင်းမှုမှကောင်းကျိုးထောက်ပံ့သောအရာများမဟုတ်ကြ။ ယင်းတို့ကြောင့်ကောင်းကျိုးပြုအဆိုးဝင်လုခံရမည်။

တစ်ဖန် ငါကဘယ်သူ့ကိုဘာဆိုသောတဏှာ၊ မာန၊ ဒိဋ္ဌိအခံများကြောင့်. . .

ငါ့အလှူသူများနှင့်မတူ ရှက်စရာကြီး။

ငါလှူသူများထက်သာမ။

ထိုနှစ်ဦးနေရာဝင်ယူသွားခဲ့သော်အယူခံမမှန်မာန်အဝင်ခံနေရခြင်းကြောင့်ထိုအလှူရှင်မည်သည့်ဘုံဝင်ဝင် မစင်နဲ့အပေါင်းတထောင်းထောင်းနှင့်သာ. . .။ ။

၁၃၆၅ ခုနှစ်၊
ဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့၊
ခေါင်နန်း၊ မဟာမြိုင်။

## ၈။ အယူဖြောင့်အနှောင့်ကွင်း (ဂွင်း) တိုးလွှတ်

ကုသလာ ဓမ္မာ ယောနိသောမနသိကာရ မူလကာ။

ကုသိုလ်တရားမှန်သမျှနှလုံးသွင်းမှန်ကန်ခြင်းကရင်းမူလ။

ဒါန၊ သီလကုသိုလ်မှုနှလုံးသွင်းမှန်ကန်ရာမှစီးဆင်းလာ၏။

သမထဝိပဿနာဘာဝနာမှုနှလုံးသွင်းနှန်ကန်ရာမှစီးဆင်းလာရ၏။

မဂ်ကုသိုလ်ဖိုလ်ကျိုးဆုနှလုံးသွင်းမှန်ကန်ရာမှစီးဝင်လာကြ၏။ သို့ကြောင့်လူ၌ရှိအပ်သောတရားသည်အယူမှန်ကန်ရေးပင်။ အယူမှန်တယူသန်မလုပ်တတ်။ အယူမှန်အကြံမယုတ်တတ်. . .။

တစ်ခါက. . . အသူရာနတ်မင်းကြီးစစ်ရှုံးသုဓမ္မာရိပ်ငြိမ်၌ကြိုးတုပ်ခံနေရရာ. . . သိကြားဘက်ကတရားသည်ဤအကြံကြံမိမြန်းခနဲကြီးကြိုးလွတ်၏။

သိကြားတွေမတရား၍အကြံကြံမိမြန်းခနဲကြီးကွင်းကြိုးမိ။ ဤဖြစ်စဉ်ကိုကြည့်ဒုက္ခ၏အဖိ ငြိ၊ မငြိသည်အယူဖြောင့်၊ မဖြောင့်ကြောင့်သိရပြီ. . .။

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆုတ်နေ့။
ခေါင်နန်းပလ္လင်ရိပ်သာ၊မဟာမြိုင်။

(ဆက်လက်ဖော်ပြပါမည်)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့က သမိုင်းမတင်သော်လည်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများ

# ကဿပစေတီတော်

စနေထွန်း(မြစ်သား)

**□ သွားချင်ပါလျက် သွားရခက်၏**


စာရေးသူအနေနဲ့ ကူမဲမြို့၊ ကဆွန်ကျေးရွာအုပ်စု၊ ကန်ရိုးကျေးရွာအတွင်းမှာတည်ရှိတဲ့ မိုးယံးစွေကျောင်းတိုက်အတွင်းက ရှေးဟောင်းဘုရားစေတီ(၁၄)ဆူအကြောင်း ဆောင်းပါးရေးဖို့ရောက်သွားစဉ်ကပဲ ဆရာတော်က-

"ဟိုဘက်နားလေးမှာ ကဿပစေတီကြီးရှိသေးတယ်၊ သမိုင်းဝင်စေတီကြီးမို့ သွားလေ့လာလိုက်ဦး"

လို့ အမှာစကားပါးခဲ့တာပါ။

ဒါပေမယ့် စာရေးသူရောက်ချိန်က နေရှိန်ပြင်းတဲ့ရာသီဖြစ်နေတာရယ်၊ (၅) မိုင်ခရီးကို စက်ဘီးနဲ့စီးပြီးလာခဲ့ရတဲ့အတွက် ခံစားရတဲ့ပင်ပန်းမှုဒဏ်တွေကြောင့် ဆရာတော်ညွှန်တဲ့ဆီကို စာရေးသူ မသွားနိုင်ခဲ့ပါဘူး။ နောက်တစ်ကြိမ်သွားမယ်လို့ ထပ်မံကြိုးစားဆုံးဖြတ်ခဲ့ပေမယ့် စာရေးသူအနေနဲ့ အသက်အရွယ်က စကားပြောလာပြီလေ။ ဒီတော့ စက်ဘီးနဲ့ခရီးဝေးသွားဖို့ရာမှာ စိတ်သာရှိပေမယ့် ခန္ဓာကမလိုက်နိုင်တော့ဘူးဆိုတာ ကိုယ့်ဟာကိုယ်သိနေတာမို့ သွားမယ့်ကိစ္စကို ဘရိတ်အုပ်ထားလိုက်ရပြန်တယ်။

ဆရာကြီး ဦးညွန့်မောင်ကတော့ ပြောပါတယ်။ အဲဒီဘက်ကိုကွင်းဆင်းဖြစ်တဲ့အခါ ခေါ်ပါဦးမယ်လို့ပြောထားတာပါ။ ဒါပေမယ့် ဆရာကြီးအနေနဲ့က မြစ်သားသမိုင်း အမှတ်စဉ် (၉)ထွက်ဖို့လုံးပန်းနေရတာနဲ့ပဲ အဲဒီဘက်ကို ခြေဦးမလှည့်ဖြစ်ပြန်ဘူးလေ။ စာရေးသူသွားရာလိုက်ပါပို့ဆောင်နေကျဖြစ်တဲ့ ကဗျာဆရာလေးဌေးဝင်းကျော်ကလည်း သူ့စီးပွားရေးကတစ်ဖက်ဆိုတော့ စာရေးသူကိုအကူအညီမပေးနိုင်တော့ဘူးဆိုတော့ကာ စာရေးသူမှာ သွားချင်ပါလျက်သွားရခက်ဖြစ်နေတော့တာပေါ့။




ကဿပစေတီတော်

တစ်ခါတစ်ခါတော့လည်း ဖြစ်ချင်ရာဖြစ်ဆိုတဲ့စိတ်နဲ့ ငါတစ်ယောက်တည်းစက်ဘီးနဲ့ပဲသွားတော့မယ်လို့ ဆုံးဖြတ်နေမိတာ၊ ဒါလည်း စိတ်ထဲမှာသာ ဆုံးဖြတ်နေတာပါ၊ တကယ်လက်တွေ့ဖြစ်မလာပါဘူး။ ဟိုတစ်လောက ရွှေဂူနီဘုရားလေ့လာရေးကွင်းဆင်းတုန်းက ခံစားရတဲ့ဝေဒနာကိုပြန်တွေးနေမိလို့ပါ။ ဪ- အသက်လေးရလာပြီဆိုတာနဲ့ အားအင်တွေဆုတ်ယုတ်လာပြီး ဘာပဲလုပ်ချင်လုပ်ချင် သိပ်ပြီးအဆင်ပြေတယ်ကို မရှိ



ကဿပစေတီတော်နှင့်ဂူဘုရားစေတီအား အနောက်ဘက်မှဖူးမြင်ရစဉ်



ကဿပစေတီတော်အဝင်မုခ်ဦး



ကဿပစေတီတော်အား
အနောက်ဘက်ခြမ်းမှ ဖူးမြင်ရပုံ



ကဿပစေတီတော်အား
အဝင်မုခ်ဦးဘက်မှဖူးတွေ့ရပုံ



ဂူဘုရားအားအနီးကပ်ဖူးမြင်ရပုံ

တော့ပါဘူးလေ။

**▫သွားဖြစ်အောင်သွားမယ်**

၁၄- ၅- ၂၀၂၂ ရက်နေ့မှာ မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကျင်းပပြုလုပ်မယ့်ညီလာခံကိုတက်ဖို့ စာရေးသူဆီကို ဖုန်းနဲ့လှမ်းပြီးအကြောင်းကြားပါတယ်။ ညီလာခံက (၂၁၊ ၂၂)ရက်၊ စနေ၊ တနင်္ဂနွေနေ့မှာပြုလုပ်မှာဆိုတော့ သွားဖို့ရက်ကသိပ်မလိုတော့ဘူးလေ။ ဘာပဲပြောပြော · ရန်ကုန်ရောက်တယ်ဆိုရင် သူရဿမဂ္ဂဇင်းတိုက်ကိုတော့ ဝင်ချင်သေးတာလေ။ ရောက်တုန်းရောက်ခိုက် စာမူလေးပါတစ်ပါတည်းပေးရရင် အဆင်ပြေတာဆိုတော့ စာမူအတွက် ကုန်ကြမ်းရှာရတော့တာပေါ့။ ပြီးတော့ ဆရာကြီးဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)ကိုလည်းတွေ့ဖူးချင်သေးတာလည်းပါတယ်လေ။ ဆရာကြီးရေးတဲ့စာတွေကိုဖတ်ပြီး အဝေးကနေပဲ ဆရာကြီးကိုကြည်ညိုနေရတာဆိုတော့ ရောက်တုန်းရောက်ခိုက်မှာ တွေ့ချင်မြင်ချင်စိတ်ရှိခဲ့တာအမှန်ပါ။

ဒီတော့လည်း သွားချင်ရက်နဲ့ အသွားခက်တဲ့ ကဿပစေတီမြတ်ကြီးဆီကိုပဲသွားဖို့ ခြေလှမ်းပြင်ရတော့တာပေါ့။ လိုက်ပို့မယ့်သူကိုတော့ စာရေးသူရဲ့သမီးကြီးကိုပဲ မဖြစ်မနေရွေးလိုက်ရတယ်လေ။ မဖြစ်မနေဆိုတာက သူကလည်း ဂိလာနလေ။ မျက်စိကမှုန်တယ်၊ ညာဘက်ခြေထောက်ရဲ့ ဒူးနာတဲ့ရောဂါကလည်းဖြစ်နေတာ လတောင်ချီနေပေမယ့် ခုထိလုံးဝမပျောက်သေးဘူးဆိုပါတော့။

အထိုင်အထမှာ ပိုပြီးဒုက္ခရောက်နေတာပါ။ဆိုင်ကယ်ရှိပေမယ့် ဆိုင်ကယ်မစီးတာကြာပြီ။ဆိုင်ကယ်က ခြေထောက်နဲ့နင်းပြီးနှိုးမှ စက်ကနိုးတာလေ။ သူညာဘက်ဒူးကနာနေတာဆိုတော့ ခြေနဲ့နင်းပြီး ဆိုင်ကယ်စက်နှိုးရမှာ ခက်နေတာပေါ့။ စာရေးသူကိုလိုက်ပို့ဖို့ပြောတော့-

"အဖေကလည်း သမီးခြေထောက်က စက်နှိုးလို့မှမရတာ"

ဆိုပြီး ငြင်းနေပါသေးတယ်။ ဒီတော့ စာရေးသူက-

"ကိစ္စမရှိဘူး၊ အိမ်ကအထွက်မှာ တခြားသူကိုအကူအညီတောင်းပြီး စက်နှိုးခိုင်းမယ်၊ လမ်းမှာစက်လုံးဝမရပ်ဘူး။ အပြန်မှာ တွေ့တဲ့လူကိုအကူအညီတောင်းပြီး စက်နှိုးခိုင်းမှာပေါ့"

လို့ သမီးကြီးကိုအားပေးမှပဲ သားအဖနှစ်ယောက် သဘောတူညီမှုရခဲ့ပါတော့တယ်။

မနက် (၈) နာရီ အိမ်ကစထွက်ပါတယ်။ မြစ်သားမြို့ကနေ လမ်းခွဘက်ကိုထွက်တဲ့ ကတ္တရာလမ်းမကြီးအတိုင်းထွက်လာကြတာပါ။ လမ်းခွရောက်တာနဲ့ညာဘက်ချိုးပြီး ကူမဲဘက်ဆီကိုဦးတည်ပြီးထွက်ခဲ့ကြပါတယ်။ ကူမဲရောက်တာနဲ့ ကဆွန်ရွာဘက်သွားတဲ့လမ်းအတိုင်းဆက်မောင်းရင်းနဲ့ ကန်ရိုးကျေးရွာထဲရောက်တော့တာပါပဲ။ ဒါတောင်မှ ကဿပစေတီတော်ကြီးရှိတယ်ဆိုတာသိပေမယ့် ဘယ်နေရာမှာရှိတယ်ဆိုတာ အတိအကျမသိရလေတော့ နှစ်နေရာလောက်ကို ဆိုင်ကယ်ပေါ်ကဆင်းပြီး သွား,သွားမေးရတာက စာရေးသူမှာလည်း တစ်ဒုက္ခပေါ့လေ။

စာရေးသူဒုက္ခကလည်း ဘယ်ဘက်ခြေထောက်ဒူးကောက်ကွေးကနာနေတာဆိုတော့ ဆိုင်ကယ်ပေါ်ကနေဆင်းလိုက်တက်လိုက်လုပ်ရာမှာ အဆင်မပြေဘူးဖြစ်နေတာပါ။ အင်း- ဂိလာနသားအဖနှစ်ယောက်အဖြစ်တွေလေ။ နောက်ဆုံးတော့ မိုယ်းစွေကျောင်းဘေးကနေ (၂၁) မိုင်ကားလမ်းပေါ်တက်လိုက်ရင်ပဲ လမ်းဘယ်ဘက်မှာ ထုံးဖြူဖြူအဖွေးသား

နဲ့ ကဿပဘုရားစေတီကြီးကို ဘွားခနဲ ဖူးမြင်လိုက်ရတော့တာပါပဲ။ လယ်တွေ ကြားထဲမှာရှိနေတာပါ။

'လာချင်ရင်အနီးလေး၊ မလာချင်ရင်ခရီးဝေး' ဆိုတာ ဒါမျိုးထင်ပါရဲ့။ စာရေးသူရောက်နေပြီဖြစ်တဲ့ ကဿပစေတီကြီးနဲ့ မိုယ်းစွေကျောင်းဆိုတာ လှမ်းမြင်နေရတာလေ။လှမ်းအော်ရင်တော့ ကြားရမယ့် အကွာအဝေးမှာရှိတာပါ။ ဆရာတော်လမ်းညွှန်စဉ်တုန်းကသာတစ်ဆက်တည်းသွားခဲ့ရင် ခုလောက်တောင်ပင်ပန်းချင်မှပင်ပန်းမှာပါ။ ခုတော့ အင်း-ခုတော့ မောတော့မောတာပေါ့။ ဒါပေမယ့် မမောဘူးလို့ဘဲ ဆိုရတော့မှာပေါ့။ ဆန္ဒပြည့်ဝခဲ့ပြီမို့ပါ။

### ❑ မျက်ဝါးထင်ထင်ဖူးမြင်ရပါပြီ

စေတီတော်ကြီးကို အုတ်ရိုးနဲ့ပတ်ပတ်လည်ကာရံထားပါတယ်။ မုခ်ပေါက်ကိုတော့ စေတီတော်ကြီးရဲ့မြောက်ဘက်ကနေ ဖောက်လုပ်ထားတာပါ။ မုခ်ဦးအလှူရှင်ကတော့ ကူမဲမြို့၊ လမ်းမတော်ရပ်၊ (ဦးရန်အေး)+ဒေါ်သန်းမြင့်၊ အောင်သပြေမိသားစုလို့ ကမ္ပည်းရေးထိုးထားပါတယ်။ မုခ်ဦးရှေ့တစ်ဖက်တစ်ချက်မှာ ခြင်္သေ့ငယ် (၂) ကောင် ထုလုပ်ထားရှိတာကို တွေ့မြင်ရပါတယ်။

ဘုရားရင်ပြင်တော်အတွင်းဝင်လိုက်တာနဲ့ စေတီတော်ကြီးရှေ့တည့်တည့်မှာဆောက်လုပ်ထားတဲ့ဓမ္မာရုံငယ်လေးတစ်ဆောင်ကို စတင်တွေ့မြင်ရတာပါပဲ။ ဓမ္မာရုံရဲ့အကျယ်အဝန်းက (၁၂)ပေပတ်လည်ရှိပါတယ်။ ဓမ္မာရုံနဲ့စေတီကြားမှာ ဂန္ဓကုဋီတိုက်ရှိပါတယ်။ အုတ်တိုက်အဆောက်အဦပါ ဂန္ဓကုဋီတိုက်အတွင်းမှာ ဉာဏ်တော်(၇)ပေနဲ့ (၇)လက်မရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တိုင် ကိုယ်တော်ကြီးတစ်ဆူကိုဖူးမြင်ရပါတယ်။

ရုပ်ပွားတော်ကြီးက ရှေးဟောင်းပိသုကာလက်ရာနဲ့ ရှေးဟောင်းရုပ်ပွားတော်ကြီးတစ်ဆူဖြစ်ပြီး ကြည်ညိုဖွယ်ရာကောင်းလှတာ အမှန်ပါပဲ။ ဂန္ဓကုဋီတိုက်အဝင်ပေါက်ညာဘက်ခြမ်းမှာ ကျောက်သားပေါ်မှာထွင်းပြီး ရေးထိုးထားတဲ့ ကမ္ပည်းမှတ်တမ်းကိုတွေ့ရပါသေးတယ်။ ကမ္ပည်းစာတန်းကတော့ အထက်ခေါင်းစည်းမှာ 'ကဿပစေတီတော်'လို့ရေးထိုးထားပါတယ်။

အောက်မှာတော့ 'ဤစေတီတော်မြတ်ကြီးအား ဆည်မြောင်းဌာန ထိန်းသိမ်းရေးမှ ကာယ၊ ဉာဏ၊ ဝန်ထမ်းများ


ဂူဘုရားအဝင်မုခ်ဦး


ကဿပစေတီအဝင်မုခ်ဦးရှေ့မှ
ရွှေဟောင်းလက်ရာ ခြင်္သေ့ရုပ်တု


ကဿပစေတီတွင်စာရေးသူအမှတ်တရ


ပြုပြင်မွမ်းမံပါသည်။ ၁၃၅၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁) ရက်၊ ၂၈- ၇- ၈၉ ရက်၊ သောကြာနေ့တွင် အနေကဇာကပ်လှူပူဇော်ကြပါသည်။ နတ်လူသာဓုခေါ်စေသော်' လို့ပါရှိပါတယ်။ လက်ရှိအမြင်မှာတော့ ကမ္ပည်းစာသားချပ်ဟာ ဆေးရောင်ပြယ်နေတာမို့ တော်တော်လေးကိုဖတ်ယူရတဲ့အနေအထားပါ။ ဖြစ်နိုင်ရင်တော့ စေတီတော်ကြီးနဲ့ပတ်သက်တဲ့တာဝန်ရှိသူများအနေနဲ့ အချိန်မီပြုပြင်ပေးနိုင်ရင်တော့ကောင်းမှာပါလို့ ပြောချင်ပါတယ်။

ဒါ့အပြင် ရုပ်ပွားတော်ကြီး စံတော်မူရာ ဂန္ဓာကုဋီတိုက်ရဲ့အတွင်းနံရံတွေမှာလည်း ကလေးငယ်များ လက်ဆော့ပြီး သဘော်ဆေးရောင်တွေနဲ့ရေးခြယ်ထားတဲ့ရုပ်ပုံတွေရှိနေတာကလည်း မြင်ရသူတိုင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်စေတာအမှန်ပါပဲ။ရှေးဟောင်းသမိုင်းဝင်ဘုရားကြီးမို့ ရှေးမူလက်ရာတွေမပျက်စီးအောင် ကြိုတင်ကာကွယ်ထိန်းသိမ်းကြဖို့တိုက်တွန်းလိုပါတယ်။

စာရေးသူအနေနဲ့ ရုပ်ပွားတော်ကြီးကိုဝအောင်ဖူးပြီးတာနဲ့ ဘုရားရင်ပြင်တော်ဘက်ကိုထွက်လာခဲ့ပါတယ်။ရင်ပြင်တော်တစ်ပြင်လုံးကို ကျောက်သွေးလောင်းထားတာပါ။ ရင်ပြင်တော်ထက်မှာတော့ ခံ့ညားထည်ဝါလှတဲ့ကဿပစေတီတော်မြတ်ကြီးကို နေရောင်အောက်မှာ ရွှေရောင်တောက်စွာနဲ့ဖူးမြင်ရပါပြီ။ စေတီတော်မြတ်ကြီးရဲ့ အောက်ခြေဖိနပ်တော်နဲ့ ပစ္စယံသုံးခုတို့ကို အဌဂံပုံပြုလုပ်ထားပါတယ်။

အောက်ခြေဖိနပ်တော်ရဲ့အမြင့်ဟာ ခန့်မှန်းခြေ (၃)ပေအမြင့်လောက် ရှိပါတယ်။ အောက်ခြေဖိနပ်တော်ရဲ့ထောင့်လေးထောင့်မှ ခြင်္သေ့ငယ်ရုပ်တုတစ်ခုစီထားရှိပါတယ်။ပစ္စယံသုံးဆင့်မှာ တတိယအဆင့်ရဲ့ထောင့်လေးထောင့်မှာ ပန်းအိုးတစ်လုံးစီရှိပြီး စေတီတော်ကြီးရဲ့တနင်္ဂနွေထောင့်ကပန်းအိုးကတော့ ပျက်စီးပြိုကျနေတာတွေ့ရပါတယ်။ စေတီတော်ကြီးရဲ့ဖိနပ်တော်ဟာ (၂၇)ပေခွဲပတ်လည်ရှိပြီး စေတီတော်ကြီးရဲ့ ဉာဏ်တော်အမြင့်ကပေ(၄၀)ခန့်ရှိမယ်လို့ခန့်မှန်းရပါတယ်။

စေတီတော်ကြီးရဲ့အရှေ့ဘက်အင်္ဂါထောင့်မှာတော့ ဂူဘုရားတစ်ဆူရှိပါတယ်။ အောက်ခံလေးထောင့်ပုံရှိပြီး အထက်အမိုးကို ဆင်ခြေလျှောပုံ စလစ်ပြင်လောင်းပြီး အပေါ်ကနေ စေတီငယ်တစ်ဆူတည်ထားတာပါ။ မုခ်ပေါက်ကို



ပေါင်တောင်ရှင်ကဿပစေတီတော်၏ ဂန္ဓာကုဋီတိုက်အတွင်းမှ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူ

တော့ မြောက်ဘက်လှည့်ထားပြီး ဂူဘုရားကိုယ်ထည်တစ်ခုလုံး ဆေးနီရောင်နဲ့ခြယ်မှုန်းသုတ်လိမ်းထားပါတယ်။အထက်ပိုင်းစေတီငယ်ကိုတော့ရွှေဆေးသုတ်ပြီး ကပ်လှူပူဇော်ထားပါတယ်။ ရှေးဟောင်းစေတီလိုပဲသိရပါတယ်။

ဂူဘုရားရဲ့ အတွင်းပိုင်းအကျယ်အဝန်းက (၁၅) ပေ ပတ်လည်ရှိပါတယ်။ ဂူအတွင်းမှာတော့ အမြင့်(၂) ပေ၊ (၂) လက်မရှိတဲ့ပလ္လင်တော်ထက်မှာ ဉာဏ်တော်(၅)ပေ(၅)လက်မရှိတဲ့ ရုပ်ပွားတော်တစ်ဆူကို ထားရှိကိုးကွယ်ထားပါတယ်။ ရုပ်ပွားတော်ဟာ ထိုင်ကိုယ်တော်ဖြစ်ပြီး သပိတ်ရောင်သက်န်း ဆက်ကပ်ထားတဲ့ ရှေးဟောင်း ရုပ်ပွားတော်တစ်ဆူဖြစ်ကြောင်း ဖူးမြင်ခဲ့ရပါတယ်။ စေတီတော်ကြီးရဲ့ပတ်လည်မှာကာရံထားတဲ့ အုတ်တံတိုင်းအလျှုရှင်ဟာ အောင်သပြေမိသားစုဖြစ်ပြီး တံတိုင်းအမြင့် (၄) ပေ၊ (၂) လက်မနဲ့ ထု (၉) လက်မရှိပါတယ်။ ရင်ပြင်တော်အကျယ်က တောင်မြောက် (၆၈) ပေ၊ အရှေ့အနောက် (၈၁)ပေရှိပါတယ်။ ဒါကတော့ ကဿပဘုရားစေတီကြီးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေပါပဲ။

## ▫ သမိုင်းခြေရာ ဖွေရှာကြည့်တော့

ရှင်မဟာကဿပဆိုတဲ့စကားလုံးကို စတင်ရင်းနှီးခွင့်ရခဲ့တာကတော့ တောင်ငုတ်ကျေးရွာမှ စူဠာမဏိစေတီဆောင်းပါးရေးစဉ်က ကျောင်းဝိုင်းအတွင်းမှာတွေ့ရှိရတဲ့ ကျောက်စာချပ်ကနေအစပြုတယ်လို့ပဲဆိုရမှာပါ။ ကျောက်စာမှာပါရှိတာကတော့ 'မြန်မာနှစ် ၆၀၄ ခုနှစ်၊ ဖွကုန်နှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဖုန်းမြတ်ကြီး မဟာကဿပတည်သောတောကျောင်း၌ သံဗျင်အစလာဘီရစ် ဒါနပတိမောင်နှံက နိဗ္ဗာန်လိုသောကြောင့် မင်းဖုန်းတစ်ရသော မြစ်သားနယ်က လယ် (၁၁၀)ပယ်နှင့်ကျွန်များကို လှူဒါန်းခဲ့တယ်' လို့ ပါရှိခဲ့တာပါ။

နောက်တစ်ခါ ဆရာကြီး ဒေါက်တာသန်းထွန်းရေးသားပြုစုခဲ့တဲ့ 'မဟာကဿပဂိုဏ်းစာတမ်းမှာ' ဓာတ်ပုံ ၁၄၀ က/၂၊ သက္ကရာဇ် ၆၀၄ ကို ထောက်ရှု၍ 'မဟာကဿပသည် ပုဂံတွင် လေးစားမှုကိုရပြီးမှ အေဒီ ၁၂၄၂ လောက်တွင် အရှေ့ဘက်သို့တိုး၍ ဆယ်တစ်ရွာအရပ် ကျောက်ဆည်နယ်တွင် တောကျောင်းများတည်သည်' လို့ဖော်ပြပါရှိခဲ့ပါတယ်။ ဒါ့အပြင် တောင်ငုတ်ကျေးရွာဆိုတာ ကဆွန်ကျေးရွာအုပ်စုထဲမှာပါရှိသလို ကဿပဘုရားစေတီကြီးတည်ရှိရာ ကန်ရိုးရွာဆိုတာကလည်း ကဆွန်အုပ်စုထဲမှာရှိတာပါ။တောင်ငုတ်ရွာက အရှင်မဟာကဿပတည်ထားခဲ့တဲ့ တောကျောင်းအတွင်းကစေတီများနဲ့ ယခု စာရေးသူရောက်ရှိနေတဲ့ ကဿပစေတီတော်မြတ်ကြီးတို့ဟာ ဆက်စပ်မှုရှိနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ရှင်မဟာကဿပမထေရ်မြတ်ဟာ အရညဝါသီတောကျောင်းမှီပြီး သာသနာတော်ကိုပြုစုခြင်း၊ တောကျောင်းဘုရားများတည်ထားခြင်း၊ သိမ်သမုတ်ခြင်းတို့ကို အခါမလပ် အားထုတ်တော်မူခဲ့တဲ့ သာသနာပြုပုဂ္ဂိုလ် အရှင်သူမြတ်ကြီးတစ်ပါးဖြစ်ပါတယ်။ပုဂံဝန်းကျင်တစ်ဝိုက်၊ လယ်တွင်းတစ်ဆယ့်တစ်ရွာ၊ ကျောက်ဆည်နယ်၊ရွှေဘို၊ချင်းတွင်းနယ်တစ်ဝိုက်မှာ တောကျောင်းများတည်ထားခဲ့သလို ဘုရားစေတီများကိုတည်ထားခဲ့ကြောင်း မှတ်တမ်းမှတ်ရာများအရသိရှိရပါတယ်။

ကဿပမထေရ်ရဲ့ အရှင်မြတ်ကြီးဟာ သာသနာတော်ကိုပြုစုရင်း သီဟိုဠ်မှ ပင့်ဆောင်လာတဲ့ ဘုရားရှင်ရဲ့မေးရိုးတော်ဓာတ်အပါအဝင် ဓာတ်တော်မွေတော်များကိုဌာပနာပြီး ဘုရားအဆူဆူကိုတည်တော်မူခဲ့ရာမှာ ယခုမြစ်သားမြို့နယ်၊ကူမဲမြို့၊ ကဆွန်ကျေးရွာအုပ်စု၊ ကန်ရိုးရွာမှာတည်ရှိတဲ့ ကဿပစေတီတော်ကြီးဟာလည်း ရှင်ကဿပမထေရ်မြတ်ကြီးတည်ထားခဲ့တဲ့စေတီတော်ကြီးအဖြစ် မှတ်ယူနိုင်မှာဖြစ်ပါတယ်။

ဒါပေမယ့် ကဿပစေတီတော်မြတ်ကြီးကို ဘယ်ရက်၊ ဘယ်လ၊ ဘယ်နှစ်မှာတည်ထားခဲ့တယ်ဆိုတဲ့အထောက်

အထား ကျောက်စာပေစာတွေကိုတော့ ခိုင်ခိုင်မာမာမတွေ့ရှိခဲ့ရသေးပါဘူး။ဒါက လည်း မြစ်သားသမိုင်းပြုစုနေသူ ဆရာကြီးဦးညွန့်မောင်နဲ့ သုတေသနပညာရှင် ဆရာကြီးဦးဝင်းမောင်(တမ္ပဝတီ)တို့တွေ့ဆုံကြလို့ ဆွေးနွေးညှိနှိုင်းအဖြေရှာမှသာ လျှင် မှန်ကန်တဲ့အဖြေကို သိရမှာဖြစ်ပါတယ်။

စာရေးသူအနေနဲ့ကတော့ ကဿပစေတီတော်ကြီးကို ရှေးဟောင်းသမိုင်းဝင်စေတီကြီးတစ်ဆူအဖြစ်နဲ့သတ်မှတ်ပြီး သမိုင်းမတင်ပေမယ့် သမိုင်းဝင်စေတီဖြစ်ကြောင်းဖော်ပြရတာပါ။ တောင်ငုတ်ကျေးရွာကျောင်းထဲက ကျောက်စာနဲ့ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့စာတမ်းတွေအရမှီငြမ်းပြီး ရှေးဟောင်းစေတီအဖြစ်အတည်ပြုခဲ့ခြင်းဖြစ်သလို စေတီတော်အတွင်းမှာရှိတဲ့ ရှေးဟောင်းလက်ရာရုပ်ပွားတော်ကြီးတွေကို သက်သေအရာထားပြီး ရှေးဟောင်းသမိုင်းဝင်စေတီအဖြစ်နဲ့မှတ်တမ်းတင်ရခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

**□ ရှင်မဟာကဿပအကြောင်း သိကောင်းစရာ မွေးရာဇာတိမြေ**

အလောင်းတော်ကဿပဟု ယခုထိတိုင်ထင်ရှားတော်မူသည့် (ရှင်)ကဿပမထေရ်ကြီး၏မွေးရပ်ဇာတိမြေမှာ ပရိမ် (ပရိမ္မ)အရပ်၌ရှိသည်ဟု မြောင်မြို့နယ်၊ ကျောက်ရစ်ကျေးရွာ၊ ရွှေပေါင်လောင်ဘုရား၊ လေးမျက်နှာကျောက်စာ (သက္ကရာဇ် ၇၅၀ ပြည့်နှစ်ထိုး) ၌ ဇာတာခွင်နှင့်ဖော်ပြထားသည်ကို မှတ်သားဖတ်ရှုရပါသည်။ ဆရာကြီးဒေါက်တာသန်းထွန်း၏ မဟာကဿပဂိုဏ်း စာတမ်းတွင်လည်း 'ကျောက်ရစ်၊ ရွှေပေါင်လောင် အရှေ့မျက်နှာ (၃/၁၇)၊ သက္ကရာဇ် (၇၅၀)ထိုး ကျောက်စာ'ငပေါင်လောင်သင် ကဿပသည် (အေဒီ၁၁၆၉)၌(ပရိမ်တွင်)မွေးဖွားသည်'ဟုဆိုပါသည်။

၎င်းအပြင် ဘုရားလောင်းတစ်ကျိပ်အပါအဝင်ဖြစ်ကြောင်း၊ ပလလည်ဆင်မင်းဘဝနှင့်ဂေါတမမြတ်စွာဘုရားထံ ဗျာဒိတ်ရခဲ့သည်ဟုလည်း ဖော်ပြပါရှိသေးသည်။ အလောင်းတော်ကဿပဟုအမည်တွင်ခြင်းမှာ ဂေါတမဘုရားရှင်ခြေတော်ရင်းတွင် ပလလည်ဆင်မင်းအဖြစ်ပြုစုလုပ်ကျွေး၍ ဗျာဒိတ်ခံယူတော်မူသော ဘုရားအလောင်းတစ်ကျိပ်တွင် အပါအဝင် ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်းနှင့် သုမင်္ဂလဘုရားအလောင်းတော်မြတ်ဖြစ်ကြောင်း သက္ကရာဇ် ၇၅၀ ပြည့်နှစ်ထိုး ကျောက်ရစ်၊ ရွှေပေါင်လောင်ဘုရားကျောက်စာတွင် မှတ်တမ်းတင်ထားခဲ့ပါသည်။

ထို့ပြင်တဝ ရာဇဝင်သမိုင်းကျမ်းတို့အဆိုအရမူ ပေါင်လောင်ရှင်ကဿပသည် သက္ကရာဇ် ၅၀၀ ဝန်းကျင်ခန့်တွင် ပုခန်းကြီးအနီး၊ ကူနီနဝင်းရွာတွင် ဖွားမြင်တော်မူခဲ့သည်ဟုဆိုပြန်သည်။ ကူနီရွာသည် ကူခန်းမြို့ (ပုခန်းကြီး) အရှေ့တောင်ယွန်း၊ ချင်းတွင်းမြစ်နှင့်ဧရာဝတီမြစ်ပေါင်းဆုံရာအနီးတွင်ရှိပြီး ကိုကြီးကျော်(မင်းကျော်စွာ) နတ်နန်းရှိသောရွာဖြစ်ပေသည်။

**□ ဘဝဇာတ်ကြောင်း ပြန်ပြောင်းကြည့်လျှင်**

ရှင်မဟာကဿပလောင်းလျာသည် ကူနီရွာမှ ကုန်သည်လင်မယားထံတွင် ပဋိသန္ဓေနေခဲ့သည်။ ထိုကုန်သည်လင်မယားသည် ယော (၄) မြို့အပါအဝင် ထီးလင်းမြို့၊စီရင်စု၊ညောင်ကုန်းရွာဒေသသို့ ကုန်ရောင်းထွက်ကြရာမှ လမ်းခရီးတွင် ခိုးသားဓားပြတို့၏ လုယက်တိုက်ခိုက်ခြင်းခံခဲ့ရ၏။ ခိုးသားဓားပြတို့က ကိုယ်ဝန်အရင့်အမာနှင့်ရှိသော ကုန်သည်မကို ဓားစာခံအဖြစ်ခေါ်ယူသွားပြီးမှ ကုန်သည်မကို လမ်းခရီးတစ်ဝက်တွင် ထားပစ်ခဲ့ကြသည်။

ထိုစဉ်တွင် မှောင်အတိပြီးသော တောအုပ်အတွင်း၌ ကုန်သည်မသည် ကဿပအလောင်းအလျာကို မည်သူ၏ အကူအညီမှမပါဘဲ တစ်ကိုယ်တည်းနှင့် ဖွားမြင်ခဲ့ပြီးနောက် မိခင်ကုန်သည်မမှာ ရင်သွေးငယ်မွေးပြီးချင်းမှာပင် သေပွဲဝင်ခဲ့ရသည်။ ကဿပလောင်းလျာမှာ မိခင်နို့ကိုစို့ရင်းငိုနေသည့်အခြင်းအရာကို ဖခင်ကုန်သည်ကတွေ့ရှိရသည်နှင့် ဇနီးသည်၏ရုပ်အလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်၍ ကူနီနဝင်းရွာသို့ပြန်ခဲ့သည်။

ဖခင်ဖြစ်သူက ကဿပလောင်းလျာအား ကောင်းမွန်စွာပြုစုကျွေးမွေးခါ ပညာသင်ပေးခဲ့ပြီး အရွယ်ရောက်သည်နှင့် ရှင်သာမဏေပြုပေးခဲ့သည်။ နောင်တွင် ပုဂံမြို့တော်သို့ရောက်ရှိခါ ပုံသကူမထေရ်အရှင်သီလဝုပိုကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ် ခံယူတော်မူခဲ့သည်။

**□ ဒေသစာရီကြွချီတော်မူပြီ**

အရှင်ကဿပသည် ပုဂံမှ ရွာမှိုင်းရွာ (ယခု ဆီမီးခုံ၏ အနောက်တောင်ရတိုင်းရွာ) သို့ရောက်ရှိသီတင်းသုံးသည်။ ထိုမှတစ်ဖန် မြင်းမူရွာ၊ ဆားတောင်ရွာမ ထိုမှ ဟန်လင်းကြီးမြို့ အနောက်တောင်စောင်း၊ ဒိန်တောကျောင်းတွင် ရောက်ရှိ သီတင်းသုံးသည်။

ထိုမှတစ်ဖန် ဘိုးငံတောကျောင်း၊ တအုံတောကျောင်းတို့တွင် ရောက်ရှိ သီတင်းသုံးပြန်သည်။ ထို့နောက် ဘိုးငံတောကျောင်းမှတစ်ဆင့် ဧရာဝတီမြစ်ကိုကူးခါ မနုပလောင်ရှမ်းတို့ဒေသဖြစ်သော ပုံတိုင်းပြည်သို့ကြွတော်မူခါ သာသနာပြုလေသည်။ မနုရှမ်းပလောင်တို့သည် သခင်မြတ်ကို ရိုသေလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်ပူဇော်ခဲ့ကြသည်။

ရှင်မဟာကဿပသည် ပေါင်လောင်အရပ်သို့ ဒေသစာရီလှည့်ပတ်သည့်ကာလတွင် ပေါင်လောင်အကြီးအကဲများနှင့် ပေါင်လောင်လူမျိုးတို့က ကိုင်းညွတ်သောကြောင့် ပေါင်လောင်ရှင်ဟုတွင်လေသည်ဟု မဟာဓမ္မသင်္ကြန်အမတ်၏ သာသနလင်္ကာရကျမ်းတွင် ရေးသားဖော်ပြခဲ့သည်။

**□ ရှင်ကဿပနှင့် ကျားစီး၊မိကျောင်းစီးရုပ်တုများ**

ယခုအခါတွင် ပေါင်လောင်ရှင်ကဿပနှင့်ဆက်နွယ်သော ဘုရားစေတီကျောင်းကန်များတွင် ရှင်ကဿပ ကျားစီးနေသောရုပ်တု၊ရှင်ကဿပ မိကျောင်းစီးနေသောရုပ်တုတို့ကို တွေ့မြင်ကြရသည်။ ကျားစီးရုပ်တုနှင့် မိကျောင်းစီးရုပ်တုတို့၏ဇာတ်ကြောင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**□ ကျားစီးရုပ်တု**

ပေါင်လောင်ရှင်ကဿပသည် သီဟိုဠ်သာသနာဝင်ကိုသိရှိနိုင်ရန် သီဟိုဠ်သို့ကြွတော်မူစဉ် လမ်းခရီးအကြား၌ ကျားကြီးတစ်ကောင်နှင့်တွေ့သည်။ ရှေ့မှကန့်လန့်ဆီးတားနေသည့်ကျားကြီးကို တွေ့ရာ သခင်မြတ်မှပရိတ်မေတ္တာတော်ပွားခါ လက်တော်နှင့် ဖယ်ရှားတော်မူသည်။ ၎င်းနောက် ကျားကြီး၏ ကျောကုန်းထက်ဝယ် ဖွဲ့ခွေထိုင်တော်မူရာ ကျားကြီးသည် ရှင်သူတော်မြတ်အား ဒဂုံသင်္ဘောဆိပ်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့သည်။

**□ မိကျောင်းစီးရုပ်တု**

သခင်မြတ်သည် ဒဂုံသင်္ဘောဆိပ်သို့ရောက်ရှိပြီးနောက် သီဟိုဠ်သွား သင်္ဘောနှင့်လိုက်ပါခဲ့သည်။သင်္ဘောတွင်



ရှုဘုရားအတွင်းမှ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူ

ကုန်သည်များလည်း လိုက်ပါခဲ့ကြသည်။ ခရီးလမ်းတစ်ဝက်ရောက်စဉ် အရှင်မြတ်စီးနင်းလိုက်ပါလာသောသင်္ဘောကြီးမှာ ခရီးဆက်မောင်းနှင်၍မရဘဲ ရေလယ်တွင် ရပ်တန့်သွားခဲ့သည်။ မည်သို့ပင်ကြိုးစားကြသော်လည်း သင်္ဘောကြီးမှာ လုံးဝရွေ့လျား၍မရ ဖြစ်နေတော့သည်။

သင်္ဘောသားနှင့်ခရီးသည်များတွင် မသူတော်ပါ၍သာ သင်္ဘောလှုပ်ရှား၍ မရခြင်းဖြစ်မည်ဟုယူဆခါ ရေနတ်စာကျွေးရန်အတွက် မဲချရွေးချယ်ကြတော့သည်။ ယင်းသို့ မဲချရွေးချယ်ရာတွင် အရှင်ကဿပမှာ (၃) ကြိမ်တိုင်တိုင် မဲကျတော်မူသည်။ သင်္ဘောသားတို့သည် အရှင်မြတ်အား ရေသို့ချရန်မဝံ့မရဲဖြစ်နေရာ အရှင်မြတ်က 'ငါ့အတွက် ခရီးသွားများစွာတို့အား ဘေးဥပါဒ်မဖြစ်စေနှင့်။ ငါ့ကိုသာရေချပါ' ဟုခွင့်ပြုတော်မူသဖြင့် သင်္ဘောသားတို့သည် သခင်မြတ်အား ဦးချတောင်းပန်ကာ ရေနတ်စာကျွေးလေသည်။ထိုအခါမှ သင်္ဘောသည် ထွက်ခွာ သွားလာ၍ရတော့၏။

ထိုအခါ သီဟိုဠ်ကျွန်းသို့ နိဗ္ဗာန်ကူးတို့ပို့ရန် သင်္ဘောကိုဟန့်တားခဲ့သော မဏ္ဍမေ့နတ်သားသည် ငမိုးရိပ်မိကျောင်းသဏ္ဍာန်ဖန်ဆင်း၍ သခင်မြတ်အား ကျောကုန်းထက်တွင်တင်၍ သီဟိုဠ်ကျွန်းသို့ပို့ဆောင်ပေးခဲ့ရာ အရှင်မြတ်သည် သင်္ဘော၏အလျဉ်ဦးစွာ သီဟိုဠ်သို့ရောက်ခဲ့သည်။ ထိုသို့ သီဟိုဠ်ကျွန်းသို့ ရှင်မဟာကဿပမထေရ်မြတ်ကြီး ကြွချီတော်မူရာတွင် နတ်ကျားကြီးနှင့် နတ်မိကျောင်းတို့က နိဗ္ဗာန်ကူးတို့ ပို့ဆောင်ကြသည်ကိုရည်ရွယ်၍ အရှင်မြတ်ကြီးတည်ထားသီတင်းသုံးတော်မူသော တောကျောင်းဘုရားများတွင် ကျားစီး၊ မိကျောင်းစီးရုပ်တုများကို ထုလုပ်ကိုးကွယ်ခဲ့ကြခြင်းဖြစ်ပေသည်။

**▫ ပရိတ်နိဗ္ဗာန်စံလွန်တော်မူလေပြီ**

ရှင်ကဿပမထေရ်မြတ်ကြီးသည် သက်တော် ဝါတော်ကြီးရင့်တော်မူလာသည့်အခါ ဖိုလ်ဝင်းတောင်တောရတွင် တောရမှီသီတင်းသုံးပြီးနောက် ဇန့်ကျိနယ်၊ ကနီဒေသသို့ ကြွချီတော်မူသည်။ ကပိုင်ရွာ၊ သလောက်ရွာ၊ မြောင်းကြီးရွာတို့ကို ဖြတ်သန်းကြွရောက်တော်မူ၍ ပုံတောင်ပုံညာ၊မဟူတောင်၊ခေါက်လောက်တောင်တို့၏အလယ်တွင်ရှိသော ကျောက်လိုဏ်ဂူတွင် သီတင်းသုံးတော်မူသည်။

အိုမင်းရင့်ရော် သက်တော်ဝါတော်ကြီးရင့်တော်မူသည့် ဘုရားအလောင်းတော်မြတ် ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ပုံတောင်ပုံညာ၊မဟူတောင်နှင့်ခေါက်လောက်တောင်တို့၏အလယ်တောင်ကုန်းမြင့်ပေါ်တွင် ဇောမိပင်ရှိရာ အနောက်မြောက်သို့ ခေါင်းပြုလျောင်းစက်၍ ဘဝခန္ဓာစွန့်တော်မူခဲ့သည်။ နယ်သူနယ်သားများသည် သခင်မြတ်၏ရုပ်ကလာပ်တော်အား ခေါင်းတလားနှင့်သွင်း၍ ကျောက်ဂူလိုဏ်ခေါင်း (ယခုအခါ ရှင်သူငယ်ပေါက်)အတွင်း သွတ်သွင်း၍ ပုဂံနေပြည်တော် ထီးလိုမင်းလိုဥဇနာမင်းထံ သွားရောက်လျှောက်ထားခဲ့ကြသည်။

ဘုရားအလောင်း တစ်ကျိပ်ဝင်ပေါင်လောင်ရှင်ကဿပမထေရ်မြတ်ကြီးနိဗ္ဗာန်စံဝင်ကြောင်းကြားသိသော မင်းကြီးသည် အလောင်းတော်ရှိရာကနီမြို့နယ်သို့ကြွချီတော်မူလာပြီး သခင်မြတ်၏အလောင်းတော်ကို နံ့သာထင်းတို့ဖြင့်ကောင်းမွန်စွာ သဂြိုဟ်တော်မူသည်။ ထို့နောက်တွင် ရှင်ကဿပအရှင်မြတ်၏ကိုယ်စား အလျား (၁၀) တောင် ရုပ်ပွားတော်တစ်ဆူပြုလုပ်၍ တည်ထားတော်မူခဲ့သည်။ အရည်ဝါသီတောကျောင်းဂိုဏ်းတည်ထောင်သူ၊ ပေါင်လောင်ရှင်မဟာကဿပမထေရ်မြတ်ကြီး ပျံလွန်တော်မူချိန်မှာ သက်တော် (၁၀၃) နှစ်သို့မဟုတ် သက်တော် (၁၀၉) နှစ်တွင်ပျံလွန်တော်မူကြောင်း သမိုင်းပညာရှင်တို့က ယူဆကြပါသည်။

**▫ ဖိတ်ခေါ်ပါရစေ မြစ်သားမြေ**

စာရေးသူတို့မြစ်သားမြေဟာ သမိုင်းဝင်ဘုရားစေတီတွေက နေရာအနှံ့၊ မြို့ရွာအနှံ့မှာပေါ်ထွန်းနေကြတာမို့ သာသနာအရောင်ထွန်းပြောင်ရာ သမိုင်းဝင်မြေဖြစ်ပါတယ်။ ရောက်လေရာနေရာတိုင်းမှာ ထုံးဖြူဖြူဖွေးဖွေးနဲ့စေတီတွေကို တွေ့မြင်ရသလို ရွှေရောင်အဆင်းနဲ့ ဝင်းပြောင်ထွန်းလက်နေတဲ့ သမိုင်းဝင်စေတီတော်များကိုလည်း ကြည့်မဝအောင် ဖူးမြင်ရတာမို့ တစ်ခါတစ်ခေါက်တော့ လာရောက်ကြဖို့ ဖိတ်ခေါ် လိုက်ပါရစေ။

*စေတနာမှန်လျှင် ကံကောင်းမည်*

**ကိုးကား**

- မြစ်သားသမိုင်း (၈)
- ကိုယ်တိုင်လေ့လာချက်

**စနေထွန်း (မြစ်သား)**

နေ့နံ့ထင်ရှား မြတ်ဘုရားခုနစ်ဆူ ရှိခိုးပူဇော်မည်

# လယ်တီးဆရာတော်ဘုရားကြီး၏ အကွယ်အကာ မြန်မာစက်ပရိတ်တော်ကြီး

အုံ့ကြွယ်

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အနန္တဇေဋ္ဌ အတုမရှိအတိုင်း မသိသောကျေးဇူးတော်၊ ဂုဏ်တော် အပေါင်းတို့၏တည်ရာစုဝေးရာဖြစ်တော်မူသောမြတ်စွာဘုရား။

၁။ ဘုန်းတော်အနန္တ၊ ကံတော်အာနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူသော အရှင်ဝိပဿီမြတ်စွာဘုရားကိုယ်တော်။

၂။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာ



မြေမိုး၊ ဖြန်းဖြန်းကျိုးမျှတန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူသောအရှင်သိခီမြတ်စွာဘုရားကိုယ်တော်။

၃။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှတန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူသော 'အရှင်ဝေဿဘူ' မြတ်စွာဘုရားကိုယ်တော်။

၄။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှတန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူသော 'အရှင်ကကုသန်' မြတ်စွာဘုရားကိုယ်တော်။

၅။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှတန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူသော 'အရှင်ကောဏာဂုံ' မြတ်စွာဘုရားကိုယ်တော်။

၆။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှတန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူသော 'အရှင်ကဿပ' မြတ်စွာဘုရားကိုယ်တော်။

၇။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှ၊ တန်ခိုးတော်အနန္တတို့နှင့်ပြည့်စုံတော်မူသော 'အရှင်ဂေါတမ' မြတ်စွာဘုရားကိုယ်တော်။

ဤခုနစ်ဆူကုန်သောမြတ်စွာဘုရားအပေါင်းတို့သည် အကျွန်ုပ်၏ဦးခေါင်းထက်၌အမြဲကိန်းစက်စောင့်ရှောက်တည်နေတော်မူပါစေကုန်သတည်း။

ဤခုနစ်ဆူကုန်သောမြတ်စွာဘုရားအပေါင်းတို့သည် အကျွန်ုပ်တို့၏ဝဲယာနှစ်ဖက်ပခုံးထက်၌ အမြဲကိန်းစက်စောင့်ရှောက်တည်နေတော်မူပါစေကုန်သတည်း။

ဤခုနစ်ဆူကုန်သောမြတ်စွာဘုရားအပေါင်းတို့သည်အကျွန်ုပ်တို့၏အဆုတ်၊ အသည်းနှလုံးထဲ၌ အမြဲကိန်းစက်စောင့်ရှောက်တည်နေတော်မူပါစေကုန်သတည်း။

ညနေပိုင်းအလုပ်သိမ်း၍ရေချိုးညစာစားပြီးနောက် ဧည့်ခန်းရှိနှစ်ယောက်ထိုင်ဆက်တီတွင်အနားယူနေသည့် မမိငဲတစ်ယောက် သမီးဖြစ်သူမဒုံဒုံး၏ မြတ်ဘုရားခုနစ်ဆူ စက်ပရိတ်တော်ကြီးကိုရွတ်ဆိုပူဇော်သံကြားရ၍ ကုသိုလ်ယူကြည်နူးနေမိသည်။ ဆက်တီခုံနောက်တန်းကိုမှီကာ ဆက်လက်ဇိမ်ယူမှိန်းနေစဉ်ခုံ၏ဘေးနေရာလွတ်တွင် မဒုံဒုံးဝင်ထိုင်လျက် မိခင်ပခုံးကိုမှီပြီး မေသမီးတစ်ခုမေးချင်လို့ဟုဆိုလာခဲ့သည်။

"အေး၊ မေးလေ သမီးကဘာသိချင်လို့လဲကွယ်"

မိခင်မမိငဲကခွင့်ပေးတော့-

"မေရယ်၊ အခုနကသမီးရှိခိုးတဲ့ခုနစ်ဆူဘုရားရှိခိုးရွတ်ဆိုပြီးတော့စဉ်းစားမိတယ်။ သမီးသိထားတာက ဒီကမ္ဘာမှာဘုရား (၅) ဆူပွင့်တော်မူမှာဖြစ်ပြီး (၄) ဆူပွင့်တော်မူပြီးပြီလို့ သိထားတာမေရဲ့။ အခုတော့ (၇) ဆူတောင်ပွင့်ပြီးဖြစ်နေတယ်နော်။ အဲ့တာသမီးနားမလည်ဘူးဖြစ်နေတယ်လေ။ ရှင်းပြပေးပါလားမေ

ရယ်"

ဟု သူမရှင်းတာကိုမေးလာသည်။

"ဩော်-ဒါလားသမီးရဲ့မေတ္တိဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်တော်မူမှာဖြစ်ပြီး အခုဆို 'ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ' ဆိုတဲ့ဘုရားလေးဆူပွင့်တော်မူပြီးပြီလေ၊ အဲဒီဘုရားလေးဆူအပြင် သူတို့အရင်ပွင့်တော်မူပြီးဖြစ်တဲ့ဘုရားသုံးဆူပါပေါင်းပြီး ဘုရား (၇)ဆူဖြစ်လာတာပဲကွယ့်"

"ဟင်- ဒါဆိုဘုရားသုံးဆူကဘယ်ကမ္ဘာတုန်းကပွင့်တော်မူခဲ့တာလဲမေရဲ့"

မဒုံဒုံကအံ့အားအသင့်ဖြင့်အမေဖြစ်သူကိုမေးရှာသည်။မမိငဲမျက်ဖြူဆိုက်လေပြီ၊ အဖြေစကားမဆိုမီ ခေါင်းကိုကုတ်လျက် စားပွဲခုံခြားကာထိုင်နေသည့်အစ်မဖြစ်သူ မဝဲပဲကိုမော့ကြည့်ပြီး သမီးဖြစ်သူကို-

"သမီးအမေးကိုမေ ဖြေရင်သိပ်မပြည့်စုံနိုင်ဘူး။ သမီးရဲ့တီပဲကိုမေးနော်။ သူကဆရာမဆိုတော့ ပိုပြီးပြည့်ပြည့်စုံစုံဖြေနိုင်တာပေါ့လေ။ ကဲ ပဲပဲ ညည်းဖြေပေးလိုက်ပါကွာ"

ဟု အစ်မဖြစ်သူအပျိုကြီးကိုတာဝန်လွှဲပေးခဲ့သည်။

"အောင်မာ ကောင်မလူလည်မလုပ်နဲ့။ ညည်းတာဝန်ကို လွှဲချတာပေါ့လေ။ ညည်းတာဝန်ကို ညည်းဘာသာရှင်း"

"ငါ့အစ်မကြီးက လိမ္မာရဲ့သားနဲ့၊ ကလေးသိချင်တာရှင်းပြလိုက်ပါနော်"

မပဲကမျက်နှာထားတည်တည်နဲ့ပြောလာတော့ မမိငဲက အစ်မကိုလေအေးလေးနဲ့ချော့ရှာသည်။ သူတို့နှစ်ယောက်မှာ အသက်တစ်နှစ်ကျော်သာကွာကြ၍ ငယ်စဉ်ကပင်သူငယ်ချင်းလိုညည်းငါဖြင့်ပြောခဲ့ကြခြင်းဖြစ်သည်။

"ဟုတ်ပါတယ်တီပဲရယ်၊ သမီးကိုရှင်းပြနော်၊ မေကမရှင်းနိုင်လောက်ပါဘူး"

"ဩော်- တော်လိုက်တဲ့သမီး၊ သူ့အမေပင်ပန်းမှာစိုးလို့ တီပဲကိုခိုင်းတာပေါ့လေ"

"မဟုတ်ပါဘူးတီရဲ့၊မေမဖြေနိုင်ဘူးဆိုတာခေါင်းကုတ်နေကတည်းက သမီးသိနေတာပါနော်။ တီပဲလည်းသိတာပဲမဟုတ်လား"

သမီးကပြောတော့ညီအစ်မနှစ်ဦးသဘောကျစွာရယ်ကြသည်။ ခဏနေတော့မှမပဲပဲကချောင်းတစ်ချက်ဟန့် (မမိငဲကိုမျက်စောင်းထိုးကာစကားစသည်)

"ဟုတ်တယ်သမီးရဲ့ ဒီဘဒ္ဒကမ္ဘာမှာ ဘုရား (၅) ဆူပွင့်မှာဖြစ်ပြီး (၄)ဆူပွင့်တော်မူပြီးပြီလေ၊သမီးရှိခိုးတဲ့ဂါထာစက်ပရိတ်တော်မှာ(၇)ဆူဘုရားရဲ့ထိပ်ဆုံး (၃) ဆူဖြစ်တဲ့ 'ဝိပဿီမြတ်စွာဘုရား'ဟာလွန်ခဲ့တဲ့ (၉၁) ကမ္ဘာမှာပွင့်တော်မူခဲ့ပြီးစနေနေ့ဖွားဖြစ်တယ်တဲ့ 'သိခီမြတ်စွာဘုရား'နဲ့ 'ဝေဿဘူမြတ်စွာဘုရား'တို့ကလွန်ခဲ့တဲ့ (၃၁) ကမ္ဘာမှာပွင့်တော်မူခဲ့တာဖြစ်ပြီး တနင်္ဂနွေနေ့ဖွားနဲ့တနင်္လာနေ့ဖွားများဖြစ်ကြသတဲ့ကွယ့်။ ကျန်တဲ့(၄)ဆူကဒီဘဒ္ဒကမ္ဘာမှာအစဉ်အလိုက်ပွင့်တော်မူခဲ့ကြတာပေါ့။ဒီ(၄)ဆူမှာ'ကကုသန်မြတ်စွာဘုရား'က အင်္ဂါနေ့ဖွား၊ ကောဏဂုံမြတ်စွာဘုရားက ဗုဒ္ဓဟူးနေ့ဖွား၊ ကဿပမြတ်စွာဘုရားက ကြာသပတေးနေ့ဖွားဖြစ်ပြီး ဂေါတမမြတ်စွာဘုရားကတော့ သောကြာနေ့ဖွားဖြစ်ကြပါတယ်။ ဒါကြောင့်ပွင့်တော်မူပြီးတဲ့ဘုရား (၇)ဆူပြန်ကြည့်ရင် စနေနေ့ကနေသောကြာနေ့အထိနေ့သားအစီအလိုက်ပွင့်ကြတာမို့ဒီစက်ပရိတ်တော်ကို ခုနစ်နေ့ဖွားဘုရားခုနစ်ဆူရှိခိုးဂါထာလို့လည်း ဆိုကြသကွယ့်။ဒီဘဒ္ဒကမ္ဘာမှာနောက်ဆုံးပွင့်တော်မူမယ့် အရိမေတ္တာယျမြတ်စွာဘုရားကလည်းစနေနေ့မှာဖွားမြင်တော်မူမယ့်လို့ဆိုကြပြန်တယ်လေ။

ဒါတွေကတော့ စက်ပရိတ်ပါဘုရား(၇)ဆူရဲ့အကြောင်းအရာအကျဉ်းပဲပေါ့။ အဲ့ကြုံတုန်းသမီးကိုပြောရဦးမယ်နော်၊ တီပဲတို့ဆရာဖြစ်သင်တန်းဆင်းပြီးလှိုင်ကော်ကိုပြန်ရောက်တော့ မြို့လယ်ကမြို့နာမ်စေတီကိုသွားဖူးခဲ့တယ်။စေတီကိုပတ်ဖူးမိတော့ စေတီရဲ့တနင်္ဂနွေထောင့်ရောက်တဲ့အခါ ဘုရားရှိခိုးဂါထာတစ်ပုဒ်ကိုအမှတ်တမဲ့ကြားလိုက်မိတယ်လေ။တီပဲလည်းရပ်နားထောင်မိတာပေါ့။ အသံနေ၊ အသံထားကလည်းကောင်း၊ အသံသြဇာကလည်းပြည့်တာမို့နားထောင်ကောင်းကောင်းနဲ့နားထောင်မိတော့မှ 'ခုနစ်ဆူဘုရားရှိခိုးဂါထာ'ကိုပါဠိလိုမဟုတ်ဘဲ မြန်မာပြန်အဖြစ်ရွတ်ပွားနေတာလို့နားလည်လာမိတယ်။ ဒီဂါထာမှာ ဘွဲ့အမည်တွေကလွဲရင် ပါဠိပါတ်သားတစ်ခုမှမပါတော့ လူတိုင်းနားလည်လွယ်တာပေါ့နော်။ ဒါနဲ့တီပဲလည်း ဒီဘဘရှိခိုးပြီးသည်ထိစောင့်ပြီး ရှိခိုးဂါထာကိုတောင်းမယ်လို့ဆုံးဖြတ်ပြီးဒီဘဘနောက်ဘက်မှာဝင်ထိုင်မိတယ်။ဘဘကအသက်(၆၀) ကျော်လောက်ရှိပြီး ဝတ်ဖြူစင်ကြယ်ဝတ်၊လူရည်သန့်သန့်တစ်ဦးဆိုတာလည်းလေ့လာမိတယ်လေ။ ခဏလေးကြာတော့ ဘုရားရှိခိုးပြီးခါးဆန့်နေတော့မှဘဘနားချဉ်းကပ်ပြီး-

"ဘဘရယ်၊ အခုနကရွတ်ဆိုတဲ့ ခုနစ်နေ့ရှိခိုးဂါထာကို သမီးကိုချီးမြှင့်ပါနော်၊ အဘကရွတ်ဆို သမီးကလိုက်ကူးပါမယ်ရှင့်"

လို့ပြောတော့ ဘဘလည်းလိုလိုချင်ချင်ရွတ်ဆိုပေးရှာတယ်။ တီပဲမှားရေးမိတဲ့နေရာတွေကိုလည်း ပြင်ပေးတယ်ကွယ့်။ တီပဲလည်း အဲဒီနေ့ကစပြီး အခုထိနှစ်ပေါင်း (၂၀) ကျော်ရွတ်ပွားပူဇော်ရှိခိုးခဲ့တာပါ။ ပြောဖို့မေ့နေတယ် ဘဘအမည်က ဦးဥက္ကာတဲ့၊ နယ်တကာလှည့်ပြီး သာသနာပြုနေသူပေါ့ကွယ်။ ကဲဒီအဘဥက္ကာရဲ့ရှိခိုးဂါထာကိုတီပဲရွတ်ဆိုပူဇော်ပေးမယ်နော်။

## ခုနစ်ဆူဘုရားရှိခိုးဂါထာ

*ပြဟ္မာနတ်လူ၊သတ္တဝါဟူသမျှကိုးကွယ်ရသည့်၊မြင်းမိုရ်မက၊ကြီးထကျေးဇူး၊အထူးထူးရှိ၊မြတ်မုနိများ၊ခုနစ်ပါးကို၊လေးစားရိုကျိုး၊ ကျွန်ုပ်ရှိခိုး၏၊ ဒေနှုခုနစ်ပါး၊မြတ်ဘုရားအလိုက်၊ ကျွတ်ထိုက်သူများ၊ရငြားစေရန်၊ ရည်သန်စိတ်က၊ ပေးဝေငှသည်၊တောင်းဆုဟူသမျှပြည့်စေသောဝ်။

*ဝိပဿီမြတ်စွာဘုရား၊ ပွင့်ငြားကိုးဆယ့်တစ်ကမ္ဘာ စနေနေ့မှာဖွားမြင်၊ ကောဏ္ဍညနွယ်ဝင်၊ မင်းမျိုးစင်စစ်၊ကေန်ဖြစ်၍ ရှင်ချစ်သက်တော် ရှည်တော်မူကြောင်း၊ အနှစ်ရှစ်သောင်း၊ မြင့်ကြာညောင်းကွယ်၊ မိုတွယ်ဗောဓိမည်ရှိနေရာ သခွပ်ပင်မြတ်မှာ ပွင့်လာအရှင်၊ ဦးတင်တောင်းဆု၊ ရှည်မှုသက်တစ်ရာ၊ပြည့်ပါစေကြောင်း ဆုမွန်ကောင်းသည်၊အောင်ကြောင်းသက်တမ်းကြာရှည်ပါစေသောဝ်၊ရှည်စေသောဝ်။

*တနင်္ဂနွေဂဠုန်၊ မွေးနေ့ကြုံလာထိုသည့်ဘဂဝါ၊စောဗုဒ္ဓါသည်၊သိခီမည်ရထွန်းပမြတ်စွာ၊ရှည်ကြာသက်ကောင်း၊နှစ်ခုနစ်သောင်းပါ၊ဝေးကွာသုံးဆယ့်တစ်ကမ္ဘာ၊ မဏ္ဍကမ္ဘာမှာ၊ ပွင့်လာထင်ရှား၊မြတ်ဘုရား၊ နွယ်စဉ်လာရိုး၊ ဇင်းမျိုးဖြစ်ကာ၊ မိုလာထွန်းယှဉ်၊ သခွပ်ဖြူပင်၌၊ ဗောဓိမြတ်စွာ၊ စပွါယ်လာသည်၊ မြတ်နိုးစေတနာ၊ရိုကျိုးစွာဖြင့်၊ ထိပ်မှာလက်မိုး၊ရှိခိုးရသည့်၊ ကုသလကောင်းမှု၊ အစုစုကြောင့်၊ပြုစုကုသ၊ဟူသမျှမှာ ၊ကျန်းမာရသည်ဖြစ်ပါစေသောဝ်၊ဖြစ်စေသောဝ်။

*တနင်္လာကျား၊မွေးနေ့ဖွားသူ၊ဝေဿဘူအရှင်မြတ်၊ စောသတ္တလည်း၊

ဤဘဒ္ဒမှ၊ သုံးဆယ့်တစ်ကမ္ဘာ၊ ထိုချိန်ကာလ၊ကောဏ္ဍညနွယ်ရိုး၊မင်းမျိုးစစ်စစ်ဖွားခြင်ဖြစ်ကာ၊ ရှည်ကြာသက်တော်၊ နှစ်ခြောက်သောင်းကျော်၊ပွင့်တော်မှီရာ၊ အင်ကြင်းပင်သာ၊ ဖြစ်လေပါကြောင်း၊ အပေါင်းသိစေ၊စိတ်တွေကြည်အေး၊နှလုံးအေးတာ၊ရလိုပါက၊ကိုးကွယ်ကြပါ၊ဘေးရန်ကွာသည်၊ ဖြစ်ပါစေသောဝ်၊ ဖြစ်စေသောဝ်။

*အဂ္ဂိနေ့ဖွား၊ကကုသန်မြတ်ဘုရားထင်ရှားပွင့်လာ၊ဤဘဒ္ဒကမ္ဘာ၊ဦးစွာပွင့်လာ၊ရှည်ကြာသက်ပေါင်း၊နှစ်လေးသောင်းဖြစ်၊ရင်းမြစ်အစ၊ကဿပနွယ်ဖွား၊ပုဏ္ဏားမျိုးလေ၊ဖြစ်ပေတည့်ရှိ၊အမှီပြုရာ၊မြက်ပင်သာဆို၊ ကုက္ကိုပင်စစ်၊ ဗောဓိဖြစ်ကာ၊ဆုတောင်းပါငြား၊လုပ်ငန်းများမှာ၊ တိုးပွားစည်ပင်များ၊လျှင်မြန်ဆန်၊ရှင်သန်စီးပွား၊ရှုနိုင်ကြောင်းသာ၊ဖြစ်ပါစေသောဝ်၊ဖြစ်စေသောဝ်။

*ကောဏာဂုံမြတ်ဘုရား၊ပွင့်လေငြားပါ၊ကမ္ဘာနေ့ဦး၊ဗုဒ္ဓဟူးဖြစ်၊ မျိုးနွယ်ထူးခြား၊ မြတ်ပုဏ္ဏားမျိုး၊ဖြစ်လေရိုးဆက်ရှင်ချစ်သက်တော်၊ ရှည်ကြာကျော်ညောင်း၊ နှစ်သုံးသောင်းပါ၊ မှီလာဗောဓိလမ်း၊ရေသဖန်းပင်မှာ၊ဖြစ်ခဲ့ပါသည်၊ရည်သန်တောင်းတ၊ လိုသမျှ စီးပွား၊ဥစ္စာများကား၊ လိုတမသွေ၊ဖြစ်ပါစေသောဝ် ဖြစ်စေသောဝ်။

*အရှင်ကဿပ၊အမည်ရ၏၊ဗုဒ္ဓမြတ်စွာ၊ဖွားမြင်သည်၊ နေ့ကြာသပတေးဖြစ်ကြောင်း၊ အပေါင်းသိပါ၊ နွယ်လာမျိုးကား၊ မြတ်ပုဏ္ဏာမျိုး၊ ဖြစ်လေရိုးပါ၊သက်တော်မှာအစစ်၊ နှစ်နှစ်သောင်းဖြစ်၏၊ ရှင်ချစ်မှီရာ၊ ဗောဓိပင်မှာ၊ ပညောင်ပင်မြတ်၊ ဤသတ္တဘုရား၊ ထံတော်ပါးတွင်တောင်းဆုဆင်ကာ၊ အောင်မှုပညာ၊ တိုးတက်လာမည်၊ ဖြစ်ပါစေသော်၊ဖြစ်စေသော်ဝ်။

*ဤဘဒ္ဒကမ္ဘာ၊မြတ်မြေချာမှာ၊ပွင့်လာစတုတ္ထ၊ ရှင်တော်ဂေါတမ၊ မည်ရသတ္တာ၊ စောဗုဒ္ဓါ၏ (ဖွားမြင်သည့်နေ့၊သောကြာနေ့ဖြစ် မင်းမျိုးစင်စစ်၊ ဇာကန်ဖြစ်ကာ၊ သက်တော်မှာမူ၊ မရှည်ကြာတိုတောင်း၊ နှစ်နှစ်ဆယ်ပြောင်းကာ၊မှီတွယ်ခိုလာ၊ မြတ်ဗုဒ္ဓါ၏၊ ပွင့်ရာမှီရာ၊ ညောင်ဗုဒ္ဓဟေပင်ပါ၊ အလျင်စေစွာ၊တတ်ပညာဟူသမျှ၊ ရည်သန်တောင်းတ၊ဆုချွေကမူပြည့်ဝစေမှာ ဖြစ်ပါစေသောဝ်၊ ဖြစ်စေသောဝ်။

*ဤသို့ဆင်ထား၊ ခုနစ်ပါး၊မြတ်စွာနေ့စုံစွာကို ဖူးမြော်ဝါရ၊မြတ်ပုညကြောင့်



ကြောင့်ကြကင်းကွာ၊ သက်ရှည်ကျန်းမာဘေးဘယာဝေးကွာ၊ မြတ်ပညာနှင့်စည်းစိမ်ချမ်းသာ၊ ဆန္ဒာဟူသမျှ၊ လိုတိုင်းတ၍တတိုင်းရသည်၊ ဖြစ်ရစေသောဝ်၊ဖြစ်စေသောဝ်။

သာဓု သာဓု သာဓု။

ဘယ်လောက်တောင်ကောင်းလိုက်ပါသလဲနော်။ မြတ်စွာဘုရားများရဲ့တစ်ဆူချင်းအလိုက်မွေးနေ့၊ အမျိုးအနွယ်သက်တော်၊မှီတွယ်ပွင့်တော်မူရာ ဗောဓိပင်၊ ရရှိနိုင်မယ်ဆုတောင်း စသဖြင့် စုံစုံစေ့စေ့မြန်မာပြန်ဆိုထားတာမို့ အထူးရှင်းပြစရာတောင်မလိုတော့ပါဘူးနော်။ကဲသမီးမရှင်းတာရှိရင်တော့မေးပါတော်”

မပဲပဲကအရှည်ကြီးရှင်းပြ၊ ရှိခိုးဂါထာကိုရွတ်ဆိုပြပြီး တူမကိုမေးရင်းစားပွဲပေါ်ရှိ ရေနွေးကြမ်းခွက်ကိုမော့သောက်လိုက်သည်။ တူမဖြစ်သူမဒုံဒုံးကလည်းစဉ်းစား၊မရှင်းသည့်အချက်များကိုမေးလေတော့သည်။

“ဒီရှိခိုးဂါထာကမြန်မာလိုမို့ရှင်းပါတယ်။ သမီးကိုပြန်ရွတ်ပြဦးနော်။ ကျူးထားပြီးနေ့တိုင်းရွတ်ပွားပူဇော်ပါမယ်နော်။ သမီးမရှင်းတာကပွင့်တော်မူပြီး ဘုရား (၇) ဆူအနက် ဘဒ္ဒကမ္ဘာပွင့်တော်မူတဲ့ (၄) ဆူကိုမေးစရာမရှိပေမယ့်သိခီဘုရားနဲ့ဝေဿဘူဘုရားကို လွန်ခဲ့တဲ့ (၃၁) ကမ္ဘာမှာပွင့်တော်မူခဲ့ပြီး၊ ဝိပဿီဘုရားက (၉၁) ကမ္ဘာမှာပွင့်တယ်ဆိုတော့ ဒီကြားကာလတွေမှာ ဘုရားပွင့်တော်မမူခဲ့တဲ့ကမ္ဘာတွေပေါ့နော်။ ဒါလေးရှင်းပြပါလားတီပဲရဲ့”

ဆရာမဒေါ်ပဲပဲ မနေသာတော့ညီမဖြစ်သူမမိငဲကိုထပ်မံမျက်စောင်းခဲကာ တူမဖြစ်သူကိုရှင်းပြရတော့သည်။

“ဒီလိုကွယ့်သမီးရဲ့၊ ပွင့်တော်မူတဲ့ဘုရားရှင်အရေအတွက်ကိုလိုက်ပြီး တစ်ဆူတည်းပွင့်ရင် သာရကမ္ဘာ၊ နှစ်ဆူပွင့်ရင် မဏ္ဍကမ္ဘာ၊ သုံးဆူပွင့်ရင်တော့ ဝရကမ္ဘာ၊ လေးဆူပွင့်ခဲ့ရင်သာရမဏ္ဍကမ္ဘာနဲ့ ဘုရားငါးဆူပွင့်တော်မူခဲ့ရင် ဘဒ္ဒကမ္ဘာလို့သတ်မှတ်ခေါ်ဝေါ်ကြပါတယ်။ အဲ့ဘုရားတစ်ဆူမှ မပွင့်တဲ့ကမ္ဘာကိုတော့သုညကမ္ဘာလို့သတ်မှတ်ခဲ့ကြတယ်လေ။ ဒါကိုကြည့်ရင် ဒီကမ္ဘာနဲ့ကာလအနီးဆုံးသိခီဘုရားနဲ့ဝေဿဘူဘုရားတို့တောင် (၃၁) ကမ္ဘာအဝေးမှာပွင့်ခဲ့တာကိုတွေ့မှာပေါ့။ ကျန်တဲ့ကမ္ဘာ (၃၀) (၉၀) တွေမှာ ဘုရားရှင်များပွင့်တော်မမူခဲ့တဲ့သုညကမ္ဘာတွေဆိုတာတော့ သမီးနားလည်ထားရမယ်နော်”

“ဟုတ်ကဲ့ပါတီပဲ၊ ဒါဆိုရင် (၉၁) ကမ္ဘာအရင်ကပွင့်တော်မူခဲ့တဲ့ဘုရားမရှိခဲ့ဘူးလားဟင်”

“ဟဲ့ရှိတာပေါ့ကွယ့်။ သမီးအမေညတိုင်းရွတ်ပွားပူဇော်နေတဲ့ သမ္ဗုဒ္ဓေဂါထာမှာပါတယ်လေ။ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မြတ်တို့ကို ရှိခိုးတဲ့ဂါထာတော်ပေါ့။ ဒီဘုရားရှင်တွေတောင် အဦးအစမဟုတ်သေးဘူးနော်၊ ဂင်္ဂါဝါဠုသဲစုမကပွင့်တော်မူပြီးသောရှင်တော်ဘုရားများလို့ဆိုထားတယ်လေ။ ဂင်္ဂါမြစ်ထဲကသဲပွင့်လေးတွေမကပွင့်တော်မူပြီးပြီတဲ့။ သမီးတို့ရဲ့သံလွင်မြစ်ကမ်းဘေးကသောင်ခုံမှာသဲကို လက်နဲ့ဆုပ်ပြီး တစ်ပွင့်ချင်းရေတွက်ရင်တောင်သိန်း၊ သန်း၊ ကုဋေချီရှိနေမှာပါ။ အဲအဂ်ဂါမြစ်ထဲကသဲပွင့်တွေမက ဘုရားအဆူဆူပွင့်ခဲ့ပြီးပြီဆိုတော့ ခန့်မှန်းသာကြည့်တော့သမီးရေ။

အဒေါ်မပဲပဲကရှင်းပြတော့ ဒုံဒုံးလေးအံ့အားတသင့်ဖြင့်ပါးစပ်လေးဟကာ လက်အုပ်လေးချီမိသည်။

“သမီးကပွင့်တော်မူပြီး ခုနစ်ဆူဘုရားပဲရှိတယ်ထင်နေတာ၊ သမီးတို့ရဲ့ဂေါတမဘုရားရှင်ရဲ့ဘုရားဆုပန်ခဲ့တဲ့ကာလရော ဘယ်နှစ်ကမ္ဘာလောက်ရှိသလဲဆိုပြောပြပါဦးနော်”

“တို့များရဲ့ဂေါတမဘုရားလောင်းဟာလွန်ခဲ့တဲ့လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလက သုမေဓာရှင်ရသေ့ဘဝမှာ ဒီပင်္ကရာဘုရားရှင်ဆီမှာ ဘုရားဆုပန်ခဲ့တာပေါ့ကွယ်။ အဲဒီလေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလအတွင်းမှာ စုစုပေါင်းဘုရား (၂၈) သာပွင့်တော်မူခဲ့တာလေ။ ကဲသုညကမ္ဘာတွေဘယ်လောက်တောင်များခဲ့တယ်ဆိုတာ စဉ်းစားတာကြည့်တော့သမီးရေ။ အဲဒီနှစ်ကျိပ်ရှင်ဆူဘုရားထဲမှာ ဘုရားဆုပန်ခဲ့တဲ့ ဒီပင်္ကရာဘုရားပွင့်တော်မူတဲ့ လေးဆူပွင့်ရာ သာရမဏ္ဍ

ကမ္ဘာ၌ သူ့အရင်က ပွင့်တော်မူခဲ့တဲ့ တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရားဆိုပြီး (၃) ဆူရှိတာကြောင့် ဒီ (၃) ဆူပါ (၂၈) ဆူမှာပါခဲ့တယ်ကွယ့်။ ဘုရားဆုပန်ပြီးမှပွင့်ခဲ့တာကရှင်တော်ဂေါတမအပါအဝင် (၂၅)ဆူပေါ့နော်"

အဒေါ်ပဲပဲကရှင်းပြတော့ မဒုံဒုံးစဉ်းစားပြီး ထပ်မေးပြန်သည်။

"တီပဲရယ်ကမ္ဘာတစ်သိန်းတောင်ဆိုတော့ ကြာမှကြာပဲနော်၊ ဒါဆိုရင်ကမ္ဘာတစ်သိန်းရှေ့ကလေးသင်္ချေဆိုတာဘယ်လောက်တောင်ကြာတာလဲဆိုတာကိုလည်းသမီးကိုရှင်းပြပါလားနော်"

"ဩော် - အသင်္ချေဆိုတဲ့ကိန်းဂဏန်းအရေအတွက်ကိုသမီးကမသိသေးဘဲကိုး။ သမီးကိုအကျဉ်းချုံးပြောရရင် တစ်ကုဋေဆိုတာ (၁) နောက်ကသုည (၇)လုံးဆိုတာ သမီးသိပြီးသားနော်။ တစ်သင်္ချေဆိုတာက(၁)နောက်မှသုညအလုံးပေါင်း(၁၄၀)ရှိတယ်လို့ သင်္ချာကိန်းဂဏန်းမှာဖော်ပြထားတာပေါ့ကွယ်"

"ဟော့-ဟော့နေဦး၊ဒါဆိုရင်အသင်္ချေနဲ့ပတ်သက်ပြီး အဆင့်ဆင့်တွက်ချက်ပြထားတဲ့လက်ာလေးတစ်ပုဒ်ရှိတယ်လေ။ ပဲပဲညည်းလည်းရပြီးသားပါဟ။ သမီးဖွားဖွားတင်ရီက ဒီလင်္ကာလေးကိုသီချင်းလုပ်ပြီး အမြဲရွတ်ဆိုနေခဲ့တာပေါ့။သူတို့ရွာကျောင်းက ဆရာတော်သင်ပေးခဲ့တာတဲ့"

အနားမှာနားထောင်နေတဲ့မမိငဲက အားရဝမ်းသာသူသိရှိရထားတဲ့လင်္ကာလေးကိုရွတ်ဆိုပြချင်ဟန်ရှိ၏။

"ဟုတ်လားမေ၊ သမီးကိုရွတ်ဆိုပြပါလားနော်"

"ပဲပဲ ငါရွတ်ဆိုပြလိုက်မယ်နော်။ ထစ်နေရင် ညည်းကထောက်ပေးပေါ့"

"ကောင်းလှပါပြီ၊ ဆရာမကြီးရယ်"

မပဲပဲကမျက်စောင်းလေးချီကာ အငေါ်တူးလိုက်သည်။ မမိငဲကချောင်းလေးဟန့်၊ လည်ချောင်းရှင်းကာ အသင်္ချေရှင်းတမ်း လင်္ကာလေးကိုရွတ်ဆိုခဲ့သည်။

**အသင်္ချေရှင်းတမ်း**

*ကုဋေဆိုတာ၊ ဂဏန်းနောက်မှာ သုည(၇)လုံးပါ။

*ကုဋေနဲ့ကုဋေမြှောက်သည့်အခါ၊ ဖြစ်လာပကောဋိပါ၊ရရှိတာကသုည(၁၄)လုံး။

*ပကောဋိကို တစ်ကုဋေနဲ့မြှောက်တစ်နောက်သုည(၂၁)လုံးရောက်၊ ကောဋိပကောဋိအမည်ပေါက်။

*နောက်ထပ်ကုဋေနဲ့မြှောက်၊သုည(၂၈)လုံးရ၊ ခေါ်တော့နဟုတ။

*နဟုတကိုကုဋေနဲ့မြှောက် သုည(၃၅)လုံးတိုးမဆုံး၊ နိန္နဟုတခေါ်ကြဦး (ဦး)

*ထပ်ပြီးကုဋေမြှောက်ပြန်ဘိ၊အက္ခောဘဏီခေါ်ဆို၏၊ သုည (၄၂) လုံးရှိ၊

*အက္ခောဘဏီကိုကုဋေပြု၊ ဗိန္ဒုခေါ်ဆိုသုံး၊ သုည (၄၉) လုံး၊

*နောက်ထပ်ကုဋေမြှောက်ပြန်က သုည (၅၆) လုံးရ၊ ခေါ်တော့ အဗ္ဗုဒ၊

*မြှောက်ပါကုဋေ၊ရလေသုည(၆၃) လုံး၊ ခေါ်သုံးလေကြ၊ နိရဗ္ဗုဒ။

*နိရဗ္ဗုဒအခြေတည်ကာ၊မြှောက်ပါလေကြကုဋေနဲ့ဗျ၊ အဟဟခေါ်ဆိုသုံး၊ သုည (၇၀) လုံး။

*အဟဟပြီးတော့အဗဗပါမြှောက်ပါလေဦး (ဦး) ကုဋေကိုသုံး၊ ရလာ သုည (၇၇) လုံး၊

*အဗဗကို ကုဋေနဲ့မြှောက်ပါက အဋဋကိုရမဆုံး၊ သုညကတော့ (၈၄)လုံး၊

*နောက်တစ်ခုခေါ်ကြ၊ သောဂန္ဓိကခေါ်ဆိုသည် ရပြန်ပြီမဆုံး သုည (၉၁) လုံး၊

*သောဂန္ဓိကပြီးပြန်ရာ ကုဋေနဲ့မြှောက်တဲ့ခါ၊ ရလာမဆုံး သုည (၉၈) လုံး၊ ခေါ်ဆိုသုံးနှုန်းကြ၊ ဥပ္ပလတဲ့။

*ဥပ္ပလကို ကုဋေနဲ့မြှောက်၊ သုည (၁၀၅) လုံးရောက်ပါက ခေါ်ဆိုပြန်ကြ၊ ကုမုဒ။

*ကုမုဒပြီးရင်ကွယ်၊ ပဒုမခေါ်ပြန်တယ်၊ ကုဋေနဲ့မြှောက်ပြီးကသုည(၁၁၂) လုံးရ။

*ပဒုမကိုကုဋေတိုး၊ သုည (၁၁၉) လုံးဖြစ်ပြန်သကိုး၊ တစ်မျိုးခေါ်ကြ ပုဏ္ဍရိက၊

*ပုဏ္ဍရိကပြီးပြန်ရ၊ နောက်က ကထာန၊ သုညရမဆုံး (၁၂၆) လုံး၊

*ကထာန ပြီးတော့ခေါ်ဆိုကြ၊ မဟာကထာန၊ ကုဋေတိုးက၊သုည(၁၃၃) လုံးရ။

*နောက်ဆုံးတော့ပေ၊ အသင်္ချေ ခေါ်ဆိုကြ၊ မဟာကထာနမှာ ကုဋေတို့ သုည (၁၄၀) လုံးရှိပြီဗျို့။

*ဤသို့ခေါ်လေ၊ အသင်္ချေအသုံး သုည (၁၄၀) လုံး၊ မှတ်ထားကြပါဦး (ဦး)

"အံမယ် ညည်းကမှတ်မိသေးတာပဲဟ၊ အချို့နေရာတွေမှာဆိုရင်ငါတောင်မေ့နေသေးတာတော့"

မပဲပဲက ညီမဖြစ်သူကို ချီးကျူးစကားဆိုလိုက်သည်။ မမိငဲကတော့ အမေ့လင်္ကာကိုရွတ်ဆိုပြရ၍ ပြုံးပြုံးကြီးနှင့်ပီတိဖြစ်နေသည်။

"အဖိုးတန်လိုက်တာအမေရယ်၊ သမီးဒီလင်္ကာလေးကိုကူးထားပြီး ကျက်မယ်နော်၊ မေကပြန်ရွတ်ပြဦးဗျ"

သမီးကဆန္ဒပြုပြန်တော့မမိငဲက-

"အေးပါသမီးရယ်၊နောက်ကျတော့မေပြန်ရွတ်ဆိုပါမယ်။ ကနေ့တော့ ညဉ့်နက်သွားပြီးနော်လို့"

ကတိပေးလိုက်သည်။

"ကဲ-သမီးသိချင်တာတွေသိရပြီ၊ ညဉ့်လည်းနက်ပြီ၊ နေ့ခုနစ်နေ့၊ ခုနစ်ဆူဘုရားရှိခိုးဂါထာကိုလည်း နောက်မှာမှာတီပဲပေးပါမယ်။ အဆုံးသတ်အဖြစ်သမီးလေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ 'နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာတော်' တီပဲကရွတ်ဆိုဦးဆောင်ရှိခိုးပေးမယ်နော်။ ဒီဘုရားရှင်တော်များကတော့ တီပဲတို့ရဲ့ ဂေါတမဗုဒ္ဓဘုရားဆုပန်ခဲ့တဲ့လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလမှာပွင့်တော်မူခဲ့ကြတဲ့ ဘုရားရှင်များကိုရှိခိုးတဲ့ဂါထာပါပဲကွယ်။ ကဲ လက်အုပ်ချီပြီး ရှိခိုးကန်တော့နာယူမှတ်သားကြပါ။ ဒီဂါထာတော်ကိုလည်း နောက်မှာကျကူးပေးမယ်နော်"

**နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးဂါထာတော်**

တဏှင်္ကရော၊မေဓင်္ကရော၊သရဏင်္ကရော၊ ဒီပင်္ကရော၊ ကောဏ္ဍညော၊ မင်္ဂလော၊ သုမနော၊ ရေဝတော၊ သောဘိတော၊ အနောမဒဿီ၊ ပဒုမာ၊ နာရဒေါ၊ ပဒုမုတ္တရော၊ သုမေဓော၊ သုဇာတော၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော၊ တိဿော၊ ဖုဿော၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓော၊ ကောဏာဂမနော၊ ကဿပေါ၊ အမှာကံ (ဂေါတမော)ဘဂဝါ။

ဣမေ သွာဟံဘိ ဝန္ဒာမိ၊နိစ္စံတိဋ္ဌန္တုမေသီသေ၊ အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ဣဒ္ဓိန္တော ဇုတိန္ဓရာ၊ ဣဒ္ဓိယာ ဇုတိယာတေသံ၊ အန္တရာယာ သမေန္တုမေ၊ သဗ္ဗေဒူရေ ပလာယန္တု၊ ပိယာစာ ယက္ခရက္ခသာ။

သုံးဦးသားရွတ်ဆိုပူဇော်၊ လက်အုပ်လေးများချီ၊ နာခံမှတ်သားကာသိလ်ပွားကြပြီးကြီးသူကိုငယ်သူကအစဉ်လိုက်ရှိခိုးကြလျက် အိပ်ရာအသီးသီးဝင်ခဲ့ကြပါတော့သည်။

အံ့ကြွယ်

# ဝိပဿနာအမေးအဖြေ (၈)

## အရှင်ဥက္ကဋ္ဌ



### ဘာလို့ရှုံ့မဲ့တာလဲ

"တပည့်တော် နှစ်နာရီတရားထိုင်လာတာ ရက်နှစ်ပတ်ကျော်ကျော်ရှိပါပြီဘုရား။

ဝေဒနာတွေတက်လာရင်သည်းခံပြီးထိုင်နိုင်သလို သမာဓိလည်းတက်ပါတယ်ဘုရား။

ဒီနေတော့ ခါတိုင်းလိုဝေဒနာတွေမပြဘဲ ရင်ထဲမှာဆို့နင့်နင့်ကြီးဖြစ်နေတာ နှစ်နာရီလုံးတိုးလိုက်လျော့လိုက်ပါဘုရား။ အရမ်းပြင်းထန်ပြီဆိုရင် တပည့်တော်မျက်နှာအမူအရာက ရှုံ့မဲ့လာတာကိုယ့်ကိုယ်ကိုယ်သတိထားမိနေပါတယ်ဘုရား။

မဖြစ်အောင်သတိထားပြီးရှုနေပေမယ့် နာကျင်မှုကြောင့် မျက်နှာရှုံ့မဲ့မှုကဖြစ်ဖြစ်နေပါတယ်။ ဖြစ်တိုင်းလည်း သိသိပေးပါတယ်ဘုရား။

နှစ်နာရီပြည့်လို့ဆို့နင့်နင့်ကျပ်ကျပ်ကြီးဖြစ်နေတာ လျော့သွားတဲ့အချိန်တရားဖြုတ်လိုက်ပါတယ်ဘုရား။

ခါတိုင်း ဝေဒနာတွေခန္ဓာမှာတက်လာရင် သည်းခံပြီးနေတတ်ပါတယ်။ ရှုံ့မဲ့တယ်ဆိုတာမျိုးမဖြစ်ခဲ့ပါဘုရား။ ရှုံ့မဲ့မဲ့ဖြစ်နေပေမယ့် တရားဖြုတ်ချဖို့ လုံးဝစိတ်ကူးမပေါ်ပါဘုရား။

တရားဖြုတ်ပြီးတော့တပည့်တော်ကျောက အတော်ကြီးနာနေလို့ဆေးလူးထားရပါတယ်ဘုရား"

"ဘာပဲဖြစ်ဖြစ် သတိနဲ့သာရှုနေပါ။ သိနေရင်တရားမပျက်ပါဘူး။ သတ်မှတ်ထားတဲ့အချိန်ထိအောင် သည်းခံပြီးထိုင်နိုင်တယ်ဆိုတာကိုယ်ဆင်းရဲမှုကိုသည်းခံနိုင်လို့ပါ။ မျက်နှာရှုံ့မဲ့တယ်ဆိုတာ စိတ်ဆင်းရဲမှုကို သည်းမခံနိုင်သေးလို့ပါ။ တဖြည်းဖြည်းလေ့ကျင့်သွားရင် ကိုယ်နာစိတ်နာမှုတွေကို ကိလေသာမဖြစ်အောင်ရှုမှတ်နိုင်လာပါလိမ့်မယ်။

အရှုခံစိတ်ဘက်မှာ ငါကကပ်လို့မျက်နှာရှုံ့မဲ့လာတာပါ။ ငါဆိုတာမရှိပါဘူး။ ရုပ်ဖောက်ပြန် ဆင်းရဲ နာမ်ကခံစား၊ စိတ်ကသိ၊ ဒါပဲရှိပါတယ်။

မဲ့တာကိုလည်း ဆက်သိပေးပါ။ ကျောနာတာလည်းသိပေးပါ"

"ဆရာတော်ဘုရား တရားထိုင်ရင်းနဲ့ ဝင်လေထွက်လေ ရှုမှတ်ရင်းကြက်သီးထပါတယ်ဘုရား။ဖြစ်ပျက်မမြင်သေးပါဘုရား။ ဘာဖြစ်လို့ ကြက်သီးထတာလဲဘုရား"

"တရားအားထုတ်နေရင်း သတိလည်းကောင်း သမာဓိလည်းကောင်း ပညာကလည်းကောင်းနေရင်တရားပီတိတွေဖြစ်တတ်ပါတယ်။ အဲဒီအခါ ကြက်သီးမွေးညင်းထသလိုမျိုး ဖြစ်ပါတယ်။ ကြောက်စိတ်ဖြစ်ရင်လည်း ကြက်သီးထတတ်ပါတယ်။ ရုပ်တရားဖြစ်ပျက်မှုသိမ်မွေ့ရင်လည်း အဲလိုဖြစ်တတ်ပါတယ်။

ဘာပဲဖြစ်ဖြစ်အဲလိုဖြစ်လာရင်အရှုခံဖြစ်ပျက်အာရုံအဖြစ်သတိနဲ့ရှုသိပေးလိုက်ပါ"

### စောင့်ကြည့်ရှုသိ

"အရှင်ဘုရား တရားထိုင်တာ လတွေကြာနှစ်ပေါက်တဲ့အထိ စထိုင်ပြီဆိုတာနဲ့ စိတ်ကပျံ့လွင့်နေပြီး တစ်ခါတစ်ခါခန္ဓာကိုယ်ရဲ့ဖောက်ပြန်မှုထင်ရှားလာရင်သတိကပ်ရှုလိုက်၊ ခဏနေပျံ့လွင့်လိုက်နဲ့ပါဘုရား။အမြဲတမ်းဖြစ်နေတာလွဲမှားနေသလား၊ဒါမှမဟုတ်ဖြစ်တတ်တဲ့သဘောရှိပါသလားဘုရား"

"အဲဒီလိုပဲဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်တိုင်းသတိနဲ့မလွတ်တမ်းရှုနိုင်သိနိုင်ရင်တရားအသိမပျက်ပါဘူး။ ဝိပဿနာဆိုတာပျံ့လွင့်တတ်တဲ့စိတ်ကိုငြိမ်အောင်လုပ်ရတာမဟုတ်ပါဘူး။ စိတ်ပျံ့လွင့်နေတာကိုသိဖို့လေ့လာနေတာပါ"

"အာနာပါနရှုတဲ့အခါလက္ခဏာရေး (၃) ပါးနဲ့ရှုတယ်ဆိုတာဖောက်ပြန်မှုတိုးမှုလျှပ်မှုကို သဘာဝအတိုင်းသိနေရမှာလား၊သိပြီးတော့ပျက်မှုသဘောမမြဲမှုအစိုးမရမှုတို့ကိုဆင်ခြင်ပေးမှ ဝိပဿနာဖြစ်သလားဆိုတာလေးကိုသိချင်လို့ပါ။

တပည့်တော်က ဖောက်ပြန်မှု၊ ပူမှုအေးမှု၊ လှုပ်မှုလေးတွေကို စောင့်ကြည့်ရှုသိဖြစ်ပါတယ်။ သီးသန့်အနေနဲ့တော့လက္ခဏာတင်မရှုဖြစ်ပါဘူးအရှင်ဘုရား"

"ဖောက်ပြန်မှု၊ ပူမှုအေးမှု၊ လှုပ်မှုတွေရဲ့ အတိုးအလျော့အပြောင်းအလဲကိုသိလာရင် ထူးပြီးလက္ခဏာရေးသုံးပါးနဲ့ဆင်ခြင်စရာမလိုအပ်တော့ပါဒကာလေး။ အစရှုသူတွေအတွက်သာ ဆင်ခြင်ရတာပါ"

"တပည့်တော်က ဘာကိုပဲရှုရှု ရုပ်နာမ်နယ်ကမလွတ်လို့တာမှမရှုတော့ပါဘူးဘုရား။ သိရုံပဲသိပေးပါတော့တယ်။တပည့်တော်ကရုပ်နာမ်ချုပ်သွားချင်တာပါဘုရား။ ဘယ်လိုဆက်ရှုရမလဲ။ ဒီအတိုင်းပဲလား

ဘုရား"

"ဒီအတိုင်းပဲအရှုခံတွေကိုဆက်ရှုပါ။ သတိ၊သမာဓိပညာအားကောင်းလာရင်အရှုခံအရှုဉာဏ်တွေက ချုပ်ပြုပါလိမ့်မယ်။ရုပ်နာမ်တွေကိုသိနေဖို့ပဲလိုပါတယ်"

**ခဏတာငြိမ်းချမ်းမှု**

"တပည့်တော် တရားထိုင်ဖြစ်တာ တစ်ပတ်လောက်ရှိပြီဘုရား။

နေ့ခင်းဘက်အလုပ်မသွားခင် ရေချိုးထမင်းစားပြီးတာနဲ့(၁၅)မိနစ်လောက် တရားထိုင်ပါတယ်ဘုရား။

ဒီနေ့ ထူးခြားတာကတပည့်တော် ထမင်းစားပြီး တရားထိုင်မယ်လုပ်တော့ ဗိုက်ထဲမှာမအီမသာဖြစ်ပြီး နေလို့မကောင်းတော့ စိတ်ကမထိုင်ချင်ဘူးဖြစ်နေတယ်ဘုရား။ အတင်းထိုင်မယ်ဆုံးဖြတ်ပြီး အာနာပါနပဲရှုပါတယ်။ (၁၀)မိနစ်လောက်ရှိတော့ နည်းနည်းနေသာထိုင်သာဖြစ်လာပါတယ်။ အရှင်ဘုရား ပြောတဲ့အတိုင်း ပေါ်ရာအာရုံကို ရှုတယ်ဘုရား။ နားထဲက ယားနေတာကိုရှုတယ်ဘုရား။

အစောက ဗိုက်ထဲမှာ မအီမသာဖြစ်နေတာတွေပျောက်သွားတယ်ဘုရား။ စိတ်ကလည်း ငြိမ်းချမ်းနေတယ်ဘုရား။ တရားစထိုင်တုန်းက အခြေအနေနဲ့ အခုအခြေအနေတခြားစီဖြစ်နေတာကိုသတိပြုမိပါတယ်ဘုရား။ တရားက ခဏလေးပဲဖြစ်ဖြစ် ငြိမ်းချမ်းပါတယ်ဘုရား"

"တရားမထိုင်ခင်ကိုယ်၊စိတ်အခြေအနေနဲ့တရားထိုင်ပြီး ကိုယ်၊ စိတ်အခြေအနေကိုကိုယ်တွေ့သိခွင့်ရလိုက်တာဟာ ဒကာလေးအတွက် အမြတ်ပါပဲ။ တရားရဲ့ထူးခြားတဲ့အစွမ်းသတ္တိကို ဒကာလေးကိုယ်တိုင်သိခွင့်ရလိုက်တာပါပဲ။ပြန်တွေးလိုက်တိုင်းပီတိဖြစ်စေမယ့်အတွေ့အကြုံတစ်ခုပါပဲ။

ခဏလေး အချိန်ပေး တရားရှုတဲ့အတွက်ကိုယ်ပြန်ရတဲ့ကုသိုလ်ကအများကြီးပါဒကာလေး"

**ဆက်မှတ်ပါ**

"ဆရာတော်ဘုရား တပည့်တော် တရားစထိုင်ပြီဆိုရင် ရင်မှာခါနေပါတယ်ဘုရား။ တခြားဟာမှတ်လို့မရဖြစ်နေပါတယ်ဘုရား။ အဲဒီခါနေတဲ့သဘောက ထင်ရှားနေလို့ သူ့ကိုပဲမှတ်နေပါတယ်"

"အဲဒါဟာ အရှုခံရုပ်တရားကထင်ရှားပြနေတာပါ။ ဆက်မှတ်ပေးပါ"

"သမထကနေ ဝိပဿနာကူးဖို့ဆိုရင် အားကြီးတဲ့သမာဓိရှိဖို့လိုတယ်လို့ နာကြားဖူးပါတယ်။တပည့်တော်သိချင်တာကအားကြီးတဲ့သမာဓိကိုဘယ်လိုအချက်အလက်စံချိန်စံနှုန်းနဲ့ချိန်ကိုက်ရပါသလဲ သိချင်ပါတယ်ဘုရား"

"အားကြီးတဲ့ သမာဓိဖြစ်ဖို့ဆိုရင် စိတ်ကလေးကအာရုံတစ်ခုတည်းကိုနာရီကြာရှည်စွာသိနေနိုင်တဲ့အရည်အချင်းရှိရပါတယ်။ အခြားအာရုံကိုမသိဘဲ ကိုယ်ထားတဲ့အာရုံမှာပဲ စိတ်ကရှိနေမယ်လို့ဆိုလိုပါတယ်"

"အဲဒီလို အာရုံတစ်ခုတည်းကို နာရီကြည်ရှည်စွာ မသိဘဲနဲ့ ဝိပဿနာအားထုတ်လို့ရပါသလား အရှင်ဘုရား"

"ရပါတယ်။ ခဏိကသမာဓိနဲ့သွားပေ့ါ"

"ခန္ဓာကိုယ်က မြောက်တက်သွားတာ၊ ခေါင်းကဆတ်ခနဲဆတ်ခနဲဖြစ်တာ၊ ကိုယ်က ငြိမ့်ခနဲဖြစ်တာ၊ကြက်သီးထတာတွေဖြစ်ရင် ဖြစ်ပျက်မြင်တယ်လို့ ပြောလိုရပါသလားဘုရား"

"ခန္ဓာကိုယ်ကတကယ်မမြောက်ပါ၊ စိတ်အထင်ပါ။ ပေါ့ပါးနေတဲ့သဘောပါ။ ရှုလိုက်ပေ့ါ။ ကျန်တဲ့တွေ့မြင်တာတွေက ရုပ်တရားရဲ့ပရမတ်ကို တွေ့မြင်တာပါ။အဲဒီဟာတွေရဲ့အတိုးအလျော့၊ အပြောင်းအလဲ၊ အနှေးအမြန်၊ အတက်အကျဆိုဉာဏ်နဲ့မြင်တွေ့မှ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်ဖြစ်ပါပြီ"

"တပည့်တော်အာနာပါနကိုသမာဓိရအောင် အရင်ရှုပါတယ်ဘုရား။ အဲဒီလိုရှုရင်းကဝင်လေကအတန်းလိုက်ဝင်လာတာမဟုတ်ဘဲ တစ်ခုထိလိုက်တစ်ခုပျက်လိုက်နဲ့အများကြီး တွေ့ရပါတယ်။ ဝါယောရုပ်ရဲ့ဖြစ်ပျက်သဘောပဲလို့ မှတ်ပြီး ကာယာသတိပဋ္ဌာန်ရှုတာ မှန်ပါသလား ဘုရား၊ ထွက်လေမှာလည်း အဲဒီနည်းအတိုင်းပါပဲဘုရား"

"မှန်ပါတယ်။ လေရဲ့အဆင့်ဆင့်ဝင်လာတဲ့သဘောကိုသိလိုက်တာပါ။လေကနှာခေါင်းဝကိုဖြစ်စေ၊နှာသီးဖျားကိုဖြစ်စေ၊ အထက်နှုတ်ခမ်းကိုဖြစ်စေ ထိဝင်ထိထွက်တာ သိသိပြီး ရှုမှတ်တတ်အောင် လေ့ကျင့်ပေးပါဦး"

**အသံဟာအနှောင့်အယှက်လား**

"တပည့်တော်တရားထိုင်ရင် တစ်ချက်တစ်ချက် အသံကြားလိုက်ရင် ဖျတ်ခနဲဖျတ်ခနဲ လန့်လန့်သွားပါတယ်။ တုန်တုန်သွားပါတယ်ဘုရား။ အသံဟာ တရားအားထုတ်သူအတွက် အနှောင့်အယှက်ပါဘုရား"

"သမာဓိရရှိနေတဲ့အချိန်ဆိုရင်အသံကြားလိုက်တာနဲ့စိတ်ကလန့်သွားတတ်ပါတယ်။ သဘာဝပါ။ ဖြစ်တတ်ပါတယ်။

အသံဟာ သမထပွားသူအတွက်တော့ အနှောင့်အယှက်ပဲဒကာလေး။သူကအာရုံတစ်ခုတည်းကိုစိတ်ကချည်နှောင်ပြီးရှုနေရလို့ပါ။

ဝိပဿနာရှုသူကတော့ဘာအာရုံနဲ့ ကြုံကြုံ ရှုရမှာဖြစ်လို့ အသံကြောင့်ဖြစ်တဲ့ သိစိတ်အာရုံ၊ မကျေနပ်တဲ့ စိတ်အာရုံ၊ ကျေနပ်သာယာတဲ့ စိတ်အာရုံ၊ တုန်တဲ့ရုပ်အာရုံ၊ နှလုံးခုန်တဲ့ရုပ်အာရုံ ဒါတွေဟာ ရှုစရာတွေချည်းပါပဲ။

ဒကာလေးက ဝင်လေထွက်လေကိုအတင်းစူးစိုက်ပြီးရှုနေလို့သမထတွေ အားများနေတယ်။ အဲဒါကြောင့် အသံကြားလိုက်တာနဲ့ လန့်တာ၊ တုန်တာပါ။ အားစိုက်မှုကို နည်းနည်းလျှော့လိုက်ပါ။

အရှုခံတွေ မထင်ရှားရင်တော့ဝင်လေထွက်လေကိုရှုပေ့ါ"

"ထင်ရှားပါတယ်ဘုရားဆိုပြီး ထင်ရှားအောင်လို့ဝင်လေထွက်လေကို ပြန်ရှုနေတာပါဘုရား"

"အရှုခံတွေက ပေါ်နေပြနေ ထင်ရှားနေရင်ဝင်လေထွက်လေကိုမရှုနဲ့တော့ ဒကာလေး။ ဘာအရှုခံမှမထင်ရှား မပြမှ သူ့ကိုပြန်ရှုပါ။

အသံဟာဝိပဿနာရှုသူအတွက် အာရုံပါ။ အနှောင့်အယှက်လို့မယူပါနဲ့။ ဒကာလေးက အသံကိုအနှောင့်အယှက်ပဲလို့သတ်မှတ်နှလုံးသွင်းနေရင်အသံကြားတိုင်း ဒကာလေး စိတ်ညစ်စိတ်တိုနေမှာပဲ။ နှလုံးသွင်းလေးပြောင်းလိုက်ပါ။ ဒီလိုပြောင်းလိုက်ရင် အသံကြောင့်ဝိပဿနာရှုသူဟာအနှောင့်အယှက်ဘာမှမဖြစ်တော့ပါဘူး။

အသံကနားစည်ကိုလာထိတယ်။ အသံသိတဲ့စိတ်ကို ရှုလို့ရတယ်။ အသံကိုသာယာရင်သာယာတဲ့စိတ်ကို ရှုလို့ရတယ်။ အသံကြောင့် ဒေါသစိတ်နား မထောင်ချင်စိတ်ဖြစ်ရင် အဲဒီစိတ်တွေကို ရှုပါ။

အသံကြောင့် ကိုယ့်ကိုယ်ထဲမှာရုပ်တွေပြောင်းလဲသွားတာရှိပါတယ်။တုံ့ပြန်တာတွေရှိတယ်။ ဒါတွေကိုရှုပေးပါ။

အသံကြောင့် ကြောက်စိတ်လန့်စိတ်ဖြစ်တယ်။ ဒီစိတ်နဲ့အတူ နှလုံးသားနေရာက တုန်တာ၊ခုန်တာ၊ဖိုခနဲဖြစ်သွားတာ၊ မျက်နှာအမူအရာပြောင်းသွားတာ၊ ဦးခေါင်းမကြည်မလင်ဖြစ်သွားတာ ဒါတွေကိုရှုပေးပါ။

အသံကြောင့် လောဘစိတ်ဖြစ်ရင် ရင်ထဲမှာ မွန်းကြပ်နေတာ၊ မောနေတာ၊ မျက်လုံးထဲက ပူနေတာ၊ ရင်ဘတ်ထဲက ပူနေတာ ရှုလို့ရပါတယ်။

အသံကြောင့် ကိုယ်နဲ့စိတ်မှာ ဖြစ်ပေါ် ပြောင်းလဲသွားတဲ့အတွင်းက အာရုံတွေကို အရှုခံထားပြီး ရှုဉာဏ်နဲ့ရှုသိပေးပါ"

### သိနေသလောက်အေးတယ်

"အရှင်ဘုရား တပည့်တော်နေ့လယ်ဘက်တရားနာရင်း (၁) နာရီထိုင်ဖြစ်တယ်ဘုရား။ ထိုင်ပြီး အမှတ်မလွတ်စေဘဲ အိပ်ရာပေါ် မှာ ပြန်မှတ်တယ်ဘုရား။ တပည့်တော် အိပ်ပျော်သွားမယ်လို့ထင်ထားတာ အမှတ်တွေက စိပ်လာတယ်ဘုရား။ စိပ်လာပြီးဖျတ်ခနဲ ငြိမ်ကျသွားတယ်ဘုရား။ ပြောရမယ်ဆိုသစ်တုံးလိုဖြစ်သွားတာနေမှာဘုရား။ လေ တောင်ပုံမှန်မရှုတော့ဘူးဘုရား။ သူရှုချင်တဲ့အခါမှရှုတယ်။ အသိကတော့စိပ်နေတယ်ဘုရား။

စိတ်က တစ်စိတ်ပြီးမှတစ်စိတ်ဖြစ်တယ်ဆိုတာကို အခုမှရိပ်မိသလို ဖြစ်တယ်ဘုရား။

အဲဒီအချိန်မှာသိနေတာရယ်နဲ့ ရှုချင်တဲ့အခါ ရှုနေတာရယ်ပဲရှိတော့တယ်ဘုရား။ အဲဒါကိုကျေနပ်နေလားသဘောကျနေလားဆိုပြီး အရှင်ဘုရားပြောသလို ပြန်ကြည့်ကြည့်တော့သူ့သဘာဝအတိုင်း သူ့သဘောသူဆောင်နေတယ်လို့ သိလိုက်တယ်ဘုရား။

နားကလည်း အသံကိုကြားနေတာ။ အတွေးကလည်း ဝင်ဝင်လာတာပဲ။ လေရှုနေတာလည်း သူ့ဟာသူ။

ဩော်- တပည့်တော်မှတ်နေချိန်မှာအထင်ရှားဆုံးက အသံပဲဘုရား။ ကားလမ်းနဲ့နီးတော့ အသံမျိုးစုံ၊ သစ်ပင်ဝါးရုံတွေရှိတော့ ငှက်သံတွေ၊ အိမ်နားကခွေးသံ၊ ကလေးတွေ ဆော့နေတဲ့အသံ၊ အဲဒီအသံတွေကိုတစ်ခုပြီးတစ်ခု အဆက်မပြတ်မှတ်နိုင်နေတယ်ဘုရား။

အဲလိုမှတ်နေရင်း ရေချိုးရမယ်ဆိုတာအတွေးဝင်လာတော့ မလွတ်စေဘဲ သတိထားရင်း သတိထားရင်း ဖြည့်သည်လာတော့ သတိထားရင်းနဲ့ ပြန်လွတ်သွားတာပဲဘုရား။ နောက်ပြန်သိနဲ့လွတ်လိုက်ပေါ့ဘုရား။

အခု တပည့်တော်ဘုရားဝတ်ပြုပြီး တရားတစ်ပုဒ်နာရင်း အရှင်ဘုရားကို ပြောပြတာပါ။

သိနေသလောက် စိတ်ကအေးနေတာပဲဘုရား။ တပည့်တော်ဉာဏ်လမ်းခရီးသွားနေတာမှန်ရဲ့လားဘုရား"

"မှန်ပါတယ်။ အဲလိုပဲဆက်ရှုပါ။ သာဓုပါဒကာမ"

"မှန်ပါ့ဘုရား။ တပည့်တော်လည်း အားတက်လာသလိုဖြစ်နေပါတယ်ဘုရား"

### ဆင်ခြင်ရှု တိုက်ရိုက်ရှု

"အရှင်ဘုရား တပည့်တော်မအခု တစ်လောမကောင်းတဲ့စိတ်တွေအဖြစ်များနေတယ်ဘုရား။စိတ်တွေမကောင်းတော့ ဦးခေါင်းကလည်း နောက်ကျိရှုပ်ထွေးမကြည်လင်တော့ပါဘုရား။ ဘယ်လိုဖြေရှင်းပေးရမယ်ဆိုတာ ဖြေကြားပေးပါဘုရား"

"မကောင်းတဲ့အကုသိုလ်ဖြစ်စေတဲ့ အာရုံကို စိတ်ကကော်နဲ့ကပ်ထားသလိုဖြစ်နေတယ်ဆိုရင် ဒီအာရုံအကြောင်း ကောင်းကောင်းသိထားဖို့လိုပါတယ်။

ဒေါသဖြစ်စေတဲ့အာရုံဆိုရင် ဒီအာရုံက ကိုယ့်အပေါ် ကောင်းတာလေးတွေရှိခဲ့ဖူးမှာပါ။ ကောင်းကွက်ကိုယ့်အပေါ် ကျေးဇူးပြုခဲ့တာတွေကို နှလုံးသွင်းဆင်ခြင်ပေးပါ။ မေတ္တာပို့ပေးပါ။

လောဘဖြစ်စေတဲ့ အာရုံဆိုရင် ဒီအာရုံရဲ့မတင့်တယ်မသာယာဖွယ် ရွံရှာဖွယ်တွေကို ဉာဏ်နဲ့မြင်ယောင်ပြီး ရှုသိပေးပါ။ ဒီလိုဆိုရင် လောဘစိတ်တွေ လျော့လာမယ်။ အာရုံဆိုးရဲ့ လွှမ်းမိုးမှုတွေလျော့ပါးလာပါမယ်။

သံသယစိတ်တွေဖြစ်စေတယ်ဆိုရင်တော့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရပါမယ်။ မှန်ကန်တဲ့အတွေးမျိုးကို တွေးပေးရပါမယ်။ စာကောင်းကို ဖတ်ပေးရပါမယ်။

အဓိကပြောချင်တာက ကိုယ်ရှုနေကျတရားကို သမာဓိရအောင်ရှုပါ။ သမာဓိရလာရင် ပေါ် လာတဲ့ စိတ်၊ ရုပ်၊ ဝေဒနာ၊ မှန်သမျှကို အရှိအတိုင်းဖြစ်နေဆဲမှာ တိုက်ရိုက်ရှုသိပေးပါ။ ရှုပါများရင် မကောင်းတဲ့စိတ်တွေဟာ အဖြစ်နည်းအရှိန်လျော့လာပါလိမ့်မယ်။

ဝိပဿနာရှုသူဟာဘာအာရုံပဲကြုံကြုံလာသမျှအာရုံတွေကိုအကောင်း အဆိုးမသတ်မှတ်ဘဲ လက်ခံပြီး အသိဉာဏ်ဖြစ်အောင်ရှုသိပေးရပါတယ်။

အာရုံတွေကြောင့် စိတ်တွေဖြစ်နေကြတယ်။ စိတ်တွေဖြစ်တိုင်း ရုပ်တွေကလည်းဖြစ်နေကြတယ်။ စိတ်ကောင်းရင်ရုပ်ကြည်ပြီး စိတ်ဆိုးရင်ရုပ်လည်းဆိုး၊ ရုပ်လည်းမကြည်၊ ဆင်းရဲပါတယ်။ အဲဒီလိုအတွင်းပိုင်းက ရုပ်စိတ်တွေဖြစ်တိုင်းဖြစ်တိုင်း သတိနဲ့ရှုသိနေရင် ဒုက္ခမဖြစ်နေတဲ့အခြေအနေဆီးကနေလွတ်မြောက်လာပါလိမ့်မယ်"

"မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဉာဏရှိညာစာအုပ်ကိုဖတ်ပါဆိုပြီး တစ်ယောက်ကညွှန်လို့ တပည့်တော်ဖတ်ပြီးပါပြီဘုရား"

"စအားထုတ်သူတွေဖတ်သင့်တဲ့ စာအုပ်တစ်အုပ်ပါ။ ကောင်းပါတယ်"

"တပည့်တော်တို့ ဖြစ်နေတဲ့စိတ်တွေအားလုံးဟာ အာရုံနဲ့ဒွါရတိုက်လို့ဖြစ်တာ၊ဘယ်သူမှလုပ်လို့ဖြစ်တာမဟုတ်ဘူးလို့သညာသိသတ်မှတ်လို့ ရလားဘုရား"

"အဲလို သညာသိ သမှတ်တာမှန်ပါတယ်။ သညာသိမှ ပညာသိဖြစ်လာအောင် သတိနဲ့ ရုပ်စိတ်တွေကိုလေ့လာပါ"

"ဖြစ်ပေါ် လာတဲ့ စိတ်အားလုံးဟာ သဘာဝပဲ ဓမ္မသဘောပဲ သူမဟုတ်ဘူး ငါမဟုတ်ဘူးလို့ နှလုံးသွင်းရမှာလား"

"ဟုတ်ပါတယ်။ ရုပ်စိတ်တွေကို ရှုသိဆဲမှာနှလုံးသွင်းပေးပါ။ ရှုသိပါများလာရင် ဒီလိုနှလုံးသွင်းတာဟာ အမှန်ပါလားလို့ ဉာဏ်ကခေါင်းညိတ်လက်ခံလာပါတယ်"

"အဲဒီဖြစ်ပေါ် လာတဲ့ စိတ်အပေါ် မှာပဲ ကိလေသာမဖြစ်အောင်အသိလေးနဲ့လိုက်သိရမှာလားဘုရား"

"ဟုတ်ပါတယ်။ ဖြစ်နေဆဲစိတ်တွေကို အသိသတိနဲ့အလိုက်သင့်သိနေရဲ့မှာပါ။ သတိနဲ့သိနေရင် ဉာဏ်ဖြစ်လို့ ကိလေသာမဖြစ်တော့ပါဘူး"

### သိနေရင်ရပါပြီ

"တပည့်တော် တရားမှတ်စဉ်မှာ သွေးခုန်နှုန်းအတိုင်း ကိုယ်ကလှုပ်နေပါတယ်ဘုရား။ဘယ်လိုရှုမှတ်ရမလဲဘုရား။ တစ်ခါတစ်ရံ နှလုံးခုန်တာကိုပြန်ကြားရပါတယ်ဘုရား။ ဘယ်လိုရှုမှတ် ရမလဲဘုရား"

"ကိုယ်က လှုပ်နေစဉ် လှုပ်မှုများနေပါက မျက်လုံးဖွင့်ပြီးကြည့်လိုက်ပါ။ လှုပ်တာနည်းရင် ညင်သာရင် မျက်လုံးမှိတ်ပြီး လှုပ်သဘောကို ဉာဏ်နဲ့ကြည့်နေပါ။ နှလုံးခုန်တာကြားရင် နားစည်မှာ သတိကပ်ပြီး ကြားသဘောကိုသိနေပါ"

"သိနေရင် ရပြီလားဘုရား။ ဖြစ်ပျက်ရှုစရာမလိုဘူးလားဘုရား"

"သိနေရင်ရပါပြီ၊သတိအားကောင်းလာရင်ဖြစ်ပျက်မြင်လာပါမယ်"

**ပျောက်အောင်ဖြစ်အောင်မလုပ်နဲ့**

"ဘုန်းဘုန်းဘုရား တရားသွားထိုင်ပြီးနောက်ပိုင်းမှာ ရှုမှတ်မှုလုပ်တိုင်း ကြက်သီးထသလိုခေါင်းထဲမှာလှိုင်းတစ်ခုဖြတ်သွားသလိုငြိမ့်နေသလို၊ အရသာရှိသလိုဖြစ်ပါတယ်ဘုရား"

တရားစခန်းမှာတုန်းကတော့ ခန္ဓာကလေးတိုက်လိုက်ရင်လွင့်သွားသလို ရှေ့ကိုကျသွားလိုက်နောက်ကိုလန်ကျလိုက်ဖြစ်ပြီး သတိထားထပ်ရှုတော့ နောက်ပိုင်းမှာဘယ်ဘက်နှလုံးဘက်ကနေအအေးဓာတ်တွေဖြတ်ပါတယ်။ တစ်ခြမ်းစီတစ်ပိုင်းပြီးတစ်ပိုင်းစိမ့်သွားပါတယ်။ အပြင်ရာသီဥတုကပူနေပါတယ်ဘုရား။

တရားဖြုတ်ပြီးဖြစ်ပေမယ့် အရိုးထဲကစိမ့်တဲ့ဓာတ်က အာရုံပြုရင်ပြန်ဖြစ်ပါတယ်။ နောက်တော့ လမ်းများမှာစိုးလို့မလိုချင်တဲ့စိတ်ထားပါတယ်ဘုရား။

နောက်ပိုင်းမှာ ငြိမ့်ငြိမ့်ငြိမ့်ငြိမ့်ဖြစ်ပါတယ်။ အလင်းရောင်က ခေါင်းထဲမှာတစ်ခုတစ်ခုပေါက်သလိုထွက်လာသလိုဖြစ်ပါတယ်ဘုရား။

အခုအိမ်ပြန်ရောက်တော့ တပည့်တော်ကိုယ်မှာဖြစ်နေတာတွေသိချင်လို့ အဘိဓမ္မာတက်နေပါတယ်ဘုရား။

ဖားအောက်ဆရာတော်တရားနာပါတယ်ဘုရား။ တရားအရဆိုရင်တပည့်တော်က ဈာန်အင်္ဂါနဲ့လည်းတူပါတယ်။ သို့သော် နိမိတ်လည်းမထင်ရှားပါဘုရား။ အာနာပါနကိုပဲ အာရုံစိုက်ပြီး ထပ်မှတ်နေပါတယ်ဘုရား။ ဝင်လေထွက်လေက အရမ်းနူးညံ့ပြီး အသက်ရှူရတာတော့ ဝနေပါတယ်။ သို့ပေမယ့် လေကရှူမနေရသလိုပါပဲ။ သို့ပေမယ့် လုံးဝမရှူတာလည်းမဟုတ်ပါဘူး။

တပည့်တော်နဲ့ကိုက်ညီတဲ့ ကမ္မဋ္ဌာန်းကိုညွှန်ပြပေးစေလိုပါတယ်ဘုရား"

"အခုဝင်လေထွက်လေကိုပဲဆက်ရှုပါ။ သမထအနေနဲ့ရှုမှာဆိုရင် လေသက်သက်ပဲရှုပါ။ ဝိပဿနာအနေနဲ့ရှုမှာဆိုရင် လေကနှာခေါင်းကို ထိဝင်ထိထွက်တာ အေးတာပူတာ ကြမ်းတာနူးညံ့တာရှုပါ။

ဟိုးအထက်က ရေးပြတဲ့ စာအရဆိုရင် ယောဂီမှာ ဓာတ်လေးပါးနဲ့ပတ်သက်တဲ့ ဖြစ်ပျက်ကိုရှုနေမိတာပါ။ ဝိပဿနာရှုသူဟာ အဲလိုတွေ့ရင် ဆက်ရှုရုံပါပဲ။ ပျောက်အောင်ဖြစ်အောင် ဆက်လုပ်စရာမလိုတော့ပါ"

**ရှုသိစိတ်**

"အရှင်ဘုရားသွေးကြောလေးတွေလှုပ်တာက ရုပ်ပရမတ်အရှုခံပေါ့နော်။ အဲဒါလေးကိုသွားပြီး သိနေတာကနာမ်သိစိတ်ပေါ့။ ရုပ်လည်းသိပြီ။ နာမ်ကိုလည်းသိပြီ။ သိစိတ်ကို ဘယ်လိုထပ်သိရမလဲဘုရား။ ဥပမာလေးနဲ့ ရှင်းပြပေးစေလိုပါတယ်"

"သွေးကြောလေးတွေလှုပ်နေတာကိုလှုပ်တာပဲသိနေရင် ရိုးရိုးသိစိတ်ပါ။ အဲဒီသွေးကြောလေးတွေဟာ တစ်လှုပ်ပြီးတစ်လှုပ် ပြောင်းလဲလှုပ်နေတာ၊ ရှေ့အလှုပ်ပျောက်ပျောက်ပြီး နောက်အလှုပ်အစားထိုးလာတာ ထပ်သိတာကဉာဏ်သိစိတ်ပါ။

အရှုခံရုပ်နာမ်ကို ရှုတတ်လာတာဝမ်းသာပါတယ်။ အရှုဉာဏ်ခေါ် သိစိတ်ကို နောက်က အရှုဉာဏ်နဲ့ ရှုတတ်ဖို့ကခက်ပါတယ်။

ရုပ်နာမ်ကို ရှုသိနေစဉ် ရုပ်နာမ်ကိုသိနေတဲ့ ရှုနေတဲ့အရှုဉာဏ်ရှိနေတယ်ဆိုတာဆင်ခြင်ပြီးသိနေပါ။ အဲလိုသိပါ ဆင်ခြင်ပါများရင် ရုပ်နာမ်သိစိတ်ကို တွေ့မြင်လာပါမယ်။

အရှုခံရုပ်နာမ်ဖြစ်ပျက်ကို ရှုသိနေတဲ့ရှုဉာဏ်ကိုနောက်ရှုဉာဏ်က ရှုတက်ချင်ရင် အရှုခံရုပ်နာမ်တွေကိုကပ်မရှုဘဲ ခပ်ခွာခွာလေးရှုပေးပါ။ အဲလိုခပ်ခွာခွာလေးရှုတက်လာရင် သိစိတ်ကို နောက်သိစိတ်ကရှုတတ်လာပါမယ်။

လေ့ကျင့်ကြည့်ပါ။ ရုပ်ကောနာမ်ကောကို ပိုင်ပိုင်နိုင်နိုင်ရှုတက်လာရင် ဉာဏ်ကိုဉာဏ်ချင်း ရှုတတ်လာပါမယ်။

ဥပမာ လူဝင်ပေါက်တစ်ခုရှိတယ်။ ပထမဝင်လာတဲ့လူကို ရုပ်လို့မှတ်လိုက်ပါ။ ဒုတိယဝင်လာတဲ့လူကို နာမ်လို့မှတ်လိုက်ပါ။ အဲဒီလူနှစ်ယောက်ကိုအပေါက်ဝကနေ စောင့်ကြည့်နေသူတစ်ဦးရှိပါတယ်။ အဲဒီစောင့်ကြည့်သူကို ရှုသိစိတ်လို့မှတ်လိုက်ပါ။ နောက်တစ်ခါ အဲဒီရုပ်နာမ် ရှုသိစိတ်ကို ထပ်ပြီးစောင့်ကြည့်နေသူရှိသေးတယ်။ အဲဒါလည်း ရှုသိစိတ်ပဲ။ အရင်စောင့်ကြည့်တဲ့ ရှုသိစိတ်နဲ့ ပုံစံတူပါပဲ။ အရှုခံကတော့ ကွာပါတယ်။ ပထမရှုသိစိတ်က ရုပ်နာမ်ကိုရှုသိတယ်။ ဒုတိယရှုသိစိတ်က ရှုသိစိတ်သက်သက်ကိုပဲရှုသိပါတယ်"

**ငါအထင် ခဏကွာ**

"တပည့်တော် ဒီမနက် တရားထိုင်နေချိန်မှာလက်ကိုနေထိုးလာတယ်ဘုရား။ ပူလာတော့ သတိထားလိုက်မိတယ်ဘုရား။ ဒါပေမယ့် တပည့်တော်တွေ့လိုက်တာကပူနေတာကသပ်သပ်ပူတယ်လို့ခံစားမိတာကသပ်သပ်လို့ တွေ့ပါတယ်ဘုရား။ အဲဒီလိုသပ်သပ်စီမြင်တွေ့လိုက်တဲ့ခဏမှာပဲ။ ပူတာက ငါပူတာမဟုတ်လို့ မပူသလို ထင်ရပါတယ်ဘုရား"

"ပူတာကသပ်သပ် ရုပ်မှာပူနေတာပါ။ ပူတာကိုသိတာက စိတ်ကသိတာပါ။ ပူတဲ့သဘော ဆင်းရဲလေးကိုဝေဒနာဆိုတဲ့နာမ်က သိလိုက်တာပါ။ ရုပ်ကပူ စိတ်ကသိ နာမ်ကခံစား ငါမရှိတာဉာဏ်နဲ့သိခွင့်ရလိုက်တာပါ။

အဲဒီလို ရုပ်နဲ့နာမ်ကွဲပြားစွာသိလိုက်တဲ့အချိန် ငါဆိုတဲ့အယူမှားကင်းစင်သွားလို့ ငါပူတာမဟုတ်လို့ မပူသလိုထင်လိုက်တာပါ"

**နာမ်ကြောင့်ရုပ်ဖြစ်**

"ရုပ်ကြောင့်နာမ်ဖြစ်တာ နားလည်ပေမယ့် နာမ်ကြောင့် ရုပ်ဖြစ်တာကိုမရှင်းဘူးဘုရား"

"ဥပမာ ဒေါသစိတ်ဖြစ်တယ်ဆိုပါစို့။ ဒေါသစိတ်ဆိုတာနာမ်နော်။ ဒေါသစိတ်ဖြစ်ရင် အသံတွေတုန်တာ အသံကျယ်တာ အသံခက်ထန်တာဖြစ်လာတယ်။ ဒါတွေဟာ အသံရုပ်တွေလေ။ ပြီးတော့ ဒေါသစိတ်ဖြစ်လိုက်တာနဲ့နှလုံးခုန်မြန်လာတာ ခြေလက်တွေတုန်လာတာ၊ ဒါတွေလည်း ရုပ်တွေလေ။ ဒေါသစိတ်ဆိုတဲ့ နာမ်ဖြစ်လာလို့ဒေါသရုပ်တွေဖြစ်လာတာပါ။ နာမ်ကြောင့် ရုပ်ဖြစ်လာတာပါ"

**သတိနဲ့နေတဲ့အကျင့်**

"လူသူများတဲ့နေရာတွေရောက်မိရင် စိတ်ကမငြိမ်သက်ဘဲ အမြဲတမ်းလှုပ်ရှားပြီး စိတ်မတည်မငြိမ်ဖြစ်ပေါ်ခြင်းအပေါ် မကျေမနပ်ဖြစ်ရပါတယ်ဘုရား။

အဲဒီအချိန်ကျ စိတ်နဲ့ကိုယ်မကပ်ဘဲရူးချင်သလိုဖြစ်ပါတယ်အရှင်ဘုရား။ အာရုံနောက်ပဲ စိတ်ကလိုက်သွားတတ်တာ တပည့်တော်မ အခုအချိန်အထိ အဆင်မပြေသေးပါဘုရား။ ပြီးတော့ ဘုရားဟောတဲ့ တရားတွေအပေါ် မှာ သံသယစိတ်တွေလည်းဝင်မိပါတယ်ဘုရား။

ဒေါသကိုတော့ တပည့်တော်မ ထိန်းသိမ်းနိုင်ပါတယ်ဘုရား။ သိလျက်နဲ့ မပယ်နိုင်ဘဲ ဖြစ်နေရပါတယ်ဘုရား"

"လူရှုပ်တဲ့နေရာဆိုတာ အာရုံမျိုးစုံရှိနေပါတယ်။ အာရုံမျိုးစုံက ကိုယ့်စိတ်

ကိုလာပြီးရိုက်ခတ်နေမှာပါ။ ကိုယ်က အာရုံတွေကိုအကြောင်းပြုပြီး တုံ့ပြန်မှုမျိုးစုံပေးနေမိတာဟာသတိမရှိလို့ပါ။

အာရုံမျိုးစုံကိုကိုယ်ကမလိုအပ်ရင် အလေးဂရုမပြုဘဲ ကိုယ်သွားစရာ ကိုယ်လုပ်စရာရှိတာကိုသာလုပ်ပါသွားပါ။

အာရုံကြောင့် ကိုယ့်စိတ်က ရှုံ့ချင်သလိုဖြစ်တာ မကျေမနပ်ဖြစ်တာဟာ သတိအားနည်းနေသေးလို့ပါ။ ဖြစ်လာတဲ့စိတ်မှန်သရွေ့ကိုသတိနဲ့သာသိသိပေးပါ။ သတိအား အသိအားရှုမှတ်မှုအားကောင်းလာရင်လှုပ်ရှုပ်ရှုပ်မရှုပ်ရှုပ်ဘယ်လိုအာရုံပဲကြုံကြုံတုံ့ပြန်မှုမှန်ကန်လာမှာပါ။

သွားနေစဉ်မှာ ကိုယ့်စိတ်က အာရုံဆီမှာ သိပ်မရောက်စေဘဲ ကိုယ့်ထံက ထင်ရှားတဲ့ဝင်လေထွက်လေ ဒါမှမဟုတ် တစ်ခုခုထိနေတာ တင်းနေတာ တောင့်နေတာ ပူနေတာ အေးနေတာသိပေးကြည့်ပါ။

လှုပ်ရှုပ်တဲ့နေရာသို့မသွားခင် အိမ်မှာဘုရားဂုဏ်တော်ပွားတာ၊ မေတ္တာပို့တာတစ်ခုခုပြုလုပ်ပြီးမှသွားရင်ပိုကောင်းပါတယ်။

ဘုရားဟောတဲ့တရားကို သံသယဖြစ်တယ်ဆိုတာ ဖြစ်ထိုက်ပါတယ်။ ဒီသံသယပြေဖို့ဆိုတာ ဘုရားအကြောင်း တရားအကြောင်း စာတွေ့ကိုယ်တွေ့ လေ့လာတာ အားနည်းနေသေးလို့ပါ။ လေ့လာပါ။ ကျင့်ပါ။ တစ်နေ့မှာသံသယအားလုံးပြေသွားပါလိမ့်မယ်။

ဒေါသကို ထိန်းနိုင်တယ်ဆိုကတည်းက ကိုယ့်စိတ်မှာသတိရှိနေပါပြီ။ စွမ်းအားရှိနေပါပြီ။ ဒီသတိကိုအားကောင်းလာအောင်မွေးမြူပေးမယ်ဆိုရင် အခြားအဆင်မပြေတာတွေလည်းအဆင်ပြေလာပါလိမ့်မယ်။

သိလျက်နဲ့ မပယ်နိုင်သေးဘူးဆိုတာ တစ်ခါတလေ သတိလွတ်သွားလို့ဖြစ်ရတာပါ။ ကိုယ့်ရဲ့လောဘစိတ်က အနိုင်ရသွားလို့ပါ။ သိလျက်နဲ့မပယ်နိုင်သေးဘူးလို့ သိကတည်းက တစ်နေ့ပယ်နိုင်ဖို့အစွမ်းအစရှိနေတာကို ဖော်ပြနေတာပါပဲ။

စိတ်မပျက်ပါနဲ့ သတိနဲ့နေတဲ့အကျင့်ကိုသာ ဆက်လက်လေ့ကျင့်ကြည့်ပါ။ အခက်အခဲအားလုံးကို ကျော်ဖြတ်နိုင်မှာပါ ဒကာမရေ"

**ချုပ်ပျောက်ငုပ်လျှိုး**

"ခြေ၊ လက်၊ ခေါင်းခါး ဝင်လေထွက်လေစတဲ့ပညတ်တရားတွေကိုဘယ်လိုမှရှုမရအောင် ချုပ်ပျောက်ငုပ်လျှိုးနေတဲ့အချိန်မှာ ဘယ်အရာကို ဘယ်လိုဆက်လက်ရှုမှတ်သင့်ပါသလဲဘုရား"

"ပညတ်ကအစကတည်းက သတ်မှတ်ချက်တွေပါ။ မရှုရပါဘူး။ အများနားလည်စေဖို့ ပြောဆိုရေးသား သုံးစွဲပေးရပါတယ်။

တရားရှုနေဆဲမှာ ခြေ၊ လက်၊ ခေါင်း၊ ခါး ဝင်လေထွက်လေတို့ ရှာမရအောင်ပျောက်နေတယ်ဆိုတာ သမာဓိအားကောင်းလို့ဖြစ်စေ၊ အထိင်များလို့ သွေးလေမလျှောက်တဲ့အခါဖြစ်စေ၊ အရှုခံသိမ်မွေ့တဲ့အခါမှာဖြစ်စေ ပျောက်နေတတ်ပါတယ်။

နောက်တစ်နည်းကတစ်ကိုယ်လုံး အစရှာမရအောင် အရှုခံထဲက ပျောက်နေတယ်ဆိုရင် အသိစိတ်လေးတော့ ရှိနေပါတယ်။ အဲဒီစိတ်လေးကိုသတိနဲ့ အကဲခတ်လေ့လာနေပါ။ ဘာစိတ်တွေဖြစ်နေလဲ။ ဘာတွေတွေးနေလဲ။ ဖြစ်နေတဲ့စိတ်တွေ တွေးနေတဲ့ အတွေးတွေဟာ အရှုခံစိတ်နာမ် ပရမတ်တွေပါပဲ။ ဆက်ရှုပါ။

နောက်တစ်နည်းကတစ်ကိုယ်လုံး ပျောက်နေတဲ့အခါမှာ စိတ်ကလေးက ချမ်းသာနေတယ်၊ ငြိမ်းချမ်းနေတယ်၊ အဲဒီချမ်းသာ ငြိမ်းချမ်းနေတဲ့သဘော နာမ်ပရမတ်ကိုရှုပါ"

**ခပ်ကြမ်းကြမ်းအရှုခံ**

"ဦးပဥ္စင်းဘုရား တပည့်တော်က ကာယလုပ်သားတစ်ဦးပါ။ ထိုင်၊ လျောင်း အားထုတ်ရာမှာ အကြောတွေ ဆွဲဆွဲနေတယ်ဘုရား။ မိတ်ဆွေအချို့ကို မေးမြန်းဖူးပါတယ်။ ဝါယော ဖောက်ပြန်မှုလို့ ပြောပါတယ်ဘုရား။

တပည့်တော် ကိုယ့်ကိုယ်ကို ပြန်ပြီးအကဲခတ်နေတာတစ်နှစ်ကျော်ရှိခဲ့ပါပြီဘုရား။ တပည့်တော်လမ်းလွဲနေမှာကြောက်တယ်ဘုရား။ လမ်းကြောင်းမှန်ရင်ဘာဖြစ်ဖြစ်သိပေးနေလို့ရတယ်ဘုရား။

တပည့်တော်လုပ်နေတဲ့ စားဝတ်နေရေးအလုပ်ကြောင့်လားလို့လည်း တွေးမိပါတယ်ဘုရား။တရားစခန်းဝင်တဲ့အခါမှာတော့ မဖြစ်ပြန်ဘူးဘုရား။ တစ်ယောက်တည်းလွတ်လွတ်လပ်လပ်ရှုမှတ်ရင်အကြောတွေဆွဲတော့တာပဲဘုရား"

"ထိုင်ရှုလို့ အကြောဆွဲနေရင်အစမှာဆွဲနေတာကိုရှုနေပါ။ ရှုလို့ပိုဆွဲနေရင် လမ်းလျှောက်ရှုတာ မတ်တပ်ရပ်ရှုတာ လုပ်ပေးပါ။

တစ်ယောက်ထဲ ရှုလို့ဆွဲဆွဲအများနဲ့ရှုလို့ဆွဲဆွဲ သူဟာသူဝါယောလေဓာတ်ရုပ်ပရမတ် ပြောင်းလဲနေတာကို သတိနဲ့ရှုနေပေးပါ။ အကြောဆွဲခြင်းက ရုပ်ဖြစ်လို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတစ်ခုခုကြောင့်ဖြစ်ပျက်နေတာပါ။

အကြောဆွဲနေစဉ်အတွင်းမှာတင်းနေတာလှုပ်နေတာရှိမှာပါ။ အဲဒီတင်းမှုလှုပ်မှုကိုသတိနဲ့ရှုသိပေးပါ။

တစ်ချိန်က ဦးပဥ္စင်းလည်း တရားထိုင်ရင် ညာဘက်လက်ညှိုးလေးက သူ့အလိုလိုလှုပ်နေပါတယ်။ သူလှုပ်တာကို သိပေးရှုပေးပါတယ်။ အခုတော့ မလှုပ်တော့ပါဘူး။

သူ့ဟာသူ အကြောဆွဲချင်ဆွဲမဆွဲချင်နေ ကိုယ်နဲ့မဆိုင်ဘဲဆွဲတိုင်းကိုယ်က ရှုရမှာပါလားလို့ တွေးပြီးရှုနေပါ။ စိတ်မပျက်ပါနဲ့။ အချိန်တန်ရင်ခပ်ကြမ်းကြမ်းအဖြစ်အပျက်တွေကနေ နူးညံ့တဲ့အဖြစ်အပျက်တွေကိုရှုသိခွင့်ရလာပါလိမ့်မယ် ဒကာကြီး"

**အငြိမ်းဓာတ်မှာပျော်ဝင်သူ**

"ရဟန္တာဆိုရင် တရားအားထုတ်ဖို့မလိုတော့ဘူးဆိုတာရှင်းပြပေးပါဘုရား"

"ရဟန္တာဆိုတာ ကိလေသာအားလုံးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့အပြီးပြတ်ရှုမှတ်ပြီး သုတ်သင်နိုင်ခဲ့သူကို ခေါ်ပါတယ်။

ဦးပဥ္စင်းတို့ ဒကာကြီးတို့မှာ နေ့စဉ် လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေက တစ်ခုမဟုတ်တစ်ခု ဖြစ်နေပါတယ်။ ဒါတွေဖြစ်နေကြလို့ ဒီတရားဆိုးတွေရဲ့ လွှမ်းမိုးမှုကနေ လွတ်မြောက်ဖို့အတွက် ဝိပဿနာအကျင့်ကို ကျင့်နေကြတာပါ။ တရားအားထုတ်နေကြတာပါ။ ကိလေသာမရှိရင် ဝိပဿနာအလုပ်ကိုလုပ်စရာမလိုတော့ပါဘူး။

ရဟန္တာတွေဟာ သူတို့ပြုစရာကိစ္စကြီးငယ်တွေပြုလုပ်ပြီးတာနဲ့ သူတို့ရှုနေကျလျှောက်ခဲ့ဖူးတဲ့ ဝိပဿနာလမ်းကို ပြန်လျှောက်ပြန်ရှုပါတယ်။ အဲဒီလို ရှုနေဆဲမှာပဲ သူတို့ရရှိခဲ့တဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကိုအာရုံပြုနေလေ့ရှိပါတယ်။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ပုထုဇဉ်တွေကတော့ ကိလေသာတွေရှိနေဆဲမို့ တရားအားထုတ်နေရဆဲရှိပါသေးတယ်။ တရားတဲ့သီလ၊ သမာဓိ ပညာအားတွေထုတ်နေမှ မတရားတဲ့ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေဆုတ်နေမှာပါ။

ရဟန္တာတွေဟာ တရားထိုင်သလို ထိုင်နေပေမယ့် ကိလေသာစစ်ကိုဆင်နွှဲနေတာမဟုတ်ပါ။ အငြိမ်းဓာတ်မှာပျော်ဝင်နစ်မြုပ်နေတာပါ။ ခိုဝင်အနားယူနေတာပါ။ ရုပ်နာမ်မရှိတဲ့နယ်မှာကျက်စားငြိမ်သက်နေတာပါ"

**ကိုယ့်ကျေးဇူးရှင်**

"တပည့်တော် လူတစ်ယောက်ကို ဒေါသဖြစ်မိတယ်။သတိနဲ့စိတ်ကိုရှုတယ်။ ဒေါသကပျောက်သွားတယ်။ ခဏပဲ ပျောက်ပြီး ဒေါသက ပြန်ပြန်ပြီးဖြစ်နေတယ်။ ပြန်ရှုတယ် ပြေသွားပြန်ရော ဘုန်းဘုန်း။ မကြာဘူး ထပ်ပြီး ဒီဒေါသကပြင်းထန်တော့ ရင်ထဲမှာ မျိုသိပ်ထားရတာ၊ ပါးစပ်ကထုတ်မပြောဘူး။ စကားများမှာစိုးလို့။ ရင်တွေပူလောင်တယ်ဘုန်းဘုန်း။

တပည့်တော်က အလုပ်ထဲမှာဖြစ်တာပါ။သူငယ်ချင်းအသိတွေက တပည့်တော်သည်းခံမှန်းသိလို့ အခွင့်ကောင်းယူကြတယ်။တပည့်တော်ကိုဆုံးမစကားပြောပြပါဦးဘုန်းဘုန်းဘုရား။

ဒီလိုအခွင့်ကောင်းယူတဲ့သူတွေနဲ့တွေ့ရင် ဘယ်လိုရင်ဆိုင်ရမှာလဲ ဘုန်းဘုန်းဘုရား။

တပည့်တော်ကတော့ သတိနဲ့ပဲ တရားရှုမှတ်တယ်။

တပည့်တော်ကို လူမှုကျင့်ဝတ်တွေသွန်သင်ဆုံးမပေးပါဦး။ ဒီလိုလူတွေနဲ့တွေ့ရင် ဘယ်လိုရှုမှတ်ရမလဲ၊ သည်းခံရမှာကကိုယ့်အလုပ်၊ ဒေါသဖြစ်အောင်အခွင့်ကောင်းယူတာကသူတို့အလုပ်"

"ကိုယ့်ဘက်က သည်းခံမှုတိုးပေးပါ။ ဒေါသမဖြစ်အောင် သတိထားပါ။ ဖြစ်တိုင်း ဒေါသစိတ်နဲ့ဒေါသရုပ်တွေကို ရှုပေးပါ။ သူတို့ကအခွင့်ကောင်းယူစနောက်လို့ ကိုယ့်ရဲ့ဒေါသစိတ် ဒေါသရုပ်တွေကိုရှုခွင့်ရနေတာပါ။ တကယ်လို့သူတို့ကအဲလိုမလုပ်ရင် ရှုခွင့်တောင်မရပါ။

ကျေးဇူးတင်မယ်ဆိုရင် သူတို့ဟာ ကိုယ့်ဒေါသစိတ် ကိုယ့်ရုပ်တွေ ရှုခွင့်ရအောင်ပြုလုပ်ပေးတဲ့ ကျေးဇူးရှင်တွေပါ။ ကိလေသာကိုသိခွင့်ရအောင်၊ ဉာဏ်ဖြစ်ခွင့်ရအောင် ပြုလုပ်ပေးသူပါ။ အဲလိုနှလုံးသွင်းလိုက်တော့ သူတို့ဟာ ကိုယ့်ရန်သူမဟုတ်တော့ပါ။ ကိုယ့်ကျေးဇူးရှင်တွေဖြစ်သွားပါပြီ၊ သည်းခံရှုနေပါဒကာလေး"

အရှင်ဥတ္တမ



# ဒုတိယမောင်းထောင်အရှင်တော်
# အရှင်ပညာသာမိ
## (၁၈၁၅-၁၈၆၉)
## မောင်ဝေလျာ

မင်းတုန်းမင်းလက်ထက် သုဓမ္မာသာသနာပြု (၈) ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ ဒုတိယမောင်းထောင်သာသနာပိုင် အရှင်ဥယျောဓမ္မ (၁၇၉၉-၁၈၆၆) ၏အားထားရာ လက်ရုံးတပည့်ဖြစ်၍ သာသနာပိုင် ဆုံးဖြတ်ရာမှုခင်း၊ ဝိနိစ္ဆယအမျိုးမျိုးနှင့် ပါဠိသန္ဒေသကထာများကိုရေးသားခဲ့ရသည်။ ပါဠိအရေးအသားထက်သန်၍ ပါဠိဘာသာဖြင့် ကျမ်းပြုလေ့ရှိသည်။ မွေးရပ်ဇာတိ ဆရာသမားဘွဲ့ကိုစွဲ၍၊ တတိယမောင်းထောင်ဆရာတော်၊ သီတင်းသုံးရာကျောင်းကိုစွဲလျက် မင်္ဂလာရာမဆရာတော်ဟုအမည်နှစ်မျိုးဖြင့်ထင်ရှားသည်။ ပိဋကတ်စာပေအပြင် ဆေးဇဝင်၊ မြန်မာမှု၊ ကဗျာ၊ စကားပြေစွယ်စုံကျွမ်းကျင်နှံ့စပ်သည်။ စကားအရာကျွမ်းကျင်လိမ္မာသည်။ သီဟိုဠ် (သီရိလင်္ကာ)ရဟန်းတော်နှစ်ပါး တောင်းပန်၍မြန်မာသာသနာဝင်ကိုပါဠိဘာသာဖြင့်သာသနဝံသပ္ပဒီပိကာကျမ်း ရေးခဲ့ရာနိုင်ငံရပ်ခြားဥရောပသို့တိုင်ပျံ့နှံ့ခဲ့သည်။ မင်းတုန်းမင်းနန်းတက်စ ပိဋကတ်တော်များကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေး၊ ရေးကူးရာစာကြပ်စာမတာဝန်ယူခဲ့သည်။ ထိုစဉ် မင်းဆရာ တောင်သာမြို့စားဒိသာပါမောက္ခဆရာကြီးတောင်းပန်၍ပိဋကတ်တော်များ ပေထက်အက္ခရာတင်ရာ အက္ခရာမတိမ်းမယိမ်းစေရေး၊ ပုဒ်၊ ပါဌ်၊ အက္ခရာအဆုံးအဖြတ် မှန်ကန်စေရေးအတွက် အက္ခရာဝိသောဓနီကျမ်းကိုစီရင်ရေးသားသည်။ရတနာပုံခေတ်မောင်းထောင်ဆရာတော် စာချပုံကို ကိုယ်တိုင်သိမီလိုက်သော လှေသင်းမင်းကျောင်းဆရာတော်က မောင်းထောင်ဆရာတော်သည် ဧကက္ခရကောသကျမ်း၊ အဘိဓာန်ကျမ်းများမှ သာဓကထုတ်ဆောင်၍ အက္ခရာပုဒ်တို့၏ အတ္ထုဒ္ဓါရ၊ အနေကတ္ထသံဝဏ္ဏာပြုပြီးလျှင် လိုအပ်ရာအနက်အရ အဓိပ္ပေါ်ဘတ္တကောက်ချက်ထုတ်၍ ဝေဝုစ်ပရိယာယ်တို့ကိုဆောင်၍ အကျယ်အားဖြင့် အဓိပ္ပာယ်ပြောကြားလေ့ရှိသည်ဟုတပည့်မစိုးရိမ်ဆရာတော်အရှင်မောမာဘိဝံသကိုမိန့်ကြားခဲ့ပါသည်။

**ပညာသာမိ၊ အရှင်တတိယမောင်းထောင်ဆရာတော်**

ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက် ၁၈၁၅ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်၊ကြာသပတေးနေ့၊ (မ ၁၁၇၇ ဒုတိယဝါဆိုလဆန်း(၈)ရက်)တွင် အလုံနယ် (ယခုဘုတလင်မြို့နယ်)မောင်းထောင်ရွာ၌ဖွားသည်။

အမည်မောင်သော်ဖြစ်သည်။

ငယ်စဉ်က မောင်းထောင်ရွာ အနောက်တိုက်(ကုန်းသာတိုက်)၌ စတင်ပညာသင်သည်။(၁၄)နှစ်တွင်သာမဏေပြုသည်။ သာမဏေဘွဲ့ရှင်ပညာသာမိဖြစ်သည်။ သာမဏေဘဝကပင် ကုသဇာတ်စကားပြေရေးသားခဲ့သည်။

သာမဏေ(၅)ဝါရတွင် အင်းဝမြို့တော်လောကသယမ္ဘူဘုရားရှေ့သဲအင်းတိုက်စာချအရှင် ဥယျောဓမ္မထံရောက်သည်။ အရှင်ဥယျောဓမ္မ (၁၇၉၉- ၁၈၆၆)၏တပည့်ရင်းဖြစ်၍ မောင်းထောင်ကိုရင်ကြီးအမည်ဖြင့် ထင်ရှားသည်။ အသက်(၂၀)ပြည့်ချိန်တွင်ရဟန်းဖြစ်သည်။ ရဟန်းဘွဲ့ အရှင်ပညာသာမိဖြစ်သည်။

သာယာဝတီမင်း (ရွှေဘိုမင်း)နန်းတက်သည့် ၁၈၃၇ ခုနှစ်တွင် သဲအင်းဆရာတော်အရှင်သူရိယာဘိဝံသ(၁၇၆၃-၁၈၃၉)သည် သာသနာပိုင်တင်မြှောက်ခံရသည်။ သဲအင်းတိုက်စာချအရှင်ဥယျောဓမ္မလည်းရာဇဂုရုဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသည်။ သာသနာပိုင်ဆရာတော်အမရပူရမြို့တော် မင်းအိုတိုက် အောင်မြေဘုံကျောင်းကိုပြောင်းရွှေ့ရာအရှင်ဥယျောဓမ္မနှင့်အတူအရှင်ပညာသာမိလည်းလိုက်ပါခဲ့သည်။ အရှင်ပညာသာမိ (၅) ဝါရတွင် သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်းစီရင်ရေးသားသည်။

၁၈၃၉ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်တွင် သာသနာပိုင် သဲအင်းဆရာတော်ပျံလွန်၍ သာယာဝတီမင်း (ရွှေဘိုမင်း) က အရှင်ဥယျောဓမ္မကို သာသနာပိုင်တင်မြှောက်ရာ ဒုတိယမောင်းထောင်ဆရာတော်အမည်ဖြင့် ထင်ရှားသည်။ မင်းအိုတိုက်စာချ အရှင်ပညာသာမိလည်း သာသနာပိုင်၏အားထားရာလက်ရုံးတပည့်ကြီးဖြစ်လာသည်။ သာသနာပိုင်ဆုံးဖြတ်ရာ မှုခင်း၊ ဝိနိစ္ဆယများကိုကိုယ်စားရေးသား မှတ်တမ်းတင်ရသည်။သာသနာပိုင်ကိုယ်စားသီရိလင်္ကာနိုင်ငံသို့ ပါဠိဘာသာနှင့်သန္ဒေသကထာများရေးပို့ရသည်။

၁၈၄၃ ခုနှစ်တွင် သာသနာပိုင်ဆရာတော်အရှင်ဥယျောဓမ္မသည်သာယာဝတီမင်း (ရွှေဘိုမင်း)၏ မိဖုရားခေါင်ကြီးကုသိုလ်တော် မဟာအဘယာရာမတိုက်မဟာတုလွတ်ဘုံကျော်ကျောင်းတော်ကိုအလှူခံယူပြီး ပြောင်းရွှေ့သီတင်းသုံးရာအရှင်ပညာသာမိလည်းလိုက်ပါ၍ ပရိယတ္တိစာပေပို့ချသည်။ ပုဂံမင်းလက်ထက်တွင် သာသနာပိုင်အသစ်တင်မြှောက်ရာ ဒုတိယဗားကရာဆရာတော်အရှင်ပညာဇောတသည်သာသနာပိုင်ဖြစ်လာသည်။

မင်းတုန်းမင်းနန်းတက်ပြီး ၁၈၅၃ ခုနှစ်တွင် အရှင်ဥယျောဓမ္မသည် ဒုတိယအကြိမ်သာသနာပိုင်တင်မြှောက်ခံရသည်။ အဘယာရာမတိုက်စာချ အရှင်ပညာသာမိလည်း သီရိကဝိဓဇမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်ဆက်ကပ်ခံရသည်။ ၁၈၅၆ ခုနှစ်တွင် မင်းတုန်းမင်းသည် အမရပူရနန်းတော်မင်္ဂလာတန်ဆောင်း၌ ပိဋကတ်တော်များကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေးရေးကူးစေသည်။ တံဆိပ်တော်ရဆရာတော်(၁၀)ပါးကိုစာကြပ်စာမတာဝန်ပေးသည်။ ထို(၁၀)ပါးတွင် အရှင်ပညာသာမိပါဝင်သည်။ ထိုစဉ် ပေးရေးကူးရာ ပုဒ်၊ ပါဌ်အက္ခရာများ မတိမ်းမယိမ်းစေရေး ပုဒ်၊ ပါဌ်၊ အက္ခရာအဆုံးအဖြတ်မှန်ကန်စေရေးအတွက် မင်းဆရာတောင်သာမြို့စား ဒီသာပါမောက္ခဆရာကြီးကကျမ်းတစ်စောင် ပြုစုပေးရန်တောင်းပန်ရာ အရှင်ပညာသာမိသည် အက္ခရာဝိသောဓနီကျမ်းကို စီရင်ခဲ့ပါသည်။

၁၈၅၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်တွင် သာသနာပိုင်ဆရာတော် မန္တလေးမြို့ပြောင်းရွှေ့သည်။အရှင်ပညာသာမိလည်း အတူလိုက်ပါ၍ နန်းရှေ့မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးသည်။ သီတင်းသုံးရာကျောင်းကို မောင်းထောင်တိုက်ဟုအမည်တွင်သည်။ နောက်ပိုင်းတွင် မင်းတုန်းမင်း၏ကုသိုလ်တော်မန္တလေးမြို့အရှေ့ပြင် နန်းတော်ရှေ့ရပ်၊ မင်္ဂလာရာမတိုက်ကို အလှူခံယူရာ မင်္ဂလာရာမဆရာတော်ဟုခေါ်ဝေါ်ကြသည်။ ၁၈၆၁ ခုနှစ်တွင် သီရိလင်္ကာရဟန်းတော် သရဏင်္ကရနှင့် သုမင်္ဂလဇောတိတို့တောင်းပန်၍မြန်မာသာသနာဝင်တို့ ပါဠိဘာသာဖြင့် သာသနာဝံသပ္ပဒီပိကာကျမ်းရေးသည်။

၁၈၆၂ ခုနှစ်၊ (မ ၁၂၂၄ ဝါဆိုလဆန်း (၁) ရက်) တွင် သုဓမ္မာသာသနာပြုဆရာတော် (၈) ပါးခန့်အပ်ရာ တစ်ပါးအပါအဝင်ဖြစ်သည်။ ထိုစဉ်ရာမညတိုင်း (အောက်မြန်မာပြည်)ကရောက်လာသော ကံဒွါရဝိဝါဒကို သုဓမ္မာဆရာတော်များ၏လွှဲအပ်ချက်အရ ဆုံးဖြတ်ရသည်။ ကံဒွါရဝိဝါဒတွင် နှစ်ပါးလုံးသင့်ကြောင်းဆုံးဖြတ်သည်။

သက်တော် (၅၃) သိက္ခာ (၃၃) ဝါအရ ၁၈၆၉ ခုနှစ်၊ (မ ၁၂၃၀ တပို့တွဲလ)တွင်မန္တလေးမြို့တော် မင်္ဂလာရာမတိုက်၌ပျံလွန်ခဲ့ပါသည်။

**ပြုစုခဲ့သောစာပေကျမ်းဂန်များ**

၁။ ကုသဇာတ်စကားပြေ၊
၂။ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိ (မ ၁၂၀၇)၊
၃။ အဘိဓာန်ဋီကာနိသျသစ် (မ ၁၂၁၁)၊
၄။ အက္ခရာဝိသောဓနီ၊
၅။ ဝေါဟာရဘေဒတ္ထကျမ်း၊
၆။ ရာဇဝိသေကဒီပနီ (မ ၁၂၁၈)၊
၇။ လိလာဝတီဂဏ္ဍပါဠိသာရနိဿယကျမ်း၊
၈။ နဝဗုဒ္ဓပူဇနကျမ်း (မ ၁၂၂၁)
၉။ ပေါရာဏကထာကျမ်း၊
၁၀။ ဥပါယကထာကျမ်း၊
၁၁။ သီလကထာကျမ်း၊
၁၂။ ဒေါသကထာကျမ်း၊
၁၃။ နိရယထာဒီပကာ၊
၁၄။ ဆေးပင်ဝေါဟာရတ္ထဘေဒ၊
၁၅။ ကံဒွါရ အဆုံးအဖြတ်(မ ၁၂၂၅)၊
၁၆။ ဗုဒ္ဓနဝမဝိနိစ္ဆယ (မ ၁၂၂၁)၊
၁၇။ ဥပေါသထဝိနိစ္ဆယ၊
၁၈။ အာပတ္တိဝိနိစ္ဆယ၊
၁၉။ ဝိဝါဒဝိနိစ္ဆယ (မ ၁၂၁၅-၁၇)၊
၂၀။ မောင်းထောင်ဆရာတော်ဖြတ်ထုံး (မ ၁၂၂၄)
၂၁။ အဒိန္နာဒါနဝိနိစ္ဆယ၊
၂၂။ နာဂရဇ္ဇပွတ္တိကထာပါဌ်၊
၂၃။ သဒ္ဒနီတိဋီကာပါဌ်၊
၂၄။ ၅၅၀ ဇာတ်ဋီကာသစ်ပါဌ် (မ ၁၂၃၀)၊
၂၅။ ဇာတတ္ထကီဋီကာပါဌ်၊
၂၆။ သာသနဝံသပ္ပဒီပကာ (ပါဌ်) (မ ၁၂၂၃)၊
၂၇။ သီဟဠသီမာသန္ဒေသကထာပါဌ်၊ သီမာနယဒပ္ပနပါဌ်၊

မောင်ဇေယျာ

**စာကိုး**

၁။ သုဒဿန၊ မောင်းထောင်ရုပ်လုံးဖော်ဋီကာ။

၂။ ကေလာသ၊ အရှင်၊ မန္တလေးသာသနာဝင်၊ အတွဲ (၂၅)၊ ရန်ကုန်၊ မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်၊ ၂၀၁၄။

၃။ မောင်းထောင်ဆရာတော်၊ အက္ခရဝိသောဓနီ၊ မန္တလေး၊ ရတနာဒီပံပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၃။

၄။ မြစ်ကြေ့ဆရာတော်၊သဒ္ဒနီတိနိဒါန်း။ (ဆရာပါရဂူစာစု)။

ဝါးဖြူတောင်ရွာမှ ဂုဏ်ရှိရဆန်သော

# စူဠာမဏိဆုတောင်းပြည့်စေတီတော်

**ကိုအေးအောင်(အင်းတော်)**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊မန်လည်ဒေသ၊ ဝါးဖြူတောင်ရွာတွင်တည်ရှိသည့် စူဠာမဏိဆုတောင်းပြည့်စေတီကို ကြည်ညိုနိုင်ရန်အတွက် ၁၀-၁၂-၂၀၂၂ ခုနှစ်၊ စနေနေ့တွင် မဖြူဇင်မြင့်၊ မသန္တာမွန်တို့နှင့်အတူသွားခဲ့ပါသည်။


မန်လည်သို့သွားသည့်ကားလမ်းမှာ ပြေချောမှုမရှိပါ။ ထိုလမ်းအတိုင်းပင် ဆိုင်ကယ်နှစ်စီးဖြင့် သွားခဲ့ပါသည်။

ပြေချောမှုမရှိသော မန်လည်ကားလမ်းအတိုင်းသွားခဲ့ပြီး မန်လည်တောင်ကုန်းရောက်သောအခါမှ ဝါးဖြူတောင်ရွာသို့သွားသောလမ်းအတိုင်း သွားရပါသည်။ မန်လည်ဝါးဖြူတောင်လမ်းမှာ မြေသားလမ်းအဆင့်သာ ရှိနေပါသေးသည်။

ဝါးဖြူတောင်ဘုန်းကြီးကျောင်းသို့ အဝင်လမ်းကို ကျောင်းဆောင်အရောက်ရောက်သည်အထိ သမံတလင်းခင်းထားပါသည်။ကျောင်းဝင်းသို့အဝင်တွင် ခံ့ထည်လှသောမုခ်ဦးကြီးက ဆီးကြိုနေပါသည်။ မုခ်ဦးတွင် 'မဏိရတနာကျောင်း'ဟုရေးထိုးထားပါသည်။ မုခ်ဦးအောက်နားတွင် 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' ဟူသောစာကို တွေ့မြင်ရပါသည်။

မုခ်ဦးမှကျောင်းရောက်သည်အထိ သပြေဘူတပင်များကို ဘေးနှစ်ဖက်တွင် တန်းစီစိုက်ထားပါသည်။ သပြေဘူတအပွင့်တို့မှာ ဝါရွှေရောင်ဖြစ်သည်။ ထိုအပွင့်တို့က မုခ်ဦးကိုခံ့ထည်စေပါသည်။

မုခ်ဦးတံခါးကို စတီးသံပန်းဖြင့်ပြုလုပ်ထားပါသည်။ မုခ်ဦးမှကြည့်လိုက်ပါက ကျောင်းဆောင်နှင့်စူဠာမဏိစေတီတော်ကို ဖူးမြင်နိုင်ပါသည်။



ဝါးဖြူတောင်ရွာမှ ရှေးဟောင်းစေတီကိုင်ထားသော စူဠာမဏိ ဆုတောင်းပြည့်ဘုရားစေတီ

စေတီဟောင်းမှအုတ်ချပ်မှာ အရှည်တစ်တောင်၊ အနံတစ်ထွာကျော်၊ ထုတစ်လက်မရှိပါသည်။ စူဠာမဏိဆုတောင်းပြည့်စေတီအားဖူးမြော်နေသော မောနေယျရဟန်းတော်ရှေ့တွင် အုတ်ချပ်ဟောင်းအချို့တို့ကို ထားရှိပါသည်။ ရဟန်းတော်၏နောက်ကျောတွင် တံခွန်တိုင်ရှိသည်။

မူလစေတီဟောင်း၏တစ်ခုသောအုတ်ချပ်ကို ဗန်းမောက်မြို့နယ်၊မြစ်သေးကျင်းရွာရှိ ရွှေကွန်းတောင် ဓမ္မပွဲဓာန်ဆုတောင်းပြည့်ဘုရားစေတီတွင် ဒေါ်လုံးကိုယ်တိုင် ဌာပနာခဲ့ပါသည်။


ဖြိုဟ်ရှစ်ခွင်ဖြင့်ဝိုင်းပတ်ထားသော



ယောင်းရာကျောက်တိုက်တောရကျောင်းမှ ပင့်ခဲ့သော ဆင်းတုတော် (ရွှေသက်နံနှင့်)




ပန်းမောက်မြစ်သေးကျင်းရွာမှ
ဝါးဖြူတောင်မှ ရွှေယောင်းအုတ်ချပ်ကို
ရှာပမှာထားသည့် စေတီတော်



ရွှေယောင်းစေတီ(ဘိုးတော်မင်းတရားလက်ထက်တည်ခဲ့သောစေတီ)



ရွှေယောင်းကျောက်ဖြူ ဆင်းတုအစ်



ဝါးဖြူတောင်မှ မေ့မထီရတနာကျောင်းအောက်ထပ်မှ ဘုရားခန်းရှိဆင်းတုတော်



စေတီရင်ပြင်ရှိ မောနေယျရုပ်ပွားတော်
ရှင်သမထီစေတီကိုပူဇော်နေပုံ

ဗောဓိပင်တစ်ပင်ရှိပါသည်။ ၁၃၇၈ ခုနှစ်၊ တန်ခူးလအခါမှစ၍ ကတော့ထိုးခဲ့သည်မှာ ၁၀- ၁၂- ၂၀၂၂ စနေနေ့အထိ အကြိမ်ကြိမ်ဖြစ်ပါသည်။ ကတော့မပြေသေးသောအရွက်များ မြင်တွေ့ခဲ့ရပါသည်။ကတော့ထိုးသောအခါ အသံလွင်များထွက်ပါသည်။

ထိုဗောဓိပင်ကြိုဟ်ရှစ်ခွင်တွင် ရှာခံဒေါ်လုံး၊ မဖြူဇင်မြင့်၊ မသန္တာမွန်တို့ အမှတ်တရဓာတ်ပုံ ရိုက်ခဲ့ပါသေးသည်။

ဗောဓိပင်ကြိုဟ်ရှစ်ခွင်အနီးတွင် ရေကန်ရှိပါသည်။ကန်မှာ ရေနည်းနေပြီဖြစ်သည်။ရေကန်ထဲတွင် ကြာပြာတစ်ပွင့်နှင့်ကြာနီတစ်ပွင့်တို့ကို မြင်ခဲ့ရပါသည်။ ကြက်ကြာအမျိုးအစားဖြစ်ပါသည်။ နွေရာသီတွင်ပင် ရေမခန်းသောကန်ဖြစ်ကြောင်းပြောပြခဲ့ကြပါသည်။

မဏိရတနာကျောင်း၏ကွက်လပ်တွင် သိမ်ကျောင်းတစ်ဆောင်ရှိပါသည်။ သိမ်ဒကာတို့မှာ ရန်ကုန်မြို့နေ ဦးစိုင်းကျော်မြ+ဒေါ်ခင်မျိုးသစ်(ခေါက်ဆွဲစက်ပိုင်ရှင်) တို့ဖြစ်ကြောင်းသိခဲ့ရပါသည်။

၁၃၈၁ခုနှစ်၊ ဝါဆိုလဆန်း(၇)ရက်နေ့မှစ၍ လိုင်းကျင်းတူးပြီးဆောက်လုပ်ခဲ့ကြပါသည်။ နှစ်ထပ်အုတ်တိုက်သိမ်ကျောင်းဖြစ်သည်။ အမိုးကို ခိုဆောင်နှစ်ထပ်ဖြင့်ပြုလုပ်ထားပြီး သွပ်မိုးထားပါသည်။

မဏိရတနာကျောင်းဝင်းထဲရှိစည်စင်ကို အများဒကာဖြင့်ဆောက်လုပ်ထားခြင်းဖြစ်သည်။ခြေတံရှည်တစ်ထပ်ဆောင်ဖြစ်သည်။ စည်စင်အမိုးတွင်ခိုဆောင်ရှိပြီး ထိပ်တွင် ထီးတင်ထားပါသည်။

စည်ကြီးမှာလည်း အများဒကာဖြစ်သည်။ ခေါင်းလောင်းသီးခြားမရှိသေးပါ။ ဗုံးဆန်နှင့်ကားဘီးထိပ်ဖုံးတို့ကို ချိတ်ဆွဲထားသည်။

ကျောင်းဆောင်အောက်ထပ်ရှိ ဘုရားခန်းတွင် ကျောက်ဆင်းတုတစ်ဆူကိန်းဝပ်ပူဇော်ထားပါသည်။ မြတ်စွာ

ဘုရားရှင် ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာ တရားဟောနေဟန်မှုဒြာဖြစ်သည်။ဘုရား ဒကာတို့မှာ ဦးသန်း+ဒေါ်ခင်အေးတို့ဖြစ်ပါသည်။

စူဠာမဏိ ဆုတောင်းပြည့်စေတီဝင်း၏အပြင်ဘက်တွင် ရောင်စုံပန်းများ ဖူးပွင့်နေကြသည်။ ရောင်စုံပန်းများက အလှချင်းပြိုင်နေကြပါသည်။ နှင်းဆီပွင့်များမှာလည်း အပွင့်ကားကားဖြင့် လှပနေပါသည်။အခြားသောပန်းများကလည်း လှပဝေဆာလျက်ရှိနေကြပါသည်။

ရွာထဲရှိနှင်းဆီပန်းမှအစ အခြားသောပန်းများဖူးပွင့်မှု ရပ်တန့်သွားကြပြီဖြစ်သည်။ စူဠာမဏိဆုတောင်းပြည့်စေတီရှိပန်းတို့ လှပစွာဖူးပွင့်နေကြခြင်းမှာ အစောင့်အရှောက်များက စောင့်ရှောက်ထားသောကြောင့်ဟု ဒေါ်လုံးနှင့် ဆရာမဒေါ်သင်းသင်းလှိုင်တို့က ပြောခဲ့ကြပါသည်။

ကျောင်းထဲသို့ရောက်သောအခါ ဝေယျာဝစ္စလုပ်နေသူများဖြစ်ကြသော ဦးစံလင်း၊ ဦးပေါ်လှ၊ ဦးမောင်ဦးတို့က ရေနွေးကြမ်းနှင့်စားသောက်ဖွယ်ရာများချပေးသည်။ ချပေးလာသည်များကို စားသောက်နေကြစဉ် ယာယီကျောင်းထိုင်ဆရာတော်ဦးမေဓာနန္ဒမှ မုန့်မျိုးစုံတို့ကို ချပေးပြန်ပါသည်။

ယာယီကျောင်းထိုင်၏သက်တော်မှာ (၃၇) နှစ်ဖြစ်ပြီး ဝါတော်မှာ (၁၇)ဝါဖြစ်သည်။ ပျဉ်ထောင်ကုန်းဇာတိ ဖြစ်သည်။ ဦးမြဟန်နှင့်ဒေါ်အေးရွှေတို့မိဘနှစ်ပါးမှာ ကွယ်လွန်ပြီးဖြစ်သည်။ ဦးသိန်းအောင်+ဒေါ်တင်နုတို့က ရဟန်းခံပေးခဲ့ကြသည်။

ပထမကျောင်းထိုင်ဆရာတော်ဦးကုမာရမှာ ကိုဗစ်ကာလတွင် ဘဝနတ်ထံပျံလွန်တော်မူသွားခဲ့သည်။

လစ်လပ်သွားသောကျောင်းထိုင်နေရာတွင် သက်တော် (၂၉)နှစ်ရှိသော ဦးကုမာရဖြစ်သည်။ ခမည်းတော်၊ မယ်တော်တို့မှာ ဦးအောင်ငွေ+ဒေါ်လှရီတို့ဖြစ်သည်။ မွေးချင်း (၇)ယောက်တွင် (၄)ယောက်မြောက်ဖြစ်သည်။ ဦးကုမာရမှာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းတက်နေဆဲဖြစ်ပါသည်။

၁၀-၁၂-၂၀၂၂ နေ့၏အလှည့်ကျ ဝေယျာဝစ္စအဖွဲ့မှာ မညိုစိန်နှင့်မချိုသိန်းတို့ပါဝင်ကြသည်။ဦးကုမာရ၏လေးလေးမစပယ်လည်း ရောက်ရှိကူညီနေသည်။


ဆွမ်းစားချိန် ရောက်သောအခါ ယာယီကျောင်းထိုင်ဦးမေဓာနန္ဒအား မဖြူဇင်မြင့်၊ မသန္တာမွန်တို့က အလှည့်ကျ



ရွှေဟောင်းစေတီကိုပူဇော်ထားကြပုံ



ယာယီကျောင်းထိုင်ဘုန်းကြီးဦးမေဓာနန္ဒ



ဌာပနာတိုက်မှရရှိသည့် ဓာတ်တော်မွေတော်များ ထည့်ထားသည့် မြေသပိတ်



ရွှေဟောင်းစေတီဌာပနာသည့် နှစ်ဖက်အစ်သည့်ပုံတော်ကို တစ်ဖက်စီပြထားပုံ



ကျောင်းထိုင်ဘုန်းကြီးဦးကုမာရ



ဝါးဖြူတောင်မှ ကျောင်းဝင်းမုခ်ဦး



ဝါးဖြူတောင်ရွာရှိ မဃဒေဝရတနာဘုန်းကြီးကျောင်းနှင့် စေတီတော်




အလှည့်ကျတွမ်းချက်အဖွဲ့နှင့်မဖြူခင်မြင့်၊ မသန္တာမွန်တို့ ဆွမ်းကပ်နေကြစဉ်



ဘုရားစေတီအပြင်မှ နှင်းဆီပန်းပွင့်ရုံနှင့် အခြားပန်းရုံများ



ဒွာပမုခ်တိုက်မှရရှိသည့်
ရှင်ဥပဂုတ္တကျောင်းဆောင်



ရှေးဟောင်းစေတီတော်မှရရှိသည့်
သုဓာတာဆွမ်းကပ်နေသည့်ရုပ်တု

ဝေယျာဝစ္စအဖွဲ့နှင့်အတူ ဆွမ်းကပ်လိုက်ကြပါသည်။

စူဠာမဏိဆုတောင်းပြည့်စေတီနှင့် ကပ်လျက်မြေနေရာတွင်ကျောင်းဆောက်ထားပါသည်။ ဘုရားဆောင်နှင့်လှေကားဆောင်အပါအဝင် (၉×၃)ခန်း နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ ၁၃၈၀ ပြည့်နှစ်တွင် ရပ်ရွာလူထုမှ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ မဏိရတနာကျောင်းဆောင်ဟု အမည်ရပါသည်။

ကျောင်းဆောင်အပါအဝင် သာသနိကအဆောက်အအုံများဆောက်လုပ်နိုင်ရန်အတွက် မြေနေရာကိုလှူဒါန်းထားကြပါသည်။ ဝါးဖြူတောင်ရွာမနေ ဦးမြမောင်+ဒေါ်ခင်ဆွေဦးနှင့်ဒေါ်သေး၊ ဒေါ်လှဝင်းတို့မှ မြေကွက်များကိုလှူဒါန်းထား

ပါသည်။၎င်းပြင် ရပ်ရွာလူထုမှတစ်ဆက်တည်းသောမြေနေရာကိုဝယ်ယူလှူဒါန်းထားကြပါသေးသည်။ လက်ရှိကျောင်းမြေနေရာ (၅)ကေရှိပါသည်။

ယခုဖူးတွေ့နေရသော စူဠာမဏိဆုတောင်းပြည့်စေတီမှာ မူလဘုရားစေတီဟောင်းကိုငုံ၍တည်ထားပါသည်။ဉာဏ်တော် (၁၅)တောင်ရှိသည်။ စေတီရံ (၄)ဆူ၊ မုခ်(၄)မုခ်ခြင်္သေ့ (၄)ကောင်တို့ပါဝင်သည်။

မူလစေတီဟောင်းမှာ မုခ်တစ်မုခ်ပါစေတီဖြစ်သည်။ ကောဇာနှစ် ၁၁၇၀ ပြည့်နှစ်တွင် ဘိုးတော်မင်းတရားကြီးတည်ထားခဲ့သော မုခ်တစ်မုခ်ပါစေတီများမှတစ်ဆူဖြစ်ပါသည်။ အမရပူရမြို့တည် နန်းတည်ဘိုးတော်မင်းတရားဖြစ်ပါသည်။



ကြာပြာရှိသည့် ရေကန်



ကျောင်းဝင်းထဲရှိသိမ်ကျောင်းဆုံ



မသဉ္ဇာမွန်၊ မဖြူခင်မြင့်နှင့်ရွာခံဒေါ်လုံးတို့ ဗောဓိပင်ကြိုပ်ရှစ်ခွင်တွင် အမှတ်တရ



ရပ်ရွာမှတည့်ဝင်လှူဒါန်းငွေများဖြင့်ဆောက်ထားသည့် ဇည်းခင်ပုံ



မဖြူခင်မြင့်နှင့်မသဉ္ဇာမွန်တို့၏ ဓါနကာသိုလ်တို့ကို ခေါင်းစေလာင်းထိုး၍အမျှဝေနေကြစဉ်

အရှေ့မုခ်တွင် မူလစေတီပေါင်းမှ ကျောက်ဖြူဆင်းတုတော်ဘုရားကိန်းဝပ်စံပယ်နေပါသည်။ ရွှေပေါင်းဘုရားအစစ်ဖြစ်သည်။ မုခ် (၃)မုခ်တွင်ရှိသည့် ကျောက်ဆင်းတုတော်များမှာ ပုံစံတူများဖြစ်ပါသည်။အနောက်မုခ်တွင်ရှိနေသော ဆင်းတုတော်မှာ လောင်းစုကျောက်တိုက်တောရကျောင်းမှပင့်ခဲ့သည်။ဆရာမဒေါ်သင်းသင်းလှိုင်တို့မိသားစုတည်ခဲ့သော စေတီတော်မှပင့်ခဲ့ခြင်းဖြစ်သည်။

စူဠာမဏိဆုတောင်းပြည့်စေတီ၏ဝင်းထဲတွင် ကြေးခေါင်းလောင်းနှစ်လုံး ချိတ်ဆွဲထားသည့် ခေါင်းလောင်းစင်ရှိသည်။ အကြီးတစ်လုံးနှင့်အသေးတစ်လုံးဖြစ်သည်။ ထိုခေါင်းလောင်းစင်သည် ဘုရားစေတီဝင်း၏စနေထောင့်တွင်ရှိနေပါသည်။

ကြေးချိန်(၃၁. ၅၀)ပိဿာရှိသော ခေါင်းလောင်းအလှူရှင်မှာ (ဦးကျော်ဟန်) + ဒေါ်တင်လှမိသားစုတို့ ဖြစ်ပါသည်။

ကြေးချိန်(၁၉. ၂၅)ပိဿာရှိသော ခေါင်းလောင်းအလှူရှင်မှာ ဦးကျော်ဝင်း+ဒေါ်နန်းခင်ထွေးနှင့် ဦးအောင်လှ+ဒေါ်တင်အေးတို့ဖြစ်ကြသည်။

မဖြူဇင်မြင့်နှင့်မသန္တာမွန်တို့နှစ်ဦးသည် စူဠာမဏိဆုတောင်းပြည့်စေတီ၏ ရွှေပေါင်းဆင်းတုတော်အစစ်ရှိသည့် အရှေ့မုခ်တွင် ဖူးမြော်ကန်တော့ကြပါသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် မဖြူဇင်မြင့်နှင့်မသန္တာမွန်တို့က ခေါင်းလောင်းထိုး၍ အမျှပေးဝေလိုက်ကြပါသည်။ ကြား ကြားသမျှ အမျှ အမျှ အမျှ။

မူလဘုရားစေတီပေါင်းတွင် မုခ်တစ်မုခ်သာရှိပါသည်။ ထိုမုခ်တစ်မုခ်ထဲတွင် ကျောက်ဖြူဆင်းတုတော်သည်လည်း ကိန်းဝပ်စံပယ်လျက်ရှိနေပါသည်။

အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးသည် ရွှေဂူစေတီများ တည်ထားနိုင်ရန်အတွက် ဓာတ်တော်၊ မွေတော်ဌာပနာကြုတ်များနှင့် ရွှေရုပ်တု၊ ငွေရုပ်တု၊ ကျောက်ဖြူဆင်းတုတော်တို့ကို မြို့ဝန်၊ စစ်ကဲ စသည်တို့ကို အပ်နှံလိုက်သည်။ထိုအချိန်က မန်လည်နယ်ပယ်ကိုမြို့ဝန်အုပ်ချုပ်နေသည်။မန်လည်နယ်ပယ်တွင်ပါဝင်သည့် ဝါးဖြူတောင်ရွာတွင်တည်ထားခဲ့ခြင်းဖြစ်ပါသည်။

ခေတ်ကာလအဆက်ဆက်ကြာမြင့်လာသောအခါ ပြိုဖျက်သွားခဲ့ရပါသည်။ ရွာနှင့်မဝေးသော လယ်ကွင်းထဲတွင် စေတီပေါင်းကထီးထီးကြီးတည်ရှိနေပါသည်။

အနီးအနားတစ်ဝိုက်သို့ ရောက်ရှိသွားကြသူများကလည်း မြွေကြီးများတွေ့ခြင်း၊ တစ္ဆေသရဲအခြောက်ခံရခြင်းတို့ကြောင့် မသွားရဲကြပါ။

သို့သော်လည်း ဝါးဖြူတောင်ရွာ၏အစိုးရမူလတန်းကျောင်းတွင် တာဝန်ကျလာသော ဆရာမဒေါ်သင်းသင်းလှိုင်သည် ညနေတိုင်းတွင် ကျောင်းသူကျောင်းသားများနှင့်အတူ ဘုရားစေတီပေါင်းကိုသန့်ရှင်းရေးလုပ်ပေးခြင်း၊ ဆီမီးပူဇော်ခြင်းနှင့်ပန်းရေချမ်းကပ်လှူခြင်းတို့ကို ပြုလုပ်လျက်ရှိနေပါသည်။

- ဆရာမ ဒေါ်သင်းသင်းလှိုင်နှင့် ကျောင်းသူ ကျောင်းသားအချို့တို့သည် ၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်၊ ညနေ (၅)နာရီတွင်လည်း အခါတိုင်းကဲ့သို့ပင် ရွှေပေါင်းစေတီတော်ကို သန့်ရှင်းရေးပြုလုပ်နေကြသည်။ ထိုစဉ်တွင် စေတီပေါင်း၏အပေါ်ပိုင်းပြိုကျလာခဲ့သည်။ ဌာပနာတော် (၂၆)ဆူမြေခခဲ့သည်။စေတီတော်နှင့်ရုပ်ပွားတော်တို့ကပ်လျက်ရှိသော ဌာပနာတော်တို့ပါလာခဲ့သည်။ ကွေး၍ဆန့်၍ရသောသတ္တုတို့ဖြင့်ပြုလုပ်ထားသည်။ ရရှိလာခဲ့သော ဌာပနာတော် (၂၆) ဆူတို့ကို မန်လည်ကျောင်းကြီး(တောင်ကျောင်း)သို့ ပို့လိုက်ကြသည်။

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်နေ့ နံနက်ပိုင်းမှစ၍ ရပ်ရွာမှ စေတီတော်နှင့်ဝန်းကျင်တို့ကိုသန့်ရှင်းရေးလုပ်ကြသည်။ ယာယီအဆောက်အဦများ ဆောက်လုပ်ကြသည်။

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက် နံနက်ပိုင်းတွင် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ မန်လည်သာသနာအဖွဲ့မှဆရာတော်ကြီးများ၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂေါပကလူကြီးများ၊ ရပ်ဝေးရပ်နီးမှပြည်သူများစုပေါင်း၍ စေတီတော်၏အလယ်ဌာပနာတိုက်ကိုဖြိုဖျက်လိုက်ကြသည်။

ထိုအခါ ဌာပနာတော်များ ထပ်မံရရှိလိုက်ပြန်ပါသည်။ ရှင်ဥပဂုတ္တဆောင် (၁) ခု၊ ဖတ်၍မရတော့သောငွေပုရပိုက် (၁)ခု၊ ဓာတ်တော်မွေတော်နှင့် ရတနာပစ္စည်းထည့်ထားသည့် မြေသပိတ်(၂)လုံး၊ ကပ်လျက်ရှိသော ရုပ်ပွားတော်စေတီ(၂)ဆူအပါအဝင် ဌာပနာတော်(၁၇)ဆူတို့ကိုထပ်မံရရှိလိုက်ပါသည်။

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့တွင် မန်လည်ကျောင်းကြီးသို့ပို့ထားသည်များကို ပြန်လည်ပင့်ဆောင်ခဲ့ပြီး ထပ်မံရရှိခဲ့သောဌာပနာတော်များနှင့်အတူ အပူဇော်ခံထားလိုက်ကြပါသည်။

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်နေ့တွင် ဆရာတော်ကြီးများမှပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်၍ မြေသန့်မင်္ဂလာပြုလုပ်ပါသည်။

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း (၁၁)ရက်၊ နံနက် (၈း၃၀)နာရီတွင် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂေါပက



ကျောင်းဝင်းထဲရှိ
သခြေဘုတအပွင့်များနှင့်မှန်ဦးအလှ



ရွှေပေါင်းစေတီ၏ဖြစ်ပျက်ပုံတော်ခဲ့ကြမှုတို့ကို
ပြောပြနေကြသော
- ရွာခံဒေါ်လုံးနှင့်ဆရာမဒေါ်သင်းသင်းလှိုင်

လူကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ စေတီဟောင်းကိုငုံနိုင်ရန်အတွက် အုတ်မြစ်စီမင်္ဂလာပွဲ ဆင်ယင်ကျင်းပကြပါသည်။

စေတီတော်အသစ် ပြန်တည်ပြီးသောအခါ မူလရရှိထားသောဌာပနာတော်များနှင့်အတူ အများပြည်သူများလှူဒါန်းထားသည့် ရတနာပစ္စည်းများ၊ စေတီတော်များ၊ ရုပ်ပွားဆင်းတုတော်များကိုလည်း ဌာပနာလိုက်ကြပါသည်။

ဝါးဖြူတောင်ရွာတွင်ဖူးမြင်နိုင်သောစေတီတော်မှာ ဘိုးတော်မင်းတရားကြီးလက်ထက် ၁၁၇၀ ပြည့်နှစ်တွင် တည်ထားကိုးကွယ်ခဲ့သော စေတီဟောင်းကိုငုံ၍ တည်ထားခြင်းဖြစ်ပါသည်။

စေတီဟောင်းနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်တို့ကို ဦးစံကြွင်း၊ ဦးစံလင်း၊ ဒေါ်လုံး၊ ဒေါ်သင်းသင်းလှိုင်တို့က ပြောပြခဲ့ကြပါသည်။

ဦးသက်နိုင်ဝင်း၏ဇနီး၊ ဆရာမဒေါ်သင်းသင်းလှိုင်သည် ရှေးဟောင်းစေတီတွင် ကျောင်းသားများနှင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဝေယျာဝစ္စများပြုလုပ်ခဲ့ပါသည်။

တစ်ညတွင် စေတီဟောင်း၏လိုဏ်ဂူအောက်သို့ဆင်းသွားခဲ့ရသည်။သို့သော်လည်း ကြောက်သဖြင့် အောက်ဆုံးအထိမဆင်းဘဲပြန်တက်လာခဲ့သည်။ အဲဒီလိုမြင်မက်ပြီးမကြာခင်မှာ ဝတ်ဖြူစင်ကြယ်အဘိုးက ပြောလာပြန်ပါသည်။

"သာသနာပြုတဲ့အလုပ်ကိုမလုပ်ဘူး၊ လယ်လုပ်တဲ့သူတွေကလည်း စည်းကမ်းမရှိဘူး။ လယ်လုပ်ကြတာ စေတီပျက်နားအထိရောက်လာကြပြီ။ ဒါပေမယ့် သူတို့တစ်တွေ ပြန်ပေးကြရမှာပါလေ။ ဘုရားပျက်ဆိုပြီး မလေးမခန့်လုပ်ကြတယ်။ အဲဒါ ရှေးဟောင်းဘုရား၊ မရှိမသေလုပ်ကြတဲ့သူတွေအပြစ်ခံကြရလိမ့်မယ်"

အဘိုးက ဘုရားကိုမသွားဘူးဟုပြောလာသဖြင့် အမြဲတမ်းသွားခဲ့ရသည်။ မြွေကြီးများတွေ့သော်လည်း ရန်မပြုကြဘဲ ခွေ၍သာနေကြသည်။ဘုရားတွင် ရွှေသက်န်းသုံးကြိမ် ကပ်လိုက်သည်။ အိမ်တွင် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲပြုလုပ်သည်။ လောင်းစုကျောက်တိုက်တောရကျောင်းတွင် စေတီတည်ပြီး ကျောက်ဆင်းတုလှူခဲ့သည်။

တစ်ခါတွင် တရှောင်ရှောင်နှင့်ဖျားနေခဲ့ပါသည်။ဖျားနာနေရင်းနဲ့အိပ်တဲ့တစ်ညမှာ အသက်(၇၀)ရှိပြီဖြစ်သော အဘဘိုးတော်ဖြူ ရောက်လာခဲ့သည်။ အဘဘိုးမင်းခေါင်ကဆေးကုခိုင်း၍ လာခဲ့ကြောင်းပြောပါသည်။ ဘိုးတော်ဖြူကဆေးတစ်ခွက်တိုက်လိုက်သောအခါ ဖန်ကွဲစတွေထွက်လာခဲ့သည်။ မနက်ရောက်တော့ဖျားနာမှုပျောက်ကင်းသွားခဲ့သည်။

ကိုဗစ်ကာလ ရောက်ခါနီးတွင် အဘိုးနှစ်ဦးရောက်လာခဲ့သည်။ ရောဂါဆိုးကျရောက်လာတဲ့အခါ အန္တရာယ်မဖြစ်အောင်ဆိုပြီး ရတနာ့သုတ်ရွတ်ပေးသွားခဲ့ပါသည်။နောက်(၂)လလောက်ကြာသောအခါ ရတနာ့သုတ်ကိုရွတ်ပေးလာပြန်ပါသည်။

တစ်ညတွင် ဆံပင်သာမက မျက်ခုံးမွေးပါဖြူနေသော မျက်နှာပြားပြား၊ မေးရိုးကားကားနှင့် ဝတ်ဖြူစင်ကြယ်အဘိုးသည် ကျောက်ဖြူဆင်းတုတော်ကိုရွက်၍ မုခ်ပေါက်အသစ်သို့ထားလိုက်သည်။ ထိုသို့မြင်မက်ပြီးမကြာခင်တွင် ကျောက်ဖြူဆင်းတုတော်ကိုမုခ်ထဲသို့ပို့ခဲ့ကြသည်။

အရှေ့မုခ်ထဲရှိကျောက်ဖြူဆင်းတုတော်ကိုဓာတ်ပုံရိုက်လိုက်သောအခါ ထီးဖြူမိုးလျက်ရှိနေသည်။ ထိုအခါ ဓာတ်ပုံဆရာမှ ထီးဖြူလှူခဲ့ပါသည်။ ယခုအခါတွင် ထီးဖြူမိုးထားသောကျောက်ဖြူဆင်းတုတော်ကိုဖူးရမည်ဖြစ်ပါသည်။

ရှေးဟောင်းစေတီကို သန့်ရှင်းရေးလုပ်ရန်နှင့် လိုအပ်သည်များပြုလုပ်ရန်လာရောက်ကြသူများကို ကျွေးမွေးရန်အတွက် ထမနဲထိုးကြပါသည်။ လာရောက်ကြသူများက စနေထောင့်မှ ရှေးဟောင်းစေတီကို ဓာတ်ပုံရိုက်ကြသည်။ ထိုအခါ ဘုရားစေတီဟောင်း၏အထက်တွင်နဂါးသုံးကောင်၊ဘုရားစေတီအောက်ခြေတွင် နဂါးလေးကောင်ပါးမျှဉ်းထောင်လျက်ကို တွေ့မြင်လိုက်ကြရပါသည်။

ဘုရားစေတီမပြုပြင်မီ ရာဇမတ်ကာအတွင်းတွင် ဆီမီးတစ်ထောင်ထွန်းလျက် ပူဇော်ကြသည်။ မီးညွန့်များသည် စေတီတော်ပုံစံအတိုင်းဖြစ်နေသည်။

ထိုအခါ စေတီတော်ပုံအတိုင်း မီးညွန့်ထိုးသွားသည်ကို ဓာတ်ပုံရိုက်ကြသည်။ ဓာတ်ပုံထဲတွင် စေတီပုံမီးညွန့်မပေါ်ဘဲ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများပေါ်နေသည်။ အောက်ဌာပနာတိုက်တွင် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးနှင့်ရတနာပစ္စည်းများရှိနေသည်ဟုယူဆကြသည်။

ဝါးဖြူတောင်ရွာမှ ဒေါ်လုံး ပုတီးစိပ်၍ပြန်သောအခါ နောက်လှည့်ကြည့်လိုက်လျှင် မြွေဖြူလေးတစ်ကောင်ကိုမြင်လိုက်ရသည်။မုခ်ဦးကိုကျော်၍အပြင်ကနေလှည့်ကြည့်သောအခါ မြွေဖြူလေးကိုမမြင်တွေ့ရတော့ကြောင်း ဒေါ်လုံးက ပြောပြခဲ့သည်။ ဤသို့မြင်တွေ့ရခြင်းသည် ပုတီးစိပ်ရန်လာသည့်အခါတိုင်းဖြစ်သည်။

သိမ်ကျောင်းဆောက်ရန်သတ်မှတ်ထားသောမြေနေရာတွင် သံဃာတော်အရှင်မြတ်များ ပရိတ်ရွတ်ကြပါသည်။ ပရိတ်ရွတ်နေစဉ်တွင် ကြွရောက်လာကြသူများက တရားတော်နာကြားနေကြပါသည်။ဝတ်ဖြူစင်ကြယ်နှင့်ကွက်ထောက်ပုဆိုးဝတ်ထားသောပုဂ္ဂိုလ်တစ်ဦးကလည်း ထောင့်တစ်နေရာတွင် တရားနာနေသည်။

ထိုစဉ်တွင် တရားနာနေသော်လည်း လက်အုပ်ချီ ရှိခိုးခြင်းပြုမနေသော ဒေါ်မအေး၏လက်မောင်း ပုတ်လိုက်သည်။

ထိုအဖြစ်အပျက်တို့ကို ဦးမြမောင်၏ဇနီး ဒေါ်ခင်ဆွေဦးက ဖုန်းကင်မရာဖြင့်ကြည့်နေစဉ်တွင် မြင်တွေ့လိုက်ရကြောင်း ပြောပြခဲ့ပါသည်။

ရှေးဟောင်းစေတီအား ငှက်ပျောပွဲ(သာသနာပွဲ)ဖြင့် ပူဇော်ထားသည်ကို ဖုန်းဖြင့်ရိုက်လိုက်သောအခါ မြောက်မြားလှစွာသောမင်းညီမင်းသားများ၊ ဝန်ကြီးများနှင့် မှူးမတ်ဗိုလ်လူအပေါင်းတို့ ရှေးဟောင်းစေတီကို ရှိခိုးနေကြသည်။ သာသနာပွဲနှင့် စေတီတော်ကိုပူဇော်ထားစဉ်ဖုန်းဖြင့်ရိုက်လိုက်သောအခါ ပေါ်လာကြောင်းကို ရွာခံဒေါ်လုံးက ပြောပြခဲ့ပါသည်။

အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး၏စီစဉ်မှုဖြင့် တည်ထားခဲ့သောရှေးဟောင်းစေတီကိုငုံ၍ တည်ထားသည့် စူဠာမဏိ ဆုတောင်းပြည့်စေတီသည် ဝါးဖြူတောင်ရွာတွင် အထင်အရှားရှိနေပါသည်။ဝါးဖြူတောင်ရွာခံများကလည်း ကိုးကွယ်ဆည်းကပ်နေကြပါသည်။

ပဌာန်းဆက်ရှိသူများသာ ဂမ္ဘီရဆန်သောဖြစ်ပေါ်မှုများကို တွေ့မြင်ကြရပါသည်။ ထူးခြားမှုများရှိနေသော ဝါးဖြူတောင်ရွာရှိ စူဠာမဏိဆုတောင်းပြည့်စေတီတော်အားအရောက်သွား၍ ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။

ကိုအေးအောင်(အင်းတော်)

ကျမ်းကိုး

မဲဇာခုနစ်ရွာသမိုင်း(အရှင်ဇဝန၊ မြစေတီ)၊

ဒေသခံများ၏ပြောပြချက်၊

ကိုယ်တိုင်သွား၍တွေ့မြင်ချက်။

# သံပုတ်သာဒင် ကဿာသင်းပွဲ

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့က ဝေပေါင်တောရကျောင်းတွင် ကပ္ပိယလုပ်နေသော ဆရာဦးမြင့်ထွန်းသည် စာရေးသူ၏အိမ်သို့ ရောက်လာပါသည်။ ပင်စင်လစာ လာထုတ်ခြင်းဖြစ်သည်။ ဝေပေါင်တောရကျောင်းသည် နမ့်စမ်းရွာနှင့် ဟဲနားရွာကြားတွင်ရှိသည်။ မိုးတားကြီးရွာနှင့်လည်း နီးသည်။ဝေပေါင် တောရကျောင်းဆရာတော်သည် ဦးမြင့်ထွန်း၏ ညီအရင်းဖြစ်သလို မိဘလက်ထက်ပိုင် လယ်သည် ဝေပေါင်ကျောင်းနားမှာ ရှိသည်။ သို့ဖြစ်၍ ညီဖြစ်သူအားလည်း စောင့်ရှောက်ရင်း ပင်စင်ယူပြီးဖြစ်၍ ဝေပေါင်တောရကျောင်းတွင် ကပ္ပိယ လုပ်နေခြင်းဖြစ်သည်။ စာရေးသူက မိုးတားကြီး အလယ်တန်းကျောင်းအုပ်လုပ်စဉ် ဦးမြင့်ထွန်းက မူလတန်းကျောင်းအုပ် ပင်စင်ယူပြီး မိုးတားကြီးကျေးရွာ ဥက္ကဋ္ဌ ဖြစ်ခဲ့သဖြင့် အတွဲညီညီတွဲခဲ့ကြသည်။ မိုးတားကြီးအလယ်တန်းကျောင်းမှအထက်တန်းကျောင်းခွဲ ရအောင်လည်း လုပ်ခဲ့ကြပါသည်။ထို့ကြောင့် ယနေ့အချိန်ထိ ခင်မင်ရင်းနှီးလျက်ရှိသည်။ စာရေးသူက အားလျှင်အားသလို ဝေပေါင်တောရကျောင်းသို့ သွားသလို ဦးမြင့်ထွန်းကလည်း ကသာရောက်လျှင် စာရေးသူတို့အိမ်သို့ရောက်လာသည်။ ဦးမြင့်ထွန်းရောက်လာသည်နှင့်-

"ဆရာကြီးအတွက် ရေးစရာကုန်ကြမ်းပါတယ်။ အဲဒီအကြောင်းမပြောခင် ကျွန်တော်ဖတ်ခဲ့ဖူးတဲ့ဇာတ်လမ်းကဗုဒ္ဓါမောင်နီ၊ ကျွန်တော်ပြောမှာက သံပုတ်သာဒင်အမည်တွင်တဲ့ အကြောင်းပဲ"

ဟု အစချီပါတော့သည်။

ကုန်ကြမ်းရတော့မည်ဖြစ်၍-

"ခင်ဗျားပြောတာ နားထောင်ပါ့မယ်"

ဟု စာရေးသူက တွန်းအားပေးလိုက်ပါသည်။

"ဆရာကြီးကျောင်းကိုပို့ပို့နေတဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းလား၊ သူရဇ္ဇမဂ္ဂဇင်းမှာလားမသိဘူး လွန်ခဲ့တဲ့လေးငါးနှစ်ကဖြစ်မယ်။သမ္ဗုဒ်သာဒင်အကြောင်း မရေးခင် ဗုဒ္ဓါမောင်နီအကြောင်း အ



ရင်ရေးပေါ့ဗျာ"

ဟု ဦးမြင့်ထွန်းကစျေးဆစ်နေပြန်ပါသည်။

"ဟုတ်ပါပြီခင်ဗျားပြောတဲ့အတိုင်းရေးပါ့မယ်ဗျာ"

ဟု စာရေးသူကလည်း သူသဘောကျအောင်စိတ်ကျေနပ်အောင်ပြောလိုက်ရပါသည်။

"ဒီလိုဗျ ရွာတစ်ရွာမှာ မောင်နီဆိုတဲ့ အသက် (၂၀) ကျော် (၃၀) အရွယ် လူပျိုကြီးရှိတယ်။ အဖေအမေမရှိတော့ ဘဲမောင်နှမနှစ်ယောက်သာရှိတယ်။ညီမ လုပ်သူကလည်းအိမ်ထောင်မပြုဘဲ မိဘ များထားခဲ့တဲ့လယ်ကိုဦးဆောင်လုပ်နေရ တယ်။မောင်နီက ဘာမှမလုပ်ဘူး။အချိန် ရှိသရွေ့အရက်သောက် မူးနေတယ်။ ရွာ မှာဘုရားပွဲလုပ်တော့ ဘုရားပွဲမှာလည်း မူးနေတာပေါ့။ တစ်ညမှာ မောင်နီဟာ မူးပြီး အိပ်နေတယ်။ ပွဲခင်းထဲရုတ်ရုတ်သဲ သဲဖြစ်ပြီးပွဲကြည့်တွေပြန်သွားတာတောင် မသိဘူး။ ရဲတွေရောက်လာတော့ သူ့ကို ဆွဲထူပြီး လက်ထိပ်ခတ် ဖမ်းလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင်နီနားမှာ လူတစ်ယောက်ဓားထိုးခံရပြီးသေနေတယ်။ ထိုးတဲ့ဓားကလည်း သူ့အနားမှာ ရှိတယ်။ ဒါကြောင့်မောင်နီကိုလူသတ်မှုနဲ့တရားစွဲ ပြီးထောင်ချလိုက်တယ်။ မောင်နှမလေး နှစ်ယောက်ရှိသလို ငွေကြေးကလည်း မတတ်နိုင်ရုံးရောက်ဂါတ်ရောက်ကလည်း မသွားတတ်မလာတတ်။ရွာကလည်းဘာ မှအကြံဉာဏ်မပေးတတ်တော့မောင်နီဟာ လူသတ်မှုနဲ့ ထောင်ကျသွားတယ်။ ရွာမှာ အထင်ကရ ဆရာတော်ကြီးတစ်ပါးရှိ တယ်၊ မင်းပေါက်စိုးပေါက် ပါပဲ။ ဒါပေ မယ့်ဆရာတော်ကြီးကဘာမှလဲမပြောနိုင် မဆိုနိုင်။ တစ်နေ့မှာ ဆရာတော်ကြီးဆီ ကိုတရားသူကြီး(ရုံးချုပ်)ကိုယ်တိုင်လာဖူး တယ်။ ဆရာတော်ကြီးကမောင်နီအကြောင်း ပြောပြတယ်။အရက်သောက်တာကလွဲ လို့ ရမ်းရမ်းကားကားမရှိ တစ်ခါမှ ရန် ဖြစ်ဖူးခြင်းမရှိ။ မောင်နီကအရက်မူးပြီး ဓားထိုးခံရတဲ့ လူသေနားမှာ မူးပြီးအိပ် နေတာကို ရဲက သက်သေခံဓားလည်း တွေ့တယ်ဆိုပြီး လူသတ်မှုနဲ့တရားစွဲလို့ ထောင်ကျနေတယ်။ အဲဒါ တရားသူကြီး မင်းက ငါ့တူကို ကယ်နိုင်ရင် ကယ်ပေး ပါဦးလို့ မေတ္တာရပ်ခံလိုက်တယ်။ မောင် နီ ထောင်ထဲမှာနေရတော့ နှမဖြစ်သူက ထောင်ဝင်စာလာတွေ့ရင်း ထောင်ထဲမှာ ပုတီးစိပ်နေပါလို့ ပြောပြီး ပုတီးကို မောင် နီကို ပေးထားခဲ့တယ်။ မောင်နီက ဘာ စိပ်ရမှန်းလဲ မသိဘူး။ သူ ကြားဖူးနားဝ ရှိတာတော့ ဗုဒ္ဓေါ လို့ရွတ်တာပဲသိတယ်။ ဒါကြောင့် ဗုဒ္ဓေါ လို့ပဲပုတီးစိပ်နေတယ်။ မောင်နီကံကောင်းချင်တော့ ဓားပြမှုနဲ့လူ တစ်ယောက်ဖမ်းမိရာက အဲဒီလူက မောင်နီရဲ့လူသတ်မှု အမှုထဲမှာပါဝင်နေ တာဝန်ခံလို့ မောင်နီက လူမှားပြီးထောင် ချခံရတာ ပေါ်ပေါက်သွားတယ်။ မောင်နီ ထောင်ကလွတ်လာခဲ့တယ်။ အကြောင်း တရားတွေတိုက်ဆိုင်လာလို့ ထောင်က လွတ်လာတာ ဖြစ်တယ်။ ဒါပေမယ့် ထောင်ကလွတ်ပြီး ရွာရောက်ထော့ မူးမြဲ မူးနေတော့တာပဲ။ထောင်ထဲမှာ ပုတီးစိပ် တာ ဘာရွတ်တာလဲမေးလို့ 'ဗုဒ္ဓေါ' လို့ ဆိုပြီးရွတ်တာလို့ပြောတယ်။ ဒါကြောင့် မောင်နီကို ဗုဒ္ဓေါမောင်နီလို့ ခေါ်ကြ တော့တယ်"

ဟု ဦးမြင့်ထွန်းကပြောပြပါသည်။

ထို့နောက်-

"ကျွန်တော်ပြောပြချင်တာကလည်း သံဗုတ်သာဒင် ဖြစ်လာတဲ့အကြောင်းပဲ"

ဟု သူပြောချင်တာကို အစပျိုးပါတော့သည်။

"ဆရာကြီးသိပါတယ် ဝေပေါင်ကျောင်းကို လာလာနေတဲ့ ဟဲနားက ဆရာတော်ကြီးရဲ့ဒကာမ ဒေါ်စက်မေကို သိမှာပါ"

"အသားဖြူဖြူချောချော ရှမ်းမနဲ့ တူတယ်လေ"

"ဆရာကြီးမှတ်မိသားပဲ"

"မှတ်မိနေတာပေါ့ဗျ၊ ကဲပါခင်ဗျား ပြောချင်တာသာ ပြောစမ်းပါ"

"ဒီလိုဗျ ဒေါ်စက်မေရဲ့မောင် ဦးသာဒင်ဆိုတာ မန်လွဲရွာမှာ အိမ်ထောင်ကျပြီး လယ်လုပ်နေတယ်။ သူ လယ်လုပ်နေတဲ့နေရာကသစ်လှတောလို့ခေါ်တယ်။ နတ်စယချောင်း၊ နတ်စမုတ်ချောင်း၊ နောင်ပိန်းချောင်း ဆိုတာရှိသလို လယ်တွေလည်း အဲဒီချောင်းနာမည်တွေနဲ့ပဲ ခေါ်ကြတယ်။လယ်သိမ်းချိန်ဆိုရင် သစ်လှတော လယ်မှာပဲနေကြတယ်။ တစ်ညနေမှာပေါ့ဗျာ"

ဟုပြောရင်းရပ်လိုက်ပါသည်။ဘာဖြစ်တာလဲပေါ့ ဆက်ပြောပါဟုစာရေးသူက ဝင်ထောက်လိုက်သည်။

"စပါးရိတ်ပြီး ရသလောက်ကို အိတ်တွေနဲ့ထည့်ပြီး မန်လွဲရွာကိုကျွဲလှည်းနဲ့ပို့တယ်။ ကျွန်တော်တို့ဒေသမှာ ကျွဲလှည်းအသုံးများတယ်။ သွားနေလာနေကျဆိုတော့ တစ်ယောက်တည်းပဲပေါ့။ ရွာရောက်ပြီး စပါးတွေကို ကျီထဲထည့် မပြန်သေးခင် ဖိုးခင်ရဲ့ ကချင်အရက်တစ်ပိုင်း ဝင်သောက်တယ်"

ဟုပြောရာ စာရေးသူ၏စိတ်ထဲတွင်တော်တော်မူးမှာပဲဟု တွေးမိပါသည်။ ဘာကြောင့်လဲဆိုရင် ကချင်အရက်က မီးတောက်လို့ပါပဲ။ ဦးမြင့်ထွန်းက ဆက်ပြောပြန်ပါသည်။

"အလင်းရောင်မပျောက်သေးဘဲ မှောင်စပြုနေပြီး မကြာခင်တောအုပ်ထဲရောက်တော့ မှောင်နေပြီ။ သာဒင်ကလည်း မူးမူးနဲ့ကျွဲတွေကို မောင်းလာတာပေါ့။ နွားတို့၊ ကျွဲတို့ဆိုတာ သွားနေကျအတိုင်း လယ်ထဲပြန်တာမို့ လူလာထိန်းစရာတောင် မလိုဘူး။ ဒီလိုနဲ့ လာရင်းလာရင်းနဲ့ တောအုပ်အလယ်ရောက်တော့ . . . "

ဟု ဦးမြင့်ထွန်းက စကားကိုရပ်လိုက်ပြန်သည်။ စာရေးသူချကျွေးထားသောလက်ဖက်သုပ်တစ်ဇွန်းကိုကောက်ဝါးလိုက်သည်။ စာရေးသူ၏စိတ်ထဲတွင်မူ တောအုပ်အလယ်ရောက်တော့ ဓားပြတွေနဲ့ တွေ့တာလား၊ တစ္ဆေသရဲနဲ့ တွေ့တာလားဟု တွေးမိပါသေးသည်။ ဦးမြင့်ထွန်းက ဆက်ပြောပြန်သည်။

"မိန်းမ (၃) ယောက်နဲ့ တွေ့တယ်၊ (၂) ယောက်ကရုပ်မလှဘူး။ (၁)ယောက်ကလှတပတလေးလို့ သစ်ရွက်တွေကြားက ကျလာတဲ့လရဲ့အလင်းရောင်မှုန်မှုန်လေးနဲ့မြင်လိုက်ရတယ်။ အဲဒီမိန်းမ (၃) ယောက်က 'ကျွန်မတို့လယ်တောပြန်ကြမှာမို့ လိုက်ပါရစေရှင်' လို့ပြောတော့ ကိုသာဒင်က ရီဝေဝေနဲ့ လိုက်ချင်လည်း လိုက်ခဲ့လေ ကျွဲလှည်းမို့ နွားလှည်းလို နေရာမကျယ်ဘူးလို့ ပြောလိုက်တယ်။ (ကျွဲလှည်းဆိုတာ နွားလှည်းလို လှည်းအိမ်တင်ထားတာမဟုတ်ဘူး လှည်းမြီးတိုလို့ ခေါ်တယ်) အဲမိန်းမ (၃) ယောက်ကလည်း ရပါတယ်ရှင်ဆိုပြီး လှတပတမိန်းမက အရင်တက်တယ်၊ ကျန်နှစ်ယောက်က နောက်မှတက်တော့ အရင်တက်နှင့်သူက ကိုသာဒင်နား တိုးကပ်သွားတယ်။ ကိုသာဒင်ကလည်း မိန်းမအတွေ့ကြောင့် မျက်စိကျယ်လာသလို သူတို့ဆီက အမွှေးနံ့ကလည်း ရလိုက်သေးတယ်။ ဒီလိုနဲ့သွားကြရင်း တောအုပ်အထွက်နား ရောက်လာပြီ"

ဟုပြောပြီးဦးမြင့်ထွန်းကရပ်လိုက်ပြန်ပါသည်။ လက်ဖက်တစ်ဇွန်းစားရင်း လက်ဖက်ရည်ကို တစ်ကျိုက်ကျိုက်လိုက်သည်။

တောအုပ်အထွက်နားရောက်တော့

ဘာဖြစ်ပြီလဲ၊ သူတို့ဆင်းကြတော့မှာဟု စာရေးသူကတွေးထင်မိပါသည်။ ထို့နောက်ဦးမြင့်ထွန်းကဆက်ပြောပါသည်။

'ကျွန်မတို့ဆင်းတော့မယ်၊ဟိုလမ်းကလေးအတိုင်းဆင်းသွားရင် ကျွန်မတို့အိမ်ကိုရောက်ပါပြီ'လို့ပြောတာကြောင့် သူတို့မျက်နှာလှည့်တဲ့ဘက်ကိုကြည့်လိုက်ရာ ကိုသာဒင်က လူသွားလမ်းဖြစ်ရုံကလေးသာ တွေ့မိတယ်။ သူ့စိတ်ထဲမှာ ခါတိုင်းငါသွားနေကျပါ ဒီလူသွားလမ်းလေး မမြင်မိပါဘူးလို့တွေးမိတုန်းလှည်းအောက်ရောက်သွားတဲ့မိန်းမနှစ်ယောက်က'ကျွန်မတို့အိမ်ကိုလိုက်ခဲ့ပါ'လို့ပြောတော့'မလိုက်နိုင်ပါဘူးဗျာ၊ဒီတောစပ်ကအထွက် လယ်ကွင်းဖြတ်ပြီးရင် ကျွန်တော်တဲ့ကိုရောက်တော့မှာပါ' လို့ ပြောမဆုံးခင် အဲဒီမိန်းမနှစ်ယောက်က ကိုသာဒင်ရဲ့လက်ကို ဆွဲပြီး လှည်းပေါ်က ဆွဲချတယ်။ ကိုသာဒင်ကလည်း ဘာရယ်မသိ အလိုလိုအောက်ကို ရောက်သွားတယ်။ ဒါပေမယ့် 'မလိုက်ပါရစေနဲ့' လို့ငြင်းမြဲငြင်းနေတယ်။ ခပ်လှလှ ခပ်ချောချောမိန်းမကတော့ 'သူမလိုက်ချင်နေပါစေ မခေါ်ကြပါနဲ့အေ' လို့ပြောသေးတယ်။ အဲဒီလိုပြောနေတုန်း ကျွဲတွေက တဲရောက်ချင်ဇောနဲ့ ထွက်သွားတယ်" လို့ပြောပြီး ဦးမြင့်ထွန်းက စကားရပ်ပြီး ရေနွေးတစ်ကျိုက်သောက်လိုက်ပြန်သည်။ စာရေးသူက ကိုသာဒင်ကတော့ မိန်းမနှစ်ယောက်ဆွဲခေါ်ရာ ပါသွားပြီပေါ့ဟု တွေးမိလိုက်ပါသည်။ ဦးမြင့်ထွန်းက ဆက်ပြောပြန်ပါသည်။

မိန်းမနှစ်ယောက်က ဆွဲခေါ်ရာနောက် ကိုသာဒင်မရုန်းနိုင်ဘဲ အောက်ကလျှိုထဲ ရောက်သွားသည်။ထိုစဉ်'ကျန်တစ်ယောက်ကသူမလိုက်ချင်တာကိုဇွတ်ခေါ်မနေကြနဲ့။ အိမ်ရောက်လို့ တို့အဘိုးကတို့ကိုဆူလိမ့်မယ်' လို့ပြောလိုက်တော့ ကိုသာဒင်ကို ဆွဲခေါ်နေကြတဲ့ မိန်းမနှစ်ယောက် သူ့လက်ကိုလွှတ်လိုက်ပြီး စဉ်းစားနေကြဟန် တူတယ်။ ကိုသာဒင်ကလည်း 'သံဗုတ် သံဗုတ်'လို့ ပါးစပ်ကအသံထွက်သွားတယ်။ သမ္ဗုဒ္ဓေလို့မဖြစ်ဘဲ သံဗုတ် သံဗုတ်လို့ အထစ်ထစ်အငေါ့ငေါ့နဲ့ထွက်သွားတာဖြစ်တယ်။ မိန်းမနှစ်ယောက်က ကိုသာဒင်ရဲ့ရင်ဘတ်ကိုတွန်းလှဲပြီး အိပ်နေရစ်ခဲ့တော့' လို့ပြောကာ ထွက်သွားကြတယ်။ ကိုသာဒင်ကလည်း ချုံပုတ်ဘေးမှာ လဲကျပြီး မကြာခင်အိပ်ပျော်သွားတယ်"

ဟုပြောပြီး ဦးမြင့်ထွန်းကရပ်လိုက်ပြန်သည်။ စာရေးသူ၏ စိတ်ထဲတွင် ဥစ္စာစောင့်တွေဖြစ်မှာပဲဟု တွေးမိပါသည်။ ဦးမြင့်ထွန်းက လက်ဖက်တစ်ဇွန်းစားလိုက်ပြန်သည်။ ပြီးမှ ဆက်ပြောပြန်သည်။

မနက်မိုးလင်းစမှာ ကိုသာဒင်နိုးလာတော့ သူဟာချုံပုတ်ဘေးက မြက်တောထဲ အိပ်နေတာကို သိလိုက်တယ်။ အမူးလည်းပြေပြီ။ သူ့နားထဲ 'ရှာလို့မတွေ့ဘူး၊ မူးပြီးလှည်းပေါ်ကကျ ချောက်ထဲမှာ သေများသေနေသလား' လို့ပြောသံကြားလိုက်ရတယ်။ ဒါနဲ့ကိုသာဒင်က 'ငါဒီမှာဟေ့' လို့အော်လိုက်တော့ လူသုံးယောက် ပြေးဆင်းလာသံ ကြားရတယ်။ အနားရောက်မှ သူ့မိန်းမနဲ့ တဲနားကလူနှစ်ယောက်ကိုတွေ့ရတယ်။ သူ့မိန်းမက 'တော့်နှယ်တော်ကြံကြီးစည်ရာလျှိုထဲဆင်းအိပ်နေရသလား၊ ကျွဲတွေရောက်လာပြီးတော်ပါမလာလို့ ဘယ်မှာများ မူးပြီးလိမ့်ကျနေပြီလဲလို့ တစ်လမ်းလုံးလိုက်ရှာရတာ။ ရွာရောက်တော့လည်း ပြန်သွားပြီမသွားခင် အရက်ဝင်သောက်သွား သေးတယ်လို့သိရတယ်။ တဲပြန်ရောက်တော့လည်း ရှင်ကပေါ်မလာ' ဟု သူ့မိန်းမက ဆူလေသည်။ ကိုသာဒင်ကလည်း ညက သူ့ရဲ့ဖြစ်ကြောင်းကုန်စင်ပြန်ပြောပြတယ်။ ကုန်းပေါ်ရောက်တော့ ညက သူတို့ဆင်းခဲ့တဲ့ လူသွားလမ်းကလေးလည်း မရှိတာတွေ့ရတယ်"

ဟု ဦးမြင့်ထွန်းကရပ်လိုက်ပြန်ပါသည်။

"ဥစ္စာစောင့်တွေနဲ့ တွေ့တာနေမှာပေါ့နော်"

ဟု စာရေးသူက ဖြစ်နိုင်ချေကိုတွေးပြီးပြောရာ ဦးမြင့်ထွန်းက-

"ဟုတ်မှာပေါ့ ဥစ္စာစောင့်တွေကသာဒီလိုလုပ်တတ်ကြတာ။ ပြီးတော့အဲဒီကတည်းက သမ္ဗုဒ္ဓေလို့မထွက်နိုင်ဘဲ သံဗုတ်သံဗုတ်နဲ့ ထစ်ထစ်ငေါ့ငေါ့ထွက်နေတာကြောင့် သူ့ကို သံဗုတ်သာဒင် လို့ အမည်တွင်သွားတာ။ မန်လွဲရွာမှာ သာဒင်နှစ်ယောက်ရှိတယ်။ တစ်ယောက်ကို ကဒူးသာဒင် လို့ခေါ်တယ်။ သူက ကဒူး(ကံထူး)လူမျိုးဖြစ်လို့ပါ။ ဒါကြောင့် ကိုသာဒင်ကိုလည်း သံဗုတ်(သဗ္ဗုဒ်)သာဒင် လို့ခေါ်ကြတော့တာပါပဲ။ နာမည်မလွဲပါ အဖြစ်မှန်ပါ။

အားလုံးဘေးရန်ကင်း၍ကျန်းမာပျော်ရွှင်နိုင်ကြပါစေ။

ကသာသင်းမွှေး

# အမြန်ကျန်းမာစေကြောင်း ဂါထာကောင်း

အာရောဂျ ပရမာ လာဘာ ဟု ဆိုပါသည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု အနီးစပ်ဆုံးဆိုရမည်ပင်။ အရပ်ထဲတွင်တော့ အာရောဂျံ ပရမံ လာဘံဟု ပြောဆိုသုံးစွဲကြပါသည်။ထားပါတော့။

အမှန်တကယ်ပင် လူတိုင်းပင် ကျန်းမာနေမှသာ သွားချင်ရာသွားနိုင်ပြီး စားလိုရာစားနိုင်ပါမည်။ ထို့အတူ လုပ်ချင်ရာအလုပ်အကိုင်များလည်း ကျန်းမာလန်းဖြာနေမှသာ ကောင်းမွန်စွာလုပ်ကိုင်နိုင်မည်မဟုတ်ပါလား။

မကျန်းမမာဖြစ်ပြီး အိပ်ရာထဲလှဲနေရသည်ဆိုလျှင် စိတ်သွားတိုင်းကိုယ်မပါ လိုရာသို့မရောက်နိုင်တော့ပါ။ ဝတ်စရာ၊ စားစရာတွေ အလျှံပယ်ပေါပြည့်ကြွယ်ဝနေသော်လည်း မကျန်းမာပါက အဟောသိကံပင် ဖြစ်နေပါမည်။ သို့အတွက် ကျန်းမာရေးသည် ပထမအဓိကပင်။

ထို့အပြင် မကျန်းမာသဖြင့် ဆေးထိုး၊ဆေးစား၊ ဆေးလိမ်းဆေးရှူနေသော်လည်း ဆေးမတိုး၊ မထူးခြား၊ သိသာကောင်းမွန်စွာ ကျန်းမာမလာဘဲ မသက်မသာ နာတာရှည်ရောဂါသည်ဖြစ်နေလျှင် တစ်မိသားစုလုံး စိတ်ဆင်းရဲပင်ပန်းရှုပ်ထွေးရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ယင်းကဲ့သို့နာတာရှည်ကာ မကျန်းမမာဖြစ်နေသူများအတွက် နတ်မောက်မြို့နယ်၊ သပြေပင်တောရဆရာတော် အရှင်ဝိလာသ ချီးမြှင့်မိန့်ကြားသော အောက်ပါဂါထာကို ရွတ်ဆိုပွားများပေးခြင်းဖြင့် ဆေးကောင်းဝါးကောင်းတွေ့ ဆရာကောင်း သမားကောင်းတွေ့ပြီး ရောဂါအမြန်ပျောက်ကင်းစေပါသည်။ ဂါထာမှာ လွယ်ပါသည်။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ဧတေန သစ္စ ဝဇ္ဇေန၊ သဗ္ဗရောဂ ဝိနဿန္တုဟူ၍ ဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါး ကိုးကွယ်ပါ၏။ဤမှန်သောသစ္စာစကားကြောင့် ရောဂါဟူသမျှ ကင်းရှင်းပပျောက်ပါစေ' ဟူ၍ အနက်မြန်မာပြန်ပါသည်။(၉)ရက်အတွင်း ထူးခြားသက်သာရောဂါအမြန်ပျောက်ကင်းပါလိမ့်မည်။

နတ်မောက်မင်းသန့်ဇိုင်

စွမ်းအားထက်မြက်သော

# မှားမဲ့ဆရာတော်ကြီး၏

# မော်ကီးချုက်ဂါထာတော်အစွမ်း

ရှိမောင်ဝင်း(ရောမြေ)

"ကရစ်တူး ခါ ခါး ကရစ်တူးခါ ခါး"

တောအုပ်ဆိုင်းဆိုင်းရှိပင်မြင့်ထက်တွင် ခါတစ်ကောင်တွန်နေသံ ကြားရသည်။ စိမ်းလန်းသောတောအုပ်ကလေးများက မျက်စိပသာဒကို ဖြစ်စေသည်။ သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းများကြောင့် စိတ်ကိုကြည်နူးစေသည်မှာတော့အမှန်ဖြစ်သည်။ သည်မြေသည်ဒေသသည် တကယ်တော့ ကျွန်တော်နှင့်စိမ်းသည်ဟုတော့ မဆိုသာ။ သို့သော်ငြားလည်း ခွဲခွာခဲ့ရသည်မှာတော့ ဆယ်စုနှစ်ပေါင်း လေးခုလောက်ရှိပေပြီ။ သည်နေရာလေးများသည် ကျွန်တော်ငယ်စဉ်အခါဘုန်းကြီးကျောင်းသားဘဝနှင့်ဆွမ်းခံရင်း ပြေးလွှားဆော့ကစားခဲ့ဖူးသည့်နေရာလေးများဖြစ်သည်။ အတိတ်ခြေရာလေးများသည် မြေပြင်မှာကွယ်ပျောက်သွားသော်ငြားနှလုံးသားတစ်ထောင့်တစ်နေရာဆိုမှာတော့ တင်ကျန်နေဆဲပင် ဖြစ်သည်။

လွမ်းသည် အထူးသဖြင့် ငယ်ဘဝလေးကို လွမ်းမိသည်။ ကျောင်းအိပ်ကျောင်းစားဖြင့် အတူနေခဲ့ရဖူးသည့်ဘုန်းကြီးကျောင်းသားတွေကိုလွမ်းသည်။



ကစားဖော်ကစားဖက် ကျောက်ဒိုးရိုက်ဖက်၊ သားရေကွင်း (ရာဘာကွင်း) ပစ်ဖက်၊ ပုစွန်လုံးနှိုက်ဖက်၊ မြေပဲနုတ်ဖက်တွေကို ပိုပြီးလွမ်းသည်။ ကျွန်တော်၏ရွာသည် ကျုံပျော်မြို့နယ် ဒိုင်ပျက်ကျေးရွာအုပ်စုထဲက မိုးမခမည်သော ကျေးရွာလေးဖြစ်သည်။ ရွာတွင် အဘိုးအဘွားနှင့်အတူနေရသည်။

အမေ့၏မောင်သည် ဦးပဥ္စင်းဦးတေဇောဆိုသူ ရဟန်းတစ်ပါးဖြစ်သည်။ အဘိုးအဘွားကလည်း သားရဟန်းကိုမခွဲကြ၊ သားရဟန်းကလည်း ရဟန်းဘဝကိုမစွန့်လွှတ်နိုင်ဖြစ်ရသည်မို့ အဘိုးအဘွားပိုင်ခြံနှင့်အိမ်ကြီးကို ကျောင်းသင်္ခမ်းနှင့်ကျောင်းမြေအဖြစ် လှူဒါန်းလိုက်သည်။ အဘိုး၊အဘွားကလည်း ထိုကျောင်းတွင်ပင် ကပ္ပိယကာရကအဖြစ်နေထိုင်ကြတော့သည်။ သည်တော့ကျွန်တော်လည်း အဘိုးအဘွားထံအလည်ပြန်လျှင် အလိုအလျောက်ဘုန်းကြီးကျောင်းသားဖြစ်သွားရလေတော့သည်။ ရွာကျောင်းရှိ ဆရာတော်ကြီးဦးမုနိန္ဒသည်ဝိနည်းစည်းကမ်းနှင့်ညီသည်။ အဘိုးအဘွားလှူခဲ့သည့်အိမ်ကြီးကို ရွာသူရွာသားတို့ကပြန်ဖျက်၍ ကျောင်းဆောက်လုပ်သည်။ အဘိုးက လက်သမားကြီးဦးဘိုးသော်ဖြစ်၍ အဘိုးစိတ်ကြိုက်ဆောက်လုပ်ပေးခဲ့သည်။ ထိုစဉ်ကရွာတွင်သစ်ဝါးပေါလှသည်။နှစ်ထပ်ကျောင်းကြီးဆောက်ပြီး အောက်တွင်ဘုန်းတော်ကြီးသင် စာသင်ကျောင်းကိုဖွင့်လှစ်သင်ကြားပေးသည်။ မြို့ကျောင်းမှာမူလတန်းစတက်ကတည်းကအမေ၊ အဖေထံမှာနေပြီး အတန်းပညာသင်ကြားရသည်။ နွေကျောင်းပိတ်ရက် ရောက်သည်နှင့် အဘိုးအဘွားရှိရာ မိုးမခရွာသို့သွားခဲ့သည်။ ဟင်္သာတမှ ခမောက်စုဘူတာသို့ ရထားစီးပြီး ခမောက်စုဘူတာမှ ရှားခဲ့စုရွာကိုဖြတ်ကာ ကွင်းနှစ်ကွင်းကျော်လောက်သွားလိုက်လျှင် မိုးမခရွာရောက်သည်။ ရွာမှာအမေ့ဘက်ကဆွေမျိုးသားချင်းများရှိသည်၊ကျွန်တော်ပျော်ရာအရပ်သည်ထိုကျေးတောရွာလေးပင်ဖြစ်သည်။

မိုးမခရွာမှာ ကျွန်တော်ကြောက်သော သူနှစ်ယောက်ရှိသည်။ တစ်ဦးကတိုက်မောင်း ဆိုသူနှင့် တစ်ဦးကအရူးငသန်းဖြစ်သည်။ တိုက်မောင်းဆိုသူကထန်းရည်၊ အရက်သောက်၊ဆေးခြောက်ရှူ ဖဲရိုက်၊ ကြက်တိုက်၊ ရန်ဖြစ်၊ လူရိုက်မကြာခဏ ထောင်ကျသည့်လူမိုက်ဖြစ်သည်။ သူ့မျက်နှာမှာလည်း မှတ်မှတ်ရရရန်ဖြစ်ရာမှ ဓားခုတ်ဒဏ်ရာအမာရွတ်ကန့်လန့်စင်းကြီးကကြောက်စရာ၊ အရူးငသန်းကတော့ကလေးတွေကို သူကြည့်လို့မရလျှင် ခြေနှစ်ချောင်းကိုင်ပြီး ရိုက်သတ်တတ်သည်ဟု အမေပြောထား၍ကြောက်နေရခြင်းဖြစ်သည်။ အမေနှင့်တစ်ရွာတည်းသား ဆွေမျိုးနီးစပ်တော်သည်ဟုလည်း ဆိုသည်။

တကယ်လို့လမ်းမှာတွေ့လျှင် သူ့ကို-

"အရူးငသန်းလို့မခေါ်နဲ့ ဦးကြီးကိုသန်း လို့ခေါ်ပြီး ကျွန်တော်နွယ်နီရိုးရွာသူကြီးသမီးမငွေးရီးသားလို့ပြောပြီးတော့ ဦးလေးနဲ့ကျွန်တော်က အမျိုးတော်တယ်လို့သာပြော နင့်ကိုဘာမှမလုပ်ဘူးစိတ်ချ"

ဆိုတဲ့စကားကကျွန်တော့်အတွက်အားတက်စရာဖြစ်ခဲ့ရသည်။ အမေကကျွန်တော်ရွာပြန်ရင် လမ်းမှာ'ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ' သရဏဂုံသုံးပါးကိုသာ ရွတ်သွားဟုလည်း မှာသည်။

တစ်နေ့ ကျွန်တော်ရွာအပြန်တွင် ခမောက်စုဘူတာနှင့် ရှားခဲစုရွာအကြားလမ်းမှာ အရူးငသန်းကပက်ပင်းတိုးမိပါလေတော့သည်။ လမ်းသွားလမ်းလာ လူဆက်ကလည်းပြတ်နေသည်အရူးငသန်းကကျွန်တော့်ကို မျက်ထောက်နီကြီးနှင့်ကြည့်ပြီး လုချင်ယက်ချင်နေပုံရသည်။

"ဟေ့ကောင်လေး တစ်ယောက်ထဲလား၊ အဖော်မပါဘဲ ဘယ်သွားမှာလဲ ဘာတွေပါလဲ"

ဆိုပြီးစူးစမ်းတော့ ကျွန်တော်အတော်ကြောက်သွားသည်။ ကျွန်တော်လည်း အမေပြောလိုက်သည်ကို သတိရပြီး-

"ဦးကြီးကိုသန်း ကျွန်တော်ကနွယ်နီရိုးသူကြီးသမီးမငွေးရီရဲ့သားပါ အမေကပြောတယ်ဦးကြီးနဲ့ကျွန်တော်ကအမျိုးတွေတဲ့ ဦးကြီးက အမေ့အစ်ကိုကြီးဆို"

ဆိုတဲ့စကားကြောင့် အရူးငသန်းလည်းတွေဝေသွားသည်။ နောက်တော့မှ "မင်းက-မငွေးရီရဲ့သားလား၊ ဒါဆိုငါ့တူပေါ့ကွာ၊ မင်းဘယ်သွားမှာလဲ"

"ကျွန် တော် မိုးမခရွာပြန်မှာလေ"

"ကောင်လေးတစ်ယောက်ထဲပြန်ရဲလား၊ ဦးကြီးလိုက်ပို့မယ်"

ဆိုပြီး ကျွန်တော့်နောက် လိုက်လာပါတော့သည်။ လမ်းမှာအရူးငသန်းကလည်း တောပြောမြောက်ပြောတွေပြောသည်။ ကျွန်တော်လည်း ကြောက်ကြောက်နှင့်အလိုက်သင့်ပြောကာ အတူလာခဲ့ကြသည်။မိုးမခရွာဘုန်းကြီးကျောင်းနားဝင်တော့ သူ့လွယ်အိတ်ထဲက သားရေကွင်းတွေ တစ်ဆုပ်ကြီးထုတ်ပေးသည်။

"ရော့ ကောင်လေး မင်းဆော့ဖို့"

ဆိုတော့ကျွန်တော်အလွန်ဝမ်းသာခဲ့ရသည်။ဘုန်းကြီးကျောင်းရောက်တော့ ဆရာတော်ကြီးကိုဝတ်ဖြည့်ပြီးကျွန်တော့်ကိုသူကိုယ်တိုင်လိုက်ပို့တဲ့အကြောင်း၊ဆွေမျိုးတော်ကြောင်းတွေလျှောက်တင်တော့ ဆရာတော်က သူ့ကိုငှက်ပျောသီးတစ်ဖီးစွန့်လိုက်သည်။ ငှက်ပျောသီးရပြီး ချက်ချင်းနွာစားကာ အဘိုးနှင့်အဘွားကိုပါနှုတ်ဆက်ကာ ပြန်သွားတော့သည်။

ငယ်စဉ်က အကြောင်းများသည် ကျွန်တော့် ဘဝအတွက် အမှတ်ရစရာများဖြစ်ခဲ့သည်။ ယခုတော့ အရူးငသန်းလည်း မရှိတော့ပြီ။ လူမိုက်တိုက်မောင်းကတော့ သေသည် ရှင်သည်ကိုတော့ ခုထိမကြားမိပါ။အဘိုးအဘွားများလည်း မရှိကြတော့ပါ။ ရွာကဘုန်းတော်ကြီးကျောင်းကတော့ သည်အတိုင်းပင် ရှိနေပါသေးသည်။ ရွာအဝင်မှာတင် ဘုန်းကြီးကျောင်းသားဟောင်းကြီး ကိုသန်းဆောင်ကို တွေ့ရသည်။ အတော်အိုစာသွားလေပြီ။ ကျွန်တော်တောင်ခြောက်ဆယ်ကျော်နေပြီပဲလေ။

မိုးမခဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဝင်လိုက်တော့ ကျောင်းဝင်းမှစေတီတော်ကြီးသည် ကြက်ညှိဖွယ်ရာရှိနေသည်။ လေတိုက်တိုင်း မြည်သောဆည်းလည်းသံများကသာသာယာယာ။ စေတီအနီးဝန်ကျင်းကို တံမြက်စည်းအရှည်ဖြင့် သစ်ရွက်အမှိုက်များကိုလှည်းကျင်းနေသော ရဟန်းအိုကြီးတစ်ပါးကိုတွေ့လိုက်ရ၍ ဝင်ရောက်ဦးတိုက် ရှိခိုးလိုက်သည်။

"ဒကာကြီးက ဘယ်ကလဲကွဲ့"

"တပည့်တော်က ဦးဖိုးသော် ဒေါ်ဆင့်ရဲ့ မြေးပါဘုရား၊ တပည့်တော် ငယ်စဉ်က ဒီကျောင်းမှာ ဘုန်းကြီးကျောင်းသားလုပ်ခဲ့ဖူးပါတယ်ဘုရား"

"ဩော်- အေ အေး ကောင်းပါကွယ်၊ ဘဝဆိုတာ ဘယ်တော့မှ မမေ့ကောင်းပေဘူးပေါ့။ သတိနဲ့ သတိ သတိနဲ့အသိ ရှိကြပေါ့ကွယ်"

ရဟန်းတော်ကြီး၏မျက်နှာတော်ကို ကျွန်တော်မော်ဖူးလိုက်သည်။ ရဟန်းအိုကြီးတစ်ပါး မျက်နှာမှာလည်း ကန့်လန့်ဖြတ် အမာရွတ်ကြီးက အထင်းသားရှိနေဆဲပင်။ ဆံဖြူသွားကျိုးပြီး ဇရာအိုဘုန်းကြီးတစ်ပါးဖြစ်နေသည်။

ကျွန်တော်၏အသိအာရုံသည်တစ်ချိန်က လူဆိုးလူမိုက်ကြီး တိုက်မောင်းဆိုသူ၏အမာရွတ်ကြီးကိုပြေးမြင်ယောင်မိသည်။ ခက်ထန်မာကြောသော မျက်နှာနှင့်မိုက်ရိုင်းချင်တိုင်းမိုက်ရိုင်းခဲ့ပုံကိုသတိရသည်။ ဆွမ်းခံရင်း ဆွမ်းဟင်းခွက်ထဲက ငါးကြော်တွေကို ဗိုလ်ကျလုယူပြီး အရက်နှင့်အမြည်းလုပ်ခဲ့သည်ကိုလည်း အမှတ်ရသည်။ ကျွန်တော်က ရဟန်းအိုကြီးကို ဦးတိုက်မောင်းဟုတ်မဟုတ် မေးသင့်မမေးသင့်စဉ်းစားနေသည်။ထိုသည်ကို ရဟန်းကြီးက သိနေလေသည်လားတော့မပြောတတ်ပါပြီ။ ကျွန်တော့်၏အတွင်းစိတ်ကိုသိသည်ဟု ထင်သည်။

"ဒကာကြီးက ကျုပ်ကိုဘယ်သူလဲလို့မေးချင်နေတာမဟုတ်လား"

"မှန်ပါ့ဘုရား၊ တပည့်တော်မေးသင့်မမေးသင့်ဆင်ခြင်နေရပါတယ်ဘုရား။ ဦးပဥ္စင်းကြီးက ဦးတိုက်မောင်း ပါလားဘုရား၊ တပည့်တော် ဦးပဥ္စင်းကြီးရဲ့မျက်နှာက ဒဏ်ရာကိုကြည့်ပြီး မေးမိတာပါဘုရား"

"ဟုတ်တာပေါ့ ဒကာရယ်၊ သိပ်ဟုတ်တာပေါ့။ တစ်ချိန်တုန်းက အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် ဆိုးခဲ့၊ ပေခဲ့၊ မိုက်ရိုင်းခဲ့တဲ့ တိုက်မောင်းပေါ့ ဒကာရယ်"

"ဒါ ဒါ ဆို ဘယ်လိုကနေဘယ်လိုဖြစ်ပြီး အကျွတ်တရားရသွားတာလဲဘုရား၊ တပည့်တော်ကို အခါသင့်လို့ အခွင့်သာပြီး ပြောပြနိုင်မယ်ဆိုရင် ပြောပြပါလားဘုရား"

"ကဲ- ဒကာကြီးလည်း ခရီးပမ်းလာတယ်၊ ခဏအမောဖြေဦး လာ၊ ဟိုသစ်ပင်အောက်က ထိုင်ခုံတွေမှာ သွားနားရင်း ပြောပြတာပေါ့"

*

သည် ဘုန်းတော်ကြီးကျောင်းက ရွာထိပ်မှာဆိုတာ သိထားပြီးသား၊ကျောင်းခြံကကျယ်တော့ ခြံထဲမှာသရက်ပင်တွေ သီဟိုဠ်သရက်ပင်တွေ ပိန္နဲပင်တွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်း၊ ကျောင်းထဲမှာက ဆရာတော်ကြီးတစ်ပါး၊ ကျောင်းဒကာတွေရဲ့သား ဦးပဥ္စင်းတစ်ပါးနဲ့ ကပ္ပိယအဘိုး အဘွားတွေပဲရှိတယ် ဆိုတာကိုလည်း သိထားတာပေါ့။

ဆရာတော်ကြီးက နိစ္စဓူဝ မနက်အရုဏ်တက်တာနဲ့ အရုဏ်ဆွမ်းကပ်ဘုရားဝတ်တက်ပြီးတာနဲ့ အရုဏ်ဆွမ်းစားပြီး ကိုးတောင်ပြည့်စေတီတော်ပတ်ဝန်းကျင်ကို အုန်းတံမြက်စည်းရှည်နဲ့ လှည်းကျင်း သန့်ရှင်းနေတတ်တယ်။ ဆရာတော်ရဲ့နှုတ်ကလည်း ဘုရားစာတွေကို အမြဲတမ်း ရွတ်ဆိုနေတတ်တာ၊ ဘုန်းတော်ကြီးအတွက် ဤနေရာ ဤဒေသသည် သူ့အတွက်တော့ ဘူမိနက်သန်အမှန်ဖြစ်သည်။ ဝိနည်းနဲ့အညီနေထိုင်ကျင့်ကြံတာကြောင့် ရွာသူ၊ရွာသားများအားလုံးက ကြည်ညိုသဒ္ဓါပွားကာ အရုဏ်ဆွမ်း နေ့ဆွမ်းအတွက် ဆွမ်းအုပ်နေ့စဉ်ရှိနေခဲ့သည်။ ကပ္ပိယကျောင်းဒကာကြီးနှင့်ဒကာမကြီးတို့ကိုလည်း စောင့်ရှောက်ထားသည်။ လောဘသတ္တာယနည်းပါးလှသည်မို့ ရွာထဲရွာသူရွာသားများအပေါ် သာသနာနှင့်ပတ်သက်၍ဘာမှအပူမတပ်ခဲ့။ သို့သော်လည်း ရွာသူ၊ ရွာသားများက စုပေါင်းတိုင်ပင်ပြီး ဆွမ်းချက်ဆောင်တစ်ဆောင်ကိုဆောက်လှူဒါန်းရန် စုပေါင်းတိုင်ပင်ဆွေးနွေးကြပြီး ရသမျှဝတ္ထုငွေကို ဆရာတော်ကြီးအားအပ်နှံထားသည်ဟုလည်းသိရသည်။ ဆရာတော်ကြီးက အနာမသဝတ္ထုငွေမကိုင်ဟုဆိုသော်ငြားရွာလူကြီးကအတင်းအပ်နှံလေသဖြင့် ဘုရားကျောင်းဆောင်အတွင်းရှိ သပိတ်တော်အတွင်း ထည့်ထားစေသည်။

ထိုသတင်းကို ဓားပြခေါင်းဆောင်တိုက်မောင်းက အတတ်သိထားသည်။ တိုက်မောင်းဆိုသူက မူးယစ်ရမ်းကားရုံပင် မကတော့ဘဲ အလောင်းအစားနှင့်ဓားပြပါတိုက်သည့်အဆင့်ကို တက်လာလေတော့သည်။ တပည့်တပန်းတွေနှင့်မြိုးမြိုးမြက်မြက်ရမည့်အလုပ်ကိုရှာဖွေလုပ်သည်။

"ငါကိုယ်တိုင် သေချာသတင်းရထားပြီးသား၊ အခွင့်သာတဲ့တစ်ညတော့တိုက်ကြမယ်"

အခွင့်သာသည့်ရက်ကိုရွေးချယ်ရာ လကွယ်ညသန်းခေါင်ယံကို ရွေးချယ်လိုက်သည်။လကွယ်ညတွင် လက မသာမှောင်မိုက်နေမည်။ သို့မှသာ သူတို့ကိုတော်ရုံတန်ရုံလူတွေ မှတ်မိနိုင်မည်မဟုတ်ပေ။

လကွယ်ညသည် ပိန်းပိတ်အောင်မှောင်နေသည်။ မိုးရိပ်ပါဆင်နေသဖြင့် ကြယ်ရောင်ပင် မလက်နိုင်။

"မင်းတို့ ဘာမှကြောက်နေစရာမလိုဘူး။ ကျောင်းမှာ ဘုန်းတော်ကြီးတစ်ပါးရယ် ကပ္ပိယ အဘိုးကြီးအဘွားကြီးနှစ်ယောက်ရယ် မဖြစ်စလောက် ညအိပ်ဘုန်းကြီးကျောင်းသားကသုံးယောက်လောက်ပဲရှိတာ။ခုခံရင် အပြတ်ငါကိုယ်တိုင် အဲဒီကျောင်းကို ဦးဆောင်ပြီးတိုက်မယ်ကွာ၊ ကဲသောက်ကြစား ညဆယ့်နှစ်နာရီထိုးတာနဲ့ လုပ်ငန်းစမယ်"

တိုက်မောင်းသည် အရက်ကိုရဲဆေးတင်သည့်အနေဖြင့် စိတ်ကြိုက်သောက်သည်။ သူ့တပည့်များကိုလည်း သောက်စေသည်။ အားလုံးသည် မူးယစ်ရီဝေနေကြလေပြီ။ ရဲဆေးတင်သည့်သူတွေအားလုံး ဓားရှည်ကိုယ်စီဖြင့် ဖြစ်သည်။ကျောင်းနားရောက်လာကြသည်။ သို့သော် ကျောင်းရှာမတွေ့ဖြစ်နေသည်။

"ဒီဘုန်းကြီးကျောင်းက ဒီအနားမှာပါကွာ၊ ငါသေသေချာချာသိနေပါတယ်။ ဟော့ဇောင်တွေ မင်းတို့မျက်လုံးကိုသေသေချာချာဖြကြည့်စမ်း၊ဒီလောက်တောင် ကျောင်းပျောက်နေရအောင်ကျောင်းက မိုးပေါ်ကို ပြောင်းသွားလို့လားကွာ"

တကယ်ဆို ဒီကျောင်းကို မတွေ့စရာဘာမှအကြောင်းမရှိ ဘယ်လောက်ပဲမှောင်နေပါစေ။ ကျောင်းကပျောက်စရာအကြောင်း မရှိ၊ တိုက်မောင်းတို့အဖွဲ့ဒီနေရာတွင် လေးငါးဆယ်ပတ်မကတော့ပြီ ခြေကုန်လက်ပမ်းကျနေပြီ။ အမူးတွေလည်းပြေကုန်ပြီ။သို့သော်အချိန်တွေသာကုန်လာနေသည်၊ကျောင်းကားဘယ်ပျောက်နေမှန်းမသိကြ။ မိုးရိပ်ကင်းစင်လွင့်ပျောက်သွားပြီးအရုဏ်ဦးအလင်းရောင်ပင်သန်းလာချေပြီ။

အရုဏ်ဆွမ်းလာပို့သူများ၏အသံကိုကြားရ၏။ ရွာထဲရှိဆွမ်းချက်သူ လယ်ထဲဆင်းမည့်သူတို့၏အသံများကြောင့်တိုက်မောင်းတို့၏ ဓားပြတိုက်မှုမှာ မအောင်မြင်တော့ပေ တိုက်မောင်းလည်းတပည့်တွေအားလုံးကိုပြန်လွှတ်လိုက်ပြီးသူတစ်ယောက်တည်းသာကျန်နေခဲ့သည်။ စင်စစ် သူတို့ရောက်နေသည်သည်မှာဘုန်းတော်ကြီးကျောင်း ခြံဝင်းအတွင်းဖြစ်သော်ငြားလည်း ကျောင်းကြီးကို ရှာမတွေ့ခြင်းသည် အံ့လွန်ထူးဆန်းသောဖြစ်ရပ်ပင်မဟုတ်ပါလော။

ဆရာတော်ကြီး၏ ဘုရားရှိခိုးသံကို ကြားရချေပြီ။ အရုဏ်ဆွမ်းကပ်ပြီးမှ ဆရာတော်ကြီး ဆွမ်းစားသည်။ တိုက်မောင်းကတော့ ကျောင်းဝင်းအတွင်းရှိကိုးတောင်ပြည့်စေတီကို အကာအကွယ်ယူကာ ကျောင်းဝင်းအတွင်းသို့ အကဲခတ်နေသည်။ တိုက်မောင်းဆရာတော်ကြီး၏ဘုန်းတန်ခိုးကို အံ့သြခြင်းကြီးစွာ

ကြည်ညိုသွားလေပြီ။ မကြာခင်အချိန်တွင် ဆွမ်းစားခြင်းကိစ္စပြီး၍ စေတီဝန်းကျင်ကို လှဲကျင်းရင်း ဗားမဲ့ဆရာတော်ကြီးရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသည့်သမိုင်းဝင်ဇကိုးချက်ဂါထာကို နှုတ်တက်ရွရွရွတ်ဆိုနေလေတော့သည်။

ထိုအချိန်တွင် စေတီအကွယ်မှ တိုက်မောင်းထွက်လာပြီး ဆရာတော်ကြီး၏ခြေတော်ရင်းတွင် ဖမိုးဦးတိုက်လျှောက်ထားလေတော့သည်။

"အရှင်ဘုရား တပည့်တော်ဟာ မပြစ်မှားသင့်သည်ကို ပြစ်မှားမိပါတယ်ဘုရား၊ သည့်အတွက် နောင်တကြီးစွာရမိပါတယ်။ တပည့်တော်ငမိုက်သားကို သနားသဖြင့် ခွင့်လွှတ်ပေးတော်မူပါဘုရား"

ဟုဆိုကာ ညကဖြစ်ပျက်သမျှ အကြောင်းစုံကို ဦးတိုက်လျှောက်ထားပါလေတော့သည်။

"အင်း- ကံကြီးပေတာပေါ့ ဒကာရယ်၊ မတော်တဆများ ကျူးလွန်မိခဲ့ရင် ငရဲက လွတ်လမ်းမမြင်မိဘူး။ အမှားကို အမှန်မြင်ပြီး အသိသတိရှိလိုက်တော့ အချိန်ရလိုက်ပေတာပေါ့။ ဘုန်းကြီးက အပြစ်မယူပါဘူး။ လူတကာကို ခွင့်လွှတ်ထားပြီးသားပါ။ ဒကာကြီးက ဒီငွေကိုယူမှဖြစ်မယ်ဆိုရင်လည်း ဘုန်းကြီးကတော့ ခွင့်ပြုမှာပါ၊ လိုချင်ယူသွားလေ"

"တပည့်တော် မယူဝံ့တော့ပါဘူးဘုရား၊အရှင်ဘုရားထံမှာအကာအကွယ် ဆေးဝါးမန္တန်တွေရှိရင် တပည့်တော်ကို စွန့်ကြဲပေးသနားပါဘုရား။ တပည့်တော်လည်း ဒီဓားပြအလုပ်ကို အပြီးတိုင်စွန့်လွှတ်ပါမယ့်ဘုရား။ နောက်ပြီး မကောင်းမှု ဒုစရိုက်မှန်သမျှကိုလည်း တပည့်တော် မလုပ်တော့ပါဘူးဘုရား၊ တပည့်တော်ကိုသနားသောအားဖြင့်သာသနာ့ဘောင်ကိုလည်း ဝင်ခွင့်ပြုပါဘုရား"

"အင်း- ဒကာကြီး လူကောင်းသူကောင်းဖြစ်သွားတာကိုပဲ ဘုန်းကြီးဝမ်းသာလှပါပြီ။ တကယ်တော့ ဘုန်းကြီးမှာ ဘာအကာအကွယ် ဘာဆေးဝါးမှမရှိပါဘူး။ အဲ-တစ်ခုတော့ရှိတယ်။ ဒကာ ဘုန်းကြီးက ကျောင်းသန့်ရှင်းရေးလုပ်တိုင်း လူနတ်ပြဟ္မာတွေကို အမျှဝေတယ် မနက်တိုင်းကျီးငှက်တွေကို အစာကျွေးတယ်။ ပြီးတော့ အမြဲရွတ်နေကျဂါထာ တစ်ပုဒ်ကိုတော့ ရွတ်ဖတ်တယ်ကွယ့်"

"တင်ပါ့ဘုရား အမိန့်ရှိပါ"

"အဲဒီဂါထာကတော့ဗားမဲ့ဆရာတော်ဘုရားကြီးအမြဲရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိတဲ့ ဇကိုးချက်ဂါထာတော်ပဲကွယ်၊ အဲဒါနဲ့များဆက်စပ်နေမလားပဲ"

"တင်ပါ့ဘုရား တပည့်တော်ကို အဲဒီဂါထာကိုလည်း ချီးမြှင့်ပေးသနားပါဘုရား၊ ရဟန်းအဖြစ်လည်း သွတ်သွင်းချီးမြှင့် ပေးသနားတော်မူပါဘုရား"

ဆိုတော့ ဆရာတော်ကြီးက သာခုသုံးကြိမ်ခေါ်လိုက်လေတော့သည်။

*

"ဒီလိုနဲ့ကျုပ်လည်းသာသနာ့ဘောင်ရောက်ခဲ့ရပေတော့ပေါ့။ ဆရာတော်ကြီးရွတ်ဆိုခဲ့တဲ့ ဇကိုးချက်ဂါထာတော်ကို ကျုပ်ကလည်း အချိန်ရသမျှရွတ်ဆိုပွားများနေတယ်။ ဆရာတော်ကြီး ပျံတော်မူသွားတော့ ကျုပ်လည်း ကျောင်းထိုင်ဖြစ်လာခဲ့တယ်။ဂါထာအစွမ်းပဲပြောရမလား၊ ဆွမ်းကွမ်းလည်း မရှားလှဘူး။ သဒ္ဓါကြည်ညိုသူတွေလည်း များလှတယ်ပေါ့ ဒကာရယ်။ကျုပ်ကတော့လောဘသက္ကာယကို ချုပ်ထိန်းထားတယ်။ ဆွမ်းမရရင် သပိတ်ကို ရေဆေးသောက်မယ်ပေါ့။ ဒါပေမယ့်ဒီဂါထာရဲ့အစွမ်းကိုတော့ကျုပ်ယုံကြည်တယ်"

"တင်ပါ့ဘုရားတပည့်တော်လည်း ရွတ်ချင်ပါတယ်ဘုရား၊ တပည့်တော်ကိုလည်း ချီးမြှင့်ပေးတော်မူပါဘုရား"

ဆိုတော့ ဘုန်းကြီးဦးတိုက်မောင်းက ဗလာစာအုပ်ထဲရေးပြီး ပေးလိုက်ပါသည်။ ကျွန်ုပ်လည်း ရွာရောက်ခိုက် ငယ်သူငယ်ချင်းများနှင့်လည်း တွေ့ဆုံရမည် ဆွေမျိုးများနှင့်လည်း တွေ့ရမည်။ ဆရာတော်ချီးမြှင့်လိုက်သော ဇကိုးချက်ဂါထာတော်ကိုလည်း ကျက်မှတ်ရွတ်ဆိုခွင့်ရခဲ့သည်ဖြစ်ရာ တစ်ချက်ခုတ် သုံးလေးချက်ပြတ်သည့်ခရီးဟုပင် ဆိုရပါတော့မည်။

စာဖတ်ပရိသတ်အတွက်လည်း အကျိုးရှိစေရန် မေတ္တာဖြင့်မျှဝေပေးလိုက်ပါဦးမည်။ ဗားမဲ့ဆရာတော်ကြီး၏ သမိုင်းဝင် ဇကိုးချက်ဂါထာတော်ပါဠိ-

'ဇဝံစိတ္တံ ဝိစိန္တေတွာ၊
ဇကေမ္မံ သုနိသတိ၊
ဇသဘော ဇသမော လောကော၊
ဇကရာဇာတိ ပါကဋော၊
ဇသတိ သမ္မာ သမ္မုဒ္ဓိ၊
ဇသတိ ဓမ္မ မုတ္တမံ၊
ဇသတိ မဂ္ဂ မုဂ္ဂယှ၊
ဇသတိ ပနတေ နမော'


**မြန်မာပြန်အနက်-**

**ဇသဘော**-နိဗ္ဗာန်ရောက်စေတတ်သောကောင်းမြတ်လှစွာကြောင်းခြင်းရာကိုမပြတ်ရှာမှီးတတ်သူအား၊ **ဇသမော**-နေ့ညမလပ်ရှာမှီးတတ်သည့်သဘောရှိသော၊ **လောကော**-လောကသုံးရပ်၌၊ **ဇကရာဇာတိ**-ပြိုင်ဘက်မပြုတစ်ဆူတည်းသောတရားမင်းဟူ၍၊ **ပါကဋော**-အောက်ထက်နှံ့သိကျော်စောခြင်းရှိတော်မူသော၊ **ဇယော**-အကြွင်းသုံးလူထွတ်ထား မြတ်စွာဘုရားသည်၊ **ဇကစိတ္တံ**-နိဗ္ဗာန်ရောက်ကြောင်းပျော့ပျောင်းဖြူစင် ကြည်လင်သောစိတ်တစ်ခုကို၊ **ဝိစိန္တေတွာ**-အထူးသဖြင့်သိတော်မူ၍**ဇကေမ္မံ၊ ဇကေမ္မံဝေ**-ပုရာဏကဿပစသည်သောင်းသောင်းတိတ္ထိအပေါင်းတို့ကြုံကောင်းကြုံရာဟောမှာသည်နှင့်မတူကွဲပြား နိဗ္ဗာန်ရောက်ကြောင်းတရားတစ်ခုကိုသာလျှင်၊ **သုနိသတိ**-ကောင်းမွန်လှစွာဆောင်နိုင်တော်မူပေ၏။ **တံသမ္မာသမ္ဗုဒ္ဓံ**-ထိုမြတ်စွာဘုရားရှင်ကို၊ **ဇယော**- အကြွင်ပုဂ္ဂိုလ်သည်၊ **ဇသတိ**-ရွှေပြည်နိဗ္ဗာန်ဝင်စံကိုလှ မြတ်ဆန္ဒဖြင့်မပြတ်ရှာမှီးလေ့ရှိပေ၏။

**တဿ**- ထိုမြတ်စွာဘုရားရှင်၏၊ **ဓမ္မံ**- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆယ်ဆူသော တရားတော်မြတ်ကိုလည်း၊ **ဇသတိ**- ရွှေပြည်နိဗ္ဗာန်စံဝင်လိုလို မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိပေ၏။ **တဿ**- ထိုမြတ်စွာဘုရားရှင်၏၊ **မုတ္တမံ**-ရင်နှစ်သည်းချာ အရိယာရှစ်ဖော်မြတ်သံဃာတော်ကိုလည်း၊ **ဇသတိ**-ရွှေပြည်နိဗ္ဗာန်စံဝင်လိုလှမြတ်ဆန္ဒဖြင့်မပြတ်ရှာမှီးလေ့ရှိပေ၏။ **မဂ္ဂယှ**-ငြိုငြင်စရာမတွယ်တာအောင် ကြံဆောင်မြှောက်ချီးမိမိစိတ်ကိုပြီး၍၊ **တဿ**- ထိုမြတ်စွာဘုရားရှင်၏၊ **မဂ္ဂံ**- နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းလမ်းမှန်ကိုလည်း၊ **ဇသတိ**-ရွှေပြည်နိဗ္ဗာန်စံဝင်လိုလှမြတ်ဆန္ဒဖြင့်မပြတ်ရှာမှီးလေ့ရှိပေ၏။ **ဇသတိ**-ဤသို့များစွာ မဟာအသခ်တဓာတ်ရောက်လိုလှသည့်မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိသောပုဂ္ဂိုလ်၌၊ **တေ**-ခန္ဓာငါးဝပေါင်းထသမုတ် သင့်ကိုရုပ်အား၊ **နမော**-ခြေရင်းဝပ်တွားထိငါးပါးဖြင့်လက်စုံမိုး၍ရှိခိုးနိုင်သည်၊ **ဟောတု**-ဖြစ်ပါစေသတည်း။

*သတ္တဝါလေ့စိတ်ချမ်းမြေ့*
*သာယာရှိပါစေ။*

**ဦးမောင်ဝင်း(ရောရွှေမြေ)**



# ပုတ်ကောင်နဲ့ ထိုးတဲ့လက်ရှေ့ပွဲ အဂ္ဂဇော်

ရွှေကြက်ယက်ဘုရားပွဲက အလွန်စည်ကားလှသည်။ ဇာတ်သဘင်ချည်း နှစ်ခုစင်ပြိုင်ထွက်လေသည်။ ဘုရားပွဲဈေးတန်းကြီးမှာ မျက်စိတစ်ဆုံးရှည်လျားလှသည်။ နီယွန်မီးရောင်များ၊ မီးချောင်းများဖြင့် ထိန်ထိန်ငြိးနေသည်။

ဘုရားပွဲတစ်လျှောက် မြန်မာမုန့်မျိုးစုံရောင်းချသူများ၊ အဝတ်အထည်ရောင်းသူများ၊ ကလေးကစားစရာရောင်းသူများ၊ စားသောက်ဖွယ်ရာ တုတ်ထိုးများ၊ အကြော်စုံများ၊ မုန့်ဟင်းခါးသည်များ စသည်ဖြင့် ပြည့်နှက်နေလေသည်။ ထို့အပြင် ရဟတ်ကြီးများ၊ ဓားပြလှေများနှင့်ကလေးစီးချားများမှာလည်းမီးရောင်စုံဖြင့်လှုပနေကြသည်။

ရွှေကြက်ယက် ပွဲဈေးတွင် ယောက်ျားလေးကြီးကြီးငယ်ငယ်အလွန်စိတ်ဝင်စားကြသောနေရာမှာ ရိုးရာလက်ဝှေ့ရုံပင်ဖြစ်သည်။ လက်ဝှေ့ရုံမှာ ဝါးလုံးများ မိုးကာစများဖြင့်တည်ဆောက်ထားပြီး ဗီနိုင်းများ၊ လက်ဝှေ့ကျော်များ၏ပုံများဖြင့်အလှဆင်ထားလေသည်။မီးချောင်းကြီးများဖြင့် ထွန်းညှိထားပြီး အတွင်းတွင်ကြိုးဝိုင်းတစ်ခုတည်ဆောက်ထားကာ ဘေးပတ်ပတ်လည်တွင် သစ်သားခုံများကို အနိမ့်အမြင့်စီထားလေသည်။

"အခုတစ်ခါ အလှည့်ကျလာတာကတော့ တောင်သမန်ငမန်းနဲ့ အငဲတို့ပဲဖြစ်ပါတယ်"

ပွဲကြေညာသူကြော်ငြာလိုက်သည်။

ပရိသတ်များကအော်ဟစ်နေကြသည်။တောင်သမန်ငမန်းကတော့နာမည်ကြီးတစ်ယောက်ဖြစ်သည်။လက်ဝှေ့ထိုးခြင်းဖြင့် အသက်မွေးနေသူဖြစ်သည်။အငဲကတော့ဝါသနာရှင်ဖြစ်သည်။လက်ဝှေ့ထိုးခြင်းဖြင့်အသက်မမွေးသော်လည်း ဝါသနာအရပွဲရှိလျှင် ဝင်ရောက်ထိုးခြင်းဖြစ်သည်။ ယခုလည်းတောင်သမန်ငမန်းကနှစ်တိုင်း ရှုံးပွဲမရှိသေးပေ။ အငဲကလည်း တောင်သမန်ငမန်းကိုစိန်ခေါ်ထားခြင်းဖြစ်သည်။

လက်ဝှေ့ရုံထဲတွင် ပရိသတ်တွေဆူညံနေသည်။ ရုံမှာပြည့်လျှံနေပြီး မတ်တပ်ရပ်သူများပင် ခြေတစ်နေရာစာရအောင်မနည်းရပ်နေကြရသည်။ ဒီကြားထဲ ကွမ်းယာသည့်ဆေးလိပ်သည်များကတိုးဝှေ့နေသည်။ နောက်ပြီး တရားမဝင်လောင်းကစားလုပ်သူများကလည်းမည်သူနိုင်မည်၊ မည်သည့်အချီတွင်နိုင်မည်စသည်ဖြင့် လောင်းကြေးအမျိုးမျိုးထပ်နေကြသည်။

"အငဲ အားတင်းထား မင်းနိုင်မှာပါ"

ပွကြီးက အငဲကို အားပေးလေသည်။ သူတို့သည် လက်ဝှေ့သမားများအတွက်သီးသန့်ပြုလုပ်ထားသောအခန်းလေးထဲတွင်ထိုင်နေကြသည်။ ထိုအခန်းလေးမှာ လက်ဝှေ့ရုံထဲတွင်ပင်ရှိပြီး မိုးကာသားများဖြင့် ကာရန်ထားပြီး မီးတွေထိုးထားသည်မို့ ချွေးတွေကရွှဲနစ်နေသည်။ ပွကြီးက အငဲ၏သူငယ်ချင်းဖြစ်သည်။ နှာခေါင်းပွသဖြင့် ပွကြီးဟုလူသိများခြင်းဖြစ်သည်။

ထို့နောက် တစ်ဖက်က တောင်သမန်ငမန်းကို ကြည့်လိုက်လေသည်။ တောင်သမန်ငမန်းကတော့ မိန်းမနှင့်ဆွေမျိုးများက ဝိုင်းဝန်းအားပေးနေကြသည်။ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များလည်း အများအပြားတပ်ဆင်ထားလေသည်။ ပွဲလုပ်သူက ကြေညာလိုက်သဖြင့် တောင်သမန်ငမန်းကော အငဲပါထလိုက်ကြသည်။ တောင်သမန်ငမန်းက အငဲထံလမ်းလျှောက်လာသည်။

"အားပေးတဲ့သူတွေကတော့ မင်းဘက်မှာမရှိဘူးနော်။ မင်းသုံးချီအတွင်းမှာမလဲပါစေနဲ့ကွာ"

ငမန်းကပြောလိုက်သည်။ ပွကြီးကတော့ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ အငဲကတော့ဘာမှမပြောတော့ဘဲခေါင်းကိုညိတ်လိုက်သည်။

တောင်သမန်ငမန်းကအနီရောင်ခြမ်းကိုရရှိသည်။ တောင်သမန်ငမန်းကအရင်ထွက်သွားသည်။ ပရိသတ်အော်ဟစ်အားပေးသံများက လက်ဝှေ့ရုံကြီးပေါက်ထွက်မတတ် ကျယ်လောင်နေသည်။ တောင်သမန်ငမန်းမှာ လူသိများသဖြင့်သူ့ပရိသတ်များများပြားလေသည်။

ထို့နောက် အငဲထွက်လေသည်။ အငဲကဝါသနာရှင်အဆင့်တွင် လူသိများသော်လည်း လက်ဝှေ့လောကတွင် နာမည်မကြီးပေ။ အငဲထွက်လာတော့ ပရိသတ်အားပေးမှုသိပ်မရ။ အချို့ပရိသတ်များက လက်မအောက်ကိုထိုးကာ အော်ဟစ်ကြလေသည်။

"တိန်"

ပွဲစခေါင်းလောင်းမြည်လေပြီ။ အငဲက အရိပ်အခြေကိုကြည့်နေသည်။ တောင်သမန်ငမန်းက ဝိုက်လုံးများဖြင့်ဝင်လာလေသည်။ အငဲက လက်သီးပြင်းများကိုကာထုတ်လိုက်ပြီး တောင်သမန်ငမန်း၏ဟာကွက်ကိုစောင့်နေလေသည်။ တောင်သမန်ငမန်းကထိုးလိုက်ကာလိုက်ရှောင်လိုက်ဖြင့်ဖြစ်နေသည်။ ပရိသတ်ကလည်း ငမန်းကိုအားပေးကြသည်။ အငဲမှာ ရှောင်ရင်းတိမ်းရင်းထိတော့ထိသည်၊ သို့သော် ပြင်းထန်သည်မဟုတ်သောကြောင့်ကိစ္စမရှိ ငမန်း၏ဟာကွက်ကိုစောင့်နေလေသည်။

တစ်ချက်တွင် ငမန်း၏ဝိုက်လက်သီးက အငဲမျက်နှာကိုမထိဘဲ အနည်းငယ်လိုသွားလေသည်။ အငဲကလည်းရသည့်အခွင့်အရေးကို အမိအရယူကာ ငမန်း၏မျက်နှာကို ဖြောင့်လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။ ငမန်းကအငိုက်မိသွားသည်။ ဖြောင့်လက်သီးသည် တိုပြီးအသွားမြန်သဖြင့် ငမန်း မကာလိုက်နိုင်။ ငမန်းနှာခေါင်းကြီးကိုထိုးမိပြီး နှာခေါင်းကြီးနီရဲသွားလေသည်။ သွေးစအချို့လည်းကျလာလေသည်။

တောင်ပွဲတစ်ချီနားသည့်ခေါင်းလောင်းမြည်လာလေသည်။ ငမန်းက အနီထောင့်ကိုပြေးသွားလိုက်သည်။ သူ့တပည့်များက ဝိုင်းပြီးပြုစုကြသည်။အငဲကအပြာထောင့်ကိုလာတော့ ဘယ်သူမှမရှိ။ ပွကြီးလည်း ဘယ်ထွက်သွားမှန်းမသိ။ ကိုယ့်ဘာသာကိုယ် ရေစွတ်ထားသောသဘက်ဖြင့် မျက်နှာကိုသုတ်လိုက်ပြီးအမောဖြေနေရသည်။ ထိုစဉ် တောင်သမန်ငမန်းက သူ့လက်မောင်းရှိအဆောင်တစ်ခုအား နှုတ်ခမ်းဖြင့်အသာနမ်းလိုက်လေသည်။

"တိန်"

နောက်တစ်ချီစပြီ။ ငမန်းက အငဲဆီပြေးလာလေသည်။ ထို့နောက် အငဲကို ဒူးဖြင့်တိုက်လိုက်လေသည်။ အငဲကလက်ဖြင့်အမြန်ကာလိုက်သည်။သို့သော်သူ့လက်ကိုတစ်စုံတစ်ယောက်အနောက်ကဆွဲထားသလိုဖြစ်နေသည်။ လက်ဖြင့်ကာလိုက်ရာ အနည်းငယ်နောက်ကျသဖြင့် အငဲဗိုက်ကို ဒူးကထိလေသည်။ အငဲက အချိန်မီပင့်လက်သီးဖြင့် ငမန်းမေးစေ့ကို ပင့်လိုက်လေသည်။ သို့သော် သူ၏လက်သီးကို တစ်စုံတစ်ယောက်ကဆွဲထားသလို လက်သီးကမတက်နိုင်ဘဲဖြစ်နေလေသည်။ ငမန်းက သူ့ကိုဝိုက်လက်သီးတစ်ချက်ပြန်ထိုးလိုက်သည်။ အငဲပါးမို့ကိုထိသွားသည်။ လက်သီးကအရှိန်ပြင်းထန်သည်မို့ ချက်ချင်းပင်သွေးခြည်များဥလာလေသည်။

အငဲလည်း အလွန်ထူးဆန်းနေလေသည်။ သူ့ကိုယ်လုံးပေါ်မှ လူတစ်ယောက်ဂုတ်ကိုတက်ပြီခွစီးထားသလိုလေးလံနေလေသည်။ ငမန်းကလည်း အလွန်လျင်မြန်စွာ တိုက်ခိုက်လေသည်။ အငဲက နားလည်လိုက်ပြီ၊ လက်ဝှေ့ပွဲကို ငမန်းတစ်ခုခုခေါ်လာပုံရသည်။ အငဲကာချက်တွေက နှေးနေသဖြင့် အထိုးခံရသည်ကများသည်။ ရှောင်တိမ်းရာတွင်လည်းအလွန်နှေးကွေးနေလေသည်။ ပရိသတ်ကလည်း ငမန်းကိုအားပေးနေကြသည်။

"တောင်"

တတိယအချီနားတော့ ပွကြီးပြန်ရောက်နေသည်။ သူ့မျက်နှာမှာကောကိုယ်လုံးမှာပဲ ဒဏ်ရာတွေနှင့်ပြည့်နှက်နေသည်။ ပွကြီးကသဘက်ဖြင့်သုတ်ပေးသည်။ သူ့ကိုလည်း ရေဖြင့်မှုတ်ပေးသည်။ အငဲလည်း ရေတစ်ကျိုက်မော့သောက်လိုက်လေသည်။ သူ့ခေါင်းထဲတွင်တော့ ဘယ်လိုပြန်ပြီး တိုက်စစ်ဆင်ရမလဲဆိုတာကိုသာစဉ်းစားနေမိသည်။ ထိုစဉ် သူ့အဘိုးဖြစ်သူ သင်ကြားထားပေးသည့်နည်းလမ်းများကို ပြန်လည်စဉ်းစားမိလိုက်သည်။

"ငါ့မြေးရဲ့ လက်ဝှေ့ထိုးတဲ့အခါအချို့က အင်းအိုင်ခါးလှည့်လက်ဖွဲ့တွေယူလာကြတယ်။ အဲဒီအစွမ်းတွေကိုအသုံးချတတ်ကြတယ်။ အဲဒီအခါကျရင် သစ္စာဆိုပြီး သစ္စာလက်သီးနဲ့ထိုးရ

တယ်ကွ"

"ဘယ်လိုသစ္စာလက်သီးလဲ အဘိုးရဲ့"

"မှန်တာပြောရင် သစ္စာပဲလေ။ မင်းလုပ်ခဲ့တဲ့အလုပ်တစ်ခု ကျင့်ခဲ့တဲ့အကျင့်တစ်ခုကို အမှန်အတိုင်းတိုင်တည်ပြီးလုပ်ရတာပေါ့"

အငဲက ထိုစကားများကိုပြန်ကြားယောင်လိုက်သည်။ ထို့နောက်လက်အုပ်ကိုအသာချီပြီး ရွှေကြက်ယက်ဘုရားထံမှန်းပြီး မျက်နှာမူလိုက်လေသည်။

"အရှင်ဘုရား တပည့်တော်သည် ဘဝတစ်လျှောက်လုံး လက်ဝှေ့ထိုးသည့်အခါတွင်မတရားသည့်နည်း၊ ကောက်ကျစ်သောနည်းများ အသုံးပြုပြီး မထိုးခဲ့ပါဘုရား၊ ထိုမှန်သော သစ္စာစကားကြောင့် တပည့်တော်အပေါ် မကောင်းသည့် မည်သည့်အန္တရာယ်မှမကျရောက်ပါစေနှင့်ဘုရား"

အငဲက စိတ်ထဲက ဆုတောင်းလိုက်သည်။

"တိန်"

တတိယအချီ၊ ငမန်းက တတိယအချီတွင် အပြီးသတ်ထိုးရန် ဆုံးဖြတ်လိုက်သည်။ တတိယအချီကျော်လျှင် ငမန်းဘက်မှ တတိယအချီတွင် တစ်ဖက်သားအလဲဆိုပြီး လောင်းထားသူများအားလုံးရှုံးတော့မည်ဖြစ်သည်။ ငမန်းကလည်း သူ့လက်ဖွဲ့အစွမ်းကိုယုံကြည်လေသည်။

လက်ဝှေ့ပွဲစသည်နှင့် ငမန်းက မြေးပြီး အငဲကို အပြင်းအထန်ထိုးနှက်ပါတော့သည်။ အငဲက အလျင်အမြန်ရှောင်တိမ်းလိုက်သည်။ သူ့ကိုချုပ်နှောင်သည့်အရာမရှိတော့သဖြင့် ပေါ့ပါးနေလေသည်။ ငမန်း၏ထိုးချက်များကိုရှောင်တိမ်းလိုက်ပြီး ငမန်း၏ကျောကိုကိုင်ပြီး ရင်ဝကိုဒူးဖြင့်တိုက်လိုက်သည်။ ငမန်းမျက်စိများပြာသွားလေသည်။ အငဲကအချိန်မဆိုင်းတော့ဘဲ ပင့်လက်သီးတစ်လုံးကို ညာလက်ဖြင့်ပင့်လိုက်သည်။ ပါးစပ်မှလည်း 'သစ္စာလက်သီးကွ' ဟု အော်ဟစ်လိုက်လေသည်။ လက်သီးမှာ ငမန်း၏မေးစေ့ကို အရှိန်ပြင်းစွာထိုးမိပြီး ငမန်းမှာလေပေါ် မြောက်တက်သွားတော့သည်။

ပရိသတ်များအကုန် အသံတိတ်ကုန်သည်။ ငမန်းက လေပေါ် မှစင်ပေါ်သို့ပက်လက်ကြီးပြန်ကျသည်။ ပြန်ထမို့နေနေသာသာ တုပ်တုပ်မျှမလှုပ်တော့။ ဒိုင်လူကြီးကတက်လာပြီးတစ်မှတစ်ဆယ်အထိရေတွက်လေသည်။ ငမန်းမှာ မထနိုင်တော့။ သတိလစ်နေသဖြင့် ဆေးတပ်သားများကထမ်းပြီးထုတ်သွားရလေသည်။ ပရိသတ်များက အတန်ကြာငြိမ်နေရာမှထအော်လိုက်ကြသည်။ ထို့နောက် သူ့ဆီပြေးတက်လာကြပြီး အငဲကိုပွေ့ဖက်လိုက်ကြသည်။

"ပွဲကြီး မင်းပွဲပြီပေါ့"

အငဲကပြောလိုက်သည်။

"မပွဲပါဘူးကွာ၊ ငါက မင်းပထမအချီကတည်းက မဟန်မှန်းသိတာနဲ့ ငမန်းဘက်ကိုအကုန်အောလိုက်တာကွ"

အငဲက စိတ်တိုပြီး ပွဲကြီးကိုလက်သီးဖြင့် ထိုးဖို့လုပ်တော့ပွဲကြီးမှာပရိသတ်များကြားတိုးဝင်ပျောက်ကွယ်သွားသည်။ ပရိသတ်တွေက သူ့ကိုဖက်သည့်သူဖက်ကြသည်။

"သစ္စာလက်သီး အငဲ သစ္စာလက်သီးအငဲ"

ဟု ပရိသတ်များက အားပေးကြလေသည်။

*

လက်ဝှေ့ပွဲအပြီး ဆုကြေးများနှင့် ပရိသတ်ဆုချငွေများကို ကရင်လွယ်အိတ်အသေးလေးထဲထည့်လိုက်ပြီး အငဲကပွဲဈေးတန်းဘက်ထွက်ခဲ့သည်။ ပွဲဈေးမှာသန်းခေါင်ကျော်သဖြင့်လူတော်တော်ရှင်းနေပြီ။ ဇာတ်ပွဲသမားများသာကျန်တော့သည်။ သို့သော်အချို့မုန့်သည်များအရုပ်သည်များက မသိမ်းသေးပေ။ အငဲကလွယ်အိတ်ထဲမှ ရှောင်းမီဖုန်းလေးကိုထုတ်ကြည့်လိုက်သည်။ မော်ဒယ်နိမ့်ဖုန်းလေးမှာ ဖုန်းမျက်နှာပြင်များ အက်ကွဲနေသည်။ ထိုဖုန်းမျက်နှာပြင်တွင် အမျိုးသမီးတစ်ယောက်နှင့်ကလေးမလေးတစ်ယောက်ပုံကို Wallpaper တင်ထားလေသည်။ အငဲကသူ့မိန်းမထံဖုန်းဆက်ရန်ပြင်လိုက်သေးသည်။ သို့သော် သန်းခေါင်ကျော်နေပြီမို့ အိပ်နေလောက်ပြီ။ အငဲကပွဲဈေးတန်းထဲထွက်ခဲ့သည်။ သူ့မျက်နှာတွေကသွေးခြည်ဥနေပြီး အချို့နေရာတွေကတော့ဖူးရောင်နေသည်။

အငဲက ပွဲဈေးတန်းက ကောက်ညှင်းကျည်တောက်သည်ထံမှာ ကောက်ညှင်းကျည်တောက်ဝယ်လိုက်သည်။အငဲ၏သမီးလေးက ကောက်ညှင်းကျည်တောက်အလွန်ကြိုက်သည်။ ကောက်ညှင်းကျည်တောက်ဆိုသည်မှာကလည်း အမြဲတမ်းစားလို့မရ၊ ပွဲဈေးရှိမှသာ စားရခြင်းဖြစ်သည်။

"မနက်ကို ခံပဲ့မလားဗျ"

"ခံတယ် အစ်ကိုကြီး၊ နေ့လယ်ကမှပေါင်းထားတာ"

"တစ်ထောင်ဖိုးပေးဗျာ"

အငဲက ပြောလိုက်သည်နှင့် ကောက်ညှင်းကျည်တောက်သည်က ကောက်ညှင်းကျည်တောက်အတုံးလေးတွေကို ဓားဖြင့်ထက်ခြမ်းခြမ်းလိုက်ပြီး ဖြူဖွေးသောသကြားများကို ဖြူးလိုက်သည်။ ထို့နောက် အုန်းသီးမျှင်များကို ခပ်များများဖြူးပြီး ပြန်ပိတ်လိုက်သည်။

"ဒါနဲ့ အစ်ကိုကြီးက သစ္စာလက်သီးအငဲမဟုတ်လား"

"ခင်ဗျားက ဘယ်လိုသိလဲ"

"သိဆို ကျွန်မယောကျ်ားက လက်ဝှေ့လောင်းကစားသမားလေ၊ ညက သစ္စာလက်သီးအငဲက ငမန်းကိုနိုင်သွားတယ်ဆိုတာ ပွဲဈေးထဲ သတင်းတွေပြန့်နေတာပဲ"

ပြောရင်း ဈေးသည်က နောက်ထပ်အပိုနှစ်တုံးထပ်ထည့်ပေးလိုက်သည်။

"အစ်ကိုကြီး ပိုထည့်ပေးလိုက်တယ်နော်"

အငဲလည်း တစ်ထောင်တန်တစ်ရွက်ကိုပေးကာ ဆိုင်မှလှည့်ထွက်လာလေသည်။ အောင်မြင်ခြင်း ကျော်ကြားခြင်းဆိုသည်မှာ အလွန်လျင်မြန်သည်ကိုလည်း အငဲကတွေးတောနေမိသည်။

နိုယွန်မီးရောင်စုံတွေ ထွန်းထားသည့်အရုပ်ဆိုင်တစ်ဆိုင်ရှေ့ကိုရောက်လာသည်။ အရုပ်ဆိုင်တွင် အရုပ်မျိုးစုံချိတ်ဆွဲထားသည်။ အငဲက မိမိသမီးငယ်ပြောသည့်စကားတွေကို အမှတ်ရလိုက်သည်။

"သမီး ဖေကြီးနိုင်လာရင် ဘာယူမလဲ"

"သမီးလေ ဝက်ဝံရုပ်အကြီးကြီးလိုချင်တယ်"

သမီးလေးက ပြောလိုက်သည်ကို မိန်းမဖြစ်သူက သမီးကိုမျက်စောင်းထိုးလိုက်လေသည်။

"အရမ်းလိုချင်တာတော့ မဟုတ်ပါဘူး အဖေကြီးရယ်"

သမီးက ပြောလိုက်ရင်း မျက်လွှာလေးချလိုက်လေသည်။ ဆယ်နှစ်အရွယ်မိန်းကလေးတစ်ယောက် မွေးပွရုပ်လိုချင်တာတော့မဆန်းပါ။ အငဲက နိုင်နိုင်မနိုင်နိုင်သမီးလေးကို ဝက်ဝံရုပ်ဝယ်ပေးဖို့ဆုံးဖြတ်ထားလေသည်။

"အစ်မ အဲဒီဝက်ဝံရုပ် ဘယ်လောက်လဲ"

"တစ်သောင်းခွဲ"

အလို အငဲက အံ့ဩသွားသည်။ ဝက်ဝံရုပ်မှာ သုံးလေးပေခန့်ရှိသည်။ အမွေးတွေကပွနေသည်။ သမီးတော့ ကြိုက်မှာသေချာသည်။ သို့သော် သူ လက်ဝှေ့ထိုးထွက်လာသည်မို့ ငွေကများ များမပါ။ ထို့ကြောင့် ထိုဆိုင်မှထွက်ခွာခဲ့လိုက်သည်။

အငဲက ညနေကအဖြစ်ကို ပြန်တွေးနေခြင်းဖြစ်သည်။ အခုတော့ သူ အနိုင်ရရှိသည့်ငွေများကြောင့် ထိုဝက်ဝံရုပ်ကိုဝယ်ရန်မှာ အသေးအမွှားဖြစ်သွားလေပြီ။ ဝက်ဝံရုပ်ကြီးက သူ့ကိုပြုံးပြနေသည်ဟုထင်လိုက်သည်။

"အစ်မ အဲဒီဝက်ဝံရုပ်ဝယ်မယ်"

ဆိုင်ရှင်အစ်မက ထလာလေသည်။

"တစ်သောင်းခွဲနော်"

အငဲကခေါင်းညိတ်ပြရင်း ငါးထောင်တန်သုံးရွက်ပေးလိုက်သည်။ဆိုင်ရှင်က ကြွပ်ကြွပ်အိတ်နှင့်ထုတ်ပေးလိုက်သည်။ အငဲက အရုပ်ဆိုင်မှထွက်လာပြီး ဆိုင်ကယ်အပ်သောနေရာကိုသွားလိုက်သည်။ သူ့ဆိုင်ကယ်ကိုရွေးယူလိုက်ပြီး စက်ကိုနှိုးလိုက်သည်။ အငဲကပွဲဈေးတန်းတစ်လျှောက် ပွကြီးကိုရှာဖွေနေသေးသည်။ ပွကြီးမှာ အငဲနှင့်နှစ်နှစ်ဆယ်ကျော်တွဲလာသည့်သူငယ်ချင်းဖြစ်သည်။ အငဲအပေါ်လည်းအနွံတာခံသလိုလိုအပ်လျှင်လည်း ပွကြီးပဲကူညီပေးတတ်သည်။ အငဲက ပွကြီးကိုထိုးဖို့မဟုတ်။ ပွကြီးကိုလည်း မုန့်ဖိုးအနည်းငယ်ပေးရန်ဖြစ်သည်။သို့သော်ပွကြီးကအရက်ဆိုင်တစ်ဆိုင်ဆိုင်တွင် ကစ်နေလောက်ပြီ၊ အငဲကမရှာတော့ဘဲ ဆိုင်ကယ်ကိုစီးပြီး ပွဲဈေးတန်းမှထွက်လာခဲ့သည်။ အနောက်တွင်တော့ ရွှေကြက်ယက်ဘုရားကြီးက မီးရောင်တွေနဲ့သပ္ပာယ်နေဆဲ။

*

အငဲတို့မျိုးရိုးမှာ အစိုးရဝန်ထမ်းမျိုးရိုး ကရင်၊ ဗမာ၊ ကပြားဖြစ်သည်။ အဘိုးက ကရင်လက်ဝှေ့သမားကြီးဖြစ်သည်။ သူ့အဖေကတော့ အစိုးရဝန်ထမ်းဖြစ်သည်။ အငဲက ငယ်စဉ်ကတည်းက ဘမျိုးဘိုးတူ လက်ဝှေ့ကို အလွန်ဝါသနာပါသည်။ အဖေကော အမေကောက အားမပေး၊အငဲကအားလပ်သည့်အချိန်များတွင် သူ့အဘိုးဆီသွားသွားပြီး လက်ဝှေ့ပညာသင်ရသည်။

(၈) တန်းအောင်တော့ စာထဲစိတ်မဝင်စားတော့။ လက်ဝှေ့ဘက်ပဲ စိတ်ဝင်စားသည်။ ထို့ကြောင့် အိမ်မှထွက်ပြေးလေသည်။ အဘိုးဖြစ်သူ၏လမ်းညွှန်မှုဖြင့်တောင်ငူရှိကရင်လက်ဝှေ့ဆရာကြီးထံတွင်သွားရောက်ခိုလှုံပြီး လက်ဝှေ့ပညာများကိုသင်ကြားခဲ့သည်။ အဘိုးကလည်းငွေကြေးလှမ်းပြီးထောက်ပံ့ခဲ့သည်။ အငဲကကြီးလာလျှင် လက်ဝှေ့သမားဖြစ်အောင်လုပ်မည်၊ လက်ဝှေ့ထိုးစားမည်ဟုဆုံးဖြတ်ခဲ့သည်။

အဖေဆုံးတော့ ထိုအိပ်မက်သည် ရေစုန်မျောသွားသည်။ အမေနှင့် ညီမတွေဆီပြန်ရလေသည်။ အသက်အရွယ်ရလာတော့ ညီမတွေကကျောင်းဆရာမတွေဖြစ်ကြသည်။ အမေ့ကိုခေါ်ထားကြသည်။ အငဲကလည်း အညာသူမိမိုးနှင့် အိမ်ထောင်ကျသည်။ မိမိုးက အသားမည်းမည်းဖြစ်သည်။ အပ်ချုပ်သည်။ အငဲကတော့ ထိုအချိန်က ကြုံရာကျပန်းလုပ်သည်။ နောက်ပိုင်းတော့အငဲကဆိုင်ကယ်ပညာသင်ပြီး ဆိုင်ကယ်ဝပ်ရှော့အသေးလေးထောင်လိုက်သည်။

လင်မယားနှစ်ယောက် စားလောက်ရုံသာရသည်။ မနည်းခြစ်ခြစ်ကုပ်ကုပ်စုဆောင်းရသည်။ ဆိုင်ကယ်ဝပ်ရှော့မှာလည်း စီးပွားပြိုင်များပြားလွန်းသဖြင့် စားလောက်ရုံသာရသည်။ မိမိုးကအပ်ချုပ်သဖြင့် အပိုဝင်ငွေရသည်။ သို့သော် သမီးလေးနန်းနန်းမွေးတော့ မိမိုးအပ်မချုပ်တော့။ မိသားစုမှာ ကျပ်တည်းလေသည်။

အငဲက လက်ဝှေ့ကိုမစွန့်လွှတ်သေး။ အချိန်ရလျှင်ရသလိုလေ့ကျင့်သည်။ ထို့နောက် ဝါသနာရှင်အဆင့် လက်ဝှေ့ပြိုင်ပွဲများတွင် ဝင်ပြိုင်လေသည်။ ဝါသနာရှင်အဆင့် ပြိုင်ပွဲများမှာ ဆုကြေးအလွန်နည်းသည်။ ပညာရရန်အတွက် ပြိုင်ခြင်းကများသည်။ မိမိုးကတော့ လက်ဝှေ့ကိုလုံးဝအားမပေး။ တစ်ခါတစ်ရံ ဆေးဖိုးဆုကြေးထက်ပိုနေလေသည်။အရင်ကသူတို့လင်မယားလက်ဝှေ့ကြောင့်စကားခဏခဏများသည်။ ယခုနောက်ပိုင်း သူ့မိန်းမကသူ့ယောကျ်ား ဝါသနာမို့ ဘာမှမပြောတော့ပေ။ သို့သော်လည်း သူ့ယောကျ်ား လက်ဝှေ့ကိစ္စအတွက် မပံ့ပိုးပေးနိုင်ပေ။ အငဲတို့က မြို့ပြနှင့်ဝေးကွာလှသော ဆင်ခြေဖုံးရပ်ကွက်လေးတွင် နေထိုင်လေသည်။ ဆိုင်ကယ်ကို အတန်ကြာစီးပြီးနောက် သူတို့ရပ်ကွက်ထဲသို့ဝင်မည့်လမ်းချိုးကို ချိုးဝင်လိုက်သည်။ ထိုလမ်းမှာ မြို့ရှောင်လမ်းဖြစ်သည်။ လူအသွားအလာပြတ်သည်။ သို့သော် သူတို့ရပ်ကွက်ကို အချိန်တိုနှင့်ရောက်နိုင်သည်။ မြို့ရှောင်လမ်းမပေါ်ခင်ကလမ်းဟောင်းမှသွားပါက အခြားရပ်ကွက်သုံးလေးခုကိုဖြတ်ကျော်ပြီးမှ ဝင်ရသဖြင့်ခရီးပိုဝေးသည်။

*

မြို့ရှောင်လမ်းမှာ ကတ္တရာမခင်းရသေး။ ကျောက်ခင်းလမ်းဖြစ်သည်။ ကျောက်များက ချွန်ထနေသည်။ အရှိန်များလျှင်ဆိုင်ကယ်ဘီးပေါက်တတ်သဖြင့် အငဲကသတိထားက ဖြည်းဖြည်းမောင်းရလေသည်။ တစ်နေရာအရောက် အငဲကျောချမ်းသွားလေသည်။အကြောင်းမှာ ထိုနေရာတွင် မြို့ရှောင်လမ်းက သချိုင်းတစ်ခုအလယ်မှ ဖောက်လုပ်ထားခြင်းဖြစ်သည်။ အငဲက တစ်ခါမှ ဒီလောက်နောက်ကျအောင် မပြန်လာဘူးပေ။ လမ်းတစ်လျှောက်လည်းကား၊ ဆိုင်ကယ်ဆို၍ မျက်စိတစ်ဆုံးတစ်စီးမျှမတွေ့ရ။ ကောင်းကင်တွင်လည်း ကြယ်ကလေးများကမှိတ်တုတ်မှိတ်တုတ်။

အငဲက ဆက်မောင်းလာသည်။ ဆိုင်ကယ်မီးရောင်အောက်တွင် အုတ်ဂူတွေက လမ်းဘေးဝဲယာတွင်တည်ရှိနေသည်။ အငဲကလည်း အမြန်မောင်းချင်ပေမယ့် လမ်းကဆိုးသဖြင့် ထိန်းမောင်းနေရသည်။ သူလည်း နောင်တရနေသည်။ လမ်းဟောင်းက ပြန်ခဲ့လိုက်ရင် အကောင်းသား။

မကြာခင် ပတ်ဝန်းကျင်က မြူတွေကျသလိုဖြစ်လာသည်။ ဆိုင်ကယ်မီးကမြူတွေကို မနည်းခွင်းပြီး ထိုးနေရသည်။ မကြာခင်အရှေ့မှ လူသဏ္ဌာန်အရိပ်တစ်ခုက ဆိုင်ကယ်ကို ပြေးလာပြီး တိုက်လိုက်သည်၊အငဲကလန့်သွားသည်။ ဆိုင်ကယ်ကိုတော့မရပ်။ သို့သော် ဆယ့်လေးငါးလှမ်းခန့်အကွာတွင် ဆိုင်ကယ်က ထိုးရပ်သွားသည်။ အငဲလန့်ဖျပ်ပြီး ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည်။

ဆိုင်ကယ်ရပ်ပြီး ဆိုင်ကယ်ကို စစ်ဆေးမည်လုပ်တော့ အငဲ ကြက်သီးမွေးညင်းများထသွားသည်။ အကြောင်းမှာ လူတွေက သူ့ကိုစက်ဝိုင်းပုံသဏ္ဌာန်ဝိုင်းပြီးရပ်ထားကြသောကြောင့်ဖြစ်သည်။ ထိုလူများသည် ပုပ်ပွနေလေသည်။အချို့မှာအရိုးကျနေလေသည်။အချို့မှာလည်း ကိုယ်ခန္ဓာအစိတ်အပိုင်းတွေမရှိကြတော့။ မျက်လုံးတွေကတော့ဖြူဖြူကြီးတွေဖြစ်နေသည်။ ထိုစဉ်လူအုပ်ထဲမှလူတစ်ယောက်

ထွက်လာပြီးသူ့ရှေ့တွင်ရပ်လိုက်လေသည်။
"ဟင်- ဦးမောင်မောင်"
အငဲက ရေရွတ်လိုက်သည်။ ဦးမောင်မောင်မှာသူတို့ရပ်ကွက်က လွန်ခဲ့သည့်ငါးရက်လောက်ကဆုံးသွားသည့် ကျောင်းဆရာဖြစ်သည်။
"ငါ ဦးမောင်မောင်မဟုတ်ဘူး၊ ဦးမောင်မောင်ကိုယ်ထဲဝင်နေတာ"
"ခင်ခင်ဗျား ဘာလိုချင်လို့လဲ"
"မင်းကို မကျေနပ်လို့ ထိုးမလို့လာတာပဲ"
"နေပါဦး ကျုပ်က ခင်ဗျားကို ဘာတွေလုပ်ထားလို့လဲ"
"မင်းညက ငမန်းနဲ့ထိုးတဲ့ပွဲမှာ မင်းဘယ်လိုလုပ်လိုက်တာလဲ၊ ငမန်းကရှုံးတယ်လေ။ သူက ငါ့ကိုမကျေနပ်တော့ ငါကမင်းကို မှတ်လောက်သားလောက် ပညာပေးဖို့လာခဲ့တာပဲ"
အငဲသဘောပေါက်လိုက်ပြီ၊ ငမန်း၏အဆောင်မှာရလဲလား၊ ဘီလူးလား သူလည်းမသိတိုသူပင်ဖြစ်မည်ထင်သည်။
"မင်းနဲ့ငါနဲ့ ဒီနေရာမှာ မကျေပွဲထိုးမယ်။ မင်းရှုံးရင် မင်းလက်ကို နောက်လက်ဝှေ့မထိုးနိုင်အောင် ချိုးပစ်မယ်"
အငဲကပြေးစရာမရှိတော့၊ လွယ်အိတ်ကိုဆိုင်ကယ်တွင်ချိတ်လိုက်သည်။ ထို့နောက် အရုပ်ကြီးကိုနောက်ခုံတွင်ကြိုးဖြင့်ချည်လိုက်သည်။ ခါးကပုဆိုးကိုချွတ်ပြီးစလွယ်သိုင်းလိုက်သည်။အောက်တွင်လက်ဝှေ့ထိုးဘောင်းဘီတစ်ထည်ကိုဝတ်ဆင်ထားသည်။
ဦးမောင်မောင်က အဝတ်အစားတွေချွဲဖြုလိုက်သည်။ ကိုယ်လုံးတီးကြီးဖြစ်သည်။ အသားတွေက မည်းပြီး ပုပ်ပွနေသည်။ အချို့နေရာတွေက အည့ိုကွက်ကြီးတွေဖြစ်နေလေသည်။ဦးမောင်မောင်က အတင်းပြေးဝင်လာပြီး လက်သီးဖြင့်ဝိုက်ထိုးသည်။ အငဲက လက်ဖျံဖြင့်ကာလိုက်သည်။ သို့သော် လူသေလက်ကြီးက အေးစက်ပြီး မာကျောနေလေရာ အငဲလက်များတော်တော်နာသွားလေသည်။
အငဲကတွေးလိုက်မိသည်။ဒီလက်ကြီးနှင့်ထိလိုက်လျှင်မလွယ်။ ထို့ကြောင့် ရှောင်တိမ်းရန်ကိုသာ စဉ်းစားလိုက်သည်။ ဦးမောင်မောင်၏ လက်သီးချက်လေးငါးချက်ကို ရှောင်တိမ်းလိုက်သည်။ ထို့နောက် ဦးမောင်မောင်အား ပြန်ထိုးလိုက်သည်။
"ဘုတ်"
လူသေအသားကြီးက မာကျောနေသည်။ ဦးမောင်မောင်ကတော့ ဘာမှမဖြစ်ပေ။ အငဲက ခုန်ပြီးနောက်ဆုတ်လိုက်သည်။
"ဟား ဟား ထိုးပါဦး။ ငါ့ကို ထိုးဦးလေကွာ"
လူသေကြီးကပြောပြီး ရယ်နေသည်။
အငဲက တိုက်ကွက်ပြောင်းဖို့ စဉ်းစားလိုက်ရသည်။ ထိုးချက်များဖြင့်ဆို လူသေကြီးက ဘာမှဖြစ်မည်မဟုတ်။ ထို့ကြောင့် ခြေများလက်များကိုချိုးရန် အကြံရလိုက်သည်။
လူသေကြီးက လက်သီးပြင်ပြီး ပြေးဝင်လိုက်သည်။ အငဲက လူသေကြီး၏လက်တစ်ဖက်ကို ချုပ်ကိုင်လိုက်ပြီး တံတောင်ဆစ်များကိုချိုးလိုက်လေသည်။ ထို့နောက် လက်မောင်းရင်းကိုလက်တစ်ဖက်ဖြင့်ချုပ်ကာ အခြားလက်တစ်ဖက်ဖြင့်ကိုင်ပြီး ဒူးဖြင့်တိုက်ချိုးလိုက်လေသည်။ လူသေကြီး လက်မောင်းရိုးမှာ ကျိုးသွားပြီး လက်တောင်မမြှောက်နိုင်တော့ပေ။ လူသေကြီးက လက်တစ်ဖက်မှာတွဲလောင်းကြီးဖြစ်နေသည်။ထို့နောက် အငဲကိုခြေဖြင့်ကန်လေသည်။ အငဲမှာလည်းရှောင်လိုက်ပြီးနောက် ဒူးကိုဖမ်းကာလှန်ပြီးချိုးလိုက်လေသည်။ လူသေကြီးမှာဒူးတစ်ဖက်ထောက်လျက် ကိုယ်လုံးမှာကိုင်းကျသွားသည်။အငဲကအချိန်မဆွဲတော့ဘဲ ခေါင်းကိုကိုင်လိုက်ပြီး လည်ပင်းရိုးကို လိမ်ပြီးချိုးလိုက်လေသည်။ လူသေကြီးဖြစ်သဖြင့် မျက်နှာကြီးမှာနောက်ပြန်ကြီးဖြစ်သွားလေသည်။ ထိုလူသေကြီး၏ပါးစပ်ထဲမှာ လျှာကြီးသည် အန်ထွက်လာပြီးလောက်တွေကလည်း ဖွေးခနဲကကျလာလေသည်။
အငဲ၏လက်များပေါ် လောက်တွေကျကုန်သည်။ လူသေကြီးမှာ ငုတ်တုတ်ထိုင်ကြသွားသည်။
"ငါမလဲသေးဘူး၊ ဆက်ထိုးဦးမယ်ကွာ"
လူသေကြီးကနောက်ပြန်ဖြစ်နေသောမျက်နှာကြီးဖြင့်ပြောလိုက်သည်။ ထို့နောက်ခုန်ထလိုက်လေသည်။အတွင်းကသရဲကြီးကစီးနေသော်လည်း လူသေကြီးမှာလက်တွေခြေတွေကျိုးပြီး အဆစ်တွေပြုတ်နေသည်မို့ မနည်းပင်မတ်တပ်ရပ်နေရလေသည်။ ထို့နောက် လူသေကြီးမှာဘုန်းခနဲလဲကျသွားလေသည်။
ထိုလူသေကြီးထဲမှာ မည်းမည်းကြီးတစ်ကောင်ခုန်ထွက်ပြီး မြေပြင်ပေါ်ခုန်ဆင်းလိုက်သည်။ အကောင်ကြီးမှာလူဝံကြီးနှင့်တူသည်။ တစ်ကိုယ်လုံးမည်းနက်နေပြီး အမွေးရှည်ကြီးတွေကဖုံးအုပ်ထားသည်။ မျက်နှာကတော့ လူမျက်နှာဖြစ်သည်။ လက်ကြီးက အရှည်ကြီးဖြစ်သည်။ ထိုအကောင်ကြီးက သူ့အားဝင်လုံးတော့သည်။ အငဲကလည်း ပြန်လည်တိုက်ခိုက်သည်။ သို့သော် ထိုအကောင်ကြီးကိုထိုးသည့်အခါတွင် လက်သီးများကအမွေးတွေထဲဝင်သွားပြီး အမွေးပွရုပ်ကြီးကိုထိုးနေရသလိုဖြစ်နေသည်။
ဘေးနားကလူသေတွေ၊ အလောင်းကောင်တွေကလည်း အလွန်အေးစက်သောမျက်နှာထားများဖြင့် ကြည့်နေကြလေသည်။ အငဲက လုံးရင်းထွေးရင်း အကောင်ကြီးကို ခွာထုတ်လိုက်သည်။ ထိုစဉ်သူ့နားထဲပရိသတ်အားပေးသံများကိုပြန်ကြားနေရသည်။
"သစ္စာလက်သီးအငဲ၊ သစ္စာလက်သီးအငဲ"
ဟူ၍ အော်သံများကို ကြားနေရသည်။ သူလည်းသစ္စာလက်သီးကိုအသုံးပြုရန်အကြံရလိုက်သည်။ သစ္စာလက်သီးကဒီအကောင်ကြီးကိုထိုးနိုင်ပါ့မလား။
"ထိုမှန်သော သစ္စာစကားကြောင့် ဒီနာနာဘာဝကြီးကိုအနိုင်ရပါစေသား"
အငဲကသစ္စာဆိုလိုက်ပြီးအကောင်ကြီးကိုထိုးလေသည်။ ထိုအကောင်ကြီးကလည်း အငဲလက်သီးထိလိုက်တိုင်း အတောင်နှစ်ဆယ်ခန့် လွင့်လွင့်ထွက်သွားလေသည်။ ဆယ်မိနစ်ခန့်ထိုးပြီးနောက် ထိုအကောင်ကြီးသည် အော်ဟစ်ကာမျောက်တစ်ကောင်အသွင်သစ်ပင်များဆီသို့ခုန်ပြီးကူးသွားလေသည်။
အငဲကလည်း အနားကရပ်ကြည့်နေသော မကောင်းဆိုးဝါးများကို တိုက်ခိုက်ရန်ပြင်လိုက်ရာ မကောင်းဆိုးဝါးများအားလုံးက လျင်မြန်စွာပင်ထွက်ပြေးပြီးပျောက်ကွယ်ကုန်ကြသည်။ အငဲလည်း တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို ပင်ပန်းပြီးမောဟိုက်နေသည်။ ဆိုင်ကယ်ကိုမှီထိုင်ပြီးအမောဖြေနေရသည်။ အနီးအနားရှိ အုတ်ဂူဖြူဖြူတို့မှာ ငြိမ်သက်နေသည်။ တစ်လောကလုံးက တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံသာ ညည့်ငှက်အော်သံကို တစ်ချက်တစ်ချက်ကြားနေရသည်။
"လာကြဦးလေကွာ၊ ဘယ်ကောင်လာဦးမလဲ"
အငဲက မိနစ်နှစ်ဆယ်ခန့်နားပြီး တော့မတ်တပ်ရပ်လိုက်ပြီး လက်ခမောင်းခတ်လိုက်သည်။ သူ့လက်ခမောင်းခတ်

သံကြိုးကတိတ်ဆိတ်နေသောညသန်းခေါင်ယံတွင်ဆူညံသွားလေသည်။ ဆိုင်ကယ်လေးကတော့ သူရပ်ထားသည့်အတိုင်းပင်။ သူဝယ်လာသည့်မွေးပွရုပ်ကတော့မြေကြီးပေါ် ကျနေသည်။ ဖုန်တွေသဲတွေပေကုန်သည်။ ကောက်ညှင်းကျည်တောက်အထုပ်ကလေးကတော့ ဆိုင်ကယ်လက်ကိုင်တွင် ချိတ်ထားဆဲဖြစ်သည်။ အငဲက ဆိုင်ကယ်ကို စက်နှိုးလိုက်သည်။ ဆိုင်ကယ်မှာစက်နှိုးသွားပြီး မီးလည်းလင်းလာလေသည်။

ဆိုင်ကယ်အလင်းရောင်ရတော့မှ ဆိုင်ကယ်ထိုင်ခုံတွင် တင်ထားသည့် မတ်စေ့နှင့်ဒင်္ဂါးပြား မျိုးစုံကိုတွေ့ရလေသည်။ မကောင်းဆိုးဝါးများက ဆုကြေးပေးသည်လား၊ လောင်းကြေးရှုံးသွားလို့လာထားသည်လားမပြောတတ်။အငဲက အကြွေစေ့ပုံကြီးကို လက်နှစ်ဖက်ဖြင့်ယူလိုက်ပြီး သချိုင်းထဲသို့ပြန်ပစ်ထည့်လိုက်သည်။

"ခင်ဗျားတို့ ပိုက်ဆံတွေ ခင်ဗျားတို့ပြန်ယူကြ ကျုပ်မယူဘူး။ ဒါပေမယ့် နောက်ကို ကျုပ်ကို ဒုက္ခမပေးကြနဲ့"

အကြွေစေ့တွေက တချွင်ချွင်ဖြင့် အုတ်ဂူများဖြင့်ထိသွားပြီး ချုံပုတ်တွေထဲကျကုန်သည်။ အငဲက ဆိုင်ကယ်ပေါ် တက်ပြီးမောင်းထွက်လိုက်သည်။

သူတို့အိမ်ရှေ့ရောက်တော့ ခြံတံခါးကစေ့ရုံစေ့ထားသည်။ အငဲလည်း အသာတွန်းဖွင့်ပြီး ဆိုင်ကယ်ကို အိမ်အောက်တွင်ရပ်လိုက်သည်။ အမွေးပွရုပ်ကြီးနှင့်ကောက်ညှင်းကျည်တောက်ထုပ်ကိုဖြုတ်ယူလိုက်ပြီး အိမ်ပေါ်တက်ရန် ပြင်လိုက်သည်။

"ကိုငဲရယ် ရှင်နောက်ကျလိုက်တာ"

မိမိုးက မီးချောင်းကိုဖွင့်ပြီး အိမ်တံခါးဝကနေဆီးကြိုနေသည်။

"မင်းမအိပ်သေးဘူးလား"

"ရှင်ကိုစောင့်နေတာပေါ့။ ရှင့်မလည်တစ်ကိုယ်လုံး ဒဏ်ရာတွေချည်းပါပဲလား"

မိမိုးက ပြောဆိုရင်း သူယောက်ျားလက်ထဲကပစ္စည်းများကိုယူလိုက်သည်။ အငဲတစ်ကိုယ်လုံး ပုဆိုးတွေလဲပြဲနေသည်။ ဘောင်းဘီတွေလည်း ဂွတွေပြဲနေသည်၊ အင်္ကျီကလည်း စုတ်ပြတ်ပြီး ပွန်းပဲ့သောဒဏ်ရာများက သွေးတွေကပေကျံနေလေသည်။ မျက်နှာမှာလည်း ဖူးရောင်နေပြီး မျက်ခုံးကလည်းကွဲနေသည်။

"ငမန်းက ရှင့်ကိုဒီလောက်တောင်ဆော်လိုက်တာလား"

မိမိုးကမေးသည်။ အငဲက ဘာမှမပြောတော့ဘဲ အင်္ကျီချွတ်နေသည်။ ထို့နောက် နောက်ဖေး ရေကပြင်တွင် ရေချိုးလိုက်သည်။ အေးစက်သော ရေစက်များကြောင့် အငဲတစ်ကိုယ်လုံးလန်းဆန်းသွားလေသည်။ ထို့နောက် အင်္ကျီအဝတ်အစားလဲလိုက်ပြီး အိပ်ခန်းထဲဝင်လိုက်သည်။

ခြင်ထောင်ထဲတွင် သမီးလေးက အိပ်မောကျနေသည်။

"ရှင်ပြန်အလာကိုစောင့်နေသေးတာ။ နောက်တော့ မခံနိုင်တော့မှ ထိုးအိပ်သွားတာပဲ"

"မင်းရော မအိပ်သေးဘဲနဲ့ ဘာလို့စောင့်နေတာလဲ"

"ရှင့်ကိုဂုဏ်ပြုပေးဖို့ပေါ့"

"မင်းက ငါနိုင်တာကိုသိတယ်ဟုတ်လား"

"ပွဲကြီးက ဖုန်းဆက်ပြောတယ်လေ"

အငဲက နှစ်နှစ်ကာကာဖြင့်မိမိုးကို ပြုံးပြလိုက်သည်။ မိမိုးကလည်း အငဲကို ပြန်ပြုံးပြလေသည်။ အငဲပြုံးပြရခြင်းမှာ မမိုးက တစ်ခါမှအငဲကိုလက်ဝှေ့နဲ့ပတ်သက်ပြီးအားမပေးဘူးသေးပေ။ထို့ကြောင့် သူပျော်ရွှင်သွားသောကြောင့် ဖြစ်သည်။ မိမိုးကတော့ မိမိယောက်ျားဝါသနာပါရာနှင့်အောင်မြင်သည်ကို ကျေနပ်ပီတိဖြစ်မိသောကြောင့် ပြုံးလိုက်ခြင်းပင်ဖြစ်ပါသည်။

*

အငဲကဘာမှမပြောတော့ဘဲ အိပ်လိုက်တော့သည်။ တစ်ကိုယ်လုံးလည်း ပင်ပန်းနေသည်မို့ ခဏတာအတွင်းမှာပင်အိပ်ပျော်သွားလေသည်။ အိပ်မက်ထဲတွင်ထူးဆန်းစွာလူကြီးတစ်ယောက်ရောက်လာလေသည်။ လူကြီးမှာဗလတောင့်တောင့်နှင့် အဝတ်အစားများကိုကောင်းမွန်စွာဝတ်စားထားလေသည်။

"မင်းကအနိုင်ရသွားသူဆိုတော့ ဆုကြေးတော့ရပိုင်ခွင့်ရှိတာပေါ့။ ငါက သချိုင်းစောင့်ပဲ"

ထိုသို့ပြောဆိုကာ ပျောက်ကွယ်သွားလေသည်။ ပူပြင်းသည့်အပူရှိန်ကြောင့် အငဲကမျက်လုံးဖွင့်ကြည့်လိုက်လေသည်။ နေက အတော်မြင့်နေပြီဖြစ်သည်။ သူအိပ်ခန်းအပြင်ကိုထွက်လိုက်သည်။

မိမိုးက ရေကပြင်တွင် ဝက်ဝံရုပ်ကြီးကိုလျှော်ဖွပ်ပေးနေသည်။ သမီးငယ်ကစိတ်လှုပ်ရှားစွာဖြင့်ကြည့်နေလေသည်။ လက်ထဲတွင်လည်း ကောက်ညှင်းကျည်တောက်အတုံးလေးကို ကိုင်ထားလေသည်။

"သမီး"

"ဟင်- ဖေကြီးနိုးပြီ"

"သမီး ဝက်ဝံရုပ်ကြီးကိုကြိုက်ရဲ့လား"

"အရမ်းကြိုက်တယ် ဖေကြီး"

သမီးလေးက ပြောလိုက်ရင်း အငဲကိုပွေ့ဖက်လိုက်သည်။ မိမိုးကတော့ ခြံထဲက ဝါးလုံးတန်းမှာ ဝက်ဝံရုပ်ကြီးကို လှန်းတင်လိုက်သည်။ ထို့နောက် ညက အငဲဝတ်ဆင်ခဲ့သည့်အဝတ်အစားများကိုလျှော်ဖွပ်ရန်ပြင်ဆင်လိုက်သည်။ အငဲ ညက ဝတ်သွားသည့်ရှပ်အင်္ကျီလေး၏ အိတ်ကပ်ထဲမှ ရွှေဒင်္ဂါးပြားလေးတစ်ပြားသည် အဝတ်လျှော်သည့်ဇလုံထဲ ပြုတ်ကျလာလေသည်။ မိမိုးကကောက်ယူလိုက်ပြီး-

"ကိုငဲရေ ဒီမှာအိတ်ထဲကရွှေဒင်္ဂါးပြားထွက်လာတယ်"

အံ့ဩကာ ပြောဆိုလိုက်သည်။ အငဲလည်း အံ့ဩသွားသည်။

"အင်း ည. . . ညကဆုကြေးအဖြစ်ရလာတာပါ"

အငဲကပြောလိုက်သည်။ ရွှေဒင်္ဂါးလေးမှာ ရှေးဟောင်းဒင်္ဂါးလေးဖြစ်ပြီး တစ်ကျပ်သားခန့် အလေးချိန်ရှိမည်ထင်သည်။

"ကဲ- ညနေကျ အဝတ်အစားသစ်တွေ ဝတ်ကြကွာ၊ ဖေကြီးတို့ ပွဲဈေးသွားမယ်၊ ပြီးရင် ဇာတ်ပွဲသွားကြည့်ကြမယ်"

အငဲကပြောလိုက်သည်။သမီးငယ်ကထခုန်ပြီးလက်ခုပ်တီးလိုက်သည်။

"ဟေး - တကယ်ပြောတာလား ဖေကြီး။ အခုဝင်နေတဲ့ ဖိုးချစ်ဇာတ်က သိပ်ကောင်းဆိုပဲဖေကြီးရဲ့"

သမီးလေးက ပြောလိုက်ပြီး ပျော်ရွှင်နေလေသည်။ မိမိုးကတော့ အဝတ်လျှော်နေရင်း သားအဖနှစ်ယောက်ကို မျက်စောင်းတစ်ချက်ထိုးကာ ပြုံးနေပါတော့သည်။

*စာဖတ်သူတစ်ဦးတစ်ယောက် ခြင်းစီအားအစဉ်လေးစားလျက်။*

အဂ္ဂဇော်

# ချမ်းသာ(၃)ပါး ဆောင်ခဲ့အနန်းသွင်

၆



ဆောင်းပါးအမှတ် (၅)တွင် ရုပ်နှင့် နာမ်တို့အကြောင်းကိုစတင်ပြီး တင်ပြခဲ့ပါသည်။ ရုပ်(၁၈)ပါးအကြောင်းကိုတင်ပြပြီးနောက်ယခုနာမ်အကြောင်းကိုဆက်လက်ပြီးတင်ပြပါဦးမည်။

နာမ်ဟူသည်မှာနာမဆိုသည့်ပါဠိစကားကို ဘာသာမပြန်တော့ဘဲနာမ်ဟု မြန်မာမှုပြုထားခြင်းဖြစ်ပါသည်။ ကိုင်းညွတ်ခြင်းဟုအဓိပ္ပာယ်ရပါသည်။ အာရုံရှိရာသို့ကိုင်းညွတ်တတ်သည့်သဘောရှိခြင်းကြောင့်နာမ်ဟုခေါ်ပါသည်။

စိတ်နှင့်စေတသိက်နှစ်မျိုးပေါင်းထားခြင်းကို နာမ်ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ စိတ်ကအကျဉ်းအားဖြင့် (၈၉)ပါး၊ အကျယ်အားဖြင့် (၁၂၁)ပါးရှိပါသည်။ စေတသိက်က(၅၂)ပါးရှိပါသည်။ဆောင်ရွက်ပုံကိစ္စချင်းမတူသဖြင့် အမည်ခွဲထားသော်လည်း လုံးဝခွဲ၍မရသော တစ်ခုတည်းသောနာမ်ဓာတ်ဖြစ်ပါသည်။ စိတ်မရှိဘဲစေတသိက်မရှိပါ။ စိတ်ဖြစ်သည်နှင့်စေတသိက်ကပါလာပါသည်။ စိတ်သည်ရေနှင့်တူပြီး စေတသိက်ကဆေးရောင်စုံနှင့်တူပါသည်။ထို့ကြောင့်စိတ်ကိုမှီလွယ်၊ စိတ်ကိုခြယ်ငါးဆယ်နှင့်ဒွိက် (ဒွိက်=ဒွေး=နှစ်)စေတသိက်ဟုဆိုပါသည်။

စိတ်ကိုလေးမျိုးလေးစားခွဲထားပါသည်။ ၎င်းတို့မှာ-

လောကုတ္တရာစိတ်(၈)ပါးကို ဈာန်အင်္ဂါ(၅)ပါးနှင့်မြှောက်သော်(၄၀)ရသည်။

ထို့ကြောင့် ၅၄+၁၅+၁၂+၄၀+၁၂၁ ဖြစ်ပါသည်။

စေတသိက်(၅၂)ပါးမှာ-

၁။အညသမန်းစေတသိက်(၁၃)ပါး၊ ၂။ အကုသိုလ်စေတသိက်(၁၄)ပါး၊ ၃။ သောဘနစေတသိက် (၂၅)ပါးပေါင်း (၅၂)ပါးဖြစ်ပါသည်။

ထိုစိတ်အကျယ်(၁၂၁)၊ စေတသိက် (၅၂)ပေါင်းသော်(၁၇၃)ရပါသည်။ ၎င်းတို့အထဲမှသိစိတ်တစ်ခုကိုဖြစ်စေသော စိတ်(၁)နှင့်စေတသိက်(၇)ပေါင်း၊ နာမ်အင်္ဂါ(၈)ပါးကိုသာလေ့လာတင်ပြပါမည်။ ထို(၈)ပါးသည်သိစိတ်တစ်ခုကိုဖြစ်စေနိုင်သောအနည်းဆုံးနာမ်ဓာတ်ဖြစ်ပါသည်။

နာမ်ကိုခန္ဓာကိုယ်တွင်းမှာပင်လေ့လာရပါမည်။ အဘယ့်ကြောင့်ဆိုသော် ခန္ဓာကိုယ်ကို(၅)ပါး (ဝါ) နာမ်ဓာတ်(၅)မျိုးဖြင့် ဖွဲ့စည်းထားခြင်းကြောင့်ဖြစ်ပါသည်။ ၎င်းတို့မှာပါဠိလို-

၁။ **ရူပက္ခန္ဓာ၊**

၂။ **ဝေဒနက္ခန္ဓာ၊**

၃။ **သညက္ခန္ဓာ၊**

၄။ **သင်္ခါရက္ခန္ဓာ၊**

၅။ **ဝိညာဏက္ခန္ဓာ၊**

ဟူ၍ဖြစ်ပါသည်။

မြန်မာလို-

၁။ **ရူပက္ခန္ဓာ**-ရုပ်သွာ(လေ့လာပြီး)

၂။ **ဝေဒနက္ခန္ဓာ**- ခံစားခြင်းသဘော၊

၃။ **သညက္ခန္ဓာ**- မှတ်သားခြင်းသဘော၊

၄။ **သင်္ခါရက္ခန္ဓာ**- စည်းရုံးစေ့ဆော်တိုက်တွန်းခြင်းသဘော (စေတသိက်၄)

| | | | |
|---|---|---|---|
| ၁။ | **ကာမဝစရစိတ်**=ကာမဂုဏ်၌ဖြစ်သောစိတ် | - | ၅၄ |
| ၂။ | **ရူပါဝစရစိတ်**=ရူပဘုံ၌ဖြစ်သောစိတ် | - | ၁၅ |
| ၃။ | **အရူပါဝစရစိတ်**=အရူပဘုံ၌ဖြစ်သောစိတ် | - | ၁၂ |
| ၄။ | **လောကုတ္တရာစိတ်**=လောကကိုလွန်မြောက်သောစိတ် | - | ၈ |
| | | | ၈၉ |

၅။ **ဝိညာဏက္ခန္ဓာ**- သိခြင်းသဘောစိတ်နာမ်ခန္ဓာ(၈)ပါးလိုသည့်အတွက် စေတသိက်(၄)ပါးထပ်ပေါင်းရပါမည်။

ထို (၈)ပါးကိုပါဠိလို-

၁။ **ဖဿ၊**

၂။ **ဝိညာဏ်၊**

၃။ **ဝေဒနာ၊**

၄။ **သညာ၊**

၅။ **စေတနာ (စေတနာသည်သင်္ခါရနှင့်တူသည်)၁**

၆။ **ဧကဂ္ဂတာ၊**

၇။ **ဇီဝိတိန္ဒြေ၊**

၈။ **မနသိကာရ၊**

ဟူ၍ဖြစ်ပါသည်။

**မြန်မာလို-**

၁။ ထိခြင်း၊

၂။ သိခြင်း၊

၃။ ခံစားခြင်း၊

၄။ မှတ်သားခြင်း၊

၅။ စည်းရုံးစေ့ဆော်တိုက်တွန်းခြင်း၊

၆။ တစ်ခုတည်းမှာစုစည်းကျရောက်ခြင်း၊

၇။ မပြိုကွဲအောင်ထိန်းသိမ်းခြင်း၊

၈။ အာရုံဘက် ဦးညွတ်ခြင်းဟူ၍ဖြစ်

ပါသည်။

ထို့နောက် အင်္ဂါ(၈)ပါးသည် အဋ္ဌကလာပ်(၈)ပါးကဲ့သို့ ဖြိုခွဲ၍မရသော နာမ်ဓာတ်ဖြစ်ပါသည်။ ဖြိုလိုက်သော် အလုပ်တစ်ခုကိုအောင်မြင်စွာလုပ်နိုင်မည်မဟုတ်ပါ။ အလုပ်ဟူသည်ဝတ္ထုရုပ်(၆)ပါးဖြစ်သည်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်၊ စိတ်(ဟဒယ)နှင့်အာရုံ(၆)ပါးဖြစ်သည့်အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်ကူးစရာအာရုံတို့ထိသောအခါသိခြင်းအလုပ်ဖြစ်သည်။ စိတ်နှင့်စိတ်ကူးစရာအာရုံသည် နာမ်နာမ်ခြင်းထိတွေ့ရခြင်းဖြစ်သည်။ ဟဒယတွင်မှီပြီးဖြစ်၍ ဟဒယကိုဝတ္ထုရုပ်ဟုဆိုခြင်းဖြစ်ပါသည်။

မျက်စိနှင့်အဆင်းထိသော် မြင်သိစိတ်၊ နားနှင့်အသံထိသော် ကြားသိစိတ်၊ နှာခေါင်းနှင့်အနံ့ထိသော် နံသိစိတ်၊ လျှာနှင့်အရသာထိသော် လျက်သိစိတ်၊ ခန္ဓာကိုယ်နှင့်အထိအတွေ့ထိသော်ထိသိစိတ်၊ စိတ်နှင့်စိတ်ကူးစရာအာရုံတွေ့သော် ကြံသိစိတ်ဖြစ်ရပါသည်။ မည်ကဲ့သို့သိသည်ကိုနမူနာပြပါမည်။ရှေးဦးစွာအချက်လေးချက်ကြိုတင်သိရပါမည်။ ၎င်းတို့မှာ-

၁။ မြင်နိုင်သောမျက်စိဖြစ်ရပါမည်၊

၂။ အဆင်းနှင့်ထိတွေ့ရပါမည်၊

၃။ အလင်းရောင်ရှိရပါမည်၊

၄။ စိတ်ရောက်မှုရှိရပါမည်၊

အပြည့်အစုံမှာမျက်စိနှင့်အဆင်းထိတွေ့ခြင်းကိုဖဿဟုခေါ်ပါသည်။ထိုထိခြင်းသဘောကို စေတသိက်ဖဿဟုခေါ်ပါသည်။ ထိုသို့ထိ၍သိခြင်းကို ဝိညာဏ်ဟုခေါ်သည်။ သိတော့အဆင်းအာရုံ၏သဘောအတွေ့အကြုံ (အဖြူအနီစသည်ဖြင့်)ကိုရလိုက်သည်၊ ဝေဒနာဟုခေါ်သည်။ ထိုအတွေ့အကြုံကိုမှတ်လိုက်သည်၊ သညာဟုခေါ်သည်။ ကိုယ်တိုင်မိမိလုပ်ရမည့်အလုပ်ကိုထိထိရောက်ရောက်လုပ်ပြီး ယှဉ်ဘက်နာမ်များကိုလည်းထိုသို့ထိထိရောက်ရောက်လုပ်ရန်စည်းရုံးစေ့ဆော်တိုက်တွန်းသည်။ စေတနာဟုခေါ်သည်။ သူကအရေးကြီးဆုံး၊ သူ့အလုပ်အောင်မြင်မှ ကိစ္စပြီးမြောက်သည်။ အလုပ်ဖြစ်သည်၊ ကံဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားက စေတနာကိုစေတနာကိုကံဟု ပြောပါသည်။ နောက်ယှဉ်ဘက်နာမ်ဓာတ်တွေကိုအာရုံတစ်ခုထဲမှာစုစည်းကျရောက်စေပါသည်။ အဆင်းအာရုံဆိုလျှင် အဆင်းအာရုံတစ်ခုထဲ၊ အသံအာရုံဆိုလျှင် အသံအာရုံတစ်ခုထဲစုစည်းကျရောက်စေခြင်းဖြစ်ပါသည်။ အဆင်းတွင်အချို့၊ အသံတွင်အချို့တစ်ကွဲစီကျရောက်နေကမည်သည့်စိတ်မျှ ထိထိရောက်ရောက်မဖြစ်နိုင်ပါ။ နောက်ယှဉ်ဘက်နာမ်ဓာတ်တွေကိုမပြိုကွဲအောင် ထိန်းသိမ်းစိတ်ဖြစ်ပါသည်။ပြိုကွဲနေလျှင်လည်းသိစိတ်မဖြစ်နိုင်ပါ။နောက်အာရုံဆီဦးညွှတ်စိတ်ဖြစ်ပါသည်။ စိတ်ရောက်စေခြင်းပါအာရုံတစ်ခုထဲမှာစုစည်းကျရောက်စေခြင်းကို ဧကဂ္ဂတာခေါ်ပါသည်။ မပြိုကွဲအောင်ထိန်းသိမ်းခြင်းကို ဇီဝိတိန္ဒြေဟုခေါ်ပါသည်အာရုံဆီဦးညွှတ်ခြင်းကို မနသိကာရဟုခေါ်ပါသည်။

၎င်းဓာတ်(၈)ပါးသည် တူ(၄)တူဖြင့်အလုပ်လုပ်ပါသည်။ တူ(၄)တူဟူသည် (၁) ဖြစ်တာချင်းတူသည်၊ (၂) ချုပ်တာချင်းတူသည်၊ (၃) မှီရာဝတ္ထုချင်းတူသည်၊ (၄) ယူသည့်အာရုံချင်းတူသည် တူ (၄)နှင့်တူမှယှဉ်ဘက်ဟုခေါ်ပါသည်။

ဖြစ်တာချင်း၊ချုပ်တာချင်းတူသည်ဆိုသည့်အတွက် တစ်ခုပြီးမှတစ်ခုလုပ်ခြင်းမျိုးမဟုတ်ဘဲတစ်ပြိုင်နက်လုပ်ခြင်းဖြစ်ပါသည်။ တစ်ပြိုင်ပြောမရသဖြင့် နောက်နောက်ဆိုပြီးတစ်ခုပြီးတစ်ခုပြောရပါသည်။

ထိုနာမ်အင်္ဂါ(၈)ပါးသည် မြင်သိကြားသိစသည့်သိစိတ်များဖြစ်ရန် တူ(၄)တူဖြင့် အဆင့်(၁၇)ဆင့်ဆက်ကာလုပ်ရပါသည်။ (၁၇)ဆင့်ဆက်လုပ်ပုံကိုဆက်လက်တင်ပြပါမည်။

အဆင်းသည်မျက်စိကိုထိသည်နှင့်တစ်ပြိုင်နက်ဟဒယကိုပါသွားထိပါသည်။ ဟဒယအကြောင်းရှင်းခဲ့ပါပြီ။ထိုဟဒယတွင်မနဟူသောအခံစိတ်ရှိပါသည်။ သူ့ကိုဘဝင်စိတ်ဟုခေါ်ပါသည်။ လူတစ်ဦးအတွက် တစ်သက်တွင်စိတ်သုံးမျိုးဖြစ်ပါသည်။ စိတ်ကတစ်မျိုးတည်းပါ။ ဆောင်ရွက်ပုံကိစ္စချင်းမတူသည့်အတွက်အမည်ကွဲနေခြင်းဖြစ်ပါသည်။ စဖြစ်သည့်စိတ်ကိုပဋိသန္ဓေစိတ်ဟုခေါ်ပါသည်။ ပဋိသန္ဓေဟူသည်ဆက်စပ်ခြင်းဟုအဓိပ္ပာယ်ရပါသည်။ ယခင်ဘဝနှင့်ယခုဘဝကိုဆက်စပ်ပေးသောကိစ္စကိုဆောင်ရွက်ပါသည်။ သူကဖြစ်ပြီးချက်ချင်းချုပ်သွားပါသည်။

ပဋိသန္ဓေစိတ်ချုပ်တော့ဘဝင်စိတ်ဖြစ်ပါသည်။ ဘဝ၏အင်္ဂါအစိတ်အပိုင်းလည်းဖြစ်၊ဘဝကိစ္စကိုလည်းဆောင်ရွက်သဖြင့် ဘဝင်စိတ်ဟုခေါ်ပါသည်။ တစ်သက်ပတ်လုံးထိုဘဝစိတ်ဖြင့်နေပါသည်။ သေမှစုတိစိတ်ဖြစ်ပြီးသေပါသည်။ စုတိဟူသည် မွေ့လျော့ခြင်းဟုအဓိပ္ပာယ်ရပါသည်။ ယခုဘဝမှနောက်ဘဝသို့ ရွှေ့လျော့ခြင်းကိစ္စကိုဆောင်ရွက်သဖြင့်စုတိစိတ်ဟုခေါ်ပါသည်။

ဘဝင်စိတ်သည် ပစ္စုပ္ပန်အာရုံနှင့်မဆက်ဆံပါ။ အတိတ်အာရုံဖြင့်သာနေပါသည်။ အတိတ်အာရုံဟူသည် ယခုယခင်ဘဝက ယခုဘဝရဖို့အတွက်ဖြစ်ခဲ့သောနိမိတ်ကိုပြောပါသည်။ သေခါနီးဖြစ်တတ်သောအာရုံနိမိတ်သုံးပါးရှိပါသည်။ ၎င်းတို့မှာ- (၁)ကံနိမိတ်၊(၂)ကမ္မနိမိတ်၊(၃)ဂတိနိမိတ်ဟူ၍ဖြစ်ပါသည်။

ကံနိမိတ်ဟူသည် ကောင်းကံ၌ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားမှတ်သူများသည် သေခါနီးမြောနေသည့်အချိန်တွင် မိမိပြုလေ့ရှိသော ဘုရားရှိခိုးခြင်းစသည်တို့ကို မြင်နေခြင်းဖြစ်ပါသည်။

ကမ္မနိမိတ်ဟူသည် ဘုရားရှိခိုးခြင်းစသည့်ကောင်းမှုပြုချိန်၌ပါဝင်သောဆင်းတုတော်၊ ရုပ်ပုံတော်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ပုတီးစသည်တို့ကိုမြင်ခြင်းဖြစ်ပါသည်။

ဂတိနိမိတ်ဟူသည် မိမိရောက်ရမည့်နောက်ဘဝကိုမြင်ခြင်းဖြစ်ပါသည်။ လူပြန်ဖြစ်မည့်သူသည် အမိဝမ်းရေကိုမြင်ခြင်း၊ မိမိရောက်ရမည့်အိမ်၊ အိမ်သားများစသည်တို့ကိုမြင်ခြင်းဖြစ်သည်။

ဆိုးကံ၌ မုဆိုးအလုပ်ဖြင့်အသက်မွေးသူသည် သေခါနီးမေ့မြောနေသောအခါ လေးမြားကိုင်လျက်ခွေးများကိုအမဲလိုက်နေသည်ကိုပြန်မြင်သည့်ကံနိမိတ်ဖြစ်သည်။

မုဆိုးလိုက်ရာတွင် အသုံးပြုသောလေးမြားနှင့်ခွေးများကိုမြင်သည့်ကမ္မနိမိတ်ဖြစ်သည်။

ငရဲမင်း၊ ငရဲသား၊ ငရဲမီးများကိုမြင်သည့်ဂတိနိမိတ်ဖြစ်သည်။

လူ့ဘဝရလာသူသည် ဘဝင်စိတ်သည်အထက်ပါနိမိတ်သုံးပါးအနက် တစ်ပါးပါးကိုဖြစ်စေ၊ ပို၍ဖြစ်စေမြင်၏။

တစ်သက်ပတ်လုံးဘဝင်စိတ်နှင့်နေသည်ဆိုရာ၌ဘဝင်စိတ်သည်မြဲနေသည်မဟုတ်၊ စိတ်တို့၏နိယာမအတိုင်း ဖြစ်၊တည်၊ ပျက်ဟူသောကဏ္ဍငယ်သုံးချက်ဖြင့် အလွန်လျင်မြန်စွာဖြစ်တည်ပျက်နေသည်။ မြန်လွန်းလှသဖြင့် တည်ကိုပင်မပြောတော့ဘဲ ဖြစ်ပျက်ဟူ၍ပြောသည်။ မည်မျှမြန်သနည်းဟူမူတစ်စက္ကန့်အတွင်း အကြိမ်ပေါင်းကုဋေရှစ်သောင်းငါးထောင်ကျော်သည်။ မည်မျှမြန်ပါစေ ဖြစ်ပျက်ရှိလျှင် တည်ကမလွဲမသွေရှိရပါမည်။ အစနှင့်အဆုံးရှိသော် အလယ်လည်းရှိရပါမည်။ ပမာ-ကျောက်ခဲတစ်လုံးကိုအပေါ်

# ဘုရားဝတ်တော် တန်ခိုးကြောင့်

ရဲမောင်(ရွှေသင်း)



ကျွန်ုပ်သည် မိရိုးဖလာဗုဒ္ဓဘာသာဝင်မိသားစုမှဆင်းသက်လာသူဖြစ်သည့်အတိုင်း ငယ်စဉ်အခါကပင် မိဘများ၏ညအိပ်ရာဝင် ဘုရားဦးသုံးကြိမ်ချခိုင်း၍ဦးသုံးကြိမ်ချပြီးအိပ်ခဲ့သည်မှအပ မည်သည့်ခံစားမှု၊ ယုံကြည်မှုမျိုးမျှမရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

မူလတန်းကျောင်းနေအရွယ်ရောက်လာပြန်တော့လည်း ကျွန်ုပ်မှာ ဘုန်းတော်ကြီးကျောင်းဇရပ်ပေါ် စာသင်ကြားရသောဘုန်းတော်ကြီးသင်ပညာရေးဖြင့် စတင်ခဲ့ပါသည်။ ကျောင်းမတက်ခင်နှင့်ကျောင်းဆင်းချိန်တိုင်းတွင် ဘုန်းတော်ကြီးကျောင်းပေါ်၌ ဘုရားဝတ်တက်၊ ဝတ်ပြုခြင်းပြုရပါသည်။ ဦးပဥ္စင်းများမှ ရှေ့ကရွတ်ဆိုတိုင်ပေးသောဘုရားစာများကို လိုက်ဆိုသည်မှအပ စိတ်ထဲတွင် စွဲစွဲမြဲမြဲမှတ်သားထားခြင်းမရှိခဲ့သည်မှာလည်း အမှန်ပင်ဖြစ်ခဲ့ပါသည်။

အထက်တန်းကျောင်းရောက်သောအခါတွင်လည်း ဘာသာရေးအချိန်များတွင် ဆရာပြောသည့်အချိန်တွင်သာနားထောင်ခဲ့ပြီး ကျောင်းခန်းမှထွက်သည်နှင့် မေ့မေ့ပျောက်ပျောက်နေခဲ့သည်သာဖြစ်ပါသည်။

ကျောင်းနေအရွယ်လွန်မြောက်၍ (နောင်အခါတွင် ကုန်သွယ်ရေးဌာနဖြစ်လာမည့်) ထောက်ပံ့ရေးရုံးတွင် စာရေးအဖြစ်ဝင်ရောက်အမှုထမ်းပါသည်။ ဝန်ထမ်းလောကကို ရောက်သည်ဆိုလျှင် အပေါင်းအသင်းကလည်းစုံလာသလို အပျော်အပါးအတတ်ပညာတို့လည်း စုံ

မြှောက်တင်လိုက်သော် တက်သွားတာတွေ့ရမည်။ ပြီးတော့ကျလာတာတွေ့ရမည်။ တက်သွားသည်ကို ဖြစ်ဟုမှတ်၊ ကျလာသည်ကိုပျက်ဟုမှတ်ပါ။ ထိုခဲလုံးသည်ရပ်မသွားဘဲ ပြန်ကျမလာပါ။ ရပ်သွားသောခဏသည် တည်ဖြစ်၏။ မြန်လွန်း၍မမြင်လိုက်ရပါ။

ဤမျှ မြန်မြန်ဖြစ်ပျက်နေသောဘဝင်စိတ်ကိုအဆင်းရုပ်ကသွားထိသောအခါ ကပ်ပြီးလွတ်သွားသည့်ဘဝင်စိတ်တစ်ချက်ကို အတီတဘဝင်ဟုခေါ်ပါသည်။ မျက်စိကိုထိသည်နှင့်တစ်ပြိုင်နက်တည်းဖြစ်၍သူကစပြီးရေတွက်ရပါသည်။

ဒုတိယဖြစ်လာသောဘဝင်စိတ်ကျမှထိပါသည်။ သို့သော် ပြတ်မသွားသေးဘဲ လှုပ်ရုံသာလှုပ်သွားပါသည်။ ဘဝင်္ဂစလနဟုခေါ်ပါသည်။ တတိယဘဝင်စိတ်ကျမှပြတ်သွားပါသည်။ ဘဝင်ဥပစ္ဆေဒဟုခေါ်ပါသည်။

ဘဝင်စိတ်ပြတ်တော့ စိတ်တံခါးပွင့်သွားပါသည်။ ပဉ္စဒွါရာဝဇ္ဇန်းဟုခေါ်ပါသည်။ စိတ်တံခါးပွင့်တော့ အာရုံကိုမြင်ပါသည်။ စက္ခုဝိညာဏ်စိတ်ဟုခေါ်ပါသည်။ စိတ္တက္ခဏ(၄)ချက်လွန်မှမျက်စိနှင့်ဟဒယဆက်မိပါသည်။ အဆင်းအာရုံကိုမြင်တော့ ကြိုဆိုလက်ခံသည့်စိတ်ဖြစ်ပါသည်။ သမ္ပဋိစ္ဆိုင်းဟုခေါ်ပါသည်။သူချုပ်သွားတော့ အာရုံကိုစုံစမ်းသည့်စိတ်ပေါ်ပါသည်။ သန္တီရဏဟုခေါ်ပါသည်။ သူချုပ်သွားတော့ အာရုံကိုအတည်ပြုသည့်စိတ်ပေါ်ပါသည်။ ဝုဋ္ဌောဟုခေါ်ပါသည်။

ထိုစိတ်များသည် ဖျတ်ခနဲဖြစ်ပြီးဖျတ်ခနဲ ချုပ်သွားပါသည်။ မည်သည့်အရှိန်အဟုန်မျှမကျန်ပါ။ ဝုဋ္ဌောပြီးတော့ အာရုံကိုနှလုံးသွင်းစိတ် ဇောစိတ်ဖြစ်ပါသည်။ ခုနစ်ကြိမ်ဆင့်ပြီးဇောပါသည်။ အကြိမ်တိုင်းတွင် အရှိန်အဟုန်ချန်ခဲ့သဖြင့် ခုနစ်ကြိမ်မြောက်ဇောသည် အရှိန်အဟုန်ခုနစ်ခုပေါင်းပြီး အာရုံကိုမြင်နိုင်သည့်အရှိန်ဖြစ်ပါသည်။ သို့သော်ခုနစ်ကြိမ်ဇောပြီးလျှင်သူ့သက်တမ်းကုန်သဖြင့်ချုပ်ပါသည်။ တဒါရုံတဒါရုံဟူ၍စိတ်နှစ်ချက်ဖြစ်ပြီး ချုပ်ပါသည်။ အမှန်အားဖြင့်ဘဝင်ပြန်ကျသွားခြင်းဖြစ်သည်။သို့သော်ဇောစိတ်နောက်လိုက်ပြီးချုပ်ရသဖြင့်အမည်ပြောင်းပေးထားခြင်းဖြစ်ပါသည်။ ရေဆန်ကိုခုတ်မောင်းသွားသောသင်္ဘော၏နောက်သို့ ရေစုန်စီးနေသောရေသည် သင်္ဘောနောက်သို့ ဆန်၍လိုက်ပါသွားသကဲ့သို့ဖြစ်သည်ဟုကျမ်းဂန်များတွင်ဆိုပါသည်။

အာရုံကိုမြင်နိုင်သောအရှိန်အဟုန်ဟုဆိုသော်လည်း တစ်ကြိမ်တည်းဖြင့်ပီပီသသမမြင်သေးပါ။ သုံးကြိမ်မျှဇောမှပီပီသသထင်ထင်ရှားရှားမြင်ရပါသည်။ မြင်ဖူးသည့်အာရုံမှပြည့်ပြည့်စုံစုံသိပါသည်။ ပမာအားဖြင့်ပန်းကိုမြင်အံ့၊ မြင်ဖူးသောနှင်းဆီပန်းဆိုလျှင် မြင်လိုက်သည်နှင့်နှင်းဆီပန်းဟုပြည့်ပြည့်စုံစုံသိပါသည်။ ဤသို့သိခြင်းမှာ သညာစေတသိက်ကမှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်ပါသည်။ ရှေးကတင်ပြပြီးပါပြီ။ အကယ်၍ သညာစေတသိက်ညံ့သော်မမှတ်မိဖြစ်တတ်ပါသေးသည်။ မှတ်စဉ်က စေတနာစေတသိက်အားပျော့၍သော်လည်းကောင်း နောက်မှလူ၏ညာဏအားဆုတ်ယုတ်သွား၍လည်းကောင်းမေ့သွားနိုင်ပါသည်။

ချောင်းဆုံအုန်းသွင်

လာသည်ဖြစ်၍ ယခင်ကထက်ပင် ဘာသာရေးအပိုင်း၌မေ့လျော့လာခဲ့ပါသည်။ သို့သော်. . . .

အပြောင်းအလဲဆိုသည်မှာအချိန်တန်လျှင်ရောက်လာတတ်သည့်သဘောတရားအတိုင်း ကျွန်ုပ်တို့ရုံးဌာနသို့ ရုံးအုပ်စာရေးကြီးတစ်ဦး ပြောင်းရွှေ့ရောက်ရှိလာချိန်တွင် စတင်ခဲ့သည်ဟုဆိုရပါမည်။ ရောက်ရှိလာသည့်ရုံးအုပ်စာရေးကြီးမှာ အသက်အရွယ်အားဖြင့် (၅၀)ကျော်အရွယ်ဖြစ်ပြီး ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးဖြစ်ပါသည်။ ၎င်းသည် ယခင်က ဤရုံးတွင် အခြားအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်းဖြစ်သဖြင့် ကျွန်ုပ်အား တူမောင်သားသဖွယ် ခင်မင်ရင်းစွဲလည်းရှိခဲ့ဖူးသူဖြစ်ပါသည်။ ရုံးလုပ်ငန်းများမှအစ ကိုယ်ရေးကိုယ်တာကိစ္စရပ်များ၌ပါ သွန်သင်ဆုံးမပေးတတ်သလို ကူညီမှုများပါ ပေးတတ်ပါသည်။ ရုံးလုပ်ငန်းများပါး၍ အားလပ်နေသောအချိန်တစ်နေ့၌ ရုံးအုပ်စာရေးကြီးက သူ့ရုံးခန်းသို့ ကျွန်ုပ်အားခေါ်ယူပြီး-

"ကောင်လေး မင်း ဗုဒ္ဓဘာသာနော်"

ဟု မေးပါသည်။ ကျွန်ုပ်လည်း မဆိုင်းမတွပင်-

"ဟုတ်ပါတယ် အန်ကယ်ကြီး"

ဟု ပြန်ဖြေမိပါသည်။ သူကပင်ဆက်၍မေးပြန်ပါသည်။

"မင်း ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး ဘာတွေသိထားသလဲပြောပြပါဦး"

ဟူ၏။ ကျွန်ုပ်အနေဖြင့် သူမေးသောအမေးအတွက် လုံလောက်သောအဖြေပေးနိုင်ခြင်းမရှိပါ။ ညအိပ်ရာဝင် ဘုရားကိုဦးသုံးကြိမ်ချတတ်ရုံကလွဲလို့ မည်သည့်ဘုရားစာ၊ တရားစာများမှမရရှိပါကြောင်း အမှန်အတိုင်းပင် ဝန်ခံအဖြေပေးမိပါသည်။

"အေး- ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်ဆိုတာရှိတယ်။ ပထမဦးဆုံး ဘုရားဂုဏ်တော်(၉)ပါးကိုတော့ မင်းအနေနဲ့ ရအောင်ကျက်ထားစေချင်တယ်။ ရအောင်မှတ်ထားရလိမ့်မယ်"

ရုံးအုပ်စာရေးကြီး၏ တည်ကြည်သောစကားအဆုံးတွင် ကျွန်ုပ်လည်း လိုလိုချင်ချင်ပင်ခေါင်းညိတ်၍လက်ခံလိုက်ပါသည်။

"အဲ့ဒါဆို မင်းမှတ်စုယူလိုက်၊ မှတ်စုစာအုပ်ထဲမှာ ငါရေးပေးမယ်"

ထိုစဉ်ကဌာနဆိုင်ရာဝန်ထမ်းများအား ဒိုင်ယာရီ(မှတ်စုစာအုပ်)လေးများ ထုတ်ပေးထားပါသည်။ ကျွန်ုပ်၏မှတ်စုစာအုပ်လေးထဲတွင် အောက်ပါအတိုင်းရေးပေးပါသည်။

'ဣတိပိသောဘဂဝါ၊

အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဓမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ'

စာလုံးဆင့်များပါသောစာကြောင်းများဖြစ်သည့်ဘုရားစာများကို မရွတ်ဆိုတတ်သဖြင့် အခေါက်ခေါက်အခါခါရွတ်ဆိုသင်ကြားပေးပါသည်။

နောက်တစ်နေ့ ရုံးရောက်လျှင်ပြန်ဆိုပြရန်လည်းမှာကြားလိုက်ပါသေးသည်။

ကျွန်ုပ်မှာ ထိုအချိန်မှစ၍ ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးနှင့်နီးနီးကပ်ကပ်နေရပြီး ဘာသာရေးကို လေ့လာစိတ်ဝင်စားလာပါတော့သည်။ ရုံးအုပ်စာရေးကြီးရေးပေးသော ဘုရားဂုဏ်တော်(၉)ပါးအားလည်း အချိန်ရတိုင်းရွတ်ဖတ်နေမိပါသည်။ သည်လိုနှင့် ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ဘုရားဂုဏ်တော် (၉)ပါးအား အထစ်အငေါ့မရှိ အလွတ်ရွတ်ဆိုလာနိုင်ပါပြီ။ တစ်နေ့တွင် ရုံးအုပ်စာရေးကြီးမှ-

"ဂုဏ်တော်ကိုးပါးကိုအလွတ်ရွတ်ဆိုနိုင်ပြီဆိုလျှင် သူ့ရဲ့အဓိပ္ပာယ်ကိုသိတော့ပိုကောင်းတာပေါ့"

ဟုဆိုကာ ကျွန်ုပ်၏မှတ်စုစာအုပ်ထဲ၌ဂုဏ်တော်ကိုးပါး၏အနက်အဓိပ္ပာယ်ကိုရေးပေးပြန်ပါသည်။

**၁။ ဣတိပိသောဘဂဝါ အရဟံ**

ကိလေသာကင်းစင်သောမြတ်စွာဘုရား၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုမှန်သမျှတို့ကို ပြုလုပ်တော်မမူသောမြတ်စွာဘုရား၊

လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ပူဇော်အထူးကိုခံယူတော်မူထိုက်သောမြတ်စွာဘုရား။

**၂။ သမ္မာသမ္ဗုဒ္ဓေါ**

သိရှိစရာအားလုံးတို့အား ဆရာမကူဘဲ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူသော မြတ်စွာဘုရား။

**၃။ ဝိဇ္ဇာစရဏသမ္ပန္နော**

ဝိဇ္ဇာ (၃)ပါး၊ ဝိဇ္ဇာ (၈)ပါး၊ စရဏ (၁၅)ပါး အကျင့်သီလသမာဓိပညာဂုဏ်တို့နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား။

**၄။ သုဂတော**

မှန်ကန်၍အကျိုးရှိသောစကားနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားများကိုသာ ဟောကြားတော်မူသော မြတ်စွာဘုရား။

**၅။ လောကဝိဒူ**

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်းဟူသော လောက(၃)ပါးတို့အားသိမြင်တော်မူသောမြတ်စွာဘုရား။

**၆။ အနုတ္တရောပုရိသ ဓမ္မသာရထိ**

မယဉ်ကျေးသောသူများနှင့်ဆုံးမထိုက်သော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့အား အတုမရှိဆုံးမတော်မူနိုင်သောမြတ်စွာဘုရား။

**၇။ သတ္ထာဒေဝ မနုဿာနံ**

- လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ဆရာသခင်ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရား။

**၈။ ဗုဒ္ဓေါ**

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာလေးပါးမြတ်တရားအား ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးလျှင် အခြားသူများအားလည်း သိအောင် ဟောကြားတော်မူနိုင်သော မြတ်စွာဘုရား။

**၉။ ဘဂဝါ**

ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊တန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မိမိကိုယ်၌သော်လည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်း၊ ကောင်းစွာဆုံးမပြတော်မူနိုင်သောမြတ်စွာဘုရား၊ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတရားတော်များကို သိမြင်တော်မူသောမြတ်စွာဘုရား၊ လိုအင်ဆန္ဒများအားလုံး မတောင်းတရဘဲ တစ်လုံးတစ်ဝတည်းပြည့်စုံတော်မူသောမြတ်စွာဘုရား၊ အတုမရှိသောရုပ်ဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား၊ အတုမရှိသောလုံ့လဝီရိယဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ရေးသားထားသောအဓိပ္ပာယ်များမှာ များစွာ များပြားကျယ်ပြန့်လှသဖြင့် အားလုံးသိရှိနိုင်ရန် ကျွန်ုပ်မှာ အတော်ကြိုးစားမှတ်သားခဲ့ရပါ၏။မှတ်သားကျင့်ရရှိလာလျှင် ညစဉ် အိပ်ရာဝင်တိုင်း (၉)ခေါက်နှင့်နံနက်အိပ်ရာထတိုင်း(၉)ခေါက်ရွတ်ဆိုရန်ညွှန်ပြပြောဆိုပါသဖြင့် ကျွန်ုပ်မှာ အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်

ရွတ်ဆိုခဲ့ရပါသည်။ ခရီးထွက်စဉ် ရထား ပေါ်တိုင်း၊ ကားစီးတိုင်းလည်း ရွတ်ပွားဖို့ရာ အသိပေးပါသည်။ ကျွန်ုပ်မှာလည်း မန္တလေးတိုင်းရှုံးနှင့် အခြားမြို့နယ်များသို့ မကြာမကြာ ခရီးထွက်ရလေ့ရှိသူဖြစ်ပါသည်။ ထိုသို့ မကြာမကြာခရီးထွက်ရသည့်အခါတိုင်း ဂုဏ်တော်(၉)ပါးအား ရွတ်ဆိုပွားများသည့် အလေ့အကျင့်ကောင်းများရရှိပြီး ဘုရားဂုဏ်တော်များ ရွတ်ဆိုသည့်အလုပ်မှာ မမေ့မလျော့တော့ဘဲ အမြဲမပြတ် ရွတ်ဆိုနေမိသည်သာဖြစ်ပါသည်။

အမြဲမပြတ်ရွတ်ဆိုနေသောဘုရားဂုဏ်တော်တန်ခိုးကြောင့်ပင် အမှတ်မထင် ပထမဦးဆုံးအကြိမ် တွေ့ကြုံခဲ့ရသောအဖြစ်အပျက်လေးတစ်ခုမှာ. . .

ကျွန်ုပ်သည် မန္တလေးမြို့တွင်နေထိုင်သောအဒေါ်တစ်ဦးထံ ရောက်ရှိနေချိန်ကဖြစ်ပါသည်။ အဒေါ်၏ခင်ပွန်းမှာ မီးရထားဝန်ထမ်းတစ်ဦးဖြစ်သည့်အတိုင်း ဘူတာကြီး၏တောင်ဘက် ဝန်ထမ်းလိုင်းခန်းတွင် နေထိုင်သူတစ်ဦးဖြစ်ပါသည်။ လုပ်ငန်းတာဝန်ကျရာနေ့ရာကတော့ ရွာထောင်မီးရထားစက်ရုံတွင် လုပ်ကိုင်သူဖြစ်၍ ထိုနေ့က ရွာထောင်စက်ရုံသို့ ညနေရထားဖြင့်လိုက်ပါသွားရန် ဘူတာကြီးသို့ လိုင်းခန်းမှ ထွက်ခွာသွားပါသည်။ ဦးလေးဖြစ်သူထွက်သွားပြီးမှ ယူဆောင်သွားရမည့်ခြင်းတောင်းတစ်လုံးမေ့ကျန်နေသဖြင့် ကျွန်ုပ်အား လိုက်ပေးရန် အဒေါ်ဖြစ်သူက အကူအညီတောင်းပါသည်။ မေ့ကျန်နေသောခြင်းတောင်းကိုယူလျက် သံလမ်းများဘက်သို့ ထွက်လာခဲ့လိုက်ပါသည်။ မန္တလေးဘူတာကြီး၏တောင်ဘက်တွင် ရထားသံလမ်းများမှာရှုပ်ထွေးနေပါသည်။ ရွာထောင်ဘက်သို့ထွက်ခွာမည့်ရထားအား သည်နေရာမှစောင့်ကာ ခြင်းတောင်းအားပေးမည်ဟု စိတ်ကူးပြီး နီးကပ်ရာသံလမ်းတစ်ခုပေါ်တွင်ထိုင်ကာ ဘုရားဂုဏ်တော်များအား ရွတ်ပွားနေမိပါသည်။ မည်မျှကြာသွားသည်မသိ. . ။

ရထားဥသြသံကို ကြားလိုက်ရသဖြင့်ကြည့်လိုက်မိရာ မည်းနက်သောခေါင်းတွဲကြီးမှာ ကျွန်ုပ်နှင့်နီးကပ်စွာတွေ့လိုက်ရပြီးနောက် ကျွန်ုပ်အား တစ်စုံတစ်ဦးမှတွန်းချလိုက်သကဲ့သို့ခံစားရပြီး နောက်သို့ ပက်လက်လန်လဲကျသွားပါသည်။ ရထားစက်ခေါင်းကြီးမှာလည်း ကျွန်ုပ်ထိုင်နေသည့်နေရာတည့်တည့်မှဖြတ်ကျော်သွားသည်ကို ထိတ်လန့်တုန်လှုပ်စွာ ငေးမောကြည့်နေမိပါသည်။ အသက်ဘေးမှ သီသီလေး လွတ်မြောက်သွားရသည့်အတွက် ကံကောင်းသည်ဟူ၍သာ စိတ်ထဲတွင်မှတ်ယူမိလိုက်ပြီး ထွေထွေထူးထူး မစဉ်းစားမိခဲ့ပါ။

ဒုတိယအကြိမ် ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်တစ်ခုမှာ ကျောင်းသားအရေးအခင်းဖြစ်ပွားပြီးနောက် ကျောင်းသုံးစာအုပ်စာရေးကိရိယာများကို မန္တလေးမြို့ အင်းဝစာအုပ်တိုက်သို့ နေ့ချင်းပြန်အခေါက်ခေါက်အခါခါ ရုံးကားဖြင့်သွားရောက်ထုတ်ယူရသောအခါက ဖြစ်ပါသည်။ ပြဿနာများမပေါ်ပေါက်ရေးအတွက် စာအုပ်စာရေးကိရိယာများကို နေ့ချင်းပြန်သယ်ရသည်ဖြစ်ရာ ရုံးမှနီဆန်းကားကြီးဖြင့် သွားရောက်သယ်ယူရပါသည်။ နီဆန်းကားမောင်းဝန်ထမ်းမှာ ဘာသာခြားတစ်ဦးဖြစ်ပြီး နေ့စဉ်ရက်ဆက်သွားနေရသဖြင့် ပင်ပန်းနွမ်းနယ်လျက်ရှိပါသည်။ ထိုနေ့က မန္တလေးမြို့မှ ပစ္စည်းများတင်ဆောင်ပြီး၍ ပြန်လည်ထွက်ခွာချိန်မှာ ည (၇)နာရီကျော်နေပြီဖြစ်ပါသည်။ ယာဉ်မောင်းအိပ်ငိုက်ခြင်းမဖြစ်ရန်အတွက် ထိုစဉ်ကထုတ်ဝေရောင်းချသော(REDCAT)(ခေါ်)ကြောင်နီ (၁၀)လိပ်ဝင်စီးကရက်ကို ဘေးမှမီးညှိပေးပြီး သူ့အားသောက်ခိုင်းနေရပါသည်။ ယာဉ်မောင်းမှာ အခြားသူများကဲ့သို့ ကွမ်းယာမစားဘဲ ဆေးလိပ်သောက်မှသာ အိပ်ငိုက်ခြင်းမဖြစ်ကြောင်းသိထား၍ဖြစ်ပါသည်။

ကျွန်ုပ်မှာ ယာဉ်မောင်းသူဘေးမှ ထိုင်ရင်း ဘုရားဂုဏ်တော်များကို နှုတ်မှ မပြတ်ရွတ်ဖတ်လျက်ရှိသော်လည်း တစ်ခါတစ်ရံ အိပ်ငိုက်မိမတတ်ဖြစ်သွားတတ်ပါသည်။ ဝမ်းတွင်းမြို့ကိုဖြတ်ကျော်လာချိန်တွင် ည (၁၀)နာရီကျော်နေပြီဖြစ်၍ မကြာခဏအိပ်ငိုက်မလိုဖြစ်သဖြင့် သတိထားပြီး စိတ်ထဲမှသာ ဂုဏ်တော်များကို ရွတ်ပွားနေမိပါသည်။ ထိုကဲ့သို့သတိထား



နေလျက်ကပင် မေ့ခနဲဖြစ်သွားကာ သတိလက်လွတ်ဖြစ်သွားပါတော့သည်။နားထဲတွင် ကားစက်သံတဝီဝီအသံများကြားနေရသဖြင့် မျက်စိကိုအတင်းအားယူဖွင့်ကြည့်လိုက်မိရာ ကားမှာ လမ်းဘေးတစ်နေရာတွင်ရပ်တန့်နေပြီး ရှေ့သို့လည်းမသွားဘဲ ကားစက်သံသာတဝီဝီမြည်လျက်ရှိနေသည်ကိုသာတွေ့လိုက်ရသဖြင့် ယာဉ်မောင်းအား စောင်းငဲ့ကြည့်လိုက်ရာ ယာဉ်မောင်းဖြစ်သူမှာ ကားစီယာတိုင်ပေါ်တွင်မှောက်၍အိပ်ပျော်နေသည်ကိုတွေ့လိုက်ရပါသည်။ ကျွန်ုပ်မှပင်ကားသော့ကိုပိတ်လိုက်ပြီး ကားအောက်သို့ဆင်း၍ကြည့်လိုက်ရာ ကားမှာ လမ်းဘေးကျောက်ခဲပုံကြီးအား ခေါင်းစိုက်လျက်ရှိနေပြီး ဘေးတွင်လည်းရေမြောင်းကြီးတစ်ခုရှိသောကြောင့် ကားမှောက်သွားပါက အသက်အန္တရာယ်ဖြစ်နိုင်သောအနေအထားကို ထိတ်လန့်တုန်လှုပ်စွာတွေ့မြင်လိုက်ရပါသည်။ ယာဉ်မောင်းအားနှိုး၍ အခြေအနေကိုပြောပြလိုက်သောအခါ ၎င်းအနေဖြင့်လည်း လုံးဝသတိလစ်အိပ်ပျော်သွားကြောင်း ကံကောင်းထောက်မသဖြင့် အသက်အန္တရာယ်မှကင်းဝေးရကြောင်း ထိတ်လန့်တုန်လှုပ်စွာ ပြောပြနေပါသည်။

နောက်တစ်နေ့ရုံးတက်ချိန်၌ ရုံးအုပ်စာရေးကြီးအား ကျွန်ုပ်တွေ့ကြုံခဲ့ရသောအဖြစ်အပျက်အား ပြောပြသောအခါ ရုံးအုပ်စာရေးကြီးက ဘုရားဂုဏ်တော်အားရွတ်ဖတ်ရသောအကျိုးကြောင့် အသက်အန္တရာယ်ဘေးမှကင်းဝေးရခြင်းဖြစ်ကြောင်း၊ ဘုရားတရားသံဃာမြတ်သုံးပါးကို အမြဲမပြတ် ပွားများရှုမှတ်နေသင့်ကြောင်းနှင့် ဘုရားဂုဏ်တော်အပြင် တရားဂုဏ်တော် (၆)ပါး၊ သံဃာဂုဏ်တော် (၉)ပါးတို့အား ရွတ်ပွားပူဇော်နိုင်ရန် သင်ကြားပေးမည်ဖြစ်ကြောင်းပြောပါသည်။

ကျွန်ုပ်မှာလည်း ဘုရားဂုဏ်တော် (၉)ပါးအားရွတ်ပွားပူဇော်ရသောအကျိုးအားကြောင့် အသက်အန္တရာယ်ဘေးမှ နှစ်ကြိမ်တိုင်လွတ်မြောက်ခဲ့ရသည့်အတွက် ဘုရားတရားသံဃာ မြတ်သုံးပါးအား ဆတက်ထမ်းပိုး ယုံကြည်စိတ်များဖြစ်ပေါ်လျက် ရုံးအုပ်ကြီးမှ ထပ်မံသင်ကြားပေးမည့်တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များအား သင်ကြားပြသပေးမည့်အချိန်ကို စောင့်မျှော်နေခဲ့ရပါသတည်း။

ရဲမောင်(ရွှေသင်း)



# အင်ပင်သိမ်းဌေးအောင်

# မေတ္တာဟူသည်

ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့အခမ်းအနားများကို မြို့ရွာဒေသအသီးသီးတွင်ကျင်းပလေ့ရှိကြပါသည်။ ကျွန်တော်တို့မြို့တွင်လည်းကျင်းပလျက်ရှိပါသည်။ ဆရာတော်များနှင့်တကွကျွန်တော်အပါအဝင်လူပုဂ္ဂိုလ်အချို့တို့ကမေတ္တာအခါတော်နေ့ဖြစ်ပေါ်လာပုံနှင့်မေတ္တာတရား၏အစွမ်းသတ္တိများကိုဆွေးနွေးဟောပြောကြပါသည်။

မေတ္တာအခါတော်နေ့ပြီးစီးသွားပြီးနောက်တစ်နေ့တွင်ကျွန်တော်နှင့်အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည့်ကိုမောင်စိန်သည် ကျွန်တော့်၏ထံသို့ရောက်ရှိလာပါသည်။

"ကျွန်တော်ကဆရာတို့ကိုတိုက်ရိုက်စော်ကားတာမဟုတ်ပါဘူး။ မေတ္တာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကြားဖူးဖတ်ဖူးခဲ့တဲ့ ဆင်ခြင်တွေးတောဖွယ်ရာတွေကိုပြောချင်လို့ပါ"

ကိုမောင်စိန်က စကားပလ္လင်ခံလိုက်သည်။

"ဟုတ်ကဲ့ ပြောပါကိုမောင်စိန်"

"ဆရာတို့လည်း ကြားဖူးမှာပါ၊ တရုတ်ပညာရှိကြီးလောင်ဇူးနဲ့ သူရဲ့အဖြစ်အပျက်ကြောင့် မေတ္တာတရားရဲ့အပေါ်မှာ ကျွန်တော်သံသယဖြစ်နေတယ်ဆရာ"

ဤနေရာတွင် တရုတ်ပညာရှိကြီးလောင်ဇူး၏အကြောင်းကိုတင်ပြရန်လိုအပ်လာပါသည်။ တရုတ်ပြည်၊ ချူမင်းဆက်တွင် တရုတ်ပညာရှိကြီး လောင်ဇူးပေါ်ပေါက်ခဲ့သည်။ တရုတ်ဘုရင်ကိုယ်တိုင်က လောင်ဇူးကိုဆည်းကပ်မှီခိုရပါသည်။ပညာရှိကြီးလောင်ဇူးသည်တပည့်များနှင့်အတူ လှစည်ကားရာအရပ်ဒေသများတွင် စင်မြင့်ပေါ်သို့တက်၍ မေတ္တာအကြောင်းကိုဟောပြောလေ့ရှိပါသည်။ မေတ္တာထားရမည်၊သည်းခံရမည်၊အသားအရောင်မခွဲခြားရဘူးလို့ဟောပြောလေ့ရှိပါသည်။ တရုတ်ပြည်ရဲ့အနောက်ပိုင်းမှလူရိုင်းများက တရုတ်ပြည်ကိုမကြာခဏဝင်ရောက်တိုက်ခိုက်နေတဲ့အချိန်ကာလဖြစ်ပါသည်။

လောင်ဇူး၏တစ်ခုသော ဟောပြောပွဲတွင် ပရိသတ်ထဲမှလောင်ကွန်းဟုခေါ်သော လူငယ်တစ်ယောက်ကစင်မြင့်ပေါ်သို့ ရုတ်တရက်တက်လာပြီးနောက်မေတ္တာအကြောင်းဟောပြောနေသောပညာရှိကြီး လောင်ဇူး၏ပါးကိုရိုက်လိုက်ပါသည်။လောင်ဇူးသည်ရှက်လည်းရှက်ဒေါသလည်းထွက်ပြီး-

"ဒီကောင်ကိုဖမ်းပြီး နာနာဆုံးမလိုက်ကြစမ်း"

လို့ပြောပါသည်။ တပည့်များကလည်း လောင်ကွန်းကိုဖမ်းဆီးချုပ်နှောင်ပြီးဝိုင်းဝန်းနှိပ်စက်ကြပါသည်။ လောင်ကွန်း၏ပါးစပ်မှ သွေးများထွက်သည်အထိထိုးကြိတ်ကြပါသည်။ ပရိသတ်များကဖျန်ဖြေတော့မှ လောင်ကွန်းလည်းနှိပ်စက်မှုမှလွတ်မြောက်သွားပါသည်။ ဒီအခါ လောင်ကွန်းသည် စင်မြင့်ပေါ်သို့ ဒုတိယအကြိမ်မြောက်ပြန်တက်သွားပြီး-

"ဒီမှာကိုယ့်လူတို့ ပညာရှိကြီးလောင်ဇူးပြောတဲ့ မေတ္တာတရားဆိုတာမှန်တယ်။ ဒါပေမယ့် အဲဒါဟာ ကိုယ့်ပါးကိုလာမရိုက်ခင်အထိပဲ"

လို့ပြောလိုက်ပါ။ ပရိသတ်များကလည်း လောင်ကွန်းအားသြဘာပေးကြပါသည်။ လောင်ကွန်းသည် ပညာရှိကြီးလောင်ဇူးဘက်သို့လှည့်၍-

"ခင်ဗျားလိုလုံခြုံစိတ်ချရတဲ့နေရာမှာနေရရင်တော့ ဘယ်သူမဆိုမေတ္တာထားဖို့လွယ်ပါတယ်။ ဒါပေမယ့် လူတိုင်းဟာ ခင်ဗျားလိုမနေရတာကိုသတိထားပါ"

ဟုပြောလိုက်ပါသည်။ မေတ္တာနဲ့

နေပြည်တော်ကျော်ကျော်စိုး

# ချောင်းဆိုးပျောက်စေရန်

၃- ၂- ၂၀၂၂ ဒီရက်ပိုင်းတွေမှာ ဆောင်းကနေ နွေဦးဆီ ကူးပြောင်းနေတာကြောင့် ရာသီဥတုအပြောင်းအလဲမှာ လူတွေဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်း၊ နှာရည်ယိုခြင်း၊ ခေါင်းကိုက်ခြင်း စတာတွေဟာ အိမ်တိုင်းနီးပါး ဖြစ်နေတာကို တွေ့ရပါတယ်။ ဆေးခန်းတွေမှာ လူတွေတန်းစီနေကြရပါတယ်။

ဒါက ရာသီဥတု ကူးပြောင်းတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ တုပ်ကွေးသဘောပါပဲ။ တစ်အိမ်လုံးကူးစက်ပါတယ်။ အရင်ကတော့ ဆင်တုပ်ကွေး၊ မျောက်တုပ်ကွေးဆိုပါတော့။ခုချိန်မှာတော့တုပ်ကွေး မဟုတ်တော့ပါဘူး။ကိုဗစ်အသွင်ပြောင်း အိုမီခရွန်ဆိုတဲ့ ကပ်ရောဂါပိုးဖြစ်နေပါတယ်။ လျှော့တွက်လို့ မရတော့ပါဘူး။

ဘာဖြစ်ဖြစ်အိုမီခရွန်ဆိုတော့ကာ လူတွေလည်း မပေါ့ရဲကြတော့ပါဘူး။ ဆေးခန်းတွေဆီပြေးနေကြရတာပါ။ လူတိုင်းပျောက်လားဆိုတော့ အလျဉ်းမသင့်ရင် မပျောက်တာလည်းရှိပါတယ်။ အချို့လည်း ငွေကြေးမတတ်နိုင်လို့ဆေးခန်းနားမကပ်ရဲတာတွေရှိနေပါတယ်။ ဆေးဆိုင်မှာ ဆေးပြေးဝယ်ပြီးသောက်ကြရတာပါ။

ကျွန်တော်တို့နေတဲ့ရပ်ကွက်ထဲက အမျိုးသမီးတစ်ဦးကတော့ ချောင်းဆိုးလို့ ဆေးခန်းသွားပြတယ်။ ဆေးသာကုန်သွားတယ်၊မပျောက်တာနဲ့ အများအကြံပေးတဲ့ ဆေးမြီးတိုအပင်အရွက်တွေ အညွှန်းအတိုင်း သောက်ပြန်ပါတယ်။ မထူးပါဘူး။

အချို့က ဘာနဲ့မှမပျောက်ရင် နနွင်းမှုန့်သောက်လို့ညွှန်ကြတာကြောင့် နနွင်းမှုန့်ချည်းမသောက်ချင်တာနဲ့ သူသောက်နေကျ နွားနို့ထဲကို နနွင်းမှုန့် လက်ဖက်စားဇွန်း တစ်ဇွန်း ထည့်ပြီး သောက်လိုက်တယ်။နွားနို့နဲ့ရောသောက်တော့ အဝင်သက်သာတာပေါ့လေ။

ပထမတစ်ကြိမ်သောက်လိုက်တာနဲ့ ရင်တွေချောင်ပြီး သလိပ်ရလာပါတယ်။ ဒီတော့ ချောင်းဆိုးကျဲသွားပြီး အနေရ သက်သာလာပါတယ်။ ဒီဆေးတော့ချ ကျက်တည့်ပြီဆိုပြီး ဆက်သောက်တော့ ပျောက်သွားပါတယ်။

ဒီတော့ အဲဒီအမျိုးသမီးဟာ သူ့ကိုယ်တွေ့ဆေးကို အများသိအောင် လိုက်ပြောတာကြောင့် ကိုကျော်မော က ဒီ ဆေးနည်းကိုသိရခြင်းပါ။ ကိုကျော်မောက ကားဆရာပါ။ မိဘမေတ္တာ ကိုတင်ထွန်းနဲ့ ကျွန်တော်ဟာ မြို့မဈေး ပိတ်တဲ့ တနင်္လာနေ့တိုင်း နေပြည်တော် တစ်ခွင်နဲ့နယ်တွေကို ဘုရားဖူးထွက်တဲ့ အခါ ကိုကျော်မောကို ကားမောင်း အကူအညီတောင်းရခြင်းပါ။ဒီတော့ ကျော်မောက သူ့အိမ်ဘေးက အမျိုးသမီးအကြောင်းကို ပြောပြခြင်းပါ။

ဆေးဆိုတာ အပ်စပ်ရင်ပျောက်ကွယ်လွယ်ပါတယ်။ နွားနို့နဲ့နနွင်းမှုန့်သောက်ခြင်းဖြင့် ချောင်းဆိုးရောဂါ ပျောက်ကင်းကြပါစေ။

*ချမ်းမြေ့ကြပါစေ။*
*ကားဆရာကိုကျော်မောသို့*
*ကျေးဇူးတင်လျက်။*
နေပြည်တော်ကျော်ကျော်စိုး

---

ပတ်သက်ပြီးနှုတ်ကသာပြော၍ လက်တွေ့မစွမ်းဆောင်နိုင်သော လောင်ဖူး၏ အဖြစ်အပျက်ကိုအခြေခံလျက် မေတ္တာအပေါ်တွင် သံသယဖြစ်နေကြောင်း ကိုမောင်စိန်ကထောက်ပြလာခြင်းဖြစ်ပါသည်။

ကျွန်တော်လည်းမေတ္တာတရားဖြင့် ပတ်သက်၍တတ်အားသမျှရှင်းလင်းပြောပြရပါသည်။

"ဝန်နဲ့အား လေးနဲ့မြား ဆိုသလို မေတ္တာပို့တဲ့နေရာမှာလည်း မေတ္တာပို့သူရဲ့မေတ္တာအင်အားအကြီးအသေးအပေါ်မူတည်ပြီး မေတ္တာရဲ့အစွမ်းသတ္တိတွေကလည်း အကြီးအသေးကွဲပြားကြမှာပါ။ မေတ္တာနဲ့ပတ်သက်ပြီး ကိုမောင်စိန်က တရုတ်ပညာရှိကြီး လောင်ဖူးကို ဥပမာပေးတော့ ကျွန်တော်ကလည်း မေတ္တာနဲ့ပတ်သက်ပြီး အီတလီနိုင်ငံသား ဆာဖာရေတို စီအိုဖီကိုဥပမာပေးချင်တယ်။ သူ့ကို အီတလီနိုင်ငံ မီလန်မြို့မှာမွေးတယ်။ အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ်မှာ မာတုဗေဒဘာသာရပ်နဲ့ ဘီအက်စ်ဘွဲ့ရခဲ့တယ်။ မဓမ္မပဒစာအုပ်ကိုဖတ်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာတယ်။ အဲဒီနောက်မြန်မာပြည်ရောက်ဦးလောကနာထဘွဲ့အမည်နဲ့ ရဟန်းဝတ်တယ်၊ ဝိပဿနာတရားတွေကိုစနစ်တကျအားထုတ်တယ်၊ ကမ္ဘာကိုသုံးပတ်ပတ်ပြီး ဗုဒ္ဓရဲ့တရားတော်တွေကိုမျှတယ်။

ဒီလိုနဲ့ဦးလောကနာထရဲ့ဝမ်းဗိုက်မှာရောဂါတစ်ခုရတယ်။ ခွဲစိတ်ကုသခံဖို့ အီတလီကိုခေတ္တပြန်တယ်။ သူ့ဦးလေးအိမ်မှာတည်းပြီး ရောဂါကုတယ်။ရောဂါပျောက်သွားတော့ သူ့ဦးလေးက ဘာသာခြားထဲပြန်ရောက်အောင် သူ့ကိုစည်းရုံးတယ်၊ အကျပ်ကိုင်တယ်၊ နောက်ဆုံးတော့ ဆရာတော်ဦးလောကနာထရဲ့ သဒ္ဓါတရားကိုဦးလေးဖြစ်သူကအရှုံးပေးလိုက်ရတယ်။ဒါပေမယ့်ဆရာတော်မြန်မာပြည်ကိုပြန်ဖို့ လေယာဉ်ခရီးစရိတ်ကို မလှူဘဲထားလိုက်တယ်။

ဆရာတော်ဦးလောကနာထဟာ အီတလီနိုင်ငံ မီလန်မြို့မှ ပြင်သစ်နိုင်ငံမာဆေး၊ ထိုမှတစ်ဆင့် ဆွစ်ဇာလန်၊ တူရကီစသည်အားဖြင့် နိုင်ငံပေါင်းဆယ်နိုင်ငံကိုခြိမ်ရှစ်လကျော် ခြေကျင်ခရီးနဲ့မြန်မာပြည်ကိုပြန်ကြွခဲ့တယ်။ ဆရာတော်ဟာ တူရကီနိုင်ငံတိုးရပ်စ်တောင်တန်းကြီးကို ဖြစ်တဲ့အခါမှာ လူရိုင်းဓားပြတွေနဲ့တွေ့တယ်။ ဒီလူရိုင်းတွေဟာလာသမျှလူတွေရဲ့ပစ္စည်းကိုယူပြီး လူကိုခေါင်းဖြတ်ပြီး သတ်လေ့ရှိတယ်။ ဆရာတော်ကိုလူရိုင်းတွေကဖမ်းတယ်။ သတ်ဖို့ကြိုးစားကြတယ်။ ဆရာတော်ကလူရိုင်းတွေရဲ့အပေါ်ကိုမပြတ်တမ်းမေတ္တာတွေပို့တယ်။ ဒီလိုနဲ့ဆရာတော်ရဲ့မေတ္တာအစွမ်းကြောင့် လူရိုင်းတွေရဲ့ရန်ကနေလွတ်မြောက်လာခဲ့ရတယ်။

အဲဒီတော့ကိုမောင်စိန်ရေမေတ္တာဆိုတာထားနိုင်ရင် ထားနိုင်သလောက် ပွားနိုင်ရင်ပွားနိုင်သလောက် အကျိုးကျေးဇူးရှိပါတယ်။ကိုယ်ကမေတ္တာမထားနိုင်ဘဲနဲ့တော့ မေတ္တာအကျိုးကိုမခံစားရနိုင်ဘူးပေါ့"

"ကျေးဇူးပဲဆရာ၊ ကျွန်တော်သဘောပေါက်ပြီ၊ မေတ္တာတရားရှိတယ်ဆိုတာကိုလက်ခံသွားပြီးကိုယ်တိုင်မေတ္တာထားနိုင်ဖို့ မေတ္တာပွားနိုင်ဖို့တော့အတော်လေးကြိုးစားရမှာပါ"

"ဟုတ်ပါတယ် ကိုမောင်စိန်၊ ကျွန်တော်တို့ခင်ဗျားတို့အားလုံးမေတ္တာတရားကိုကျင့်သုံးနိုင်ကြဖို့ကြိုးစားကြရမှာပေါ့ဗျာ"

အင်ပင်-သန်းဌေးအောင်

# ဥစ္စာပစ္စည်းသည် သူတော်ကောင်းတို့၏ရန်သူ

## အောင်မြင့်ထွန်း(ပသုံးလုံး)

သူတော်ကောင်းအစစ်အမှန်တို့သည် ဥစ္စာပစ္စည်းကိုမမက်မမောမခင်တွယ်ကြလေကုန်။ ဥစ္စာပစ္စည်းဆိုလျှင် မစင်ထက်ပင်ရွံရှာကြကုန်၏။

ကျီးကန်းတစ်ကောင်ပျံသန်းနေသည်။ အကောင်းပျံသန်းနေရသည် မဟုတ်၊ ဒရောသောပါးအပြေးအလွှားပျံနေရသည်။ သူ၏အနောက်မှ ကျီးကန်းတစ်သိုက် အပြေးလိုက်နေကြ၏။ ထိုကျီးကန်းကို ထိုးဆိတ်ကြကုန်၏။ အဘယ်ကြောင့်ပါနည်း။ အဆိုပါကျီးကန်း၏နှုတ်သီးတွင် အဆီတဝင်းဝင်းနှင့် သားတစ်တစ်တုံးကို ကိုက်ချီထားသောကြောင့် ဖြစ်ပါသည်။ အကယ်၍သာ ထိုသားတစ်ကိုလွှတ်ချလိုက်မည်ဆိုပါက ကျီးကန်းတစ်သိုက်တို့သည် အလုပ်ရှုပ်ခံပြီး လိုက်နေကြလိမ့်မည် မဟုတ်ချေ။

တစ်ခါတုန်းကဆိုလျှင်လည်း သူဌေးကြီးထံတွင်အလုပ်လုပ်နေသည့် အပ္ပနားတစ်ယောက်ရှိလေ၏။ သူရဲ့တာဝန်ကသူဌေးကြီး၏ဆိတ်တစ်အုပ်ကိုနေ့စဉ်ထိန်းကျောင်းပေးရလေသည်။ တစ်နေ့တာ ဆိတ်များကျောင်းပေးပြီး ဆိတ်ခြံ၌သိမ်းဆည်းပြီးသည်နှင့်သူ၏တာဝန်ကျေပြီဖြစ်လေ၏။ အပ္ပနားသည် ရေမိုးချိုးသည်။ ထမင်းစားသောက်လိုက်၏။ သူအနားယူမည်။ သူ့တွင်ရှိသည့်ဗုံတစ်လုံးကိုသာယာနာပျော်စွာတီးရင်းစိတ်အပန်းဖြေတော့သည်။အပ္ပနားစိတ်ချမ်းသာနေ၏။ ကုလားလေး၏ဗုံသံကိုသူဌေးကြီးနေ့စဉ်ကြားနေရလေသည်။ တစ်နေ့သော် ဆိတ်ကျောင်းပြန်လာသော အပ္ပနားကိုခေါ်ယူလိုက်၏။အပ္ပနား၏ရိုးသားဖြူစင်မှုသစ္စာရှိမှုတာဝန်ကျေပွန်မှုတို့ ဆုချလို၍ဖြစ်ပါသည်။

သူဌေးကြီးကအပ္ပနားကိုအသပြာငွေတစ်မတ်ဆုချလိုက်ပါ၏။ အပ္ပနားပျော်ရွှင်သွားမည်ဟု သူဌေးကြီးကထင်နေပါသည်။

ထိုနေ့ထိုအချိန်မှစ၍ အပ္ပနားသည်စိတ်အပူလှိုင်းဖိစီးကာ ထမင်းမစားနိုင်တော့ပါ။ကုလားလေးဗုံမတီးနိုင်တော့ပြီ။ ကြားနေကျ ဗုံတီးသံမကြားရသည်ကြောင့်သူဌေးကြီးကအပ္ပနားကိုခေါ်၍မေးရသည်။ အပ္ပနားက သူဌေးကြီးရဲ့အမေး



ကိုဖြေကြားလေသည်။သူသည်အသပြာငွေကြေးတစ်ပြားတစ်ချပ်မှမကိုင်ခဲ့ဖူးပါ။ သူဌေးကြီးပေးသည့်ငွေကိုရလိုက်သည့်အခါ စိတ်ပူပန်မှုများရှိလာခဲ့ပါသည်။ ဒီငွေကိုသူခိုးများလာရောက်ခိုးလေသလားဓားပြတွေများလာတိုက်လေမလားရယ်လို့စိတ်ပူပန်နေရပါသည်။ သည်ငွေရပြီးမှစိတ်ချမ်းသာမှုတွေ ကွယ်ပျောက်ခဲ့ရသည်။ ဤသည့်အတွက်ဗုံမတီးနိုင်တော့ခြင်းဖြစ်ရပါသည်။

ဤအချက်ကိုကြည့်ခြင်းအားဖြင့် ငွေအသပြာကြောင့် စိတ်ပူပန်မှုဖြစ်ရကြောင်းသိသာနိုင်ပါ၏။

ဓမ္မာစရိယဦးဌေးလှိုင်ရေးသားသည့် 'ချမ်းမြေ့စွာဘဝနေနည်း' စာအုပ်တွင်ဖတ်ရှုလိုက်ရသည့် ကျွန်းရင်းရွာဆရာတော်

ဦးဝါယမ၏ကျောင်း၌ ဗီရိုစားပွဲ၊ကုလားထိုင်အနည်းငယ်ရှိ၏။ ပစ္စည်းအတန်အသင့်ရှိနေပါသည်။တစ်နေ့သော်ထိုဘုန်းကြီးကျောင်းသို့ ဓားပြအဖွဲ့ရောက်လာကြပြီးဓားပြတိုက်၏။ဓားပြတို့ကဘုန်းကြီးကိုကြိုးဖြင့် တုတ်နှောင်လိုက်ကြသည်။ တောထဲသို့ခေါ်သွား၏။တောနက်ထဲတွင်မြေကျင်းကြီးတစ်ခုတူးထားသည်ကိုတွေ့ရသည်။ ဘုန်းတော်ကြီးကိုကျင်းနှုတ်ခမ်းဝတွင်အထိုင်ခိုင်းပြီးသတ်ရန်ပြင်ကြသည်။

ထိုအခါဦးဝါယမက ငါ့ကိုသတ်လိုကသတ်ပါ၊ခဏလေးတော့ခွင့်ပြုပေးကြပါ ဘုရားဝတ်ပြုခွင့်ပေးပါဟုခွင့်တောင်း၏။ ဆရာတော်ကြီးသည်ဘုရားကိုအာရုံပြုရှိခိုးပြီး သစ္စာဆိုလိုက်သည်နှင့်တစ်ပြိုင်နက်မိုးမှောင်ကြီးကျလာ၏။ကိုယ့်အချင်းချင်းမမြင်ရဘာဆိုဘာမှမမြင်ရတော့ချေ။ ဓားပြတို့ထိတ်လန့်ကုန်ကြသည်။တုန်လှုပ်ချောက်ချားကာကစဉ့်ကလျားထွက်ပြေးကုန်ကြလေတော့သည်။ဘုန်းတော်ကြီးကိုတုတ်နှောင်ထားသောကြိုးများလည်း အလိုလိုပြေထွက်ကုန်ကြသည်။

တစ်လောကလုံး အလင်းရောင်များပြန်လည်လင်းထိန်လာသည်။ ထိုအခါမှဆရာတော်ကြီးဦးဝါယမစဉ်းစားလိုက်သည်မှာ-

"တကယ်တော့ ငါ့ရဲ့ရန်သူအစစ်ဟာဓားပြတွေမဟုတ်ပေဘူး၊ ဒီဥစ္စာပစ္စည်းတွေပဲ။ ဥစ္စာပစ္စည်းတွေကိုမကွယ်ကာဘဲ ငါတောထွက်မှဖြစ်တော့မယ်"

ဟုဆုံးဖြတ်လိုက်ပါသည်။

ဘုန်းတော်ကြီး ဦးဝါယမသည် ကျောင်းကြီးကိုစွန့်ခွာလျက် တောထွက်ပြီးတရားဓမ္မကျင့်ကြံအားထုတ်ကာတရားဖြင့်မွေ့လျော်နေ၏။ ချမ်းသာအစစ်ကိုရှာကြံနိုင်ခဲ့လေသည်။

ရှေးသူတော်ကောင်းတို့သည်ဥစ္စာပစ္စည်းအားမက်မောစရာမဟုတ် တရားဓမ္မသာလျှင် ချမ်းသာအစစ်ရရှိနိုင်ပုံကိုတောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ရဟန်းဘဝချမ်းသာစာအုပ်မှ ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

ရှေးသူတော်ကောင်းတို့သည် လောဘ၊ဒေါသ၊ မောဟတို့ကြောင့် ဒုက္ခဆင်းရဲခြင်းမှမလွတ်ကင်းနိုင်ခြင်းကိုရှောင်ခွာလိုပုံ၊ သံသရာမှလွတ်မြောက်လိုသည့်စိတ်ဓာတ်အင်အားပြင်းထန်ပုံတို့ကို သူတို့အသုံးပြုသည့်ကျိန်စာ(တစ်နည်းအားဖြင့်) သစ္စာစကားလုံးအသုံးပြုထားသည်များက အခိုင်အမာသက်သေပြုထားကြကုန်၏။

ယခုခေတ်လူအများစုတို့သည် သူ



တော်ကောင်းစိတ်နည်းပါးလာကြသည်။ ခိုဆိုးလုယက် လိမ်လည်သူများပြားလာ၏။ သူတစ်ပါး၏အသက်ကိုဖက်ရွက်လေးမျှလောက်သာ သဘောထားကြတော့သည်။ ခိုက်ရန်ဖြစ်ပွားမှုသတင်း၊ လုယက်ကြသည့်သတင်း၊ သေနတ်သံ၊ ဗုံးသံတွေကြားထဲမှ ဘေးလွတ်ရာရှောင်ပြေးနေကြရသည့်စစ်ဘေးရှောင်ဒုက္ခသည်များကား ဒုနှင့်ဒေးပေါများလာ၏။ ဒုက္ခရောက်နေကြရှာသည်။ မမြင်ရက်စရာပေ။ တရားအားထုတ်ကြသူကနည်းနည်း၊ သူတစ်ပါးအပေါ် လူပေါ် လူဇော်လုပ်ကာ ဥစ္စာပစ္စည်းရှာပြီးရင်းရှာနေကြသည်။ 'ငါသည်ဘယ်တော့မှမသေ'ဟူ၍ များအထင်ရောက်ကုန်ကြပြီလားမသိနိုင်တော့ပြီ။

လူသားအားလုံး (အားလုံး)ကတိသစ္စာတည်နိုင်ကြပါစေကြောင်း၊ သီလသမာဓိတည်ကြည်စွာဖြင့် မေတ္တာပြန့်ပွားကာငြိမ်းချမ်းသောလောကကြီးတည်ဆောက်နိုင်ကြပါစေသတည်း။

ရှေးပညာရှိသူတော်ကောင်းတို့သည်ဆင်းရဲဒုက္ခကိုသိကြကုန်၏။ကြောက်ရွံ့တုန်လှုပ်ကြကုန်၏။ရှေးသူတော်ကောင်းတို့ လူ့ဘဝဒုက္ခမှရှောင်ထွက်နည်းကားသူတို့ပိုင်ဆိုင်သည့်များမြောင်သောဥစ္စာပစ္စည်းတို့ကိုစွန့်ကြပေးကမ်းလိုက်ကြကုန်၏။ လှူဒါန်းလိုက်ကြပါသည်။ လူ့ဘောင်လူ့လောကကိုရှောင်ခွာကြသည်။ တောနက်ကြီးထဲသို့သွားပြီး ရသေ့ရဟန်းပြုကြကုန်သည်။ မိမိတို့ချမ်းသာရာဘဝရရှိစိမ့်သောငှာတရားမမေ့ဖြင့်ပျော်မွေ့ကြသည်။

ဗာရာဏသီပြည်ဗြဟ္မဒတ်မင်းစိုးစံစဉ်ကဖြစ်သည်။တိုင်းပြည်တွင်ဥစ္စာကုဋေ (၈၀) ကြွယ်ဝသောဗြဟ္မဏမဟာသာလသူဌေးကြီး၌ မဟာကစ္စနအမှူးရှိသောညီအစ်ကို(၇)ယောက်နှင့် နှမငယ်တစ်ဦးပေါင်း (၈) ဦးသော မောင်နှမတစ်ခုတို့ဖြစ်ထွန်းခဲ့ပါသည်။ ညီအစ်ကိုမောင်နှမတစ်စုတို့သည် သားသမီးဝတ္တရားကျေပွန်ကြကုန်၏။ မိဘတို့က သားသမီးတို့အတွက်အိမ်ထောင်ဖက်ရွေးချယ်ပေးကြသည်။သို့သော် သားသမီးတို့ကငြင်းဆန်ကြသည်။ နောင်တော်အကြီးဆုံးကငြင်းပယ်သည့်နည်းအတိုင်းပင် ညီတော်ဥပကစ္စနမှစ၍နှမငယ်ကစ္စနဒေဝီအထိတစ်ယောက်မကျန်အိမ်ထောင်မပြုလိုကြောင်းငြင်းပယ်ချက်ကတစ်သမတ်တည်းဖြစ်၏။

မိဘတို့မှာသက်ရွယ်ကြီးပြင်းလာပြီး မလွန်ဆန်နိုင်သောသေခြင်းတရားကိုမလွဲမသွေရင်ဆိုင်ကြရသည်။ သားသမီးတို့ကသံဝေဂယူကာ ဆင်းရဲဒုက္ခနည်းရာသို့သွားရောက်ပြီးနေကြမည်ဟု နောင်တော်ကြီး၏အစီအစဉ်ကို ညီငယ်ညီမငယ်တို့ကလက်ခံကြ၏။ မိဘတို့၏ကုဋေ (၈၀) သောဥစ္စာတို့ကိုလှူဒါန်းပေးကမ်းစွန့်ကြခြင်းပြုလုပ်ကြသည်။ ထိုအချိန်မှစ၍ မောင်နှမတစ်စုတို့သည် စိတ်ရှင်းသွားကြကာ စိတ်လက်ပေါ့ပါးသွားကြသည်။ ညီအစ်ကိုမောင်နှမက (၈)ယောက် ကျွန်အမှုလုပ်ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်၊အဆွေခင်ပွန်းတစ်ယောက်အပါအဝင် ပေါင်းတစ်ကျိပ်တစ်ယောက်သောလူရွယ်သူတော်ကောင်းတို့သည်စိတ်တူကိုယ်တူသဘောညီညွတ်စွာဖြင့်လူတို့နေထိုင်ရာမြို့ရွာနှင့်ဝေးကွာသောဟိမဝန္တာကမ္ဘာကျော်တောကြီးဆီသို့ထွက်ခွာသွားကြပါတော့သည်။

သူတို့ရည်မှန်းသည့်ခရီးပန်းတိုင်ဆီသို့ရောက်ရှိကြပြီး ထိုဟိမဝန္တာတောတွင်း၌ရသေ့ရဟန်းပြုကြသည်။

အလုံးစုံသော ရသေ့သူတော်ကောင်းတို့သည်အကြီးဆုံးဖြစ်သောမဟာကစ္စန၏အဆုံးအမကို ခံယူကြသည်။ ကျောင်းသင်္ခမ်းကိုယ်စီဖြင့် တစ်ပါးစီခွဲနေကြရန်မဟာကစ္စနကတိုက်တွန်းသည်။ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြလေသည်။ တောသစ်သီးကြီးငယ်နှင့် ကြာရိုးကြာစွယ်ကြာရင်းတို့ကို တောတွင်းမှတစ်ယောက်ကျစီအလှည့်ကျယူဆောင်စေသည်။ ရလာသည့်အသီးအနှံ အစားအသောက်ကိုသူတို့သတ်မှတ်ထားသောကျောက်ဖျာကြီးထက်တစ်ဦးလျှင်တစ်ပုံကျရရသမျှဖြင့် ခွဲဝေပုံပေးထားရသည်။ စားသောက်ရန်အချိန်သို့ကျရောက်သည်ရှိသော် ရသေ့သူတော်ကောင်းတို့လည်းကိုယ့်အတွက်မိမိဝေပုံကျတစ်ပုံကိုသာလာရောက်ယူဆောင်ကြ၏။ ဤသို့နေ့စဉ်အာဟာရဖြည့်တင်းကြသည်။

နောင်တော်ရသေ့ကြီးမဟာကစ္စနကရသေ့ဆရာကြီးအဖြစ်နှင့်အလုံးစုံသောရသေ့တစ်ကျိပ်တစ်ယောက်တို့အား နေရေးထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးတို့နှင့်ကမ္မဋ္ဌာန်းတရားအားထုတ်ရေးတို့ကိုပါဆိုဆုံးမလျက် အေးချမ်းစွာနေထိုင်ကြကုန်၏။

တစ်ရံသောအခါသိကြားမင်းသည်ထိုရသေ့မြတ်တို့၏ကိုယ်ကျင့်သီလကိုစုံစမ်းလိုသောဆန္ဒဖြစ်ပေါ်လာ၏။ ရသေ့အပေါင်းတို့၏ ကိုယ်ကျင့်သီလမည်မျှလုံခြုံလေသနည်း၊ စုံစမ်းရန်သိကြားမင်းသည် နတ်ဘုံမှဆင်းသက်လာခဲ့သည်။ လူ့ဘုံသို့အရောက်မိမိ၏နတ်ကိုယ်ရောင်တော်ကိုဖျောက်လိုက်ပါတော့၏။ ထို့နောက် သိကြားမင်းသည် ရသေ့တို့၏ကျောင်းသင်္ခမ်းဆီသို့ ချဉ်းကပ်လာခဲ့ပါသည်။သိကြားမင်းသည် ရသေ့တို့၏အာဟာရဝေပုံကျကျောက်ဖျာကြီးကို မြင်ရသည်။ ထိုကျောက်ဖျာကြီးထက်ဝယ်ပုံထားသော ဝေပုံကျအများထဲမှရသေ့ကြီးအတွက်ပုံထားသည့်ဝေပုံကျတစ်ပုံကိုသာရသေ့ကြီးမယူမီသိကြားမင်းကယူဆောင်ကွယ်ထားလိုက်လေသည်။

စားသောက်ချိန်တန်သောအခါ ရသေ့ကြီးသည်သူစားနေကျအချိန်အတိုင်းကျောက်ဖျာကြီးထက်မှ မိမိဝေပုံကျကိုယူဆောင်ရန်ထွက်လာခဲ့သည်။ကျောက်ဖျာကြီးထက်ဝယ်ယနေ့ထူးခြားပါပကောလား။မည်သို့ဖြစ်လေသည်မသိ၊ကျောက်ဖျာကြီးထက်မှ မိမိ၏ဝေပုံကျပုံထားရာနေရာမှာ အသီးအနှံကြာစွယ်ကြာရင်းတို့မရှိကြလေကုန်။

ရသေ့ဆရာကြီးက ဤသို့တွေးတောဆင်ခြင်သည်။ ယနေ့မေ့လျော့နေသောကြောင့် ငါ့အတွက်မထားခြင်းဖြစ်တန်ရာ၏ဟူ၍နှလုံးသွင်းကာ တစ်စုံတစ်ဦးကိုမျှမမေး ဆိတ်ဆိတ်ပင် မိမိကျောင်းသင်္ခမ်းဆီသို့တည်ငြိမ်သောအိန္ဒြေဖြင့်ပြန်ကြွလေ၏။ သီတင်းသုံးနေထိုင်သည့် မိမိနေမြဲသောကျောင်းသင်္ခမ်းအတွင်းပြန်ရောက်လေလျှင်-

"ကြာမြင့်စွာသောနေ့ရက်တို့ကမရပ်မနားဖြည့်တင်းခဲ့ရသော ဤခန္ဓာကိုယ်ကြီးကိုတစ်ရက်မျှမပေးသွင်းခြင်းဖြင့်ဘယ်အတွက်ရှိအံ့နည်း"

ဟူ၍မိမိကိုယ်ကိုဆုံးမသည်။ ထိုနေ့အဖို့ တစ်စုံတစ်ရာစားသောက်ခြင်းမပြုတော့ပါ။ ရသေ့ဆရာကြီးသည်မေတ္တာကမ္မဋ္ဌာန်းဖြင့်သာ သတ္တလောကကိုဖြန့်ကျက်၍ချမ်းသာကြစေရန်မေတ္တာပို့ပေးနေလိုက်ပါသည်။ဘယ်သူ့ကိုမျှအသိမပေးအေးချမ်းစွာတရားအားထုတ်လျက်ရှိ၏။ ဒုတိယနေ့တွင်လည်း ယမန်နေ့ကနည်းတူပင်ဖြစ်နေ၏။အာဟာရမပြည့်ဝသည်မှာနှစ်ရက်ရှိလေပြီ။ ထုံးစံအတိုင်းပင်သိကြားမင်းသည်ရသေ့ကြီးရောက်မလာမီကပင်ရသေ့ဆရာကြီး၏ဝေပုံကျကိုဝှက်ထားခဲ့ပြီဖြစ်လေသည်။ ဆွမ်းအာဟာရသုံးဆောင်ချိန်ရောက်လေသော်ကျောက်ဖျာထက်၌ မိမိ၏ဝေပုံကျကိုမမြင်ရပြန်ချေ။(၃)ရက်ရှိပြီ။

'ယနေ့တော့စိစစ်မှတော်လိမ့်မည်' ဟူ၍နှလုံးပိုက်ကာ မိမိသီတင်းသုံးရာနေ

မြကျောင်းသခ်မ်းသို့ ဝင်လိုက်သည်။ တပည့်အားလုံးတို့စုဝေးရောက်လာကြရန် ကျောက်စည်ခေါက်၍အချက်ပေးလိုက်ပါသည်။ တပည့်အားလုံးတို့က ရသေ့ဆရာကြီးကို လေးစားသောအားဖြင့်ရသေ့ကြီးရှေ့ထဲမှောက်သို့ တစ်ခဏအတွင်း စုဝေးရောက်ရှိလာကြကုန်၏။ တပည့်များက ရသေ့ကြီးရှေ့တွင် ဆိတ်ငြိမ်စွာနားစွင့်လျက်ဂါရဝပြုနေကြပါသည်။ရသေ့ဆရာကြီးလည်းတပည့်အပေါင်းတို့ကိုလိုရင်းမိန့်ကြားလိုက်၏။

"ယမန်နေ့မှ(၃) ရက်သောနေ့က ကျောက်ဖျာထက်ထားမြဲအာဟာရဝေပုံကျမည်သူပုံပါသလဲ။(၂)ရက်နေ့ကမည်သူဝေပုံချသနည်း။ ယနေ့အတွက်ရောဘယ်သူပုံပါသလဲ တပည့်တို့"

ဟူ၍ဆရာကြီးကစစ်မေးလေသည်။ ထိုအခါညီတော်နှမတော်ရသေ့များနှင့် အပေါင်းဖော်တပည့်အားလုံးတို့က-

"လျှောက်ထားပါသည်ဘုရား။အရှင်ဘုရားတို့၏အတွက်ကျအဖို့အစုနှင့် တကွ တပည့်တော်တို့အချိုးကျဝေငှပါသည်ဘုရား"

ဟူ၍ ချစ်ကြောက်ရိုသေစွာကိုယ်စီကိုယ်ငှတစ်ယောက်မကျန်ပင်ရသေ့ကြီးထံလေးလေးစားစားဖြေဆိုလျှောက်ထားကြပါသည်။ တပည့်အပေါင်းတို့၏ဖြေဆိုပုံထောက်ရှုကြည့်လေသော် မိမိအတွက်အာဟာရဝေပုံကျရှိနေသည်ကအမှန်ပင်ဖြစ်နေတော့သည်။ ဘယ်လိုကိစ္စရယ်ကြောင့် မိမိ၏ဝေပုံကျပျောက်ဆုံးနေရလေသနည်း။ ရသေ့ဆရာကြီး-

"အသင်တို့က ဝေပုံကျထားခဲ့ပါသည်ဟုဆိုကြသည်။ထိုသို့ဆိုသော်လည်း ငါသည် ကြာစွယ်ကြာရင်းသစ်သီးတို့ကိုမရရှိသည်မှာ ယနေ့ဆိုလျှင် (၃)ရက်တိုင်ခဲ့လေပြီ။ဤပရိသတ်တွင်သူခိုးမရှိယောင်တကား"

ဟူ၍ရသေ့ခေါင်းဆောင်ဆရာကြီးကမိန့်၏။ရှေးဦးစွာညီအကြီးဆုံးဖြစ်သော ဥပကစ္စနရသေ့သည် နောင်တော်ရသေ့ကြီး၏စကားကိုကြားရလျှင် ဤကဲ့သို့ ကျိန်စာကိုရွတ်ဆိုလေ၏။

"တပည့်တော်သည် မိမိ၏အဖို့အစုမဟုတ်သော ကြာစွယ်ကြာရင်းနှင့် သစ်သီးတို့ကို ကျွန်ုပ်မယူသည် မစားသည်မှာမှန်၏။ အကယ်၍ယူမိစားမိချေသော် ရွှေငွေရတနာဥစ္စာစပါးနှင့်တကွ သားမယားကျေးကျွန်တို့နှင့်ပြည့်စုံသူဖြစ်ပါစေသတည်း"

ဟူ၍ကျိန်စာရွတ်ဆိုလိုက်သည်။

ထိုအခါ နောင်တော်ရသေ့ကြီးမှစ၍အားလုံးသောသူတော်ကောင်းရသေ့တို့သည် သူတော်ကောင်းတို့နှင့် မလျှောက်ပတ်ရာ မဆိုကောင်းသောစကားကိုကျိန်ဆိုမိသည်ဟူ၍ မကြားဝံ့သောကြောင့် မိမိတို့နားနှစ်ဖက်ကိုပိတ်၍နေလိုက်ကြသည်။ ဤသို့လျှင် ရသေ့ညီနောင်မောင်နှမတစ်စုနှင့် အပေါင်းအဖော်အားလုံးတို့သည် မလျော်ကန်သောစကားမကြားဝံ့မနာသာ မဆိုကောင်းမဆိုရာစကားတို့ တစ်ဦးပြီးတစ်ဦးကျိန်ဆိုသမှုပြုကြကုန်၏။ ကျိန်ဆိုသမျှအားလုံးကိုမကြားဝံ့ကြသောကြောင့် အားလုံးနားပိတ်၍နေကြကုန်၏။နောက်ဆုံးတွင်ရသေ့ဆရာကြီးကကျိန်ဆိုသည်မှာ-

"ကျွန်ုပ်အတွက်ရလျက်နှင့်မရပဟူ၍ပြောဆိုမိချေသော်အိမ်ရာထောင်သောလူတို့၏ဘောင်သို့ လောကီသားတို့၏ ကာမဂုံချမ်းသာကို ခံစားစံစားလျက် အသက်ကုန်ဆုံးသူဖြစ်ရပါစေသား"

ဟူ၍ ကျိန်ဆိုတော်မူလေသည်။ တပည့်သူတော်ကောင်းရသေ့ပရိသတ်အပေါင်းတို့သည် ဆရာကြီး၏ကျိန်ဆိုသံကိုကြားလိုက်ရလေလျှင် ကြက်သီးဖြန်းဖြန်းထကြလေကုန်၏။ရသေ့ငယ်အပေါင်းတို့တုန်လှုပ်ကြကုန်လျက် မိမိတို့၏နားတို့ကိုအတင်းပိတ်ထားလိုက်ကြသည်။ ထိုအခါ သိကြားမင်းသည် ထိတ်လန့်တုန်လှုပ်သွားသည်ဖြစ်၍ မိမိ၏ကိုယ်ကိုထင်စွာပြပြီးလျှင်-

"အရှင်ဘုရားတို့၏အကျင့်မြတ်နှင့်ကျေးဇူးဂုဏ်ကိုသိလိုသောကြောင့် သင့်အတွက်ဝေပုံတစ်စုကို အကျွန်ုပ်ကဝှက်ထားမိပါသည်။ ဒီအပြစ်ကိုသည်းခံတော်မူပါဘုရား"

ဟူ၍ ရသေ့တို့ကိုအားနာစွာဖြင့် အကြိမ်ကြိမ်တောင်းပန်လျှောက်ကြားလေသည်။

"အရှင်ကောင်းတို့၏ အကျင့်မြတ်ကိုကောင်းစွာသိလိုက်ရပါသည် အရှင်ဘုရား"

ဟူ၍တိုက်တွန်းခဲ့ပြီးလျှင် ဝမ်းမြောက်အားရသောစေတနာဖြစ်လျက်သူ၏နေရာတာဝတိံသာသို့ပြန်သွားလေသတည်း။

သူတော်ကောင်းတို့သည် ကမ္မဋ္ဌာန်းအလုပ်ဖြင့် ဆိတ်ငြိမ်စွာနေလေ့ရှိကြသည်။ ဤသို့သော တောပျော်ရသေ့သူတော်မြတ်တို့သည်မြတ်သောနေထိုင်နည်း၊ ကျင့်ကြံအားထုတ်နည်းတို့ဖြင့် အသက်ရှည်သမျှကာလပတ်လုံး ချမ်းမြေ့စွာနေလာခဲ့ကြပြီးလျှင် ဘဝ၏အဆုံး၌ကံအားလျော်စွာ သုဂတိဘဝဖြစ်သောအထက်နတ်ဘုံသို့ချည်းသာရောက်ကြရသည်။ လူတို့ကာမဂုဏ်ကိုကြောက်စရာဖြစ်၍ကြောက်စရာကျိန်ဆိုကြသတဲ့။

*

သူတော်ကောင်းမှန်လျှင်-

လောဘ၊ ဒေါသ၊ မောဟကင်းကွာလျက်ရှိကြကုန်၏။ လောကတွင်ချမ်းသာအစစ်ကိုရှာရ၏။ ချမ်းသာအတုကိုမခင်တွယ်ကြရာ။ လူအချို့သည် ဥစ္စာပစ္စည်းချမ်းသာသည်နှင့် ငါချမ်းသာပြီဟုထင်မှတ်မှားနေကြလေသည်။ ချမ်းသာအစစ်အမှန်ကား စိတ်ချမ်းသာမှသာလျှင် ချမ်းသာစစ်စစ်ကိုရသည်မည်၏။ အသေအချာဆန်းစစ်ကြည့်နိုင်မှသာချမ်းသာ(အတု/အစစ်)ကိုခွဲခြားသိမြင်နိုင်လိမ့်မည်ဖြစ်တော့သည်။

ချမ်းသာအစစ်ကိုရယူလိုပါကဥစ္စာပစ္စည်းကိုမမက်မောမတွယ်တာသင့်ကြကုန်။ မြန်မာနိုင်ငံမှ စာရေးဆရာတစ်ယောက်သည် နိုင်ငံခြားစီးပွားပညာရှင်တို့တွေ့ဆုံပွဲသို့တက်ရောက်ရန်ဖိတ်ကြားခံရပါသည်။စာရေးဆရာသည်ဗဟုသုတအဖြစ် ထိုနိုင်ငံသို့သွားလေသည်။ စီးပွားပညာရှင်တို့သည် သတ်မှတ်ထားသည့်ကျင်းပချိန်အတိုင်း တဖွဲဖွဲရောက်လာကြသည်။ သို့သော်တစ်ယောက်သော စီးပွားရေးသမားရောက်မလာသေးချေ။

ထိုသူကိုစောင့်နေကြသည်။ ဒီလူဟာအချိန်မှန်တဲ့လူပါ။ အချိန်ကိုလည်းလေးစားသူပါ။ စီးပွားရေးပညာရှင်တို့အားလုံးစုံပြီဖြစ်၏။ လည်တဆန့်ဆန့်ဖြင့်မျှော်ကြသည်။ ထိုသူသည် နိုင်ငံပေါင်းစုံ၌ကုမ္ပဏီပေါင်း (၂၀၀)ကျော်ပိုင်ဆိုင်ထားသူဒိတ်ဒိတ်ကြဲသူဌေးကြီးတစ်ဦးဖြစ်ပါသည်။ သူ၏ကုမ္ပဏီတိုင်းကို အဆင်မှပြေပါ၏လော။ ပြဿနာတစ်စုံတစ်ရာမပေါ်ပေါက်စေနှင့် အဆင်ပြေပြေဖြင့်အောင်မြင်စေကြောင်း နေ့စဉ်ဆုတောင်းစိတ်ပူနေရရှာ၏။ စိတ်ဖိစီးမှုဒဏ်များစွာခံနေရသည်။ယခုပွဲသို့ သူမလာနိုင်တော့ပါ။ စိတ်ဖိစီးမှုဒဏ်ပိကာ သူအသက်ဆုံးသွားပြီဖြစ်ပါသည်။ သူကွယ်လွန်ပြီဖြစ်ကြောင်းဖုန်းဝင်လာသည့်သတင်းကိုစာရေးဆရာလည်းသိလိုက်ရသည်။

ဥစ္စာပစ္စည်းမက်မောလျက် လောဘရမ္မက်ကြီးသူတို့ပူလောင်မှုကိုခံစားရသည်။ လောဘမကြီး ဥစ္စာပစ္စည်းမတွယ်တာသူတို့ကားပူပန်စရာမရှိ ထိုသူ၏ဘဝ

သည် အေးချမ်းမှုကိုပိုင်ဆိုင်ရသဖြင့် အသက်ရှည်နိုင်ခွင့်များလေသည်။ စိတ်ပူပန်မှုနှင့်အေးချမ်းမှုတို့တွင် မည်သည်ကိုအလိုရှိပါသနည်း။ မိမိအလိုရှိရာကို ရွေးချယ်နိုင်ခွင့်ရှိပါသည်။မိမိလိုချင်သည်ကိုရယူနိုင်ပါသည်။ မိမိစိတ်ကိုပြုပြင်နိုင်ဖို့လိုအပ်ပေ၏။ တစ်ခါတုန်းက-

စိမ့်ကြီးမြိုင်ရွာတွင် တောသူဌေးမိသားစုတို့နေထိုင်ကြပါသည်။သူဌေးကြီး၏အမည်ကဦးခွန်ဘုန်းနိုင်၊ သူဌေးကတော်ကဒေါ်မိမိထားဟုခေါ်တွင်၏။ သူတို့ရဲ့စီးပွားရေးလုပ်ငန်းကို ဆန်စပါးရောင်းဝယ်ခြင်းဖြင့် လုပ်ကိုင်ကြသည်။ စီးပွားရေးလုပ်ငန်းတိုင်း လုပ်ငန်းတိုင်း မည်သည့်လုပ်ငန်းမဆို အခက်အခဲအမြဲရှိနေ၏။ ကုန်ပစ္စည်းဆုံးရှုံးတာလည်းရှိသလိုကုန်ကြွေးဆုံးရှုံးတာတွေလည်းရှိကြသည်။ အမြတ်အစွန်းလည်းရှိသည်မှန်၏။ သို့သော်စိတ်အေးချမ်းမှုတော့မရှိနိုင်။ အနည်းနှင့်အများပဲကွာခြားချက်ရှိနေမည်။

ဦးခွန်ဘုန်းနိုင် ဒေါ်မိမိထားတို့တွင် သားသမီး(၈) ဦးထွန်းကားသည်။ မိသားစုတွင်အကြီးဆုံးသားအမည်မှာ ကိုဘုန်းသော်ဖြစ်လေသည်။သားယောကျ်ားလေး(၇)ယောက်နှင့် သမီးအထွေးလေး (၁)ယောက်တို့ဖြစ်ကြ၏။ မိသားစုတို့ပျော်ရွှင်နေကြသည့်အထဲတွင် ကိုဘုန်းသော်မပါဝင်ချေ။ ထိုပျော်ရွှင်မှုသည် ထာဝရမဟုတ်နိုင်ကြောင်း ကိုဘုန်းသော်သိသည်။ သူမပျော်ရွှင်ပါ။ ကိုဘုန်းသော်သည် ပျော်ရွှင်ရာအစစ်ကိုရှာဖွေချင်သူဖြစ်ပါသည်။

သူသည်ငယ်စဉ်ကပင် သူ၏မိခင်နှင့်တရားပွဲများသို့လိုက်ကာ တရားနာလေ့ရှိသည်။ သူသည်ဘုန်းကြီးတို့ဟောကြားသောတရားတော်မှန်သမျှ အလေးအနက်နာယူမှတ်သားထားသည်။ တရားနာသက်တမ်းကြာလာသည့်အခါ တရား၏အရသာကိုခံစားနားလည်လိုက်၏။ ထို့ကြောင့် သူတို့မိသားစုပိုင်ဆိုင်ပါသည်ဆိုသော ဥစ္စာပစ္စည်းတို့သည် မမြဲသလိုထိုဥစ္စာပစ္စည်းတို့ကို ရှာဖွေခဲ့သူတို့မှာလည်းမြဲမည်မဟုတ်ချေတကား။

ဥစ္စာပစ္စည်းရှာဖွေသူတို့ကွယ်လွန်လျှင် ထိုဥစ္စာပစ္စည်းတို့ကား သေသူနှင့်လိုက်ပါသွားကြလိမ့်မည်မဟုတ်ချေ။သေသူနှင့်ပါသွားမည့်အရာနှစ်ခုရှိလေ၏။ ထိုသူပြုလုပ်ခဲ့သည့်ကုသိုလ်ကံနှင့်အကုသိုလ်ကံနှစ်ခုပင်တည်း။

ယခုအသက်ရှင်ချိန်တွင် မိဘတို့သည် ဥစ္စာပစ္စည်းတို့ကြောင့် စိတ်ပူပန်ကြရသည်။အိမ်နီးချင်းတို့ကလည်းကောင်းခင်မင်သူအပေါင်းအသင်းတို့ကလည်း ကောင်းချေးငှားလျှင်လည်း ပြန်မှဆပ်ပါ့မလားဟုပူပန်ရသည်။ ဓားပြလာတိုက်ပါကလည်း ပစ္စည်းပါသွားရုံမျှမက အိမ်သားတို့ကိုလည်း သတ်ဖြတ်သွားနိုင်လေသည်။ သူခိုးလာခိုးပါကလည်း ဥစ္စာပစ္စည်းတို့ပါသွားနိုင်သည်။

လောဘမရှိသူဥစ္စာပစ္စည်းမမက်မောသူကိုဘုန်းသော်သည် တရားဓာတ်ခံရှိလေရာ လူတွေကြားထဲနေရသည်မှာမပျော်ရွှင်ချေ။ ကိုဘုန်းသော်၏စိတ်ထားသည် ညစ်ထေးခြင်းမရှိ ဖြူစင်လေ၏။ ကိလေသာတော၌ အနေကျဉ်းကြပ်၏။ ကိုဘုန်းသော်သည် လူဝတ်ကြောင်နှင့်မနေလိုတော့ဘဲ ဘုန်းကြီးဝတ်ရန်ဆန္ဒပြင်းပြလျက်ရှိပါသည်။ ဘုန်းကြီးဝတ်ပြီးလျှင်လည်း ဘုန်းကြီးကျောင်း၌နေလိုစိတ်မရှိ တစ်ပါးတည်းသာတရားကျင့်ကြံအားထုတ်လိုပါ၏။ စိမ့်ကြီးမြိုင်ရွာနှင့်ဝေးလံသည့်တောနက်ကြီးထဲတွင် တစ်ပါးတည်းနေလိုသည်။ တောနက်ကြီးထဲ၌ တဲသာသာကျောင်းသခ်မ်း (သစ်ခက်တဲ)လေးတစ်ခုဆောက်ကာ ရသေ့ရဟန်းပြုလိုသည်။ အေးချမ်းစွာတရားအားထုတ်လိုသည်။

မိဘတို့ကအကြီးဆုံးသားဖြစ်သူကိုဘုန်းသော်ကို စီးပွားရေးလုပ်ငန်း၌ဦးစီးလုပ်ကိုင်စေချင်သည်။ကိုဘုန်းသော်သားအကြီးမို့ အားကိုးအားထားရှိကြသည်။

အလိုရမ္မက်နည်းပါးသည့် ကိုဘုန်းသော်သည် လူတို့လောဘဒေါသမောဟနှင့်စီးပွားရှာနေကြသည်။ စိတ်မသက်မသာဖြစ်နေလေ၏။ ယခုခေတ်တွင် မလျော်ကန်သောနည်းဖြင့် စီးပွားရှာသူတို့ကံအားလျော်စွာကြီးပွားတက်သည်မြင်ကြရလျှင် အချို့သောသူတို့အားကျလျက်ရှိကြကုန်၏။ အမှန်တကယ်က မဟုတ်တာလုပ်မှ ကြီးပွားတယ်ဆိုသောအမြင်မှားများယွင်းလျက်ရှိသည်။ ထိုသူကြီးပွားချမ်းသာခြင်းသည်ကား တစ်ချိန်ချိန်က ထိုသူပြုလုပ်ထားသည့် ကုသိုလ်ကံအကျိုးပေးချိန်ရောက်လာလိုသာချမ်းသာကြီးပွားလာခြင်း ဖြစ်တော့သည်။ ယခုမျက်မှောက်ကာလမှာ မတရားနည်းဖြင့်စီးပွားရှာခြင်းကြောင့် ချမ်းသာခြင်းလုံးဝ (လုံးဝ)မဟုတ်ချေ။

ဒါကို မသိနားမလည်သူတို့က မဟုတ်တာလုပ်မှချမ်းသာသည်ဟုထင်ကုန်ကြသည်ကဝမ်းနည်းစရာပေ။

လူ့လောက လူ့ဘောင်သည်ကား တစ်ဦးနှင့်တစ်ဦးဂုဏ်တုဂုဏ်ပြိုင်စိတ်ပြင်းပြနေကြခြင်း၊ မနာလိုဝန်တိုဖြစ်လျက်ရှိခြင်း၊ မတရားစိတ်ဖြင့်ဥစ္စာပစ္စည်းတို့ကိုမက်မောခြင်း၊ လူအချင်းချင်းလှည့်ဖြားလျက် ကတုံးပေါ်ထိပ်ကွက်လိုခြင်းတို့ဖြင့် ရှုပ်ထွေးပွေလီလျက် သပွတ်အူလိုက်နေ၏။ ထိုစိတ်ထားတို့ဖြင့် လူတို့သည်အကုသိုလ်များလျက် ငရဲတွင်းသို့သူထက်ငါဦးအောင်သွားလိုကြသည်နှင့်ပင်တူနေပါတော့သည်။

ငရဲပြည်သို့သွားလိုသူတို့ တန်းစီ့လိုက်ပါက ငါများရှေ့ဆုံးကရောက်နေမလားဟုမပြောရုံတမယ်လူတွေဖြစ်ပျက်နေပုံတို့ကိုကိုဘုန်းသော်တွေးမိလေသည်။

ကိုဘုန်းသော်သည် အထက်ပါအတိုင်းတွေးမိပြီး ကြောက်ရွံ့နေသည်။ လူ့လောကတွင် နေထိုင်ရသည်မှာကြောက်စရာအလွန်ကောင်းနေ၏။ လူတို့သည် မိမိသာလျှင် ကမ္ဘာပေါ်တွင်အချမ်းသာဆုံးနံပါတ် (၁) သည်ငါသာလျှင်ဖြစ်ရမည်ဟု မသမာမှုဖြင့်ကြိုးစားရင်း ထိုကြိုးစားကြသူအပေါင်းတို့သည် ငရဲပြည်နှင့်မဝေးတော့ချေ။နီးသည်ထက်နီးလာတော့သည်။ တစ်နေ့တွင် သတ္တဝါတိုင်း သတ္တဝါတိုင်း ကုသိုလ်နှင့်အကုသိုလ်အထုပ်လေးနှစ်ထုပ်ရင်ဝယ်ပိုက်ရင်းတစ်ဘဝပြီးတစ်ဘဝကူးနေကြမည်ကားသေချာနေပါ၏။

မိမိသည်အမြင့်သို့တက်မှာလား၊ အောက်သို့ဆင်းမှာလားစဉ်းစားကြပါကုန်။

ကိုဘုန်းသော်သည် အသက်(၂၀)နှစ်ပြည့်သည်နှင့် ရွာဦးကျောင်းဆရာတော်ဦးဝေပုလ္လကိုဥပဇ္ဈယ်ပြု၍ရခဲ့သည့်ဒုလ္လဘရဟန်းဘဝသို့ကူးပြောင်းလိုက်ပါ၏။ ကိုဘုန်းသော်၏ဦးပဉ္စင်းဘွဲ့တော်မှာဦးပညာဒီပဖြစ်လေသည်။ သီတင်းသုံးနေထိုင်မည့်နေရာကား ဤဘုန်းကြီးကျောင်း၌မဟုတ်ချေ။ သပိတ်တစ်လုံး(သုံး) ထည်သောသင်္ကန်းတို့ဖြင့် စိမ့်ကြီးမြိုင်ရွာနှင့်အလှမ်းကွာဝေးသည့် လူသူကင်းရှင်းရာ ဟေမာဝန်တောနက်ကြီးထဲသို့ထွက်ခွာသွားလေ၏။ မြိုင်တောကြီးထဲ၌ တရားအားထုတ်ရင်း နေ့စဉ်အာဟာရအတွက် ဝေးရာအရပ်၌ရှိသည့် တောင်ဘက်ရွာသို့ဆွမ်းခံကြွသည်။

မျက်နှာစိမ်းဦးပဉ္စင်းအတွက်ပထမရက်အနည်းငယ်တွင်ဆွမ်းခံရာ၌ အခက်အခဲရှိခဲ့လေသည်။ရသမျှနှင့်ရောင့်ရဲတင်းတိမ်ပြီး သူအလုပ်ချင်ဆုံးအရာဖြစ်သည့်

တရားအားထုတ်မှုကိုကြိုးစားလုပ်ဆောင်လေ၏။ ရံခါရေဆွမ်းကိုသာဘုဉ်းပေးလိုက်ရသည့်နေ့တွင်လည်းရှိသည်။ ဦးပညာဒီပစိတ်မပျက်ချေ။ သည်းခံစိတ်ကိုမွေးမြူရင်းသတ္တဝါအများချမ်းသာကြစေရန် နေ့စဉ်မေတ္တာပို့ပေးသည်။ ဘုန်းကြီးရဟန်းတို့လိုက်နာကြရသည့်(၂၂၇)သွယ်သောသိက္ခာပုဒ်တို့နှင့်အညီလိုက်နာကျင့်ကြံလျက်ရှိပြီး သမထဝိပဿနာတရားကိုကြိုးစားအားထုတ်နေပါသည်။

တောထဲတွင် သီတင်းသုံးရသည်မှာအေးချမ်းမှုရှိသည်။

ဦးပညာဒီပစိတ်ထဲတွင် အေးချမ်းမှုရနေ၏။ တရားကိုသာလျှင် လုံ့လပြုအားထုတ်နေပါတော့သည်။ စိတ်တည်ငြိမ်လေရကား သမာဓိရလွယ်သည်။ ဦးပညာဒီပတရားအားထုတ်လာခဲ့သည်မှာ (၁၅) ဝါအရ၌ ထူးခြားမှုရှိလာသည်။ သို့သော် မည်သူ့ကိုမျှထုတ်ဖော်ပြောဆိုမှုမပြုခဲ့ချေ။ သူတော်ကောင်းတိုင်းမျက်နှာကြည်လင်သောအနေအထားရှိ၏။သိက္ခာ သမာဓိတို့နှင့်လည်းပြည့်စုံနေရာဆွမ်းခံကြရာ၌ ကြည်ညိုဖွယ်ရာတို့နှင့် ပြည့်စုံလေသည်။ ရွာထဲက ဒကာ၊ ဒကာမတို့လည်းအထူးကြည်ညိုလေးစားကြကုန်၏။

ဦးပညာဒီပသည် ဆွမ်းခံကြွသည့်အခါ ဝစီပိတ်အမိဌာန်ဖြင့် ဆွမ်းခံကြွပါသည်။ အိမ်တစ်အိမ်သို့ရောက်လျှင်ရပ်ဆွမ်းဖြင့်ဆွမ်းခံသည်။ အိမ်အတွင်းဝင်ပြီးထိုင်ဆွမ်းမကြွချေ။

ဘုရားစာရွတ်ခြင်း၊သတ္တဝါအများကိုမေတ္တာပို့လျှင်လည်း စိတ်ထဲ၌သာရွတ်ဆိုမေတ္တာပို့လျက်ရှိသည်။ ဦးပညာဒီပတရားအားထုတ်လာသည်မှာ ဝါ (၂၀) ကျော်ခဲ့ပြီဖြစ်လေ၏။ ဆွမ်းလောင်းကြသူရွာသူရွာသားတို့သည် ဦးပညာဒီပကိုတောထဲ၌သီတင်းသုံးလျက်ရှိသည်ကိုသိထားကြကုန်၏။ တောရဲ့အစွန်အဖျားမှာသီတင်းသုံးနေတာလား၊ တောနက်ကြီးအလည်ဗဟို၌နေထိုင်သီတင်းသုံးနေတာလား မည်သူမျှတပ်အပ်သေချာမပြောနိုင်ကြပါ။

ဦးပညာဒီပ၏အနေအထိုင်အကျင့်အမြတ်တို့သည်လည်းကောင်း၊သူ့ရဲ့လှုပ်ရှားမှုပုံရိပ်တို့က အထူးအဆန်းတွေချည်းဖြစ်နေ၍ ရွာသူရွာသားတို့အံ့ဩကြကုန်၏။

ပြီးတော့လည်း ဦးပညာဒီပသည် ရဟန်းကြီးငယ် ရှယ်ရှယ်လတ်လတ်မခွဲခြားဘဲ သူဆွမ်းခံကြွနေစဉ်မျက်နှာချင်းဆိုင်မှဦးပဉ္စင်း ဦးပဉ္စင်းတစ်ပါးဆွမ်းခံကြွလာပါက သူသည်ရပ်ပေးခြင်းဖြင့် ဂါရဝကိုဖြစ်စေသည်။ သူ၏အရှေ့ကကြွနေသည့်ဦးပဉ္စင်းရှိနေလျှင်လည်းသူကဖြတ်ကျော်မသွား နောက်ကသာလိုက်၍ကြွ၏။ တစ်နေ့တုန်းက ဦးပညာဒီပဆွမ်းခံကြွစဉ်ဘုန်းကြီးအိုကြီးတစ်ပါးသူ့ရှေ့ကကြွနေသည်နှင့်ကြုံ၏။ ဘုန်းကြီးအိုကြီး၏အနောက်ကမှေးလိုက်လျက်ကြွရလေသည်။ ဘုန်းကြီးအိုကြီးလမ်းလွှဲသွားသောအခါမှ သူသည်တောနက်ကြီးသို့ပြန်ရသည်။

တောနက်ကြီးထဲသို့မဝင်ရောက်မီနေမင်းကြီးသည် ဦးပညာဒီပထိပ်တည့်တည့်ရောက်နေသည်ကိုအရိပ်ကြည့်၍သိလိုက်ရသည်။မွန်းတည့်နေပြီဖြစ်ပါ၏။ ထိုနေ့ကဦးပညာဒီပဆွမ်းဘုန်းမပေးလိုက်ရချေ။

တစ်ခါတုန်းက တောင်ဘက်ရွာတွင်ဆွမ်းခံကြွစဉ်ကဖြစ်ပါသည်။ ဦးဒေါင်းညိုအိမ်ရှေ့တွင် ဆွမ်းရပ်နေစဉ် မြောက်ဘက်ရွာကဧည့်သည်တစ်ယောက်ထိုအိမ်ထဲသို့ဝင်သွားသည်။ ထိုအိမ်မှဆွမ်းခံပြီးနောက် ဦးပညာဒီပပြန်၍ကြွသွားသည်။ ဦးပညာဒီပမရှိသောအခါမှ ဧည့်သည်ဦးစိန်ကြီးကဦးဒေါင်းညိုကိုပြောသည်။

"ဒီဦးပဉ္စင်း ငါတို့ရွာမှာလည်းဆွမ်းခံကြွတယ်ကွ၊ ငါအခုပဲဆွမ်းလောင်းပြီးမှမင်းတို့ဆီကို မောင်ပေစီလှည်းနဲ့လိုက်လာခဲ့တာ။ အခုလေးမှအခုလေးတင်ပဲကွ"

"ဟာ ဟုတ်ပါ့မလားကွာ၊ မင်းတို့ရွာနဲ့ငါတို့ရွာကအဝေးကြီးပဲလေ၊ ဆွမ်းခံဘုန်းကြီးက ဘယ်မြန်မြန်သွားနိုင်မှာလဲ"

"မဟုတ်ဘူးကွ၊ငါအသေအချာသိတယ်။သူ့သင်္ကန်းကညိုညစ်ညစ်မွဲခြောက်ခြောက်နဲ့ညှိုးနွမ်းနေတာ။ပြီးတော့လည်းသင်္ကန်းအနားစတွေစုတ်ပြတ်နေတယ်။ ဒီဘုန်းကြီးကို လူတိုင်းသိတယ်။ ဒီဘုန်းကြီးကတောထဲကဘုန်းကြီးဆိုပြီးထင်ရှားတဲ့ကိုယ်တော်လေကွာ၊ မမှတ်မိနိုင်စရာလည်းမရှိဘူးလေကွာ။ဒီလောက်သေချာတာရှိဦးမလား"

"မင်းပြောတော့လည်း ဟုတ်သားဟ၊ အံ့ဩစရာကောင်းတဲ့ဘုန်းကြီးပါလား။ သူ့ရဲ့အကျင့်အကြံနဲ့နှစ်ကိုယ်ခွဲကြွသင့်လို့ကြွလိုက်ရတာနဲ့တူရဲ့၊ လူတွေက သင်္ကန်းသစ်သစ်လွှင်လွှင်နဲ့မှ ကိုးကွယ်ချင်ကြတာ၊ ဒီဘုန်းကြီးရဲ့ကျင့်ကြံအားထုတ်မှုက ပေါ့ပေါ့တန်တန်မဟုတ်ပေဘူးဘဲ သူငယ်ချင်းရေ၊ တကယ့်ကိုကြည်ညိုဖွယ်ကောင်းလိုက်ပါဘိကွာ"

ဟုပြောလိုက်ပြီး ဦးဒေါင်းညိုသည် ဦးပညာဒီပရှိရာအရပ်ကိုရည်မှန်းလျက် လက်အုပ်ရှိခိုးကာ ဦးသုံးကြိမ်ချ ဂါရဝပြုလိုက်ပါသည်။

"ဟုတ်တယ်ကွ၊ နေပုံထိုင်ပုံပလွှားမှုကင်းတဲ့သိက္ခာ အဓိဋ္ဌာန်ကြီးတယ် မြင့်မြတ်တဲ့ကိုယ်တော်ကြီးပါလား"

ဦးဒေါင်းညိုသည် မြောက်ဘက်ရွာသားဦးစိန်ကြီးကို-

"ဒီဘုန်းကြီးထူးခြားပုံကိုအခုမှသတိရလို့ မင်းကိုပြောရဦးမယ်ကွ၊ ကျန်ခဲ့တဲ့ဥပုသ်နေ့ကပေါ့ကွာ။ အဲဒီနေ့ငါ့မိန်းမကရွာထဲမှာဟင်းစားသွားရှာတာ အဆင်မပြေဖြစ်သွားတယ်။ အဲဒါနဲ့ဟင်းချက်ရတာနောက်ကျသွားတယ်ကွ၊ ဘုန်းကြီးကလည်းဆွမ်းခံကြွလာပါလေရောကွာ၊ ဆွမ်းဟင်းကမကျက်သေးဘူး၊ငါကန်နက်ထဲကအိမ်ကအပင်က သဘော်သီးမှည့်တစ်လုံးရလို့ ရေဆေးပြီး ဘုရားဆွမ်းတော်ကပ်ဖို့စားပွဲပေါ် တင်ထားတာသတိရသွားတယ်။ဒါနဲ့ပြေးယူပြီး လောင်းမလို့လုပ်တာ ဘုန်းကြီးကလက်ကာပြပြီးတားတယ်။ အလှူမခံဘဲပြန်ကြွသွားတယ်ကွ"

ထိုအခါဦးစိန်ကြီးသည်အံ့ဩသွားပြီး-

"ဟာ- အံ့ဩစရာပဲဟေ့၊သဘော်သီးမှည့်ကိုမင်းကဘုရားမှာကပ်လှူဖို့ ရည်မှန်းပြီးသားဖြစ်နေတယ်။ အဲဒီသဘော်သီးကိုရဟန်းကဘုဉ်းမပေးသင့်တော့ဘူးလေ။ ဒါကြောင့် ဘုန်းကြီးကအလှူမခံတော့တာ၊ ဘုန်းကြီးကဘယ်လိုလုပ်သိသွားလဲမသိဘူးကွနော်"

"သူ့ရဲ့အကျင့်အကြံက အတော်ခရီးပေါက်နေပြီနဲ့တူတယ်သူငယ်ချင်း"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ အကြားအမြင်ရနေလောက်ပြီ"

ဦးပဉ္စင်းဦးပညာဒီပသည် ကြွမြဲဆွမ်းခံအိမ်တို့ကိုနေ့စဉ်ကြွသည်။ သူမကြွဖူးသည့်အိမ်သို့ ဆွမ်းခံကြွပြီဆိုလျှင် အကြောင်းရှိပြီဖြစ်လေ၏။ ထိုအိမ်သည် ဘေးဒုက္ခတစ်ခုခုနှင့်ကြုံရတော့မည်ကို သူမြင်သည်။ ထိုဘေးဒုက္ခမှကင်းလွတ်စေလိုသည့်အတွက် ဆွမ်းရပ်ခြင်း၊ ဆွမ်းခံခြင်းဖြစ်တော့သည်။ သူဆွမ်းခံလိုက်ခြင်းဖြင့် ထိုအိမ်ဘေးရန်ကင်းသွားသည်။

ခိုးသူဘေး၊ ဓားပြဘေးရန်၊ မီးသင့်လောင်ခံရမည့်ဘေးတို့မှလွတ်ကင်းခဲ့ကြရသည့်အိမ်များမနည်းတော့ချေ။

ဦးပညာဒီပ၏အနေအထိုင်အကျင့်အကြံများသည်လေးစားကြည်ညိုဖွယ်ရာအချက်အလက်တို့လွှမ်းစွာများပြားလာခဲ့



# ကျေးဇူးဆပ်ဂု ချမ်းသာနှင့် ရွှေနွယ်ရိုး

စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာခရိုင် (ယခု ယင်းမာပင်ခရိုင်) ပုလဲမြို့နယ်၊ပန်းခင်းသာရွာနှင့် ငါးရာတွင်းခန့်အကွာတွင် အုပ်ဆိုင်း၊ ညို့မှိုင်းနေသော ထန်းတောကြီးတစ်တောရှိပါသည်။ ထိုထန်းတောကြီးတွင် ထန်းသမားမိသားစုဆယ်စုရှိရာ မောင်မြအေးတို့မိသားစုလည်း ပါဝင်ပါသည်။ ပျောင်းနွမ်းသည့်သက်န်းကိုဝတ်ရုံအနေကျုံ့လျက်နေထိုင်ပါသည်။ဝိနည်းလိုက်နာပြီး ပပလွှားလွှားမော်ကြွားမနေဘာပစ္စည်းအဆန်းအပြားကိုမျှမသုံး၊ ဦးပညာဒီပသုံးစွဲသည်ကားသူတော်ကောင်းကျင့်စဉ်တရားသာတည်း၊အေးချမ်းသောရဟန်းတော်တစ်ပါးဖြစ်လေသည်။

တစ်ခုသောကဆုန်လပြည့်ညတစ်ညဖြစ်လေသည်။

ထိုညတွင်ရာသီဥတုပူအိုက်လျက်ရှိ၏။ တော်တော်နှင့်မအိပ်နိုင်ကြပါ။ တောင်ဘက်ရွာ၌ ဦးဒေါင်းညိုသည် ဝါးဖြင့်ပြုလုပ်သည့်ပက်လက်ကုလားထိုင်တစ်လုံးအိမ်ရှေ့ထုတ်ကာထိုင်ပြီး လေညှင်းခံလျက်ရှိ၏။ ကောင်းကင်သည်မြူတိမ်ကင်းစင်၏ ပြည့်ဝန်းသောလမင်းကြီးထိန်ထိန်သာနေသည်။လမင်းကြီးနှင့်အတူကြယ်ကလေးတို့လင်းလက်တောက်ပလျက်ရှိသည်။ လမင်းနှင့်ကြယ်တာရာတို့ရဲ့အလင်းကြောင့် ကမ္ဘာလောကကြီးတစ်ခွင်လုံးထူးခြားစွာ လင်းထိန်နေပါသည်။

ထိုအချိန်၌ စိမ်းညို့ညို့မှိုင်းလျက်ရှိနေသော တောအုပ်ကြီးအပေါ်တွင် ရဟန်းတစ်ပါးဈာန်ပျံကြွနေ၏။ထိုရဟန်းသည် အရှေ့ဘက်မှ- အနောက်အရပ်ဒေသဆီသို့ ပျံကြွသွားသည်ကို ဦးဒေါင်းညိုမြင်တွေ့လိုက်ရသည်။ ဟုတ်မှဟုတ်ပါ့မလားဟု သူ့ကိုယ်သူမယုံမရဲဖြစ်ပြီးသူ့ကိုယ်သူမျက်လုံးများကိုပင်ပွတ်သပ်လျက်ကြည့်မိသည်။

'ငါပဲအမြင်မှားသလား'

ဟု မယုံမရဲဖြစ်နေ၏။

သူရဲ့အမြင်မမှားကြောင်းထောက်ခံမည့်သူပေါ်လာသည်။ ကဆုန်လဆုတ် (၇)ရက်နေ့တွင် သူ၏မိတ်ဆွေမြောက်ဘက်ရွာသားဦးစိန်ကြီးသည် အလုပ်ကိစ္စတစ်ခုဖြင့် တောင်ဘက်ရွာသို့ရောက်လာပါသည်။ လာရင်းကိစ္စပြောဆိုပြီးနောက် ဦးပညာဒီပကြည်ညိုဖွယ်ကောင်းကြောင်းပြောကြပြန်၏။ ဦးစိန်ကြီးက-

"ကျန်ခဲ့ကဆုန်လပြည့်ညကပေါ့။ ညို့မှိုင်းနေတဲ့အုပ်ကြီးရဲ့ အထက်ကောင်းကင်ယံမှာ ဘုန်းကြီးတစ်ပါးဈာန်ပျံကြွနေတာကိုကျုပ်မြင်လိုက်တယ်။အဲဒီဘုန်းကြီးဟာ အရှေ့ဘက်ကနေ အနောက်အရပ်ဒေသကို ဈာန်ပျံကြွသွားတာကိုကျုပ်မျက်စိနဲ့ တပ်အပ်မြင်လိုက်ရလို့ကျုပ်လည်းအထူးပဲအံ့ဩမိတယ်။ ကျုပ်တစ်သက်မှာဒီတစ်ခါပဲ ဘုန်းကြီးဈာန်ပျံတာမြင်ရဖူးတယ်မိတ်ဆွေရယ်" တဲ့။

ဤသို့ဆိုလျှင် ဦးဒေါင်းညိုမြင်လိုက်ရတာလည်း အမှန်ပင်ဖြစ်နေတော့သည်။ သူတော်ကောင်းတရားကျင့်ကြံသူတို့၏ဘဝသည် အေးချမ်းလှပေသည်တကား။ လူအမည်ဦးဘုန်းသော် ရဟန်းဘွဲ့တော်ဦးပညာဒီပသည် ဥစ္စာပစ္စည်းတို့ကိုမခင်တွယ်မမက်မောဘဲ တရားမွေ့အားထုတ်လျက်ရဟန်းဘဝချမ်းသာဖြင့်ရာသက်ပန်နေသွားသည်။

*သုခီအတ္တာနံပရိဟရန္တု။*

အောင်မြင့်ထွန်း(မသုံးလုံး)

မောင်မြအေးမှာ မိခင်မုဆိုးမကြီး ဒေါ်ချစ်သာအားထန်းသမားဘဝဖြင့်လုပ်ကိုင်ကျွေးမွေးပြုစုစောင့်ရှောက်နေသော လူပျိုကြီးတစ်ယောက်ဖြစ်သည်။ မောင်မြအေးမှာ အသောက်အစား၊ လောင်းကစားကင်းရှင်းပြီး အိမ်ထောင်မပြုဘဲ မိခင်ကြီးအား ရာသက်ပန်လုပ်ကိုင်ကျွေးမွေးသွားရန် အခိုင်အမာသန္နိဋ္ဌာန်ချထားသူလည်းဖြစ်သည်။ မောင်မြအေးက ထန်းတက်ရာတွင် ထန်းရည်ခါးမဖောက်ပါ။ထန်းရည်ကို ပင်ထွက်ပကတိအတိုင်း အချိုသာယူပြီး ထန်းလျက်ချက်ပါသည်။

မိခင်ကြီးထန်းလျက်ရောင်းထွက်သွားချိန်တွင် မောင်မြအေးကထန်းတဲရှေ့ တမာပင်ရိပ်အောက်ရှိ ထန်းပလပ်ပြားကွပ်ပျစ်ပေါ်တွင်ထိုင်ကာ သူ၏လက်စွဲတော်ဝါးပလွေကို တကြူးကြူးမှုတ်နေတတ်ပါသည်။ သူမှုတ်နေသည်မှာ သီချင်းကြီး၊သီချင်းခန့်၊ အဲ၊ အန်၊ ပတ်ပျိုးကြီး၊ ယိုးဒယားစသော ရှေးခေတ်မြန်မာ့ဂန္တဝင်သီချင်းမျိုးမဟုတ်ပါ။ လွန်ခဲ့သော အနှစ်သုံးလေးဆယ်ခန့်က ခေတ်စားခဲ့သောခေတ်ဟောင်းတေးများလည်းမဟုတ်ပါ။ ယခုကာလ လူငယ်ကြိုက်၊ လူလတ်ကြိုက်စတီရီယို ပေါ့ (ပ်)၊ ရက် (ပ်)၊ ဟစ်ဟော့တေးသီချင်းများလည်းမဟုတ်ပါ။

စိတ်ကူးပေါ်လျှင်ပေါ်သလိုတစ်ခါမှုတ်တစ်မျိုး၊ မရိုးရအောင် တီထွင်စမ်းသပ်ပြီးမှုတ်လိုက်သော ငြိမ့်ညောင်းသာယာသည့် ပလွေလက်တမ်းမှုတ်လုံး၊ မှုတ်ကွက် (ဝ်) တီးလုံး၊ တီးကွက်များသာဖြစ်ပါသည်။ တစ်မနက်လုံး ထန်းတက်၍ ဆင်းရဲပင်ပန်းသမျှ ပလွေအစမ်းမှုတ်လိုက်ရသည်နှင့် အကြွင်းမဲ့ပြေပျောက်သွားကာ ပြန်လည်လန်းဆန်း အားဖြည့်သွားရမြဖြစ်ပါသည်။ သို့ရာတွင် မြအေး၏စိတ်ထဲ၌ နားမလည်နိုင်သော ဘဝင်မကျဖြစ်နေသောအရာတစ်ခုမှာ ပလွေအစမ်းမှုတ်ရုံမျှနှင့် မပြေပျောက်နိုင်ဘဲ မကြာမကြာ ပေါ်၍ပေါ်၍ လာတတ်ပါသည်။

မောင်မြအေး၏မိခင်ကြီးကထမင်းစားပြီးတိုင်း-

"သွားလေသူ အမူးသမားကြီးရဲ့ ကျေးဇူးကြောင့် သားလေးကလုပ်ကိုင်ကျွေးလို့ ဝလင်အောင်စားရပေတယ်"

ဟု ဥဒါန်းကျူးရင့်တတ်ပါသည်။ ထို့ပြင်-

"အမူးသမား ကျေးဇူးရှင်ကြီး ကောင်းရာသုဂတိ လားပါစေတော်"

ဟူ၍လည်း ဆုတောင်းလေ့ရှိပါသည်။ ဤသည်ကို သားမောင်မြအေး နားမလည်နိုင်ဘဲ ဘဝင်မကျဖြစ်နေရပါသည်။မိမိအပေါ် အကြင်နာကင်းမဲ့သော ခင်ပွန်းဆိုး၊ ခင်ပွန်းမိုက်၊ လူကြမ်းလူရမ်းကြီးအားကျေးဇူးစကားဆိုကာဆုတောင်းမေတ္တာပို့သ နေသည်ကို သားမောင်မြအေး နားမလည်နိုင်ဘဝင်မကျနိုင်ပါ။ သို့ရာတွင် မိခင်ကြီး စိတ်အနှောင့်အယှက်ဖြစ်မည်ကိုမလိုလား၍ တစ်စုံတစ်ရာမေးမြန်းစုံစမ်းခြင်းမပြုခဲ့ပါ။တုံးကိုဘာဝေဆိတ်ဆိတ်သာနေခဲ့ပါသည်။ ထိုအခါတွင် သူငယ်စဉ်ကသူတို့သားအမိ တွေ့ကြုံခံစားခဲ့ရသော အိမ်တွင်းအကြမ်းဖက်မှုများမှာ စေ့စေ့တွေးတော့ ရေးရေးပေါ်ဆိုသည် ထက်ပို၍ ထူးကဲစွာထင်ထင်ရှားရှားပေါ်လွင်လာတတ်ပါသည်။

ဖခင်ဦးထွန်းမှုမှာ ညနေတိုင်းထန်းရည် (ခါး) သောက်ကာမူးလာလျှင် မိခင်ဒေါ်ချစ်သာကို အပြစ်မရှိအပြစ်ရှာပြီး ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာ၊ ထိုးသတ်ရိုက်ပုတ်ကန်ကျောက် နှိပ်စက်လေ့ရှိပါသည်။ တွေ့ရာကြုံရာပစ္စည်းပစ္စယများနှင့်လည်း ကောက်ယူပစ်ပေါက်တတ်ပါသည်။ ထိုအခါမိခင်ဒေါ်ချစ်သာမှာစကောကြီးတစ်ချပ်ကိုလက်တစ်ဖက်ကကိုင်ကာ ဒိုင်းသဖွယ် အကာအကွယ်ယူပြီး ကျန်လက်တစ်ဖက်ဖြင့် သားငယ်ကိုကိုင်ဆွဲလျက် တဲနီးချင်းများထံ အပြေးအလွှား သွားရောက်ပုန်းရှောင်နေရပါသည်။

မိမိတို့ထန်းတဲဆီမှဆဲသံ၊ ဆိုသံ ဝုန်းဒိုင်းကြဲသံများရပ်စဲသွားပြီဆိုမှ မိမိတို့သားအမိမှာ အခြေအနေကိုချောင်းမြောင်းကြည့်ရှုအကဲခတ်ကာ မိမိတို့ထန်းတဲသို့ မဝံ့မရဲနှင့် ခိုးကြောင်ခိုးဝှက်ပြန်လာကြပါသည်။ ထိုအခါတွင်ကား ဖခင်ကြီးမှာ ထန်းတဲရှေ့ တမာပင်အောက်က ထန်းပလပ်ပြား ကွပ်ပျစ်ပေါ်တွင်ခြေကားရား လက်ကားရားနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်ကို တွေ့ရတတ်ပါသည်။ ဤသို့လျှင် ညနေတိုင်း ညချမ်းတိုင်းမူးယစ်ရမ်းကားတတ်သောဖခင်ကြီး ဦးထွန်းမှုကိုလုပ်ဖော်ကိုင်ဖက်ထန်းသမားများက နောက်ကွယ်တွင် ဦးထွန်းမူးဟု နောက်ပြောင်ခေါ်ဝေါ်လေ့ရှိကြပါသည်။

ပသို့ဆိုစေ၊ ဖခင်ကြီးဦးထွန်းမှုမှာ နံနက်မိုးသောက်အလင်းရောက်သည်နှင့် ညကအဖြစ်အပျက် ဇာတ်ကွက်၊ ဇာတ်လမ်း၊ ဇာတ်ကြမ်း၊ ဇာတ်ရမ်းများကိုလုံးဝ သတိရဟန်မရှိဘဲ လုပ်ငန်းခွင်သို့ အေးအေးဆေးဆေးဝင်ရောက်ပြီး သီချင်းတကြော်ကြော်နှင့် ပျော်ရွှင်စွာထန်းလိုးနေတတ်ပါသည်။ ညနေခင်းနှင့် ညချမ်းတွင်ကား ထိုအရည်ကိုသောက်ပြီး မိခင်ကြီးအားရန်ပြုမြဲ၊ နှိပ်စက်မြဲဖြစ်ပါသည်။။

မိမိလူလားမြောက်၍ လူပျိုပေါက်အရွယ်တစ်နေ့အခါဝယ်ဖခင်ထန်းသမားကြီးသည်ထန်းလျှော(ထန်းပင်ပေါ်မှကျ)ကာ သေဆုံးသွားခဲ့ရပါသည်။ ထိုအခါမှစ၍ မိမိမှာမိခင်မုဆိုးမကြီးကို ထန်းတက်ကာလုပ်ကိုင်ကျွေးမွေးလာခဲ့ရာ သုံးနှစ်သုံးမိုးခန့်ပင် ရှိလာခဲ့ပါပြီ။

"ခေါ်မကြား၊ အော်မကြားနဲ့ ဘာတွေများ တောင်စဉ်ရေမရလျှောက်တွေးနေတာလဲသားရဲ့"

ဟု မိခင်ကြီးက မိမိ၏ပခုံးနှစ်ဖက်ကိုပုတ်ကာပြောလိုက်ရာမောင်မြအေးမှာ အတွေးရေယာဉ်ကြောမှဘွားခနဲပေါ်လာပြီး မိမိ၏အတွေးဇာတ်လမ်းကို ဇာတ်ကြောင်းလှန်ကာ ပြန်ပြောင်းပြောပြလိုက်၏။

ထို့နောက် အနှစ်နှစ်အလလက မိမိကိုတ်မိုတ်မျိုသိပ်ထားခဲ့ရသော နားမလည်မှု ဘဝင်မကျမှုတို့နှင့်ပတ်သက်၍ မိခင်ကြီး၏ပြုမူပုံကို သိလိုဇောနှင့် အလောတကြီးမေးဖြစ်သွားပါသည်။ထိုအခါ မိခင်ကြီးက-

"သား-အမေ့ကိုအခုလိုထန်းတက်ပြီး လုပ်ကိုင်ကျွေးမွေးနိုင်တာဟာ သွားလေသူ အမူးသမားဖခင်ကြီးက ခက်ခဲသက်စွန့်ဆံဖျား လုပ်ကိုင်ရတဲ့ထန်းပညာကို ဘေးမသီရန်မခဘဲ လက်တွေ့ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်သည်အထိ တစ်စွန်းတစ်စနှင့် ဆရာစားမချန်ဘဲ အကုန်အစင်တတ်မြောက်အောင် ကန့်ကူလက်



လှည့် သင်ကြားပေးခဲ့လို့ပေါ့ကွယ့်"

"ဒါကြောင့် သားရဲ့ဖခင် အမှုးသမားကြီးဟာ သားရဲ့လက်ဦးဆရာ မည်ထိုက်စွာပုဗ္ဗာစရိယဖြစ်ခဲ့ရုံမျှမကအသက်မွေးမှုတစ်ခုပညာကိုယ်စီပါဆိုသလို ထန်းတက်ပြီး အသက်မွေးနိုင်အောင်သင်ပေးခဲ့တဲ့ အသက်သခင်ကျေးဇူးရှင်ကြီးလည်း ဖြစ်တယ်ပေါ့။

အခုလိုဖခင်ကြီးရဲ့ကျေးဇူးတရားကို သားသိရှိနားလည်အောင် ပြောပြချင်လို့ ထမင်းစားပြီးတိုင်း သားအဖေရဲ့ကျေးဇူးတရားကိုဥဒါန်းကျူးရင့်ပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းပေးရတာပေါ့သားရဲ့

လောကကြီးမှာ ဘာမဆိုတန်ဖိုးသိမှ တန်ဖိုးရှိတာသားရဲ့ ကျေးဇူးတရားကိုသိမှ ကျေးဇူးရှိမှန်းသိမယ်၊ ကျေးဇူးရှိမှန်းသိမှ ကျေးဇူးတရားကို ပြန်လည်ပေးဆပ်နိုင်မှာပေါ့ နို့မဟုတ်ရင် ကျေးဇူးကန်းသူ ကျေးစွပ်သူတွေ ဖြစ်သွားမှာပေါ့"

ဟု မိခင်ကြီးဒေါ်ချစ်သာက သားမောင်မြအေးကို စိတ်ရှည်လက်ရှည်ရှင်းပြပါသည်။ ထိုအခါမှ သားမောင်မြအေးမှာ မိဘနှစ်ပါးအပေါ် အထင်အမြင်လွဲခဲ့နားမလည်ခဲ့၊ ဘဝင်မကျခဲ့ပုံများကိုပြန်ပြောင်းသတိရကာ နောင်တကြီးစွာ ရသွားပါတော့သည်။ ထို့ကြောင့် မိမိကိုခွင့်လွှတ်သည်းခံပါရန် မိခင်ကြီးအား ဦးအကြိမ်ကြိမ်ချကာ တောင်းပန်ပါသည်။ တဲထဲရှိ ဘုရားကျောင်းဆောင်၌ချိတ်ဆွဲထားသောဖခင်ကြီး၏ဓာတ်ပုံကိုလည်း ထိုနည်းတူ ဦးချတောင်းပန်ပါသည်။

မောင်မြအေးမှ ထိုနေ့မှစ၍ညစဉ်ဘုရားဝတ်ပြုရှိခိုးပြီးတိုင်း မိခင်ကြီးကိုသာမက ဖခင်ကြီး၏ဓာတ်ပုံကိုပါ ရိုသေစွာရှိခိုးဦးချပြီး-

"ကျေးဇူးရှင်ဖခင်ကြီးကောင်းရာသုဂတိလားပါစေ"

ဟု လေးလေးနက်နက်ဆုတောင်းကာ အမျှအတန်းပေးဝေပါသည်။ နေ့စဉ်နံနက်တိုင်းလည်း စောစောထကာ ဆွမ်းချက်ပြီး ထန်းတောအစပ်ရှိ တောရကျောင်းမှာတောရကျောင်းဆရာတော်ကိုအရုဏ်ဆွမ်းကပ်လှူရပါသည်။ ဥပုသ်နေ့တိုင်းလည်း တောရကျောင်းသို့သွားကာ ရှစ်ပါးသီလ ခံယူဆောက်တည်ပါသည်။ နံနက်ပိုင်း ထန်းလှီးအပြီးတွင်လည်း ယခင်ကလို ပလွေကြူမနေတော့ဘဲ တောရကျောင်းသို့သွားကာ သောက်ရေသုံးရေသန့်သက်ရေများခပ်ပြီးလှူဒါန်းခြင်း၊ရေချိုးခန်းနှင့်ကုဋီအိမ်ကိုဆေး



ကြောသန့်ရှင်းခြင်း၊တစ်ကျောင်းဝင်းလုံးကိုတံမြက်စည်းလှည်းသန့်ရှင်းခြင်းစသောဝေယျာဝစ္စကုသိုလ်များကို နေ့စဉ်နေ့တိုင်းမပျက်မကွက်ပြုလုပ်ကာ သွားလေသူကျေးဇူးရှင်ဖခင်ကြီးအားရည်စူး၍ ပြုပြုသမျှကုသလများကို ဖခင်ကြီးအား အမျှအတန်းပေးဝေကာ ကျေးဇူးဆပ်နေပါသည်။

ဤသို့ဖြင့် (၂) နှစ်ကျော်၊ (၃) နှစ်နီးပါးအကြာတစ်နေ့တွင် ကျောင်းဝိုင်းထဲ၌ တံမြက်စည်းလှည်းနေသော မောင်မြအေးအနီးသို့တောရကျောင်းဆရာတော်အမှတ်မထင်ရောက်ရှိလာကာ-

"ဒကာလေး၊ ဘုရားဒကာမဖြစ်ချင်ဘူးလား"

ဟု စကားမစပ်မေးမြန်းပါသည်။ ထိုအခါမောင်မြအေးကဖြစ်ချင်ပါကြောင်း ပြန်ပြောင်းလျှောက်ထားလိုက်ရာ တောရကျောင်းဆရာတော်က-

"ဖြစ်ချင်ရင် ထီထိုးဗျ"

ဟုမိန့်ဆိုလိုက်ပါသည်။ထိုအပတ်က မောင်မြအေးထီမထိုးဖြစ်ပါ။ သို့ရာတွင် အောင်ဘာလေသိန်းဆုကြီးကိုမူ ပေါက်လိုက်ပါသည်။ မိခင်ကြီးဒေါ်ချစ်သာကို အိပ်မက်ထဲတွင် ဖိုးသူတော်တစ်ပါးကထီထိုးခိုင်း၍ မောင်မြအေးအမည်နှင့်ဘုရားတည်ရန်သိန်းဆုပန်အတိတ်ယူလျက် ထီထိုးလိုက်သောကြောင့်ဖြစ်ပါသည်။

ထိုခေတ်က နိုင်ငံတော်အစိုးရ၏အောင်ဘာလေသိန်းထီလက်မှတ်မှာတစ်စောင်လျှင်နှစ်ကျပ်၊ အမြင့်ဆုံးမှာတစ်သိန်းဆုဖြစ်ပါသည်။ ထီပေါက်ငွေဖြင့်တောရကျောင်းဆရာတော်၏ကမ္မဋ္ဌာန်းကျောင်းဓေါင်းရင်းဘက်တွင်ဉာဏ်တော် (၇)တောင်အမြင့်ရှိ မြေစိုက်စေတီတစ်ဆူကိုမောင်မြအေးတို့သားအမိက ဒကာခံကာ ဆောက်လုပ်လှူဒါန်းပါသည်။ အတောင်လေးဆယ်ပတ်လည်ရှိ တောရကျောင်းဝင်းကိုလည်း ရင်ဆို့လောက်အမြင့်ရှိအုတ်တံတိုင်းခတ်ပါသည်။ရေချိုးခန်းနှင့် ကုဋီအိမ်ကိုလည်းခေတ်မီအုတ်ပတ်ကားတစ်ထပ်တိုက်ပုံစံနှင့် အသစ်ဆောက်လုပ်ပါသည်။

သို့ရာတွင်ထန်းရွက်မိုး၊ ထန်းရွက်ကာ ဝါးကြမ်းခင်းကမ္မဋ္ဌာန်းကျောင်းကိုမူ ဆရာတော်က အသစ်ဆောက်လုပ်ခွင့်မပေးပါ။ တစ်နှစ်တစ်ခါလိုအပ်သလိုပြုပြင်ဆင်ရန် ခွင့်ပြုပါသည်။ ပိုငွေကိုမောင်မြအေးတို့သားအမိက တောရကျောင်းဆရာတော်အား နဝကမ္မအဖြစ်တစ်ပြားတစ်ချပ်မကျန်အကုန်လုံးလှူဒါန်းလိုက်ပါသည်။

"အန္တရာယ်များတဲ့ထန်းအလုပ်ကိုမလုပ်နဲ့တော့ နားတော့။ ဒီငွေနဲ့ရင်းနှီးပြီးထန်းသမားသုံး ပစ္စည်းပစ္စယတွေရောင်း၊ ဒီထန်းတောနဲ့အခြားရွာနီးချုပ်စပ်ကထန်းတောတွေက ထွက်သမျှထန်းလျက်တွေကောက် မြို့တက် ရောင်းတန်ရောင်း၊ လှောင်တန်လှောင်ပြီး ထန်းကုန်သည်ကြီး လုပ်ပေတော့ဗျာ"

ဟုလမ်းညွှန်ပါသည်။ဆရာတော်၏လမ်းညွှန်ချက်အတိုင်းတစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ခဲ့ရာ သုံးလေးနှစ်အတွင်းမှာပင် မောင်မြအေးတို့သားအမိမှာ ပုလဲမြို့နယ်၌ ပြိုင်ဘက်ကင်းသော ထန်းကုန်သည်အဖြစ် ကြီးပွားချမ်းသာနေပါပြီ။ သို့ရာတွင် မောင်မြအေးမှာ သူပြုလုပ်နေကျ တောရကျောင်းဝေယျာဝစ္စလုပ်ငန်းများကိုမူ မေ့ပျောက်မသွားပါ။ လျစ်လျူရှုမထားပါ။ သူ၏လက်အောက်ငယ်သား တပည့်အမှုထမ်းများနှင့်အတူ နေ့စဉ် သွားရောက်လုပ်ကိုင်ကာပြုသမျှကုသလကို သွားလေသူကျေးဇူးဖခင်ကြီးအားရည်မှန်းသမှု အာရုံပြုလျက် ဆုတောင်းမေတ္တာပို့သမြဲ၊ အမျှအတန်းပေးဝေမြဲ ကျေးဇူးဆပ်မြဲဖြစ်ပါသည်။

မောင်မြအေးတို့သားအမိ ယခုလိုကြီးပွားချမ်းသာလာရခြင်းမှာ တောရကျောင်းဆရာတော်၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့်ဟုလူအများစုကထင်မြင်ယူဆပြောဆိုနေကြပါသည်။ တောရကျောင်းဆရာတော်မူ မိဘကျေးဇူး မြင်းမိုရ်ဦးကို အထူးသိတတ် ပြန်ပေးဆပ်သောကြောင့်ဟု မိန့်ပါသည်။

ရွှေနှယ်ရိုး

တပ်ကုန်းမြို့နယ်၊ ကျောက်စရစ်ကုန်းရွာမှ ပန်ထွာဘုရင်မကြီးနှင့်ဆွေတော်မျိုးတော်များကောင်းမှု

# မေတ္တာပန္နက်ဆုထူးပန်စေတီတော်နှင့် သစ္စာမေတ္တာအမျက်တော်ပြေ ဆုထူးပန်စေတီတော်ကြီး

နေပြည်တော်ကျော်ကျော်ရိုး

□ မောင်ဖြိုးကျော်ကိုရည်စုး၍

ကျွန်တော် ကိုတင်သန်း + မစိုးစိုး တို့အိမ်ကို ညနေတိုင်း စာရေးနားချိန်မှာ သွားထိုင်လေ့ရှိပါတယ်။ အဲဒီအိမ်မှာက လူစုံလာလေ့ရှိတာကြောင့် စကားစမြည် အပျင်းပြေပြောဖြစ်ကြပါတယ်။အဲဒီစကား တွေထဲက ကျွန်တော့်အတွက်ကုန်ကြမ်း ရတတ်ပါတယ်။ အဲဒီလိုထိုင်နေတုန်းမှာပဲ ညီဖြစ်သူ ဦးမျိုးမြင့်ရဲ့ဇနီး ဒေါ်နုနုအေး ရောက်လာပါတယ်။


"အစ်ကိုကြီးရေ၊ နက်ဖြန်မနက် ကျွန်မတို့တပ်ကုန်းမှာ ဖြိုးကျော်အတွက် ဆွမ်းသွားကပ်ကြမယ်။အဲဒါမနက်ကိုးနာရီ မှာကားထွက်မှာအစ်ကိုကြီး၊ ကိုးနာရီမ ထိုးမီအရောက်လာရမှာပေါ့။ဒီနားကတော့ အစ်ကိုကြီးတို့မောင်နှမသုံးယောက်ပဲပါ တာပါ။ ကျွန်မတို့နားကနဲ့ဆိုရင် လေးငါး ဆယ်ယောက်ပါပဲ၊ လူမများပါဘူး။ လာ ဖြစ်အောင်လာနော်အစ်ကိုကြီး"

"အေးပါ၊ လာခဲ့ပါမယ်"

လို့ကတိပေးလိုက်ပါတယ်။နောက် နေ့ ကိုးနာရီမထိုးမီ ဦးမျိုးမြင့်အိမ်မှာလူစု ကာ ကိုးနာရီမှာကားထွက်ခဲ့ကြပါတယ်။ ဆွေမျိုးဖြစ်တဲ့ဦးလှမျိုးလွင်ရဲ့ ဟိုင်းလတ် ကားနဲ့ပါ။ ဦးလှမျိုးလွင်တို့က ကျောက် စရစ်ကုန်း မိဘမဲ့ပရဟိတဂေဟာ ဆရာ တော်ဦးထေရိန္ဒရဲ့ ဒကာရင်းပါ။

တပ်ကုန်းမြို့မဝင်မီ တိုးဂိတ်ရှိပါ တယ်။ အဲဒီတိုးဂိတ်ကိုမရောက်မီလေးမှာ ပဲ အရှေ့ဘက်ကွန်ကရစ်လမ်းမကြီးတစ် လမ်းဖောက်ထားတာရှိပါတယ်။ လယ် ကွင်းတွေကိုဖြတ်ပြီး ဖောက်ထားတာပါ။ အဲဒီကွန်ကရစ်လမ်းထဲ ချိုးဝင်လိုက်ပါ တယ်။ စစ်တပ်ဂိတ်တစ်ခုကိုကျော်ဖြတ် ကာ အရှေ့စူးစူးကိုမောင်းပါတယ်။လမ်းမ ကအရှည်ကြီးပါ။

ရွာတစ်ရွာအရောက်မှာ မြောက် ဘက်ကိုခွဲထွက်တဲ့ကတ္တရာလမ်းတစ်လမ်း



မေတ္တာပန္နက်ဆုထူးပန်စေတီတော်နှင့် သစ္စာမေတ္တာအမျက်တော်ပြေ ဆုထူးပန်စေတီတော်ကြီး



ပင်မကျောင်းကြီးပေါ်ရှိ ရုပ်ပွားတော်များ



ဆွမ်းစားကျောင်းပေါ်မှ ဗုဒ္ဓရုပ်ပွားတော်



ဘုရားဝန်းထဲရှိ သံပန်းဝက်ဘာမီးခုံ



ဆွမ်းစားကျောင်းဆောင်



စေတီတော်ကြီးအနီးမှ အရံစေတီတစ်ဆူ



ပင်မကျောင်းတော်ကြီး

ရှိပြီး အဲဒီကတ္တရာလမ်းအတိုင်း ဆက်မောင်းရပါတယ်။ရွာလေးတွေကျော်ဖြတ်အပြီးမှာ ကတ္တရာလမ်းကနေ ကွန်ကရစ်လမ်းပေါ် ကွေ့ဝင်လိုက်ပါတယ်။အဲဒါကတော့ ကျောက်စရစ်ကုန်းရွာရဲ့ကွန်ကရစ်လမ်းပါ။ ရောက်ပါပြီ။ ကားဟာရွာကိုကျော်ဖြတ်ပြီး ဘုန်းကြီးကျောင်းဝန်းထဲချိုးဝင်လိုက်ပါတော့တယ်။

❑ ကျောက်စရစ်ကုန်းပရဟိတဂေဟာ

နာမည်အပြည့်အစုံက ကျောက်စရစ်ကုန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတမိဘမဲ့ဂေဟာပါ။ ဦးစီးတာက သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တထေရိန္ဒ ဆရာတော်ပါ။ သက်တော် (၅၅) နှစ်၊ ဝါတော် (၃၅) ဝါရှိတော်မူပါပြီ။

မကြာမီမှာပဲ ကျောင်းဝန်းအတွင်းရှိဆွမ်းလောင်းဇရပ်မှာ အလှူရှင်များက ဆွမ်းလောင်းဖို့ စီတန်းနေရာယူကြပါတယ်။ နေရာယူပြီးတာနဲ့ ရဟန်းတော်များ၊ သာမဏေများ၊သီလရှင်များစီတန်းကာ ဆွမ်းခံကြွလာပါတော့တယ်။

ရဟန်းတော်တွေက သပိတ်နဲ့ဆွမ်းခံကြပါတယ်။ သာမဏေများနဲ့သီလရှင်များကျတော့ စတီးပုံစံခွက်လင်ပန်းနဲ့ အလှူခံကြတာပါ။ ဆွမ်း၊ ဆွမ်းဟင်း၊ ခဲဖွယ်ဘောဇဉ်တွေကို ကျောင်းဝေယျာဝစ္စအဖွဲ့ကစီစဉ်ထားပေးတာပါ။

ဆွမ်းခံပြီးတာနဲ့ ဆွမ်းစားကျောင်းကိုကြွရပြီး ခင်းထားတဲ့စားပွဲတွေမှာနေရာယူကြပါတယ်။ပြီးတာနဲ့ အလှူရှင်တွေက ဆရာတော်ကို ဆွမ်းဆက်ကပ်ကြရပါတယ်။ ကပ်ပြီးတာနဲ့ အလှူရှင်ကိုမေတ္တာပို့ကာ ဆွမ်းဘုဉ်းပေးကြပါတော့တယ်။ ကျွန်တော်တို့တွေကတော့ ညှော်သည်တွေထိုင်တဲ့နေရာကနေ ကြည်ညိုနေကြရပါတယ်။

ကျောင်းမှာရှိတဲ့ရဟန်းသာမဏေအရေအတွက်က(၁၃၅)ပါးပါ။ကျွန်တော်က-

"ဆရာတော်ရဲ့ကျောင်းနေအရေအတွက်က(၁၃၅)ပါးဆိုတော့ မြန်မာနိုင်ငံတော်ရဲ့တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးနဲ့ တိုက်ဆိုင်နေပါတယ်။ တိုင်းရင်းသားတွေ ချည်းပဲလားဘုရား"

ဆိုတော့-

"ဗမာတွေ လည်းပါပါတယ်"

တဲ့။

ဆရာတော်ရဲ့မူက ကျောင်းသားကျောင်းသူတွေကို လူအသွင်နဲ့မထားပါဘူး။ ကျောင်းမှာရောက်လာသမျှ မိန်းကလေးဆိုသီလရှင်ဝတ်ပေးပြီး ယောကျ်ားလေးဆိုရင် သာမဏေဝတ်ပေးလိုက်တာပါ။ အရွယ်ရောက်ရင် ရဟန်းခံပေးလိုက်တာပါပဲ။ လူထွက်ကုန်တာလည်း အများအပြားပါ။

အတန်းပညာအနေနဲ့ ဆယ်တန်းအထိ ဆရာ၊ ဆရာမတွေငှားပြီးသင်ပေးပါတယ်။ ကျောင်းကနေဘွဲ့ရတဲ့သူတွေကလည်း ကျောင်းမှာပြန်သင်ပေးပါတယ်။

လောကုတ္တရာ စာပေစာဝါလိုက်ချင်တယ်ဆိုရင်တော့ ဆရာတော်ကိုယ်တိုင်ရော အခြားစာချဆရာတော်များကပါ လောကုတ္တရာစာပေ ချပေးပါတယ်။ အတင်းကြီး လောကုတ္တရာစာပမလိုက်နိုင်းပါဘူး။ ကျောင်းကနေ အရာရှိဖြစ်သွားတဲ့သူတွေလည်းရှိပါတယ်။ ဓာတ်ပုံနဲ့မှတ်တမ်းတင်ထားပါတယ်။လောကုတ်လောကီနှစ်လီသောလမ်းကြောင်းကိုဖွင့်ထားပေးတာပါ။

ကျောင်းမှာ မိဘမဲ့သူတွေလည်းရှိတယ်။ ဆင်းရဲနွမ်းပါးသူတွေလည်းရှိပါတယ်။ မနွမ်းပါးသော်လည်း မိမိတို့ရဲ့ရင်သွေးလိမ္မာယဉ်ကျေးစေဖို့ လာအပ်ထားတာတွေလည်းရှိတယ်လို့ သိရပါတယ်။ မြင်ရတာ စည်းကမ်းတကျမို့ နှလုံးစိတ်ဝမ်းအေးချမ်းဖွယ်ပါပဲ။

ဆွမ်းလှူဒါန်းလိုပါက ကျသင့်ငွေကိုပေးလိုက်ရုံပါပဲ။ ဝေယျာဝစ္စအဖွဲ့ကတာဝန်ယူချက်ပြုတ်တာပါ။ အကယ်၍ အလှူရှင်မရှိသော် နေပြည်တော် သင်္ဂဟ ဟိုတယ်မိသားစုက ထာဝရတာဝန်ယူလှူဒါန်းကြောင်းလည်းသိရပါတယ်။ မွန်မြတ်တဲ့အလှူတော်ပါပဲ။

ဆရာတော်ဟာ မိဘမဲ့ပရဟိတဂေဟာကို ၁၉၉၈ ခုနှစ်ကစပြီး တဖြည်းဖြည်း ထူထောင်လာခဲ့တာပါ။ ခုချိန်မှာတော့ သာသနိကအဆောက်အအုံတွေနဲ့ပြည့်နေစည်ကားနေပါပြီ။

**□သစ္စာမေတ္တာအမျက်တော်ပြေစေတီ**

ကျောင်းဝန်းထဲကားဝင်လိုက်တာနဲ့ကျွန်တော်စိတ်အဝင်စားဆုံးက ကျောင်းရဲ့အဂ္ဂိထောင့်မှာဝန်းခတ်ပြီး သပ်သပ်ရပ်ရပ်၊ တင့်တင့်တယ်တယ် တည်ထားကိုးကွယ်ထားတဲ့စေတီတော်ကြီးပါ။အခုရံ စေတီတော်နှစ်ဆူလည်းရှိပါတယ်။

ဆရာတော်ရောက်စက ကျောက်စရစ်ရွာဟာ အိမ်ခြေ (၈၀) မျှပဲရှိတာပါ။ ရှေးအလွန်ကျတဲ့ရွာတွေမှာပါ,ပါတယ်။ ပြိုင်အင်းစေတီတော်သမိုင်းထဲက ဒေဝဒတ်ကျွဲနဲ့ ဘုရားအလောင်းကျွဲတို့ပြိုင်ပြီး



ဆရာတော်အား ဆွမ်းဆက်ကပ်ပြီး



ကျောင်းဆောင်တစ်ဆောင်




ကျောင်းအဝင်မုခ်ဦး



မိသားစုဆွမ်းဆက်ကပ်စဉ်



မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ
ဆရာတော်အရှင်ဇေယျ



ဆွမ်းမစားမီ အလှူရှင်အား မေတ္တာပို့နေကြစဉ်



ဆွမ်းမစားမီ မေတ္တာပို့နေပုံ



ဆရာတော်အား ဆွမ်းဆက်ကပ်စဉ်



ဆရာတော်နာယူနေကြပုံ



ဆွမ်းဘုဉ်းပေးနေကြပုံ



ရဟန်းသာမဏေများဆွမ်းခံကြွကြစဉ်

ခတ်ကြရာမှာ ဒီနေရာအရောက်မှာ ဒေဝဒတ်ကျွဲဟာ ဘုရားအလောင်းကျွဲမင်းကို ကြောက်စိတ်စဝင်ပါတယ်။ မူလက ကြောက်စရာရွာပါ။ ကာလရွေ့လျောတော့ ကျောက်စရစ်ရွာဖြစ်လာတယ်ဆိုကြပါတယ်။ ခုတော့ကျောက်စရစ်ကုန်းရွာပါ။

ကျောင်းလာ ထိုင်တဲ့အခါမှာ ကျောင်းအိုနဲ့ဘုရားအိုတွေပဲရှိတာပါ။ရွာကလူကြီးသူမတွေကလျှောက်ပါတယ်။

"တပည့်တော်တို့ရွာကကျောင်းမှာ လာထိုင်တဲ့ဘုန်းကြီးမှန်သမျှ (၈)နှစ်ပြည့်တာနဲ့ လူထွက်ရင်ထွက်၊ မထွက်ရင်ပြေး၊ မပြေးရင် ပျံတော်မူတာ ထုံးစံဖြစ်နေပါတယ်။ အရှင်ဘုရားလည်း (၈)နှစ်တော့ ခံမှာပါ"

လို့လျှောက်ကြပါတယ်။

(၈)နှစ်ပြည့်တိုင်း ဘုန်းကြီးတွေပြေး တော့ကာ ကျောင်းမှာ ကျောင်းထိုင် ကိုယ်ရှိလိုက်မရှိလိုက်နဲ့ ဘုန်းကြီးအလွန် က်ခဲ့တာပါ။ ဦးပဥ္စင်းထေရိန္ဒကတော့ ဒီလိုမဖြစ်စေရပါဘူးလို့ပြောခဲ့ပေမယ့် )နှစ်အရောက်မှာ ဒီကျောင်းမှာလုံးဝ နေချင်စိတ်မရှိတော့တာပါပဲ။ ဘယ်လိုပဲ တ်ကိုတင်းတင်းမရတဲ့အဆုံးမှာ ကျောင်း ကိုထားခဲ့ပြီး သူ့ရွာမှာပြန်ပြီး သီတင်းသုံး နေထိုင်ပါတော့တယ်။ ဘယ်လိုမှနေချင် တ်မရှိတော့တာပါပဲ။ ဒါဟာ လမိုင်းဖြစ် နေခြင်းပါ။ ကျောင်းလမိုင်းဆိုပါတော့။

ရှေးအစဉ်အဆက် မည်၍မည်မျှ ဟန်းတွေသီတင်းသုံးသွားတယ်ဆိုတာ သိပေမယ့် သိမီတဲ့ရှေးလူတွေကတော့ သူတို့မျက်စိအောက်မှာပဲ ဦးပဥ္စင်းလေး ထေရိန္ဒဟာ(၁၂)ဆက်မြောက်ကျောင်း ထိုင်ဆရာတော်ပါလို့ပြောက်ကြပါတယ်။

အစစအရာရာတော်တဲ့ဦးထေရိန္ဒ (၈)နှစ်အရမှာ သူ့ရွာကိုပြန်ကြွသွားတဲ့ အခါ ကျောင်းမှာ ကိုးကွယ်စရာရဟန်း တော်မရှိတော့တာကြောင့် ဦးထေရိန္ဒရဲ့ ဇာတိရွာအထိ ရပ်မိရပ်ဖတွေက အကြိမ် ကြိမ်လာပင့်ကြတဲ့အခါ အားနာတာနဲ့ ပြန်ပါလာပြီး ကျောင်းပြန်ထိုင်ကာ မိဘမဲ့ ပရဟိတကျောင်းကို စတင်ထူထောင်ခြင်း ပါ။

. အဲဒီရဲ့နောက်မှာတော့ ဆရာတော် ဟာ မတင့်မတယ် ယိုယွင်းပျက်စီးနေတဲ့ စေတီတော်ကြီးကိုပြုပြင်မယ်ဆိုပြီး အဓိ ဋ္ဌာန်ပြုပါတယ်။

အဓိဋ္ဌာန်ပြုတဲ့အခါမှာ အိပ်မက် ထဲမှာပုဂ္ဂိုလ်တစ်ဦးက 'အချိန်တန်ရင်ပြင် ရမှာပါ'လို့ပြောက်ပါတယ်။ ဒါပေမယ့် ဘယ်သူမှန်းမသိဘူးလို့ ဆရာတော်က မိန့်ပါတယ်။

ဆရာတော်ဟာ ဘုရားဝန်းကို ရွာ သားတွေနဲ့ သန့်ရှင်းရေးလုပ်ကာ တွဲ လောင်းကျနေတဲ့ အုတ်အင်္ဂတေထီး တော်ကြီးကိုချဖို့လုပ်ပါတယ်။ အင်္ဂတေထီး တော်ကြီးကသံချောင်းတစ်ခုနဲ့ငြိစွန်းကာ အောက်ပြုတ်မကျဘဲ တွဲလောင်းကြီးဖြစ် နေတာပါ။ ထိုးချရင်ကျမည့်ပုံသဏ္ဌာန် ပါပဲ။

အဲဒီမှာ ဆရာတော်ကအပေါ်ကို တက်စေပြီး ထီးတော်ကြီးကိုမ,ခိုင်းပါ တယ်။ အောက်ကနေ လွှသုံးယောက်က ဝါးလုံးရှည်တွေနဲ့ဝိုင်းထိုးကြပါတယ်။ထီး တော်ကြီးက လှုပ်တောင်မလှုပ်ပါဘူး။

ဒီလိုနဲ့ သုံးကြိမ်သုံးခါတိုင်တိုင် ဘုရားဝန်းသန့်ရှင်းရေးလုပ်တိုင်း ထီး တော်ကြီးကိုချကြည့်ကြပါတယ်၊ လုံးဝမရ ပါဘူး။ လူတွေ အရိပ်မှာနားခိုပြီးရေနွေး သောက်နေကြတဲ့အချိန်ကျမှ ဝုန်းဆိုတဲ့


ကျောင်းဆောင်များ


ကျောင်းဆောင်တစ်ဆောင်


လှူဖွယ်ဆက်ကပ်နေကြပုံ


သီလရှင်များဆွမ်းခံကြွစဉ်


သာမဏေများဆွမ်းခံကြွစဉ်


ဆွမ်းလောင်းလှူကြစဉ်

အသံကြီးကြားပြီး ဖုန်လုံးရာအရာတွေ တက်လာတာပါ။

ဒီကျတော့မှ ဘုရားအင်္ဂတေထီးတော်ကြီး အလိုလိုပြုတ်ကျလာပြီဆိုတာ သိလိုက်ရတော့တာပါ။ အဲဒီအခါမှာ လူတွေပြေးကြည့်ကြတဲ့အခါ ထီးတော်ထဲက ရှေးဟောင်းဘုရားဌာပနာတွေ ပြန့်ကြဲနေတာကို တွေ့ရပါတော့တယ်။ ထီးတော်ကြီးက အစိတ်စိတ်အမြွှာမြွှာကွဲကြေနေပါတယ်။ အပေါ်ဆုံးဌာပနာပစ္စည်းတွေကို ထီးတော်ထဲမှာဌာပနာသွားခြင်းပါပဲ။

ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေပြာသာဒ်၊ ကြေးပြာသာဒ် အစုံအလင်ပါ၊ ပါတယ်။ တန်ဖိုးကြီးရှေးဟောင်းပစ္စည်းတွေပါ။ချက်ချင်းစာရင်းပြုစုကာ ကျောင်းပေါ်မှာတင်ကြပါတယ်။

အလယ်ဌာပနာတိုက်မှာ စေတီတော်ရဲ့ဒုတိယအဆင့်ဖြစ်တဲ့ ခေါင်းလောင်းတော်မှာရှိရမယ်။ အများပူဇော်နိုင်ဖို့ဆိုပြီးအမိဌာန်ပြုကာ ဌာပနာတိုက်ကိုဖွင့်ပါတယ်။ အဲဒီမှာလည်း ဆင်းတုတော်များနဲ့အတူ ဌာပနာများစွာတွေ့ရပြန်တာကြောင့် ကျောင်းပေါ်မှာအပူဇော်မခံတော့ဘဲ ဂေါပကအဖွဲ့ ဖွဲ့စည်းကာ စေတီအနီးမှာမဏ္ဍပ်ထိုးပြီး အပူဇော်ခံပါတယ်။ အဲဒီမှာ စေတီတော်ပြုပြင်ဖို့ဆိုပြီး ဘိုးတော်တစ်ဦးရောက်လာကာ အရာရာကိုဦးစီးပါတော့တယ်။အဘဘိုးမင်းခေါင်ရဲ့တပည့်လို့ဆိုပါတယ်။

ဒီနေရာမှာဆိုလိုချင်တာက ဗိဿနိုးမြို့အရှင်သခင် ပန်ထွာဘုရင်မကြီးဟာ ဒွတ္တပေါင်မင်းကိုစစ်ရှုံးတာကြောင့် ဒွတ္တပေါင်မင်းရဲ့အသိမ်းပိုက်ကိုခံရပြီး မိဖုရားအရာမှာနေရပါတယ်။

ဒါပေမယ့် ဒွတ္တပေါင်မင်းကို ပန်ထွာမင်းသမီးက လုံးဝမချစ်တာပါဘဲ။ မချစ်သော်လည်းအောင့်ကာနမ်းဆိုတာလိုနေနေရတာပါပဲ။သူ့ရဲ့ရင်ထဲမှာ တကယ်ချစ်တဲ့သူရှိပါလိမ့်မယ်။ အကြောင်းကြောင့်သာ မဆုံဆည်းရတာနေမှာပါ။ အဲဒါကြောင့် နောင်ဘဝအဆက်ဆက် ချစ်တဲ့သူနဲ့ဆုံရအောင် မေတ္တာပန္နက်စေတီတော်တည်စေဆိုပြီး သူ့ရဲ့ဆွေတော်မျိုးတော်တွေကို သရေခေတ္တရာပြည်နဲ့ဝေးရာမှာသွားတည်ခိုင်းဟန်ရှိပါတယ်။ ဒါပေမယ့် မေတ္တာပန္နက် ဆုထူးပန်စေတီတော်က အရံစေတီတော်ပါ။

ပင်မစေတီတော်ကြီးကိုတော့ သစ္စာမေတ္တာအမျက်တော်ပြေ ဆုထူးပန်စေတီတော်အဖြစ်တည်စေပါတယ်။ ဒါကဘာလဲဆိုတော့ မချစ်မနှစ်သက်သူနဲ့ပေါင်းသင်းနေရတဲ့ ရင်ထဲကအမျက်ဒေါသတွေပြေပါစေကြောင်း ဆုပန်တဲ့စေတီတော်ပါ။ဗိဿနိုးဘုရင်မဟာ သူ့ရင်ထဲကခံစားရတဲ့အတိုင်း ဒွတ္တပေါင်မင်းကြီးရဲ့ သရေခေတ္တရာနေပြည်တော်ကနေ မိုင်ပေါင်းများစွာဝေးတဲ့ကျေးလက်ရွာလေးတစ်ရွာမှာ လာရောက်တည်ထားလှူဒါန်းခဲ့တယ်လို့မှတ်ယူရပါမယ်။

စေတီတော်နှစ်ဆူရဲ့ ဘွဲ့အမည်တော်တွေက ဗိဿနိုးဘုရင်မ ပန်ထွာမင်းသမီးရဲ့ဖြစ်စဉ်ခံစားချက်တွေနဲ့ ထင်ဟပ်လို့နေတာပါ။ဒါက စေတီတော်တွေရဲ့ဘွဲ့အမည်နဲ့ ဗိဿနိုးမင်းသမီး ပန်ထွာတို့ရဲ့ဖြစ်စဉ်ကိုချိန်ဆမိခြင်းပါ။

ဒီလိုနဲ့ ဆရာတော်ဦးထေရိန္ဒဟာ လယ်တီဆရာတော်ကြီးရဲ့ဝိပဿနာနည်းသင်တန်း(၄၅)ရက်တက်ဖို့ ရန်ကုန်နာဂလိုဏ်ဂူကိုကြွရပါတယ်။ လယ်တီဝိပဿနာသင်တန်းတက်နေစဉ်မှာပဲ ဆရာတော်ဦးထေရိန္ဒဆီကိုဖုန်းဝင်လာပါတယ်။အဲဒါက စေတီတော်ကြီးကိုပြုပြင်လှူဒါန်းမည့် ဘုရားဒါယကာ ပေါ်လာကြောင်းပါ။ အလွန်ကြီးမားတဲ့မင်္ဂလာသတင်းပါပဲ။

အဲဒီမှာ ဆရာတော်ကသင်တန်းမပြီးသေးတာမို့ သင်တန်းပြီးအောင်စောင့်ပါလို့မှာပါတယ်။သင်တန်းပြီးလို့ ကျောင်းပြန်ရောက်ပြီးပါမှ ဘုရားပြုပြင်လှူဒါန်းမည့်ဒါယကာတွေနဲ့တွေ့ရတာပါ။ ဒါယကာတွေနဲ့ညှိနှိုင်းတိုင်ပင်ကာ စေတီတော်ကြီးကို စတင်ပြုပြင်ပါတယ်။

အလှူရှင်တွေကရန်ကုန်မြို့ကပါ။ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ကျောက်စရစ်ကုန်းကျေးရွာ၊ သီရိရတနာကျောင်းဆရာတော် ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တထေရိန္ဒနဲ့နှစ်ဖက်မိဘများဖြစ်ကြတဲ့ ဦးကောင်းလှ+ ဒေါ်လှမြိုင်၊ဦးလှမြင့်+ဒေါ်ခင်ခင်သောင်းတို့ကိုအမှူးထားပြီး သားသမီးမြေးများဖြစ်ကြတဲ့ ရန်ကုန်မြို့၊ ပြည်ထောင်စုရိပ်မွန်နေ ဦးကျော်သူ + ဒေါ်သက်မာမြင့်၊ သား- တေဇကျော်၊ သမီး- ဒေါက်တာဇွန်ပွင့်သူ၊ အစ်မတော်- နာဂဒေဝီမင်းသမီး၊ညီမတော် နန်းမြတ်ထက်နွယ်၊အစ်မ- ဒေါ်ချိုချိုမာ၊ဦးဝင်းမင်းဌေး၊ ဒေါ်လှဲ့လှဲ့မာ၊ ညီမ- ဒေါ်မြမြခိုင်၊ဒေါ်လှဲ့လှဲ့ခိုင်၊ ညီ-ဦးသန်းထွန်းမင်း မိသားစုတို့က ၁၉၇၄ခု၊ ဒုတိယဝါဆိုလဆန်း(၈)ရက်၊ ကြာသပတေးနေ့မှာ မေတ္တာပန္နက်ဆုထူးပန်စေတီတော်နဲ့ သစ္စာမေတ္တာအမျက်ပြေဆုထူးပန်စေတီတော်ကြီးတို့ကို ပြန်လည်ပြုပြင်ဖို့ အဘဘိုးမင်းခေါင်ရဲ့ဓာတ်ပန္နက်စတင်ချပါတယ်။ ပန္နက်ချပြီးပြုပြင်မှုတွေစပါတယ်။

၁၃၇၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊စနေနေ့မှာ စေတီတော်နှစ်ဆူအား ရွှေထီးတော်၊စိန်ဖူးတော်တင်ခြင်း၊ ဗုဒ္ဓဘိသေကမင်္ဂလာ အနေကဇာတင်ခြင်းအခမ်းအနားကို သံဃာတော်(၁၈) ပါးနဲ့ပြုလုပ်ခဲ့ပါတယ်။

၁၃၇၉ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှာ စေတီတော်တို့ကိုရွှေသင်္ကန်းကပ်လှူပြီး သံဃာတော်(၂၇) ပါးနဲ့ ဗုဒ္ဓဘိသေက မင်္ဂလာအနေကဇာတင်ပွဲထပ်မံကျင်းပပါတယ်။ စေတီတော်ကြီးနဲ့ အရံစေတီတော်တွေဟာ တင့်တင့်သပ္ပာယ်လှပါတယ်။သို့သော်လည်း ဘုရားဝတ္ထုကမြေက အနည်းငယ်ကျဉ်းနေတာတွေ့ရပါတယ်။ ရှေးကတည်းက ဘုရားဝန်းသီးခြားတည်ရှိခဲ့တာနေမှာပါ။

ပြီးတော့ ဘုရားဝန်းထဲမှာ သံဇကာများနဲ့ ပြုလုပ်ထားတဲ့ဝက်ဘာကိုလည်းတွေ့ရပါတယ်။ ပိုက်လုံးတွေပေါ်မှာ မီးထွန်းထားတဲ့အရာလေးတွေလည်းတွေ့ရတော့ကာ ဘုရားကို မီးဝက်ဘာပူဇော်ပွဲကျင်းပဟန်ရှိပါတယ်။ မီးဝက်ဘာပွဲဘယ်လကျင်းပလဲတောင် မမေးခဲ့ရပါဘူး။ ဝက်ဘာက သံနဲ့ခိုင်ခိုင်မာမာလုပ်ထားခြင်းပါ။

စေတီတော်နှစ်ဆူက ဗိဿနိုးခေတ်ကတည်ခဲ့တယ်ဆိုတော့ကာ အတော်လေးကိုရှေးကျပါတယ်။ ဗျူခေတ်လို့ဆိုရမှာပါပဲ။

ကျောက်စရစ်ကုန်းရွာနားကဖြတ်သွားတဲ့ကတ္တရာလမ်းဟာ ရမည်းသင်းနယ်ထဲအထိရောက်ကြောင်းသိရပါတယ်၊ ကျေးလက်ရွာချင်းဆက်လမ်းပါ။ ကျွန်တော်လည်း ဒီလမ်းကိုခုမှရောက်ဖူးတာပါ။

အကယ်၍လမ်းကြုံခဲ့ပါက ဗျူခေတ်က ဗိဿနိုးဘုရင်မပန်ထွာမင်းသမီးရဲ့ဆွေတော်မျိုးတော်တွေ တည်ထားကိုးကွယ်ခဲ့တဲ့စေတီတော်နှစ်ဆူမို့ ဖူးတွေ့နိုင်ကြအောင် လမ်းညွှန်ရခြင်းပါ။

ကျောက်စရစ်ကုန်း လှူငယ်ဖွံ့ဖြိုးရေးမိဘမဲ့ပရဟိတဂေဟာကိုလည်း ဝင်ရောက်လေ့လာနိုင်ကြပါတယ်။

*ချမ်းမြေ့ကြပါစေ၊*

နေပြည်တော်ကျော်ကျော်စိုး

ဆရာတော်ဦးထေရိန္ဒအား ဤစာစုဖြင့်ကန်တော့ပါ၏။



# သာစည်ပင်းယကောက်ထိုးကျလည်း ပန်းခင်းလမ်းတော့ဖြစ်ခဲ့သည်

ပေသိန်းကြည်

(၁)

ကျွန်တော်ကနေ့စဉ်မှတ်တမ်းရေးသူမို့ ၇- ၁၀- ၂၀၂၂ ရက်နေ့၊ သောကြာနေ့မှတ်တမ်းကိုပြန်ဖတ်မိသည်။ အသက်ဇရာထောက်လာပြီမို့ငယ်စဉ်ကလို ဓာတ်သွားရာတွင် အဆင်မပြေလာတော့ပါ။ ဓာတ်ချုပ်ပြီးစမြင်းခံ၍အလွယ်တကူထွက်မကျပါ။ဝမ်းချုကြည့်သည်။ အခြေအနေက ထူးမခြားလာပါ။ဓာတ်ကလွတ်ကျချင်သည်။ ဒေါင်လိုက်မဟုတ်ဘဲ အလျားလိုက်ဖြစ်နေပါသည်။ လွန်ခဲ့သည့် (၃) နှစ်ကျော်ကလည်း ၁၈- ၄- ၂၀၁၉ တွင် ယခုကဲ့သို့ တစ်ကြိမ်ဖြစ်ခဲ့သည်။ အချိန်ကြာမြင့်စွာခံစားရပြီးဝမ်းချုလိုက်၍သက်သာသွားပြီး ပုံမှန်ထွက်ကျသွားသည်။ဝေဒနာတွေ့လေမှ အင်္ဂုလိမာလသုတ်တော်ကိုရွတ်ရသည်။ ပရိတ်တန်ခိုးကြောင့် သစ္စာတန်ခိုးကြောင့် ဒုက္ခဝေဒနာမှလွတ်ခဲ့ ရသည်။

ယခုလည်း ယခင်ထက်ဆိုးနေပြန်သည်။ အင်္ဂုလိမာလသုတ်တော်၊ ဗောဇ္ဈင်္ဂသုတ်တော်တို့ ရေခွက်ထဲရေထည့်ပြီး (၇) အုပ်စီမန်းပြီး သောက်ပါသည်။ သို့သော်ထွက်မကျလာ။ ဒေါက်တာဇာနည်ထွန်းထံ သွားသည့်အခါ သွေးလည်းတိုး၊ ဓာတ်လည်းချုပ်မို့ Monနှင့်သွေးကျဆေးပေးခဲ့သည်။ အိမ်ပြန်ရောက်မှဓာတ်ကပြိုဆင်းလာပြီး ဓာတ်ချုပ်ခြင်းဒုက္ခဝေဒနာသက်သာသွားရပါသည်။ ဆရာဝန်ညွှန်ကြားသောဓာတ်စာအဖြစ် သဘော်သီးမှည့် စားပါသည်။ ပုံမှန်ဖြစ်သွားရာနောက် (၅) ရက်ကြာ သွားပြသည့်အခါ သွေးတိုးကြောင့်ဖြစ်မည်။ ကျောက်ကပ်ကိုထိသွားလေသလား။ မျက်နှာနှင့်ခန္ဓာကိုယ်အောက်ပိုင်းခြေဖမိုးထိပါရောင်လာပါသည်။ ဒေါက်တာဇာနည်ထွန်းထံ ဒုတိယမို့ သွားရပြန်ပါ၏။ဆေးရုံမှာဆေးကတ်သွားယူရန်စာရေးပေး၍တစ်လစာဆေး (၃) ကတ်ရခဲ့ပါသည်။ Furosemide 40 mg တစ်ကတ် (၁၀) လုံးဖြင့်(၃)ကတ်ရခဲ့သည်။ မနက်စောစောအစာစားပြီးတစ်နေ့တစ်လုံးကျသောက်ရန်ပြောခဲ့ပါသည်။ လူနာတစ်ဦး၏မျက်စိကိုဆရာဝန်ကလက်နှိပ်ဓာတ်မီးဖြင့်ထိုးပြီးကြည့်ရှုစမ်းသပ်၍ ကျွန်တော့်မျက်လုံးနှစ်ဖက်ကိုလည်းကြည့်ရန် ပြောလိုက်မိပါသည်။ ငယ်တပည့်မို့လည်း ပြောလိုက်ခြင်းဖြစ်ပါသည်။ ပြောသည့်အတိုင်းကြည့်ပြီးနောက် မျက်သားတွေတက်နေပြီး မျက်စိအနက်နားထိနှစ်ဖက်စလုံး တက်နေကြောင်းပြောသည်။ မျက်စိအထူးကုဖြင့်ပြရန်ပြောသည်။ တစ်လအတွင်းပြသရန်ပြောပါသည်။ သူပြောမှကျွန်တော်၏ဇာတာကိုပြန်မြင်လာသည်။ ဇာတာမှာ ကန်၊ လဂ်၊ တနင်္ဂနွေနှင့်ပူး၍ မျက်စိမှောင်လတ္တံ့ဟုဆိုသည်။ ဂျီဩမေတြီပဋ္ဌာကို သက်သေပြသလိုရှာကြည့်တော့ အတော်ကလေးစိုးရိမ်သွားပါသည်။ ကျွန်တော်၏လက်ယာဘက်မျက်လုံးသည် ဝဲဘက်ထက် ပိုအားနည်းသည်။ သူ့ဆေးခန်းကအပြန်မှာတော့မန္တလေးသွားရမည်။ ဤသို့စိတ်ကူးစဉ်ညီမဖြစ်သူခင်ညိုဝင်းက မြင်းမူထီးဆောင်းသွားခွဲစိတ်ကုသမှုကမပေးရ။မန္တလေးဆိုမျက်လုံးတစ်လုံးလေးသိန်း၊ ငါးသိန်းဖြစ်နေကြောင်း၊ စမ်းသပ်ခကလည်းတစ်နင့်ကြီး ဆေးဖိုးဝါး‌ခ၊ တည်းခိုခဆိုသည် ဆယ်သိန်းထက်မကကြောင်းညီမလုပ်သူ၏တွက်ချက်မှုကြောင့် တုန်လှုပ်သွားရသည်။သရဖီဆို ခွဲပြီးပြန်ခဲ့ပြီ။ အခုတစ်လကြာပြမှာ သူနှင့်အတူ လိုက်သွားဟူ၍ ပြောပါတော့သည်။

(၂)

သရဖီကိုမေးတော့ ၁၈- ၁၀- ၂၀၂၂ အင်္ဂါနေ့သွားမည်ဟုပြောသည်။ အကူဖော်အဖြစ် မိန်းမကိုခေါ် ရမည်ဖြစ်သည်။ သားသမီးလေးယောက်ရှိသော်လည်းအဝေးမှာရှိနေသည်မို့ ပါရမီဖြည့်ဘက်ကြီးကိုသာခေါ် သွားရမည်ဖြစ်သည်။ ကားခတစ်ယောက် (၂၅၀၀၀) ကျပ် နှစ်ယောက်မို့ငွေငါးသောင်းကျပ်ပေးလိုက်ရပါသည်။ ပြက္ခဒိန်ကြည့်တော့ အင်္ဂါနေ့သည်ဆုတ် (၉) ဖြစ်နေပါပြီ။ သွားရမည်ကတောင်အရပ်ဆိုတော့ခရီးအရပ်သုဉ်းနေပါသည်။သူများဗေဒင်လာကြည့်လျှင်ခရီးအရပ်သုဉ်းသည်။ သွားလမ်းသာရှိပြီး

ပြန်လမ်းမရှိ ပြောတတ်ခဲ့သူ၊ ကျွန်တော် အခုမူကိုယ်ကိုယ်တိုင်နှာခေါင်းကျည်ပွေ့ တွေ့သွားရပါတော့သည်။ ရက်ကိုစစ်တော့ ဆုတ် (၉)၊ အင်္ဂလိပ်ရက်(၁၈)ရက်၊ပေါင်း လျှင်(၉)ဖြစ်နေပါသည်။ သုံးတန်ပေါ် နိစ်အရ မန္တနိမ်တွင်အင်္ဂါရှိသည်။နာအကွက်တွင် ဖြစ်နေပါသည်။ သွားမည့်အရပ် ဘုမ္မိခရီးသုဦး သုညကြွင်း နေပါသည်။ နောက်ပြီး သာစည်ပင်းယဇောက်ထိုးကျနေပါသည်။ ကြာသပတေးသားမို့ ထီးဆောင်းကတော့ ဒွဲ့ပါပဲ။ ချဲထိုးရင်ဒွဲ့မဝင်တတ်ပေမယ့် အားလုံးဒွဲ့ဝင်နေမည်။ကျွန်တော်၏ရောက်ဆဲအသက်အရကလည်း သုညကြွင်းသည်။မသွားတော့ဘဲနေမည်။ ကားခပြန်တောင်းဖို့ကြိုးစားကြည့်သော်လည်းဝယ်ပြီးပြီဆိုတော့သေတစ်နေ့မွေးတစ်နေ့ သဘောထားပြီးသွားရပါတော့မည်။ ကိုယ့်ဇာတာအရကလည်း ကိုယ့်ရပ်ကိုယ့်ရွာ ခေါင်းမချရဟူသော တွက်ကိန်းကလည်း ဒွဲ့ပဲဖြစ်နေသည်။ ဤသို့စိတ်မသက်မသာရှိနေစဉ်မှာပင်ကျွန်တော့်တပည့်ကျွန်တော့်ထံဗေဒင်လာသင်သူကလည်း ပြောပုံကြည့်ပါ။

"ဆရာကျွန်တော်အားလုံးတွက်ပြီးပြီ သည်တစ်ခါဒွဲ့တွေပဲဆရာ။ဆရာဘယ်လို လွတ်အောင်ရုံးမလဲ။ ယတြာတောင်းလေမှ တော်ရုံကျတော့မည်"

အပြုံးမပျက်ဘဲ သူ့တွက်နည်းကို သဘောကျစွာဖြင့် အားမနာ လျှာမကျိုးလာပြောသည်။

"အေး- ဇာတိအစက မရဏဆုံးမဟုတ်လား၊ဒီလိုဆိုမင်းနဲ့ငါလောင်းကြေးထပ်မလား"

ကျွန်တော့်အပြောကြောင့်တပည့်ဖြစ်သူက အနည်းငယ်တော့ တည်သွားပါသည်။

"သေခြင်းတရားဆိုတာခန္ဓာရှိနေသရွေ့ မသေဘဲမရှိဘူး၊ သေမှာသေချာတယ်။ ကိန်းခန်းဆိုတာမသေမချင်းတွက်နည်းတွေနှင့် ကြုံကြိုက်ဆုံဆည်းခဲ့တာ။ ကံမကုန်သေးရင် သေမယ့်ကိန်းကြုံပေမယ့် မသေဘူး၊ သေကံကြုံသွားရင်တော့ တွက်နည်းတွေက တိုက်ဆိုင်သွားကြတာပဲ"

ကျွန်တော့်အပြောကြောင့်အောင့်သက်သက်ဖြင့် ထသွားပါတော့သည်။


(၃)

ကျွန်တော်သွားမည့်နေ့တွင်မနက်စောစောထပြီးဘုရားဆီမီးငါးတိုင်ပူဇော်ပါသည်။သွားမည့်လမ်းခရီးတစ်လျှောက် တောပိုင်၊ တောင်ပိုင်၊ ကြိုးပိုင်၊ ကြိမ်ပိုင်၊ တုတ်ပိုင်၊ ဓားပိုင်၊ လှံပိုင်၊ ဆင်ပိုင်၊ မြင်းပိုင် စသည်များကိုမေတ္တာပို့ပါသည်။ မြို့တော်ရှင်၊ ရွာတော်ရှင်၊ နယ်တော်ရှင်များကိုးမြို့ရှင်တို့ကိုမေတ္တာပို့သည်။ နေရာဒေသအလိုက်၊ ပတ်ဝန်းကျင်အတွင်း ရှိသမျှသောနတ်ဒေဝါအပေါင်း၊ဥစ္စာစောင့်သိုက်နန်းရှင်၊ ဘုမ္မိရပ်ပုဂ္ဂိုလ်အပေါင်း၊ အမနုဿပေတယက္ခ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးမှစ၍အားလုံးမကျွတ်လွတ်ကုန်သောပုဂ္ဂိုလ်အပေါင်း၊ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟူသောနတ်မင်းကြီးလေးပါးတို့ကိုလည်း မေတ္တာပို့အမျှဝေသည်။ရတနာသုတ် (၄) ခေါက်နေ့စဉ်ရွတ်ပါသည်။ ပစ္စယနိဒ္ဒေသပါဠိတော်ကိုညစဉ်တစ်ခေါက်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ပုဗ္ဗဏှသုတ် တို့ကိုရွတ်ပါသည်။ ပုတီးကတော့ဂြိုဟ်ရှစ်ခွင်နေ့စဉ်ဂြိုဟ်သက်အလိုက် ပုတီးစိပ်ပါသည်။ အခုဆို (၂၂) နှစ်ထဲဝင်ခဲ့ပြီဖြစ်ပါသည်။ စက်ကြီးတစ်ဆယ့်ငါးပါးနံနက်၊နေ့ညနေ(၃)ခေါက်စီရွတ်သည်။ ပရိတ်တော်အပြီး ပရိမိတ္တဇာလသုတ်တော်နှင့် အဆုံးကားအဋ္ဌနုမေတံဘိက္ခဝေ ကိုသုံးခေါက်ရွတ်ပါသည်။ ဤကြောင့်ထင်၏ ထီးဆောင်းရောက်သောနေ့တွင်လမ်းခရီးကားသာယာပြီးပန်းခင်းလမ်းအတိ ဖြစ်ခဲ့ရသည်။ ကျွန်တော်၏ကျန်းမာရေးကြောင့်သာကိုဗစ်စစ်ရာတွင် Positiveဖြစ်၍(၇)ရက်ကြာမှလာရောက်ပြသရန်ဖြစ်၍ထီးဆောင်းမျက်စိကုသမှုအတွက်တက်ရောက်ကုသခွင့်မရဘဲ (၇) ရက်နားလိုက်ရသည်။ မြရတနာတည်းခိုခန်းတွင် တစ်ရက် (၆၀၀၀) ကျပ်နှုန်းဖြင့် (၇) ရက် အိပ်စားနေရပါသည်။ တည်းခိုခန်း၌နေစဉ်အနည်းငယ်ဖျားပြီး ဆေးခန်းတွင် (၂) ရက်မျှ ဆေးထိုးခဲ့ရသည်။ အနံ့မပျောက်အစားအသောက်မပျက်သော်လည်းကိုယ်ပူချင်သလိုအေးချင်သလိုသာဖြစ်ခဲ့သည်။ တစ်ပတ်ဆို အိုမီခရွန်မှာပျောက်ကြောင်းပြောပြပါသည်။တည်းခိုခန်းပိုင်ရှင်မှာလည်းတောသူတောင်သားတွေမို့ဆွေမျိုးရင်းချာလိုဖြစ်၍ နွေးထွေးမှုအတိဖြစ်ခဲ့ရသည်။ စာရေးသူမှာတည်းခိုခန်းတွင်လည်း နေ့စဉ်ဆောင်ရွက်နေကျပုတီးစိပ်ခြင်း၊ပရိတ်ရွတ်ခြင်းတို့မှာအလျဉ်းမပျက်ခဲ့ပေ။ ဂုဏ်တော်ကွန်ချာကိုနေ့စဉ်တစ်ခေါက်ရွတ်ပြီး၊ နဝင်းကွန်ချာကိုလည်း နေ့စဉ်စိပ်သည်။ စာရေးသူအနေဖြင့်စိပ်သောပုတီးစိပ်နည်းများမှာ ဘုရားဂုဏ်တော်ကိုးပါးကိုသာ အမျိုးစားကွဲပြီး ဂုဏ်တော်ကိုးပါးမို့ ထင်၏။ ၂၂- ၁၀- ၂၀၂၂ နေ့နံနက် (၉) နာရီခန့် ပုတီးစိပ်ပြီး အိပ်မက်လား၊ အတွေးလားဝေခွဲမရ၊ ကျွန်တော်၏အိပ်ခန်းတွင် ပက်လက်ကုလားထိုင် မရှိ။ သို့သော် အမြင်တွင် ရဟန်းတစ်ပါးအသားညိုညိုပိန်ပိန်ပါးပါးဖြစ်၍ပက်လက်ကုလားထိုင်တွင်သီတင်းသုံးနေသည်ကို တွေ့ရသည်။နောက်တစ်ကြိမ်ပြန်အကြည့်တွင်ဝတ်ဖြူစင်ကြယ်ဖြင့်ခေါင်းအုပ်ပေါင်းအဖြူအင်္ကျီပုဆိုးပါအဖြူဖြင့်ထိုင်နေသည်ကို မြင်ရသည်။ မျက်နှာမသဲကွဲခဲ့ပါ။ နေ့က စနေမို့ စနေနေ့အိပ်မက်လျှင်မက်သူအတွက်ဟုအိပ်မက်ကျမ်းများက ဆိုသည်။ ကျွန်တော့်ကို စောင့်ရှောက်သည်ဟု ယူဆပါသည်။ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များကိုမေတ္တာထပ်ပို့မိပါသည်။

(၄)

၂၆- ၁၀- ၂၀၂၂ ဗုဒ္ဓဟူးနေ့တွင် သွားစစ်သော်COVIDNegativeဖြစ်သွားပါသည်။ အဆင့်ဆင့်စစ်ဆေးပြီးသော် ကျွန်တော်သည်မျက်စိခွဲစိတ်စရာမလိုဘဲ မျက်စဉ်းခတ်ရန်ညွှန်ကြား၍မျက်စဉ်းဆေးဝယ်ပြီးပြန်ခဲ့ရပါသည်။ ရောက်ကတည်းကအကြိမ်ကြိမ်ဆုတောင်းခဲ့သောဆုသည်ကား ပြည့်ခဲ့သည်။ ဆေးရုံအထွက်တွင် မချိန်းဆိုထားဘဲလာစဉ်ကအုန်းတောနေကိုမျိုးနှင့်တွေ့ပြီး သူ၏ထော်လာဂျီတွင် ကသာသူ သားအမိနှစ်ယောက်နှင့်ကျွန်တော်တို့ဇနီးမောင်နှံနှစ်ဦးသည် ကိုမျိုးထော်လာဂျီဖြင့်ထီးဆောင်းမှအုန်းတောသို့ပြန်ခဲ့ပြီး ညနေကားဖြစ်သည့် ကသာမန်းရွှေစင်ကားဖြင့် ပြန်ခဲ့ကြပါသည်။ ကန့်ဘလူမြို့နယ်တွင်ညဉ့်အိပ်ခဲ့ပြီးမနက် (၁၁) နာရီ (၁၅) မိနစ် ၂၇- ၁၀- ၂၀၂၂ ကြာသပတေးနေ့တွင်အိမ်ပြန်ရောက်ခဲ့ပါသည်။ ရတနာသုံးပါး အကျိုးကျေးဇူးပါ။ ဗေဒင်အရကတော့ ဓာတ်တူနံတူဆေးဖက်ယူ နံတူသတ်ကအသေရမို့ သာစည်ပင်းယဇောက်ထိုးကျသည့် ထီးဆောင်းကိုလည်း ဓာတ်တူနံတူပြုကာ နေအလွန်ပူတာမို့ အိမ်ကပါလာသည့်ထီးနှစ်လက်ဖြင့်ထီးဆောင်းမှာထီးဆောင်းပြီးသွားလာခဲ့သည်မို့ကံကောင်းခဲ့သည်ဟူ၍ဆိုရမည်သာ။ အသွားအပြန်တစ်လမ်းလုံးသမ္ဗုဒ္ဓေဂါထာ ရွတ်ခဲ့သည်။ အာယုဝဍ္ဎနသုခံ ဗလံဟူ၍သာ ပြောပါရစေတော့။

ဖေသိန်းကြည်



# ဝိပါတ်ကြမ္မာ မပြေးသာသည်

ကိုလှိုင်(မြန်မာတ)

'ဘယ်ကိုပဲကြည့်ကြည့်အချိန်မသိ အိမ်မရှိ တအိအိလွင့်နေတဲ့တိမ်တွေကို ပဲမြင်ရတယ်. . . သည်လမ်းကြီးဟာဘယ် မှာဆုံးမှာလဲ၊မိုးနဲ့မြေကြီးထိလုနီးမှာခရီးက ဝေးလိုက်တာ' တဲ့။ကဗျာလေးတစ်ပုဒ်ကို တိုးတိုးလေးရွတ်ဆိုရင်း မိုးကောင်းကင် ကြီးကိုမော့ကြည့်နေမိတယ်။ မိုးသားတိမ် ညိုတွေကတအိအိတလိပ်လိပ်လွင့်လို့။ လူတွေဟာလည်းဒီလိုပဲ။ မိုးနဲ့မြေကြီးထိ နီးထိနီးနဲ့မျှော်ကိုးပြီးမိုးနဲ့မြေထိရာအရပ် ဆီကိုအပြေးအလွှားလိုက်လံရှာဖွေနေတဲ့ သူလို အလိုဆန္ဒတွေနောက်တကောက် ကောက်လိုက်ရင်းသေခြင်းတရားဆီပြေး လွှားနေကြရတာပါလား။ စိတ်အစဉ်ကို ကောင်းကင်က မိုးသားတွေနောက်လိုက် ပါရင်း လူ့ဘဝနဲ့နှိုင်းယှဉ်ပြီးစဉ်းစားနေမိပါ တယ်။

"ဦးလှိုင် ဘာတွေစဉ်းစားနေတာ လဲ။ သက်ပြင်းတွေဘာတွေချလို့ပါလား"

အသံလာရာဆီကိုလှမ်းကြည့်လိုက် မိရင်း ရုံးခန်းထဲစိတ်ပြန်ရောက်တော့မှ ဘယ်အချိန်ကရောက်နေမှန်းမသိတဲ့ စာ ရေးလေးကိုကျော်ဝင်းနိုင်ရဲ့အမေးကိုပြန် ဖြေလိုက်မိတယ်။

"ဩော်- အေးကွာ၊ ကောင်းကင် ကပြေးလွှားနေတဲ့မိုးသားတွေကိုကြည့် ရင်းအလိုဆန္ဒတစ်ခုအတွက်ပြေးလွှားနေ ရတဲ့လူတွေအကြောင်းစဉ်းစားမိလို့ပါကွာ"

"ကဲ- စဉ်းစားမနေနဲ့အစ်ကိုကြီး။ ကျွန်တော်ဒီနေ့ T.A ထုတ်တယ်။ စိတ် ပြေလက်ပျောက် လက်ဖက်ရည်ဆိုင်ကို သွားရအောင်လေ"

စာရေးကြီးကိုစံရွှေက လှမ်းပြီး ဖိတ်မန္တကပြုနေတော့-

"အေး- အဲဒီအစီအစဉ်အကောင်း ဆုံးပဲကွ။ ဘဝအမောတွေကို လက်ဖက် ရည်နဲ့မျှောလိုက်ကြတာပေါ့။လာသွားစို့"

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ ဆိုင်ရှင်ကိုတင်လင်းအောင်က သူ့ခွေး လေးရန်လုံကို လိုက်မောင်းထုတ်နေ တယ်။ ဆိုင်ကလူများလာတော့ခွေးလေး ရန်လုံက မုန့်တွေတောင်းပြီးစားတတ်လို့ သူ့ခွေးကိုမောင်းထုတ်နေခြင်းဖြစ်ပါတယ်။

"မင်းခွေး ဒီလောက်ရှုပ်နေရင်စတို့ ကထန်ချတွေလက်ထဲအပ်လိုက်ပါလား"

ကျွန်တော်ကတင်လင်းအောင်ကို လှမ်းပြီး စနောက်လိုက်တယ်။ ထန်ချမှာ အလုပ်လုပ်တဲ့လူတွေက ခွေးနဲ့အမဲလိုက် ပြီး စားသောက်နေတာသိလို့ ကျွန်တော် ကဒါကိုရည်ရွယ်ပြီးပြောလိုက်တာပါ။

"အင်း - ခွေးတွေအမဲလိုက်တဲ့ အကြောင်းပြောမှသတိရတယ်။ ဦးလှိုင် ကိုခွေးနဲ့အမဲလိုက်တဲ့လူတစ်ယောက်ရဲ့ ဇာတ်လမ်းလေးပြောပြချင်နေတာ"

ကိုကျော်ဝင်းနိုင်က ပြောတယ်။ ကျွန်တော်က-

"ဟေ- ဘာဇာတ်လမ်းလဲကွ။ ဆို

စမ်းပါဦး"

"ဒီလိုပါ ဦးလှိုင်ကစာရေးနေတော့ ကျွန်တော်တို့မြို့နယ်ကတကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းလေး လူတွေသံဝေဂရအောင် အကုသိုလ်တရားတွေဟာလက်တွေ့ဘဝမဆိုင်း အကျိုးပေးတတ်ကြောင်းရေးစေချင်တာပါဦးလှိုင်ရာ"

"အေးလေ ကောင်းတာပေါ့။ ငါလည်းရေးချင်ပါတယ်။ ပြောပြစမ်းပါဦးမင်းရဲ့ဇာတ်လမ်းလေးကို"

"ဟုတ်ကဲ့ ဇာတ်လမ်းကဒီလိုပါ"

*

ရာသီကဆောင်းမပီ့တပီ၊နွေလည်းမဟုတ်သေး၊ ဆောင်းနှင်းနွေရဲ့ကြားကာလ၊ နှင်းမှုန်ကလေးတွေကတဖွဲဖွဲတသဲသဲ၊ ဘယ်ကိုပဲကြည့်ကြည့်နှင်းမှုန်တွေကဝေ့လို့ဝဲလို့ ဆောင်းမင်းသမီးလေးက သွားခါနီးမှာနောက်ဆုံးနှုတ်ဆက်နေသယောင်၊တစ်ချက်တစ်ချက်တိုက်ဆင်းလာတဲ့မြောက်ပြန်လေတွေက အေးအေးစိမ့်စိမ့်ကျောထဲစိမ့်ဝင်နေအောင်အေးလာတော့လှဝင်းကြည်ဟာဝတ်ထားတဲ့အပေါ်ဂျာကင်အင်္ကျီကိုခပ်တင်းတင်းဆွဲစေ့လိုက်တယ်။ညကသူထောင်ခဲ့တဲ့ကပ်ပိတွေထဲကကြွက်တွေကို လှဝင်းကြည်ကမမောနိုင်မပန်းနိုင်လိုက်ဖြုတ်နေတယ်။ 'ကပ်ပိ' ဆိုတာအညာဒေသ မင်းဘူးနယ်မှာသုံးတဲ့ရွှံ့စေးနဲ့ပြုလုပ်ထားတဲ့ ကြွက်ထောင်ချောက်တစ်မျိုးဖြစ်ပါတယ်။ လှဝင်းကြည်ဟာပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းကထွက်လိုက်ရပြီးမိသားစုစားဝတ်နေရေးအတွက်ကြံရာကျပန်းဆိုသလိုလုပ်ကိုင်စားသောက်နေရတဲ့သူပါ။ မိုးရာသီဆိုသူများအိမ်မှာသူရင်းငှားလုပ်တယ်။ သူရင်းငှားလုပ်ရင်းအချိန်ရရင်ရသလိုငါးရှာဖားရှာအလုပ်ကိုလည်းပြေးလုပ်လိုက်သေးတယ်။ သူတစ်ပါးအသက်သတ်မှုနဲ့ အသက်မွေးတာကလွဲလို့ရိုးသားသူတစ်ယောက်ပါပဲ။မိုးကုန်လို့လယ်ယာတွေရိတ်သိမ်းပြီးပြီဆိုရင်ဒီအချိန်ဒီကာလဟာ လှဝင်းကြည်တစ်ယောက်ဝင်ငွေကြမ်းတဲ့ ကာလတစ်ခုလို့ဆိုရမှာပါ။ လှဝင်းကြည်ဟာ ဒီရာသီကိုအမြဲမျှော်လင့်နေတတ်တယ်။ ဒီရာသီရောက်ပြီဆိုရင်လှဝင်းကြည်တစ်ယောက်ကြွက်ထောင်၊ ကြွက်ထိုး၊ ယုန်ထောင်တောကြောင်လိုက်ဆိုတဲ့အလုပ်တွေကိုတန်းစီပြီးလုပ်တော့တာပဲ။ ဒီလုပ်ငန်းဟာသူ့အတွက်မိသားစုစားဝတ်နေရေးကိုအဓိကဖြေရှင်းဖြည့်ဆည်းပေးနိုင်တဲ့လုပ်ငန်းတစ်ခုဖြစ်သလိုအပိုဝင်ငွေတွေရတော့ပျော်တာပေါ့။ ပြီးတော့ ခုလိုဆောင်းအကုန်နွေအကူးရာသီဟာ အမဲလိုက်လို့အကောင်းဆုံးအချိန်လည်းဖြစ်တယ်ဆိုတာ သူကအသေအချာသိတယ်လေ။

ရေမြေတောတောင်တွေကလည်းကြည့်လိုက်ဦး။ သဘာဝကိုက တောသူတောင်သားတွေအကြိုက် လုပ်ကိုင်စားသောက်နိုင်ဖို့ဖန်တီးထားသလိုဖြစ်နေတယ်။ ဟိုးရှေးခေတ် အင်္ဂလိပ်မင်းလက်ထက်ကတည်းကတည်ရှိခဲ့တဲ့အိုင်းမဆည်ကြီးကရေကို တောင်မန်းချောင်း၊မြောက်မန်းချောင်းဆိုပြီး တူးမြောင်းကြီးနှစ်ခုကလှဝင်းကြည်တို့ကျေးရွာတွေကိုကွေ့ဝိုက်သွယ်တန်းထားတယ်။ ရေကိုလည်းလိုသလိုသွယ်ယူအသုံးပြုနိုင်တယ်။မန်းချောင်းကြီးကလည်းလှဝင်းကြည်တို့ ပင်လယ်သက်ရွာကိုဖြတ်သန်းစီးဆင်းနေပြီး ရေခံမြေခံကိုက လှဝင်းကြည်တို့ရွာသားတွေအတွက်တော့ရေကန်အသင့်ကြာအသင့်ဆိုသလိုဖြစ်နေတာပေါ့။ ပင်လယ်သက်ရွာလေးဟာ မင်းဘူး/စကုမြို့နယ်ထဲမှာပါဝင်ပြီး အိမ်ခြေ (ဟိုခေတ်က)(၂၅၀)/(၃၀၀)ခန့်ရှိတဲ့ရွာတစ်ရွာလည်းဖြစ်တယ်။ ဒီလိုရေခံမြေခံကြောင့်ပဲရွာအနီးပတ်ဝန်းကျင်မှာ မြွေ၊ ဖား၊ ကြွက်၊ ယုန်၊ တောကြောင်ဆိုတဲ့သတ္တဝါတွေကပေါမှပေါ။ သည်တူးမြောင်းကြီးနဲ့ မန်းချောင်းကိုအမှီပြုပြီးနေထိုင်စားသောက်ရတဲ့ရွာတွေကတော့မုတ္တောရွာ၊လှော်ပြုတောရွာ၊ကသက်ရွာ၊ လက်ပံတောရွာ၊ ရွှေချောင်းရွာ၊ပေါင်းရွာ၊ မုက္ခရွာ၊ ကျည်းကန်ရွာဆိုတဲ့ရွာတွေများစွာရှိပြီး၊ သည်နယ်မြေကကျေးလက်တောင်သူများဟာလယ်ယာကိုင်းကျွန်းပဲ၊ နှမ်း၊ ပြောင်း၊ စပါး စတဲ့ကောက်ပဲသီးနှံတွေအစုံစိုက်ပျိုးလုပ်ကိုင်ကြရတယ်။ လှဝင်းကြည်တို့လိုအခြေမဲ့လူတချို့ကတော့လုပ်ခင်းယာခင်းမရှိတော့ကြွက်ထောင်ကြောင်လိုက်၊ ယုန်ထောင်စတဲ့အမဲလိုက်ခြင်းအလုပ်တွေကိုပဲဦးစားပေးလုပ်ကိုင်စားသောက်ကြရတာပါပဲ။ တချို့ကဝါသနာအရလုပ်သလို တချို့ကစီးပွားဖြစ်လုပ်ကြတယ်။လှဝင်းကြည်တစ်ယောက်ကတော့ ဝါသနာအရပြောပြောစီးပွားရေးအရဆိုဒီနယ်မှာမုဆိုးအလုပ်နဲ့အသက်မွေးသူတွေထဲမှာသူကထိပ်ဆုံးကပါပါတယ်။

လှဝင်းကြည်ဆိုတဲ့ကောင်ကလည်းတကယ့်လောဘအိုးပဲ။ ကြည့်လေကြွက်တွေကို သူက ညဘက်မှာကပ်ပိနဲ့ထောင်ရုံနဲ့အားမရနိုင်ဘူး။ ကပ်ပိနဲ့ထောင်တဲ့နေရာမှာထောင်ပြီး ညဘက်ဆိုအရှည်ဆယ်ပေလောက်ရှိတဲ့ အရိုးတပ်ထားတဲ့မှိန်းနဲ့လည်း လယ်ကြွက်တွေကိုလိုက်လံရှာဖွေထိုးသတ်လေ့ရှိတယ်။ သီးသန့်ကပ်ပိနဲ့ထောင်လို့ရတဲ့ကြွက်နဲ့ညဘက်ကိုယ်တိုင်မှိန်းနဲ့လိုက်ထိုးလို့ရတဲ့ကြွက် နှစ်မျိုးပေါင်းလိုက်ရင်တစ်နေ့ကိုကြွက်အကောင်နှစ်ရာလောက်ရတတ်တယ်။သည်နယ်မှာတော့ကြွက်ထောင်ကြောင်လိုက်၊ ယုန်ထောင်ဆိုတဲ့သားသတ်မုဆိုးလောကမှာ လှဝင်းကြည်ကဆရာကြီး၊ဘယ်တော့မဆိုသူမပါလို့မဖြစ်၊ သူပါတဲ့နေ့ဆိုသားကောင်ပိုရတတ်တယ်။ ပြီးတော့သူ့မှာကသူလက်သပ်မွေးထားပြီးစပါယ်ရှယ်လေ့ကျင့်ထားတဲ့ဝါရင့်အမဲလိုက်ခွေးကသုံးကောင်ရှိတယ်။ လှဝင်းကြည်ရယ်၊သူ့ခွေးတွေရယ်ပါလို့ကတော့ သားကောင်တွေ မျက်ခုံးလှုပ်ပေတော့။ ဘယ်အကောင်မှမလွတ်ဘူး။ သူက အဲဒီလိုပိုင်တာ။ ဒီနေ့လည်းကြွက်အကောင်နှစ်ရာလောက်ရလိုက်တော့လှဝင်းကြည်ပျော်နေတယ်။ သမီးအငယ်မကစကတ်လှလှလေးဝယ်ခိုင်းနေတယ်။ အလတ်မကတီရှပ်တဲ့ပြီးတော့မိန်းမကမြို့သွားရင် သူကြိုက်တတ်တဲ့ခေါက်ဆွဲကြော်တစ်ထုပ်ပါမှ မြို့ပေါ်တက်ပြီးကြွက်ရောင်းလို့ရရင်ဒါတွေဝယ်ခဲ့ရဦးမယ်ဆိုတဲ့ အတွေးတွေတစ်သီတစ်တန်းကြီးနဲ့တွေးမိရင်းလှဝင်းကြည်ပြုံးနေမိတယ်။

"ဟေ့- လှဝင်းကြည်ရေ. . . လှဝင်းကြည်"

"ဟေ. . . ဘာလဲကွဟန်စိုး၊ရ။မင်းကလည်း မောကြီးပန်းကြီးနဲ့"

"အေး. . . မောဆို. . . မင်းကိုလိုက်ရှာနေရတာ မင်းအိမ်ကဒီဘက်ကြွက်ဖြုတ်ထွက်သွားတယ်ပြောလို့ ငါခုမင်းနောက်လိုက်လာတာ"

"အေးကွ၊ ဟုတ်တယ်။ ငါညကကပ်ပိနဲ့ထောင်ထားတဲ့ကြွက်တွေလိုက်ဖြုတ်နေတာ"

"ဟုတ်လား. . . ဘယ်နှစ်ကောင်လောက်ရလဲကွ"

"ညကငါမှိန်းနဲ့လိုက်ထိုးတာရောဆိုအကောင်နှစ်ရာလောက်ရှိမယ်ကွ"

ဟန်စိုးက-

"အေးကွာငါတို့ဒီနေ့ညအစီအစဉ်တစ်ခုရှိလို့ မင်းကိုလိုက်ရှာနေတာကွ လှဝင်းကြည်ရ"

"ဟေ- ဆိုပါဦးကွ။မင်းအစီအစဉ်ကို"

"ဒီလိုကွတို့ဒီနေ့ညယုန်လိုက်ဖို့အစီအစဉ်ရှိတယ်။ ဟိုရွာပျက်ကလေးဘက်

မှာယုန်တွေတော်တော်လာတယ် ပြောတယ်။ အဲဒါဒီညမင်းငါတို့နဲ့လိုက်ဖို့လာခေါ်တာ"

လှဝင်းကြည်ကပျာပျာသလဲငြင်းတယ်။

"ဟာကွာ၊ညကငါတစ်ညလုံးကြွက်လိုက်ထိုးထားလို့ အိပ်ရေးပျက်နေတယ်ကွာ။ ငါ. . . ငါမလိုက်ပါရစေနဲ့ကွာ"

"ဟာ- ဟော့ကောင် မင်းမလိုက်လို့မရဘူးကွ။ ဒီကိစ္စမျိုးဆို မင်းကဆရာကြီးလေ။ ယုန်ပြေးလမ်းကိုမင်းပဲသိတာ။ ပြီးတော့ မင်းခွေးတွေကလည်း မင်းလိုက်မှ ရှူမှာပေါ့ဟ"

"အေးကွာ. . . ဒါဒါဆိုလည်းလိုက်ရတာပေါ့ကွာ"

ဒါမျိုးဆို လှဝင်းကြည်တို့က နှစ်ခါမခေါ်ရဘူးလေ။ ခေါင်းညိတ်ပြီးသားဖြစ်သွားတယ်။

"အေး- ဒါဆို တို့ညခုနစ်နာရီလောက်ထွက်မယ်။မင်းဓာတ်မီးတို့မှိန်းတို့ အဆင်သင့်လုပ်ထားနော်"

"အေးပါကွာ အေးအေး"

လှဝင်းကြည်က ကြွက်ထိုးလည်းအလွန်ကျွမ်းတယ်၊ တစ်ဖက်ကဓာတ်မီးကိုင်ပြီးတစ်ဖက်ကမှိန်းနဲ့လယ်ကြွက်တွေကို တစ်ကောင်တစ်ချက်မလွတ်တမ်းထိုးနိုင်သလို ယုန်နဲ့တောကြောင်တွေအထာလည်းအရမ်းညက်တယ်။ ယုန်ကိုဘယ်ဘက်ကခြောက်ရင် ဘယ်ကိုပြေးမယ်ဆိုတာ လှဝင်းကြည်အတတ်သိတယ်။ ဒါကြောင့်လှဝင်းကြည်ကိုဟာန်စိုးကမရမကခေါ်နေရတာ။

*

ဒီနေ့မနက်ကိုဒေါ်တစ်ယောက်သူ့ယာခင်းထဲကိုခါတိုင်းထက်စောစောထွက်ခဲ့တယ်။ ခုတစ်လောပဲခင်းကိုသူခိုးတွေခဏခဏလာနေတယ်။ပဲခင်းကရိတ်သိမ်းခါနီးနေပြီဆိုတော့ကိုဒေါ်တော်တော်ဂရုစိုက်နေတာ၊ပဲခင်းကိုမျက်ခြေပြတ်လို့မဖြစ်။ ဂရုစိုက်နေတဲ့ကြားထဲကညကသူ့ပဲခင်းထဲသူခိုးဝင်လို့လိုက်ဖမ်းရာမှာသူခိုးကပမာမခန့်သူ့ကိုလောက်လေးနဲ့ ပြန်ပစ်သွားတာ။ ကိုဒေါ်ဦးခေါင်းမှာဒေလာက်လေးဒဏ်ရာနဲ့ဖူးရောင်နေပြီ။ဒါကြောင့်ကိုဒေါ်တစ်ယောက်နာမည်နဲ့လိုက်ဖက်စွာဒေါသူပုန်ထနေလေရဲ့။

"တောက်- တွေ့ကြသေးတာပေါ့ သူခိုးရာ။ဒီနေ့ညတော့သူပြတ်ကိုယ်ပြတ်ပဲဟေ့"

ကိုဒေါ်စိတ်ထဲမှာကျိတ်ပြီး ကြုံးဝါး



လိုက်တယ်။ဒီညနေကိုဒေါ်ထမင်းကိုစောစောစီးစီးစားလိုက်တယ်။ထမင်းမစားခင်အသင့်ဆောင်ထားတဲ့ပုလင်းထဲက ယမကာသုံးခွက်လောက်ကို ဆက်တိုက်မော့ပစ်လိုက်တယ်။

'အင်း-ဒါမှဒီနေ့ညသူခိုးကိုအပြတ်ရှင်းနိုင်မှာ'

လို့တွေးလိုက်ရင်း အမြည်းတစ်ဖတ်ကောက်ဝါးလိုက်တယ်။ ဒါကကိုဒေါ်အတွက်ရဲဆေးပဲလေ။ ည (၇) နာရီလောက်မှာတော့သူကိုင်နေကျလှံမားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ဓာတ်မီးဆွဲပြီးယာခင်းထဲကိုဆင်းလာခဲ့တယ်။ လှံမားဆိုတာကမားကဲ့သို့အသွားနှစ်ဖက်ရှိပြီး လှံလိုအရိုးရှည်တပ်ထားတဲ့ နှစ်ဖက်သွားလှံရှည်ကိုခေါ်တာပါ။ ဒါက ကိုဒေါ်အတွက် အားအကိုးရဆုံးလက်နက်ပဲ။ အချိန်စောသေးလို့ ပါလာတဲ့ဆေးပေါ့လိပ်ကိုမီးညှိပြီး အားရပါးရဖွာရှိုက်လိုက်ကာမီးခိုးတွေကိုစိတ်ရှိလက်ရှိမှုတ်ထုတ်လိုက်တယ်။ မီးခိုးတွေကတော့ကိုဒေါ်ရဲ့ဒေါသ၊ အာဃာတများနှင့်ရောထွေးပြီးကောင်းကင်ကိုအလိပ်လိုက်အလိပ်လိုက်တက်သွားတယ်။

"ကဲ- ဒီနေ့ညတော့ သူခိုးတွေလာချင်တဲ့ကောင်လာခဲ့။ ငဒေါ်တဲ့တစ်ဒေါ့ထဲရှိတယ်"

ဟုစိတ်ကရေရွတ်ရင်းနဘူးချုံထဲကနေပြီး သူခိုးများကို အသင့်အနေအထားနဲ့စောင့်နေလိုက်တယ်။

*

လှဝင်းကြည်၊ ဟာန်စိုး၊ မောင်ဦးတို့သုံးယောက်သား ဓာတ်မီးကိုယ်စီနဲ့ ခွေးသုံးကောင်ခေါ်ပြီး ည (၇) နာရီအိမ်ကထွက်ခဲ့တယ်။ မဟူရာညကအေးအေးစိမ့်စိမ့်နဲ့ ကြယ်ရောင်ကလွဲပြီးဝန်းကျင်တစ်ခုလုံးအမှောင်ဖုံးလို့ဒီနေ့ညရွာပျက်ကလေးအလွန်နဘူးချုံဘက်မှာယုန်တွေလာရောက်ကျက်စားတယ်ဆိုတာသိရလို့ ရွာပျက်ကလေးဘက်ကိုသုံးယောက်သားတရွေ့ရွေ့သွားနေကြတယ်။ သားကောင်ဆိုလို့အရိပ်တောင်မတွေ့ရသေး။ အရှေ့ထဲမှာဓာတ်မီးသုံးလက်စလုံးက ထူးဆန်းစွာမီးသီးကျွမ်းသွားတဲ့အတွက် မီးသီးဝယ်ဖို့ရွာပျက်ကလေးကနေ ပေါင်းရွာဘက်ကိုပြန်လှည့်ခဲ့ရတယ်။ ပေါင်းရွာမရောက်မီလယ်ကွင်းအနီး နဘူးချုံစပ်အရောက်မှာတော့ ရုတ်တရက်စူးစူးရှရှဓာတ်မီးရောင်တစ်ခုကရှေ့ဆုံးကလှဝင်းကြည်မျက်နှာပေါ်ကိုကျရောက်လာပြီး လှဝင်းကြည်ကြက်သေသေနေစဉ်မှာ'လိုက်ဟေ့ဖမ်းဟေ့'ဆိုတဲ့အသံတွေဆူဆူညံညံထွက်ပေါ်လာပြီးလှဝင်းကြည်ရင်ဝတည့်တည့်ဆီမှာပူခနဲတစ်ချက်ခံစားရလိုက်ပြီး တစ်စုံတစ်ယောက်က မိမိကိုလှံနဲ့ထိုးလိုက်ကြောင်းသိရလိုက်တော့သတိကြီးစွာထားရင်းလှံနဲ့ထိုးသူကိုဓာတ်မီးရောင်နဲ့လှမ်းအကြည့်လောကကြီးတစ်ခုလုံး မှောင်အတိကျသွားပြီး လှဝင်းကြည်တစ်ယောက် သွေးအိုင်ထဲမှာလဲကျသွားပါတော့တယ်။ သူ့နောက်က ဟာန်စိုးနဲ့မောင်ဦးတို့လည်းကြောက်လန့်ပြီးခြေဦးတည့်ရာပြေးသွားကြပြီ။ လှဝင်းကြည်ကတော့ သွေးအိုင်ထဲသွေးအလူးလူးနဲ့ တစ်ချိန်ကသူရက်စက်စွာမှိန်းနဲ့လိုက်ထိုးခံရတဲ့ကြွက်များကဲ့သို့မရှုမလှခံစားခဲ့ရပါပြီ။ တစ်ချိန်ကကြွက်တွေကိုသူသတ်စဉ်မှာသူခံစားခဲ့ရတဲ့သူ့ပီတိ၊ သူ့အပျော်တွေဟာ ရုတ်ချည်းအကုသိုလ်သို့ပြောင်းသွားခဲ့ပြီ။ ကြွက်တွေရဲ့သွေးကြွေးကို သဘာဝတရားကပြန်တောင်းခဲ့ပါပြီ။ ဟာန်စိုးတို့လူစုပြီး လှဝင်းကြည်ကိုပြန်ရှာကြတဲ့အခါမှာတော့လှဝင်းကြည်တစ်ယောက်သွေးအိုင်ထဲမှာ ရင်ဝထိုးစိုက်ဒဏ်ရာဖြင့် မရှုမလှသေဆုံးနေသည်ကိုတွေ့လိုက်ရချိန်မှာ သူ့ရဲ့အချစ်တော်ခွေးလေးသုံးကောင်ကတော့သခင့်အနားကဘယ်မှမခွာဘဲသစ္စာရှိစွာစောင့်ရင်းဝပ်လျက်တွေ့ရတယ်။

ဘဝအတွက်၊ ဂုဏ်အတွက်၊ ငွေအတွက်ရလိုမှုကိုယ်စီနဲ့ဆန္ဒတွေထွန်ယက်ရင်း ပန်းတိုင်ဆီ မမောမပန်းပြေးလွှားနေကြသူများ၊ရလိုမှုအတွက်အသက်သတ်ခိုးမှုတွေကျူးလွန်ကြရင်း လက်ရှိဘဝမှာပင် ဝဋ်ကြွေးတွေကို ပြန်လည်ပေးဆပ်ကြရသူများထဲတွင် လှဝင်းကြည်တစ်ယောက်လည်းပါဝင်ပါတယ်။လှဝင်းကြည်ကတော့ 'ဝိပါက်ကြမ္မာမပြေးသာ' ဆိုသည်ကို သိမသွားနိုင်မီမှာပင်ဝဋ်ကြွေးကိုအသက်ဖြင့်ပေးဆပ်ခဲ့ရပါပြီ။ အကုသိုလ်တရားများကားကြောက်မက်ဖွယ်ကောင်းလေစွ။

ကိုလှိုင်(မြန်မာစာ)

# မည်သို့ရှင်းပြရမည်နည်း

ဦဒိဒိ



ကြွက်သေတစ်ခုအရင်းပြုဟူသော စကားစုကို ကျွန်ုပ်တို့ကြားဖူးခဲ့ကြသည်သာ။ သို့သော် လက်တွေ့ကျကျလိုက်နာဆောင်ရွက်သူကား နည်းပါးလှ၏။ ထို့ထက်အလွန်ပေါက်မြောက်အောင်မြင်သူကားသာ လွန်၍ပင်ရှားပါးလှလေ၏။

အလားတူပင်-

လောကလူသားများ၏နှုတ်ဝယ်၌ ထည်လဲသုံးစွဲနေကြသော သံဝေဂရသည်ဆိုသော ဝေါဟာရသည်လည်းစကားလှအောင်ကြားကောင်းရုံမျှ ပြောဆိုနေကြခြင်းပင်။ ယင်း၏လေးနက်သောသဘောအဓိပ္ပာယ်ကို သိသူရှားပါး၏။ ထို့ထက်သံဝေဂဉာဏ်ကို ပိုင်ဆိုင်သူကား အလွန့်အလွန်ပင်နည်းပါးမည်ကားဧကန်မလွဲပင်။

ထိတ်လန့် ကြောက်ရွံ့သင့်သော အရာဌာနများ၌ ထိတ်လန့်ကြောက်ရွံ့တတ်သောအသိဉာဏ်ကို သံဝေဂဉာဏ်ဟု ဆိုလိုရင်းဖြစ်၏။ သို့အတွက်ကြောင့် ကမ္မဋ္ဌာန်းပြဆရာကြီးများသည် 'သံဝေဂရှိမှတရားအားထုတ်ပါ'ဟုသတိပေးစကားမိန့်ကြားတတ်ကြခြင်းပင်။

သံဝေဂဉာဏ် ဖြစ်ပေါ်ပုံမှာ အကြောင်းအရာ နေရာဒေသ ပုဂ္ဂလနှင့်ရှုထောင့်များ မည်သို့ပင် ကွဲပြားခြားနားနေစေကာမူ ဓမ္မသတ္တိဖြစ်သော အကျိုးတရားကား အေးငြိမ်းချမ်းသာခြင်းဆီသို့ ဦးတည်ပေးနိုင်သော လမ်းညွှန်ကိရိယာတစ်ခုနှင့် အလားသဏ္ဌာန်တူလှပေ၏။

ကျွန်ုပ်နှင့် ၂၀၀၆ ခုနှစ်၊ နွေရာသီတွင် ဆုံတွေ့ခဲ့ရသော ယောဂီတစ်ဦး၏ တွေးခေါ် သံဝေဂယူခဲ့ပုံများအား ယနေ့တိုင်အောင်ပင် မှတ်မှတ်ရရရှိနေခဲ့၏။

*

ကျွန်ုပ်နှင့် ဦးပဥ္စင်းဦးသုဝဏ္ဏတို့သည်မွန်ပြည်နယ်ရှိ ဇင်းကျိုက်တောင်ပေါ် တွင်တွေ့ဆုံကာ ခင်မင်ရင်းနှီးခဲ့ကြခြင်းဖြစ်၏။ ဦးသုဝဏ္ဏကားသထုံမြို့ပေါ်ရှိစာသင်တိုက်ကြီးတွင်အကြီးတန်းတက်ရောက် သင်ကြားနေသူလည်း ဖြစ်၏။ ယခုနှစ်တွင် ကျန်းမာရေးအခြေအနေကြောင့်စာမေးပွဲမဝင်ဖြစ်တော့ဘဲအနားယူရင်းဇင်းကျိုက်စေတီတော်သို့လာရောက်ဖူးမြော်ရင်း တရားအားထုတ်နေသူ ဖြစ်၏။

ကျွန်ုပ်လည်း ဤမှတစ်ဆင့် ကရင်ပြည်နယ်ရှိဇွဲကပင်တောင်ဆီသို့ခရီးဆက်ရန်ရှိနေသေးသဖြင့် စူးစမ်းမေးမြန်းကြည့်ရာ ၎င်းမှ 'ဖြတ်လမ်းသိသည်သူပါတစ်ပါတည်းလိုက်ခဲ့မည်'ဟုဆိုလာသောကြောင့် ခရီးသွားဖော်ရရှိခဲ့လေ၏။ ခရီးဆက်ရင်း ၎င်းနှင့်သိကျွမ်းခင်မင်သော၊သဲအိမ်စုရွာမှ ဦးနုဆိုသူ၏အိမ်၌ တစ်ညတာ နားခိုခဲ့ရလေ၏။

ဦးနုသည် ကရင်လူမျိုးဖြစ်သည့် အလျောက် ရိုးသားပွင့်လင်းကာ ဖော်ရွေလှသူဖြစ်၏။ ၎င်း၏ဇနီးအမည်မှာလည်း ဒေါ်နုပင် ဖြစ်လေ၏။ ညဥ့်ဦးပိုင်းအခါ၌ ဝိုင်းဖွဲ့ကာ လက်ဖက်ရည်သောက်ရင်း စကားစမြည်များပြောကြားကြ၏။ ဦးနုခမျာ ကရင်သံဝဲဝဲဖြင့် မြန်မာစကားကို ကြိုးစား၍ ပြောဆိုနေရသောကြောင့် တစ်ခါတစ်ရံ အသုံးအနှုန်းများ လွဲမှားတတ်သဖြင့် ကျွန်ုပ်တို့လူစုမှာ တသောသောနှင့် ပွဲကျနေခဲ့ရလေ၏။

ဦးနုပြောပြနေသော၎င်း၏အကြောင်းကား ထူးဆန်း၍စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။

၎င်းသည်သဲအိမ်စုဇာတိပင်။သည်မှာမွေး သည်မှာကြီး၍ ဤရွာသူနှင့်ပင် အိမ်ထောင်ကျခဲ့သူဖြစ်၏။ သောက်စားပျော်ပါး လောင်းကစားခြင်းမရှိ သူ၏ကျင်လည်ရာကား လယ်ယာ၊ကိုင်းတောနှင့် မိသားစုအိမ်ပင်။ နံနက်မိုးသောက်အလင်းရောက်သည်နှင့် ထမင်းကြမ်းစားသောက်ကာ နွားများနှင့်အတူထွက်၍ ညနေနေဝင်ချိန်မှ အိမ်သို့ပြန်လာတတ်သည်ကား သူ့အကျင့်။ နွေ၊ မိုး၊ ဆောင်း၊ ရာသီတွေ အလီလီပြောင်းခဲ့သော်လည်း ဦးနုကား ဂရုပြုမိပုံမရ။

ရပ်ရေးရွာရေး၊ လူမှုရေးကိစ္စများကိုလည်း အိမ်သူနှင့်သာလွှဲအပ်ထားပြီး ဝင်ရောက်စွက်ဖက်လေ့မရှိ။မျက်နှာနာရသောမိသားစုဝင်ဆွေမျိုးရင်းချာတို့၏ကိစ္စများ၌သာရံခါမျက်နှာသွားပြတတ်၏။လူစုလူဝေးနှင့်ကြာကြာနေတတ်သူမဟုတ်၊ မိသားစုများကိုပင်လိုအပ်မှသာတိုတိုတုတ်တုတ် ပြောဆိုတတ်သူ ဖြစ်၏။ဤသို့ဖြင့် အသက်သည်လည်း ခြောက်ဆယ့်ငါးနှစ်အတွင်းသို့ပင် ချဉ်းနင်းဝင်ရောက်လာခဲ့ချေပြီ။ အချိန်တန်တော့လည်း နွားပိန်တန်ချက်က ချက်ကောင်းကို တန်းထိမိလေတော့၏။ ထိုနေ့က-

ထိုနေ့က ဦးနုတစ်ယောက် ထုံးစံအတိုင်းနေဝင်မိုးချုပ်မှအိမ်သို့ပြန်ရောက်လာခဲ့၏။ အိမ်တွင်ငယ်ပေါင်းကြီးဖော်သူငယ်ချင်းတစ်ယောက်ကလည်း ၎င်း၏အလာကိုရေနွေးသောက်လျက်စောင့်ကြိုနေခဲ့၏။ တရားသွားနာရန်အတွက် ဓမ္မာရုံသို့ ဖွတ်အတင်းခေါ် နေသောကြောင့် အားနာနာဖြင့် လိုက်ခဲ့ရလေတော့၏။ ဓမ္မာရုံတွင်ညစဉ်စုပေါင်း၍ တရားခွေဖွင့်က တရားနာခြင်း၊ တရားဆွေးနွေးခြင်း အစဉ်အလာသည် ဆယ်စုနှစ်နှစ်စုမကကြာမြင့်ခဲ့ပြီဖြစ်သော်လည်းတစ်ကြိမ်တစ်ခါမျှ မရောက်ဖြစ်ခဲ့။ ယခုသော်ယောင်နနဖြင့် လိုက်ပါနာကြားရလေတော့၏။

တရားနာယူ၍ပြီးဆုံးသောအခါ၌ ဆက်လက်၍စုဖွဲ့ကာ တရားဆွေးနွေးကြပြန်လေ၏။ ထိုအခါဦးနုမှ 'ငါကနိဗ္ဗာန်ရောက်ဖို့ဆိုတာတော်တော်လေးခက်မည်လို့ထင်ထားခဲ့တာ၊ ခုတော့ကြည့်စမ်းပါဦး လောဘရယ်၊ ဒေါသရယ်၊ မောဟရယ် ဒီသုံးခုလေးမရှိတာနဲ့နိဗ္ဗာန်ရပြီဆိုတော့ လွယ်လွယ်ကလေးပါလားဟ'ဟူ၍ သူ့အတွေး သူ့အထင်ကိုဝင်ရောက်ပြောဆိုလိုက်ရာ ပွဲကျသွားခဲ့လေ၏။ ၎င်း၏အကြောင်းကိုခရေစေ့တွင်းကျသိနေကြသူများဖြစ်သောကြောင့် မည်သူမျှတစ်စုံတစ်ရာမှတ်ချက်ပြုခြင်းမျိုးမရှိခဲ့ပြုံးစေ့စေ့ဖြင့်သာ နားထောင်နေခဲ့ကြ၏။

အိမ်သို့ပြန်ရောက်သောအခါတွင်လည်း ဇနီးဖြစ်သူအား'ငါအခုအချိန်ကစပြီးနိဗ္ဗာန်ရောက်အောင်တရားအားထုတ်တော့မယ်။ ဘာအလုပ်မှမလုပ်တော့ဘူး၊ နင့်ဟာနင်ကြည့်စီစဉ်ပေတော့' ဟုယတိပြတ် ပြောဆို၏။ ၎င်း၏အိပ်ရာကိုဘုရားခန်းသို့ပြောင်းရွှေ့ကာအိပ်စက်လေတော့၏။ အမှန်ပင် ထိုနေ့ထိုအချိန်မှစ၍စီးပွားရေးကိုအလျဉ်းပင်လှည့်မကြည့်တော့ပေ။ တရားနာတရားအားထုတ်ခြင်းအမှုကိုသာ စွဲစွဲမြဲမြဲ ပြုလေတော့၏။

ညစဉ်ညတိုင်းမပျက်မကွက်ဓမ္မာရုံသို့သွားရောက်ကာတရားနာယူခဲ့သောကြောင့်ဘာသာရေးအသိအမြင်များလည်း တစ်စထက်တစ်စ ကြွယ်ဝလာခဲ့၏။

'ဤခန္ဓာကိုယ်ကြီးသည် သေမင်းထံမှခေတ္တငှားရမ်းထားခြင်းသာဖြစ်သောကြောင့်အချိန်တန်လျှင်ဧကန်မုချပြန်လည်၍ပေးအပ်ရမည်သာ၊သို့အတွက်ကြောင့် မညှာမတာခိုင်းစေနိုင်မှ တော်ကာကြပေမည်' ဟုအသိဉာဏ်သက်ဝင်မိသဖြင့်နေ့စဉ်နံနက်ထမင်းကြမ်းစားပြီးသည်နှင့်တစ်ပြိုင်နက်ပေါက်တူးတစ်လက်ထမ်းကာရွာရိုးကိုးပေါက်လျှောက်၍ လမ်းပြင်ခြင်း၊ လမ်းဖို့ခြင်းများကိုလုပ်ကိုင်လေတော့၏။ ဆည်မြောင်းတာတမံနှင့်ရေတွင်းရေကန်များကိုလည်းရာသီအလိုက်တူးဖော်ဆယ်ဖို့တတ်သေး၏။

'ရွှေ၊ ငွေ၊ လယ်ယာအစရှိသော ပစ္စည်းဥစ္စာမှန်သမျှတို့သည်လည်းမီး၊ရေ၊ သူခိုး၊မင်းစိုး ကလူ၊ မုန်းသည့်သူ ဟူသောရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေရုံမျှမက အခြားအခြားသော အန္တရာယ်တို့ကိုလည်း'လာပါယူပါ'ဟုလက်ယပ်ဖိတ်ခေါ်နေသကဲ့သို့ရှိချေ၏'ဟူ၍သံဝေဂရမိသောကြောင့်မိမိပိုင်ငွေကြေးဖြင့်တံတားပေါင်းတံတားပျက်များအားပြုပြင်ခြင်း လိုအပ်ပါက တံတားသစ်များဆောက်လုပ်ခြင်း အစရှိသောကုသိုလ်ကောင်းမှုများကိုသာနိစ္စဓူဝပြုလုပ်ဆောင်ရွက်လေတော့၏။ ဒါန၊ သီလ၊ ဘာဝနာလုပ်ငန်းများကိုသာ တစိုက်မတ်မတ်အာရုံပြုလုပ်ဆောင်နေတော့၏။

တစ်ခါသော်-

၎င်းနှင့်ကျောင်းတော်ကရန်ကြောင့် ငယ်စဉ်တောင်ကျေးကလေးဘဝမှယနေ့ထက်ထိတိုင်တစ်ခါမျှအကောင်းမမြင်၊ အကောင်းမပြောဖူးသောအဘွားကြီးတစ်ဦးသည်သေငယ်ဇောဖြင့်နှစ်ရက်တိုင်တိုင်သတိမေ့မြောနေခဲ့၏။ ၎င်းပြန်လည်၍သတိရလာသောအခါတွင် 'ဟိုသေနာကောင်ကြီးအတွက် နတ်ပြည်မှာဗိမာန်တောင်ပေါက်နှင့်နေပြီ'ဟုထူးထူးဆန်းဆန်း ထုတ်ဖော်ပြောပြခဲ့ဖူး၏။

ယခုနောက်ပိုင်းကာလများတွင် ဦးနုသည် သက်ရှိသက်မဲ့အရာဟူသမျှတို့သည်အနိစ္စမမြဲဖြစ်ခြင်းပျက်ခြင်းသဘောမျှသာရှိကြလေသည်ဟု နှလုံးသွင်းကာရှုမှတ်နေခဲ့၏။

ကာလအတန်ကြာလာသောအခါတွင် ထူးခြားမှုများကို စတင်တွေ့ရှိလာခဲ့လေ၏။ မိမိမျက်မှောက်ရှိ သစ်သားတိုင်ကြီးကိုကြည့်ရင်း'ဤတိုင်ကြီးသည်လည်း မမြဲသောအနိစ္စပါတကား' ဟု နှလုံးသွင်းရှုမှတ်၍ကြည့်ရှုနေစဉ်မှာပင်ထိုသစ်သားတိုင်ကြီးသည် တဖြည်းဖြည်းချင်းဟောင်းနွမ်းဆွေးမြေ့ကာယိုယွင်းပျက်စီးလာလေတော့၏။ အဆုံး၌အမှုန်အမွှားအဖြစ်သို့ပြောင်းလဲရောက်ရှိသွားကာလွင့်ပါးပျောက်ကွယ်သွားကြ၏။ထိုအခြင်းအရာများကိုသမာဓိအာရုံဖြင့်မြင်တွေ့ရခြင်းမဟုတ်။ ပကတိမျက်စိဖြင့်မျက်ဝါးထင်ထင်မြင်တွေ့နေရခြင်းပင်။

ထိုသို့မြင်တွေ့နေရစဉ်တွင် မိမိ၏ကိုယ်တွင်းရှိ အူ၊ အသည်း၊ ကလီစာများကိုလည်းအရာဝတ္ထုတစ်ခုဖြင့်ရစ်ပတ်လိမ်ကျစ်နေသကဲ့သို့ ခံစားရ၏။ခံရခက်သောဒုက္ခဝေဒနာကိုလည်း တစ်စထက်တစ်စတိုးကာ ခံစားနေရလေ၏။ နာကျင်မှုတို့သည် ပြင်းထန်လွန်းသဖြင့် ဝမ်းဗိုက်ကိုလက်နှင့်နှိပ်၍ ခွေခေါက်ကာ အော်ဟစ်ညစ်ညူးနေရလေ၏။ ရှုမှတ်မှုကိုရပ်နားလိုက်တော့မှသာလျှင်တဖြည်းဖြည်းချင်းပြန်လည်၍သက်သာလာတော့၏။ရှုပွားတိုင်းပင် အလားတူအဖြစ်မျိုးနှင့်ကြုံတွေ့နေရသဖြင့်တစ်ခုခုလွဲချော်နေသည်ကိုရိပ်စားမိ၏။ သို့သော် မည်သည့်နေရာတွင် မည်ကဲ့သို့လွဲချော်နေမှန်းမသိသောကြောင့် မည်သည့်အရာကိုပြုပြင်ရမှန်းမသိဖြစ်နေခဲ့၏။

ဓမ္မမိတ်ဆွေများအားဖြစ်ကြောင်းကုန်စင်ပြောပြ၍ မေးမြန်းအကြံဉာဏ်တောင်းခံကြည့်ရာအများစုက'စိတ်ထင်လို့နေမှာပါ၊ မဖြစ်နိုင်ပါဘူး' ဟူ၍မှတ်ချက်ပြုကာ ယုံကြည်လက်ခံခြင်းမရှိကြချေ။

'အတိတ်က ဝဋ်ကြွေးရှိလို့ပြန်ဆပ်နေရတာပါ' ဟု ဆိုသူက ဆို၏။

'ကမ္မဋ္ဌာန်းပေါက်ပြီး ရူးသွားလေပြီ' ဟုထင်သူကလည်း မရှား။ သို့သော် ဦးနုကားဖွဲမလျှော့ပေ။တရားအားထုတ်နေသောရဟန်းရှင်လူယောဂီတို့နှင့် တွေ့ဆုံလေတိုင်းထုတ်ဖော်မေးမြန်းတတ်စမြဲပင်။ ၎င်းအား နားလည်အောင်ရှင်းပြနိုင်သူအား ယခုတိုင်မတွေ့ရှိသေးပါ'ဟု ဆိုလျက် ကျွန်ုပ်တို့အား မေးမြန်းလာလေတော့၏။

၎င်း၏စကားကိုနားထောင်နေရင်းမှကျွန်ုပ်၏မှတ်ဉာဏ်အတွင်းသိမ်းဆည်းထားသောအချက်အလက်များနှင့် နှိုင်းယှဉ်ကာ စဉ်းစားမိနေ၏။ ခက်သည်ကား ထပ်တူကျသောအကြောင်းမျိုးကား ရှိမ

နေခဲ့ပေ။

ယောဂီအများစုကြုံတွေ့ခဲ့ရသည်များကား-

ရှုမှတ်နေစဉ်ခန္ဓာကိုယ်ကြီးပျောက်ဆုံးနေတတ်ခြင်း၊ ပေါ့ပါးကာ လေထဲ၌လွင့်မျောနေတတ်ခြင်း၊ မှတ်သိမှုလည်းမထင်ရှား၊ အိပ်ပျော်နေသည်လည်းမဟုတ်ဘဲလျက် လေး၊ ငါး၊ ခြောက်နာရီမျှတင်ပျဉ်ခွေမပျက်ရှိနေတတ်ခြင်း မည်သို့မျှနှိုင်းယှဉ်ဖော်ပြ၍ မရနိုင်လောက်သော ငြိမ်းအေးချမ်းမြေ့မှုကိုခံစားရတတ်ခြင်း၊ အချို့ကား မိမိ၏ခန္ဓာကိုယ်ခွဲတစ်ခုသည် မိမိ၏ရှေ့မှောက်တွင်ရောက်ရှိ၍ခန္ဓာဖြစ်စဉ်များ ပြသနေသကဲ့သို့လည်းရှိနေတတ်၏။ ထို့အပြင်နတ်ပြည်၊ငရဲပြည်များသို့ ရောက်ရှိသွားတတ်ခြင်း၊ မိမိ၏မှတ်ဉာဏ်အတွင်း၌ မထင်ရှားခဲ့သောအကြောင်းအရာဟောင်းများကို ပြတ်သားပီပြင်စွာ ပြန်၍အမှတ်ရမိခြင်း၊အချို့ကားနီးကပ်သောအတိတ်နှင့်အနာဂတ်များကိုကြိုတင်၍သိမြင်နေတတ်ခြင်း၊ဥပမာဘယ်နေ့ဘယ်အချိန်တွင်ဘယ်သူလာလိမ့်မည်။ ဘယ်သူဘာဖြစ်လိမ့်မည်၊ဘယ်သူဘာရလိမ့်မည်အစရှိသောအခြင်းအရာတို့ကိုလည်းရံခါသိမြင်နေတတ်ကြ၏။မိမိ၏သေဆုံးမည့် နေ့ရက်အချိန်တို့ကိုလည်းတင်ကြို၍ သိနေတတ်သူများလည်းရှိနေတတ်၏။ အချို့ကား ရှုမှတ်ရင်းမှ ဝက်ရူးပြန်သကဲ့သို့ဖြစ်တတ်ခြင်း၊ ငိုခြင်း၊ ရယ်ခြင်း၊ တစ်ကိုယ်လုံးယိမ်းထိုးလှုပ်ရှားနေတတ်ခြင်း၊ မိမိ၏ခန္ဓာကိုယ်အတွင်းပိုင်းကိုအသေးစိတ်မြင်တွေ့ရခြင်းစသည်ဖြင့် အထူးထူးသောယောဂီပုဂ္ဂိုလ်တို့၏ ကမ္မဋ္ဌာန်းအာရုံနိမိတ်များကို ကြားနာမှတ်သားခဲ့ရဖူး၏။

ထိုထိုသော အကြောင်းအရာပေါင်းများစွာတို့သည်တရားရှုမှတ်နေစဉ်သမာဓိအာရုံဖြင့်မြင်တွေ့ခဲ့ရခြင်းများသာဖြစ်လေ၏။ ဦးနုကား ပကတိမျက်စိဖြင့်မျက်ဝါးထင်ထင် မြင်ရခြင်းဖြစ်၏။

ဦးနု၏ဖြစ်စဉ်နှင့်အနည်းငယ်ဆင်တူသောအကြောင်းတစ်ခုကိုတော့ ကြားသိခဲ့ရဖူး၏။ ဒိုက်ဦးမြို့ အောင်ဘာလေရပ်ကွက်မှမမွေမိတ်ဆွေအမျိုးသမီးကြီးတစ်ဦးသည် အလံပြဘုန်းတော်ကြီးကျောင်း၌သွားရောက်ကာတရားအားထုတ်နေခဲ့၏။ တစ်နေ့တွင် နေ့လယ်စာ လာရောက်ပို့ဆောင်မည့်သမီးဖြစ်သူအား စောင့်ဆိုင်းလျက်စကြံန်လျှောက်ကာတရားရှုမှတ်နေခဲ့၏။ မိမိ၏ရှေ့၌ရှိသောကုက္ကိုပင်ကြီး၏အရွက်များသည် တဖွဲဖွဲဖြင့်ထူးဆန်းစွာကြွေကျနေပုံကိုမြင်တွေ့ရသဖြင့် ကြောင်ငေးကာကြည့်နေမိ၏။ စိမ်းလန်းဝေဆာနေသောကုက္ကိုပင်ကြီးမှာတစ်ခဏအတွင်းပင် သစ်ရွက်များကင်းမဲ့လျက်အရိုးပြိုင်းပြိုင်းနှင့်ဖြစ်သွားခဲ့ပုံကိုထင်ရှားစွာမြင်တွေ့နေရ၏။

အတန်ကြာမှ အသိတစ်ချက်ဝင်လာပြီး 'မဖြစ်နိုင်ပါဘူး ငါစိတ်ထင်လို့နေမှာပါ' ဟု ဘာသာတီးတိုးရေရွတ်လျက်မျက်စိကိုမှိတ်၍ လေးငါးကြိမ်မျှခေါင်းကိုတွင်တွင်ခါလိုက်ပြီးမှတစ်ဖန်မျက်စိကိုဖွင့်ကြည့်လိုက်ရာကုက္ကိုပင်ကြီးသည်နဂိုမူလအတိုင်းပင် သစ်ရွက်များနှင့်စိမ်းလန်းဝေဆာလျက်ရှိနေကြောင်းကိုတွေ့မြင်ရလေ၏။

ဤအကြောင်းကိုတစ်ပါးသူတို့အားပြောပြလေ့မရှိခဲ့သော်လည်း ကျွန်ုပ်တို့အားမိသားစုသဖွယ်ရင်းနှီးလှသောကြောင့်ထုတ်ဖော်ပြောပြခဲ့ခြင်းပင်။ ဦးနုသကဲ့သို့ ဒုက္ခဝေဒနာကိုမူ မခံစားခဲ့ရပေ။

ထို့အပြင်ဆရာကြီးရွှေဥဒေါင်းသည်လည်းတစ်နေ့သောအခါ၌ခွေးတစ်ကောင်ပြေးလွှားနေသည်ကိုရုပ်ရှင်ပိတ်ကားထက်၌အနှေးပြကွက်ဖြင့်မြင်တွေ့ရသကဲ့သို့တစ်ဆင့်ချင်းစီ အသေးစိတ် မြင်တွေ့ခဲ့ရဖူးသည်ဟု ၎င်း၏ ဒိဋ္ဌေဒိဋ္ဌမတ္တံစာအုပ်၌ရေးသားထားသည်ကို ဖတ်ခဲ့ရဖူး၏။

မြတ်စွာဘုရားရှင်၏ နံဘေးနား၌ယပ်တော်ခတ်ပေးနေသောငယ်ရွယ်နုပျိုသည့်မိန်းမလှလေး၏ပျိုရာမှအိုး၊အိုရာမှနာ၊နာရာမှသေဆုံးပုံတို့ကိုအလှမာန်တက်နေသော ခေမာမိဖုရားသည်လည်း ဖြစ်ပျက်အနိစ္စကိုမျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသူပင်။ သို့သော် ထိုအရာ၌ကားမြတ်စွာဘုရားရှင်၏တန်ခိုးအရာသာ ဖြစ်သောကြောင့်ခေမာမိဖုရားနှင့်ဦးနုတို့၏မြင်တွေ့ပုံချင်းတူသော်ငြားလည်း မဆိုင်ခြားနားကွဲပြားနေပြန်၏။

ဖွားဖက်တော်မြင်းမြီးဆွဲ မောင်စံတစ်ဖြစ်လဲအရှင်ဆန္နမထေရ်သည်လည်းရှေးမဆွကတည်းကပင်အနိစ္စတရားကိုသိမြင်ပြီးဖြစ်၏။ သို့ပါသော်လည်း ပညတ်မစင် ဒိဋ္ဌိထိနေသောကြောင့် မဂ်၊ ဖိုလ်မပေါက် ခရီးမရောက်ဘဲရှိနေခဲ့ဖူး၏။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို အမှန်လိုလားသော ယောဂီပုဂ္ဂိုလ်တို့သည် တရားအားမထုတ်မီ ရှေးအဖို့၌ ဦးစွာတတ်သိနားလည်သော ဆရာသမားများထံနည်းနာခံ၍သော်လည်းကောင်း၊ သို့တည်းမဟုတ်အခြေခံမှစ၍စနစ်တကျသင်ပြပေးသောဝိပဿနာအလုပ်ပေးတရားခွေများစာအုပ်များမှတစ်ဆင့် ပရမတ္ထသဘောသဘာဝတို့ကို ပြတ်သားထင်ထင်သိမြင်အောင်လေ့လာသင်ကြားပြီးမှမိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းတရားများကိုပွားများအားထုတ်သင့်၏။ သို့မဟုတ်ပါမူကားပညတ်တရားများကို အာရုံပြုရှုပွားမိတတ်ခြင်းကြောင့်ခရီးမပေါက်ဘဲဘေးထွက်ဆိုးကျိုးများကိုပင် အဆစ်ခံစားရတတ်သေး၏။

ကျွန်ုပ်လည်းအတွေးများစွာတို့ဖြင့်စီးမျောနေရင်းမှ ဦးနု၏မေးခွန်းအားမည်သို့မည်ပုံ ကျေလည်အောင် ဖြေရှင်းရမှန်းမသိ၊ ဇဝေဇဝါဖြစ်နေခဲ့၏။ ထို့ကြောင့်'မိမိနှစ်သက်သောကမ္မဋ္ဌာန်းဌာနများသို့သွားရောက်၍နည်းနာနိဿယျများ ရရှိသည့်တိုင်အောင် စခန်းဝင်၍အားထုတ်သင့်ကြောင်းနှင့် သို့မဟုတ်ပါက ကမ္မဋ္ဌာန်းပြဆရာသမားများထံ၌ ဖြစ်ကြောင်းကုန်စင်ကိုရေလည်စွာလျှောက်ထားမေးမြန်းသင့်ကြောင်း' ကိုသာ ဦးနုအားအကြံပြုပေးနိုင်ခဲ့လေ၏။

ထို့နောက်တွင်မူကားကျွန်ုပ်၏စိတ်အစဉ်၌ 'အခြေခံအုတ်မြစ်မရှိပါက၊ ခိုင်ခံ့သောအဆောက်အအုံတစ်ခုဖြစ်မလာနိုင်ပေ။ သို့သော် အုတ်မြစ်သည်အဆောက်အအုံမဟုတ်၊ အုတ်မြစ်သာ ဖြစ်၍အဆောက်အအုံသည်သာ အဆောက်အဦးဖြစ်ချေ၏' ဟူသော သာဓကကိုအထူးပြု၍-

သံဝေဂဉာဏ်ကားအဖိုးတန်သည်မှာ မှန်သော်လည်း သူ့ချည်းဖြင့်တော့အကျိုးမပြီးနိုင်ချေ။ ထို့အပြင် ကိလေသာအာရုံကာမဂုဏ်တို့ကြောင့်လည်းမေ့မှိန်တိမ်ကောသွားတတ်သော သဘောရှိ၏။ အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် 'သူအို' နိမိတ်ကိုမြင်၍ သံဝေဂဖြစ်ကာ ကြောက်လန့်မိခဲ့သော်လည်း တောထွက်မည့်အရေး၌ ကာမဂုဏ်ကွန်ရက်မှရုန်းထွက်မရဆုတ်နစ်နေခဲ့ရာလေးလသုံးလီမျှကြန့်ကြာခဲ့ရခြင်းကို ထောက်ဆ၍သံဝေဂဉာဏ်အားလစ်လျူမထားဘဲထပ်ကာထပ်ကာ နှလုံးသွင်းဆင်ခြင်နိုင်မှသာလျှင်ရင့်သန်သောအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်းနှင့် မှန်ကန်ကောင်းမွန်သောစိတ်ထားနှင့်ကျင့်စဉ်များ မွမ်းမံစီခြယ်၍ 'အာတာပီသမ္ပ ဇာနေသတိမာ' ဆိုသကဲ့သို့ အရိုးကြေကြေအရေခမ်းခမ်းအားထုတ်နိုင်မှသာလျှင်ပကတိငြိမ်းအေးချမ်းသာခြင်းအစစ်ဆီသို့ ပို့ဆောင်ပေးမည်မှာ ဧကန်မလွဲဟု နှစ်မြို့က်စွာသဘောပိုက်လိုက်မိပေတော့၏။

ဦးနန

ကျိုပ်ရှစ်ဆူ ဘုရားစေတီအောင်မြေများ အားလုံးကို စုံစေ့စွာမဝင်ရောက်နိုင်သည့် တိုင်အောင် အများစုသောနှစ်ကျိုပ်ရှစ်ဆူ ဘုရားများတွင် ဝင်နိုင်မည်ဆိုပါလျှင်ပင် မဟာဂန္ဓာရီလမ်းစဉ်ဆိုင်ရာအတွက် ကြီးမားသော ဓာတ်ပန္နက်များကို ချထားပြီး ရာရောက်ပြီဟု ဆိုနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာမြေဆိုင်ရာ ဘူမိရုပ်ဝှန်းတစ်ခုလုံးတွင်ပင် သိကြားမင်း၏စမတံဆိပ်အက္ခရာ(၄)လုံးစီခတ်နှိပ်ခံရသောစေတီ၊ ပုထိုး၊ ဘုရား၊ ရုပ်ပွားတော်၊ ဓာတ်တော်၊ မွေတော်စုစုပေါင်းမှာ (၂၈) ဆူ (ဝါ) (၂၈) ခုသော အရပ်ဒေသများသာ ရှိပါသည်။



# အလုံဒိုပါ မဟာဂန္ဓာရီပညာနှင့် ဝိဇ္ဇာမှတ်တမ်းများ

ဆက်ဝွန်းလင်း

(ယခင်လမှအဆက်)

**နှစ်ကျိုပ်ရှစ်ဆူဘုရားရှင်များနှင့် နှစ်ကျိုပ်ရှစ်ဆူစေတီတော်များ**

နှစ်ကျိုပ်ရှစ်ဆူဘုရားရှင်များ ဆိုသည်မှာ တကျက်ရာအစရှိသော ဘုရားရှင်များဖြစ်ပြီး နှစ်ကျိုပ်ရှစ်ဆူသောစေတီတော်များဆိုသည်မှာသိကြားမင်းတံဆိပ်စမအက္ခရာများခတ်နှိပ်ထားသောစေတီတော်များကို ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါဘုရားစေတီများတည်ရာဌာနတို့သည်ထူးခြားသောအောင်မြေဒေသများဟု ဆိုရမည်ဖြစ်ပါသည်။

သိကြားမင်း တံဆိပ်ခတ်နှိပ်ထားသောဘုရားစေတီများတွင်အမိဋ္ဌာန်ဝင်ဂန္ဓာရီလှည့်ရင်း နှစ်ကျိုပ်ရှစ်ဆူကုန်သောမြတ်ဘုရားရှင်တို့၏ ဗုဒ္ဓဓာတ်ပန္နက်ဆိုင်ရာအောင်ထုံသိဒ္ဓိကို ပါဝင်ကိန်းတည်စေသောကြောင့် ထူးခြားသောအမိဋ္ဌာန်အဖြစ် ဆိုရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့်အဆိုပါနှစ်ကျိုပ်ရှစ်ဆူနှစ်ထပ်အမိဋ္ဌာန်တွင် ထူးခြားစွာ ဗုဒ္ဓဓာတ်၊ သိကြားဓာတ်တို့သာမက ကြီးကျယ်မြင့်မြတ်သော ရေခံမြေခံဆိုင်ရာဘူမိနက်သန်ဓာတ်များပါ ပေါင်းစပ်ပါဝင်နေခြင်းဖြစ်၏။ နှစ်ကျိုပ်ရှစ်ဆူနှစ်ထပ်အမိဋ္ဌာန်တွင် (၂၈) ဓာတ်နှစ်ကြိမ်ပါဝင်သဖြင့် (၅၆) ရ၏။ ထို (၅) နှင့် (၆) ကို ပေါင်းပါက (၁၁) ရ၏။

ထို (၁၁) သည်လည်းဝိဇ္ဇာဂဏန်း၊ ဝိဇ္ဇာဓာတ်ပင်ဖြစ်၏။ တစ်ဖန်ဆယ့်တစ်ပါးသောမီးတို့ကို ငြိမ်းအေးစေသည့် နိမိတ်သင်္ကေတလည်းဖြစ်ပါသည်။ ထို့အတွက် နှစ်ကျိုပ်ရှစ်ဆူသောဂန္ဓာရီလှည့်အမိဋ္ဌာန်သည် ဝိဇ္ဇာဓာတ်ကိုကောင်းစွာပန္နက်ချခြင်း မည်ပါသည်။

ဝိဇ္ဇာရေလမ်းစဉ်နှင့် ပတ်သက်ပြီး ဂန္ဓာရီလှည့်အမိဋ္ဌာန်ခရီးတွင်အဆိုပါနှစ်

အဆိုပါထူးခြားသည့်အရပ်ဒေသ (၂၈) ရပ်တွင် မြန်မာနိုင်ငံ ဘူမိရုပ်ဝှန်းသည် အထူးအံ့ဖွယ်ကောင်းစွာပင် (၂၅) နေရာ တည်ရှိနေပါသည်။ အခြားသောဒေသ (၃) ခုမှာ မြန်မာနိုင်ငံပြင်ပတရုတ်နိုင်ငံတွင် (၁) နေရာနှင့် ယိုးဒယားနိုင်ငံတွင် (၂) နေရာသာတည်ရှိပါသည်။ ထို့ကြောင့် သိကြားဘုရားအမိဋ္ဌာန်ဝင်မည်ဆိုလျှင် မြန်မာနိုင်ငံတွင်းထဲတွင်ပင် အားကောင်းစွာ (၂၅) နေရာ အောင်မြေထူးအမိဋ္ဌာန်ကိုဝင်ရောက်နိုင်မည်ဖြစ်၏။ အကယ်၍ (၂၈) ဆူဓာတ်ပြည့်အောင် အမိဋ္ဌာန်ပြုလိုပါက မြတ်စွယ်တော် (တရုတ်ပြည်)အတွက်မြန်မာနိုင်ငံထဲတွင်ရှိသော ဘုရားတစ်ဆူဆူ (စွယ်တော်ဘုရားဖြစ်လျှင်ပိုကောင်း၏) တွင်ရှိသော ဒီပင်္ကရာဘုရားတွင် အမိဋ္ဌာန်ပြုနိုင်၏။

ထိုင်း (ယိုးဒယား) တွင်တည်ရှိသော ဇင်းမယ်လပုန်းဘုရားအတွက်မြန်မာနိုင်ငံဘုရားတစ်ဆူဆူရှိ ကောဏ္ဍညဘုရားရှင်တွင်လည်းကောင်း၊ ယိုးဒယားဆံတော်ရှင် စပ်ပရာထက် (ချင်းမိုင်)

ဘုရားအတွက် မြန်မာနိုင်ငံရှိ ဘုရားတစ်ဆူဆူ (ဆံတော်ရှင်ဘုရားဖြစ်လျှင် ပို ကောင်းပါသည်) တွင်ရှိသောသရဏဂုံ ရာဘုရားရှင်တွင်လည်းကောင်း အဓိဋ္ဌာန်ပြုနိုင်၏။ ဆက်လက်ပြီးသိကြားမင်း တံဆိပ်ခတ်နှိပ်သော စမအက္ခရာ(၄)လုံး ရသည့်ကျန်ရှိနေသေးသောဘုရားစေတီ အောင်မြေများကို ဖော်ပြပါမည်။

**(၅) ရွှေသာလျောင်းအောင်မြေဒေသ**

သိကြားတံဆိပ်ခတ်နှိပ်သော စမအက္ခရာ(၄)လုံးဖြစ်သည့် 'ဝိ- ရူ- ဟော- ဏ္ဍု'ကိုလက်ခံရရှိတော်မူသော ရွှေသာလျောင်းဘုရားသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင်တည်ရှိပါသည်။ ထို စမအက္ခရာများနှင့်သက်ဆိုင်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ 'တိဿမြတ်စွာဘုရား' ဖြစ်၏။ အုပ်စိုးသောအရပ်မှာ မြောက်အရပ်ဖြစ်၏။

**'ဝိ- ရု- ဟော- ဏ္ဍု' အက္ခရာတို့ကို အစဖွဲ့ချီသောဂါထာမှာ**

(ဝိ) သေသေန သီဟ သေယျ၊
(ရူ) ပကံ သယနံ ကရံ၊
(ဟော) ဏ္ဍ မဂ္ဂိဝ ဇောတေဏ္ဍံ၊
(ဏ္ဍု) ရိတံ ဝရဒံ နမေ
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဝိသေသန-** အထူးသဖြင့်၊ **သီဟသေယျရူပကံ-** ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ လက်ျာနံတောင်းဖြင့် လျောင်း၍အိပ်ခြင်းသဏ္ဍာန်ရှိသော၊ **သယနံ-** ကိန်းခြင်းကို၊ **ကရံ-** ပြုတတ်ထသော၊**ဟောဏ္ဍမဂ္ဂိဝ-** မီးရှူးကဲ့သို့၊ **ဇောတေဏ္ဍံ-** တောက်ထွန်းထသော၊ **တုရိတံ-** ရှောင်တခင်၊ **ဝရဒံ-** တောင်းသောဆုကို ပေးတော်မူတတ်သောမြတ်စွာဘုရားကို၊ **နမေ-** ရှိခိုးပါ၏၊ **အနေနပုညေန-** ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမှိ-** အလုံးစုံသောဆုသည် လည်း၊ **ယထိစ္ဆိတံ-** အလိုရှိတိုင်း၊ **သမိဇ္ဈတု-** ပြည့်စုံပါစေသတည်း။

**(၆) ပုဂံစူဠာမဏိအောင်မြေဒေသ**

ပုဂံစူဠာမဏိဘုရားစေတီဆိုင်ရာ သိကြားမင်းအမှတ်တံဆိပ်ခတ်နှိပ်သည့် စမအက္ခရာ (၄) လုံးမှာ 'တာ- ဝ- ဂု- ဏ' ဖြစ်၏။ ထိုဘုရားသည် မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်တွင် တည်ရှိပါသည်။ ထိုစမအက္ခရာလေးလုံးနှင့်သက်ဆိုင်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ ဝေဿဘူမြတ်စွာဘုရား ဖြစ်၏။ အုပ်စိုးသောအရပ်မှာ မြောက်အရပ်ဖြစ်၏။

**တာ- ဝ- ဂု- ဏ ဂါထာ**

(တာ) ဏံ လေဏံစ ပါဏီနံ၊
(ဝ) ရဒံ ကေသဓာတုယာ၊
(ဂု) လာမ္ဗဏိဇောတိရသံ၊
(ဏ) မိတံ တံ နမေသဒါ၊
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယတစ္ဆိတံ။

**ပါဏီနံ-** သတ္တဝါတို့၏၊ **တာဏံ-** ကိုးကွယ်ရာဖြစ်ထသော၊ **လေဏံစ-** ပုန်းအောင်းရာလည်းဖြစ်ထသော၊**ကေသဓာတုယာ-** ဆံတော်ဓာတ်ဖြင့်၊ **ဝရဒံ-** မြတ်သောဆုကိုပေးတတ်ထသော၊ **ဂုဏာမ္ဗဏိဇောတိရသံ-** အလိုရှိတိုင်း ပြီးစေတတ်သော ဇောတိရသ အမျက်ရတနာနှင့်တူသော ဂုဏ်ကျေးဇူးရှိထသော၊**ဏာမိတံ-** ရှိခိုးပူဇော်အပ်ထသော၊ **တံ-** ထိုမြတ်စွာဘုရားကို၊ **သဒါ-**အခါခပ်သိမ်း၊ **နမေ-** ရှိခိုးပါ၏ **အနေနပုညေန-** ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမှိ-** အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ-** အလိုရှိတိုင်း၊ **သမိဇ္ဈတု-** ပြည့်စုံပါစေသတည်း။

**(၇) အညာသီဟတော (ရုပ်ပွားတော်) (စေတီ)**

သိကြားတံဆိပ် ခတ်နှိပ်ခံရသော ဘုရားစေတီတော်များတွင် အညာသီဟတောဘုရားသည် ထူးခြားလှပါသည်။ အဘယ့်ကြောင့်ဆိုသော် သရက္ခန်ပဥ္စမ အဖျားပိုင်းဖြစ်သော ရုပ်ပွားတော်သည် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ရွှေကျီးမြင့်ဘုရားအတွင်းကိန်းဝပ်စံပယ်တော်မူနေပါသည်။

အညာသီဟတော ဘုရားစေတီကားမန္တလေးတိုင်းဒေသကြီး၊သပိတ်ကျင်းမြို့အောက်ဘက် (၁) မိုင်အကွာရှိ ဧရာဝတီမြစ်၏တတိယမြစ်ကျဉ်းရှိ အနောက်ဘက်ကမ်းတွင် တည်ရှိပါသည်။

အညာသီဟတောဘုရားစေတီရုပ်ပွားတော်ဆိုင်ရာ သိကြားတံဆိပ်ခတ်နှိပ်ခံရသော စမအက္ခရာ (၄) လုံးမှာ 'သ- မ္ဗု- ဒ္ဓေ- ယ' ဖြစ်၏။ထိုစမအက္ခရာလေးလုံးနှင့်သက်ဆိုင်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ ဂေါတမမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ မြောက်အရပ်ဖြစ်၏။

**သ- မ္ဗု- ဒ္ဓေ- ယဂါထာတော်**

(သ) မ္ဗာ သာမဥ္စ ညေယျံယော၊
(ဗု) ဒ္ဓိတွာန ဝိသာရဒံ၊
(ဒ္ဓေ) တိလောကေသီဟနာဒံ၊
(ယ) သသိ တံ သဒါ နမေ၊
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ယောဗုဒ္ဓေါ-** အကြင်မြတ်စွာဘုရားသည်၊ **သမ္ဗာ-** မဖောက်မပြန်၊ **သာမဥ္စ-** ကိုယ်တိုင်တော်သာလျှင်၊ **ညေယျံ-** ညေယျဓံငါးပါးကို၊ **ဗုဒ္ဓိတွာန-** သိတော်မူပြီး၍၊ **လောကေ-** လောက၌၊ **ဝိသာရဒံ-** ရွံ့ရှာခြင်းကင်းသောအသံကို၊ **ဒေတိ-**ပေးတော်မူတတ်၏၊ **ယသသိံ-** ကျော်စောခြင်းရှိထသော၊ **တံဗုဒ္ဓံ-** ထိုမြတ်စွာဘုရားကို၊ **သဒါ-** အခါခပ်သိမ်း၊ **နမေ-** ရှိခိုးပါ၏၊ **အနေနပုညေန-** ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမှိ-** အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ-** အလိုရှိတိုင်း၊ **သမိဇ္ဈိတု-** ပြည့်စုံပါစေသတည်း။

**(၈) ကလိန်အောင် ဆံတော်ရှင်အောင်မြေဒေသ**

ကလိန်အောင် ဆံတော်ရှင်သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မြောက်ဘက်တွင် တည်ရှိပါသည်။ ထားဝယ်ဆံတော်ရှင်၏သိကြားတံဆိပ်ခတ်နှိပ်သော စမအက္ခရာ (၄) လုံးမှာ 'မံ- သွဏ်- သု- သံ' ဖြစ်၏။ ထိုစမအက္ခရာလေးလုံးနှင့်သက်ဆိုင်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ မေဓင်္ကရာမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်ဒေသမှာ တောင်အရပ်ဖြစ်၏။

**မံ- သွဏ်- သု- သံ ဂါထာတော်**

(မ) ဏ္ဍိတ ကေသဝရမ္ဗိ၊
(သွ) ဏ္ဏံ ကာရုညတောဒဒံ၊
(သု) ဇနဟိတံ မာကခီ၊
(သ) မ္ဗုဒ္ဓံ တံနမေသဒါ၊
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**သုဏ္ဏံ-**ကောင်းသောအဆင်းသဏ္ဍာန်ရှိထသော၊ **မဏ္ဍိတကေသဝရမ္ဗိ-**တန်ဆာဆင်ဘိသကဲ့သို့ တင့်တယ်သောဆံတော်မြတ်ကိုလည်း၊ **ကာရုညတော-**သနားကြင်နာတော်မူသဖြင့်၊ **သုဇနဟိတံ-**သူတော်ကောင်းတို့ အစီးအပွားကို၊ **အာကခီ-**တောင့်တတော်မူသည်ဖြစ်၍၊ **ဒဒံ-**ပေးတော်မူပေသော၊ **တံသမ္ဗုဒ္ဓံ-**ထို မြတ်စွာဘုရားကို၊ **သဒါ-** အခါခပ်သိမ်း၊ **နမေ-** ရှိခိုးပါ၏။ **အနေနပုညေန-**ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမှိ-**အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ-**အလိုရှိတိုင်း၊ **သမိဇ္ဈတု-**ပြည့်စုံပါစေသတည်း။

**(၉)ကျိုက်ဖြင်းနက်ဆံတော်ရှင်အောင်မြေ**

ဒေသ (ဇင်းကျိုက်တောင်)

ကျိုက်ပြင်းနက်ဆံတော်ရှင်သည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ဇင်းကျိုက်ဘုတာအနီး၊ ဇင်းကျိုက်တောင်ပေါ်၌တည်ရှိပါသည်။ထိုစေတီတော်ကိုရွှေဇင်းကျိုက်ဟုလည်းခေါ်ဝေါ်သမုတ်ပါသည်။ထိုစေတီတော်၏ သိကြားမင်းတံဆိပ်ခတ်နှိပ်သောဓမ္မအက္ခရာ (၄) လုံးမှာ 'စေ- အာ -မာ-သော'ဖြစ်၏။ ထို စမအက္ခရာလေးလုံးနှင့်သက်ဆိုင်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာမင်္ဂလမြတ်စွာဘုရား ဖြစ်၏။ အုပ်စိုးသောအရပ်မှာ တောင် အရပ်ဖြစ်၏။

**စေ-အာ-မာ-သောဂါထာတော်**

(စေ)တနာမတ္တမ္ပိ ဖလံ၊
(အာ)ကီလေ သက္ခယာ ဗဟူ၊
(မာ)ရဇ္ဇယဂုဏာဒိမ္ပိ၊
(သော)ဘဂ္ဂေယသ တံ နမေ၊
ပုညေ နာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတုယထိစ္ဆိတံ။

**ယာသဗုဒ္ဓသ-** အကြင်မြတ်စွာဘုရား၏၊ **သောဘဂ္ဂေ-**ကောင်းမြတ်စွာသော၊ **မာရဇ္ဇယဂုဏာဒိမ္ပိ-** မာရ်ငါးပါးကိုအောင်မြင်ခြင်းရဂုဏ်ကျေးဇူးအစရှိသည်၌၊ **စေတနာမတ္တမ္ပိ-**စေတနာဖြစ်ခြင်း မျှသည်လည်း၊ **အာကီလေသက္ခယာ-** ကိလေသာကုန်သည့်တိုင်အောင်၊ **ဗဟူ-**များစွာ**ဖလံ-**အကျိုးရှိပေ၏။ **တံဗုဒ္ဓံ-**ထိုမြတ်စွာဘုရားကို၊ **နမေ-**ရှိခိုးပါ၏။ **အနေန ပုညေန-**ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ-**အလုံးစုံသော ဆုသည်လည်း၊ **ယထိစ္ဆိတံ-**အလိုရှိတိုင်း၊ **သမိဇ္ဈတု-**ပြည့်စုံပါစေသတည်း။

(၁၀)**ကျိုက်ပွန်လေးမျက်နှာဘုရား အောင်မြေဒေသ**

ကျိုက်ပွန်ဘုရားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌တည်ရှိပါသည်။ သိကြားမင်းအမှတ်တံဆိပ်ခတ်နှိပ်သော စမအက္ခရာ(၄)လုံးမှာ 'အ- ဟံ- ဘ၊ ဇွော' ဖြစ်၏။ ထိုအက္ခရာလေးလုံးနှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ 'အနောမဒဿီမြတ်စွာဘုရား'ဖြစ်၏။ အုပ်စိုးသောအရပ်မှာ တောင်အရပ်ဖြစ်၏။

**အ- ဟံ- ဘ- ဇွေ ဂါထာတော်**

(အ) ရဟတံ စတုန္နမ္ပိ၊
(ဟ) န္တာနံ ကိလေသာရယော၊
(ဘ) ဂဝတံ သဒါဝန္ဒေ၊
(တေ) ဇသီနံ ယသသီနံ၊
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**အရဟတံ-** ပူဇော်သက္ကာအထူးကို ခံထိုက်ကုန်ထသော၊**ကိလေသာရယော-**ကိလေသာဟူသောရန်သူတို့ကို၊ **ဟန္တာနံ-**ဖျက်ဆီးတတ်ကုန်ထသော **ဘဂဝတံ-**ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံကုန်ထသော၊ **တေဇသနံ-**တန်ခိုးအရှိန်အစော်ကြီးကုန်ထသော၊ **ယသသီနံ-** အခြံအရံများကုန်ထသော၊ **စတုန္နမ္ပိ-**ဘုရားလေးဆူတို့အားလည်း၊ **သဒါ-**အခါခပ်သိမ်း၊ **ဝန္ဒေ-**ရှိခိုးပါ၏။ **အနေနပုညေန-**ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ-**အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ-**အလိုရှိတိုင်း၊ **သမိဇ္ဈတု-**ပြည့်စုံပါစေသတည်း။

(၁၁)**ပြည်ရွှေဆံတော်အောင်မြေဒေသ**

ပြည်ရွှေဆံတော်သည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၌ တည်ရှိပါသည်။ သိကြားမင်းတံဆိပ်ခတ်နှိပ်သောစမအက္ခရာ (၄) လုံးမှာ 'သု၊ သု၊ ဇာ၊ ဂံ' ဖြစ်၏။ ထိုအက္ခရာလေးလုံးနှင့်သက်ဆိုင်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ သုမေဓမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ တောင်အရပ်ဖြစ်၏။

**သု- သု- ဇာ- ဂံ ဂါထာတော်**

(သု) ဇနာနံ ဟိတံ ဒိသွာ၊
(သု) န္ဒရံ ကေသဓာတုယာ၊
(ဇာ) တိဇရာ မုတ္တိကာရံ
(ဂံ) န္ဓ ဝိမောစနံ နမေ။
ပုညေနာနေန သဗ္ဗမ္ပိ။
သမိဇ္ဈတု ယထိစ္ဆိတံ။

**သုဇနာနံ-** သူတော်ကောင်းတို့၏ **သုန္ဒရံ-**ကောင်းမြတ်သော၊ **ဟိတံ-**အကျိုးစီးပွားကို၊ **ဒိသွာ-**ရှုတော်မူ၍၊ **ကေသဓာတုယာ-**ဆံတော်ဓာတ်ဖြင့်၊ **ဇာတိဇရာမုတ္တိကာရံ-**ပဋိသန္ဓေနေခြင်း၊ အိုခြင်းမှလွတ်အံ့သောအကြောင်းကို ပြုတတ်ထသော၊ **ဂန္ဓဝိမောစနံ-**သံသရာ၌အနှောင်အဖွဲ့ကိုဖြေပေတတ်သောမြတ်စွာဘုရားကို၊**နမေ-**ရှိခိုးပါ၏။ **အနေနပုညေန-**ဤကဲ့သို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ-**အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ-**အလိုရှိတိုင်း၊ **သမိဇ္ဈတု-**ပြည့်စုံပါစေသတည်း။

(၁၂) **ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်အောင်မြေဒေသ**

ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်မြတ်သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် ကွမ်းရွာရွှေတန့်တစ်၌ တည်ရှိတော်မူပါသည်။ သိကြားမင်းတံဆိပ်ခပ်နှိပ်သောအက္ခရာစမလေးလုံးမှာ 'ထိ- ထ- မ- စဲ' ဖြစ်၏။ ထိုစမလေးလုံးနှင့်သက်ဆိုင်သော နှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ 'ဓမ္မဒဿီမြတ်စွာဘုရား' ဖြစ်၏။ အုပ်စိုးသောအရပ်မှာ တောင်ဘက်ဖြစ်၏။

**'ထိ- ထ- မ- စဲ' ဂါထာတော်**

(ထိ) တံ သံသာရသောတမှိ
(ထ) ပေန္တံ ခေမ မဂ္ဂတော၊
(မ) ဟိတပ္ပံ သိင်္ဂီနိက္ခ၊
(စ) ယေန တံ သဒါ နမေ
ပုညေနာ နေန သဗ္ဗမ္ပိ
သမိဇ္ဈတု ယထိစ္ဆိတံ။

**သံသာရသောတမှိ-** သံသရာရေအယဉ်၌၊ **ထိတံ-**ရပ်တည်နိုင်ထသော၊ **ခေမဂ္ဂတော-**ဘေးမဲ့ရာနိဗ္ဗာန်ခရီး၌၊ **ထပေန္တံ-**တင်ထားတတ်ထသော၊ **သိင်္ဂီနိက္ခစယေန-** သိင်္ဂီနိက်ရွှေစင်အစုဖြင့်၊ **မဟိတပ္ပံ-**ပူဇော်သက္ကာရပြုအပ်ထသော၊ **တံဗုဒ္ဓံ-**ထိုမြတ်စွာဘုရားကို၊ **သဒါ-** အခါခပ်သိမ်း၊ **နမေ-**ရှိခိုးပါ၏။**အနေနပုညေန-**ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊**သဗ္ဗမ္ပိ-**အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ-**အလိုရှိတိုင်း၊ **သမိဇ္ဈတု-**ပြည့်စုံပါစေသတည်း။

(၁၃) **အဝရွှေစည်းခုံအောင်မြေဒေသ**

အဝရွှေစည်းခုံဘုရားစေတီသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အဝမြို့၌ တည်ရှိပါသည်။ သိကြားမင်းအက္ခရာတံဆိပ်ခတ်နှိပ်သော စမ(၄)လုံးမှာ 'သု- ခါ- ဝ- ဟံ' ဖြစ်၏။ ထိုစမတို့နှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ ဝိပဿီမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ တောင်ဘက်ဖြစ်၏။

**'သု- ခါ- ဝ- ဟံ ဂါထာတော်'**

(သု) ခဒံ သာဓုနံလောကေ၊
(ခါ) ဒိတ ဒုက္ခ ဟာယကံ၊
(ဝ) ရမ ဇေယဂုဏံ ဝန္ဒေ၊
(ဟ) န္တမာရံ တထာဂတံ၊
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**လောကေ-**လောက၌၊ **သာဓုနံ-**သူတော်ကောင်းတို့အား၊ **သုခဓံ-**ချမ်းသာကို ပေးတတ်ထသော၊ **ခါဒိတဒုက္ခဟာယကံ-** ကိုက်ခဲသော သံသရာဆင်းရဲကို ပယ်ပေတတ်ထသော၊ **ဝရံ-**တောင့်တအပ်ထသော၊ **ဇေယဂုဏံ-**အောင်မြင်

ခြင်းဂုဏ်ကျေးဇူးရှိထသော၊ **ဟန္တာမာရံ**- မာရ်ငါးပါးကိုဖျက်ဆီးနိုင်ထသော၊ **တထာဂတံ**-ရှေးဘုရားတို့ကဲ့သို့လာခြင်းကောင်းသောမြတ်စွာဘုရားကို၊ **ဝန္ဒေ**-ရှိခိုးပါ၏။ **အနေနပုညေန**- ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ**-အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**-အလိုရှိတိုင်း၊ **သမိဇ္ဈတု**-ပြည့်စုံပါစေသတည်း။

(၁၄) **ရွှေယင်မြော်အောင်မြေဒေသ**

ရွှေယင်မြော်ဘုရားသည် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့အနောက်မြောက်ဘက် (၄) မိုင်အကွာတွင်တည်ရှိပါသည်။ သိကြားမင်း တံဆိပ်ခတ်နှိပ်သောစမအက္ခရာ(၄)လုံးမှာ 'ဥ- ဝ- ဟ- နိ' ဖြစ်၏။ ထိုစမတို့နှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ ကောဏာဂမနမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာတောင်ဘက်ဖြစ်၏။

**ဥ- ဝ- ဟ- နိ ဂါထာတော်**

(ဥ) ပကန္တာ နိမ္မိတေန
(ဝ) ရဝေသေန နေကဓာ၊
(ဟ) ရန္တံ သာခုပ္ပသာဒံ၊
(နိ) ရင်္ဂဏံ နမေ သဒါ၊
ပုညေ နာ နေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**အနေကဓာ**-များသောအပြားအားဖြင့်၊ **နိမ္မိတေန**-ဖန်ဆင်းအပ်သော၊ **ဝရဝေသေန**-မြတ်သောအသွင်ဖြင့်၊ **ဥပဂန္တာ**-ရှေးရှုကပ်၍၊ **သာခုပ္ပသာဒံ**-သူတော်ကောင်းတို့၏ ကြည်ညိုခြင်းကို၊ **ဟရန္တံ**-ဆောင်တတ်ထသော၊ **နိရင်္ဂဏံ**-ကိလေသာကင်းတော်မူသော မြတ်စွာဘုရားကို၊ **သဒါ**-အခါခပ်သိမ်း၊ **နမေ**-ရှိခိုးပါ၏။ **အနေနပုညေန**-ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ**-လုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**-အလိုရှိတိုင်း၊ **သမိဇ္ဈတု**-ပြည့်စုံပါစေသတည်း။

(၁၅) **မဟာမုနိဘုရားကြီး(မန္တလေးမြို့) (ကျောက်တော်မြို့)**

မဟာမုနိဘုရားကြီးသည်မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင်တည်ရှိပါသည်သိကြားမင်းတံဆိပ်ခတ်နှိပ်သောစမအက္ခရာ(၄)လုံးမှာ'ဗု-ဒ္ဓ-ဂု-ဏာ'ဖြစ်၏။ ထိုစမလေးလုံးနှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ တဏှင်္ကရာ မြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ အရှေ့အရပ်ဖြစ်၏။ အဆိုပါဗုဒ္ဓ-ဂု-ဏာ စမအက္ခရာ(၄)လုံးကိုပင် ရခိုင်ပြည်နယ်ကျောက်တော်မြို့ရှိမဟာမုနိဘုရားကြီး



သည်လည်းရရှိတော်မူခြင်းဖြစ်ပါသည်။

**ဗု-ဒ္ဓ-ဂု-ဏာ-ဂါထာတော်**

(ဗု) ဒ္ဓဉာဏံ သုဒုလ္လဘံ၊
(ဒ္ဓ) ရမာနေ သရူပတံ၊
(ဂု) ဏောန သကသဒိသံ၊
(ဏာ) မေ ကာရာပိတံဇိနံ။
ပုညေနာနေနသဗ္ဗမ္ပိ၊
သမိဇ္ဈတုယထိစ္ဆိတံ။

**သုဒုလ္လဘံ**- အလွန်ရခဲလှစွာသော၊ **ဗုဒ္ဓဉာဏံ**- သဗ္ဗညုတဘုရားဉာဏ်ကို၊ **ဓရမာနေ**-ဆောင်ရွက်တော်မူသောကိုယ်တော် ထင်ရှားရှိတော်မူစဉ်၊ **ဂုဏေန**-ဂုဏ်ကျေးဇူးအားဖြင့်၊**သကသဒိသံ**-ကိုယ်တော်နှင့် ထပ်တူထပ်မျှဖြစ်သော၊ **သရူပကံ**- ကိုယ်တော်စားရုပ်ပွားတော်ကို၊ **ကာရာပိတံ**- ပြုစေတော်မူခဲ့သော၊ **ဇိနံ**-အောင်မြင်ခြင်းကျေးဇူးနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားကို၊ **နမေ**- ရှိခိုးပါ၏၊ **အနေနပုညေနေ**-ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ**- အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**- အလိုရှိတိုင်း၊ **သမိဇ္ဈတု**- ပြည့်စုံပါစေသတည်း။

(၁၆) **ဇင်းမယ်လပုန်းအောင်မြေဒေသ**

ဇင်းမယ်လပုန်းဘုရားသည်ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၊ ဟရိပုန်ချိုင်းဒေသ၌တည်ရှိပါသည်။ သိကြားမင်းတံဆိပ်ခတ်နှိပ်သောစမအက္ခရာ(၄)လုံးမှာ 'အ-စိ-န္တေ-ယ'ဖြစ်ပါသည်။ထိုစမလေးလုံးနှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားမှာ ကောဏ္ဍညမြတ်စွာဘုရားဖြစ်ပါသည်။

**အ-စိ-န္တေ-ယ ဂါထာတော်**

(အ) စိန္တေယျဂုဏံ ယသသ၊
(စိ) န္တမတ္တမိ သပ္ပလံ၊
(န္တေ) ဇာယု ယသ သိရီဟိ၊
(ယ) တိ ဝရံ နမေ ဇိနံ၊
ပုညေနာနေနသဗ္ဗမ္ပိ၊
သမိဇ္ဈတုယထိစ္ဆိတံ။

**ယသသဗုဒ္ဓဿ**- အကြင်မြတ်စွာဘုရား၏၊ **အစိန္တေယျဂုဏံ**- မကြံစည်နိုင်သောဂုဏ်ကျေးဇူးတော်ကို၊ **စိန္တာမတ္တမ္ပိ**-ကြံစည်ကာမျှသော်လည်း၊ **တေဇောယုယသသိရီဟိ**- ဘုန်းတန်ခိုးကြီးခြင်း၊ အသက်ရှည်ခြင်း၊ အခြံအရံများခြင်း၊ ကျက်သရေရှိခြင်းတို့ဖြင့်၊ **သပ္ပလံ**-များစွာအကျိုးရှိပေ၏။ **ယတိဝရံ**- ရဟန်းမြတ်ဖြစ်ထသော၊ **ဇိနံ**-မာန်ငါးပါးကိုအောင်မြင်တော်မူသောမြတ်စွာဘုရားကို၊ **နမေ**-ရှိခိုးပါ၏။ **အနေနပုညေန**- ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ**- အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**- အလိုရှိတိုင်း၊ **သမိဇ္ဈတု**- ပြည့်စုံပါစေသတည်း။

(၁၇) **ကျိုက္ကမီရေလယ်ဘုရားအောင်မြေဒေသ**

ကျိုက္ကမီရေလယ်ဘုရားသည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၌တည်ရှိပါသည်။ သိကြားမင်းတံဆိပ်ခတ်နှိပ်သောစမအက္ခရာလေးလုံးမှာ 'စ-ဘ-က-သ' ဖြစ်ပါသည်။ ထိုစမလေးလုံးနှင့်သက်ဆိုင်သောဘုရားရှင်မှာ 'သောဘိတမြတ်စွာဘုရား'ဖြစ်ပါသည်။ အုပ်စိုးသောအရပ်ဒေသမှာ အရှေ့ဘက်ဖြစ်ပါသည်။

**'စ-ဘ-က-သ ဂါထာတော်'**

(စ) ယံ ပါရမီ သဉ္စယံ၊
(ဘ) ဝါဘဝေ သုခန္တိကံ၊
(က) ရောန္တံ လောကအတ္ထမ္ပိ၊
(သ) ရဏံ တံ နမေသဒါ၊
ပုညေ နာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ပါရမီသဉ္စယံ**- ပါရမီဆယ်ပါးအစုကို၊ **စယံ**-ဆည်းပူးပြီးထသော၊ **ဘဝါဘဝေ**-ဘဝငယ်ဘဝကြီး၌၊ **သုခန္တိကံ**-ကောင်းစွာသည်းခံခြင်းရှိထသော၊ **လောကအတ္ထံ**-လောက၏အစီးအပွားကိုလည်း၊ **ကရောန္တံ**- ပြုပေတတ်ထသော၊ **သရဏံ**-ဘေးအန္တရာယ်အပေါင်းကို ဖျက်ဆီးတတ်ထသော၊ **တံဗုဒ္ဓံ**-ထိုမြတ်စွာဘုရားကို၊ **သဒါ**- အခါခပ်သိမ်း၊ **နမေ**-ရှိခိုးပါ၏။ **အနေနပုညေန**-ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ**-အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**-အလိုရှိတိုင်း၊ **သမိဇ္ဈတု**-ပြည့်စုံပါစေသတည်း။

(၁၈) **မြတ်စောညီနောင်ဘုရားများ အောင်**

မြေဒေသ

မြတ်စောညီနောင်ဘုရားများသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အရှေ့ (၆)မိုင်အကွာတွင်တည်ရှိပါသည်။သိကြားမင်းတံဆိပ်ခတ်နှိပ်သောစမ အက္ခရာ (၄)လုံးမှာ 'ဗော-မိ-ဝေ-ဋ္ဌ'ဖြစ်ပါသည်။ ထိုစာမလေးလုံးနှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာပဒုမုတ္တရမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ အရှေ့ဘက်ဖြစ်၏။

**ဗော-မိ-သေ-ဋ္ဌဂါထာတော်**

(ဗော) စေတဗ္ဗေ ဝိစက္ခန္တော၊
(မိ) ရေ ဓမ္မရသံ ဝရံ၊
(သေ) စနေန နိဗ္ဗာနိမှိ၊
(ဋ္ဌ) တ္တံ နမေ နိရဂ်တံ။
ပုညေနာ နေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဗောစေတဗ္ဗေ**-သိစေထိုက်ကုန်သော၊ **မိရေ**-ပညာရှိတို့ကို၊ **ဝိစက္ခန္တော**-ဆင်ခြင်တော်မူလျက်၊ **ဝရံ**-မြတ်သော၊ **ဓမ္မသံ**-တရားအရသာ၊ **သေဝနေန**-မှီဝဲစေသဖြင့်၊ **နိဗ္ဗာနမှိ**-နိဗ္ဗာန်၌၊ **ဋ္ဌပေတ္တံ**- တင်ထားတော်မူတတ်ထသော၊ **နိရဂ်ထံ**-ကိလေသာကင်းတော်မူပြီးသော မြတ်စွာဘုရားကို၊ **နမေ**-ရှိခိုးပါ၏။ **အနေနပုညေန**- ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊**သဗ္ဗမှိ**-အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**-အလိုရှိတိုင်း၊ **သမိဇ္ဈတု**- ပြည့်စုံပါစေသတည်း။

(၁၉) **လယ်ကိုင်းကျောင်းတော်ရာအောင်မြေဒေသ**

လယ်ကိုင်းကျောင်းတော်ရာကိုစန္ဒကူးနံ့သာကျောင်းတော်ရာဟုလည်းခေါ်ကြ၏။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းမြို့၌တည်ရှိပါသည်။ သိကြားမင်းတံဆိပ်ခတ်နှိပ်သောစာမ အက္ခရာ(၄)လုံးမှာ'ပု-ည-ခေ-တ္တံ'ဖြစ်ပါသည်။ ထိုစမလေးလုံးနှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ အတ္ထဒဿီမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ အရှေ့ဘက်ဖြစ်၏။

**'ပု-ည-ခေ-တ္တံ ဂါထာတော်'**

(ပု) ဏ္ဏထေရ နိမန္တိတော၊
(ဉ) တ္တာ လောကဟိတံ စိရံ၊
(ခေ) မဝါသ မကာသိယော၊
(တ) မ ဝန္ဒေလောကနာထံ၊
ပုညေနာနေနသဗ္ဗမှိ၊
သမိဇ္ဈတုယထိစ္ဆိတိ။

**ယောဗုဒ္ဓေါ**- အကြင်မြတ်စွာဘုရားသည်၊ **ပုဏ္ဏထေရနိမန္တိတော**- မဟာပုဏ်မထေရ် ပင့်ဖိတ်အပ်သည်ဖြစ်၍၊ **စိရံ**-မြင့်ရှည်စွာသော၊ **လောကဟိတံ**- လူတို့စီးပွားရေးကို၊ **ဉတ္တာ**-သိတော်မူ၍၊ **ခေမဝါသံ**- ဘေးမဲ့ရာစန္ဒကူးနံ့သာတန်ဆောင်ကျောင်း၌နေခြင်းကို၊ **အကာသိ**-ပြုတော်မူလေပြီ၊ **လောကနာထံ**-လူတို့၏ ကိုးကွယ်ရာဖြစ်သော၊ **တံဗုဒ္ဓံ**-ထိုမြတ်စွာဘုရားကို၊ **ဝန္ဒေ**-ရှိခိုးပါ၏။ **အနေနပုညေန**- ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမှိ**-အလုံးစုံသော ဆုသည်လည်း၊ **ယထိစ္ဆိတံ**- အလိုရှိတိုင်း၊ **သမိဇ္ဈတု**-ပြည့်စုံပါစေသတည်း။

(၂၀) **ရွှေမင်းဝံအောင်မြေဒေသ**

ရွှေမင်းဝံဘုရားသည်မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့အနီးတွင် တည်ရှိပါသည်။ သိကြားမင်းတံဆိပ်ခတ်နှိပ်သောစမအက္ခရာ(၄) လုံးမှာ 'ဥ-မွာ-ဝ-မွဲး' ဖြစ်၏။ ထိုစမလေးလုံးနှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားရှင်မှာ ဖုဿမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ အရှေ့ဘက်ဖြစ်၏။

**ဥ-မွာ-ဝ-မွဲး ဂါထာတော်**

(ဥ) န္နတံ သဗ္ဗံလောကေဟိ၊
(မာ) နိတံ သဗ္ဗဓမ္မတော၊
(ဝ) န္ဒမိ နရာမရာနံ၊
(ပ) ယျကံ လောကနာယကံ၊
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယတိစ္ဆိတံ။

**သဗ္ဗလောကေဟိ**-ခပ်သိမ်းသောလူတို့ထက်၊ **ဥန္နတံ**-မြင့်မြတ်ထသော၊ **သဗ္ဗဓမ္မတော**-ခပ်သိမ်းသောတရားအားဖြင့်၊ **မာနိတံ**-မြတ်နိုးအပ်သော၊ **နရာမရာနံ**-လူ၊ နတ်တို့၏၊ **ပယကံ**-ဘိုးဘေးအရာ၌တည်ထသော၊ **လောကနာယကံ** -လူသုံးပါးတို့ကို နတ်ရွာနိဗ္ဗာန်သို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားကို၊ **ဝန္ဒာမိ**-ရှိခိုးပါ၏။ **အနေနပုညေန**-ဤသို့ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမှိ**-အလုံးစုံသော ဆုသည်လည်း၊ **ယထိစ္ဆိတံ**-အလိုရှိတိုင်း၊ **သမိဇ္ဈတု**-ပြည့်စုံပါစေသတည်း။

(၂၁)**ရွှေစာရံဘုရားအောင်မြေဒေသ**

ရွှေစာရံဘုရားသည်မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင်ရှိ၏။ သိကြားတံဆိပ်ခတ်နှိပ်ခံရသောစမလေးလုံးမှာ 'ဗော-မိ-စိ-န္တာ' ဖြစ်ပါသည်။ ထိုစမလေးလုံးနှင့်သက်ဆိုင်သောနှစ်ကျိပ်ရှစ်ဆူဘုရားမှာ ကကုသန်မြတ်စွာဘုရားဖြစ်၏။

**ဗော-မိ-စိ-န္တာဂါထာတော်**

(ဗော) ဓေတဗ္ဗေ ဝိစက္ခန္တော၊
(မိ) ရေ နာနာ ဉပါယ တော၊
(စိ) န္တေ တွာ ဝိနေတိ ယောတံ၊
(န္တာ) ဏံ လေဏံ နမေသဒါ၊

**ယောဗုဒ္ဓေါ**-အကြင်မြတ်စွာဘုရားသည်၊ **ဗောဓေတဗ္ဗေ**-ကျွတ်ထိုက်ကုန်သော၊ **မိရေ**-ပညာ၊ သမာဓိရှိသူတို့ကို၊ **ဝိစက္ခန္တော**-ဆင်ခြင်တော်မူလျက်၊ **နာနာဥပါယတော**-အထူးထူးသောအကြောင်းဥပါယ်ဖြင့်၊ **စိန္တေတွာ**-ကြံစည်၍၊ **ဝိနေတိ**-ချွေချွတ်တော်မူတတ်၏။ **တာဏံ**-ကိုးကွယ်ရာဖြစ်ထသော၊ **လေဏံ**-ပုန်းအောင်းရာလည်းဖြစ်ထသော၊ **တံဗုဒ္ဓံ**-ထိုမြတ်စွာဘုရားကို၊ **သဒါ**-အခါခပ်သိမ်း၊ **နမေ**-ရှိခိုးပါ၏။ **အနေနပုညေန**-ဤသို့ရှိခိုးသောကြောင်းမှုကြောင့်၊ **သဗ္ဗမှိ**-အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**-အလိုရှိတိုင်း၊ **သမိဇ္ဈတု**-ပြည့်စုံပါစေသတည်း။

(၂၂)**ယိုးဒယားပြည်ဆံတော်ရှင်အောင်မြေဒေသ**

ယိုးဒယားပြည် ဆံတော်ရှင်သည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၊ ဝပ်ပရာထက်(ဒွိုင်စုထက်)၌ တည်ရှိတော်မူပါသည်။ သိကြားမင်း တံဆိပ်ခတ်နှိပ်သော စမအက္ခရာလေးလုံးမှာ 'ဓ-ဝံ-မာ-ဟ' ဖြစ်ပါသည်။ ထိုစမလေးလုံးနှင့်သက်ဆိုင်သောဘုရားရှင်မှာ သရဏင်္ကရာမြတ်စွာဘုရားဖြစ်၏။ အုပ်စိုးသောအရပ်မှာ အနောက်အရပ်ဖြစ်၏။

**ဓ-ဝံ-မာ-ဟ ဂါထာတော်**

(ဓ) သကံ လောက ဟိ တဿ၊
(ဝ) န္တကံ ပါပရာသယော၊
(မာ)နနာယ သကံ ဒေန္တံ၊
(ဟ) ရိကေသမ္ပိ တံ နမေ၊
ပုညေနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**လောကဟိတဿ**-လူသုံးပါးတို့အစီးအပွားကို၊ **သောကံ**-ရှာမှီးတတ်ထသော၊ **ပါရာသယော**-မကောင်းမှုအစုတို့ကိုလည်း၊ **ဝန္တကံ**-စွန့်အပ်ပြီးထသော၊ **သကံဟရိကေသမ္ပိ**-ကိုယ်တော်၌ရောက်သောစိမ်းညို့သောဆံတော်ကိုလည်း**မာနနာယ**-ပူဇော်မြတ်နိုးခြင်းငှာ၊ **ဒေန္တံ**-ပေးတတ်ထသော၊ **တံဗုဒ္ဓံ**-ထိုမြတ်စွာဘုရားကို၊ **နမေ**-ရှိခိုးပါ၏။

ရွှေလဆက်ဖတ်ပါရန်
ဆက်ဝွန်းလင်း

အစာလည်းဆေး ဆေးလည်းအစာ

# (၈၈) ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင်

## ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)





ယခုလို ရာသီအကူးအပြောင်း ကာလများတွင် ဖျားနာတုပ်ကွေးအအေး မိနှာစေးချောင်းဆိုးရောဂါများဖြစ်ခဲ့ပြီး သည့်အခါခံတွင်းပျက်မစားချင်မသောက် ချင်လျှာအရသာမပေါ်ခြင်းစသောလက္ခ ဏာများကိုနာလန်ထစသူများတွင် တွေ့ ကြုံခံစားကြရပါသည်။

ထိုသို့သော နာလန်ထစသူများ အတွက် ခံတွင်းလိုက်အရသာပေါ်ဓာတ် ပွင့်အခိုးပွင့်စေပြီးအမြန်နေပြန်ကောင်း စေနိုင်သည့်ဆေးဖက်ဝင်စာရင်းထဲတွင် ကြက်သောက်ဆမ်းချဉ်စပ်ဟင်းလျာသည် ထိပ်တန်းစာရင်းဝင်ဟင်းလျာတစ်မျိုးဖြစ် ပါတယ်။

သောက်လိုက်ရင် နှုတ်ခံတွင်းမှာ ချဉ်ငန်စပ်မွှေးအရသာလေးကြောင့် အရ သာပေါ်လျှာလည်ပြီးအခိုးပွင့်၍ချွေးလေး စို့လာပြီး ခန္ဓာကိုယ်ပေါ့ပါးကာ စိတ်ရွှင် လန်းလာစေပါသည်။

အစာကြေဝမ်းမီးအားကောင်းလာ ပြီး နောက်ထပ်စားဖွယ်ရာများကို ထပ်မံ ၍စားသောက်ချင်တဲ့စိတ်ကိုတိုးပွားလာ စေပါတယ်။

အမှန်တော့ ကြက်သောက်ဆမ်း ချဉ်စပ်ဟင်းရည်ဟာရခိုင်ရိုးရာကျေးလက် စားဖွယ်ဟင်းလျာဖြစ်ပါသည်။

အဓိကက ကြက်သားမှာပါတဲ့ပရို တင်းအသားဓာတ်နဲ့ ဗီတာမင်ဓာတ်၊ သံ ဓာတ်၊သွပ်၊ ကယ်လဆီယမ်၊ ဖော့စပရပ် နဲ့ကြက်ရဲ့အရိုးနုအရေခွံကြက်ခြေထောက် အရေခွံတို့မှာပါဝင်နေတဲ့ကိုလာဂျင်ဓာတ် စသည်တို့အစွမ်းအာနိသင်များကို ဆေး ဖက်ဝင်ဟင်းခတ်အမွှေးကြိုင်များဖြစ်ကြ သော ကြက်သွန်အဖြူ၊ အနီ၊ ချင်း၊ စပါး လင်၊ ငရုတ်ကောင်း၊ နံနံပင်၊ သံပရာသီး စသည်တို့ဖြင့်တွဲစပ်ပြီး စားဖိုမှူးတို့နည်း ပညာနဲ့စားကောင်းနှုတ်မြိန်၍လျှာခံတွင်း လိုက်စေပြီးဆေးဖက်ဝင်ဟင်းလျာအဖြစ် ဖန်တီးထားခြင်းဖြစ်ပါသည်။

ဒို့အပြင် ဝိတ်ချ၊ အဆီချကျန်းမာ ရေးအတွက် Diet လုပ်သူများအတွက် လည်း အလွန် Favourite ဖြစ်သော ဆေးဖက်ဝင်ဟင်းလျာဖြစ်ပါတယ်။

ဆေးဖက်ဝင် စားဖွယ်အာဟာရ Diet ဓာတ်စာဟင်းလျာဖြစ်သော ကြက် သောက်ဆမ်းဟင်းလျာသည် ဆီးချို၊ သွေးချိုရောဂါရှင်များနှင့် အလွန်ပင်သင့် တော်လှသော ဆေးဖက်ဝင်စားဖွယ် အာဟာရကောင်းတစ်မယ်ဖြစ်ပေသည်။

ကြက်သောက်ဆမ်းချဉ်စပ်ဟင်း တွင်ပါဝင်ပစ္စည်းများ-

၁။ ကြက် (၅၀) သားခန့်အရွယ် တစ် ကောင်။
၂။ သံပရာသီး (၂) လုံး။
၃။ စပါးလင် (၃) ပင်။
၄။ ငရုတ်ကောင်း (၁၅) စေ့။
၅။ ငရုတ်သီးစိမ်း (၁၀)တောင့်။
၆။ ငါးပိစိမ်းစား ကော်ဖီဇွန်း (၁)ဇွန်း။
၇။ ကြက်သွန်အနီ၊ အဖြူ ချင်း ဟင်း တစ်အိုးစာ တစ်ဆုံထောင်းထား ပါ။
၈။ ငံပြာရည်လိုသလောက်။
၉။ ဟင်းခတ်အရသာမှုန့် (၁) ဇွန်း။
၁၀။ နနွင်းမှုန့်အနည်းငယ်။

ပါဝင်ပစ္စည်းများပြည့်စုံရင် ကြက် သားကိုအရိုးအသားမျှအောင် ခုတ်ထစ် ပြီး ဆား၊ နနွင်း၊ ငံပြာရည် သင့်တော်ရုံ ထည့်၍နယ်ပြီးခဏနှပ်ထားပါ။

စပါးလင်များကို မလိုတာများ ဖြတ်တောက်၍ ဓားပြားရိုက်ပြီး ထုံးချည် ၍အသင့်ပြင်ထားပါ။

ငရုတ်စိမ်းတွေကိုထက်ခြမ်းခွဲထား ပြီး ငရုတ်ကောင်းစေ့များကို စလုံးစခု ထောင်းထားပါ။ အားလုံးအသင့်ဖြစ်ပြီ ဆိုရင် ဟင်းအိုးတွင် ဆီ (၂) ဇွန်းခန့်ထည့် ပြီးဆီပူလာလျှင် ကြက်သွန်ဖြူ နီ၊ ချင်း ထောင်းထားတာတွေကိုထည့်၍ဆီသတ် ပေးပြီး ခဏအကြာမှာ ကြက်သားများ ကိုထည့်၍မွှေပြီး ငါးပိစိမ်းစား (၁) ဇွန်း ကိုပါထည့်၍ရောပြီးလုံးချက်ချက်ပေးကာ ဟင်းအိုးလုံးရေ ခမ်းကာနီးမှာ စပါးလင်နဲ့ ငရုတ်စိမ်း၊ ငရုတ်ကောင်းစေ့များပါ တစ် ခါတည်းထည့်၍ပေးလိုက်ပြီး ရေနွေးဆူ ဆူကို ဟင်းရည်အနေအထား ကိုယ်လို ချင်သလောက်ထည့်ပြီး ဟင်းအိုးဆူပွက် လာအောင်ဆက်၍တည်ပါ။

ဟင်းရည်ဆူလာပြီး ကြက်သား များနူး၍ အသားနဲ့အရိုးများထဲမှ အချို ရည်နှင့်အာဟာရဓာတ်များထွက်လာပြီး ဟင်းရနံ့မှာ မွှေးကြိုင်၍လာပြီဆိုလျှင် ဟင်းခတ်အရသာမှုန့်ကို အရသာအနေ တော်ခတ်ပေးပြီးနောက်ဆုံးပိတ်ချဉ်ငန်စပ် အရသာဖြစ်၍ နှုတ်မြိန်စေပြီး လျှာကိုစွဲ သွားအောင် သံပရာသီးကိုအရည်ညှစ် ယူကာအချဉ်အရသာကိုစိတ်ကြိုက်ထည့် ပေးပြီး နံနံပင်ကိုအနေတော်ညှပ်၍ အုပ် ထည့်ပေးလိုက်လျှင် အလွန်မွှေးကြိုင်ပြီး ချဉ်ငန်စပ်ချိုမွှေးကြက်သောက်ဆမ်း ချဉ် စပ်ဟင်းလျာကိုစိတ်ကြိုက်သုံးဆောင်နိုင် ကြပါပြီ။

*သတ္တဝါများ စားသမျှအားဖြစ်၍*
*ကျန်းမာကြပါစေ။*
ရွှေနဝင်း(ပုသိမ်)

# အိမ်မြှောင်စုတ်ထိုး လာဘ်မုန်းကြွက်မြည်

ခင်နေထွန်း(တာန့်ဘာလူ)



ကျွန်တော်တို့နိုင်ငံဟာ ဇမ္ဗူဒီပါ သက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်း တဲ့စကားနဲ့အညီ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတွေအရ အကျိုးအပြစ်ဖြစ်တတ်တဲ့ နိုင်ငံဆိုရင် မှားပါဘူး။ ဒီအတိတ်၊ နိမိတ်၊ တဘောင်စတာတွေကိုလည်း ယုံကြည် လက်ခံထားသူ များကြပါတယ်။

ရှေးအခါကဆိုရင် သာမန်လူတန်း စားများပင် မဆိုထားနှင့်တိုင်းပြည်အုပ် ချုပ်ဘုရင်လုပ်နေကြသူများ ကိုယ်တိုင် တိုင်ပင်လျှင် အတိတ်၊ နိမိတ်၊ တဘောင် စတာတွေကို အယုံအကြည်ရှိခဲ့ကြပါ တယ်။ ထင်ရှားတဲ့ ဥဒါဟရုဏ်၊ တစ်စုံ တစ်ခု ဥပမာပြုရရင် အနော်ရထာမင်း စောကိုပဲ ညွှန်းဆိုချင်ပါတယ်။

ရာဇဝင် သမိုင်းဆရာကြီးများရဲ့ အလိုအရဖော်ပြရရင် အနော်ရထာမင်း စောဟာ ကိုးခရိုင်ကို ဆည်ဖို့ ပြုပြင်ပြီး နောက် နေပြည်တော် ပုဂံရာမကို ပြန် လည်ကြွချီတော်မူရာ ကွန်းထောက်နား နေတဲ့ တဲနန်းအောက်က ဖားအော်မြည် သံကိုကြားတော်မူပါသတဲ့။ အဲဒီအခါမှာ အနော်ရထာမင်းစောက အမှုမဲ့အမှတ်မဲ့ မနေတော်မူဘဲ ပုဏ္ဏားဖြူပုဏ္ဏားညို ဗေဒင်ပညာရှိတွေကို ဖားအော်မြည်သံနဲ့ ပတ်သက်ပြီး မေးမြန်းတော်မူပါသတဲ့။

ဗေဒင်ပညာရှင်၊ ဝေဒနာပညာရှင် ဟူးရားဖြူဟူးရားညိုတို့ကလည်း ဖားအော် မြည်သံကြားရတဲ့အချိန်၊ နာရီ၊ ဗီဇနာ ထောင့်အရပ်စတဲ့ အချက်အလက်တွေနဲ့ တွက်ချက် စိစစ်ပြီး 'ဖားမတစ်ကောင် သည် လင်ကောင်ဖားဖိုကိုကျောပိုးလျက် ငိုညည်းနေသံ ဖြစ်ပါကြောင်း' လျှောက် ထားကြသတဲ့။

ထိုတင်ပြချက်ကို မှန်၊မမှန်ဧကန် မုချသိရှိရလေအောင်မြေကိုတူးဆွကြည့် စေရာ ဟူးရားတို့လျှောက်တင်တဲ့အတိုင်း ဖားမတစ်ကောင်ဟာ ဖားဖိုလင်ကို ကျော ပိုးအော်မြည်နေကြောင်း တွေ့မြင်ကြရ ပါသတဲ့။ အဲဒီလို တွေ့ရှိတဲ့အခါမှာ ထို အခြင်းအရာကို ဆက်လက်ပြီး နိမိတ် ဖတ်ကြားဖို့ စေခိုင်းပြန်ပါသတဲ့။

ဟူးရားပညာရှိတို့ကလည်း ဗေဒင် ပညာ ဝေဒပညာကို ယုံကြည်ကိုးစား အလေးထားပြီး မင်းဘုရင်မျက်မာန်ရှမှာ ကိုပင် မငဲ့မကွက်ကြဘဲ ရဲဝံ့စွာ (ဤနိမိတ် သည် ကုသိုနိမိတ်မဟုတ်ပါ။ အနိဋ္ဌနိမိတ် သာဖြစ်ကြောင်း၊မင်းကြီး၏အတိတ်ဘဝ ကကောင်းမှုကုသိုလ်များကုန်ခမ်းနေပြီဖြစ် သဖြင့် နေပြည်တော်ပုဂံမြို့တော်သို့ မရောက်မီ လမ်းခုလတ်မှာပင် အန္တရာယ် ကျရောက်ပြီး နတ်ရွာစံမည့် လက္ခဏာ ဖြစ်ပါကြောင်း လျှောက်ထားကြသတဲ့) လျှောက်တင်ချက်အတိုင်း နေပြည်တော် မရောက်မီမှာပင် အနော်ရထာမင်းစော နတ်ရွာစံခဲ့မဟုတ်ပါလား။

ဂမ္ဘီရဆန်တဲ့ နိမိတ်ဖတ်ပညာရပ် တွေထဲမှာ ဒီကနေ့ခေတ်လူအတော်များ များလက်ခံထားကြတဲ့ 'ကျီးသာနိမိတ်' လည်း အပါအဝင်ပါပဲ။ မြို့ပြနေလူတန်း စားတွေထက်၊ ကျေးလက် တောရွာနေ လူတန်းစားတွေက ကျီးသာနိမိတ်ကို ပိုမို အလေးထားယုံကြည်စွာ အတိတ်၊နိမိတ် ကောက်ယူတတ်ကြပါတယ်။

'အရှေ့အရပ်တည့်တည့်မှကျီးသာ လျှင်ချစ်သူခင်သူရောက်လာအံ့။ အရှေ့ တောင်ထောင့်အရပ်မှ ကျီးသာလျှင်မိတ် ဆွေ အပေါင်းအသင်း ရောက်လာအံ့။ တောင်အရပ်မှ ကျီးသာလျှင်' စသဖြင့် ကျီးသာနိမိတ်ကို စွဲမှတ်ထားလေ့ရှိတတ် ကြပါတယ်။

နောက်တစ်မျိုးကတော့ ဇီးကွက် မြည်သံပဲဖြစ်ပါတယ်။ ဇီးကွက်မြည်သံကို လည်း အတိတ်၊ နိမိတ်အဖြစ်ယူတတ်ကြ ပါသေးတယ်။ မြန်မာနိုင်ငံပြည်မအတွင်း ရှိ လူများက ဇီးကွက်ကို လာဘ်ကောင် အဖြစ်မှတ်ယူထားကြသော်လည်း ပြည် နယ်ဖြစ်တဲ့ ရှမ်းပြည်နယ်မှာတော့ ငှက် ယုတ်မာတစ်မျိုးလို့ သတ်မှတ်ထားကြ တယ်လို့ သိရပါတယ်။ သတ်မှတ်ချက် မတူမညီ ကွဲပြားနေပေမယ့် အတိတ်၊ နိမိတ်ယူတဲ့ အတွေးအမြင်တွေကတော့ ရှိနေကြတာပါပဲ။

ဒီနေရာမှာ လူအများစုသဘော မပြုအမှုမထားတတ်ကြတဲ့ နိမိတ်ကတော့ အိမ်မြှောင်စုတ်ထိုးတဲ့ အသံနိမိတ်ပါပဲ။ အိမ်မြှောင်စုတ်ထိုးသံနိမိတ်ဟာ ရာနှုန်း အတော်များများမှန်ကန်မှုရှိတာကိုသတိ ပြုမိသူအလွန်နည်းနေပါတယ်။ အချို့လူ တွေဆိုရင် ကြွက်မြည်သံကို အမင်္ဂလာ နိမိတ်အဖြစ်အမုန်းစိတ်နဲ့သတ်မှတ် လက် ခံထားတတ်ကြပါတယ်။ကြွက်မြည်သံမှာ နိမိတ်ကောင်းတွေလည်း ရှိနေတတ်ပါ တယ်။

ကြွက်မြည်သံ၊ အိမ်မြှောင်စုတ်ထိုး သံတွေမှာ အကောင်းနိမိတ်တွေရှိသလို မကောင်းနိမိတ်တွေလည်း ရောထွေးနေ ပါတယ်။ ဒီနိမိတ်တွေကို ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြား သိထားနားလည်ထားဖို့လို အပ်မယ် ထင်ပါတယ်။ လေ့လာထားဖို့ ကောင်းပါတယ်။

ဒီလိုနားလည်အောင်လေ့လာကြ တဲ့အခါမှာ ပထမဆုံး သိထားရမယ့်အ ချက်ကတော့ ခေတ်သစ်ရှုထောင့် ဂမ္ဘီရ ဗေဒနည်းအရ (နဝင်းမိခြင်း) (နဝင်းမမိ ခြင်း) (သတ္တရုမိခြင်း)(သတ္တရုမမိခြင်း) တွေပါပဲ။ နက်နဲဆန်းကြယ်ထူးခြားတဲ့ ဂမ္ဘီရဗေဒဟာ လူ့လောကကို ခြယ်လှယ် နေတယ်ဆိုတာကို သိထားဖို့ပါပဲ။

အကြောင်းတိုက်ဆိုင်လို့အနောက် တိုင်းသားတွေရဲ့ (၇) ခုနစ်ဂဏန်းနဲ့ (၉) ဂဏန်းတွေအပေါ် ထားရှိတဲ့အမြင်တချို့ ကို တင်ပြခွင့်ပြုပါ။အနောက်တိုင်းသင်္ချာ ပညာရှင်ကြီးတွေက (၇) ဂဏန်းနဲ့ (၉) ဂဏန်းကို အလွန်အမင်းအမွမ်းတင်ထား တတ်ကြတာကို လေ့လာသိရှိရပါတယ်။

သမ္မာကျမ်းစာနဲ့ အီဂျစ်လိုမျိုးတွေ ရဲ့ ဘာသာရေး အယူအဆများမှာ (၇) ဂဏန်းဟာ 'ဝိညာဉ်တော်ဂဏန်း' လို့ သတ်မှတ် ယူဆထားကြပါတယ်။ တစ် နည်းအားဖြင့်လည်း ဘုရားသခင်ရဲ့တန် ခိုးတော်ကို ညွှန်းဆိုဖော်ပြရာ ဂဏန်းလို့ ယုံကြည်လက်ခံထားကြပါတယ်။ အိန္ဒိယ တရုတ်၊ ဂရိ၊ ဟီဘရူးစတဲ့လူမျိုးတွေမှာ ရှိတဲ့ 'ဂမ္ဘီရလောကီပညာရပ်' တွေမှာ (၇) ဂဏန်းကို ဘုရားသခင်ရဲ့ သဘာဝ နိယာမနဲ့ပတ်သက်တဲ့ဂဏန်းလို့ပဲ ခြွင်း

ချက်မရှိ ယုံကြည် လက်ခံထားကြတာဆို ပဲ။

အချက်တစ်ချက်အနေနဲ့ လေ့လာစူးစမ်းလို့ရတာကတော့ (၇) ဂဏန်းဟာ အဆုံးအစမရှိတဲ့ ကိန်းဂဏန်း The Number of Eternity ကို စားကိန်းပြုနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ အဲဒီလိုတည်ကိန်းတစ်ခုကို စားချေလိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ စားလဒ်အဖြေက (၁၄၂၈၅၇)တွေချည်း ဖြစ်သွားကြောင်းဖြစ်ပေါ်လာတဲ့စားလဒ် (၁၄၂၈၅၇)ကို တစ်လုံးတည်းဂဏန်းဖြစ်အောင် ပေါင်းနှောကြည့်တဲ့အခါမှာလည်း (၁+၄+၂+၈+၅+၇=၂၇=၂+၇=၉)(၉)ဂဏန်းရနေတယ်ဆိုတဲ့အချက်ပါပဲ။

```
        ၁၄၂၈၅၇
     -----------
  ၇ | ၁၀၀၀၀၀၀
    | ၇
     ----------
      ၃၀
      ၂၈
     ----------
       ၂၀
       ၁၄
     ----------
        ၆၀
        ၅၆
     ----------
         ၄၀
         ၃၅
     ----------
          ၅၀
          ၄၉
     ----------
          *၁ အကြွင်း
```

အကြွင်း(၁)ရဲ့နောက်ကသုညတွေ ဆက်ထိုးထည့်သွင်းပြီး (၇)ဂဏန်းနဲ့ စားချေကြည့်ရင်လည်း အထက်ပါအတိုင်းပဲ (၁၄၂၈၅၇) အစမရှိအဆုံးမရှိ ဖြစ်နေဦးမှာပါပဲ။ အံ့ဩစရာတော့ ကောင်းနေပါတယ်။

အခုလို ရှည်ရှည်ဝေးဝေးတင်ပြနေရတာကတော့ အနောက်တိုင်းအယူအဆအချို့နဲ့ အရှေ့တိုင်းအယူအဆတွေ မတူညီကြမှုကို သတိပြုစေချင်လို့ပါပဲ။ ဆက်နွယ်နေတဲ့အပိုင်းတွေကိုလည်း သိစေချင်လို့ပါပဲ။ အထူးသဖြင့်တော့ ကျွန်တော်တို့နိုင်ငံအယူအဆမှာလည်း နဝင်းကျေတွေ ကြင်းကျေတွေ သတ္တရှုတွေရှိနေခြင်းကို ကွင်းကွင်းကွက်ကွက် မြင်စေချင်လို့ပါပဲ။

အိမ်မြှောင်စုတ်ထိုးခြင်း၊ကြွက်မြည်ခြင်းတို့ကိုပြန်လည်ဆက်လက်ဖော်ပြသွားပါမယ်။ အိမ်မြှောင်စုတ်ထိုးခြင်း၊ ကြွက်မြည်ခြင်းတွေဟာစောစောကတင်ပြခဲ့တဲ့အတိုင်း (၇) ဂဏန်း (၉) ဂဏန်းတွေနဲ့ ဘယ်လို ဆက်စပ်နှီးနွယ်နေသလဲဆိုတဲ့ အပိုင်းကို ကြည့်ကြရအောင်ပါ။

မြန်မာတွေရဲ့ ရှေးရိုးရာအမွေတစ်ခုဖြစ်တဲ့ ဝေဒဗေဒင်ပညာရပ်မှာ နေ့နံအလိုက်သတ်မှတ်ထားတဲ့ဂြိုဟ်သက်ဆိုတာတွေရှိပါတယ်။'တနင်္ဂနွေဂျုန်၊ ရှေ့မြောက်ကြုံ နေတုံခြောက်နှစ်မျှ' ဆိုတဲ့ တနင်္ဂနွေဂြိုဟ်သက်(၆)နှစ်။ တနင်္လာဂြိုဟ်သက် (၁၅) နှစ်စတာတွေပေါ့။ အဲဒီနေ့နံတွေအလိုက် သတ်မှတ်ထားတဲ့ဂြိုဟ်သက်တွေနဲ့ အိမ်မြှောင်စုတ်ထိုးကို ဆန်းစစ်ကြည့်ရင်-

အိမ်=တနင်္ဂနွေနံ=ဂြိုဟ်သက်=(၆)နှစ်၊ မြှောင်=ကြာသပတေးနံ=ဂြိုဟ်သက်=(၁၉) နှစ်ပေါင်းလျှင် (၂၅) ရသည်။ (၂+၅=၇) ရသည်။

စုတ်=အင်္ဂါနံ=ဂြိုဟ်သက်=(၈)နှစ်၊ ထိုး=စနေနံ=ဂြိုဟ်သက်=(၁၀)နှစ်ပေါင်းလျှင် (၁၈) ရသည်။ (၁+၈=၉)

စသဖြင့် တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ အိမ်မြှောင် (၇) ဂဏန်း (သတ္တရှု) နဲ့စုတ်ထိုး (၉) ဂဏန်း (နဝင်းကျေ) တို့ဟာအတိတ်၊ နိမိတ်ကို ဖော်ပြနေတဲ့ လက္ခဏာတွေလို့ပြောရင် သင့်နိုးအံ့ထင်ပါတယ်။ ဒါကြောင့်မို့ အိမ်မြှောင်စုတ်ထိုးသံကြားရရင် ယခင်ကလိုအမှတ်တမဲ့ မနေသင့်တော့ပါဘူး။အလေးဂရုပြုကြရပါတော့မယ်။ အတိတ်၊နိမိတ် ယူကြရပါတော့မယ်။

အိမ်မြှောင်စုတ်ထိုးသံကို အာရုံစိုက်ဂရုပြုသလို ကြွက်မြည်သံ ကိုလည်း ဂရုပြုကြရမှာပါပဲ။

ကြွက်=တနင်္လာ=ဂြိုဟ်သက် (၁၅) နှစ်၊ မြည်=ကြာသပတေး=ဂြိုဟ်သက် (၁၉)နှစ်နဲ့ပေါင်း (၃၄)ရသည်။ (၃+၄=၇)။

ဂမ္ဘီရပညာရှင်ကြီးများက(၇)ဂဏန်းရဲ့တွဲဖက်ကိန်းဂဏန်းဖြစ်တဲ့ နဝင်း (၉) ဂဏန်းရဖို့ ကြွက်မြည်ရဲ့ရှေ့က လာဘ်မိုးကိုထည့်သွင်းပြီး လာဘ်မိုးကြွက်မြည်လို့ ဝိဂြိုဟ်ပြု သတ်မှတ်ပေးသွားကြပါတယ်။

လာဘ်=ဗုဒ္ဓဟူးနံ=ဂြိုဟ်သက်=(၁၇) နှစ်၊ မိုး=ကြာသပတေးနံ=ဂြိုဟ်သက် (၁၉) နှစ်နှင့်ပေါင်းလျှင် (၃၆) ရသည်။ (၃+၆=၉)။

ဒါကြောင့်မို့ကြွက်မြည်သံကိုလည်း အတိတ်နိမိတ်တစ်ခုသဖွယ်အလေးထား လက်ခံကြရမှာပဲ ဖြစ်ပါတယ်။

ကောင်းပါပြီ။ အိမ်မြှောင်စုတ်ထိုးခြင်း၊ ကြွက်မြည်ခြင်းတွေကို အတိတ်၊ နိမိတ်ကောက်ကြမယ်ဆိုရင် ဘယ်လိုကောက်ယူရမယ်ဆိုတာဘေးဘိုးဘီဘင် ပညာရှင်ကြီးတွေက ကိုယ်တွေ့အဖြစ်အပျက်တွေနဲ့နှိုင်းယှဉ်ပြီး ဝိဂြိုဟ်ပြု ချန်ထားရစ်ခဲ့ကြပါတယ်။ဒီလိုပါ။

'လူတို့နေရာအိမ်ဂေဟာ၌သတ္တဝါ အိမ်မြှောင်၊ ရှောင်တခင်တည့်၊ မြည်လာဘိသော်၊ သတိထားရာ၊ နိမိတ်မှာကား၊ မှန်စွာမုချ၊ ရှေ့ရပ်ကလျှင်၊ မြည်ထစူးစူး၊ အိမ်မြှောင်ကျူးသော်၊ အထူးလာဘ၊ ရွှေငွေစသည်ရအံ့မလွဲ၊သူဆင်းရဲပင်ဖြစ်လေလျှင်လည်းလူတွင်ထင်ပေါ်၊မင်းပူဇော်၍ အဟော်တဝ ချီးမြှောက်အံ့။

ထိုမှမရွေ့ အရှေ့တောင်က မြည်ကျလာရောက် ကျွန်ပျောက်နွားပြေး၊ ရွှေ၊ ငွေ၊ ကြေးလည်း ရန်ဘေးမတုံး၊ ပျက်ပြုန်းတတ်စွာ၊ ဟောပါလေလော့။

တစ်ဖြာဒက္ခိဏ်တောင်တည့်တည့်က မြည်ဘိလေရာ၊ ကညာစစ်ပြီ၊ ကုမာရီဟု၊ မဒီနုပြောင်း၊ ခြေနှစ်ချောင်းလျှင် စုဘ်ကောင်းဝင်မည်။ ဟောအပ်သည်တည့်။

တလီနောက်တောင်၊အရပ်ချောင်ကအိမ်မြှောင်မြည်ငြား နွားနှင့်ဒါသ၊ ပြေးလျှောက်ရအံ့၊ ထိုမှတစ်ဖန် နောက်စူးစူးကမြည်ငြားပေလော၊ ရတနာရွှေငွေ၊ခြွေရွေကျွန်ကျေး၊မနှေးရမည်၊ လာဘ်မျိုးစည်လိမ့်။

တလီနောက်မြောက် မဖောက်ဒေသ၊ အသံပြုမူ၊မနေစုတ်လာဘ်ဝင်မည်မှတ်လော့၊ မြောက်ရပ်စူးစူး၊ အထူးသဒ္ဒ၊ နိမိတ်ပြသော် ရာဇပူဇော် ချွတ်ချော်မလွဲ၊ ခံရမြဲပင်၊ ဧင်းပြင်လည်း ဝင်မည်လာဘ၊ ရွှေငွေစသည်၊ မုချဟောလေ။

တထွေမှတ်ကြောင်း၊ ဦးခေါင်းထက်ကမြည်၍ပြမူ လာဘဖုံးလွှမ်း၊ ငွေယုန်စန်းသို့၊ အေးချမ်းသုခ၊ မနှဖြာဖြာ လာဘ်မိုးရွာသည် ဟောပါနိမိတ်စကားတည်း။

ကြွက်မြည်သံနဲ့ပတ်သက်လို့လည်း မှတ်တမ်းပြုထားခဲ့ကြပါသေးတယ်။

"ကြွက်သည် အိမ်၏အလည်၌ တစ်စုံတစ်ခုသောအစာကိုချီ၍ မြည်မူ အိမ်ကို မီးသင့်လောင်အံ့။ သန်းခေါင်အခါတွင်မြည်မူ နေအိမ်မှကွေကွင်းရတတ်အံ့။ သူဌေးသူကြွယ်ပင် ဖြစ်စေကာမူ ဆင်းရဲ ငြိုငြင်အံ့။ အရှေ့အရပ်မှ မြည်သော် နေအိမ်ကျက်သရေတိုးအံ့။ အနီး

# တရားဟောခြင်းသုံးမျိုး
## ကိုကြီးကောင်း

အသိဗန္ဓကဏ်ရွာသူကြီးသည မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ရောက်ရှိလာပြီးလျှင် လျှောက်ထားလေ၏။

"အရှင်မြတ်စွာဘုရား မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ ကောင်းကျိုးစီးပွားကိုလိုလားလျက်သာ လျှင်နေတော်မူသည်မဟုတ်ပါလော"

"မှန်ပေသည်ရွာသူကြီး၊ သတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွားကိုလိုလားလျက်သာနေတော်မူ၏"

ဟု ဗုဒ္ဓကပြန်လည်မိန့်ကြားလေသည်။

"အရှင်ဘုရားသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည်အဘယ်ကြောင့်သတ္တဝါအချို့တို့အား ကောင်းမွန်ပြည့်စုံအောင်တရားဟော၍ သတ္တဝါအချို့တို့အား ကောင်းမွန်ပြည့်စုံစွာ တရားမဟောပါသနည်း"

"ရွာသူကြီးသင်မေးသောစကားကို ဖြေကြားရန်ရှိပေ၏။ သင့်ကိုပင်မေးမြန်းဦးအံ့၊ သင်နှစ်သက်သလိုဖြေကြားလော"

**လယ်ကွက်သုံးကွက်**

"ရွာသူကြီးလယ်သမားတစ်ဦးအား လယ်ကွက်သုံးကွက်ရှိသည်ဆိုပါတော့။ အကောင်းစားလယ်ကွက်၊ အလတ်စားလယ်ကွက်၊ အညံ့စားလယ်ကွက်ဟူ၍ရှိသည်ဆိုပါတော့။

မိုးအခါစပါးစိုက်တော့မည်ဆိုလျှင် ထိုလယ်သမားသည်မည်သည့်လယ်ကွက်ကိုရွေးဦးစွာစိုက်ပျိုးလေမည်နည်း။ မည်သည့်လယ်ကွက်ကိုပိုမိုအလေးအနက်ပြုလေမည်နည်း"

"အရှင်ဘုရားထိုလယ်သမားသည် အကောင်းစားလယ်ကွက်ကိုရွေးဦးစွာစိုက်ပျိုးပါမည်။ ပိုမို၍အလေးအနက်ပြုပါမည်"

"အဘယ်ကြောင့်နည်းရွာသူကြီး"

"ထိုလယ်သမားသည် ငါ၏စပါးတို့သည် ရှင်သန်ကြီးပွားပါစေသတည်း၊ ကောင်းမွန်စွာ အောင်မြင်တိုးပွားပါစေသတည်းဟု လိုလားတောင့်တသောကြောင့်ဖြစ်ပါသည်အရှင်ဘုရား"

"မှန်ပေသည်ရွာသူကြီး၊ ထိုလယ်သမားသည်သူ၏အားထုတ်မှုကိုအချည်းနှီးမဖြစ်စေလိုသဖြင့်အကောင်းစားလယ်ကွက်ကိုဦးစားပေးစိုက်ပျိုး၏။ ထို့နောက်အလတ်စားလယ်ကွက်ကိုဦးစားပေးစိုက်ပျိုး၏။ ထို့နောက်မှသာအညံ့စားလယ်ကွက်ကိုစိုက်ပျိုးပေးမည်မစိုက်ပျိုးဘဲသော်လည်းချန်ထားကောင်းချန်ထားပေမည်"

"မြေမကောင်းသောကုန်းပိုင်းကျသောထိုအညံ့စားလယ်ကွက်ကိုစိုက်ပျိုးရခြင်းကားအနည်းဆုံးအားဖြင့်နွားစာမျှပင်ရစေဦးတော့ဟူ၍စိုက်ပျိုးခြင်း ဖြစ်ပေသည်"

**ပရိသတ်သုံးမျိုး**

"ရွာသူကြီး၊ ငါဘုရား၏ရဟန်းယောကျာ်း၊ ရဟန်းမိန်းမတို့သည်အကောင်းစားလယ်ကွက်နှင့်တူပေ၏။ ငါ၏ဥပသကာယောကျာ်း၊ ဥပသိကာမိန်းမတို့သည် အလတ်စားလယ်ကွက်နှင့်တူ၏။ ထိုမှကြွင်းသောအခြားသူတို့သည်အညံ့စားလယ်ကွက်နှင့်တူပေ၏။

ဆက်၍ပြောကြားဦးမည်။ ရွာသူကြီးငါဘုရား၏ရဟန်းယောကျာ်း၊ရဟန်းမိန်းမတို့သည် ငါ့ကိုသာလျှင်ဆည်းကပ်ကိုးကွယ်ကြကုန်သည်။ မှီခိုအားထားကြကုန်သည်။ ငါ၏ဟောကြားလမ်းညွှန်မှုကိုအစဉ်သဖြင့်လိုလားတောင့်တကြကုန်သည်။ ထို့ကြောင့်သူတို့အားဦးစားပေး၍တရားဟောပေ၏။ အစအလယ်အဆုံးကောင်းခြင်းဖြင့်ပြည့်စုံသောတရားတော်ကိုဟောကြားပေ၏။ ထက်ဝန်းကျင်အလုံးစုံစင်ကြယ်သောအကျင့်မြတ်လမ်းစဉ်ကိုဟောကြားပေ၏။

ငါ၏ဥပါသကာ၊ဥပသိကာတို့သည်လည်းငါ့ကိုသာလျှင်မှီခိုအားထားကြကုန်သည်။ဆည်းကပ်ကိုးကွယ်ကြကုန်သည်။ ငါ၏ဟောကြားလမ်းညွှန်မှုကို အစဉ်သဖြင့် လိုလားတောင့်တကြကုန်သည်။ ထို့ကြောင့်သူတို့အားလည်းအစအလယ်အဆုံးကောင်းခြင်းနှင့်ပြည့်စုံသောတရားကိုဟောပေ၏။ထက်ဝန်းကျင်အလုံးစုံစင်ကြယ်သောအကျင့်မြတ်လမ်းစဉ်ကိုဟောကြားပေ၏။

ထိုမှကြွင်းကုန်သောအခြားတစ်ပါးသူတို့အားလည်း အစအလယ်အဆုံးကောင်းခြင်းနှင့်ပြည့်စုံသော တရားကိုသာလျှင်ဟောကြားပေ၏။ ထက်ဝန်းကျင်အလုံးစုံစင်ကြယ်သောအကျင့်မြတ်လမ်းစဉ်ကိုဟောကြားပေ၏။ ထိုသို့ဟောကြားရာ၌ ထိုသူတို့သည်အနည်းငယ်မျှသောတရားလမ်းစဉ်ကိုပင် သိမြင်ရရှိကြစေကာမူ အကျိုးစီးပွားများပြားစွာဖြစ်ထွန်းနိုင်သည်သာတည်း"

ဟူ၍ဟောကြားပေ၏။

"ရွာသူကြီးငါဘုရားသည်ဤကဲ့သို့လျှင်ပရိသတ်သုံးမျိုးတို့ကိုတရားဟောကြားပေသည်။ လယ်ကွက်သုံးကွက်တို့၌စိုက်ပျိုးသောလယ်သမား၏လုပ်ငန်းစဉ်ကိုသင်တို့သိသည်မဟုတ်ပါလား၊ ရွာသူကြီးမြတ်စွာဘုရားသည်သတ္တဝါအားလုံး၏အကျိုးစီးပွားကိုလိုလားလျက်သာလျှင်နေတော်မူသည်တည်း"

(သဠာယတနဝဂ္ဂ၊ဂါမဏိသံယုတ်၊ ခေတ္တူပမသုတ်)

ဆရာကြီးလေးမြိုင်ရေးဗုဒ္ဓ၏ဥပမာတစ်ထောင်မှ. . .။

ကိုကြီးကောင်း

---

အနားမှမြည်သော် နေအိမ်မှကွေကွင်းရတတ်အံ့၊ မီးသင့်လောက်တတ်အံ့။ တုတ်တုတ်ဟုအသံမြည်သော် ခိုက်ရန်ဖြစ်အံ့။ အောက်အောက်ဟု အသံမြည်သော် သူတစ်ပါးတို့မြတ်နိုးချစ်ခင်အံ့။ ကျက်သရေတိုးအံ့။ တက်တက်အသံမြည်သော် စုတ်လာဘ်ရအံ့။ တိတ်တိတ် ဟုအသံမြည်သော် သူတစ်ပါးနှင့်ခိုက်ရန်ဖြစ်အံ့။ သက်သက်ဟုအသံမြည်သော်အနာရောဂါကျရောက်အံ့။ မြက်မြက်ဟုအသံမြည်သော် မင်းဘေးမင်းဒဏ် ခံရအံ့။ ကြက်ကြက်ဟုအသံမြည်သော်ဥစ္စာရွှေငွေပျောက်အံ့။

ဤသည်တို့မှာအိမ်မြှောင်စုတ်ထိုးလာဘ်၊ကြွက်မြည်သံတို့ရဲ့အတိတ်နိမိတ်များဖြစ်ကြပါတယ်။ အကောင်းကိုတွယ်၊ မကောင်းပယ်ဖို့ ကြိုတင်သိနိုင်တဲ့အရာတွေဖြစ်ပါတယ်။ မကောင်းမှုတွေမဖြစ်ပေါ် မကြုံတွေ့စေရန် ယတြာချေကြရန်လည်းဖြစ်ပါတယ်။ယတြာချေခြင်းအလုပ်မှာ ဆင်းရဲသားနင်းပြားမှ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တွေအထိ ပြုလုပ်ကြလေ့ရှိပါကြောင်း။ ။

*ပညာရှင်အပေါင်းကို*
*မညောင်းသောဂါရဝဖြင့်*
မင်းနေထွန်း(ကန့်ဘလူ)

# ကျောင်းကုန်းမြို့
# တာဦးဆရာတော်ဘုရားကြီးအမှတ်တရ

**တင်အောင်(စက်မှုတက္ကသိုလ်)**

ရုပ်ကလာပ်တော်ကို ၉ လ၊ ၉ရက် ၉ မိနစ်၊ ၉ စက္ကန့်ရောက်သောအခါမှ မှန်ခေါင်းကိုဖွင့်ကြည့်ပါဟု မှာတော်မူခဲ့သော အံ့ဖွယ်ဖြစ်ရပ်ဆန်းများနှင့်အတူ အလွန့်အလွန် ထူးခြားသော ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့တွင်သီတင်းသုံးခဲ့သောဆရာတော်ကြီးမှာ တာဦးဆရာတော်ကြီး ဖြစ်ပါသည်။ တာဦးဆရာတော်ကြီးသည် ဝိဇ္ဇာမိုရ်ပေါင်းစုံနှင့်လည်း အဆက်အသွယ်ရှိလေသည်ဟု သိရှိရပါသည်။

**ဇာတိ**

ဆရာတော်ဘုရားကြီးသည် ခရစ် ၁၈၉၀ ပြည့်နှစ်ဖွားဖြစ်၍ရွှေဘိုနယ်သားဖြစ်ပါသည်။ ငယ်မည်မှာ မောင်ထွန်းအုံဟု ခေါ်တွင်ပါသည်။

ဖခင်မှာသီပေါမင်း၏မင်းမှုထမ်းတစ်ဦးဟုမှတ်သားရပါသည်။ မင်းမှုရေးရာအနွယ်မှဆင်းသက်လာသူဖြစ်သည့်အပြင် အမျိုး၊ ဘာသာ၊ သာသနာစိတ်ဓာတ်အားကြီးသောမျိုးရိုးမှ ပေါက်ဖွားကြီးပြင်းလာသူတစ်ဦးလည်းဖြစ်ပါသည်။ (**ကျမ်းကိုး**။ အေးမြသန္တာ၊ ပုဂ္ဂိုလ်ထူးအရှင်မြတ်အား ပူဇော်ခြင်း၊ ပါရမီဓမ္မမဂ္ဂဇင်း၊ အမှတ်- ၁၆၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ စာ- ၅၈)

**ရေနစ်စဉ်ကဖြစ်ရပ်ဆန်း**

ဆရာတော်လောင်းလျာသည်ငယ်စဉ်ကပင် ထူးခြားဆန်းကြယ်လှသောကံတရားပါလာခဲ့သူ ဖြစ်ပါသည်။ ဆရာတော်လောင်းလျာငယ်စဉ်အခါက မိခင်ကြီးနှင့်အတူ ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးခဲ့ရာ ရေနစ်ခဲ့ဖူးပါသည်။ ရေအောက်သို့ရောက်ရှိသွားခဲ့သော ဆရာတော်လောင်းလျာသည် ရေအောက်တွင်သွားလာနေသောငါးရွှေကြီးများကိုမြင်တွေ့ရပြီးနောက် ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ဦးကကယ်တင်ကာသောင်ပေါ် အရောက်ပို့ပေးခဲ့ပါသည်။ သတိရ၍ မျက်စိဖွင့်ကြည့်သောအခါသားသေပြီ အထင်ဖြင့် ငိုကြွေးနေသောမိခင်ကြီးအား မြင်တွေ့ခဲ့ရပေသည်ဟု အံ့ဩဖွယ်သိရပါသည်။

**ပါတော်မူခေတ်**

အရှင်သခင်များပါတော်မူပြီးနောက်တိုင်းပြည်မအေးချမ်းသော အချိန်ကာလမှာပင် မိဘများသည်နေရပ်ဒေသကိုစွန့်ခွာ၍ အောက်ပြည်သို့ စုန်ဆင်းလာခဲ့ပါသည်ဟု သာမန်အားဖြင့်သိရပါသည်။

**ကောင်းရောင်းကောင်းဝယ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နှင့် ဝါးခယ်မမြို့နယ်များတွင် လှည့်လည် သွားလာ နေထိုင်ရင်းဖြင့် ကောင်းရောင်းကောင်းဝယ် အသက်မွေးခဲ့ကြသည်ဟု ဆိုပါသည်။

**ကျောင်းဆရာဘဝ**

ဆရာတော်လောင်းလျာသည်အင်္ဂလိပ်၊ မြန်မာ (၇)တန်းအောင်မြင်သည်



အထိ ပညာသင်ယူခဲ့ပြီး အမျိုးသားကျောင်းတွင် ဆရာအဖြစ်ဝင်ရောက်ကူညီပေးခဲ့ပါသည်ဟူ၍ အကြမ်းဖျင်းသာ သိရပါသည်။

**ရဟန်းဘဝ**

ထို့နောက် ငဖားအိုင်ဆရာတော် ဦးသုန္ဒရကိုဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ပြီး ပခုက္ကူမင်္ဂလာရာမစာသင်တိုက်တွင် စာပေသင်ကြားခဲ့ပါသည်ဟူ၍သာ သိခွင့်ရပါသည်။

**ဆရာတော်ဦးဥတ္တမ၊ ဆရာတော်ဦးဝိစာရတို့နှင့်စာသင်ဖက်**

ထိုစဉ်က စာသင်ဖက်များမှာ ဆရာတော်ဦးဥတ္တမနှင့် ဆရာတော်ဦးဝိစာရတို့ဖြစ်ကြသည်။ အမျိုး၊ ဘာသာ၊ သာသနာ စိတ်ဓာတ်ပြင်းထန်ကြသော ဆရာတော်ဦးဥတ္တမနှင့် ဆရာတော်ဝိစာရတို့က တိုင်းပြည်လွတ်လပ်ရေးအတွက် ရရာနည်းဖြင့် တိုက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

**ပခုက္ကူမှာလမ်းခွဲကြ**

ဆရာတော်မှာမူ လောကီပညာရပ်များကို တစ်ဖက်ကမ်းခတ်သင်ယူပြီးလျှင် အမျိုး၊ ဘာသာ၊ သာသနာတော်အတွက်ကူညီရန်နှင့် သာသနာပြုသွားရန်ဆုံးဖြတ်ခဲ့ကြပြီး ပခုက္ကူမှလမ်းခွဲခဲ့ကြပြီးလျှင် စိတ်အားသန်ရာ အလုပ်များကို ဆက်လက်အားထုတ်ခဲ့ကြပါတော့သည်။

**ကျောင်းကုန်းသို့ရောက်**

ပခုက္ကူမှအပြန်တွင် ဆရာတော်သည် ကျောင်းကုန်းမြို့ကံ့ကော်ကျောင်းတိုက်သို့ရောက်ရှိလာခဲ့ပြီး (၅) ဝါဆိုခဲ့ပါသည်။ ဤကား ရာသက်ပန် သီတင်းသုံးခဲ့သော ကျောင်းကုန်းသို့ရောက်ပုံရောက်နည်းဖြစ်ပါတော့သည်။

**ကေစာအကျင့်**

ထိုမှတစ်ဖန် တလုတ်ကုန်းစားကျတ်တောကြီး(ယခုတာဦးကျောင်းတည်နေရာ)သို့ပြောင်းရွှေ့၍ကေစာရီကျင့်သုံးခဲ့ပါသည်။

ဤစာပြုသူသည် ၁၉၉၄ ခုနှစ်တုန်းက ဆရာမကြီးအေးမြသန္တာ၏စာကိုဖတ်ရှုခဲ့ရလေရာ အောက်ပါအတိုင်းဖြစ်ရပ်ဆန်းများကို လေ့လာတွေ့ရှိခဲ့ရပါသည်။

**၁။ကျောင်းကို အရင်ရောက်သည့်ဖြစ်ရပ်ဆန်း**

တစ်နေ့တွင် ဆရာတော်ဘုရားနှင့် ဒကာတစ်ဦးသည် ဆွမ်းစားပင့်သည့်ရွာမှကျောင်းသို့ပြန်ကြွလာခဲ့ရာ ဒကာအားကျောင်းသို့အရင်ပြန်နှင့်စေသည်။ ဆရာတော်ကမူ နောက်မှလိုက်ခဲ့မည်ဟု ပြောကာ ကျန်ရစ်ခဲ့သော်လည်း ကျောင်းသို့ရောက်သောအခါ ဆရာတော်က အရင်ရောက်နှင့်နေကြောင်း တွေ့ရပါသည်။

**၂။ရေမစိုသောဆရာတော်**

တစ်ခါသော် ဆရာတော်ဘုရားနှင့်ဒကာတစ်ဦးသည် ရွာတစ်ရွာသို့ ကိစ္စတစ်ခုဖြင့် ကြွရာလမ်းတွင် ဓားကမြစ်ကိုဖြတ်ကူးရန်ကြုံလာပါသည်။ ဆရာတော်က ဒကာအား သင်္ကန်းစကိုဆွဲစေပြီးမြစ်ကိုဖြတ်ကူးခဲ့ကြရာ ဆရာတော်ရော ဒကာပါခြေထောက်ကိုပင်ရေမစိုကြောင်း သိရှိရပါသည်။

**၃။ဆန်းကြယ်နက်နဲသော ပညာရှိသော ဆရာတော်ဖြစ်ရပ်ဆန်း**

တစ်နေ့တွင် ရသေ့တစ်ဦးသည် ဆရာတော်ထံသို့ သင်္ဘောသီးတစ်လုံး လာရောက်ကပ်လှူပါသည်။ ဆရာတော်ကြီးက ရှင်ရသေ့အား သင်္ဘောသီးအတွင်းမှာ သင်္ဘောစေ့ ဘယ်လောက်ပါသလဲ။ အဖိုစေ့ဘယ်လောက်လဲ၊ အမစေ့ဘယ်လောက်လဲဟု အမေးရှိရာ ရသေ့တပြန်မဖြေနိုင်ပါ။ ဆရာတော်က ပါဝင်သော အစေ့အရေအတွက်ကို အဖို၊ အမအတိအကျပြောပြီး သင်္ဘောသီးကိုခွဲကြည့်စေရာ ပြောသည့်အတိုင်း အတိအကျမှန်ကန်နေကြောင်းတွေ့ရှိရပါသည်။ ဆရာတော်ကြီးက-

"ပညာယူတယ်ဆိုတာ အပြီးတိုင် ပေါက်မြောက်ဖို့လိုအပ်တယ်"

ဟုရသေ့အား ဆုံးမစကားပြောကြားခဲ့ပါသည်။

**၄။ပုပ္ပားမှာလည်းတွေ့ရသောဖြစ်ရပ်ဆန်း**

ဒကာများက ဆရာတော်ဘုရားကြီးအား ပုပ္ပားသို့ ဘုရားဖူးသွားစဉ်က မကြာခဏဆိုသလို ဖူးတွေ့ခဲ့ရကြောင်း ပြောဆိုကြပါသည်။

**၅။ရွှေတိဂုံဘုရားမှာလည်း တွေ့ရသောဖြစ်ရပ်ဆန်း**

ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားပေါ်တွင်လည်းဖူးခဲ့ရကြောင်း၊ ထိုစဉ်ကဆရာတော်ဘုရားကြီးနှင့် အိန္ဒိယယောဂီတစ်ဦးတို့သည်သင်္သကရိုက်ဘာသာဖြင့်ဆွေးနွေးပြောဆိုနေသည်ကို တွေ့ရကြောင်း အနောက်တိုင်းသားတစ်ဦးအား တရားဟောပြောရှင်းလင်းနေသည်ကိုဖူးတွေ့ရကြောင်း သိရှိရပါသည်။

**၆။ဂျိုးဖြူဆရာတော်၏စကားနှင့်ဖြစ်ရပ်ဆန်း**

ဂျိုးဖြူဆရာတော်မှလည်း တာဦးဆရာတော်နှင့် မကြာခဏ တွေ့ဆုံရပါကြောင်းစသည်ဖြင့် ဒကာများအားပြောကြားရာ ကြုံတွေ့ခဲ့ရသော ဒကာများက တာဦးကျောင်းသို့ရောက်သည့်အခါတွင် တာဦးဆရာတော်ကြီးအားလျှောက်ထားကြည့်ရာ ဆရာတော်ဘုရားမှ-

"ကျုပ်ကတော့ ဒီကျောင်းတွင်းမှာပဲ နေတာပါ"

ဟူ၍သာ ပြန်ဖြေဆိုခဲ့ပါသည်။

**၇။ငှက်ပျောသီးသက်သေဖြစ်ရပ်ဆန်း**

တစ်နေ့တွင် ဆရာတော်ဘုရားသည် တပည့်တစ်ဦးအား ငှက်ပျောသီးအစိမ်းနှင့်အမှည့်နှစ်ဖီးကိုယူခိုင်း၍ ဓာတ်ပြာအနည်းငယ်နှင့်တို့လိုက်ရာ ငှက်ပျောသီးစိမ်းသည် ခဏချင်းပင် ဝင်းမှည့်လာပြီး၊ ငှက်ပျောသီးမှည့်သည် ခဏချင်းပင် အစိမ်းရောင်တောက်လာကြောင်းတွေ့ရှိကြရပါသည်။

**၈။အာယုဝဍ္ဍနရသာယနဖြစ်ရပ်ဆန်း**

ဆရာတော်ကြီးထံတွင်ရှိသောဓာတ်ပြာကို ပျားရည်နှင့်စိမ်ပြီးသုံးဆောင်ပါက အာယုဝဍ္ဍနရသာယန ဆေးဖက်ဝင်ကြောင်း ပြောကြားခဲ့ပါသည်။ သို့သော်လည်း ထိုက်သင့်သူလောက်ကိုသာ ချီးမြှင့်ကြောင်း တွေ့ရှိရပါသည်။

**၉။ကွယ်ရာမှလုပ်တာသိသောဖြစ်ရပ်ဆန်း**

တစ်ကြိမ်သော် ဆရာတော်ခရီးထွက်နေခိုက် ကျန်ရစ်ခဲ့သောကျောင်းသားများသည် ကျောင်းတွင်းရှိ အုန်းသီးများကို ခူးဆွတ်ကြခြင်းအပြင် အခြားမဖွယ်မရာများကို ပြုလုပ်ထားခဲ့ကြပါသည်။ ဆရာတော်ဘုရား ပြန်လည်ကြွလာသောအခါအပြစ်ကျူးလွန်သူကျောင်းသားများအားအမည်တပ်ခေါ်ယူ၍ဆုံးမသဖြင့် နောင်တွင် ကျောင်းသားများမှာကွယ်ရာ၌မလုပ်ဝံ့ကြောင်းအံ့ဩဖွယ်သိရှိရပါသည်။

**၁၀။မြွေကြီးတစ်ကောင်ဖြစ်ရပ်ဆန်း**

တစ်ကြိမ်ကလည်း ဆရာတော်ကြီးမရှိခိုက် ကျောင်းတွင်းသို့ မြွေဆိုးကြီးတစ်ကောင် ဝင်ရောက်လာခဲ့ပါသည်။ ဒကာများက အမျိုးမျိုးခြောက်လှန့် နှင်

ထုတ်သော်လည်းမရသည့်အပြင်ပါးဖျဉ်းထောင်၍ ရန်မူလာပါတော့သည်။

နောက်ဆုံးတွင် ဒကာများက ဆရာတော်ကြီး၏စိပ်ပုတီးကြီးကို မြွေဦးခေါင်းကိုချိတ်၍ စွပ်ချလိုက်ရာ မြွေကြီးမှာဦးခေါင်းငုံ့လျှိုး၍ထွက်သွားခဲ့ကြောင်း သိရှိရပါသည်။

**၁၁။နဂါးနှင့်ကြုံရသောဒကာတစ်ဦးဖြစ်ရပ်ဆန်း**

တစ်နေ့တွင် ဒကာတစ်ဦးမှာဆရာတော်ကြီးအား အရုဏ်ဆွမ်းကပ်ရန်အတွက် ဝီရိယရှိစွာဖြင့် ကျောင်းတွင်စောင့်အိပ်ပါသည်။ ဒကာသည် ဆရာတော်ဘုရား၏အခန်းဝအပြင်ဘက်တွင် နေရာယူ၍ အိပ်နေပါသည်။ သန်းခေါင်ယံအချိန်လောက်တွင် မိမိအား လေးလံလှသောအရာတစ်ခုကဖိ၍ ပွတ်တိုက်သွားကြောင်းသိရသဖြင့် လန့်ဖျပ်ပြီး မျက်စိဖွင့်ကြည့်ရာ ဝင်းလက်တောက်ပရှည်လျားသည့်အရာတစ်ခု ဖြတ်သန်းသွားသည်ကို အံ့ဩဖွယ်ရာတွေ့ရှိရပါသည်။ နံနက်လင်း၍ဆရာတော်အားလျှောက်ထားကြည့်ရာ-

"အဲဒါစမ်းနဂါးပါ။မင်းကအပေါက်ဝပိတ်ပြီး အိပ်နေတော့ လမ်းမလွတ်လို့ဖြစ်ပါလိမ့်မယ်"

ဟူ၍ပြောဆိုကြောင်းသိရှိရပါသည်။

**၁၂။မျက်လုံးနှစ်လုံးမေးသွားသောဖြစ်ရပ်ဆန်း**

ဆရာတော်ဘုရားကြီးသည် ဝိဘက်ကြမ္မာ ဝင့်ကြွေးကြောင့် ၁၉၆၇ ခုနှစ်ခန့်က ကျောင်းလှေကားပေါ်မှလိမ့်ကျခဲ့ပါသည်။ ဒကာအားလုံးက ပျံလွန်တော်မူမည်ထင်သော်လည်း ဆရာတော်ကြီးမှာ ထိခိုက်နာကျင်မှု လုံးဝမဖြစ်ခဲ့ဘဲ မျက်စိနှစ်လုံးမှာ မေးသွား၍မမြင်ရတော့သလိုဖြစ်သွားခဲ့ပါသည်။

မျက်ရည်ပူများလည်း ကျဆင်းနေကြောင်းတွေ့ကြရပါသည်။တပည့်ဒကာများက ဆေးရုံပို့ရန် ကြိုးစားကြသော်လည်း ဆရာတော်ကြီးက လက်မခံခဲ့ပါ။

"သူ့ဝင့်ကြွေးရှိရင် ပေးဆပ်ရမယ်၊ ဆေးကုသဖို့ မလိုဘူး"

ဟု သာပြောဆိုခဲ့ပါသည်။

**၁၄။ဆွမ်းကိစ္စအာလူးတစ်လုံးဖြစ်ရပ်ဆန်း**

ဆွမ်းကိစ္စမှာတစ်ခါတစ်ရံအာလူးပြုတ်တစ်လုံးနှင့်လည်း ပြီးတတ်ပါသည်။ တစ်ခါတစ်ရံ ပဲသီးနှစ်တောင့်နှင့်လည်း ပြီးတတ်ပါတယ်။

**၁၅။မမြင်ရသော်လည်းမြင်ရသောဖြစ်ရပ်ဆန်း**

"ကျုပ်ကမျက်စိမမြင်ချင်ရင်လည်း မမြင်ရဘူး၊ မြင်ချင်ရင်လည်း ကိုယ်ခန္ဓာပေါ်က အမွေးအမှင်လေးတွေကစပြီး ထင်ထင်ရှားရှားမြင်ရတယ်"

ဟု မိန့်ကြားတတ်ပါသည်။

**၁၆။ဓာတ်ပုံရိုက်လျှင် ရုပ်ပုံမထင်သောဖြစ်ရပ်ဆန်း**

ဆရာတော်ဘုရားကြီးကိုယ်တိုင်ခွင့်မပြုဘဲ ဓာတ်ပုံရိုက်၍မည်သည့်အခါမှမရခဲ့ဘူးပါ။ အမျိုးမျိုးစမ်းသပ်ကြိုးစားခဲ့ကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီးခွင့်ပြုသည့်အခါတွင်မှ ထင်လင်းသောဓာတ်ပုံကိုရရှိခဲ့ပါသည်။

**၁၇။ဓာတ်ပုံထဲမှာမျက်လုံးဖွင့်ကြည့်နေသောဖြစ်ရပ်ဆန်း**

တစ်ခါက ဓာတ်ပုံရိုက်ခွင့်ရ၍ ဆရာတော်ဘုရားကြီးအား ဓာတ်ပုံရိုက်ကြပါသည်။ မျက်စိမှေးလျက်ပင် ရိုက်မိခဲ့ကြပါသည်။ ဖလင်အား ကူးယူသောအခါ ထူးခြားလှစွာပင်ဆရာတော်ဘုရားကြီး၏ မျက်လုံးတော်အစုံမှာ ပွင့်လျက်ရှိကြောင်း အံ့ဩစွာဖူးတွေ့ကြရပါသည်။

**၁၈။စွန်းလွန်းဆရာတော်ကြီး၊ ဥက္ကံဆရာတော်ကြီးများအား ပျားရည်လှူခဲ့သောဖြစ်ရပ်ဆန်း**

စွန်းလွန်းဆရာတော်ကြီး၊ဥက္ကံဆရာတော်ကြီးများအား ဓာတ်ပြာများ ရောနှောထားသော ပျားရည်များဆက်ကပ်စေသည်။ ထို ဆရာတော်ကြီးများသည် ထိုဆေးကိုအနည်းအကျဉ်းသာဘုဉ်းပေးပြီးနောက် အာဟာရ ကိစ္စတာဝန်များ အလွန်ပေါ့သွားကြောင်း အလိုလိုအားအင် ပြည့်ဖြိုးနေသဖြင့် တရားအားရုံပြုရသည်မှာ လွန်စွာ ကျေးဇူးများကြောင်း တဦးဆရာတော်ကြီးထံလျှောက်ထားခဲ့ကြပါသည်။

**၁၉။အမြဲတေရှိရာအမြဲတေစု**

တိုင်းပြည်၌ ကျော်ကြားလှသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့်ပြည့်စုံသောအရှင်မြတ်တို့မှာ တာဦးဆရာတော်ဘုရားကြီးအား လေးစားကြည်ညိုကြသည်မှာ အံ့ဖွယ်တစ်ပါးပင်ဖြစ်ပါတော့သည်။

**၂၀။ရဟန္တာဟုကျော်စောသော ပခုက္ကူဦးကြည်နှင့်ဖြစ်ရပ်ဆန်း**

တစ်ရံရောအခါက ပခုက္ကူနယ်တွင် ဘုန်းတော်ကြီးတစ်ပါးကိုပြန်ပေးဆွဲသည်ဟူသော သတင်းအထူးအဆန်းတစ်ခုကိုကြားခဲ့ဖူးပါသည်။ထိုဆရာတော်ကြီးမှာရဟန္တာဟုကျော်ကြားတော်မူသော အရညဝါသီဆရာတော်ကြီးဦးကြည်ဖြစ်ကြောင်းသိရှိရပါသည်။

တစ်ရံရောကာလ လူဆိုးလေးငါးယောက် တောရကျောင်းတိုက်အတွင်းသို့ မဝံ့မရဲဝင်လာကြသည်။ ဝေါယာဉ်(ထမ်းစင်)တစ်ခုကိုလည်းယူလာကြသည်။ အလွန်အကြံကြီးသူများ ဖြစ်ကြသည်။ ဆရာတော်ကားညနေချမ်းလူသူရှင်းချိန်ဖြစ်သဖြင့်သစ်တစ်ပင်ရင်း၌အေးဆေးစွာကမ္မဋ္ဌာန်းထိုင်နေခိုက် ဖြစ်ပါသည်။

ထိုအခါဒကာတစ်ဦးကဆရာတော်အားယုံကြည်လောက်အောင်တစ်စုံတစ်ခုအကြောင်းပြလျှောက်ထား၍ဝေါယာဉ်ဖြင့်ပင့်ကြသည်။ 'အေး- မင်းတို့လိုရာပင့်တာပေါ့'ဟုမိန့်ကာဝေါယာဉ်ပေါ်သို့တက်တော်မူသည်။ လူဆိုးများမှာအကြံပိုင်ပြီဟု ဝမ်းမြောက်စွာထမ်း၍ပင့်ကြသည်။

အကြောင်းမှာ ဆရာတော်အား ပခုက္ကူတစ်မြို့လုံးမှသူဌေးသူကြွယ်များက အသက်တမျှကိုးကွယ်ဆည်းကပ်ကြရာ ပြန်ပေးဆွဲလျှင် ရွှေ ငွေ လိုသလောက်ရမည်ဟုကိန်းသေတွက်၍ပြန်ပေးဆွဲကြခြင်းဖြစ်သည်။ လေးယောက်သား မမောနိုင်၊ မပန်းနိုင် ချွေးဒီးဒီးကျအောင် ထမ်းကြသည်။တစ်နာရီခန့်ကြာသောအခါမိမိတို့ကြိုတင်စီစဉ်ထားသောလုံခြုံသည့်စခန်းသို့ရောက်ပြီဟု ယူဆ၍ဝေါယာဉ်ကိုမြေပြင်၌ချကြသည်။ ဝေါယာဉ်ကိုချပြီး ပတ်ပတ်လည်တောင်မြောက်လေးပါး စိတ်ချလောက်သောအခြေအနေရှိမရှိအကဲခတ်ရင်း ကြည့်လိုက်ကြသည်။ တစ်နာရီကြာချွေးဒီးဒီးကျအောင် ထမ်းခဲ့သော်လည်း ဆရာတော်၏ တောရကျောင်းဝင်းမှအပြင်မရောက် ကျောင်းအတွင်းမှာပင်ချာချာလည်နေကြောင်းသိရှိရလေသည်။ ထိုအခါ လူဆိုးများသည် သက်ပြင်းချ၍ ချွေးသုတ်ရင်း ဆရာတော်ကြီးကို ဝန်ချကန်တော့ကာ ထွက်ပြေးကြလေတော့သည်။

တစ်နေ့သောအခါ ဆရာတော်ဦးကြည်သည်ဆွမ်းခံပြီးအပြန်တွင်အလှူတစ်ခုရှိရာ ထိုအလှူတွင်ဆရာတော်အားရေစက်ချပင့်လျှောက်ရန် စီစဉ်ထားသည့်အတိုင်း လမ်းမှဆီးကြို၍ပင့်သဖြင့်အလှူသို့ ကြွရသည်။ ရေစက်ချအမျှဝေပြီးနောက်ဆရာတော်ပြန်ကြွရာဆရာတော်

ထိုင်တော်မူသောနေရာ၌ပိုးလောက်များ ဖြိုးနေသည်ကိုတွေ့ကြရာမှဆရာတော် မှာ အနာရှိပုံရတယ်ဟု ယူဆကြသည်။ အကျိုးအကြောင်းလျှောက်ထားရာဆရာ တော်၏တင်ပါးခွက်၌ဘယ်အချိန်ကဖြစ် နေသည် မသိ။ ပိုးလောက်များစုခဲနေ သည်ကို တွေ့ကြရသည်။ ဆေးကုသရန် လျှောက်ထားကြသော်လည်း လက်မခံ ချေ။ ခန္ဓာကိုယ်ဆိုတာ ပိုးတွေ၊ လောက် တွေနေတဲ့အိမ်ကြီးပဲဟူ၍သာမိန့်တော်မူ သည်။ သည်းခံရင်းနှင့်ပင် ပျောက်ကင်း ဟန်ရှိသည်။

အတူနေတပည့်ကြီးများက ဆရာ တော်တစ်ခါမျှလဲလျောင်းသည်ကိုမမြင် ဘူးဟုဆိုကြသည်။ သက်တော် (၇၈) နှစ် တိုင်အောင်တစ်ပါးတည်းတောရဆောက် တည်၍နေပူမရှောင်၊ မိုးရွာမရှောင်ဆွမ်း ခံစားခဲ့သည်။ ဆရာတော်သည် သက် တော်ကြီးရင့်လာသောအခါ ရောဂါပြင်း ထန်စေကာမူမအိပ်စက်ဘဲကျင့်ကြံအား ထုတ်ရင်းဖြင့် ညောင်စောင်းပေါ်၌ထိုင် လျက်ကမ္မဋ္ဌာန်းရှုပ်ချုပ်ငြိမ်းတော်မူလေသည်။

ပခုက္ကူဆရာတော်ကြီးဦးကြည်သည် တာဦးဆရာတော်ကြီးထံသို့ရဟန္တာဓာတ် တော်များ ပေးပို့လှူဒါန်းခဲ့ဖူးပါသည်။

**၂၁။ဆိုင်းဘာဘာလာဖူးသောဖြစ်ရပ်ဆန်း**

ဆိုင်းဘာဘာဟုခေါ်ဆိုသောအိန္ဒိ ယ ယောဂီဝိဇ္ဇာကြီးသည် တာဦးဆရာ တော်ကြီးထံလာရောက်ဖူးမြော်ခဲ့ပါသည်။

**၂၂။ထူးခြားသော ဥက္ကံဆရာတော်နှင့် ဖြစ်ရပ်ဆန်း**

ဥက္ကံဆရာတော်သည် တာဦး ဆရာတော်ကြီးထံ လာရောက်ဖူးမြော်ခဲ့ ပါသည်။

**၂၃။ဆင္ဃသင်္ဂါယနာ သံဃာဥသျှောင် ညောင်ရမ်းဆရာတော်ကြီးနှင့်ဖြစ်ရပ်ဆန်း**

ညောင်ရမ်းဆရာတော်ကြီးသည် တာဦးဆရာတော်ကြီးထံ လာရောက်ဖူး မြော်ခဲ့ပါသည်။

**၂၄။ထူးခြားသောမင်းဘူး မယ်ဘော့ကုန်း က ဦးကောဝိဒနှင့်ဖြစ်ရပ်ဆန်း**

နဂါးမတောင်တွင်သီတင်းသုံးတော် မူကြကုန်၍မယ်ဘော့ကုန်းမှဆရာတော်ဦး ကောဝိဒ (သက်တော်ရာကျော်)နှင့် ဦး ပဏ္ဍိတတို့သည် တာဦးဆရာတော်ကြီး အား သွားရောက်ဖူးမြော်ကြရန်နှင့် ထို ပုဂ္ဂိုလ်ကြီးသည်ပြည်တွင်း၊ ပြည်ပသာသ နာပြုလုပ်ငန်းများတွင် မပါမပြီးအရေး ကြီးသောပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း တပည့် များအားစေလွှတ်၍လျှောက်ထားစေခဲ့ပါ သည်။

**၂၅။ရဟန်းထူးရဟန်းမြတ် မဟာစည် ဆရာတော်ကြီးနှင့်ဖြစ်ရပ်ဆန်း**

မဟာစည်ဆရာတော်လောင်းလျာ သားရတနာကို ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ၌ အဘဦးကံတော်၊ အမိဒေါ်ရွှေအုပ်တို့မှ ၁၉၀၄ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက် (မြန် မာနှစ် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆို လပြည့် ကျော်၃ရက်)သောကြာနေ့တွင် ဖွားမြင် သည်။ ငယ်နာမည်မှာ မောင်သွင် ဖြစ် သည်။

အသက် (၆) နှစ်အရွယ်တွင် ဆိပ် ခွန်ရွာ၊ ပျဉ်းမနားကျောင်းဆရာတော် ဦးအာဒိစ္စအားဥပဇ္ဈာယ်ပြု၍ရှင်သောဘန ဘွဲ့ဖြင့်ရှင်သာမဏေဘောင်ဝင်ရောက်ခဲ့ သည်။

၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်၊ ရဟန်းတက်၍(၄)ဝါအရတွင်မဟာ စည်ဆရာတော်လောင်းလျာသည်အစိုးရ ပထမပြန်၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာမေးပွဲများကို သုံးဆင့်စလုံး ဆက်တိုက် အောင်မြင်ခဲ့သည်။

၁၉၄၁ ခုနှစ်တွင်အစိုးရဓမ္မာစရိယ စာမေးပွဲကိုဝင်ရောက်ဖြေဆိုရာဂုဏ်ထူး ဖြင့်နှစ်ချင်းပေါက်အောင်မြင်ခဲ့ပါသည်။

ပရိယတ္တိစာပေနေ့ဝါ၊ ညဝါကျမ်း စာအုပ်အရပ်ရပ်ကိုသင်ယူတော်မူခဲ့ပြီး အေဒီ ၁၉၄၂ ခုနှစ် (၁၃၀၃ ခုနှစ်) တွင် 'သာသနဓဇ သီရိပဝရဓမ္မာစရိယ' ဘွဲ့ တံဆိပ်တော်ကိုဆက်ကပ်ခံယူရရှိတော်မူ သည်။ ငယ်ဆရာများနှင့်အတူ မန္တလေး မြို့အနောက်ပြင်ခင်မကန်တိုက်၌ ကျော် စောသောဆရာတော်ကြီးများထံတွင်ပရိ ယတ္တိကျမ်းဂန်များသင်ယူဆည်းပူးတော်မူ ခြင်း၊ သထုံမင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီးထံ ပဋိပတ်ကိုနည်းခံကျင့်ကြံ အားထုတ်ခြင်းတို့ဖြင့် ပရိယတ်၊ ပဋိပတ် စွယ်စုံထူးချွန်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော် မူခဲ့လေသည်။

အေဒီ ၁၉၃၁ ခုနှစ် (၁၂၉၃ ခုနှစ်) ကမော်လမြိုင်၊ တောင်ဝိုင်းကလေးတိုက် ကျောင်းကြီး၌တိုက်ကျောင်းဆရာတော် ကြီး၏လက်ထောက်အဖြစ်ဖြင့်ပရိယတ္တိ စာပေပို့ချနေသူမှာရဟန်း (၈) ဝါရ မဟာ စည်ဆရာတော်လောင်းလျာဦးသောဘန ပင်ဖြစ်ပါသည်။

၎င်း ဦးသောဘနသည် ပရိယတ္တိ လုပ်ငန်းကိုကြိုးပမ်းဆောင်ရွက်နေရာမှ ပဋိပတ္တိလုပ်ငန်းကိုလည်း လက်တွေ့ ကျင့်သုံး အားထုတ်လိုသောကြောင့် မိမိ နှင့် သမ္မာဆန္ဒတူမျှသော ဦးတေဇဝန္တ ခေါ် သီတင်းသုံးဖော် ရဟန်းတစ်ပါးနှင့် အတူ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည် ဖြင့် တရားကျင့်နည်းကို စုံစမ်းရှာဖွေရန် မိမိ၏နေမြဲ မော်လမြိုင်မှ ထွက်ခွာလာခဲ့ ပါသည်။

ဇင်းကျိုက်တောင်၊ ကေလာသ မြ သပိတ်တောင်နှင့်ရွှေရောင်ပြတောင်ဘုန်း တော်ကြီးဦးအုန်းခိုင် (ဦးကုန္တာစရိယ) ၏ ဌာနစသည်တို့၌စုံစမ်းခဲ့ပြီးနောက် သထုံ မြို့မင်းကွန်းဇေတဝန်ကျောင်းတော်သည် သတိပဋ္ဌာနသုတ်၊ ပါဠိတော်နည်းဖြင့် လက်တွေ့ တရားကျင့်ကြံအားထုတ်ပုံကို ဟောပြနေကြောင်း ကြားသိရသဖြင့် မော်လမြိုင်မှ ခရီးထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ထို့နောက်ဆရာတော်ဦးသောဘန သည် ဤသို့ တွေးမိလေသည်။

ငါသည်လည်း သတိပဋ္ဌာနသုတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကောင်း ကောင်းလေ့လာထားပြီး ဖြစ်သည်။ သို့ သော် မင်းကွန်းဇေတဝန်ဆရာတော်ကြီး မှာ သာမန်ပုဂ္ဂိုလ်မဟုတ်ပေ။ ပိဋကတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ ကောင်းစွာ တတ်ကျွမ်းသည့်အပြင် တရားကိုလည်း လက်တွေ့ကျင့်သုံးထားပြီး တပည့်ရာ ပေါင်းများစွာတို့ကိုလက်တွေ့ညွှန်ပြဟော ကြားနေသော ဆရာတော်ဖြစ်ပေသည်။ သို့ဖြစ်၍ မင်းကွန်းဇေတဝန်ဆရာတော် ကြီးထံမှနည်းနိဿယခံယူ၍ အားထုတ် သင့်သည်ဟု စဉ်းစားကြံစည်ပြီးလျှင် ရွှေ ရောင်ပြ ဦးအုန်းခိုင်၏ဌာနမှ သထုံသို့ ခြေကျင်လျှောက်၍(၂)ရက်တိုင်တိုင်လာ ခဲ့လေသည်။

ထိုကဲ့သို့ ထူးခြားသောမဟာစည် ဆရာတော်ကြီးသည်လည်း တာဦးဆရာ တော်ကြီးထံလာရောက်ဖူးမြော်ခဲ့ပါသည်။

**၂၆။ရဟန်းထူးတောင်ပုလုဆရာတော်နှင့် ဖြစ်ရပ်ဆန်း**

ကျေးဇူးရှင်တောင်ပုလုကမ္မဋ္ဌာန်းအေး ဆရာတော်ကြီးကိုမန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊တဲစုရွာတွင်ခမည်းတော် တောင်သူကြီးဦးရဲနှင့်မယ်တော်ဒေါ်ရွှေသဲ တို့မှ အေဒီ ၁၈၉၇ ခုနှစ်၊ မတ်လ (၂၁) ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင် တော်မူသည်။ ငယ်မည် မောင်ပေါ်လာ ဖြစ်ပါသည်။

တောင်ပုလုဆရာတော် လောင်း လျာ မောင်ပေါ်လာသည် အေဒီ ၁၉၁၀

ပြည့်နှစ် (အသက် ၁၄ နှစ်) အရွယ်သို့
ရောက်ရှိသောအခါ ခမည်းတော်၊ မယ်
တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရေဝန်း
ကျောင်းဆရာတော်ဦးတေဇထံတော်၌
ပဗ္ဗဇ္ဇရှင်သာမဏေအဖြစ်သို့ ရှင်နန္ဒိယ
ဘွဲ့အမည်ဖြင့်ရောက်တော်မူခဲ့လေသည်။

သက်တော် (၂၁) နှစ်သို့ရောက်ရှိ
သည့်အေဒီ ၁၉၁၇ ခုနှစ်တွင် ဝမ်းတွင်း
မြို့နယ်၊ တဲစုရွာနေ ဦးထွန်းအေး၊ ဒေါ်
ကြာမွေးတို့၏ စတုပစ္စယာနုဂ္ဂဟဖြင့်တဲစု
ရွာရေဝန်းကျောင်းဆရာတော် ဦးတေဇ
ကိုပင် ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော
ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့
ရောက်တော်မူခဲ့လေသည်။

အရှင်နန္ဒိယသည် မန္တလေးတွင်
သာမက ပခုက္ကူတိုက်ထွက် ကျွဲပွဲအိုးဆိပ်
ဆရာတော်ဦးသာသနထံတွင် ဝိနည်း
(၅)ကျမ်းနှင့်သုတ်(၃)ကျမ်းကို ပေါက်
ရောက်တတ်မြောက်အောင်သင်ကြားခဲ့
၍ပိဋကတ်ကျမ်းစာများကိုမန္တလေးနည်း၊
ပခုက္ကူနည်းစုံလင်စွာဖြင့် လေ့လာသင်
ကြားတတ်မြောက်ခဲ့သော ဆရာတော်
တစ်ပါး ဖြစ်လေသည်။

အရှင်နန္ဒိယသည် ညီတော်ဖြစ်
တော်မူသော သာစည်မြို့ ရေလယ်
ကျောင်းဆရာတော် အရှင်နန္ဒောဘာသ
၏ လျှောက်ထားတောင်းပန်ချက်အရ
သာစည်မြို့ ရေလယ်ကျောင်းတိုက်ကြီး
တွင် စာသင်သားသံဃာတစ်ရာကျော်ကို
ပရိယတ္တိစာပေ ကျမ်းဂန်များသင်ကြား
ပို့ချပေးပြီး ပရိယတ္တိသာသနာ့တာဝန်ကို
ထမ်းဆောင်ခဲ့လေသည်။

ဆရာတော်ဦးနန္ဒိယသည်သိက္ခာ
(၂၀)ဝါအရတွင် ရေလယ်ကျောင်းတိုက်
ကြီးနှင့်အတူ တပည့်စာသင်သားသံဃာ
တော်များကိုပါ သံယောဇဉ်ဖြတ်ကာ
နောက်ပါသီတင်းသုံးဖော် အရှင်နန္ဒော
ဘာသနှင့်အတူ သထုံမြို့မင်းကွန်း ဇေတ
ဝန်ဆရာတော်ကြီးထံ ဝိပဿနာနည်း
ခံယူရန် ကြွရောက်တော်မူခဲ့လေသည်။

ထိုအချိန်ကား မင်းကွန်းဇေတဝန်
ဆရာတော်ကြီးသည် သထုံမြို့၌မဟာ
သတိပဋ္ဌာန်တရားရေအေးအမြိုက်ဆေး
ကို တိုက်ကျွေးနေသော အချိန်တည်း။
ယောဂါဝစရရဟန်း ဖြစ်လာခဲ့သော
အရှင်နန္ဒိယသည် သထုံဇေတဝန်ဆရာ
တော်ကြီးထံတွင် ဝိပဿနာကမ္မဋ္ဌာန်း
နည်းခံရန် (၃) နှစ် နေခွင့်ရရှိလေသည်။

အရှင်နန္ဒိယသည်အေဒီ ၁၉၄၁
ခုနှစ်တွင်သထုံမြို့မှပြန်လည်ကြွချီ၍မိမိ
ဇာတိဌာနဖြစ်သော တဲစုရွာဝန်းကျင်တွင်
(၁၂) နှစ်ကြာမျှတောရဆောက်တည်၍
ဓုတင်တရားများနှင့်ဝိပဿနာကမ္မဋ္ဌာန်း
နည်းများကိုကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ
အရိုးကြေကြေ အရေခန်းခန်း ကျင့်ကြံ
ကြိုးကုတ် အားထုတ်တော်မူခဲ့လေသည်။

တောင်ပုလုဆရာတော်ကြီးသည်
လူတွေ့မခံဘဲ တရားကျင့်ခဲ့ကြောင်းကို
အားကျကြည်ညိုဖွယ်ရာတွေ့ရှိရပါသည်။
ဆရာတော်ကြီးသည် သတိပဋ္ဌာန်တရား
တော်ကို အားထုတ်ကြောင်း၊ ကျောက်
ဆင်တောရကို သီတင်းသုံးသည်မှစ၍
ဓုတင်တရား(၁၃) ပါးကိုမပြတ်ကြိုးကုတ်
အားထုတ်တော်မူခဲ့ကြောင်းလေ့လာသိရှိ
ရပါသည်။

ဆရာတော်ကြီးသည်တောင်ပုလု
တောင်အနီးတစ်ဝိုက်တွင်ဝိပဿနာဖြင့်
သစ္စာတရားကိုရှာကြံခဲ့သည်။ဆရာတော်
ကြီး ထိုင်လျက်ကျိန်းစက်သည်ကို အချို့
ဒါယကာများက အယုံအကြည်မရှိခဲ့ကြ
ချေ။ မယုံသောဒကာအချို့သည် ဆရာ
တော်ကြီးကျိန်းစက်ပုံကို ညဉ့်နက်သန်း
ခေါင်ချောင်းကြည့်ရာမှကြည်ညိုဖွယ်ရာ
ဖူးတွေ့ရလေသည်။

တောင်ပုလုဆရာတော်ကြီး၏ အံ့
ဖွယ်ဖြစ်ရပ်ဆန်းအချို့မှာ-

၁၉၇၁ ခုနှစ်ကဖြစ်ပါသည်။ ဆရာ
တော်ကြီးသည် သက်တော် (၈၂) နှစ်ရှိ
ပါပြီ။ ဖြစ်ရပ်ဆန်းမှာ ဆရာတော်ကြီး
သည်အမေရိကန်သို့ကြွရောက်စဉ်စီးလာ
သော လေယာဉ်၏စက်တစ်လုံးချို့ယွင်း
ပျက်စီးကြောင်း လေယာဉ်မှူးကပြော
သည်။ လေယာဉ်မှူးကပျက်သောစက်
ခေါင်းဘက်သို့ကြည့်ရာ အဝတ်အဝါ
ရောင်ဝတ်ဆင်ထားသော လူတစ်ဦးက
လေယာဉ်၏တောင်ပံပေါ် ရပ်ပြီး ပျက်
သောစက်ကိုလက်ညှိုးဖြင့်ထိုးပြနေသည်
ကိုမြင်သဖြင့် သူ၏လက်ထောက် လေ
ယာဉ်မှူးအား'ကြည့်စမ်း၊ ဟိုမှာလူတစ်
ယောက်'ဟုပြောလိုက်သည်။ ထိုသူက
ကြည့်ရာ ဘယ်သူမှမမြင်ဟု ပြောသဖြင့်
လေယာဉ်မှူးလည်း မိမိမြင်ယောင်ပြီး
မှားလေသလားဟု ဆိတ်ဆိတ်ပင် နေ
လိုက်တော့သည်။ ဆန်ဖရန်စစ္စကိုလေ
ဆိပ်သို့ လေယာဉ်ချောမောစွာ ဆိုက်
ရောက်၍ ဆရာတော်ကြီးလမ်းလျှောက်
လာသည်ကိုလေယာဉ်မှူးမြင်တွေ့သော
အခါ လေယာဉ်တောင်ပံပေါ်၌ရပ်နေ
သောသူမှာ ထိုပုဂ္ဂိုလ်ပင်ဖြစ်ကြောင်းမိမိ
ကောင်းစွာမှတ်မိကြောင်းအနားရှိသူများ
အား ပြောပြလိုက်လေသည်။

ဆရာတော်ကြီးအမေရိကန်တွင်ရှိ
စဉ်အမေရိကန်ဆရာဝန်တစ်ဦးက သူ၏
အသည်းအသန်ဖြစ်နေသောလူနာငါးဦး
၏ဓာတ်ပုံများကိုပြပြီး မေတ္တာပို့သ ဆု
တောင်းပေးပါရန် လျှောက်ထားလာ
သည်။ ဆရာတော်ကြီးကဓာတ်ပုံများကို
ကြည့်ကာ သုံးပုံယူထားပြီး နှစ်ပုံပြန်ပေး
လိုက်လေသည်။ နောက်တစ်နေ့တွင်
ပြန်ပေးလိုက်သောဓာတ်ပုံနှစ်ပုံရှင် လူနာ
များကွယ်လွန်သွားကြပြီး ယူထားသော
ဓာတ်ပုံသုံးပုံ၏လူနာရှင်များမှာ အံ့ဩ
ဖွယ် ရောဂါသက်သာခဲ့ကြလေသည်။

ထိုကဲ့သို့ ရဟန္တာဟုကျော်ကြား
တော်မူသော တောင်ပုလုဆရာတော်
ဘုရားကြီးသည် တာဦးဆရာတော်ကြီး
ခရီးထွက်ခိုက်ပင်ဖြစ်သော်လည်း ရေ
ကြည်မြို့သို့ တောင်ပုလုဆရာတော်ကြီး
ကြွရောက်စဉ်လမ်းခရီးရှိ တာဦးကျောင်း
အတွင်းသို့ကြွရောက်၍ တာဦးဆရာ
တော်ကြီး၏ဂုဏ်ကျေးဇူးများကို ကြည်
ညိုခဲ့ပါသေးသည်။

**၂၇။ ရဟန်းထူးမဟာမြိုင်ဆရာတော်နှင့်ဖြစ်ရပ်ဆန်း**

မဟာမြိုင်ဆရာတော် ရှင်မဟိန္ဒ
သည်ဆရာတော်ကြီး၏အဆုံးအမကိုလာ
ရောက်ခံယူခဲ့ဖူးပါသည်။ တာဦးဆရာ
တော်ကြီးလမ်းညွှန်တော်မူရာမွန်ပြည်နယ်
မှာပင် သာသနာပြုခဲ့ရပါသည်။

**၂၈။ရဟန်းထူး ဇာလီတောင်ဆရာတော်နှင့်ဖြစ်ရပ်ဆန်း**

ဇာလီတောင်ဆရာတော်ကြီးမှာ
လည်း တာဦးဆရာတော်ကြီးအား သွား
ရောက်ဖူးမြော်ကြရန်သူ၏ဒကာ၊ ဒကာ
မများအား ညွှန်ကြားခဲ့ပါသေးသည်။

**၂၉။ မင်းပွဲ၊ စိုးပွဲရှောင်သောဖြစ်ရပ်ဆန်း**

တာဦးဆရာတော်ဘုရားကြီးသည်
လောကီ၊ လောကုတ္တရာနှံ့စပ်ကျွမ်းကျင်
လိမ္မာ၍စွယ်စုံထူးချွန်လှသောပုဂ္ဂိုလ်ကြီး
တစ်ပါးပင်ဖြစ်သော်လည်းထင်ပေါ်ကျော်
ကြားမှုကို လိုလားတော်မမူခဲ့ပါ။ မင်း
ပေါက်စိုးပေါက်၊ မင်းပွဲစိုးပွဲများကိုလည်း
အထူးရှောင်တော်မူခဲ့ပါသည်။

**၃၀။ခန္ဓာဝန်ချတော်မူခြင်း**

တာဦးဆရာတော်ဘုရားကြီးက
ခန္ဓာဝန်ကြီးထမ်းရတာ လေးလှပြီ။ ခန္ဓာ
ဝန်စွန့်လွှတ်ဖို့သင့်ပြီဟူ၍တပည့်များအား
ပြောကြားခဲ့ပြီးလျှင် သက်တော် (၉၂)
နှစ်၊ ခရစ်နှစ် ၁၉၈၄ ခုနှစ်(မြန်မာနှစ်
၁၃၄၆ ခုနှစ်) တွင်ခန္ဓာဝန်ကြီးကို အပြီး

အပိုင်ချတော်မူခဲ့ပါသည်။

၃၁။ ၉ လ၊ ၉ ရက်၊ ၉ နာရီ၊ ၉ မိနစ်၊ ၉ စက္ကန့်

ဆရာတော်ဘုရားကြီးခန္ဓာဝန်ချပြီး နောက်မကြာမီအောင်ဗုဒ္ဓအမည်ရသော ရသေ့တစ်ပါး ရောက်ရှိလာပါသည်။ ထိုပုဂ္ဂိုလ်ကဆရာတော်ကြီးရုပ်ကလာပ်အား မီးသဂြိုဟ်ခြင်း၊ဂူသွင်းခြင်းမပြုလုပ်စေဘဲ မှန်ခေါင်းဖြင့်သာတစ်ဝဂူဖြင့်ပူဇော်ထားရန် တိုက်တွန်းခဲ့ပါသည်။

ထိုပုဂ္ဂိုလ်ကဆရာတော်ကြီး၏ရုပ်ကလာပ်တော်ပူဇော်ထားသောအခေါင်းကို ၉ လ၊ ၉ ရက်၊ ၉ နာရီ၊ ၉ မိနစ်၊ ၉ စက္ကန့်ရောက်မှသာ ဖွင့်ကြည့်ကြပါ။ ထိုအတောအတွင်းမည်သူတစ်စုံတစ်ဦးမှဖွင့်လှစ်ကြည့်ရှုခြင်း၊ရွှေ့ပြောင်းခြင်းမပြုလုပ်ကြရန်အထပ်ထပ်မှာကြားခဲ့ပါတော့သည်။

၃၂။ မပုပ်မသိုးသောရုပ်ကလာပ်တော်

ရသေ့ကြီးအောင်ဗုဒ္ဓစကားအတိုင်း ပင် တပည့်ဒကာ၊ဒကာမများကလိုက်နာစောင့်ထိန်းကြပါသည်။ အချိန်စေ့မှ အခေါင်းကိုဖွင့်ကြည့်ကြရာမွှေးကြိုင်သော ရနံ့များနှင့်အတူ မပုပ်မသိုးသောတာဦး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို အံ့ဩကြည်ညိုဖွယ် ဖူးတွေ့ကြရပါသည်။

ဤသို့ပင် ဂုဏ်ကျေးဇူးထူးမြတ်လှသောဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်တော်ကားတစ်ဝဂူတွင်လွှမ်းစေတီတည်ထား၍အများပြည်သူတို့ကြည်ညိုသဒ္ဒါပွားကြစေရန် ပူဇော် ကိုးကွယ်ထားရှိပါတော့သည်။

၃၃။ ဆရာတော်ကြီး၏ဩဝါဒကထာဆုံးမစာ

လောကီဘုံသားလူအမျှားမသိသူကျော်ကာသွား၊ သိသူဖော်ကာစား၊ ဗုဒ္ဓဂုဏ်တော်ကိုးပါးအလွန်အကျိုးများ။

၃၄။ ကပ်ကျော်ဂုဏ်တော်ကိုးပါး

၁။ ကျက်သရေ တက်နေလ တက်ပေစွ အရဟံ၊
၂။ ကောင်းမြတ်သည့်လက္ခဏာဉာဏ်သမ္မာသမ္ဗုဒ္ဓေါ၊
၃။ ကြံအောင်စွမြတ်ဝိဇ္ဇာငယ်စရဏာသာ ရွှတ်ကြစေသော။
၄။ ပြောသမျှအမူအောင် သုဂတော ရွှတ်ပေဟ၊
၅။ သီတင်းဂုဏ်လွန်ပြန့်ပြောစေဖို့မြတ် လောကဝိဒူ၊
၆။ ဆုံးနတ်လူအနုတ္တရောရယ်ကန္တုတ်ပြော၍ ပီယဝါစာကိုယူ၊
၇။ သတ္တာဒေဝစကားကြူတယ် တစ်ပါးသူကို ကယ်ယူမနိုင်သတဲ့၊
၈။ ဗုဒ္ဓေါပ၊ ပရစိတ္တံသိတဲ့အကြံ၊
၉။ ဘဂဝါဂုဏ်လျှံမှာပုံမကန်ရှောင်ရှားကြလေး။

(အရဟံမဟိဒ္ဓိ သိဒ္ဓိကောစ)



၃၅။ ဆရာတော်ကြီးချီးမြှင့်သော သံဝေဂလင်္ကာ

* လူ့ပြည်ဆိုတဲ့မြေပေါ် မှာတစ်ခါတစ်ခေါက်ရောက်လို့လာ၊ ဘယ်ကလာ၊ ဘယ်ကိုသွား၊ လမ်းကိုမစဉ်းစား၊
* စဉ်းစားဖို့နေနေသာသာ၊ လောဘမီးက လောင်နေတာ၊
* စဉ်းစားဖို့နေနေသာသာ၊ ဒေါသမီးက လောင်နေတာ၊
* စဉ်းစားဖို့နေနေသာသာ၊ မောဟမီးက လောင်နေတာ၊
* လောဘမီး လောင်ကာနေ၊ သေတော့ ပြိတ္တာပြည်၊
* ဒေါသမီး လောင်ကာနေ၊ သေတော့ ငရဲပြည်၊
* မောဟမီး လောင်ကာနေ၊ သေတော့ တိရစ္ဆာန်ပြည်၊
* လောဘမီးငြိမ်းအောင်သာ ဒါနရေနဲ့လောင်းလိုက်ပါ၊
* ဒေါသမီးငြိမ်းအောင်သာ သီလရေနဲ့လောင်းလိုက်ပါ၊
* မောဟမီးငြိမ်းအောင်သာ ဘာဝနာရေနဲ့လောင်းလိုက်ပါ၊
* လောင်းလိုက်ကြလေ တို့အများမီးတွေငြိမ်း၍သွား၊

၃၆။ ဆရာတော်ကြီးချီးမြှင့်သောတရားဂါထာတော်

ဆရာတော်ကြီးချီးမြှင့်တော်မူသော ဂါထာတော်မှာလူသိများပြီးဖြစ်ပါသည်။ အများလည်းသိကြပါသည်။ သို့သော် ကျွန်ုပ်တို့က မိုးထိမြင့်မားစွာကြည်ညိုရသောဆရာတော်ကြီးက ဒီလိုလုပ်၊ ဒီလိုလုပ်ဟုမိန့်ဆိုခဲ့ဖူးသဖြင့်အရေးကြီးသည်ဟုထင်ပါသည်။

ဂါထာမှာ 'နမော ဗုဒ္ဓယ သိဒ္ဓံ' ဟူ၍ဖြစ်ပါသည်။ တိုတိုကလေးဖြစ်ပါသည်။

ဆရာတော်ကြီး၏မိန့်မှာချက်အရ ရွတ်လိုက်ရတဲ့ဂါထာတွေသုံးကုဋေခြောက်သန်းဟုဆိုပါသည်။ သို့သော်လည်းဆရာတော်ကြီး၏မှာကြားချက်အရ ဤဂါထာအတိုလေး 'နမော ဗုဒ္ဓါယ သိဒ္ဓံ' ကို အခေါက်ရေသုံးကုဋေခြောက်သန်းပြည့်အောင်ရွတ်ပါ။ မုချသိဒ္ဓိမြောက်သည်ဟုဆိုပါသည်။ အကယ်၍သုံးကုဋေခြောက်သန်းပြည့်လို့မှဘာမှမဖြစ်သေးလျှင်နောက်တစ်ကြိမ်ထပ်ရွတ်ပါဟုမိန့်ပါသည်။ ဤတစ်ကြိမ်မှမဖြစ်လျှင်နောက်တစ်ကြိမ်ဆက်ရွတ်ပါဟုဆိုပါသည်။ ဆိုလိုသည်မှာရွတ်သာရွတ်ပါ။ ဧကန်မုချသိဒ္ဓိမြောက်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ဤအချက်ကိုသက်သေသက္ကာယများနှင့်တကွ မိန့်ဆိုထားပြီးဖြစ်သဖြင့် ဤစာပြုသူအနေဖြင့်အကျယ်ချဲ့၍ ပြောစရာအကြောင်းမရှိတော့ပါ။ ။

(ဤဆောင်းပါးဖြင့် ကျောင်းကုန်းမြို့၊တာဦးဆရာတော်ဘုရားကြီးနှင့်အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး

၁။ အေးမြသန္တာ၊ ပုဂ္ဂိုလ်ထူးအရှင်မြတ်အားပူဇော်ခြင်း၊ပါရမီမဂ္ဂဇင်း၊အမှတ်(၁၆)၊၁၉၉၄ခုနှစ်၊ဇန်နဝါရီလ၊ စာ-၅၊ ၆၊ ၇၊ ၈
၂။ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်ရဟန္တာနှင့်ရဟန်းထူးများ(တတိယတွဲ)(မောင်ပန်းမွေးပြုစုသည်)
၃။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့်အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးထက်စီစဉ်၍ ရန်အောင်စာပေမှထုတ်ဝေသည်)

# ငွေဝင်သည့်ဂါထာဆိုရ၍

တေမိသွင်

နိုင်ငံခြားသို့ တင်ပို့ရသည့်ကုန်ပစ္စည်းများဈေးကျ၍ ကုမ္ပဏီမှနေ့စားသန့်ရှင်းရေးသမားများကိုစတင်အလုပ်မှလျှော့လိုက်ပါသည်။ ကိုယ်ကအမြဲတမ်းဝန်ထမ်းမို့ အလျှော့မခံရသေးသော်လည်းသူများကိုတိုက်ရန်ကော်ဖီဖျော်ပေးရခြင်းရုံးခန်းသန့်ရှင်းရေးတို့ကအစမိန်းကလေးတစ်ယောက်တည်းမို့ ကိုယ့်အပေါ်တာဝန်ကျလာသည်။ ဆူပါဗိုက်ဆာတို့နှင့်လစာတူသော်လည်း အစစအရာရာလုပ်နေပေးနေရသည်။

ကိုယ့်ဌာနလေးတစ်ခုမှာပင် အမြဲတမ်းနေ့စားနှင့်အမြဲတမ်းဝန်ထမ်းနှစ်ရာခန့်ရှိသဖြင့် သူတို့လစာရဖို့ တိုမ်းရှစ်ဆွဲရသည်ကအစ ကွန်ပျူတာနှင့်ရုံးစာတွေရိုက်တင်ရသည်ကလည်း ကိုယ့်အလုပ်ပါပဲ။ ဒီလောက်လုပ်နေရတာတောင်ဝန်ထမ်းတွေထပ်လျှော့မည်ကြားတော့ ကိုယ်ပါလျှင်နေဖို့ကပူရမည်။ ဝန်ထမ်းသက်တမ်းတစ်လျှောက်လုံး အလုပ်ကပေးသည့်အိမ်တွင်နေလာခဲ့သည့်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာပြီဖြစ်သည်။ မတော်တဆများအလုပ်တွေရပ်ဆိုင်းခဲ့လျှင်နေဖို့အိမ်လိုသည်။ အိမ်လေးတစ်လုံးတော့မဖြစ်မနေဝယ်ဖို့ကြိုးစားရတော့သည်။

အိမ်တွေလိုက်ကြည့်ရာ ကိုယ့်ရှိသည့်ငွေနှင့်ကိုက်မည့်အိမ်ရှာရတော့ခက်ခဲပါသည်။ လမ်းမတန်းတို့နေရာကောင်းတို့မရနိုင်ပါ။ လမ်းမကြီးနှင့်နီးသည့်အတွင်းဘက်လမ်း အိမ်တစ်အိမ်ကသားသူငယ်ချင်းဦးလေးအိမ်ဖြစ်ပြီး ရောင်းမည်ဆို၍သွားကြည့်ကြရသည်။ လမ်းသွယ်ဖြစ်၍လမ်းကတော့သိပ်မကျယ်ပါ။ အိမ်နှင့်မျက်စောင်းထိုးရှေ့တည့်တည့်တွင်သစ်ပင်ကြီးများရှိပြီး သစ်ကိုင်းတချို့ကခြံထဲသို့ပင်ဝင်ရောက်နေပါသည်။အိမ်ကအုတ်ဖိနပ်ခံသွပ်မိုးနှင့်နှစ်ထပ်အိမ်လေးဖြစ်သည်။ အနံ ၃၇ ပေခွဲ အလျား ၅၈ ပေကျယ်ပါသည်။ ထိုအိမ်လေးကိုဝယ်ဖို့စကားပြောကြဈေးတည့်ပြီးတော့မှမျက်စောင်းထိုးကနတ်နန်းမှန်းသိလိုက်ရသည်။

"ဘိုးတော်နတ်နန်းပွဲရှိချိန်ဆိုသိပ်စည်တာပဲ နတ်ကန္နားပေးတာတို့ နတ်ကတာတို့ အိမ်ပေါ်ထပ်ကနေကြည့်ရင်သေချာမြင်ရတယ်၊ ပြော် တစ်ခုတော့သတိပေးရဦးမယ်။ ကိုယ့်ခြံထဲရောက်နေတဲ့သစ်ကိုင်းတွေမခုတ်နဲ့နော်။ အပင်ခုတ်တာနတ်မကြိုက်ဘူး"

သစ်ပင်ကြီးတွေကကြီးတော့ သစ်ပင်လက်တံတို့က ခြံပေါက်ဝအထဲထိရောက်နေသည်။ မခုတ်ရဘူးဆိုတော့လည်း ကိုယ်မှမနေသေးတာကြောင့်ဘာမှပြန်မပြောမိပါ။ အိမ်စာချုပ်ကိုဘေးအိမ်ကအိမ်ရှင်ရဲ့အစ်မဖြစ်၍ သူတို့အိမ်တွင်စာချုပ်ချုပ်ပြီးသည်နှင့် ခြံခတ်ထားခြင်းမရှိသောအိမ်လေးကို နေ့ချင်းပြီးခြံခတ်ခဲ့ရသည်။

"ကျွန်တော် ဒီအိမ်ဆောက်ပြီးကတည်းက တစ်ခါမှမနေရသေးလို့ညောင်ရွှေမပြန်ခင် တစ်ညနှစ်ညတော့ပေးအိပ်ပါလား"

အိမ်ရှင်ရဲ့မိန်းမကညောင်ရွှေနားကရွာတစ်ရွာမှဖြစ်ပြီး အိမ်ရောင်းပြီး သူမိန်းမရှိရာသို့သွားနေတော့မည်ဖြစ်၍ခွင့်တောင်းခြင်းဖြစ်ပါသည်။ အိမ်အောက်ထပ်ကသဲခင်းထားပြီးဘာမှအချောမလုပ်ရသေးပါ။တစ်ယောက်အိပ်ကွပ်ပျစ်လေးပေါ်တွင်ဖျာလေးခင်းထားပြီးစောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံးခြင်ထောင်တစ်လုံးကိုတွေ့ရသည်။ ထိုသူကမျက်ရည်ဝိုင်းနေသောမျက်လုံးဖြင့်ကိုယ့်ကိုကြည့်သောအခါခွင့်မပေးဘဲမနေနိုင်တော့ပါ။ သော့ခလောက်အသစ်များဝယ်ရာမှာ သော့ပိုတစ်တွဲပါ၍ဖြုတ်ပေးခဲ့ကာပြန်လျှင်အိမ်ကိုသေချာသော့ခတ်ပါ။နောက်အပတ်လာသည့်အခါ အိမ်သော့လာယူမည်ဖြစ်ကြောင်းပြောခဲ့ရသည်။မောင်နှမတွေအမွေရသောမြေကွက်တွင်မောင်အငယ်ဆုံးကအစွန်ဆုံးအကွက်ကိုရပြီးအိမ်လေးဆောက်ထားသည်မှာမကြာသေးကြောင်းလည်းသိခဲ့ရပါသည်။

အိမ်အပေါ်ထပ်ကတော့ ပြတင်းပေါက်ခြောက်ပေါက်နှင့် အခန်းဖွဲ့ထားခြင်းမရှိဘဲ ကြမ်းအချောခင်းထားသည်၊ အရှေ့ဘက်တွင် ဝရန်တာလေးတစ်ခုပါသည်။ ဘဝတွင်ပထမဦးဆုံးအိမ်တစ်လုံးပိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကံကောင်းသည်လား မသိ၊ ကုမ္ပဏီကပစ္စည်းဈေးတွေပြန်တက်လာတော့ ဘယ်သူ့ကိုမှထပ်မဖြုတ်တော့ဘဲ အခန်းအတွက် ရုံးသန့်ရှင်းရေးကောင်းမလေးတစ်ယောက် ထပ်ခန့်ပေးပါသည်၊ အလုပ်ပြန်အဆင်ပြေနေတော့လည်းဝယ်ထားသည့်အိမ်လေးတွင်မနေဖြစ်ပါ။တစ်လတစ်ခါလောက်အိမ်ကိုသွားကြည့်ကာဘေးဘက်ကအဘအိမ်ကို အိမ်ကိုကြည့်ရှုပေးဖို့အပ်ထားရပါသည်။ ဒီလိုနှင့်ကိုယ်ဝယ်ထားတုန်းက အသစ်စက်စက်အိမ်လေးသည် နောက်ဘက်မီးဖိုချောင်အမိုးကသက်ကယ်မိုးမို့ အမိုးတွေလန်လို့ ပြန်မြင်ဦးလို့ဘေးအိမ်က အကြောင်းကြားလို့သွားမိုးရပြန်ပါသည်။

"လူငှား တင်ထားလိုက်ပါလား၊ တက္ကသိုလ်နဲ့နီးတော့ ကျောင်းသူလေးတွေအိမ်ငှားထားလို့ရတယ်။ ဒီတိုင်းပစ်ထားတော့အိမ်ပျက်စီးတာပေါ့"

တစ်အိမ်လုံး အလုပ်တစ်ဖက်နှင့်မို့အိမ်ကိုတစ်လတစ်ခါတောင် အနိုင်နိုင်သွားမကြည့်နိုင်၍ လူငှားတင်လျှင်လည်း အိမ်ရှင်က အောက်ထပ်ဖြစ်ဖြစ် အပေါ်ထပ်မှာဖြစ်ဖြစ်နေ ကြီးကြပ်ပေးမှ လူငယ်တွေနှင့်အဆင်ပြေမှာမို့ မငှားဖြစ်တော့ပါ။လူမနေသောအိမ်သည်တဖြည်းဖြည်းပျက်စီးစပြုလာပါတော့သည်။ အထူးသဖြင့် သက်ကယ်မိုးတွေပြုတ်ကျနေတာကိုသွားမပြင်ဖြစ်တော့ပါ။ လူမရှိတော့ ကိုယ့်အိမ်ရှေ့တံခါးမသော့ခတ်ထားသည်ကိုပတ္တာကိုဖြုတ်ကာစီးပွားရေးသမားကသူစက်ချုပ်သမတွေကို ကိုယ့်အိမ်တွင်ဝင်ထားကာစက်ချုပ်ခိုင်းထားသေးသည်။ ဘေးအိမ်မှအကြောင်းကြား၍ သုံးလေးလလောက်နေတော့မှ အိမ်ရောင်းမည်ဆိုကာသွားဖယ်ခိုင်း၍ ပတ္တာပြန်ရိုက်ခြံဝင်းတံခါးပြန်လုပ်ရသေးသည်။ဒီလိုနှင့်မနေဖြစ်မည့်အတူတူ အိမ်ပြန်ရောင်းဖို့ကြိုးစားရသည်။

မြန်မာလူမျိုးအများစုက နတ်ကိုယုံကြည်ကြသည်။ သစ်ပင်ကြီးလျှင်နတ်ကွန်းလေးနှင့်ဖြစ်သည်။ ညဘက်ဖယောင်းတိုင်ထွန်း မီးပူဇော်ကြ၊ အမွှေးတိုင်ထွန်းကြသည်။ လမ်းကနှစ်ဖက်ပွင့်လမ်းဖြစ်သော်လည်း လမ်းထိပ်အိမ်ကတမာပင်ကြီးက တော်တော်ကြီးမားကာလမ်းတစ်ဝက်ကိုနေရာယူထားပြီး ထိုအိမ်

ရှင်က နတ်ကွန်းလေးလုပ်ပြီး ပူဇော်ပသထား၍ ထိုလမ်းထဲသို့ကားကြီးများဝင်မရပါပေ။ ကိုယ်ပိုင်ကားလေးတွေတော့ဝင်ထွက်လို့ရသေးသည်။ စီးပွားရေးလုပ်မည့်သူကအိမ်လေးကြိုက်သော်လည်းခြောက်ဘီးကားဝင်မရ၍အရောင်းအဝယ်မတည့်ဖြစ်ရသည်။ သူ့အိမ်ရှေ့က တမာပင်ကိုသူပူဇော်ထား၍ သစ်ပင်ခုတ်ဖို့ကို ထိုအိမ်ပိုင်ရှင်ကစိတ်မကူးပါပေ။ ဒီလိုနှင့်တစ်နှစ်ပြီးတစ်နှစ်ကုန်သွားသော်လည်း အိမ်ကရောင်းမထွက်ဘဲဖြစ်နေသည်။

ထိုအိမ်တွင် ကိုယ်မနေဖြစ်သေးသော်လည်း ထိုအိမ်ကအိမ်စောင့်နတ်တို့မြေစောင့်နတ်တို့ကိုအိမ်ကိုစောင့်ရှောက်ပေးဖို့အမြဲမေတ္တာပို့ပေးပါသည်။ တစ်ဖက်ခြံကအဘက ကိုယ့်ခြံထဲတွင်ပက်လက်ကုလားထိုင်ချကာဝင်ထိုင်နေတတ်သလိုခြံလည်းရှင်းပေးတတ်ပါသည်။ဒီလိုနှင့်လူမနေသောအိမ်ကလေးသည်တစ်စတစ်စပိုဟောင်းလာသလိုဝယ်ထားသည့်နှစ်ကလည်းဆယ့်ငါးနှစ်ကျော်နေပြီဖြစ်သည်။

ချင်းတွင်းမြစ်ရေဓာတ္တကြီးစဉ်ကမော်လိုက်မှ တက္ကသိုလ်ကျောင်းသူလေးများကိုထားရန်လာဝယ်ဖူးသည်။ ဈေးမတည့်ဘဲ ပွဲစားကပွဲခတွေအများကြီးတောင်းသည်။ ထိုစဉ်က သိန်းနှစ်ရာ့ငါးဆယ်ခေါ် ရာ၊သိန်းနှစ်ရာပဲပေး၍မရောင်းဖြစ်ခဲ့ပါပေ။ အခုတော့အိမ်ဈေး၊မြေဈေးတွေတက်သော်လည်းကိုယ့်အိမ်လေးဝယ်သူမပေါ်သေးပါ။ ထိုအိမ်လေးရောင်းပြီးရန်ကုန်တွင်တိုက်ခန်းပြန်ဝယ်ရန်စိတ်ကူးတို့ကအကောင်အထည်မပေါ်နိုင်ခဲ့ပါ။ ရန်ကုန်တိုက်ခန်းဈေးတွေသာတက်ပြီးရင်းတက်နေပါသည်။

ဦးစိုးဆိုသည့်ဆွေမျိုးတစ်ယောက်နှင့်ဖုန်းနှင့်စကားပြောကြရင်းအိမ်မရောင်းရသည့်အကြောင်းရောက်သွားသည်။ သူကလည်းဘုရားတရားသမား ခြေလေးချောင်းသားမစား။ ဓာတ်တို့နတ်တို့အဘဘိုးမင်းခေါင်တို့ အဘဘိုးဘိုးအောင်တို့လည်းအစုံကိုးကွယ်သည်။ မေ့အိမ်တွင်ရှိသောအဘဘိုးဘိုးအောင်ရုပ်တုလေးကအမေတို့ကိုးကွယ်လာသည်မှာ နှစ်ပေါင်းကိုးဆယ်ကျော်ပြီဖြစ်သည်။ ရုပ်တုလေးကရွှေအစစ်ချထားပြီး လက်နှစ်ဆန်ခန့်အမြင့်ရှိပါသည်။

အဘဘိုးဘိုးအောင်ရုပ်တုလေးကို အမေကပန်းကန်ပြားလေးတစ်ချပ်တွင်တင်ထားကိုးကွယ်ခဲ့ပါသည်။ ဘုရားကျောင်းဆောင်ရှေ့တွင်ထားရာဘုရားဘက်သို့ မျက်နှာအမြဲလှည့်သွားတတ်ပါသည်။ မေတို့ငယ်စဉ်က ဘုရားကျောင်းဆောင်ကမြင့်၍ ခွေးခြေလေးနှင့်တက်ကာ အဘရုပ်တုလေးကိုရှေ့တည့်တည့်သို့ပြန်ကာ လှည့်မလှည့်စမ်းသပ်ကြပါသည်။ နောက်နေ့ခုံလေးနှင့်ပြန်တက်ကြည့်တော့ ဘုရားဘက်သို့ပြန်လှည့်နေသည်ကိုတွေ့ရပါသည်။ ဒါကိုသိသောဦးစိုးက အဖေအမေတို့ဆုံးသောအခါနယ်ကိုရောက်နေသောမေ့အိမ်သို့မောင်လေးကဘိုးဘိုးအောင်ရုပ်တုလေးနှင့်အတူဗာရာဏသီကအဖေပင့်လာသည့်မမွစကြာတရားဟောနေဟန် ရုပ်ပွားတော်နှစ်ဆူကိုပါပို့ပေးလိုက်ပါသည်။

အညာသို့မပို့ခင် ယောင်းမငယ်အိမ်တွင်ခေတ္တပင့်ထားကာ လူကြုံရှာနေစဉ်ညီမအိမ်တွင် ဘိုးဘိုးအောင်ရုပ်တုလေးကဘုရားဘက်သို့လှည့်လှည့်သွား၍ညီမကတောင်းပါသည်။

"မမမေ ညီကိုအဲဒီဘုရားလေးပူဇော်ဖို့ပေးပါလား၊ ထူးခြားလို့ပါ"

ညီမငယ်တောင်းသော်လည်းမပေးဖြစ်ပါ။ မိဘလက်ထက်ကကိုးကွယ်လာသည့်ဘုရားများမို့ပါ။ ဘိုးဘိုးအောင်ဟုလည်းမမှတ်မိတော့ပါ။ ကိုယ့်အိမ်ရောက်တော့သေချာကြည့်မှ ပုတီးလည်းတွင်ဆွဲထားတာတွေ့မှမှတ်မိခဲ့ပါသည်။

အိမ်ကကလေးတွေက ဘိုးဘိုးအောင်ဟုလည်းဆိုရာ ဘိုးတော်တွေမကိုးကွယ်ရဘူးဆိုဟုမေးပါသည်။ ဘိုးဘိုးအောင်တို့ အဘဘိုးမင်းခေါင်တို့ကလည်း တရားအားထုတ်ခဲ့ပြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေမို့ တခြားစကားများမပြောစေလို၍ မပြောရန်ဟန့်တားလိုက်ရပါသည်။ ကိုယ့်အိမ်ရောက်တော့ အဘဘိုးဘိုးအောင်က ဘုရားဘက်ကိုလုံးဝမလှည့်တော့ပါပေ။

"အိမ်ရောင်းထွက်ချင်ရင် အဘဘိုးဘိုးအောင်ကိုသောက်တော်ရေဆက်၊ အမွှေးတိုင်လေးထွန်းပြီးဆုတောင်း"

ဟုလည်း ဦးစိုးကပြောပါသည်။ နောက်ဂါထာတစ်ပိုဒ်ကိုလည်းရွတ်ရန်ပြောပြီး မက်ဆင်ဂျာမှနေ၍စာပို့ပေးပါသည်။

ကြက်သွန်နီဥကြီးတစ်လုံးကိုထိပ်ဖြတ်ပါ အမြစ်ထွက်သည့်ဘက်မှမဖြတ်ရပါ။ အမွှေးတိုင်တစ်တိုင်ကို ကြက်သွန်နီဥ၏ထိပ်ဖြတ်ထားသည့် ဘယ်ဘက်တွင်စိုက်ကာ နောက်တစ်တိုင်ကို ညာဘက်တွင်စိုက်ကာခွက်တစ်ခုထဲထည့်၍ဘုရားကျောင်းဆောင်ပေါ်တွင်တင်လှူပြီးအမွှေးတိုင်ထွန်းလှူပါ။ ဆုတောင်းရန်မှာ-

"ရောင်းမည့်အိမ်ကိုစောင့်ရှောက်သောအိမ်စောင့်နတ်၊မြေစောင့်နတ်တို့ကိုထိုအိမ်အားတစ်လအတွင်းအမြန်ရောင်းထွက်အောင် စောင့်ရှောက်ပေးတော်မူပါ"

ဟု ဆုတောင်းပြီး အဘဘိုးဘိုးအောင်ကိုလည်းရေတော်ဆက်၊ဖယောင်းတိုင်မီးလှူပေးကာ အိမ်ရောင်းထွက်ဖို့ဆုတောင်းပါလို့ပြောပါသည်။

ဦးစိုးကတော့ ထိုဂါထာသည်ငွေဝင်စေသည့်ဂါထာ ရှင်သီဝလိလာဘ်ပွင့်ဂါထာဟုဆိုပါသည်။ မနက် (၇) ခေါက် ညနေ (၇)ခေါက်ရွတ်ပါဟုပြောပါသည်။ ကြက်သွန်နီဥကို မညှိုးမချင်းအမွှေးတိုင်သာ မနက် (၂) တိုင်၊ ညနေ (၂) တိုင်ထွန်းလှူနိုင်သည်ဟုပြောပါသည်။

**ရွတ်ရမည့်ဂါထာမှာ**

ဉုံပိယံမမ လာဘံဧဟိ၊
သောကဗျာပါပဒမရှိဟူ၍ဖြစ်သည်။

နေ့စဉ်ဦးစိုးပြောသည့်အတိုင်းရွတ်ဆိုကာဆုတောင်းပါသည်။သူ့အပြောကတော့ သူထိုဂါထာရွတ်ခဲ့သည်မှာ (၁၀) နှစ်ကြာပြီဖြစ်ပြီး များများမဟုတ်တောင်ငွေဝင်၍အဆင်ပြေခဲ့ပါသည်တဲ့လေ။

တိုက်ဆိုင်သည်လားမသိပါ။အမွှေးတိုင်ထွန်းရွတ်ဆိုခဲ့စဉ် နှစ်ပတ်အတွင်းအိမ်ဝယ်ချင်သည့်လူရှိသည်၊အိမ်နှင့်ပတ်သက်သည့်လိုအပ်သည့်စာချုပ်စာတမ်းများယူလာခဲ့ပါဟုဖုန်းဆက်လာပါသည်။ ကိုယ်ရောင်းချင်သည့်ဈေးနှင့်တော့ ငါးသိန်းလျှော့ပေးလိုက်ရသည်။ ဘာပဲဖြစ်ဖြစ်ရောင်းမထွက်တော့ဘူးထင်နေသောအိမ်လေးရောင်းထွက်သွားခဲ့၍ ဂါထာပေးသည့်ဦးစိုးကိုကျေးဇူးတင်ရပါသည်။

မရောက်တာကြာပြီဖြစ်သော အိမ်လေးရှေ့က နတ်ကွန်းကလည်း ယခင်ကလိုမဟုတ်ဘဲ သွပ်မိုးနှင့်ဇရပ်ကြီးလိုအခိုင်အမာတည်ဆောက်ထားပါသည်။ မခုတ်ရဘူးဆိုသည့်သစ်ပင်ကြီးတွေကိုလည်းခုတ်ထား၍ရှင်းလင်းနေပါသည်။ နတ်နန်းရှေ့က ကွင်းကျယ်ကြီးကိုလည်းအိမ်ခြံမြေတွေ ဈေးတက်သည့်အခါအကွက်ရိုက်ရောင်းထား၍ အိမ်လေးတွေနှင့်ဖြစ်နေပါပြီ။ ငွေဝင်ချင်လျှင်ရွတ်ဆိုကြည့်နိုင်ရန်ရေးလိုက်ပါသည်။

စောမိသွင်-ရန်ကုန်

မောင်ပွင့်ညာထ်(မော့ရ)

# ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ဆေးစွမ်းကောင်းတစ်လက်

မော်လမြိုင်ပညာရေးကောလိပ်မှာ ကျင်းပခဲ့တဲ့ ၂၀၀၆ ခုနှစ်၊ စာဆိုတော်နေ့အခမ်းအနားမှာ လန်ဒန်တက္ကသိုလ် မြန်မာပါမောက္ခ (အငြိမ်းစား) ဆရာကြီး ဒေါက်တာလှဘေက မော်လမြိုင်မြို့မှာ စာကြည့်တိုက်တစ်ခုထူထောင်ဖို့ဒေါ်လာ (၃၀၀၀)လှူဒါန်းခဲ့ပြီး ၂၀၀၇ ဇူလိုင် (၃၁) မှာဆရာကြီး ကွယ်လွန်သွားခဲ့တယ်။ ၂၀၀၈ ခုနှစ်မှာ မော်လမြိုင်မြို့နယ်၊ စာရေးဆရာအသင်း၊မွန်ပြည်နယ်သတင်းစာဆရာအသင်းနဲ့ မြို့မိမြို့ဖတွေစုပေါင်းပြီးစာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီကိုဖွဲ့စည်းခဲ့သည်။

၂၀၁၅ ဇန်နဝါရီ (၁၅) ရက်မှာ မော်လမြိုင်မြို့ပြင် မြိုင်သာယာရပ်ကွက်ကပေ (၄၀×၆၀) မြေကွက်မှာ ဒေါက်တာလှဘေအထိမ်းအမှတ် ပညာပါရမီစာကြည့်တိုက်ကိုစပြီးဖွင့်ခဲ့တယ်။ မြို့ပြင်ရပ်ကွက်ဖြစ်လို့ စာကြည့်တိုက်လုပ်ငန်းမအောင်မြင်ပါ။ မြို့ထဲပြောင်းဖွင့်ဖို့အခက်အခဲအမျိုးမျိုးကြားက ကြိုးစားခဲ့ကြတယ်။အင်္ဂလိပ်ခေတ်ကဆရာကြီးဒေါက်တာလှဘေနေသွားတဲ့ မြန်မာနိုင်ငံမှာ ပထမဆုံးအစိုးရအထက်တန်းကျောင်းဖြစ်တဲ့ Government State High School (အခုအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း) အရှေ့စည်ပင်ပိုင်သံလွင်ဥယျာဉ်ဝင်းထဲမှာ ပေ (၁၀၀) ပတ်လည်မြေကွက်တစ်ကွက်ကိုပြည်နယ်အစိုးရအဖွဲ့က စာကြည့်တိုက်ဆောက်ဖို့ နှစ်(၃၀)အငှားဂရန်ချထားပေးခဲ့တယ်။

နေရာသစ်မှာပေ(၄၀)ပတ်လည် ပင်မအဆောက်အအုံနဲ့တွဲလျက် ပေ (၃၀×၄၀) နှစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ခဲ့တာ ၂၀၁၉ ဒီဇင်ဘာလမှာတည်ဆောက်ပြီးစီးပြီး ၁၃၈၂ ခုနှစ်နတ်တော်လဆန်း (၁) ရက်(စာဆိုတော်နေ့) (၁၅-၁၂-၂၀၂၀)မှာ စာကြည့်တိုက်သစ်ဖွင့်ပွဲကျင်းပနိုင်ခဲ့တယ်။ စုစုပေါင်းကုန်ကျငွေကကျပ် (၁၀၁၀,၅၃,၈၃၄)ဖြစ်တယ်။

စာကြည့်တိုက်တည်ဆောက်ရေးမှာရှေ့ဆုံးကနေ တက်တက်ကြွကြွဦးစီးလုပ်ဆောင်ခဲ့သူက ဆရာကြီးဒေါက်တာလှဘေနဲ့ညီအစ်ကိုဝမ်းကွဲ တော်စပ်တဲ့ ဆရာဦးဝင်းကြည် (မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ကန်တော့ခံသက်ကြီးသတင်းစာဆရာ) ဖြစ်တယ်။ စာကြည့်တိုက်သစ်ဖွင့်ပြီး (၃) လလောက်အကြာ ၂၀-၃-၂၀၂၁ မှာဆရာဦးဝင်းကြည်(၈၇)နှစ်ကွယ်လွန်သွားခဲ့တယ်။

ဆရာ့ကိုရည်စူးပြီးကျန်ရစ်တဲ့သားသမီးတွေက စာကြည့်တိုက်ကို ငွေကျပ် (၁၀)သိန်းနဲ့ ဆရာစုဆောင်းခဲ့တဲ့ရှားပါးစာအုပ်၊ သတင်းစာ၊ ဂျာနယ်တွေပါ လှူဒါန်းပေးခဲ့တယ်။ လွတ်လပ်ရေးမရခင်ကထုတ်ဝေခဲ့တဲ့နဂါးနီ၊ လင်းယုန်၊ လူထုဂျာနယ်ကျော်၊ ပြည်တော်သာ၊ ပြည်သူ့ဂျာနယ်စတဲ့ စာစောင်တွေကစာကြည့်တိုက်မှာအမှတ်တရသိမ်းဆည်းထားရမှာတွေဖြစ်တယ်။

စာစောင်အဟောင်းတွေကိုသေချာသန့်စင်ချုပ်လုပ်ရင်းက (၁၅-၁-၆၉)ရက်စွဲနဲ့အဖုံးမပါတဲ့အိုးဝေဂျာနယ်စာမျက်နှာ (၁၀)မှာသတိုးသောင်းရေးတဲ့ဦးနု၏ဆေးကောင်းတစ်လက်ဆောင်းပါးကိုတွေ့ပါတယ်။ ချောင်းဆိုးသွေးပါ အဆုတ်နာဝေဒနာရှင်များအများဆုံးလက်တွေ့ပျောက်ကင်းတယ်ဆိုတဲ့ဆေးနည်းကိုဆေးအမယ်ဖော်နည်းနဲ့ သောက်သုံးပုံအညွှန်းတွေအပြည့်အစုံဖော်ပြထားတာမို့ အလိုရှိသူတွေသုံးနိုင်ဖို့ကူးယူဖော်ပြလိုက်ပါတယ်။

**ဦးနု၏ဆေးကောင်းတစ်လက်**
**(သတိုးသောင်း ရေးသည်)**

မှတ်မိပါသေးသည်၊ဂျပန်တော်လှန်ရေးကြီးပြီးစအချိန်ကာလက ယခင်သခင်နု၊ ယခုဝန်ကြီးချုပ်ဟောင်းဦးနုနှင့်ကျွန်တော်မော်လမြိုင်ကျွန်းမြို့တွင်နေစဉ်တုန်းကဖြစ်ပါသည်။

ထိုအချိန်က နံနက်တိုင်းလိုလိုပင် ဖေဘီလီယံအမတ်ဟောင်းဦးမြစ်၊သခင်နု၊ ဦးမောင်စိန်၊ ဦးထွန်းဝေ၊ ဦးဘတင်၊ ကျွန်တော်စသည်တို့သည် မော်လမြိုင်ကျွန်းမြို့သဘော်ဆိပ်ကမ်းနားလမ်းရှိကိုထွန်းညွှန့်နာရီပြင်ဆိုင်သို့သွားရောက်၍ လက်ဖက်ရည်တစ်အိုးဖြင့် ရောက်ရာပြောဆိုငြင်းခုံကြပြီးအချိန်ဖြုန်းလေ့ရှိကြသည်။

တစ်နေ့တွင် ကျွန်တော်တို့စကားဝိုင်း၌ဆေးအကြောင်း၊သမားအကြောင်းပြောရင်း ချောင်းဆိုးသွေးပါ အဆုတ်နာရောဂါအကြောင်း ရောက်ရှိသွားကြပါသည်။ ထိုအခါသခင်နုကသူ့တွင်ချောင်းဆိုးသွေးပါ အဆုတ်နာရောဂါပျောက်သောဆေးကောင်းတစ်လက်ရှိကြောင်းပြောဆိုတင်ပြလာပါသည်။ သခင်နုပြောဆိုပြောတင်ပြလာသောချောင်းဆိုးသွေးပါအဆုတ်နာရောဂါပျောက်ဆေးနည်းနှင့်ဆေးကိုသုံးစွဲပုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သိန္ဓောတစ်ကျပ်သား၊
၂။ ဇဝက်သားလက်ဟောင်းတစ်ကျပ်သား၊
၃။ ကျောက်ချဉ်တစ်ကျပ်သား၊
၄။ မဖောက်ထုံးတစ်ကျပ်သား၊
၅။ သဲဆပ်ပြာတစ်ကျပ်သား၊
၆။ ယမ်းစိမ်းတစ်ကျပ်သား၊
၇။ ဆားတစ်ကျပ်သား။

ဤဆေး(၇)ပါးကိုအမှုန့်ပြု၍ထား၊ ရေနွေးကျက်ကျက်ကျို၊ ထို့နောက် ရေနွေးကိုအေးအောင်ထားပြီးငှင်းရေနွေးကို တစ်ပိဿာချိန်၍အထက်ပါဆေးမှုန့်နှင့် သမအောင်မွှေနိုင်သမျှမွှေပြီးမှ အပေါ်ရေကြည်ကိုယူ၍ယောက်ျားဆိုလျှင်ကန့်ကလာရည်နှင့်သင့်ရုံစပ်၍သုံးရက်သောက်ပါ။ သုံးရက်စေ့လျှင် ရိုးရိုးအတိုင်းတစ်နေ့တစ်ခါသောက်သွားရန်ဖြစ်သည်။

မိန်းမဆိုလျှင် ကြိတ်မှန်ရွက်ရည်နှင့်သုံးရက်ဆက်သောက်ရန်၊ သုံးရက်စေ့မှရိုးရိုးအတိုင်းတစ်နေ့တစ်ခါသောက်သွားရန်၊ မကြာမီရက်အတွင်း ရောဂါပျောက်ကင်းချမ်းသာနိုင်သည်။ ကန့်ကလာရွက်နှင့်ကြိတ်မှန်ရွက်ရည်မှာ အစိမ်းကြိတ်ညှစ်ရည်ဖြစ်သည်။သုံးရက်စေ့လျှင်ရိုးရိုးသောက်ရန်ဟူသည်မှာ သုံးရက်စေ့ကကြိတ်မှန်ရွက်ရည်၊ ကန့်ကလာရည်တို့နှင့်ရောစပ်၍မသောက်ဘဲရိုးရိုးဆေးရည်ကြည်ကိုသောက်ရန်ဖြစ်သည်ဟုဆိုပါသည်။

ဦးနုမှာ ထိုဆေးကိုပြောဆိုပေးစဉ်ကအလွန်စေတနာထက်သန်စွာနှင့်ချောင်းဆိုးသွေးပါ အဆုတ်နာရောဂါဝေဒနာရှင်များနှင့်တွေ့လျှင် ဆေးနည်းပါပေးဖို့ပြောဆိုသဖြင့်ကျွန်တော်လည်းအထက်ပါဆေးနည်းကိုရေး၍ မှတ်သားထားလိုက်ခြင်းဖြစ်ပါသည်။

ဦးနု၏ဆေးနည်းကို ကျွန်တော်လက်တွေ့လေ့လာစမ်းသပ်ကြည့်သောအခါ ဦးနု၏ဆေးမှာ ချောင်းဆိုးသွေးပါ အဆုတ်နာဝေဒနာရှင်များ အများဆုံးရောဂါပျောက်ကင်းချမ်းသာသည်ကိုတွေ့ရကြုံရပါသည်။

သက်ရှည်ကျန်းမာ
စိတ်ချမ်းသာကြပါစေ။
မောင်ပွင့်ညာထ်(မော့ရ)

ဆံကေသာ ဝေဖြာလုပနေသည့်

# မြကြာဖြူ

စိုးလင်းအောင်(မြန်အောင်)



သူ့နာမည်ဒေါ်ကတုံးမ(ခေါင်းတုံးမ) ဟု ခေါ်ပါသည်။ ဒေါ်ကတုံးမဆိုသည့်အတိုင်း ခေါင်းမှာဆံပင်တစ်ချောင်းမှ မပေါက်၊ မျက်ခုံးမွေး၊ မျက်တောင်မွေးလည်းလုံးဝမရှိပါ။ မျက်ခုံးမွေးမရှိ၍ကြည့်ရသည်မှာ မျောက်မျက်နှာနှင့်တူနေပြီးပိန်းပိန်းပိတ်ပိတ်ကြီး ဖြစ်နေသည်။ ဆံပင်မရှိတာသူများမသိစေချင်၍ ပုဆိုးနှင့်အမြဲတမ်း ခေါင်းပေါင်းထားသည်။

ထို့ကြောင့် သူ့ကိုအမှတ်မထင်မြင်တွေ့ရပါက ကြောက်လန့်သွားကြ၏။ သူ့မှာ မြကြာဖြူဆိုသည့် သမီးကလေးတစ်ယောက်ရှိသည်။ စာရေးသူတို့နှင့်တွေ့စဉ်က မြကြာဖြူ (၁၃၊ ၁၄) နှစ်ခန့်ရှိပါပြီ။ သူ့သမီးမြကြာဖြူမှာလည်း ခေါင်း၊ မျက်ခုံး၊ မျက်တောင်နှင့်အခြားခန္ဓာကိုယ်ပေါ်မှာ ဘာအမွေးတစ်မျှင်မှမရှိကြောင်းသိရပါသည်။ (သူ့သမီးကတော့ ဦးထုပ်ဆောင်း၊ မျက်ခုံးမွေးဆွဲထား၍မသိသာလှပါ)

ရွှေသောင်ကျွန်းပေါ်တွင် စာရေးသူတို့က ကိုင်းလုပ်ရင်းရွှေကျင်၏။ သူတို့သားအမိက ကျူဖျာရက်သည်။ကျူခုတ်၊ ကျူရိုးသယ်အမြဲတွေ့နေရ၍ဒေါ်ကတုံးမနှင့်ရင်းနှီးနေပါပြီ။ မြင်ပါများ၍ကြောက်စရာလန့်စရာ ရုပ်အသွင်လည်း မထင်တော့ပါ။

*

ထိုလူမှာနာမည်ရင်းရှိသော်လည်း ကုလားလူမျိုးမို့ဦးကုလားဟုအလွယ်ခေါ်ကြ၏။ ၁၉၇၀ ဝန်းကျင်က ပတ္တော်ရွာတွင်ဂုံလျှော်ဒိုင်ရှိ၏။ (ယခုဂုံလျှော်ဘယ်သူမှမစိုက်ကြတော့ပါ)ဒိုင်မှဂုံလျှော်တွေကိုလှည်းများဖြင့်ကမ်းနားဆိပ်သို့ပို့ရသည်။ ဂုံလျှော်လှည်းတွေကမ်းနားလာသောအခါကျွန်းကြီးနှင့်ရှစ်ကွက်ရွာကိုဖြတ်၍လှည်းမောင်းကြရ၏။ ရှစ်ကွက်ရွာကမ်းနားဆိပ်ရှိ စီပီတွဲများပေါ် သို့ တင်ကြသည်။ ရှစ်ကွက်ရွာကမ်းနားဆိပ်တွင်ဂုံလျှော်အတင်အချလုပ်နေသည့်အလုပ်သမားများ၊ရေချိုးရေခပ်လာသူများနှင့်စည်ကားနေပါသည်။ စီပီတွဲစောင့်မှာ ဦးကုလားဖြစ်သည်။

ရှစ်ကွက်ရွာသူမအေးသီက ရေချိုး၊ ရေခပ်ရင်း ဦးကုလားနှင့်ဖူးစာဆုံ၏။ ဘာသာခြားမို့မိဘများကလိုလိုလားလားသဘောမတူကြသော်လည်း သမီးဆန္ဒအတိုင်း မင်္ဂလာဆောင်ပေးလိုက်သည်။ ဦးကုလားက သူစုထားသောငွေဖြင့်ကိုင်းတွေဝယ်ပေးသည်။

ညဘက်တွင်ဦးကုလားမှာ အခြားတွဲစောင့်တစ်ယောက်အား မှာကြားပြီးမအေးသီရှိရာရှစ်ကွက်ရွာသို့သွား၍အိပ်ပါသည်။ မနက်စောစောထ၍ ကမ်းနားစီပီတွဲရှိရာသို့ ပြန်လာလေ့ရှိ၏။

ကမ်းနားဆိပ်ကသရဲခြောက်သည်ဟု နာမည်ကြီးသည်။ကနောင်ဆေးရုံသွားရင်းကမ်းနားတွင်သေဆုံးခဲ့သူများ ဆေးရုံမှာသေဆုံး၍ ပြန်ယူလာပြီး ကမ်းနားမှာခဏထားကြခြင်းနှင့် ရေမျောကမ်းတင်လူသေအလောင်းများကြောင့်တစ္ဆေသရဲခြောက်လှန့်သည်ဟု ပြောကြသည်။

နှင်းမှုန်တဖွဲဖွဲကျနေသောဆောင်းနံနက်စောစောတွင် ဦးကုလားတစ်ယောက်၊ မအေးသီ အိမ်မှ ကမ်းနားစီပီတွဲရှိရာသို့ လာခဲ့၏။ ကမ်းနားဆိပ် မရောက်ခင်တစ်ခေါ် လောက်တွင် နှင်းမှုန်ကြားမှ မိန်းကလေးနှစ်ယောက်၏ပုံရိပ်ကို ဝိုးတဝါးလှမ်းမြင်လိုက်သည်။ ဝေဝါးနေသဖြင့်မျက်လုံးတို့ကိုပွတ်သပ်၍ကြည့်၏။ မိန်းကလေးနှစ်ယောက်ပုံရိပ်မှာ ဝိုးတဝါးမှ ပီပီပြင်ပြင်မြင်လာရသည်။

မိန်းကလေးနှစ်ယောက်က အနားရောက်သည်နှင့်ဦးကုလားလက်တစ်ဖက်စီကို အတင်းဆွဲကြတော့၏။ဦးကုလားကလွှတ်ဟာဆိုပြီးရုန်းသည်၊ လက်ကိုဆွဲရင်းမိန်းကလေးတွေက အတင်းဝင်ဖက်ကြပြန်၍ ဦးကုလားကဘေးကို တွန်းလွှတ်သည်။ တစ်ယောက်ကခန္ဓာကိုယ်ကို ဝင်ပူးကာဖက်ထားရင်း ကျန်တစ်ယောက်က ဦးကုလားလည်ကုပ်ပေါ် တက်ခွပြီးစီးထားသည်။ မြန်မာ့သိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်ပါသည်ဆိုသော ဦးကုလားမှာ မိန်းကလေးနှစ်ယောက်နှင့်တွေ့သောအခါ အလူးအလဲခံနေရသည်။

'အူး. . . အဲ. . . အား. . . အား . . . အား'

အသံမျိုးစုံအော်ဟစ်ရင်းဦးကုလားမှာ လေးဘက်ထောက်ကြီးကျသွားလိုက် လူးလဲထလိုက်၊ ဝမ်းလျားမှောက်ကျသွားလိုက်၊ အတင်းကုန်းထလိုက်နှင့် တအူးအူးတအားအား အော်ဟစ်ရင်းထိုင်လိုက်ထလိုက်၊ ကုန်းလိုက်၊ ကွလိုက်၊ ပစ်ကျလိုက် ဖြစ်နေသည်။

ထိုအချိန်ရှစ်ကွက်ရွာမှ ဝင်းနိုင်တို့လင်မယားနှင့် သူ့ယောက်ဖတွေက ကိုင်းထဲဆင်းလာချိန်မှာ ဦးကုလားဖြစ်နေပုံကိုလှမ်းမြင်လိုက်သည်။

"ဦးကုလား ဘာဖြစ်နေတာလဲ"

"အဲ. . . အူး. . . အား. . . ဟူး"

ဦးကုလားဆီမှ ပြန်ပြောသံမကြားရဘဲ အူးအူးအားအား အသံတွေသာကြားရ၍ ဒါ သရဲဝင်ပူးနေတာဆိုပြီး ရွာထဲပြန်၍ ဆွဲခေါ် သွားကြသည်။ ဘုရားကျောင်းဆောင်ပေါ် က ပရိတ်ရေပဌာန်းရေတို့ဖြင့် ပက်ဖျန်းလိုက်မှ ဟူးခနဲ သက်ပြင်းချပြီး သတိရလာသည်။

"ငါ့ကိုကွာမိန်းကလေးနှစ်ယောက်ကအတင်းချုပ်ပြီး၊တစ်ယောက်က လည်ကုပ်ပေါ် အတင်းခွစီးနေလို့ တွန်းချနေရတာကွ။ ငါသူတို့နှစ်ယောက်နဲ့နပန်းလုံးနေရတာမောလိုက်တာကွာ။အလုပ်တွေပင်ပင်ပန်းပန်းလုပ်ခဲ့ဖူးတယ်။ ဒီလောက်မမောဘူးကွာ။ မင်းတိုမြတ်စွာဘုရားရဲ့တန်ခိုးသတ္တိတော့ငါယုံသွားပြီကွာ။ အဲဒီဘုရားရေနဲ့သာမပက်ဖျန်းရင် ငါဘယ်ထိအောင်တောင်မောနေမယ်မသိဘူး သေတောင်သွားနိုင်တယ်ကွာ"

ထိုအချိန်တစ္ဆေသရဲမကြောက်ဘူးဆိုသောဦးကုလားတစ်ယောက် တစ္ဆေသရဲရှိတယ်ဆိုတာကို ယုံကြည်လာသလိုကျောင်းကသံဃာတော်များ ဆွမ်းခံကြွလာလျှင် ဆွမ်းလောင်းဖို့ မအေးသီကိုတိုက်တွန်းရင်း ဖွယ်ဖွယ်ရာရာ ဝယ်ခြမ်းပေးတော့သည်။

*

ကိုင်းဆင်းချိန် နေ့ခင်းပိုင်းတစ်နေ့တွင် ဦးကုလားမှာ ကိုင်းထဲတွင်ရှိသောကိုင်းပင်နှင့်အမှိုက်တွေကို မီးရှို့ရန်လာခဲ့၏။ ကိုင်းသမားအများစုမှာ မနက်ပိုင်းနှင့် ညနေပိုင်းတွေသာ ကိုင်းထဲဆင်းကြသည်။ နေ့လယ်ပိုင်းနေပူ၍ တဲထဲမှာနားနေကြရ၏။ ထိုအချိန် ကိုင်းပြင်ထဲ၊ ကိုင်းတောထဲတို့တွင် လူပြတ်နေတတ်သည်။ ကိုင်းတောကြီးတွေလည်း တချို့မခုတ်ရသေး။ တချို့ကိုင်းတွေက ခုတ်ပြီးသားနှင့်ကွက်တိကွက်ကျားဖြစ်နေသည်။

ခုတ်ပြီးသားကိုင်းပင်များကို မီးရှို့နေစဉ် ကိုင်းတောစပ်မှခုတ်ပြီးသား ကျူရိုးစည်းသယ်ရန် ဒေါ် ကတုံးမတို့သားအမိကဘွားခနဲထွက်လာ၍ဦးကုလားလန့်သွားသည်။ ဒေါ် ကတုံးမတို့ကိုမြင်ရင်း မကြာသေးခင်က သရဲမနှစ်ဦးကိုသွားပြီးသတိရသောကြောင့် ကြောက်ကြောက်လန့်လန့်ဖြစ်သွားခြင်းဖြစ်သည်။

"ဟယ်. . . သရဲဟယ်. . . သရဲ"

ကြောက်ကြောက်လန့်လန့် အော်ဟစ်ရင်း ဦးကုလားနောက်ဆုတ်ပြေးတော့သည်။ နောက်က ကိုင်းငုတ်နှင့်တိုက်ပြီး ပက်လက်လန်လဲကျ၏။ ပြန်၍ လူးလဲထရင်း-

"သရဲ သရဲ"

နှင့်ပြေးပြန်ပါသည်။ ထိုအခါ ဒေါ်ကတုံးမက-

"ဟဲ့-ကုလား ငါ လူ။ ဟဲ့- ကုလား ငါ လူပါ"

ဟုပြောသော်လည်းမရ ပြေးမြဲတိုင်းပြေးနေသည်။ နောက်တစ်ခါ ကိုင်းငုတ်ခလုတ်တိုက်မိရင်း လဲကျသွားရာကပြန်မထနိုင်တော့ဘဲ သတိလစ်သွားပါတော့သည်။ ဒေါ် ကတုံးမတို့သားအမိ ပြုစုဆောင်ပေးမှုကြောင့် ဦးကုလားတဲကိုပြန်ရောက်ပြီး ပြန်လည်သတိရ ကောင်းမွန်လာပါသည်။

*

ထိုအဖြစ်အပျက်တွေဖြစ်ပေါ်ပြီးနောက် (၇)နှစ်ကြာသောအခါဦးကုလားမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာပါသည်။ ကိုင်းသိမ်းချိန်၌ ရွှေသောင်ရွာလေးတွင် ရှင်ပြုပွဲလုပ်ကြသည်။ ဦးကုလား၏သားလေးမှာ ရှင်လောင်းဝတ်စုံ လှလှလေးဖြင့်မြင်းကြီးစီးကာ ပျော်ရွှင်နေသလို အလှူရှင်ဦးကုလားက သပိတ်လွယ်၍မအေးသီကကန်တော့ပွဲရွက်ကာ ရှင်လောင်းလှည့်ရင်း ကြည်နူးနေပုံက တကယ့်ကျေးရွာ သဘာဝအလှမြင်ကွင်းတစ်ခုဖြစ်ပါသည်။

ကွမ်းတောင် ပန်းတောင်ကိုင်မှာ ဇာတ်လိုက်ကျော်ကြီး ဒေါ် ကတုံးမရဲ့သမီးမြကြာဖြူဖြစ်သည်။ ဆံပင်အတု၊ မျက်ခုံးမွေးအတု၊ မျက်တောင်တုတို့ဖြင့်မဟုတ်ဘဲ နတ်မှောင်ကြော့ရှင်းသည့်ဆံကေသာ၊ မျက်ခုံးမွေး၊ မျက်တောင်မွေး အစစ်တို့ဖြင့်တကယ်လှပနေသည့်မြကြာဖြူပင် ဖြစ်ပါတော့သတည်း။

စာကြွင်း။ ။ မြကြာဖြူကိုတွေ့ပါလျှင်ဘယ်လိုဘယ်ပုံဆံပင်တွေပြန်ပေါက်တာလဲဟု မေးပါက

"ကျွန်မ၊ အင်္ဂလိပ်ဆေး၊ ဗမာဆေးတွေစုံနေပြီ။ ဆရာဝန်အမျိုးမျိုးနဲ့လည်းပြပါတယ်။ ဘယ်လိုမှဆံပင်ပြန်ပေါက်မလာပါဘူး။ နောက်ဆုံး ရှေ့မီနောက်မီလူကြီးတစ်ယောက်ကပြောတဲ့အတိုင်း ငှက်ပျောပင်ရဲ့ ခေါင်း (အပုပ်) နဲ့ပွတ်ပေးလို့ ခုလိုဆံပင်တွေ ပြန်ပေါက်လာတာပါ"

ဟု ပြောပြပါလိမ့်မည်။

**ဝန်ခံချက်။ ။**

ဆရာဝန်တစ်ဦး၏ပြောပြချက်နှင့် လက်တွေ့မြင်ခဲ့ရသော ဒေါ် ကတုံးမတို့အကြောင်းကို နာမည်ပြောင်း၍ရေးသားထားပါသည်။ဒေါ် ကတုံးမမှာဂျပန်ခေတ် ဗုံးဆိပ်သင့်၍အမွေးအမှင်တွေမပေါက်ကြောင်းသိရသည်။

သမ္မာဆန္ဒပြည့်ဝကြပါစေ။

စိုးလင်းအောင်(မြန်အောင်)



# ပြကျောက် ??

ရေးပြည့်စော
## ကျော်ကျော်စိုး

### ပြကျောက်ဆိုသဘော

ပြကျောက်ဟူသည် ရတနာတူးဖော်ရာဒေသဖြစ်သည့်မိုးကုတ်၊ မိုင်းရှူး၊ ဖားကန့်တည်းဟူသောရတနာထွက်သည့်ဒေသတိုင်း၌ လူတို့ကြုံရတွေ့ရသည့်ဆန်းကြယ်သောဖြစ်ရပ်များ ဖြစ်သဖြင့်မယုံချင်စရာပုံပြင်ပမာသာဖြစ်ပါသည်။

ပြကျောက်တို့ကို ကျောက်မျက်ရတနာနှင့်ဆက်နွယ်သော တွင်းလုပ်သူများ၊ကျောက်ရောင်းဝယ်သူများ၊ကျောက်ပွဲစားများ၊ ကျောက်သွေးသူများကြုံဖူးတတ်ကြပါသည်။

ရတနာဟူသည်ထိုက်မှရပါသည်။ ရတနာထိုက်၍ရတနာလက်ဝယ်ရောက်ရှိနေသော်လည်း ရတနာ၏တန်ဖိုးကိုမသိသောအခါ ဟင်းရွက်ကစွန်းရောင်းသကဲ့သို့ရောင်းလိုက်ပြန်ပါကလည်း ရတနာသာထိုက်သည်၊ရတနာ၏အကျိုးကိုခံစားခွင့်မရသဖြင့် ထိုကျောက်ရသော တွင်းသမားသည် သူ့အတွက်ပြကျောက်သာဖြစ်ရတတ်ပါသည်။ မြင်သာမြင်ရမကြင်ရဟူသကဲ့သို့ မြင်အောင်ပြ၍ရအောင်ပေးပါသော်လည်း အကျိုးခံစားခွင့်မရသောအခါ ထိုကျောက်သည်သူ့အတွက်ပြကျောက်ဖြစ်သွားသကဲ့သို့ ဝယ်သူမှာလည်း များစွာအကျိုးဖြစ်ထွန်းရာ သူ့တွက်ပြကျောက်ဖြစ်ပါသည်။ပြကျောက်သည် ကုန်သည်အတွက်ပေါ်ထွက်ပေးရသောပြကျောက်သာဖြစ်လေ၏။

ကျောက်မျက်ရတနာတို့သည်မြေကြီးထဲ၌လည်းကောင်း၊ မိခင်စကျင်ကျောက်ကို အောင်းအိမ်ပြု၍လည်းကောင်း၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်တည်တတ်ကြလေ၏။ အများအားဖြင့် ခရစ္စတယ်ခေါ် ခြောက်မြှောင့်သဏ္ဌာန်အမျိုးမျိုးသာထွက်လေ့ရှိသော်လည်း အခြားသောပုံသဏ္ဌာန်များစွာထွက်တတ်ကြပါသည်။

ကျောက်စိမ်းတို့မှာမူ စကျင်မှအသွင်ပြောင်းသော်လည်း အခွံဖုံးအုပ်ကာ ကျောက်တုံးသဏ္ဌာန်ဖြင့်သာထွက်လေ့ရှိသဖြင့် ပုံဆောင်ခြင်း၊ သဏ္ဌာန်အမျိုးမျိုးထွက်လေ့မရှိဘဲ အရွယ်ပမာဏအမျိုးမျိုးဖြင့်သာ ထွက်လေ့ရှိသည်။ အရွယ်ပမာဏ အာလူးအရွယ်မှစကာ ကျောက်ငုတ်ခေါ် တောင်ကုန်းတစ်ခုလုံး ကျောက်စိမ်းတုံးကြီးအဖြစ်လည်း ရှိကြလေ၏။ ကောင်းခြင်းမကောင်းခြင်းသာ ကွာခြားပါမည်။

မိုးကုတ်မှသူဌေးကြီးတစ်ဦးသည် မိုးကုတ်ပတ္တမြားတို့ကို ဝယ်ယူစုဆောင်းရာ၌သဘာဝတွင်းထွက်ကတည်းကဆန်းကြယ်သောပုံသဏ္ဌာန်မျိုးစုံကိုသူများမပေးသောဈေးဖြင့် ဝယ်ယူစုဆောင်းတတ်သည်။

ဥပမာ- စေတီ၊ ဘုရား၊ လူပုံ၊ တိရစ္ဆာန်ပုံ၊ တိုက်ပုံ၊ သင်္ဘောပုံ၊ ကားပုံ၊ ပန်းပွင့်ပုံ၊ ငှက်ပုံ၊ အသည်းပုံ၊ သွားပုံ၊ အရိုးပုံ၊ ခရုပုံစသည်ဖြင့်လူ့အသုံးအဆောင်များနှင့်သဏ္ဌာန်တူသောသဘာဝပုံဆောင်ကျောက်မျက်တို့ကိုဈေးကြီးပေးကာဝယ်ယူစုဆောင်းခြင်းဖြစ်သည်။ သူကားကျောက်မျက်ရတနာတို့ကို လွန်စွာချစ်မြတ်နိုးသောသူဌေးကြီးတစ်ဦးဖြစ်ပေ၏။

ကျွန်ုပ်နှင့်အတူနေကာရင်းနှီးသောသူတစ်ဦးသည် အံသွားပုံစံငါးကာရက်ခန့်ပတ္တမြားကိုရရှိခဲ့လေ၏။ ထိုအံသွားပုံစံကျောက်သည် ရှည်မျောမျောဖြစ်ရာဈေးကောင်းကောင်းပေးသူမရှိပါ။ ထို



ကျောက်သည် အနေအထိုင်မကောင်းပါ။ ကျောက်သည် ပေါက်စီပုံသဏ္ဌာန်ရှိပါမှ အနေအထိုင်ကောင်းကာဈေးရပါသည်။ သွေး၍လည်းအဆင်ပြေပါသည်။

ကျောက်သည် အလေးချိန်စံမီသော်လည်း အနေအထိုင်ပုံသဏ္ဌာန်ရှည်မျော့ခွက်တက်တက်ကြောင့် ကုန်သည်တို့ကသွေးပြီးအတင်ကိုတွက်ကာဈေးပေးကြသဖြင့် ပြတိုင်းမတည့်ဖြစ်ရသည်။ မြင်အောင်ပြ၍ ရအောင်ပေးပါသော်လည်း ဈေးကာထင်သည့်ဈေးကိုမရောက်နိုင်ရှိလေ၏။

နောက်ဆုံး ကြံရာမရသောအခါ မိုးကုတ်၌ နာမည်အကြီးဆုံးသူဌေးထံသွား၍ပြလေ၏။ ကျောက်မှာအံ့သွားပုံစံဖြစ်နေသောအခါ သူဌေးက ဒါဟာအံ့သွားနဲ့ချွတ်စွတ်တူနေတဲ့ကျောက်ပဲဟုပြောကာ ဈေးမေးရာတောင်းသည့်ဈေးကိုမဆစ်ဘဲဝယ်ယူလိုက်လေ၏။ကျောက်ကားပိုင်ရှင်အစစ်ကို တွေ့သွားခြင်းဖြစ်

သည်။

ပြီးသော် သူဌေးက သူဝယ်ယူစုဆောင်းထားသော တွင်းထွက်ပတ္တမြားမျိုးစုံကို ဗဟုသုတဖြစ်ဖွယ် ထုတ်ပြလေ၏၊ မပြုမပြင်ပင်ကိုယ်သဘာဝအတိုင်းဖြစ်ပေါ်နေသော ပုံသဏ္ဍာန်များစွာကို အံ့ဩဖွယ်မြင်တွေ့ခဲ့ဖူးသည်ဟုဆိုပါသည်။

စေတီပုံများ၊ ရုပ်ပွားတော်ပုံများ၊ သစ်သီးပုံများ၊ ပန်းပွင့်ပန်းဖူးပုံများ၊ လူ့အသုံးအဆောင်ပုံများ၊ ရှားရှားပါးပါးမြင်တွေ့ခဲ့ရကြောင်းဆိုပါသည်။ကျောက်မျိုးကောင်းသည်လည်းပါ၏၊ ကျောက်မျိုးမကောင်းသည်လည်းပါ၏။ သို့သော် ထိုရတနာတို့သည်သူဌေးအတွက်ပြကျောက်များသာဖြစ်ကြပါသည်။ တန်ဖိုးဖြတ်၍မရစကောင်းတော့ပေ။ လူတို့မြင်တွေ့ခွင့်ရရန်လည်းလုံးဝမလွယ်ကူတော့ပေ။

ကျောက်တွင်းမှထွက်သောသဘာဝပတ္တမြားဘုရားဆင်းတုတော်တို့သည်ရှိခဲ့ကြပါသည်။ လူတို့ထုဆစ်ထားသကဲ့သို့ပင် ပီပီပြင်ပြင်ထင်ထင်ရှားရှားဖြစ်တည်၍နေ၏။အံ့ဩဖွယ်ကောင်းအောင်ဆန်းကြယ်မှုများလည်းရှိကြရာ အမှန်သော်တန်ဖိုးဖြတ်၍မရသော ကိုးကွယ်ရာပြကျောက်များသာဖြစ်ကြပါသည်။

ပြကျောက်၏သဘောကား ချမ်းသာစေရန်လည်းပြ၏ပေး၏။ဒုက္ခရောက်စေရန်လည်းပြ၏ပေး၏။ရသာရ၍မိမိကဘာမှမခံစားလိုက်ရသည်တို့လည်းရှိ၏။ လျှပ်တစ်ပြက်မျှမြင်တွေ့လိုက်ရသည်တို့လည်းရှိ၏။ ပြကျောက်၏သဘောကား ပြောမကုန်ရေးမကုန်အောင်ကျယ်ပြန့်လှပါသည်။

ယခုတင်ပြလိုသည်မှာ ဖေ့စ်ဘုတ်ထဲတွင် ဖော်ပြသောအကြောင်းအရာကို အခြေပြုကာစိတ်ဝင်စားဖွယ်ကိုယ်တွေ့များနှင့် ရောနှောတင်ပြခြင်းဖြစ်ပါသည်။

### ကျပ်ပြင်ပြောင်ခေါင်းလမ်း

မိုးကုတ်တည်းဟူသော ပတ္တမြားမြေသည် အရှေ့ရိုးမခေါ် ရှမ်းရိုးမတောင်တန်းများ၏အကြား၌တည်ရှိကာ စွတ်စိုအေးချမ်းသောဒေသဖြစ်သည်။ မန္တလေးနှင့်(၁၂၆) မိုင်ဝေး၍ သပိတ်ကျင်းမြို့နှင့်မိုင် (၆၀) ဝေး၏။ မိုးမိတ်မြို့နှင့်မိုင်(၃၀) မိုင်းလုံမြို့နှင့်မိုင်(၂၀)ဝေးပါသည်။

မြန်မာနိုင်ငံအနှံ့အပြားကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေ့ကြောင်း ရွာချင်းဆက်ခြေကျင်လမ်းဟူ၍ လမ်းအမျိုးမျိုးရှိကြရာ၌ မိုးကုတ်မြို့နယ်၊ကျေးလက်ရွာချင်းဆက်လမ်းများလည်း ရှိကြရာအများအားဖြင့် ခြေကျင်လမ်းများသာရှိကြသည်။ တောင်ပေါ်ဒေသဖြစ်သည့်အတွက် ရွာချင်းဆက်လမ်းတို့သည် ကားလမ်းခက်ခက်ခဲခဲဖောက်ထားသလို ခြေကျင်ဖြတ်လမ်းများလည်းရှိကြ၏။ သွားလိုပါက ခြေကျင်ဖြတ်လမ်းများကိုသာအားပြုကြပါသည်။

မိုးကုတ်မြို့၏အနီး၌ ပေ(၇၅၄၄) ပေမြင့်သောတောင်မင်းတောင်ကြီးတည်ရှိလျက် ထိုတောင်ကြီး၏အနောက်ဘက်အလဲတွင် ပြောင်ခေါင်းဒေသတည်ရှိပါသည်။ တောင်၏ခြေရင်း၌ကြီးမားရှည်လျားသည့်ပြန့်ကြီးဖြစ်နေခြင်းပင် ဖြစ်သည်။ မိုးကုတ်အနေနှင့်ပြောင်ခေါင်းဒေသဟုခေါ်ကြသည်။

ထိုပြောင်ခေါင်းပြန့်သည်အလွန်ပင်အေးလှပါသည်။ ဆောင်းရာသီ၌ရေခဲလေ့ရှိသောဒေသဖြစ်သည်။ လီဆူးနှင့်တရုတ်အများစု နေထိုင်ကြသည်။ ပတ္တမြားထွက်သော်လည်း စိုက်ပျိုးရေးကိုအခြေပြုနေထိုင်ကြကာရွာများအနေနှင့်ပြောင်ခေါင်းကြီး၊ ပြောင်ခေါင်းလေး၊ ဘားနဒ်၊ပန်လင်၊ထန်ဆင်၊အင်းချောက်၊ လယ်ဦးစသည်ဖြင့် ရွာများတည်ရှိကြသည်။ ကားလမ်းမှာ မိုးကုတ်မြို့နှင့်သာဆက်သွယ်ဖောက်လုပ်ထားပါသည်။ ကျပ်ပြင်မှကားလမ်းမရှိပေ။

ရှေးအခါက မိုးကုတ်ပြောင်ခေါင်းလမ်းသည်မြင်းနှင့်လားတို့သွားလာလမ်းဖြစ်သည်။ နောင်တွင်ခက်ခဲစွာကားလမ်းဖောက်ယူကြ၏။ အကွေ့အကောက်ကြမ်း၍ မတ်စောက်လှပါသည်။ မိုးရာသီရောက်တိုင်း ရေတိုက်စား၍လမ်းတွေပျက်၏။ ပွင့်လင်းရာသီရောက်ကပြန်ပြင်ကြ၏။ ပြောင်ခေါင်းလမ်းသည် ထိုသို့ပင်သံသရာလည်နေသည်မှာ ထုံးစံဖြစ်၍နေလေ၏။

ကျပ်ပြင်နှင့်ပြောင်ခေါင်းလမ်းသည် မြင်းလမ်းခေါ် ခြေကျင်လမ်းသာရှိသည်။ ကျပ်ပြင်ဈေးသည်ငါးရက်တစ်ဈေးဖြစ်ရာ ပြောင်ခေါင်းထွက်ကုန်များအမြဲတစေလာရောင်းသည့်လီရှောတို့သည် မိမိတို့၏မုန်ညင်း၊ ဂျုံ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပြောင်ခေါင်းသစ်တော်သီး၊ ချဉ်စော်ခါးသီး၊ လီရှောအရက်စသောကုန်တို့ကို လားများမြင်းများဖြင့်တင်၍ လာရောင်းကြပါသည်။ ပြောင်ခေါင်းနှင့်ကျပ်ပြင်သည် (၁၀) မိုင်ခန့်ဝေးသည်ဟုဆိုကြသည်။

ကျပ်ပြင်သို့လာပါကဦးစွာတောင်ဘက်ခြမ်းရှိ ကျောက်ဆင်တောင်တန်းကိုတက်ကြရသည်။ကျောက်ဆင်တောင်ထိပ်ရှိကျောက်ဆင်ရွာမှအောက်ဘက်ကျပ်ပြင်ရှိရွာသို့ ကောက်ကောက်ကွေ့ကွေ့ဆင်းကြရသည်။အပြန်တွင်အတက်ချည်းဖြစ်ပြီး ကျောက်ဆင်ရွာရောက်ပါက ပြောင်ခေါင်းပြန့်သို့ပြန်ဆင်းကြရသည်။ မိုးရာသီမှာ မြင်းလမ်းတို့ ဗွက်ထနေပြီး သွေးစုပ်သည့်ကျွတ်ကောင်များလည်းပေါများလှသည်။

ကျပ်ပြင်မှ ကျောက်ကုန်သည်တို့သည်ကျောက်လာ၍ဝယ်လိုပါကနေ့ချင်းပြန်ခရီးမသွားနိုင်ကြဘဲ ရွာတစ်ရွာမှာတည်းခို၍ဝယ်ကြရသည်။ မိုးကုတ်မှလာဝယ်လျှင်လည်း ထို့အတူပင်ဖြစ်သည်။

ကျွန်ုပ်သည်ထိုပြောင်ခေါင်းဒေသ၌ရှစ်လကြာမျှသွားလာကာကျောက်ဝယ်ဖူးပါသည်။ နွားအား၊ မိုးအားအလွန်ကောင်းပြီး သီးနှံဖြစ်ထွန်းလှပါသည်။ အဓိကထွက်ကုန်မှာပြောင်ခေါင်းလီရှောအရက်ဖြစ်သည်။ ပြောင်းဖြင့်ချက်သဖြင့် ချိုပြီးမွှေးနေလေ၏။ ပြင်းလည်းအလွန်ပြင်း၏။

### ပြကျောက်

ကျောက်တွင်းလုပ်ပိုင်ခွင့်တို့အား မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် အင်္ဂလိပ်တို့ချမှတ်ထားခဲ့သောထုံးစံအတိုင်းလိုင်စင်ဖြင့်လုပ်ခွင့်ပေးထားပါသည်။ မိုးကုတ်ကျပ်ပြင်လုပ်ကွက်အသီးသီးတို့၌လိုင်စင်ဖြင့်လုပ်ကိုင်နေကြရာစည်ကားလှပါသည်။

ကောင်းဦးဘာရပ်ကွက်နေတွင်းဆရာဦးမောင်သည်လည်း လိုင်စင်ဖြင့်တွင်းလုပ်နေပါသည်။ ဦးမောင်ကားတွင်းပညာစွယ်စုံရသဖြင့် အများကလေးစားကြသည်။

တွင်းပညာဟူရာ၌မျောတွင်း၊ဖောက်တွင်း၊ တွင်းလုံး၊ အင်းပြ၊ လူးတွင်းဟူ၍ရှိရာကျောက်တွင်းနှင့်ပတ်သက်လာပါက ဘာတွင်းဖြစ်ဖြစ် ကျွမ်းကျွမ်းကျင်ကျင်ဦးမောင်ကလုပ်နိုင်စွမ်းရှိသည်။ ရိုးသားသည်၊ ကြိုးစားသည် သို့တွက်ဦးမောင်မချမ်းသာသော်လည်း မဆင်းရဲခဲ့ပါ။ စားနိုင်သောက်နိုင်ပေးနိုင်ကမ်းနိုင်လှူနိုင်တမ်းနိုင်သူဖြစ်သည်။

ယနေ့တွင် ဦးမောင် လွဲမရှောင်သာ၍ ပြောင်ခေါင်းသို့တက်ရမည်ဖြစ်သည်။ သို့တွက် ပင့်ကူတောင်လျှိုတွင်လုပ်နေသောမိမိတွင်းအား သားများဖြင့်လွှဲကာ ဝေလီဝေလင်းအချိန်တွင် ခရီးစထွက်ပါသည်။ သွက်လက်ဖျတ်လတ်

သောခြေအစုံဖြင့်တောင်တွေကိုစတက်ရပါသည်။

သူမိတ်ဆွေလီရှောဗျာလေးက သူမျောတွင်းကို လာရောက်ကြည့်ရှုအကြံဉာဏ်ပေးပါရန် အကြိမ်ကြိမ်ခေါ်သဖြင့် အားနာ၍သွားကြည့်ပေးရန်ဖြစ်သည်။

ပွင့်လင်းရာသီဆောင်းဦးဖြစ်သဖြင့် အတော်ပင်အေးသော်လည်း ခရီးသွက်သွက်တောင်တက်နေသော ဦးမောင်မှာ ချွေးလေးများပင်စို့၍လာ၏။ လေးဆယ်ကျော်ငါးဆယ်နီးပါးဟူသောအရွယ်သည် မိုးကုတ်၌အားခွန်ဗလကောင်းဆဲရှိကြ၏။ သွက်လက်ဖျတ်လတ်ဆဲရှိကြ၏။ မကြာမီပင် မိုးစင်စင်လင်းကာ လမ်းတို့ ရှင်းရှင်းလင်းလင်းမြင်ရပြီဖြစ်သည်။

ဦးစွာရောက်ရှိမှာက လီရှောများနေထိုင်ရာကျောက်ဆင်ရွာပါ။ ရွာက မကြီးလှပေ၊ ခပ်သေးသေးပင်။ ကျောက်ဆင်ရွာမရောက်မီမှာ အတက်က မောတက်ဖြစ်၍ ခေါင်းငုံ့ကြည့်ပြီး တက်နေရသဖြင့် ဘေးသို့အကြည့်မျက်စိထဲနီရဲသည့်အရာဝတ္ထုတစ်ခုက ဖတ်ခနဲလာငြိလေ၏။ ဘေးကုန်းစောင်းတွင်မြေနီလေးပဲ့ကျနေပြီး ထိုမြေနီထဲ၌ နီရဲတဲ့ပတ္တမြားကပေါ်နေခြင်းပင်ဖြစ်သည်။

'ဟင်- ဒါကျောက်ပဲ'

ဟူ၍ ပါးစပ်ကယောင်ပြီးလွှတ်ခနဲထွက်သွားလေ၏။ လုံးဝမျှော်လင့်မထားပါဘဲလျက် ပတ္တမြားတစ်ပွင့်က သူ့အလိုလိုပေါ်နေခြင်းပါ။ သို့နှင့်ဦးမောင်သည် ကျောက်နီပတ္တမြားကို မြေစိုင်ထဲကနေ ထုတ်ယူလိုက်လေ၏။

'ဩော်- ဗုဒ္ဓရုပ်ပွားတော်ပုံလေးပါလား ဆန်းကြယ်လိုက်တာ။ ငါနဲ့ထိုက်လို့ရတာကိုးကွယ်ထားရမယ်'

ဟု တီးတိုးပြောဆိုနေမိပါသည်။ တကယ်တော့မြင်အောင်ပြပြီး ရအောင်ပေးတဲ့ပြကျောက်ဖြစ်၏။မပင်မပန်းမတူးမဆွရပါဘဲ ပဲ့ကျနေသောမြေစိုင်ခဲထဲမှ ကျောက်တစ်ပွင့်ရဖို့ဟူသည်ခက်ခဲလွန်းပါဘိ။

ကျောက်၏ အရည်အသွေးနှင့် ကျောက်သားမှာသာမန်ဖြစ်သော်လည်း လူတို့မထွင်းမထုရပါဘဲလျက် ပကတိဗုဒ္ဓရုပ်ပွားတော်လေးဖြစ်နေရာ ကြံ့တောင့်ကြံ့ခဲရှားရှားပါးပါးပတ္တမြားဗုဒ္ဓရုပ်ပွားတော်တစ်ဆူဖြစ်၍နေသည်မှာလည်း အံ့ဩဖွယ်ဖြစ်သည်။အရွယ်ပမာအားဖြင့်လည်း အလွန်မကြီးလှပါ၊ သေးသေးကလေးဖြစ်သည်။ လက်သန်းတစ်ခြမ်းစာမျှသာရှိ၏။ အောက်ခြေပလ္လင်နှင့်ပြုပြင်စရာမလိုအောင်ပြီးပြည့်စုံ၏။ ကျောက်စကားနှင့်ပြောရပါကကျောက်မျိုးခေါ် ရောင်းစား၍မရသောဘောက်ကျောက်ဖြစ်သည်။

ဦးမောင်သည် ပတ္တမြားရုပ်ပွားတော်လေးကို အတန်ကြာကြည့်ရှုပြီး လူတွေဖြတ်သွားဖြတ်လာလုပ်နေကြတာ။ ဒီကျောက်ကိုဘာလို့မတွေ့ကြတာပါလိမ့်။ သူတို့ကပဲမမြင်ကြတာလား၊ မထိုက်လို့မရကြတာလားမသိပါဘူး။ ငါကတော့ ဒီနေ့ပြောင်ခေါင်းကိုလာရကျိုးနပ်သွားပြီ။ ကိုးကွယ်စရာပတ္တမြားဗုဒ္ဓဆင်းတုတော်တစ်ဆူရခဲ့ပြီဟုတွေးကာ ရှေ့သို့ခရီးဆက်လေ၏။ ပတ္တမြားပြကျောက်ဆင်းတုတော်လေးကိုမူ အိတ်ကပ်ထဲသို့ တယုတယထည့်လိုက်ပါသည်။အားအင်တို့သည် အလိုလိုပြည့်လာသကဲ့သို့ခံစားရကာ ခြေလှမ်းတို့ပေါ့နေလေတော့၏။ အမှန်သော် ဝမ်းမြောက်ကြည်နူးစိတ်ကြောင့်ဖြစ်ပေ၏။ ပီတိသည်အားကိုဖြစ်စေခြင်းဖြစ်သည်။

**ဘုရားဖူးလာကြသူများ**

ဦးမောင်သည် အိမ်သို့ပြန်ရောက်သောအခါလမ်းမှတွေ့ခဲ့သော ပတ္တမြားရုပ်ပွားတော်လေးကို မိသားစုသို့ပြပါသည်။ သို့အတွက်မိသားစုသည်ပန်းကန်ပြားဖြူဖြူသေးသေးလေးထဲသို့လက်ကိုင်ပဝါလေးခင်းကာ ရုပ်ပွားတော်လေးကို သီတင်းသုံးစေပါသည်။ မိမိတို့မိသားစုသည် ဆီမီးအမွှေးတိုင်တို့ဖြင့်ပူဇော်ကာ ရှိခိုးလျက်ဆုတောင်းပြုကြပါသည်။

ထို့နောက်အိမ်နီးချင်းတွေသိသွားကာ လာရောက်ဖူးမြော်ကြပြီး ဆီမီးပန်းအမွှေးတိုင်တို့ဖြင့်ပူဇော်လျက်ဆုတောင်းသမှုပြုကြပြန်ပါသည်။

ရုပ်ပွားတော်လေးကား လူတို့ထွင်းထုထားသည့်အလားအောက်ခြေပလ္လင်လေးဖြင့် ပီပီပြင်ပြင်ရှိရာ လူတို့အံ့ဩမဆုံးရှိနေကြလေ၏။ သို့သော် ခေတ်သည် မီဒီယာခေတ်မဟုတ်၍အလွန်ကြီးသတင်းမပြန့်လွင့်ချေ။ သို့နှင့်ပင် လူတို့အလာနည်းသွားသောအခါ ထိုပတ္တမြားသဘာဝဗုဒ္ဓရုပ်ပွားတော်လေးအားရုပ်ပွားတော်များရှိရာမှန်ကျောင်းဆောင်အတွင်းသို့ထည့်လျက် ကိုးကွယ်ထားပါတော့သည်။ ကြာသော်လူတို့မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြသော်လည်းဦးမောင်တို့မိသားစုမှာမူ မမေ့မလျော့ရှိနေကြပါသည်။

သို့နှင့်တစ်ဆောင်းကုန်တစ်နွေကူး၍ မိုးရာသီသို့ရောက်ခဲ့ပါသည်။ဦးမောင်တို့သတိထားမိသောအချက်မှာ ရုပ်ပွားတော်လေးအိမ်သို့ကြွရောက်ပြီးနောက်ပိုင်းဦးမောင်၏တွင်းမှာအောက်ကျောက်များမြိုင်လာခြင်း၊ ကျောက်ကြီးများရခြင်းတို့သိသိသာသာဖြစ်လာခဲ့ပါသည်။ သို့ကြောင့် ဦးမောင်တို့တစ်နေ့တခြားစီးပွားတိုးခဲ့သည်မှာအမှန်ဖြစ်သည်။

ဝါလကင်းလွတ်သီတင်းကျွတ်ပြီးနောက်၌ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်ရာသီဖြစ်ရာ မိုးကုတ်ကျပ်ပြင်နယ်အနှံ့ ကထိန်အလှူပွဲများခြိမ့်ခြိမ့်သဲသဲကျင်းပ၍ ကထိန်ရာသီ၏နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့သို့ရောက်ခဲ့ပေပြီ။

တန်ဆောင်မုန်းလပြည့်နေ့ညသည် နက္ခတ်စုံထွက်သောညဖြစ်ရာဂိုဏ်းဆရာများ၊ဆေးဆရာများပညာတက်ရန် ဆေးမင်ရည်စုတ်ထိုးသောနေ့ ဖြစ်သည်။ လဝန်းသည်ပြည့်ပြည့်ဝဝသာလျက်ရှိသလို ကထိန်အောင်ပွဲများ၏ ရှမ်းဓနုအိုးစည်သံများကိုလည်း ကြားနေရ၏။ မီးရှူးခံပွဲများကျင်းပနေခြင်းဖြစ်သည်။

ဦးမောင်တို့မိသားစုသည် ညကိုးနာရီကျော်သောအခါ တံခါးမကြီးပိတ်၍အိပ်ရာဝင်ကုန်ကြပါသည်။ ထိုစဉ်အိုးစည်ဗုံမောင်းသံများသည်ဦးမောင်တို့အိမ်နှင့်နီးလာကာ ဦးမောင်တို့အိမ်ရှေ့အရောက်၌ တီးသံရပ်သွားပြီး အိမ်ဝန်းထဲသို့ လူများစကားတပြောပြောနှင့်ဝင်လာသံများကြားရသဖြင့် ရပ်ရွာထဲက လူငယ်များမီးရှူးခံလာကြသည်ဟုထင်ကာမိသားစုအားလုံး အိပ်ရာမှကိုယ်စီထကြပါသည်။မိမိတို့ကဧည့်ခံကျွေးမွေးရမည်။ အလှူငွေထည့်ကြရမည်မဟုတ်ပါလား။

သို့သော် ကိုယ့်အခန်းနှင့်ကိုယ်အိပ်နေကြသော ဦးမောင်တို့မိသားစုအားလုံးသည် တစ်ယောက်မှအိပ်ရာမှထ၍မရကြပေ၊ အသိစိတ်ရှိ၏၊ အမြင်စိတ်ရှိ၏၊ အကြားစိတ်ရှိ၏။ သို့သော် လှုပ်၍မရ၊ ပြော၍မရ၊ စောင်းကြည့်၍ပင်မရ ရှိကြရလေ၏။

ထိုအခါ ငါတို့အိပ်မက်မက်နေတာမဟုတ်ပါဘူး။ လှုပ်မရ၊ ပြုမရနဲ့ဘာဖြစ်တာပါလိမ့်ဟု တွေးတောနေစဉ်မှာပင် အိမ်ဝန်းထဲဝင်လာသောလူတို့သည် အိမ်ရှေ့တံခါးမကြီးကိုတွန်းဖွင့်ကာ အိမ်ထဲဝင်လာကုန်ကြပါသည်။ ခြေသံတို့ကြားနေရ၏။ စကားတီးတိုးသံတို့ကြားနေရ၏။ဘာကိစ္စဒီလူတွေအိမ်ပေါ် တက်လာကြပါလိမ့်ဟုကိုယ်စီတွေးတောကာ

ကြောက်စိတ်ပင်ဝင်မိကြလေ၏။

တန်ဆောင်မုန်းလပြည့်ဆိုတော့ ဘာလဲတစ္ဆေတွေလား၊ သရဲတွေလား၊ ဝိဇ္ဇာဇော်ဂျီတပသီတွေလား၊ သူတော်စင်တွေလား၊ နတ်တွေလားအိမ်ပေါ် ဘာလာလုပ်ကြပါလိမ့်ဟု မိသားစုအားလုံး တွေးနေမိကြပါသည်။ထိုအဖြစ်မျိုးယခင်ကတစ်ခါမှမကြုံခဲ့ဖူးချေ။ သို့ကြောင့် အကြားအာရုံဖြင့်သာအကဲခတ်နေရပါသည်။

ခဏအတွင်းမှာပင် တိတ်ဆိတ်ငြိမ်သက်သွားကာမိမိတို့နှာသီးဝ၌အမွှေးတိုင်ရနံ့များသင်းပျံ့သွားကာ ဘုရားရှိခိုးသံညီညီညာညာကိုအံ့သြဖွယ်ကြားကြရပါတော့သည်။

'ဩော်- ဘုရားရှေ့မှာဘုရားဝတ်လာတတ်ကြတာကိုး'

ဟုသိလျက်ကြောက်စိတ်များကင်းကာ ဝမ်းသာပီတိဖြစ်လျက် ကြက်သီးမွေးညှင်းများပင် တဖျန်းဖျန်းထကြရပါသည်။ဘုရားဝတ်တတ်ဖော်ရသောသူတို့သည် အဆင့်မြင့်သောရုက္ခစိုးနတ်၊တောတောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ပတ္တမြားကိုပိုင်သစိုးမိုးအရှင်သခင်များဖြစ်ပေလိမ့်မည်ဟုဦးမောင်တွေးတောနေမိပါသည်။

ထိုပုဂ္ဂိုလ်သူတော်စင်အပေါင်းတို့သည် မိမိတွေ့ရှိ၍ ပူဇော်ထားသော ပတ္တမြားရုပ်ပွားတော်အား လာရောက်ကြည်ညိုရှိခိုးကြခြင်းဖြစ်မည်ဟု တွေးမိပါသည်။ ထိုရုပ်ပွားတော်သည် သူတို့၏ ကိုးကွယ်ရာဆိုပါက အဘယ့်ကြောင့် မိမိကိုပေးလိုက်သနည်းဟုလည်းတွေးမိပြန်လေ၏။

လူမင်းဘုန်းကြီးတော့ နတ်မင်းမနေသာဟူဘိသကဲ့သို့ မိမိနှင့်ထိုက်တန်၍ရောက်၍သာမြင်အောင်ပြ၍ရအောင် ပေးလိုက်ခြင်းဖြစ်ပါမည်။ သို့သော် သူတို့၏ကိုးကွယ်ရာဖြစ်၍ လာရောက်ရှိခိုးသံကိုကြားရ၏။ ထ၍ကြည့်ချင်စိတ်ကားတားမရအောင်ရှိကြသော်လည်း မည်သူမှလှုပ်ရှား၍မရကြပေ။

သို့နှင့် နာရီဝက်ကျော်ကျော်တွင် အမှုပေးဝေကာ လူအုပ်စုကြီးပြန်ဆင်းသွားသည့်အသံကို ကြားရသည်။ အိမ်ဝန်းမှထွက်ကာ အိုးစည်တီးပြီး တပျော်တပါးပြန်သွား၍ အသံတိတ်သွားပါမှ သူတို့မိသားစုထထိုင်နိုင်ကြတော့၏။

ထထိုင်နိုင်သည်နှင့်တစ်ပြိုင်နက် မိသားစုတို့သည် မိမိတို့အခန်းမှထွက်ကာ အိမ်ရှေ့ဧည့်ခန်းဘုရားကျောင်းဆောင်ရှေ့၌ စုမိကြပါသည်။

မည်သည့်စကားမှမပြောကြမီ မိမိတို့အားလုံးအာရုံရောက်သွားသည်မှာ ဘုရားကျောင်းဆောင်သို့ ဖြစ်သည်။ ဘုရားဆောင်၏ပန်းတင်ခုံဝယ်ဖယောင်းတိုင်မီးများ၊ အမွှေးတိုင်များလျှုဒါန်းထားကြသလို ညောင်ရေအိုးသုံးခုတွင်လည်း မူလလှူထားသောပန်းတို့အပြင် သပြေပန်းလတ်လတ်ဆတ်ဆတ်နီနီရဲရဲများထိုးလှူထားသည်ကို မြင်တွေ့ကြရပါသည်။ သို့ကြောင့် မိသားစုများဘုရားကိုရှိခိုးဦးတင်လိုက်ကြပါသည်။

"ကိုမောင်အခုအိမ်ပေါ် တက်ပြီး ဘုရာဖူးသွားကြတဲ့ပုဂ္ဂိုလ်တွေဟာ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေဖြစ်မယ်။ ပြီးတော့ သူတို့က သူတို့ကိုးကွယ်နေကျ ပတ္တမြားဘုရားကိုလာဖူးတာဖြစ်မယ်။ အဲဒါတော်ကယူလာခဲ့တာကိုး"

"ဩော်- မသန်းမေရယ်၊ ငါ့ကိုယူစေချင်လို့ မြင်အောင်ပြထားတာပေါ့။ မြင်တော့လည်းယူလာပြီးကိုးကွယ်ရတာပေါ့ဟာ။ ဒီပတ္တမြားဘုရားလေး အိမ်ကိုပင့်လာပြီးနောက်ပိုင်းတို့လည်းစီးပွားရေးကောင်းခဲ့တာပဲလေဟာ။ ခုလည်းသူတို့ကဝမ်းမြောက်ဝမ်းသာဘုရားဖူးပြီး ဝတ်တတ်အမျှဝေလို့ငါတို့ကောင်းသာခုခေါ် ရသေးတယ်လေ"

"အင်းပါတော်၊ တော့်ကိုအပြစ်ပြောနေတာမဟုတ်ပါဘူး။ ဆန်းကြယ်လွန်းလို့ပြောနေတာပါ"

စသည်ဖြင့် မိသားစုများစကားကောင်းနေကြရာ အတော်ညဉ့်နက်မှအိပ်ရာဝင်ကြပါသည်။ နောက်နေ့တွင် အိမ်အနီး၌အိုးစည်ဗုံမောင်းသံများ ကြားမကြားမေးရာ အဝေးမှမီးရှူးခံနေသည့် အိုးစည်ဗုံမောင်းသံများသာ ကြားကြရကြောင်း အိမ်အနီး၌မူမကြားရကြောင်း ပြောကြရာပရလောကသားတို့၏အိုးစည်ဗုံမောင်းသံများသည်မိမိတို့မိသားစုတစ်စုသာကြားကြရကြောင်း အံ့သြဖွယ်တွေ့ကြရပါသည်။ အများကိုပြောပြသော်လည်း ယုံနိုင်ဖွယ်မရှိသဖြင့်အထွေအထူးလုပ်ပြီး ပြောပြမနေတော့ပေ။

သို့နှင့်ပင်ကြာသော်မေ့မေ့ပျောက်ပျောက်ဖြစ်လာကြပါသည်။ နောက်နှစ်တန်ဆောင်မုန်းလပြည့်ညသန်းခေါင်ယံလူခြေတိတ်ချိန်တွင် အိုးစည်ဗုံမောင်းတို့ဖြင့် ဦးမောင်တို့အိမ်သို့ဘုရားဖူးအဖွဲ့ရောက်လာကြပြန်လေ၏။ ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့လှူမြဲလှူ၏။ ဦးမောင်တို့မိသားစုမှာမူ ထုံးစံအတိုင်းကျောက်ရုပ်များပမာ လှုပ်ယှက်နိုင်ခြင်းမရှိကြပေ။ မည်သို့သောပုဂ္ဂိုလ်များပေနည်း။မြင်လိုလှ၏။ သို့သော်မြင်ခွင့်မရကြပေ။

နှစ်စဉ်တန်ဆောင်းမုန်းလပြည့်ညများ၌ ပရလောကမှဧည့်သည်များဘုရားဖူးလာရောက်နိုင်ရန် သူတို့မိသားစုသည် ညကိုးနာရီကျော်လျှင် အိပ်ရာဝင်ပေးကြပါသည်။ သန်းခေါင်အချိန်လောက်တွင် ဘုရားဖူးလာကြစမြဲဖြစ်သည်။ကြာသော်အဆန်းမဟုတ်ကြတော့ပေ။ဤသည်မှာ နှစ်ပေါင်းအတန်ကြာပတ္တမြားရုပ်ပွားတော်လေးရောက်ပြီးကတည်းကဖြစ်ပျက်ခဲ့သောအဖြစ်တို့ဖြစ်သည်။

**ဘုရားတစ်ဆူမှာဌာပနာလှူလိုက်ပါ။**

မိုးကုတ်သူ၊ မိုးကုတ်သားတို့သည် သဒ္ဓါတရားထက်သန်လျက်ဘာသာသနာကိုအလေးထားကြည်ညိုသူများဖြစ်ကြရာဦးမောင်တို့မိသားစုသည်ဘုရားညောင်ရေအိုးပန်းမညှိုးစေရပါ။ ဆွမ်းတော်၊ ရေတော်စသည်တို့လည်း ဂရုတစိုက်အမြဲတစေကပ်လှူကြပါသည်။ဝါတွင်းကာလ၌သီတင်းသီလဆောက်တည်ကြသည်။

ဝါတွင်းဥပုသ်ဆောက်တည်သောညတစ်ည၌ ဦးမောင်အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် အသက် (၈၀) ခန့်ရှိ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဖွေးဖွေးဖြူနေသောအဘိုးကြီးတစ်ဦးသည် ဦးမောင်ထံရောက်လာကာ-

'ကဲ- မောင်ရင် ငါတို့ကိုးကွယ်တဲ့ဘုရားကို မင်းနဲ့ထိုက်လို့ မင်းဆီပို့ပေးထားတာ နှစ်အတော်ကြာသွားပြီ။ ဒီလောက်ဆိုရင်တော်လောက်ပါပြီ။ ငါတို့ဘုရားကို မင်းအိမ်ဆီလာလာဖူးတော့ မင်းတို့မှာလည်း စိတ်ထဲတစ်မျိုးဖြစ်ရတယ်။ ဒီတော့ စေတီတော်တစ်ဆူဆူပြင်ရင် ဒါမှမဟုတ် အသစ်တည်နေရင် အဲဒီစေတီတော်မှာဌာပနာတိုက်ထဲထည့်ဖို့သွားလှူလိုက်ပါ။ တို့တွေအဲဒီကို လိုက်ဖူးကြပါမယ်။ ကဲ- မောင်ရင်မမေ့နဲ့နော်။ လှူဖြစ်အောင်သွားလှူဟုတ်လား'

ဟု ပြောကာ အဘိုးအိုအနားမှထွက်ခွာသွားတော့၏။ အဘိုးထွက်ခွာသွားသည်နှင့် ဦးမောင်အိပ်ရာမှနိုးလေ၏၊ မိုးပင်လင်းပေတော့မည်။

အိပ်မက်သည် ထင်ထင်ရှားရှားမက်ခြင်းဖြစ်ရာပတ္တမြားရုပ်ပွားတော်လေးအား စေတီတည်ရာကိုစုံစမ်းလျက် ဌာပနာအဖြစ်သွားရောက်လှူဒါန်းရပေတော့မည်။ သို့တွက်စိတ်ထဲအတော်မကောင်းဖြစ်နေမိပါသည်။

ပတ္တမြားဘုရားသည်ကျောက်အနေ

နှင့်တန်ဖိုးမရှိပါ။ အရည်အသားသည် အဆင့်မမြင့်ပါ။ သို့တွက်ဈေးကွက်မဝင်ပါ၊ ဈေးကွက်ဝင်သောကျောက်ဟူသည် အရည်ကောင်းရ၏၊ အသားကောင်းရ၏၊ ပုံစံကောင်းရ၏၊ အရွယ်ကောင်းရ၏ ထိုစံတို့သည် ပတ္တမြားဘုရား၌မပါပါ။

သို့သော် ဦးမောင်တို့မိသားစု၏ ရင်ထဲ၌လည်းကောင်း၊ ကိုးကွယ်ကြသူ ပရလောကသားတို့၏ ရင်ထဲ၌လည်းကောင်း တန်ဖိုးဖြတ်မရသောအနဂ္ဃ ပတ္တမြားရတနာဘုရားတစ်ဆူဖြစ်၍နေပါသည်။ သို့တွက် နှမြောစိတ်ကြီးစွာဖြစ်ရပါသည်။ သို့သော်ဘိုးတော်ကြီး၏စကားကိုမဖယ်ရှားဝံ့ပါ။

တိုက်ဆိုင်စွာပင်ကျပ်ပြင်ရှိကျောင်းတစ်ကျောင်းအတွင်း၌ ရှေးဟောင်းစေတီအား ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရာထိုစေတီတော်၏ဌာပနာတိုက်အတွက် သဘာဝအတိုင်းဖြစ်ပေါ်နေသောပတ္တမြားဆင်းတုရုပ်ပွားတော်လေးကို ဦးမောင်ကိုယ်တိုင်သွားရောက်လှူဒါန်းလိုက်ပါတော့သည်။ ထိုအကြောင်းသည်မယုံချင်စရာပုံပြင်ပမာပြောစမှတ်ကျန်ရစ်လေတော့၏။

**တွင်းဆရာမောင်ကံကောင်း**

မိုးကုတ်ရှိနာမည်ကြီးကျောက်ကုန်သည်ကြီးတို့သည် တစ်ဖက်တစ်လမ်း၌ ကျောက်တွင်းထောင်ထားကြပါသည်။ မိုးကုတ်မြို့၊ မြို့မရပ်ကွက်မှ ကျောက်ကုန်သည်သူဌေးကြီးဦးဖိုးမြစ်သည်လည်း ကျောက်တွင်း ထောင်ထားပါသည်။ ဦးဖိုးမြစ်ထောင်ထားသောကျောက်တွင်းကားအခြားသောဦးဘမှိုဦးချစ်လှစသော သူဌေးကြီးများကဲ့သို့ စက်တွင်းကြီးများမဟုတ်ပါ။ သာမန်မျောတွင်းတစ်တွင်းသာဖြစ်ပါသည်။ ဦးဖိုးမြစ်၏မျောတွင်းသည်အုန်းကိုင်းရွာအနီးရှိ အုန်းကိုင်းလုပ်ကွက်၌ဖြစ်သည်။

တွင်းဆရာမှာ မောင်ကံကောင်းဖြစ်လေ၏။ မောင်ကံကောင်းကား ဦးဖိုးမြစ်၏အိမ်၌ ငယ်စဉ်ကတည်းက တွင်းသားဘဝဖြင့်ရောက်လာကာအနေကြာ၍တွင်းဆရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

ကြာသော်မောင်ကံကောင်းသည် မိသားစုပမာဖြစ်လာကာ အရာရာစိတ်ချရသောလူရည်မွန်ဖြစ်သဖြင့်တွင်းကိစ္စအဝဝကို ယုံကြည်စွာလွှဲထားခြင်းခံရပါသည်။ ဦးဖိုးမြစ်အိမ်၌ နောက်လိုက်တွင်းသားလေးဦးရှိရာ မောင်ကံကောင်းကကောင်းမွန်မှန်ကန်စွာဦးစီး၍လုပ်ကိုင်ပေးလေ၏။ ရိုးသားခြင်း၊ ကြိုးစားခြင်းတို့ကြောင့် ဦးဖိုးမြစ်သည် သားတစ်ယောက်ပမာချစ်ရှာပါသည်။

ဦးဖိုးမြစ်၏သားသမီးတို့သည်ကိုယ်စီအိမ်ထောင်ကျကာ အိမ်ခွဲများဖြစ်ပြီးကျောက်ရောင်းဝယ်ခြင်းဖြင့် တင့်တင့်တယ်တယ်ရှိကြပါသည်။ သို့သော် သမီးကျောက်ကုန်သည်အပျိုတစ်ဦးကမူ အိမ်ထောင်ကျခြင်းမရှိဘဲမိဘများနှင့် အတူနေကာစီးပွားကိုသာတစိုက်မတ်မတ်ရှာနေပါသည်။အိမ်ထောင်ရေးအားစိတ်ဝင်စားခြင်းမရှိပေ။

ဦးဖိုးမြစ်တို့သည် ရှမ်းပလောင်စပ်များဖြစ်သဖြင့် ဖြူဖွေးကာအလှကိုယ်စီရှိကြပါသည်။ ကျောက်ကုန်သည်အပျိုမကား ဝယ်လက်ကြီးဖြစ်သည်။ ထိုအပျိုသည် ပတ္တမြားတို့ကိုဝတ်ဆင်ခြင်းမပြုဘဲစိန်ဝမ်းဆက်များကိုသာ ဝတ်ဆင်လေ့ရှိသည်။ သူ၏စိန်တို့သည်ပွဲနေပွဲထိုင်ထုတ်ဝတ်လာပါက အရောင်တဖျတ်ဖျတ်နှင့်မြင်သူငေးကြရပါသည်။ အမြဲတမ်းကိုမူစိန်နားကပ်ကြီးကိုသာဝတ်ဆင်လေ့ရှိ၏။ မီးရောင်အောက်တွင်ထိုင်နေပါကစိန်နားကပ်ကြီးသည်တဖျတ်ဖျတ်နှင့်လင်းလက်နေကာသူမနှင့်လိုက်ဖက်လှပေ၏။ ဖွေးဖွေးတုတ်တုတ်နှင့်ချောမောလှပသောသူမနှင့်စိန်နားကပ်သည် အလွန်ကြည့်ကောင်းလှပေ၏၊ စိန်မမဟူက မမှားပါ။ သို့သော် ပိုက်ဆံရှာတော်သောကျောက်ကုန်သည်ဖြစ်သဖြင့်မာနအလွန်ကြီးလေ၏။ ရည်းစားဟူ၍မရှိခဲ့ချေ။ မောင်ကံကောင်းတို့သည် ချစ်ကြောက်ရိုသေကြ၏။ မောင်ကံကောင်းထက် ဆယ်နှစ်ကျော်ကြီးရာ အပျိုကြီးစာရင်းဝင်နေပြီဖြစ်သည်။

**ပြကျောက်**

"မောင်ကံကောင်းရေ"

"ဗျာ"

"တွင်းသွားတော့မလို့လား"

"ဟုတ်ကဲ့ပေါ့လဲ"

"ညက ငါအိပ်မက်မက်တယ် မောင်ကံကောင်းရဲ့ အိမ်ကိုဘုရားတစ်ဆူကြွလာတယ်လို့အိပ်မက်မက်တယ်။အဲဒါမင်းတို့တွင်းကများကျောက်ကြီးရမလားလို့ငါတွေးမိတယ်။ကျောက်ဖြူန်းကောက်ရင်အသေအချာကြည့်ကောက်နော်၊ပေါ်ပေါ်ထင်ထင်ပြကျောက်ကြီးတွေရတတ်တယ်ကွ"

"ဟုတ်ကဲ့ပါပေါ့လဲ၊ ကျွန်တော်ဂရုတစိုက်ကြည့်ပါ့မယ်"

"အေးအေး- ငါ့ရဲ့ညာမျက်ခုံးတွေလည်းလှုပ်နေတာခဏခဏကွ။ ကဲကဲ- သွားကြကွာ။ ကျောက်ကြီးကောက်ခဲ့ကြဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့သွားပါဦးမယ်"

ဟု ပြောကာ မောင်ကံကောင်းတို့အဖွဲ့ အုန်းကိုင်းလုပ်ကွက်ဆီထွက်ခဲ့ကြပါသည်။ မျောတွင်းထုံးစံအတိုင်း ရောက်သည်နှင့်ရေချကာ မြောင်းမြီးလှန်ကြ၏၊ မြောင်းမြီးလှန်ပြီးသော် ကျောက်ဖြူန်းကောက်ကြ၏။ ကျောက်ဖြူန်းကောက်ပြီးသော် မြောင်းမြီးတစ်ဖန်လှန်ကြရပြန်၏။ မြောင်းမြီးလှန်ပြီးပါမှ ဖြူန်းမြေများထိုးချကာ ရေပန်းရိုက်ထားပြီး ထမင်းစားနားချိန်ရောက်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပါလီမန်ဒီမိုကရေစီခေတ်၌ချပေးသောကျောက်တွင်းလိုင်စင်ဖြင့်လုပ်နေကြခြင်းဖြစ်ရာအေးချမ်းလှပါသည်။

ထမင်းစားပြီးသည်နှင့် အေးဆေးစွာရေနွေးကြမ်းထိုင်သောက်လျက်ရှိကြသည်။ တွင်းတောတဲသည် ထရံကာသွပ်မိုးလျက်အကျအနဆောက်ထားခြင်းဖြစ်ရာလေလုံမိုးလုံနားခိုနိုင်ကြပါသည်။

"မောင်သိန်းရေ ဖြူန်းတွေရေပန်းစားတာကုန်မကုန်သွားကြည့်စမ်းကွာ"

"ဟုတ်ကဲ့တွင်းဆရာ"

ဟုပြောကာ တွင်းဘက်သို့ထွက်သွားပါသည်။ မကြာလိုက်ပါမောင်သိန်းပြန်ရောက်လာ၏။

"တွင်းဆရာ ရေပန်းအောက်မှာကျောက်ကြီးပေါ်နေတယ်ဗျ"

"ဟာ- ဟုတ်လား၊ လာကြဟေ့ကျောက်သွားကောက်ကြရအောင်"

ဟု ပြောကာ မောင်ကံကောင်းဦးဆောင်လျက် တွင်းဆီရောက်ကြပါသည် မှန်ပါသည်။ ရေပန်းတဖြန်းဖြန်းရိုက်နေသောအောက်၌ နေပဏ္ဏာဖြင့်နီရဲသောကျောက်ကြီးတစ်ပွင့်က ထင်းထင်းကြီးပေါ်လျက်ရှိနေပေ၏။

"မောင်သိန်းရေရေပန်းသတ်လိုက်တော့ဟေ့"

ဆိုသည်နှင့်မောင်သိန်းက ရေပန်းသွားဖြုတ်လိုက်ပါသည်။ရေသည်ရေပန်းဖြုတ်လိုက်သည်နှင့်တွင်းဦးမှ တဝေါဝေါစီးဆင်းလာတော့၏။ ထိုအခါကျမှ မောင်ကံကောင်းသည်တစ်ပိုင်းတစ်စပေါ်နေသောပတ္တမြားနီနီရဲရဲကိုဆွဲယူလိုက်ပါသည်။

'ဟာ'

ကျောက်သည် သေးသေးမဟုတ်ပါ။ လက်လေးလုံးခန့်ရှိသော ပတ္တမြားရုပ်ပွားတော်တစ်ဆူဖြစ်၍နေခြင်းပင်။ မြေကြီးဖြူနီးတဲ့၌ နှစ်ပေါင်းများစွာကြာအောင် သန္ဓေတည်ဖြစ်ပေါ်နေသော သဘာဝဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်ကြောင်းမောင်ကံကောင်းသိလိုက်ပါသည်။

"ဟော့ကောင်တွေ ကျောက်က ဗုဒ္ဓရုပ်ပွားတော်ပုံကွ။ တို့ပေါလံကြီး အိပ်မက်မက်တာမှန်နေပြီပေါ့။ တကယ်ကွာ လူတွေထုထားသလားအောက်မေ့ရတယ်"

ဟုပြောကာ ဝိုင်းဝန်းကြည့်ရှုနေကြပါသည်။ကျောက်သည်ကျောက်ရည်ကျောက်သားအစစ်ဖြစ်ကာ ရင်ဘတ်တော်၌ သင်္ကန်းရုံထားသကဲ့သို့ စလွယ်သိုင်းအပြစ်တစ်ချက်သာအငြိပါပါသည်။

"မောင်သိန်းရေ"

"ဗျာ"

"ရေအကုန်လွှဲလိုက်တော့ဟေ့"

"ကျောက်ဖြုန်းတွေမကောက်တော့ဘူးလား"

"မကောက်တော့ဘူး၊ကျောက်ကြီးရရင် အိမ်ကိုတန်းပြန်ကြတာရှေးထုံးစံလေကွာ"

ဟုဆိုလေရာ တွင်းသားတို့ပျော်သွားကြပါသည်။ သို့နှင့်တွင်းပစ္စည်းများသိမ်းကာ အိမ်ကိုတန်းပြန်လာကြတော့၏။ မြင်အောင်ပြ၍ ရအောင်ပေးလိုက်သောပြကျောက်ကြီးတစ်ပွင့်ဖြစ်သည်။

အိမ်ကို ပျော်ရွှင်စွာ စောစောစီးစီးပြန်လာသည်ကိုမြင်သည်နှင့် တွင်းသားတို့၏ ပျော်ရွှင်တက်ကြွသော အမူအရာကိုကြည့်ကာ ဒီကောင်တွေကျောက်ကြီးရခဲ့ပြီဟူ၍ ဦးဖိုးမြစ်သိပါသည်။ မောင်ကံကောင်းသည် ပြုံးရွှင်စွာဦးဖိုးမြစ်ထံလာလျက် လက်ကိုင်ပဝါဖြင့်ထုပ်ထားသောကျောက်ကြီးကိုပြောပြောဆိုအပ်လေ၏။

"ပေါလံကြီးအိပ်မက်မက်တာအမှန်ပဲဗျ။ ဟောဒီမှာ အိမ်ကိုဘုရားကြွလာပါပြီ"

ဟုဆိုလေရာ ဦးဖိုးမြစ်ပဝါကို ဖြေအကြည့်တွင် ဟင်ခနဲဖြစ်သွားပါတော့သည်။ဦးဖိုးမြစ်သည်သဘာဝအလျောက်ဖြစ်တည်နေသော ဗုဒ္ဓဆင်းတုတော်ပတ္တမြားဘုရားကို ဦးစွာဦးထိပ်တွင်တင်လျက် ရှိခိုးပြီးမှအသေအချာကြည့်ရှုပါသည်။ အရည်အသားအရွယ်ဆိုဖွယ်မရှိပေ။

"ငါအိပ်မက်မက်တာ မမှားဘူးမောင်ကံကောင်းရ။ အိပ်မက်ထဲမှာက ဖဘ္တမြားဘုရားမဟုတ်ဘူး။ သစ်သားဆင်းတုလား၊ ကျောက်ဆင်းတုလား ငါမသဲကွဲဘူး။ ကြွမယ့်ကြွလာတော့ တန်ဖိုးအကြီးဆုံးပတ္တမြားဘုရားဖြစ်နေတာပဲ။ ဝမ်းသာလိုက်တာမောင်ကံကောင်းရာ။ ကဲကဲ- မင်းတို့ရေမိုးချိုးကြပြီးရင် ကော်ဖီဆိုင်မှာကော်ဖီသွားသောက်ကြ၊ ကဲ- ရော့မုန့်ဖိုးတစ်ရာ အကြိုက်စားအကြိုက်သောက်ကြ။ မင်းတို့အရက်တော့သွားမသောက်နဲ့နော်။ ဘုရားလည်းမကြိုက်ဘူး၊ ငါလည်းမကြိုက်ဘူး၊ မင်းတို့မမလေးလည်းမကြိုက်ဘူး။

"ဟုတ်ကဲ့ပါပေါလံ"

ဟုပြောကာငွေတစ်ရာယူ၍မောင်ကံကောင်းအပါးမှခွာသွားလေ၏။

## လူကြီးလက်သုံးလုံးခန့်အရွယ်

ဦးဖိုးမြစ်သည် ပတ္တမြားဘုရားကို အသေအချာ လှည့်ပတ်ကြည့်ရှုနေပါသည်။ သဘာဝအလျောက်ဖြစ်ပေါ်နေတာမို့ လူတွေထွင်းထုထားသလောက်တော့ လက်ရာမမြောက်ပါ။ သို့သော် လူတို့ထွင်းထုထားသလားအောက်မေ့ရလောက်အောင်တူလွန်းလှပါသည်။

ကျောက်ရည်သည် လယ်သီးရည်ခေါ် မဉ္ဇူရည်သို့မရောက်ဘဲ ဘုံဘိုင်ညွန့်ရည်မျှရှိကာ အရည်သည်ရုပ်ပွားတော်ဦးခေါင်းမှ အောက်ခံပလ္လင်အထိညီညာလျက်ရှိသည်။ ကျောက်သားသည် ဆိုဖွယ်မရှိကြည်လင်လျက်ရှိကာ ရင်ဘတ်တော်၌ သင်္ကန်းတော်ဝတ်ထားသည့်အလား ရှုပြစ်တစ်ချက်သာပါသည်။

အလင်းပက္ကာ၌ကြည့်သောအခါ ဘုရားတစ်ဆူလုံးရဲရဲနီလျက် လှလွန်းလှပေ၏။ အရွယ်ပမာဏအား သူ၏လက်ဖြင့်တိုင်းထွာကြည့်ရာလက်သုံးလုံးအရွယ်ပမာဏရှိသဖြင့် နှစ်လက်မခွဲအရွယ်ရှိကြောင်းခန့်မှန်းမိပါသည်။ ပလ္လင်အထိုင်ပြေပြစ်စွာပါရှိရာ စားပွဲပေါ်တင်လျက် ဦးဖိုးမြစ်တစိမ့်စိမ့်ကြည့်ကာ များစွာပီတိသောမနသသဖြစ်ရပါသည်။

ထိုပတ္တမြားရုပ်ပွားတော်ပြကျောက်ကြီးသည် မိမိတို့ထိုက်၍ မိမိတို့ထံဆိုက်ဆိုက်မြိုက်မြိုက်ကြွလာခဲ့ခြင်းဖြစ်ပေ၏။ ထို့ကြောင့် ပြကျောက်ကြီးအား ဦးဖိုးမြစ်မှတန်ဖိုးဖြတ်ကာ တွင်းသားတို့အား ကျေနပ်ခြင်းရှိမရှိမေးမြန်းရာ ကျေနပ်ကြသဖြင့် တွင်းဆရာမောင်ကံကောင်းအား ထက်ဝက်စားတွင်းသားတို့အား ကံစားရှင်းပေးပါသည်။ ထိုအခါထိုကျောက်ကြီးသည် ပေါလံပိုင်ဖြစ်၍သွားသဖြင့်ဘုရားကျောင်းဆောင်ရှိ မှန်ပေါင်းချောင်၌ထည့်သွင်းကိုးကွယ်လိုက်လေ၏။ ကြီးလွန်းသဖြင့် ရတီချိန်ပင်မချိန်ကြည့်တော့ပါ။ ရတီမည်မျှရှိကြောင်း ဦးဖိုးမြစ်သတိမထားမိပါ။ ရောင်းရန်မဟုတ်၊ ကိုးကွယ်ရန်ဖြစ်သည့်အတွက် အလေးချိန်သိရန်လည်းမလိုအပ်ပါ။

ထိုကျောက်ကြီးရချိန်သည် လွတ်လပ်ရေးရပြီး နှစ်မကြာမီရခြင်းဖြစ်၍ ငွေကြေးအားဖြင့် အင်္ဂလိပ်တို့သုံးစွဲခဲ့သောမူးပဲခေတ်ဖြစ်ရာ ငွေကြေးသည် လွန်စွာတန်ဖိုးရှိသောခေတ်ဖြစ်သည်။ သို့သော် အင်္ဂလိပ်ခေတ်ကဲ့သို့ ပြားသုံး၍မရတော့ပါ။ တစ်ပဲလျှင် (၄) ပြားဖြစ်ရာ လွတ်လပ်ရေးရပြီးခေတ်၌ ပြားဟူ၍မရှိတော့ဘဲ တစ်ပဲတစ်မူးစသည်ဖြင့်သာသုံးရလေ၏။ ပိုင်၊ ပဲ၊ ပြားတို့အားအင်္ဂလိပ်အုပ်ချုပ်သည့် ၁၂၄၇ ခုမှစ၍သုံးကြရသည်။

၁၉၄၈ ခု၊ လွတ်လပ်ရေးရပြီးနောက်၌ အင်္ဂလိပ်၏ငွေကြေးစနစ်တစ်ကျပ်လျှင် (၁၆) ပဲစနစ်ကို သုံးစွဲခဲ့ရာ ၁၉၅၂ ခု၊ ဇူလိုင်လ (၁) ရက်နေ့၊ မြန်မာနှစ် ၁၃၁၄ ခု၊ ဝါဆိုလဆန်း (၁၀) ရက်၊ အင်္ဂါနေ့မှစ၍ ရှေးမြန်မာတို့သုံးစွဲခဲ့သော ဆယ်လီစနစ် (ခေါ်) တစ်ကျပ်လျှင်ပြား (၁၀၀) တည်းဟူသောစနစ်သို့ပြောင်းလဲခဲ့ပါသည်။

ထိုအခါ ငါးပြား၊ ဆယ်ပြား၊ နှစ်ဆယ့်ငါးပြား၊ ပြားငါးဆယ်စသည်ဖြင့်သုံးစွဲရလေ၏။ သို့သော် မူးပဲနှင့်နှိုင်းပါကငွေကြေးတန်ဖိုးစ၍ကျပါသည်။ မူးပဲခေတ်၌တစ်ပဲလျှင်ကျောက်တံနှစ်ချောင်းရ၏။ ပြားခေတ်၌ငါးပြားလျှင်ကျောက်တံတစ်ချောင်းသာရတော့၏။

## ရာကျော်ဆရာတော်ဦးကိတ္တိသို့လှူပြီ

ရာကျော်ဆရာတော်ဦးကိတ္တိသည် ထွက်ရပ်ပေါက်ဝိဇ္ဇာစာရင်း၌ပါကာ ဝိဇ္ဇာဆရာတော်ဟူ၍ လူသိများကြပါသည်။

အင်္ဂလိပ်ခေတ်၌ နောင်ရာကျော်ဆရာတော်ဟူ၍ကျော်ကြားတော်မူသော ဆရာတော်ဦးကိတ္တိသည် မိုးကုတ်မြို့အနောက်ပိုင်း ဂွေးပင်ရွာ၊ ဂွေးပင်ဂူတောင်၌ သီတင်းသုံးကာ ထွက်ရပ်လမ်းစဉ်များ ကျင့်ကြံပွားများနေခဲ့ပါသည်။ ဂွေးပင်ဂူတောင်သည် မိုးကုတ်-မန္တလေးကားလမ်းနှင့်ကပ်လျက် ကျောက်တောင်ထိပ်၌တည်ရှိပါသည်။ ဂွေးပင်ရွာ၏ တောင်ဘက်ကျကာ အနည်းငယ်လှမ်းလေ၏။ တပည့်အဖြစ်ဂွေးပင်ရွာမှမောင်

ဖိုးချိန်ကိုခေါ် ထားပါသည်။

ဆရာတော်ဦးကိတ္တိသည် ဦးစွာဘုရင့်နောင် သစ်ခက်တဲနန်းစံသွားရာ နန်းရုတ်၊ နောင်နတ်ရုတ်ခေါ် လောင်းစင်ရွာလမ်းဘေး၌ စေတီများတည်ထားကိုးကွယ်ပါသည်။ ခုနှစ်သက္ကရာဇ်မှတ်တမ်းမရှိပါ။

ဆရာတော်ဦးကိတ္တိအားထိုအချိန်ကဘုန်းတော်ကြီးဦးကိတ္တိဟု ခေါ် ဆိုကြပါသည်။ ဘုန်းတော်ကြီးဦးကိတ္တိသည် ဝွေးပင်လောင်းစင်ရွာသွား လမ်းဘေးရှိ နန်းရုတ်စေတီတော်များတည်ပြီးနောက်၌ ကျောက်ဖားရှိဖားပုံကျောက်တုံးကြီးပေါ်၌စေတီတည်တော်မူပါသည်။ကျောက်ဖားဘုရားဟုတွင်၏။ ပတ္တမြားမြေအဝင်မုခ်ဦး၏မြောက်ဘက်၌ရှိ၏။

ထို့နောက် ၁၃၀၁ ခုနှစ်၌ မိုးကုတ်မြောက်ဘက်(၆)မိုင်အကွာကျောက်နဂါးရွာရှိ ကျောက်နဂါးကျောက်ဆောင်ကြီးပေါ်၌ ကျောက်နဂါးစေတီတော် ၁၃၀၁ ခု၊ ကျောက်ပုတ်ရွာအနောက်ဘက် မြေမဲရွာအရှေ့ဘက်ရှိ တောင်ထိပ်ပေါ်၌ ကုဿာသယဆုတောင်း ပြည့်စေတီတော် ၁၃၀၂ ခု၊ မိုးကုတ်မြို့ အောင်နန်းရိပ်သာရပ်၊ကျောက်ကုလား၌ဒေါင်းစကြာစေတီတော် ၁၃၀၂ ခု၊ မိုးကုတ်အုတ်ဆောင်းတောင်၌ ကမ္ဘာ့ထီးဆောင်းစေတီတော် မိုးကုတ်မြို့အနီးရှိ အမြင့်ပေ ၇၅၄၄ ပေရှိသောတောင်မဲတောင်ထိပ်၌ ၁၃၀၃ ခုတွင် ရတနာ့ထိပ်ခေါင် ကမ္ဘာ့ထိပ်ခေါင်ရန်မျိုးအောင်စေတီတော်တို့ကို ဘုန်းတော်ကြီး ဦးကိတ္တိကကမ္ဘကထပြုကာ တည်တော်မူခဲ့ပါသည်။ ထို့ကြောင့် လူအပေါင်းတို့မှထူးခြားထက်မြက်သောဘုန်းတော်ကြီးဦးကိတ္တိကိုကြည်ညိုကြလေ၏။ ထိုကြည်ညိုသည့်အထဲတွင်ကျောက်ကုန်သည်သူဌေးဦးဖိုးမြစ်လည်းပါလေ၏။

ထို့ကြောင့် မိမိရရှိထားသော ပတ္တမြားရုပ်ပွားတော်အားဘုန်းတော်ကြီးဦးကိတ္တိအားလှူရန် အကြံဖြစ်သဖြင့် ဘုန်းတော်ကြီးဦးကိတ္တိအား ပင့်ကာ ပတ္တမြားရုပ်ပွားတော်အားလှူလိုက်လေတော့၏။

ပတ္တမြားရုပ်ပွားတော်လှူပြီးမကြာမီမှာပင်ဘုန်းတော်ကြီးဦးကိတ္တိသည်ဝွေးပင်ဂူတောင်ကိုစွန့်ကာ အောက်ပြည်အောက်ရွာသို့ အပြီးကြွသွားတော့၏။ ဒကာဒကာမတို့သည် ဝွေးပင်ကားလမ်းဇရပ်သို့လိုင်းကားစောင့်စီးရန်တစ်အုံတမကြီးလိုက်ပို့ကြလေ၏။ နှစ်ပေါင်းအတန်ကြာကြည်ညိုခဲ့ရသော ဆရာတော်ကြီးသည် လိုင်းကားစီး၍ပါသွားသောအခါ ဒကာ၊ဒကာမတို့ မျက်ရည်ကျကြ၏။ ဆရာတော်အား နောက်ဆုံးဖူးတွေ့ကြရခြင်းဖြစ်ပါသည်။ နောင်မိုးကုတ်သို့ပြန်မကြွလာတော့ပေ။

**ပဲခူး၌စွန့်ခဲ့သည်**

ထိုပတ္တမြား ရုပ်ပွားတော်သည် တန်ဖိုးဖြတ်၍မရမှန်း ဦးဖိုးမြစ်၏သားသမီး (၆) ယောက်လုံးမှသိကြပါသည်။ သို့သော် ထိုပတ္တမြားဘုရားသည် ဖခင်၏ကိုယ်ပိုင်ဖြစ်ရာ ဦးကိတ္တိသို့လှူရာ၌ ဝင်၍မပြောရဲကြပေ။ မောင်နှမအားလုံးစိတ်ထဲ၌နှမြောတသလျက်ရှိကြလေ၏။ ကံအားလျော်စွာပင် ပတ္တမြားဘုရားလှူပြီး မကြာမီပင် ဖခင်ကြီးဦးဖိုးမြစ်ဆုံးပါးသွားခဲ့လေတော့၏။

ထိုအခါ အစ်ကိုကြီးဖြစ်သူအား ပတ္တမြားဘုရားပြန်လည်ရရှိရန်တိုက်တွန်းသဖြင့် အစ်ကိုကြီးဖြစ်သူသည် ဆရာတော်ဦးကိတ္တိကို သတင်းစုံစမ်းကာ လိုက်ရပါတော့သည်။ ကျော်ကြားသော ဝိဇ္ဇာဓိုရ်ဆရာတော်ဖြစ်ရာ စုံစမ်းရန်မခက်ခဲပါချေ။

ဆရာတော်၏ကပ္ပိယအား ပတ္တမြားဘုရားကိုမေးမြန်းရာ ပဲခူးမြို့ရှိ ဒကာတစ်ဦးထံကိုးကွယ်ရန် စွန့်ခဲ့ကြောင်း သတင်းအတိအကျ ရပါတော့သည်။ ဆရာတော်ကြီးကား အနှောင်အတွယ်မရှိ ပတ္တမြားဘုရားကို စွန့်လွှတ်လှူဒါန်းခဲ့ခြင်းဖြစ်ပေ၏။

သို့ကြောင့် အစ်ကိုကြီးဖြစ်သူသည် ထိုသူထံသွားကာ ဤပတ္တမြားဘုရားသည် မိသားစုပိုင်ဖြစ်ကြောင်း၊ ဖခင်၏ဆန္ဒကိုမလွန်ဆန်ရဲပါ၍လှူသည်ကိုမတားမြစ်ခဲ့ပါကြောင်း၊ ပတ္တမြားဘုရားကိုတမ်းတ၍စိတ်နှလုံးပူဆွေးနေကြပါကြောင်း၊ သို့တွက် ထိုက်သင့်သောဈေးနှုန်းဖြင့်ပြန်လည်ဝယ်ယူပူဇော်လိုပါကြောင်း လိမ္မာယဉ်ကျေးစွာအသနားခံတောင်းပန်လျက်ဖြင့်ပဲခူးမြို့မှ မိုးကုတ်မြို့သို့ပြန်လည်ပင့်ဆောင်လာပြီး မူလဖခင်၏အိမ်၌ပင် မီးခံသေတ္တာထဲထည့်ကာပူဇော်ထားပါသည်။

ထို့နောက် မိသားစုများစုံလင်မှသာ မီးခံသေတ္တာကိုဖွင့်၍ရှိခိုးပူဇော်ကြပါသည်။ မီးခံသေတ္တာထဲမထည့်၍မရပါ။ တန်ဖိုးအနဂ္ဃရတနာဖြစ်သဖြင့် သူခိုးဓားပြရန်ကိုလည်း ကြောက်ရပါသည်။ ထို့ပြင် သွေးသားမတော်စပ်သောမောင်ကံကောင်းတို့လည်းအိမ်မှာပင်ရှိနေပါသည်။

၁၉၆၉ ခုနှစ်၌ကျောက်တွင်းများပြည်သူပိုင်သိမ်းပြီးနောက် မောင်ကံကောင်းတို့ တွင်းနားရသဖြင့် တွင်းသားတွေပြန်ကုန်၏။ မောင်ကံကောင်းမှာကားဒရိုင်အဖြစ်သို့ အိမ်၌ပင်နေနေပါသည်၊ ဆိုရသော် လူယုံဖြစ်လေ၏။

**သိန်းတစ်ရာအကုန်ခံလျက်**

ပါလီမန်ဒီမိုကရေစီခေတ်တွင်ဖြစ်သည်။ အပျိုကြီးစိန်မမသည် ကျောင်းတိုက်ကြီးတစ်ခုဆောက်လုပ်နိုင်ရန် ဓမ္မကထိကဆရာတော်တစ်ပါးအား သိန်းတစ်ရာအကုန်အကျခံလှူဒါန်းပါသည်။

ဆရာတော်အားကျောင်းဆောင်၊ ဆွမ်းစားကျောင်း၊ တရားဟောရန်ဓမ္မာရုံစသည်ဖြင့် ခမ်းခမ်းနားနားဆောက်လုပ်လှူဒါန်းလေ၏။ ဆွေမျိုးများ၊ အသိုင်းအဝန်းများကလည်း သိမ်ကျောင်းဆောင်များစသည်ဖြင့် ဝိုင်းဝန်းလှူဒါန်းသဖြင့် စည်ကားလှပါသည်။ ရဟန်း၊သာမဏေ၊ သီလရှင်၊ ယောဂီစသည်ဖြင့် အများအပြား သီတင်းသုံးနေထိုင်ကြလေ၏။ အပျိုကြီးစိန်မမကား ကျောင်းအမကြီးဟူသောဂုဏ်ပုဒ်တက်လျက်ခေါ် ဝေါ်ခြင်းခံရပါသည်။ သင်္ကြန်ကာလ၌ ရှင်တစ်ရာ သီလရှင်၊ ရဟန်းခံပွဲလည်း နှစ်စဉ်ကျင်းပပါသည်။

**ငွေများအမ်း၍ကိုယ်ပိုင်ယူခြင်း**

မီးခံသေတ္တာထဲမှ ရုပ်ပွားတော်သည် မောင်နှမများစုံ၍ဖွင့်၍ဖူးသောအခါ မီးရောင်ဖြင့်လင်းတောက်လျက်ရဲရဲနီနေသည်ဟု ကြုံ၍ဖူးခဲ့ဖူးသူ ဦးပဥ္စင်းဦးသာသနက ပြောပြဖူးပါသည်။ သူစိမ်းဟူ၍ဦးပဥ္စင်းဦးသာသနာတစ်ပါးသာဖူးခွင့်ရခြင်းဖြစ်ပါမည်။ ဦးသာသနကားဆရာတော်၏လက်ရုံးသဖွယ်ဖြစ်ပါသည်။

နောင်တွင် ကျောင်းအမကြီးမှရုပ်ပွားတော်၏တန်ဖိုးကို အစ်ကိုကြီးဖြစ်သူအားဖြတ်စေလျက်ကျသင့်ငွေကိုမောင်နှမအားလုံးအား အချိုးကျပေးကာ ဝယ်ယူလိုက်ပါတော့သည်။အမ်း၍ယူလိုက်ခြင်းဖြစ်ပေတော့၏။ ဗုဒ္ဓရုပ်ပွားတော်ပတ္တမြားကြီးသည် ကျောင်းအမကြီးတစ်ဦးတည်းပိုင်ဖြစ်သွားလေ၏။

**ပျောက်ဆုံးသွားသောပတ္တမြားဘုရား**

သို့နှင့်ပင် အချိန်တို့တရွေ့ရွေ့ကုန်ဆုံးကာ ခေတ်တို့လည်း ပြောင်းလဲနေလေ၏။ ကျောင်းအမကြီးပင်လျှင်အိုမင်း

# ဒူးနာနေသလား

## မောင်စိမ်းရင့်(ကျုံပျော်)

ကျွန်ုပ်သည် ညစဉ်ဘုရားဝတ်တက်ပြီးသည်နှင့် ဖုန်းကိုဖွင့်ကာ ကျွန်ုပ်အိမ်နှင့်တစ်ခြံကျော်ရှိ သမီးငယ်နှင့်မြေးများကို စကားပြောတတ်ပါသည်။ သမီးငယ်နှင့်ဖုန်းဆက်ပြီးသည်နှင့် ဖုန်းမဆက်ဖြစ်သည်မှာကြာပြီဖြစ်သော သမီးကြီးထံသို့ ဖုန်းခေါ်လိုက်ပါသည်။ သမီးကြီးသည် ရန်ကုန်အင်းစိန်တွင်နေထိုင်ပါသည်။ သားသမီးသုံးယောက်ရှိကာ အကြီးနှစ်ယောက်က အိမ်အနီးစက်ရုံတွင်အလုပ်လုပ်ပြီး ဖခင်မှာလည်း ၎င်းစက်ရုံမှာပင် အိမ်ကားမောင်းသူဖြစ်ပါသည်။ သမီးကတော့ အငယ်ဆုံးသားနှင့် အိမ်စောင့် ချက်ပြုတ်လျှော်ဖွပ်ပေါ့။ ရန်ကုန်လူနေမှုစရိတ်နှင့် အိမ်လခတို့ကြောင့် လူသုံးယောက်ဝင်ငွေနှင့်မနည်းထိန်းချုပ်စားနေရပါ၏။

"ဟယ်လို. . . ဟယ်လို"

အသံကျယ်ကျယ်ဖြင့် ဖုန်းစပီကာမှတစ်ဆင့်ထွက်လာသော သမီးအသံကိုကြားလိုက်မှ ကျွန်ုပ်မှအာရုံတခြားလွင့်သွားမှန်းသိသဖြင့် သတိထားလိုက်ကာ-

" အေး အေး ကြားတယ်သမီး၊ အဖေ အတွေးလွန်သွားလို့ သမီးတို့နေကောင်းကြတယ်မဟုတ်လား"

"ကောင်းပါတယ်အဖေ"

"ကလေးတွေရော ပြန်ရောက်ကြပြီလား လူစုံပြီလား"

"ရောက်ပြီအဖေ၊ ခုတော့သားအဖ (၃) ယောက်စလုံး အလုပ်တစ်နေရာတည်းဆိုတော့ ဟန်ကျတာပေါ့။ ပြီးတော့လည်း သမီးတို့အိမ်နဲ့ စက်ရုံကလည်း သိပ်မဝေးတော့ ပူစရာတော့မရှိပါဘူး"

"အေး အေး သတိဆိုတာ ပိုတယ်လို့မရှိဘူးသမီး၊ မလိုအပ်ဘဲ ကလေးတွေကို အပြင်မသွားစေနဲ့"

"ဟုတ်ကဲ့ပါအဖေ၊ ဒါနဲ့အဖေနဲ့အမေနေကောင်းတယ်မဟုတ်လား"

"အေး ကောင်းပါတယ်။ လူကြီးတွေဆိုတော့ တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်နေတာပါပဲ"

"ကျန်းမာရေးတော့ ဂရုစိုက်ပါအဖေရယ်၊ အဖေနဲ့အမေ့အတွက် သမီးဒီမှာ ကထိန်သက်န်းလှူတယ်။ သမီးတို့နားက သမီးတို့ဝေယျာဝစ္စလုပ်ပေးတဲ့ကျောင်းလေ။ အဲ့ဒါအမေ့ကိုပြောလိုက်ပါဦးနော်"

"အေး အေး သာဓုပါ သမီးရယ်ကောင်းတာပေါ့။ သမီးတို့ကျောင်းမှာစည်ကားမှာပေါ့။ အတတ်နိုင်ဆုံးလုပ်အားနဲ့ကုသိုလ်ယူ၊အဲဒီလုပ်အားကြောင့်ဘုန်းကြီးက စွန့်ကြဲတာကျွေးမွေးတာစားထိုက်တယ်၊ ယူထိုက်တယ်၊ မျှော်လင့်ချက်နဲ့လည်းမလုပ်နဲ့· ယုံကြည်မှု သဒ္ဓါနဲ့ကုသိုလ်ယူရတယ် သမီး"

"ဟုတ်ကဲ့ပါအဖေ သမီးမှတ်ထားပါ့မယ်"

"ဒါထက် သမီး ဟိုရက်တွေက ဒူးနာလို့လမ်းမလျှောက်နိုင်ဘူးလို့ ခုဘယ်နှယ်နေသလဲ"

"ဟုတ်ကဲ့ ခုတော့ကောင်းသွားပါပြီ"

"ဘာဆေးနဲ့ကောင်းသွားတာလဲသမီး"

"ဆေးနည်းက ကိုယ့်အနားတွင်ရှိတာမသိဘူး၊ ဗာဒံရွက်စည်းဆိုလို့စည်း၊ ဂျင်းနဲ့မြေဖြူထောင်းလိမ်းဆိုလို့လိမ်း၊ ဒိုးဆံလိမ်းဆိုလို့လိမ်းနဲ့ မပျောက်ပါဘူးအဖေရယ်၊ ဆေးနှစ်လုံးလောက်လည်းထိုးတယ်။ ဒါလည်းထိုးတုန်းခဏပါပဲ၊ တော်ကြာပြန်ဖြစ်တာပဲအဖေရဲ့။ဟိုရက်ကဘုန်းကြီးကျောင်းကထိန်မှာ သွားကူညီပေးရင်းက အဲဒီကဘကြီးညိုက သမီးကိုမေးပြီး ကြက်သွန်နီကို မထုမပါးလှီးပြီး နာတဲ့ဒူးကိုအုံထားပြီးရင် ဒူးစွပ်ဖြစ်ဖြစ်အဝတ်နဲ့ဖြစ်ဖြစ် စည်းထားလို့ပြောတာနဲ့လုပ်ကြည့်တာ (၃) ရက်လောက်လုပ်ရတယ် ပျောက်သွားပြီအဖေ"

"အေးအေး ဝမ်းသာပါတယ်သမီးရယ်၊ သမီးကဝတော့ အထိုင်အထအသွားအလာသတိထား ဖြစ်စရာရှိရင်ဒူးကအမိကဖြစ်တတ်တယ်။ အခုနှစ်ပိုင်းတွေမှာ လူတွေဟာဒုက္ခမျိုးစုံနဲ့ရောဂါတွေကလည်း ဖြစ်လိုက်ကြတာသမီးရယ် ကျန်းမာရေးတော့ဂရုစိုက်ကြ"

"ဟုတ်ကဲ့ပါအဖေ၊ သမီးလိုဒူးနာတဲ့သူများကြုံခဲ့ရင် သမီးပြောတဲ့ အဲဒီကြက်သွန်နီနဲ့စည်းတဲ့ဆေးနည်းကိုပြောပြလိုက်ပါအဖေ။ ဘာအန္တရာယ်မှုလဲမဖြစ်ပါဘူး၊ ပျောက်လည်းပျောက်တယ်။ သမီးကကိုယ်တွေ့မို့ပါ"

"အေးအေး ပြောပြလိုက်ပါ့မယ်၊ သမီးလည်းကုသိုလ်ရတာပေါ့"

"ဟုတ်ကဲ့အဖေ သမီးတို့သကြီန်ကလေးတွေအလုပ်ပိတ်မှလာခဲ့မယ်နော်။ ခုဖုန်းချလိုက်တော့မယ်"

"အေးသမီးအေး ကျန်းမာရေးကို ဂရုစိုက်ကြနော်"

"ဟုတ်ကဲ့ပါအဖေ"

မောင်စိမ်းရင့် (ကျုံပျော်)

---

ကာယိုယွင်းလျက်ဆုံးပါးသွားပါတော့သည်။

အဖိုးကြီးဖြစ်၍ သားသမီးမရှိသော်လည်း မောင်နှမများမှမွေးဖွားထားသော တူ၊ တူမများ၊ မြေးများ များစွာရှိလေရာ သူတို့သည် မီးခံသေတ္တာထဲမှပတ္တမြားရုပ်ပွားတော်ကိုရှာကြ၏၊ ရုပ်ပွားတော်ကား မတွေ့ကြပါ။ အခြားသောရတနာများသာတွေ့ရပါသည်။ တစ်အိမ်လုံးရှာကြသော်လည်းမတွေ့ရသဖြင့် လက်လျှော့ရပါသည်။

သူတို့၏အတွေးထဲ၌ ထိုပတ္တမြားဘုရားအား သူအလွန်ကြည်ညိုသော ဆရာတော်ထံအပ်ထားမည်ဟု ခန့်မှန်းကြပါသည်။ သို့သော် ဆရာတော်ထံမည်သူမှသွား၍မမေးလျှောက်ဝံ့ကြပါ။

ကျောင်းအမကြီးထက် အသက်ကြီးသောဆရာတော်လည်း သုံးနှစ်ခန့်အကြာတွင်ပျံလွန်တော်မူပါသည်။

ထိုအခါ ဆရာတော်၏ဗီရိုများ၊ သေတ္တာများ၌ ပတ္တမြားဘုရားကိုရှာကြပြန်၏။ ရဟန်းအသုံးအဆောင်များသာတွေ့ရပါသည်။ ပတ္တမြားဘုရားကား မတွေ့ရပါ။ ယုတ်စွအဆုံးပျံလွန်တော်မူသွားသော ဆရာတော်၏သင်းပိုင်ခါးပန်းလိပ်ထဲအထိရှာကြည့်ကြပါသည်။ လုံးဝမတွေ့ကြပါ။ ထိုအခါကျမှ တူ၊ တူမများလက်လျှော့လိုက်ကြရပါသည်။

ပတ္တမြားရုပ်ပွားတော်ကား ဘယ်ဆီရောက်၍ဘယ်ဆီပေါက်သွားကြောင်း မည်သူမျှမသိကြတော့ပေ။ ကာယကံရှင်ကျောင်းအမကြီးတစ်ဦးသာသိပါမည်။

သို့နှင့်ပင် ဆန်းကြယ်စွာကြွလာ၍ ဆန်းကြယ်စွာ ပျောက်ကွယ်သွားသော ပတ္တမြားရုပ်ပွားတော်သည် ပြကျောက်ပတ္တမြားကြီးတစ်ပွင့်သာဖြစ်ပါမည်။

ချမ်းမြေ့ကြပါစေ။

နေပြည်တော်ကျော်ကျော်စိုး

# ဝိဇ္ဇာမဆိုင်ရာ(၉)ဂါထာနှင့် အဇ္ဈာရုသအင်းပညာ

ဆက်ထက်လွှန်းလင်း



ဝိဇ္ဇာမရေပညာတွင် အင်း၊ ဆေး၊ ဗေဒင်၊ အဂ္ဂိရတ်၊ မန္တန်ဂါထာဟူ၍ အစိတ်အပိုင်းခွဲများရှိသော်လည်းအခြေခံမကျိုင်သည် မန္တန်ပင်ဖြစ်၏။ မန္တန်ပညာတွင် ဂါထာ၊ မန္တရား အားလုံးပါဝင်နေ၏။ မန္တန်သည် အခြေခံအကျဆုံးဖြစ်သည်သာမက စတင်ဆောင်ရွက်ရန်လည်း လွယ်ကူသကဲ့သို့ ပရိက်စတင်တည်ဆောက်ရန်အတွက်လည်း အခြံအရံဆိုင်ရာ လိုအပ်ချက်လည်း နည်းပါးလှသောကြောင့်ဖြစ်၏။

သာဓကအားဖြင့် အင်းစီရင်မည်ဆိုလျှင် မိုင်းကိုင်စက္ကူ၊ ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ခဲတံ၊ ကညစ်၊ ပေတံစသည့် အသုံးပြုရမည့်ပစ္စည်းများစွာလိုအပ်၏။ တစ်ဖန် အင်းကျိုးခြင်း၊ အင်းကန်းခြင်း၊ သနချေခြင်း၊ သိဒ္ဓိတင်ခြင်းစသည့် အတိအကျလိုက်နာရမည့်စည်းကမ်းချက်များစွာကလည်း ရှိသေး၏။ စမတစ်လုံးချင်း အင်းကွက်အတွင်းသွင်းလျှင် အသက်အောင့်ပြီး ရွတ်ရမည့် ဂါထာမန္တန်တို့ကလည်း ရှိသေး၏။ ထို့အပြင် အင်းစီရင်မည့်ပုဂ္ဂိုလ်၏နေထိုင်ရမည့်ကိုယ်နေဟန်ထား၊ မျက်နှာပြုရမည့်အရပ်၊ အဝတ်အစား၊ ကိုယ်လက်သန့်စင်မှု ဝင်နက္ခတ် ထွက်နက္ခတ်၊ ခါးပတ်နက္ခတ်၊ တစ်ဖက်ကန်းနှစ်ဖက်ကန်းနက္ခတ်များကို ကြိုတင်သိရှိရခြင်း။ စီရင်မည့်အကြောင်းအရာဆိုင်ရာများ စီရင်မည့်ပုဂ္ဂိုလ်၏ သီလ၊ သမာဓိ၊ ပညာအခြေအနေ စသည်များ မြှောင်လှစွာသော အခြင်းအရာများဖြင့် ကြိုတင် ပြည့်စုံနေရပါမည်။

ထိုသို့ပြည့်စုံမှသာ အင်းအစီအရင်တစ်ခုကို (ဝါ) အင်းစမဆိုင်ရာကျင့်စဉ်တစ်ရပ်ကို စတင်ထူထောင်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ အဂ္ဂိရတ်ပညာတွင်လည်း လိုအပ်သောဓာတ်ပစ္စည်းများ၊ ဖိုလုံ၊ မီးသွေး၊ ဖိုရုံနေရာ စသည်များစွာသောအခြံအရံအခြေခံများပြည့်စုံမှသာ စတင်ကျင့်သုံး၍ ရနိုင်ပါမည်။

ထို့အတူ ဆေးဝိဇ္ဇာပညာ၊ နက္ခတ္တဗေဒဝိဇ္ဇာပညာလမ်းစဉ်ဆိုင်ရာ ကျင့်စဉ်များ စတင် ကျင့်သုံးရန်အတွက်လည်း အခြံအရံပရိက်ဆိုင်ရာ လိုအပ်ချက်များစွာ ရှိပါသည်။

ထို့အတူ ဆေးဝိဇ္ဇာပညာ၊ နက္ခတ္တဗေဒဝိဇ္ဇာပညာလမ်းစဉ်ဆိုင်ရာ ကျင့်စဉ်များစတင်ကျင့်သုံးရန်အတွက်လည်းအခြံအရံ ပရိက်ဆိုင်ရာ လိုအပ်ချက်များစွာရှိပါသည်။

## ချက်ချင်းလက်ငင်းစတင်ကျင့်သုံးနိုင်သော မန္တန်လမ်းစဉ်

မည်သည့်ပုဂ္ဂိုလ်မဆိုဝိဇ္ဇာမရေပညာလမ်းစဉ်သို့ယနေ့လိုက်မည်ဆိုလျှင်ယနေ့ပင် စတင်ကျင့်သုံးနိုင်သည်မှာ မန္တရဝိဇ္ဇာမရေ လမ်းစဉ်ပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် ယနေ့တွင်ပင် အရဟံဟူသည့် ဗုဒ္ဓဂုဏ်တော်မန္တန်ကို လုပ်မည်ဟု စိတ်ပိုင်းဖြတ်ပြီးသည်နှင့် အခါမလင့်ပွားများနိုင်သောကြောင့်ဖြစ်၏။

ဤကဲ့သို့ အရဟံ၊ ဗုဒ္ဓေါဟူသည့် ဂုဏ်တော်များကိုတစ်ပါးတည်းပဲအကြိမ်ပေါင်းများစွာပွားခြင်းနည်းကို ကျင့်သုံးမည်လား၊ ဂုဏ်တော် (၉) ပါးစလုံးကို ကျင့်မလား၊ မိမိစိတ်တိုင်းကျ ကျင့်နိုင်ပါသည်။ တစ်ဖန်ထိုကို အဓိဋ္ဌာန်တင်ပုတီးစိပ်မလား၊ မတင်ဘူးလားထပ်မံရွေးချယ်နိုင်ပါသည်။

အဓိဋ္ဌာန်တင်ရာတွင်လည်း (၉) ရက်လား၊ (၄၅) ရက်လား၊ ရက် (၉၀) လား မိမိအခြေအနေကို သုံးသပ်၍ဆုံးဖြတ်နိုင်ပါသည်။ ကျင့်စဉ်ကျင့်ရာတွင်လည်း အရဟံဂုဏ်တော်ကိုပင် ပုတီးတစ်ပတ် (၁၀၈) လုံးစိပ်မလား။ ပုတီး (၉) ပတ်၊ (၉၇၂) လုံးစိပ်မလား၊ အရဟံဂုဏ်တော်တစ်ထောင်စိပ်မလား။သို့တည်းမဟုတ် အရဟံရှစ်သောင်းလေးထောင်စိပ်မလား စသည်ဖြင့် မိမိနိုင်သ၍ အားရှိသလောက် အဓိဋ္ဌာန်တင်နိုင်မည် ဖြစ်ပါသည်။

ဤကဲ့သို့မဟုတ်ဘဲနမောဝါင်းချက်၊ သုဂတောင်းချက်၊ သမ္ဗုဒ္ဓေ၊ နမောတေ၊ အဋ္ဌာနမေတံ၊ ယေဓမ္မ၊ သိရသို့၊ သတ္တဋ္ဌာနစသည့် ဂါထာမန္တန်များမှ ကြိုက်နှစ်သက်ရာကိုယူ၍လည်းကောင်း၊ထိုမှမက ဓမ္မခန္ဓာပေါင်းရှစ်သောင်းလေးထောင်ထဲမှ မိမိနှစ်သက်ရာ စာတစ်လုံးဖြစ်စေ၊ တစ်ပိုဒ်ဖြစ်စေ၊ တစ်ပုဒ်ဖြစ်စေ၊ ယူငင်အသုံးပြုပြီး ဝိဇ္ဇာမရေမန္တန် လမ်းစဉ်သို့ စတင်ကျင့်သုံး ဝင်ရောက်နိုင်မည် ဖြစ်ပါသည်။

ထိုသို့မဟုတ်မူဘဲ ဗုဒ္ဓဘုရားရှင်၏ ဓမ္မခန္ဓာပေါင်းရှစ်သောင်းလေးထောင်တွင် အခက်ခဲဆုံး၊ အနက်နဲဆုံးဖြစ်သော ပဋ္ဌာန်း (၂၄) ပစ္စည်းကို အကျဉ်းကျင့်သုံးမလား၊ အကျယ်ကျင့်သုံးမလား ထိုထက်တတ်နိုင်ပါက ပဋ္ဌာန်းပါဠိတော် (၅)ကျမ်း (စာမျက်နှာပေါင်းနှစ်ထောင့်ငါးရာကျော်)ကို နေ့စဉ်စာမျက်နှာအကန့်သတ်ဖြင့် ပူဇော်ပြီးအဓိဋ္ဌာန်ဝင်သည့်ကျင့်စဉ်များကို ကျင့်မည်လားစသည့် စိတ်ကြိုက် ကျင့်သုံးနိုင်မည့် အားသန်ရာ ဂါထာမန္တန်တို့ကို ရွေးချယ်ပြီး စတင်နိုင်မည်ဖြစ်၏။

ဤအချက်ကားမန္တန်ဝိဇ္ဇာမရေလမ်းစဉ်၏ အခြားသော ဝိဇ္ဇာမရေလမ်းစဉ်များနှင့်နှိုင်းယှဉ်ပါက အားသာချက်ဖြစ်၏။ အချို့သောပုဂ္ဂိုလ်များ၏မှတ်ထင်တွေးဆချက်မှာ ဝိဇ္ဇာမရေလမ်းစဉ်သည် ခက်ခဲသည်၊နက်နဲသည်၊ကျင့်နိုင်ခဲသည်။ပညာအစစ်အမှန်ကို ရရန်မလွယ်၊ ထို့ကြောင့်ဖြစ်ဖို့လည်းမလွယ်၊ထွက်ရပ်ပေါက်ဖို့လည်းမလွယ်ဟု ယူဆကြ၏။

ဤသို့မဟုတ်ပေ၊ မန္တန်ဝိဇ္ဇာမရေလမ်းစဉ်ကို စတင်ကျင့်သုံးမည်ဆိုလျှင်

ဗုဒ္ဓဘာသာဝင်အိမ်တိုင်းလိုလို၌ ဂါထာမန္တန်ပရိတ်ကြီးပဌာန်းစသည့်စာအုပ်များ တစ်အုပ်မဟုတ် တစ်အုပ်တော့ရှိမည်ဖြစ်ပါသည်။ အထူအပါး အကြီးအသေးသာ ကွာခြားနိုင်ပါသည်။

အထက်ပါ စာအုပ်ထဲမှ ဂါထာ၊ မန္တန်၊ ပရိတ်ကြီး၊ ပဌာန်း ကြိုက်နှစ်သက်ရာရွေးချယ်၍ တစ်ခုခုကို ပွားများကျင့်သုံးနိုင်ပါသည်။ ဦးစွာ အဆိုပါဂါထာမန္တန်တော်ကိုအလွတ်မရလျှင် စာအုပ်ကြည့်ပြီးပူဇော်နိုင်ပါသည်။ ပူဇော်ဖန်များလျှင်နောက်ပိုင်း၌အလွတ်ရသွားမည်ဖြစ်ပါသည်။

## နေ့စဉ်ရက်ဆက်မပျက်မကွက် ကျင့်ရန်လိုခြင်း

မန္တန်၊ ဝိဇ္ဇာရေလမ်းစဉ်အရ မည်သည့်ဂါထာမန္တန်ကို ကျင့်သည်ဖြစ်စေ၊ ရွတ်ဆိုပူဇော်သည်ဖြစ်စေ၊ ပုတီးစိပ်သည်ဖြစ်စေ၊ နေ့စဉ်တော့ လုပ်ရန်လိုအပ်၏။ တစ်ရက်.(၁၅) မိနစ်အချိန်လောက်သာပေးနိုင်သည်ဖြစ်စေနေ့စဉ်ရက်ဆက်တော့လုပ်ရန်လို၏။ ဥပမာ-တစ်လလောက်အားထုတ်ပြီး တစ်လလောက်နား၍မရပေ၊ မလုပ်၍မရပေ။

အခြေအနေအကြောင်းကြောင်းကြောင့်ရက်အနည်းငယ်ပျက်ကွက်ရသည်မှုကိုမဆိုလိုပေ။ ဖြစ်နိုင်ကရက်ပျက်မရှိကျင့်သုံးနိုင်မှုကိုဦးတည်ခြင်းဖြစ်၏။ ဝိဇ္ဇာရေဆိုင်ရာ ကုသလဓမ္မပညာတွင် အဆိုအမိန့်တစ်ရပ် ရှိ၏။ ထိုမှာ-

'ထုံစေ၊ စွဲစေ၊ မြဲစေ' ဟူ၍ဖြစ်၏။

အကျင့်စရဏတစ်ခုကို လုပ်ပြီဆိုပါက အမြဲတမ်းမကြာခဏ ထုံအောင်လုပ်ရမည်ဖြစ်၏။ စွဲစွဲမြဲမြဲဖြစ်အောင်လုပ်ရမည်ဖြစ်၏။ အမြဲတစေ မပျက်မကွက် နေ့စဉ်ရက်ဆက် လုပ်ရမည်ဖြစ်၏၊ ထိုသို့ ထုံနိုင်မှ စွဲနိုင်မှ မြဲနိုင်မှ ပေါက်မည်ဟု ဆိုလိုခြင်းဖြစ်၏။

ပဌာန်းပညာ သဘောတရားအရမှ အာသေဝနပစ္စည်းဖြစ်၏။ အဖန်တလဲလဲ မှီဝဲထုံနေအပ်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရပါမူ ကုသလာဓမ္မာ တို့ကိုမပျက်မကွက်ကျင့်သုံးနေသည့် သဘောတရားဖြစ်၏။

နေ့စဉ်ရက်ဆက် မပျက်မကွက်ကျင့်စဉ်ကို ကျင့်သုံးသည်ဟူရာ၌ ထပ်မံ၍ အသေးစိတ်ရမည်ဆိုပါကလည်း အချိန်မှန် လုပ်ကိုင်လျှင် ပိုကောင်းသည်ဟုဆိုရပါမည်။ ဥပမာ- နံနက် အာရုဏ်တက်ချိန်လုပ်မည်ဆိုလျှင် နေ့စဉ်အရုဏ်တက်ချိန် လုပ်နိုင်လျှင် ပိုကောင်း၏။ ထို့အတူ ညဥ့်သန်းခေါင်အချိန်လုပ်သည်ဆိုလျှင်လည်း ထိုအချိန်၌ပင် အမြဲတမ်းထုံအောင်၊ စွဲအောင်၊ မြဲအောင်လုပ်ပါကပိုပြီး ထူးခြား၏၊ အကျိုးပေးလည်း လျင်မြန်စေ၏။

နေ့စဉ်အချိန်မှန်စွာ ကုသလဓမ္မာကိုကျင့်သုံးနေသည့် ပုဂ္ဂိုလ်ထံသို့လောကပါလ ပုဂ္ဂိုလ်များက အစဉ်အမြဲဝိုင်းရံခြင်းလာရောက်ကြည့်ရှုစောင့်ရှောက်မည်ဖြစ်သောကြောင့်ပါတည်း။

## မန္တန်တစ်ခုတည်းကို စွဲမြဲစွာကျင့်ကြံပွားများရန် အရေးကြီးခြင်း

မန္တန်လမ်းစဉ်ကို ကျင့်သုံးရာတွင် မိမိရွေးချယ်ထားသည့် မန္တန်တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲကျင့်ရန် လို၏။ ထိုသို့မဟုတ်မူဘဲ မန္တန်တစ်ခုပြီးတစ်ခုပြောင်းပြီးကျင့်သုံးပါက အကျိုးပေးထက်သန်မှု နှေးကွေးသွားနိုင်သောကြောင့် ဖြစ်၏။

ထို အကြောင်းအရာနှင့်ပတ်သက်ပြီး ဆရာရှင်တို့က ဥပမာပေးလေ့ရှိသည်မှာရေတွင်းတူးခြင်းနှင့်ခိုင်းနှိုင်းလေ့ရှိ၏။ ရေတွင်းတစ်တွင်းကိုဇောက်ချမတူးဘဲဟိုနေရာတွင် ငါးပေတူးလိုက်၊ နောက်တစ်နေရာတွင် ဆယ်ပေတူးလိုက်နှင့်တစ်ခွင်တပြင်လုံး ပြည့်သာသွားမည်ဖြစ်မြောက်သော ရေတွင်းတစ်တွင်းကားဖြစ်လာမည်မဟုတ်ဟု ဆိုလိုခြင်းဖြစ်၏။ တွင်းတွေသာများပြီး လက်တွေ့အသုံးပြု၍ရသည့်ရေတွင်းတစ်ခုမျှ ဖြစ်မလာသည့်သဘောဖြစ်၏။

ဆိုလိုသည်မှာ မန္တန်ကျင့်စဉ်တွင် ဟိုတစ်ပုဒ်ကျင့်လိုက်ဒီတစ်ပုဒ်ကျင့်လိုက်နှင့် မန္တန်အရေအတွက်သာများပြီး တစ်ပုဒ်တည်းနှင့် များပြားသည့်မန္တန်အကြိမ်ရေသို့ တော်တော်နှင့်ရောက်ရှိမလာနိုင်ခြင်းကို နှိုင်းယှဉ်ပြခြင်းဖြစ်၏။

သို့ဖြစ်ပါသောကြောင့် မန္တန်ဝိဇ္ဇာရေလမ်းစဉ်တွင် မြန်မြန်နှင့်ထိထိရောက်ရောက်ဖြစ်လိုပါက မန္တန်တစ်ပုဒ်တည်းကို စွဲမြဲစွာကျင့်ရန် လိုအပ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

## မန္တန်လမ်းစဉ်ဖြင့်သာ ထွက်ရပ်ပြုနိုင်မည်လော

ဤကဲ့သို့ မန္တန်တစ်ပုဒ်တည်းကို စွဲစွဲမြဲမြဲကျင့်ကြံခြင်းဖြင့် ထွက်ရပ်ပြုနိုင်ပါမည်လောဟု မေးရန်ရှိပါသည်။ ဤမေးခွန်းအတွက်ဖြေရပါမူ ဖြစ်ပါသည်ဟု ဖြေပါသည်။ သို့သော် တစ်ဆက်တည်းပင် အခြားသောအခြေအနေများသို့ ပြောင်းလဲသွားနိုင်ပါသည်ဟုလည်း ဖြေရပါမည်။

အဘယ်ကြောင့်ဆိုသော် ဦးစွာမန္တန်လမ်းစဉ်ကို ကျင့်ခြင်းသည် အလွယ်ကူဆုံးနှင့် ဖြစ်နိုင်ခြေအရှိဆုံး ဝိဇ္ဇာရေလမ်းစဉ်ကို စတင်ရွေးချယ် ကျင့်သုံးခြင်းဖြစ်၏။ တစ်နည်းအားဖြင့် မိမိထံ၌ ဝိဇ္ဇာရေမျိုးစေ့ဗီဇအခံ ပဌာန်းဆက်အထုံမည်မျှရှိသည်ကို စမ်းသပ်ကာ စက်နှိုးလိုက်သည့်သဘောမျိုး ဖြစ်၏။

ထိုသို့မန္တန်ကျင့်ပြီး ဝိဇ္ဇာရေပဌာန်းဆက်အထုံကို နှိုးလိုက်သည့်အခါတွင် အပြောင်းအလဲများစွာ ဖြစ်လာနိုင်၏။မူလဗီဇအထုံအရ မိမိ၌အင်းစမက်စွရှိခဲ့ပါက အင်းစမဆိုင်ရာအကြောင်းများပေါ်ပေါက်လာမည်။ အဂ္ဂိရတ်အထုံရှိခဲ့ပါက အဂ္ဂိရတ်ဝိဇ္ဇာရေ ပညာရပ်ဆိုင်ရာအကြောင်းများပေါ်ပေါက်လာမည်၊လုပ်ကိုင်လိုသောစိတ်ဆန္ဒများပေါ်ပေါက်လာမည်ဆိုပါက အဆိုပါလမ်းစဉ်သို့ မလွဲမသွေ ပြောင်းလဲကျင့်သုံးသွားမည်သာဖြစ်၏။

ဤသည်ကိုထောက်ရှုပါက မိမိသည် အတိတ်ဘဝများစွာတို့၌မည်သည့် ဝိဇ္ဇာရေလမ်းစဉ်ဖြင့် အထုံအဆက်များခဲ့သည်ကို သိလိုက်ရခြင်းပင် ဖြစ်ပါသည်။ ထိုလမ်းစဉ်သည်ပင် မိမိအဖို့ပါရမီအကြီးဆုံးသော လမ်းစဉ်ပင်ဖြစ်ပါသည်။ ထိုပါရမီခံတတ်ခံသည်ပင် အကောင်းဆုံးသော ထွက်ရပ်ပေါက်ဖြစ်နိုင်ခြေအရှိဆုံးသော လမ်းစဉ်ပင်ဖြစ်နိုင်ပါသည်။

ထိုသို့ဖြစ်လျှင် မူလမန္တန်လမ်းစဉ်မှ ပါရမီဆက်ရှိသည့်လမ်းစဉ်သို့ ပြောင်းလဲကျင့်သုံးရမည်သာ ဖြစ်၏။ ဤသည်သာ မိမိ၏ပဓာနလမ်းစဉ်ဖြစ်တော့၏။ အမှန်တကယ် ကြိုးစားအားထုတ်လျှင် လုံးဝပေါက်ရောက်နိုင်သောအခြေအနေပင်ဖြစ်တော့၏။

## တပည့်အဆင်သင့်ဖြစ်လျှင် ဆရာရှင်ရောက်လာမည်

မိမိ၏ပါရမီဆက်ရှိသော၊ ပဌာန်းဆက်ရှိသော ဝိဇ္ဇာရေလမ်းစဉ်ကိုကျင့်ကြံအားထုတ်ရင်း တစ်စတစ်စအားကြီးပြည့်စုံသည့်အခြေအနေသို့ရောက်ရှိလာသည့် တစ်နေ့တွင် မိမိနှင့်သက်ဆိုင်သောဆရာရှင်သည် မိမိထံသို့ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာမည်ဖြစ်၏။ ဆရာရှင်အားတွေ့ရန် တကူးတက လိုက်လံရှာဖွေစရာမလိုတော့ပေ။

ထိုသို့မဟုတ်မူဘဲ အချိန်မတိုင်မီ

မိမိကသာ ဆရာရှင်ကို တွေ့လိုဇောဖြင့် အပြင်းအထန် မည်မျှရှာဖွေသည်ဖြစ်စေ ဆရာရှင်ကို တွေ့ရနိုင်သည်မဟုတ်ပေ။ ထိုအခါမျိုးတွင် ဖြစ်နိုင်သည်မှာ မိမိ၏ ရှေ့လောတကြီးဖြစ်နေမှုကြောင့် ဆရာဟုထင်ရသည့်ပုဂ္ဂိုလ်အတုမျိုးနှင့်သာဆုံစည်းရနိုင်ခြေရှိပါသည်။ ထိုအခါတွင် အခြေအနေသည် များစွာပြောင်းလဲသွားနိုင်ပြီး ဆုတ်ယုတ်နိုင်ခြေလည်းရှိနိုင်ပါသည်။ အချိန်ကုန်လူပမ်းလည်းဖြစ်တတ်ပါသည်။ များစွာသတိရှိရန်လိုပါသည်။ စိတ်ရှည်သည်းခံနိုင်စွမ်းလည်းလိုမည်ဖြစ်ပါသည်။

တစ်ဖန် ထိုသို့သော ဆရာရှင်အစစ်နှင့်တွေ့ရမည့်အချိန်တွင် ဆရာရှင်တည်းဟူသောပုဂ္ဂိုလ်သဘောနှင့်မတွေ့ဘဲ ပညာသဘောနှင့်တွေ့ရသည်များလည်းရှိပါသည်။ထိုသဘောကိုနားလည်ရန်လိုပါသည်။ ဤတွင် ပုဂ္ဂိုလ်နှင့်တွေ့တွေ့၊ ပညာနှင့်တွေ့တွေ့ သဘောကားအတူတူပင်ဖြစ်ပါသည်။ သို့တည်းမဟုတ် ပုဂ္ဂိုလ်လည်းမဟုတ်၊ ပညာလည်းမဟုတ်သောအခြားသောအသွင်များဖြင့်ရောက်ရှိလာတတ်သည်များလည်းရှိပါသည်။ မိမိအနေဖြင့်သာ ပညာ၊ သတိ၊ ဆင်ခြင်ဉာဏ်တို့ဖြင့်သာအမိအရဆုပ်ကိုင်နိုင်ရန်လိုပါသည်။ မည်သို့သော အသွင်ဖြင့်လာသည်ဖြစ်စေ ထိုအရာအားလုံးသည် မိမိအားဝိဇ္ဇာဓရပညာလမ်းစဉ်တွင်အဆင့်တက်ပေးမည့်ဆရာရှင်များသာဖြစ်သည်ဟုနားလည်ရမည်သာဖြစ်၏။

မိမိနှင့်အတိတ်ပါရမီပဋ္ဌာန်းဆက်ပုဂ္ဂိုလ်တစ်ပါးပါးသည် ဝိဇ္ဇာလောကထဲ၌ရှိနေလျှင်ပုဂ္ဂိုလ်ရောက်လာမည်ဖြစ်၏။ ထိုသို့ပုဂ္ဂိုလ်မျိုးမရှိလျှင် သက်ဆိုင်ရာတို့ကအခြားတစ်နည်းနည်းဖြင့် မိမိထံ ပို့ဆောင်ပေးမည့်သဘောဖြစ်၏။

ပုဂ္ဂိုလ်လည်းရောက်မလာ၊ ပညာလည်းရောက်မလာသည့်အခြေအနေမျိုးလည်း ရှိကောင်းရှိပေမည်။ သို့တည်းမဟုတ် ကာယကံရှင်အနေဖြင့် ရောက်ရှိလာသည့်အခြေအနေကို သတိမပြုမိသည်လည်းဖြစ်နိုင်ပါသည်။အမှုမဲ့အမှတ်မဲ့ဖြစ်သွားနိုင်သည်မျိုးလည်းဖြစ်နိုင်ပါသည်။ အတွေးချော်သွားပါက မည်သို့ဆက်လက်လုပ်ဆောင်ရပါမည်နည်းဟုစောကြောရန်ရှိ၏။

ထိုအခါတွင် ရှေးခေတ်ကာလကတည်း ဝိဇ္ဇာဓရအန္တိမလမ်းစဉ်အတွက် အတွင်းစခန်းမှ ဆရာရှင်များကလောကရှိ ဝိဇ္ဇာလမ်းစဉ်ဆိုင်ရာပါရမီဆက်ပဋ္ဌာန်းဆက်ရှိသည့် ပုဂ္ဂိုလ်များအတွက်ရည်ရွယ်ပြီးချထားပေးထားသည့်အန္တိမပညာလမ်းစဉ်များရှိပါသည်။ထိုအန္တိမပညာလမ်းစဉ်များကို ပေပုရပိုက်များ အဖြစ်လည်းကောင်း၊ ကျမ်းများအဖြစ်လည်းကောင်း မှတ်တမ်းတင်ထားသည်များရှိပါသည်။ ထိုကိုရွေ့ထုတ်အသုံးချတတ်ရန်သာလိုပါသည်။ဤအန္တိမပညာလမ်းစဉ်တို့သည်လည်းအတွင်းစခန်းမှ ချပေးထားခြင်းဖြစ်ပါသည်။

အခြားသောအကြောင်းခြင်းရာနှင့်ပတ်သက်၍ ထူးခြားမှုမရှိသည့်လမ်းစဉ်ဆိုင်ရာ ပုဂ္ဂိုလ်များအတွက် ရည်ရွယ်၍ချထားပေးခြင်းဖြစ်၏။ ကာယကံရှင်အနေဖြင့် အစစ်အမှန်လမ်းစဉ်ပညာကိုရွေးထုတ်အသုံးချတတ်ရန်သာ လိုပါသည်။

ထို့အတွက်မန္တန်ဝိဇ္ဇာဓရလမ်းစဉ်နှင့်ပတ်သက်ပြီး အန္တိမ မန္တန် (၀၁) ထွက်ရပ်ပေါက်မန္တန်တစ်ပုဒ်ကို ဖော်ပြလိုပါသည်။ အဆိုပါ အန္တိမထွက်ရပ်ပေါက်မန္တန်မှာ ဝိဇ္ဇာမယိဒ္ဓိမော် (၉)ဂါထာဖြစ်ပါသည်။ အဆိုပါဂါထာများကို မင်းကိုးပါးဂါထာဟုလည်းခေါ်ပါသည်။

## ဝိဇ္ဇာမယိဒ္ဓိမော် (၉) ဂါထာ

ယခုဖော်ပြမည့်ဝိဇ္ဇာမယိဒ္ဓိ (၉) ဂါထာသည် ကပ္ပါလကာရဝိဇ္ဇာဓရကျမ်းတွင်ပါရှိသော ထွက်ရပ်ပေါက်မန္တန်ဖြစ်သကဲ့သို့ အန္တိမလမ်းစဉ်ဆိုင်ရာမန္တန်လည်းဖြစ်၏။ ထိုသည် ဝိဇ္ဇာဓရဆိုင်ရာမင်းကိုးပါးကိုကိုယ်စားပြုသည့်မန္တန်လည်းဖြစ်၏။

## ဝိဇ္ဇာဓရမင်း (၉)ပါး

၁။ ပြဟ္မာမင်း၊
၂။ သိကြားမင်း၊
၃။ သူရိယနေမင်း၊
၄။ စန္ဒြလမင်း၊
၅။ ဝိဇ္ဇာမင်း၊
၆။ ရေနတ်မင်း၊
၇။ ဂဠုန်မင်း၊
၈။ နဂါးမင်း၊
၉။ ခြသ္ေ့မင်း၊

တို့ဖြစ်၏။ အဆိုပါကိုးဂါထာသည် ဝိဇ္ဇာဓရမင်းကိုးပါးတို့၏ဆုတောင်းဂါထာများပင်ဖြစ်ပါသည်။ ထိုမန္တန်များကို ကျင့်ကြံအားထုတ်သည့်ပုဂ္ဂိုလ်များအနေဖြင့် ထိုမင်းကိုးပါးတို့၏ ဂုဏ်၊ ဟိတ်၊ အစွမ်းသတ္တိများကို ရရှိစေနိုင်ခြင်း၊ အဆိုပါပုဂ္ဂိုလ်များ၏အစောင့်အရှောက်ကိုခံယူရှိခြင်း၊ ထွက်ရပ်ပေါက်စေခြင်း၊ လက်ငင်းကျင့်ကြံနေစဉ်ကာလအတွင်း လိုလေသေးမရှိ ပြီးပြည့်စုံစေခြင်းစသည့် အကျိုးထူးများစွာကို ရရှိခံစားစေနိုင်မည်ဖြစ်ပါသည်။

## ဝိဇ္ဇာမယိဒ္ဓိမော်ဆုတောင်း (၉) ဂါထာ

၁။ ဗုဒ္ဓါဒိရတနတ္တယံ၊ ဝန္ဒိတွာန စသာဒရံ။
သီလာနိပရိပူရေတွာ၊ စတုအင်္ဂရယောဂတော။

၂။ အဆင္ဓ ဘဇ္ဇကာယောမှိ၊ သဗ္ဗာ ဝုဓပရိတ္တေကော။
ဣမိနာသည် ပရေနာပိ၊ သမတ္ထော ကရိတုံ ဣမံ။

၃။ သဗ္ဗဗန္ဓနဆိန္ဒေါပိ၊ အန္တာဗဟိ ဖော်န္တံဝါ။
အနန္တဗလဝါယောမှိ၊ နသေက္ကာ ဂဏှိတုံသဒါ။

၄။ ဆာယာမတ္တမ္ပိနာဒိဿော၊ နသုဏော သရမတ္တကံ။
ဥဒ္ဒကံမဟန္တံဝါပိ၊ မဟန္တံ အပ္ပကံကရေ။

၅။ ဥတကာကာသဓာရိကော၊ မဟိနိမုဇ္ဇကောဘဝေ။
သုဝဏ္ဏရဇတာဒိနိ၊ ယဒိစ္ဆိတလာ ရောသဒါ။

၆။ ကောဋ္ဌာဂါရာဒိကံသဗ္ဗံ၊ ပုမိတ္တိ ပီယ သံယုတံ။
သဟာသာယုစိန္တာညာဏော၊ ဒူရမ္ပိသမီပံဘဝေ။

၇။ ဝိဇ္ဇန္တရာ တဒါသဗ္ဗေ၊ ပဿန္တေသု တမတ္တကော။
ပကာသေတွာအတ္တသိပ္ပံ၊ မမံဒက္ခန္တုတေသဒါ။

၈။ ပရိဝါရေတွာနိသိန္နေ၊ မမတ္တံ ဂရုံကရောန္တော။
ဝဟန္တုတေ အဓိပ္ပါတံ၊ သဗ္ဗဝိဇ္ဇာ ပယုတ္တာနံ။

၉။ ယထာဝုတ္တာနိဖလာနိ၊ သမိဒ္ဓ တုယထိစ္ဆိတံ။
စတုဓာတုပသိဒ္ဓေန၊ မဟန္တအတ္ထ ဒဿိနာ။

အထက်ပါမော်ဆုတောင်း (၉) ဂါထာ၏ အနက်အဓိပ္ပာယ်တို့သည်ဝိဇ္ဇာလောကဆိုင်ရာနှင့်ပတ်သက်လျှင် အထူးပင်ကျယ်ပြန့်သကဲ့သို့ အရေးကြီးသောသဘောတရားများလည်းဖြစ်နေပါသည်။ ထိုကိုဆက်လက်ဖော်ပြပါမည်။

ရှေ့လဆက်ဖတ်ပါရန်
ဆက်ထွန်းသင်း

# အေးပုလဲငွေစိန်သိုက်သမိုင်းနှင့် မငွေစိန်၏အချစ်ဇာတ်လမ်း

## မင်းသန့်ကျော်(ဦးကျွန်း)

(၁)

အနုပညာရှင်များတွင်အချို့သည် မိဘဘိုးဘွားများကအနုပညာရှင်ဖြစ်၍ ငှက်ပျောပင်စိုက်မိလိုက်ဘလာဆိုသည့် အတိုင်းအနုပညာရှင်ဖြစ်လာသူများရှိ၏။ အချို့လူနည်းစုမှာ မိဘ၊ ဘိုးဘွားများက အနုပညာရှင်မဟုတ်ဘဲတစ်မိပေါက်တစ် ယောက်ထွန်းဆိုသောစကားအတိုင်းမိမိ တစ်ဦးတည်းအနုပညာကိုထူးကဲစွာဝါသ နာပါပြီးအနုပညာရှင်ဖြစ်လာသူများလည်း ရှိ၏။

ဤဇာတ်လမ်းသည်ကျွန်ုပ်အလယ် တန်းကျောင်းသားဘဝကဖြစ်လေသည်။ ကိုဘဟန်သည် ကျွန်ုပ်နှင့်ညီအစ်ကိုဝမ်း ကွဲတော်စပ်လေသည်။ ကျွန်ုပ်ကသူ့အား အစ်ကိုလေးဟုခေါ်လေသည်။ ကိုဘ ဟန်သည်ငယ်စဉ်ကမိဘများကကျောင်း ထားပေးသော်လည်းပညာရေးကိုဆုံးခန်း တိုင်အောင်မသင်ကြားချေ။ သူသည် ရုပ် ရှင်သရုပ်ဆောင်ပညာကို အလွန်စိတ် ဝင်စား၏။ ကိုဘဟန်သည် ရုပ်ချောလေ သည်။ အသားဖြူဖြူ အရပ်ရှည်ရှည်ဖြင့်



အစ်ကိုလေးကိုဘဟန်မှာ ဒုတိယ အမျိုးအစားတွင်ပါဝင်၏။ ကိုဘဟန် သည် အနုပညာမျိုးရိုးမှဆင်းသက်လာ ခြင်းမဟုတ်ပေ။ သူ၏အဘိုးမှာ ရွှေပန်း တိမ်ဆရာကြီးဦးတာဖြစ်ပြီး အဘွားမှာ ဒေါ်စိန်မြဖြစ်လေသည်။ ရွှေပန်းတိမ် ဆရာကြီးဦးတာဒေါ်စိန်မြဆိုလျှင် အိုး သည်ကုန်းမြို့ကလေးတွင်သာမက အနီး အနားမြို့များအထိ ကျော်ကြားသည့် ပုဂ္ဂိုလ်များဖြစ်လေသည်။

အလွန်ကြည့်ကောင်းသူ လူငယ်တစ်ဦး ဖြစ်လေသည်။ အိမ်မှာဆိုလျှင် သူသည် ကိုယ်လုံးပေါ် မှန်ကြီးကိုရှေ့မှာထားလျက် အမူအယာအမျိုးမျိုးကို သရုပ်ဆောင်နေ တတ်လေသည်။ ထိုသို့ သရုပ်ဆောင်ရ သည်ကို သူအလွန်ဝါသနာပါလေသည်။ ထိုဝါသနာကိုသူ့မိဘများနှင့်အဘိုးအဘွား တို့ကအားမပေးချေ။ သို့ရာတွင် လူကြီး



ချစ်ရှင်မောင်း
၂၀၂၄ခုနှစ် ဖြတ်လာ အတွဲ(၂၇)အမှတ်(၀)

များမရှိခိုက် သူလုပ်မြဲဖြစ်လေသည်။ ထိုခေတ်က ရုပ်ရှင်ကားများသည် အဖြူအမည်းရုပ်ရှင်များဖြစ်ရာ ထွက်ပေါ်လာသမျှရုပ်ရှင်များကို သူမလွတ်တမ်းကြည့်ရှု၍ ထိုအထဲတွင်ပါဝင်သော မင်းသား၊ မင်းသမီးများ၏ ဟန်ပန်အမူအယာများကိုအတုခိုးကာ လိုက်လုပ်ခြင်းဖြစ်လေသည်။

တစ်နေ့တွင် ကိုဘဟန်သည် ဂုံညင်းတန်းရွာသို့ကိစ္စတစ်ခုရှိ၍ သူငယ်ချင်းတစ်ယောက်နှင့်အတူသွားရာမှ သူ့ဘဝပြောင်းလဲသွားခြင်းဖြစ်သည်ဟုပြောနိုင်လေသည်။ ဂုံညင်းတန်းသည် အိုးသည်ကုန်းမြို့မှ (၂) မိုင်ခန့်ဝေးလျက် ရန်ကုန်-ပြည် မော်တော်ကားလမ်းပေါ်တွင်တည်ရှိကာထမင်းဆိုင်လက်ဖက်ရည်ဆိုင်များဖြင့်အလွန်စည်ကားသောဒေသတစ်ခုဖြစ်လေသည်။ ရန်ကုန်မှပြည်သို့လည်းကောင်း၊ ပြည်မှရန်ကုန်သို့လည်းကောင်း အစုန်အဆန်သွားလာကြသော မော်တော်ယာဉ်များသည်ထိုဂုံညင်းတန်း၌တစ်ထောက်နားလေ့ရှိကြလေသည်။

ကိုဘဟန်ဂုံညင်းတန်းသို့ရောက်ရှိသောအခါလက်ဖက်ရည်ဆိုင်၌လက်ဖက်ရည်သောက်နေစဉ်ထိုဆိုင်တွင်ထမင်းစားနေသောရုပ်ရှင်အဖွဲ့ကသူ့အားတွေ့သွားလေသည်။ ရုပ်ရှင်အဖွဲ့သည် မြန်မာနိုင်ငံအထက်ပိုင်းတွင် ရုပ်ရှင်ရိုက်ပြီး၍ပြန်လာသောအဖွဲ့ဖြစ်လေသည်။ မင်းသားမင်းသမီးတို့မှာ ရန်ကုန်သို့ရထားဖြင့်ပြန်သွားပြီးဖြစ်ပြီး ရုပ်ရှင်ဒါရိုက်တာနှင့်စက်အဖွဲ့မှာမော်တော်ကားဖြင့်ပြန်လာကြခြင်းဖြစ်လေသည်။

ရုပ်ရှင်အဖွဲ့တွင်ပါလာသော ဒါရိုက်တာကြီးက ကိုဘဟန်အားမြင်သွားသောအခါ ပြောပုံဆိုပုံအမူအယာများကိုအကဲခတ်ပြီး ရုပ်ရှင်ထဲဝင်လိုခြင်းရှိမရှိမေးမြန်းလေသည်။ ကိုဘဟန်လည်း အလွန်အံ့ဩကာ ယခုလိုရုပ်ရှင်အဖွဲ့ကိုတွေ့ရ၍ဝမ်းသာကြောင်း၊ရုပ်ရှင်ထဲဝင်ရန်အလွန်ဝါသနာပါကြောင်း၊ ဖြစ်နိုင်လျှင် ရုပ်ရှင်ထဲဝင်လိုကြောင်း၊ ပြည့်စုံစွာရှင်းပြလိုက်ရာဒါရိုက်တာကြီးကသူ့အားရုပ်ရှင်ကုမ္ပဏီလိပ်စာကိုပေး၍ ကိုဘဟန်အားရုပ်ရှင်ထဲဝင်လိုပါက ရန်ကုန်သို့လာခဲ့ရန်ပြောကြားလေသည်။

ကိုဘဟန်သည် အဆက်အသွယ်မရှိ၍သာ ရုပ်ရှင်ထဲမဝင်ရခြင်းဖြစ်ရာ ယခုကဲ့သို့ဒါရိုက်တာကြီးတစ်ယောက်ကခေါ်သောအခါ အလွန်ဝမ်းသာပြီး အိမ်ရောက်သော် မိဘများအားအကျိုးအကြောင်းပြောပြလေသည်။ ကိုဘဟန်ကျောင်းနေခြင်းကိုစွန့်လွှတ်၍ ရုပ်ရှင်ထဲဝင်ရန်မိဘများက သဘောမတူချေ။ ကျောင်းပညာကိုဆုံးခန်းတိုင်အောင်သင်ပြီးမှခွင့်ပြုမည်ဟု ပြောလေသည်။

ကိုဘဟန်သည် ရုပ်ရှင်သရုပ်ဆောင်ဖြစ်လိုသည့်စိတ်ကို တားမရဆီးမရဖြစ်နေသည့်အတွက် ရုပ်ရှင်ထဲခြေစုံပစ်၍ဝင်တော့မည်ဟူ၍ စိတ်ကိုဒိုးဒိုးချဆုံးဖြတ်ကာ ကျောင်းစာကိုပစ်ပြီးမိဘများမရှိသည့်တစ်နေ့တွင် မိမိပိုင်အဝတ်အစားကလေးများကို အိတ်တစ်လုံးထဲထည့်ကာဂုံညင်းတန်းကားဂိတ်မှတစ်ဆင့်ကားစီးကာရန်ကုန်မြို့ကြီးသို့လိုက်လာခဲ့လေသည်။

ရန်ကုန်သို့ ရောက်သောအခါ လိပ်စာအတိုင်းစုံစမ်းမေးမြန်း၍လာခဲ့ရာ ဒါရိုက်တာကြီးပေးခဲ့သောလိပ်စာအတိုင်း ရုပ်ရှင်ကုမ္ပဏီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့လေသည်။ ဒါရိုက်တာကြီးကိုလည်း ကားရိုက်နားချိန်ဖြစ်၍ အိမ်တွင်အခန့်သင့်တွေ့ရ၏။ ဒါရိုက်တာကြီးကသူ့အား ကောင်းစွာကြိုဆိုလက်ခံပြီးနေစရာအခန်းတစ်ခန်းပေးကာသရုပ်ဆောင်ပညာများကို အခြားတပည့်သုံးလေးဦးနှင့်အတူသင်ပြပေးလေ၏။ ရုပ်ရှင်ရိုက်ကွင်းရှိရာများသို့လည်းခေါ်သွားပြီးအခြားသရုပ်ဆောင်များသရုပ်ဆောင်သည်ကိုလေ့လာစေ၏။

တစ်လခန့်ကြာသောအခါ ကိုဘဟန်သည် သရုပ်ဆောင်ပညာကို တီးမိခေါက်မိရှိသဖြင့် ကိုယ်တိုင်လည်း မိမိအခန်းထဲတွင် သရုပ်ဆောင်ကြည့်လေသည်။ ရိုက်ကွင်းများကို လိုက်ရသဖြင့်လည်း စက်ပိုင်းဆိုင်ရာအတတ်ပညာများကိုရလေသည်။

ကိုဘဟန်သည် ရန်ကုန်ရောက်သောအခါ သူ့ကိုစိတ်ချနေရန် မစိုးရိမ်အတွက် မိဘများထံသို့ စာတစ်စောင်ရေးလိုက်လေသည်။

(၂)

ရုပ်ရှင်ဒါရိုက်တာကြီးသည် ကိုဘဟန်၏အမူအရာသရုပ်ဆောင်ချက်များကို အထပ်ထပ်စစ်ဆေးကြည့်ရှုပြီးနောက် သူ့ကုမ္ပဏီမှဒေးပလိန်းငွေစိန်ဟူသောရုပ်ရှင်ကားတွင်ပါဝင်သရုပ်ဆောင်ခွင့်ပြုလိုက်လေသည်။ ဒေးပလိန်းငွေစိန်ဇာတ်ကားမှာဒေးစွန်းပါသိုက်သမားကား၏အဆက်ဟုလည်း ဆိုနိုင်လေသည်။ ထိုကားတွင် ကိုဘဟန်သည် မင်းသားအခန်းမှမဟုတ်သေးဘဲ ဇာတ်ရံအခန်းမှသရုပ်ဆောင်ရခြင်းဖြစ်၏။ ထိုအချိန်က နာမည်ကြီးမင်းသား၊ မင်းသမီးများနှင့်အတူသိုက်သမိုင်းကားများတွင် မပါလျှင်မဖြစ်သောတာတေကြီးနှင့် ဒေါ်မြလေးတို့လည်းထိုကားတွင်ပါဝင်၏။

အိုးသည်ကုန်းမြို့တွင် ရုပ်ရှင်ရုံမရှိချေ။ ရုပ်ရှင်ကြည့်လိုပါက မင်းလှမြို့သို့သွားကြည့်ရလေသည်။ အိုးသည်ကုန်းနှင့်မင်းလှမှာ ရထားလမ်းအတိုင်းဆိုပါက(၅)မိုင်ခန့်ဝေးပါသည်။ လမ်းလျှောက်သွားလျှင်(၂)နာရီခန့်ကြာလေ၏။ ကိုဘဟန်ပါဝင်သော ဒေးပလိန်းငွေစိန်ရုပ်ရှင်ကားမင်းလှမြို့လှသီရိရုပ်ရှင်ရုံတွင်ပြသောအခါအိုးသည်ကုန်းသို့ကြော်ငြာလှည့်လာလေသည်။

ရုပ်ရှင်ကြော်ငြာသူ၏ အပြောကောင်းမှုကြောင့်တစ်ကြောင်း၊ကိုဘဟန်အိုးသည်ကုန်းမြို့သားဖြစ်၍ သူပထမဆုံးသရုပ်ဆောင်သော ရုပ်ရှင်ကိုအားပေးရန်တစ်ကြောင်းတို့ကြောင့်အိုးသည်ကုန်းမှဆွေမျိုးများမိတ်ဆွေသူငယ်ချင်းများသည် မင်းလှသို့ ရုပ်ရှင်ကြည့်ရန်လမ်းလျှောက်၍သွားကြလေသည်။ ကျွန်ုပ်နှင့်သူငယ်ချင်းများလည်း ကျောင်းပိတ်ရက်ထိစောင့်ကာ ထိုရုပ်ရှင်ကိုကြည့်ရန်သွားကြလေသည်။

ကျွန်ုပ်တို့ သူငယ်ချင်းများသည် ရထားလမ်းအတိုင်း လမ်းလျှောက်သွားကြရာ လမ်းတစ်ဝက်ခန့်သို့အရောက်တွင် ရထားလမ်းနှင့်မနီးမဝေးရှိ ရွာကြီးတစ်ရွာတွင် အလှူပေးနေသည်ကိုမြင်ရ၏။ အလှူရှင်မှာ ပိုက်ဆံချမ်းသာသောလယ်ပိုင်ရှင်တစ်ဦးဖြစ်ရာ ထိုအလှူတွင်ကြည့်ချင်ပွဲအဖြစ်ပြည်မြို့မှဇာတ်ကလေးတစ်ဇာတ်ကို (၂) ညငှားရမ်း၍ကပြမည့်အကြောင်း၊ ယခုညသည်ပထမညဖြစ်ကြောင်းတို့ကို လမ်းတွင်မိတ်ဆွေတစ်ဦးမှပြောပြ၍သိရပါသည်။ ရွာအနီးလယ်ကွင်းထဲတွင်လည်းဇာတ်ရုံတစ်ရုံထိုးထားပြီးဇာတ်ရုံပတ်ပတ်လည်တွင်ပွဲဈေးရောင်းချရန်ဆိုင်နေရာများပြုလုပ်ထားကြောင်းမြင်တွေ့ရပါသည်။ ကျွန်ုပ်တို့သည်ပွဲကြည့်လိုသော်လည်း လူကြီးများကိုခွင့်မတောင်းခဲ့ရသဖြင့်ပွဲကြည့်လိုခြင်းကိုလက်လျှော့လိုက်ရပါသည်။

ကျွန်ုပ်တို့သူငယ်ချင်းတစ်စုသည် မင်းလှမြို့သို့ရောက်သောအခါ လှသီရိရုပ်ရှင်ရုံသို့တန်း၍သွားကြပါသည်။ လှသီရိရုပ်ရှင်ရုံသည် ရုပ်ရှင်ပြခါနီးတွင် ရတနာပုံသီချင်းကိုဖွင့်မြဲဖြစ်ရာယခုလည်း

ကျွန်ုပ်တို့ရောက်သွားသောအခါရတနာပုံ သီချင်းကိုဖွင့်နေလေပြီ။

ဒေးပလိန်းငွေစိန်ရုပ်ရှင်ဇာတ်ကားကို လှသီရိရုပ်ရှင်ရုံသည် တစ်နေ့လျှင် (၄) ပွဲမျှပြသရကြောင်းသိရ၏။ သရုပ်ဆောင်ကိုဘဟန်မှာအိုးသည်ကုန်မြို့သားဖြစ်သော်လည်း မင်းလှနှင့်အိုးသည်ကုန်မှာနှစ်မြို့တစ်မြို့လိုနေထိုင်ကြခြင်းကြောင့် ရုပ်ရှင်ကြည့်ပရိသတ်များပြားနေခြင်းဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပထမပွဲများတွင် လက်မှတ်မရှိဘဲ နောက်ဆုံးည(၇)နာရီပြသောပွဲတွင်မှလက်မှတ်ရပါသည်။ ပထမပွဲများတွင် လက်မှတ် (၂)စောင်(၃)စောင်မျှရရှိသော်လည်းကျွန်ုပ်တို့သူငယ်ချင်းများမှာအားလုံး(၇)ယောက်ဖြစ်သောကြောင့် အားလုံးအတူကြည့်ရန်ည(၇)နာရီပွဲကိုဝယ်ယူလိုက်ခြင်းဖြစ်ပါသည်။

ညစာထမင်းစားချိန်တွင် ကျွန်ုပ်တို့သည် ရုပ်ရှင်ရုံနားတွင်ရောင်းချနေသောမုန့်ဟင်းခါး၊ ခေါက်ဆွဲသုပ်၊ ထမင်းသုပ်များ ရောင်းချသောဆိုင်တွင် မိမိစားလိုရာကိုမှာစားကြပြီး (၇) နာရီပွဲပြချိန်ကိုစောင့်ကြရပါသည်။

ည (၇) နာရီထိုးခါနီးသောအခါ ကျွန်ုပ်တို့လည်း ရုပ်ရှင်ရုံတွင်းသို့ဝင်ရောက်ကြပါသဖြင့်ဒေးပလိန်းငွေစိန်ဇာတ်ကားမှာ ကိုဘဟန်ပါ၍သာလာရောက်ကြည့်ရှုကြခြင်းဖြစ်ပြီး ဇာတ်လမ်းကိုကောင်းစွာမမှတ်မိတော့ပါ။ ဒေးစွန်ပါသိုက်သမိုင်းကား၏အဆက်ဟု ဆိုနိုင်သောဇာတ်ကားဖြစ်ပါသည်။ ကိုဘဟန်သည် ထိုကားထဲတွင် ရေငန်ပိုင်ရှင်ကြီးအဖြစ် သရုပ်ဆောင်ရသည်လို့သာ မှတ်မိတော့၏။ ထို့အပြင် ဇာတ်ကားထဲတွင် ပါဝင်သောဥစ္စာစောင့်မချောချောကလေးများကိုလည်းမှတ်မိ၏။ တာတေကြီးနှင့်ဒေါ်မြလေးတို့ကိုလည်းမှတ်မိလေသည်။ သိုက်ဆရာများသိုက်တူးရန်ရောက်လာကြသောအခါ ဆေးကြိမ်လုံးနှင့်ရိုက်လိုက်ရာ သိုက်တံခါးပွင့်သွားပုံ သိုက်ဆရာများရှုံးနိမ့်၍ ခွေးပြေးဝက်ပြေးပြေးကြရပုံများကိုလည်းမှတ်မိလေသည်။

ရုပ်ရှင်သည် ည (၉) နာရီခန့်တွင် ပြီးလေသည်။ ကျွန်ုပ်တို့သူငယ်ချင်းတစ်စုလည်း ဓာတ်မီးများထိုးကာ ရထားလမ်းအတိုင်း စကားတပြောပြောနှင့်ပြန်လာကြလေသည်။

အလှူရှိသော ရွာအနီးသို့ရောက်သောအခါ အလှူမှပြသောဇာတ်သဘင်မှာပွဲစထွက်နေလေပြီ။ကျွန်ုပ်တို့ဖြတ်လာချိန်တွင်အော်ပရာကနေပုံရ၏။ မီးရောင်များထိန်လင်းနေသည်ကိုမြင်ရ၏။

(၃)

ကျွန်ုပ်တို့သူငယ်ချင်းတစ်စုသည် ရထားလမ်းအတိုင်း လျှောက်လာကြရာ ပွဲခင်းရှိသောရွာအလွန်တွင် လွန်စွာထူးဆန်းသောဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်တွေ့ကြုံရလေသည်။

လပြည့်ရက်ဖြစ်၍ ကောင်းကင်တွင် လသည်ထိန်ထိန်သာနေလေသည်။ ရထားလမ်းဘေးတစ်လျှောက်တွင် ကြီးမားသောကုက္ကိုပင်ကြီးများ ပေါက်လျက်ရှိရာ ကုက္ကိုပင်တစ်ပင်၏ ခြေရင်းတွင် ရွှေနန်းဝတ်နန်းစားဖြင့် မိန်းမပျိုတစ်ဦးသည် မျက်နှာကိုလက်နှင့်အုပ်ကာငိုရှိုက်လျက်ရှိသည်ကို ဓာတ်မီးရောင်တွင်မြင်ရလေ၏။

ကျွန်ုပ်တို့လူစုလည်း ထိုမိန်းမပျိုကိုမြင်လိုက်ရာ အံ့ဩလွန်း၍ ရှေ့ဆက်မသွားနိုင်ဘဲနေရာတွင်ပင်ရပ်တန့်၍ကြည့်နေမိ၏။ သူမသည်ကျွန်ုပ်တို့ကိုမြင်သောအခါ အငိုရပ်သွားပြီး အံ့အားသင့်လျက်ကြောင်ကြည့်နေလေသည်။ ပြီးမှ-

"ဒီကမောင်လေးတို့ ဘယ်ကိုသွားကြမှာလဲ"

ကျွန်တို့က ပြန်မဖြေသေးမီ သူမက-

"ဪ- ဒီလိုပါ ဖြစ်နိုင်ရင်မမကို ခေါ်သွားကြပါ"

သူမကိုကြည့်ရသည်မှာ တစ်မူထူးခြားနေ၏။ ယခုခေတ်မိန်းမပျိုလေးများဝတ်ပုံစားပုံနှင့်မဟုတ်ဘဲရွှေနန်းဝတ်နန်းစားများဖြင့်ဖြစ်နေခြင်းကြောင့် ကျွန်ုပ်တို့ကြည့်ခဲ့သောရုပ်ရှင်ကားထဲက သိုက်နန်းသူကလေးနှင့်တူနေလေသည်။ ထဘီမှာ အနီရောင်တွင် အစင်းကလေးများနှင့်ဖြစ်ပြီးအင်္ကျီမှာခါးထောင်အင်္ကျီဖြစ်လေသည်။ ရင်ဘတ်တွင် ပဝါအနီတစ်ထည်ကိုစည်းထားပြီးခေါင်းတွင်စည်းပုံကလေးနှင့်ဖြစ်၍ ကျွန်ုပ်တို့ကြည့်ဖူးသောဇာတ်ပွဲထဲကအပျိုတော်လေးနှင့်လည်းတူနေ၏။

"ဗျာ- ဘယ်လိုဖြစ်တာလဲ၊ မမက ဘယ်ကလဲ"

ကျွန်ုပ်တို့ပြောနေစဉ် ခင်မောင်ကျော်ကဝင်၍-

"ခင်ဗျားက သိုက်နန်းသူမဟုတ်လား၊ဘာလဲသိုက်ဆရာတွေကြောင့်လား၊ ခုသိုက်ဆရာတွေရောက်နေသလား၊ဘာမှမကြောက်နဲ့မောင်းတီးထုတ်လိုက် ခွေးပြေးဝက်ပြေးပြေးရလိမ့်မယ်"

ခင်မောင်ကျော်က ပူပူနွေးနွေးကြည့်လာခဲ့သောဒေးပလိန်းငွေစိန်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းတစ်ခန်းကို စိတ်ထဲစွဲနေ၍ထင်ပါသည်။သူထင်ရာမြင်ရာတွေဖွတ်ပြောနေရာအမျိုးသမီးလေးကနားမလည်စွာဖြင့်-

"ဪ- မောင်လေးတို့က မမကို သိုက်နန်းသူလို့ထင်နေတာကိုး၊ထင်လည်းထင်စရာပါပဲ၊ ဒီအဝတ်အစားတွေနဲ့ဆိုတော့ တကယ်တော့မမကဟိုးမှာကနေတဲ့ ဇာတ်ထဲကအပျိုတော်ပါ။ မမအခန်းကပြီးလို့အခန်းထဲဝင်ပြီးအဝတ်လဲမယ်လုပ်တုန်းဖြစ်တာပါ"

"ဖြစ်ပုံကိုပြောပါဦးဗျာ"

"ဒီလိုပါ ဇာတ်သမားတွေနေတဲ့ ဇာတ်ရုံနောက်ပိုင်းက လုံလုံခြုံခြုံမရှိပါဘူး၊ ဘယ်လောက်ပဲကာရံထားပါစေ မင်းသမီးအဝတ်လဲတဲ့နေရာကို ချောင်းကြည့်ကြလို့ စိတ်ပျက်ရပေါင်းများပါပြီ။ ခုဟာကချောင်းကြည့်တာမဟုတ်ပါဘူး။ အဝတ်အစားလဲမလို့အခန်းထဲလည်းဝင်လိုက်ရော အခန်းမှာကာထားတဲ့လိုက်ကာကလေးမလိုက်တယ်ဆိုရင်ပဲ လိုက်ကာကြားမှာ ပုန်းနေတဲ့လူတစ်ယောက်က မမကိုအတင်းဖက်တော့တာပဲ။ သူ့ကြည့်ရတာအရက်တွေသောက်ထားပြီး မူးနေတဲ့ပုံပါပဲ။ ဇာတ်ထဲက လူတွေကလည်း ကျရာအခန်းကိုသရုပ်ဆောင်ဖို့ ဇာတ်ခုံပေါ် ရောက်နေကြလို့ လူစိမ်းဟာ ဘယ်ကဝင်လာမှန်းမသိကြပါဘူး။ ဒါနဲ့ ကျွန်မလည်း ကြောက်တာနဲ့ အနီးမှာရှိတဲ့ဓားကိုယူပြီး အဲဒီလူကို ထိုးလိုက်မိတယ်။ သူလည်း 'အား' လို့အော်ပြီးလဲကျသွားတာနဲ့ ကျွန်မလည်း အဝတ်အစားတောင်မလဲနိုင်တော့ဘဲ တစ်ခါတည်းထွက်ပြေးလာတာပါပဲရှင်။ ပထမတော့ ဘယ်လိုပြေးလို့ပြေးရမှန်းမသိပါဘူး။ ဒါနဲ့ ခြေဦးနဲ့ဒူးတည့်ရာပြေးလာလိုက်တာ ဒီကုက္ကိုပင်ကြီးရောက်တော့မှမောမောနဲ့အပြေးရပ်ပြီး အမောဖြေနေတုန်းမောင်လေးတို့နဲ့တွေ့ရတာပါပဲ"

ကျွန်ုပ်တို့လည်း သူပြောသမျှကိုနားထောင်ကာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ အံ့ဩနေကြစဉ် ခင်မောင်ကျော်ကဝင်၍-

"ဓားနဲ့ထိုးတယ်ဆိုတော့ ဓားကဘယ်ကရတာလဲ"

"ဒီလိုပါရှင် ကျွန်မတို့အိပ်ဖို့ခင်းထားတဲ့ဝါးထရံပြားက ဝါးစလေးတွေထွက်နေလို့ ဖြတ်မလို့မီးဖိုထဲက ဓားကိုခဏယူထားတာပါ"

"အဲဒီဓားရော"

"အခန်းထဲမှာကျကျန်ခဲ့တယ်ထင်တာပဲကယ်ပါဦးရှင်ကျွန်မတော့လူသတ်မှုဖြစ်ပါပြီ"

အမျိုးသမီးသည် မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ကြုံကြုံပါအောင်ငိုနေပါသည်။ သူငယ်ချင်းတစ်ဦးက-

"ခင်ဗျားမှာ အုပ်ထိန်းသူမပါဘူးလား"

"ပါပါတယ်ရှင် ထမင်းချက်တဲ့ဒေါ်ပျော့ဟာ ကျွန်မအဒေါ်ပါ။ သူကနက်လင်းရင် ထမင်းချက်ဖို့မီးဖိုထဲမှာပြင်ဆင်နေတုန်းမို့ ကျွန်မတို့ဖြစ်တာတွေမသိပါဘူး"

ကျွန်ုပ်တို့လည်း အမျိုးသမီးလေး၏ဖြစ်ပုံကိုသိရှိပြီး မည်သို့ဆောင်ရွက်ရမည်ကို အချင်းချင်းတိုင်ပင်ကြ၏။ ဇာတ်ဆိုလိုက်ပို့ရမည်လား၊ရဲစခန်းခေါ်သွားရမည်လားမစဉ်းစားတတ်တော့ချေ။

နောက်ဆုံးကျွန်ုပ်က-

"အဲဒီလူကို ဓားနဲ့ထိုးမိတာသေသွားလား"

"ကျွန်မမသိတော့ပါဘူးရှင်၊ ဖြုန်းခနဲအဖက်ခံလိုက်ရတော့ လန့်ပြီးလုပ်မိလုပ်ရာလုပ်လိုက်မိတာပဲ။ ကျွန်မက ဓားနဲ့ထိုးလိုက်တော့ သူလည်းအားခနဲအော်ပြီးလဲကျသွားတာပဲရှင်"

ထိုသို့ပြောနေကြစဉ်ခပ်လှမ်းလှမ်းမှကျွန်ုပ်တို့ဆီသို့လာနေသော လူအုပ်ကြီးကိုမြင်ရ၏။ စုစုပေါင်း လူ (၁၀) ဦးခန့်ပါမည်ဟုထင်ရလေသည်။ သူတို့သည် ဓာတ်မီးတဝင်းဝင်းထိုးကာ ပါးစပ်မှလည်း တကြော်ကြော်အော်နေကြ၏။

"မငွေစိန် မငွေစိန် မင်းဘယ်မှာလဲ၊ တို့ရွာလူကြီးနဲ့ဇာတ်ထဲကလူတွေပါမင်းအဒေါ်လည်းပါတယ် ပုန်းနေရင်ထွက်တွေ့ပါ မကြောက်နဲ့"

ခင်မောင်ကျော်က-

"ခင်ဗျားနာမည် မငွေစိန်လား"

"ဟုတ်ပါတယ်ရှင်၊ မငွေစိန်ပါဘာဖြစ်လို့လဲ"

"ဒေးပလိန်းက မငွေစိန်တော့ဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးရှင်၊ ဒေးပလိန်းဆိုတာ မွန်ပြည်နယ်ထဲက ရွာတစ်ရွာပါ။ ကြားသာကြားဖူးပြီး မရောက်ဖူးပါဘူး"

"ဒါဆို ခင်ဗျားက သိုက်ထဲကဟုတ်ဘူးဆိုတာသေချာသွားတာပေါ့"

"ရှင်"

"ဩော်- ဒီလိုပါ၊ ကျွန်တော်တို့ကလဲဒေးပလိန်းငွေစိန်သိုက်သမိုင်းကားကိုကြည့်လာလို့ပါ"

မငွေစိန်ကိုရှာနေကြသော လူစုသည် ကုက္ကိုပင်ရင်း၌ စကားပြောနေကြသော ကျွန်ုပ်တို့ကိုမြင်သွားလေ၏။ ကျွန်ုပ်တို့မျက်နှာများကို ဓာတ်မီးများဖြင့် ထိုး၍ကြည့်ကြလေသည်။

"ကျွန်တော်တို့ရုပ်ရှင်ကြည့်ပြီး ပြန်လာတာပါ"

ထိုစဉ် လူစုထဲတွင်ပါလာသော မိန်းမဝဝကြီးသည်ရှေ့သို့ထွက်လာပြီး-

"အဒေါ်က ဇာတ်မှာထမင်းချက်တဲ့ဒေါ်ပျော့ပါကွယ်။ ခုလိုတူမလေးကိုစောင့်ရှောက်ထားတာ ကျေးဇူးတင်ပါတယ်ကွယ်"

"ဟုတ်ကဲ့အဒေါ် ကျွန်တော်တို့လည်း ဘာလုပ်ရရင်ကောင်းမလဲစဉ်းစားနေတုန်းပါ"

"ဒါပေမယ့်ကွယ် မင်းတို့လိုလူကောင်းလေးတွေနဲ့တွေ့ရတော့တူမလေးဆက်မပြေးတော့ဘဲအားရှိသွားတာပေါ့"

ထိုစဉ် လူစုထဲမှ လူကြီးတစ်ဦးထွက်လာပြီး-

"အေးကွာ မင်းတို့ကအိုးသည်ကုန်ကမဟုတ်လား။ မငွေစိန်မင်းတို့နဲ့တွေ့ရတာ ကံကောင်းပါတယ်။ ဦးလေးကရွာလူကြီးပါ၊ ဒီကလူတွေက ဇာတ်ဆရာနဲ့ရွာသားတွေပါ။ မငွေစိန်ကိုရှာရအောင်လိုက်လာကြတာပါ"

ဇာတ်ဆရာကလည်း ကျွန်ုပ်တို့အား ကျေးဇူးတင်ကြောင်းနှင့်နောင်တွင်လည်းကြုံကြိုက်ပါကဇာတ်ထဲသို့အလည်လာပါရန်ဖိတ်ခေါ်ပါသည်။

ဒေါ်ပျော့က-

"ကဲ- ပြန်ကြစို့သမီး၊ ဟိုလူလည်း ဘာမှမဖြစ်ပါဘူးသမီး။ ထိုးလိုက်တဲ့ဓားက သူ့လက်မောင်းကိုထိသွားလို့ ဟိုမှာဆေးထည့်ပေးထားတယ်။ သူလည်းအမူးပြေနေပါပြီ၊ သူကပြောတယ်။ သမီးကိုစွဲလမ်းပြီး ဇာတ်ကရာနေရာတွေလိုက်ပြီးကြည့်တယ်တဲ့။ ဒီနေ့တော့ နည်းနည်းမူးနေတာနဲ့ မဆင်မခြင်လုပ်လိုက်မိတာလို့ပြောတယ်။ ခွင့်လွှတ်ဖို့လည်း အကြိမ်ကြိမ်တောင်းပန်ရှာတယ်ကွယ်"

မငွေစိန်ကကျွန်ုပ်တို့ကိုကြည့်ကာ-

"ကျွန်မ ပြန်လိုက်ပါဦးမယ်ရှင်။ ကျွန်မကပြဇာတ်မှာမပါရပေမယ့် နှစ်ပါးမှာတော့ပါရဦးမယ်။ ခုလည်း ပြဇာတ်ပြတ်ခါနီးနေလောက်ပြီ။ အားလုံးကိုကျေးဇူးတင်ပါတယ်"

မငွေစိန်က ဒေါ်ပျော့အား-

"အဒေါ် ကျွန်မကအမှုဖြစ်နေဦးမှာလားဟင်"

"ဘာမှမဖြစ်ပါဘူးကွယ်၊ ဒါတွေမပူနဲ့။ ဟိုသူငယ်ကလည်း အမှုမဖွင့်ပါဘူး"

ရွာလူကြီးက-

"သူအမှုဖွင့်လို့လည်းမရပါဘူး။ သူ့ကိုပိုင်နက်ကျူးလွန်မှုနဲ့ ပြန်ဖွင့်လိုက်မှာပေါ့"

မငွေစိန်ကမျက်နှာကလေးရွှင်လန်းသွားကာ-

"ကျွန်မတို့က ဇာတ်သမားတွေဆိုတော့ နေရာအနှံ့ရောက်ပါတယ်။နောက်ကြုံရင်လည်း ကျွန်မတို့ဇာတ်ထဲကိုလာလည်နိုင်ပါတယ်ရှင်"

ထိုအခါ ဇာတ်ဆရာက-

"မပူနဲ့သမီး၊ ရှေ့လထဲမှာထိုဇာတ်အဖွဲ့အိုးသည်ကုန်၊ စက်ကြီးတန်၊ဇာတ်ရုံမှာကဖို့ စာချုပ်ပြီးသား အဲဒီကျရင် တွေ့ရမှာပေါ့ကွယ်"

(၄)

ဇာတ်ဆရာပြောသော ရှေ့လသို့ရောက်ရှိသောအခါ ကျွန်ုပ်တို့ကျောင်းများသည်နွေရာသီကျောင်းပိတ်ရက်ရှည်ကြီးပိတ်လိုက်လေသည်။ ကျွန်ုပ်တို့လည်း စာများကျက်ရမှတ်ရခြင်းမှ အနားရကာ ဘောလုံး၊ ဘော်လီဘောစသော မိမိနှစ်သက်ရာကစားနည်းများကို ကစားနေကြလေသည်။ ကျွန်ုပ်တို့ဘော်လီဘောကစားနေစဉ် ခေတ္တနားနေချိန်၌ ခင်မောင်ကျော်က-

"ဟော့ကောင်တွေ ခုဝင်တဲ့ဇာတ်ကမငွေစိန်ပါတဲ့ဇာတ်မဟုတ်လား"

"ဟုတ်တယ်ကွ၊ ခုမှသတိရတယ်၊ တို့ကိုလည်း လာလည်ပါလို့ ဖိတ်ထားတာပဲ၊ ခုညပွဲဦးညပဲတို့ပွဲကြည့်ကြမယ်ကွာ"

ကျွန်ုပ်တို့လည်း မိဘများအားခွင့်တောင်း၍ ပွဲကြည့်ကြလေသည်။ ပွဲဦးညဖြစ်၍ အပျိုတော်ဖြစ်လေသည်။

အပျိုတော်ကနေသည့်အမျိုးသမီးသည် မငွေစိန်ဖြစ်သည်ကို ကျွန်ုပ်တို့အားလုံး မှတ်မိကြပါသည်။ အပျိုတော်ခန်းပြီးသည့်အခါ ကျွန်ုပ်တို့သူငယ်ချင်းအားလုံး မငွေစိန်ကိုနှုတ်ဆက်ရန် ဇာတ်ရုံနောက်ဘက်သို့လာခဲ့ကြပါသည်။

ဇာတ်ဆရာမှာလည်း ကျွန်ုပ်တို့ကိုမှတ်မိသဖြင့် ဝင်ခွင့်ပြုကာ မငွေစိန်နှင့်တွေ့ခွင့်ပေးပါသည်။

"ဟိုမှာ မင်းတို့တွေ့ချင်တဲ့မငွေစိန်ဝင်သွားပေတော့"



သတိနှင့်ယှဉ်နေရမည့်

# နွေအပူရှိန်

## ပါမောက္ခဦးကြည်

"အာ- ပူတယ် အစ်မ (အမေ)ရေ ဘယ်နားသွားနေရမှာလဲမသိတော့ဘူး"

"မင်းမှာလည်းပြန်လာတိုင်း ငြီးထွားနေရတာပဲ၊ ဒါကြောင့် ဒီအချိန်ပြန်မလာခဲ့နဲ့လို့ပြောတာ"

"မောင်ကြည်ရေ မင်းလိုသာပူလို့ ငြီးတွားနေရင် ဒီကလူတွေဘယ်လိုနေရကြမှာလဲ"

ဖခင်ကြီးမှပြောလိုက်ခြင်းဖြစ်ပါသည်။

အိမ်တွင်းရှိဖျာ၊ကုလားထိုင်၊ခေါင်းအုံးမှစ၍ထိလိုက်တိုင်းပူနေသဖြင့် ငြီးတွားခြင်းဖြစ်ပါသည်။

မိဘများပြောလျှင်လည်း ပြောစရာပင်ဖြစ်ပါသည်။ မိမိမှာနှစ်စဉ်လိုပင် မိဘများထံပြန်ပြီး ပြန်သည့်အချိန်တိုင်းသည်လည်း မြန်မာနိုင်ငံတွင်အပူဆုံးကာလ၊ အပူဆုံးဒေသများကိုဖြတ်သန်းပြန်ရပါသည်။ ထိုအချိန်က မိမိမှာရန်ကုန်တက္ကသိုလ်တွင် (၁၀) တန်းစာမေးပွဲများစစ်ဆေးပြီးမှသာ ဧပြီလ (၁၀၊ ၁၁)ရက်ခန့်တွင် မိဘများရှိရာ ရန်ကုန်-မန္တလေးမှမတ္တရာဘက်သို့ပြန်ပါသည်။ တစ်ခါတစ်ရံကျောက်ပန်းတောင်းနယ်ရှိ မိမိဇာတိရွာတွင် သင်္ကြန်တွင်နေပြီး သင်္ကြန်ပြီးမှ မိဘများရှိရာ မန္တလေးဘက်သို့သွားပါသည်။ မိမိသွားသည့်အချိန်များမှာ မြန်မာနိုင်ငံအပူဆုံးကာလဖြစ်သည့် ဧပြီ

---

ကျွန်ုပ်တို့မငွေစိန်အခန်းထဲရောက်သောအခါ အပျိုတော်အဝတ်အားများကိုလဲလှယ်နေသောမငွေစိန်နှင့်တွေ့ရပါသည်။ လူငယ်တစ်ဦးက ဘေးနားမှာယပ်ခတ်ပေးနေကြောင်း တွေ့ရပါသည်။ ထိုလူငယ်သည် ကျွန်ုပ်တို့ကိုမြင်သွားရာ မငွေစိန်ကလည်းမြင်သွားသဖြင့်-

"ဟောတော်- မောင်လေးတို့ပဲ မိတ်ဆက်ပေးရဦးမယ်။ ဒါကတော့မမရဲ့အမျိုးသားကိုလှငွေပဲ။ မမတို့နှစ်ဦးက ပွဲခွင်တွေပြီးလို့ ဇာတ်ခေါင်းခွဲရင်လက်ထပ်ကြမှာလေ။ သူတို့ကတော့ ဟိုတစ်ခါ ကျွန်မထွက်ပြေးတုန်းက ရထားလမ်းမှာတွေ့တဲ့မောင်လေးတွေပါ။ သူတို့နဲ့တွေ့လို့ ကျွန်မဆက်မပြေးတာ နို့မို့ဆိုဘယ်ထိပြေးနေဦးမလဲမသိတော့ဘူး။မောင်လေးတို့ကို ပြောရဦးမယ်။ဒီကိုလှငွေကတခြားလူမဟုတ်ဘူး။ ဟိုတစ်ခါ မမတေးနဲ့ထိုးပြီးပြေးလာတဲ့လူပဲ"

မငွေစိန်ကပြီးခဲ့သောအဖြစ်အပျက်များကိုသတိရကာ ရှက်စနိုးဖြင့်ပြုံးနေလေသည်။ ကိုလှငွေက-

"ဩော်- အစ်ကိုသတိရပြီ၊ ဒီလိုကွ အစ်ကိုကဟောဒီကမငွေစိန်ကိုစွဲလမ်းပြီး သူဇာတ်ကရာနေရာတိုင်းကို လိုက်ကြည့်နေမိတယ်။ နောက်တော့အမြဲမြင်နေရအောင်ဆိုပြီး ဆိုင်းဝိုင်းထဲက လင်းကွင်းတီးတဲ့လူလိုနေတာနဲ့ အဲဒီနေရာမှာဝင်လိုက်တယ်။ အစ်ကိုက စစ်ကွင်းကပါခုတော့ ဇာတ်ထဲဝင်လို့မိဘများက အမွေဖြတ်လိုက်တယ်။ သူတို့အမွေဖြတ်ဖြတ် ပါကိစ္စမရှိဘူး။ မငွေစိန်ကိုမြင်နေရရင်ပြီးတာပဲ။ ဒါနဲ့ မငွေစိန်ကိုချစ်စကားတွေအကြိမ်ကြိမ်ပြောပြီးမငွေစိန်ရဲ့ချစ်မေတ္တာကိုအစ်ကိုအရယူလိုက်တာပဲ"

မငွေစိန်က ကိုလှငွေကို လက်သီးလေးဖြင့်ခပ်ဖွဖွထိုးရင်း-

"ဟွန်း- ဘာတွေပြောမှန်းလဲမသိဘူး"

မင်းသန့်ကျော်(ဇီးကုန်း)

တတိယပတ်မှမေလပထမပတ်အထိ ဖြစ်နေပါသည်။ ဒေသအခြေအနေရ သည်း အပူဆုံးဒေသများဖြစ်နေပါသည်။

ဤသို့ ဧပြီလ တတိယပတ်မှ မေ လပထမပတ်ခန့်အထိ မြန်မာနိုင်ငံတွင် အပူဆုံးကာလဖြစ်ပေါ်နေသည်ကိုအနည်း ငယ်ရေးသားလိုပါသည်။ ကမ္ဘာ၏ဝင်ရိုး ပေါ်လည်ပတ်ပြီး နေကိုလှည့်ပတ်ခြင်း များဖြစ်စဉ်များအရ မတ်လ (၂၁)ရက် နေ့တွင် နေရောင်ခြည်သည် အီကွေတာ ပေါ်သို့တိုက်ရိုက်ကျသဖြင့် ကမ္ဘာ့နေည ညီချိန် EQUINOX ဖြစ်ပေါ်ပြီး မတ်လ (၂၂) ရက်နေ့မှစ၍ နေရောင်ခြည်သည် ကမ္ဘာမြောက်ခြမ်းသို့တိုက်ရိုက်ကျရောက် ပါသည်။ ထို့ကြောင့်ကမ္ဘာမြောက်ခြမ်း သည် ထိုမတ်လ (၂၂)ရက်နေ့မှစ၍နွေ ရာသီသို့ရောက်ရှိပါသည်။ ကမ္ဘာ့မြောက် ခြမ်းတွင် ရှိနေသည့်မြန်မာနိုင်ငံသည် လည်း နွေရာသီသို့ရောက်ရှိပါသည်။ မြန်မာ့ဥတုသတ်မှတ်ချက်အရ တပေါင်း လပြည့်ကျော်(၁)ရက်နေ့မှစ၍ နွေရာသီ ဟုသတ်မှတ်ထားရာ ကမ္ဘာ့ရာသီဥတု သတ်မှတ်ချက်နှင့်မြန်မာ့ရာသီဥတုသတ် မှတ်ရက်များမှာ များစွာကွဲပြားခြင်းမရှိ သည်ကိုတွေ့ရမည်ဖြစ်ပါသည်။

ထိုသို့မတ်လ (၂၂) ရက်နေ့တွင် နွေရာသီစပြီးနောက် (၁) လခန့်အကြာ သင်္ကြန်အပြီးဧပြီလတတိယပတ်မှမေလ ပထမပတ်ခန့်အထိ မြန်မာနိုင်ငံ၏အပူ ပြင်းဆုံးကာလဖြစ်နေပါသည်။ ထိုအချိန် သည်လေထုအတွင်းရေခိုးရေငွေ့အနည်း ဆုံးနှင့် တိမ်ကင်းစင်သည့်အချိန်လည်း ဖြစ်နေပါသည်။ ထို့ကြောင့် နံနက်နေ ထွက်ချိန်မှစ၍ နေရောင်ခြည်သည်မြေ ပြင်ပေါ်သို့တိုက်ရိုက်ကျရောက်ပြီး ကျ ရောက်သည့်နေရှိန်ကို ကမ္ဘာမြေကစုပ် ယူပါသည်။ ထိုစုပ်ယူထားသည့် အပူရှိန် များမှာမွန်းတည့် (၁၂) နာရီခန့်မှစ၍ ညနေ (၄)နာရီခန့်အထိ ကမ္ဘာမြေကစုပ် ယူထားသည့်အပူရှိန်များလေထုအတွင်း သို့ အပူပြန်ခြင်းများဖြစ်ပေါ်သည်။ ထို့ ကြောင့် နေမှတိုက်ရိုက်ရောက်လာသည့် အပူရှိန်နှင့်ကမ္ဘာ့မှပြန်သည့်အပူရှိန်နှစ် မျိုးလုံးကိုထိတွေ့ရသဖြင့် မွန်းလွဲ(၂)နာရီ မှ(၃)နာရီခန့်သည် တစ်နေ့တာအပူဆုံး အချိန်ဟုဆိုပါသည်။နေရောင်တိုက်ရိုက် ကရသည့်နေရာများတွင် အပူချိန်တိုးနေ သည်မှာ ဤကမ္ဘာမြေမှပြန်သည့်အပူရှိန် များကြောင့်ပင်ဖြစ်ပါသည်။ ထို့ကြောင့် လူများ၏တွေ့သိခံစားရသည့်အပူချိန်မှာ များနေခြင်းဖြစ်ပါသည်။

ထိုကာလဧပြီလဆန်းမှစ၍မြန်မာ တစ်နိုင်ငံလုံး တဖြည်းဖြည်းအပူချိန်များ တိုးလျက်ရှိနေပါသည်။ သင်္ကြန်အပြီး ဧပြီလတတိယပတ်မှမေလပထမပတ် ခန့်အထိ အပူချိန်အမြင့်မားဆုံးကာလ ဖြစ်နေရာ မြန်မာနိုင်ငံအလယ်ပိုင်းမြေ နိမ့်ဒေသများဖြစ်ကြသည့်အောက်ဘက် ပြည်မြို့ အောင်လံ၊ မကွေးမှစ၍အပူချိန် မြင့်မားနေရာ ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁၈) ရက်နေ့တွင် ချောက်၊ ညောင်ဦး၊ပခုက္ကူ မြင်းခြံ၊မန္တလေး၊ မြင်းမူ၊ မုံရွာစသည့်မြို့ များနှင့် အချို့မြို့များ၏အပူချိန်မှာစံချိန် တင်နိုင်သည့်၁၁၀ဒီဂရီဖာရင်ဟိုက်ဝန်းကျင် များတွင်ရှိနေကြသည်ကိုမှတ်သားရပါ သည်။ အချို့နှစ်များတွင် ဧပြီလတတိယ နှင့်စတုတ္ထပတ်တွင်မှတ်သားထားသည့် မြို့အချို့၏ အပူချိန်များကိုကြည့်လျှင် မန္တလေး၊ မြင်းခြံ၊ ညောင်ဦး၊ မုံရွာ၊ ပခုက္ကူ၊ မကွေး၊ ချောက်စသည့်မြို့များ၏ အပူချိန်များမှာ၁၁၀ဒီဂရီဖာရင်ဟိုက်ဝန်း ကျင်တွင်ရှိနေခဲ့ပြီး ၂၀၁၀ ခုနှစ်၊ အယ်နီ ညိုဖြစ်စဉ်တွင်ဒေသအများစုမှာ၁၁၀ဒီဂရီ ဖာရင်ဟိုက်အထိရှိခဲ့သည်ကိုမှတ်သားရ ပါသည်။

ချောက်မြို့၏ထူးခြားသည့်စံချိန် တင်အပူချိန်များမှာ ၈-၅-၂၀၂၀နေ့တွင် ၄၇. ၅စင်တီဂရိတ်(၁၁၇. ၅ဒီဂရီဖာရင် ဟိုက်) ၉-၅-၂၀၁၉နေ့တွင်(၄၇. ၁ဒီဂရီ စင်တီဂရိတ်) (၁၁၆. ၇၈ဒီဂရီဖာရင် ဟိုက်)နှင့် ၂၁-၄-၂၀ ၁၉ နေ့တွင် ၄၆ ဒီဂရီစင်တီဂရိတ် (၁၁၄. ၈ဒီဂရီဖာရင် ဟိုက်)အထိရှိခဲ့ကြောင်း မှတ်သားရပါ သည်။

ယခု ၂၀၂၃ ခုနှစ်အတွင်း မြန်မာ နိုင်ငံ၏ဗဟိုခန့်ပူပြင်းခြောက်သွေ့သည့် ဒေသတွင်ရှိနေကြသည့်မြင်းခြံ၊ညောင် ဦးနှင့်ချောက်မြို့များတွင် ဧပြီလ (၂၀) ရက်နေ့တွင် ထိုနေ့အထိစံချိန်တင်အပူ ချိန်ဖြစ်သည့် ၄၅ ဒီဂရီစင်တီဂရိတ် (၁၁၃ဒီဂရီဖာရင်ဟိုက်) စီရှိနေကြသည် ကိုလည်းမှတ်သားရပါသည်။

အထက်ပါပူပြင်းလှသည့်အပူချိန် များကို မြန်မာနိုင်ငံ၏ ၁၉၀၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ နှစ်ပေါင်း (၁၂၀) အတွင်းရှိခဲ့သည့်ပျမ်းမျှအပူချိန် ၂၃. ၅၁ ဒီဂရီစင်တီဂရိတ် (၇၄. ၃ဒီဂရီဖာရင် ဟိုက်)နှင့်နှိုင်းယှဉ်၍ကြည့်ရှုနိုင်ပါသည်။

ထိုသို့အပူချိန်မြင့်မားသဖြင့် နွား လှည်း၊မြင်းလှည်းများကိုအများဆုံးအသုံး ပြုခဲ့သည့်ကာလက၊ မြင်းခြံမြို့အတွင်း အပူရှိန်မြင့်သည့်အချိန်အတွင်း တိရစ္ဆာန် များသွားလာမှုကိုကန့်သတ်ခဲ့သည်ကိုမှတ် မိပါသည်။

မုံရွာ၊မကွေး၊ပခုက္ကူစသည့်မြို့များ တွင်ပူပြင်းသည့်ဧပြီလအတွင်း သက် ကြီးရွယ်အိုများကိုနည်းမျိုးစုံဖြင့် အပူချိန် မှကာကွယ်ပေးခြင်း၊ မြစ်ကမ်းနား၊မြစ် ဆိပ်များတွင် ရေဆင်းချိုးချိန်ကန့်သတ် ၍အချို့နေရာတွင်အစောင့်များပါချထား ခဲ့သည်ကို ကြားသိခဲ့ရပါသည်။ လွန်ခဲ့ သော ၁၉၈၀ပြည့်နှစ်များကဧပြီနှင့်မေလ များအပူချိန်မြင့်မားခြင်းကြောင့် မကွေး တိုင်းရှိမြို့အချို့၏ ရုံးတက်ရုံးဆင်းကို နံနက် (၈)နာရီမှမွန်းလွဲ(၁၂)နာရီအထိ ပြောင်းလဲသတ်မှတ်ခဲ့ရကြောင်းနှင့် ထို ကာလမှာပင်အချို့ရက်များ အပူချိန်မြင့် မားသဖြင့် တောတွင်းကြီး၊ကျောက်ပန်း တောင်း၊ မီးရထားလမ်း၊ နတ်မောက်မြို့ လမ်းပိုင်းအချို့နေရာများတွင် အပူရှိန် ကြောင့် ရထားလမ်းများကိုထိခိုက်ခဲ့ ကြောင်းရေးရေးမျှမှတ်သားမိပါသည်။

အပူချိန်မြင့်မားခြင်းကြောင့် မိမိ ကိုယ်တိုင်တွေ့ကြုံခဲ့ရသည်များကို ပြန် လည်သတိရပါသည်။မိမိကလေးဘဝက မြင်းခြံတွင်နေခဲ့သည့် နွေကာလတွင် တစ်ကိုယ်လုံးမိတ်ပေါက်သည်ကိုခံစားခဲ့ ရဖူးပါသည်။ ရန်ကုန်တက္ကသိုလ်တွင် (၁၀) တန်းစာမေးပွဲစစ်ဆေးအပြီး မိဘ နေရပ်ထံသို့ နှစ်တိုင်းလိုပင်ပြန်ခဲ့ရာ တစ် ခါတစ်ရံကျောက်ပန်းတောင်းနယ်ရှိ မိမိ ဇာတိရွာမှ မြင်းခြံတို့မှတစ်ဆင့်မန္တလေး သို့သွားရပါသည်။ တစ်နှစ်တွင်မူ မြင်းခြံ၊ မန္တလေးနံနက်ထွက်သည့်ပြည်တော်အေး လိုင်းကားကိုမမီသဖြင့် ညနေကားကို စောင့်စီးရပါသည်။ သင်္ကြန်အပြီးကာလ ဖြစ်သဖြင့် မြင်းခြံတွင် လွန်စွာပူနေရာ ကိုးဆောင် ကျောင်းတိုက်ကြီးသို့သွား ရောက်ခိုလှုံခဲ့ရပါသည်။ ကျောင်းတိုက် အတွင်းရှိ ဓမ္မာရုံအစ၊ အဆောက်အအုံ များတွင် အပူချိန်ခိုလှုံသူများဖြင့်စည် ကားနေပါသည်။ မိမိမှတ်မိနေသည်မှာ မြင်းခြံမန္တလေးသို့ထွက်ခွာသည့်ခရီးတစ် လျှောက်လုံးနေပူရှိန်ကြောင့် တရှိန်ရှိန်နှင့် လေပူများဒဏ်ကို ခံရခြင်းဖြစ်ပါသည်။ နွားထိုးကြီးမြို့အလွန်တစ်နေရာပြင်စီရွာ အနီးရှိညောင်ပင်အောက်ပတ်လည်တွင် သောက်ရေအိုးများရှိသည့်နေရာတွင် မော်တော်ကားရပ်စဉ် ခရီးသည်အားလုံး နီးပါး ရေဆင်းသောက်ကြခြင်းပင်ဖြစ်ပါ သည်။ အချို့ရေအိုးများတွင် အလှူရှင် ကားနံပါတ်များရေးထားသည်ကိုသတိ ထားမိပါသည်။

ညဉ့်ဦးပိုင်းတွင် မန္တလေးရှိ ဆွေမျိုးမကင်းသည့်ဘုန်းတော်ကြီးကျောင်းသို့ ရောက်သည့်အခါ မိမိမှာလွန်စွာနွမ်းနယ်နေပြီး အတောင့်တဆုံးမှာ ရေချိုးရန်ပင် ဖြစ်ပါသည်။ မိမိအခြေအနေကိုသိနေသည့်ဦးပဥ္စင်းက-

"ဟေ့- မောင်ကြည် မင်းတစ်လမ်းလုံးပူလာတာရေချိုးမယ်များ စိတ်မကူးနဲ့ဦး၊ တစ်နာရီလောက်နားပြီးမှရေချိုးကြားလား။

ငါ့ကျောင်းရှေ့သုံးဘီးဂိတ်(ထိုကာလဂျပန်သုံးဘီး) က ဒကာတစ်ယောက် တစ်နေ့လုံးမြို့ပတ်မောင်းအိမ်ပြန်ရောက်ပြီး ကြာကြာမနားဘဲ ရေချိုးလိုက်တာကနေ့ပဲသူ့ကိုပို့ခဲ့ရတယ်၊ ပြောတာကြားလား"

ရေအပြည့်ဖြည့်ထားသည့်အုတ်ကန်ကြီးကိုကြည့်ရင်း အန္တရာယ်ကြောင့် ဆန္ဒကိုမျိုသိပ်၍တစ်နာရီခန့်နားပြီးမှသာ ရေချိုးရဲခဲ့ပါသည်။

တစ်ခါကမူ ရန်ကုန်မှပျဉ်းမနား၊ ပျဉ်းမနားမှ ကျောက်ပန်းတောင်းသို့ ရထားဖြင့်ပြန်ခဲ့ပါသည်။ ကျောက်ပန်းတောင်းရောက်သည့်မှာ သင်္ကြန်အကြိုနေ့ဖြစ်သဖြင့်အချို့မှာ ရေများစတင်လောင်းနေကြပါသည်။ ပျဉ်းမနား၊ ကျောက်ပန်းတောင်းရထားမှာလည်း အကြောင်းအမျိုးမျိုးကြောင့် နှောင်းနှေးနေရာ နတ်မောက်ဒေသသို့ရောက်လျှင်နေမှအတော်ပင်ပူပြင်းနေပြီဖြစ်ပါသည်။ ဤဒေသရှိသံလမ်းအချို့မှာ နေပူဒဏ်ကြောင့် ထိခိုက်ခဲ့ကြောင်းမှတ်သားရပါသည်။ ကျောက်ပန်းတောင်းမှ မြင်းခြံသို့ ထွက်သည့်ကားမှာ နေ့လယ်ပိုင်းဖြစ်နေပြီး လမ်းရှိရွာတစ်ရွာမှ ကားကိုရပ်ခိုင်းကာရေလောင်းပါတော့သည်။ထို့ကြောင့် အပူထဲကလာသည့်မိမိမှာ ဇာတိရွာသို့ ရောက်လျှင်ဖျားပါတော့သည်။ထို့ကြောင့် ထိုနှစ်ကမိဘထံမသွားဖြစ်တော့ဘဲဇာတိရွာမှပင်ပြန်ခဲ့ရပါသည်။

အထက်ပါအဖြစ်အပျက်များမှာ ငယ်ရွယ်စဉ် ကိုယ်ခံအားကောင်းသည့် အချိန်တွင်ဖြစ်ပျက်ခဲ့သဖြင့် မေ့မေ့ပျောက်ပျောက်ပင်ရှိခဲ့သည်ဟုဆိုရပါမည်။ မိမိဇနီးသည်တာဝန်ကျရာ မြင်းခြံဒီဂရီကောလိပ်သို့ (ယခုတက္ကသိုလ်) ၂၀၁၉ ခုနှစ်တွင်လိုက်ပါနေခဲ့ပါသည်။ ကျောင်းပိတ်ရက် ဧပြီလတစ်လလုံးအိမ်ခန်းတံခါးများပိတ်ခဲ့ပြီး မေလပထမပတ်တွင်မြင်းခြံသို့ပြန်ခဲ့ပါသည်။ ပူပြင်းလှသည့်ဧပြီ၏



အပူရှိန်များကို တစ်လလုံးစုပ်ယူသိုလှောင်ထားသဖြင့်ရောက်သည့်ညမှအိပ်၍ပင်မရပါ။ ရေပိုက်မှရေများပါပူနေသဖြင့် ရေကိုအေးအောင်လုပ်ပြီးမှချိုးရပါသည်။ ဇနီးသည်ဌာနသို့သွားနေစဉ် မိမိလည်း ပစ္စည်းများကိုနေရာချထားပါသည်။ ပင်ပန်းလှသည်ဟုမဆိုနိုင်သော်လည်း အခန်းအတွင်းကြာရှည်စွာစုပ်ယူထားသည့်အပူရှိန်များမှ အပူပြန်လျက်ရှိနေရာအခန်းအတွင်းအပူရှိန်မကျဆင်းသဖြင့် မိမိမှာလည်းချွေးများရွှဲစိုလျက်ရှိနေပါသည်။ ထိုအချိန်မှာပင် ရုတ်တရက်မိုက်ခနဲဖြစ်သွားပြီး ကံကောင်းသည်မှာ နံရံကိုမှီလိုက်နိုင်ခြင်းပင်ဖြစ်ပါသည်။မိမိမှာလွန်စွာထိတ်လန့်သွားပါသည်။ ဤကဲ့သို့အပူရှိန်များတွင် တတ်နိုင်သမျှငြိမ်သက်စွာနေရန်နှင့် တစ်ယောက်တည်းမနေသင့်ကြောင့် ချက်ချင်းဆိုသလိုသိရှိသွားပါသည်။

နောက်နေ့များတွင်မူ နေ့လယ်ပိုင်းနေရောင်တိုးဝင်သည့်ပြတင်းတံခါးများကိုရေစိမ်ထားသည့်စောင်များ၊ပုဆိုးများဖြင့်ကာရံပါသည်။ ရှေ့ဝရန်တာရှိ သမံသလင်းအခင်းကိုလည်း မကြာခဏရေလောင်းပေးပါသည်။ မိမိမှာနေရောင်နှင့်ဝေးသည့်နောက်ဘက်အခန်းတွင်ပြတင်းများဖွင့်ပြီး စိတ်အာရုံလွဲစေရန် စာရေး၊ စာဖတ်လုပ်နေခဲ့ရပါသည်။ ဤအခြေအတိုင်း မိုးတစ်ကြိမ်ခန့်ရွာပြီး အပူရှိန်သက်သာလာသည့်မေလလယ်ခန့်အထိ နေထိုင်ခဲ့ရပါသည်။

နေနှင့်ကမ္ဘာ၏ပျမ်းမျှအကွာအဝေးမှာပြောင်းလဲခြင်းမရှိဘဲ မိုင် (၉၃) သန်းမျှရှိနေပါသည်။ ကမ္ဘာမြေသည်လည်း မိမိဝင်ရိုးပေါ်တွင် လည်လျက်ပင် နေကိုတစ်နှစ် (၃၆၅) ရက်ခန့်တွင်တစ်ကြိမ်လှည့်ပတ်လျက်နေသဖြင့် ကမ္ဘာ့ရာသီဥတုများမှာလည်း အစဉ်လိုက်ဆိုသလိုမပြောင်းလဲဘဲ ပုံမှန်ဖြစ်ပေါ်နေပါသည်၊ ယနေ့ကမ္ဘာ့ကြီးပူနွေးလာသည်ဟုပြောနေကြသည်မှာ ၁၈ ရာစုစက်မှုတော်လှန်ရေးစတင်ခဲ့သည့်အချိန်မှစ၍ပထမကျောက်မီးသွေး၊ ထို့နောက်ရေနံများတိုးချဲ့သုံးစွဲရာမှ လေထုညစ်ညမ်းလာရပါသည်၊ အထူးသဖြင့် လေထုအတွင်းကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှုမြင့်တက်လာသည်ဟုဆိုရပါသည်။ ထို့ကြောင့်ဖန်အိမ်အကျိုးသက်ရောက်ခြင်းများဖြစ်ပေါ်လာပြီး ကမ္ဘာ့အပူချိန်မှာစက်မှုတော်လှန်ရေးမဖြစ်မီကထက် (၁. ၅)စင်တီဂရိတ်မျှတိုးလာသည်ဟုဆိုကြပါသည်၊ လေထုအတွင်းရှိကာဗွန်ဒိုင်အောက်ဆိုဒ်ကိုစုပ်ယူပြီး အပူရှိန်ကိုကာကွယ်၍အရိပ်အာဝါသပေးသည့်သစ်တောများ၊ လျင်မြန်စွာပျောက်ကွယ်နေခြင်း ယာဉ်အမျိုးမျိုးနှင့် လူဦးရေလျင်မြန်စွာတိုးနေခြင်းစသည်များသည်လည်း ကမ္ဘာ့မြေကိုအပူချိန်တိုးစေသည့်အချက်များဟု ဆိုရပါမည်။

ထိုသို့ အပူချိန်တိုးလာသည့်အခါ လူ၏ကျန်းမာရေးကိုထိခိုက်စေသည့်ခရမ်းလွန်ရောင်ခြည်မှာလည်းမြင့်မားလာပါသည်။ အပူချိန်မြင့်မားလာသည်နှင့်အမျှ အပူရှိန်ကြောင့်ဖြစ်ပေါ်ရသည့်ရောဂါများလည်း(၅)ရာနှုန်းမျှတိုးလာနိုင်ကြောင်း မှတ်သားရပါသည်။ အချို့နှစ်များတွင် ဖြစ်ပေါ်လာသည့်အပူချိန်ကိုတိုးစေသည့် အယ်နီညိုနှင့်အပူချိန်နည်းစေသည့်လာနီညာဖြစ်စဉ်များကြောင့် အတိုင်းအတာတစ်ခုအထိ အပူချိန်ပုံမှန်ထက်တိုးမြင့်ခြင်း၊ လျော့ခြင်းများဖြစ်နိုင်သော်လည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်း၏ အပူချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် ပူနွေးနေမည်သာဖြစ်ပါသည်။

ထို့ကြောင့် မိမိ၏အသက်အရွယ် ကျန်းမာရေးအခြေအနေများ၊ပူပြင်းသည့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်ရင်းနှီးခြင်းရှိမရှိများကိုထည့်သွင်းစဉ်းစား၍ ခရီးသွားလာခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းများကိုဆင်ခြင်သင့်ပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏အပူဆုံးကာလဖြစ်သည့် ဧပြီလမှမေလဆန်းကာလများကို အပူကြောင့်ဖြစ်ပေါ်လာတတ်သည့်ရောဂါများမှကင်းဝေးရန် သတိနှင့်ယှဉ်၍စားသောက်နေထိုင်သွားလာသင့်ပါကြောင်း ရေးသားရပါသည်။

ပါမောက္ခဦးကြည်

# လယ်ကန်စွန်းအရိုးတံနဲ့ တကယ်စွမ်းလို့အဖိုးတန်ပြီ

ကိုရင်ငြိမ်းအေး(ရွာသားဝေကျမှ)



"ငြိမ်းအေးရေ ဘာဟင်းချက်လဲ ဟေ့"

"ကန်စွန်းရွက်ချဉ်ရေဟင်း၊ကန်စွန်းရွက်ကြော်၊ ဇရစ်ရိုးအိုးကပ်နဲ့ငါးပိချက် ပေါ့ကွာ"

ဟုဖြေလိုက်တော့ နှာခေါင်းရှုံ့ချင်ကြသည်။ ကန်စွန်းရွက်သည် ဈေးအပေါဆုံးပစ္စည်းဖြစ်နေ၍လော၊ ဟင်းတစ်မည်အဖြစ် မမှတ်ယူကြ၍လော၊ မရှိဆင်းရဲသား၏အစားအစာအဖြစ် သတ်မှတ်ထား၍လောမသိ အထင်သေးသည့်အကြည့်၊ ကဲ့ရဲ့နှိမ်ချချင်သည့်မျက်နှာမျိုးဖြင့်အကြည့်ခံရပေါင်းများလှလေပြီ။ ကိုရင်ငြိမ်းအေးတို့ကတော့ တောသားပီပီကန်စွန်းရွက်ဟင်းတစ်ခွက်ကတော့အမြဲပါသည်။ ကြိုက်လည်းကြိုက်သည် ကဲ့ရဲ့ခြင်း၊ နှာခေါင်းရှုံ့ခြင်း၊ အထင်သေးနှိမ်ချခြင်းများသည် ကိုရင်ငြိမ်းအေးအဖို့ ဂုဏ်သိက္ခာမကျနိုင်သလိုအလုံးအရပ်လျော့မသွားနိုင်ပါ။

ဝန်နှင့်အားမြားနှင့်လေးဆိုသလို ချွေတာရာလည်းရောက်သည်။တင်းတိမ်ရောင့်ရဲမှုကိုလည်းဖြစ်စေသည်။ လူသားတိုင်းသည် အသက်နှင့်ခန္ဓာတည်မြဲရေးအတွက်ထမင်းစားကြရသည်၊နေထိုင်ကြရသည်၊ သွားလာဆက်ဆံကြရသည်။ အစာအာဟာရအပေါ်မှာ ဘာဟင်းပါမှကြက်သားမှ၊ဘဲသားမှ၊ဝက်သားမှ တင်းတိမ်မည်ဆိုသောအာဟာရအပေါ်စွဲလမ်းစိတ်ကြီးသူတို့မှာရသတဏှာဖြစ်ရသည်။ ကိုရင်ငြိမ်းအေးကတော့ အသက်နှင့်ခန္ဓာတည်မြဲရေးအတွက်အစာအာဟာရကိုမှီဝဲသုံးဆောင်သည်။ မည်သည့်အသားဟင်းကိုစားချင်သည်ဟုတပ်မက်မှုမထား၊ ကြုံရာနှင့်စားနိုင်သည်။ လိုချင်တောင့်တမှုကိုလျှော့ချထားနိုင်သည်မှာလည်းကြာခဲ့ပါပြီ။

မိမိအနေဖြင့်ငါးပိရည်တို့စရာသည် အားထားစရာဖြစ်သည်။လယ်ထဲကအပြန်အလှေ့ကျပေါက်သော ကန်စွန်းရိုးနီကိုခူးသည်၊ ကနဖော့ခူးသည်၊ ထိကရုန်းခူးသည်၊ ဇရစ်ရိုးချိုးသည်၊ ခြံစည်းရိုးကကင်ပွန်းချဉ်ရွက်ကိုခူးသည်၊ အိမ်နောက်ဖေးဘူးစင်မှာဘူးညွန့်ဘူးသီးရှိသည်၊ကင်းပုံညွန့်ကိုခူး၍ ကြော်ချက်ချက်စားသည်။ လတ်ဆတ်လျှင်ချိုသည်၊ စားတတ်လျှင်ဟင်းဖြစ်သည်၊ ကန်စွန်းရိုးနီချဉ်ရေဟင်းသည် ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးနိုင်သည်။ ကန်စွန်းရိုးရွက်နီကို ငါးပိရေနှင့်အတို့အမြှုပ်လုပ်သည်။ ဇရစ်ရိုးကိုလယ်ပုစွန်နှင့်အိုးကပ်ချက်သည်။ ခင်ရာဆွေမျိုးမြန်ရာဟင်းကောင်းပင် ဖြစ်သည်။ ထမင်းဆာသည့်အချိန်ကိုဟင်းလာသည့်အချိန်ဟုဆိုသည်။ ဟင်းလာသည့်ထိုအချိန်သည်ထမင်းအမြိန်ဆုံးအချိန်ဖြစ်သည်။

သွားရင်းလာရင်းအလေ့ကျပေါက်သောကန်စွန်းရိုးတွေ့လျှင်ချိုးသည်။

'နောက်မှပြန်မှခူးမှာ ချိုးမှာပေါ့ကွာ' ဟုဆိုလျှင်ဟင်းရွက်ကန်စွန်းကရယ်သည်ဟုအမေပြောခဲ့ဖူးသည်။တွေ့လျှင်ခူးသာခူးလိုက်၊ ကိုယ်မခူးလျှင် သူများခူးသွားမည်။ ထို့အတူ အလုပ်လုပ်စရာရှိလျှင် မနက်ညနေ၊တော်ကြာဆိုသည်ကိုရွှေ့မနေရချက်ချင်းထလုပ်ပြီး အကောင်အထည်ဖော်သူသည် အောင်မြင်မှုရသူဖြစ်နိုင်သည်ဟူသော ဆုံးမစကားသည် ယနေ့တိုင်နားထဲစွဲနေသည်။

ငယ်စဉ်က အဖြစ်တစ်ခုကိုပြောပြချင်သည်။ ကျွန်တော်တို့ငယ်စဉ်က ရွှံ့ထဲဗွက်ထဲသူငယ်ချင်းများနှင့်ပစ်ပေါက်ကစားကြသည်။အချိန်ကြာကြာကစားကြသည်မို့ရွှံ့ရေများကြောင့် သူငယ်ချင်းတွေအသားတွေယားယံကြသည်။ ထိုသောအသားတွေယားသည်ကို အဘွားကသိသွားသည်။ ရွှံ့ထဲရေထဲကစား၍ အဆူခံထိသည်။ အိမ်တွင် စာရင်းငှားလုပ်သော ဦးဖိုးတုတ်အား အဘွားက-

"ကဲဖိုးတုတ်ရေ နင့်တူတော့ အသားတွေယားနေပြီ။ အဲဒါဆေးတိုက်ဖို့ ကန်စွန်းရိုးနီအိမ်နောက်ဘက်မှာ သွားချိုးစမ်းပါဦး၊ အမြစ်တွေပါအောင်ချိုးခဲ့"

ဆိုတော့ ဦးလေးဖိုးတုတ်က ကန်စွန်းရိုးနီတွေ လက်တစ်ဆုပ်သာသာ သွားချိုးလာသည်။ အဘွားက ရွှံ့တွေ အမှိုက်တွေစင်အောင်ရေဆေးခိုင်းသည်။

"ကြီးဒေါ် ကန်စွန်းရိုးနီနဲ့အယားပျောက်အောင်ဘယ်လိုလုပ်မှာလဲ"

ဦးလေးဖိုးတုတ်က ရေဆေးနေရင်း စူးစမ်းသည်။ အဘွားက-

"တို့အဘိုးအဘွားတွေလက်ထက်ကတည်းက သုံးလာခဲ့တဲ့ဆေးနည်းပေါ့။ ဟိုတုန်းကတော့ အခုခေတ်လို့ဆေးပြားတွေ၊ ဆေးလုံးတွေ၊ ထိုးဆေးတွေ တွင်တွင်ကျယ်ကျယ်မပေါ်သေးဘူးလေ။ ဒီတော့ တိုင်းရင်းဆေးကိုပဲအားကိုးရတာပေါ့။ ကန်စွန်းရိုးနီ ပဉ္စငါးပါးတစ်ဆယ်သားဆိုရင် မန်ကျည်းမှည့်နှစ်ကျပ်ခွဲသားထည့်ပြီးပွက်ပွက်ဆူအောင်ပြုတ်ရတယ်။ ကန်စွန်းရိုးနူးရင်ချပြီး ဆားနည်းနည်းခတ်ထည့်ပြီး ခပ်နွေးနွေးလေးသောက်ပေးယားတာယံတာပျောက်တာပေါ့"

ဆိုတော့ ဦးလေးဖိုးတုတ်က-

"အင်း- မှတ်ထားရဦးမယ်"

ဟု ပြောတော့ အဘွားက-

"ဟဲ့- ဖိုးတုတ်ရဲ့ မှတ်ထားရမှာပေါ့။ ကိုယ်လက်ယားယံတာ စိတ်ဖိစီးမှုဖြစ်တာ၊ စိတ်ပင်ပန်းတာ၊ အစားမတည့်တာ၊ သန်းပိုးတုပ်ပိုးရှိတာ၊ ပွေးဝဲယားနာပေါက်တာ၊ မီးယပ်သွေးငုပ်တာချုပ်တာ မီးယပ်ပြဿနာရှိတာတွေဆို ကိုယ်တွေယားတတ်တယ်။ အဲဒါဆို ခုပြောတဲ့ ကန်စွန်းရွက်ရိုးနီနဲ့ မန်ကျည်းမှည့်ပြုတ်ရည်

ကိုဆားနည်းနည်းခတ်တိုက် သက်သာပျောက်ကင်းစေတယ်မှတ်ထား။ နင်မိန်းမယူတဲ့အခါကျရင် နင့်သားသမီးတွေရလာဦးမှာ၊ ခုလိုဖြစ်တော့ လုပ်ပြီးတိုက်။ ငွေမကုန်ကြေးမကျဘူးပေါ့"

ဆိုတော့ ဦးဖိုးတုတ်ကြီးလည်း ပြုံးပြုံးကြီးနဲ့သေချာမှတ်နေပါသည်။

ခဏနေတော့ ကန်စွန်းရွက်ပြုတ်ဆေးအိုးကျလေပြီ။ ဘွားဘွားက-

"ငါ့မြေးနဲ့အတူဆော့တဲ့သူတွေရော မင်းလိုပဲယားကြသလား"

"ယားတယ်ဘွားဘွားရဲ့၊ တင်ထွန်းတို့၊ ဖိုးထိန်တို့၊ ပေါက်ကြီးတို့ဆို ကျောတစ်ပြင်လုံးရဲနေတယ်"

ကျွန်တော်ကပြောတော့ဘွားဘွားကတစ်ရွာတည်းသားတွေမို့ ဦးလေးဖိုးတုတ်ကို သွားအခေါ်ခိုင်းပြီးသူတို့ကိုပါတိုက်ကျွေးပါလေသည်။

"ဟဲ့- ကလေးတွေ ဘွားဘွားထပ်ပြုတ်ထားမယ်။ရေဆာတိုင်းလာသောက်ကြနော် ဒါမှမြန်မြန်ပျောက်မှာ"

ဟူသောစေတနာကြောင့်ကျွန်တော်တို့အားလုံး အယားသက်သာပြီးပျောက်ကင်းခဲ့ရသည့်လက်တွေ့ဆေးနည်းလေးဖြစ်ကြောင်း ထပ်ဆင့်မျှဝေပေးပါသည်။

ကန်စွန်းရိုးတံအနီအစွမ်းကို ကိုရင်ငြိမ်းအေးလေ့လာကြည့်ပါသည်။ အံ့ဩဖွယ်ကောင်းလောက်အောင် အစွမ်းထက်မြက်မှုများကို တွေ့ခဲ့ရသည်။ ကျောက်ကပ်ရောင်၊ ကျောက်တည်ဝေဒနာများအတွက်လည်း အလွန်ကောင်းပါသည်။ ဆေးနည်းမှာ အမြစ်ပါလယ်ကန်စွန်းရိုးအနီ ပဥ္စင်းပါး(၁၅)ကျပ်သားကို ရွှံ့၊သဲရေစင်အောင်ဆေးထားပါ။ ထို့နောက်ထန်းဖိုဦးထန်းလျက်(၁၀)သားကို ရေတစ်လီတာ (ရေသန့်ပုလင်းတစ်ပုလင်း) နှင့်ကျိုပါ။ ထန်းလျက်ခဲပျော်သွားလျှင် အမှိုက်ခဲသဲများကိုစစ်ထုတ်ပါ။ ထိုစစ်ပြီးသားထန်းလျက်ရည်ကို ပြုတ်မည့်အိုးထဲပြန်ထည့်ပြီး ထန်းလျက်ရေတက်လာသည့်နေရာကို မှတ်သားထားပြီးကန်စွန်းရွက်ရိုးနီကိုထည့်ပါ။ ထို့နောက် ရေနှစ်လီတာထပ်ထည့်ပြီး မီးပုံမှန်ဖြင့်အဖုံးအုပ်၍ကျိုပါ။ သုံးမိနစ်ခန့်ကြာလျှင် အဖုံးဖွင့်ပြီးဆက်ကျိုပါ။

ပထမစကျိုပြီး မှတ်ထားသည့်ရေနေရာရောက်လျှင် မီးဖိုမှချပြီး အအေးခံ၍သောက်ပါ။ ရေဆာတိုင်း ရေအစားသောက်ပေးပါ။ ထိုဆေးရည်မှအပ ရေမသောက်ရပါ။ ထမင်းစားစဉ် ဟင်းရည်ကိုပင် အာသာပြေမျှသာသောက်ပါ။ ရောဂါဖြစ်နေသူများတစ်နေ့လျှင်ရေသန့်ဘူးနှစ်ဘူးသောက်ရပါမည်။ ရောဂါရှိနေသူများထိုဆေးရည်ကိုတစ်လတိတိနေ့စဉ်သောက်ပေးခြင်းဖြင့် ကျောက်ကပ်ရောင်ကျောက်တည်နာအမြစ်ပြတ်ပျောက်ကင်းစေပါသည်။

ကန်စွန်းရိုးအနီကိုအမြစ်ပါအောင်နှုတ်ယူပြီး အသုံးမပြုသေးလျှင် ရေစိမ်ပြီးသိမ်းမထားရပါ။ သန့်စင်အောင်ဆေးပြီးရေစိုအဝတ်တစ်ခုခုတွင် ပတ်ထည့်ပြီးသိမ်းထားပါ။ ကျိုပြီးသားဆေးရည်သည်တစ်ရက်ကျော်လာ၍ ချဉ်လာပါက ထိုဆေးရည်ကိုဆက်မသောက်ပါနှင့်၊အသစ်ကျိုသောက်ပါ။ ထိုဆေးရည်ကိုသောက်သုံးသူတွင် ဆီးချို၊ သွေးတိုးရှိပါကထန်းလျက်လျှော့၍ထည့်ကျိုပြီးသောက်နိုင်ပါသည်။ရှာဦးကျောင်းမှဆရာတော်ဦးမုနိန္ဒပြောပြသောဆေးနည်းဖြစ်ပါသည်။ လက်တွေ့ပျောက်ကင်းသူများလည်းများလှပါသည်။

ကန်စွန်းရွက်ရိုးနီ၏အစွမ်းများမှာ တိရစ္ဆာန်များအဆိပ်မိလျှင်အချိန်မနှောင်းမီအရည်ညှစ်တိုက်ခြင်းဖြင့် အသက်ချမ်းသာခွင့်ရရှိစေနိုင်သည်။ လက်တွေ့အနေဖြင့် ကျွန်တော်ပုသိမ်စက်ခေါင်းရုံ၌ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးတာဝန်ကျသူငယ်ချင်းကိုအေးကြူကအဆောင်တွင်အဖော်အစောင့်အဖြစ် ခွေးအမွေးဖွားအစပ်တစ်ကောင်ပေး၍ မွေးထားလိုက်သည်။ ခွေးမလေးမှာအလွန်လိမ္မာသည်။ တစ်နေ့တွင်ပုသိမ်စည်ပင်ကခွေးလေခွေးလွင့်များကိုအစာပစ်၍ကျွေးသတ်သည်ဖြစ်ရာကျွန်တော့်ခွေးလေးမှာအစာအဆိပ်မိပြီးတဲ့ပြင်စစ်ဆေးရေးကျင်းအနီးတွင်အမြှုပ်များထွက်ကာ လဲနေလေသည်။ ထိုသည်ကိုတွဲပြင်ဝန်ထမ်းများမှမြင်တွေ့ပြီးစစ်ဆေးကျင်းအနီးရှိ အလေ့ကျပေါက်နေသောကန်စွန်းရိုးအနီများကိုထန်းလျက်ခဲနှင့်ထုထောင်း၍ အရည်ရသမျှအမြန်ညှစ်ကာ ပါးစပ်ကိုအတင်းဖြဲပြီးလောင်းထည့်ပေးကြလေသည်။ ကန်စွန်းရိုးအနီရည်များဝမ်းတွင်းသို့ကျပြီး မကြာမီမှာပင်ထိုးအန်ချလေတော့သည်။အသားစများနှင့်အစိမ်းရောင်အဆိပ်အမြှုပ်များအန်ကျပါလာသည်။ဝန်ထမ်းများသည်လည်းဆက်၍ကန်စွန်းရိုးအနီများကိုထောင်းထုကာဆက်တိုက်ကျွေးလေရာခွေးမလေးမှာအချိန်အနည်းငယ်အတွင်းသက်သာသွားပြီးကျွန်ုပ်၏အဆောင်ရှိရာသို့ ယိုင်ထိုးပြီးပြန်လာလေတော့သည်။ ဝန်ထမ်းများကလည်းဖြစ်ကြောင်းကုန်စင်အကျိုးအကြောင်းပြောပြလေရာ ကျွန်ုပ်လည်းကျေးဇူးတင်ရပါလေသည်။ ဤသည်မှာလည်းလက်တွေ့ပင်ဖြစ်သည်။

အခြားဆေးဖက်အသုံးဝင်ပုံများကိုလည်းလေ့လာထားသမျှတင်ပြပါဦးမည်။ ကျွဲနွားများတွင် ဆီးချုပ်၊ ဝမ်းချုပ်ရောဂါဖြစ်လျှင် ကန်စွန်းရိုးနီကို အနွယ်လိုက်နုတ်ယူပြီး ကောက်ရိုးမြက်နုတို့နှင့်ရော၍ကျွေးပါက ဆီးဝမ်းမှန်စေနိုင်သည်။ ဆိပ္ပူမီးပူလောင်လျှင်ကန်စွန်းရိုးနီကို အရည်ညှစ်၍လိမ်းပေးလျှင် အဖုမပေါက်ဘဲသက်သာစေသည်။ အဆိပ်ဆူးစူးမိလျှင်ကန်စွန်းရိုးနီကိုထောင်းပြီးအုံစည်းပေးပါကဆူးဆိပ်ပြေပြီးဆူးကိုလည်း ပြန်ထွက်လာစေနိုင်သည်။ ဆီးချုပ်ဆီးအောင့်ရောဂါဖြစ်လျှင်ကန်စွန်းရိုးနီကိုထောင်း၍ အရည်ကိုတိုက်ပေးနိုင်သည်။ လသားကလေးငယ်များဆီးမသွားလျှင် ကန်စွန်းရိုးအနီကိုထောင်းပြီး ဆီးခုံပေါ် သို့တင်အုံပေးလျှင်မကြာခင်ဆီးသွားစေနိုင်သည်။

အမျိုးသမီးများ လစဉ်ကိစ္စမမှတာလွန်လျှင် သို့မဟုတ် သွေးဆင်းများလျှင် ကန်စွန်းရိုးအနီကို အရည်ညှစ်၍အလယ်ဆန်ဆေးရည်နှင့်ရော၍တိုက်ကျွေးလျှင် သက်သာစေနိုင်သည်။အစာစားချင်စိတ်မရှိသောရောဂါဖြစ်လျှင် သို့မဟုတ်လူနာနလန်ထပြီးအစာမစားချင်၊ခံတွင်းမတွေ့ဖြစ်နေလျှင်ကန်စွန်းရိုးနီကိုမန်ကျည်းမှည့်နှင့်ရောပြီး ချဉ်ရည်ဟင်းချက်တိုက်ပါက အစားစားချင်စိတ်ကို အမြန်ဖြစ်စေနိုင်သည်။

ကန်စွန်းရိုးအနီကိုသံမနိုင်ကျောက်မနိုင်ဖြင့်ရောပြီးကျိုသောက်ပါက ဆီးကျောက်တည်ရောဂါကို ပျောက်ကင်းစေနိုင်သည်။ ပြည်မမှည့်သောအနာကိုကန်စွန်းရိုးနီထောင်းနှင့်ဆန်မှုန့်ရောကြိတ်၍အုံပေးပါက အနာပြည်အမြန်ပေါက်စေနိုင်သည်။ အနာငန်းမန်းတက်၍ အပူကြီးပြီးဖျားလျှင် ကန်စွန်းရိုးအနီကို ထန်းလျက်နှင့်ရောကျိုပြီးတိုက်လျှင် ငန်းမန်းကျ၍အနာရောအဖျားပါသက်သာစေနိုင်သည်။ ဤမျှလောက်သိလျှင်ပင် လယ်ကန်စွန်းအရိုးတံနီ တကယ်စွမ်းလို့အဖိုးတန်ပြီဆိုသည့်ဆိုစကားကို မည်သူမျှအငြင်းပွားနိုင်မည်မဟုတ်ပါပေ။ အနာသိဆေးရှိ အစာလည်းဆေး၊ဆေးလည်းအစာဟူသောစကားများ၏တန်ဖိုးကားအဖိုးမဖြတ်နိုင်ပါတော့ပြီ။

ကိုရင်ငြိမ်းအေး(ရေထား၊ စက်မှု)

# သေမင်းနှင့် ခြောက်လှမ်းအလို

ရင်သန်း

လူတွေရဲ့ကံတရားဟာအံ့ဩစရာကောင်းလောက်အောင်ဆန်းကြယ်လွန်းလှပါတယ်။ ဗုဒ္ဓရဲ့တရားတော်တွေကိုလိုက်နာကျင့်သုံးပြီး ဒါန၊ သီလ၊ ဘာဝနာတွေကိုပွားများအားထုတ် အလှူအတန်းတွေလုပ်၊ သီလတွေဆောက်တည်၊ ဝိပဿနာတွေကိုကြိုးစားအားထုတ်နေတဲ့သူတွေကိုမဆိုထားနဲ့၊ ပရဟိတဝါသနာပါတဲ့ လူငယ်တစ်ယောက် သံဃာဝေယျာဝစ္စလုပ်ရုံနဲ့ နာဂစ်ဆိုတဲ့သဘာဝဘေးဆိုးကြီး၊ အန္တရာယ်ဆိုးကြီးကလွတ်မြောက်လာခဲ့တယ်ဆိုရင်ယုံကြမလားပြောပြချင်ပါတယ်။

သူ့အမည်ကအောင်သန်းဇော်၊အခုလက်ရှိကာလမှာ နေပြည်တော်ဇေယျာသီရိမြို့နယ်ထဲက ဘောဂသီရိကားကြီးဝန်းအနီး ခါးပြတ်ရွာရဲ့အနောက်ဘက်ဝက်ကုန်းရွာမှာ မိဘများနဲ့နေတာပါ။ ၁၉၉၈ ခုနှစ်မတိုင်ခင် နှစ်များတုန်းက မန္တလေးတောင်ပေါ်မှ အစ်မဝမ်းကွဲတစ်ယောက်ရဲ့မိုးစန္ဒာနိဗ္ဗာန်ကုန်စုံသာမျိုးစုံရောင်းဝယ်ရေးဆိုင်မှာ အောင်သန်းဇော်ဈေးကူရောင်းပါတယ်။

၁၉၉၈ ခုနှစ်တုန်းကပေါ့၊ အိမ်ထောင်မရှိတဲ့လူလွတ်ဖြစ်တဲ့ငယ်ရွယ်သူတွေဆိုတော့ နယ်မြေသစ်တွေကို စူးစမ်းသွားလာရောင်းဝယ်ဖောက်ကားစီးပွားရှာပြီးရတဲ့ငွေကို မိဘနှစ်ပါးနဲ့မိသားစုအတွက် လုံလုံလောက်လောက်ပေးချင်ခဲ့ကြတာပါ။ ဒါကြောင့် မြန်မာပြည်အောက်ပိုင်းလပွတ္တာမြို့နယ်ထဲက ပြင်စလူရွာအထိအပေါင်းအသင်း(၃)ယောက်



နဲ့အတူ အောင်သန်းဇော်တို့အဖွဲ့၊ ပုတီး၊ နံ့သာခဲ၊ ကရက်မက်၊ နံ့သာဖြူစတဲ့ ကုန်တွေကိုရောင်းဝယ်ဖို့ထွက်ခဲ့ကြပါတယ်။

ကျန်တဲသူငယ်ချင်း (၃) ယောက်ကလက်သုတ်ပဝါ၊ အညာစောင်၊ သနပ်ခါးတုံး၊ သနပ်ခါးခဲ၊ ဇီးယို၊ ပုန်းရည်ကြီးစတဲ့အညာကုန်တွေနဲ့ပေါ့။ အဲ့လိုနဲ့ အရောင်းတစ်ခေါက်လောက်ပေါက်သွားရင် ၁၉၈၈ ရှေ့ပိုင်းကာလတွေမှာ (၅) သိန်း (၆) သိန်းလောက်ရရင် လူများတဲ့ မိသားတစ်စုလောက် (၃) လစာလောက်ထိုင်စားလို့ရတယ်ဆိုပဲ။ အောင်သန်းဇော်နဲ့သူ့သူငယ်ချင်း (၃) ယောက် အဲဒီအရင်ကတည်းကသွားလာရောင်းချဖူးတဲ့ဒေသတွေဆိုရင်မမှားပါဘူး။

သူတို့တည်းတာက ပြင်စလူရွာရဲ့ဘုန်းကြီးကျောင်းမှာတည်းခိုကြပါတယ်။ ပြင်စလူရွာဦးဘုန်းတော်ကြီးကျောင်းက ဆရာတော်ရဲ့ဘွဲ့အမည်က ဦးသူရိယပါ။ အောင်သန်းဇော်တို့အဖွဲ့က ပြင်စလူရွာမှာအထိုင်ချတည်းပြီး ဘေးပတ်ဝန်းကျင်ကရွာတွေမှာအကြွေးသွားရောင်းလိုက်၊ သီတင်းတစ်ပတ်နှစ်ပတ်လောက်နေရင် ပေးထားတဲ့ကြွေးလေးတွေကိုထွက်တောင်းလိုက်နဲ့ကျန်တဲ့ရက်တွေမှာ ဘုန်းကြီးကျောင်းမှာနေ၊ ဘုန်းကြီးကျွေးတာစား၊ ဘုန်းကြီးကျောင်းရဲ့ဝေယျာဝစ္စလုပ်ရင်းနဲ့ကုသိုလ်လည်းရဝမ်းလည်းဝပေါ့။

အညာသားပီပီ ဘုန်းတော်ကြီးကျောင်းမှာဘုန်းကြီးခိုင်းတာကိုမညည်းမညူစေတနာပါပါနဲ့လုပ်ပေးတဲ့အပြင် အပင်ပန်းလည်းခံနိုင်လို့ ဘုန်းတော်ကြီးကသဘောကျလို့အောင်သန်းဇော်ဆိုတဲ့ အမည်ရင်းကိုမခေါ်ဘဲနဲ့ တင်စားပြီး အညာနွားလို့ခေါ်တယ်။

အောင်သန်းဇော်တို့အဖွဲ့ဘုန်းကြီးကျောင်းရဲ့ဝေယျာဝစ္စလုပ်ရင်းနဲ့နေလာလိုက်တာ (၃) လလောက်ကြာတော့ ပေးထားတဲ့ကြွေးကလေးတွေလည်း ရသင့်သလောက်ရကြပြီဆိုတော့ ပြန်ရက်ကနီးလာကြပြန်ပေါ့။ ကျန်တဲ့ကြွေးတွေကိုလည်း တက်သုတ်ရိုက်ပြီး တောင်းနေကြရတဲ့ကာလပေါ့။ ပြောရရင်ကြွေးကျန်ခဲ့မှာကြောက်လို့ဂရုစိုက်ပြီး ကြွေးတောင်းနေကြရတာပါ။

တစ်နေ့မှာကျောင်းထိုင်ဘုန်းတော်ကြီးရဲ့နှမဖြစ်သူ ကံမြင့်ဆိုတဲ့ရွာမှာ မီးမဖွားနိုင်လို့ဆုံးတော့ ညနေသင်္ဂြိုဟ်မှာ။ အဲဒါဘုန်းကြီးကသရဏဂုံသွားတင်ဖို့ရာကပ္ပိယအဖြစ်ခေါ်တော့ ကျန်တဲ့သူငယ်ချင်းတွေကကြွေးသွားတောင်းရမှာမို့မအားကြဘူး၊ မလိုက်နိုင်ကြဘူးပေါ့။ အဲဒီတော့ဘုန်းဘုန်းကလည်း အားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ အချိန်မရွေးခိုင်းလို့ရတဲ့အနွံတာခံ၊သည်းခံတဲ့အောင်သန်းဇော်ကိုကပ္ပိယအဖြစ်ခေါ်သွားတာပေါ့။

ကံမြင့်ရွာရောက်တော့ သုသာန်ဇရပ်မှာ ဘုန်းဘုန်းကတရားနာပရိသတ်နဲ့အတူ သေတဲ့သူကိုသရဏဂုံတင်နေတုန်း နာဂစ်ဆိုတဲ့မုန်တိုင်းကြီး လေနီကြမ်းကြီးလာတော့မယ်။ လွတ်ရာကိုရှောင်ကြပေတော့၊ ပြေးနိုင်မှလွတ်မယ့်အကြောင်းကိုစပီကာတွေနဲ့လိုက်အော်ပြီးသတိပေးတာကို ကြားကြရတယ်ဆိုပဲ။ အဲဒီတော့ လူတွေလည်း လွတ်မယ်ထင်တဲ့နေရာကိုပြေးကြတာပေါ့။

ဘုန်းတော်ကြီးဦးသူရိယကကပ္ပိယအောင်သန်းဇော်ကို-

“ကောင်လေးလာ၊ ငါ့သက်နံးစကိုဆွဲထား၊ ငါသွားတဲ့နေရာကိုလိုက်ခဲ့ ငါမသေသ၍မင်းမသေစေရဘူး”

ဆိုပြီး တခြားသူတွေပြေးတဲ့ကုန်းမြင့်မြင့်ပေါ်ကိုပြေးတက်ကြတာပေါ့။ ဟိုရောက်တော့ ကုန်းမြင့်မြင့်ကြီးပေါ်က လူနှစ်ထောင်လောက်ဆန့်တဲ့ဗုံးခိုကျင်းကြီးပေါ့။ အဲဒီကျင်းက ဒုတိယကမ္ဘာစစ်တုန်းကကျွဲညီနောင်ဆိုတဲ့ဗုံးကျဲလေယာဉ်တွေကိုပုန်းတဲ့ဗုံးခိုကျင်းကြီးပေါ့။

အခုတော့ အဲဒီဗုံးခိုကျင်းထဲမှာလူ (၇၀၀) လောက်ကလေလွတ်အောင်ပုန်းကြတာပေါ့။ လေတော့လွတ်ပါရဲ့ ဒါပေမယ့်မထင်မှတ်ဘဲဒီလောက်မြင့်တဲ့ကုန်းကြီးပေါ်ကိုရေတွေတက်လာလိုက်တာ။ ရေတွေကမေးအောက်ကို ရောက်လာတယ်ဆိုပဲ။ လူတွေပါမသွားအောင်နီးစပ်ရာအပင်တွေကို ဆွဲထားကြရတာ။တချို့လည်းမြဲအောင်မကိုင်နိုင်ကြတော့မျက်စိအောက်တွင်လှိုင်းရိုက်ပြီး ရေစီးနဲ့မျောပါသွားကြတာ။သူ့ကိုယ်မကယ်နိုင်၊ကိုယ်သူ့မကယ်နိုင်ဘဝမျိုးတွေနဲ့ အိပ်မက်ဆိုးကြီးမက်ခဲ့သလိုမျိုးပါပဲ။

အဲဒီလိုနဲ့ တစ်ညလုံးနေလာလိုက်ကြတာ မနက်မိုးလင်းတော့ရဟတ်ယာဉ်တွေနဲ့လာကယ်တဲ့သူတွေရောက်လာပြီး လူနာတွေကို ဘိုကလေးဆေးရုံတချို့၊ အဲဒီကမဆန့်တာတွေကို အိမ်မဲဆေးရုံတချို့တင်ထားတာပေါ့။ ကျွန်တော်လည်းလက်ကဒဏ်ရာကသိပ်မများတော့ ဆေးရုံပေါ်ကလူတွေကကျောပြင် တစ်ခုလုံးစုတ်ပြဲနေတဲ့ ကိုယ်မသိတဲ့လူနာတစ်ယောက်ကိုစောင့်ခိုင်းလို့ဆေးရုံကမဆင်းဘဲဆက်ပြီးလူနာကိုစောင့်ရတာပေါ့။ အဲဒီလူနာကလည်းဆေးရုံပေါ်မှာ (၂) ရက်မြောက်တော့ဆုံးသွားပါတယ်။

မြန်မာပြည်မှာ တကယ်ကြုံတွေ့ခဲ့ကြတဲ့ အိပ်မက်ဆိုးကြီးနဲ့တူတဲ့နာဂစ်ဘေးက သေကံမရောက်သက်မပျောက်ဘဲနဲ့လွတ်လာခဲ့တဲ့လူတွေထဲမှာ အောင်သန်းဇော်တစ်ယောက်လည်းအပါအဝင်ဖြစ်ခဲ့ပါတယ်။

အဲဒီကပြန်လာတော့ ဘုန်းကြီးနဲ့ဆရာတပည့်နှစ်ဦး လျှောက်ကြည့်ကြတော့ ကိုယ်တွေနေခဲ့ကြတဲ့ ပြင်စလူရွာကပင်လယ်ထဲပဲ့ကျသွားလိုက်တာ ရေပြင်ကြီးပဲမြင်ရတော့တာပါ။ တစ်ရွာလုံးလူတွေနဲ့အတူ ဈေးအတူလာရောင်းတဲ့သူငယ်ချင်းသုံးယောက်ပါပါသွားကြတာပေါ့။ ပဲ့မကျတဲ့အပိုင်းထဲမှာရှိတဲ့ဝါးရုံပင်ထိပ်ဖျားတက်နေတဲ့ ကိုရင် (၇) ပါးသာကံကောင်းစွာနဲ့အသက်ရှင်ကျန်ခဲ့တာပါ။

အဲဒီကိုရင်တွေကလည်း လေနောက်ရေနောက်မပါအောင် ဝါးရုံကိုင်းနဲ့သင်္ကန်းစကို ရောစီးနှောင်ပြီးနေကြလို့ကံကောင်းစွာနဲ့အသက်ဘေးကလွတ်လာကြတာပါ။ တွက်ကြည့်လိုက်တော့ တစ်ရွာလုံးမှာဘုန်းကြီးတစ်ပါး၊ ကပ္ပိယတစ်ယောက်နဲ့ကိုရင်(၇)ပါးသာအသက်ရှင်ကျန်ခဲ့ပါတယ်။ ပြောကြကြေးဆိုရင် တစ်ရွာလုံးမှာအသက် (၉) ချောင်း သို့မဟုတ်လူသား(၉)ဦးသာအသက်ရှင်ကျန်ခဲ့ကြတာပါ။ ထူးထူးခြားခြားသေရမယ့်ကံမပါကြသေးသော သေမင်းလက်မခံသူများပေါ့။ နာဂစ်ထဲပါသွားတဲ့ သူငယ်ချင်းလေး (၃) ယောက်ကို သနားလည်းသနားလွမ်းလည်းလွမ်းပေါ့အန်တီရယ်၊ ရွာသူရွာသားတွေအတွက်လည်း စိတ်မကောင်းဖြစ်မိပါတယ်လို့ပြောပြသွားခဲ့တာပါ။

ဆရာတော်ကလည်း နာဂစ်မှာသေတဲ့လူသေအလောင်းတွေမျောလာတာမြင်ရတော့တရားရပြီးရွာစဉ်ကျင်လည်တရားတွေဟော၊တရားပွဲတွေလုပ်ဆိုတော့ ကပ္ပိယအောင်သန်းဇော်လည်းပါတဲ့အရင်းအနှီးလည်းကုန်ပြီဆိုတော့ အဲဒီတုန်းက ခုလိုဖုန်းခေတ်မဟုတ်တော့ နောက်ပိုင်းလည်း ဆက်သွယ်လို့မရ ပြန်စရာလမ်းစရိတ်ကလည်း မရှိဆိုတော့ ဘုန်းကြီးရဲ့ တရားပွဲတွေနောက်လိုက်ပြီး ကပ္ပိယပဲဆက်လုပ်နေလိုက်တာပေါ့။

အောင်သန်းဇော်တစ်ယောက် ဆရာတော်ရဲ့တရားပွဲနောက်လိုက်ရင်းရွာစဉ်ကျင်လည်ရတော့အပေါင်းအသင်း

# ထွန်းရှည်(မြန်အောင်)
# ဆီးချိုရောဂါနှင့် ဘေးအိုးပုတ်ပင်အစွမ်း



ကျွန်ုပ်သည် ၂၄- ၁- ၂၃ ရက်နေ့ မနက်(၉)နာရီ(၄၅)မိနစ်တွင်မြန် အောင် ရေနံမြေဘုရားသုံးဆူအရှေ့ကျောင်း(ဘုန်း တော်ကြီးပညာသင်ကြားရေးကျောင်း) သို့ရောက်ခဲ့ပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသယ်ပို့/စက် ပြင်ဌာနမှအငြိမ်းစားယူခဲ့သောဦးခင်ဝင်း ၏ဇနီးကွယ်လွန်ပြီး (၃) နှစ်ပြည့်အလှူ ပေးဆွမ်းကပ်ဖိတ်ကြားခြင်းအတွက်သွား ရခြင်းဖြစ်သည်။

ဘုရားသုံးဆူအရှေ့ကျောင်းဆရာ တော်သည်မနက် (၁၀) နာရီကျော်ဝန်း ကျင်တွင်သီလပေးတရားဟောကြားသည် ကိုအလှူပွဲများ၊ မင်္ဂလာဆွမ်းကျွေးများသို့ သွားရောက်တိုင်းပုံမှန်ဖြစ်နေ၍စောစော သွားခဲ့ရခြင်း ဖြစ်ပါ၏။ ဖိတ်ကြားခံရ၍ ရောက်ရှိလာသူများမှာလည်း အသက် (၆၀)ကျော်ပင်စင်အငြိမ်းစားဝန်ထမ်းများ ကများပါသည်။

ဆရာတော်ရောက်မလာမီရေနွေး ကြမ်း၊ လက်ဖက်သုပ်၊ ဆန္ဒမကင်းတို့ဖြင့် ဧည့်ခံထားမှုကြောင့်အဆင်ပြေရာဝိုင်း တွင်ဝင်ရောက်ထိုင်ခဲ့ပါသည်။ ဝန်ထမ်း များဖြစ်သည့်အတွက်ရင်းနှီးခင်မင်ကြကာ အာလာပသလ္လာပပြောဆိုကြရင်းဆရာ တော်သီလပေးမည့်အချိန်ကိုစောင့်နေခဲ့ ကြပါသည်။

ကျွန်ုပ်ထိုင်ရာဝိုင်းတွင် ယခင်ဝန် ထမ်းဘဝဆေးပေးခန်းတွင်တာဝန်ထမ်း ဆောင်ခဲ့သောကွန်ပေါင်ဒါကိုဌေးလွင် အားတွေ့ခဲ့ရာ 'ခင်ဗျားဟာသိတာဆေးရုံ တက်ခဲ့ရတာကြားတယ်ဗျ။ ဘာဖြစ်တာ

ကလေးကလည်းစုံလာဆိုတော့ဘုန်းကြီး ပေးထားတဲ့မုန့်ဖိုးလေးတွေကို ဘုန်းဘုန်း မသိအောင် အပေါင်းအသင်းတွေနဲ့ သောက်မိစားမိတာပေါ့။ ဘာသာရေးနဲ့ ဆက်စပ်ပြီးရလာတဲ့ငွေကိုမသုံးကောင်း တဲ့နေရာမှာသုံးမိလို့နဲ့တူပါတယ် အောင် သန်းဇော်ညရောက်မှာကို ကြောက်နေမိ ပါတယ်။ ဘာလို့လဲဆိုတော့ ညညဆို အောင်သန်းဇော်အေးအေးချမ်းချမ်းနှစ် နှစ်ခြိုက်ခြိုက်မအိပ်ရဖူးပါဘူး။ သာသနာ့ အကြွေးတွေဆပ်နေရတဲ့သဘောနဲ့တူပါ တယ်။အိပ်မက်ထဲမှာဘုရားအုတ်တံတိုင်း တွေကိုဆေးသုတ်၊ကျောင်းဝေယျာဝစ္စတွေ ကိုပင်ပင်ပန်းပန်းမောနေအောင်လုပ်နေ ရတာပါ။

အဲဒီတော့မှမမူးတဲ့အချိန်မှာအောင် သန်းဇော် သူ့အကြောင်းသူပြန်လည်စဉ်း စားသုံးသပ်ပြီး ငါဒီတိုင်းဆက်နေရင် ဒုက္ခရောက်လိမ့်မယ်။ ကုသိုလ်မရ ငရဲ ရနေမယ်ဆိုပြီးဘုန်းကြီးကိုအမှန်အတိုင်း ဝန်ခံပြီး မိမိအရပ်ကို ပြန်ချင်ပါတယ်လို့ လျှောက်တော့ ဘုန်းဘုန်းကလမ်းစရိတ် နဲ့ရင်းနှီးစားစရာ ငွေနှစ်သိန်းပါပေးလိုက် တော့မှ အဲဒီလိုနဲ့မိဘတွေဆီကို အောင် သန်းဇော်တစ်ယောက် ပြန်ရောက်လာခဲ့ တာပေါ့။

နောက်ပိုင်းက မိဘနှစ်ပါးနဲ့ ဆွေ မျိုးများက စာမလာသတင်းမကြားဆို တော့ အောင်သန်းဇော်သေပြီဆိုပြီးဆွမ်း သွပ်ပေးထားကြပါတယ်။ အခုတော့ အောင်သန်းဇော်တစ်ယောက်မိဘတွေနဲ့ အတူ တောင်သူလုပ်ငန်းကိုလုပ်ကိုင်နေ ရင်းက လုပ်ငန်းအဆင်မပြေလို့ နိုင်ငံခြား ကိုထွက်ပြီးအလုပ်လုပ်ချင်လို့ ထွက်သင့် မထွက်သင့် ဇာတာလေးစစ်ချင်တာနဲ့ ဆရာမဆီလာခဲ့တာလို့ပြောပြပါတယ်။

မေးခင်လာမေးတဲ့အောင်သန်းဇော် ကို စာရေးသူက သောကြာမရဏဂြိုဟ် ထဲက ထွက်လာတဲ့သေတွင်းထွက်၊ ခန္ဓာ ပြတ်ကိန်းကျတဲ့နှစ်တွေကိုလည်း ကျော် ခဲ့ပြီဆိုတော့ ခရီးနဲ့ပတ်သက်လို့ အသက် အန္တရာယ်တွေ့ခဲ့ရတတ်တယ်လို့ ဟော လိုက်တဲ့အတွက် နာဂစ်ဘေးက လွတ်ခဲ့ တဲ့သူ့ဖြစ်စဉ်တွေကို ပြောပြသွားခဲ့တာ ပါ။

အဲဒီတော့ မိမိသည်လည်းပဲ စာရေးစရာကုန်ကြမ်းရပြန်ပြီဆိုတော့ သူ့အကြောင်းရေးခွင့်ပြုဖို့ပါတစ်ခါတည်း ခွင့်တောင်းထားလိုက်ပြီး ဒီစာမူကို ရေး လိုက်တာပါ။ တကယ့်အဖြစ်အပျက်ဖြစ် ၍ အမည်၊ လူအမည်၊ မန္တလေးတောင် ပေါ်က ဆိုင်အမည်တို့ကို အမည်ရင်း များအတိုင်း ဖော်ပြပေးလိုက်ပါတယ်။

အောင်သန်းဇော်တို့မောင်နှမနှစ် ယောက်ပြန်သွားပြီးတဲ့နောက်မှာ တွေး မိနေတာက လူတွေမှာ ကံကောင်းစေတဲ့ အဓိကလိုအပ်ချက်က စိတ်ကောင်းမွေး ဖို့ပါပဲ။ အောင်သန်းဇော်သည်လည်းပဲ တခြားသူငယ်ချင်းတွေလိုပဲကြွေးတောင်း သွားမယ်၊ ဘုန်းဘုန်းကိုကူညီချင်စိတ်မရှိ ဘဲ ကိုယ့်အလုပ်ကိုယ်ပဲ လုပ်မယ်ဆိုတဲ့ အတွေးနဲ့သာ ဘုန်းဘုန်းနောက်ကိုလိုက် မယ့်ခြေလှမ်းကိုသာ တစ်လှမ်းနောက် ဆုတ်ပြီး ရွာထဲကြွေးတောင်းရင်းနဲ့ကျန် နေခဲ့မယ်ဆိုရင် သူသည်လည်းပဲ သေချာ ပေါက် သူ့သူငယ်ချင်းတွေနဲ့အတူပါသွား မှာပါပဲ။

အောင်သန်းဇော်ရဲ့ဖြစ်ရပ်မှာ စဉ်း စားကြည့်လိုက်ရင် ငယ်ရွယ်သူဆိုတော့ ဘာသာရေးလည်းထဲထဲဝင်ဝင် မလုပ်ဘဲ အခုခေတ်စကားနဲ့ပြောရရင် သူများကို ကူညီချင်သော၊အနစ်နာခံသော၊ပရဟိတ စိတ်ဓာတ်ရှိသောအောင်သန်းဇော်ရဲ့စိတ် ကောင်းမွေးခဲ့တဲ့သူ့စိတ်ဓာတ်က သူ့အ သက်ကိုပြန်ပြီးကယ်ထုတ်သွားတာပါလား လို့တွေးနေမိပါတယ်။

ဒါကြောင့် ဆရာတော်ကြီးတွေ ကစိတ်ကောင်းမွေးသီလမြဲဝိပဿနာစွဲ နိဗ္ဗာန်ရောက်မည်မလွဲလို့ဆုံးမခဲ့ကြတာ ပါလားလို့သံဝေဂရနေမိပါတယ်။

စာဖတ်သူအားလုံး ဘေးကင်းရန် ကွာစိတ်ချမ်းသာကြပါစေ။ နှလုံးစိတ် ဝမ်းအေးချမ်းကြပါစေ။

ရင်သန်း

လဲ' ဟုမေးခဲ့ရာ-

ကိုငွေးလွင်မှ-

"ဆီးကျိတ်ရောင်တာပြီးတော့ဆီးချိုကတက်နေသေးတယ်"

ယနေ့ခေတ်အခါသမယကြားနေရတာဆီးချိုဆီးချို၊ အမျိုးသား၊ အမျိုးသမီး အသက်ရလာရင် ဆီးချိုဖြစ်နေကြတဲ့သူတွေကအများသားကလား။

ကျွန်ုပ်မှဆက်ပြီး-

"ကဲ-ကိုငွေးလွင် ဆီးကျိတ်ရောင်တော့ဘာတွေဖြစ်သလဲ။ ကျွန်တော့်အဖေတုန်းကတော့ ဆီးပိုက်ထည့်လိုက်ရတယ်၊ နောက်မှခွဲခဲ့တာ'

ကိုငွေးလွင်က-

"ဒီလိုကိုထွန်းရည်ရေဆီးသွားမရတော့နီးစပ်ရာအင်ပင်ဆေးရုံသွားတက်တယ်။ အဲဒီကဟင်္သာတဆေးရုံပြောင်းခိုင်းလို့သွားလိုက်ရတယ်။ဟိုရောက်တော့ဆီးကျိတ်ရောင်နေလို့ဆီးသွားမရတာခွဲရမယ်ပေါ့။ ဒါနဲ့ဆေးရုံထုံးစံအတိုင်းစစ်ဆေးတာပေါ့ဗျာ။ အဲဒီမှာဆီးချိုရောဂါတွေတော့တာပဲ။ ဆေးရုံကဆီးချိုအတွက် ဆေးတွေပေးသောက်ခိုင်းပြီးမှခွဲခဲ့ရတယ်"

ကိုငွေးလွင်သည်ဆေးပေးခန်းတွင်တာဝန်ထမ်းဆောင်ခဲ့စဉ်ကကွန်ပေါင်ဒါဖြစ်သည်။သူ၏အထက်တွင်ကျန်းမာရေးမှူးရှိသည်။ ရေနံမြေတိုင်းတွင်ဆေးပေးခန်းထားရှိပြီးကျန်းမာရေးမှူး (HEALTH ASSISTANT) တစ်ဦးခန့်ထားပေးသည်။ ကိုငွေးလွင်သည်ကျန်းမာရေးမှူးများနှင့်တွဲဖက်လုပ်ကိုင်ခဲ့ရ၍ နှစ်ကာလကြာလာတာအမျှအတွေ့အကြုံဗဟုသုတများရရှိခဲ့ရာပင်စင်စားဘဝရောက်သည့်တိုင်မြန်အောင်ရေနံမြေအတွင်းနှင့်ဘေးပတ်ဝန်းကျင်ရွာနီးချုပ်စပ်များသို့သွားရောက်ဆေးကုသပေးလျက်ရှိသည်ကိုမြင်တွေ့နေခဲ့ပါသည်။ ကျွန်ုပ်မှဆက်မေးခဲ့ရာ ကိုငွေးလွင်မှအောက်ပါအတိုင်းပြောခဲ့ပါသည်။

"ကိုထွန်းရည်ရေ ဆီးကျိတ်ခွဲပြီးဆေးရုံကဆင်းတော့ကျွန်တော်ကလည်းဆေးဆရာလေ ရွာတွေအနှံ့ရောက်တာပေါ့ဗျာ။ဆေးချိုရောဂါကိုဘယ်လိုပျောက်အောင်လုပ်ရမလဲမေးရတာပေါ့။ အင်္ဂလိပ်ဆေးတွေကကိုယ်လည်းသိနေတာပဲ။ ဆီးချိုသမားတွေ့ရင်ညွှန်ပြီးဆေးဆိုင်တွေမှာဝယ်ပြီးသောက်ခိုင်းတယ်။

ဒီလိုနဲ့သွားလာမေးမြန်းရင်း ဆေးခါးကြီးရွက်ကျိုသောက်ရတယ်ဆိုတော့သောက်တာပေါ့။ ဒါပေမယ့်အရသာကတော်တော်ခါးတယ် အဆင်မပြေဘူးဗျ။





အဆင်ပြေချင်တော့ကျွန်တော့်ကလေးတပည့်တွေကအင်ပင်မြို့အနောက်ဘက်တောထဲကဆေးအိုးပုတ်တွေသွားရှာပြီးလာပေးတယ်။

ကျွန်တော်ကအဲဒီဆေးအိုးပုတ်ပင်ကိုလက်တစ်ဆုပ်စာသုံးခွက်တစ်ခွက်ကျိုပြီးနေ့စဉ်သောက်ခဲ့တာခုဆိုပုံမှန်ဖြစ်သွားပြီဗျ"

ကျွန်ုပ်မှ-

"ခင်ဗျားဆီးချိုစမ်းပြီးပြီလား"

ဟုဆက်မေးရာ-

"ဪ- ကျွန်တော့်မှာဆီးချိုစမ်းတဲ့စက်ဝယ်ထားတယ်လေ။ ရွာတွေရောက်လို့ဆီးချိုရှိမယ်ထင်လို့ သံသယရှိရင်စမ်းရတာဗျ"

"အဲဒီလိုဆို ခင်ဗျားအရင်ဆီးချိုတက်တုန်းကဘယ်လောက်ရှိသလဲ"

"(၂၀၀)ကျော်တယ်၊ခုတော့ (၈၀) ကျော် (၉၀) ပုံမှန်ပဲ"

သူ့ကိုမြင်ရသည်မှာ ကြည်ကြည်လင်လင်လန်းလန်းဖြစ်နေ၏။

အဲဒီအချိန်အခါနားတွင်ရှိသောရေနံထုတ်လုပ်ရေးဌာနမှပင်စင်စားကိုအောင်ကျော်က-

"ကျွန်တော့်အိမ်မှာဆေးအိုးပုတ်ပင်တွေရှိတယ်လေ"

ဟုပြောပြန်ပါ၏။ ဆီးချိုရောဂါအတွက် ဆေးအိုးပုတ်ပင်ပြုတ်သောက်ရင်ပျောက်သည်ဆိုတဲ့စကားခုမှပဲကြားဖူးပါတော့သည်။ လက်တွေ့ပျောက်နေသူ၏အဖြစ်မှန်စကားလည်း ကြားခဲ့ရတော့-

"အေးကွာအောင်ကျော်အပြန်မင်းအိမ်ဝင်ခဲ့မယ်။ ဆေးအိုးပုတ်ပင်ကြည့်ရင်းပေါ့"

ပြောပြီးသည်နှင့်ဆရာတော်ကြွရောက်လာပြီးသီလပေးရေစက်ချတရားဟောပြီးသည်နှင့် ဧည့်သည်များအားထမင်းကျွေးပါတော့သည်။

ထမင်းဝိုင်းတွင်ကျွန်ုပ်မှ-

"မင်းတို့ကို ဗဟုသုတတစ်ခုတော့ပြောပြမယ်။ ဒါကလည်းကိုငွေးလွင်ဆီးကျိတ်ရောင်တာနဲ့ဆက်စပ်လို့ပါ။ ငါ့အဖေဆိုဆီးကျိတ်ရောင်လို့ ပုသိမ်ဆေးရုံတက်ခွဲခဲ့ရတယ်။ ခုပြောမှာကတို့အသက်အရွယ်(၆၀)ပတ်ဝန်းကျင်ပေါ့။ အဲဒီအရွယ်တွေမှာ ဆီးကျိတ်ရောင်ဖို့ကသေချာသလောက်ပဲ။ မရောင်အောင်ဘာလုပ်ရမလဲပြောမှာ တို့ခြေထောက်အတွင်းဘက်အောက်မှာခြေမျက်စိဆိုတာရှိတယ်။ နှစ်ဖက်စလုံးပေါ့ကွာ။ အဲဒီခြေမျက်စိအောက်တည့်တည့် လက်တစ်လုံးလောက်ကအကြောကိုသတိရတိုင်းနှိပ်ပေးပါ။ဘယ်တော့မှဆီးကျိတ်မရောင်တော့ဘူး မှတ်ထားပေတော့"

ကျွန်ုပ်မှာထမင်းစားပြီးသည်နှင့်အလှူရှင်အားနှုတ်ဆက်ပြီးပြန်ခဲ့သည်။

ကိုအောင်ကျော်အိမ်သည် ရေနံမြေဈေးလေး၏ရှေ့တွင်ရှိ၍ဆိုင်ကယ်ရပ်ကာဆေးအိုးပုတ်ပင်အားပြခိုင်းပြီး ဖုန်းဖြင့်ဓာတ်ပုံရိုက်ခဲ့သည်။

လူအများခံစားနေကြရသောဆီးချိုဝေဒနာအတွက်ဆေးအိုးပုတ်ပင်အားသုံးခွက်တစ်ခွက် ကျိုသောက်ခြင်းဖြင့်ပျောက်ကင်းပါကြောင်းမေတ္တာစေတနာထား၍ရေးသားဖော်ပြလိုက်ပါသည်။

အကယ်၍ အတိအကျဘယ်လိုဆောင်ရွက်ရမည်ကိုသိလိုကဦးငွေးလွင် (၀၉-၇၉၅၈၉၄၁၃၂) သို့ဖုန်းဖြင့်ဆက်သွယ်မေးမြန်းပါက ပြည့်စုံစွာသိရမည်ဖြစ်ကြောင်းကိုလည်းထပ်ဆင့်ရေးသားလိုက်ရပါသည်။

*ရောဂါကင်း၍စိတ်ရွှင်းကြပါစေ။*

**ထွန်းရည် (မြန်အောင်)**

# အတိတက
# သားသမီးများငါကတာ
## ဟောင်ဟောင်ဝိုးယု(ပန်းတက္ကသိုလ်)



### ၁။ ထွန်းထွန်းပေါက်ပေါက်လူတစ်ယောက်

သူမိဘတွေက သူ့အနာဂတ်နှင့်ပတ်သက်၍ အတော်မျှော်လင့်ခဲ့ပုံရသည်။ နာမည်ပေးခဲ့ပုံကိုကြည့်၊ ဗျူပွတ်ကောင်းလှသည်။ အယ်-ဘုန်းမြင့်၊ သူကအင်းလေး ခေါင်တိုင်သား။ ပြန်ပြောမဝသတင်းမွှေးသည့် ကမ္ဘောဇအင်းလေး၏ တစ်ဖက်ကမ်းမှာ အေးချမ်းသော ခေါင်တိုင်ရွာလေးရှိသည်။ ရေပူစမ်းနှင့်အပန်းဖြေစခန်းကြောင့် ထင်ရှားပါသည်။ခေါင်တိုင်မှာ လူရည်ချွန်စခန်းဖွင့်လိုက်သောအခါ ပို၍ထင်ရှားလာသည်။ သတင်းစာဆရာ၊ စာရေးဆရာ၊ ကဗျာဆရာ၊ ရုပ်ရှင်နှင့်ဇာတ်သဘင် အနုပညာရှင်များ တစ်ခေါက်တစ်နား အရောက်သွားဖူးကြသည်ချည်းပင်။ ကျွန်တော်တို့ပျို့မြစ်စ ဟိုတစ်ခေတ်က ဆိုပါတော့။

ခေါင်တိုင်သူ ခေါင်တိုင်သားတွေ ဖြူစင်ရိုးသားရှာ၏။ သည်တော့ ကြီးစားနိုင်မှ တစ်ဝမ်းတစ်ခါး ဝရုံ၊ ငရုံ၊ လှရုံရှိသည်။ သည်ထက်တော့ ပို၍မျှော်လင့်ချင်လို့မဖြစ်၊ ခရီးသွားဧည့်သည်တွေထံမှ မျှော်လင့်ရသည်။ ဧည့်သည်တွေက နွေပေါက်မှ ဥဩလေးများနှင့်အတူ ရောက်လာကြသည်။ တစ်မိုးကုန်စဲ နှင်းမြူလေးတွေဝဲမှ ရောက်လာသူလည်း ရှိသည်။ ခေါင်တိုင်သားတွေ ဈေးရောင်း၊ တောင်ယာလုပ်၊ ကြံခင်းတွေမှာအချိန်ကုန်၊ တစ်နှစ်ပြီးတစ်နှစ် တစ်ခေတ်ပြီး တစ်ခေတ်၊ ဘဝသမားတို့အဖြစ်။

"တောဆိုတော့ စားတော့စားရပါတယ်။ထွန်းထွန်းပေါက်ပေါက် လက်ညှိုးထိုးစရာတော့ တစ်ယောက်မှမရှိတာ"

အင်းသံဝဲဝဲနှင့် သူ ပြောဖူးခဲ့သည်။

တောင်ကြီးကောလိပ်မှာကတည်းကသူနှင့်ဆုံဖြစ်ခဲ့သည်၊သိပ်တော့ မရင်းနှီးဖြစ်သေး။ မန္တလေးတက္ကသိုလ်ရောက်မှတော့ သူရောကိုယ်ပါ ဗောဓိကုန်းထဲမှာ ပြင်ပအဆောင်ငှားနေရင်း နှစ်ယောက်တစ်ခန်းအတူကျသည်။သူနှင့်က မေဂျာလည်းတူသည်၊ အတန်းချင်းလည်းတူသည်၊ အနွမ်းဆင်းရဲလည်း တူသည်။

ဖိုင်နယ်ရောက်မှ စာသင်နှစ်တစ်ဝက်တစ်ပျက်တွင် သူ့အဖေဆုံးသည်။ သားသမီးများထဲတွင် သူကအကြီးဆုံး။ သူမှရှာမကျွေးလျှင် အကုန်ဖရိုဖရဲဖြစ်ကုန်လိမ့်မည်။ ကျောင်းထွက်လိုက်လျှင်လည်း လှေပြေးတုန်း တက်ကျိုးသလိုရှိတော့မည်။

"ဒီတော့ မင်းဒီလိုလုပ်၊ ကျောင်းခေါ်ကြိမ်အတွက် မင်းအစား ငါလက်မှတ်ထိုးပေးမယ်။ သင်စာတွေလည်းမင်းအတွက် စာအုပ်သတ်သတ်နဲ့ ငါပြန်ကူးပေးထားမယ်၊ ငါလည်း မှတ်မိသွားတာပေါ့။ စာမေးပွဲမဖြေခင် တစ်လတော့ကြိုပြီး ဖြစ်တဲ့နည်းနဲ့ပြန်လာ၊ ငါပြန်ရှင်းပြမယ်။ ဒါဆို မင်းဘွဲ့ရပြီ ဟုတ်ပြီလား"

"ကျေးဇူးပါ သူငယ်ချင်းရာ"

ဒီလိုနှင့် သူဘွဲ့ရသွားသည်။ သူ့ရွာမှာ ကျောင်းဆရာ လုပ်သည်။ တစ်ခါဆရာအလုပ်မှထွက်ပြီး သမဝါယမအသင်းမှာ ဝင်လုပ်ပြန်သည်။ မတင်ကြည်နှင့်လည်း အိမ်ထောင်ကျသည်။ မတင်ကြည်က အင်းသူပီပီ အကြော်အလှော် အကုန်တတ်သည်။

"ဒီမှာတော့ ကြီးပွားဖို့လမ်းမရှိဘူး၊ ကျွန်မတို့ ပြောင်းကြမယ်"

မတင်ကြည်က အကြံပေးသည်။

သူတို့ တောင်ကြီးတက်ခဲ့သည်။ အသိဝပ်ရှော့မှာ ဝင်နေကြသည်။ ရေဆိုးမြောင်းလေးဘေးက အိမ်သေးသေးလေးမှာနေကြသည်။ မတင်ကြည်က နေကြာစေ့လေးတော လှော်သည်။ တောင်ကြီးဈေးထဲကဆိုင်တွေမှာ လိုက်တင်သည်။ ရောင်းပြီးမှ ပြန်ပေးပေါ့။ အချို့ကရောင်းပြီးလို့တောင်မှ ပြန်မပေးချင်၊ နောက်တစ်ခေါက်မှ ယူပါ ဆိုသေး၏။ ကိုယ့်တံဆိပ်ကနာမည်မရသေး၊ အောင့်အည်းရ၏။ ရတာလေးတွေက စားပစ်လို့မဖြစ်၊ ပြန်ရင်းရ၏။ အပိုလေးထွက်လာအောင် ကိုဘုန်းက ရေဆိုးမြောင်းထဲက ရေအားကိုးနှင့် ဂေါ်ရခါးပင်လေးတွေစိုက်သည်။ ဂေါ်ရခါးသီးတွေ ပျစ်တောင်း (၂) လုံးအပြည့်ထည့်၍ဈေးသွားပို့ရသည်။ကားခပြား(၄၀)မရှိသဖြင့် ထမ်းပိုးနှင့်ထမ်းပို့ခဲ့ရ၏။ ဆင်းရဲလိုက်ပုံများ။

တစ်နေ့ တရုတ်သူဌေးတစ်ယောက် ဝပ်ရှော့လာစဉ် တွေ့၍ မတင်ကြည်က နေကြာစေ့လှော်လေးတွေ ပန်းကန်ပြားလေးထဲ ဖြိုးဖြိုးမောက်မောက်ထည့်ပြီး ကိုယ့်အိမ်ရှင်၏ ဧည့်သည်ကို အလိုက်တသိ ဧည့်ဝတ်ပြုသည်။

"လက်ရာအဆင့်ရှိတယ်။ အဆင်ပြေမှာပေါ့"

ကျိုင်းတုံသူဌေးက စူစမ်းသည်။

မတင်ကြည်က ဖြစ်ကြောင်းစုံပြော၏။ ထိုအခါသူဌေးက မတင်ကြည်တို့လင်မယားနှင့် အပေးအယူတစ်ခုလုပ်သည်။

နေကြာစေ့လှော်စက်၊ လှော်ဖို့မှအစ လိုအပ်သမျှ အကုန်ဝယ်ပေးမည်။ ကုန်ကြမ်းကို ကားနှင့်တိုက်ပါ။ ကုန်ကြမ်းထွက်ရာဒေသမှာ ပစ္စည်းကောင်းရဖို့ အဝယ်တော် လက်သပ်မွေးပါ။ ကုန်အမှတ်တံဆိပ်ပြောင်းပါ။ အလုပ်သမား (၈၀) ထိထားပါ။ လခ သူပေးမည်။ထွက်သမျှကုန်ချော သူ့အပ်ပါ။ (၆) လအပ်ရမည်။ (၆) လအတွင်း မတင်ကြည်တို့အတွက် စားစရိတ်မျှသာ သူပေးမည်၊ အပိုတစ်ပြားမှမပေး။ (၆) လပြည့်သည့်နောက် လုပ်ငန်းကိုအကုန်လွှဲပေးမည်၊ ကိုယ့်ဟာကိုယ် လုပ်စားတော့။ အရင်းအနှီးလိုသေးလျှင် သူထပ်ထုတ်ပေးမည်။ ဘယ်လိုသဘောရသလဲ။ ကိုဘုန်းတို့လင်မယား ခေါင်းညိတ်လိုက်၏။

ထိုအချိန်က နေကြာစေ့လှော်ဈေး

ကွက်တစ်ခုလုံးကို 'မြသီဂီ'အမှတ်တံဆိပ် ကလွှမ်းမိုးထား၏။ ဘယ်လိုတံဆိပ် ပြောင်းမလဲ စဉ်းစားကြသည်။ 'အင်းလေးမှာ ရွာတဲ့မိုး' တို့ 'နေကျောက်ခဲ'တို့ နာမည်ကြီးနေ၏။သည်တော့ တံဆိပ်ကို 'နေကျောက်စိမ်း'လုပ်လိုက်၏။ကျောက်စိမ်းက တရုတ်အကြိုက်။

နေ့မီး၊ ညမီး တစ်ရက်ကို နေကြာစေ့အိတ်ကြီး (၅၀) လှော်ရသည်။ တစ်အိတ်ပုံးကြီး (၁၀) ပုံးဝင်သည်။ အိတ် (၅၀) ဆိုတော့ ပုံး (၅၀၀)။ ဟိုင်းလတ်ကား အပေါ်အောက် အသိပ်အနိပ်။

"ဒါ ဝပစ္စည်းနော်၊ တီခြား တီဆိပ် မီတင်ပါလဲ့"

တရုတ်ကြီးက ဆိုင်တွေကိုလိုက်ပြီးသြဇာပေး၏။ ကျိုင်းတုံထိလည်းသယ်၏။ မိုးမှမလင်းသေး၊ ဖောက်သည်ယူသူတွေ ကိုဘုန်းတို့အလုပ်ရုံမှာ အုံခဲနေ၏။ တရုတ်ကြီးအတွက် တစ်ရက် နှစ်သိန်း လောက်စီသည်။ရွှေတောင်မှ နှစ်ထောင်ဈေးလောက်သာ ရှိသည်၊ တွက်ကြည့်တော့။ ကိုဘုန်းတို့လင်မယား ဖြစ်သလိုစားဦး။

(၆) လပြည့်တော့ မတင်ကြည်တို့ကို အကုန်လွှဲပေးလိုက်၏။ ကိုဘုန်းတို့ ကျိုကျိုတက် ချမ်းသာသွားသည်။ ကျွန်တော် သူ့တိုက်မှာသွားတည်းတော့ သူ ဂေါ်ရခါးသီးထမ်းခဲ့သည့်ထမ်းပိုးလေးကို ပလတ်စတစ်နှင့်ပတ်၍ မှန်ဗီရိုမတ်ရပ်လေးထဲမှာထည့်ပြီးဧည့်ခန်းမှာထားသည်ကို တွေ့ခဲ့ရသေးသည်။

**❑ နဂိုရှိမှ နဂိုင်းထွက်**

လူနှင့်တိရစ္ဆာန် ဘာကွာသနည်း။ တိရစ္ဆာန်သည် လိုဘရှိသောသတ္တဝါ၊ လူသည် လိုဘကြီးသော သတ္တဝါ။ ကြောင်တစ်ကောင်သည် ကြွက်တစ်ကောင်ရသောအခါ တင်းတိမ်သွား၏။ ကျားတစ်ကောင်သည် ချေတစ်ကောင်ရသောအခါ တင်းတိမ်သွား၏။ စုဖို့ဆောင်းဖို့ မလို၊ ပကာသနမလို၊ အဆင့်အတန်းဆိုတာလည်း မရှိ။

လူမှာ ပကာသနရှိ၏။ ပကာသနမလိုသော်မှ အဆင့်အတန်း လို၏။ ထို့ကြောင့် ပညာရေးမှာ၊ စီးပွားရေးမှာ၊ နေရာဌာန အရေးမှာ၊ ထင်ပေါ်ကျော်ကြားမှုအရေးမှာ လူတိုင်း အထက်တန်းရောက်ချင်၏၊ထွန်းပေါက်ချင်၏။အနည်းဆုံး မိမိအမျိုးအနွယ်တွင် ထင်ရှားသူတော့ဖြစ်ချင်၏။သို့သော် လူတိုင်း မထွန်းပေါက်ပါ။ နဂိုရှိမှ နဂိုင်းထွက်သည်။

အချို့က ဥစ်ဘယ်နှချပ်ရလျှင်ဘာဖြစ်မည်၊ ကသစ်ဘယ်နှပွင့်ရလျှင် ဘာကြီးဖြစ်မည် ညာကြီးဖြစ်မည်။ဘယ်ဂြိုဟ်က နိစ်နဝင်းစီးလို့ဘာဖြစ်မည်၊ ရန်နဝင်းစီးလို့ ဘာဖြစ်မည်ဆိုကြ၏။ ထိုအဆိုများသည် ဂြိုဟ်တို့၏အခြေခံသဘောတရားများသာ ဖြစ်သည်။ ပုံသေကားကျ ယူဆ၍ တစ်ထစ်ချ ဟောကိန်းထုတ်ရန်မဟုတ်။


ဥစ်တစ်ချပ်မှမရချင်နေ၊ ကသစ်တစ်ပွင့်မှမပွင့်ချင်နေ၊ ရန်နဝင်း နိစ်နဝင်း ဘာဖြစ်ဖြစ် ဗေဒင်ပညာအခြေခံမဆိုစလောက်ရှိသည်ဆိုလျှင်ပင် ဇာတာကြည့်ရုံနှင့် ထွန်းထွန်းပေါက်ပေါက် ဖြစ်ဖြစ်မြောက်မြောက် အစားထဲကဟုတ်မဟုတ် တပ်အပ်မလွဲ အကဲခတ်နိုင်သောနည်းရှိ၏။

ကြိုတင်လေ့လာ သိရှိထားရမည့် အချက်အနည်းငယ်တော့ရှိသည်။


**❑ သမ္ဗန္ဓ (၄) မျိုး**

ဂြိုဟ်တို့သည် တစ်လုံးနှင့်တစ်လုံး ဆက်သွယ်မှုရှိမရှိ သမ္ဗန္ဓ(၄)မျိုးနှင့်ကြည့်ရ၏။

**ရာသီပိုင်ဂြိုဟ်**





**အိမ်ချင်းလှယ်**




ပုံ (၁) တွင် (၅)တေးနှင့် (၁)နွေတို့ အိမ်ချင်းလှယ်၍ရပ်တည်၏။ (၀) နေနှင့် (၃)ဂါတို့လည်း အိမ်ချင်းအလဲအလှယ်ပြုနေကြသည်။ ဂြိုဟ်တို့ ဤကဲ့သို့ရပ်တည်ခြင်းကို ပထမသမ္ဗန္ဓဖြင့် ဆက်သွယ်မှုဟုခေါ်သည်။

ပုံ- (၂)တွင် (၃)ဂါက (၀) နေကို (၄)တန့်ဖြင့်၊ (၀)နေက (၃)ဂါကို (၁၀) တန့်ဖြင့် ဂြိုဟ်အားလုံးသည် (၇) တန့် (သမသတ်) ကိုမြင်ကြသောကြောင့် (၁) နွေနှင့်(၅)တေးသည် (၇)တန့်ဖြင့် အချင်းချင်း အပြန်အလှန်မြင်ကြ၏။ ဤသို့ အပြန်အလှန်မြင်ခြင်းကို ဒုတိယသမ္ဗန္ဓဖြင့် ဆက်သွယ်မှုဟုခေါ်သည်။

**အပြန်အလှန်မြင်**




**ဂြိုဟ်တို့အမြင်**

(၁၊ ၂၊ ၄၊ ၆) (၇)တန့်
(၃) ဂါ (၄၊ ၈) တန့်
(၅) တေး (၅၊ ၉) တန့်
(၀) နေ (၃၊ ၇၊ ၁၀) တန့်
(လက်ဝဲရစ်မြင်ကြသည်)
(၈) ဟု (၅၊ ၇၊ ၉၊ ၁၂) တန့်
(ရာဟုက လက်ျာရစ်မြင်သည်)

ပုံ (၃) တွင် (၃) ဂါက (၁) နွေအိမ်သို့ဝင်နေ၏။(၃)ဂါသည် ဧည့်သည်။ သူကအိမ်ရှင် (၁) နွေကို (၈) တန့်ဖြင့် လှမ်းမြင်သည်။(၁)နွေက ဧည့်သည် (၃) ဂါကိုမမြင်။

(၆)ကြာက (၀)နေအိမ်သို့ဝင်နေ၏။ (၆) ကြာက ဧည့်သည်၊ သူက (၀) နေကို မမြင်။ အိမ်ရှင် (၀)နေက ဧည့်

**ဧည့်သည်နှင့်အိမ်ရှင် တစ်ဦးဦးကမြင်**




သည် (၆) ကြာကို မိဿမှ (၁၀)တန့်ဖြင့် လှမ်းမြင်၏။

ကြာသပတေးက (၃) ဂါအိမ်သို့ ဝင်နေ၏။ သူက (၃) ဂါကိုမမြင်၊ အိမ်ရှင် (၃) ဂါက (၄) တန့်ဖြင့်လှမ်းမြင်၏။

ဤကဲ့သို့ ညှိသည်နှင့် အိမ်ရှင်တွင် ညှိသည်ကဖြစ်စေ အိမ်ရှင်ကဖြစ်စေလှမ်းမြင်သည်ကို တတိယသမ္ဗန္ဓဖြင့် ဆက်သွယ်မှုဟုခေါ်သည်။(ညှိသည်နှင့် အိမ်ရှင်မဟုတ်လျှင် တတိယသမ္ဗန္ဓဟု မဆိုရ)

**တစ်အိမ်တည်းမှာနေ**




ပုံ (၄) တွင် မိဿတစ်ရာသီထဲ၌ ဂြိုဟ် (၄)လုံးစုဝင်နေ၏။ မည်သည့်ရာသီတွင်မဆို ဂြိုဟ်တစ်လုံးထက်ပိုရှိနေခြင်းကို ထိုဂြိုဟ်တို့၏ စတုတ္ထသမ္ဗန္ဓဟုခေါ်သည်။


ကသစ် (ရာသီပိုင်ဂြိုဟ်)၊ အတန့် အမြင်နှင့် သမ္ဗန္ဓ (၄) မျိုး (တတိယသမ္ဗန္ဓ တစ်မျိုးသာ နည်းနည်းသဘောပေါက်ဖို့ လို၏) နားလည်ရုံမျှနှင့် အဟောဘက် သွား၍ရပြီ။

**၁သူ့ဇာတာနှင့်သူ့ပါ**


လူတစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖြစ်ဖို့ဆိုလျှင် လဂ်အိမ်ရှင်ဂြိုဟ် (၄၊ ၅၊ ၉၊ ၁၀)တန့်အိမ်ရှင်ဂြိုဟ်တို့ သမ္ဗန္ဓတစ်မျိုးမျိုးဖြင့် ဆက်သွယ်မှုရှိဖို့ ကောင်းကောင်း) လိုအပ်ပါသည်။ သမ္ဗန္ဓတစ်ချက်မှမငြိလျှင် တစ်သက်လုံး အောက်တန်းနောက်တန်းကျတတ်၏။ ကျမည်ဟုမဆိုကျတတ်၏။ နောက်ပိုင်း ရှင်းပြမည်။ အနည်းဆုံးတစ်ချက်ချက်ငြိလျှင် တစ်ချိန်ချိန် (ထိုငြိသောဂြိုဟ်တို့၏ အန္တရဒသာကာလတွင်) တိမ်ပေါ်တက်ပြီး တစ်ချိတစ်မောင်း လက်ခမောင်းခတ်ခွင့် ကြုံမည်။ တစ်ချက်ထက်ပို၍ သမ္ဗန္ဓအငြိများလေ ဘဝတစ်လျှောက် အထက်တန်းကျကျ မျက်နှာပန်းလှလှ လက်စန်းထမှာ သေချာ၏။

**နမူနာဇာတာပုံ (၁)**

**ဆင်းရဲဇာတာပါသူ**




**ဥစ်ဂြိုဟ်နေ**




ဤဇာတာကတော့ နဂိုမရှိတဲ့ ဇာတာပါ။ရုက္ခစိုးက ရွှေထုပ်ချပေးတော့ အပေါ်မော့သွား၊ ဒါနဲ့ မြင်ပါစေဆိုပြီး အပေါ်မှာဆွဲပြတော့ ငုံ့သွား။ ကြုံသေးတယ်ကုန်ဆွေးဗျာထုကြွယ်ဆိုတဲ့ဇာတာ။ အမှတ်မဲ့ဆိုလျှင် ဇာတာရုပ်ကလေးက သနရုပ်ပနဲ့။

(၂) လာ၊ (၅) တေးနှင့် (၀) နေတို့က ဥစ်ရာသီမှာ၊ (၃) ဂါနှင့် (၄) ဟူးက ကသစ် ရာသီမှာ။ ဂြိုဟ်မှ (၈)လုံးရှိတာ၊ (၅)လုံးက ဥစ်ကသစ်ဆိုတော့ အဟုတ်ဖြစ်တော့မလားပေါ့။

အဟုတ်ဖြစ်မဖြစ် သမ္ဗန္ဓမျက်စိဖြင့် ကြည့်ကြစို့။

| | |
|---|---|
| လဂ်အိမ်ရှင် | (၅) တေး |
| (၄)တန့်အိမ်ရှင် | (၄) ဟူး |
| (၅)တန့်အိမ်ရှင် | (၂) လာ |
| (၉)တန့်အိမ်ရှင် | (၃) ဂါ |
| (၁၀)တန့်အိမ်ရှင် | (၅) တေး |

ထို့ကြောင့် (၅)တေး၊ (၄) ဟူး၊(၂) လာ နှင့် (၃) ဂါ ဂြိုဟ် (၄)လုံး၏ သမ္ဗန္ဓ (ဆက်သွယ်မှု) ကို စစ်ဆေးရန် လိုအပ်၏။ (၅) တေးက လဂ်အိမ်ရှင်နှင့် (၁၀) တန့်အိမ်ရှင်ဖြစ်နေသဖြင့် တစ်လုံးတည်းနှင့်ပြီးသွား၏။

(၅)တေးက (၂)လာပိုင်ကြဋ်ရာသီမှာဝင်နေ၏။ သူ့အိမ်မဟုတ် သူကညှိသည်။ အိမ်ရှင်ဂြိုဟ် (၂) လာက ပြိဿရာသီမှာရောက်နေ၏။(၅) တေး၏(၁၁) တန့်မှာ၊ (၅) တေးက (၅)တန့် (၉)တန့် ကိုသာမြင်နိုင်သည်။သည်တော့ (၂)လာကိုမမြင်။ အိမ်ရှင် (၂) လာက (၇) တန့် (သမသတ်) ကိုသာမြင်နိုင်သည်။ သည်တော့ ညှိသည် ကြာသပတေးကိုမမြင်။ သူတို့ကြားမှာ သမ္ဗန္ဓမရှိ။

(၄)တန့် အိမ်ရှင် (၄)ဟူးကသူ့အိမ် မေထုန်ရာသီမှာရှိနေ၏။ သူ့မှာ အရေးကြီး ညှိသည်မရှိ၊ သမ္ဗန္ဓပြုစရာမရှိ။

(၅) တန့် အိမ်ရှင် (၂)လာက (၆) ကြာအိမ် ပြိဿရာသီတွင်ရောက်နေ၏။ သမ္ဗန္ဓမရှိ။

(၉)တန့်အိမ်ရှင် (၃)ဂါက (၂)အိမ်ပိုင်ဂြိုဟ်၊ မိဿနှင့် ဗြိစ္ဆာကိုပိုင်၏။ ယခု သူ့အိမ် မိဿမှာပင်ရှိနေ၏၊ ညှိသည် မရှိ။ သမ္ဗန္ဓပြုရမှာက ညှိသည်။

ချုပ်လိုက်လျှင် လဂ်အိမ်ရှင်ဂြိုဟ် (၄၊ ၅၊ ၉၊ ၁၀) တန့် အိမ်ရှင်ဂြိုဟ်တို့ တစ်လုံးနှင့်တစ်လုံး ဆက်သွယ်မှုမရှိကြ၊ သမ္ဗန္ဓတစ်ချက်မှမရ။ ဖြစ်ဖြစ်မြောက်မြောက် ထွန်းပေါက်ရန်အကြောင်းမရှိ။


အကယ်၍ ဥစ်ရသောဂြိုဟ်၊ကသစ်ရသောဂြိုဟ်တို့ ဥစ်စစ်အံ့သာ ကသစ်အံ့သာမိသည့်အပြင် ရန်နဝင်း နိစ်နဝင်း လွတ်ခဲ့သော် ထိုဂြိုဟ်တို့၏ အန္တရဒသာကာလတွင် အသင့်အတင့် (လျစ်လျူရှုသောအကျိုး) ခံစားခွင့်ရှိပါမည်။ ဒါက နောက်နားတွင်ရှင်းပြမည်ဟု စကားခံခဲ့သောကြောင့် ရှင်းပြခြင်းပါ။

ဤဇာတာရှင်သည် ပညာလည်းမတတ်၊ အကြံကောင်း၊ ဉာဏ်ကောင်းမထွက်၊ မစမည့်သူလည်းမရှိ ဥစ်သုံးချပ်ရထားလို့သာ ဖြစ်မည်၊ ကသစ် (၂) ပွင့် ကြောင့်သာဖြစ်မည်ဟု အဖြစ်မရှိသော ဗေဒင်ဆရာ၏ဟောကိန်းတွေ တစ်နေ့တစ်နေ့မျှော်ရင်း ပင်ပန်းကြီးစွာ ကြက်လိုယက် ရှာစားနေရရှာ၏။ရေမည်ဆိုပါလျှင် သီးသန့်ဆောင်းပါးတစ်စောင်ရေးရလိမ့်မည်။ သာမန်စာဖတ် ပရိတ်သတ်လည်း နားလည်ဖို့ခက်နိုင်၏။ သို့သော် တင်ပြလိုသည့်အချက်မှာ အထက်တန်းသို့ရောက်နိုင်မရောက်နိုင်၊ မိဘထက်သာနိုင်မသာနိုင်၊ ဆရာထက်တော်နိုင်မတော်နိုင်၊ အမျိုးအနွယ်တွင် ချီးမွမ်းလောက်သူဖြစ်နိုင်မဖြစ်နိုင် သာမန်စာဖတ်ပရိသတ် အကဲခတ်နိုင်ရုံရည်ရွယ်ခြင်းဖြစ်၍ ဤမျှနှင့်တန်လိုက်သည်ကို နားလည်ပေးစေ

ချင်ပါသည်။

**နမူနာဇာတာပုံ (၂)**

**တစ်ချီတစ်မောင်း**
**လက်ခမောင်းခတ်သူ**




လဂ်အိမ်ရှင် (၃) ဂါ
(၄)တန့်အိမ်ရှင် (၂) လာ
(၅)တန့်အိမ်ရှင် (၁) နွေ
(၉)တန့်အိမ်ရှင် (၅) တေး
(၁၀)တန့်အိမ်ရှင် (ဝ) နေ

လဂ်အိမ်ရှင် (၃)ဂါနှင့် (၅)တန့်အိမ်ရှင် (၁)နွေတို့ ပြိဿရာသီတွင် တစ်အိမ်တည်း အတူနေခြင်းဖြင့် စတုတ္ထသမ္ဗန္ဓ (၁) ချက်ပြုပါသည်။

(၂) လာ က(၅)တေးအိမ်တွင် ဝင်နေပါသည်။ (၂)လာ (၅)တေး သမ္ဗန္ဓမရှိပါ။


(၅) တေးက (ဝ) နေပိုင်အိမ်တွင် ရောက်နေပါသည်။ (ဝ)နေက (၅) တေး၏ (၈) တန့်မှာ၊ (၅) တေးက စနေ၏(၆) တန့်မှာ၊ သူတို့ကြားမှာ သမ္ဗန္ဓမရှိ။

(ဝ)နေက (၁) နွေပိုင်အိမ်မှာဝင်နေ၏။ (၁) နွေက (ဝ)နေ၏ (၉) တန့်မိဿမှာ၊ (ဝ)နေက (၁)နွေ၏ (၅) တန့်မှာ၊ သမ္ဗန္ဓပြု၍ ရသောအတန့်များမဟုတ်။

ဒီဇာတာရှင်ဘဝအစပိုင်း အလွန်ဆင်းရဲ၏။ ဖိနပ်တောင်မှ စီးစရာမရှိလို့ သူ့ဆရာ ဖိနပ်ပြတ်ကို အပ်ချိတ်နှင့်တွယ်စီးခဲ့ရဖူးသည်။ မာန်မာန လုံးဝမရှိ ငွဲကြီးသောနေရာမှာ နှစ်ယောက်မရှိ။ အကင်းပါး၏၊ နပ်၏။ မှတ်ဉာဏ် ဖြတ်ထိုးဉာဏ်ကောင်း၏။ စကားကို ခင်အောင် မင်အောင်ဖော်ရွေချင်လာအောင်ပြောတတ်သဖြင့် အလွမ်းသင့်အောင်ပေါင်းရန်ခက်သူများသူနှင့်တွေ့လျှင် အလွမ်းသင့်သွားလေ့ရှိသည်။သူ့ဇာတာက လျှပ်စစ်ဗေဒင်ဆရာဦးအုန်းသွင်ဇာတာနှင့်လည်း ဆင်၏။ ဦးအုန်းသွင်က ဥပဇ္ဈေဒကကံပါနေ၏၊ သူ့မှာမပါ။ အတတ်မျိုးစုံ တတ်၏။ သင်စရာမလို မြင်တာနှင့် သူသဘောပေါက်၏။ အတိတ်ဘဝကို ပြန်ပြောနိုင်၏။ သမ္ဗန္ဓတစ်ချက်က ဝင်ကယ်ချိန်ရောက်သောအခါ ထွန်းထွန်းပေါက်ပေါက် ထုပ်ထုပ်ပိုက်ပိုက်ဖြစ်သွား၏။ သူကစဉ်းစားတတ်တော့ ဘဝကို ပုံသေမတွက်။ပြန်အကျတွင် ဆင်ပိန်ကျွဲလောက်ကျန်ရစ်သည်။ ရေးမည်ဆို ဒီဇာတာကလည်း ဆောင်းပါးတစ်စောင်တဖွဲ့တန့်ရေးလောက်သည်။သို့သော် သမ္ဗန္ဓအကြောင်းဖြစ်၍ ဤမျှနှင့် တန်လိုက်ပါမည်။

**နမူနာဇာတာပုံ(၃)**

**မင်းကတော်ဇာတာ**




စာကလည်း မတတ်။ မတတ်ဆိုရထားမရောက်၊ ကားမပေါက်၊ လှည်းလမ်းသာ ရှိတဲ့ရွာ၊ ပညာရေးနဲ့ဝေးရာမှာမွေးပြီး ကြီးခဲ့ရရှာတာကို။ ဖားရှာ၊ ငါးနှိုက်၊ ခါလိုက်၊ ချိုးတည်၊ လယ်စိုက်၊ နှမ်းနုတ် ဒီလိုနဲ့မိုးချုပ်ကြတာ။ အပျိုဖြစ်လို့မြို့ရောက်တော့ ညီမဝမ်းကွဲလေးတွေကိုထိန်းကျောင်းရင်း ကျောင်းကြိုကျောင်းပို့တစ်ဖက်နဲ့ ဈေးထွက်ဝယ်၊ ချက်ပြုတ်လျှော်ဖွပ်၊ ရွှတ်ရက်ဒွတ်ဒက်မျိုးတော့ရက် (စ်) နိုးတောင် မသိအောင်အ,ချက်။ လူတကာငေးတဲ့ ရုပ်ပါလေးနဲ့ဆိုတော့ ပညာတတ်ရုပ်ချော တစ်ဦးတည်းသောသားနဲ့စုံဖက်မိပြီး ဂုဏ်တက်ချိန်မှာသတင်းကျော်ဖို့ မင်းကတော်ဖြစ်ပါရော။

လဂ်အိမ်ရှင် (၃)
(၄)တန့်အိမ်ရှင် (ဝ)
(၅)တန့်အိမ်ရှင် (၅)
(၉)တန့်အိမ်ရှင် (၂)
(၁၀)တန့်အိမ်ရှင် (၁)
(၃)ဂါနှင့်(၅)တေး တတိယသမ္ဗန္ဓ
(ဝ)နေ သမ္ဗန္ဓမရှိ
(၅) တေးနှင့်(၂)လာ တတိယသမ္ဗန္ဓ

(၁)နွေနှင့် (၅)တေး ဒုတိယသမ္ဗန္ဓ

သမ္ဗန္ဓ (၄) ချက်တွင် (၃) ချက်မိနေ၏။ ဒီ ဇာတာက ကျွန်တော်ဖွဲ့ပေးခဲ့သော ဇာတာ။ (၅) တေးက ဥစ်စစ်။ နဝင်းမှာ ဝဂ္ဂုတ္တမ ဥစ်နဝင်း ပြန်စီးထားပြန်၏။ သမ္ဗန္ဓတွေကို ကြည့်သောအခါ (၃) နှင့် (၅)၊ (၅) နှင့် (၂)၊ (၁) နှင့် (၅) အကုန်လုံး (၅)တေးကို မဏ္ဍိုင်ပြုထား၏။ ဇာတာတစ်ထောင်တွင် တစ်စောင်တွေ့ရန်ခဲယဉ်းပါသည်။ဣဿရိယ အစိုးရခြင်းဂုဏ်နှင့်ပြည့်စုံသော ဇာတာ။

ဒီဇာတာမှ မင်းကတော်မဖြစ်လျှင် ဘယ်ဇာတာမှမင်းကတော်ဖြစ်မည်မဟုတ်။

ဒီဇာတာမှ လင်ကောင်းမရလျှင် ဘယ်ဇာတာမှလင်ကောင်းရမည်မဟုတ်။

ဒီဇာတာမှ မချမ်းသာလျှင် ဘယ်ဇာတာမှ ချမ်းသာလိမ့်မည်မဟုတ်။

"တောထဲမှာ သပြေပန်းလေးတွေချိုးပြီး ရောင်းခဲ့ရဖူးတယ်"

သူ့စကားလေးတွေ ယနေ့ထိနားထဲကမထွက်။ဒါတောင်မှ တောကြိုတောကြားမွေး၊ ပညာရေးနဲ့ဝေးရာမှာကြီးပြင်းခဲ့ရလို့သာပါ။ သူ့ဇာတာအရ ဒီထက်အများကြီး ထွန်းပေါက်သင့်ပါသည်။ ထားပါတော့။

အထက်တန်း ရောက်မရောက် လဂ်အိမ်ရှင် (၄၊ ၅၊ ၉၊ ၁၀) တန့်အိမ်ရှင်တွေရဲ့ ဆက်သွယ်မှုရှိမရှိ စစ်ဆေးရခြင်းရဲ့သဘောသဘာဝအခြေခံက ဤသို့ပါ။

(၁)တန့်ဘာဝ (လဂ်ဘာဝ) သည် ဇာတာရှင်ကိုယ်တိုင်၏ဘဝနှင့်ဆိုင်သည်။ (၄)တန့်က သုခချမ်းသာနှင့် ဆိုင်သည်။ အတတ်ပညာနှင့် ဆိုင်သည်။ (၅) တန့်ဘာဝက ပညာဉာဏ်နှင့် ဆိုင်သည်။ (၉) တန့်က အစိုးရခြင်းနှင့် ဆိုင်သည်။ (၁၀) တန့်က ကုသိုလ်တရားနှင့် ဆိုင်သည်။ အတန့်အိမ်ရှင်ဂြိုဟ်တွေ တစ်ခုနှင့်တစ်ခု ဆက်သွယ်ပေါင်းစည်းမှုရှိမှ အားရှိသည်။ သီးခြားစီနေ၍အားမရှိပါ။ သဘောကတော့ သစ်ပင်တွေစုဝေးနေမှ လေတိုးမိုးတိုးခံတဲ့ သဘောပါ။

ယခုတင်ပြခဲ့သမျှသည် အဆင့်မြင့်တန်း ပညာရပ်ဖြစ်စေသော (၁၂) ရာသီဂြိုဟ်ခွင်စနစ်ထဲမှ လူတိုင်းအလှမ်းမီလောက်သောကဏ္ဍတစ်ခုဖြစ်ပါသည်။ သိသလောက် တတ်သလောက်လေးနှင့် လက်တွေ့ဘဝတွင် အားကိုးတစ်ခုဖြစ်လောက်အောင် အသုံးတည့်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆည်းပူးထားကြစေချင်ပါသည်။

သူတော်ကောင်းတရား
ထွန်းကားကြပါစေ

မောင်မောင်စိုးယု(မန်းတက္ကသိုလ်)

# ဘဝကျောက်ကြောင်း ပြန်ပြောင်းသက်သေ

အာကာသ(အာဝည်)

ထွက်ပြူစ နီကြင့်ကြင့် နေလုံးကြီးသည် အရှေ့ဘက်ဆီက တောင်ထိပ်ပေါ်တွင်မေးတင်နေသည်။ နေခြည်နုနုတွေကလောကမာတ်တစ်ခွင်လုံးအားလွှမ်းခြုံဖြန့်ကြက်ထားသည်။လယ်တောတစ်နေရာ သမုန်းပင်အောက်တွင် တဲတစ်လုံးရှိသည်။ လေးတိုင်စင်သက်ငယ်မိုးတဲကလေးမှာ ခနော်ခနဲ့နိုင်လွန်းလှ၏။ စာသူငယ်ငှက်များ အိပ်တန်းထမှ ကျွက်စီကျွက်စီ အော်မြည်လျက်ရှိကြသည်။

အေးမြဖြူသည်အိပ်ပျော်ရာမှဆတ်ခနဲလန့်နိုးလာပြီး ထထိုင်လိုက်သည်။ သူ့ကိုယ်သူ အိပ်မက်သလားအောက်မေ့ပြီး တအံ့တဩဖြစ်လျက်ရှိ၏။ အိပ်မက်မက်နေသည်မဟုတ်။ တကယ့်ကိုလယ်တောထဲကတဲလေးပေါ်တွင်ရောက်ရှိနေသည်။ ထင်ကျော်မှာ သူ့နံဘေး၌ကလန်ကလားနှင့်အိပ်မောကျနေဆဲ။ ယမန်ညက ထင်ကျော်နောက်အလိုတူပါလိုက်လာခဲ့သည်ကိုး။ ဖြစ်စဉ်ကိုပြန်လည်စဉ်းစား၍ ယူကျုံးမရဖြစ်နေသည်။ မျက်ရည်ပေါက်ကြီးငယ်များလည်း တတွေတွေစီးကျလာသည်။

"ကိုကျော်ထတော့လေ၊နေတောင်ထွက်နေပြီ"

အေးမြဖြူသည် မျက်ရည်ကိုသုတ်ရင်းထင်ကျော်အားလှုပ်နှိုးသည်။ ကွပ်ပျစ်ပေါ်ကဆင်း၍ တဲမြောက်ဘက် စမ်းချောင်းထဲသွားကာ မျက်နှာသစ်သည်။ ထင်ကျော်လည်း ကစိန်းကဝါးနှင့်ထကာ အေးမြဖြူနောက်လိုက်လာသည်။

"ရှင် ဘယ်ကိုသွားဖို့ စိတ်ကူးထားလဲ"

အေးမြဖြူကမေးသည်။

"မိုင်းတက်ရွာက တို့အစ်မအိမ်သွားနေရအောင်လေ"

ထင်ကျော်က မျက်နှာကုန်းသစ်ရင်းပြောသည်။

"ရှင့်သဘောလေ၊ ကျွန်မကတော့ ရှင်ခေါ်ရာလိုက်ရမှာပဲ။ လင်ခေါ် တောင်ပေါ်၊ လင်ထားတောင်ကြားပါတဲ့ဆို"

အေးမြဖြူက သူ့ပဝါစွန်းကို ထင်ကျော်အား မျက်နှာသုတ်ရန် ပေးရင်းပြောသည်။ ထင်ကျော်လည်း နောက်ပြန်လှည့်ယူ၍ ပြုံးပြုံးကြီး လုပ်နေသည်။

ချစ်မေတ္တာဟု ပေါင်းစည်းခေါ်သော်လည်း အချစ်နှင့်မေတ္တာမှာ တစ်ခုနှင့်တစ်ခု လုံးဝမတူချေ။ မေတ္တာမှာ စမ်းနှယ်အေး၍အချစ်ကား နေလိုမီးလို ပူပြင်းလှသည်။အချစ်သည် တပ်မက်နှစ်သက်မှု သွေးသားတောင့်တမှုမှ ပေါက်ပွားလာ၏။ နှလုံးသားအား



အကြိုက်က ဝင်ရောက်ခြယ်လှယ်ပြီး ဖွဲမီးလို တမြည့်မြည့်လောင်ကျွမ်းသွားသည်။ တငွေ့ငွေ့လောင်သော တဏှာမီးမှာ လောင်မြိုက်သည်နှင့် ငြိမ်းသတ်ရန် ခက်ခဲတော့သည်။

အချစ်တွင်အဆင့်အတန်းနှင့်စည်းခြားကာရံထားသော တံတိုင်းမရှိချေ။ ဆင်းရဲချမ်းသာ၊ ရုပ်ရည်လှတာ မလှတာ၊ ပညာတတ်တာ မတတ်တာ စတာတွေ ခွဲခြားမမြင်တော့။ ဆင်ကန်းတောတိုးကမူးရှူးထိုးဖြစ်ကာ မတွေးတောမဆင်မခြင်ပြုကျင့်တတ်သည်။ကိုယ်ထင်ခုတင်ရွှေနန်းမှတ်ကာတူနှစ်ကိုယ်တဲအိုပျက်မှာ နေရစေဖြစ်လာလေသည်။

အေးမြဖြူကား တောင်သူကြေးရတတ်ဦးလှအောင်၏တစ်ဦးတည်းသော ဖတဆိုးသမီးလေးဖြစ်သည်။ ညိုစိမ့်စိမ့်မှိုနာမည်နှင့်မလိုက်ဖက်သော်လည်းအဆင်းအင်္ဂါလှပသူဖြစ်သည်။ မန်ကျည်းကုန်းရွာတွင် ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်၊ အချောအလှတွင် ထိပ်တန်းစာရင်းဝင်သူယောကျ်ားတကာတို့အား သိမ်းကျုံးစွဲဆောင်နိုင်သောရုပ်ရည်ကိုပိုင်ဆိုင်ထားသည်။

ယောကျ်ားတို့၏အသိုက်အဝန်းထဲတွင်ထင်ကျော်ထက်အရည်အချင်းသာသူတွေတစ်ပုံတစ်ခေါင်းရှိသည်။ ထင်ကျော်ကားအေးမြဖြူတို့အိမ်တွင် လူငှားလာနေသူအလုပ်သမား၊ ဒေါင်ကောင်းကောင်းလုံးကျစ်ကျစ်နှင့်ယောကျ်ားပီသသည်ကလွဲ၍မက်လောက်စရာမရှိ။အေးမြဖြူသည် ငယ်ရွယ်သမီး ကျွန်နှင့်နီး၊ သမီးကျွန်ကြောင့် ပျက်ရသည်မျိုး၊ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား၊ ကြိုးချင်းငြိသွားခြင်းပင်။ ထင်ကျော်ကိုမှ စိတ်ဝင်စားစွဲမက်ပြီး နှစ်ဦးသဘောတူထွက်ပြေးလာကြသည်။

စမ်းချောင်းဘေးရှိတဲကလေးသည် ဇဝင်းရွာနှင့်အလွန်မဝေး။ လယ်တောဦ မိုးခိုရန်ဖြစ်ကတတ်ဆန်းဆောက်ထားဟန်တူသည်။ ခရိုင်ချင်းဆက်လမ်းမကြီးနှင့်လည်းသိပ်မလှမ်းချေ။ ထင်ကျော်နှင့် အေးမြဖြူသည် ယမန်နေ့နေဝင်ရိုးရီတွင် မန်ကျည်းကုန်းရွာမှထွက်လာခဲ့၍ တွေ့ရာတဲတွင်ဝင်နားကြခြင်းပင်။တစ်ညတာမျှစက်ပျော်ခွင့်ပေးသောတဲကလေးကို စွန့်ခွာခဲ့ပြီး လမ်းပေါ်တက်ကာထွက်လာကြသည်။

အသိမိတ်ဆွေများနှင့်တွေ့ဆုံမည်စိုး၍ ပုန်းလျှိုးကွယ်လျှိုးသွားနေရသည်။ နောက်ဆီက စက်ဘီး၊ ဆိုင်ကယ်လာတိုင်း ရွာကနေလိုက်လာသည်ချည်းထင်နေသည်။ တွန့်ဆုတ်ဆုတ်လုပ်ကာသွားလာရ၍ခရီးမတွင်ချေ။ ရင်ဆိုင်ဘက်မှလာသော နွားလှည်းတစ်စီးကိုမြင်၍ ဆင်းပုန်းရသေးသည်။ ဘုန်းကြီးကျောင်းဆွမ်းစားခေါင်းလောင်းထိုးမှလှိုင်းတက်ရွာသို့ဝင်သည်။

ထင်ကျော်အစ်မအိမ်က ရွာအစွန်တွင်ရှိသည်။ မြေစိုက်ထရံကာသက်ငယ်မိုးအိမ်မှာစုတ်ချာလျက်ရှိသည်။ မိသားစုများကြသည့်တဲ့၊ ကြုံရာကျပန်းလုပ်ကိုင်စားပြီးဆင်းရဲဟန်တူ၏။ ထင်ကျော်၏ ယောက်ဖနှင့်ကလေးအချို့ကလုပ်ငန်းခွင်သို့ထွက်သွားကြပြီ။ ထိုင်စရာဆို၍ အိမ်ရှေ့တမာပင်အောက်တွင် ဝါးထိုင်ခုံသုံးလေးလုံးနှင့် ဝါးစားပွဲလေးတစ်လုံးချထားသည်။

"ထင်ကျော်၊ နင် ကောင်မလေးကို မလိမ့်တပတ်ခေါ်လာတာလား"

ကြည်စန်းက ဘေးပန်းကိုအကဲခတ်ကြည့်ရင်း သူ့မောင်ထင်ကျော်ကို ခပ်တိုးတိုးမေးသည်။

"မဟုတ်ပါဘူးအစ်မရာ၊ သူ့ကိုယ်တိုင်သဘောတူလို့ပြေးလာကြတာပါ"

"ခက်တော့တာပဲ ထင်ကျော်ရယ်၊ ကိုယ့်အလုပ်ရှင်ရဲ့သမီးကိုမှခေါ်လာရတယ်လို့၊ နင်တို့ကို တွေ့အောင်ရှာပြီး ပြဿနာရှာတော့မှာပဲသိလား"

"မတတ်နိုင်ဘူးလေ၊ ထောင်ကျလည်းခံရုံပဲရှိတာပေါ့"

"နင့်ပြောလိုက်ရင် ဒီလိုချည်းပဲ၊ မစဉ်းမစားနဲ့ဟယ်"

တပိုတပါးသွားရာမှ အေးမြဖြူပြန်ရောက်လာ၍ စကားပြောလက်စရပ်လိုက်ကြသည်။ ကြည်စန်းလည်း ထင်ကျော်တို့အတွက် နံနက်စာပြင်ရန်နေရာမှထသွားသည်။

ထင်ကျော့်တွင်ကြည်စန်းဆိုသော သည်အစ်မတစ်ယောက်သာရှိသည်။ မိဘများမှာဆုံးပါးကုန်၍ မရှိကြတော့။ ကြည်စန်းအိမ်ထောင်ကျလျှင်ထင်ကျော်လည်းရောက်တတ်ရာရာ လျှောက်သွားနေသည်။ မန်ကျည်းကုန်းရွာသို့ရောက်ရှိသွားပြီး ဦးလှအောင်အိမ်တွင် လူငှားဝင်နေခြင်းဖြစ်သည်။

"ကဲကဲစားလိုက်ကြဦး၊ ပြီးရင် ရှင်ဇင်းလှစေတီတော်ဘက် ဘုရားသွားဖူးချေကြ"

"ဟုတ်ကဲ့အစ်မ၊ အဲဒီသွားပြီး အချိန်ဖြုန်းနေလိုက်မယ်"

ရှင်ဇင်းလှ(ခ)ဘုရားလှစေတီတော်မှာလှိုင်းတက်ရွာဦးတွင်တည်ရှိပါသည်၊ ရွာမြောက်ဘက်တွင် မင်းရဲဂူစေတီတော်နှစ်ဆူနှင့်ရင်လှဂူ၊ ခန့်ကြည့်ဂူစေတီများတည်ရှိပါသည်။ ကျုံး၊ မြို့ရိုးဟောင်းကန်းမို့မို့ကြီးနှင့်လှိုင်းတတ်အရှင်ကြီးနတ်နန်းတို့လည်းရှိကြသည်။ ပုဂံခေတ်တွင် အနော်ရထာမင်းကြီး တည်ထားခဲ့သော ရှေးဟောင်းအမွေအနှစ်များဖြစ်ပါသည်။

ထင်ကျော်နှင့်အေးမြဖြူသည် ခြသေ့ကြီးနှစ်ကောင်ရှိသော တောင်ဘက်မုခ်ပေါက်မှစောင်းတန်းအတိုင်းတက်လာကြသည်။ရင်ပြင်တော်ပေါ်တွင်ရှေးဟောင်းခေါင်းလောင်းကြီးကိုတွေ့၍ တီးခတ်ကြသည်။ခေါင်းလောင်းပေါ်မှကမ္ပည်းစာကိုဖတ်ကြည့်ရာ နှစ်ပေါင်း (၁၆၀) ကျော်သက်တမ်းရှိလေပြီ။ စေတီတော်ကြီးတွင် ဝတ်ပြုဆုတောင်း၍ လှည့်ပတ်ကြည့်ရှုမြော်ကြသည်။

သိမ်တော်ကြီးနှင့် တံခွန်တိုင်တို့မှာကြီးကျယ်ခမ်းနားလှသည်။ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားဖြစ်၍ သာသနိကအဆောက်အအုံများ ဝန်းရံလျက်သပ္ပာယ်တော်မူပါသည်။ ရင်ပြင်တော်အရှေ့ထိပ်တွင်ဘုရားသမိုင်းကျောက်စာရုံရှိသည်။

"အေးရေ၊ ဒီမှာဘုရားသမိုင်းကျောက်စာ"

ထင်ကျော်ခေါ်ပြ၍အေးမြဖြူလည်း စိတ်ဝင်တစားဖတ်ကြည့်နေသည်။

"မြန်မာနှစ် ၃၉၅ ခုနှစ်မှာ ဟိုင်းတက် (ခ) လှိုင်းတက်မြို့ကို ပုဂံခေတ်က အနော်ရထာမင်းကြီးတည်ထားခဲ့တာတဲ့။ မြို့တည်အမတ်က မင်းရဲစစ်ဆင်လို့ပါတယ်။ကင်းတပ်မြို့(၄၃)မြို့မှာဟိုင်းတက်မြို့ကတစ်မြို့အပါအဝင်ဖြစ်ခဲ့တာပဲ။ မြို့စား(၁၁)ဆက်တောင် အုပ်ချုပ်သွားတာနော်"

"ဟုတ်တယ်လေ၊ ဒါကြောင့် သုံးကိုးငါးတွင်၊ မင်းစစ်ဆင်၊ တည်ထွင်ဟိုင်းတက်မြို့လို့ စာချိုးရှိခဲ့တာပေါ့"

"ကိုကျော်က ဘယ်ဆိုးလို့လဲနော်"

အေးမြဖြူကပြုံးစစလုပ်၍စလိုက်သည်။

"တို့ငယ်ငယ်ကအဖေပြောခဲ့တာလေ။ လှိုင်းတက်သားပဲ ဒီလောက်တော့ သိရမှာပေါ့မိန်းမရာ"

ထင်ကျော်ကပြုံးစိစိလုပ်၍ ပြောသည်။

"ဘာမိန်းမလဲရှက်စရာကြီး၊ ကဲဆက်ပြောပါဦး"

"အနော်ရထာမင်းကြီးကမြို့တည်

အမတ်ကြီး မင်းရဲစစ်ဆင်ကိုအထင်အမြင်လွဲမှားပြီး ကွပ်မျက်ပစ်တယ်"

"ရှင့်ဟာကလည်း ပြောတောင်မပြောရသေးဘူးချက်ချင်းကြီးကွပ်မျက်ပစ်တယ်လို့ပဲ"

"ဟုတ်တယ်လေ၊ လေးငါးနှစ်လောက်ကြာတော့အနော်ရထာမင်းကြီး ရှမ်းပြည်ကပြန်ဆင်းလာရာက လှိုင်းတက်မြို့ကိုရောက်လာသည်။ မင်းကြီးလည်း ကုန်းချောသူတွေကြောင့် အမတ်ကြီးကိုကွပ်မျက်မိတာ မှားမှန်းသိသွားတာပေါ့။ ဒါနဲ့ ရှင်ဇင်းလှ (ခ) ဘုရားလှစေတီကိုတည်ထားရင်း အမတ်ကြီးကိုရည်စူးပြီးမင်းရဲဂူဘုရားနှစ်ဆူကိုပါတည်တယ်။ အမတ်ကြီးကိုလည်း ရွှေစစ်ဆင်နတ်ဖြစ်သွားပြီလို့ သမုတ်လိုက်သည်။ နတ်ကွန်းဆောက်လုပ်ပြီး နယ်သူနယ်သားတွေကို ကိုးကွယ်ပသစေခဲ့တာဒီနေ့တိုင်ပဲလေ၊ အခုတော့ လှိုင်းတက်အဖေကြီး၊ လှိုင်းတက်ဘိုးဘိုးကြီးဆိုပြီး ခေါ်နေကြတာပေါ့"

"ဒီလိုဆို ခန့်ကြည့်ဂူ၊ရင်လှဂူဘုရားတွေကရော မင်းကြီးပဲတည်ခဲ့တာလား"

"မဟုတ်ဘူး၊ အဲဒါက မင်းကြီးနဲ့အတူလိုက်ပါလာတဲ့မိဖုရားတွေ တည်ကြတာ"

"အဖေကြီးနတ်နန်းက ဘယ်နားမှာလဲဟင်"

"မိဖုရားတွေတည်တဲ့ ရင်လှဂူ၊ ခန့်ကြည့်ဂူဘုရားတွေရဲ့ မြောက်ဘက်နားမှာ"

"မင်းရဲစစ်ဆင်က အထင်အမြင်လွဲပြီး ကွပ်မျက်ခံရတာ သနားပါတယ်နော်"

"တို့ကိုရောမသနားဘူးလားဟင်"

"ဘာဖြစ်လို့ သနားရမှာလဲ၊ ဟွန်း"

"မဟုတ်ဘူးလေ၊ တို့ကိုတွေ့ပြီး ဖမ်းသွားရင်ပြောတာ"

"ကိုကျော်က ဘာတွေပြောမှန်းလဲမသိဘူး။ အေးကချစ်လို့ လိုက်လာတာပဲ ဒီအတိုင်းကြည့်နေမလား"

အေးမြဖြူက မျက်စောင်းလေးထိုး၍ပြောရာ ထင်ကျော်လည်း အေးမြဖြူကို ရွှန်းရွှန်းစားစားကြီးကြည့်ပစ်လိုက်သည်။

ထိုစဉ်ထင်ကျော်၏တူမလေး ပျာယီးပျာယာနှင့်လိုက်လာသည်။ အိမ်တွင်ရဲသားများရောက်နေသည်ဟုပြောသည်။ ထင်ကျော်တို့လည်း ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြသည်။ တူမလေးကို မှာစရာရှိတာမှာ၍ ပြန်လွှတ်လိုက်ပြီး ကားလမ်းရှိရာဆီထွက်လာသည်။ သာစည်ဘက်မှလာသော တောင်ကြီးကားကိုတားစီး၍ ရည်ရွယ်ချက်မရှိဘဲလိုက်လာကြသည်။

တောင်ကြီးကားသည် နေဝင်မိုးချုပ်တွင် အောင်ပန်းမြို့ကိုဆိုက်ရောက်လာသည်။ လျှပ်စစ်မီးများပင် လင်းလက်နေပြီ။ တောင်ကြီးအထိ ဆက်လိုက်နေလည်းအသိအခင်မရှိ။ အောင်ပန်းတွင် အလုပ်တစ်ခုခုရှာလုပ်မည်တွေးကာဆင်းနေခဲ့ကြသည်။ ထင်ကျော်ရောအေးမြဖြူပါလမ်းတစ်လျှောက်လုံး ဘာမှမစားခဲ့ရ၍ဆာလောင်လျက်ရှိသည်။ ပိုက်ဆံကလည်း လုံလောက်အောင်ပါမလာ။ ဆိုင်ကြီးကနားကြီးထဲ လူမြင်သူမြင်ဝင်မစားရဲ။ မီးရောင်ပျပျရှိသော လမ်းဘေးဆိုင်တွင်ဝင်ထိုင်လိုက်ကြသည်။

"ထမင်းရလားဗျ"

"ရပါတယ်။ ကြက်သား၊ ဝက်သား ငါး၊ ဘာဟင်းနဲ့စားကြမလဲ"

"ဘယ်လိုပြင်လဲဗျ"

"အဝစားတစ်ထောင်ပါ"

"အေးရော ဘာဟင်းနဲ့စားမလဲ"

ထင်ကျော်လည်း အေးမြဖြူဘက်လှည့်မေးလိုက်သည်။

"ကိုကျော်စားသလိုပဲမှာပါ။ ဘာဟင်းဖြစ်ဖြစ်ရပါတယ်"

"ငါးဟင်းနဲ့နှစ်ပွဲပေးပါ"

ဆိုင်ရှင်ဖြစ်သူဝဝတုတ်တုတ်အမျိုးသမီးကြီးက ထမင်းပွဲများပြင်ဆင်ပေးပြီး အကူအလုပ်သမလေးကလာချပေးသည်။

"ဘယ်ကလာကြတာလဲ"

အမျိုးသမီးကြီးက ထင်ကျော်တို့အား အမြင်ဆန်းနေသဖြင့် စပ်စုလိုက်သည်။

"လှိုင်းတက်ရွာက လာကြတာပါ"

ထင်ကျော်က ထမင်းစားရင်းဖြေသည်။

"ဟုတ်လား၊ လှိုင်းတက်ကဆိုအဒေါ်တို့ရွာကပဲလေ၊ မင်းကဘယ်သူ့သားလဲ"

ဆိုင်ရှင်အမျိုးသမီးကြီးမှာ လှိုင်းတက်ကဆို၍ထင်ကျော်လည်း အားကိုးတစ်ခုရပြီး ဝမ်းသာသွားသည်။

"ဦးအောင်စိန်၊ ဒေါ်လှမေတို့ရဲ့သားပါ"

"ဒီလိုဆို ကိုအောင်စိန်က အဒေါ်ရဲ့မောင် တစ်ဝမ်းကွဲလေ၊ ဒါဆိုမင်းကငါ့တူပေါ့"

ထင်ကျော်သည် ထင်မှတ်မထားဘဲသားချင်းရင်းချာနှင့်တွေ့လိုက်ရ၍ အားတက်သွားသည်။ အဒေါ်ဖြစ်သူကိုလည်းဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ အဒေါ်ဖြစ်သူမှာ ခေါင်းတညိတ်ညိတ်နှင့်နားထောင်လျက်ရှိသည်။အဒေါ်ဖြစ်သူစီစဉ်ပေး၍ ကုန်စိမ်းပွဲရုံတွင်ထင်ကျော်က အထမ်းအပိုးအချိန်အတွယ်ဝင်လုပ်သည်။အေးမြဖြူမှာအဒေါ်ထမင်းဆိုင်တွင်ဝင်ကူရောင်းသည်။ နှစ်ယောက်စလုံးအတွက်စားစရိတ်မပူပင်ရ။ ထင်ကျော်ဝင်ငွေမှာအပိုအလျှံဖြစ်သည်။ သုံးလေးလကြာတော့ အိမ်လေးတစ်လုံးပင်ငှားနေလာနိုင်သည်။

မန်ကျည်းကုန်းရွာတွင် ဦးလှအောင်သည် အတန်ကြွယ်ဝသောတောင်သူကြီးဖြစ်သည်။ အိမ်ရှင်မမှာအေးမြဖြူလေးငယ်စဉ်ကပင် အမျိုးသမီးရောဂါဖြင့်ကွယ်လွန်သွားရှာပြီ။အေးမြဖြူလည်း ရှစ်တန်းအောင်ပြီးနောက် ကျောင်းထွက်လိုက်ရသည်။ အစ်မဖြစ်သူဒေါ်ကျင်နုကသူ့မောင်အား ငယ်ရွယ်သေး၍ အိမ်ထောင်ထူဖို့တိုက်တွန်းခဲ့ဖူးသည်။ ဦးလှအောင်လည်း သမီးကလေးမျက်နှာငယ်မည်စိုး၍ အိမ်ထောင်ထပ်မထူခဲ့။ နွားနှစ်ရှဉ်းလုပ်တောင်သူလုပ်ငန်းကို လူငှားငှားပြီးလုပ်ကိုင်လာခဲ့သည်။

အေးမြဖြူသည် အိမ်မှုကိစ္စများနှင့်လုံးချာလိုက်ပြီး ဘယ်မှလဲမထွက်ရချေ။ ဖခင်အုပ်ချုပ်သော မိန်းကလေးဖြစ်၍ ပွင့်လင်းမြင်သာမရှိခဲ့ချေ။ တစ်ခါတစ်ရံ အလှူအတန်းရှိလျှင်သာ ကွမ်းတောင်ကိုင်ဖိတ်၍လိုက်ပါဖြစ်သည်။ လူမှုဆက်ဆံရေးနည်းပါးသဖြင့် မပြုသင့်သည်ကို မပြုဖြစ်အောင်မစဉ်းစားတတ်သေး။မနူးမနပ်အရွယ်လေးအေးမြဖြူမှာ တွေးတောဆင်ခြင်မှုကင်းမဲ့လျက်ရှိသည်။

အေးမြဖြူကား သွေးသားဆူဖြိုးစအရွယ်။ မေတ္တာနှင့်အချစ်ကို ခွဲခြားနားမလည်သေး။တစ်ဖက်သားအပေါ် မေတ္တာတွေပုံအောပေးရာက အချစ်ဘက်သို့ယိမ်းယိုင်သွားခဲ့သည်။ အချစ်၏သဘောသဘာဝကိုအမြင်အမျိုးမျိုးဖြင့် သရုပ်သကန်ခွဲကြသည်။ တဏှာချစ်သည်ဆန့်ကျင်ဘက်လိင်အပေါ်၌ တပ်မက်စွဲလမ်းခြင်းပင်။ ချဉ်သီးနှင့်ဆား အတူထားရာမှလည်းပေါက်ဖွားလာ၏။ အေးမြဖြူ၏ ငှက်မသိတောဆက်ရက်ကိုချိုးထင်ပုံရ၏။ အနေနီးစပ်သော ထင်ကျော်ကိုမှတမ်းတမ်းတစွဲမက်နှစ်သက်ပြီး လိုက်ပါခဲ့ခြင်းဖြစ်သည်။

ဦးလှအောင်သည်မလိမ်မိုးမလိမ္မာနိုင်သော သမီးအပေါ် စိတ်ဆိုးလျက်ရှိသည်။ တောင်းဆိုးပလုံးဆိုးသာပစ်ရိုးထုံး

စံရှိသော်လည်းသမီးလေးကို တကယ်တမ်းပစ်မရ။ ဆွေမျိုးသားချင်းများအကူအညီနှင့်သမီးကို အပူတပြင်းလိုက်ရှာသေးသည်။ စုပ်စမြုပ်စပျောက်နေပြီးဘယ်နေရာဘယ်ဒေသမှရှာမရ။ ဘာသတင်းစကားမှလည်း မကြားရချေ။ ကြာတော့ ဦးလှအောင်လည်း သူ့ထိုက်နှင့်သူ့ကံဆိုပြီး လက်လျှော့ထားလိုက်သည်။

"မင်းလှအောင်၊ ခင်ဗျားသမီးကိုတွေ့လာခဲ့တယ်"

ဦးလှအောင်သည်သမီး၏သတင်းကို မထင်မှတ်ဘဲကြားလိုက်ရ၍ တအံ့တဩဖြစ်သွားသည်။

"ဟေ- တင်ထွန်း၊ မင်းနဲ့ဘယ်မှာတွေ့ခဲ့တာလဲ၊ ပြာမန်းမြန်မြန်ပြောစမ်းပါကွ"

"အောင်ပန်းက ထမင်းဆိုင်တစ်ဆိုင်မှာ ကျုပ်တို့ကိုမြင်ရင် ရှောင်သွားမှာစိုးလို့ နှုတ်မဆက်ခဲ့ဘဲ ခင်ဗျားကိုလာပြောတာ"

တင်ထွန်းကား ရွာမှနေ၍ ရှမ်းပြည်နယ်တောင်ပိုင်း တောင်နီဈေးသို့နွားကုန်ကူးနေသူ။ နွားကုန်ပါ၍ အသွားခရီးတွင် တောလမ်းအတိုင်း အဖော်များနှင့် ချေကျင်မောင်းသည်။ အပြန်တွင်မူတောင်ကြီး၊ မိတ္ထီလာ ကားလမ်းအတိုင်းလိုင်းကားစီးပြီးဆင်းပြန်သည်။ အောင်ပန်း၌ ကားခဏနားစဉ် အေးမြဖြူကိုတွေ့ခဲ့ရခြင်းဖြစ်သည်။

"အဲလိုဆို မနက်ဖြန်ကျရင် အစ်မကိုအခေါ် လွှတ်မှဖြစ်မယ်။ မင်းလည်းလိုက်သွားပါဦးကွာ"

"လိုက်ရမှာပေါ့ဗျာ"

အေးမြဖြူသည် နေသားတကျဖြစ်ပြီး လုပ်ငန်းအစဉ်တည့်၍ ပျော်ရွှင်နေပုံရသည်။ စိတ်ချမ်းသာပြီး စိုစိုပြည်ပြည်ဖြစ်ကာ အသားအရေများဖြူနုလျက်၏။ ပန်းကန်ခွက်ယောက်များကိုဆေးကြောရင်း သီချင်းတစ်ပုဒ်ကို တိုးတိုးညှင်းညှင်းလေးဆိုညည်းနေသည်။

"အေးမြဖြူ သမီး"

အေးမြဖြူသည် ကျက်မိနေသောအသံကိုကြားလိုက်ရ၍ ထိတ်ခနဲဖြစ်ကာမော့ကြည့်လိုက်သည်။သူ့အဒေါ် ဒေါ်ကျင်နုကိုတွေ့လိုက်ရ၍ကြောင်အမ်းအမ်းဖြစ်သွားသည်။ ရှောင်ထွက်သွားမည်စိတ်ကူးသော်လည်း အခွင့်မသာတော့ချေ။

"လာ- ထိုင်ပါဦးသမီးရယ်"

ဒေါ်ကျင်နုကခေါ်ရာ အေးမြဖြူလည်း ခုံတစ်လုံးတွင်လေးလေးကန်ကန်နှင့်ဝင်ထိုင်လိုက်သည်။

"သမီးကိုလာခေါ်တာ"

"မလိုက်ချင်ပါဘူးအဒေါ်ရယ်၊ ဒီအဖြစ်ရောက်မှတော့ အဖေ့ကိုကြောက်တယ်"

"မဟုတ်ဘူးလေသမီးရဲ့၊ ညည်းအဖေကိုယ်တိုင်ကခေါ်ခိုင်းလိုက်တာ၊ သူ့ခမျာဒီသမီးစိတ်နဲ့ကျန်းမာချင်တာမဟုတ်ဘူး"

အေးမြဖြူမှာ ဖခင်အတွက်စိတ်ပူပန်ပြီးငိုင်ကျသွားသည်။ သူ့အဖေကိုအောက်မေ့ပြီး မျက်ရည်စများစီးကျလာသည်။ အောင့်အည်းနိုင်စွမ်းမရှိတော့၍ ရှိုက်ကြီးတငင်ငိုချပစ်လိုက်သည်။

"သူ့ကိုထားခဲ့ပြီး ပြန်လိုက်လို့မဖြစ်ပါဘူးအဒေါ်ရယ်"

"ထင်ကျော်ကိုလည်း ခေါ်ခဲ့ရမှာလေ၊ အလုပ်တွေကသူမရှိလို့မှမဖြစ်တာ"

အေးမြဖြူမှာမျက်နှာလေးညှိုးရော်ရာမှပြုံးရိပ်သန်းလာသည်။

"အဒေါ် တကယ်ပြောတာလားဟင်"

အေးမြဖြူမှာ မျက်ရည်ကိုသုတ်ရင်းဝမ်းသာအားရမေးမြန်းလိုက်သည်။

"ညည်းတို့ထွက်သွားတာပဲ နှစ်ဝက်ကျိုးတော့မယ်။ ဒီအဖြစ်ရောက်တော့ငါကလိမ်နေရဦးမှာလားအေ"

*

ဦးလှအောင်မှာ သူ့သမီးအိမ်ထောင်ကျသွားပြီးနောက် စိတ်လျှော့ပစ်သည်။ အသက်ကလည်း ငါးဆယ်ကျော်လာပြီကိုး။ တောင်သူလုပ်ငန်းတွင်လည်း ဘယ်နေရာမှဝင်မပါတော့။ ထင်ကျော်နှင့်အေးမြဖြူတို့ပဲ လူငှားတစ်ယောက်နှင့်လုပ်ကိုင်ကြသည်။ ကိုယ်ဖိရင်ဖိလုပ်ကိုင်နိုင်၍ သီးနှံအထွက်ကောင်းပြီး စီးပွားများတိုးတက်လာသည်။ လက်တွန်းထွန်စက်၊ နွားစာစဉ်းစက်အစရှိသောလယ်ယာသုံးစက်ကိရိယာအချို့ပင် ထူထောင်ထားသည်။

အောင်မြင်မှုသည် မတော်တဆရလာသည်မဟုတ်ချေ။ အန္တုအတာခံမှုဖွဲ့လုံ့လရှိမှုနှင့်အလုပ်အပေါ်၌ စိတ်ဝင်စားမှုရှိခြင်းတို့ကြောင့်ပင်။ ထင်ကျော်ကား လူငှားဘဝက အနေအထားမျိုးမဟုတ်တော့။ လူတစ်လုံးသူတစ်လုံးဖြစ်လာကာ မျက်နှာပွင့်လာသည်။ ဟိုစဉ်ကနိမ့်နိမ့်ချချနေလာရသောထင်ကျော်မှာ နေရာတကာတွင် အရေးပေးခံလာရသည်။

တော်သလင်းနေသည် ခြစ်ခြစ်တောက်ပူပြင်းလျက်ရှိသည်။ လယ်ထွန်ရာတွင် နေအပူရှိန်ကြောင့် တမန်းပုပ်လွယ်သဖြင့် တောင်သူတို့အကြိုက်ဖြစ်သည်။ သို့သော် ထွန်ယက်နေသော နွားများမှာ နေပူရှိန်ပြင်းထန်လွန်း၍မခံနိုင်၊ အမြှုပ်တစီစီကျပြီး ဖားဖိုထိုးသလို မောပန်းလျက်ရှိသည်။ နွားမောင်းသူမလည်းလျှင် ရှန်းဆွဲနေသည့်နွားများမှာ ဆီးချုပ်ဝမ်းချုပ်ကိုင်၍ နေရာတွင်ပင်ပစ်လဲသွားနိုင်သည်။

ဦးလှအောင်သည် လယ်စိုက်ရက်နီး၍လယ်တောရှိရာသို့လိုက်ပါသွားသည်။ ရောက်တော့လည်း ငြိမ်ငြိမ်မနေတတ်၊ အမြင်မတော်ရာများကိုလျှောက်လုပ်ဖြစ်သည်။ ချွေးဒီးဒီးကျအောင် မောပန်းလာပြီးယခင်ကလိုဒဏ်မခံနိုင်တော့။ ချွေးမသိပ်မိမနေနိုင်၍ ရေချိုးလိုက်ရာနေမကောင်းဖြစ်သွားသည်။ မိတ္ထီလာဆေးရုံသို့တင်ပို့ကုသသော်လည်း ငုပ်အားကြီးပြီးကွယ်လွန်သွားရှာသည်။

မိဘဆိုသည်မှာ သားသမီးတွေဆီကသိတတ်မှု၊ ဂရုစိုက်မှုနှင့်မေတ္တာထားမှုကိုမျှော်လင့်တတ်ကြသည်။ အေးမြဖြူသည် မိခင်၏မေတ္တာကိုနားမလည်၊ ဂရုတစိုက်ပြုစုမှုန်းမသိခဲ့။ သည်လောကမြန်မြန်ဆန်ဆန်ခွဲခွာသွားလိမ့်မည်လည်းထင်မထား။တကယ်မရှိတော့မှဖခင်၏မေတ္တာကိုအေးမြဖြူသဘောပေါက်ကာ ယူကျုံးမရဖြစ်လျက်ရှိနေသည်။

ပြောပြီးသောစကားလွန်ခဲ့ပြီးသောအချိန်၊ ဆုံးရှုံးသွားသောမိဘတို့မှာပြန်ရနိုင်ရိုးမရှိချေ။ အေးမြဖြူသည် ဖခင်ကြီးအား အားပါးတရမလုပ်ကျွေးမပြုစုလိုက်ရ၍ရင်နာမဆုံးဖြစ်နေသည်။ဖခင်၏အလောင်းကို ဂူသွင်းသင်္ဂြိုဟ်၍ကောင်းမှုကုသိုလ်များပြုလုပ်ပေးသည်။ ကွယ်လွန်ပြီး တစ်လပြည့်တွင်လည်း ဖခင်ကြီးအားရည်စူးလျက်သံဃာတော်များကိုပင့်ဖိတ်ပြီး ဆွမ်း၊ သင်္ကန်း၊ အစရှိသည်များကပ်လှူခဲ့သည်။

"ကိုကျော်၊ ထ ထပါဦး"

သန်းခေါင်ကျော် လင်းအားကြီးအချိန်တွင် အေးမြဖြူသည် သူ့ဘေးမှထင်ကျော်အားလှုပ်နှိုးနေသည်။ ထင်ကျော်လည်း အလန့်တကြားဖြစ်ကာအိပ်မှုန်စုံမွှားနှင့်ထထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲအေးနေမကောင်းဘူးလား"

"အိပ်မက်ထဲမှာ အဖေနဲ့တွေ့နေလို့"

"နေ့ခင်းနေ့လယ်ကအမှတ်ရပြီး စွဲ

လမ်းလို့နေမှာပေါ့"

"မဟုတ်ဘူးကိုကျော်ရဲ့၊ အဖေက ပြောတယ်။ သမီးတို့နဲ့အတူနေမလို့ လာတာတဲ့၊ အဖေကလည်း ကိုယ့်အိုးကိုယ့်အိမ်ပဲသမီးတို့နဲ့ပဲလာနေပေါ့လို့ ပြန်ပြောလိုက်တယ်။ အဖေက ပြုံးပြုံးကြီးလုပ်နေတုန်းအေးလည်းလန့်နိုးလာတာ"

"ဒါဆိုသေချာပါပြီ"

"ဘာသေချာတာလဲ"

"ဟိုလေ"

ထင်ကျော်သည် အေးမြဖြူအား အနားသို့ဆွဲယူရင်း ဝမ်းသာစွာဖြင့် ခပ်တိုးတိုးလေး ပြောလိုက်လေသည်။

ပဋိသန္ဓေတည်ပြီဆိုကတည်းက အေးမြဖြူသည် ကလေးမိခင်ဖြစ်တော့မှာပါလားအတွေးဖြင့် ပျော်မြူးလျက်ရှိ၏၊ သားလားသမီးလားမကွဲပြားခင်ကပင်မမြင်ရသေးသော ရင်သွေးလေးကို ပုံဖော်မှန်းဆ၍ချစ်နေရပြီ။ ဝမ်းဗိုက်ထဲမှ ကလေးအား ဒုက္ခမရောက်အောင် စားချင်ရာမစား၊ နေချင်သလိုမနေ၊ သွားချင်ရာမသွားဘဲအောင့်အည်းနေခဲ့သည်။

ယောက်ျားဖောင်စီး၊ မိန်းမမီးနေခြင်းသည် အသက်အန္တရာယ်နှင့်နီးကပ်လှသည်။ အေးမြဖြူသည် အင်မတန်ခံရခက်သောဝေဒနာကို မချိမဆံ့ခံစားရင် မီးဖွားခဲ့သည်။ ဖြူဖြူဖွေးဖွေးယောကျ်ားလေးတဲ့။ ထင်ကျော်နှင့်မတူဘဲ မအေတူလေးမို့ ချစ်စရာလေး၊ ကိုယ်လက်အင်္ဂါစုံစုံစွာနှင့်ကလေးမျက်နှာလေးမြင်လိုက်ရ၍ နာကျင်မှုများပင် ဘယ်ရောက်ကုန်မှန်းမသိတော့ချေ။

အေးမြဖြူသည် သန်းခေါင်ကျော်လင်းအားကြီး ဘယ်လောက်အိပ်ချင်ချင် ကလေးမအိပ်မချင်းမအိပ်ရနိုင်။ကလေးနို့ဆာ၍ငိုယိုလျက်နို့ချိုတိုက်ကျွေးရသည်။ ကျင်ကြီးကျင်ငယ် အညစ်အကြေးရှိလျှင် သန့်ရှင်းပေးရသည်။ ခြင်နှင့်ယင်များ မလာအောင်ခြောက်လှန့်ရသည်။ နေ့စဉ်နှင့်အမျှ ကလေးအတွက်ဇာဟီရများ လုပ်နေရသည်ပင် ပျော်စရာဖြစ်နေလေသည်။

ကလေးမွေးပြီး ရက်တစ်ရာပြည့်တွင်နာမည်ပေးကင်ပွန်းတပ်ပွဲပြုလုပ်ကြသည်။ ဖခင်နာမည်ပါအောင် ဖြိုးဖြိုးကျော်ဟုမှည့်ခေါ်သည်။ ဖြိုးဖြိုးကျော်ကား အဖေဖြစ်သူကိုသိပ်မခင်။ ထင်ကျော်ပွေ့ချီလိုက်တိုင်း ခပ်စိမ်းစိမ်းလုပ်၍ငိုယိုနေတတ်သည်၊ မအေမှမအေ။ အေးမြဖြူတစ်ယောက်တည်း တစ်လက်ကိုင်ဖြစ်နေသည်။

ဖြိုးဖြိုးကျော်သည် မပီကလာပီကလာ တီတီတာတာစကားပြောတတ်လာပြီ။ လှည်းနွားအရုပ်များနှင့် ကစားလေ့ရှိသည်။ လယ်တောက လှည်းနွားပြန်လာလျှင် နွားတွေဆီသွား၍ ဆွဲထားရသည်။ ဖခင်ကို မခင်မင်သောကလေးမှာ လယ်တောသို့ နွားလှည်းထွက်လျှင် ထင်ကျော်နောက်လိုက်သွားချင်သည်။

အေးမြဖြူလည်း ကလေးကို သူ့အဖေဝင်စားသည်ဟု တထစ်ချယုံကြည်ထားသည်။ တစ်နေ့တွင်-

"သားလေးက ဘယ်သူဝင်စားတာလဲဟင်"

ဟု မေးကြည့်ရာ ဖြိုးဖြိုးကျော်က မျက်လုံးကလေး ပေကလတ်ပေကလတ်လုပ်နေသည်။

"မေမေနဲ့လယ်တောလိုက်မလား"

ပြောတော့-

"သားလိုက်မှာ သားလိုက်မှာ"

ဟုဆိုကာ ပျော်မြူးလျက်ရှိသည်။

ကန်ပေါက်လယ်ပွဲသည်မန်ကျည်းကုန်းရွာနှင့်နှစ်မိုင်ခန့်ဝေးသည်။ ကန်ပေါက်ဟုခေါ်သော်လည်းကန်နှင့်တူတာမတွေ့ရ။ ယာကြိုယာကြားအတိုင်း ကွေ့လည်ကြောင်ပတ်လာသောချောင်းရိုးရှိသည်။ မိုးရွာသည့်အခါ ယာကွက်များမှစီးကျလာသော ယင်းချောင်းရေကို လယ်ကွက်များထဲ သွင်းယူရသည်။

အေးမြဖြူတို့ပိုင်သော သဲလယ်ကွက် ကန်သင်းပေါ်တွင် သက်တမ်းရင့်မန်ကျည်းပင်ကြီးရှိသည်။ မခုတ်ရဲမချိုင်ရဲ၍သစ်ကိုင်းအချို့မှာ လယ်ကွက်ထဲသို့ အုံ့မိုးလျက်ရှိသည်။ ရုက္ခစိုးနတ်ရှိသည်ဆို၍သဲလယ်ကွက်အားစပါးစိုက်လျှင်အကျအနတင်မြှောက်ပသရသည်။သပွတ်ပင်တဲကုန်းမှမျှော်ကြည့်လျှင် အုံ့မှိုင်းမှိုင်းမန်ကျည်းပင်ကြီးကိုလှမ်းမြင်နေသည်။

ထွန်ယက်ချိန်တွင် နွားများကိုထွန်တပ်၍ လယ်တောသို့ခပ်စောစောထွက်ရသည်။ လုပ်ငန်းပြီးစီး၍ နွားကျောင်းရုံဆိုနေ့လယ်စာစားပြီးမှအိမ်ကထွက်သည်။ ထင်ကျော်သည် ထိန်ပင်ယာထဲနွားစာပြောင်းကြွအထွန်ထွက်ရန် စောစောစီးစီး ထမင်းကြမ်းစားနေသည်။ ဖြိုးဖြိုးကျော်မှာအိပ်ရာထဲတွင်အိပ်နေဆဲ။ အေးမြဖြူလည်းရေနွေးကြမ်းငှဲ့ပေးလျက်ထင်ကျော့်အနီးတွင်ထိုင်လျက်ရှိသည်။

"အေး"

"ဘာလဲကိုကျော်"

"မနေ့ညက အိပ်မက်တွေမက်တယ်"

"ဘာတွေမက်တာလဲ၊ ပြောပါဦး"

အေးမြဖြူက ထင်ကျော့်အနီးသို့တိုးကပ်သွားပြီး သိချင်ဇောနှင့်မေးသည်။

"အိပ်မက်ထဲမှာပေါ့ဟာ၊ ငါလည်းကန်သင်းလျှောက်ရင်း သဲလယ်ကွက်ဘက်ရောက်သွားတယ်။ဒီတုန်းမန်ကျည်းပင်ကြီးအောက်က လူတစ်ယောက်ဖိုးရိုးဖားရားနဲ့ထွက်လာတယ်လေ"

"ထွက်လာပြီး ဘယ်ကိုသွားလဲကိုကျော်"

အေးမြဖြူက စိုးရိမ်တကြီးမေးသည်။

"ငါ့ဆီကိုရောက်လာတာပေါ့"

"ဟင်ဟုတ်လား၊ကိုကျော်ကြောက်မနေဘူးလား၊ အဲဒီလူကြီးက ဘာတွေပြောသွားသေးလဲ"

"ငါနေတဲ့ မန်ကျည်းပင်ကိုင်းကို မတောင်းမပန်နဲ့ ခုတ်ချိုင်ပစ်တာ တို့ကလေးလက်လည်း ဓားသိသွားတယ်။ ခုတ်တဲ့လူကိုဒေါသဖြစ်ဖြစ်နဲ့ အသေလုပ်ပစ်လိုက်တယ်။ မင်းတို့လည်း ငါနေတဲ့အပင်လာပြီး နမော်နမဲ့မလုပ်ကြနဲ့သိလား။ လုပ်လို့ကတော့ သည်းမခံဘူးကွနော်လို့ ပြောဆိုနေတုန်း ငါလည်း အိပ်ရာကနိုးလာခဲ့တာ"

"ဒီလောက်နတ်ကြီးတဲ့ မန်ကျည်းပင်ကိုင်းကို ဘယ်လိုလူများကများ မစဉ်းမစားနဲ့ခုတ်ပါလိမ့်နော်။ ရှင့်အိပ်မက်ထဲကလိုတကယ်များလားမသိပါဘူး။ သဲလယ်ကွက်ဘယ်ရောက်ရင် မန်ကျည်းပင်ကိုင်းချိုင်ထားတာရှိလား၊ ကြည့်ခဲ့ပါလား ကိုကျော်"

"အေးပါဟာ၊ ကန်သင်းဆင့်ရင်း သွားကြည့်လိုက်ပါမယ်။ တဲကဲ ငါလည်း တောထဲထွက်ဖို့ နောက်ကျလိမ့်မယ်"

ထင်ကျော်လည်း ပြောပြောဆိုဆိုနှင့်နေရာမှထသွားသည်။

အိမ်တွင်နေသော အေးမြဖြူမှာ သည်ဖြစ်စဉ်ကို ဘာမှမသိရှာ။ ဦးလှအောင်သည် သဲလယ်ကွက်နှင့် မလွတ်ကင်းသော မန်ကျည်းကိုင်းများကို ခုတ်ချိုင်ပစ်သည်မှာ ကြာသွားချေပြီ။ တိုက်တိုက်ဆိုင်ဆိုင်ပင်၊ ထိုသစ်ပင်ကိုခုတ်ချိုင်ပြီးနောက် ရေချိုးမှားသလိုလိုနှင့် နေမကောင်းဖြစ်၍ ကွယ်လွန်သွားခဲ့သည်။ အေးမြဖြူအားပြောပြလျှင်စိတ်မကောင်းဖြစ်နေလိမ့်မည်။ ယခုပင်လျှင် ဦးလှအောင် တစ်ဖြစ်လဲ ဖြိုးဖြိုးကျော်ဖြစ်နေလေပြီ။ ထင်ကျော်သည် အေးမြဖြူမသိအောင် မန်ကျည်းပင်စောင့် ရုက္ခစိုးနတ်အားတင်မြှောက်ပသပြီး တောင်းပန်မည်ဟုစိတ်ကူးထားလေသည်။

*စမ်းလိုအေး၊ ပန်းလိုမွှေးကြပါစေ။*

အာကာသ(သာစည်)

# အချစ်ကြီးသူ၏ ရှောင်တသောင်ပဲ

မောင်ရိုင်ပြူ(နဝဝါသီ)



ကြိုက်မရှက်၊ငိုက်မရှက်၊ငတ်မရှက် ဆိုသည့်စကားမှန်လွန်းလှပါ၏။ ယခု လည်း ဘဒ္ဒါမည်သော လွန်စွာချောမော လှပပြေပြစ်သည့်သူဌေးသမီးသည် ရာဇ ဂြိုဟ်သူဌေးဘွဲ့ခံယူထားသည့်မိဘနှစ်ပါး ၏ဂုဏ်အသရေတော်ကိုမျှ မထောက်၊ အရှက်အကြောက်ကင်းမဲ့စွာ မင်းပြစ်မင်း ဒဏ်သင့်နေသူ သတ္တုကအမည်ရှိသည့် ခိုးသားကိုမှအသည်းနင့်အောင်ချစ်မိရသ တဲ့လား။ ချစ်မိတာမှပေါ့ပေါ့ပါးပါးအချစ် မျိုးမဟုတ်။ သတ္တုကကိုမှပေါင်းဖော်ယှဉ် တွဲပျော်ပွဲမဝင်ရလျှင် မိမိကိုယ်မိမိအဆုံး စီရင်သေပွဲဝင်မည်ဖြစ်ကြောင်း မိဘနှစ် ပါးကို ခိုင်မာစွာ ဆန္ဒပြပြီးခဲ့ချေပြီပဲ။

ဘဒ္ဒါကိုယ်တိုင်လည်း သူ့ကိုယ်သူ အံ့ဩမိပါ၏။ အမျိုးသမီးတစ်ဦးအနေ ဖြင့်အချိန်အခါအရွယ်ရောက်ပါပြီ ဆိုက တည်းက ဆန့်ကျင်ဘက်ပုရိသတွေနဲ့ မျက်လုံးချင်းဆုံမိလေတိုင်း ရှက်သွေးဖြာ လို့ ခေါင်းလေးငုံ့တတ်ခဲ့တာ။ နှလုံးခုန် ရင်ခုန်တတ်ခဲ့တာတွေကအဆန်းတကြယ် မှ မဟုတ်တော့တာပဲလေ။ ကိုယ့်ရဲ့အလှ အပနဲ့ ရှိုက်ဖိုကြီးငယ်တွေကို တပ်မက် သည့်စိတ်ဆန္ဒနှင့် အာသာငမ်းငမ်းကြည့် ရှုခြင်းကိုခံရလို့ရင်ခုန်ရတာတစ်မျိုး။ခုလို သတ္တုကနှင့်အကြည့်ချင်းဆုံလို့ရင်ခုန်တာ က တစ်မျိုးပဲလေ။ အကဲပိုတယ်ပဲ ဆိုလို့ ခုဖြစ်နေသည့် ဘဒ္ဒါ၏ ရင်ခုန်သံတွေက 'သတ္တုကကိုချစ်တယ်' လို့မြည်ကြွေးတမ်း တ နေသည့်နှယ်ပါပဲလား။ ထို့ကြောင့် နှလုံးသား၏ တောင်းဆိုမှုကို အတည်ပြု လို့ ငယ်နုစဉ်ကတည်းက ပိုးလိုမွေးပြီး၊ အရိပ်လိုကြည့်နေခဲ့သည့် သဒ္ဒါ၏အမိကို အပူကပ်ချွဲနွဲ့လိုက်ရသည်ပေါ့လေ။

သိပြီးသားပါပဲလေ။ ဘဒ္ဒါမျက် ရည်ကျရင် အမိရဲ့နှလုံးသွေးတွေ ဆူပွက် မတတ်ခံစားတတ်ရလွန်းလို့ ဘဒ္ဒါမျက် ရည်ကျမှာကို မလိုလားသည့်အမိ သဒ္ဒါ အလိုကျဖြစ်စေရမည်ပေါ့။ အဖနှင့်တိုင် ပင်သည်စကား ဘဒ္ဒါနားနှင့်ဆတ်ဆတ် ကြားလိုက်ရပေါ့။ ယခုမကြာ အသပြာ ထောင်ထုပ်နှင့် လူသတ်ကုန်းက သတ္တု ကကိုအမြန်ရွေးထုတ်ခဲ့ကြတဲ့ ပျော်လိုက် တာလေ။ပြောမပြတတ်အောင်ကိုပဲပျော် မိပါတယ်။ ကျေးဇူးကြီးလှ မိနှင့်ဖ သက် ရှည်ကျန်းမာပါစေလို့ သဒ္ဒါဆုတောင်း ပါတယ်ရှင်။ ခိုးသူရာဇဝတ်သားကိုမှမေတ္တာ တော်ထား အချစ်ပွားရပါမလားလို့ ဆို ချင်လည်းဆိုကြပါစေတော့။ ကိုယ်ကချစ် မိသူဆိုတော့လည်း အပြစ်မမြင်တာ မဆန်းပါဘူးလေ။ ဟိုး အနောက်ဘက် တောင်တန်းကြီးပေါ်ကို တဖြည်းဖြည်း နိမ့်ကျလာသည့်နေလုံးကြီးကို ကြည့်၍ ဘဒ္ဒါစိတ်တွေ မတည်ငြိမ်ဖြစ်နေ၏။ ထို တောင်စွယ်မှာနေကွယ်လျှင်ဖြင့် သတ္တုက ကိုသတ်ကြပေတော့မည်။ ဘုရားဘုရား အဖအချိန်မီရောက်ပါစေ။ ဘဒ္ဒါရင်တွေ ပူပါဘီတော့။ အဖသာအချိန်မမီနောက် ကျခဲ့ရင်ဖြင့် ဘဒ္ဒါအသည်းတွေ တစ်စစီ ဖြစ်ရချည်ရဲ့။ပူဆွေးသောက ဗျာပါဒများ နှင့်ဘဒ္ဒါတစ်ယောက်ကြွေမြေ့လွန်းနေသည် ထင်။

ဟော - မြင်းရထားသံ။ ပြာသာဒ် ဆောင်ပေါ်ကိုမြန်သောခြေလှမ်းများဖြင့် တက်လှမ်းလာသူကသတ္တုက၊ ဘဒ္ဒါမျက် နှာကြည်လင်ဝင်းပလို့ ပြေး၍မဖက်ရုံတ မည်။

"မောင်တော် ဝမ်းသာလိုက်တာ မောင်တော်ရယ်။ဟင် မောင်တော်ကိုယ် ပေါ်ကရတနာတွေက၊အဖဆင်ပေးလိုက် တာ မဟုတ်လားကွယ်။ လိုက်ဖက်ပါဘီ မောင်တော်ရယ်။သည်ထက်ပို၍ခန့်သည် ထက်ခန့်၊ လှသည်ထက်လှအောင် ဘဒ္ဒါ မှာရှိသည့်ရတနာကိုလည်း လက်ခံတော် မူပါ မောင်တော်"

ဘဒ္ဒါကပြောပြောဆိုဆိုသူ့ရတနာ သေတ္တာကိုယူပြီး ရတနာရှိရာ ရတနာစု ထပ်ဆင့် လောကွက်ပြုလိုက်ပြန်ပါ၏။ ပျော်မဆုံးမော်မဆုံး ဘဒ္ဒါမှာ သတ္တုက တစ်ကိုယ်လုံးကို ရှေ့ကကြည့်လိုက် နောက်ကကြည့်လိုက်နှင့် ရမက်ဖုံးသည့် မျက်ဝန်းအစုံကလည်း တလက်လက် တောက်ပနေခဲ့လေပြီ။

*

အဝေးကပင်မြင်နိုင်သည့်မြင့်မား မှန်ဝေနေသောတောင်ကြီး၊ ခိုးသားပစ်ချ တောင်။ ထိုတောင်ကို ရာဇဂြိုဟ်မြို့ဘက် မှ တက်သည့်လမ်းက ပြေပြစ်မှုအတန် ငယ်ရှိသော်လည်း ဟိုတစ်ဖက်မှာဖြင့် တောင်ပြတ်ကမ်းပါးရုံကြီးကမြင့်မားနက် ရှိုင်းလှပေ၏။ (ခိုးသားများကိုထိုနေရာမှ ပစ်ချသတ်ဖြတ်သည့်တောင်) ထိုတောင် ခြေနားမှာမြင်းရထားကိုရပ်လိုက်၏။မြင်း ရထားပေါ်မှ ပထမဆုံး ဆင်းလာသူက သတ္တုက ပင်ဖြစ်၏။

"မင်းတို့တွေက ငါနဲ့သွေးသား တော်စပ်မှုမရှိလို့ တောင်ပေါ်အထိလိုက် ခွင့်မရှိဘူး"

ဘဒ္ဒါ၏ရံရွေတော်တွေနှင့် ငယ် ကျွန်တွေကို သတ္တုက တောင်ခြေမှာနေ ခဲ့ရန်ပြောလိုက်၏။ သို့မှသာ သူဌေးသမီး ဘဒ္ဒါကို လုပ်ကြံသတ်ဖြတ်ဖို့ လွယ်ကူ မည်မဟုတ်ပါလော။ခိုးသားပစ်ချတောင် မှ နတ်မင်းကြီးများကို ပူဇော်ပသရန်ဟု လိမ်လည်ပြောဆိုကာ ယူလာခဲ့သည့် ဗလိနတ်စာတောင်းကြီး (ဘဒ္ဒါကိုယ်တိုင် ရွက်ယူလာခဲ့ရသည့်တောင်း)ကို တောင်

အောက် ချောက်ထဲသို့ ပစ်ချစေခဲ့ပြီး ဘဒ္ဒါခြုံလာခဲ့သောပဝါကို မြေမှာခင်း၍ ဘဒ္ဒါ၏လက်ဝတ်ရတနာများကို ချွတ်ကာ စုပုံထည့်စေ၏။ သတ္တုက၏ယုတ်မာသော အကြံအစည်က ဘဒ္ဒါတို့ သားအဖနှစ် ယောက်ဝတ်ဆင်ပေးထားသည့်ရတနာ များကိုအပိုင်စီးကာ ဘဒ္ဒါကိုချောက်ထဲသို့ တွန်းချသတ်ဖြတ်မည့်အကြံနှင့်လှည့်ဖြား ကာသဒ္ဒါကိုခေါ်လာခဲ့ခြင်းသာဖြစ်လေ၏။ သို့သော်လည်း အရေးကြုံလျှင် သက်လုံ ကောင်းတတ်သောအမျိုးသမီးများ၏မွေး ရာပါဖြတ်ထိုးဉာဏ်ကို သတ္တုကသတိမမူ လိုက်ချေပြီ။ သတ္တုကသည် မိမိကိုလှည့် စား၍ အသက်သေအောင်ပြုမည်ကိုရိပ် စားမိသော သူဌေးသမီးဘဒ္ဒါက-

"မောင်တော်ရယ်ဘဒ္ဒါလေ၊မောင် တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ်မဟုတ်လား။ တောင်စွယ်မှာနေ ကွယ်ရင် အသတ်ခံရတော့မယ့်မောင် တော့်ကို အသေပြာတစ်ထောင်နဲ့ရွေးယူ ပြီးချစ်ခဲ့ရသူပါ မောင်တော်ရယ်။ ဒါ ကြောင့်လေ အခုလိုနှစ်ယောက်တည်း ရှိနေချိန်မှာ မောင့်တော်ကို နမ်းခွင့်ပြုပါ လား မောင်တော်ရယ်နော်"

သတ္တုက မဲ့ပြုံးပြုံးကာ ပြော၏။

"ကြာလို့မရဘူးနော်၊အချိန်မရှိဘူး ကွ"

"နှစ်ခါတည်းနမ်းမှာပါမောင်တော် ရယ်"

ဘဒ္ဒါက အချိုသာဆုံး အပြုံးကို ဆောင်၍ မျက်နှာချင်းတိုင်ကာ အငမ်း မရ နမ်းရှိုက်မွှေးကြူလိုက်၏။ထို့မှတစ်ဖန် နောက်ကျောဘက်မှ သိုင်း၍ဖက်ကာ အငမ်းမရနမ်းရှိုက်ဟန်ပြပြီး သတ္တုကကို ချောက်ထဲသို့ တွန်းချလိုက်လေတော့၏။ 'သွားပေဦးတော့ အယုတ်တမာကောင် ရေ၊ အေးမြသည့်မေတ္တာနှင့် သင်သည် လုံးဝ မထိုက်တန်ပါပေ။ အတ္တာဟိအတ္တ နော နာထော၊ဆိုသည့်မိမိကိုယ်သာလျှင် မိမိအချစ်ဆုံးဆိုသဟာ မောင်တော် မေ့ နေရှာသလား။

*

နေရောင်ကွယ်ခဲ့လေပြီ။ ဘဒ္ဒါ သည် လာလမ်းကိုဖယ်လျက် အခြား လမ်းတစ်ခုမှ ဆင်းခဲ့သည်။ ညသည် တဖြည်းဖြည်း မှောင်မည်းလာ၏။ ခပ် ဝေးဝေးမှာမြင်ရသည်က မီးရောင်လေး တလက်လက်နှင့် စကားပြောသံများ ရောယှက်ထွက်ပေါ်နေသည့်နိဂဏ္ဌပရိဗိုဇ်မ တို့၏ ကျောင်းငယ်ကလေး။

"အရှင်မတို့ အရှင်မတို့"

"ဟဲ့- ညကြီးမင်းကြီးအချိန်မတော် ဘယ်သူတုန်း"

"ကျွန်မပါ ဘဒ္ဒါလို့ ခေါ်ပါတယ် ရှင်"

"ဘာကိစ္စရှိလို့လဲ"

"ရဟန်းပြုချင်လို့ပါ"

ဘဒ္ဒါကကြောက်ကြောက်လန့်လန့် နှင့် ပြေးမိပြေးရာ ရောက်ရာတွေ့ရာမှာ အားကိုးလိုစိတ်ဖြင့်ချဉ်းကပ်ခဲ့လေသည်။ တိတ္ထိဆရာကြီးတို့က ဘဒ္ဒါ၏ဆံပင်များ ကိုထန်းစေ့ဖြင့်ညှပ်ကာ တစ်ပင်ခြင်းနုတ် ပစ်သည်၊ ဓားဖြင့်မရိတ်ပေ။ ပြီးလျှင်အ ဝတ်ဖြူကိုဝတ်ရုံစေ၏။ ပရိဗိုဇ်မ ဘဒ္ဒါ၏ ဆံပင်များသည် တစ်ချောင်းမကျန် နုတ် ပစ်ပါသော်လည်း တစ်ခဏချင်းပင်ပြန် လည်ပေါက်လာကာ (ကျောက်ခြယ်နား တောင်းကဲ့သို့) ဖွေလှည့်၍တည်နေသော ကြောင့် ဘဒ္ဒါအမည်ပျောက်ကာ(ကုဏ္ဍ လကေသာ) ဟုအမည်တွင်လေ၏။

ကုဏ္ဍလကေသာသည် နိဂဏ္ဌပရိ ဗိုဇ်တို့၏ အယူဝါဒများကို သင်ယူတတ် မြောက်ခဲ့သလို တော်သည်၊ တတ်သည် ဟုနာမည်ကြီးသော ဆရာကြီး (တိတ္ထိ) များထံတွင်လည်း တပည့်ခံကာနည်းနာ များသင်ကြားမှုပြုခဲ့ခြင်းကြောင့် ဝါဒရေး ရာတွင်အတော်အတန်သိရှိမှုဖြင့် နိဂဏ္ဌ ပရိဗိုဇ် မဘဒ္ဒါကိုယှဉ်ပြိုင်နိုင်ဖို့ ခက်ခဲလှ ပေမည်။

ထို့ကြောင့်လည်း ကဏ္ဍလကေ သာ (နိဂဏ္ဌပရိဗိုဇ်မဘဒ္ဒါ) သည် မာန ထောင်လွှားလာလေသည်။ သူ့လောက် တတ်သူသိသူမရှိဟု အထင်ရောက်ကာ ဝတ်ရုံအဖြူနှင့် သပြေတစ်ခက်ကို ကိုင် ကာမြို့ရွာအနှံ့ ခြေဆန့်ကာ စိန်ခေါ်မှု တစ်ခုပြုလေတော့၏။

"ဒီနယ်မြေမှာ ငါ့ထက်ပညာသာ တဲ့လူရှိရင် ဒီသပြေခက်ကိုနင်းခြေဖျက် ဆီး ပစ်နိုင်တယ်။ မဟုတ်လို့ကတော့ . . ."

ဤကဲ့သို့ အော်ဟစ်ကျူးဝါးကာ ရွာတံခါး၊ မြို့တံခါးများထိပ်တွင် သဲပုံ၍ သပြေခက်ကို ထိုးစိုက်ထားခဲ့တတ်သည်။

(ကဏ္ဍလကေသာ)နိဂဏ္ဌပရိဗိုဇ်မ ဘဒ္ဒါ၏အမှောင်ပျောက်၍ အလင်း ရောက်မည့်နေ့၊ ထိုနေ့ထိုအချိန်တွင် ဗုဒ္ဓ မြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူ ချိန်ဖြစ်ပေသည်။ သာဝတ္ထိပြည်သို့နိဂဏ္ဌ ပရိဗိုဇ်မဘဒ္ဒါ၊ရောက်သည့်နေ့ ထိုနေ့တွင် ပင်အရှင်သာရိပုတ္တရာထေရ်မြတ်သည်

လည်း သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံခြင်း အကျိုးငှာ တစ်ပါးတည်း ကြွတော်မူချိန် လည်းဖြစ်ပေသည်။ သပြေခက်ထိုးစိုက် ထားသော သဲပုံကိုဝိုင်းဝန်းကြည့်ရှုနေကြ သည့်ကလေးများကိုမြင်တော်မူ၍ အကျိုး အကြောင်းမေးမြန်းရာ နိဂဏ္ဌပရိဗိုဇ်မ ဘဒ္ဒါ၏ဝါဒရေးရာမောက်မာမှုးယွင်းနေမှု ကိုသိရသဖြင့်ခေါ်ယူဆွေးနွေးဩဝါဒပေး ပြီးနောက်ဆက်လက်၍တရားဟောကြား တော်မူရာ နိဂဏ္ဌပရိဗိုဇ်မဘဒ္ဒါသည် အရှင်မြတ်အားရိုသေစွာရှိခိုးဦးတင်လျက် ခြေတော်ရင်း၌ ဝပ်ဆင်းရှာ၏။

"အရှင်မြတ်ဘုရား၊တပည့်တော်မ သည် အရှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါသည်ဘုရား"

ဟုလျှောက်တင်လေသော်-

"ဒါယိကာမ၊ နတ်နှင့်တကွသော လူတို့ပြည်၌အမြတ်ဆုံးဖြစ်သောမြတ်စွာ ဘုရားကိုကိုးကွယ်လေလော့"

"ကောင်းပါပြီ၊ အရှင်မြတ်ဘုရား"

(ကုဏ္ဍလကေသာ)နိဂဏ္ဌပရိဗိုဇ်မ ဘဒ္ဒါသည် ညချမ်းအခါတွင် ဇေတဝန် ကျောင်းတော်၌ တရားဟောတော်မူ သော မြတ်စွာဘုရားအနီး၌ ငါးပါးသော တည်ခြင်းဖြင့်ရပ်လျက် ရှိခိုးနေလေရာ မြတ်စွာဘုရားသည်ပရိဗိုဇ်မဘဒ္ဒါ၏ပါရမီ ဉာဏ်ရင့်သန်ပြီးသည်ကို သိတော်မူ၍ သတ္တဝါ၏အနုအရင့်နှင့်၊တန်သောတရား ကိုဟောတော်မူရာ (ကုဏ္ဍလကေသာ) ဘဒ္ဒါပရိဗိုဇ်မသည် ရပ်လျက်သာလျှင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်ဆိုက် ရောက်ကာ ဘိက္ခုနီမထံတွင် ရဟန်းပြု လေသည်။

ဘဒ္ဒါကုဏ္ဍကေသာဘိက္ခုနီအရှင် မ၏ အပဒါန်ပါရမီတရားတို့ကြောင့် ခြေ ဆေးရင်း၌ပင် ဖြစ်ပျက်ကိုမြင်၍ အလုံးစုံ သော သင်္ခါရတရားတို့သည် ခြေဆေး သောရေကဲ့သို့ ဖြစ်ပျက်တရားတွေပါ လားဟု ကြံစည်တွေးတော ဆင်ခြင်မိရာ မှ အာသဝေါမှကင်းလွတ်ပြီးလျှင် အလုံး စုံသော တေဘူမက ရုပ်နာမ်တရား၌ စွဲ လမ်းခြင်းမရှိ ရဟန္တာအဖြစ်သို့ရောက်ရှိ လေ၏။

(သဒ္ဒါကဏ္ဍလကေသာ ထေရီ အရှင်မသည် ခိပ္ပါဘိညဧတဒဂ်ရတော်မူ ပါသည်)

(မိန်းမရဟန္တာများ၊ ဦးသိန်းဇံ) စာ အုပ်ကိုမှီး၍ပြန်လည်ခံစားရေးဖွဲ့ပါသည်။

မောင်စိုးပြေ(နဝင်သီ)

# ဝက်ခြောက်

## ပန်းတနော်နော်လက်

ရွာနာမည်က ကွင်းကလေး၊ ကွင်းကလေးရွာသားတွေက လယ်သမားတွေ၊ ကိုင်းသမားတွေ၊ အဲဒီရွာမှာ ကုန်သည်ပွဲစားမရှိဘူး။

လယ်သမားကြီးတစ်ဦးရဲ့နာမည်ကဦးပန်းဖူး၊ သူ့မယားကဒေါ်ကလေးမ သားထောက်သမီးခံမရှိပါဘူး။ ဒါပေမယ့် သူတို့အားထားရတဲ့လယ်စာရင်းငှားတစ်ယောက်ရှိတယ် ဗိုလ်မှေးတဲ့။

မျက်စိမှေးမှေးရှိလို့ ဗိုလ်မှေးလို့ခေါ်တာ။ နာမည်ရင်းကကိုစိန်တိုး။ ကိုဦးကြီးဦးပန်းဖူးကဗိုလ်မှေးကို လယ်ကိစ္စစိတ်ထဲမထားနဲ့လို့ပြောတာ။

ဒါပေမယ့် ဗိုလ်မှေးက လယ်စာရင်းငှားဆိုပေမယ့် စာရင်းငှားခရရင်ပြီးရောသဘောထားတဲ့လူမဟုတ်ဘူး။ကိုယ်လုပ်တဲ့လယ်ကို ကိုယ့်လယ်လို့သဘောထားပြီး ကိုယ်ဖိရင်ဖိစေတနာနဲ့စိတ်ရင်းကောင်းနဲ့လုပ်တာ။ အဲဒါကြောင့် သူပိုးထိတဲ့အချိန်ကဦးပန်းဖူးရဲ့စပါးပင်တွေက စပါးသီးတွေအောင်ဖို့ အောင်ရေလိုနေတဲ့အချိန်၊ အောင်ရေရမှစပါးနှံတွေမှာ စပါးပင်တွေယိမ်းယိုင်မသွားဖို့ အဲဒါသိပ်အရေးကြီးတာ။

ဒါကြောင့်ဗိုလ်မှေးက-

"စပါးတွေကသီးတော့မယ်။ ဒီအတိုင်းထားရင်စားရကာနီး ပါးစပ်ထဲရောက်ကာနီး စပါးသီးတွေအောင်ရေမရလို့ပျက်စီးတော့မယ်။ အဲဒီလိုကျွန်တော်အဖြစ်မခံနိုင်ဘူးဦးလေး၊ ကျွန်တော်ပြန်ဆင်းမယ်။ လယ်ထဲပြန်ဆင်းမယ်"

လို့ပြောတော့ လယ်ပိုင်ရှင်ဦးပန်းဖူးက-

"ဗိုလ်မှေး၊ အဲဒါတွေ မင်းသိသလို ငါသိတယ်။ အဲဒီအတွက် မင်းဘာမှစိတ်မထင့်နဲ့။ငါလယ်စာရင်းငှားတစ်ယောက်ရှာမယ်"





စိန်တိုးဆိုတဲ့ ဗိုလ်မှေးကမုဆိုးဖိုသားလေးမောင်စူးအသက်ခြောက်နှစ်ကတည်းက မိန်းမဆုံးတာ။

မောင်စူးခြောက်တန်းတက်တော့ လူပျိုပေါက်ဖြစ်နေပြီ။ ကျောင်းအပ်ကတည်းကအသက်ကြီးလို့ ခြောက်တန်းတောင် မောင်စူးမဖြေခဲ့ရပါဘူး။သူ့အဖေရဲ့အလုပ်ရှင်ဦးကြီးဦးပန်းဖူးရဲ့လယ်ထဲဝင်လုပ်ခဲ့ရတယ်။ သူ့အဖေဗိုလ်မှေးက လယ်လုပ်ရင်းပိုးထိလို့ ကံကောင်းလို့မသေတာ၊ ကွင်းကလေးနဲ့သုံးမိုင်ပဲဝေးတဲ့ကွင်းကြီးရွာကကျေးလက်ကျန်းမာရေးဌာနကိုအရောက်မြန်လို့ ပြန်ပြီးကျန်းမာလာအောင် လယ်ပိုင်ရှင်ဦးပန်းဖူးတို့က ဆေးဝါးကုသမှုကုန်ကျစရိတ်ကအစတာဝန်ယူတာ။

"ဗိုလ်မှေး လယ်ကိစ္စစိတ်ထဲမထားနဲ့မင်းသာကျန်းမာအောင်နေ"

မြွေကိုက်ခံရတာကသေချင်သေ၊ မသေရင်ရှင်၊ ဒီနှစ်လမ်းပဲရှိတာ။ ဒါပေမယ့်ပိုးထိလို့မသေတဲ့ဗိုလ်မှေးမှာ ပန်းနာရင်ကျပ်ရှိတယ်။ပန်းနာရင်ကျပ်ရောဂါထရင်ဗိုလ်မှေးခွေကျသွားတာ။ ဒါကြောင့်စပါးသီးတွေမှာ အစာတွေပြည့်ပြီးအသီးအဆံကြီးမှာအောင်မှာ။

အောင်ရေရဖို့ဆိုတာ ချောင်းမကြီးထဲကရေကို အဲဒီအချိန်က လယ်သမားတွေအသုံးများတဲ့ကူဗိုတာစက်နဲ့မောင်း၊ပိုက်တွေနဲ့ရေတင်၊ချောင်းရိုးလေးထဲသွင်း၊ ချောင်းရိုးလေးထဲက ရေကိုလယ်ထဲရောက်အောင် ရေသွယ်မြောင်းနဲ့ဆက်ယူ၊ လယ်ထိပ်ရောက်တော့မှကန်သင်းတွေကို နည်းနည်းစီဖောက်၊ ရေကိုလယ်ကွင်းအနှံ့ရောက်အောင်ဆောင်ရွက်ပေး။

အဲဒီလိုလုပ်ရတာကပြောတော့သာလွယ်တာ၊ လက်တွေ့ကမလွယ်ဘူး။ကူဗိုတာနဲ့ရေတင်တာ၊ပိုက်တွေနဲ့ရေသွယ်တာ အဲဒါလောက်ကိုပြောတာမဟုတ်ဘူး။ ချောင်းရိုးလေးထဲကရေကိုရဖို့ရေသွယ်မြောင်းတူးရတာကိုပြောတာ၊ မလွယ်ဆုံးကလယ်ကွင်းအနှံ့ရေဝင်အောင်လုပ်ရတာ။

ရေသွင်းလိုက်ရင်ပြီးရောဆိုပြီးလုပ်လို့မရပါဘူး။ စပါးနှံတွေလဲပြိုမသွားဖို့၊

လို့ပြောတယ်။

အဲဒီအခါ သူတို့စကားဝိုင်းထဲဝင်မပါဘဲ နားထောင်နေတဲ့ မောင်စူးက-

"လယ်စာရင်းငှားမရှာတော့နဲ့ဦးကြီးအဖေ့နေရာမှာ ကျွန်တော်ဝင်မယ်။ ကျွန်တော်လယ်စာရင်းငှားဝင်လုပ်မယ်။ အဖေလည်းအသက်ကြီးပြီနားတော့ကျွန်တော်ကျောင်းကထွက်ပြီးဦးကြီးလယ်ကို အဖေ့လို ဦးကြီးစိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါမယ်"

လို့ ပြတ်ပြတ်သားသားပြောခဲ့ပါတယ်။

ဦးစိန်တိုးဆိုတဲ့ဗိုလ်မှေးက အဲဒီစကားကြားတော့ သားကိုကြည့်တယ်။ ဟုတ်တယ်၊ သားရဲ့ခန္ဓာကိုယ်ကထွားထွားကြိုင်းကြိုင်းနဲ့။ ဒါပေမယ့် သားကို



# ငြင့်မြင့် ★ ၀

,ထန်းတပင်အနောက်၊
လှည်းတန်းကမာရွတ်

သူလိုလယ်စာရင်းငှားဘယ်ဖြစ်စေချင်ပါ့မလဲ။ သူတစ်ပါးရဲ့စာရင်းငှားအလုပ်ကို ဘယ်လုပ်စေချင်ပါ့မလဲ။

မလုပ်စေချင်ပေမယ့် ဗိုလ်မှူးရုတ်တရက်တွေးတယ်။

"သားလေးမောင်စူးကိုတွဲ့ရအောင် မပြောနဲ့ဆယ်တန်းရောက်အောင်တောင် ငါထားဖို့မလွယ်ပါလား"

အဲဒီလိုတွေးပြီး ဘာပဲဖြစ်ဖြစ် ဒီကောင်သေစာရှင်စာ၊ရေးတာတ်ဖတ်တတ်နေပြီ၊ အထိုက်အလျောက် တွက်တတ်ချက်တတ်နေပြီ။ငါလည်းပန်းနာရင်ကျပ်ဖြစ်တာစိပ်စိပ်လာတယ်။ တကယ်လို့ ငါ့သားလေးမောင်စူးသာ ငါ့နေရာမှာဝင်လုပ်ရင်လည်း သူ့ထမင်းတစ်လုတ်ဝအောင်တော့စားရမှာပဲ။ ဦးပန်းဖူးတို့ဒေါ်ကလေးမတို့က စိတ်ရင်းကောင်းရှိတော့ ငါ့သားလေးကိုပစ်ထားကြမှာမဟုတ်ပါဘူးလို့တွေးပြီး-

"သား- မင်းကျောင်းမတွက်ရဘူး"

လို့မတားခဲ့တာ။ လယ်ပိုင်ရှင်ဦး ပန်းဖူးနဲ့ဒေါ်ကလေးမက-

"မောင်စူး မင်းကျောင်းမထွက်နဲ့ မင်းအတွက်ကျောင်းစရိတ်ကို မင်းအဖေ ဖိုလ်မှေးမပေးနိုင်ရင်ငါတို့ပေးမယ်"

"ဟုတ်တယ်သားကျောင်းမထွက် နဲ့ကျောင်းဆက်တက်၊ ဒေါ်လေးတို့မင်း ရဲ့ကျောင်းစရိတ်ကိုထောက်ပံ့မယ်"

ဆိုပြီးပြောကြတော့ဖိုလ်မှေးက-

"ဦးကြီးတို့စေတနာကို ကျွန်တော် တို့သားအဖနားလည်ပါတယ်။ ဦးကြီးတို့ ရဲ့စေတနာစိတ်ရင်းကောင်းကိုလည်း ကျွန်တော်တို့လေးစားပါတယ်။ဒါပေမယ့် ကျွန်တော်က ပန်းနာရင်ကျပ်ရှိတဲ့လူဆို တော့ အလုပ်ကိုပိုင်ပိုင်နိုင်နိုင်မလုပ်နိုင် မှာစိုးပါတယ်။ ဒါကြောင့် ဒီနှစ်စပါးရိတ် သိမ်းပြီးချိန်အထိတော့သားကိုကျွန်တော် နဲ့တွဲပြီး လယ်ထဲမှာလုပ်ဖို့ လုပ်ငန်းနား လည်ဖို့ ကျွမ်းကျင်ဖို့သင်ပေးပါမယ်။ သားပြောသလို သူ့ကိုကျောင်းထုတ်ပြီး လယ်စာရင်းငှားကောင်းဖြစ်အောင်လယ် သမားကောင်းဖြစ်အောင် ကျွန်တော် ဆောင်ရွက်ပါ့မယ်။ ဘာလို့ဒီစကားပြော တာလဲဆိုတော့ ဦးကြီးတို့သိတဲ့အတိုင်း ခုလိုစပါးသီးတွေရင့်မှည့်ဖို့ အောင်ရေရဖို့ အချိန်မှာမှ လယ်စာရင်းငှားကောင်းတစ် ယောက်ရဖို့မပြောနဲ့၊ လယ်စာရင်းငှား တစ်ယောက်ရအောင်ရှာဖို့ဆိုတာ ဒီကွင်း ကလေးရွာမှာရော့ကွင်းကြီးရွာမှာပါမရှိ ပါဘူး။ ဒါကြောင့် သားကိုကျောင်းထုတ် ပြီး ကျွန်တော့်နဲ့လက်တွဲလုပ်ခွင့်ပေးပါ။ နောင်နှစ်ဆိုရင်တော့ ကျွန်တော်အနား ယူပါမယ်။သားတစ်ယောက်တည်းလယ် ကိုအဲဒီအချိန်ရောက်ရင် ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်ပါပြီ"

ဆိုတာနဲ့လယ်ပိုင်ရှင်လင်မယားက ခွင့်ပြုခဲ့ရတာ။

*

ကျောင်းထွက်ပြီးလယ်ယာလုပ်ငန်း ခွင် ပညာသင်ဘဝနဲ့တစ်နှစ်သာ မောင် စူးလုပ်လိုက်ရတယ်။ အလုပ်အပေါ်မှာ စူးစမ်းမှု၊ လေ့လာမှု၊ ကြိုးစားမှု၊ အာရုံ စိုက်မှု၊ ဝီရိယထားမှုတွေရှိလို့ မောင်စူး လယ်ယာလုပ်ငန်းကိုကောင်းကောင်း ကြီးနားလည်ခဲ့ပါတယ်။

လယ်ယာလုပ်ငန်းနဲ့ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင်ရှိတာက နောက် ထပ်ငါးနှစ်ရောက်မှ စုစုပေါင်းခြောက်နှစ် ဆိုပါတော့၊ အဲဒီအချိန်မှာ တစ်သက်လုံး လယ်ယာလုပ်ငန်းခွင်ထဲဝင်ခဲ့တဲ့ ဦးစိန် တိုးလို့ခေါ်တဲ့ဖိုလ်မှေးက ပန်းနာရင်ကျပ် ရောဂါဒဏ်မခံနိုင်ဘဲ သေလုမျောပါးဖြစ် ခဲ့တယ်။

"သားရယ်၊အဖေတော့နေရတော့ မယ်မထင်ဘူး"

"အားတင်းထားပါအဖေရဲ့ အဖေ့ ပန်းနာရင်ကျပ်က တစ်ခါတစ်ခါမှဖြစ် တာပါ။ အဖေမသေနိုင်ပါဘူး"

ဖိုလ်မှေးကိုလယ်ပိုင်ရှင်လင်မယား ကလည်းအားပေးစကားပြောခဲ့ပါတယ်။

"ဟုတ်တယ်ဖိုလ်မှေး မင်းရဲ့သား ကိုစူးပြောသလို မင်းပန်းနာရင်ကျပ်ဖြစ် တာ အမြဲတမ်းမဟုတ်ပါဘူးကွာ၊ စိတ် ဓာတ်မလျှော့နဲ့၊ စိတ်ဓာတ်မကျနဲ့၊ မင်း မသေနိုင်ပါဘူး"

"အစ်ကိုပန်းဖူးပြောတာမှန်တယ် ဖိုလ်မှေး၊ နင်ပန်းနာရင်ကျပ်ဖြစ်တာကို မစွဲနဲ့၊ စိတ်ကို ချမ်းချမ်းသာသာထား အစားအသောက်သတိထားအမှားမခံနဲ့ လိုတဲ့ဆေးဝါးတွေဝယ်ဖို့ စားဖို့သောက်ဖို့ တို့တာဝန်ထား"

ထိုအခါဖိုလ်မှေးက-

"ဦးကြီးတို့ဒေါ်လေးတို့ကို ကျွန် တော်ကျေးဇူးအများကြီးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အခြေအနေ ကျွန် တော်သိပါတယ်။ကျွန်တော်သေသွားရင် သားတစ်ယောက်တည်းထားခဲ့ရမှာ စိတ် မချပါဘူး"

လို့ပြောရင်း ကိုစူးကို-

"သား- မင်းမှာချစ်ကြိုက်နေသူရှိ လား"

ဆိုပြီးမေးတယ်။

အဲဒီတော့ ကိုစူးကဦးကြီးဦးပန်းဖူး နဲ့ ဒေါ်ကြီးဒေါ်ကလေးမကို မဝံ့မရဲကြည့် ရင်း-

"ဦးကြီးနဲ့ဒေါ်ကြီး ကျွန်တော်မရှိ သေးမလေးစားလို့ပြောတာမဟုတ်ပါဘူး။ အဖေ ကျွန်တော်ဦးကြီးရဲ့တူမမဖူးငုံနဲ့ မေတ္တာမျှနေပါတယ်"

လို့ဖြေတယ်။

မဖူးငုံရဲ့အဖေဦးပန်းသိန်းနဲ့ ဦးပန်း ဖူးနဲ့က ညီအစ်ကိုအရင်း၊ မဖူးငုံကအပျို တော့မဟုတ်ပါဘူး။ယောကျ်ားကကိုကို မောင်၊ ကိုကိုမောင်ကလည်း ကွင်းက လေးရွာသား၊ (---)ထဲဝင်သွားတာ။

ရှေ့တန်းတိုက်ပွဲတစ်ပွဲမှာအသက် ပေးသွားရရှာတာ။ အဲဒီကတည်းက မဖူးငုံကမုဆိုးမဖြစ်တာ။ အဲဒီအကြောင်း ကိုမဖူးငုံကပွင့်ပွင့်လင်းလင်းပြောတာ။ ကိုစူးကလည်းသိသိကြီးနဲ့တကယ်မေတ္တာ ရှိတာ။ ဒါကြောင့်သူတို့မေတ္တာမျှခဲ့ကြ တာ။

ကိုစူးစကားကြားတော့ ဦးကြီးဦး ပန်းဖူးက-

"ဦးကြီးသဘောတူတယ်ဟေ့၊ဒါဆို တို့ဆွေမျိုးရင်းချာဖြစ်သွားတာပေါ့ကွ"

လို့ပြောတော့ ဦးစိန်တိုးဆိုတဲ့ဖိုလ် မှေးက-

"ဒါဆိုသားရယ်၊မင်းကောင်မလေး ကိုပြော အဖေမသေခင် မင်းတို့ကိုလက် ထပ်ပေးချင်တယ်။ ကြီးကြီးကျယ်ကျယ် မင်္ဂလာတော့ မဆောင်ပေးနိုင်ပါဘူး။ လူကြီးနည်းနည်းနဲ့ပဲ အသိအမှတ်ပြုပြီး အကျွေးအမွေးနဲ့ညှိခံပေးခဲ့ချင်တယ်"

ဆိုပြီးပြောတော့ ဦးပန်းဖူးက-

"ဖိုလ်မှေး ဒီအတွက် မင်းဘာမှ လုပ်ပေးစရာမလိုဘူး။ ငါ့တူမအတွက် ငါတို့ညီအစ်ကိုက မင်းတို့မျက်နှာမငယ် အောင်ကလေးတွေစိတ်ချမ်းသာအောင် လုပ်ပေးဖို့တာဝန်ယူမယ်။ ဖိုလ်မှေးမင်း သာကျန်းမာအောင်၊ စိတ်ချမ်းချမ်းသာ သာနေ"

လို့ပြောတယ်။ ပြီးတော့ ကိုစူးကို-

"ကိုစူးဖူးငုံကိုအမြန်ဆုံးအကြောင်း စုံပြော၊ သူ့သဘောကျအောင်ရှင်းပြ၊တိုင် ပင်ပြီးအမြန်ဆုံးမင်္ဂလာကိစ္စကိုအကောင် အထည်ဖော်"

လို့ပြောခဲ့တဲ့နောက်ပိုင်းမှာ ကိုစူး နဲ့မဖူးငုံတို့တွေ့ဆုံညှိနှိုင်းပြီး လူကြီးစုံရာ နဲ့တောင်းရမ်းစေ့စပ်ပြီး မင်္ဂလာဆောင် ခဲ့ကြတာပါပဲ။

ဒီလိုနဲ့ ကိုစူးနဲ့မဖူးငုံတို့ညားခဲ့ကြ တာ။

*

ဖိုလ်မှေးခမျာ သားနဲ့ချွေးမယူပြီး နောက်နှစ်လအကြာမှာကွယ်လွန်တယ်။ ဖိုလ်မှေးဆုံးပြီး ကိုစူးတို့လင်မယားက ဦး ကြီးဦးပန်းဖူးလယ်မှာပဲ လင်ကလယ်စာ ရင်းငှား၊ မယားကကောက်စိုက်သမလုပ် ခဲ့ကြတာ။

တစ်နှစ်သာသာမှာတော့ မဖူးငုံ ကောက်မစိုက်နိုင်တော့ဘူး။ လက်ထဲ မဆင်းနိုင်တော့ဘူး။ ကိုယ်ဝန်ရှိလို့။

အဲဒီတော့ လယ်ပိုင်ရှင်လည်းဖြစ်၊ ဦးမင်းလည်းဖြစ်တဲ့ဦးပန်းဖူးက-

"ဟဲ့- ဖူးငုံ နင့်မလဲ မပေါ့မပါးနဲ့ မွေးဖွားမယ့်ကလေးအတွက် စရိတ်စက ရဖို့ ငါဝက်ပေါက်ကလေးတစ်ကောင် ပေးမယ်ကောင်းကောင်းမွေး"

ဆိုပြီးဝက်မလေးတစ်ကောင်းကို ပေးတယ်။

ကိုစူးက လယ်စာရင်းငှားဆိုပေ မယ့် သူ့အဖေဖိုလ်မှေးလိုလယ်ထဲမှာပဲ

အလုပ်လုပ်ရတာမဟုတ်ဘူး။ဦးပန်းဖူးတို့အိမ်မှာလည်းဝက်မွေးပေးရတာ၊ ဝက်ခြံဆောက်ပေးရတာ၊ ဝက်စာကျွေးရတာ။ လယ်အတွက်နွားရှိလို့ နွားစာရိတ်ရ၊နွားစာကျွေးရ အလုပ်စုံတယ်။ အဲဒါကြောင့်လည်း ဦးပန်းဖူးက သူ့ဝက်ခြံထဲကဝက်မလေးတစ်ကောင်ကိုပေးမွေးတာ။

မဖူးငုံက သူ့ဝက်မလေးကို 'မိချော' လို့နာမည်ပေးထားပါတယ်။ မိချောကလည်းကိုစူးထက်မဖူးငုံကို ပိုရင်းနှီးသလိုပဲ။

"မိချောရေ ရို့ ရို့ ရို့ ရို့"

မိချောကိုရေချိုးပေးတော့လည်း မဖူးငုံ၊ မိချောကိုအစာကျွေးတော့လည်း မဖူးငုံ၊ မိချောနဲ့အတူ အိမ်ရှေ့နားမှာ ဟိုသွားသည်သွားလမ်းသလားတော့လည်း မဖူးငုံ၊ ဒါကြောင့် မဖူးငုံကိုမိချောကပိုခင်တနဲ့တူပါရဲ့။

*

နောက်တစ်နှစ်ကျော်ကြာတော့ မိချောဝက်ဖျိုမကြီးဖြစ်ပြီး ဝလို့၊ လှလို့။

"မိချောကိုသားတင်ပေးရမယ်ကွ"

လို့ ကိုစူးကပြောတော့ မဖူးငုံက-

"အဲဒါ ရှင့်အလုပ်" တဲ့။ ကိုစူးက-

"ဟ-မဖူးငုံကဘယ်လိုပြောလိုက်တာလဲ"

ဆိုတော့ မဖူးငုံက-

"ဟုတ်တယ်လေ၊ရွာထဲကဝက်သိုးမွေးတဲ့ ကိုသိန်းထွန်းကိုသွားခေါ် လို့ပြောပါ"

ဆိုမှ ကိုစူးက-

"အဲဒီလိုလုပ်စမ်းပါမိန်းမရာ"

လို့ပြောတယ်။

ကိုသိန်းထွန်းရဲ့ ဝက်သိုးနဲ့မိချောကိုမိုးတင်ပြီးနောက် မိချောမှာကိုယ်ဝန်ရှိ၊ ကိုယ်ဝန်သည်မိချောကို သားပျက်ကျမှာစိုးလို့ ကိုစူးတို့လင်မယားကဂရုစိုက်ကြရတာအမော။

မိချောကလေးခုနစ်ကောင်ကို အောင်အောင်မြင်မြင်မွေးဖွားပေးခဲ့ပါတယ်။ အထီးငါးကောင်အမနှစ်ကောင်။မဖူးငုံကိုကိုစူးကဝက်သားခွဲအရွယ်ရောက်တော့-

"မဖူးငုံရေ ဝက်ကလေးတွေကို ဝယ်ချင်တဲ့လူတွေရှိတယ်။ငါရောင်းလိုက်မယ်"

လို့ပြောတော့-

"အေး - တစ်ကောင်ကို လေးထောင်ပေးမယ်တဲ့"

အဲဒီအချိန်က ဝက်သားခွဲတစ်ကောင်ဈေးက ဒီနေ့လိုလေးငါးသောင်းမဟုတ်ဘူး။ လေးထောင်ဆိုတာအများ

"အစာကလည်း အကုန်လုံးဆိုရင်နိုင်မှာမဟုတ်ဘူး။မိချောကလည်းနောက်တစ်သားတော့ ကောင်းကောင်းမွေးနိုင်သေးတယ်။ ပြီးတော့ တို့ရင်သွေးလေးအတွက်သုံးဖို့ငွေလည်းရတာပေါ့"

လို့ပြောတော့ မဖူးငုံက-

"ရှင်ပြောတာလည်းမှန်ပါတယ်။ ရောင်းလိုက်ပေါ့"

ဆိုတာနဲ့ ဝက်သားခွဲလေးတွေကို ရောင်းခဲ့တာ။

ကိုစူးနဲ့မဖူးငုံတို့ရဲ့ သားလေးချစ်ရအောင် အသက်တစ်နှစ်မပြည့်ခင်မှာပဲ မိချောနောက်တစ်သားတင်တယ်။

*

ဒုတိယမွေးတဲ့မိချောရဲ့ ရင်သွေးဝက်ကလေးတွေကပထမလောက်မများဘူး။ ငါးကောင်တည်း။ အဲဒီထဲမှာမှ ဝက်မလေးကတစ်ကောင်တည်းပါတယ်။သုံးကောင်ကအထီးလေးတွေ တစ်ကောင်ကအသေ၊ အထီးမှန်း၊အမမှန်းသေသေချာချာကြည့်မှသိတဲ့အသေ၊ ဝက်အသေလေးကအထီးလေး။ အဲဒီဝက်အထီးအသေလေးကဝက်ခြောက်။

သေတဲ့အနေအထားအတိုင်းမွေးလာတာက ဝက်အရှင်သေတဲ့ကိုယ်ခန္ဓာမျိုးမဟုတ်ဘူး။ ခြောက်ကပ်နေတဲ့အနေအထား၊ ဘာအနံ့အသက်မှမပါဘူး။

ထူးတယ်ဆိုပြီး ဦးကြီးဦးပန်းဖူးကိုခေါ်ပြတော့-

"အေးကွ၊ လူခြောက်လေးတွေအကြောင်းတော့ ငါကြားဖူးတယ်။ ဝက်ခြောက်ဆိုတာတော့အခုမှတွေ့ဖူးတယ်။ တကယ် ဝက်ခြောက်ဟုတ်မဟုတ်သိအောင်ဝက်ခြံထဲမှာမထားနဲ့ကွာ၊အိမ်ပေါ်မှာစက္ကူဖာကြီးတစ်ဖာထဲ ကောက်ရိုးနည်းနည်းထည့်ပြီး အဲဒီကောက်ရိုးပုံပေါ်မှာထားကြည့်၊ဝက်ခြောက်မဟုတ်ရင်ပုပ်စော်နံပြီးပုပ်သွားမယ်။ ဟုတ်ရင်မပုပ်ဘူး။ အနည်းဆုံးတစ်ပတ်လောက်စောင့်ကြည့်၊ ဝက်ခြံထဲထားရင်ဟုတ်ဟုတ်မဟုတ်ဟုတ်ခွေးတွေကြောင်တွေကိုက်သွားမယ်"

ဆိုတာနဲ့-

"ဟုတ်ကဲ့ပါ"

ဆိုပြီး ဦးကြီးပြောသလိုအိမ်ပေါ်တင်ထားတာ။

ကြာကြာတောင်မစောင့်လိုက်ရပါဘူး။ အဲဒီညမှာပဲ သူတို့လင်မယားနှစ်ယောက်ကို အဲဒီဝက်ခြောက်လေးက အိပ်မက်ပေးသလို ဘာလိုလိုလာပြောတယ်ဆိုပဲ။ ကိုစူးပြောပြခဲ့တာက-

"ငါကဝက်ခြောက်လေးပဲ။ မင်းတို့ကိုကူညီစောင်မဖို့လာတာ၊ လူခြောက်လေးတွေလိုတော့ ရွှေတွေငွေတွေမပေးနိုင်ဘူး။ ဆန်တွေတော့ပေးမယ်။ မင်းတို့လင်မယားလောဘမကြီးနဲ့၊ အစိတ်ဝင်အိုး၊ မြေအိုးဝယ်၊ ဆန်အပြည့်ဝယ်ထည့်၊ အဲဒီဆန်တွေနဲ့ ထမင်းချက်၊ နေ့တိုင်းအရက်ဆွမ်းကပ်၊ နေ့တိုင်းဆွမ်းလောင်း၊ ထမင်းချက်ဖို့ဆန်ခပ်ယူလိုက်ပေမယ့် ဘယ်လောက်ခပ်ခပ်ပြန်ပြည့်အောင် ငါကူညီမယ်။ဒီအကြောင်းဘယ်သူ့မှမပြောနဲ့မင်းတို့လင်မယားပဲသိပါစေ။ ဆန်အိုးထဲပြည့်အောင်တစ်ခါတည်းပဲ မင်းတို့ပိုက်ဆံအကုန်ခံရမှာ နောက်ထပ်ဆန်ဝယ်ဖို့မလိုတော့ဘူး။ အထူးသတိထားရမှာက ငါ့ကိုနေ့တိုင်းအစာကျွေး၊ရေတိုက်၊ ဝါးနဲ့ဝက်စာခွက်နှစ်ခွက်လုပ်၊ တစ်ခွက်မှာအစာထည့်၊ အစာကဆန်ကိုကျိုပြီး ဆန်ပြုတ်လုပ်ပြီး အစာခွက်အပြည့်ထည့်၊ တစ်ခွက်မှာရေသန့်သန့်အပြည့်ထည့်၊ တစ်နေ့နှစ်ကြိမ်အစာကျွေး၊ ရေတိုက်၊ အစာခွက်ကိုလည်း တစ်နေ့နှစ်ခါဆေး၊ ငါ့အိပ်ရာဘေးမှာ သန့်သန့်ရှင်းရှင်းထား"

လို့ပြောတာကြားတယ်တဲ့။ မဖူးငုံကတော့-

'ဟဲ့ဖူးငုံ ငါကဝက်ခြောက်လေး၊ နင့်ယောကျ်ားကို ဘယ်လိုလုပ်ရမယ်ဆိုတာငါပြောထားတယ်။ သူပြောတဲ့အတိုင်းလိုက်လုပ်၊ငါ့အကြောင်းဘယ်သူ့မှမပြောနဲ့'

ဆိုပြီးပြောတာကြားတယ်တဲ့။

*

အဲဒီလိုနဲ့ အဲဒီဝက်ခြောက်လေး ကိုစူးတို့မဖူးငုံတို့အိမ်ကိုရောက်လို့ တစ်နှစ်မပြည့်ခင်မှာ ကိုစိုးခိုင်ဆိုတဲ့လူတစ်ယောက်ရောက်လာတယ်။ ကိုစိုးခိုင်ကလည်းကွင်းကလေးရွာသား၊ကိုစူးနဲ့သူငယ်ချင်း။

"ဟာ- စိုးခိုင်"

စိုးခိုင်တို့က ကိုစူးတို့အိမ်ကိုလာလည်တာ။ သူကမရောက်တာကြာတဲ့ မတွေ့ရတာကြာတဲ့ကွင်းကလေး ရွာက မိဘတွေနဲ့မိသားစုတွေကိုတွေ့ဖို့ ခွင့်နဲ့ပြန်လာတာ၊ အောင်ဝေကတော့ သူ့အဖေ၊ သူ့တပည့်။

"ဟုတ်တယ် ကိုစူး၊ ငါစိုးခိုင်ပဲ"

"စိုးခိုင်၊ မင်းအခု (xxx) ဖြစ်နေပြီနော်"

"(xxx)မဟုတ်သေးဘူး။သူငယ်ချင်း၊ ငါ(xxx)ပဲဖြစ်သေးတယ်"

သူတို့စကားကောင်းကြရင်း စိုးခိုင်ကအပေါ့သွားချင်ခဲ့တယ်။ကိုစူးတို့အိမ်သာကအိမ်နဲ့တွဲနေတာ။အိမ်နောက်ဖေးမှာတံတားထိုးပြီး ရေလောင်းအိမ်သာလုပ်ထားတာ။

"ငါအပေါ့သွားချင်တယ်ကိုစူး"

"အိမ်နောက်ကိုလျှောက် မီးဖိုချောင်နောက်ကတံတားထိပ်မှာအိမ်သာရှိတယ်"

(xxx)ဆိုတော့ စိုးခိုင်က မျက်စိလျင်တာပေါ့။ အိမ်သာသွားရတာက အိမ်ခန်းဘေးကဖြတ်သွားရတာ။ ဒါကြောင့် အိမ်ခန်းထောင့်နားမှာ ကျကျနနထားတဲ့စက္ကူဖာနဲ့သူ့ဘေးကဝက်စာခွက်နှစ်ခွက်ကိုမြင်တာ။

အပေါ့သွားပြီးပြန်လာတာနဲ့ စိုးခိုင်ကပွင့်ပွင့်လင်းလင်းမေးတယ်။

"သူငယ်ချင်း မင်းကိုမေးမယ်။ ပွင့်ပွင့်လင်းလင်းဖြေကွာ"

"ဘာလဲကွ၊ ဘာမေးမှာလဲ"

"မင်းတို့အိမ်ခန်းထောင့်မှာ စက္ကူဖာကြီးတစ်ဖာချထားတာ တွေ့တယ်။ ဘေးနားမှာ ဝက်စာခွက်နှစ်ခွက်တွေ့တယ်။ အဲဒါမျိုး ငါတွေ့ဖူးတယ်။ ဝက်ခြောက်၊ ဝက်ခြောက်ကို ကျကျနနထားပြီး ကောင်းကောင်းမွန်မွန်အစာကျွေးတာ၊ဝက်ခြောက်ကနှစ်မျိုးအစွမ်းရှိတယ်။ တစ်မျိုးက ဆန်အိုးထဲကဆန်တွေကို ဘယ်လောက်ပဲခပ်ယူယူ ပြန်ပြန်ပြည့်နေတယ်။ နောက်တစ်မျိုးက သေနတ်ပြီးတာ၊သေနတ်နဲ့ပစ်ရင်ကျည်ဆန်မထွက်ဘူး။ထွက်ရင်လည်းထွက်တဲ့ကျည်ဆန်က မမှန်ဘူး။ ဘေးဘက်၊ အပေါ်ဘက်ကို ရောက်သွားတာ၊ အဲဒီဝက်ခြောက်ကို ငါအိမ်တစ်အိမ်မှာတွေ့တာ၊ တွေ့လို့ တောင်းဝယ်တော့ အထက်လူကြီးရ သွားတာ၊ တကယ်စွမ်းတယ်။ အခုမင်းအိမ်မှာဝက်ခြောက်ရှိတယ်ဟုတ်လား"

ဆိုတော့မလိမ်တတ်တဲ့ကိုစူးကဝန်ခံပြီးပြန်မေးတယ်။

"ဟုတ်တယ်စိုးခိုင်၊ ငါဘယ်သူ့မှမပြောဘူး။ မင်းပြောတော့ မပြောမဖြစ်လို့ပြောရတာ၊ ဆန်အိုးထဲကဆန်တွေကို ဘယ်လိုခပ်ယူခပ်ယူပြန်ပြည့်တယ်ဆိုတာ တော့လက်တွေ့ပဲ၊ မှန်တယ်။ ဒါပေမယ့် သေနတ်ပြီးတယ်ဆိုတာတော့ ဟုတ်ပါ့မလား"

ထိုအခါ စိုးခိုင်က-

"တကယ်ပေါ့ကွ၊ ကဲ- မင်းယုံယုံ မယုံယုံ ငါ့ကိုအဲဒီဝက်ခြောက်ငါးသိန်းနဲ့ ရောင်း၊ ဒါထက်တော့ ငါပိုမပေးနိုင်ဘူး။ ရောင်းကွာသူငယ်ချင်း"

ဆိုတော့ ကိုစူးစဉ်းစားတယ်။

"ငါမိန်းမနဲ့တိုင်ပင်ဦးမယ်ကွာ"

လို့ပြောလိုက်တဲ့အခါ စိုးခိုင်က-

"မင်းမိန်းမဘယ်သွားလို့လဲ၊ ငါက ခွင့်သိပ်မရဘူးကွ။ သန်ဘက်ခါပြန်မှ ခွင့်ရက်စေ့တာမှာ အဲ့တော့မနက်ဖြန်မနက်ငါလာမယ်။ မင်းမိန်းမကို မင်းပိုင်တယ်မဟုတ်လား၊ ရောင်းကွာ"

လို့အတင်းရောင်းခိုင်းတာ။

"အေးပါကွာ၊ ငါတိုင်ပင်ပါရစေဦး"

လို့ ကိုစူးကဖြေခဲ့ရတယ်တဲ့။

*

သူ့အမေအဖေအိမ်ကိုခဏသွားတဲ့ မဖူးငုံအိမ်ကိုပြန်ရောက်လာတော့ စိုးခိုင်တို့ပြန်သွားကြပြီ၊ အဲဒီတော့ကိုစူးက-

"မိန်းမရေ ငါ့သူငယ်ချင်းစိုးခိုင်က နေ့ခင်းက သူနဲ့သူတပည့်တစ်ယောက် ရွာကိုပြန်လာရင်း တို့အိမ်ကိုလာတယ်"

ဆိုတာအစချီပြီး ဝက်ခြောက်ကလေးရှိတာသိသွားတဲ့အကြောင်းကနေ သေနတ်ပြီးလို့ ငွေငါးသိန်းနဲ့ဝယ်တဲ့အကြောင်းပြောပြီး-

"ဝက်ခြောက်လေးကိုရောင်းလိုက်ရရင်မကောင်းဘူးလား၊ ငါးသိန်းတောင်တစ်ခါတည်းရမှာ"

ဆိုတော့မဖူးငုံကလည်း-

"ဟုတ်တယ်၊ ငါးသိန်းရဖို့မလွယ်ဘူး။ ရောင်းမယ်၊ သူက ဘယ်တော့ဝယ်မလဲ"

လို့မေးတယ်။ ကိုစူးက-

"မနက်ဖြန်မနက်လာမယ်"

လို့ဖြေတယ်။

အဲဒီညက သူတို့လင်မယားနားထဲမှာစကားသံကြားတယ်။ ကြားတာချင်းအတူတူပဲ။

"မင်းတို့လောဘသိပ်မကြီးနဲ့။မင်းတို့ကိုငါကူညီနေတာ"

ဆိုတဲ့အသံပဲ။

ဒါပေမယ့် အဲဒီစကားသံကို ကိုစူးတို့လင်မယားနားမဝင်ခဲ့ပါဘူး။ နားဝင်နေတာက-

"ဝက်ခြောက်လေးကိုရောင်းလိုက်ရင် ငွေငါးသိန်းရမှာ"

နောက်နေ့နံနက်စောစောအဆာပြေစားပြီးချိန်လောက်မှာစိုးခိုင်တို့ရောက်လာပြန်တယ်။

"ဘယ်လိုလဲသူငယ်ချင်းရောင်းမယ်ဟုတ်လား"

"ရောင်းမယ်ကွာ၊ ငါးသိန်းရရင်ရောင်းမယ်"

ကိုစူးဘေးက မဖူးငုံက ဘာမှဝင်မပြောပါဘူး။ စိုးခိုင်နဲ့သူ့တပည့် အောင်ဝေကကိုစူးတို့ပြတဲ့ဝက်ခြောက်ကလေးကို သေသေချာချာကြည့်တယ်။ လက်နဲ့ယူပြီးကိုင်ကြည့်တယ်၊ လက်နဲ့ဖျစ်ကြည့်တယ်။ ပြီးတော့ ရောပတ္တမြားရှေ့နဂါးပဲ ဟေ့ဆိုပြီး ငွေငါးသိန်းပေးတယ်။ ဝက်ခြောက်လေးကို စက္ကူဖာထဲပြန်ထည့်ပြီး ယူသွားကြတယ်။ ဝက်စာခွက်နှစ်ခွက်တောင်ချန်မထားခဲ့ပါဘူး။

အဲဒီလိုဝက်ခြောက်ကလေးရောင်းလိုက်တဲ့ညမှာ ကိုစူးတို့လင်မယားစကားသံကိုကြားရပြန်ပါတယ်။ ဒီတစ်ခါကြားတာက ဝက်ခြောက်ကလေးပြောတဲ့နောက်ဆုံးစကား။

"မင်းတို့လင်မယားက ငါ့စကားနားမထောင်ဘူး၊တော်တော်လောဘကြီးတာ၊ ငါကို မင်းတို့ရောင်းလိုက်တာက တစ်နပ်စာ၊ ငွေငါးသိန်းဆိုတာ တစ်ဘဝလုံး၊ တစ်သက်လုံးစားလို့မလောက်ဘူး။ ငါမင်းတို့ဆန်အိုးထဲမှာဆန်တွေထည့်ပေးနေတာကတစ်သက်စာ၊ မင်းတို့မိသားစုတစ်သက်လုံး ဆန်ဝယ်မစားရအောင် ကူညီတာ၊ မရောင်းပါနဲ့လို့ ငါတားတဲ့ကြားက လောဘတက်ပြီးရောင်းတော့ ရောင်းလို့ရတဲ့ငွေလည်းမင်းတို့လက်ထဲမမြဲဘူး။ မကြာခင်ကုန်မှာပဲ၊ ငါဆိုတဲ့ဝက်ခြောက်လေးက မင်းတို့အတွက်သာစွမ်းတာ၊ ကူညီတာ၊ သူများအတွက်ငါနဲ့ပဋ္ဌာန်းဆက်မရှိလို့မကူညီနိုင်ဘူး၊ ဝက်ခြောက်လေးမှာ ငါ့ဝိညာဉ်ကပ်မနေဘဲထွက်သွားတာနဲ့ အဲဒီဝက်ခြောက်က ဝက်အသေကောင်ပုပ်ပြီးပျက်စီးသွားမှာ သူ့နဲ့မထိုက်ဘဲ ဝက်ခြောက်လေးကို ငါးသိန်းပေးဝယ်တဲ့ငွေကုန်တာ အလဟဿဖြစ်ရော၊ ဒါကိုမသိဘဲတကယ်စွမ်းတယ်ထင်ပြီး တိုက်ပွဲကိုအရဲစွန့်ရင်သေမှာပဲ"

တဲ့။

*

"အဲဒါပဲ၊ ဆရာဒကာရေ ကိုစူးတို့လင်မယားလောဘရှုံးခဲ့တာ၊ဒကာလေးစိုးခိုင်အကြောင်းတော့ ဦးပဥ္စင်း မကြားတော့ဘူး"

ဆိုပြီး စာရေးသူကို ဦးပဥ္စင်းကြီး ဦးပညာသီရိပြောခဲ့တာပါ။

ဒါက ကွင်းကလေးရွာကတကယ့်အဖြစ်အပျက်တစ်ခုပါပဲ။

ပန်းတနော်နောင်သတ်

# ပေသိန်းကြည်
# သေတာရှင်းဝေရှူ



(၁)

အတိတ်ကိုပြန်သော် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်ကို ပြန်သွားရမည် ဖြစ်သည်။ ကျွန်တော်နှင့် ဦးဘိုးလပြည့် ဆည်ကြီးတောင်တရားစခန်းမှာတွေ့ကြ ပုံက ဆန်းသည်။ သူ့ဖိနပ်ကျွန်တော်စီး၊ ကျွန်တော့်ဖိနပ်သူစီးပြီး မိုးယူဆည်ကြီး အောက်ရေသွားချိုးရာမှ စတင်သည်ဟု ဆိုရပါမည်။ ကြက်ပေါင်ဖိနပ်အရောင်တူ နံပါတ်တူဖြစ်နေခြင်းကလည်း ဖိနပ်မှား ပြီးစီးရသည့်အကြောင်းတရားက အရင်း ခံဖြစ်ပါမည်။ ဦးဘိုးလပြည့်မို့ ကောင်း ကင်ကဖိုးလမင်းကြီးလို ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဝဝမျက်နှာပြင်မျိုးမဟုတ်။ အား နာပါးနာဖြင့်ပြောရလျှင်ဥပမိရုပ်ကအလွန် ညံ့သည်။ သွားကခေါ၊ အသားကမည်း မျက်နှာပြင်တစ်ခုလုံးရှိအရေးအကြောင်း တွေကဂျော်မေတြိပုစ္ဆာတစ်ပုဒ်လိုထောင့် ဖြတ်တွေရော၊ မျဉ်းပြိုင်တွေရော စက် ဝိုင်းပုံ၊ တြိဂံပုံ၊ စတုဂံပုံတွေက အပြည့်။ နှာရောင်မရှိ၊ နှာခေါင်းပွ၊ သွားတွေက ကျိုး၊ ဆံပင်တစ်ခုလုံးကလည်း အဖြူ အမည်းရောနေပြီး နဖူးကပြောင်ပြောင်မို့ ရှုပ်ကြည့်ပြီး ခင်မင်စရာမမြင်။ ပညာအ ရည်အချင်းကလည်း ဘုန်းကြီးကျောင်း ပညာရေးဖြင့်ပြီးခဲ့သည်။ ဇေဝမေသုတံ၊ ကံသမယံဘဝါသာဝတ္ထိယံဝိဟရတိနှင့် ပညာပြီးခဲ့ရသူ။ အသံကတော့ ဩဇာရှိ သည်။ မိန်တပေါင်းမို့ ရွက်ဟောင်းတွေ ကြွေစ။ ရွက်သစ်တွေ အားယူစ အချိန်။ တောတောင်တစ်ခုလုံးကလည်း မြူတွေ၊ တောင်ခိုးတွေ၊ တောမီးတွေနှင့်လေတစ် ခါဝှေ့မှာဝဲပျံပြီးကြွေကျလာသည့်အရွက် တလည်းပုံလို့ပါ။ ဦးဘိုးလပြည့်က ကဗျာ တစ်ပုဒ်ကိုရွတ်သည်။ သူရွတ်သည့်ကဗျာ က ရှင်ဥတ္တမကျော်၏ရွှေစက်တော်သွား တောလားတစ်ပုဒ်ထဲက ကဗျာကလေး ဒီကဗျာကလေးက လှသည်။

'လေခမြေသက်၊ ရှာန်ဝိတက်သို့ သစ်ရွက်ရော်ရီ၊ ဣဒနိဝယ်၊ သိဂီတစ် ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရုံ့မြိုင်တွင်း၊ တောလုံးလင်းသား'

ကျွန်တော်ကလည်း ကဗျာကို မြတ်နိုးသူ၊ ကဗျာကိုချစ်တတ်သူ ခံစား တတ်သူမို့အတော် သူ့ကိုပိုပြီးခင်မင်သွား ရပါသည်။ တရားစခန်းကို ညဦးအိပ်ဝင် မို့နွေကာလ၏ညနေချမ်းက တိမ်နီ၊ တိမ် ဝါ၊ တိမ်ပြာတွေနှင့်ညနေရပ်နားချိန် ရှင် ဥတ္တမကျော်၏တောလားထဲမှ တိမ်ပန်း ချီအလှကို ရွတ်ပြန်သည်။

"တိမ်ညိုမိလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊ မရန်းဖက်၍၊ တိမ် သက်တန့်ရောင်၊ အဝါပေါင်ဝယ်၊ မှောင် ခဲ့တစ်ခါ၊ ပြာခဲ့တချို့ ညိုခဲ့တစ်လီ၊ ရီခဲ့ တစ်ဖုံ၊ မှုံခဲ့တစ်ချက်"

တရားစခန်းမှာတော့ ဦးဘိုး လပြည့်နှင့်ကျွန်တော်တရား၏အနှစ်ဖြစ် သည့် ခန္ဓာဉာဏ်ရောက်ကို မဆွေးနွေးရ ဘဲကဗျာတွေအကြောင်းပဲ အပြန်အလှန် သူပြိုင်၊ ကိုယ်ပြိုင် ရွက်ဆိုရတော့မည် လား၊ ကျွန်တော့်ရင်ထဲတွင် တွေးထင်မိ လာပါသည်။ စောစောကသူ၏ဥပမိရုပ် မခံ့ညားမှုအပေါ် ကျွန်တော့်နှလုံးသား က ပေါ့ပျက်ပျက်ခံစားမှုတွေမှာ အခုမူ လွင့်စင်ပယ်ပျောက်သွားရပါသည်။ တော ထွက်ဦးပဉ္စင်းကြီး ဦးဣန္ဒဝံသ၏တရား အဆီအနှစ်ကလည်း နာကြားရသည်မှာ အရသာရှိလှပါဘိ။ ဦးဣန္ဒဝံသ၏တရား ရှာပုံကလည်း စာအုပ်စာပေလွှမိတ်ဆွေ ဆိုသလို ကသာမြို့ မိဿလမ်းကျောင်း မှာ သုံးနှစ်သုံးမိုးဝါဆိုစဉ်က ဆရာတော် ကျောင်းရှိ(၃)နှစ်စာမဟာဗုဒ္ဓဝင်စာအုပ်ကို ဖတ်ခဲ့ရကြောင်း၊ မွေ့စရိယ ဦးမြင့်ဆွေ ရေးသားတင်ဆက်သော မိုးကုတ်ဆရာ တော်ကြီးဦးဝိမလ၏ ခန္ဓာဉာဏ်ရောက် တရားများကိုဖတ်ရှုရာမှ နိဗ္ဗာန်သွားရာ လမ်းကြောင်းကိုမီးမောင်းထိုးသလိုခံစား သိရှိခဲ့ရကြောင်းပြောသည်။ ဆရာတော် ဟော၍လစဉ်မွေ့ဗုဒ္ဓဟာစာစောင်ကို လ စဉ်ယူပြီး ဖတ်ဖြစ်လာသည်။ ခန္ဓာဉာဏ် ရောက်တရား ကျွန်တော့်ရင်ထဲမှာတော့ ပျောက်သောလမ်းမှာ စမ်းတဝါးဝါး ဖြစ် နေရာမှ နှင်းဇာကိုဖောက်ခွဲသည့်နေခြည် ရဲ့ပမာ ဝင်းပကြည်လင် အမြင်ရှင်းလာပါ သည်။

* * *

(၂)

တရားစခန်းက (၇) ရက်၊ ဦးဘိုးလ ပြည့်နှင့်ပြောဖြစ်သည်။ ပိုပြီးခင်မင်ရင်းနှီး လာရပါသည်။ သူနှင့်စကားပြောဖြစ်ကြ သည့်အခါ ကျွန်တော့်ထက် ပိုစာဖတ် အားကောင်းနေပါသည်။ ကျွန်တော်တို့ ကျောင်းသားဘဝက တက္ကသိုလ်ဘုန်း နိုင်၏ သူငယ်ချင်းလိုပဲဆက်၍ခေါ်မည် ခိုင်ကို ဖတ်ဖူးခဲ့ပါသည်။ ကျွန်တော်တို့ ငယ်ဘဝကတော့ အသည်းစွဲခဲ့ရသည့် ဝတ္ထုဖြစ်ခဲ့သည်။ ကျွန်တော့်လိုပဲ ဦးဘိုး လပြည့်ကလည်း ဖတ်ခဲ့ဖူးပါသည် ဟု ပြောသည်။ စိတ်ထဲကတော့တွေးထင်မိ လိုက်သည်။ ဇေဝမေသုတံမို့သာ တော် တော့သည်။ အတန်းကျောင်းနေ တက္ကသိုလ်ဝင်တန်းအောင် ဘွဲ့ရခဲ့ပါက ကမ္ဘာကိုလှုပ်မည်လေမလား။ ကျွန်တော် ကတက္ကသိုလ်ဘုန်းနိုင်၏သူငယ်ချင်းလို ပဲဆက်၍ခေါ်မည်ခိုင်မှ ငြိမ်းမောင်ကိုယ် စား မောင်ကခိုင်ကိုချစ်ခွင့်ပန်ရေးခဲ့သည့် စာသားကို ကျွန်တော်ရွတ်ပြသည်။

"အစကဘယ်ဆီ အဆုံးဟာဘယ် ဆီ မသိနိုင်တဲ့ အတိတေဘယ်ဘဝက ဘယ်လိုစခဲ့တဲ့ သံယောဇဉ်ပါလို့ ကိုယ့် မှာ ပြောပိုင်ခွင့်မရှိပါဘူးခိုင်"

ဦးဘိုးလပြည့်က ကျွန်တော်ရွတ်ပြ

သောစာသားကို သူ့အတွေးအမြင်ဖြင့် ကျွန်တော့်ကိုပြန်လှည့်ကောက်နုတ်ပြောဆိုပြပါသည်။

"ဆယ်ကျော်သက်ဘဝမှာ အခုစာသားလေးက အဓိပ္ပာယ်ရှိခဲ့သလိုတာတိယအရွယ်မှာလည်းအဓိပ္ပာယ်ရှိနေပြန်တယ်ဗျ"

သူ့အပြောကြောင့်သူ့ကိုကျွန်တော်ပြန်ကြည့်မိသည်။ အံ့ဩမှုအတိဖြင့်ပါ။

"အစကဘယ်ဆီ အဆုံးဟာဘယ်ဆီ မသိနိုင်တဲ့ဆိုတဲ့စကားဟာ ပဋိစ္စသမုပ္ပါဒ်ပဲ မဟုတ်လား။ သတ္တဝါတွေရဲ့ဘဝအစဟာရှာမတွေ့နိုင်လို့အဝိဇ္ဇာနှင့်တဏှာကိုအစထားခဲ့တာပဲမဟုတ်လား၊ နိဗ္ဗာန်မရောက်လို့ကတော့ သံသရာလည်နေမှာမို့ အဆုံးကိုကောရောက်မလားဗျာ"

ဦးဘိုးလပြည့်အဖြေကို သဘောကျပြီး ကျွန်တော်ပြုံးလိုက်ရပါသည်။ တရားစခန်းရက်ပြည့်သွားသည်မို့ သူနှင့်ကျွန်တော်မတွေ့ဖြစ်ကြပေမယ့် ကြုံကြိုက်သည့်အခါ ပြောဖြစ်ကြပါသည်။

ကံအကြောင်းကိုဆွေးနွေးရာတွင် ဦးဘိုးလပြည့်က ပြောသည်။

"လူတိုင်းမှာကံရှိတယ်၊ ကံကောင်းလားဆိုးလားဆိုတာ ကိုယ်ပြုခဲ့သမျှကိုယ့်ထံကို ကံလာတာပဲ။ ကံရဲ့အရင်းခံက စေတနာပဲ၊ စေတနာဆိုးရင်း ကံဆိုးတာပဲ၊ ရွှံ့ကုန်သည်ဇာတ် ကြည့်ဗျာ"

သူပြောသမျှအကြောင်းအချင်းရာကို မှန်ကန်မှုရှိကြောင်းကို ကျွန်တော်တို့ကျောင်းသားဘဝက ကျော်မေတြိဉာဏ်စမ်းတွေကို တွက်သည့်အခါ နိုင်လုံမှုမှန်ကန်မှု၊ သက်သေပြမှုအတွက် သီအိုရမ်နှင့် ထောက်ပြရသည်။

"ကာယကံ၊ ဝစီကံ၊ မနောကံတွေပေါင်းရင် ကံဖြစ်လာတာပဲလေ"

သူပြောသမျှကျွန်တော်နားထောင်နေပါသည်။ သူ ဘာပြောမည်ကိုပေါ့။ သည်တစ်ကြိမ်တော့ သူ့ကိုယောဂီကြီးဟု အမည်သညာပေးပြီးခေါ်လိုက်ပါသည်။ သူက အဆိုတစ်ခုကိုအထောက်အထားတွေနှင့် ပြောတတ်သူဖြစ်သည်။

"ပြောပါဦး ယောဂီကြီး"

သူ့မျက်နှာကိုကြည့်ပြီးပြုံး၍ ကျွန်တော်ပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

"အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်စက္ကသုတ်၊ သုတ္တနိပါတ် မင်္ဂလသုတ်မှာကြည့်ဗျာ၊ စက်ကြီး(၄)ပါးရှိတယ်။ စက်ကြီး တစ်ဆယ့်သုံးပါး၊ တစ်ဆယ့်ငါးပါးနှင့် မပတ်သက်ဘူးနော်"

**၁။ပုဗ္ဗေစကတပုညတာစက်**- ရှေးက ကောင်းမှုရှိခြင်း၊

**၂။ပတိရူပဒေသဝါသစက်**- အရပ်ဒေသကောင်းမှာ လူဖြစ်ရခြင်း၊

**၃။သပ္ပုရိသူပနိဿယစက်**- သူတော်ကောင်းများနှင့်ပေါင်းဖက်မှီဝဲဆည်းကပ်ခွင့်ရရှိခြင်း၊

**၄။အတ္တသမ္မာပဏိဓိစက်**- မိမိကိုယ်ကို ကောင်းအောင်ဆောက်တည်နေထိုင်ခြင်း၊

ကျွန်တော်က ဦးဘိုးလပြည့်ကို ပြန်မေးရပါသည်။

"ယောဂီကြီး စက်ဆိုတာ ဘာကိုပြောချင်တာလဲ"

ဦးဘိုးလပြည့်ကကျွန်တော့်အမေးကို ပြန်ဖြေပါသည်။

"လည်ပတ်ခြင်းကို စက်လို့ခေါ်တယ်။ ရွေ့လျားနေတဲ့ သံသရာကြီးဟာ စက်နှင့်တူလို့သံသရာစက်ရဟတ်လို့ခေါ်ကြတယ်လေ။ ယောဂီရဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်မှာ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ မဟုတ်ဘူးလား။

ဤ စက်ရဟတ်များ အလည်ရပ်သွားမှ ဒုက္ခဇာတ်သိမ်းကြမှာလေ။

အခုမှ ဦးဘိုးလပြည့်ကို ကျွန်တော် အထင်သေးမိခြင်းအတွက် နောင်တအကြိမ်ကြိမ် ရပါသည်။ယောဂီကြီးကတော့ စာဖတ်အားကောင်းခြင်း၊ ခန္ဓာဉာဏ်ရောက် အားထုတ်ကောင်းခြင်းကြောင့်ပင် ခရီးရောက်နေပါပြီ။ ခန္ဓာဉာဏ်ရောက်တရား၏ တံခါးဝသို့ အခုမှစလှမ်းသူ ကျွန်တော့်အဖို့မူ ဦးဘိုးလပြည့်လို ပုဂ္ဂိုလ်မျိုးနှင့် မွေ့မိတ်ဆွေဖြစ်ရသည်မှာ ကံထူးသည်ဟု ဆိုရပါမည်။ ယောဂီကြီးကတော့ ဆက်ပြောသည်။

"ဒါကြောင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက မိန့်ခဲ့တာဗျာ။ ရှေးကလည်း ကောင်း၊ ယခုကောင်း၊ နောင်ကောင်းကြဖို့ရာ ကံ၊ ဉာဏ်၊ လုပ်အား၊ စက်လေးပါးကြုံငြား ယခုအခါ၊ ချိန်ခါရှိခိုက်၊ ကြီးစားထိုက် မပိုက်သင့်ကြပါ တဲ့"

ယနေ့ယခု ဦးဘိုးလပြည့်နှင့်တွေ့၍ ကျွန်တော့်အဖို့ လွန်စွာပီတိဖြစ်ရပါသည်။ နှုတ်ဆက်ပြီး ကျွန်တော်ပြန်ခဲ့သည်။

* * *

(၃)

ကျွန်တော့်ယောဂီကြီး ဦးဘိုးလပြည့်အိမ် ရောက်ပြန်သည်။ ကျွန်တော့်စရိုက်ကလည်း ခပ်မင်ပြီးလည်ပတ်မိရင် အလျှဉ်မပြတ် သွားလာတတ်သည်မှာ ကျွန်တော်၏ညာဉ်ပင်ဖြစ်ပါသည်။ သူ့ကိုဘိုးလပြည့်ဟူ၍ အမည်သညာ ပေးပုံကိုမေးကြည့်တော့ လပြည့်နေ့မှာမွေး၍ ဘိုးလပြည့် အမည်ပေးခဲ့ကြောင်း ပြောပြသည်။ ဘုန်းကြီးကျောင်းသားဘဝတွင် ပရိတ်ကြီး (၁၁) သုတ်ကျေခဲ့ကြောင်း၊ မဓ္ဈာစရိယာအထိတက်ဖို့ ရည်မှန်းခဲ့ပေမယ့် အဖေဆုံး၍လူထွက်ပြီး မိခင်ကြီးနှင့်မောင်နှမမိသားစုကို လုပ်ကိုင်ကျွေးမွေးခဲ့ရကြောင်း။ ဘုန်းကြီးကျောင်းတွင် နေစဉ်က ခမ်းနေဦးပဉ္ဇင်းသူရိယက စာပေ့ဝါသနာပါ၍ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့် မီးထွန်းပွဲကာလတွင် နံရံကပ်စာစောင်ထုတ်၍ ရေးခဲ့ကြောင်း ခမ်းနေဦးပဉ္ဇင်း ဦးသူရိယက ကဗျာစပ်နည်းများသင်ပေးခဲ့၍ ကဗျာဝါသနာပါခဲ့ကြောင်း၊ ဦးသူရိယက စာဖတ်ဝါသနာပါသည်မို့ တက္ကသိုလ်ဘုန်းနိုင်၏သူငယ်ချင်းလိုပဲ ဆက်၍ခေါ် မည်ခိုင်၊ ဘကြီးထိုက် သို့မဟုတ် မိုးနှင့်မြေကိုအောင်နိုင်ခြင်း၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ဝတ္ထုများ ဖတ်ခဲ့ရကြောင်းပြောသည်။ ကျွန်တော်ကလည်း ကဗျာဝါသနာပါသူမို့ ယောဂီကြီး ဦးဘိုးလပြည့်နှင့် ပိုရင်းနှီးလာရသည်။ နောက်တစ်ခုကား ဘောလုံးပွဲဝါသနာပါသည်မှာလည်း အတူတူ နေ့စဉ်မှတ်တမ်းရေးဖြစ်ကြသည်မှာလည်း တူကြသည်။ဆွေမျိုးသားချင်းပမာ ရင်းနှီးခဲ့ရသည်။ ယောဂီကြီးကကျွန်တော့်ထက် ဦး၍ခန္ဓာငါးပါးကိုဆရာတော်ဟောသည့် ဒေသနာအတိုင်း ပြောပြသည်။

ရူပက္ခန္ဓာဆိုသည့်စကားစုသည် ရှင်းလျှင်ရေမြှုပ်၊ ရေမြှုပ်ဆိုသည်က မခိုင်မာသည့်သဘော။ သူပြောပြ၍ ကျွန်တော်သည် ပုဂံခေတ်က နရပတိစည်သူမင်း၏သတ်စေအမိန့်ဖြင့်နေဝင် ဘုံးခုတ်သတ်စေအမိန့်မပြုမီ၊ သေအံ့ဆဲဆဲ၌ဖျက်ဖြေလင်္ကာ (၄) ပုဒ်ထဲက 'ရွှေအိမ်နန်းနှင့် ကြငှာန်းလည်းခံ၊ မက်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ် စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတတ်သည့် ရေပွက်ပမာ၊ တစ်သက်လျာတည်'ကိုသွားသတိရလိုက်ပါသည်။ ဝေဒနက္ခန္ဓာကား ရေပွက်နှင့်တူသည်။ သညာက္ခန္ဓာသည် တံလျှပ်၊ သင်္ခါရက္ခန္ဓာက ငှက်ပျောတုံး၊ လက်ပံတုံး၊ ဝိညာဏက္ခန္ဓာက မျက်လှည့်ဟူ၍ ပြောသည်။ ခန္ဓာငါးပါးသည် အရင်းစစ်သော် လူ သတ်သမား (၅) ယောက်ဟူ၍ထပ်ပြောသည်။ ကျွန်တော်က ယောဂီကြီးကို

ကမ္မဋ္ဌာန်းနှင့်ပတ်သက်ပြီး ကျွန်တော် အားသန်ပုံကိုပြောပြပါသည်။ ကသိုဏ်းဆယ်ပါး၊ ကမ္မဋ္ဌာန်းတရားလေးဆယ် မသိမိကမိမိဘာသာအားထုတ်ရန်သမာဓိရသည်မှာ အသုဘကိုရှုမှ သမာဓိတည်ကြောင်းပြောပြတော့ ကျွန်တော့်ယောဂီကြီးက ပုဂ္ဂိုလ်လေးမျိုးနှင့် သတိပဋ္ဌာန်လေးမျိုးကို ရှင်းပြပါသည်။

၁။ ဉာဏ်နည်းပြီး ရာဂများသူကကာယနုပဿနာ သတိပဋ္ဌာန် အားထုတ်ရမည်။
၂။ ဉာဏ်ထက်ပြီး ရာဂများလျှင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
၃။ ဉာဏ်နည်းပြီး ဒိဋ္ဌိအားကြီးသူဆိုလျှင် စိတ္တာနုပဿနာသတိပဋ္ဌာန်၊
၄။ ဉာဏ်ထက်ပြီး ဒိဋ္ဌိအားကြီးသူဆိုကဓမ္မာနုပဿနာသတိပဋ္ဌာန်၊

နောက်လေးမျိုးရှိကြောင်း ထပ်ပြောသည်။ ဤအခါကား ဝိပဿနာဖြင့်ယှဉ်လာပါသည်။

အမှတ်စဉ် ၁။အရ သမထအားသန်ပြီး ဉာဏ်နည်းသူက၊ ကာယနုပဿနာသတိပဋ္ဌာန်အားထုတ်ရမည်။
၂။ သမထအားသန်ပြီး ဉာဏ်ထက်သူဆို ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
၃။ ဝိပဿနာအားသန်ပြီး ဉာဏ်နည်းသူဆို၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊
၄။ ဝိပဿနာအားသန်ပြီး ဉာဏ်ထက်သူဆိုပါကဓမ္မာနုပဿနာသတိပဋ္ဌာန်။

ယောဂီကြီး ဦးဘိုးလပြည့်ရှင်းပြမှ ကျွန်တော်သည် ရာဂလည်းများသည်။ သမထလည်း အားသန်သည်။ ယင်းအချက်တွေမို့ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြင့်ညီညွတ်သူဟုသိရှိခဲ့ရပါသည်။နောက်ဆုံးတစ်ခု သူကကျွန်တော့်ကို ပြောပြပါသည်။ နိဗ္ဗာန်၏လမ်းပြမြေပုံကို ဘုရားရှင်ကဓမ္မစကြာတရားဦးဟောကတည်းက'အဝိဇ္ဇာပစ္စယာသင်္ခါရာ(ပဋိစ္စသမုပ္ပါဒ်) အနုလောမ၊ အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာသင်္ခါရနိရောဓော (ပဋိစ္စသမုပ္ပါဒ်) ပဋိလောမ အပြန်ဟောခဲ့ပြီး။ ပုထုစဉ်လူသားအဖို့ မဂ်ဖိုလ်ရဖို့ဆို ရွှံ့ မှုန်း၊ ကြောက် အချက် ဤအချက်သုံးချက်ပိုင်မှ ရမှာယောဂီဟု ကျွန်တော့်ကိုပြောပါသည်။ ကျွန်တော့်ရင်ထဲစွဲနစ်ခဲ့သည်မှာ ရွံ့ မုန်း၊ ကြောက် ပါ။ ကြောက်တော့ ကြောက်နေပါပြီ။ သံသရာကိုမျှော်ပြီး တွေးကြည့်သော်ပန်းနာရင်ကျပ်လိုအသက်ရှူမဝ မွန်းကျပ်ရပါသည်။ မမုန်းသေး၊ မရွံ့သေး။ဤနှစ်ချက်ကသံသရာအတွက်နိုင်မာသော ကောအုပ်ကြီးတစ်ခု ဖြစ်နေပါသည်။ နောက်တစ်ခု ဦးဘိုးလပြည့်ကထူးခြားသည်မှာ သူ၏နေ့စဉ်မှတ်တမ်းမှာသူ့အသက်ထင်ရှားရှိစဉ်သူ့မှတ်တမ်း၌ အခြားအကြောင်းအရာအပြင် သူ့မိတ်ဆွေများ၊ သူနေထိုင်သော ရပ်ကွက်အတွင်းရှိ လူငယ်၊ လူလတ်၊ လူကြီးပိုင်းကအစသေဆုံးသွားသူများ၏အမည်စာရင်းကိုနေ့စွဲအလိုက် ရောဂါပါမကျန်ရေးထားသည်။ အချို့လည်း ဝေဒနာအပြင်းအထန်ခံစားပြီး သေသွားရပုံ။ အချို့လည်း ရုတ်တရက် ဖျတ်ခနဲလဲကျသေပုံ၊ အချို့လည်း တရားသိသူမို့ပြုံးသေ၊မဲ့သေများကိုခွဲခြားပြီး ရေးသည်။ မွေးစာရင်းကမရေး။ သေစာရင်းသာ ရေးသည်။ ကျွန်တော့်ကိုပေးဖတ်၍ ကျွန်တော်ပြုံးပြီး သူ့ကိုပြန်အကြည့်တွင် သူကကျွန်တော့်အလေးနက်ထားပြီး ပြောပုံရသည်။

"ကျုပ်သေရင် ဘယ်သူမှတ်တမ်းတင်ကြမလဲမသိဘူးဗျာ"

"မပူပါနဲ့ ယောဂီကြီးရယ်၊ ကျွန်တော့်diaryမှာ မှတ်တမ်းတင်ထားပါ့မယ်ဗျာ ဟုတ်ပြီလား"

ယောဂီကြီး ဦးဘိုးလပြည့်ကပြုံးပြီးခေါင်းညိတ်သည်။ သူကတရားထိုင်သည်၊ အလကားမနေ၊ အမှတ်နှင့်နေသည်။ ဦးဣန္ဒာဝံသဝိပဿနာ ကမ္မဋ္ဌာန်းဆရာမိန့်သလို ခန္ဓာကိုအမြဲ ဉာဏ်ဖြင့်လှည့်သူလည်း ဖြစ်သည်။ သူနောက်ဆုံးပြောသွားသည့်စကားက တစ်မျိုးပါ။

"ယောဂီရေ ကျုပ်မှာရောဂါတွေက မာရ်နတ်မင်း စစ်ခင်းသလို ဝေဒနာတွေက များပါဘိချင်းဗျာ။ ပန်းနာရင်ကျပ်ဗျာ အဖေ့အမွေ၊ ဆီးချိုက အမေ့အမွေ၊ မင်္ဂလာစုံတွဲရတနာပုံဆိုက်လိုက်တာကတော့ မတောင်းဘဲနှင့် ရတယ်။ ဟော - သွေးတိုးကလည်း ရှိ၊ သွေးတိုးကြောင့် နှလုံး၊ ကျောက်ကပ်ကလည်း ကျုပ်ကိုဒုက္ခပေးနေကြတယ်။ ခန္ဓာရလာတော့ ဇရာ၊ ဗျာဓိ၊ မရဏ ပေါ့ဗျာ။ ခန္ဓာကတော့ သူ့အလုပ်၊ သူလုပ်တာပါ"

ကျွန်တော်သည် ယောဂီကြီးဦးဘိုးလပြည့်အပြောကို နားထောင်နေမိပါသည်။

"ဘောလုံးသမားတွေလိုပြောရရင် အာကျင်တီးနားက မာရာဒိုနာ၊ မက်ဆီ။ ဘရာဇီးက နေမာ၊ ပေါ်တူဂီက ဗိုလေး၊ ပြင်သစ်က ဇီဒန်း၊ ဒီဂိုးသွင်းအကျော်အမော် ငါးဦးဟာ တစ်ဖက်အသင်းက ဂိုးသမားတွေကို ခြိမ်းခြောက်နိုင်တဲ့သူတွေ၊ ဂိုးလည်းတည့်အောင် ဝင်အောင်ရှူနိုင်တဲ့သူတွေဗျ။ ကျုပ်မှာရှိတဲ့ဒုက္ခပေးနေတဲ့ရောဂါ (၅)မျိုးကလည်း မာရာဒိုနာလို ဂိုးသွင်းဘုရင်တွေဖြစ်တဲ့ မက်ဆီ၊ နေမာ၊ ဗိုလေး၊ ဇီဒန်းတွေဗျ၊ ဘယ်သူအရင်ရှူးကြမလဲမသိဘူး။ ဘယ်သူက ဟက်ဒရစ်ဖြစ်မလဲဗျာ"

ယောဂီကြီး ဦးဘိုးလပြည့်အပြောကျွန်တော့်အဖို့ ရယ်မရလိုဖြစ်သွားရပါသည်။ သူ့ရောဂါတွေကို ကမ္ဘာ့ဖလားက ဂိုးသွင်းဘုရင်တွေနှင့် ဥပမာပေးသည်။

* * *

(၄)

မနက် (၈) နာရီကျော်ရုံပဲရှိပါဦးမည်။ ဖုန်းလာ၍ကိုင်လိုက်ရာ ယောဂီကြီးဦးဘိုးလပြည့်ဆုံးသွားပြီဖြစ်ကြောင်း မနက် (၈) နာရီမထိုးမီ (၅) မိနစ်အလိုဟု ပြောသည်။ ကျွန်တော်ရောက်သွားသည့်အခါ သူ့အလောင်းကိုပြင်ထားပြီးပါပြီ။ တရားကြောင့်ထင်သည် အသားမည်းပေမယ့် စိုရွှန်းသည်။ ခန္ဓာကိုယ်၊ လက်ချောင်း၊ တံတောင်ဆစ်၊ ခြေသလုံးမှသည်ဒူးအထိ၊ ခြေဖျားလက်ဖျားမကျန်ပျော့ပျောင်းနေပါသည်။ အခြေအနေမေးကြည့်တော့ သူ့သမီးအကြီးက ဖြေသည်။ မနက်အရုဏ်တက် စောစောကျောင်းပို့ဖို့ ဆွမ်းချက်သေးသည်။ ဆွမ်းဟင်းလည်းချက်ပြီး မနက်(၄)နာရီကျော်ငါးနာရီဝန်းကျင်ခန့် ဘုန်းကြီးကျောင်းဆွမ်းပို့သေးကြောင်း၊ ပြန်လာပြီးတစ်နာရီနီးပါး တရားထိုင်၊ နံနက်(၇)နာရီကျော်တွင် အိမ်ဝင်းအတွင်းရှိ သစ်ပင်၊ ပန်းပင်များကို ရေပန်းကရားဖြင့်လောင်းနေပြီး အိမ်ပေါ်ပြန်အတက်မှာ အိပ်ရာခင်း၊ ခေါင်းအုံးမှာခင်းဆိုပြီး ခိုင်း၍ ခင်းအပြီးတွင် ပက်လက်လှန်လှဲလိုက်ကြောင်း၊ နောက်သိပ်မကြာ ပြန်ကြည့်သည့်အခါ လက်ယာဘက်စောင်းပြီး အိပ်ပျော်နေသည်ဟုထင်သည်။ ဖုန်းလာ၍ သူ့အဖေကိုဖုန်းပေးရင်း နှိုးလိုက်တော့မှ အသက်မရှိတော့ကြောင်းပြောပြပါသည်။ယောဂီကြီးဦးဘိုးလပြည့်ကားပြုံးတုံ့တုံ့လေးမျက်နှာမြင်တွေ့ရပါသည်။ ဦးဘိုးလပြည့်ကိစ္စအတွက် ငွေကူပြီးပြန်အတွက်တွင် သူ့အလောင်းရှေ့မှာမပြောဖြစ်ခဲ့သောစကားလုံးကကျွန်တော့်နှလုံးသားမှာကပ်ပါလာပါသည်။

"ယောဂီကြီးကို ဇီဝိန်ချွေလိုက်တာ မာရာဒိုနာနှင့်အဖွဲ့ထဲက ဘယ်သူ့ အရှိန်ပြင်းပြင်းနဲ့ Direct Kick လိုက်တာလဲဗျာ၊ယောဂီကြီး ဦးဘိုးလပြည့်ကတော့ သိမှာပါ"

ဖေသိန်းကြည်

# မြန်မာ့ရိုးရာလျှို့ဝှက်ရှေးဟောင်းဆေးပညာ
# မြန်မာ့ဆေးသရုပ်ပြ ®
# ဆေးဘုရားပညာတော်ကျမ်း

ဒေါက်တာဝေနွယ်လွင်း(ဝိဇ္ဇာစရ)

**မင်းတုန်းမင်းခေတ် သွေးစမ်းကျမ်း**

မင်းတုန်းမင်းကြီးသည်ဆေးပညာကို လိုလားတော်မူသဖြင့် ယောအတွင်းဝန်ဦးဘိုးလှိုင်အား ကြီးကြပ်စေလျက် ၁၂၂၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့ (၁၈၅၉ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တနင်္ဂနွေနေ့)တွင် သွေးစမ်းကျမ်းကို ဘာသာပြန်ဆိုစေတော်မူခဲ့ပါသည်။

သွေးစမ်းကျမ်းသည် ဗဒုံမင်းလက်ထက်မြန်မာနိုင်ငံသို့မဇ္ဈိမဒေသမှရောက်ရှိလာသည့်ဆေးကျမ်းများတွင် ပါရှိခဲ့ကြောင်းတွေ့ရ၏။ ဒုတိယအသုတ်ရောက်ရှိလာသော ကျမ်းထဲတွင် နာဍီပရိက္ခာ သွေးကျမ်းပါရှိခဲ့ပါသည်။ မောင်းထောင်ဆရာတော် ဦးစီးသည့် ဘာသာပြန်အဖွဲ့ ပြန်ဆိုပြီးစီးသည့် စာရင်းတွင် မတွေ့ရသဖြင့် မပြန်ဖြစ်ဟု ယူဆရပါသည်။ ထို သွေးစမ်းကျမ်းကို ပရပိုက်မူတစ်ခုစွင် တွေ့ရသည်မှာ-

'အကြွင်းရေးလတ္တံ့သော သွေးစမ်းကျမ်းသည် ဆေးသမားတို့အား အကျိုးစီးပွားသည် ဖြစ်လတ္တံ့၊ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် ပဥ္စမမြို့တည်နန်းတည်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားသည် သတ္တဝါတို့အား သနား ကရုဏာမွန်မြတ်စွာသော ရွှေနှလုံးတော်ဖြင့် ရည်ဆောင်တော်မူ၍ ယင်းသည် သွေးစမ်းနည်းကို သတ္တဝါတို့အား ချမ်းသာစေခြင်းငှာ မြန်မာဘာသာပြန်ဆို ရေးသားရမည်။ သက္ကရာဇ် ၁၂၂၁ ခု၊ ဝါခေါင်လပြည့်ကျော် (၈) ရက်နေ့၊ ဘုရားအမိန့်တော်မြတ်ကိုဦးထိပ်နှိုက်အမြဲ ဆင်ရွက်ရသည့်အတိုင်း။မြန်မာဘာသာ ပြန်ဆိုရေးသားဆက်သွင်းပေအံ့'

ဟု ဖော်ပြထားပါသည်။ ထိုအပြင်ဆက်လက်ဖော်ပြထားသည်မှာ-

'ရသေ့မုနိမည်သောဆေးကျမ်း၊ နာဍီပရိက္ခာမည်သော ဆေးကျမ်းတို့မှ သွေးစမ်းပိုင်းကိုထုတ်နုတ်၍ မြန်မာဘာသာပြန်ဆို'

ဟုရေးသားထား၏။

သွေးစမ်းကျမ်းတွင်ရေးသားထားသော ဘာသာပြန်အကြောင်းအရာအချို့ကိုနမူနာအဖြစ်ထုတ်နုတ်ဖော်ပြပါမည်။ ပထမနှစ်လွှာတွင် သွေးစမ်းကျမ်းအကြောင်း နိဒါန်းသဘောဖွင့်ပြထား၏။ အဖွင့်စာနှစ်လွှာတွင် သွေးစမ်းပုံစမ်းနည်းကို သရုပ်ဖော်ပုံနှစ်ပုံဖြင့်ဖော်ပြထား၏။ ထို့နောက် ဒုတိယနှစ်လွှာတွင် သွေးစမ်းပုံစမ်းနည်းအကြောင်းကိုပါဠိဖြင့်ဖော်ပြပြီးနောက်ပါဠိတစ်ပိုဒ်မြန်မာ့အနက်တစ်ပိုဒ်ဖြင့်(၁၁)လွှာခန့်ဆက်လက်ပြုစုဖော်ပြထား၏။ ထိုတွင် ဖော်ပြထားသောအကြောင်းအရာတို့ကို အကျဉ်းချုပ် ဖော်ပြအပ်ပါသည်။

"မိန်းမဆိုလျှင် လက်ဝဲဘက်၊ ယောကျ်ားဆိုလျှင် လက်ျာဘက်၏သွေးကြောများကို စမ်းရာသည်။ ရေချိုးဆဲ၊ ထမင်းစားဆဲ၊ ရေချိုးထားသူ၊ ထမင်းစားပြီးသူ၊ အပူဓာတ်ကိုမှီဝဲသူ၊ မေထုန်မှီဝဲသူ၊ မောပန်းနေသောသူ၊ ဆီလိမ်းကျံထားသူ အိပ်နေသောသူတို့၏သွေးကိုစမ်း၍မသိနိုင် သွေးမစမ်းသင့်ပေ"

လက်ကောက်ဝတ်၊လက်မရင်းနှင့်လက်မရင်းအောက်တို့ကိုလည်းကောင်း



ခြေမျက်စိအောက်နှင့် ခြေမရင်းတို့တွင်လည်းကောင်း၊ သွေးစမ်းကြောများတည်ရှိသည်။မညွှတ်သောလက်သုံးချောင်းဖြင့် ဖိထောက်၍ ထိုသွေးကြောများကို ဂရုတစိုက် စမ်းသပ်ရမည်။နာဋီပရိက္ခာကျမ်းတွင် နားထင်နှစ်ဖက်ရှိ သွေးကြောကိုပါ စမ်းသပ်ရန်ထည့်သွင်းဖော်ပြထားသည်။

ကိုယ်ခန္ဓာအလယ်ပိုင်း၌ဖြစ်တတ်သော ရောဂါများအတွက် လက်မရင်းရှိ သွေးကြောကိုလည်းကောင်း၊အောက်ပိုင်း၌ဖြစ်သောရောဂါများအတွက် ခြေမျက်စိအောက်ရှိသွေးကြောကိုလည်းကောင်း အထက်ပိုင်း၌ဖြစ်သောရောဂါများအတွက် နားထင်ရှိ သွေးကြောကိုလည်းကောင်း စမ်း၍ သိရသည်။

ယောကျ်ားကို သွေးစမ်းရာတွင် လက်ဝဲဘက်သို့ စောင်းအိပ်စေပြီး လက်ယာဘက် တံတောင်ဆစ်ကိုမြောက်ကာ သွေးကြောအစုစုကိုစမ်းသပ်ရမည်။မိန်းမဆိုပါက လယ်ယာသို့စောင်း၍ အလားတူ စမ်းသပ်ရမည်။ သွေးတိုးပုံသည်မြွေ သတ္တဝါကဲ့သို့ ကောက်ကောက်ကျစ်ကျစ်သွေးတိုးပါကလေပျက်ခြင်းသဘောကိုပြ၏။ ကျီးကန်း ဖားသတ္တဝါကဲ့သို့ ခုန်၍ခုန်၍တိုးအုံ့သည်းခြေပျက်ခြင်းသဘောကိုပြ၏။ဟင်္သာ၊ ခိုတို့သွားသကဲ့သို့ ဖြည်းဖြည်းနှေးနှေး တိုးပါက သလိပ်နာ၏သဘောဟု မှတ်ရာ၏။ ခါဘီလုံးငှက်တို့ကဲ့သို့ အကောက်သွားခြင်း၊ ခုန်၍ခုန်၍သွားခြင်း၊ နှေးကွေးစွာသွားခြင်း စသည် သုံးမျိုးရောထွေး၍တိုးပါက ဒေါသသုံးပါးဖောက်ပြန်သည်ဟု မှတ်ရာ၏။

ထိုသို့သွေးတိုးရာတွင်သွေးကြောင်းကြီးလျှင် အနာကြီး၏။ သွေးကြောင်းတက်လျှင် အနာတက်၏။ သွေးကြောင်းငယ်လျှင်အနာငယ်၏။ ဤကားသွေးတိုးပုံ (၉)မျိုးတည်း။

သွေးသည်ပူ၍လျင်စွာတိုး၏။ တိုးရာ၌လည်းပေါ့ လိုက်ငုပ်လိုက်ဖြစ်ရုံသာမက စမ်းနေသောနေရာတွင် တစ်သမတ်တည်းစမ်းမရဘဲနေရာပြောင်း၍ခုန်တတ်တိုးတတ်၏။ ထိုသို့ ဖောက်ပြန်သော သွေးတိုးမျိုးသည် ငန်းသန္နိပါတ် ရောက်သည်ဖြစ်၍ အကုရခက်သော ရောဂါဟု မှတ်ရာသည်။

ထို့နောက် သေအံ့သောသူတို့၏ သွေးတိုးပုံကိုပြဆိုရာ၌ နှံ့နှံ့နဲနဲကောက်ကောက်ကျစ်ကျစ်တိုးပါက (၅) ရက်မှ (၇) ရက်အတွင်း ထိုသူသေမည်၊တိုးနေကျလက်မရင်းခြေမရင်းတို့၌ မတိုးဘဲ အပြင်ဘက်လက်နှစ်သစ်ခန့်နေရာတွင် သွေးတိုးအံ့။ ထိုလက်နှစ်သစ်၏ အပြင်ဘက်တွင် သွေးတိုးအံ့ ထိုသူသည်တစ်ဗဟိုရ်ကျော်၌ပင်သေအံ့ဟူ၍ သွေးစမ်းပရပိုက်၌သွေးတိုးပုံဆိုင်ရာပညာရပ်ကို အတော်ပင် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်ကိုတွေ့ရ၏။ ယောကျ်ားသွေးတိုးပုံ မိန်းမသွေးတိုးပုံ၊ လေ၊ သည်းခြေ၊ သလိပ်ပြတက် သွေးတိုးပုံ၊ ဒွေးဝန်းသွေးတိုးပုံ သန္နိပါတ် သွေးတိုးပုံ၊ ပကတိစရိုက် (၇) ပါးသွေးတိုးပုံ၊ရောဂါအမျိုးအစားအလိုက် သွေးတိုးပုံ သတ္တဝါတို့၏စရိုက်အလိုက် ဖြစ်သော သွေးတိုးပုံစံနမူနာများ အနာငယ်၊အနာကြီးသွေးတိုးပုံများကို ပြည့်စုံစွာ ဖော်ပြထားသဖြင့် မြန်မာရိုးရာ ဘေသဇ္ဇဆေးပညာဆိုင်ရာ ရောဂါရှာဖွေရေး ရောဂါအဆုံးအဖြတ်ဆိုင်ရာ အရေးပါသောနာဋီပရိက္ခာအကြောသွေးစမ်းကျမ်းသည် အရေးပါသော ကျမ်းတစ်စောင်အဖြစ် သတ်မှတ်ရမည်ဖြစ်ပါသည်။

(ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ပရပိုက်ကျမ်းစုစာရင်း၊ ရွှေပြည်ဝန်ကြီး၏ သွေးစမ်းကျမ်း၊ စန္ဒာရုပ်စုံမဂ္ဂဇင်း၊အမှတ် (၁၂) ၁၉၇၀ စာ ၇-၁၀)

**မန္တလေးခေတ် ဒုတိယသွေးစမ်းကျမ်း**

ထိုကျမ်း၏အမည်မှာနာဍိဝိနိစ္ဆယမည်သော အဆုံးအဖြတ်သွေးစမ်းကျမ်းဖြစ်၏။ ထိုကျမ်းကိုပြုစုသူမှာ ဝါသုဒေဝအမည်ရှိသူဖြစ်၏။ ထိုသူ၏အဘိုးသည် ယောအတွင်းဝန်ဦးဘိုးလှိုင်နှင့်အတူကျမ်းပြုခဲ့သည့်ပညာရှင်ဖြစ်ကြောင်း ထိုကျမ်း၏နိဒါန်း၌ ဖော်ပြထားသည်မှာ-

'ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတုန်းတရားကြီးလက်ထက်တော်ဝယ် ဗင်္ဂလီ၊ နာဂရီစသော သသ်ကြိုဋ်ကျမ်း၊ အဘိဓာန်ကျမ်းတို့ကို ယောမြို့မင်းစားမင်းကြီးနှင့်တိုင်ပင်၍ အနက်မြန်မာပြန်ဆိုရသော ရွှေစလွယ်၊ ရွှေဗောင်းရ၊ သီရိသီရိသီရိပဏ္ဍိတမဟာရာဇဂုရုဘွဲ့တံဆိပ်ရ ပညာရှိ ဝဇရဇာသိမည်သော။ ပရောဟိတ်ဆရာကြီး၏မြေး 'ဝါသုဒေဝ' မည်သောဆရာသည် အနောက်မဇ္ဈိမတိုက်မှကြွရောက်လာသော ဗြဟ္မစရိယမည်သောဆရာကြီးထံမှ အာယုဗ္ဗေဒစသောဆေးကျမ်း၊ ဗေဒင်ကျမ်း၊ မြန်မာဆေးကျမ်းတို့ကိုသင်ကြားတတ်မြောက်ခဲ့သည်နှင့်အညီ။ ဤနာဍိဝိနိစ္ဆယမည်သော သွေးစမ်းကျမ်းကို ရဟန်းပညာရှိ၊ လူပညာရှိ ပုဏ္ဏားပညာရှိတို့နှင့်နှီးနှောတိုင်ပင်၍ ဗင်္ဂလီဘာသာမှ အနက်မြန်မာဘာသာသို့ ပြန်ဆိုအပ်သောကျမ်းဖြစ်ပါကြောင်း။

(မိုင်းနိုင်းမြို့စားမင်းဦးယံ၊ ပိဋကတ်သမိုင်းလာ၊ ဆေးကျမ်းစာရင်း ဝါသုဒေဝဆေးကျမ်း၊ နာဍိဝိနိစ္ဆယကျမ်း၊ရတနသိဒ္ဓိစာပုံနှိပ်တိုက်၊ ဆိုင်းတန်းရပ်၊ မန္တလေးမြို့)

**ရတနာပုံခေတ် ပထမဒေသနာနယ နယခြောက်လုံးကောက်ဆေးပညာ**

ဘဝရှင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဆေးပညာသစ်တစ်ရပ် ပေါ်ပေါက်ခဲ့၏။ထိုဆေးပညာကိုတောင်သာဆေးဆရာကြီးဦးမှုန့်က စတင်ခဲ့၏။ ယင်းဆေးပညာတွင် ဗုဒ္ဓအဘိဓမ္မာဒေသနာတော်လာ သဘောတရားများကို အခြေခံ၍ ရေးသားဖော်ပြထားသည်ဟု ဆို၏။-

ရောဂါတို့ကိုခွဲခြားဖော်ပြရာတွင် အပူကြောင့်ဖြစ်သောရောဂါသုံးမျိုးနှင့် အအေးကြောင့်ဖြစ်သောရောဂါသုံးမျိုး ဟူ၍ခွဲခြားကာ ကုသသောဆေးပညာဖြစ်၏။

**အဘိဓမ္မာခြောက်လုံးကောက်ကျမ်းလာ အနာ (၆) မျိုး**

၁။ **သင်္ဂဟိတနာ**- အအေးအကြောင်းခံသောတွင်းအေးပြင်ပူ တွင်းပြင်နှစ်ဖက်ပိတ် ပထဝီလွန်ရောဂါ။

၂။ **မြဟနနာ**-အအေးအကြောင်းခံ တွင်းအေးပြင်ပူ တွင်းပြင်တစ်ဖက်ပိတ်၊တစ်ဖက်ပွင့် ပထဝီအာပေါ လွန်ရောဂါ။

၃။ **ပဏ္ဍရလာနာ**-အအေးကြောင်းခံ တွင်းအေးပြင်အေး၊ တွင်းပြင်နှစ်ဖက်ဖွင့် အာပေါလွန်ရောဂါ။

၄။ **ကက္ခဠ**-အပူအကြောင်းခံ တွင်းပူပြင်အေး တွင်းပြင်နှစ်ဖက်ပိတ် ပဝေဝီလွန်ရောဂါ။

၅။ **ဝိတ္ထမ္ဘိတ**-အပူအကြောင်းခံ တွင်းပူပြင်အေး၊ တွင်းပြင်တစ်ဖက်ပိတ် တစ်ဖက်ပွင့် ပထဝီဝါယောလွန်ရောဂါ။

၆။ **ပရိသသဝ**-အပူအကြောင်းခံတွင်းပူပြင်ပူတွင်းပြင်နှစ်ဖက်ပွင့် ဝါယောလွန်ရောဂါ။

ဤအနာ(၆)ပါးသဘောတရားသည် အကျဉ်းချုပ်သဘောတရားဖြစ်သကဲ့သို့ အကျယ်သဘောတရားလည်းဖြစ်ပါသည်။ သဘောတရားအကုန်ပင်ဖြစ်ပါသည်။ ထိုထက်ပို၍တွင်၍လည်း အဆင့်မြင့်သဘောတရားမရှိ၍မဖြစ်ပေ။

ဆေးကုထုံး သဘောတရားကား သင်္ဂဟိတ ရောဂါဖြစ်သူကို ပရိသာဝ ဆေးပေးပြီး ကုထုံးပြုရမည်။ ဝိတ္ထမ္ဘိတ ရောဂါဖြစ်သူကို ဖြူဟန ကုထုံးပြုပြီး ဆေးဝါးပေးရမည်။ ကက္ခဋ္ဌရောဂါဖြစ်သူအား ပဋ္ဌရဏ ကုထုံးပြုပြီး ဆေးဝါးပေးရမည်။ တစ်နည်းအားဖြင့် (၆) ရောဂါ (၁) ဖြင့်ကု၊ (၂) ရောဂါ (၅) ဖြင့်ကု၊ (၄) ရောဂါ (၃) ဖြင့်ကုသည့်သဘောတရားသာဖြစ်၏။ သဘောတရားသည် လွန်စွာပင်ရိုးရှင်းလွန်း၊ လွယ်ကူလွန်းလှပါသည်။ စာမတတ်သူပင်လျှင် နှုတ်ဖြင့်ပြောကြား သင်ပေးပါကတတ်မြောက်ကုသနိုင်ပါလိမ့်မည်။

သို့သော် အဆိုပါရောဂါတို့၏ဖွင့်ဆိုချက်များဖြစ်သော အပူအကြောင်းခံ အအေးအကြောင်းခံ သဘောတရား၊ တွင်းအေး၊ ပြင်ပူ၊ တွင်းပူ၊ ပြင်အေး သဘောတရား၊ တွင်းပြင်နှစ်ဖက်ပိတ်၊ တွင်းပြင်နှစ်ဖက်ပွင့်သဘောတရား၊တွင်းပြင်တစ်ဖက်ပိတ်၊ တစ်ဖက်ပွင့်သဘောတရား အာပေါလွန်၊ ပထဝီလွန်၊ဝါယောလွန်သဘောတရား၊ ပထဝီအာပေါလွန်၊ ပထဝီဝါယောလွန်သဘောတရားစသည့် သဘောတရားဆိုင်ရာ အယူအဆရေးရာကိုမူကား ထိုဆေးပညာဖြင့် နှစ်ပေါင်း ၃၀ ကျော်ကြာ လက်တွေ့အသုံးပြုနေသည့်ဆေးဆရာများပင် လိပ်ပတ်လည်စွာနားလည်မှုမရှိဘဲ အရောရောအထွေးထွေးဖြစ်နေကြသည်ကို တွေ့ရ၏။

ဤအခြေအနေမျိုးကို အချို့တလေတွင်သာ တွေ့ရသည်မဟုတ်ပေ။ အတော်များများတွင်ပင် တွေ့ရလေ့ရှိသောကြောင့် ထိုသို့ဆိုရခြင်းသာဖြစ်ပါသည်။အဆိုပါဆေးပညာသည် ဗုဒ္ဓအဘိဓမ္မာကို အခြေခံသည်ဆိုသော်လည်း ပရမတ္ထတရားဖြစ်သည့် စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်ဟူသည်တွင် နိဗ္ဗာန်သည် ရောက်ရှိရမည့် ရရှိရမည့်ပန်းတိုင်ဖြစ်၍ နိဗ္ဗာန်ကို ဖယ်လိုက်ပါက စိတ်၊ စေတသိက် ရုပ်တို့ (၃) ပါးကျန်၏။ သို့သော် ခြောက်လုံးကောက်ဆေးပညာတွင် စိတ်စေတသိက်သဘောတရားများလုံးဝမပါဝင်ဘဲ ရုပ်သဘောတရားတွင်လည်း ရုပ် (၂၈) ပါးတွင် မဟာဘူတရုပ် (၄) ပါး သဘောတရားတစ်ခုတည်းသာပါဝင်ပါသည်။

ထိုသို့ မဟာဘုတ်လေးပါးထဲကိုသာ တိုတိုကျဉ်းကျဉ်းအသုံးပြုထားသော်လည်း ထိုဆေးပညာသည် အရှုပ်ထွေးဆုံးနှင့် နားလည်ရအခက်ဆုံး၊ သဘောမပေါက်နိုင်ဆုံးဖြစ်နေပါသည်။ ထိုကဲ့သို့ဖြစ်ရသည့်အကြောင်းမှာ အရှေ့ပိုင်းအခန်းများတွင်ဖော်ပြသကဲ့သို့ ပရမတ္ထသဘောတရားများကို အခြေခံထားသဖြင့် ထိုသို့ဖြစ်ရခြင်းဖြစ်၏။

ထို့ကြောင့် ထိုဆေးပညာကို မြန်မာနိုင်ငံထဲတွင်သာ အလွယ်တကူယူငင်အသုံးပြုနေကြသော်လည်း ကမ္ဘာ့အခြားဒေသများတွင်ကားပျံ့နှံ့ခြင်းလက်ခံခြင်းမျိုးမရှိကြသည်ကို ယေဘုယျအားဖြင့်တွေ့ရှိရ၏။ နိုင်ငံတကာဆေးပညာရှင်တို့အနေဖြင့်လည်း ထိုဆေးပညာကို လက်မခံနိုင်ကြသည်ကို တွေ့ရ၏။

ထိုသို့ လက်မခံနိုင်ကြသည့် အကြောင်းမှာ ထိုဆေးပညာ၏ပြည့်စုံမှုမရှိခြင်း၊လိုကွက်၊ ဟာကွက်၊ လျော့ကွက်အားနည်းချက်များ များပြားလွန်းလှသောကြောင့်ဖြစ်၏။

ခြောက်လုံးကောက်ကျမ်း၏ ဖော်ထုတ်ရသည့်အကြောင်းကို ဖော်ပြရာတွင် ရောဂါအမျိုးမျိုး၊ အမည်နာမ မည်မျှပင်ရှိစေကာမူ အချုပ်အားဖြင့် ရောဂါ (၆)မျိုးသာရှိကြောင်း သိရှိနိုင်စေရန် ခြောက်လုံးအမြင်ဆေးပညာကိုဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆိုထား၏။

ဤတွင်ရောဂါတို့ကို အမျိုးအစားတူရာ (၆) မျိုးအဖြစ်သာချုပ်၍ဆိုခြင်းသည်ပင် အဓိကအားနည်းချက်သဘောသက်ဝင်သွားစေ၏။လောကတွင်ရောဂါအမျိုးအစားပေါင်း ၉၆ ပါးရှိကြောင်း ဗုဒ္ဓဝါဒပိဋကတ်ဆိုင်ရာ ဘေသဇ္ဇအခန်းတွင် အခိုင်အမာဖော်ပြထားပြီးဖြစ်၏။ ထို ၉၆ ပါးသောရောဂါတို့ကို ရောဂါဗေဒအမြင်ကုထုံးအမြင်၊ဥတုဗေဒအမြင်၊ အာဟာရဗေဒအမြင်၊ ကမ္မသတ္တိဗေဒအမြင်၊ စိတ္တဗေဒအမြင်တို့ကိုပါထပ်မံပေါင်းစပ်သုံးသပ်ပါက ထိုထက်ပိုမိုများပြားသောရောဂါအရေအတွက်နှင့် ကျယ်ပြန့်သောဆေးပညာသဘောတရားများသာဖြစ်လာစရာအကြောင်းရှိပါသည်။

လက်တွေ့ ဆေးပညာသဘောတရားတွင် ထိုသို့ကျယ်ပြန့်စွာသိရှိနားလည်ပြီးသောအခါတွင်မှ အကျဉ်းချုပ်သဘောတရားပြန်ထုတ်ယူခြင်းမျိုးသာဖြစ်ရပါမည်။ မူလကတည်းကရောဂါသဘောတရား (၆)မျိုးဖြင့်သာချဉ်းကပ်ပြီး ရောဂါအမျိုးအစားကိုချုပ်ယူခြင်းသည် မှန်ကန်အောင် ထိုသဘောတရားအတိုင်းချုပ်ယူနိုင်သည်ဆိုစေဦး အနီးစပ်ဆုံး ချုပ်ယူနိုင်မှုမျိုးဟုသာဆိုနိုင်မည်ဖြစ်ပါသည်။

အတိအကျကုထုံးအဖြစ်အသုံးပြုနိုင်သည့် ဆေးပညာကုထုံး မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် လူသား၏တန်ဖိုးကြီးမားလှသော အသက်ဇီဝဆိုင်ရာ သေခြင်းရှင်ခြင်းဆိုင်ရာ အဆုံးအဖြတ်တို့ကို သာမန်ယေဘုယျ ဆေးပညာအသွင်သာဆောင်သည့် ပညာရပ်မျိုး၏ အဆုံးအဖြတ်ကိုခံယူခြင်းငှာမသင့်လျော်ပေ။

တစ်ဖန်ခြောက်လုံးကောက် ဆေးပညာဆိုင်ရာ ပထမဒေသနာနယမှုရင်းကျမ်းတွင် ထိုဆေးပညာပေါ်ပေါက်ရသည့်နောက်ထပ်အကြောင်းရင်းတစ်ခုကို သိစေအပ်ရာ၌-

'လူနာကိုမကြည့်ဘဲ ဓာတ်တိုင်ထူ၍လည်းကောင်း၊ဓာတ်ကိန်းဆင်၍လည်းကောင်း၊ ဆောင်၊ ပျက်၊ ခိုက်၊ ငုပ်၊ လွန်ဆုံးချုပ် ဇယားကွက်တွင်ထည့်၍လည်းကောင်း၊ ကိန်းကျရာအလျောက်လိုက်ကုသည့်ဆေးပညာမျိုးကိုမလိုလားအပ်၊ ဓာတ်သဘောကိုအခြေခံကာ၊ကျိုးကြောင်းဆက်စပ်၍ရသောသဘောတရားကိုသာ လက်ခံသင့်ကြောင်း' အဓိပ္ပာယ်သက်ရောက်မှုမျိုးဖော်ပြထားသည်ကိုတွေ့မြင်ထင်ရှားစေ၏။ အထက်ပါ အယူအဆ အကောက်အယူကိုထိုက်သင့်အားလျော်စွာမှုအားဖြင့် လက်ခံလောက်စရာဖြစ်ပါသည်။

သို့သော် ထိုမှုဖြစ်သည့်ဓာတ်သဘောနှင့်ကျိုးကြောင်းဆက်စပ်မှုတွင်ဆေးပညာကိစ္စဆိုင်ရာဖြစ်သဖြင့် ဆေးဖက်ဆိုင်ရာအင်္ဂါရပ်များအားလုံးကိုပါ အတိအကျ အပြည့်အစုံပေါင်းစပ်ထားသော ဗုဒ္ဓဝါဒနှင့်အံဝင်ခွင်ကျနိုင်သည့် ဆေးပညာရပ်မျိုးသည်ပို၍လိုလားအပ်ရမည်သာဖြစ်ပါသည်။ အဆိုပါပြီးပြည့်စုံသည့်ဆေးပညာရပ်သည် မြန်မာရေမြေတွင် မူလအစတကျောင်းခေတ်၊ ပျူခေတ်၊ပုဂံခေတ်များကတည်းကတည်ရှိ ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်၊ ပြန်လည်ဖော်ထုတ်ရန်သာ လိုပါလိမ့်မည်။

**ရတနာပုံခေတ်နှောင်းပိုင်း ဆေးပညာကျမ်းများ**

ပထမဒေသနာနယ ဆရာကြီးဦးမှန့်ကွယ်လွန်ပြီးနောက် တပည့်အပေါင်းတို့က ထိုဆေးပညာတိုးတက်ထွန်းကားစေရန် များစွာကြိုးပမ်းခဲ့ကြ၏။ မူလခြောက်လုံးကောက်ကျမ်းသည်အလွန်ပင်တိုလွန်း၊ ကျဉ်းလွန်းသောကြောင့် သူတို့၏လက်တွေ့ကုထုံးဆေးချက်များကို

ထပ်မံဖြည့်စွက်ကြ၏။ လူအများနားလည်လွယ်စေရန် စကားပြေများ၊လင်္ကာသံပေါက်များရေးသားပြီး တစ်ဆင့်ပညာပြန့်ပွားရန်ဆောင်ရွက်ခဲ့ကြရ၏။

မူလဆရာကြီး၏သားဖြစ်သော ဆရာဦးမဲ့သည် ဖခင်ဖြစ်သူ၏ဆေးပညာပြန့်ပွားစေရန်ရည်ရွယ်၍ မူလခြောက်လုံးကောက်ဆေးကျမ်းကိုခြောက်လုံးဋီကာ အဖြစ်ချဲ့ထွင်ရေးသားပြီး လာရောက်နည်းနာခံသည့် တပည့်များအား သင်ကြားပေးခဲ့ပြီး ပျံ့နှံ့စေခဲ့ပါသည်။

အဆိုပါ 'ခြောက်လုံးကောက်ဋီကာကျမ်း' ကိုအခြေခံသော ဆေးကျမ်းများစွာတပည့်အစဉ်အဆက်ပေါ်ပေါက်ခဲ့ပါသည်။ထို့အပြင် ခြောက်လုံးကောက်ဆေးပညာဆင့်ပွားသောရှစ်လုံးကောက်ဆေးပညာများစွာတို့သည် ကိုလိုနီခေတ်ကာလအတွင်း လွတ်လပ်ရေးရပြီးခေတ်များအတွင်း ပေါ်ပေါက်ခဲ့ပါသည်။

ဆေးပညာအမည်နာမများ၊ သီးခြားအမည်များအရမူ ရှစ်လုံးကောက်သည် သဘာဝမွေဆေးပညာဖြစ်လာ၏။ ထို့အပြင် အခြားဆေးပညာရပ်များအဖြစ် ပရမတ္ထဆေးပညာ၊ ဩဇာရိကသုခုမ ဆေးပညာ စသည့်မြောက်မြားစွာရှိခဲ့ပါသည်။ သို့သော် မည်သို့ပင်ချဲ့ထွင်သည့်ဆေးပညာရပ်များ ပြုသော်ငြားလည်း မူလအကြောင်းခံ ဆေးပညာသည် ဓာတ်လေးပါးဆိုင်ရာ ပရမတ္ထသဘောတရားကိုသာ အခြေခံထား၍ ဝေါဟာရအနေဖြင့်သာပွားစည်းလာပြီးသဘောတရားနှင့် အနှစ်သာရကားကျယ်ပြန့်မလာခဲ့ပေ။ ကြောင်းတူသံကွဲအခြေအနေမျိုးသာ ဖြစ်ပါတော့၏။

**ရတနာပုံခေတ်ဘာသာပြန်မှီငြမ်းပြုဆေးကျမ်းများ**

ရတနာပုံခေတ်တွင် ထင်ရှားသောဓာတ်ဆရာတစ်ဦးမှာ ဦးပိုဖြစ်၏။ သူသည်ရောဂါဝေဒနာများကို ဓာတ်စာပေး၍သာ ဆေးကုသခြင်း၌ ထင်ရှားကျော်ကြားခဲ့ပါသည်။ ဆရာကြီးသည် ဆေးပညာအတွက် ဆေးကျမ်း (၃)ကျမ်းကိုပြုစုရေးသားခဲ့၏။

၁။ တြိသတ်ဋီကာကျမ်း၊
၂။ ဝဇ္ဇောပကာသ ဒီပနီဆေးကျမ်း၊
၃။ သဗ္ဗပကိဏ္ဏက ဓာတ်ကျမ်းတို့ဖြစ်၏။

'တြိသတ်ဋီကာကျမ်းသည် ဒိဝါကရအမည်ရှိသော သက္ကတဆေးကျမ်းကို မြန်မာဘာသာပြန်ဆိုထားသောဆေးကျမ်းဖြစ်၏။

ဝဇ္ဇောပကာသဒီပနီ ဆေးကျမ်းသည် မူလဓာတ်ကြီး (၅) ပါးမှ ဓာတ် (၁၅၄) ပါးအထိပွားပုံ၊ ဓာတ်လက္ခဏာများနှင့်တကွ ဆေးဖော်စပ်နည်းများကို ဖော်ပြထားသည်။

'သဗ္ဗပကိဏ္ဏကဓာတ်ကျမ်း'သည် မူလသက္ကတဘာသာ (၄၅) ကျမ်းတို့ကို အရင်းခံမှီငြမ်းပြုပြီး အချက်အလက်များကိုယူကာရေးသားထားသည့်ကျမ်းဖြစ်၏။ ဓာတ် (၁၅၄) ပါးတို့၏လက္ခဏာနှင့် ရောဂါနိဒါန်းဆိုင်ရာများ၊ ဆေးချက်ဆိုင်ရာများကိုလည်း ဖော်ပြထား၏။

သို့သော် ဘာသာပြန်ဆိုရေးသားခြင်းတွင်ဘာသာပြန်ရုံသာရှိ၏။အကြောင်းအရာနှင့်အဓိပ္ပာယ်သဘောတရားတို့သည် လွန်စွာငုပ်ကွယ်နေသဖြင့်လည်းကောင်း၊ ထပ်ဆင့်ရှင်းလင်းချက်များမပါရှိလည်းကောင်း၊ ပြည့်စုံစွာဘာသာပြန်ထားခြင်းမျိုးမဟုတ်သဖြင့်လည်းကောင်း၊ ဘာသာပြန်လည်းမဟုတ် ပြည့်စုံသောမှီငြမ်းမှုမျိုးလည်းမဟုတ်သဖြင့် လက်တွေ့အသုံးချအဆင့်သို့ရောက်ရန် များစွာဝေးကွာလှပါသဖြင့် လူသုံးများဆေးပညာကျမ်းများ ဖြစ်မလာခဲ့ပေ။

**ရတနာပုံခေတ်လင်္ကာဆေးကျမ်း**

နာမည်ကျော် ဗေဒင်ပညာရှင် အခါတော်ပေး ဦးပုညသည်(၁၂၀၄) ခုနှစ်ကိုရင်ကြီးအဖြစ်နှင့်ရှိနေစဉ် ဆေးနည်းပေါင်းများစွာပါဝင်သောသတ္တဝါသလင်္ကာဆေးကျမ်းကို ဗန်းမော်တိုက်တွင်နေထိုင်စဉ် ရေးသားစီရင်ခဲ့၏။ နောက်ပိုင်းတွင် သိမ်ဖြူဆရာတော်သည် လင်္ကာအဖြေကျမ်းကို ရေးသားခဲ့၏။

**ရတနာပုံခေတ်နောက်ပိုင်းခေတ်များတွင်ပေါ်ထွက်ခဲ့သောဆေးကျမ်းများ**

၁။မြတောင်တိုက်အုပ်ဆရာတော် အရှင်ပညာသာမိသည် ဘေသဇ္ဇဒီပနီကျမ်း၊ ဇနသုခဒီပနီကျမ်းတို့ကိုပြုစုခဲ့၏။

၂။လောကမဥ္ဇူသာဆေးကျမ်းကို ညောင်ပင်သာဆရာကြီးခေါ် ညောင်ပင်သာဦးပုညမှ ပြုစုခဲ့၏။

၃။အလမ္ဗုတ မြွေဆေးကျမ်းကို အဂ္ဂမဟာပဏ္ဍိတ မန်လည်ဆရာတော်ကြီးမှပြုစုခဲ့၏။

၄။တိရစ္ဆာနလက္ခဏာကျမ်း (ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ကြက်၊ ငှက်၊ ဝက်အစရှိသောတိရစ္ဆာန်တို့၏စရိုက်သဘာဝနှင့်ကျန်းမာရေးပြုရာကျမ်း) ကို ကန်တော်မင်းကျောင်းဆရာတော်မှပြုစုခဲ့၏။

၅။ဩသဓ- သင်္ဂဟဆေးကျမ်းသုံးတွဲကို တောင်ခွင်သာသနာပိုင်ဆရာတော်မှပြုစုခဲ့၏။

၆။နာနာနယဘေသဇ္ဇဆေးကျမ်းကို ရွှေကျင်တတိယသာသနာပိုင်ကျိုက္ကစံဆရာတော် အရှင်ဥတ္တမသာရမှပြုစုခဲ့၏။

၇။ရောဂန္တရဒီပနီကျမ်းကို လယ်တီဆရာတော်ကြီးမှပြုစုခဲ့၏။

၈။ဓာတုစိန္တဓာတ်ကျမ်းကို မင်းလှမြို့ကျောက်တံခါးတောရဆရာတော်ကြီးမှပြုစုခဲ့၏။

၉။ဓာတုမင်္ဂလာပျို့သစ် (ဆေးကျမ်းပျို့)ကို တောင်သာမြောက်ကျောင်းဆရာတော်ကြီးမှပြုစုခဲ့၏။

၁၀။ကျန်းမာရေးလမ်းညွှန် ကျမ်းကို အရှင်အာဒိစ္စဝံသဆရာတော်မှပြုစုခဲ့၏။

၁၁။ ဘေသဇ္ဇကရဏကျမ်း နှင့် ကျန်းမာရေးလမ်းညွှန်ကျမ်းတို့ကို ဒွါရနိကာယအဂ္ဂမဟာပဏ္ဍိတ ဟင်္သာတမြို့ ဒုတိယလယ်တီဆရာတော်ကြီးမှပြုစုခဲ့၏။

၁၂။ဗုဒ္ဓအာယုဝဍ္ဎနကျမ်း တောင်ဇီလာဆရာတော် အရှင်ပဏ္ဍာဝံသမှပြုစုခဲ့၏။

၁၃။ဓာတုသခ်ေပ ဘေသဇ္ဇကျမ်းအဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဟင်္သာတမြို့ဒွါရသာသနာပိုင်ဆရာတော်ဘုရားကြီးမှပြုစုတော်မူခဲ့၏။

၁၄။ဓာတုဗေဒဝိတ္ထာရဒီပကကျမ်း ဘေသဇ္ဇဟာရဝိ အဇ္ဈတ္တဒီပနီကျမ်း၊

၁၅။ဗာလဥဒ္ဒက အာဗာဓလက္ခဏာဒီပကကျမ်း၊ မိယုလောဟိတအာဗာဓ ဒီပနီကျမ်း၊ ဥတုဗေဒကျမ်း၊ ကျောက်ရောဂါကုထုံးကျမ်း၊

၁၆။မြွေကုထုံးကျမ်း၊ ဘုန်းကြီးဒုန်းဓာတ်စာ၊ ဘုန်းကြီးဘိုးဓာတ်စာတို့ ထားဝယ်မြို့ ဆင်ဆိပ်ကျောင်းသစ် ဆရာတော်မှပြုစုခဲ့၏။

၁၇။၁၂လုံးကောက်ဓာတ်ကျမ်းကို အရှင်ရာဇိန္ဒမထေရ်မှပြုစုခဲ့ပါသည်။

၁၈။ရသာဓာတုကျမ်း၊ ကုထုံးဥပဒေသ အစာပေးဆေးကျမ်း၊ ဓာတုပဏသနီကျမ်း၊ ဓာတ်ကျမ်းသံပေါက် ရမ်းဗြဲမြို့ ဗဟန္တောင်ဆရာတော်အရှင်ကဝိဓဇမှပြုစုခဲ့၏။

၁၉။သဘာဝမွေ ဓာတုရသကျမ်းနှင့် နရသုခိဝိသေသ အဓိပ္ပာယ်ကျမ်း၊ သဘာဝမွေဂိုဏ်းစဉ်ဆေးကျမ်း တို့ကို ပထမသဘာဝမွေဆရာတော် အရှင်ဣန္ဒြိယမှပြုစုခဲ့၏။

၂၀။ဗုဒ္ဓ ဘေသဇ္ဇဒီပနီကျမ်း ကို စေဥ့်ကူးမြို့ တောင်လေးလုံးဆရာတော် ဦးကေသဝမထေရ်မှပြုစုခဲ့၏။

၂၁။ရသမဥ္စရီကျမ်းနှင့်ကုဋ္ဌနူနာ ကုနည်းကျမ်းကို ခင်ဦးဂိုဏ်းအုပ်ဆရာ တော် ဦးဝဏ္ဏမထေရ်မှပြုစုခဲ့၏။

၂၂။မာဝေနိဒါန်းကျမ်း၊ ဘာဝပ္ပ ကာသဆေးကျမ်း တို့ကို မိုးထားအရှင် ဉာဏဝံသမှပြုစုခဲ့၏။

၂၃။လောကဟိတ ဂမ္ဘီရကျမ်းကို မင်းတုန်းမင်း၏စာရေးတော်မင်းဆရာ ကြီးဦးဘဝင်းမှပြုစုခဲ့၏။

၂၄။ရှုတော်မူဆေးအဘိဓာန်ကျမ်း ကို ဆရာကြီးဦးဘသင်မှပြုစုခဲ့၏။

၂၅။တောင်သာမြောက် ဋီကာ အဖြေကျမ်းကို ဆရာကြီးဦးချမ်းသာမှပြု စုခဲ့၏။

၂၆။အာဒိကပ္ပ သီတဂျာဒိဝိနိစ္ဆ ကုစဉ်ဓာတ်ကျမ်း၊ မန္တလေးအရှင်ကုဏ္ဍ လမှပြုစုခဲ့၏။

၂၇။ပဋိစ္စသမုပ္ပါဒ ဓာတုသခေ်ပဒီ ပနီကျမ်းကို ပထမက္ကန္ဒောစရိယဆရာ တော်မှပြုစုခဲ့၏။

၂၈။တြိသတ်ဋီကာကျမ်းကိုဆရာ တော် အရှင်ပညာသီဟမှပြုစုခဲ့၏။

၂၉။အဌမုက္ခဝတ္ထာရဒီပနီဓာတ် ကျမ်း၊ နက္ခတ္တဝိတ္ထာရဒီပနီကျမ်းတို့ကို ကောလင်း လာကာဆရာတော်မှ ပြုစုခဲ့ ၏။

၃၀။တောင်သာဝိနိစ္ဆယ ခေါ် တိ ဖလစိန္တာဓာတုသိဒ္ဓိကျမ်း၊ ကျမ်းကိုစစ် ကိုင်းမဟာဇောဓိဆရာတော်မှပြုစုခဲ့၏။

၃၁။ဓာတုဝိနိစ္ဆယအဂ္ဂိရတ်ကျမ်း ကိုကောလင်းဆရာတော်မှပြုစုခဲ့ပါသည်။

၃၂။ဓာတုဝိဘာဂဒီပနီစကားပြေ အဖွင့်ကျမ်းကို စစ်ကိုင်းဦးသုမနမှပြုစုခဲ့ ၏။

၃၃။သိတဥဏှအဆုံးအဖြတ်ကျမ်း ကိုရွှေကျင်မြို့ဒက္ခိဏာရုံဆရာတော် ဦး အာစရမှပြုစုခဲ့၏။

၃၄။ကျုံသျှနက္ခတ်ကျမ်းကိုကျုံသျှ ဆရာတော် ဦးအာစရမှပြုစုခဲ့၏။

၃၅။ဓာတုဩသရောသိကုထုံးကျမ်း ကိုမန္တလေးဆရာဆယ်မှပြုစုခဲ့၏။

၃၆။ဆေးဝိဇ္ဇာပညာ မဂ္ဂဇင်းစာ စောင်များ၊ ဘိသက္ကသိဒ္ဓိဇေယျကျော် ထင်ဘွဲ့ခံ သမားတော်ကြီးဦးကျော်ရန်မှ ပြုစုခဲ့၏။

၃၇။အဘိဓမ္မာဓာတ်ကျမ်း၊ နရ သုခိ အဓိပ္ပာယ်ကျမ်း၊ ရူပဝိနိစ္ဆယကုထုံး ကျမ်း၊ ပရမတ္ထဓာတ်ကျမ်း၊ ပရမတ္ထဝိနိစ္ဆ ယဓာတ်ကျမ်းတို့ကို ဆရာကြီးတွံတေး ဦးဘိုးမင်းမှပြုစုခဲ့၏။

၃၈။ဓာတုဝိနိစ္ဆယရူပကဏ္ဍကျမ်း ကို ဆရာကြီးသုံးဆယ်ဦးပန်းသာမှပြုစုခဲ့ ၏။

၃၉။ဓာတုစကျွသင်္ဂကုထုံးကျမ်းကို ဒိုက်ဦးမြို့ ဆရာလှဲမှပြုစုခဲ့၏။

၄၀။ဓာတုရသဘေသဇ္ဇဒီပနီကျမ်း ကို သမားတော်ကြီး ဆရာကျန်မှပြုစုခဲ့ ၏။

၄၁။ဇီဝိတဝဓနဆေးကျမ်း (၁၂ လုံးကောက်ကျမ်း) ပျော်ဘွယ်ဆရာကဲ ပြုစုခဲ့၏။

၄၂။ပရမတ္ထအလင်းပြကျမ်းဗိန္ဒော အလင်းပြကျမ်း (၈လုံးကောက်ကျမ်း)ကို ပရမတ္ထဆရာသင်မှပြုစုခဲ့၏။

၄၃။အာယုဗ္ဗေဒသိရောမဏိကျမ်း ကို ကျောက်ဆည်ဆရာမင်းမှပြုစုခဲ့၏။

၄၄။ကျောက်ကျမ်းနှင့်ဂမုန်းကျမ်း ကို ဆရာတော်ဦးဇာဂရမှပြုစုခဲ့၏။

၄၅။အဥ္စနိဒါန်းကျမ်း၊ မာဝေနိဒါန်း ကျမ်း (ပ၊ ဒု)၊ ဘေသဇ္ဇမဉ္ဇူသာကျမ်း (ပ၊ ဒု)၊ သိင်္ဂါရေသံဟိတကကျမ်း၊ သာရ ကောမုဒီကျမ်း၊ စရဏသံဟိတာကျမ်း (ပ၊ ဒု) နာဋိပရိက္ခာကျမ်း(သွေးစမ်းကျမ်း) ရသာမတဓာတ်ကျမ်း၊ ရသတရင်္ဂနီဓာတ် သမုဒ္ဒရာကျမ်း၊ ဆေးပညာဥပဒေသ ကျမ်း (ပ၊ ဒု) အကြောပြင်ကုထုံးကျမ်း၊ အခြေပြုဆေးအဘိဓာန်ကျမ်း၊ ပုံပြဆေး အဘိဓာန် (ပ၊ ဒု၊ တ၊ စ) ကျမ်း၊ အခြေ ခံကျန်းမာရေးသင်တန်းကျမ်း၊ ပဥ္စဘုတ် ကုထုံးကျမ်း၊ ဗိန္ဒောဆေးပညာ အမြု တေသင်တန်းကျမ်း၊ အမြုတေသင်တန်း ဥပဒေကျမ်း၊ အမြုတေသင်တန်းကုထုံး ကျမ်း၊ ပုံပြကျေးငှက်သားငါးအဘိဓာန် ကျမ်း (၂တွဲ ၄ ပိုင်း) သတ္တဝါသကျမ်း၊ ဆီးချိုရောဂါကုထုံးကျမ်း၊ အပိန်အဝ ပြဿနာကျမ်း၊ ဘုမ္မရာဇဋီကာ စသည့် ဆေးကျမ်းပေါင်းမြောက်များစွာကို သိမ် ဖြူဆရာတော် အရှင်နာဂသေနဘိဝံသမှ ပြုစုခဲ့ပါသည်။

၄၆။ပရမတ္ထသဘာဝ ဓာတုလက္ခ ဏအလင်းပြကျမ်း၊ပရမတ္ထသဘာဝဓာတု လက္ခဏာကုထုံးကျမ်း၊ ပရမတ္ထသဘာဝ ဓာတုလက္ခဏာ ဟောပြောနည်းကျမ်း တို့ကို သမားတော်ကြီးဦးကြားမှပြုစုခဲ့၏။

၄၇။နာနာနယ အာဟာရစွယ်စုံ ကျမ်းကို ဇီဝဌာယီဦးစံလှမှပြုစုခဲ့၏။

၄၈။ဝိစိဓရောဂဝိနိစ္ဆယကျမ်းကို ကွမ်းခြံကုန်းမြို့ ကော့ဒွန်းရွာဆရာကျုံး မှပြုစုခဲ့၏။

၄၉။မာဝေနိဒါန်း ဘေသဇ္ဇမဉ္ဇူ သာကျမ်းတို့ကို သမားတော်ကြီးဆရာမှိ နှင့်သျှရီဦးလှတင်တို့မှပြုစုခဲ့၏။

၅၀။ကိုယ်တွေ့အာယုဗ္ဗေဒကုထုံး (ပ၊ ဒု) ဝါဇီကရဏအားတိုးဆေးပေါင်း ချုပ်ကျမ်း၊ ဆေးဖက်ဝင်မရှိုးပင်၊ မီးယပ် နာကုထုံးကျမ်းတို့ကို အာယုဗ္ဗေဒဆရာ ကြီးဦးတင်ဦးမှပြုစုခဲ့၏။

၅၁။ကျန်းမာရေး အဘိဓမ္မာကျမ်း ကို ဆရာတော်ကိတ္တိဇယမထေရ်မှပြုစု ခဲ့၏။

၅၂။သင်ရိုးညွှန်းတမ်းလက်တွေ့ ကုထုံးကျမ်းကို မန္တလေးမြို့ သမားတော် ကြီးဦးအုန်းရွှေမှပြုစုခဲ့၏။

၅၃။နှလုံးရောဂါကုထုံးကျမ်းကို မန္တလေးမြို့ဆရာကြီးဦးဉာဏ်ထွန်းမှပြုစု ခဲ့၏။

၅၄။ရုပ်ပြဆေးအဘိဓာန် (ပ၊ ဒု) ဆေးနည်းသစ်ကျမ်း၊ဓာတ်စာကျမ်းတို့ကို ဆရာကြီးဦးမြဝင်း (သော်တာဝင်း) မှပြု စုခဲ့၏။

၅၅။မြန်မာ့ကုထုံးဆေးပညာကျမ်း နက္ခတ္တဆေးကျမ်းတို့ကို မိုးနံဆရာကြီးဦး ဟန်ထွန်းမှပြုစုခဲ့၏။

၅၆။ကိုယ်တွေ့အနာပေါက်ကုထုံး ကျမ်းကို ဆရာကြီးဦးဉာဏ်လွင်မှပြုစုခဲ့ ၏။

၅၇။ဗိန္ဒောသိပ္ပံအာဟာရစွယ်စုံ ကျမ်း၊ ဗိန္ဒောသိပ္ပံခန္ဓာဗေဒကျမ်း၊ ဥတု အာဟာရရောဂါကျမ်း၊ ဆီး၊ ဝမ်း၊ သွေး၊ လေကျမ်း၊ ဆီးချိုရောဂါကုထုံးကျမ်းတို့ ကို သမားတော်ကြီးဦးမျိုးညွန့်ဦး (အာယု ဗ္ဗေဒ) မှပြုစုခဲ့၏။

၅၈။ဆေးအဘိဓမ္မာ (ခေါ်) ဥတု ဘောဇနသမ္ပတ္တိကျမ်းကို ဆရာကြီးဦး မင်းလွင်မှပြုစုခဲ့ပါသည်။

၅၉။သဘာဝဓမ္မအလင်းပြကျမ်း ကို သဘာဝဓမ္မဆရာကြီးဦးတင်ဝင်းမှပြု စုခဲ့၏။

၆၀။ပြည်သူ့ကျန်းမာရေး လက် တွေ့ကုထုံးကျမ်း (ပ၊ ဒု၊ တ၊ စ) ကို သဘာဝဓမ္မဆရာသန်းမှပြုစုခဲ့၏။

၆၁။ဗုဒ္ဓနည်းကျဩဇာရိကသုခမ ဓာတ်ကျမ်းကို ဆရာကြီးဦးအောင်ဒင်မှ ပြုစုခဲ့၏။

၆၂။မြန်မာဆေးပညာကျမ်းနှင့် ပုဂ္ဂလပညတ်အခြေခံကျမ်းများကို ဂျာ နယ်ကျော်မမလေးမှပြုစုခဲ့၏။

၆၃။ပုဂ္ဂလပညတ်အခြေခံဓာတ် ကျမ်းကို ဆရာကြီးဦးသာတင့်မှပြုစုခဲ့၏။

၆၄။ဒေသနာနယဆေးကျမ်း ဆီး

ချိုသွေးချိုကုထုံးကျမ်း၊ အကြောပြင်ကုထုံးကျမ်း၊ ရောဂါအဘိဓာန်ကျမ်းတို့ကို သမားတော်ကြီးဦးသောင်းနိုင်မှပြုစုခဲ့၏။

အထက်ပါ ဆေးကျမ်းများနှင့် ဆေးကျမ်းပြုစုခဲ့သူပညာရှင်များ၏သက်တမ်းတစ်ရာတမ်းဝန်းကျင်ရှိ ခေတ်ပြိုင်ဖြစ်ခဲ့သောဆေးကျမ်းများကိုသာ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။နောက်ပိုင်းဆေးပညာရှင်တို့ပြုစုခဲ့သည့် ဆေးကျမ်းများလည်း များစွာရှိပါသေးသည်။ ကျမ်းအခြေအနေအရချုန်လှပ်ခဲ့ရခြင်းဖြစ်ပါသည်။

**ဘုတဝိဇ္ဇာခေါ် ပယောဂဆေးပညာနှင့်ဆေးကျမ်းများ**

မြန်မာ့ရိုးရာဆေးပညာတွင် ဘူတဝိဇ္ဇာဆေးပညာရပ်သည် ရှေးခေတ်ဟောင်းကာလကတည်းကပါဝင်နေသည့် ဆေးပညာဖြစ်ပါသည်။ပယောဂကြောင့် ရောဂါအမျိုးမျိုးဖြစ်ရသည်ကိုလည်းယုံကြည်ကြပါသည်။ ပယောဂ၏အဓိပ္ပာယ်မှာ ယှဉ်ခြင်း၊ ပေါင်းခြင်း၊ ပူးကပ်ခြင်းဟူ၍သဘောဆောင်၏။

ထိုသို့ပူးကပ်ခြင်းဆိုသည်မှာ စုန်းတိုက်၊ နတ်တိုက်၊ အောက်လမ်းတိုက်တို့ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့်အကျိုးဆက်ဖြစ်၏။ အချို့သည်လည်း အဆိုပါကိစ္စများကိုယုံကြည်လက်ခံခြင်းမရှိ၍ အသုံးပြုလေ့မရှိကြသော်လည်း ဆေးပညာတစ်ရပ်တွင်မူ သက်ဆိုင်ရာဖြစ်ပေါ်လာသမျှသော အခြေအနေတိုင်း၊ ရောဂါတိုင်းအတွက် ကိုင်တွယ်ဆောင်ရွက်နိုင်မည့် ပညာရပ်ဆိုင်ရာကုထုံးနှင့် ဆေးဝါးများနည်းပညာများရှိရမည်သာဖြစ်၏။

အဆိုပါ ပယောဂရောဂါဆိုင်ရာ အယူအဆသည် ဆေးပညာတွင်သာမက အခြားသောဘာသာတရားများယုံကြည်ကိုးကွယ်မှုများအားလုံးလောက်နီးပါးတွင်ရှိပါသည်။ခရစ်ယာန်ဘာသာတွင် မိစ္ဆာ၊ စေတန် စသည့်မကောင်းဆိုးဝါးပယောဂများရှိသကဲ့သို့အစ္စလာမ်ဘာသာတွင်လည်း ရှိုက်တန်၊ ဂျာသူ စသည့်မကောင်းဆိုးဝါး ပယောဂများရှိကြပါသည်။ ဟိန္ဒူဘာသာတွင်လည်း သရဲ၊ အသူရာစသည့်မကောင်းဆိုးဝါးပယောဂများရှိကြပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတွင်လည်း ပယောဂအယူရှိကြသည်ကိုငြင်းပယ်ခြင်းငှာမသင့်ပေ။

ထိုကိစ္စနှင့်ပတ်သက်ပြီး မြန်မာရိုးရာဆေးပညာတစ်ခုတည်းကိုသာ အမြင်သန်၊ အယူသန်သည့်ပုဂ္ဂိုလ်များအနေဖြင့်မူ လက်မခံဘဲငြင်းပယ်လေ့ရှိခဲ့ကြ၏။ တောင်တွင်းကြီးဆရာတော်ခင်ကြီးဖျော်ကလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး-

'တဆွေစုန်းစာ၊ မိစ္ဆာနတ်ရဲ၊ စွဲလေ
သည်တည့် ယူမရှိနှင့်၊ ဓာတ်၏
အခိုး လှုပ်ရှားတိုးသည်'

ဟူ၍စပ်ဆိုထားသည်ကိုကြည့်ခြင်းအားဖြင့် ဓာတ်တို့၏လှုပ်ရှားမှုကြောင့်ဖြစ်သောရောဂါတို့ကို ပယောဂဟု စွဲယူမှတ်ခြင်းသည် မသင့်သော စွဲလမ်းမှုမျိုးသာဖြစ်ကြောင်း ဆိုလိုရင်းဖြစ်၏။ ထို့အတူ ယောမင်းကြီးဦးဘိုးလှိုင်ကလည်း မရေရာမသေချာသော ကိုးစားမှုဆိုင်ရာတို့ကို အားမထားဘဲ ကြိုးစားမှုသဘောတရားကိုသာဦးစားပေးသည့် ဆေးပညာမူလကိုသာ အားကိုးသင့်ကြောင်း ဆိုခဲ့ပါသည်။

ဤတွင် အထက်ပါသဘော တရားအမျိုးမျိုးနှင့်ပတ်သက်ပြီး အဆုံးအဖြတ်ပြုသင့်သည်မှာ မူလဆေးပညာဆိုင်ရာသဘောတရားဓာတ်တို့၏သဘောသဘာဝ၊ရောဂါတို့၏လက္ခဏာအရပ်ရပ်တို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိအောင် လေ့လာထားရမည်ဖြစ်သလို ဆေးကုသသည့်အတွေ့အကြုံလည်း များစွာရှိသည့်သမားမျိုးဖြစ်ပါက ရောဂါအခြေအနေတစ်ရပ်ရပ်ကို ကြုံတွေ့ရသည်နှင့် မြောက်မြားစွာသော လက်တွေ့ဆိုင်ရာအတွေ့အကြုံများအရ သွေးရိုးသားရိုးရောဂါ ဟုတ်သည်မဟုတ်သည်ကို တပ်အပ် သိပါသည်။

အကယ်၍ကုသသည့်သမားသည် သွေးရိုးသားရိုးမဟုတ်သည့်ရောဂါမျိုးကိုခတွေ့ရှိပါက မိမိသည်ပယောဂကုထုံးပညာရပ်ကိုတတ်မြောက်ထားပါကကိုယ်တိုင်ကုသပေးနိုင်မည်ဖြစ်ပြီးပယောဂပညာမတတ်သောသမားဖြစ်ပါက ပယောဂကုဆရာထံပို့ညွှန်စေလွှတ်ရပါမည်။ ဤကိစ္စသည်လည်း သမား၏ တာဝန်တစ်ရပ်ဖြစ်သည်ကိုနားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။

အထက်ပါဖော်ပြခဲ့သော တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်နှင့် ယောမင်းကြီးဦးဘိုးလှိုင်တို့၏အယူအဆသည် လက်တွေ့အတွေ့အကြုံများမှပေါ်ထွက်လာခြင်းမျိုးမဟုတ်ဘဲ အတွေးအခေါ်နှင့် ဆင်ခြင်တုံသဘောတို့မှသာ ထွက်ပေါ်လာသည့် ကောက်ယူချက်မျိုးသာဖြစ်နိုင်ခြေရှိပါသည်။

အဆိုပါ ပုဂ္ဂိုလ်ကြီးနှစ်ပါးသည် ဉာဏ်ပညာကြီးမားသဖြင့်လည်းကောင်း လေ့လာမှု၊ အားထုတ်မှု၊ အားကောင်းသဖြင့်လည်းကောင်း၊ ဆေးကျမ်းဂန်ပေါင်းများစွာကို ရေးသားပြုစုထားသည်မှာမှန်ကန်ပါသည်။ သို့သော်လက်တွေ့ကုသမှုဆိုင်ရာအတွေ့အကြုံများတွင်ကားများစွာမရှိနိုင်ဟု ထောက်ဆရပါသည်။

ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်တို့၏ အယူအဆသည်လက်တွေ့နယ်မှလာခြင်းမျိုး မဟုတ်မူဘဲ သဘောတရားနယ်မှလာကြောင်းကိုလည်း သတိချပ်ရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့ရိုးရာဆေးပညာတွင် ပယောဂကု ပညာရပ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက အခိုင်အမာတည်ရှိခဲ့သည့် ပညာရပ်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ သမားတစ်ဦးသည်ထိုပညာရပ်ကိုတွဲဖက်တတ်မြောက်ထားလျှင်ပိုကောင်းသည်ဟု ဆိုရပါမည်။ ပညာစုံ၊ ဘက်စုံ၊ စွယ်စုံတတ်သည့်သမားကအခြားသူများထက်ပို၍ပညာမာန်ဟုန်ပြင်းမည်သာဖြစ်ပါလိမ့်မည်။

ပယောဂကြောင့်၊ စုန်းတိုက်နတ်တိုက်ကြောင့်၊ အောက်လမ်းပညာရပ်များကြောင့်၊ ရောဂါဘယဖြစ်ပွားသူများအား အထက်လမ်းပညာ တတ်မြောက်သည့်သမားများကသက်ဆိုင်ရာဆေးဝါးများ၊ဆေးပစ္စည်းများ အင်း၊ အိုင်၊ခါးလှည့်လက်ဖွဲ့များ၊ မန္တန်များ၊ စမများဖြင့်ပါ တွဲဖက်ပြီးကုသမှုပြုပေးခြင်းမျိုးကို ပယောဂဆေးကုနည်းဟု ခေါ်ပါသည်။

ပယောဂရောဂါအမျိုးအစားတွင် လည်းလည်း (၃) မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ စိတ်ခက်ထန်တက်ကြွသော ပယောဂဖြစ်ပြီး ဒုတိယတစ်မျိုးမှာ စိတ်ဆုတ်နစ်၊ ရှက်ကြောက်တတ်သော ပယောဂအမျိုးအစားဖြစ်ကာ၊ တတိယတစ်မျိုးမှာမူ ဆုတ်နစ်၊ တက်ကြွနှစ်မျိုးပေါင်းစပ်နေသည့် ပယောဂတို့ဟူ၍ရှိပါသည်

ပယောဂတို့ကြောင့်ဖြစ်လာရသည့် ရောဂါတို့အား လူသားတို့၏ခန္ဓာ၌ ရုပ်၊ နာမ်နှစ်ပိုင်းရှိရာတွင် နာမ်ပိုင်းဆိုင်ရာသည်အထိခိုက်ခံရဆုံးဖြစ်၏။ထို့အတွက် စိတ်ရောဂါများနှင့် ပယောဂရောဂါများသည် အလွန်တူညီစွာပင် မှားယွင်းတတ်သကဲ့သို့ နှစ်မျိုးစလုံးယှဉ်တွဲပြီးလည်း အများဆုံးဖြစ်လေ့ရှိပါသည်။

ရှေ့လဆက်ဖတ်ပါရန်။

ဆက်ထွန်းလင်း(ဝိဇ္ဇာရေ)



# ဖြူလိုက်မှဆိုး

## တက္ကသိုလ်(ဓနေယျဝတီ)

ကျောင်းစုရွာသည်ပဲခူးရိုးမတောင်တန်းကြီး၏အရှေ့ဘက် တောင်ခြေနှင့်နီးသောရွာဖြစ်သည်။ ထိုရွာတွင် နေထိုင်ကြသောလူတို့မှာ တချို့ကလယ်မြေ၊ လှည်း၊ နွားပြည့်စုံကြသဖြင့် မိမိတို့၏လယ်မြေတွင် မိုးအခါ၌ စပါး၊ ဆောင်းအခါတွင် မတ်ပဲ၊ ပဲနောက်၊ ကြံ၊ကုလားပဲ၊ မြေပဲများ စိုက်ပျိုးကြကာ အသက်မွေးကြသည်။ တချို့က လက်လုပ်လက်စားသမားများဖြစ်ပြီး တချို့ကတော့လက်မှုပညာတတ်ကျွမ်းကြ၍တောင်ပေါ်တက်ကာ တင်းဝါးဖြောင့်ဖြောင့်ချောချောများရွေးခုတ်၍ ပဲ့ထမ်း၊ခေါင်းရွက်ဖြင့်အိမ်သို့သယ်ယူလာကြပြီး အိမ်ရောက်လျှင် ဝါးနှီးဖြာကာ တောင်း၊ဆန်ကော၊ ဆန်ကာ၊ ဆန်ဆေးတောင်း၊ပြည်တောင်း၊ ဖျာကြမ်း၊ ကလေးပုခက်၊ကြက်အုပ်ဆောင်း၊ ပုတ် စသည့်ပစ္စည်းများရက်လုပ်၍ ရွာတကာလှည့်ပြီး ထမ်းရောင်းခြင်း၊ မြို့ဈေးသို့ ဈေးဆိုင်များအားပေးသွင်းရောင်းချ၍ အသက်မွေးလေသည်။ တချို့က လက်သီးစားခေါက်ခေါက်ဖြစ်၍ လယ်သမားများထံတွင်ကန်သင်းပေါက်ခြင်း၊ပျိုးနုတ်ခြင်း၊ကောက်စိုက်၊ စပါးရိတ်၊ ပဲစိုက်၊ ပဲကောက်အလုပ်များကို နေ့တွက်ခယူကြကာ လုပ်ကိုင်အသက်မွေးနေထိုင်ကြလေသည်။

ထိုရွာတွင် ကိုပေါက်စဆိုသူကတော့ ထိုအလုပ်များစိတ်မဝင်စားခဲ့ပေ။ နေ့ခင်းနေ့ဘက်တွင် တောင်ခြေတောတန်းသို့ လေးခွတစ်လက်နှင့်သွားကာ ချိုးများနားလေ့ရှိသော သစ်ပင်အောက်သို့ဝင်ပြီး သစ်ရွက်အုံကလေးထိုးကာ ထိုအုံထဲမှထိုင်၍ ချိုးချောင်းပစ်ယူလေသည်။ လေးငါးဆယ်ကောင်ရရှိလျှင် ရွာသို့ပြန်လာခဲ့ပြီး အိမ်အတွက် နှစ်ကောင်မျှချန်ကာ ကျန်သောချိုးတို့ကို အခြားဝယ်သူတို့အားရောင်းချသည်။

"ငါ- ဒီတောင်ခြေက တောတန်းမှာ တောကြက်အိပ်တန်းလိုက်ရှာကြည့်မှပဲ။ ဒါမှ ငါညဘက်မှာ ဓာတ်မီးနဲ့အိပ်တန်းမှာအိပ်နေတဲ့တောကြက်များကိုပစ်ယူနိုင်မှာပဲ"

ကိုပေါက်စ လက်ကလည်းဖြောင့်သည်။ ခေါင်းဆိုလျှင် ပစ်မလွဲ ပစ်ယူနိုင်သည်။ တောကြက်များက ညဘက်၌ သူတို့အိပ်နေကျ သစ်ကိုင်း၊ ဝါးရုံတန်းများတွင်စီတန်း၍အိပ်ကြသည်။ နေ့ခင်းဘက်တွင် ကြက်အိပ်တန်းရှာရသည်က လွယ်ကူလှသည်။ တောထဲလိုက်ရှာရင်း ကြက်ချေးပုံများကိုတွေ့သည်နှင့် တော

ကြက်များ စီတန်းအိပ်သော ကြက်အိပ်တန်းဟုသိနိုင်လေသည်။ လက်ဖြောင့်လှသောကြောင့် အိပ်တန်း၌ တန်းစီးအိပ်နေသော ကြက်တစ်ကောင်၏ဦးခေါင်းကိုပစ်ချပြီး အောက်သို့ကျလျှင် အခြားကြက်များပင် မသိလိုက်ကြ၍ထပျံမပြေးကြချေ။ ထို့ကြောင့် ကိုပေါက်စ နောက်အကောင်များကိုဆက်၍ ပစ်ချနိုင်ကာလေး၊ငါးကောင်ရလျှင် ညဥ့်မနက်မီအိမ်သို့ပြန်လာလေသည်။ အိမ်အတွက် ဟင်းချက်စားရန်တစ်ကောင်သာချန်ထားပြီး ကျန်သောတောကြက်အသေများကို ရွာထဲမှဝယ်သူတို့အားရောင်းချခဲ့လေသည်။

ညဘက်၌ တောကြက်အိပ်တန်းများရှာမတွေ့ဘဲ ရှားပါးသွားသည့်အခါ နေ့ဘက်၌ ကြက်သုတ်ကိုင်းထောင်ပြန်သည်။ကြက်သုတ်ကိုင်းက လျှော်ပင်ပြားကိုသေးသေးလေးစိတ်ပြီး ထိုအစိတ်ကလေးများသုံးလေးပင်ကို ကျစ်သွားအောင်ကျစ်ယူရသည်။အခြားတစ်ပင်ကိုလည်း သုံးလေးပင်ကျစ်ပြီးသွားလျှင် အစတစ်ဖက်၌ ကြိုးကွင်းကလေးလုပ်ကာ ခပ်ချောင်ချောင်ချည်ထားရသည်။ ထိုကြိုးကွင်းကလေးများ လုပ်ထားသောကြိုးအချောင်း (၂၀) လောက်ကိုတောစပ် တောင်ကုန်းလေးတစ်လျှောက်သွားပြီး ဝါးကိုင်းအဖျားပိုင်း တစ်လံလောက်ခုတ်ယူကာ ထိပ်တွင်ကြိုးကွင်းကြိုး၏အခြားတစ်စကိုချည်ရသည်။

ထိုဝါးအဖျားကို ကြက်သုတ်ကိုင်းထောင်မည့်နေရာတွင် မြေမှာစိုက်ရ၏။ မြေစိုက်ပြီးသော ဝါးကိုင်းအဖျားမှ ကြိုးကိုအောက်ဘက်သို့ဆွဲချပြီး ဝါးကိုင်းကွေးသွားလျှင် ကြိုးကွင်းကို တုတ်ချောင်းကလေးပတ်ပိုင်း၍ ကွင်းကလေးကိုစွတ်ပြီး သုတ်ကိုင်းကပြန်ရုန်းမသွားစေရန် ဝါးနီးပြားကလေးနှင့်ကလပ်ပေးထားရ၏။ထိုအခါ ကြက်သုတ်ကိုင်းထောင်၍ ပြီးစီးလေသည်။ ပြီးမှ အိမ်မှယူလာခဲ့သော စပါးစေ့အနည်းငယ်ကို ကြိုးအလယ်ရှိကလပ်ထားသော နီးပြားအောက်နှင့်နံဘေးပတ်လည်တွင်ချထားပေးခဲ့ကာ အခြားတစ်ခေါ်လောက်ဝေးသောနေရာတွင်တစ်ကိုင်းထပ်ထောင်ရ၏။ ထို့သို့ဖြင့် ကြက်သုတ်ကိုင်း (၂၀) လောက်ကိုတောင်ကုန်းအစပ်၊ ချုံအစပ်ဘေးတို့၌လိုက်ထောင်ခဲ့ပြီး အိမ်ပြန်လာခဲ့ရသည်။ ညနေစောင်းအချိန်လောက်တွင် နံနက်ပိုင်းကထောင်ထားခဲ့သော ကြက်သုတ်ကိုင်းများကိုလိုက်ကြည့်ရသည်။ တချို့သုတ်ကိုင်းကကြက်မလာသဖြင့်နဂိုအတိုင်းသာရှိနေပြီး တောကြက်ရောက်လာပြီး အစာကိုနှုတ်သီးဖြင့် ကောက်စားရင်း ကလပ်ထားသောနီးပြားကို နှုတ်သီးဖြင့်ပေါက်မိလျှင် ကြက်သုတ်ကိုင်းကသုတ်သွားသဖြင့် တောကြက်လည်ပင်းကိုကြိုးကွင်းစွတ်ပြီး ဝါးကိုင်းကသုတ်သွားခဲ့ခြင်းကြောင့် တောကြက်မှာ လည်ပင်းအစ်ပြီးတန်းလန်းပင်နေလေသည်။ ထိုသို့ဖြင့် သုတ်ကိုင်း (၂၀) ထောင်ရာတွင် လေးငါးကောင်ရရှိ၏။ တစ်ခါတစ်ရံတော့လည်း နှစ်ကောင်သုံးကောင်သာရ၏။ လေးငါးဆယ်ကောင်ရသည့်အခါလည်း ရှိ၏။ ရရှိသောတောကြက်အသေများကိုရွာရောက်လျှင် လိုချင်သူတို့အား ရောင်းချခြင်းဖြင့်ဝင်ငွေရရှိလေသည်။

ကိုပေါက်စမှာ နေ့စဉ်တောကြက်သုတ်ကိုင်း ထောင်ဖန်များသောအခါ တောကြက်များရှားပါးလာပြီး အရနည်းကာ လုံးဝမရသည့်နေ့လည်းရှိလာလေသည်။

ကိုပေါက်စနေသောကျောင်းစုရွာသားတို့မှာ ဟင်းစားမပြတ်ကြချေ။ အခြားရွာများတွင်ကိုပေါက်စလိုထောင်သူမရှိသဖြင့် ဟင်းစားရှားပါးကြလေသည်။

"ကိုပေါက်ရေ တောကြက်တို့ချိုးတို့ကိုချည်း ထောင်နေတော့မှာလားဗျာ။ ကျုပ်တို့လည်း စားရတာမုန်းနေပြီဗျ။ တခြားဖွတ်တို့ တောကြောင်တို့ ပြောင်းပြီးထောင်လာခဲ့ပါလားဗျာ"

"မင်းတို့ပြောတာ နောက်တောင်ကျနေပြီဟ။ ငါ အခုညနေမှာပဲ သံညှပ်နဲ့တောကြောင်သွားထောင်ပြီး ပြန်လာတာလေ"

သံညှပ်က နှစ်ဖက်မောင်းကို ခြေနှင့်တက်နင်းချရ၏။ ထိုအခါ အလယ်တွင်သံညှပ်ကဟလာခဲ့၏။ ထိုသို့ဟလာလျှင် သံညှပ်တွင်ရှိသော လျှာပြားမှာရှိ



သည့်အပေါက်ကိုသံညှပ်ကွင်းကအပေါ်မှသိုင်း၍ လျှာပြားနောက်ကအပေါက်ထဲကိုလျှာတံကလေးထိုးသွင်းလိုက်လျှင် သံညှပ်မောင်းတင်ပြီးဖြစ်သွားသည်။ ထိုမောင်းတင်ထားသောသံညှပ်ကို တောကြောင်သွားထားသော ခြေရာလမ်းကြောင်းတွင်ချထားပြီး တောကြောင်မိလျှင် သံညှပ်မပါသွားနိုင်အောင်သံညှပ်ကိုကြိုးချည်၍ အခြားတစ်စကိုနီးရာသစ်ပင်တွင်ချည်ပေးထားခဲ့ရသည်။ နံနက်ဝေလီဝေလင်းအချိန်တွင် သံညှပ်ထောင်ထားရာသို့လာကြည့်လျှင် တောကြောင်၏ရှေ့ လက်တစ်ဖက်သံညှပ်မှာမိနေကာ မပြေးနိုင်ဘဲ ငုတ်တုတ်ထိုင်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ ထိုကြောင်ကိုရိုက်ယူရသည်။ တောကြောင်က သူလျှောက်နေကျလမ်းအတိုင်းညဘက်တွင်အစာရှာရန်လျှောက်လာခဲ့လျှင် သံညှပ်ထောင်ထားသော လျှာပြားပေါ် တက်နင်းမိသဖြင့် လျှာပြားနိမ့်သွားပြီး ကလပ်ထားသော စို့ကလေးပြုတ်ကာနှစ်ဖက်မောင်းတံများက နင်းဖိထားပြီး ထောင်ထားရာမှအပေါ်သို့ပြန်ရုန်းသွားကြ၍ သံညှပ်နှစ်ဖက်စေ့သွားကာ ကြောင်၏ခြေထောက်ကိုညှပ်မိပြီး မိခဲ့ခြင်းဖြစ်လေသည်။သံညှပ်ထောင်လျှင် တောကြောင်ချေ (ဂျီ)ယုန်တို့လည်းမိတတ်လေသည်။

ကိုပေါက်စအိမ်တွင် အောင်နက်နှင့်ဂုတ်ကြားဆိုသော ခွေးနှစ်ကောင်ကိုမွေးထားလေသည်။ ထိုခွေးနှစ်ကောင်က လွန်စွာအနံ့ခံကောင်းကြသည်။ကိုပေါက်စတောနက်ထဲသို့ တောလည်သွားလျှင် ထိုခွေးနှစ်ကောင်ကိုခေါ်သွားလေသည်။

"ဟေ- အောင်နက်တို့ ဂုတ်ကြားတို့လာကြဟေ့၊ ငါကျွေးတဲ့အစာကိုလာစားကြဟေ့"

ခွေးနှစ်ကောင်ကလည်း သခင်ကထိုသို့ အစာကျွေးပြီဆိုလျှင် တောနက်ထဲသို့ တောလည်လိုက်ပါရတော့မည်ကိုသိနေကြလေသည်။

အစာစားပြီးသောအခါ သူတို့၏သခင်အတွက်ကို အမြီးတစ်နှံ့နှံ့နှင့်စောင့်ကြည့်နေကြတော့သည်။

မကြာမီ ကိုပေါက်စအိမ်ပေါ်မှဆင်းလာခဲ့၏။ ခွေးများလည်း သခင်လာပြီဖြစ်၍ ရှေ့မှနေ၍သွားကြတော့သည်။ တောထဲရောက်လာခဲ့ကြသည်။ ခွေးနှစ်ကောင်ကတော့ သားကောင်ကိုရှာဖွေရင်းရှေ့မှကြိုသွားနှင့်ကြ၏။ ခရီးတော်တော်ရောက်လာကြသောအခါ ရှေ့ခပ်လှမ်းလှမ်းမှခွေးဟောင်သံကြားရ၏။

'ဟော - ဒီကောင်တွေ သားကောင်တစ်ကောင်ကိုတွေ့လို့ဟောင်သံပေးလာကြတာပဲ။ ငါ အသံကြားရာကို သွက်သွက်သွားကြည့်မှပဲ'

သစ်ပင်တစ်ပင်ကို နှစ်ကောင်သားမော့ကြည့်ပြီး ဟောင်သံပေးနေကြခြင်းဖြစ်သည်။ အပင်ပေါ်ကို သေချာကြည့်မိတော့ ဖွတ်ကြီးတစ်ကောင်ကို တွေ့ရတော့၏။

"ဩော်- မင်းတို့က ဖွတ်ကြီးကို အပင်ပေါ်ကိုတင်ပြီး အောက်ကနေ စောင့်ကြည့်နေကြတာပေါ့လေ"

သစ်ပင်ကသိပ်မမြင့်သဖြင့် ဝါးတစ်လုံးရှည်ရှည်ခုတ်ပြီး ဝါးလုံးအဖျားတွင် အိတ်ထဲအသင့်ပါလာသောကျော့ကွင်းကိုချည်လိုက်သည်။ ပြီးလျှင် ဝါးအဖျားကိုထောင်၍ သစ်ပင်ဘေးတွင်ကပ်နေသောဖွတ်ကြီး၏ခေါင်းကိုကျော့ကွင်းစွပ်၍ အောက်သို့ဆောင့်ဆွဲချလိုက်သည်နှင့် ဖွတ်ကြီးကျော့ကွင်း၌တန်းလန်းပါလာခဲ့တော့သည်။ ထိုဖွတ်ကိုကျော့ကွင်းမှဖြုတ်ကာ ဖွတ်အမြီးနှင့်ဖွတ်ကိုပြန်တုပ်ပြီး အိတ်ထဲသို့ထည့်ကာ ရှေ့ဆက်သွားကြလေသည်။

"ဟာ- ဒီလောက်တောနက်ကြီးထဲရောက်အောင်တောလည်တာတောင်မှဖွတ်ကသုံးကောင်ပဲရပါလား။ ဖွတ်တော်တော်ရှားပါးတဲ့တောပဲ"

ကိုပေါက်စလည်း ထိုရရှိသောဖွတ်သုံးကောင်နှင့်ပင်ရွာပြန်ခဲ့လေသည်။ ဖွတ်တစ်ကောင်ကို အိမ်ဟင်းချက်ဖို့ချန်ထားပြီး ကျန်ဖွတ်နှစ်ကောင်ကိုသာ ရွာထဲသို့ရောင်းချပေးလေသည်။

ကိုပေါက်စလည်း နောက်တစ်နေ့တွင် တောလည်မထွက်ဘဲအိမ်မှာနားနေခဲ့၏။

"ဟော- ကိုသာအေးပါလားဗျ။ ဘယ်ကလှည့်လာခဲ့တာလဲ"

"ဘယ်ကမှ လှည့်လာတာမဟုတ်ဘူးပေါက်စရ။ မင်းဒီနေ့ တောလည်မထွက်ဘဲ အိမ်မှာရှိနေတယ် ကြားလို့ မင်းနဲ့တွေ့ရအောင် လာခဲ့တာပဲကွ"

"ကျုပ်ဆီကို လာတယ်ဆိုတော့ ဘာများပြောစရာရှိနေလို့လဲဗျာ"

"ဒီလိုပါကွာ။ ငါ့မိန်းမက မီးယပ်ရောဂါဖြစ်နေတယ်လေ။ တပိန်ပိန်တလိမ်လိမ်နဲ့ အစားအသောက်လည်း မကောင်းဘူးကွ။ အဲဒါ မြန်မာတိုင်းရင်းဆေးဆရာတစ်ယောက်ကို သွားပြကြတော့ မီးယပ်ရောဂါအတွက်ကတော့ ဖြူသားချက်စားပေးရင် ပျောက်တယ်လို့ပြောတာနဲ့ ဖြူသားဆိုရင် တောလည်နေတဲ့မင်းဆိုရင် ရနိုင်မှာပဲလို့တွေးမိတာနဲ့ မင်းဆီကိုလာခဲ့ရတာပဲလေကွာ"

"အင်း- ဖြူကောင်က တစ်ကိုယ်လုံးဖြူစူးတွေနဲ့ဆိုတော့ အန္တရာယ်များလို့ ကျုပ်ကရှောင်ထားတာဗျ။ တော်ရုံတောကျွမ်းတဲ့ခွေးတွေတောင် ဖြူကောင်တွေရင်မလိုက်ဝံ့ကြဘူးဗျ"

"ဟင်- ဘာဖြစ်လို့လဲကွာ"

"ဖြူကောင်တွေ့လို့ ခွေးတွေက လိုက်ခဲ့ရင် ဖြူကောင်က သူ့ကိုယ်ပေါ်က ဖြူစူးတွေကိုခါချတော့တာပဲ။ဒီလိုခါချတဲ့အခါဖြူစူးတွေကျွတ်ပြီး သူ့ပတ်ဝန်းကျင်ကို လွင့်သွားကြပြီး စူးကုန်ရောဗျ။ ခွေးတွေက အဲဒီဖြူစူးတွေကိုကြောက်ပြီး မလိုက်ဝံ့ကြတာဘဲ။ တော်ရုံတန်ရုံစူးဝင်ရင်တော့ဖြူဆိပ်တက်ပြီး အစူးခံရတဲ့လူပဲဖြစ်ဖြစ် ခွေးပဲဖြစ်ဖြစ် နှစ်ရက်သုံးရက်လောက်ဖျားရောဗျ။ အဲ တော်တော်နက်နက်စူးမိလို့ကတော့ အသက်ပါသေစေနိုင်တယ်လေဗျာ"

"ဟုတ်ပါပြီကွာ။မင်းကတောလည်နေကျဆိုတော့ ဖြူကောင်တွေ ဘယ်မှာရှိတယ်ဆိုတာသိပြီး ဖြူကောင်ရအောင်လုပ်ပေးနိုင်မှာ မင်းပဲရှိတာဆိုတော့ မင်းကိုအားကိုးပြီးလာခဲ့တာပါကွာ။ ငါ့မိန်းမရဲ့အသက်ကိုကယ်ပေးပါကွာ ပေါက်စရာ"

"ဖြူကောင်တွေက သစ်ဥ၊ သစ်ဖု၊ သစ်မြစ်တွေကိုသာ စားတာဆိုတော့ ဆေးဖက်ဝင်တာပေါ့လေ။ ကျွန်တော်ကြားဖူးတာကတော့ မိန်းမဆိုရင် မီးယပ်ယောကျ်ားဆိုရင်ဒူလာရောဂါပါပျောက်တယ်လို့ ပြောကြတာပဲလေ။

ဒါပေမယ့် ဖြူကောင်တွေက လူတွေနဲ့ဝေးနိုင်သလောက် ဝေးတဲ့တောနက်ထဲမှာနေကြတာဗျ။တောနက်ရာမှာဆိုတော့ သစ်ပင်တွေပေါများလှတော့ သူတို့အတွက် သစ်မြစ်၊ သစ်ဥ၊သစ်ဖုတွေရှာစားရတာ လွယ်ကူတယ်လေ"

"ဟုတ်ပါပြီ ပေါက်စရာ၊ မင်းဖြူကောင်သာရအောင်ရှာလာခဲ့ပါ။ ငါ မင်းအတွက် ထိုက်ထိုက်တန်တန်ပေးပါမယ်ကွာ"

ကိုသာအေးဆိုတာက ကိုပေါက်စနဲ့ညီအစ်ကိုလိုခင်မင်ကြတာဖြစ်ပြီး သူ့မိန်းမကလည်း သဘောမနောကောင်းလှသည်။အခု မီးယပ်ရောဂါဖြစ်နေတယ်ဆိုတော့ ဒီရောဂါပျောက်ဖို့ လိုအပ်နေတဲ့ဖြူသားကို ငါရှာပေးရတော့မှာပဲ။ဖြူကောင်ရှာရတာက အန္တရာယ်များလှပေမယ့်စွန့်စားပြီးရှာဖွေပေးမည်ဟုကိုပေါက်စဆုံးဖြတ်ခဲ့သည်။

ဖြူကောင်များက တောနက်နက်ထဲတွင် တောင်ကုန်း၊ တောင်စောင်းတို့တွင်တွင်းဖောက်၍ တွင်းထဲတွင်နေကြသော တွင်းအောင်းသတ္တဝါဖြစ်သည်၊ သူတို့ကို ရှာဖွေဖို့ဆိုလျှင် တောထဲသို့နှစ်ညသုံးညအိပ်လောက်သွားပြီး ရှာပါမှ တွေ့နိုင်မည်ဖြစ်သည်။

ဒီကနေ့တွင် ဖြူလိုက်ရန် ထမင်းကြမ်းနှင့် ပဲပြုတ်ကြော်ကို ရေနွေးကြမ်းနှင့် သောက်စားနေသည်။ လိုအပ်နေသောရိက္ခာများကိုလည်း သုံးရက်စာလောက် အသင့်ထည့်ပြီးဖြစ်သည်။

"ကဲ- အောင်နက်တို့ ဂုတ်ကြားတို့လာကြဟေ့၊ မင်းတို့ကိုကျွေးထားတဲ့အစာကိုစားကြဟေ့။ငါတို့တောနက်ကြီးထဲကိုနှစ်ညသုံးညအိပ်လောက်ဖြူကောင်ရှာသွားကြမှကွ။ မင်းတို့နှစ်ယောက်အားကိုးနဲ့ပေါ့ကွာ"

ကိုပေါက်စက သူ့ခွေးနှစ်ကောင်ကိုတောမတက်မီအစာကျွေးပေးနေခြင်းဖြစ်သည်။ဖြူရှာရာတွင် ဒီခွေးနှစ်ကောင်ကအနံ့ခံကောင်းသဖြင့် သူတို့သာဖြူကို အရင်တွေ့နိုင်လေသည်။

စားသောက်ပြီးသည်နှင့် ရိက္ခာပလိုင်းကိုကျောပိုးလွယ်ကာ ခပ်စောစောပင်အိမ်မှထွက်လာကြလေသည်။ ခွေးနှစ်ကောင်ကတော့ ထုံးစံအတိုင်းပင် ကိုပေါက်စရှေ့မှ အရင်ထွက်ခဲ့ကြသည်။ တစ်နည်းပြောရရင်တော့ ရှေ့တန်းထွက်သောတပ်တွင် ပွိုင့်ထွက်သောတပ်စိတ်ကိုရှေ့မှထွက်စေသကဲ့သို့ပင် ဖြစ်လေသည်။

တဖြည်းဖြည်း တောတောင်ပေါ်တက်လာခဲ့ကြရာ နို့မတောင်တန်းပြီး၏ ထပ်ပေါ်သို့ ရောက်လာခဲ့ကြသည်၊ တောင်တက်လမ်းကိုတက်လာခဲ့သဖြင့် မောလည်းမော၊ ချွေးတွေလည်း တဒီးဒီး ကျလာလေသည်။

"ကဲ- ဟေ့ ကျောကြီးရဲ့ထိပ်ကို ရောက်ကြပြီဆိုတော့ ခဏနားကြမယ်ဟေ့"

ကိုပေါက်စလည်း သူ့ရေဘူးထဲမှ ရေကိုအမောပြေသောက်နေ၏။ပြီးလျှင် ကွမ်းတစ်ယာကိုယာ၍ဝါးနေလေသည်။

"ကဲ-ငါတို့နားနေတာတော်တော်ကြာသွားပြီဟေ့။ရှေ့ဆက်သွားရမယ့်ခရီးလမ်းက ကျောကြီးရဲ့အနောက်ဘက်ထဲတောင်ဆင်းလမ်းအတိုင်း သွားကြရမှာဆိုတော့ အတက်ခရီးလောက် မပင်ပန်း

တော့ပါဘူးကွာ"

ကျောကြီးရဲ့ အနောက်ဘက်ထဲ ဆင်းလာကြတော့ ဝါးခုတ်၊တုံးဆွဲလုပ်သူတွေကိုမတွေ့ကြရတော့ပေ။ တစ်တောလုံး ကျေးငှက်တို့၏ အော်မြည်သံများကိုသာကြားကြရသည်။

"ဟာ - ဟိုသစ်ပင်ထိပ်ဖျားမှာ မျောက်အုပ်ပါလား၊ ငါတို့လာတာတွေ့ကြလို့ မျောက်ထီးခေါင်းကြီးက အော်ပြီး အချက်ပေးလိုက်တာနဲ့ မျောက်တွေတစ်ပင်မှတစ်ပင်ခုန်ကူးပြီး ပြေးသွားကြပါလား"

ရှေ့ခရီးဆက်ခဲ့ရာခရီးတော်တော်ဝေးရောက်ခဲ့ကြသည်။

"ဝုတ် ဝုတ် ဝုတ်"

'ဟော - ရှေ့မှာခွေးဟောင်သံကြားတယ်။ဒီအကောင်တွေ ဘာကောင်ကိုတွေ့နေကြသလဲပဲ'

ကိုပေါက်စ ခပ်သွက်သွက်လာကာ ခွေးများကိုကြည့်မိတော့ နှစ်ကောင်သား သစ်ပင်အောက်တွင်ထိုင်ကာ သစ်ပင်ပေါ် မော့ကြည့်နေကြသည်ကို တွေ့ရလေသည်။

"ဩော်- မင်းတို့က သစ်ပေါ်က ဖွတ်ကိုမြင်လို့ ဟောင်ပြီး အသံပေးကြတာကိုး"

"ဟန်ကျပြီဟေ့ ဒီညတော့ ငါနဲ့ မင်းတို့နှစ်ကောင် ဒီဖွတ်သားဟင်းနဲ့ ထမင်းစားကြတာပေါ့ကွာ"

ကိုပေါက်စလည်း သစ်ပင်ငယ်မှတက်ကာ၊ သစ်ပင်ကြီးဘေးတွင်ကပ်နေသော ဖွတ်ကို ဝါးကျော့တံဖြင့် လှမ်းကျော့ဖမ်းခဲ့လေသည်။

ထိုနေ့က ညနေစောင်းအချိန်ရောက်လာသဖြင့် ရှေ့ခရီးမဆက်တော့ဘဲ စခန်းချညအိပ်နားမည့်နေရာကိုရှာကာ ထိုနေရာမှာပင် ညစာချက်ပြုတ်ကြသည်။ ဖွတ်ကတစ်ပိဿာနီးပါးရှိသဖြင့် တစ်ဝက်ကိုချက်ပြီး ကျန်တစ်ဝက်ကိုလုံးထား၏။

ထမင်းကျက်လျှင် ကိုပေါက်စ ဖွတ်သားဟင်းနှင့် မြိန်ရေယှက်ရေစားသောက်၏။ သူ့ခွေးနှစ်ကောင်ကိုလည်း ဖွတ်သားဟင်း အနည်းငယ်ထည့်ကာ အရိုးအရင်းများနှင့်နယ်ပြီး ဖက်ရွက်တွင်ထည့်ကျွေးပေးလေသည်။ စားသောက်ပြီးသည်နှင့် ညဘက်အိပ်နားမည့်နေရာနားတွင်မီးကိုတစ်ညလုံးထည့်ထားနိုင်ရန် ထင်းခြောက်ကိုင်းခပ်ကြီးကြီးတွေ ရှာဖွေရ၏။ တောနက်ထဲမှာဖြစ်၍တောကောင်ကျား၊ ဆင်၊ကျားသစ်တို့၏ရန်ကိုကြောက်



ရသည်။ မီးခဲတစ်ညလုံးထည့်ထား၍မီးရဲရဲရှိနေလျှင် အနားမကပ်ပုံကြပေ။ တောတွင်းတိရစ္ဆာန်များကို တောထဲတွင် တောမီးလောင်၍အသက်လုကာ ပြေးခဲ့ရပေါင်းများကြလေပြီ။ မီးရဲနေသည်ကို တွေ့သည်နှင့် တောမီးလောင်မည်ကို ကြောက်ရွံ့ကြပြီး အနားမကပ်ပုံကြတော့ပေ။

"ဖလပ် ဖလပ် ဖလပ် အောက်အီး အီး အွတ်"

"ဟာ- နံနက်လေးနာရီလောက်ရှိပြီပဲ။ ငါမနက်စာစားဖို့ ထမင်းထချက်တော့မှပဲ"

ဒန်အိုးထဲဆန်ထည့်ကာ ညဦးက ဝါးဘူးဖြင့် ရေခပ်ထောင်ထားသော ရေဘူးထဲမှရေနှင့်ဆန်ဆေးကာထမင်းချက်လေသည်။ ထင်းပေါပေါနှင့် မီးထိုးပြီးချက်လိုက်သဖြင့် တစ်ခဏမှာပင် ထမင်းငှဲ့ကာနှပ်ထားလေတော့သည်။ ပြီးလျှင် ညကဖွတ်သားဟင်းအကျန်နှင့် မနက်စာစား၏။ ခွေးနှစ်ကောင်ကိုလည်းကျွေးပေးလေသည်။ စားသောက်ပြီးသည်နှင့် ခရီးဆက်ထွက်လာခဲ့တော့သည်။ တော်တော်ဝေးဝေးသို့ ရောက်ကြသောအခါ တောင်ကုန်းစောင်းတစ်ခုတွင် ခွေးနှစ်ကောင်ဟောင်သံပေး၍ လိုက်သွားကြသံကိုကြားလာရသည်။

"ဟာ- ခွေးနှစ်ကောင်တော့ တောင်ကုန်းစောင်းမှာ ဘာကောင်ကို တွေ့ပြီးလိုက်ကြတာလဲပဲ"

ခွေးများနောက်သို့ ပြေးလိုက်ခဲ့သောအခါတောင်ကုန်းစောင်းတစ်နေရာတွင် မြေတွင်းပေါက်တစ်ပေါက်အား ငုံ့နမ်းကာဟောင်နေကြသောခွေးများကို တွေ့ရသည်။

"ဘာကောင်လဲ၊ မြေအောင်းဖွတ်တွင်းလား၊ ဒါမှမဟုတ် ဖြူတွင်းပဲလား တစ်ခုခုပဲ"

ကိုပေါက်စခွေးများငုံ့နမ်းပြီး တွင်းထဲကိုကြည့်၍ဟောင်နေကြသဖြင့် တွင်းဝကိုကြည့်ရာ ဖြူကောင်ခြေရာတချို့ကို တွေ့မြင်လေသည်။

"ဟာ-ဒါဖြူတွင်းပဲ။ ခွေးနှစ်ကောင် ပြေးလိုက်သွားတာ ဖြူကောင်နောက်ကိုပဲဖြစ်မယ်။ ဒီတွင်းခေါင်းထဲဝင်သွားခဲ့လို့ အပြင်ကနေငုံ့နမ်းလိုက် ဟောင်လိုက် လုပ်နေကြတာပဲ"

ဖြူကောင်က ခွေးတစ်ကောင်ထဲသာဆိုလျှင် ရပ်ခံပြီး အနားရောက်ပါက ကိုယ်ကိုခါပြီး ဖြူဆူးများနှင့် ဆီးပစ်မည်သာဖြစ်သည်။ ခွေးနှစ်ကောင်ဖြစ်နေတော့ ခွေးရန်ကိုကြောက်ရွံ့ကြပြီး တွင်းခေါင်းထဲပြေးဝင်သွားကြတာဖြစ်ပေမည်။

'ဖြူတွင်းကိုတော့တွေ့ပြီပဲ။ ဒီဖြူကောင်တွေ တွင်းထဲက ပြန်မထွက်နိုင်အောင် ငါတွင်းအဝက ငုတ်နှစ်ချောင်းကန့်လန့်ကြက်ခြေခတ်ရိုက်ထားမှပဲ'

ကိုပေါက်စလည်း သူ့အနီးရှိဝါးရုံမှဝါးတစ်လုံးကိုခုတ်ယူကာ ဝါးပိုင်းနှစ်ပိုင်းခုတ်၏။ ပြီးလျှင် ထိုဝါးပိုင်းများအား တစ်ဖက်အစတွင် ချွန်ပေးလေသည်။ချွန်ပြီးသော ဝါးပိုင်းနှစ်ပိုင်းကို ဖြူတွင်းဝတွင် ကြက်ခြေခတ်ငုတ်စိုက်လိုက်သည်။

"ဖြူကောင်ဟာ တွင်းထဲကအပြင်ကိုပြန်ထွက်ဖို့လာခဲ့ရင် တွင်းဝမှာကြက်ခြေခတ် ငုတ်နှစ်ချောင်းစိုက်ထားလို့ငြိပြီးလည်း မထွက်နိုင်တော့ဘူးပဲ"

တွင်းဝကို ငုတ်နှစ်ချောင်း ကြက်ခြေခတ်စိုက်ထားလို့ အပြင်ပြန်မထွက်နိုင်ပေမယ့် ဂယ်ပေါက်တွေက ပြန်ထွက်သွားနိုင်လေသည်။ ထို့ကြောင့် ကိုပေါက်စတောင်ကုန်းစောင်းတွင် ဖြူတွင်း ဂယ်ပေါက်လိုက်ရှာရတော့သည်။ ဂယ်ပေါက်ကိုတွေ့လျှင် ကြက်ခြေခတ်ငုတ်စိုက်၍ ပိတ်လေသည်။ ဂယ်ပေါက်များကိုရှာ၍ ပိတ်ပြီးသောအခါ ပထမငုတ်စိုက်ခဲ့သော ဖြူဝင်ပေါက်သို့ပြန်လာခဲ့သည်။

ဖြူကောင်များက တစ်ကောင်ထဲမနေကြပေ။ နှစ်ကောင်သုံးကောင်စုဖွဲ့၍ နေတတ်ကြသည်။ ခွေးလိုက်၍ ဖြူတွင်းထဲပြေးဝင်သွားသော ဖြူကောင်များမှာ တစ်ကောင်ထက်မက နှစ်ကောင်သုံးကောင်လောက်ဖြစ်နိုင်သည်။

"အင်း- ဖြူတွင်းဝနဲ့ ဂယ်ပေါက်အားလုံးပိတ်ပြီးသွားပြီဆိုတော့ တွင်းထဲမှာ ဖြူကောင်တွေပိတ်မိနေကြပြီပဲ။ ငါဖြူကောင်တွေတွင်းထဲကပြန်ထွက်လာအောင်ဆက်လုပ်ပြီး တွင်းဝမှာငုံ့ထွက်ဖို့လုပ်တာနဲ့ရိုက်ယူရမှာပဲ"

ကိုပေါက်စ ကွမ်းတစ်ယာကိုယာစားပြီး ဖြူတွင်းဝနှင့် အနီးပတ်ဝန်းကျင်မှဝါးရွက်၊ သစ်ရွက်ခြောက်များကို ဖြူတွင်းဝနားသို့ သယ်ယူလာခဲ့သည်။ ထိုဝါးရွက်၊ သစ်ရွက်ခြောက်များအား ဖြူ

တွင်းဝမှ အနည်းငယ်တွင်းထဲတိုးသွင်းပေး၏။ တွင်းထဲသို့ကြပ်နေအောင်ထိုးထည့်ပြီးသောအခါ မီးခြစ်၍မီးရှို့ပေးလိုက်သည်။ ဝါးရွက်၊ သစ်ရွက်ခြောက်များလည်း မီးတဖြည်းဖြည်းလောင်ကျွမ်းကာ မီးခိုးများထွက်လာလေသည်။ ထိုမီးခိုးများကို တွင်းထဲသို့ဝင်အောင် ပုဆိုးဖြင့်ယပ်ခတ်ပေးသည်။ ပြီးလျှင် အိမ်မှအသင့်ယူဆောင်လာခဲ့သော ငရုတ်သီးခြောက်အတောင့်သုံးလေးတောင့်ကို မီးလောင်နေသောသစ်ရွက်ခြောက်များထဲသို့ထည့်ကာ ထွက်လာသော မီးခိုးများကိုတွင်းအတွင်းသို့ဝင်စေရန် ယပ်ခတ်ပေးရပြန်သည်။

"ဂုတ် ဂလုတ်လုတ် ခွီး ခွီး"

"ဟော- ဖြုတ်ကောင်တွေ တွင်းထဲမှမီးခိုးမွန်ကြလို့ ပြေးလိုက်လွှားလိုက်ဖြစ်နေကြပါလား"

မီးခိုးက ဝါးရွက်၊ သစ်ရွက်ခြောက်မီးခိုးတင်မဟုတ်ဘဲ ငရုတ်သီးခြောက်တောင့်မီးခိုးပါဖြစ်သဖြင့် တွင်းထဲတွင် မီးခိုးမွန်ပြီးမနေနိုင်ကြတော့ပေ။ ကိုပေါက်စလည်း မီးခိုးများများဝင်စေရန် တွင်းဝမှယပ်ခတ်ပေးနေလေသည်။

ပြေးလွှားနေသောအသံများ၊မီးခိုးနံ့မခံနိုင်၍တခွီးခွီးဖြစ်နေသော ဖြုတ်ကောင်များ၏အသံများကိုတွင်းဝမှကြားနေရသည်။ ဒီတွင်းထဲကဖြုတ်ကောင်တွေဟာ အပြင်ထွက်နိုင်အောင်ဂယ်ပေါက်တွေဆီကိုသွားကြလည်းဂယ်ပေါက်အားလုံးပိတ်ဆို့ထားလို့ထွက်နိုင်ကြမှာမဟုတ်ဘူး။ နောက်ဆုံးဝင်ပေါက်ကိုပဲပြန်လာကြပြီးထွက်ရမှာပဲဖြစ်သည်။

ကိုပေါက်စလည်း တွင်းဝတွင် သစ်သားတုတ်တစ်ချောင်းကို အသင့်ကိုင်ထားကာစောင့်နေ၏။ တွင်းထဲမှ ဖြုတ်ကောင်များထွက်လာပြီး ကြက်ခြေခတ်ငုတ်ကိုင့်အထွက်တွင် ရိုက်ယူမည်ဖြစ်သည်။

"ဟော- တစ်ကောင်ထွက်လာပြီး ကြက်ခြေခတ်ငုတ်အောက်ကို ငုံ့ထွက်ဖို့လုပ်နေပါလား"

"ကဲကွာကဲ"

ဖြုတ်တစ်ကောင်တော့ရပြီပဲ။နောက်ထပ်ကျန်တဲ့အကောင်တွေကို ရိုက်ယူနိုင်ရန်တုတ်ကိုင်၍အသင့်စောင့်နေပြန်သည်။

"ဟော- နောက်တစ်ကောင် မီးခိုးမွန်ပြီး အထဲမှာမနေနိုင်လို့ထွက်လာပြန်ပြီ"

ကိုပေါက်စလည်း ကြက်ခြေခတ်ငုတ်ကိုင့်အထွက်တွင် ဆီး၍ရိုက်ယူပြန်လေသည်။ ဖြုတ်နှစ်ကောင်ရလေပြီ။ တွင်းထဲတွင် ဖြုတ်ကောင်ကျန်မကျန် တွင်းဝမှအသံနားထောင်ကြည့်၏။အထဲတွင်ပြေးလွှားနေသံကိုကြားရ၏။

"ဟာ- တွင်းထဲမှာဖြုတ်ကောင်ကျန်နေပါသေးလား။ ငါ ဝါးရွက်သစ်ရွက်ခြောက်နဲ့ငရုတ်သီးတောင့်ထပ်ထည့်ပြီး မီးရှို့ပြီး ယပ်ခတ်ပေးဦးမှပဲ"

ယပ်ခတ်ပေးသဖြင့် မီးခိုးများတွင်းထဲဝင်သွားပြီး အထဲမှဖြုတ်ကောင်မှာ တွင်းထဲတွင် မီးခိုးမွန်ပြီး မနေခိုင်တော့ဘဲ ဝင်ပေါက်မှ ပြန်ထွက်ရန် အလာတွင် ကိုပေါက်စဆီးပြီးရိုက်ယူခဲ့ပြန်သည်။

"ဟင် အထဲမှာ ဖြုတ်ကောင်ပြေးလွှားနေသံကြားနေရတုန်းပါလား"

ကိုပေါက်စလည်း ယပ်ကိုမနားတမ်းခတ်ပေးလိုက်သဖြင့် ဖြုတ်ကောင်ထွက်အလာတွင် ဆီးပြီးရိုက်ယူပြန်လေသည်။

ဖြုတ်ကောင် (၄) ကောင်ရပြီးသောအခါ ဖြုတ်တွင်းဝမှတွင်းထဲသို့ နားစွင့်ကြည့်မိလေသည်။

"ဘာသံမှမကြားရတော့ပါလား။ တွင်းထဲဝင်တဲ့ဖြုတ်ကောင်တွေကုန်ပြီနဲ့တူတယ်"

ကိုပေါက်စလည်း ဖြုတ် (၄)ကောင်ရလိုက်သဖြင့်ဝမ်းသာသွားခဲ့သည်။

ဖြုတ်သားက မီးယပ်၊ ဒူလာရောဂါနဲ့တည့်သဖြင့် လူတိုင်းက ဖြုတ်သားစားချင်ကြသည်။ စွန့်စွန့်စားစား ဖြုတ်သားရှာမည့်သူမရှိခြင်းကြောင့် သူတို့၏ဆန္ဒမပြည့်ဝခဲ့ကြပေ။ အခုတော့ ဖြုတ်က (၄) ကောင်တောင်ရခဲ့လို့ ဒီဖြုတ်ကောင်တွေကို ဖျက်ပြီးအသားကိုဈေးကောင်းကောင်းနဲ့ရောင်းပေးနိုင်တော့မှာဖြစ်၍ ကိုပေါက်စပို၍ပင်ပျော်နေလေသည်။

ရရှိသော ဖြုတ် (၄) ကောင်ကိုနှစ်ကောင်စီ နောက်ခြေထောက်များနှီးဖြင့်တွဲလိုက်သည်။ပြီးလျှင် ဝါးလုံးတစ်လုံးကိုလေးတောင်လောက်ဖြတ်ကာ ဝါးထမ်းပိုးတွင် ရှေ့ဘက်တွင် ဖြုတ်နှစ်ကောင်နောက်ဘက်တွင် ဖြုတ်နှစ်ကောင်ချိတ်၍ အိမ်သို့ထမ်းပြန်လာခဲ့လေသည်။

ညနေ (၄) နာရီ အချိန်ခန့် အိမ်သို့ပြန်ရောက်လာခဲ့သည်။

"ဟာ- ပေါက်စ မင်းထမ်းလာတာ ဖြုတ်ကောင်တွေပဲ။ မင်းတော့ ဒီဖြုတ်ကောင်တွေကိုဖျက်ပြီးရောင်းရင် ငွေတော်တော်ရမှာပဲဟေ့"

"အေးလေဗျာ။ ဖြုတ်တွင်းတစ်တွင်းထဲမှာတင် ဖြုတ် (၄) ကောင်ဝင်နေလို့ ကျုပ်ပိတ်ဆို့ပြီး ဖမ်းယူခဲ့ရတာပဲလေဗျ၊ ကျုပ်ရဲ့ခွေးနှစ်ကောင်က ဖြုတ်အုပ်ကိုတွေ့ပြီး လိုက်ကြတော့ တွင်းထဲဝင်ပြေးခဲ့ကြတာလေ။ ခွေးတွေက ဖြုတ်တွင်းဝမှာငုံ့နမ်းလိုက် ဟောင်လိုက်လုပ်နေကြတော့ ဖြုတ်တွင်းဝကိုကြည့်ပြီး ဖြုတ်ကောင်ခြေရာတွေတွေ့လေမှ ဖြုတ်ကောင်တွေဝင်သွားကြတယ်ဆိုသိရတာဗျ။ ဒါကြောင့် ဖြုတ်ကောင် (၄)ကောင်ကိုရခဲ့တာပဲလေဗျာ"

"ဟုတ်တယ်၊ မင်းရဲ့ခွေးနှစ်ကောင်ကတော်တော်အသုံးကျတယ်ဟေ့။ သူတို့ကိုတော့ အစာကောင်းကောင်းကျွေးပြီးမွေးပါကွာ။ မင်းကိုအထောက်အကူအများကြီးပေးကြမှာပါပဲလေ"

ကိုပေါက်စလည်း ဖြုတ်အသေလေးကောင်ကို ရေနွေးဖျော၍ ပထမဖြုတ်စူးများကို တစ်ချောင်းမကျန်နုတ်ပစ်ရလေသည်။ ပြီးမှ ဖြုတ်အမွေးများကို ဓားဖြင့်ခြစ်ပစ်ရသည်။ ထို့နောက်မှ ဗိုက်ခွဲကာအထဲမှ ကလီစာများထုတ်ရ၏။ ပြီးလျှင်အသားများလှီးယူကာ ငါးဆယ်သားတွဲများတွဲပြီး တန်းတွင်ချိတ်ပေးထား၏။

ဖြုတ်သားဖြစ်၍ဆေးဖက်ဝင်အသားဖြစ်သောကြောင့် အိမ်တိုင်းက ဆေးအဖြစ်ဝါးအဖြစ်ချက်စားကြရန် လာရောက်ဝယ်ယူလေသည်။ ဖြုတ်များကတောတောင်ထဲတွင် သစ်ဥ၊ သစ်ဖု၊ သစ်မြစ်များကိုသာ စားသောက်ကြခြင်းကြောင့် ဆေးဖက်ဝင်သည်။အထူးသဖြင့် ဒူလာ၊ မီးယပ်ရောဂါများအတွက် ဖြုတ်သားကိုချက်စားလျှင် ပျောက်ကင်းနိုင်လေသည်။

ဖြုတ် (၄) ကောင်ကို အသားဖျက်ပြီးရောင်းခဲ့ရာ ငွေတော်တော်များရခဲ့သဖြင့် ကိုပေါက်စ ဝမ်းအသာကြီးသာနေ၏။

"အင်း- ငါနောက်တစ်ခါ တောလည်ထွက်ရင် ကြက်တို့ ဖွတ်တို့ကိုမယူတော့ဘူး။ ဖြုတ်တွင်းတွေ့အောင်ရှာပြီးသာ ဖြုတ်ကောင်ကိုပဲဖမ်းယူတော့မယ်။ဖြုတ်တွင်းတစ်တွင်းထဲမှာ ဖြုတ်ကောင်တွေက အုပ်စုဖွဲ့နေကြတာဆိုတော့ ဖြုတ်တွင်းတစ်တွင်းထဲနဲ့ ဖြုတ်ကောင် နှစ်ကောင် သုံးကောင်လောက်ရနိုင်မှာပဲလေ"

ဖြုတ်ကောင်၏ကလီစာများကိုတော့ သေချာဆေးကြောသန့်စင်ပြီး ဆီပြန်ချက်ကြသည်။ ပြီးလျှင် ဝိုင်း၍လုပ်ကိုင်ကူသူများနှင့်အတူ ဖြုတ်ကလီစာဟင်းနှင့်ထမင်းကိုဝိုင်းဖွဲ့ကြကာ ပျော်ပျော်ပါးပါးစားသောက်ခဲ့ကြတော့သည်။

တင့်ထူး(ဇေယျာဝတီ)

# ကံ

## မောင်စိမ်းရင့်(ကျုံပျော်)

ဗုဒ္ဓဘာသာ တရားတော်အရ အတိတ်ဘဝကမိမိပြုလုပ်ခဲ့သောကုသိုလ် အကုသိုလ်ဟုခေါ်ဆိုအပ်သော ကောင်းမှု မကောင်းမှုတို့ကြောင့် နိဗ္ဗာန်မရမီစပ်ကြား သံသရာလည်ကြရာတွင် ၎င်းကုသိုလ် အကုသိုလ်တို့၏ အစွမ်းသတ္တိဖြင့် အမျိုးအနွယ် အဆင့်အတန်း ဘဝ ပေးအခြေအနေတို့သည် ကွာခြားကြရပါသည်။ ထိုသို့ အကြောင်းတရားတို့ကို တွေးဆမျှော်မြင်ကာ ယုံကြည်ပါက အတိတ်ကုသိုလ်ကံကြောင့် ယခုလက်ရှိဘဝတွင် ကျန်းမာချမ်းသာပြည့်စုံစွာနေရသည်ကို ကျေနပ်မှုဖြင့်ရပ်တည်မနေဘဲ အနာဂတ်ဘဝ ကောင်းစားရေးအတွက်လည်း ကုသိုလ်ကောင်းမှုများကို ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့အား ဆက်လက်ကျင့်ကြံပွားများမှုများ ပြုလုပ်သင့်ပါသည်။ အတိတ်၏အကုသိုလ်ကံများကြောင့် ယခုဘဝမှာဖူလုံပြည့်စုံစွာမနေရသောသူများကလည်းလွန်ခဲ့သောဘဝကအလျှုဒါန ကုသိုလ်ကောင်းမှုအားနည်းခဲ့သည့်အကြောင်းများကြောင့် ချို့တဲ့ဆင်းရဲရသည်ကိုနားလည်သဘောပေါက်ကာ လက်ရှိရရှိထားသော ဘဝတွင်ပင် မကောင်းမှုရှောင် ကောင်းမှုဆောင်ကာ သမ္မာဆန္ဒဖြင့်မိမိတတ်နိုင်သမျှဖြူစင်စွာဖြင့်လုပ်ကိုင်ဆောင်ရွက်သင့်ကြပါသည်။

ကျွန်ုပ်သည် ကံတရားအကြောင်းကိုဤကဲ့သို့တွေးတောမိရာကအကြောင်းအရာအဖြစ်အပျက်တစ်ခုကို သွားသတိရသဖြင့် အမည်နာမများကိုပင် မပြောင်းလဲဘဲ အမှန်ရေးသားတင်ပြရပါသည်။ ကျွန်ုပ်သိကြားဖူးသောစကားပုံများမှာ ကံမရှိဉာဏ်ရှိတိုင်းမွဲ ကံမခိုင်သံတိုင်အိမ်ဆောက်သော်လည်း ယိုင်လဲ၍ပြို၊ လူချင်းတူသော်လည်း ကံချင်းမတူဟူသော စကားပုံတို့ကို ကျွန်ုပ်တို့သည်အကြောင်းတိုက်ဆိုင်ပါလျှင် ခိုင်းနှိုင်းပြောဆိုတတ်ကြပါသည်။ ကံတရားဟူသည် ပုဂ္ဂိုလ်သတ္တဝါမဆိုသူကံနှင့်သူမို့ ကံချင်းကမတူကြချေ။ လူ့ဘဝလူ့အဆင့်အတန်းများကွဲပြားခြားနားခြင်း၊ တိရစ္ဆာန်ဘဝများတွင်လည်း အဆင့်အတန်းမတူ ခြားနားခြင်း



များရှိပါသည်။ လူတို့တွင်အမိဝမ်းတွင်းမှ တစ်ချိန်တည်းပေါက်ဖွားသောအမြွှာတို့သည်ပင် ကံချင်းမတူကြ တစ်ဦးကပညာတတ်၏။ တစ်ဦးကမတတ်၊ တစ်ဦးကရုပ်ချော၏။တစ်ဦးကရုပ်ဆိုး၏။ တစ်ဦးကချမ်းသာ၏၊တစ်ဦးကဆင်းရဲ၏။တိရစ္ဆာန်လောကတွင် တချို့ကတိုက်ကြီးပေါ်တွင် ဇိမ်နှင့်နေထိုင်ရကာ ဆေးအစာ စသည်တို့မှာ သာမန်လူတို့ပင်မနေနိုင် မစားနိုင်သောအနေထက်သာလွန်ကာနေနိုင်ကြပြီး တချို့တို့ကအမှိုက်ပုံနှင့်လမ်းကြိုလမ်းကြားတို့၌ အစားတစ်လုတ်အတွက် ခဲခဲယဉ်းယဉ်းရှာဖွေနေကြရသည်ကိုမြင်တွေ့ဖူးကြပါမည်။ ထို့ကြောင့် ကံတရားသည်အလွန်ဆန်းကြယ်၍ထိုကံတရားကိုစမ်းသပ်ကြည့်သူတစ်ယောက်အကြောင်းကို ရေးသားတင်ပြလိုက်ရပေသည်။

*

ဦးလှစိန် ဒေါ်စိန်ဝိုင်း မိသားစုသည် ကျုံပျော်မြို့လေး၏ အောင်ဆန်းရပ်ကွက် အညာတန်းတွင်နေထိုင်ကြပါသည်။ ဦးလှစိန်သည် လယ်တစ်တုံးထွန်ဟုခေါ်သော(၁၀)ဧကလုပ်ကိုင်ပါသည်။ ဇနီးဖြစ်သူ ဒေါ်စိန်ဝိုင်းက ကျုံပျော်ဈေးထဲတွင် စက်ချုပ်ပါသည်။ ယင်းဦးလှစိန် ဒေါ်စိန်ဝိုင်းတို့တွင် သားနှစ်ယောက် သမီးတစ်ယောက်ရှိလေသည်။ ယခုရေးသားမည့်အကြောင်းမှာ ထိုဦးလှစိန် ဒေါ်စိန်ဝိုင်းတို့၏ဒုတိယသားဖြစ်သော ကိုဟန်သောင်း၏ အကြောင်းဖြစ်ပါသည်။ ထိုကိုဟန်သောင်းသည် ကျွန်ုပ်နှင့်လည်း ဖအေမောင်နှမဖွေး ညီအစ်ကိုဝမ်းကွဲဖြစ်ပါသည်။ ကျွန်ုပ်က အစ်ကိုကြီးဟန်သောင်းဟု ခေါ်ပါသည်။ ရိုးသားတည်ကြည်၍သဘောအလွန်ကောင်းပါသည်။ ဘုန်းကြီးကျောင်းထွက်ဖြစ်သော်လည်း စာပေလေ့လာခြင်းကို ဝါသနာပါသဖြင့် ဗဟုသုတရှိပါသည်။ အစ်ကိုနှင့်နှမဖြစ်သူကိုသာ အတန်းကျောင်းတက်စေပြီး မိမိကတော့ ဘုန်းကြီးကျောင်းစာပေဖြင့်ကျေနပ်ကာ မိဘနှင့်အတူ လယ်ထဲတွင်လုပ်ကိုင်ခဲ့ပါသည်။ အသက်တွေရလာကြပြီး အိမ်ထောင်ရက်သားများကျကြသောအခါ မိဘများကလယ်များကိုခွဲဝေပေးကာ လုပ်ကိုင်စေသော်လည်းအစ်ကိုကြီးကဌာနတစ်ခုတွင်ဝန်ထမ်းဖြစ်နေ၍ လယ်များကိုမယူသဖြင့် ကိုဟန်သောင်းနှင့်နှမဖြစ်သူတို့အား တစ်ယောက် (၃) ဧကစီခွဲပေး၍လုပ်ကိုင်စေပြီး ကျန် (၄) ဧကကို မိဘများအတွက် မောင်နှမနှစ်ဦးက လုပ်ကိုင်ပေးပါသည်။

ထိုအချိန် ကျွန်ုပ်သည်ကုန်သွယ်လယ်ယာဌာနတွင် ယာယီဝန်ထမ်းလုပ်နေပြီး အိမ်ထောင်လည်းကျပြီးဖြစ်ရကားတစ်ရပ်ကွက်တည်းနေထိုင်သောဆွေမျိုးညာတိတို့ထံသို့ပင် အလည်အပတ်မရောက်နိုင်၊ ကျွန်ုပ်၌ဝမ်းကွဲညီအစ်ကိုမောင်နှမများရှိသည့်အနက် ယင်းကိုဟန်သောင်းကိုပို၍ ခင်မင်သည်ဟု ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့ကလေးဘဝအချိန်က မိဘများခရီးကတင်းသွားလျှင် အစ်ကိုဟန်သောင်းသည် အိမ်စောင့်ညအိပ်အဖြစ်လာ၍စောင့်ပေးပါသည်။သဘောကောင်းသူ၊ ရိုးသားသူ၊ ကြင်နာတတ်သူဖြစ်၍လည်း ပို၍ရင်းနှီးခဲ့ပါသည်။ သူသည်စာပေအနုပညာကို ဝါသနာပါရကားရပ်ကွက်တွင် အိုးစည်၊ ဒိုးပတ်အဖွဲ့တွင်ဦးစီးခေါင်းဆောင်ဖြစ်ပြီး ရပ်ရေးရွာရေးလည်း ဆော်ဆော်ဩဩရှိသူတစ်ဦးပင်၊ ဘာသာရေးအလေးထားပြီး ကံငါးပါးလုံခြုံထိန်းသိမ်းသူလည်းဖြစ်ပါသည်။ နောက်ပိုင်း၌ စီးပွားရေးအဆင်မပြေ၍လားမသိ ဆိပ်ကမ်းအလုပ်သမားဓာတ်ဆားဂိုဏ်းထဲတွင်ဝင်ရောက်လုပ်ကိုင်နေသည်ကိုတွေ့ရပါသည်။ ကျွန်ုပ်မှာ ထိုသို့သောအခြေအနေကို စိတ်မကောင်းလှသည့်အတွက် တစ်နေ့သောလုပ်ငန်းအားချိန်တွင် အစ်ကိုဟန်သောင်းနေထိုင်အညာတန်းသို့ သွားခဲ့ပါသည်။

"ဟာ- လာကွငါ့ညီ ဘယ်ကများမျက်စိလည်လာတာလဲ၊ မလာတာကြာလှပေါ့"

ဆိုသော စကားသံနှင့်အတူ မဖုံးနိုင်မဖိနိုင် ဝမ်းသာမှုပုံရိပ်သည် မျက်နှာပေါ်တွင် အထင်းသား ပေါ်လွင်လျက်ရှိပါသည်။ ကျွန်ုပ်သည် စိမ်းစိုအုံ့မှိုင်းနေသောပိတောက်ပင်ကြီး၏အရိပ်အောက်ရှိသော သူ့အိမ်လေးပေါ်သို့ တက်လိုက်ပါသည်။

"လာ ထိုင်ကွာ၊ ဒီမှာမလှမြင့်ရေနှင့်မတ်တော်မောင် လာတယ်ဟေ့"

ဆိုကာ နောက်ဖေး မီးဖိုချောင်တွင်ချက်ပြုတ်နေသောဇနီးအားအသိပေးလိုက်ပါသည်။ ကျွန်ုပ်သည် ဩောင်စောင်းပေါ်တွင်ထိုင်၍ဘာရယ်မဟုတ်အိမ်ကိုလှည့်ပတ်၍ကြည့်နေမိပါသည်။ ထိုစဉ်မီးဖိုချောင်မှလက်ဖက်ရည်ဗန်းကိုကိုင်ပြီးထွက်လာသောမရီးဖြစ်သူမလှမြင့်မှ-

"မတ်ကလေးတို့များ ခုမှမြင်ရတယ် နေနိုင်လိုက်တာ"

ဟု ပြစ်တင်စကားဆိုပါသည်။

"နေနိုင်တယ်လို့တော့ မဟုတ်ပါဘူးမရီးရယ်၊ အလုပ်မအားလို့ မလာဖြစ်တာပါ"

မရီးဖြစ်သူ လာ၍ချပေးသောရေနွေးကြမ်းကိုငှဲ့၍သောက်ရင်း ရှင်းပြလိုက်ရပါသည်။ ပန်းကန်ထဲတွင် ထည့်ထားသောနူးအိနေသည့်ဆီဆားစိမ်ထားသောကလောပီနံ့ဥပြုတ်တစ်ခုကို ကောက်ယူစားလိုက်ရင်း-

"အစ်ကိုကြီးတို့ မရီးတို့နေကောင်းကြမဟုတ်လား"

"အေး ကောင်းပါတယ်ကွာ၊ မင်းတို့ရော အဆင်ပြေကြရဲ့လား"

"ဒီလိုပဲအဆင်ပြေအောင်လုပ်နေရတာပေါ့"

ဟူ၍ စကားကိုအလွယ်တကူပင်ပြောလိုက်ပါသည်။ ပြီးလျှင်-

"ဒါ့ထက် အစ်ကိုကြီးက ဓာတ်ဆားဂိုဏ်းထဲဝင်ပြီး ဓာတ်ဆားထမ်းနေတာ စီးပွားရေးအဆင်မပြေလို့လား"

"ပြေပါတယ်ကွာ၊ ဓာတ်ဆားဂိုဏ်းကလည်း မနည်းပိုက်ဆံရတယ်ကွ၊ တစ်ပတ်မှတစ်ရက်လောက်ပဲ နားရတယ်။ ဓာတ်ဆားက ဂိုထောင်အသွင်းအထုတ် အတင်အချလုပ်ရတော့ အလုပ်ကတော့ မပြတ်လှပါဘူး။ အဲဒီ ဓာတ်ဆားအထမ်းဂိုဏ်းထဲတောင် အလွယ်တကူဝင်လို့မရဘူးငါ့ညီ ငါတောင်လူခံရှိလို့ရတာ"

ဟု ပြောကာဒေါင်းရုပ်ပုံစဥ့်သုပ်မြေဆေးလိပ်ခွက်ထဲမှ ဆေးလိပ်တိုကိုမီးညှိကာရှိုက်ဖွာ၍ သောက်နေပါသည်။ ကျွန်ုပ်သည် ရေနွေးကြမ်းကိုငှဲ့၍တစ်ကျိုက်မျှသောက်လိုက်ပြီး-

"ဒါနဲ့နေပါဦးအစ်ကိုကြီး၊ လယ်က အဆင်မပြေလို့လား၊ အခုဘယ်သူလုပ်နေလဲ"

"လယ်က ငါ့ယောက်ဖအေးမြင့်ကို လယ်ခနဲ့ချထားတယ်။ ငါနဲ့အကျိုးမပေးဘူးကွ၊ အစိုးရစာချုပ်စပါးတောင်ချနိုင်ဖို့ အနိုင်နိုင်၊ ငါနဲ့လယ်ကကံမစပ်ဘူးထင်ပါရဲ့၊ ဒါ့ကြောင့် ငါအငှားချပြီး ဓာတ်ဆားဂိုဏ်းထဲ ဝင်လုပ်နေတာ။ မင်းမရီးကလည်း အိမ်ရှေ့မှာမုန့်ဟင်းခါးဆိုင်ထွက်တော့ မဆိုးပါဘူးကွာ"

ကျွန်ုပ်သည် အစ်ကိုပြောသည့်စကားအကြောင်းကိုစဉ်းစားမိပါသည်။ လယ်မလုပ်ချင်လို့ ပျင်းလို့ဆင်ခြေပေးဖို့ ကံကိုယိုးမယ်ဖွဲ့လေသလား။အမှန်တော့ အစ်ကိုသည် ပျင်းရိသူမဟုတ်သလို ရိုးသားစွာ ပြောဆိုနေထိုင်တတ်သူဖြစ်ပါသည်။ အသို့နည်း သို့နှင့်-

"အစ်ကိုကြီးကလည်း အစ်ကိုကြီးယောက်ဖက လယ်ကိုကျွမ်းကျွမ်းကျင်

ကျင် မလုပ်တတ်ဘဲနဲ့၊ အစ်ကိုကြီးက 'အူဝဲ' ဆိုတည်းက လယ်ထဲကြီးလာပြီး သူ့ကို ပုံအပ်ထားတော့ အဆင်ပြေပါ့မလားဗျာ"

ဆို၍ အားမလိုအားမရ မေးမိပါသည်။

"အေး သူနဲ့ကျတော့လယ်တွေက စပါးထွက်တယ်ကွ၊ ငါလုပ်တုန်းကသာ မထွက်တာ၊ငါ့မှာအချိန်တန်လျှင်ကောက်ဆွန်နဲ့ စကောပဲကျန်တယ်ဆိုသလို အစိုးရတာဝန်ကျေ စပါးချဖို့တောင် အသည်းအသန်၊ ဝမ်းစာတော့ဝေးရော။ တစ်ခါတစ်ခါရောင်းပစ်ဖို့တောင်ကြံမိတယ်။ ဒါပေမယ့် မိမွေဖမွေဆိုပြီး မရောင်းရက်လို့လေးငါးဆယ်နှစ်မှေးပြီးတော့လုပ်သေးတယ်။ နောင်မှအငှားချလိုက်တာ ငါနဲ့ကံမလိုက်ပါဘူးကွာ"

အစ်ကိုကြီးသည် စကားစဖြတ်လိုက်ကာလက်ကြားတွင်ညှပ်ထားသော ဆေးလိပ်တိုကိုမီးညှိပြီး အားရပါးရဖွာနေပြန်သည်။ကျွန်ုပ်သည်သူ့ကိုကြည့်ရင်းမှ-

"ဒါကတော့အစ်ကိုကြီးရယ် ကံနှင့်မဆိုင်ပါဘူး။ လူ့ရဲ့ဝီရိယ ကြံ့ရည်ဖန်ရည်နဲ့ရေမြေသဘာဝရာသီဥတုကိုကြည့်ပြီး ကြိုးစားလုပ်ရင်ဖြစ်မှာပဲ"

ဆို၍ကျွန်ုပ်ကအဆံပါသောစကားကို ပြောမိရာ ထိုအခါ-

"ငါ့ညီ မင်းလည်းငါ့အကြောင်းအသိသားနဲ့ အလုပ်လုပ်ရင်းသာ အသေခံမယ် ပျင်းဖို့ဆိုတာဝေး၊ နောက်ပြီး ငါနွားကြီးကိုင်နိုင်တည်းက လယ်ထဲဆင်းလာတာ။ ငါ့ရဲ့လယ်တစ်ကွက်ချင်းမြေအနေအထား အကုန်သိတာပေါ့ကွာ၊ ဒါပေမယ့် ငါ့ကံကိုက လယ်နဲ့အကျိုးမပေးလို့လားမှမသိတာ စပါးထွက်ကျတော့ သူများနောက်ကချည်းပဲ။ အဲဒါကြောင့် စိတ်ပျက်ပြီး ငှားလိုက်တာပေါ့"

ကျွန်ုပ်သည် အစ်ကိုကြီး၏စိတ်ပျက်လက်ပျက်ပြောသည့်စကားကြောင့် ပြန်ပြောရန် စကားစရှာမရဘဲ-

"အေးဗျာ-အစ်ကိုကြီးပြောတော့လည်းစဉ်းစားစရာပဲ။ ဒါထက် ကိုအေးမြင့်လုပ်တော့ရော စပါးထွက် ဘယ့်နှယ်နေသလဲ"

"ငါညီရေ သူလက်ထဲကျတော့ စပါးကထွက်တယ်။ သူကကိုယ့်လောက်တောင်လယ်အကြောင်းကိုသိတာမဟုတ်ဘူး။သဘော်လိုက်နေရင်းကငါညီမလေးနဲ့ညားပြီး အိမ်ရောက်လာတော့ သူ့ကိုနွားချေးထိုးပမ်းပက် ထမင်းစားခေါ်ဆောင်သလို နွားချေးထိုးနဲ့ထမင်းစားနွားကျောင်းရုံလုပ်တတ်တာ။ ဒါပေမယ့် သူ့ကံက လယ်နဲ့ကျတော့ အကျိုးပေးသကွ၊ ငါက ကံကိုယုံပြီး ဆူးပုံနင်းတာမဟုတ်ဘူး တို့ ဘာသာတရားက ကံကိုယုံကြည်တဲ့ကမ္မဝါဒ ကံကိုအလုပ် ကံကစေတနာဆိုတဲ့အတွက်၊ ကံဟာမပါမဖြစ်ပါနေတယ်။ အတိတ်ကံပစ္စုပ္ပန်ကံဆိုတာရှိတယ်။ ငါအခုလယ်ယာချောင်းမြောင်းလုပ်နေရလို့ ပါဏာတိပါတာဆိုတဲ့ သူ့အသက်ကို မလွှဲမရှောင်သာ ဟင်းစားအဖြစ် ဖားရှာငါးရှာ လုပ်ခဲ့ဖူးတယ်။ ဒါပေမယ့်ကျန်လေးပါးစလုံး ငါခုထက်ထိလုံခြုံတယ်၊ အလုပ်ကိုကြိုးစားပမ်းစားဉာဏ်မီသလောက် အကောင်းဆုံးဖြစ်အောင် လုပ်တယ်။ ဒါပေမယ့် အတိတ်ကံက ဒီလုပ်ငန်းနဲ့အကျိုးမပေးတော့ ငါလုပ်နေတာ လူမြင်တာ ပင်ပန်းတာပဲရှိတာပေါ့ ငါ့ညီ"

အစ်ကိုကြီးသည် စကားကိုဖြတ်ကာ ရေနွေးကြမ်းကို ငုံ့သောက်လိုက်ပါသည်။ ပြီးလျှင် ပန်းကန်ထဲမှ ကလောဥပြုတ်ကို ယူကာဖွဲ့၍ စားနေပြန်သည်။ ကျွန်ုပ်သည်အစ်ကိုကြီးအားကြည့်ကာ-

"ဒါနဲ့ပဲအစ်ကိုကြီးက ယောက်ဖကိုလယ်ငှားချလိုက်တယ်ပေါ့"

"ငါကလွယ်လွယ်နဲ့ ဘယ်ချပေးမလဲ၊ ငါဆက်ပြီး (၅) နှစ်လောက်လုပ်ပြီးမှဆုံးဖြတ်ချက်ချပြီးငှားလိုက်တာ။မင်းကိုငါပြောရဦးမယ်။ အဖေ ငါတို့ကိုလယ်တွေခွဲပေးတာ ငါက သုံးဧက အေးမြင့်တို့က သုံးဧကရတယ်။ အဲဒီအထဲမှာငါရတဲ့လယ်က အကောင်းဆုံးတွေပဲ။ ငါကငယ်ငယ်တည်းက မိဘနဲ့အတူလုပ်ကိုင်လာလို့ ငါ့ကိုကောင်းတာတွေ ပေးတယ်။ သူတို့လည်းကျေနပ်ကြတယ်။ ငါ့ယောက်ဖရတဲ့လယ်ကမြေဆီမြေသားနည်းနည်းညံ့တယ်။ ဒီကြားထဲ သံလွန်အိုင်ကြီးလည်းပါတယ်"

အစ်ကိုကြီးသည် စကားကိုဖြတ်လိုက်တာ အစီခံ တံဆိပ်ပတ်နားရောက်နေပြီဖြစ်သော ဆေးလိပ်တိုကိုမီးညှိကာ အားရပါးရ ဖွာရှိုက်နေပါသည်။ ကျွန်ုပ်သည် သူ့ပုံစံကိုကြည့်၍ပြောမည့်စကားများစွာကျန်သေးသည်ကို ခန့်မှန်းမိသဖြင့် မေ့လျော့နေသောခါးကြားထဲမှ ကွမ်းယာထုပ်ကိုဖြည်ကာ တစ်ယာထုတ်၍ဝါးရင်း သူ၏စကားအဆက်ကိုစောင့်နေပါသည်။ အစ်ကိုကြီးသည် ဆေးလိပ်သောက်သည့်မှာအာသာပြေသွားဟန်ဖြင့် ချောင်းတစ်ချက် ဟန့်လိုက်ကာ-

"အဲဒီလိုနဲ့ ငါတို့သမီးယောက်ဖကကန်သင်းတင်လယ်လုပ်ရင်း တစ်နေ့ငါ အကြံတစ်ခုပေါ်လာတာနဲ့ ငါ အေးမြင့်ကို ပြောတယ်။ အေးမြင့် ငါ့က လယ်ကောင်းရထားပြီး စပါးမထွက်ဘူး၊ မင်းလယ်က ငါ့လယ်ထက်စာရင် ညံ့တယ်။ ဒါပေမယ့် စပါးထွက်တယ်။ ဒီတော့ ငါ တစ်ခုစမ်းကြည့်ချင်တယ်ဆိုတော့ အေးမြင့်က အစ်ကိုလေးဘယ်လိုစမ်းချင်လို့လဲဆိုပြီး မေးတယ်။အဲဒီတော့ ငါကလာမယ့်နှစ်ကျမင်းလယ်ကိုလုပ်မယ်။ မင်းက ငါ့လယ်ကိုလုပ်၊ငါ့လယ်ထဲမှာမင်းက ဒီလယ်ကိုအေးမြင့်လုပ်တယ်ပြော ငါကလည်း မင်းလယ်ကို ကိုဟန်သောင်းလုပ်တယ်ပြောမယ်ဆိုပြီး တို့နှစ်ယောက်စမ်းကြည့်တာ ခါတိုင်းစပါးထွက်နေတဲ့ အေးမြင့်ရဲ့လယ်က ငါလည်းလုပ်ရောအထွက်လျော့သွားပြီး အေးမြင့်လုပ်တဲ့ငါ့လယ်ကစပါးပိုထွက်လာတယ်။ဒါထက်နောက်တစ်နှစ်ကျ တစ်မျိုးစမ်းကြည့်ပြန်တယ်။ အေးမြင့်ကို ငါ့လယ်မှာ စားရင်းငှားလုပ် ငါကသူ့လယ်မှာစာရင်းငှား(သူရင်းငှား) အဖြစ်နဲ့ လုပ်ကြပြန်တယ်။ အချိန်တန်စပါးတွေ ရိတ်သိမ်းပြီးတော့ အေးမြင့်လယ်က စပါးထွက်တယ်။ ငါ့လယ်က မထွက်ဘူး။ အဲဒီတော့ငါ့နာမည်နဲ့ ဦးဆောင်လုပ်ရင် စပါးမထွက်ဘူး။ အေးမြင့်နာမည်နဲ့ဦးဆောင်လုပ်ရင်စပါးထွက်တယ်။ ဒီတော့ ငါက လယ်နဲ့အကျိုးမပေးဘူးပေါ့ကွာ၊ပင်ပန်းတာပဲရှိတာပေါ့။ ဒါပေမယ့် နောက်ထပ် (၅) နှစ်လောက်ကြိုးစားပြီး လုပ်သေးတယ်။ မဟန်တဲ့အဆုံးမှာ ငါလယ်ငှားချလိုက်တာပဲငါ့ညီ"

ဆို၍စကားဖြတ်ကာ ရေနွေးကြမ်းငုံ့၍ သောက်နေလေသည်။ ကျွန်ုပ်သည် သူပြောပြသောအကြောင်းများကိုစဉ်းစားရင်း သူ့အိမ်ရှေ့မှအဝေးရှိလယ်ကွင်းများကိုငေးမောကာကြည့်နေမိပါသည်။ နေကျချိန် လေချိုပေါက်ချိန်မို့ မနုမရင့်လေပြည်ကလေးသည် ကွင်းထဲမှဖြတ်သန်း၍စိမ်းစိုစိုတောက်ပင်ကြီး၏အရွက်အလက်အခက်များကို တိုးဝှေ့ကာ အိမ်တွင်းသို့ ရောက်လာကြလေသည်။ ထိုအခါမှသတိရကာ ဆန့်ကျင်ဘက်စကားမဟုတ်သော ကျိုးကြောင်းပြစကားပြောရန်ပင်အစရှာမရသဖြင့် သူခိုင်မာစွာပြောနေသောကံအကြောင်းတရားကိုပဲလက်ခံရမည်ကဲ့သို့ဖြစ်နေသည်။ လူတို့၏ကံတရားဆန်းကြယ်ပုံကိုလည်းအံ့ဩနေမိသည်။ လူများစွာတို့ကြားဖူးသောအဖြစ်အပျက်တစ်ခုကိုသတိရမိပါသည်။ အလွန်ခင်မင်သောသူငယ်ချင်းနှစ်ယောက်

တွင် တစ်ယောက်က ရတနာသုံးပါးကိုရိုသေကိုင်းရှိုင်းစွာ ဘာသာရေး၌မွေ့ထုံသူဖြစ်ပြီးကျန်တစ်ယောက်မှာမူးရူးသောက်စားနေသူဖြစ်ပါသည်။ တစ်နေ့တွင် သူငယ်ချင်းနှစ်ယောက်ခရီးတစ်ခုကိုသွားရာ ဘာသာရေးလိုက်စားသူ သူငယ်ချင်းမှာ ညောင်ကိုင်းကျိုးကျသဖြင့် ပေါင်ကျိုးသွားပါသည်။ အရက်သမားသူငယ်ချင်းကတော့ ထိုညောင်ပင်အမြစ်ကြားမှ ရွှေအိုးရကာသူဌေးဖြစ်သွားပါသည်။ ဤတွင် ဘုရားတရားသံဃာကိုဆည်းကပ်ကိုးကွယ်သူက ဒုက္ခရောက်ပြီး မူးရူးဆိုးပေနေသူကသူဌေးဖြစ်သွားသည့်အတွက် စိတ်တွင်မကြေလည်သဖြင့် သူငယ်ချင်းနှစ်ယောက်ရှေ့ဖြစ်နောက်ဖြစ်သိနိုင်ပောနိုင်သော တောမှီရသေ့ကြီးအားသွား၍ မေးလျှောက်ကြရာ ရသေ့ကြီးက ဘုရားတရားသံဃာကြည်ညိုကိုးကွယ်သူသည် အတိတ်ကံမှာ ဒီနေ့ဒီအချိန်တွင် သစ်ပင်ပိ၍ သေရမည်ဖြစ်သော်လည်း သူ၏ကောင်းမှုကုသိုလ်စရဏအားများသောကြောင့် သစ်ကိုင်းကျိုးကျ၍ခြေတစ်ဖက်ကျိုးရသည်နှင့်ပင်ပြီးရသည်၊ ရွှေအိုးရသည့်မူးပေနေသောသူမှာ ဒီနေ့ဒီအချိန်တွင် များစွာသော ဥစ္စာပစ္စည်းများရမည်ဖြစ်ပါသော်လည်း အကုသိုလ်များလှသဖြင့် ရွှေအိုးတစ်လုံးနှင့်သာပြီးရသည်ဟူသော ဇာတ်ပုံပြင်ကိုစဉ်းစားမိရင် မမြင်ရသော ကံတရား၏ဆန်းကြယ်ပုံကိုအံ့ဩစွာတွေးနေမိပါသည်။ ထိုစဉ် အစ်ကိုဖြစ်သူ၏ချောင်းဟန့်သံနှင့်အတူ ထွက်လာသောစကားသံကြောင့် ကျွန်ုပ်၏စိတ်သည် ပစ္စုပ္ပန်ဘဝထဲသို့ပြန်ဝင်လာပြီးနားထောင်ရန် အသင့်ပြင်လိုက်ပါသည်။

"ဒီလိုကွ ငါ့ညီရအတိတ်ကံတရားကိုပြုပြင်လို့မရဘူး။ ပစ္စုပ္ပန်ကံကိုတော့ပြုပြင်လို့ ရတာပေါ့။ ကံကိုအလုပ်လို့ ဆိုထားတဲ့အတွက် ကောင်းတဲ့အလုပ်ဟာကောင်းတဲ့ကံ ဖြစ်မယ်၊ မကောင်းတဲ့အလုပ်ဟာ မကောင်းတဲ့ကံဖြစ်မှာပါ။ ဒါက ရိုးရိုးလေးပဲတွေးလို့ရပါတယ်။ ဒါပေမယ့် အတိတ်ကံဆိုတာက မင်းတို့ငါတို့မသိနိုင်၊ မမြင်နိုင်ဘူး။ ကောင်းတဲ့အလုပ်လုပ်ရင်းဒုက္ခရောက်ရင် ဒါဟာအတိတ်ကံကြောင့်ပဲ။ မကောင်းတဲ့အလုပ်လုပ်ပြီးကြီးပွားချမ်းသာနေရင်လည်း အတိတ်ကံကြောင့်ပဲလို့ ငါကတော့မှတ်တယ်။ ခုချိန်မှာအကုသိုလ်လုပ်ပြီးချမ်းသာနေရင်လည်း တစ်ချိန်ကျမကောင်းတဲ့အကျိုးကိုခံစားရမှာပဲ။ ကောင်းတာလုပ်နေတဲ့သူတွေလည်း တစ်ချိန်ကျကောင်းတဲ့အကျိုးကိုခံစားကြရမှာပဲ။ဒါကြောင့် ငါကတော့ အကြောင်းတရားကို ယုံကြည်လက်ခံတယ်။ မင်းကို ငါမှတ်ဖူးတဲ့ပုံပြင်တစ်ပုဒ်ကို ပြောပြမယ်"

ဆို၍ စကားစပြီး အေးနေသော ရေနွေးကြမ်းကိုငှဲ့ပြီးသောက်၏။ အစီခံရောက်နေသောဆေးလိပ်တိုကို မီးညှိပြီးဖွာနေပြန်၏။ ကျွန်ုပ်သည် မည်သို့မျှ မပြောဘဲ အလိုက်သင့်နေပေးလိုက်ပြီး လက်ကျန်ကွမ်းတစ်ယာကိုထုပ်ယူ၍ဝါးနေလိုက်ပါသည်။ အစ်ကိုဖြစ်သူ ကိုဟန်သောင်းသည်စကားပြောရန် သူရှိုက်ဖွာနေသောဆေးလိပ်တိုကြီးကို ဆေးလိပ်ခွက်ထဲသို့ ထည့်လိုက်၏။ ကျွန်ုပ်လည်း ထိုင်နေရာမှနောက်လှည့်ကာ ကဲလားတံခါးပေါက်မှ ကွမ်းတံတွေးကို ထွေးလိုက်ပါသည်။

ဟိုရှေးတုန်းက ဘုရင်ကြီးတစ်ပါးရှိတယ်။ ရှေးခေတ်ဘုရင်တွေ ပညာရှိအမတ်တွေ မူးကြီးမတ်ရာတွေဟာ နက္ခတ်ပညာ၊ဝေဒပညာ၊ဗေဒင်ပညာတွေကို တတ်မြောက်ကြတယ်။ တစ်ခါမှာ ဘုရင်ကြီးက စဉ်းစားတယ်။ အခုတစ်လော မူးကြီးမတ်ရာ သေနာပတိတွေကလည်း ငါ့ကိုမလေးစားသလိုပဲ။ နေရထိုင်ရတာလည်း စိတ်တွေ နောက်ကျိနေတော့ သူ့ဇာတာခွင်ကိုယူပြီး ဂြိုဟ်သွားဂြိုဟ်လာတွေကြည့်တဲ့အခါ သူ့ကံဇာတာညှိုးမှိန်နေတာကိုတွေ့ရတယ်။ ကံညှိုးကံနိမ့်နေတာပေ့ါ၊ ဪ ဒါကြောင့် ငါလည်းစိတ်လက်တွေနောက်ကျိနေပြီး မူးကြီး မတ်ရာတွေကလည်း လေးစားသမှုနည်းနေတာကိုလို့ တွေးမိတယ်။မူးမတ်တွေဘက်ကလည်း သူတို့ရဲ့ဘုဉ်းသမှာနဲ့ပြည့်စုံတဲ့ဘုရင်ကြီးကို လေးစားလိုစိတ်မရှိကြဘူး။ သူဆောင်းထားတဲ့ သရဖူမကိုဋ်ကိုလည်း သရဖူလို့မမြင်တော့ဘဲ ပြည်တောင်း (ဆန်ခြင်သည့်ခွက်) ကြီးကိုခေါင်းစွပ်ထားသလိုမြင်နေရတာကို၊ ဒါနဲ့ဘုရင်ကြီးကသဘောပေါက်သွားပြီး တစ်နေ့ညီလာခံမှာစိတ်ချရတဲ့အမတ်ကြီးတစ်ဦးကို နန်းတော်ကိုခဏလွှဲခဲ့ပြီး ခရီးထွက်သွားတယ်၊ ဘုရင်ကြီးကတစ်ပါးတည်း ဆင်းရဲသားပုံစံနဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာသွားပြီး ကပ္ပိယလုပ်နေတယ်။ ဒီလိုနဲ့ သုံးလေးလလောက်ကြာတော့ ကောင်းကင်ဂြိုဟ်သွားဂြိုဟ်လာ နက္ခတ်အနေအထားတွေကြည့်ပြီး သူ့ကံဇာတာပြန်တက်လာတာတွေ့ရတယ်။ ဒါနဲ့ပဲသူနေတဲ့ဘုန်းကြီးကျောင်းကနေ ပြန်ထွက်လာခဲ့တယ်။ အဲဒီအချိန်မှာ နန်းတော်မှာကျန်ခဲ့တဲ့ မူးမတ်တွေကလည်း သူတို့ဘုရင်ကြီးကို အောက်မေ့စိတ်ပူပြီးလိုက်ရှာကြတော့ လမ်းမှာတွေ့ကြတာနဲ့လေးစားကျိုးနွံစွာ နန်းတော်ကို ပြန်ခေါ်ခဲ့ကြတယ်။ နန်းတော်ရောက်တော့ အဲဒီအကြောင်းကို ပြောပြပြီး ကံတရားရဲ့အလှည့်အပြောင်း ဆန်းကြယ်ပုံတွေကို သိသွားကြတယ်။

အစ်ကိုကြီးသည် စကားကိုဖြတ်လိုက်ပြီး တံတွေးကိုပျစ်ခနဲထွေးလိုက်ကား သူ့စကားကို ဆက်ပြန်ပါသည်။

"အဲ့ဒါကြောင့် ငါအမျိုးမျိုးစမ်းသပ်ပြီး (၅) နှစ်လောက်ဆက်ပြီး လယ်လုပ်ကြည့်လိုက်သေးတယ်။နောက်တော့မှ ငါ့ယောက်ဖအေးမြင့်ကို လယ်ခနဲ့ချလိုက်တာပဲ"

ဆိုကာ သူ့စကားကိုအဆုံးသတ်ပြီး ဆေးလိပ်အသစ်တစ်လိပ်ကိုမီးညှိ၍ အရသာခံရှိုက်ဖွာနေသလို ကျွန်ုပ်ကလည်း ရေနွေးကြမ်းငှဲ့၍ သောက်နေလိုက်ပါသည်။ ထို့နောက် ကျွန်ုပ်က-

"အင်းအစ်ကိုကြီးပြောတော့လည်း ဟုတ်တာပဲ၊ ဒါကြောင့် ကံမရှိဉာဏ်ရှိတိုင်းမွဲဆိုတဲ့စကားလိုပဲတချို့အကြံဉာဏ်နဲ့စီးပွားရေးတွေ ဝီရိယထားလုပ်ကြပေမယ့် ကံအကျိုးပေးမကောင်းရင် အဆင်မပြေဘဲ ရှိတာတောင် ကုန်သွားကြတာ၊ ခုခေတ်ထဲမှာလည်းကြားနေရတာ မြင်နေရတာပဲ။ သူများစီးပွားဖြစ်တဲ့လုပ်ငန်းကို ကိုယ်ကအားကျပြီး သူ့လိုလိုက်လုပ်ပေမယ့် မအောင်မြင်ဘဲ ဆုံးရှုံးသွားတဲ့သာဓကတွေလည်းအများကြီးတွေ့ဖူးကြတာပဲလေ"

"အေးလေကွာ၊ ဒါကြောင့်ရှေးလူတွေ ကံ၊ ဉာဏ်၊ ဝီရိယအကြောင်းသုံးပါးဆုံမှ တိုးတက်ကြီးပွားအောင်မြင်တယ်လို့ ပြောကြတာပေ့ါ။ ဒါပေမယ့် ငါ့အယူအဆကတော့ ဉာဏ်နဲ့ ဝီရိယ ဘယ်လောက်ပဲကောင်းကောင်း နောက်ဆုံးတော့ ကံကပဲအဆုံးအဖြတ်ပေးမှာလို့ ငါတော့ ယုံကြည်တယ်ကွာ"

သို့ဖြင့် အစ်ကိုကြီးဟန်သောင်း၏စကားစပြတ်သွားခဲ့ပါသည်။ သို့သော် ကျွန်ုပ်၏အတွေးသည် မပြတ်။ ကံတရား၏ဆန်းကြယ်သောအကြောင်းကို ဉာဏ်မမီစွာ စဉ်းစားရင်း 'ကဲလား' တံခါးမှတစ်ဆင့်ကျယ်ပြောလှသောကွင်းပြင်ကိုလှမ်းကြည့်လိုက်ရာ နေညိုချိန် တိမ်တောက်နေလေပြီ။

(လွန်ခဲ့သောသုံးနှစ်ခန့်က ကွယ်လွန်သွားရှာသောအစ်ကိုဟန်သောင်းအား သတိရစွာဖြင့်။)

မောင်စိမ်းရင့်(ကျုံပျော်)

# KMအေး(ကျိုက်ပျော်)
# ပရလောကဝင် စကားဝိုင်း

ကျွန်တော်သည်တစ္ဆေသရဲနှင့်ပတ်သက်သောပရလောကသားများအကြောင်းကိုသူတစ်ပါးပြန်လည်ပြောပြသည်များမှဝတ္ထုတိုကလေးများအဖြစ် ဖန်တီး၍အလျဉ်းသင့်သလို ရေးသားခဲ့ပါသည်။ ကိုယ်တိုင်ကြုံတွေ့ခဲ့ခြင်းတော့မရှိခဲ့ပါ။ အချို့သောသူများက ထိုသို့သောပရလောကသားများကို ကံနိမ့်သည့်အခါမှသာမြင်ကြရသည်ဟူသောအဆိုကလည်းရှိပြန်တော့ကျွန်တော်အမြဲတမ်းကံမြင့်နေသူဖြစ်၍လားစဉ်း[illegible]မိသည်။

ထိုအကြောင်းများနှင့်ဆက်စပ်၍



ကြားဖူးသောဖြစ်ရပ်တစ်ခုရှိပါသည်။တစ်ညတွင်သူငယ်ချင်းတစ်စုဝိုင်းဖွဲ့၍ ရောက်တတ်ရာရာစကားများပြောကြရင်းတစ္ဆေသရဲများအကြောင်းဆီရောက်သွားသည်။ တစ်ဖက်မှမရှိဟူသောသူများကတစ်ဖက်၊ ရှိသည်ဆိုသောသူများကတစ်ဖက်အငြင်းအခုံဖြစ်နေကြသည်။ ရှိသည်ဆိုသောသူများကစိန်ခေါ်လိုက်တော့သည်။

"မင်းတို့အထဲကအယုံအကြည်မရှိဆိုရင်လက်တွေ့စမ်းလို့ရတယ်။ လကွယ်ညသန်းခေါင်ယံအချိန်မှာအမဲသားတစ်တွဲဆွဲပြီး သင်္ချိုင်းကုန်းထဲသွားဝံ့တဲ့သူရှိလား၊ ထွက်ခဲ့ဒါဆိုအဖြေပေါ်ပြီ"

ဆိုလိုက်သည်။ ထိုရောအခါမရှိဟူသောဘက်မှသွားဝံ့သူပေါ်မလာတော့ပါ။ သို့ဆိုလျှင် အမြဲတမ်းကံမြင့်နေသူဟုတွက်ထားသော ကျွန်တော်လည်းမသွားဝံ့သောအုပ်စုတွင်အပါအဝင်ဖြစ်ပါသည်။

*

ရွာမှကိုချက်ကြီးဆိုသူသည် နွားပွဲစားတစ်ယောက်ဖြစ်သည်။တစ်ခါတစ်ရံတွင် ခိုင်းနွားများသာမကအမဲပေါ် ရန်နွားများကိုပါဝယ်လာတတ်သည်။ ထိုအခါမျိုးတွင် သားသတ်ရုံတွင် ညအိပ်ဖြစ်သည်။ သားသတ်ရုံမှာသင်္ချိုင်းကုန်းအစပ်တွင်ရှိသည်။ ည၃နှစ်နာရီလောက်တွင် အမဲပေါ်ကြသည်။အမဲဖျက်နေခိုက်အပြင်ဘက်ဆီမှ ကျွတ်စီကျွတ်စီအသံများဘေးထရံများကိုပုတ်သံများကြားရတတ်သည်။ အပြင်ဘက်ထွက်ကြည့်တဲ့အခါအနီးအနားတွင်မည်သည့်အကောင်ဗလောင်မှမတွေ့ရ။ သင်္ချိုင်းကုန်းထဲမှ ပရလောကသားများ အစာတောင်းကြသည်။ အဲ့ အရိုးအရင်းလေးနည်းနည်းပါးပါးပစ်ပေးလိုက်ရင်တော့ငြိမ်သွားပြန်ရောလို့ပြောဖူးသည်။

အောက်တွင်ဖော်ပြမည့်အကြောင်းအရာများသည် စကားစပ်မိ၍ပြောကြဆိုသည့်အကြောင်းအရာများဖြစ်ပါသည်။

*

တန်ဆောင်မုန်းလဆန်း (၄) ရက်နေ့ညဖြစ်ပါသည်။ ည (၁၁) နာရီခန့်ရှိပြီဖြစ်သောကြောင့် နိဗ္ဗာန်ဈေးပွဲတိုးသူများ မီးထွန်းပွဲကြည့်သူများ ညဦးပိုင်းတွင်ဆူညံနေသော်လည်း ည၃နက်လာသည်နှင့်တဖြည်းဖြည်းတိတ်ဆိတ်သွားတော့သည်။ ကောင်းကင်ပြင်ရှိပြည့်လုနီးနီးဝိုင်းစက်စက်လမင်းကြီးသည် မြူတိမ်ကင်းစင်လျက်ရှိသောကြောင့် ထိန်ထိန်သာလျက်ရှိနေတော့သည်။ မစိုးရိမ်ကျောင်းတိုက်အတွင်းရှိ လူတစ်စုမှာမနက်ဖြန်ကထိန်ပွဲတော်တွင်ဧည့်ခံကျွေးမွေးရန် ထမင်းဟင်းများကိုချက်ပြုတ်နေကြသည်။အပြင်ဘက်တွင် အအေးဓာတ်ရှိနေသော်လည်း သူတို့မှာချွေးတလုံးလုံးဖြင့်မမောနိုင်မပန်းနိုင်ကြပါ။

"ဟေ့ကောင် ပေါက်စီ၊ ခြူးနဂါး တစ်ထုပ်လောက်ပြေးဝယ်စမ်း"

ဆေးလိပ်နှင့်ပါးစပ်အပြတ်မခံနိုင်သောဘကြီးသာစိန်က မြေးဖြစ်သူပေါက်စီကိုငါးရာတစ်ရွက်ပေး၍ဝယ်ခိုင်းလိုက်သည်။

"အဘကလည်း အချိန်မတော်၊ အနားကဆိုင်တွေပိတ်ကုန်ပြီ"

"ဒါဆိုလည်း လမ်းထိပ်ကဆိုင်သွားကွာ၊ မပိတ်လောက်သေးပါဘူး"

ဟု ဟင်းအိုးကိုမွှေရင်းပြောသည်။

"အဘကလည်းကျွန်တော်မသွားရဲဘူး။ ဟိုလမ်းကြားဝါးရုံပင်က တစ္ဆေခြောက်တယ်"

"မင်းကလည်း သူများအပြောနဲ့ကြောက်နေတာ၊ မင်းအခြောက်ခံရဖူးလို့လား"

"ကျွန်တော်တော့အခြောက်မခံရဘူးပေါ့။ ကျွန်တော့သူငယ်ချင်း ခွေးပုမနက်သုံးနာရီလောက် ရန်ကုန်ကားစီးမလို့ထသွားတုန်းမှာ ဝါးရုံပင်ကထွက်ပြီးလမ်းဟိုဘက် ဒီဘက်ကာသစ်ပင်နှစ်ပင်ကိုတွဲလောင်းခိုနေတာတွေ့ရလို့ နောက်ကြောင်းပြန်ဒုန်းစိုင်းပြေးခဲ့ရတဲ့အကြောင်း အဘလည်းသိနေသားနဲ့"

ပေါက်စီက သူမသွားရဲကြောင်းပြောပြီးထိုင်နေတော့သည်။ ဘကြီးသာစိန်လည်းဘာမှပြန်မပြောတော့ဘဲ အနီးရှိကွမ်းအစ်ကိုသာဖွင့်လိုက်ပါတော့သည်။

ပေါက်စီတို့မြေးအဘိုး အပြန်အလှန်ပြောဆိုကြသောစကားမှ အစထွက်လာပြီးတစ္ဆေသရဲနှင့်ပတ်သက်သည့်အကြောင်းများကို ထမင်းချက်နေသူများထဲမှ သူတို့၏အတွေ့အကြုံများကိုပြန်လည်ပြောဆိုကြတော့သည်။

*

နံနက်စောစောလေးနာရီအချိန်လောက်မှသွားရမည့်ခရီးဖြစ်သော်လည်းနှစ်နာရီမထိုးခင်ကပင် နိုးနေပါပြီ။ ပြန်အိပ်၍မရတော့သည်နှင့် မျက်နှာသစ်ရန်နောက်ဖေးရေစင်ဘက်သို့ ထွက်လာခဲ့သည်။ မိုးဦးကာလ လမိုက်ညဖြစ်သောကြောင့် ဝန်းကျင်တစ်ခုလုံးမှာမှောင်မည်းလျက်ရှိနေသည်။ ကြီးမားသောသရက်ပင်ကြီးများကြောင့် အမှောင်ထုပိုလျက်ရှိနေတော့သည်။ တစ်ရွာလုံးအိပ်မောကျချိန်ဖြစ်၍တိတ်ဆိတ်လျက်ရှိနေသည်၊ လေတိုးသံပင်မကြားရပါ။ ကျွန်တော်မျက်နှာသစ်ရန်စဥ့်အိုးနားအရောက်တွင် ရွှေ့လျားနေသော မည်းမည်းသဏ္ဍာန်တစ်ခုကို ရုတ်တရက်တွေ့လိုက်ရသည်၊ ကြောက်စိတ်ကြောင့် ရင်မှာတဒိတ်ဒိတ်ခုန်တော့၏။ ခေါင်းနားပန်းကြီးသွားသည်။ နောက်တစ်ကြိမ်ပြန်အကြည့်တွင် ရှူး ရှူး ရှူးဟူသောအသံကိုပါကြားလိုက်ရသည်။

'ငါ့ကို တစ္ဆေခြောက်နေတာများလား'

ဟုထင်မိသည်။ ကြောက်စိတ်ကိုထိန်းကာ ခါးကြားရှိလက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်ပါသည်။ လားလား ကျွန်တော်မြင်လိုက်သည်မှာစာဥကြီးဖြစ်နေပါသည်။ အိမ်ကနွားကြီး ကြိုးပြေပြီးအပြင်ရောက်နေတာဟုနိတုံးကသူအဖြစ်ကိုပြန်ပြောပြသည်။

"ကျွန်တော်လည်း ခင်ဗျားအဖြစ်နဲ့ခပ်ဆင်ဆင်"

ဟုဆိုကာ ကိုချိုကြီးကစကားစလိုက်ပြန်သည်။

"တစ်ည သန်းခေါင်ယံအချိန်လောက်မှာအပေါ့အပါးသွားချင်တာနဲ့ အိမ်အနောက်ဘက်ကိုဆင်းလာခဲ့တယ်၊ လမိုက်ညဆိုတော့ကောင်းကင်ယံမှာကြယ်ကလေးတွေသာပေါက်နေသည်။အမှည့်လွန်နေတဲ့သရက်သီးတွေကို လင်းဆွဲတွေကလာပြီး စားနေကြတော့ သူတို့ရဲ့တောင်ပံရိုက်သံတွေကလည်း တဖျတ်ဖျတ်နဲ့၊ သည်လိုနဲ့လျှောက်လာရင်း ငှက်ပျောပင်အောက်မှာဖြူဖြူကြီးတွေ့လိုက်ရတော့လန့်ပြီးခေါင်းကဆံပင်တွေတောင်ထောင်သွားတယ်ထင်ရတယ်။ အသားတွေလည်းတုန်ချင်သလိုဖြစ်သွားတယ်၊ ဘာဖြစ်လို့ကြောက်ရမှာလဲဆိုပြီး ရှေ့တိုးကြည့်လိုက်တော့ နေ့လယ်ကလှန်းထားတဲ့အဖြူရောင်စောင်ကြားကိုမရုတ်မိတာကိုး။ ဒီတော့မှကိုယ်ကိုယ်ကိုသတ္တိကောင်းပြီဟုထင်မိတာ တကယ်တမ်းတစ္ဆေအစစ်နဲ့မတွေ့သေးတောင်အမှောင်ထဲဆိုတော့ တွေ့ရာမြင်ကိုတလွဲထင်ပြီးကြောက်နေတတ်တာလည်းဖြစ်နိုင်တယ်"

ကိုချိုကြီးက သူ့စကားကိုအဆုံးသတ်၍အနီးရှိရေနွေးကြမ်းကိုလှမ်းယူ၍သောက်လိုက်ပါတော့သည်။

"တစ်ခါတစ်ရံမှာ တောလမ်းခရီး

တိုသွားရင် သစ်ပင်ကြီးတွေပေါ်ကရေနဲ့ ဖက်တာတွေ မြေကြီးခဲတွေနဲ့ပစ်တာတွေ လည်းရှိတတ်တယ်။ မသိရင်တော့တစ္ဆေ ခြောက်တယ်ဆိုပြီး နောက်လှည့်မကြည့်ဘဲ တချိုးတည်းပြေးကြတာပဲ။ တကယ်တော့ သစ်ခေါင်းကြီးတွေမှာ မိုးရေလက်ကျန်တွေ ကြွက်ကျစ်စာခဲတွေရှိနေတတ်တယ်။ အဲဒါတွေကို ကြွက်ကြီးတွေကယက်ချတဲ့အခါ ဖြစ်တတ်တယ်။ နဂိုကတည်းကကြောက်စိတ်နဲ့ဖြတ်သွားနေရတဲ့အထဲ ခုလိုကြုံလာတော့ထင်စရာတွေပဲပေါ့"

ကိုညိုကလည်း သူသိထားသည်တို့ဝင်ထောက်လိုက်ပြန်သည်။စကားဝိုင်းမှာပြောသူ၊နားထောင်သူများနှင့်အတော်စိုပြည်လာတော့၏။

"မင်းတို့ထင်ရောင်ထင်မှားဖြစ်ခဲ့တာတွေမတွေ့မကြုံဘူးတော့သရဲတစ္ဆေတွေမရှိပါဘူးလို့တော့ တထစ်ချမမှတ်ကြနဲ့"

ဘကြီးဖြစ်တဲ့ဦးပဥ္စင်းဝကြီးပြောပြတဲ့တကယ့်အဖြစ်ကိုဆိုပြီး ဦးချမ်းသာကစကားစလိုက်သည်။

*

ဂျပန်ခေတ်ကအဖြစ်အပျက်ပါ။

ပေပင်ကုန်းရွာသည် မြို့သာနှင့်မြို့လှအလယ်တည့်တည့်လောက်တွင်ရှိလိမ့်မည်။ ထိုရွာကလေးရှိ ဘုန်းတော်ကြီးကျောင်းသည် ဗုဒ္ဓဘာသာဝင်များ၏ထုံးစံအတိုင်း ရွာဦးထိပ်တွင်တည်၍ကိုးကွယ်ထားကြသည်။ ကျောင်းဆောင်တိုသောက်ရေအိုးတစ်လုံးခန့်ရှိသောကျွန်းတိုင်ကြီးများဖြင့်ဆောက်လုပ်ထားသည်။ ခြေတံရှည်ကျောင်းမျိုးဖြစ်သည်။ကျောင်းကြီး၏ခေါင်းရင်းဘက်တွင် သက်တော်အားဖြင့်(၆၀)ကျော်ဖြစ်သောကျောင်းထိုင်ဆရာတော်ကြီးဦးဝါယမနှင့် တောထွက်ရဟန်းကြီးဦးပဏ္ဍိတတို့သာ သီတင်းသုံးနေထိုင်ကြသည်။ ဦးပဥ္စင်းကြီးဦးပဏ္ဍိတကိုရွာရှိဒကာ၊ ဒကာမများက လူ့အမည်နှင့်ပင်တွဲ၍ ဦးပဥ္စင်းဝကြီးဟုသာအခေါ်များသည်။ ကျောင်းထိုင်ဆရာတော်ကြီးနှင့်သက်တော်မတိမ်းမယိမ်းဖြစ်သည်။ ကျောင်းအိပ် ကျောင်းစား ကျောင်းသားမရှိ။ ဆွမ်းခံချိန်တွင်သာလာရောက်ဆွမ်းခံပေးသော ရွာထဲမှကျောင်းသားလေးငါးယောက်သာရှိသည်။ နေ့လယ်ပိုင်းတွင် ဦးပဥ္စင်းဝကြီး စာလေးဘာလေးတော့သင်ပေးတာရှိသည်။ ရေးတတ်ဖတ်တတ်ရုံမျှသာ၊ ညပိုင်းတွင်တော့ အိမ်ပြန်အိပ်ကြသည်။ ကျောင်းခြံဝင်းမှာကျယ်ဝန်းလှ၍ သရက်၊ မရန်း၊ အုန်း၊ ပိန္နဲစသည့်အပင်ကြီးများဖြင့်အုပ်အုပ်ဆိုင်းဆိုင်းရှိလှသည်။ နေ့ဘက်တွင်သာကျောင်းသားများ၏စာအံသံကိုကြားရမည်ဖြစ်၍ ညအချိန်တွင်စောစောအိပ်ရာဝင်တတ်သည့်ဘုန်းကြီးများဖြစ်သောကြောင့်ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်မှုသာလွှမ်းနေတော့သည်။

တစ်ညလမိုက်သည့်သန်းခေါင်ယံအချိန်လောက်တွင် ကျောင်းထိုင်ဆရာတော်ကြီးအား အိမ်မက်ပေးသလိုလိုကိုယ်တိုင်ပဲလာ၍လျှောက်ထားသလိုဖြင့်-

"တပည့်တော်တို့ဟာ ကျောင်းအပြင်ဘက်မှာနေရတဲ့မကျွတ်မလွတ်တဲ့နာနာဘာဝတွေပါ။ စားရသောက်ရတာလည်း အရှင်ဘုရားတို့စွန့်ပစ်တဲ့ထမင်းကျန်၊ ဟင်းကျန်တွေပါ။နေရတော့လည်းသစ်ပင်ကြိုသစ်ပင်ကြားတွေမှာပါ။အင်မတန်မှပင်ပန်းဆင်းရဲလှပါတယ်။ ဒီဘဝတွေကနေကျွတ်လွတ်ချင်လှပါပြီ။တပည့်တော်တို့ကို အစဉ်သနားသောအားဖြင့်အရှင်ဘုရားကြွပြီး ပရိတ်တရားတော်ချီးမြှင့်ပေးပါ။အမျှအတန်းလည်းဝေပေးပါ။ သာဓုခေါ်ပါရစေ".

ဟုလျှောက်ထားသည်။ ဆရာတော်ကြီးလည်းသက်နိုးရုံ၍ကျောင်းဝင်းအပြင်ဘက်လမ်းကြားကလေးဆီသို့လိုက်သွားသည်။ လမ်းလျှောက် ပရိတ်တရားကိုရွတ်ဖတ်ပေးသည်။ ရှိုရှိုသေသေလက်အုပ်ချီ၍နာယူကြသည့်ရှိသည်။ အချို့မှာမနာယူဘဲကျောခိုင်း၍ထိုင်နေကြသူများကိုလည်းတွေ့ရသည်။ ဆံပင်နီကြောင်ကြောင် စုတ်ဖွားဖွား မျက်တွင်းဟောက်ပက်ရှိသောရုပ်ရည်များ၊ ပါးစပ်ပေါက်ကျဉ်းကျဉ်းနှင့် အရိုးငေါငေါထွက်နေသောခန္ဓာကိုယ်များ၊ ခေါင်းသေးသေးနှင့်ခန္ဓာကိုယ်ကြီးမားသူများ စသည့်အချိုးမကျသောပုံပန်းသဏ္ဍာန်များကိုတွေ့မြင်ရသည်။ ဆရာတော်ကြီးပရိတ်ရွတ်နေသည်မှာ မည်မျှကြာသွားပြီမသိပါ။ အတူနေသည့်ဦးပဥ္စင်းဝကြီးကဆရာတော်ကြီး ကျောင်းအောက်ဆင်းသွားသည်မှာအတော်ကြာလှပြီ၊ ဘာများဖြစ်နေသလဲသွားကြည့်ဦးမှဆိုကာ ကျောင်းအောက်သို့ဆင်းလာခဲ့သည်။ ကုဋီဘက်သို့သွားကြည့်သော်လည်း မတွေ့ပါ။ ကျောင်းဝင်းအတွင်းလိုက်၍ လက်နှိပ်ဓာတ်မီးဖြင့်လိုက်ထိုးကြည့်သော်လည်း မတွေ့ပါ။ ကျောင်းဝင်းအပြင်ဘက်ရှိလမ်းကြားသို့ထိုးကြည့်လိုက်ရာ မည်းမည်းသဏ္ဍာန်ကိုရိပ်ခနဲတွေ့လိုက်ရသည်။ ကျောင်းဝင်းအပြင်သို့ထွက်လာခဲ့သည်။ ဆရာတော်ကြီးမှာ ပါးစပ်ကပရိတ်တရားတော်ကိုရွတ်မြဲရွတ်နေသည်။

ဆရာတော်ကြီး၏တစ်ကိုယ်လုံးမှာ ချွေးများစိုလျက်ရှိနေသည်။အသံပင်တုန်နေတော့သည်။ ဦးပဥ္စင်းဝကြီးက-

"ကိုယ်တော်မောနေပြီလေ၊ကျောင်းပေါ်ပြန်တက်ပါတော့"

ဟု လက်ကိုဆွဲ၍သတိပေးလိုက်သည်။

"ငါ့ကို ကျောင်းအပြင်ဘက်ကပေါဒီနာနာဘာဝတွေကသူတို့အတွက်ပရိတ်ရွတ်ပေးပါလို့ လာလျှောက်တာနဲ့ရွတ်ပေးနေတာ၊ မင်းဘေးမှာတွေ့တယ်မဟုတ်လား"

"မှန်လှပါ၊ တပည့်တော်ဘာမှမတွေ့ပါဘူး။ ကိုယ်တော်လည်း ပင်ပန်းလှပါပြီ၊ကျောင်းပေါ်ပြန်တက်ပါတော့"

ဆိုလိုက်သဖြင့် ကျောင်းကြီးပေါ်သို့ပြန်တက်ခဲ့ကြသည်။ နောက်နေ့ညတွင် လာရောက်လျှောက်ထားသူက သူနှင့်သူ့အပေါင်းအဖော်များ ဆရာတော်ကြီး၏ပရိတ်ရွတ်၊ အမျှအတန်းဝေသောကြောင့်သာဓုခေါ် ခွင့်ရကြသဖြင့်ကောင်းမွန်ရာနေရာသို့ရောက်သွားကြောင်းကျေးဇူးတင်လှန်း၍ဆရာတော်ကြီးကိုကန်တော့ရင်းနှုတ်ဆက်ခဲ့ပါကြောင်း အိပ်မက်ပေးပြန်သည်။

ဒီအကြောင်းကကျွန်တော့်ဘကြီးနဲ့ဆရာတော်ကြီးတို့ ကြုံတွေ့ခဲ့ရတဲ့တကယ်ဖြစ်ရပ်မှန်ပါ"

ဦးချမ်းသာ သူ့စကားကိုအဆုံးသတ်လိုက်သည်။

"ကျွန်တော်တို့လည်းပရလောကသားတွေနဲ့တွေ့ဆုံခဲ့ရတာကဒီလိုပါ"

ညွှက်ပုကလည်း စကားဝိုင်းထဲဝင်ပါလာသည်။

*

နွေနှောင်းပိုင်းကာလညတစ်ညဖြစ်ပါသည်၊လဆန်းရက်များဖြစ်သောကြောင့်ကောင်းကင်ပြင်တွင် လမင်းကြီးသည်ဝိုင်းစက်လျက်ရှိနေသည်။ သာချင်တိုင်းသာနေတော့သည်။ညောင်ချဉ်ကုန်းရွာကလေးပေါ်တွင် အေးမြသောအလင်းရောင်ကိုပေးနေသည်ကိုရွာအပြင်ဘက်ရှိဦးဖိုးဝ၏တလင်းပြင်တွင် ညွှက်ပု၊ မှတ်ကြီး၊ မောင်ချစ်တို့ကာလသားတစ်စုမှာသန်းခေါင်နားနီးအချိန်ပင်ရှိသော်လည်းဝိုင်းဖွဲ့၍ရောက်တတ်ရာရာစကားများကို

သဘာဝဆေးဖက်ဝင်

# ချင်းတောင်တန်းက နတ်ဆေးဂမုန်း ဂမုန်းချစ်



မြန်မာနိုင်ငံ၏အနောက်မြောက်ဘက်ရှိ ချင်းတောင်နတ်ဆေးဂမုန်းသည် သဘာဝဆေးဖက်ဝင်ဂမုန်းအနွယ်ဝင်ဖြစ်သည်။နတ်ဆေးဟုဆိုရလောက်အောင်ပင် နတ်တို့က ဆေးဝါးအဖြစ်ဖန်တီးပေးခဲ့လေသလားဟုပင် ယုံကြည်နေမိသည်။ နတ်ဆေးဂမုန်းပင်၏ မူရင်းဒေသမှာ အာဖဂန်နစ္စတန်၊ တိဘက်တောင်ပိုင်း၊ နီပယ်မြောပိုင်းမှာ ဘူတန်နိုင်ငံတို့ဖြစ်သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ပေါများစွာပေါက်ရောက်သည်။မြင့်မားသောတောင်တန်းများနှင့် အေးမြသောဒေသများတွင်ပေါက်ရောက်သည်။ အရွက်ကြီးပြီး ဝိုင်း၍တစ်ပေနီးပါးရှိကာအလျားတစ်ပေကျော်ကျော်ရှိသည်။ အရွက်အပေါ်မျက်နှာပြင်သည် အစိမ်းရောင်တောက်ပြီး အောက်ဘက်တွင် အရောင်ဖျော့တော့သည်။ အရွက်အနားတွင် အရွက်ကလေးများ ခပ်ကျဲကျဲပါရှိသည်။ ရွက်နုများမှာ အနီရောင်သန်းပြီး ပင်စည်မှပန်းခိုင်ရှည်ထွက်သည်။ အပွင့်မှာ ပန်းရောင်ပွင့်ကလေးများ ခပ်စိပ်စိပ်အခိုင်လိုက်ပွင့်ပြီး ပွင့်ရွက်ငါးခုပါရှိကာ ဝတ်မှုန်များပါရှိသည်။ အလှစိုက်လျှင်လည်း တင့်တယ်လှပ၍ကျက်သရေရှိလှသည်။

လူသားတို့၏အသက်ရှင်ရပ်တည်ရေးအတွက် အစာအာဟာရသည် မရှိမဖြစ်လိုအပ်သကဲ့သို့ကျန်းမာရေးအတွက်လည်း ဆေးဝါးများလိုအပ်ပါသည်။နတ်ဆေးဂမုန်းပင်သည် အစားအစာတစ်ခုအဖြစ်လည်း စားသုံးနိုင်သည့်အပြင် တိုင်းရင်းဆေးဝါးအဖြစ်လည်း အသုံးပြုနိုင်သည်။ အဓိကအားဖြင့်ကျောက်ကပ်နှင့်သက်ဆိုင်သော ရောဂါများနှင့်ဖျားနာခြင်းအမျိုးမျိုးကို ကုသရာတွင်အသုံးပြုသည်။ တိုင်းရင်းဆေးဆရာများက ထိုဆေးဂမုန်းပင်ကို အမှုန့်ကြိတ်ကာ ကျန်းမာရေးအတွက် ဆေးအမျိုးမျိုးဖော်စပ်ရာတွင်အသုံးပြုသည်။

အစာလည်းဆေးဆေးလည်းအစာဆိုသကဲ့သို့ ချင်းတောင်တန်းမှ တိုင်းရင်းသားများသည် ထိုနတ်ဆေးဂမုန်း၏အရွက်၊ အပွင့်နှင့်အမြစ်တို့ကို နေပူလှန်း၍အခြောက်ခံကာရေနွေးကြမ်းသောက်ရာတွင်လက်ဖက်ခြောက်အနေဖြင့်အသုံးပြုကာသောက်လေ့ရှိသည်။ ဆီးပူ၊ဆီးချုပ်၊ ဆီးအောင့်၊ ဆီးကျန်ညောင်းကျရောဂါပျောက်ကင်းစေသည်။ ထို့ပြင် ထိုနတ်ဆေးဂမုန်းအမှုန့်အားပျားရည်ဖြင့်သောက်သုံးလျှင်ပန်းသေပန်းညှိုးရောဂါများ၊ ကိုယ်တစ်ခြမ်းသေရောဂါများပျောက်ကင်းစေသည်။ ဆေးဝါးအဖြစ်သုံးစွဲရသကဲ့သို့ အရွက်နှင့်အပွင့်ကိုလည်း သက်သတ်လွတ်အာဟာရအနေဖြင့် အစိမ်းသုပ်စားကြသည်။ ထိုသို့ အစိမ်းသုပ်စားခြင်းဖြင့်သွေးတိုးရောဂါနှင့်နားလေထွက်ရောဂါများပျောက်ကင်းစေပါသည်။

ချင်းတောင်နတ်ဆေးဂမုန်း Bio active Compound များစွာပါဝင်နေသောကြောင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုစေပြီး အကျိုး

ပြောဆိုနေကြသည်။ ကိုယ့်အိမ်ကိုယ့်ရာသို့ပြန်မအိပ်နိုင်ကြသေးပါ။ ကွင်းပြင်ဘက်ဆီမှတိုက်ခတ်လာသောလေနုအေးကလေးများကြောင့် ကောက်ရိုးပုံကိုမှီကာငိုမ်ခတ်နေကြတော့သည်။ သူတို့နှင့်ခပ်လှမ်းလှမ်းသခွပ်ပင်ကြီးဆီမှလင်းဆွဲငှက်တို့၏တောင်ပံခတ်သံများကိုတဖျတ်ဖျတ်ကြားနေရသည်။ထိုသခွပ်ပင်ကြီးကိုငေးကြည့်နေရင်း ဝါးပိုးရုံဆီမှ ဝါးပိုးဝါးတစ်လုံးကိုခိုစီးနေသော မည်းမည်းအကောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ ကိုယ်လုံးကြီးမှာစပါး၂၀၀င်ပုတ်တစ်လုံးစာမျှရှိလောက်သည်။ သူ့ကိုယ်လုံးကြီး၏အလေးချိန်ကြောင့် ဝါးပင်ကြီးသည်လေးကိုင်းသဏ္ဌာန်ဖြစ်လာသည်။

ထိုအရာကိုသူနှင့်အတူထိုင်နေသူများအား-

"ဟေး ဟိုမှာ ဟော့ဟိုမှာ"

ဟုအလန့်တကြားအော်ပြောလိုက်၏။ ထိုအခါဘုတ်ဟူသောခဲတစ်လုံးကျသံနှင့်အတူ ဝါးပိုးဝါးလုံးကြီးသည် ပိုးခန်ပြန်၍မြောက်တက်သွားပြန်တော့သည်။ နောက်တစ်ခါ မည်းမည်းအကောင်ကြီးနှင့်အတူ ဝါးပိုးဝါးကြီးကိုင်းလာပြန်သည်။

"ဒါတို့ကိုတစ္ဆေခြောက်တာကွ၊ဒီလိုလုပ်လို့ဘာရမလဲ၊ အင်း ဒီမှာမနေနိုင်အောင် မှတ်လောက်သားလောက်ဆုံးမပေးလိုက်မယ်"

ပြောပြောဆိုဆိုနှင့်ညွှက်ပုက-

"ဟော့ကောင်တွေ ကောက်ရိုးတွေပွေ့ကွ"

ဆိုပြီး ဝါးပိုးရုံအောက်တွင်စုပုံကာမီးတိုက်ကြတော့သည်။ ကောက်ရိုးခြောက်များမှတစ်ဆင့် အနီးရှိဝါးရွက်ခြောက်များပါအရှိန်ကောင်းကောင်းဖြင့်တောက်လောင်ပါတော့သည်။တဖြောင်းဖြောင်းဖြင့်လောင်နေသောဝါးပေါက်သံများကြောင့် အနီးရှိလူများလန့်နိုးလာကြသည်။ မီးတောက်ကြီးမှာကြီးသည်ထက်ကြီးလာသည်။ ရွာရှိအိမ်များသို့ပင်ကူးစက်လောင်နိုင်သောအနေအထားဖြစ်လာသည်။ ရွာထဲရှိလူများသည် ရေပုံးများ၊ ရေထမ်းများဖြင့်မီးကိုဝိုင်းငြိမ်းကြသည်။ ညွှက်ပုတို့လူစုမှာလည်း သူတို့နှင့်အတူရောယောင်၍မီးငြိမ်းသတ်ကြသည်။

"ကျွန်တော်တို့လည်း ကိုယ်လုပ်တာလို့ ဘယ်ပြောရဲပါ့မလဲ"

ညွှက်ပုက သူစကားကိုအဆုံးသတ်လိုက်သည်။

"ဟော့ကောင်တွေ မင်းတို့စကားပြောနေကြတာကြာလှပြီ၊ ထမင်းပေါင်းပြီးလို့ ဟင်းအိုးဆက်တည်ရမယ်၊ လူစုခွဲကြတော့"

ဘကြီးသာစိန်ကငေါက်လိုက်သဖြင့်စကားဝိုင်းမှလူများထလိုက်ကြပါတော့သည်။

KM အေး(ကျုံပျော်)

ကျေးဇူးများလှသည်ကို တွေ့ရပေသည်။ ထိုနတ်ဆေးဂမုန်းကို မြန်မာနိုင်ငံတွင် လူသိများစေ၍ အသုံးများစွာကို ဖော်ထုတ်ပေးသူကား ပျံလွန်တော်မူခဲ့ပြီဖြစ်သော ရေဆူဆရာတော်ကြီးဟုလူသိများသည့် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရပင်ဖြစ်သည်။ ဆရာတော်ကြီးသည် ဖလမ်းမြို့နယ်၊ ဂေါ်ရခါးရွာအနီးရှိ လုံပီးလေးရွာတွင် သီတင်းသုံးနေထိုင်တော်မူရင်း ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး၏မိန့်ဆိုချက်အရ ထိုဆေးပင်သည် ဂမုန်းအနွယ်ဝင်ဖြစ်ပြီး စားသုံးခြင်းဖြင့် အသက်ရှည်ခြင်း၊ ဆံပင်မဖြူ သွားမကျိုးစေဘဲ အိပ်ပျော်စားဝင်ခြင်းဖြစ်၍ အရွယ်တင်နုပျိုစေသည့်အတွက် လူကြီး၊လူငယ်မရွေးစားသုံးနိုင်သည်။ သဘာဝတောင်ဆိတ်များဒဏ်ရာရလျှင် နတ်ဆေးဂမုန်းပင်များကို သွားရောက်ရှာဖွေစားသောက်ကြသည်ကို ဒေသခံတိုင်းရင်းသားချင်းတို့ကတွေ့မြင်ကြပြီး ထိုဂမုန်းပင်ကို 'တောင်ဆိတ်ဆေးပင်' ဟုပင်ခေါ်ကြသည်။ ဂေါ်ရခါးတို့က ထိုနတ်ဆေးဂမုန်းကို 'ပါးခန်းဘက်'ဟု ခေါ်ကြသည်။ နှစ်ရှည်ခံဆေးဂမုန်းပင်တစ်မျိုးဖြစ်သည်။ ပင်စည်မှာနှစ်ရှည်လျှင် အတန်ငယ်မာပြီး လုံးပတ်မှာတစ်လက်မမှ တစ်လက်မခွဲထိရှိသည်။ ဆေးဝါးအဖြစ်မှီဝဲခြင်းအားဖြင့် ကိုယ်ခန္ဓာကို အလေးချိန်လျော့ကျစေနိုင်သည်။အဆစ်အမြစ်များကိုက်ခဲခြင်းများမှသက်သာစေသည်။ ကုန်ခမ်းသွားသောအားအင်ကို ပြန်လည်ပြည့်ဖြိုးစေသည်။ ခုခံအားကို တိုးမြှင့်ပေးနိုင်သည်။ချောင်းဆိုး၊ပန်းနာရင်ကျပ်၊ လိပ်ခေါင်း၊ မောပန်းနာ၊ ခြေအေးလက်အေး ကိုယ်လက်လေးလံခြင်း ခေါင်းမူး၊ မျက်စိဝေခြင်း၊ အစာမကြေဝမ်းကိုက်၊ လေထိုးလေအန်၊ လေပူထခြင်း၊ လေပြင်းခံခြင်း၊ မောပန်းလွယ်ခြင်း စားမဝင်အိပ်မပျော်ခြင်းများကိုလည်း ပျောက်စေသည်။ သွေးတွင်းရှိ သကြားဓာတ်ကိုထိန်းညှိပေးနိုင်သည်။ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါများကုသရာတွင်အသုံးပြုနိုင်သည်။ နုပျိုစေခြင်းနှင့် ကင်ဆာရောဂါကိုကာကွယ်ပေးနိုင်သည်။ ရောင်ရမ်းနာကျင်ခြင်းနှင့် အဖျားရောဂါကိုသက်သာစေသည်။ ဦးနှောက်နှင့်နှလုံးကျန်းမာရေးကို ကောင်းမွန်စေသည်။ ကျောက်ကပ်၊ သည်းခြေကျောက်ချေရာတွင်အစွမ်းထက်၍ စားသုံးခြင်းဖြင့် အသုံးပြုနိုင်ကြောင်းသိရသည်။

အမျိုးသမီးများ မီးယပ်သွေးမမှန်ခြင်း၊ သွေးဆုံးရောဂါများဖြစ်ပါက နတ်ဆေးဂမုန်းအခြောက်မှုန့် နှစ်ကျပ်သား၊ ပျားရည် ၅၀ ကျပ်သား၊ ထောပတ် ၂၅ ကျပ်သားကို ဖန်ဘူးတွင် သမအောင်ရော၍ အနည်းဆုံးနေတစ်ရက်လှန်းအေးလွန်းသောရာသီတွင် နေပူချိန်၌ မကြာခဏထုတ်လှန်း၍ သမအောင်မွှေကာ ပုလင်းလုံလုံနှင့်ထားလျှင် ကြာကြာစားသုံးနိုင်ပေသည်။ ဖန်သောအရသာရှိနေလျှင် ပျားရည်ဖြင့်ရောနှော၍နေထပ်လှန်းကာ သုံးဆောင်မှီဝဲခြင်းအားဖြင့် ရောဂါများကို ပျောက်ကင်းစေကြောင်း သိရသည်။

စားသုံးနည်းအညွှန်းမှာ နံနက်ကြေးဇွန်းတစ်ဇွန်း၊ ညကြေးတစ်ဇွန်းစားသုံးနိုင်သည်။ အနာကြီး (နူနာ) ရောဂါသည်များအတွက် ကြေးဇွန်းတစ်ဇွန်းကျတစ်နေ့သုံးကြိမ်စားပေးရသည်။ အနာကြီးရောဂါသည်များမှလွဲ၍ တစ်နေ့လျှင်သုံးကြိမ်စားရန်မလိုအပ်ကြောင်း သိရသည်။ဆေးစားပြီးပါကရေနွေးသို့မဟုတ် ရေအေး နှစ်သက်ရာကို တစ်ဝသောက်ပြီး အနည်းဆုံးငါးမိနစ်ခန့် လှုပ်လှုပ်ရှားရှားသိပ်မလုပ်ဘဲ ငြိမ်နေပေးခြင်းဖြင့် ဆေးအာနိသင်ကောင်းမွန်၍ရောဂါများပျောက်ကင်းစေရေးအတွက်ပို၍အစွမ်းထက်မြက်ကြောင်းသိရသည်။

အသားဆွေး၊ အနာဆွေးများဖြစ်လျှင် နတ်ဆေးဂမုန်းပင်အရိုးကို အမှုန့်ပြု၍မဖောက်ထုံးနှင့်ငရုတ်ကောင်းမှုန့်ကို ရော၍ အနာတွင်ထည့်ကာ ပတ်တီးစီးပေးပါကသက်သာပျောက်ကင်းစေသည်။ သွားနာ၊ သွားကိုက်၊ သွားဖုံးရောင်ခြင်းများအား နတ်ဆေးဂမုန်းအခြောက်ကို ငုံထားပြီး အမြစ်ကိုရေကျဲကျဲဖြင့်ပြုတ်၍ ငုံပေးပါက အိပ်ရာထလျှင်သက်သာပျောက်ကင်းကြောင်းသိရသည်။ အနာမဖြစ်စေဘဲသက်သာပျောက်ကင်းစေသည်။

နတ်ဆေးဂမုန်းသည်လူတို့အတွက်သာမကဘဲ ကျွဲ၊နွားများရောဂါဖြစ်ပွားပါက နတ်ဆေးဂမုန်းကိုလှီးပြီးအခြောက်အနည်းငယ်ကို ရေဖြင့်ကျိုတိုက်ခြင်းဖြင့် ပျောက်ကင်းစေကြောင်း သိရသည်။ သို့အတွက်ကြောင့်လူနှင့်သတ္တဝါတို့အတွက် အလွန်အကျိုးကျေးဇူးများစွာရှိသောကြောင့် နတ်တို့ဖန်ဆင်းအပ်သော ဆေးဂမုန်း သို့မဟုတ် နတ်ဆေးဂမုန်းဟု ဆိုထိုက်ပါပေသည်။ချင်းပြည်နယ်တွင်နတ်ဆေးဂမုန်းအားသဘာဝအလေ့ကျပေါက်သည့်အပင်ဟုဆိုသော်ငြားလည်း ဆေးစွမ်းထက်လှသော ဆေးဂမုန်းပင်ဖြစ်၍ ဖလမ်း၊ ဟားခါးနှင့်ချင်းပြည်နယ်တစ်ဝှမ်းရှိ အိမ်အတော်များများတွင်စိုက်ပျိုးထားကြလေသည်။ ထိုနတ်ဆေးဂမုန်းပင်ကို ကျောက်နံရံများတွင်ကပ်၍ စိုက်ပျိုးကြရကြောင်းလည်းသိရှိရသည်။

ဤသို့ လူသားတို့အတွက် အကျိုးပြုသောနတ်ဆေးဂမုန်းပင်များကို တွင်တွင်ကျယ်ကျယ်စီးပွားဖြစ်စိုက်ပျိုးနိုင်လျှင် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း တင်ပြဖော်ထုတ်ရေးသားလိုက်ရပါတော့သည်။

ဂမုန်းချစ်



စာကိုး

မင်းလပြည့်(ဟားခါး)၏ချင်းတောင်တန်းပေါ်က အစွမ်းထက်သည့်နတ်ဆေးဂမုန်း။

(ရှင်ကိုအေးမြစေသား)

# ဆရာဦးမောင်မောင်သန်း အစကောင်းခြင်းဖြင့်

"လုပ်ငန်းနာမည်ပေးတွေနဲ့ ပတ်သက်ပြီး လာအပ်တာကိုငြင်းတာ နှစ်ခါရှိပြီဆို ဆုလာဘ်ပြည့်၊ ငါ့ကို လင်းလင်းပြောတယ်"

"ဟုတ်ကဲ့ သမီးငြင်းလိုက်ပါတယ်"

"ဘာဖြစ်လို့"

"သူကသူကြိုက်တဲ့နာမည်သုံးခုကို သမီးကိုပြောပါတယ်။သမီးက အဲလိုပေးလို့မရဘူး ဆိုတော့ သူကဒါပဲပေးချင်လို့ပါတဲ့။ သူ့စိတ်ကြိုက် သူအချိန်ယူပြီး စဉ်းစားပြီးမှ ကောင်းမကောင်း သေချာသွားမေးထားတဲ့။ ရွေးပေးလို့ အဆင်မပြေလည်း ကိစ္စတော့မရှိပါဘူး။ အဲဒီဆိုင်းဘုတ်ကို ဘာအရောင်နဲ့ရေးရမလဲဆိုတာပဲပြောလိုက်ရင် ရပါပြီလို့မေးတာဆရာ။ သူပေးထားတဲ့နာမည်ကသူနဲ့လုံးဝအကျိုးမပေးမှန်း သမီးသိနေတော့ အဲဒီလိုအကျိုးမပေးတဲ့နာမည်ကိုသမီးအရောင်မတင်ရဲဘူးဆရာ၊ သူ့လုပ်ငန်း မအောင်မြင်ရင် သမီးပါငြိနေမယ်"

"ဪ. . . ဘယ်လိုနာမည်မျိုးမို့လဲ"

"သူ ပေးထားတာက လင်းလက်ကြယ်ရယ်၊ရွှေကောင်းကင်ရယ်၊ ပြီးတော့ လရောင်ချို ဆရာ"

"ဗုဒ္ဓဟူးစတနင်္လာပိတ်တွေပဲနာမည်လေးတွေက လှသားပဲ"

"သူက စိမ်းလဲ့ကြယ်စင် ဆရာ၊သူ့ကို တစ်ယောက်က ဗုဒ္ဓဟူး ပါရမယ်၊ တနင်္လာ ပါရမယ်ဆိုပြီး အဲဒီလိုမှည့်ဖို့ အက္ခရာတွေ ရွေးပေးလိုက်လို့တဲ့"

"ဟုတ်လား၊ ဒါကြောင့် ကြယ်နဲ့ဆိုင်တဲ့ ဟိုးမိုးပေါ်ကနာမည်တွေကိုစိတ်ကြိုက်ရွေးထားတာကိုး ဘာလုပ်မှာတဲ့လဲ"

"ဖိနပ်ဆိုင်ဆရာ နိုင်ငံခြားဖိနပ်မျိုးစုံ အမျိုးသမီးစီးတွေချည်းတင်မှာ"

"ဒါလည်း ကောင်းသား၊ အဲအဲမကောင်းဘူးဟုတ်တယ်၊ဒါကတော့သမီးမှန်ပါတယ်။ ဖိနပ်ဆိုတာက မြေကြီးမှာချစီးတာ။အဲဒီလိုပစ္စည်းတွေကို ဟိုးကောင်းကင်ယံနာမည်တွေနဲ့ ပေးမယ်ဆိုတော့ အလှမ်းက သိပ်ကွာသွားပြီ"

"ဟုတ်- အနိဋ္ဌနဲ့ကုဋ္ဌလို့လည်း သမီးသတိထားပြီး ချိန်တာပါဆရာ၊ဆရာသင်ပေးထားတဲ့ဖိနပ်က ဖိနပ်နေရာမှာရှိရ



မယ်။ ဦးထုပ်က ဦးထုပ်နေရာမှာရှိရမယ်၊ သူတို့မှာ သူတို့နဲ့ပတ်သက်တဲ့အဓိပ္ပာယ် ခြယ်မှုန်းခြင်းတွေနဲ့ ညီညွတ်ရမယ်။ ဒါဆို ဗိုးပွားဖြစ်ပြီဆိုပြီး သင်ထားတာကို သမီး လိုက်နာတာပါ။ သမီးအသိတစ်ယောက် ဦးထုပ်လေးတွေ ရောင်းတာကို မြေဇာ မြက်ဆိုပြီးပေးထားတာ သမီးတွေ့ခဲ့တုန်း က သူ့ကိုသမီးမေးကြည့်တော့ လူကြီး တွေ ချချာလာပြီး အိမ်ထောင်ဦးစီးထိ ခိုက်သွားတာ မကြာသေးဘူးဆိုတာသိခဲ့ ရတယ်ဆရာ၊သမီးလည်း အဲဒီမှာ ဂုဏ္ဍနဲ့ အနိဋ္ဌသွားချိတ်မိရင် ဘေးထွက်ဆိုးကျိုး တစ်ခုခုဏတော့မဖြစ်မနေပုံစံတစ်မျိုးမျိုး နဲ့ကို လာတော့မှာပဲဆိုတာ လက်တွေ့ ပညာ ရလိုက်ပါတယ်ဆရာ။ ဒါကြောင့် ခုနမစိမ်းလွဲ့ကြယ်စင်ကိစ္စကို သမီးအကြံ မပေးရဲတော့တာပါ"

ဟုတ်လာပြီ၊ဆုလာဘ်ပြည့်စကား ကိုပြေပြေပြစ်ပြစ်နဲ့ရှင်းပြတတ်လာပြီ။ စီ ကာပတ်ကုံးလည်း ပြောတတ်လာပြီဟု ကျွန်ုပ်သတိထားလိုက်ရင်း ခေါင်းညိတ်ပြ လိုက်၏။

"ဒါပဲလား"

"ဟိုး . . . ဘာလဲ အင်္ဂဝိဇ္ဇာနဲ့ကြည့် ပြန်ရင်လည်း အပြစ်မလွတ်ဘူး ဆရာ၊ အမြစ်အညွန့် ဖောက်ထိုးကြီးဖြစ်နေတာ သွားတွေ့တယ်"

"အေး- ဒါလည်း ဟုတ်တာပဲ။ ဒါ ဆို ပေးလိုက်တဲ့လူက အမြစ်မှန်းမသိ အညွန့်မှန်းမသိတဲ့လူက ပေးလိုက်တာ နေမှာပေါ့"

"သမီး-- အဲလိုမျိုး တွေ့ဖူးတယ်။ ပုတီးတွေ လုပ်ရောင်းတဲ့ ဒေါ်ကြီးတစ် ယောက်ဆီမှာ သမီးအစ်မတစ်ယောက် ပုတီးသွားဝယ်တော့ လူနေကောင်းပြီး မချချာအောင်တမာသားပုတီးကိုဆောင် ရမယ်။ ဒါမှ မာမာချာချာ ဖြစ်မယ်ဆိုပြီး ရောင်းလိုက်တယ် သုံးသောင်းနဲ့၊ သမီး အစ်မက သောကြာ နာမည်က သူဇာ အဲဒါ သမီးလည်းသိရော"

"ဟဲ့- နင်ဆောင်ရမှာကပိတောက် သား၊ ခုဟာက တမာ ကြီးဖြစ်နေတယ်။ သွားပြန်ပြော"

ဆိုတော့ သူ သွားပြန်ပြောတယ်။ အဲဒီမှာပုတီးရောင်းတဲ့ဒေါ်ကြီးကဒေါ်သ တွေ ဘာတွေထွက်ပြီး တမာနဲ့ပိတောက် ဘာများထူးသွားလို့ဒါလေးများလာပြော နေရတာလဲ၊ အမြစ်အညွန့်၊အညွန့်အမြစ် ဆိုတာ ဘာတွေကွာနေလို့လဲ တူတူပဲ၊ ဘာမှထူးတာမဟုတ်ဘူး။ နင်လိုချင်ရင် ပိတောက်သား ပုတီးထပ်ဝယ်သွားဆိုလို့ ပိတောက်သား နောက်ထပ်သုံးသောင်း တန် ထပ်ဝယ်လာလိုက်ရတယ်။ သမီး ပြောမှသူမှ. . . "

"ပိုက်ဆံနှစ်ခါကုန်သွားတော့တာ ပေါ့"

"ဟုတ်တယ်ဆရာ၊ ဟုတ်တယ်"

"အေး- အဆောင်ပုတီးရောင်းပါ တယ်လို့ အမည်ခံရင် အနည်းဆုံးတော့ နေ့နံသားတစ်ခုရဲ့အဆောင်သွားရာလမ်း ကြောင်း အမှန်တည့်လား၊ ဖောက်ထိုး လား ဆိုတာကိုတော့ လေ့လာထားသင့် တာပေါ့။ ဒါလောက်လေးတောင်မှ မသိ ဘဲ သူ့ပုတီးကို ဆောင်တာနဲ့ ဘုန်းတွေ ကံတွေလာဘ်တွေ ပွင့်မယ်ဆိုတာကြီးက တော့ နားထောင်ရတာ တော်တော်ကို နားမဝင်ဘူး။ ငါရောင်းရရင်ပြီးရော လုပ် ပြီးအမြစ်မှန်းမသိအညွန့်မှန်းမသိအထက် အဆောင်လား၊ အောက်အဆောင်လား မသိ လုပ်နေရင်တော့ ယုံယုံကြည်ကြည် နဲ့ လာဝယ်ကြရှာသူတွေမှာ တော်တော် ကြီးကို အန္တရာယ်များသွားပြီ။ ငါရောင်း ရရင်ပြီးရော ကျန်တာငါနဲ့မဆိုင်ဘူး။ သူ ဟာသူဘာဖြစ်ဖြစ်ဆိုတဲ့စိတ်ကအတ္တများ သွားပြီ၊ ကိုယ့်ဆီမှာ ပစ္စည်းလာဝယ်သူရဲ့ ကောင်းကျိုးမင်္ဂလာအတွက် လုံးဝတွေး မပေးတဲ့လူ ဖြစ်သွားပြီ၊ ဒါမလုပ်ကောင်း ဘူး။အမြစ်အညွန့်ဆိုတာနဲ့ အညွန့်အမြစ် ဆိုတာကိုတော့ အဲဒီလောက်ကိုတော့ လေ့လာထားသင့်ပါတယ်။ ဒီစာလုံးနှစ်ခု တူတူပဲလို့ပြောတဲ့သူဟာဘာမှနားမလည် ဘဲ သူရဖို့တစ်ခုထဲစိတ်နဲ့လုပ်နေတဲ့လူပဲ သူရောင်းချင်တာတစ်ခုပဲသိတဲ့လူလို့ခေါ် တယ်။ ငါပြောမယ်၊ ခုနပြောတဲ့ တမာ ကို သောကြာသားသမီးတွေများ ဆောင် မိရင် နံပါတ်တစ်-

ဗေယျို ၀ တ

၄

၆ ၁

မိတ်(ဆွေသား) ၃

၆

၂

မရဏ ၅ မာ

ဆောင်တဲ့ သောကြာဟာ သူ့ရဲ့ မိတ်ဂြိုဟ်ဖြစ်တဲ့ အင်္ဂါကိုဖြိုချလိုက်သလို စပြီးခံစားရမယ်။ဒါက အပြင်အာယုကပ် ဖောက်ထိုး၊ ဗေယျိုကနေ မရဏကို ဖောက်ထိုးစိုက်ဆင်းသွားတာ သူ့ရဲ့ လုပ် ငန်းအောင်မြင်မှုမှန်သမျှဟာ တအိအိနဲ့ ပဲ ဖြစ်ဖြစ် ဝုန်းခနဲပဲဖြစ်ဖြစ် ပြိုဆင်းသွား မှာပဲ။တကယ်လို့ သောကြာသားသမီးကို ဆောင်ခိုင်းမယ်ဆိုရင်-

၃

သုခံ ၀

၄

၆

၂

ဒုက္ခံ ၅

၁

သူ့ရဲ့ချမ်းသာမှု၊ အေးချမ်းမှုတွေ တဖြည်းဖြည်းထိခိုက်ပျက်စီးလာနိုင်သလို ဖြုန်းခနဲလည်း ထိသွားနိုင်တယ်။ဘာလို့ လဲဆိုတော့ အမြစ် အညွန့် ဖောက်ထိုး အဖြစ် သောကြာကိုဖြိုလို့ပဲ သုခံကနေ ဒုက္ခံကို ဆင်းသွားတာ။

ဆုလာဘ်ပြည့်သည် အင်္ဂဝိဇ္ဇာ အခေါ်အဝေါ် အသုံးအနှုန်းတစ်မျိုးကို ကြားလိုက်ရ၍လားမသိ မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့်။

ဒါမှမဟုတ်နောက်ထပ်ထပ်ကြည့် မယ် သောကြာသားသမီး ဆောင်လိုက် တဲ့ တမာ ပဲကြည့်ရအောင်-

၆

၃

၀ လာဘ်

တနင်္လာ - ၂

၅ ဘေးဒဏ်

၁

၄

ခရီးသွားခြင်းနဲ့ဆိုင်တဲ့လုပ်ငန်းတစ် ခုကို ပြုလုပ်နေရတဲ့သောကြာသားသမီး ဆိုရင် သူ့ရဲ့နာဂရ တနင်္လာကိုဖောက်ထိုး ဆိုက်ဆင်းသွားတာပဲ၊ တီဆားဖြူ ပဲ။ ပြီး တော့ သူဟာ စိတ်ကြမ်းကိုယ်ကြမ်းဖြစ် လာမယ်၊ သွေးဆူလာမယ်၊ ဘာလို့လဲဆို တော့ တနင်္လာဟာ အကြံနဲ့ဆိုင်သလို မိခင်နဲ့လည်း ဆိုင်တယ်။ အေးမြတဲ့လ ဂြိုဟ်အဖြစ်လည်း သိထားကြတယ်။အဲဒီ လိုအေးမြတဲ့ဂြိုဟ်တွေကိုဖြိုဖျက်လိုက်ပြီ ဆိုတော့ ပူလောင်ပြီပေါ့။ ဒါရိုးရိုးလေး အမြင်နဲ့ပဲပြောတာ ပညာမပါသေးဘူး။ ရိုးရိုးကြည့် သူ့ရဲ့စီးပွားဥစ္စာနဲ့ဆိုင်တဲ့ငွေ ဝင်မှုတွေ ထိခိုက်ကုန်တော့မှာ သေချာ

တယ်။ သူနဲ့သူနဲ့ဆိုင်ရာဆိုင်ရာပရိယာယ်ရှိတဲ့နေရာမှန်သမျှထိခိုက်သွားတော့တာပဲ၊မဖြစ်ဘူးဆိုတာမရှိဘူး။ အနေးနဲ့အမြန်ပဲ၊ ဒါတွေကိုတော့သိမနေရင်တောင်ဗဟုသုတမေးမြန်းလေ့လာထားသင့်တာပေါ့။ အမြစ် အညွန့် ဇောက်ထိုးကြီးကို အညွန့်အမြစ် အမြစ်အညွန့် တူတူပါပဲလုပ်နေတာကြီးကတော့ အကျည်းတန်လွန်းပါတယ်။အများအကျိုးကိုဘယ်လိုမှစဉ်းစားမပေးရှာ ရောက်လွန်းပါတယ်။

ဒီလိုလူမျိုးတွေဟာလောကီပညာကိုဖြတ်လမ်းက လွယ်လွယ်ဝင်လာပြီး စီးပွားရှာတာမဖြစ်သင့်ဘူး။အရလွယ်တယ်လို့ တွေးရင်လည်း သီလအား သမာဓိအားတွေမပါရင် အချိန်တိုတိုလေးနဲ့ပြန်ပြီးရပ်ဆိုင်းပြိုဆင်းသွားမှာပဲ။ဝယ်သူတွေကတော့ ဒါအမြစ်အညွန့် လား၊ အညွန့်အမြစ်လား၊ ဇောက်ထိုးလား၊ အတည့်လား၊ဘယ်သိပ့်ါမလဲသမီးရယ်။ဗဟုသုတလေ့လာထားသူလောက်သာ သိကြမှာပေါ့။ ဒီပညာတွေနဲ့ အလှမ်းကွာဝေးနေတဲ့သူတို့ဆို ခံပေရှာ့ပဲ။ ထိရင်ရောင်းတဲ့လူထိမှာမဟုတ်ဘူး။သူကအပြောကောင်းရင်ကောင်းသလောက်ပိုက်ဆံရသွားမှာဝယ်တဲ့သူတွေပဲထိမှာ၊ သူ့ပုတီးကိုဆောင်မှစီးပွားဖြစ်မယ်ဆိုရင် အဲဒီပုတီးတွေရှိနေတဲ့ လုပ်ရောင်းနေတဲ့သူ ကိုယ်တိုင်ထားစရာမရှိအောင် ချမ်းသာနေပြီ စဉ်းစား"

"ဟုတ်ကဲ့ပါဆရာ"

"အမှန်ကတော့ရတုန်းလိမ့်ယူနေတဲ့သဘောပဲ၊ ငါကြုံဖူးတယ်။ ငါ့ကို နဂါးပုံလေးတစ်ခုလာရောင်းတာ မျက်မှန်းတန်းမိရုံလောက်ပဲရှိတဲ့သူပါ။တော်တော်လေးလည်းချို့တဲ့ပါတယ်။အဲဒီလူကဘာပြောလဲဆိုတော့ ငါ့တူ စီးပွားတွေတက်စေချင်လို့ ဒီအဆောင်လေးလာပေးတာပါတဲ့။မင်းစေတနာရှိသလောက်ပဲပြန်ပေးပါတဲ့၊ ဦးလေး သေချာစီရင်ထားတာတဲ့ ခံတက်သားနဲ့ထုထားတာ ခံပြီးရင် တက်ပြီသာ မှတ်တဲ့ ဘာတွေမှန်းကိုမသိတော့ဘူး။ ပါးစပ်ထဲပြောချင်ရာကို ပြောပြီးကိုယ်လိုရာအဓိပ္ပာယ်ကိုဆွဲပြောနေတာနိမိတ်လိုလို ဘာလိုလိုထင်ရာပြောတော့တာပဲ။ သူ့လက်ထက်ကျမှ ခံပြီးရင်တက်တဲ့ငါကမေးလိုက်တယ်ဦးလေးအရင်ချမ်းသာအောင် ဆောင်လိုက်ပါဦး။ ဦးလေးကိုကြည့်ရတာ လူမွေးမပြောင်ဖြစ်နေလို့ ကျွန်တော်စိတ်မကောင်းဘူးဆိုတော့-

"ဟ- ငါက မင်းအတွက်အထူးစီရင်ပေးထားတာတဲ့၊ မင်းမယုံ့မကြည်မလုပ်နဲ့တဲ့၊ ဦးလေး အဲဒီနဂါးကဘာစွမ်းနိုင်လဲဆိုတော့ လက်မနဲ့လက်ညှိုးကိုပိုင်းပြတယ်။ ဒါကွ ဒါ စီးပွားတက်မှာတဲ့သူ့မှာအဲဒီအစွမ်းသေချာပေါက်ရှိနေပြီလားဆိုတော့ ရှိနေပြီ အသက်ဝင်နေပြီတဲ့။

ငါလည်း အဲဒါနဲ့ ဒါဆိုဦးလေးပဲဆောင်လိုက်တော့ ဦးလေးကချို့တဲ့နေတယ်လေလို့ပြောလိုက်တယ်။ ဦးလေးဆီမှာအဲဒါစီရင်နေတုန်းအစွမ်းမပြဘူးလား။ငွေတွေဝင်မလာဘူးလားဆိုတော့ စိတ်တွေဆိုးပြီး အေးပေါ့လေ မထိုက်တော့လည်း မတတ်နိုင်ဘူးဆိုပြီး စိတ်ဆိုးဆိုးနဲ့ထပြန်သွားတယ်။နောက်တစ်လလောက်ကြာတော့ မုန့်ဟင်းခါးထိုင်စားနေတာတွေ့တယ်။လက္ခဏာရှားပါးတဲ့ပုံကအရင်အတိုင်းပဲ။ငါ့ကိုမြင်တော့နောက်ကလိုက်လာတယ်။ စကားလေးတစ်ခွန်းနှစ်ခွန်းပြောပြီး ငါ့တူရာ မင်းငါပေးတာကို ယုံယုံကြည်ကြည်နဲ့ဆောင်လိုက်စမ်းပါကွာဆိုပြီး ထပ်ပြောတယ်။ ငါက အခုထိုက်သူရသွားပြီမို့လားဆိုတော့ ငါဘယ်သူ့မှမပေးပါဘူး မင်းအတွက်စီရင်ထားတာပါတဲ့။

ငါပြောချင်တာက သူများကို စီးပွားတက်အောင် အဆောင်ရောင်းတဲ့လူ အဆောင်ပေးတဲ့လူတွေဟာ အဲဒီ အဆောင်တွေကြောင့် ချမ်းသာကြွယ်ဝကြပြီး ထားစရာမရှိအောင်ဖြစ်နေကြပြီဆိုရင်တော့ လူတွေယုံကြည်စွာ ဝယ်ကြဆောင်ကြဖြစ်တာမဆန်းပါဘူး။ဒါတောင်ငါကမေးခွန်းထုတ်လွန်းတော့ ရောင်းသူတွေက သိပ်မကြိုက်ချင်ဘူး။ သဘာဝအမြင်ကိုမသိချင်ယောင်ဆောင်ပြီးဖုံးနေကြတယ်။ ငါမေးတာက ဟုတ်ပြီ ဝယ်မယ် အဲဒီအဆောင်ဆောင်လိုက်တာနဲ့ ဆောင်ရုံနဲ့ငွေတွေဝင်လား၊ အလုံးအရင်းလိုက် တကယ်ဝင်မလားလို့မေးတာ၊ဘာလို့လဲဆိုတော့ တချို့နေရာလေးတွေမှာထူးဆန်းတဲ့သစ်အဆောင်မျိုးတွေဆောင်ထားကြတဲ့တဲအိမ်သေးသေးလေး၊မီးခွက်လေးတွေနဲ့ နေနေကြတဲ့ မိသားစုတွေအများကြီး တွေ့နေရလို့ပဲ။ ဆောင်တိုင်းချမ်းသာမယ်ဆိုရင် သူတို့တိုက်ကြီးတွေနဲ့နေရပြီလေ။ ငါက သဘာဝကိုပြောတာလူတစ်ယောက်ချမ်းသာလာဖို့က ကံ၊ ဉာဏ်၊ ဝီရိယတွေကို ထည့်မတွက်လို့မရဘူး၊ ကြိုးစားမှုတွေရှိရမယ်။ အတိတ်ကံညံ့ခဲ့လို့ ချို့တဲ့ခဲ့ရင်တောင် ခုမျက်မှောက်ဘဝမှာကံကောင်းခြင်းကုသိုလ်တွေ ဒါနကုသိုလ်တွေ၊သီလကုသိုလ်တွေဖြည့်ကျင့်ရမယ်။ ဒါမှလည်း ဘာဆောင်ဆောင်အဆောင်ကတစ်ထောင့်တစ်နေရာကပံ့ပိုးထောက်ကူပေးနိုင်တော့မပေါ့။ ဟုတ်ပြီ ဒါတွေငါပြောနေတာက သမီးတို့ဟာပညာသင်တာတစ်ခုထဲနဲ့ မတင်းတိမ်ရဘူး၊ လေ့လာမှတ်သား ဗဟုသုတတွေလည်းများရမယ်။ ပြောတိုင်း မယုံရဘူး။ ဒါကိုထပ်ပြီး အရောင်တင်ပေးတာပဲ"

"ဟုတ်ကဲ့ဆရာ၊လိုက်နာမှတ်သားပါ့မယ်။ သဘာဝကျအောင်တွေးနိုင်စဉ်းစားနိုင်အောင် အမြဲကြိုးစားနေပါ့မယ်"

"အေး- ဆက်ပြော နောက်ထပ်ငြင်းလိုက်တာက"

"နောက်ထပ်ငြင်းလိုက်တာက ရွှေသက်တန့်လို့အမည်ပေးထားတဲ့အသိပါ"

"ရွှေသက်တန့်"

"ဟုတ်ကဲ့၊ သူကဘာယ်မှမေးတာမဟုတ်ဘူး။ သူ့စိတ်ကြိုက်ပေးတာ လုပ်ငန်းက အဆောက်အအုံတွေဆောက်မှာ သူကဘာပြောလဲဆိုတော့သူ့အဆောက်အအုံလုပ်ငန်းဟာ သက်တန့်လိုမိုးထိအောင် ရောက်ရမယ်တဲ့၊ ပြီးတော့အဲဒီနာမည်ဟာ သူ့ အိပ်မက်မက်လို့တဲ့"

"အေး-ငြင်းရတဲ့အကြောင်းက"

"သက်တန့်က ခဏလေးပျောက်သွားတတ်တဲ့သဘောရှိပြီး အဆောက်အအုံက ခိုင်မာစွာ တည်တံ့တဲ့သဘောဆောင်တော့ အဲဒီဆန့်ကျင်ဘက်ကြီးနှစ်ခုကိုပေါင်းစပ်လိုက်ရင် စီးပွားဖြစ်မယ်လို့ တစ်ထစ်ချ သမီးမပြောရဲတော့ဘူးဆရာ၊ ဒါကြောင့် ရက်ရွေး၊ အရောင်ရွေး၊ လူရွေး၊ အချိန်ရွေးကိစ္စတွေ သမီးငြင်းလိုက်တာပါ"

ဟုတ်တယ်၊ အဲလိုဖြစ်ရမယ် ဟူသောစကားကို စိတ်ထဲမှသာပြောရင်း ခပ်လှမ်းလှမ်းကိုကြည့်၍ ခေါင်းညိတ်နေလိုက်၏။

"လုပ်မယ့်လူက ဘယ်သူတဲ့တုန်း"

"ဦးစိန်လှ တဲ့ဆရာ၊ သူ့အမျိုးသမီးက မငယ်"

ဦးစိန်လှ၊ရွှေသက်တန့် အင်း. အထက်ဆောင်ပန်းတော့ အထက်ဆောင်ပန်းပဲ။ ဒါပေမယ့် ဆုလာဘ်ပြည့် ခုနစ်ဦးစားတာ မှန်တယ်။ အရိပ်အယောင်ပဲဖြစ်တဲ့ကိစ္စနဲ့ ခိုင်ခန့်တဲ့ကိစ္စက သိပ်သဘာဝမကျဘူး။ ပြီးတော့ မငယ်. . မငယ်ဦးစီးမယ်ဆိုလည်း မဖြစ်ပြန်ဘူး။

"ဦးစိန်လှမိန်းမက ရှုံ့ရှုံ့ကြီးဆရာ ပိန်ပိန်သေးသေးပဲ၊ သူလည်းဦးစီးတာမဟုတ်တော့ သမီးဘာမှ ထပ်ပြောစရာလည်းမလိုတော့ဘူး။ သူဦးစီးမယ်ဆိုရင်တော့ သမီးပြောစရာစကားတွေအများကြီးဖြစ်လာလိမ့်မယ်။ အင်္ဂဝိဇ္ဇာပညာခန်းတွေပါလာတော့မယ်"

ကိုသက်ရှည်

# နွားမွေးခူနာပျောက်ဆေးနည်း

ကျွဲ၊နွားတို့တွင် ဖြစ်တတ်သည့် ရောဂါတစ်မျိုးမှာ မွေးခူရောဂါလည်း အပါအဝင်ဖြစ်သည်။ နေပူမိုးစိုသည့် ရာသီဥတုဒဏ် စားသောက်သည့်အစာ အရေစာအပေါ် မူတည်၍လည်း ဖြစ်လေ့ဖြစ်ထရှိသည့်ရောဂါမျိုးဖြစ်သည်။ မွေးခူဖြစ်ရခြင်းက အရေပြားမသန့်ရှင်း၍ဖြစ်ရခြင်းလည်းဖြစ်သည်။ မွေးခူကား နွားအချင်းချင်းလည်း ကူးစက်တတ်သည်။

မွေးခူရောဂါအားနို့စို့သားနွားငယ်များဖြစ်လျှင်တော့ နို့ပွေးဟုခေါ်သော်လည်း ခိုင်းနွားကြီးများဖြစ်လျှင်တော့မွေးခူရောဂါဟုခေါ်ကြသည်။ နွားတွင်ဖြစ်တတ်သည်မွေးခူရောဂါမှာ အရေပြားမသန့်၍အမွေးအမှင်တို့ဆွေးမြေ့ကျွတ်ထွက်လျက်ပွေးကွက်များသဖွယ် ဟိုတစ်ကွက်ဒီတစ်ကွက်ဖြူကွက်ကွက်၊ နွားအပေါ်အရေပြားတွင်ပြာမှုန့်တို့ ပက်ထားသကဲ့သို့မြင်တွေ့ရတတ်သည်။

မွေးခူနာပျောက်ကင်းစေနိုင်သည့်နည်းမှာ တောတောင်လွင်တီးခေါင်စားကျက်မြေရှိင်းတို့တွင် အလေ့ကျပေါက်တတ်သည်။ ဖရဲခါးသီး၏သရည်သတ္တုရည်နှင့်နွား၏ကိုယ်ပေါ်ပွတ်တိုက်လိမ်းပေးလျှင်ပျောက်ကင်းပါသည်။

ဖရဲခါးသီးမှာ လူတို့စားသုံးသည့် သကြားဖရဲစားဖရဲအသီးခွံအားနွှာကျွေး၍ရသည် ဖရဲအစေ့ထုတ်သည့်ဖရဲမျိုးတို့ လိုနေရာတိုင်းမှာတော့ ပေါပေါများများ အလွယ်တကူမတွေ့ရှိနိုင်ပေ။ တောတောင်လွင်တီးခေါင် နွားစာကျက်မြေ လွတ်မြေရှိင်းများမှာ သူ့သဘာဝ အလျောက်အလေ့ကျပေါက်ရောက်ကာ နေတာတွေ့ရတတ်ပါသည်။ ဖရဲခါးပင်မျိုးရှားတာအခြားမဟုတ်၊ အခြားဖရဲမျိုးတွေလိုလူတို့ တကူးတကန့်အစေ့ထုတ်စိုက်ပျိုးထားလေ့မရှိသောကြောင့်ဖြစ်သည်။ အသီးအရွယ်အစားမှာရှောက်သီးလုံးအရွယ် အဖြူရောင်ပေါ်အနက်စင်းအကြားကလေးများနှင့် သကြားဖရဲသီးအရောင်ပင်ဖြစ်ကာ အသီးမှာဘောလုံးကဲ့သို့လုံးစက်၍နေကာ လူတို့စားသုံးလေ့မရှိကြပါ။

ဆေးအသုံးပြုလိုသူများအနေနှင့် နွားများတွင်ဖြစ်တတ်သည့်အရေပြားမွေးခူနာအား အသီး၏အရည်၊အရွက်တို့၏ သတ္တုရည်အားထုထောင်းကာအရေပြားပေါ် လိမ်းပေးလျှင် ပျောက်ကင်းသက်သာစေပါသည်။

တခြားဆေးနည်းမှာ ဖရဲခါးသီးမရနိုင်လျှင်လည်း ဘူးခါး၊ ဘူးကတိုးအခါးသီး၊ ဂျပန်ဆေးခါးကြီးရွက်ကဲ့သို့ အသီးအရွက်တို့အားဝါးကြည့်လျှင် အလွန်အခါးဓာတ်များသည့်အသီးအရွက်တို့၏သတ္တုရည်နှင့်ပွတ်လိမ်းပေးခြင်းဖြင့်လည်းမွေးခူနာတို့ ပျောက်ကင်းစေပါသည်။

နံတူကာကက်ကင်းသတ်တဲ့နည်းဆိုလျှင်လည်းရနိုင်သည်။

ဥပမာ။ ။ ကြက်အားကင်းကျော်တဲ့အခါကြက်တို့သေဆုံးရသည့်သာမက လည်းရှိရာနံတူချင်းကာကင်းသတ်တဲ့နည်းနှင့်ကုသခြင်းဖြစ်ရာ ခူနာအားခါးအခါဓာတ်ပါသည်။ အသီးအရွက်သတ္တုရည်နှင့်လိမ်းပေးလျှင် လက်တွေ့ပျောက်ကင်းတဲ့နည်းပင်ဖြစ်သည်။

ကိုသက်ရှည်

---

"ဟုတ်တယ်လေ၊ ဇောက်ထိုးတွေ မိုးမျှော်တွေ ပါလာတော့မှာပေါ့။ ဒါပေမယ့် သမီးပြောသလို ဒေါ်ငယ်လည်း ဒီအဆောက်အအုံကိစ္စမလုပ်နိုင်ပါဘူး။ သူ့နာမည့်အရ မဖြစ်နိုင်ဘူး။ ထားလိုက်တော့"

"ဟုတ်ကဲ့ဆရာ၊ဟိုတစ်နေ့ကတော့ သူငယ်ချင်း မလှဲ့ ဖုန်းလှမ်းဆက်တယ်။ ရောင်နီသစ်ဆိုပြီး အဆောင်ဖွင့်ထားတာ၊သူ့အဆောင်မှာ လူဝင်အောင်လို့တဲ့ သူ့ကျတော့နာမည်ကပေးပြီးသား လေးငါးလလောက်ရှိပြီတဲ့ ဖွင့်တာ။ လူသိပ်မလာလို့တဲ့၊ 'မလှဲ့ နင့်ဟာနင်ရွတ်တာဖတ်တာ ပုတီးစိပ်တာတွေ များများသာလုပ်ပေတော့'လို့ပဲ သမီးပြောလိုက်တယ်"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"မလှဲ့နဲ့ ရောင်နီသစ်နဲ့က ရန်ဓာတ်ကြီး ဖြစ်နေလို့ပါဆရာ"

"မလှဲ့ ဝေရီ ဝံသော၊ အေးဟ ဟုတ်သား"

လှဲ့ ၄ ဝေရီ ၈ ရောင်နီ
လှဲ့ ၄ ဝံသော ၆ သစ်

"ရန်ဓာတ်ကြီး ရန်သဘောဆိုရင်တော့ ပေါင်းစည်းခြင်းမဖြစ်နိုင်တော့ဘူး။ ခွဲခွာခြင်းတွေ များမှာပဲ ပေါင်းစည်းရင်တောင် ရန်သဘောတွေပဲ ပေါင်းဆုံနေမှာ မြဲမှာမဟုတ်ဘူး။

လူကိုမဝင်တာတဲ့ဆရာ၊ တစ်လနဲ့ပြန်ပြောင်း နှစ်လနဲ့ပြန်ပြောင်းဖြစ်နေလို့တဲ့"

"အေးလေ၊ သူ့ရောင်နီသစ်ကြီးက ဘယ်သူကများ ဘယ်လိုပေးလိုက်တာပါလိမ့်နော်"

"မလှဲ့အဖေက ဘယ်ကိစ္စကိုမဆို သူ့သဘော လုပ်ခိုင်းတာဆရာ၊ အဲဒီ နာမည်လည်း သူပဲပေးတာ၊ မလှဲ့ပြောတယ်၊ ဒါကြောင့် သူ့အဖေပေးထားတာမို့ မပြောင်းရဲဘူး"

"အေးလေ၊ ဒါဆိုရင်လည်း ငါလည်းပြောတောင်မပြောတတ်တော့ဘူး၊ မလှဲ့ကို မေတ္တာသုတ်ပဲ များများရွတ်ခိုင်း ဘုရားဂုဏ်တော်တွေ ရွတ်ပွားခိုင်းပေတော့၊ ကျန်တာကူညီလို့မှ မရဘဲ။အဲဒီလိုတစ်ယူသန် အခုအခံကြီးတွေနဲ့လာတိုင်ပင်ပြီဆိုရင်တော့ဟုတ်တယ်လေ၊အဆင်ပြေဖို့က သိပ်မလွယ်တော့ဘူး။ တို့ပညာအမြင်မှာလိုအပ်နေပြီလို့မြင်တာနဲ့ အကြံပေးတော့မယ်ဆိုရင် သူတို့မှာလည်း မပြောင်းချင်တဲ့အကြောင်းတရားတွေပြည့်နှက်နေပြီဆိုရင်တော့ လုပ်ငန်းနာမည်ပေးတွေက တော်တော် စဉ်းစားရမယ်။ တို့က သူတို့စီးပွားတက်အောင် သူတို့ကြီးပွားချမ်းသာအောင် နာမည်ပေးရမှာလေ။ သူတို့အတွက် စဉ်းစားပေးရတာ တို့အတွက်မဟုတ်ဘူး။ အဲဒါကြောင့် ကြီးပွားချမ်းသာခြင်းကို ဖြစ်စေတဲ့လုပ်ငန်းနာမည်ပေးဟာ အတိမ်းအစောင်းမခံဘူးဆိုတာ ဒီနေ့ပြောပြတာတွေရယ်၊ မပြည့်ကြုံခဲ့တဲ့ အတွေ့အကြုံတွေရယ်က နောက်ထပ် နောက်ထပ် အကြောင်းအရာတွေအများကြီးကို ပြောပြနေလိမ့်ဦးမယ်"

"ဟုတ်ကဲ့ပါဆရာ၊ သမီးမှတ်သားပါမယ်"

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

ရှေးဟောင်းမှုန်နှံ့ခြွေသည့်

# ဓာတုသင်္ဂဟာဝိနိစ္ဆယ နှင့်မရှုပ်ဓာတ်ပယ်ယတြာ အစီအရင်ပြုနည်းကျမ်း ခုခေတ်တွန်းလင်း (၆)

**လဂ်ပြတ်တွက်နည်း**

ရောက်သက်ကိုတည်(၅၂)နှော၍ (၃) နှင့်မြှောက်၊ (၈) နှင့်စား သုညကြွင်းလျှင် လဂ်ပြတ်၏။ လဂ်ပြတ်လျှင် လဂ်ဆက်ယတြာကို ပြုရမည်။

**လဂ်ပြတ်ဆက်ရန်ယတြာနည်းများ**

ရောက်သက်ကိုတည်၊ လဂ်သခင်နံဂြိုဟ်သက်နှော၍(၃၆)နှင့်မြှောက်၊(၁၂) ခုဖြင့်စား၊ အကြွင်းကို ပြိဿကစ၍ ရေတွက်ပါ။ကျရောက်ရာ ရာသီကိုမှတ်၍ အောက်ပါအတိုင်းချေပါလေ-

ကေယုစန်းရောက်ရာ ရာသီအိမ်ကိုရှု၍ ထိုအိမ်ရှင်ဂြိုဟ်သက်နှော၊ (၃၆) ခုနှင့်မြှောက်၊ (၁၂) ခုနှင့်စား၊ အကြွင်းကို ပြိဿရာသီအိမ်ကစ၍ကောက် ကျရောက်ရာ ရာသီကိုမှတ်၍အောက်ပါအတိုင်း ပြုလုပ်စီရင်ရမည်။

မိဿအိမ်မှ စစ်သိမ်သားပုတီးကုံး၍ဆောင်၊

ပြိဿအိမ်မှ သက်ရင်းသားပုတီးကုံး၍ဆောင်၊

မေထုန်အိမ်မှ ရင်ခတ်သားပုတီးကုံး၍ဆောင်၊

| | | |
|---|---|---|
| မိဿရာသီ | - | ဆီး (၃)ညွန့်ဘုရားလှူပါ။ |
| ပြိဿရာသီ | - | သီး (၆) ညွန့်ဘုရားလှူပါ။ |
| မေထုန်ရာသီ | - | ဝါ (၄) ညွန့်ဘုရားလှူပါ။ |
| ကရကဋ်ရာသီ | - | ကံ့ကော် (၂) ညွန့်ဘုရားလှူပါ။ |
| သိဟ်ရာသီ | - | အုန်း (၁) ညွန့်ဘုရားလှူပါ။ |
| ကန်ရာသီ | - | ဝါ (၄) ညွန့်ဘုရားလှူပါ။ |
| တူရာသီ | - | သီး (၆) ညွန့်ဘုရားလှူပါ။ |
| ဗြိစ္ဆာရာသီ | - | ဆီး (၃) ညွန့်ဘုရားလှူပါ။ |
| ဓနုရာသီ | - | မေမြို့ပန်း (၅) ပွင့်ဘုရားလှူပါ။ |
| မကာရရာသီ | - | ထန်း (၇) ညွန့်ဘုရားလှူပါ။ |
| ကုမ်ရာသီ | - | ထန်း (၇) ညွန့်ဘုရားလှူပါ။ |
| မိန်ရာသီ | - | မေမြို့ပန်း (၅) ပွင့်ဘုရားလှူပါ။ |

ဤသည်လျှင်ယောအတွင်းဝန်မင်းကြီးဦးဘိုးလှိုင်ပြုဆိုခဲ့သောလဂ်ပြတ်ဆက်နည်းယတြာပင်ဖြစ်၏။လရာသီအစဉ်အတိုင်းပန်းညွန့်တို့ကို နံသင့်အတိုင်းရွေး၍ကြီးဖြင့်သီကုံးပြီးလှူလျှင်ပို၍ကောင်း၏။

ဤသို့မှလည်းလဂ်ဆက်ယတြာပြုခြင်းသည် သဘာဝပို၍ကျမည်ထင်၏။

**စန်းပြတ်တွက်နည်း**

ရောက်သက်ကိုတည်(၉) ခုနှော၍ (၃) ခုနှင့်မြှောက်၊ (၈) ခုနှင့် စား အကြွင်းသုညဖြစ်မူ စန်းပြတ်၏။

**စန်းပြတ်ဆက်ရန်ယတြာ**

အသက်ကိုတည်

ကရကဋ်အိမ်မှ ဂန့်အိပ်သားပုတီးကုံး၍ဆောင်၊

သိဟ်အိမ်မှ ဥသျှစ်သားပုတီးကုံး၍ဆောင်၊

ကန်အိမ်မှ လောက်သေသားပုတီးကုံး၍ဆောင်၊

တူအိမ်မှ သစ်ဆိမ်သားပုတီးကုန်း၍ဆောင်၊

ဗြိစ္ဆာအိမ်မှ စိန်ပန်းသားပုတီးကုန်း၍ဆောင်၊

ဓနုအိမ်မှ ပိတောက်သား ပုတီးကုန်း၍ဆောင်၊

မကာရအိမ်မှ ထနောင်းသားပုတီးကုန်း၍ဆောင်၊

ကုမ်အိမ်မှ တမာသား ပုတီးကုန်း၍ ဆောင်၊

မိန်အိမ်မှ ပုန်းညက်သား ပုတီးကုံး၍ဆောင်ပါ။

ဤသို့လျှင် ရိပ်စားမိရုံမျှသာ နံသားတို့ကိုပြခဲ့ခြင်းဖြစ်၏။ အခြားသစ်သားများကိုလည်းအလားတူနံသင့်ရွေး၍ စီရင်နိုင်သေး၏ ဟုမှတ်ပါ။

မှတ်ချက်။ ။ လောက်သေပင်ဟုသည်တွင် လောက်မင်းလည်းရှိသေး၏။

**ဆောင်ပုဒ်လင်္ကာ**

'မှတ်ကြပါလေ တပည့်တွေတို့
သိစေရှုယ်မှန်း လင်္ကာတန်းပိမ့်၊
ကိန်းခန်းဂြိုဟ်စန်း
ပြတ်ညှိုးသန်းသော်၊
ထုံးတမ်းချင့်ချိန်၊ မိဿအိမ်မှ
စစ်သိမ်သာရ၊
စဉ်လာပြသည် ပြိဿသက်ရင်း
မေထုန်တွင်း၌ မယွင်းရင်ခတ်
ကရကဋ်သော် သိအပ်မမှား
ဂန့်အိပ်ထား၍
သိဟ်ကားတဖြာ၊ ဥသျှစ်သာပ
ကန်မှာအမြဲလောက်သေတွဲလျက်
တူနှဲ့ခွင်သာ သစ်ဆိမ့်မှာတည့်
ဗြိစ္ဆာအစု စိန်ပန်းရှု့လေ
ဓနုထင်ရှား ပိတောက်သားတည့်။
ယှဉ်ငြားတဝမကာရတွင်
မှတ်ကြမလွဲ ထနောင်းစွဲမှ
တစ်နည်းတစ်ဖုံ တမာကုမ္ဘ၊
မိန်ပုံပုန်းညက်
စန်းဂြိုဟ်ဆက်ရာ စေ့ထွက်
ဆယ့်နှစ်ပုတီးဖြစ်ဖြင့်၊
စင်စစ်ပြုဆောင်
စင်စစ်ပြုဆောင်၊
အကြံအောင်လိမ့်
ဥဩျှာင်ရသေ့ ပညာတည်း'

**တြင်းပြတ်တွက်နည်း**

ရောက်သက်ကိုတည် (၉) ခုနှော၊ (၃) ခုနှင့်မြှောက်၊ (၈) ခုနှင့်စား အကြွင်းသုညဖြစ်မူ တြင်းပြတ်လေ၏။

**တြင်းပြတ်ဆက်ရန်ယတြာ**

* အသက်ကိုတည်၊ (၂၀) နှော၊ (၄) ခုနှင့်စား သုဉ်းသော်ပထဝီဓာတ်ပျက်၏။

* အသက်ကိုတည်၊ (၄) မြှောက်၍၊ ၄- ခုနှင့်ပင်စားလေ သုဉ်းသော် တေဇောဓာတ်ပျက်၏။

* အသက်ကိုတည်၊ (၁၂) ခုနှော၊ (၄) ခုနှင့်စား သုဉ်းသော်အာပေါဓာတ်

ပျက်၏။

* အသက်ကိုတည်၊(၆)နှင့်မြှောက်၍၊ (၄) ခုနှင့်စား သုဉ်းသော် ဝါယောဓာတ်ပျက်၏။

**ပထဝီဓာတ်ပျက်လျှင်**

ဗောဓိညောင်ပင်၌ သဲပြည် (၂၀) ခင်းလှူပါ။

**တေဇောဓာတ်ပျက်လျှင်**

ဗောဓိညောင်ပင်၌ ဆီမီး (၄) တိုင် ထွန်းညှိပူဇော်ပါ။

**အာပေါဓာတ်ပျက်လျှင်**

ဗောဓိညောင်ပင်၌ ရေစင် (၁၂) မှုတ်သွန်းလောင်းပါ။

**ဝါယောဓာတ်ပျက်လျှင်**

ဗောဓိညောင်ပင်၌ ယပ်- (၆)ခုကို ခတ်၍လှူပါ။

**နဝင်းပြတ်တွက်နည်း**

ရောက်သက်ကိုတည်၊ (၃) ခုနှင့် မြှောက်၊ (၉) ခုနှင့်စား၊ သုညကြွင်းခဲ့လျှင် နဝင်းပြတ်၏။

နဝင်းပြတ်လျှင်နဝင်းဆက်ယတြာ ကိုပြုရမည်။

**နဝင်းပြတ်ဆက်ရန်ယတြာ**

နတ်တော်လ (၉) လပိုင်းတွင် လဆန်း (၉) ရက်၌ (၉) နဝင်းဘုရား (ဝါ) (၉) တောင်ပြည့်ဘုရားတွင် (၉) ပါးသီလတော်ကိုဆောက်တည်၍ဆွမ်းတော်(၉)ပွဲ၊ ပန်းတော် (၉) ပွင့်၊ သောက်တော်ရေ (၉) ခွက်၊ ဆီမီးတော် (၉)တိုင် ကိုကပ်လှူပူဇော်၍(၉)ပါးသောဗုဒ္ဓဂုဏ်တော်ကို(၉)ပတ်စီ(၉)ရက်မှန်မှန်စိပ်ပွားရမည်။ ပြီးလျှင်မေတ္တာသုတ်တော်ကို (၉) ခေါက် နေ့စဉ်သရဇ္ဈာယ်ရမည်။

ဤကျမ်းတွင် ညွှန်ကြားသည့်အတိုင်းမှန်ကန်စွာ မပျက်မကွက်ပြုလုပ်သည်ရှိသော် (၉) တစ်ဆယ်နှစ်လီ (၁၀၈)ပါး ဂြိုဟ်စီးဂြိုဟ်နင်း စက်ကျေ၍ နဝင်းပြတ်ခြင်းမှ ကင်းလွတ်သည်ဖြစ်လျက် နဝင်းသုဉ်းက ကြုံဆုံလာလတ္တံ့သော ဘေးရန်အန္တရာယ်အပေါင်းတို့ကို အောင်နိုင်၍ ကိုယ်စိတ်နှစ်ပါးချမ်းသာသည်ဟု ရှေးဆရာတို့ဆိုကြကုန်၏။

**ဒွါဒလက်ပြတ်တွက်နည်း**

ရောက်သက်ကိုတည် (၃) ခုနှော (၉) ခုမြှောက်ပွား၊ (၁၂)ခုနှင့်စားအကြွင်းသုဉ်းသော် ဒွါဒလက်ပြတ်သည် မည်၏။

**ဒွါဒလက်ပြတ်ဆက်ရန်ယတြာ**

ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း၌သောတာပန်အလား ကျော်ထင်ရှား၍ကောင်းစားကြွယ်ဝလိုလျှင်အောက်ဖော်ပြပါသစ်ပင်တစ်ဆယ့်နှစ်ပင် စိုက်ပျိုးလှူဒါန်းရမည်။ ထိုသို့ညွှန်းဆိုပြသည့်အတိုင်း စိုက်ပျိုးလှူဒါန်းထားပြီးလျှင်မိမိတစ်သက်လုံးတွင်မည်သည့်အခါတွင်မျှ ဒွါဒလက်မသုဉ်းတော့သည့်အပြင်၊ သေလွန်သောအခါ၌လည်းအပါယ်ရွာသို့ပင်မကျရောက်နိုင်ဟုအဌကထာဆရာဆိုတော်မူခဲ့သည်။

**စိုက်ပျိုးရန်သစ်ပင်များ**

ဗောဓိညောင် (၂) ပင်၊ အင် (၁) ပင်၊ ကံ့ကော် (၁) ပင်၊ သီး (၂) ပင်၊ လင်းလွန်း (၂) ပင်၊ ထိန် (၂) ပင်၊ ပေါက် (၂) ပင် စုစုပေါင်း (၁၂) နှစ်ပင်ဖြစ်၏။

ရှင်သန်အောင်စိုက်ပျိုး၍ ထာဝရလှူဒါန်းထားရမည်၊ တတ်စွမ်းနိုင်လျှင် ပလ္လင်ခံ၍ စိုက်ပျိုးရမည်။

**ဆောင်ပုဒ်လင်္ကာ**

ဇမ္ဗူဒီပါကျွန်းလက်ယာတွင်၊ သောတာပန်လားကျော်ထင်ရှား၍ကောင်းစားလိုက ဒွါဒသမရုက္ခသစ်ပင် စိုက်ပျိုးပြင်လော့၊ညောင်လျင်ဒွယ၊အင်ဧကနှင့်သစ်လှကံ့ကော်တစ်ပင်ခေါ် ၏။သီးသော်တင်ရွှန်း၊ နှစ်ပင်ညွှန်းလျက် လင်းလွန်းအတူဒွယဟူဘိထိန်မှုနှစ်ပင်ပေါက်နှစ်ပင်ကို၊ ကြည်လင်သပါ၊ ပြည့်ပြီးစွာဖြင့်၊ ယတြာစီရင်၊ မွမ်းမံပြင်ပြီးပလ္လင်ခံထားစိုက်ပျိုးငြားက၊ မလားပါယ်ရွာ၊ ဆင်းရဲကွာမည်၊ ဒွါဒလက်သုဉ်း၊ ဆက်ရန်ထုံးဟု ရွှေဘုန်းရသေ့ မှာခဲ့တည်း'

**မြေလျှောက်ကိန်းတွက်နည်း**

ရောက်ရှိဆဲသော ကောဇာသက္ကရာဇ်ကို တည်ကိန်းပြု၍ ကိုးရာကိုးဆယ့်နှစ်ခုနှော၊ တစ်ရာ့ရှစ်ခုမြှောက်၊ သုံးရာတစ်ဆယ့်နှစ်ခုစားပါ၊ အကြွင်းသည်နှစ်တည်ကိန်းဖြစ်၏။ ထိုနှစ်တည်ကိန်းကိုတည်၊ တစ်ရာ့ရှစ်ခုမြှောက်၍ ခြောက်ဖော်ထား၊လေးနှင့်တစ်ကိန်းစား၊ ခြောက်နှင့်တစ်ကိန်းစား၊ ရှစ်နှင့်တစ်ကိန်းစား၊ ကိုးနှင့်တစ်ကိန်းစား၊ ဆယ်နှစ်နှင့်တစ်ကိန်းစား၊တစ်ဆယ့်ခြောက်နှင့်တစ်ကိန်းစား၊ အစဉ်အတိုင်းစား၍ခြောက်ထပ်လုံးသုညချည်းကြွင်းမူ ထိုနှစ်တွင်ငလျင်လှုပ်အံ့။ နှစ်တည်ကိန်းကိုတည် တစ်ဆယ့်နှစ်ခုနှင့်မြှောက်လိုအပ်သောလကိုတစ်လ၊နှစ်လစသည်ဖြင့်ရေတွက်၍နှောတစ်ရာ့ရှစ်ခုမြှောက်၊ တစ်ဆယ့်နှစ်ခုဖြင့်စား အကြွင်းသည် လတည်ကိန်းဖြစ်၏။

အထက်ကပြဆိုခဲ့သောနှစ်တည်ကိန်းကဲ့သို့ပင်(၆)ထပ်ကိန်းတည်ဖွဲ့၍ထားပြီး-

(၄) နှင့်တစ်ကိန်းစား၊ (၆)နှင့်တစ်ကိန်းစား၊

(၈) နှင့်တစ်ကိန်းစား၊ (၉)နှင့်တစ်ကိန်းစား၊

(၁၂) နှင့်တစ်ကိန်းစား၊ (၁၆) နှင့်တစ်ကိန်းစား၊

အစဉ်အတိုင်းစား၍ ခြောက်ထပ်လုံးသုညချည်းကြွင်းမူထိုလတွင်မြေငလျင်လှုပ်အံ့။

လတည်ကိန်းကိုတည် သုံးဆယ်မြှောက် ဆန်းရက်၊ ဆုတ်ရက်ရေ၍နှောတစ်ရာ့ရှစ်ခုနှင့်မြှောက် သုံးဆယ့်ရှစ်နှင့်စားအကြွင်းသည် ရက်တည်ကိန်းဖြစ်၏။

ပြဆိုခဲ့ပြီးသော နှစ်တည်ကိန်း၊ လတည်ကိန်းကဲ့သို့ပင်လျှင်ခြောက်ဖော်ကိန်းထားပြီး-

လေးနှင့်တစ်ကိန်းစား၊ ခြောက်နှင့်တစ်ကိန်းစား၊

ရှစ်နှင့်တစ်ကိန်းစား၊ ကိုးနှင့်တစ်ကိန်းစား၊

ဆယ်နှစ်နှင့်တစ်ကိန်းစား ဆယ့်ခြောက်နှင့်တစ်ကိန်းစား၊

အစဉ်အတိုင်းစား၍ ခြောက်ထပ်လုံး သုညချည်းကြွင်းမူ ထိုရက်တွင် မြေငလျင်လှုပ်အံ့။

ထိုသို့လျှင်မြေငလျင်ကိန်းကြုံရတော့အံ့မည်၊ မကြုံရမည်ကိုကြိုတင်၍သိနိုင်ရန် အထက်ကပြဆိုခဲ့သည့်အတိုင်း ကိန်းချ၍တွက်ကြည့်လေ။မြေငလျင်ကိန်းကြုံကြိုက်လာလျှင် တိုင်းပြည်၊ မြို့ရွာ၊ ဘေးဥပါဒ်ကြုံနိုင်သဖြင့် ထိုငလျင်ဘေးဒဏ်မှလွတ်မြောက်လေအောင် အောက်ဖော်ပြပါ 'မြေငလျင်ဘေးဒဏ်ကာယတြာ'ကို စီရင်ပြုလုပ်ရမည်။

**မြေငလျင်ဘေးဒဏ်ယတြာ**

ပထဝီဓာတ်ဖြင့် မှည့်ခေါ်ဘွဲ့သတော်မူသော ဘုရားတစ်ဆူဆူတွင် မြောက်ဘက်မုခ်ဝမှ သံပရာသီးတစ်လုံးကို နှစ်ခြမ်းခြမ်း၍ တစ်ခြမ်းလျှင် တစ်ဆယ့်ငါးစိတ်စီဖြင့် နှစ်ခြမ်းပေါင်း အစိတ်သုံးဆယ်ကို ဘုရားငါးဆူအား တစ်ဆူ ခြောက်စိတ်ကျစီကပ်လှူ၍ ကပ်လှူချိန်မှစ၍မှတ်ထားပြီး သုံးဆယ်မိနစ်ပြည့်သော် ပြန်စွန့်ပြီး တစ်ဆယ့်ငါးစိတ်ကို မိမိအိမ်ရှိမိသားစု ကုန်အောင်စား

# ကျန်းမာချမ်းသာပါစေ

## မင်းသန့်ကျော်(ဦးကုန်း)

'ကျန်းမာချမ်းသာပါစေ'ဟူသော မေတ္တာစကားသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အတွက် ကျက်သရေမင်္ဂလာရှိသော နှုတ်ဆက်စကားဖြစ်ပါသည်။ အခြားနိုင်ငံနှင့်အခြားဘာသာတို့တွင် အချင်းချင်းတွေ့လျှင် မင်္ဂလာပါဟူသော နှုတ်ဆက်စကားဖြင့် နှုတ်ဆက်ကြ၏။ မင်္ဂလာပါသည်လည်း ကျက်သရေမင်္ဂလာရှိသောစကား ဖြစ်ပါသည်။ ကျန်းမာချမ်းသာပါစေဟူသောစကားသည် ဘာသာအားလုံးအတွက် အလွန်ကျက်သရေမင်္ဂလာရှိသောစကားဖြစ်ပါသည်။

ကျမ်းမာချမ်းသာပါစေဟူသော စကားသည် ပြောသူအတွက် သူတစ်ပါးအပေါ်တွင် မေတ္တာတရား လွန်စွာကြီးမားပါမှပြောနိုင်သောစကားဖြစ်ပါသည်။ အပေါ်ယံစိတ်ထားဖြင့် ပြော၍မရပါ။ မေတ္တာသုတ်ကို အမြဲရွတ်ဖတ်ပြီးအဓိပ္ပာယ်ကိုကောင်းစွာသိနေသူသို့မဟုတ်သတ္တဝါများအပေါ်တွင် မေတ္တာစိတ်အမြဲထားရှိနေသူများမှသာပြောနိုင်သောစကားဖြစ်ကြောင်းလည်းတွေ့ရပါသည်။

အချို့ဘုန်းတော်ကြီးများသည် ခရီးသွားရာမှအပြန်တွင် လမ်းစရိတ်လိုနေ၍ဖြစ်စေ၊ ဆွမ်းကွမ်းအတွက် စရိတ်လိုအပ်နေ၍ဖြစ်စေ လမ်းထဲတွင်အလှူခံတတ်၏။လှူဒါန်းလိုက်သောသူကိုလည်း ကျန်းမာချမ်းသာပါစေဟူသောစကားဖြင့် မေတ္တာပို့လေ့ရှိ၏။ မလှူဒါန်းဘဲ ကန်တော့ပါဘုရားဟုပြောသူကိုလည်း ကျန်းမာချမ်းသာပါစေဟူသော မေတ္တာစကားဖြင့်မေတ္တာပို့ပေးသွားသည်ကိုတွေ့ရ၏။

သီလရှင်များသည်လည်း အဖိတ်နေ့နှင့်အဖိတ်ကြိုနေ့များတွင် လမ်းထဲ၌ ဆွမ်းဆန်အလှူခံကြရာ လောင်းလှူသူအတွက်ဖြစ်စေ မလောင်းလှူဘဲ ကန်တော့ဆွမ်းလှူဒါန်းသူအတွက် ဖြစ်စေ ကျန်းမာချမ်းသာပါစေဟူသော စကားဖြင့်မေတ္တာပို့သွားတတ်ပါသည်။ ဤသည်မှာ မေတ္တာပို့သူတွင် မေတ္တာစိတ်ဓာတ်များအမြဲကိန်းအောင်းနေ၍သာ လောင်းလှူသူနှင့် မလောင်းလှူသူကို မေတ္တာအတူပို့သွားခြင်းဖြစ်ပါသည်။

ကျွန်ုပ် အေးမြရွှေပြည်မြို့သစ်ယောမင်းကြီးလမ်းတွင် အပေါင်ဆိုင်ဖွင့်လှစ်စဉ်က ဒေါ်လှတင်ဆိုသော အဒေါ်ကြီးတစ်ဦးရှိပါသည်။ သူသည် သမီးနှင့်အတူနေ၏။ သားတစ်ယောက်ရှိရာ သားဖြစ်သူက လစဉ်တတ်အားသ၍ ထောက်ပံ့မှုပြုသော်လည်း သူကိုယ်တိုင်လှူဒါန်းလို၍ဖြစ်စေ အခြားကိစ္စအတွက် အသုံးလို၍ဖြစ်စေ သူမတွင်ရှိသော အဝတ်အထည်များမှ အကောင်းဆုံးကို ရွေးကာ ကျွန်ုပ်၏ဆိုင်သို့လာရောက်ပေါင်နှံတတ်လေသည်။

ဒေါ်လှတင်သည်ပိန်ပိန်ပါးပါးနှင့် အသားဖြူဖြူဖြစ်၏။ အသက်ကြီးလာ၍ မျက်စိများမကောင်းချေ။အပေါင်ဆိုင်သို့ လာသည့်အခါတွင် တဘက်ကလေး ခေါင်းပေါ်တင်၍ တောင်ဝှေးကလေး ထောက်ကာ စမ်းစမ်းစမ်းစမ်းဖြင့်လာလေ့ရှိ၏။ ဆိုင်သို့ ရောက်သောအခါ အပေါက်ဝကိုဝင်သည်နှင့် ကျန်းမာချမ်းသာပါစေဟူသော စကားဖြင့်နှုတ်ဆက်လေ့ရှိ၏။

ကျွန်ုပ်က နေရာထိုင်ခင်းပေး၍ ထိုင်ပြီးသောအခါ သူမတွင်ပါလာသော ပစ္စည်းကလေးများကိုချ၍မင်္ဂလာဆောင်အတွက် လက်ဖွဲ့ရန်ငွေလိုနေကြောင်း သို့မဟုတ် အသုဘအတွက် ငွေကူရန်လိုနေကြောင်းပြော၍ ပေါင်နှံလေ့ရှိ၏။

ကျွန်ုပ်ကလည်း တန်ရာတန်ကြေးထက် ပိုမိုပေးလိုက်သည်သာဖြစ်လေသည်။ဒေါ်လှတင်သည် ပြန်ရန်အတွက် တောင်ဝှေးကလေးယူ၍ထလိုက်သည်နှင့် သူ၏နှုတ်မှကျန်းမာချမ်းသာပါစေဟူသော မေတ္တာစကားထွက်၍လာ၏၊ ဒေါ်လှတင်သည် မည်သူနှင့်တွေ့သည်ဖြစ်စေ၊ အခြားစကားများကို မပြောမီ ရှေးဦးစွာကျမ်းမာချမ်းသာပါစေဟူသော စကားကိုပြောလေ့ရှိ၏။ သူမ၏မျက်နှာ အမြဲအေးချမ်းနေလေသည်။

ထိုအချိန်ထိ ကျွန်ုပ်သည် ကျန်းမာချမ်းသာပါစေဟူသောစကားကို ပြောလေ့ပြောထမရှိသေးချေ။ ဒေါ်လှတင် ထိုစကားကိုပြောတိုင်း ကြားရသူတို့တွင် စိတ်နှလုံး အေးချမ်းသွားကြသည်ကို ကျွန်ုပ်မြင်တွေ့ရရာ ဒေါ်လှတင် အတုကိုယူကာ အပေါင်ဆိုင်သို့လာသူတိုင်းကိုလည်းကောင်း၊ စာအုပ်လာရောက်ငှားသူများကိုလည်းကောင်း။ အခြားကိစ္စဖြင့်လာသူများကိုလည်းကောင်း ကျန်းမာချမ်းသာပါစေဟူသောစကားကိုပြော၏၊ ပြောပြီးသောအခါ ကြားရသူများမှာလည်း မျက်နှာများရွှင်လန်းကာပြောသူကျွန်ုပ်ကိုယ်တိုင်မှာလည်း စိတ်နှလုံးအေးချမ်းလာကြောင်းတွေ့ရ၏။

ကျွန်ုပ်သည် နံနက်နှင့်ည အိပ်ရာဝင်အိပ်ရာထချိန်တွင် ဘုရားရှိခိုးရာ၌ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးနှင့် အတူ ပရိတ်ကြီး (၁၁) သုတ်ကိုရွတ်ဖတ်ပူဇော်လေ့ရှိရာ မေတ္တာသုတ်ကိုလည်း အမြဲရွတ်ဖတ်ပူဇော်ပါသည်။ မေတ္တာသုတ်၏ အနက်အဓိပ္ပာယ်ကိုလည်း သိအောင်လေ့လာထားပါသည်။ ထို့ပြင် အရပ်(၁၀)မျက်နှာ မေတ္တာပို့နှင့်မေတ္တာပို့ခြင်း (၁၁)နည်းကိုလည်းထည့်သွင်းပူဇော်လေ့ရှိပါသည်။ သတ္တဝါများအပေါ် မေတ္တာအမြဲထားနိုင်အောင်လည်း ကြိုးစားပါသည်။ အချိန်ကြာလာသောအခါဖော်ပြခဲ့သော ကျန်းမာချမ်းသာပါစေဟူသော မေတ္တာပို့စကားကို မိမိနှင့်ဆက်ဆံသူတို့အပေါ်၌စိတ်ပါလက်ပါဖြင့်ပြောနိုင်လာပါကြောင်းမေတ္တာရှေ့ထား၍တင်ပြလိုက်ပါသည်။

*ကျမ်းမာချမ်းသာပါစေ၊*

မင်းသန့်ကျော်(ဦးကုန်း)

---

ရမည်။

ကျန်ရှိနေသော တစ်ဆယ့်ငါးစိတ်ကို တောင်ဘက်အရပ်တွင် နှုတ်မှ-

'ငါတို့၌ကြဲဆုံလာလတ္တံ့ကုန်သော ဘေးဆိုးဘေးဒဏ်ရန်မာန်အန္တရာယ်တို့ကို ငါတို့ကိုယ်စားနင်သံပရာသီးစိတ်များ ကျေအောင်ခံစေ' ဟုဆိုကာမြေမြှုပ်၍ ဖနောင့်ဆောင့်ပြီး ပြန်လာခဲ့ရမည် ပြန်လှည့်၍မကြည့်ရ။

မှတ်ချက်-ဤကိစ္စမျိုးတွင်သံပရာသီးကို အထူးအသုံးပြုလေ့ရှိ၏။ အန္တရကပ်ကျော် သံပရာသီးစိတ်ကပ်လှူနည်းဟူ၍လည်း ရှိပါသည်။

ပထဝီဓာတ်ဟူသည် ကောလီဓာတ်ဖြစ်၏။ ဓာတ်သက် (၃၀) ရှိ၏။ ကောလီဓာတ်၏တည်ရာသည် တောင်အရပ်ဖြစ်၏။

ကောလီဓာတ်၏အက္ခရာများမှာ 'က ခ ဂ ဃ င' ဟူ၍ (၅) မျိုးလုံးရှိ၏။

ဥပမာ-ကျောင်းတော်ရာဘုရား၊ ဝင့်ကြွေးတော်ပြေဘုရား စသည်တို့ဖြစ်၏။

*ရွှေလဆက်ဖတ်ပါရန်*

ဆက်ထွန်းလင်း

# ကံ

၁

ချောင်းဆုံအုန်းသွင်



မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးရှိပါသည်။ ၎င်းတို့အထတွင် ဗမာက တစ်မျိုးပါဝင်ပါသည်။ တိုင်းရင်းသားအားလုံးနေသောနိုင်ငံကို မြန်မာနိုင်ငံဟုခေါ်ပါသည်။ တိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံသား၊ မြန်မာဖြစ်ပါသည်။ ခွဲလိုက်လျှင်သူ့အမည်နှင့်သူရှိကြသည်။ အချို့စာပေရှိသည်။ အချို့မရှိသေး၊ စာပေလည်းမတူ၊ ပြောသည့်ဘာသာစကားလည်း မတူကြပါ။ ဥပမာ သံဃာတော်များကို ဗမာက ဘုန်းကြီးဟုခေါ်သည်။ မွန်ကကျိုက်ဟုခေါ်သည်။ ဗမာကထမင်းဟုခေါ်သည်ကို မွန်ကပုန်းဟုခေါ်သည်။

ဗမာနှင့်မြန်မာကွဲဖို့လိုသည်။ မကွဲလျှင် တိုင်းရင်းသားချင်း သဘောကွဲနိုင်သည်၊ သွေးကွဲနိုင်သည်။ မြန်မာနိုင်ငံကို ကျွန်ပြုခဲ့သော နယ်ချဲ့အင်္ဂလိပ်တို့သည် ကြာရှည်ကျွန်ပြုနိုင်ဖို့အတွက် တိုင်းရင်းသားချင်းသွေးခွဲရာတွင် ဤဗမာကိုအသုံးပြုခဲ့သည်။ ဗမာလူမျိုးကိုဘားမင်း မြန်မာနိုင်ငံကိုဘားမားဟု သုံးခဲ့သည်။

ဗမာလူမျိုး တို့ ဗမာနိုင်ငံ ဟု အဓိပ္ပာယ်ရပါသည်။တိုင်းရင်းသားလူမျိုးများသည် တောင်တန်းဒေသတွင် အနေများကြသည်။ တောင်တန်းဒေသနှင့်မြေပြန့်ဒေသနေ တိုင်းရင်းသားများ ရင်းနှီးမှုမရအောင် လမ်းပန်းဆက်သွယ်ရေးလုပ်မပေးဘဲ ဖြတ်တောက်ထားသည်။ ပြီးတော့ ဗမာလူမျိုးတွေက လူမျိုးကြီးဝါဒနဲ့မင်းတို့ကိုနှိမ်ထားတယ်၊ အရိုင်းအစိုင်းတွေလို့ပြောကြတယ်ဆိုပြီး ကန်းတိုက်သွေးခွဲသည်။ လွတ်လပ်ရေးရပြီးသည်မှ ယနေ့ထိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် ပြန်တိုက်နေခြင်းဖြစ်သည်။

ကံအကြောင်းမှ မြန်မာနှင့်ဗမာ အကြောင်းရောက်သွားပါသည်။မူရင်းကို ပြန်စကြရအောင်။ ကံဆိုသည်မှာကမ္မဆိုသောပါဠိစကားကို ဘာသာမပြန်တော့ဘဲ ကံဟုဗမာမှုပြုထားခြင်းဖြစ်ပါသည်။

ပါဠိစကား အတော်များများကို ဗမာစကားအဖြစ် သုံးနေကြပါပြီ။ ကံ၊ စိတ်၊ ရုပ်၊ နာမ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ စသည်တို့ကို ဗမာစကားပမာ သုံးနေကြပါသည်။ ကံ-ကမ္မသည်ပြုလုပ်ခြင်းဟုအဓိပ္ပာယ်ရပါသည်။ ကံကောင်းသည်ဆိုခြင်းမှာ ကောင်းမှုထားသဖြင့်ရသောကောင်းကျိုးကိုဆိုခြင်းဖြစ်ပါသည်။ ထီပေါက်သူကို ကံကောင်းသူဟု ဆိုပါသည်။ ယခုဘဝ ထီပေါက်ဖို့အတွက် ယခင်ဘဝက စာရေးတံမဲအလှူကိုလှူခဲ့၍ဖြစ်ပါသည်။

စိတ်သည် အာရုံကိုသိတတ်ခြင်းသဘောဖြစ်ပါသည်။စိတ္တဟူသောပါဠိကို ဘာသာမပြန်တော့ဘဲ စိတ်ဟု ဗမာမှုပြုထားခြင်းဖြစ်ပါသည်။

ရုပ်ဟူသည်မှာလည်း ရူပဆိုသောပါဠိစကားကို ဘာသာမပြန်တော့ဘဲ ရုပ်ဟု ဗမာမှုပြုထားခြင်း ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ဖောက်ပြန်ပြောင်းလဲပျက်စီးတတ်ခြင်းသဘောဟူ၍ ဖြစ်ပါသည်။ မတူညီသော သဘာဝတရား၊ ဆန့်ကျင်ဘက်သဘာဝတရားများနှင့် တွေ့သော် ဖောက်ပြန်ပြောင်းလဲ ပျက်စီးတတ်ခြင်းဖြစ်ပါသည်။ ဥပမာ-ရုပ်ဖြစ်သောရေကို သတ္တုအိုးဖြင့်ထည့်ပြီး မတူညီသောဆန့်ကျင်ဘက် (အပူနှင့်အအေး) ဖြစ်သော ရုပ်ဖြစ်သော မီးပြင်းတိုက်သော် ပထမအေးရာမှပူပြီး ပူရာမှဆူပွက်ခြင်းဖောက်ပြန်လာပါမည်။ နောက် အခိုးအငွေ့အဖြစ်ပြောင်းလဲပြီး ခန်းခြောက်ခြင်းအဖြစ် ပျက်စီးသွားပါမည်။

အလားတူပင် နာမ်ဆိုသည်မှာလည်း နာမဆိုသောပါဠိစကားကို ဘာသာမပြန်တော့ဘဲ နာမ်ဟုဗမာမှုပြုထားခြင်းဖြစ်ပါသည်။ အဓိပ္ပာယ်ကား ကိုင်းညွှတ်ခြင်းဟု ဖြစ်ပါသည်။ အာရုံရှိရာကို ကိုင်းညွှတ်တတ်သည့်အတွက် နာမ်ဟုခေါ်ပါသည်။

ဤတွင်အာရုံဆိုသည့်စကားပေါ်

**စေတနာ ဟံ ဘိက္ခဝေ ကမ္မာ ဝ ဒါမိ-** စေတနာကို ကံဟူ၍ ငါဘုရားဟောတော်မူသည်။

မြတ်စွာဘုရားက စေတနာကို ကံဟု ဟောပါသည်။ ဤတွင် စေတနာ တစ်ခုတည်းကို ကံဟု ဟောခြင်းမဟုတ်။ ကံကိုဖြစ်စေသောအကြောင်းတရားများတွင် စေတနာက အဓိကကျသည်ဟူ၍ ဖြစ်ပါသည်။ ကံကို ဖြစ်စေသောနာမ်တရားတို့သည် ရှစ်မျိုးရှိပါသည်။ သဘာဝတရားတို့သည် စုပေါင်းနေကြသည်။ စုပေါင်းပြီး အလုပ်လုပ်ကြပါသည်။ အနည်းဆုံး (၂) မျိုးမှ (၂၀၀) နီးပါးအထိ စုပေါင်းကြသည်။

စေတနာကို များသောအားဖြင့် အကောင်းဟု သိကြပါသည်။ ငါက စေတနာနဲ့ပြောတာဟု ပြောလေ့ရှိပါသည်။ အကောင်းကိုယူပြီး ပြောခြင်းဖြစ်၏။ စေတနာတွင် စေတနာကောင်း၊ စေတနာဆိုးဟူ၍ (၂) မျိုးစလုံးရှိပါသည်။ စေတနာသည်လည်းကောင်း၊ကံသည်လည်းကောင်း ဗမာစကားမဟုတ် ပါဠိစကားဖြစ်ပါသည်။

ဤတွင် စကားစပ်သဖြင့် မြန်မာနှင့်ဗမာကို ခွဲခြားသိရန်လည်းလိုပါသည်။

လာပြန်ပြီ။ လူတိုင်း သုံးနေကျစကားဖြစ်ပါသည်။ စိတ်၏ညွှတ်ရာဟု အဓိပ္ပာယ်ရပါသည်။ အတွင်း (ခန္ဓာကိုယ်တွင်း) အာရုံခြောက်ပါး အပ(ခန္ဓာကိုယ်ပြင်ပ) အာရုံခြောက်ပါး ရှိပါသည်။ ဤတွင်ခန္ဓာဟူသော လူတိုင်းသိ၊ လူတိုင်းပြောနေသော ခန္ဓာသည်လည်း ပါဠိစကား၊ အစုအဖွဲ့ဟု အဓိပ္ပာယ်ရပါသည်။

အတွင်းအာရုံခြောက်ပါးမှာ (၁) မျက်စိ၊ (၂) နား၊ (၃) နှာခေါင်း၊ (၄) လျှာ၊ (၅) ကိုယ်၊ (၆) စိတ်ဟူ၍ဖြစ်ပြီး အပြင်အာရုံခြောက်ပါး မှာ (၁) အဆင်း၊ (၂) အသံ၊ (၃) အနံ့၊ (၄) အရသာ၊ (၅)အထိအတွေ့၊ (၆) စိတ်ကူးစရာအာရုံဟူ၍ ဖြစ်ပါသည်။ သူတို့မှာ အစုံလိုက် တည့်မတ်စွာ ထိတွေ့ရပါသည်။ မျက်စိနှင့်အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ခန္ဓာကိုယ်နှင့်အထိအတွေ့၊ စိတ်နှင့် စိတ်ကူးစရာအာရုံ ဖြစ်ပါသည်။ မျက်စိနှင့်အသံ၊ နားနှင့်အဆင်း စသည့်လွဲပြီး ထိတွေ့သဖြင့် ဘာမှဖြစ်မလာပါ။

အဆင်း၊အသံစသောအာရုံငါးပါး အပြင် ကျန်သည့်အာရုံအားလုံးကို ဓမ္မာရုံဟု ခေါ်ပါသည်။ ဓမ္မာရုံဆိုသည်မှာ အလွန်ကျယ်ပြန့်ပါသည်။ အကျဉ်းတစ်မျိုးကိုဆိုရသော် စိတ်ကူးစရာအာရုံဖြစ်ပါသည်။ စိတ်ကူးမည်ဆိုလျှင် ကူးရန် စိတ်လိုပါသည်။စိတ်က အာရုံဆီသို့ ကူးသွားခြင်းကို စိတ်ကူးသည်ဟု ဆိုခြင်းဖြစ်ပါသည်။ စိတ်က ရုပ်ကဲ့သို့ ရှိမနေပါ။ စိတ်ကူးလိုမှ စိတ်ဖြစ်ရပါသည်။ စိတ်ကူးလိုသော် စိတ်ဖြစ်ရန် ခန္ဓာကိုယ်တွင်း၌ နေရာလိုပါသည်။ မြတ်စွာဘုရားကစိတ်ဖြင့်သောနေရာကို ဝတ္ထု ဟုသာ ဟောခဲ့ပါသည်။ ဤသည်ကို အရှင်မဟာဗုဒ္ဓဃောသက ဟဒယဝတ္ထု ဟု ရှေ့က ဟဒယကို ဆက်ခဲ့ပါသည်။

ဟဒယ ဟူသည် နှလုံးသား နှလုံးအိမ်ကို ညွှန်းခြင်းဖြစ်ပါသည်။ သို့သော် စိတ်က ထိုနှလုံးအိမ်တွင်း၌ ဖြစ်သည် မဟုတ်၊ ထိုနှလုံးအိမ်တွင်းဝယ် လက်တစ်ဆုပ် (လက်တစ်ခုပ်) စာမျှသော သွေးအကြည်ရှိပါသည်။ ထိုသွေးအကြည်တွင် ဖြစ်ပါသည်။ ထိုသွေးသည် ခန္ဓာတစ်ကိုယ်လုံး ပျံ့နှံ့နေသဖြင့် စိတ်သည်ခန္ဓာတစ်ကိုယ်လုံး၌ ဖြစ်နိုင်သည်ဟု ယူဆနိုင်ပါသည်။ သို့သော် ထင်ရှားသူမှာ ဟဒယ(နှလုံး)နှင့် ဦးနှောက်တို့တွင်ဖြစ်ပါသည်။

ကောင်းသတင်း၊ ဆိုးသတင်းကြားသော် ရင်ထဲ ဒိတ်ခနဲဖြစ်သွားပါသည်။ နှလုံးတွင်ဖြစ်ခြင်းပါ။

ကြံစည်တွေးတောစိတ်ကူး အကြံထုတ်လျှင် ခေါင်းကုတ်ပါသည်။ဦးနှောက်တွင် ဖြစ်ခြင်းပါ။ မည်သည့်နေရာတွင် ဖြစ်ဖြစ်၊ စိတ်ဖြစ်သည့်နေရာကို ဟဒယ ဟု ခေါ်ပါသည်။

(၁) စက္ခု-မျက်စိ၊ (၂) သောတ- နား၊ (၃) ဃာန- နှာခေါင်း (၄) ဇိဝှာ- လျှာ၊ (၅) ကာယ- ကိုယ်၊ (၆) ဟဒယ- စိတ်ဖြစ်ရာနေရာ၊ ၎င်းတွင် မန ဆိုသည့် အခံစိတ် ရှိနေသည်။ အတွင်းဝတ္ထုရုပ် (၆)ပါးဖြစ်ပါသည်။ အပြင်အာရုံရုပ် (၆) ပါးဆိုသည်မှာ-

(၁) ရူပ-အဆင်း၊ (၂) သဒ္ဒ- အသံ၊ (၃) ဂန္ဓ-အနံ့၊ (၅) ရသ-အရသာ၊ (၇) ဖောဋ္ဌဗ္ဗ-အထိအတွေ့၊ (၆) ဓမ္မ- စိတ်ကူးစရာအာရုံဟူ၍ဖြစ်ပါသည်။ ဤတွင် ဝတ္ထု (၆) ပါး၌ မန- စိတ်သည် နာမ်ဖြစ်၏။ စိတ်နှင့်စိတ်ကူးခြင်းသည် နာမ်၊ နာမ်ချင်း ထိတွေ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သိစိတ် (၆) မျိုးရပါသည်။

(၁) မျက်စိနှင့်အဆင်းထိ-သိမြင်သိစိတ်ဖြင့်၊ (၂) နားနှင့်အသံထိ ကြားသိစိတ်ဖြစ်၊ (၃) နှာခေါင်းနှင့်အနံ့ထိ နံ့သိစိတ်ဖြင့်၊ (၄) လျှာနှင့်အရသာထိလျှင် သိစိတ် (အရသာသိစိတ်) ဖြင့်၊ (၅) ခန္ဓာကိုယ်နှင့်ပူအေး၊ ကြမ်း၊ နူ စသည့် အထိအတွေ့ထိ- ထိသိစိတ်ဖြစ် (၆) မနနှင့် စိတ်ကူးစရာအာရုံထိ- ကြံသိစိတ်ဖြင့် ဟူ၍ ဖြစ်ပါသည်။

ထိုသို့ သိစိတ်ဖြစ်ရန် နာမ်ဓာတ် (၈) မျိုးက အဆင့် (၇) ဆင့်ဖြင့် အလုပ်လုပ်ကြရပါသည်။ နာမ်စိတ် (၈) ပါးဟူသည်-

(၁) ဖဿ၊ (၂) ဝိညာဏ်၊ (၃) ဝေဒနာ၊ (၄) သညာ၊ (၅) စေတနာ၊ (၆) ဧကဂ္ဂတာ၊ (၇) ဇီဝိတိန္ဒြေ၊ (၈) မနသိယာရ ဟူ၍ဖြစ်ပါသည်။

ဗမာလို (၁) ထိခြင်း၊ (၂) သိခြင်း၊ (၃) ခံစားခြင်း၊ အတွေ့အကြုံရရှိခြင်း၊ (၄) မှတ်သားခြင်း၊ (၅) စေ့ဆော်စည်းရုံးတိုက်တွန်းခြင်း၊ (၆) ယှဉ်ဘက်နာမ်ဓာတ်များကို အာရုံတစ်ခုတည်းမှာ စုစည်း ကျရောက်စေခြင်း၊ (၇) ယှဉ်ဘက်ဉာဏ်ဓာတ်များကို မပြိုကွဲအောင် ထိန်းသိမ်းခြင်း၊ (၈) အာရုံဆီ ဦးလှည့်ခြင်း ဟူ၍ဖြစ်ပါသည်။

(၁) မျက်စိနှင့်အဆင်းထိခြင်းသည် ရုပ်-ရုပ်ချင်းထိသည့် ဖဿဖြစ်ပါသည်။ ၎င်းကိုသဘောအဖြစ်ယူပြီး နာမ်ဖဿ၊ စေတသိက်ဖဿဖြစ်သည်။ (၂)ထိတော့ သိသည်။ ဝိညာဉ်ဟုခေါ်သည်။ သူက စိတ်ဖြစ်ပါသည်။ ဝေဒနာမှစ၍ နောက်အားလုံးသည် စေတသိက်ချည်း ဖြစ်ပါသည်။ စိတ်ကသိရုံမျှသက်သက်သာဖြစ်သည်။ အခြားဘာမှမရှိ မျက်စိနှင့်အဆင်းထိလျှင် အဆင်းတွင်ရှိသော အချက်အလက်များ၊ ဥပမာ-အရောင်ဆိုက ဖြူ၊ နီစသည့်၊ပုံသဏ္ဌာန်ဆိုက အလုံး၊ အဝိုင်း၊လေးထောင့်၊ သုံးမြှောင့် စသည် သိရှိခံစားလိုက်သည်။ ဤသည်ကို အတွေ့အကြုံ ရသည်ဟု ဆိုသည်။ ၎င်းကို ဝေဒနာဟု ခေါ်သည်။ (၄) သညာက ထိုအတွေ့အကြုံကို မှတ်သားထားလိုက်သည်။ မှတ်တမ်းတင်လိုက်သည်။ နောက်တစ်ခါတွေ့လျှင် သိရန် ဖြစ်သည်။ (၅) စေ့ဆော်ခြင်း၊ စေတနာ၊ ဥပမာ ခေါင်းဆောင်တစ်ဦးဖြင့် လူငါးယောက်အလုပ်တစ်ခုကို စုလုပ်သည်။ ခေါင်းဆောင်က သူတာဝန်ကိုသူ ကျေပွန်အောင် ထိထိရောက်ရောက်လုပ်ရုံမက ကျန်သူများကိုလည်း သူ့လို ထိထိရောက်လုပ်ဖို့ တိုက်တွန်းသည်၊စေ့ဆော်သည်။ သူကအရေးကြီးသည် ထိရောက်မှုပြီးမြောက်သည်၊ အလုပ်ဖြစ်သည်။ ကံမြောက်သည်။ ထို့ကြောင့် မြတ်စွာဘုရားက စေတနာကံ ဘိက္ခဝေ ကမ္မာ ဝဒါမိ၊စေတနာကို ကံဟုငါဘုရားဟောသည်ဟုဆိုခြင်းဖြစ်သည်။ အစကတင်ပြခဲ့ပါသည်။ (၆)အာရုံတစ်ခုတည်းမှာ စုစည်းစေခြင်း အာရုံများတကွဲတပြားဖြစ်နေလျှင် (စိတ်က ဟိုရောက်ဒီရောက်ဖြစ်နေလျှင် မည်မည်ရရမရှိသကဲ့သို့) အလုပ်တစ်ခု မအောင်မြင်တော့ အာရုံတစ်ခုတည်း ကျရောက်ရပါမည်။ (၇)ယှဉ်ဘက်ဉာဏ်ဓာတ်များ၊ အထက်က(၇)ချက်ကို တကွဲတပြားစီ မပြိုကွဲမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်ပါသည်။ ဇီဝိတန္ဒြေမ ဟုခေါ်ပါသည်။(၈) ထို တစ်ခုတစ်စည်းတည်း ဖြစ်နေသောနာမ်ဓာတ် (စိတ်+စေတသိက်ရ) ကို အာရုံဦးလှည့်ခြင်း၊ ထိုသို့ ဦးလှည့်နိုင်မှ သိစိတ်တစ်ခု အောင်အောင် မြင်မြင်ဖြစ်ပါမည်။ မနသိကာရ ဟု ခေါ်ပါသည်။

* ထိုနာမ်ခန္ဓာ (၈) ပါးသည်လုံးဝ ဖြိုခွဲ၍မရပါ။ ဖြိုခွဲလိုက်သောဝတ္ထုရုပ် (မျက်စိ)နှင့် အာရုံရုပ် (အဆင်း)ထိသော် မြင်သိစိတ်ကို ဖြစ်စေသည် အလုပ်များကို ထိရောက်စွာ မလုပ်နိုင်တော့ပါ။

ဆက်လက်ဖော်ပြပါဦးမည်။

ချောင်းဆုံအုန်းသွင်

# ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

# လှေသင်းအတွင်းဝန်မင်း၏ သမိုင်းဝင်ကြေးနန်းစာများ

ဘုံဘောဘားမား သစ်ကိစ္စကို အကြောင်းပြု၍ဗြိတိသျှတို့သည်တတိယ အကြိမ်ကျူးကျော်စစ်ဆင်နွှဲရာမှာ တတိယ အင်္ဂလိပ်-မြန်မာစစ် ဖြစ်ပွားခဲ့သည်။ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအတွင်း မြန်မာတို့ဘက်မှ ထူးချွန်စွာတိုက်ပွဲဝင်ခဲ့သည့်တပ်မှူးတစ်ဦးမှာ အတွင်းဝန်လှေသင်းဝန် စလေမြို့စားမင်းကြီးသီရိမဟာဇေယျကျော်ထင်ပင် ဖြစ်သည်။

လှေသင်းအတွင်းဝန်သည် စစ်တိုက်လိုသည့် အုပ်စုတွင်ပါဝင်ပြီး ဗြိတိသျှတို့နှင့်စစ်ဖြစ်လာခဲ့လျှင် မိမိ၏တပ်သား (၇၀၀၀)ဖြင့်အမှုထမ်းရန် အသင့်ရှိကြောင်း သီပေါမင်းအား လျှောက်တင်ခဲ့သည်။ စစ်ဖြစ်လာသောအခါတွင် လှေသင်းအတွင်းဝန်သည်စစ်သည်အင်အား (၃၃၀၀)ပါဝင်သည့်တပ်ကို အုပ်ချုပ်၍ တလုပ်မြို့နယ် မြင်းခြံအရပ်သို့ ချီတက်ရသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းထိပ်တစ်လျှောက်တွင် တပ်လုပ်ပြီးလျှင် အင်္ဂလိပ်တို့ကို ဆီးကြိုတိုက်ခိုက်ခဲ့သည်။

လှေသင်းအတွင်းဝန်သည်မင်းလှနှင့်ငွေကြောင်းခံမြို့များကို သိမ်းပိုက်ပြီးနောက်ဧရာဝတီမြစ်ကြောင်းအတိုင်းဆန်တက်လာသော အင်္ဂလိပ်တပ်များကိုအခိုက်အတန့်အားဖြင့် ရပ်တန့်သွားအောင် ရှုပ်ရှပ်ချွံချွံ တိုက်ခိုက်နိုင်ခဲ့သည်။ တိုက်ပွဲအခြေအနေနှင့်ပတ်သက်၍ အင်္ဂလိပ်မှတ်တမ်းဖြစ်သော မေဂျာဂျင်နရယ် ပရင်ဒါဂတ်စ်၏အစီရင်ခံစာတွင်ဧရာဝတီ ဖလိုတီလာ ကုမ္ပဏီကိုယ်စားလှယ် နေထိုင်ခဲ့ရာ အိမ်အနီးတွင်အလွန်ခိုင်ခံ့သော ကတုတ်ကြီးကို ဆောက်လုပ်ထားကြောင်း၊ ထိုကတုတ်မှ အမြောက်ကြီး (၁၀)လက်ဖြင့် မြန်မာတို့အပြင်းအထန်ခုခံကြောင်း၊ မြန်မာရဲမက်များအင်အားအလွန်ကောင်းကြောင်း၊ ကမ်းနဖူးတစ်လျှောက်ရှိကျင်းများထဲမှရိုင်ဖယ်များ၊ မီးပေါက်သေနတ်များဖြင့် တရစပ်ပစ်ခတ်ကြကြောင်း၊ ထိုသို့ပစ်ခတ်နေသည့်ကြားမှ ဆန်တက်ရသဖြင့် အမြောက်တင်သင်္ဘောဧရာဝတီကို အမြောက်ထိမှန်ပျက်စီးကြောင်း၊ယူနန်သင်္ဘောလည်းနေရာပေါင်းများစွာ ထိမှန်ခဲ့ရကြောင်း၊ မြင်းခြံတိုက်ပွဲတွင် တာကျိုက်သင်္ဘောမှ ရေတပ်အရာရှိ ကူပါးနှင့် တပ်သားဘက်ဂျလီတို့ ထိခိုက်ဒဏ်ရာရကြောင်း ဖော်ပြထားသည်။ ၎င်းအစီရင်ခံစာအရ လှေသင်းအတွင်းဝန်ဦးဆောင်သောမြန်မာတို့၏ခုခံတိုက်ခိုက်မှုပြင်းထန်ကြောင်းသိရှိရသည်။

ထိုအစီရင်ခံစာတွင်ပင် လှေသင်းအတွင်းဝန်အကြောင်းနှင့်စပ်လျဉ်း၍မြင်းခြံရှိမြန်မာရဲမက်များကို ဘုရင်၏အကောင်းဆုံးစစ်သူကြီးဖြစ်သူလှေသင်းအတွင်းဝန်က ကွပ်ကဲအုပ်ချုပ်ကြောင်း၊ လှေသင်းအတွင်းဝန်သည်ဗြိတိသျှတပ်များကို ဆီးဆို့ခုခံတိုက်ခိုက်အောင်မြင်ကြောင်းနှင့် (၂၅)ရက်ညကဘုရင်ထံကြေးနန်းဖြင့်အစီရင်ခံကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။


စစ်ပွဲကာလအတွင်း လှေသင်းအတွင်းဝန်နှင့်မြန်မာလွှတ်တော်အရာရှိများသည် စစ်ရေးအခြေအနေများကို ကြေးနန်းစာများဖြင့် အဆက်မပြတ် ပေးဖို့ဆက်သွယ်ခဲ့ကြသည်။ ထိုကြေးနန်းစာများကို ပုရပိုက်မှုအဖြစ် လေ့လာခွင့်ရရှိခဲ့သည်။ ကြေးနန်းစာများတွင် စစ်ပွဲအတွက် မြန်မာတို့ပြင်ဆင်ပုံ၊ မြန်မာစစ်သည်တို့ ရဲရင့်စွာတိုက်ပွဲဝင်ပုံတို့ကို ပြည့်စုံစွာဖော်ပြထားသည်။

ပထမဦးဆုံး တွေ့ရှိရသောကြေးနန်းစာမှာ ၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၃) ရက်နေ့၊ (၂) ချက်တီး၊ (၃) မောင်းအချိန်တွင် အတွင်းဝန်မင်းများက လှေသင်းအတွင်းဝန်ထံ ရိုက်ကြားသော ကြေးနန်းစာဖြစ်သည်။ ယင်းကြေးနန်းတွင် သံတော်ဆင့်လက်နက်ကိုင်ဝန်ကို ကသည်းအတ္တုပတ်မြင်း၊ မြင်းစီးလုံ့စွဲ (၁၀၀)နှင့်စေလွှတ်လိုက်ကြောင်း၊ ရောက်မရောက် အကြောင်းပြန်စေလိုကြောင်း ဖော်ပြပါရှိသည်။

၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၃) ရက်နေ့၊ (၃) ချက်တီးအချိန် အတွင်းဝန်များက လှေသင်းအတွင်းဝန်ထံရိုက်ကြားသောကြေးနန်းစာတွင်ပခုက္ကူကွမ်းရွာတွင် အင်္ဂလိပ်သင်္ဘောများရှိမရှိ ထောက်လှမ်း၍ ပြန်ကြားရန်ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အင်္ဂလိပ်တပ်များသည် ရေနံချောင်းနှင့်ပုဂံကိုသိမ်းပိုက်ပြီးနောက် ခရစ်နှစ် ၁၈၈၅ ခု၊ နိုဝင်ဘာ (၂၄) ရက်နေ့တွင်မြင်းခြံသို့ရောက်ရှိလာသည်။ ထိုနေ့မှာပင် လှေသင်းအတွင်းဝန်၏တပ်များနှင့် တိုက်ပွဲဖြစ်ပွားသည်။ မြင်းခြံတိုက်ပွဲအခြေအနေနှင့်ပတ်သက်၍ ၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့၊ ညဦး (၂) ချက်တီးတွင် ရိုက်ကြားသောကြေးနန်းစာတွင်အောက်ပါအတိုင်း ပြည့်စုံစွာ ဖော်ပြထားသည်။

ယနေ့ (၃)ချက်တီးအချိန် သင်းတို့မီးစွာကုလားသင်္ဘော (၁၀) စင်းမြင်းခြံသို့ဆန်တက် ဆိုက်ရောက်၊ ဆိပ်ကမ်းတလျှောက်၌ရပ်ချထားရင်း တပ်တော်များအနက် သပြေပင်ရွာ တပ်ဦးတော်က အမြောက်နှင့်ပစ်ခတ်ရာ၊သင်းတို့သင်္ဘောကလည်း ဗိုလ်မှူးအတွင်းဝန်ကိုယ်တိုင်




ကတုတ်ပေါ်တွင်ထားကွပ်ပြီးလျှင်သင်းတို့ ပစ်ချက်များစွာရှိမှ ထိလောက် ပျက်စီးလောက်သည့်နေရာများကို အစီအစဉ်ဂဏန်း အမှတ်ခွဲဝေဆင့်ဆိုပစ်ခတ်ရာ၊ သင်းတို့ပစ်ခတ်သည့် ဗုံးအမြောက်များသည်တစ်စုံတစ်ရာကိုမျှ ရှုနမရှိ၊ သင်းတို့သင်္ဘောများသို့ပထမနှစ်စင်းကိုအမြောက်ထိမှန်၊ ထပ်မံဆုတ်ခွာ ထွက်ပြေး၊ ဒုတိယသင်္ဘောတစ်စီးနှင့်သမ္ဗာန် (၁) ကိုထိမှန်၊ ထပ်မံဆုတ်ရှိသည်ဖြစ်၍ ဗိုလ်မှူးအတွင်းဝန်ထားကွပ်မြဲ ကွပ်ကဲဆင့်ဆို စီးနင်းပစ်ခတ်ရာ သင်္ဘော(၁၀)စင်းအနက် အမြောက် ထိမှန်ပေါက်ကွဲသည့် သင်္ဘောနှစ်စင်းမှာ မြင်းခြံအနောက်ဘက်သောင်စွန်းတွင် မှေးတင်ကပ်ထားခဲ့၍ ရှေ့သို့အမြန်သင်္ဘောနှစ်စင်း ဆန်ထွက်ပြေး . . .

အထက်ပါကြေးနန်းစာအရမြင်းခြံတိုက်ပွဲတွင်အင်္ဂလိပ်တို့ဘက်မှသင်္ဘောလေးစင်းထိမှန်ကြောင်း၊ စစ်သည် (၃၀) ကျော်အသေအပျောက်ရှိကြောင်းသိရှိရသည်။ ပရင်ဒါဂတ်စ်၏အစီရင်ခံစာတွင်လည်းမြင်းခြံတိုက်ပွဲတွင်အင်္ဂလိပ်သင်္ဘောများအထိအခိုက်ရှိကြောင်း ဝန်ခံထားပါသည်။အင်္ဂလိပ်၊မြန်မာနှစ်ဖက်စလုံးမှတင်ပြသောစစ်ရေးအခြေအနေကိုထောက်ရှု၍ မြင်းခြံတိုက်ပွဲမှာ ပြင်းထန်ကြောင်း၊ လှေသင်းအတွင်းဝန်၏တပ်များသည်ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်နိုင်ပြီးအင်္ဂလိပ်တပ်များ၏ထိုးစစ်ကိုအခိုက်အတန့်အားဖြင့် တားဆီးနိုင်ခဲ့ကြောင်း သိသာ ထင်ရှားလေသည်။

လှေသင်းအတွင်းဝန်၏အောင်မြင်မှုများကို မြန်မာလွှတ်တော်အရာရှိများသည်ကြေးနန်းရိုက်၍ဂုဏ်ပြုချီးကျူးခဲ့ကြသည်။ ၁၂၄၇ခုနှစ်၊တန်ဆောင်မုန်းလဆုတ် (၃)ရက်နေ့တွင်ရိုက်ကြားသောကြေးနန်းစာတွင်ရန်သူတို့ပစ်ခတ်သောအမြောက်ဖုံးဆန်များကြားမှမကြောက်မရွံ့ဘဲ ကတုတ်ပေါ်သို့တင်၍ မိမိတပ်သားများကိုအုပ်ချုပ်ကွပ်ကဲသော လှေသင်းအတွင်းဝန်၏ရဲစွမ်းသတ္တိ၊ တပ်မှူးကောင်းလက္ခဏာနှင့်ဦးညွှတ်မှုကို သီပေါမင်းမှစ၍ တစ်နန်းတော်လုံးက ဂုဏ်ပြုချီးကျူးကြောင်းပါရှိသည်။

နောက်ထပ်ကြေးနန်းစာတစ်ခုတွင်မူ လှေသင်းအတွင်းဝန်အား ရွှေဆယ်ပိဿာချီးမြှင့်ကြောင်းအောက်ပါအတိုင်းဖော်ပြထားသည်။

ဗိုလ်မှူးလှေသင်းအတွင်းဝန်အလိုရှိရာ အောင်ဆုပေးရန်ရွှေချိန် (၁၀)၊ ရွှေ



ခွက် (၂၄၀) များကို ရဲညွှန့်၊ ငခိုင်၊ ငသာအောင်၊ ငသောင်းတို့ကိုအပ်၍ မြင်းနှင့်မရပ်မဆိုင်း အပို့လာစေသည်။ နောင်ကိုလည်း ပေးချင်တိုင်းပေး၍ မကုန်နိုင်အောင် ရွှေများကိုအဆက်မပြတ် ပို့လာစေ‌သည်။ ရဲဝံ့စွန့်စား၊ အမှုထမ်းရည်ရှိသူကိုမှတ်သား၍အောင်ဆုသနားတော်မြတ်ခံစေရမည်။

၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၃) ရက်နေ့ည(၄)ချက်တီးကျော် (၂) မောင်းရိုက် ဘုရင်မင်းမြတ်က လှေသင်းအတွင်းဝန်အား အောင်ဆုပေးကြောင်းကိုဗိုလ်ချုပ်ပရင်ဒါဂတ်စ်၏အစီရင်ခံစာတွင်လည်း လှေသင်းအတွင်းဝန်သည်ဗြိတိသျှတပ်များကို ဆီးဆို့တိုက်ခိုက် အောင်မြင်ကြောင်းနှင့် (၂၅) ရက်ညနေက ဘုရင့်ထံကြေးနန်းဖြင့်အစီအရင်ခံကြောင်း၊ ဘုရင်မင်းမြတ်က ရဲမက်တော်တို့ကို ဆုအဖြစ်ဝေငှပေးသနားရန် ရွှေတံဆိပ် (၂၇၀) နှင့်ရွှေခွက်ရွှေဖလားများကို သူ့ထံသို့ ချက်ချင်းစာပို့လိုက်ကြောင်း ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

လှေသင်းအတွင်းဝန်သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာသော အင်္ဂလိပ်တပ်များ၏ ထိုးစစ်ကို အခိုက်အတန့်အားဖြင့်သာတားဆီးနိုင်ခဲ့သည်။ လက်နက်အင်အားကွာခြားလွန်းသဖြင့်နောက်ဆုံးတွင် လှေသင်းအတွင်းဝန်၏တပ်များသည် ကျောက်ရဲအရပ်သို့ဆုတ်ခွာခဲ့ရသည်။

လှေသင်းအတွင်းဝန်သည်အင်္ဂလိပ်သင်္ဘောများမြင်းခြံကိုလွန်၍ချီတက်လာသောမြန်မာတို့ဘက်မှကြိုတင်ပြင်ဆင်နိုင်ရန် အဝမြို့၊စစ်ကိုင်းမြို့များတွင်သင်္ဘောရေလမ်းနှင့်ချင့်ချိန်၍မြစ်နှင့်တစ်တာကွာ၊ နှစ်တာကွာအရပ်များတွင် ကတုတ်လုပ်ဆောင်သင့်ကြောင်း နေပြည်တော်သို့လှမ်း၍အကြံပေးသည်ကိုလည်း ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် (၃) ရက်နေ့တွင် ရိုက်ကြားသော ကြေးနန်းစာတွင် ဖတ်ရှုရသည်။

ထို့ပြင် ယင်းကြေးနန်းစာတွင်ပင် ဂေါဝိန်ဆိပ်ကမ်းတွင် ဖွဲ့အိတ်လုံးရေ (၅၀၀၀)ချထားရန်အစီစဉ်ရှိသည်ကိုလည်း တွေ့ရှိရသည်။ ရေကြောင်းပိတ်ဆို့ထားခြင်းဖြင့် အင်္ဂလိပ်ရေတပ်သွားလာမှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ဟန်တူသည်။ သို့ရာတွင် မြင်းခြံမှလှေသင်းအတွင်းဝန်၏ခံစစ်ကျိုးပေါက်သွားရသည့်အချိန်မှစတင်၍မြန်မာတို့သည် အင်္ဂလိပ်တပ်များကိုမဟန့်တားနိုင်တော့ပေ။ အင်္ဂလိပ်တပ်များသည် ရတနာပုံနေပြည်တော် ဂေါဝိန်ဆိပ်ကမ်းသို့ရောက်ရှိလာ၍မင်းနှင့်တကွနိုင်ငံကိုပါသိမ်းယူခဲ့ကြသည်။ မြန်မာတို့စစ်ရှုံးသော်လည်း လှေသင်းအတွင်းဝန်အမည်ကားသမိုင်းတွင် ကျန်ရစ်ခဲ့ပေသည်။

သီပေါမင်း၏ယုံကြည်ကိုးစားခြင်းကိုခံရသောရေကြောင်းဗိုလ်ချုပ်ကြီးလှေသင်းအတွင်းဝန်နှင့်ရတနာပုံနေပြည်တော်ရှိ လွှတ်တော်ဝန်ကြီးများ အပြန်အလှန်ရိုက်ကြားသော ကြေးနန်းစာများသည်လည်း တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအခြေအနေနှင့်ပတ်သက်၍ မြန်မာတို့ဘက်မှအဖိုးမဖြတ်နိုင်သော သမိုင်းအထောက်အထားများဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

**ရည်ညွှန်း**


၁။ လှေသင်းအတွင်းဝန်၏ ကြေးနန်းစာများ၊
၂။ General Prendergast Diary (1885- 86)

# လောကီမင်္ဂလာဆိုင်ရာ ယုံကြည်မှုဓလေ့များ

မင်းရှိန်အောင်

ရှေးမြန်မာကြီးတို့သည်မိမိတို့၏လူနေမှုအဆောက်အအုံကို ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသော သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်အညီ တည်ဆောက်ကြလေ့ရှိသည်။ ငါးရာ့ငါးဆယ်နိပါတ်တော်ဝင်မဟာမင်္ဂလဇာတ်တော်လာ မင်္ဂလာတရားရှစ်ပါးနှင့်လည်း တည်းဖွဲ့ကြသေးသည်။ ပြီး လောကီရေးရာလမ်းကြောင်းလျှောက်လှမ်းဖို့အတွက် လောကီမင်္ဂလာထုံးတမ်းနည်းနာများကို လိုက်နာ ဖော်ဆောင်ကြသေးသည်။

နှင့်ပတ်သက်၍မြန်မာအဘိဓာန်ထဲ၌ လိုလားနှစ်သက်ဖွယ်ကောင်းမြတ်သောအမှုကျက်သရေရှိသောအရာ၊ မကောင်းကျိုးပျောက်၍တိုးတက်ကြီးပွားကြောင်းတရားဟုအဓိပ္ပာယ်ပေးထားသည်။ ဦးဟုတ်စိန်၏ပါဠိမြန်မာအဘိဓာန်ထဲတွင်မင်္ဂလာဆိုသောဝေါဟာရကို (မင်္ဂလ=ကောင်းခြင်းပွားခြင်းသို့ရောက်ခြင်း၊ ချီးမွမ်းအပ်သည့်ကောင်းမြတ်သောတရား၊ စီးပွားချမ်းသာအကြောင်းဖြစ်သောတရား) ဟုဖွင့်ဆိုထားသည်။



၎င်းနေရာ၌လောကီမင်္ဂလာဆိုသောအကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍အနည်းငယ်ဝေဖန်စောကြောကြည့်ပါမည်။ မြန်မာအဘိဓာန်ထဲ၌ လောကီဟူသောဝေါဟာရကို မျက်မှောက်ဘဝရေးရာ၊ မျက်မှောက်ဘဝရေးရာနှင့်ဆိုင်သော ဟုအနက်ပေးထားသည်။ ဦးဟုတ်စိန်၏ပါဠိမြန်မာအဘိဓာန်ထက်၌လောကိယ(လောကီ)ဟူသောဝေါဟာရကိုလူ၌ယှဉ်သည်၊လောက၌ယှဉ်သည်ဟု အဓိပ္ပာယ်ပေးထားသည်။ ဦးထွန်းမြင့်၏ပါဠိသက်ဝေါဟာရတွင် လောကီဆိုသောစကားလုံးကိုလောက၌အကျုံးဝင်သောဟုပြန်ဆိုထားပါသည်။

တစ်ခါမင်္ဂလာ ဆိုသောစကားလုံး

နောက်ဦးထွန်းမြင့်၏ပါဠိသက်ဝေါဟာရအဘိဓာန်ထဲ၌မင်္ဂလာဆိုသောဝေါဟာရကိုအလိုပြည့်ခြင်း၊ အောင်မြင်ခြင်း၊ ကြီးပွားခြင်း၊ ပြည့်စုံ၊ ကံကောင်းခြင်း၊ နိမိတ်ကောင်းခြင်း၊ နှစ်သက်ခြင်း၊ ချမ်းသာပျော်ရွှင်ခြင်း၊ မကောင်းသောအရာကိုပယ်ရှားခြင်း၊ ကောင်းသောအလိုရှိအပ်သော၊ နှစ်သက်အပ်သောအရာ၊ကောင်းသောအခွင့်အခါ၊ ကောင်းသောအခြေအနေ၊ကောင်းသောအခြင်းအရာ၊အခမ်းအနား ပွဲလမ်းသဘင်စသဖြင့်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

ဆိုခဲ့သမျှကို အနှစ်ချုပ်၍ပြောရလျှင်လောကီမင်္ဂလာခါဆိုသည်မှာလောကလူသားတို့အတွက် (ဝါ)လောကသားတို့အတွက်ကောင်းမွန်မြင့်မြတ်၍အကျိုးကျေးဇူးကောင်းများကိုဖြစ်ထွန်းစေသည့်အကြောင်းရင်းခံများဟုဖွင့်ဆိုရမည်ဖြစ်သည်။ ပသို့ပင်ဆိုစေ ရှေးမြန်မာကြီးတို့သည်မိမိတို့၏ မျက်မှောက်လူနေမှုဘဝချောမွေ့မြင့်မားဖွံ့ဖြိုးရေးအတွက် အဆိုပါလောကီမင်္ဂလာထုံးတမ်းများကို မဖြစ်မနေဖော်ဆောင်ခဲ့ကြသည်မှာ ဧကန်ဖြစ်သည်။ စိတ်ဝင်စားစရာတစ်ခုက ရှေးမြန်မာကြီးတို့ လိုက်နာကျင့်သုံးခဲ့သောလောကီမင်္ဂလာများကို(၁၂)ပါးအဖြစ်ဖော်ပြထားကြသည်ကိုတွေ့ရခြင်းပင်ဖြစ်သည်။ ၎င်းသည်နှင့်ပတ်သက်၍ လေ့လာဆန်းစစ်ကြည့်ကြပါမည်။ကနဦးဆုံးဆိုရသောရှင်ဉာဏသဘိဝံသပြုစုသော သုတေသန သရုပ်ပြအဘိဓာန်ထဲ၌ လောကီမင်္ဂလာတရား (၁၂) ပါးနှင့်ပတ်သက်၍ ၎င်းသို့ဆိုထားသည်။

၁။**ဝိဇာတမင်္ဂလာ**- (ကလေးငယ်) ဖွားမြင်ကြောင်းကိုအသိပေးမှုဝေသောမင်္ဂလာ (မွေးဖွားမင်္ဂလာ)

၂။**မုခဒဿနမင်္ဂလာ**- မွေးဖွားပြီး (၃)ရက်မြောက်နေ့တွင် ဘိုးဘွားအစဆွေမျိုးကြီး (နန္ဒိမုခ) တို့အား ပြသသောမင်္ဂလာ(ဘိုးဘွားပြမင်္ဂလာ)

၃။**ကေသစ္ဆေဒနမင်္ဂလာ**- မွေးဖွားပြီးခုနစ်ရက်မြောက်နေ့တွင်မွေးရာပါဆံပင်များကိုခေါင်းရိတ်ပေးသောမင်္ဂလာ။

၄။**ဒေါဠာကမင်္ဂလာ**-မွေးဖွားပြီး(၂)လလောက် ရက်ကောင်းနေ့သာတစ်ရက်တွင် ပုခက်တင်မင်္ဂလာ။

၅။**တမ္ဗူလပတ္တမင်္ဂလာ**-မွေးဖွားပြီး(၇၅)ရက်မြောက်နေ့တွင်ကွမ်းဦးခွံ့မင်္ဂလာ။

၆။**ရဝိန္ဒုဒဿနမင်္ဂလာ**-(၃)လမြောက်သောနေ့၌ နေလပြမင်္ဂလာ။

၇။**နာမကရဏမင်္ဂလာ**-ရက်(၁၀၀)မြောက်နေ့၌ နာမည်ပေးမင်္ဂလာ။

၈။**ပထမဘတ္တမင်္ဂလာ**-ခြောက်လပြည့်နေ့၌ ထမင်းဦးခွံ့မင်္ဂလာ။

၉။**ကေသဗန္ဓနမင်္ဂလာ**- သင့်တင့်သောအရွယ်၌ ဆံပင်ထုံးဖွဲ့မင်္ဂလာ။

၁၀။**ကဏ္ဏဝိဇ္ဈနမင်္ဂလာ**- သင့်တင့်သောအရွယ်၌နားသနား၊နားတွင်းမင်္ဂလာ။

၁၁။**သာသနာ့နက္ခမာမင်္ဂလာ**-သာသနာဘောင်သို့ သွတ်သွင်းသည့်ရှင်ပြုပဉ္စင်းခံမင်္ဂလာ။

၁၂။**အဝါဟဝိဝါဟမင်္ဂလာ**- သင့်တော်သောအရွယ်၌ အိမ်ထောင်ချပေးသည့် လက်ထပ်ထိမ်းမြားမင်္ဂလာ။

ဟုတ်ပါသည်၊ရှေးမြန်မာကြီးတို့အဖို့လူတစ်ယောက်မွေးဖွားသည်မှစ၍အရွယ်

ရောက်အိမ်ထောင်ကျသည်အထိဤမည်သောလောကီမင်္ဂလာ(၁၂)ပါးတို့ကိုမဖြစ်မနေ ဖြတ်ကျော်ရမည်ဟု ယုံကြည်လက်ခံထားကြပါသည်။ ရှေးမြန်မာကြီးတို့သည် ဤလောကီမင်္ဂလာ (၁၂) ပါးကို ခံယူကျင့်သုံးလိုက်ရမှသိဒ္ဓိမြောက်သွားသည်ဟု ဂုဏ်သတ္တိမြင့်တက်သွားသည်ဟု ထင်မြင်ယူဆကြဟန်တူပါသည်။

နောက်အလေးဂရုပြုဖွယ်ရာတစ်ခုက ရှေးမြန်မာကြီးတို့လက်ခံကျင့်သုံးခဲ့သောလောကီမင်္ဂလာ (၁၂) ပါးတွင်မှုကွဲများရှိနေသည်ကို တွေ့ရှိရခြင်းပင် ဖြစ်သည်။ ဤနေရာ၌ထိုမှုကွဲများမှ တချို့ကို လေ့လာသုံးသပ်ကြည့်ကြပါမည်။ ပထမအနေနှင့်အင်္ဂုတ္တိုရ်အဋ္ဌကထာတွင်ပါရှိသည်ဆိုသော လောကီမင်္ဂလာ(၁၂)ပါးကိုပြည့်ခြင်းချင်ပါသည်။ ယင်းမှာဤသို့ဖြစ်၏။

၁။**ကေသစ္ဆေဒနမင်္ဂလာ-** ဆံရိတ်မင်္ဂလာ၊

၂။**ဓေါ်ဠကရဏမင်္ဂလာ-**ပုခက်တင်မင်္ဂလာ၊

၃။**သညာဒိန္နမင်္ဂလာ-** နာမည်ပေးမင်္ဂလာ၊

၄။**ရဝိန္နုဒဿနမင်္ဂလာ-** နေလပြမင်္ဂလာ၊

၅။**တမ္ဗူလာဘတ္တကရဏမင်္ဂလာ-** ထမင်းဦးခွံမင်္ဂလာ၊

၆။**ကဏ္ဏဝိဇ္ဈနမင်္ဂလာ-** နားသမင်္ဂလာ၊

၇။**အဝါဟဝိဝါဟမင်္ဂလာ-**လက်ထပ်ထိမ်းမြားမင်္ဂလာ၊

၈။**ပဗ္ဗဇိတမင်္ဂလာ-** ရှင်ပြုရဟန်းခံမင်္ဂလာ၊

၉။ **သင်္ကန္တမင်္ဂလာ-**ဦးခေါင်းဆေးမင်္ဂလာ၊

၁၀။ **ဗုဒ္ဓပူဇာမင်္ဂလာ-** ဘုရားပူဇော်ခြင်းမင်္ဂလာ

၁၁။ **ဓမ္မပူဇာမင်္ဂလာ-** တရားပူဇော်ခြင်းမင်္ဂလာ၊

၁၂။ **သံဃာပူဇာမင်္ဂလာ-**သံဃာပူဇော်ခြင်းမင်္ဂလာ။

ထိုသို့ပင်လျှင် ဒဂုံဦးထွန်းမြင့်၏ ကလေးများအတွက် ဗုဒ္ဓယဉ်ကျေးမှု စာအုပ်ထဲတွင် လောကီမင်္ဂလာ (၁၂) ပါးကို ဤသို့ဆိုထားပြန်သည်။ တကယ်တော့ လောကီမင်္ဂလာ (၁၃) ပါးဖြစ်နေပါသည်။

၁။ **အဝါဟမင်္ဂလာ-** သူ့သမီးကို မိမိသားအတွက် ဆောင်ယူထိမ်းမြားပေးသောမင်္ဂလာ၊

၂။ **ဝိဝါဟမင်္ဂလာ-** မိမိသမီးကို သူ့သားအတွက် ပို့ဆောင်ထိမ်းမြားပေးသောမင်္ဂလာ၊

၃။ **ဝိဇာယနမင်္ဂလာ-**ကလေးမွေးဖွားကြောင်း အသိပေးသောမင်္ဂလာ၊

၄။ **နန္ဒမုခဒဿနမင်္ဂလာ-** မွေးဖွားပြီး (၃) ရက်မြောက် ဘိုးဘွားပြမင်္ဂလာ၊

၅။ **ကေသစ္ဆေဒနမင်္ဂလာ-** ဖွားမြင်ပြီး (၇) ရက်မြောက်နေ့၌ မွေးရာပါဆံပင်ရိတ်မင်္ဂလာ၊

၆။ **ဓေါ်ဠကရဏမင်္ဂလာ-** သင့်တော်သောနေ့ရက်၌ ပုခက်တင်မင်္ဂလာ၊

၇။ **တမ္ဗူလာဟာရမင်္ဂလာ-** (၇၅) ရက်မြောက်၌ ကွမ်းဦးခွံ့မင်္ဂလာ၊

၈။ **ရဝိန္နုဒဿနမင်္ဂလာ-** (၃) လမြောက်နေ့၌ နေလပြမင်္ဂလာ၊

၉။ **နာမကာဏမင်္ဂလာ-** ရက် (၁၀၀) မြောက်၌ နာမည်ပေးမင်္ဂလာ၊

၁၀။ **ကေသဗန္ဓမင်္ဂလာ-** သင့်တော်သောအရွယ်၌ဆံပထုံး (ဥသျှောင်) ထုံးမင်္ဂလာ၊

၁၁။**ဘတ္တာဟာရမင်္ဂလာ-** ခြောက်လသားအရွယ်၌ ထမင်းဦးခွံ့မင်္ဂလာ၊

၁၂။ **ကဏ္ဏဝိဇ္ဈနမင်္ဂလာ-** သင့်တော်သောအရွယ်၌နားသ (နားထွင်း) မင်္ဂလာ၊

၁၃။ **ပဗ္ဗဇမင်္ဂလာ-** သင့်တော်သောအရွယ်၌ ရှင်ပြုရဟန်းခံမင်္ဂလာ၊

ထိုနည်းအတူပင်လျှင်သုခ၏သုခမှတ်စုစာအုပ်ထဲတွင် လောကီမင်္ဂလာ (၁၂) ပါးနှင့်ပတ်သက်၍တမူထူးခြားစွာ ဤသို့ဖော်ပြထားသည်ကိုတွေ့ရှိရပြန်သေးသည်။

၁။ **ဂဗ္ဘသာဝကမင်္ဂလာ-**ကိုယ်ဝန်ဆောင်နေစဉ်အတွင်း၌ပြုလုပ်အပ်သောမင်္ဂလာ၊

၂။ **ဝိဇာတမင်္ဂလာ-** မွေးဖွားခြင်းမင်္ဂလာ၊

၃။ **အဟာရပရိဘောဂမင်္ဂလာ-** ထမင်းဦးခွံ့မင်္ဂလာ၊

၄။ **တမ္ဗူလာဘတ္တမင်္ဂလာ-** ကွမ်းဦးခွံ့မင်္ဂလာ၊

၅။ **ဓေါ်ဠကရဏမင်္ဂလာ-**ပုခက်တင်မင်္ဂလာ၊

၆။ **ကေစ္ဆေဒနမင်္ဂလာ-** ဆံပင်ရိတ်မင်္ဂလာ၊

၇။ **ဂေဟာကရဏမင်္ဂလာ-** အိမ်သစ်တက်မင်္ဂလာ၊

၈။ **သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ-** ရှင်ပြုပဉ္စင်းခံမင်္ဂလာ၊

၉။ **ကဏ္ဏဝိဇ္ဈမင်္ဂလာ-** နားသ၊ နားထွင်းမင်္ဂလာ၊

၁၀။ **ဒုဿဂဟနမင်္ဂလာ-** ပုဆိုးထဘီဝတ်မင်္ဂလာ၊


၁၁။ **စူဠဂဟနမင်္ဂလာ-** ဆံထုံးဥသျှောင်ထုံးမင်္ဂလာ၊

၁၂။ **အဝါဟဝိဝါဟမင်္ဂလာ-**လက်ထပ်ထိမ်းမြားမင်္ဂလာ၊

အထက်ဖော်ပြပါလောကီမင်္ဂလာ (၁၂) ပါးမှုကွဲတို့မှ တူရာတူရာတို့စုစည်းလိုက်လျှင် ဤသို့တွေ့ရှိရသည်။

**ဝိဇာတမင်္ဂလာ-**ဖွားမြင်ခြင်းမင်္ဂလာ၊ **မုခဒဿနမင်္ဂလာ** (နန္ဒမုခဒဿနမင်္ဂလာ) ဘိုးဘွားပြမင်္ဂလာ၊ **ကေသစ္ဆေဒနမင်္ဂလာ-** မွေးရာပါ ဆံရိတ်မင်္ဂလာ၊ **ဓေါ်ဠကမင်္ဂလာ-** ပုခက်တင်မင်္ဂလာ၊ **တမ္ဗူလပတ္တမင်္ဂလာ-** ကွမ်းဦးခွံ့မင်္ဂလာ၊ **ရဝိန္နုဒဿနမင်္ဂလာ-** (နိက္ခမနမင်္ဂလာ)- နေလပြမင်္ဂလာ၊ **နာမကရဏမင်္ဂလာ-** (သညာဒိန္နမင်္ဂလာ) နာမည်ပေးမင်္ဂလာ၊ **ပထမဘတ္တမင်္ဂလာ** (အာဟာရပရိဘောဂမင်္ဂလာ/ အန္နဉ္ဇနမင်္ဂလာ)- ထမင်းဦးခွံ့မင်္ဂလာ၊ **ကဏ္ဏဆိန္နမင်္ဂလာ** (ကဏ္ဏဝိဇ္ဈနမင်္ဂလာ) နားထွင်း နားသမင်္ဂလာ၊ **သာသနဂ္ဂဟမင်္ဂလာ** (ပဗ္ဗဇိတမင်္ဂလာ၊ ပဗ္ဗေဇမင်္ဂလာ) ရှင်ပြုရဟန်းခံမင်္ဂလာ၊ **အဝါဟဝိဝါဟမင်္ဂလာ-**လက်ထပ်ထိမ်းမြားမင်္ဂလာတို့ဖြစ်နေကြသည်ကို တွေ့ရှိရပေသည်။ တချို့၌ အဝါဟမင်္ဂလာ၊ ဝိဟာမင်္ဂလာဟု နှစ်မျိုးခွဲထားသေးသည်။

ပြန်ချုပ်ပြောရလျှင်ဖွားမြင်ခြင်းမင်္ဂလာ၊ ဘိုးဘွားပြမင်္ဂလာ၊ ဆံရိတ်မင်္ဂလာ၊ ပုခက်တင်မင်္ဂလာ၊ ကွမ်းဦးခွံ့မင်္ဂလာ၊ နေလပြမင်္ဂလာ၊ နာမည်ပေးမင်္ဂလာ၊ ထမင်းဦးခွံ့မင်္ဂလာ၊ နားထွင်းမင်္ဂလာ၊ ရှင်ပြုရဟန်းခံမင်္ဂလာ၊ လက်ထပ်ထိမ်းမြားမင်္ဂလာတို့ တွေ့ရပေမည်။ ဤနေရာ၌ ထောက်ပြစရာတစ်ခုမှာကွမ်းဦးခွံ့မင်္ဂလာသည်ရှေးမြန်မာကြီးတို့၏ ကွမ်းစားဓလေ့မှဖြာထွက်လာသော ပြယုဂ်တစ်ခုဖြစ်ပါသည်။ရှေးတုန်းက သာရေးကိစ္စများတွင်မင်္ဂလာအခမ်းအနား၊အမင်္ဂလာအခမ်းအနားတို့တွင်ဧည့်သည်အာဂန္တုတို့ကိုဧည့်ခံသည့်အခါတို့တွင်ကွမ်းအစ်ချ၍ဧည့်ခံရသော ဓလေ့ထုံးစံတစ်ရပ်ရှိခဲ့ပေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကွမ်းစားခြင်းကွမ်းစားဓလေ့သည် ထိုစဉ်တုန်းက လူမှုဆက်ဆံရေး သော့ချက်တစ်ခုပင်ဖြစ်ပါသည်။ထို့ကြောင့် ကလေးငယ်ကို



ထိုလေ့ကိုမိတ်ဆက်ခြင်းအားဖြင့်ကွမ်းဦးခွံ့ခြင်း ဖြစ်ပေလိမ့်မည်။ ထိုနည်းအတူပင် နေလပြမင်္ဂလာသည်လည်းနေမင်း၊လမင်းတို့ ထွက်ပေါ်သောစကြဝဠာကြီးနှင့် မိတ်ဆက်ပေးခြင်းပင်ဖြစ်သည်။မွေးဖွားပြီးသုံးလပြည့်ကာလ၌ ပထမဆုံးကြုံတွေ့ရသော လပြည့်နေ့နံနက်စောစောပိုင်းတွင် ကလေးငယ်ကို ထွက်ပေါ်နေသောနေမင်းကိုပြပြီး နေရောင်လှုံစေခြင်းဖြစ်ပြီး ထိုလပြည့်ညတွင် ပေါ်ထွက်နေသောလပြည့်ဝန်းကိုပြသပြီးလရောင်လှုံစေခြင်းပင် ဖြစ်ပါသည်။ နောက်စိတ်ဝင်စားစရာတစ်ခုကမွေးဖွားပြီး ရက်တစ်ရာမြောက်တွင် ကျင်းပသော အမည်ပေးမင်္ဂလာ(နမကရဏမင်္ဂလာ)ပွဲကို တချို့အရပ်တွင် ကင်ပွန်းတပ်မင်္ဂလာဟုခေါ်သည်။ကလေးငယ်ကိုထိုမင်္ဂလာပွဲတရော်ကင်ပွန်းတပ်မင်္ဂလာ ဟုခေါ်သည်။ ကလေးငယ်ကိုထိုမင်္ဂလာပွဲသရော်ကင်ပွန်းနှင့်စတီအားဖြင့် သန့်စင်ပက်ဖျန်းလေ့ရှိကြသည်။

ဆိုခဲ့သလိုပင်ဖော်ပြခဲ့သော လောကီမင်္ဂလာ(၁၂)ပါးတို့ထဲ၌ မတူကွဲပြားမှုတချို့ကို ဤသို့တွေ့ရှိရသေးသည်။

ယင်းတို့မှာတခြားမဟုတ် **ဂဗ္ဘသာဓကမင်္ဂလာ**-ကိုယ်ဝန်ဆောင်ထားစဉ်ပြုအပ်သောမင်္ဂလာ၊ **နှာသဘာဟနမင်္ဂလာ**-ပုဆိုး ထဘီဝတ်မင်္ဂလာ၊ **သက်န္တမင်္ဂလာ** ဦးခေါင်းလျှော်ဆေး မင်္ဂလာ၊ **ဂေဟာကရဏမင်္ဂလာ**-အိမ်သစ်တက်မင်္ဂလာဟူ၍တွေ့ရှိရသည်။ သေသေချာချာ ဆန်းစစ်လျှင်ဤမင်္ဂလာတို့သည် မဖြစ်မနေလုပ်ဆောင်သင့်သောမင်္ဂလာများပင်ဖြစ်သည်ဟုယူချင်ပါသည်။ ယင်းအပြင် ဗုဒ္ဓပူဇာမင်္ဂလာ၊ ဓမ္မပူဇာမင်္ဂလာ၊သံဃာပူဇာမင်္ဂလာတို့သည်ကလေးငယ်အား သင့်တင့်သောအရွယ်၌ မိဘဘိုးဘွားတို့ ကိုးကွယ်သော ဘာသာတရား(ဝါ)ဗုဒ္ဓသာသနာတော်နှင့်မိတ်ဆက်ပေးခြင်းပင်ဖြစ်သည်။

ဆက်နွှယ်၍ပြောရလျှင် ဘဒ္ဒန္တကောသလထေရ်ပြုစုစီရင်သော ကန်ဦးမှ သဗ္ဗမင်္ဂလာအခါပေးကျမ်းအလိုအရ **နိသေကမင်္ဂလာ**-(သတို့သား သတို့သမီးတို့ကို)အခန်းအပ်မင်္ဂလာ၊ **ဥပါယန မင်္ဂလာ**-ရှင်ပြုစလွယ်တင် မင်္ဂလာဟုထူးထူးခြားခြားတွေ့ရှိရပေသည်။ ထို့အတူပင် မဟာပညာကျော်သစ် (ရခိုင်မြို့)၏ ရခိုင်အခါပေးကျမ်းထဲတွင် နိသေကမင်္ဂလာ အခန်းအပ်မင်္ဂလာ၊ **ကဏ္ဏဝေဓ မင်္ဂလာ**- နားထွင်းမင်္ဂလာ၊ **အန္နအာဘုဉ္စန မင်္ဂလာ**- ထမင်းဦးခွံ့မင်္ဂလာ၊ **နာမကာမ မင်္ဂလာ**-နာမည်မှည့်မင်္ဂလာ၊ **စူဠာကရဏ မင်္ဂလာ**- သျှောင်ထုံးဖွဲ့ဆံထုံးဖွဲ့မင်္ဂလာ **ဥပယာနပဗ္ဗဇ္ဇမင်္ဂလာ**- စလွယ်တင်ရှင်ပြုမင်္ဂလာဟုတွေ့ရှိရသည်၊ ဟုတ်ပါပေသည်။ ယောကျ်ားလေးရောမိန်းကလေးရောထိုခေတ်ထိုကာလက နားကပ်၊ နားကွင်းပန်ဆင့်လေ့ရှိသဖြင့်နားထွင်းနားသမင်္ဂလာပြုလုပ်ကြသည် ဖြစ်သည်။ အခုခေတ်မှာတောင်တချို့ယောကျ်ားလေးတို့ နားကွင်း၊ နားကပ်ပန်ဆင်နေကြပြီး ဖြစ်သည်။ ထို့အတူ ထိုခေတ်ထိုကာလက ယောကျ်ားလေးရော မိန်းကလေးရော ဆံပင်ရှည်ထားကြသဖြင့် သျှောင်ထုံးထုံးခြင်းဆံပင်ထုံးခြင်းမင်္ဂလာပြုကြသည်မှာ မဆန်းလှပေ။

နောက် ထောက်ပြစရာတစ်ခုက **ဥပါယနမင်္ဂလာ** (စလွယ်တင် မင်္ဂလာ) **ဥပါယနပဗ္ဗဇ္ဇမင်္ဂလာ** စလွယ်တင် ရှင်ပြုမင်္ဂလာပင်ဖြစ်သည်။ တချို့သောအရပ်တွင် ရှင်ပြုမင်္ဂလာပြုသည့်အခါ၌ ရှင်လောင်းတို့ကို (ဝါ) ပဉ္စင်းခံလျှင်ပဉ္စင်းလောင်းတို့ကို ချည်ဖြူများဖွဲ့၍စလွယ်ပြုကာစလွယ်တင်ပေးလေ့ရှိကြသည်။ထိုသို့ရှင်ပြုပွဲများ၌ပဉ္စင်းခံပွဲများ၌ရှင်လောင်း၊ ပဉ္စင်းလောင်းများကိုစလွယ်တင်ပေးပြီးမှ ကုံလုံပြည့်စုံသည်ဟု ယူဆကြသည်။

စင်စစ်ဤသို့စလွယ်တင်ခြင်းသည် ဟိန္ဒူဗြာဟ္မဏတို့အယူမှ ဆင့်ပွားလာခြင်းဖြစ်ပါသည်။မကွယ်မဝှက်ပြောရလျှင်ဤလောကီမင်္ဂလာဓလေ့များသည် ဟိန္ဒူဗြာဟ္မဏအယူမှ ကူးစက်လာပြီး မြန်မာမှုပြုလုပ်ထားခြင်းသာ ဖြစ်ပါသည်။

အထက်ဖော်ပြသမျှကိုအနှစ်ချုပ်ပြီးခေတ်နှင့်အညီလောကီမင်္ဂလာအစီရင်များကိုပြုစုပါလျှင်အောက်ပါအတိုင်းဖြစ်သင့်သည်ဟု ထင်ပါသည်။

၁။ **ဂဗ္ဘသာဓကမင်္ဂလာ**- ကိုယ်ဝန်ဆောင်စဉ်ပြုအပ်သောမင်္ဂလာ၊

၂။ **ဝိဇာတမင်္ဂလာ**- မွေးဖွားခြင်း မင်္ဂလာ၊

၃။ **မုခဒဿနမင်္ဂလာ**- ဘိုးဘွားပြ မင်္ဂလာ၊

၄။ **ကေသစ္ဆေဒနမင်္ဂလာ**- မွေး ဆံပင်ရိတ် မင်္ဂလာ၊

၅။ **ဒေါဠကမင်္ဂလာ**- ပုခက်တင် မင်္ဂလာ၊

၆။ **ရဝိန္ဒုဒဿနမင်္ဂလာ**- နေလပြ မင်္ဂလာ၊

၇။ **ပထမဘုဉ္စမင်္ဂလာ**-ထမင်းဦး ခွံ့ မင်္ဂလာ၊

၈။ **ကေသဗန္ဓမင်္ဂလာ**- ဆံသ ဆံထုံးမင်္ဂလာ၊

၉။ **ကဏ္ဏဆိန္နမင်္ဂလာ**- နားသ နားထွင်းမင်္ဂလာ၊

၁၀။ **နှာသဂမာနမင်္ဂလာ**- ပုဆိုး ထဘီဝတ် မင်္ဂလာ၊

၁၁။ **သက်န္တမင်္ဂလာ**-ဦးခေါင်းဆေး မင်္ဂလာ၊

၁၂။ **ဥပါယနပဗ္ဗဇ္ဇမင်္ဂလာ**-စလွယ် တင်ရှင်ပြု မင်္ဂလာ၊

၁၃။ **အဝါဟဝိဝါဟမင်္ဂလာ**-လက် ထပ်ထိမ်းမြားမင်္ဂလာ၊

၁၄။ **နိသေကမင်္ဂလာ**-အခန်းအပ် မင်္ဂလာ၊

နိဂုံးချုပ်အနေနှင့်ပြောရလျှင် ဤမင်္ဂလာအခမ်းအနားများကိုရက်ကောင်းရက်မြက်ရွေး၍လုပ်ဆောင်ကြသလို ဗေဒင်ပညာအလိုအရနက္ခတ်ကောင်းတိထိကောင်းများအချိန်ကောင်းများကိုရွေးချယ်၍လည်း ပြုလုပ်ကြပါသေးသည်။

မင်းရှိန်အောင်

# ပုန်းမကြည်ရှင်မ

မောင်သန်းဆွေ(ထားဝယ်)



လယ်ယာသမားများ အထူးယုံကြည်တင်မြှောက်ပသကြရသော ပုန်းမကြည်ရှင်မနတ်သမိုင်းကိုရှာဖွေရာ ဓမ္မပဒ အဋ္ဌကထာပါဠိတော်လာ 'နပဟိဝေရေန ဝေရာနိ'အစရှိသောဂါထာဖြင့် တန်ဆာဆင်အပ်သော ကာဠယက္ခိနီဘီလူးမ၏ ဝတ္ထုကိုတွေ့ရသည်။

တစ်ရံရောအခါ ဖြူဟွဏပုဏ္ဏားသတို့သားတစ်ယောက်သည် မိခင်၏ တိုက်တွန်းချက်အရအမျိုးအနွယ်အဆက်ပြတ်ခြင်းမရှိစေရန် အိမ်ထောင်ပြုရာငင်းလင်မယားသည်အမြုံဖြစ်နေသောကြောင့် မိခင်ကတိုက်တွန်းပြန်သဖြင့် မယားကြီးသဘောတူသောမိန်းမကိုရှာ၍အိမ်ထောင်ပြုရပြန်သည်။

ကံအားလျော်စွာ နောက်မယားမှာအမြုံမဟုတ်ဘဲ သားဖွားနိုင်သောလက္ခဏာပေါ်လာသည်။ သို့သော်အမြုံဖြစ်သောမယားကြီးကမနာလိုသောစိတ်နှင့်မယားငယ်ပဋိသန္ဓေရှိသည့်အခါအဆိပ်ဆေးများကိုအစာတွင်ခတ်၍ပဋိသန္ဓေမတည်ဘဲပျက်ရရှာလေသည်။

ဒုတိယအကြိမ်၌လည်း အထက်နည်းအတိုင်းအဆိပ်ဆေးကျွေးပြန်သည်။ တတိယအကြိမ်၌ ကိုယ်ဝန်ပျက်ရုံသာမကအမျိုးသမီးလေး၏အသက်ပါပါသွားရသည်။

ဤသို့ဖြစ်ရခြင်းမှာ မယားကြီးလက်ချက်ကြောင့်ဖြစ်ရသည်ဟု သိရှိသဖြင့် မသေမီဒေါသအလျောက်ရန်ငြိုးတုံ့ပြန်လိုသောစိတ်နှင့် 'ဖြစ်ရာဘဝနိုင်ရပါစေလို၏'ဟုဆုတောင်းသည့်အတိုင်းသေသည့်နောက် ထိုအိမ်၌ပင်လျှင်ကြောင်မဖြစ်လေသည်။

မယားကြီး၏ယုတ်မာမှုကို လင်ဖြစ်သူကသိ၍-

"နင်သည် ငါ၏အမျိုးအနွယ်ပျက်ခြင်း၊ ပြယ်ခြင်းကိုပြုသည်"

ဟုပြောဆိုလျက် ထောင်းထုရိုက်နှက်ပုတ်ခတ်ခြင်းကြောင့် ၎င်းဒဏ်ချက်ဖြင့်ပင်သေရလေသည်။

သေသည့်နောက် ထိုအိမ်၌ပင်ကြက်မဖြစ်လေရာ ၎င်းကြက်မက ဥများကိုဥရာ ကြောင်မကဥများကိုစားပြန်သည်။ နောက်ဘဝ၌ ကြက်မသည်ကျားသစ်မဖြစ်၍ ကြောင်မကသမင်ဖြစ်ပြန်လေသည်။ သမင်မကမွေးဖွားသည့်အခါ ကျားသစ်မကစားပြန်သည်။

ဤကဲ့သို့ တပြောင်းပြန်ပြန်နှင့်နောက်ဘဝ၌ သမင်မကဘီလူးမဖြစ်၍ ကျားသစ်မက အမျိုးသမီးဖြစ်ပြန်လေရာထိုအခါ၌ဂေါတမမြတ်စွာဘုရားသည် အထင်အရှားရှိ၍ သာသနာတော်ပေါ်ထွန်းသည့်အခါဖြစ်လေသည်။

ဘီလူးမနှင့်အမျိုးသမီးတို့မှာဘဝအဆက်ဆက်က ရန်ငြိုးထားကြသည့် ကမ္မဝိပါကဝဋ်အတိုင်း အမျိုးသမီးကသားဖွားသည့်အခါ ဘီလူးမကဥပါယ်တံမျှင်ဖြင့် ကလေးငယ်ကိုလုယူ၍စားလေ့ရှိသည်။

တတိယအကြိမ်၌အမျိုးသမီးသည် ဘီလူးမကြီး၏အကြောင်းသိသဖြင့် တိမ်းရှောင်ပုန်းအောင်းနေရာဘီလူးမက၎င်းတို့တိမ်းရှောင်နေရာသို့လိုက်လေသည်။

အမျိုးသမီးက ဘီလူးမလာသည်ကိုအဝေးကမြင်သဖြင့် ထိတ်လန့်စွာကလေးကိုချီ၍ထွက်ပြေးရာ ဘုရားကျောင်းတော်သို့ရောက်ပြန်သည်။ ထိုနှစ်ဦးတို့သည် မြတ်စွာဘုရားကျောင်းတော်သို့ရောက်ကြ၍ မြတ်စွာဘုရားက 'နပဟိဝေရေန ဝေရာနိ' အစချီလျက် 'ရန်ရန်ချင်း မတုံ့နှင်းရာ'ဟူ၍ ဟောပြောသောတရားတော်ကိုနာကြသဖြင့် သင့်မြတ်လေရာ ကလေးမှာလည်း အသက်ချမ်းသာရာရလေသည်။ ဘီလူးမလည်း သောတာပန်ဖြစ်လေသည်။

ထို့နောက် မြတ်စွာဘုရားကမိန့်ကြားတော်မူသည့်အတိုင်း ဘီလူးမကိုအမျိုးသမီးကခေါ်၍ မိမိ၏အိမ်မောင်းတင်းကုပ်ထဲမှာနေစေလေသည်။ ၎င်းမှ ဘီလူးမကတောင်းဆိုချက်အရဆိတ်ငြိမ်ရာအရပ်ဖြစ်သောရွာနှင့်မနီးမဝေးတောထဲ၌နေစေပြီးလျှင် နေ့စဉ်ယာဂုထမင်းဦးတို့ဖြင့်လုပ်ကျွေးလေသည်။

ဘီလူးမသည် ကျေးဇူးတုံ့ပြန်ခြင်းအားဖြင့် အမျိုးသမီးနှင့်၎င်းမှမွေးသောသားကိုစောင့်ရှောက်ပြီး လယ်ယာလုပ်ကိုင်ချိန်အခါ မိုးခေါင်လည်းရေမရှား၊ မိုးကောင်းလည်းရေမနစ်၊ ကုန်း၊ ကြည်း၊ ချိုင့်ဝှမ်းအရပ်တို့ကို ညွှန်ကြားပေးသောကြောင့်လုပ်ကိုင်ရာ အပျက်အစီးမရှိ နှစ်စဉ်ပင် ကောက်ပဲသီးနှံဖွံ့ဖြိုးဖြစ်ထွန်း၍ ကုံလုံကြွယ်ဝချမ်းသာစွာ နေထိုင်ရလေသည်။

ကုန်းကြည်းချိုင့်ဝှမ်းနေရာကိုမရွေးချယ်နိုင်ကြဘဲ လုပ်ကိုင်ကြသောတစ်ရွာတည်းနေ လယ်သမားများကချို့ယွင်းပျက်စီးဖန်များ၍ အမျိုးသမီးနှင့် ၎င်း၏သားကိုချဉ်းကပ်မေးမြန်းရာ ဘီလူးမ၏ကျေးဇူးကိုပြောပြသည်နှင့် တစ်ဆင့်မှတစ်ဆင့် ထိုဘီလူးမကို ရွာနှင့်အမျှ မြို့နှင့်အလိုက်ပူဇော်ပသကြရာမှယခုခေတ်ကာလတိုင်အောင်၎င်းအလေ့အထထင်ရှားလျက်ရှိလေသည်။

ဘီလူးမသည်ဆိတ်ငြိမ်သောနေရာမှပုန်းအောင်းနေရာမှ ကြည်လင်ခြင်းကြောင့် ပုန်းမကြည်အမည်တွင်သည်ဟုဆိုသည်။ ကာလကြာ၍ 'ပုန်းမကြည်' အမည်တွင်သည်ဟုဆိုသည်။ကာလကြာ၍ ပုန်းမကည်၊ တချို့က ဖုန်းမဂျီခေါ်ကြသည်။ အချို့က ပပ္ပကြည်ဟုခေါ်သည်။ ပုဏ္ဏကျီဟုလည်းခေါ်သည်။ ပုဏ္ဏ-ပြည့်စုံခြင်း၊ ကျီ-စပါးကျီ၊ စပါးကျီများကိုပြည့်စုံအောင်ဆောင်ရွက်ပေးသောနတ်ဟုဆိုသည်။

သသ်ကရိုက်ဘာသာ ပုဗ္ဗဂြိဟုဆိုသည်။ ပုဗ္ဗ- အဦး၊ ဂြိ- အိမ်အဓိပ္ပာယ် အိမ်ဦးနတ်ဖြစ်သည်။

ဟိန္ဒူများက 'ဂဏိသျှ၊ မွန်လူမျိုးများက 'မဲကရိ'ခေါ်ကြသည်။

လယ်သမားများကစပါးလှေ့သောအခါ-

"ဘီလူးမရေ နင့်သားတောင်သူ ပူလှုပြီးပေ့၊ ဘီလူးမရေ တောင်ပေါ်က

မင်းသန့်ကျော်(ဇီးကုန်း)

# ရှောက်သီးမီးဖုတ်သည်ဖြာနှင့် ပျားရည်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မြ ရတနာလမ်းနေအိမ်၏ခေါင်းရင်းရှိ အိမ်သည် အသစ်ပြန်လည်ပြုပြင်လေသည်။ ထိုသို့ ပြင်ဆင်ခြင်းအတွက် လက်သမားများ၊ ပန်းရန်သမားများအလုပ်ဆင်းကြလေသည်။

ခြံချင်းတွေမှာကပ်လျက်ရှိကြသဖြင့် ခေါင်းရင်းအိမ်မှ လက်သမားများပန်းရန်သမားများအလုပ်လုပ်နေကြသံကိုအတိုင်းသားကြားရ၏။ ထိုအသံများထဲတွင် လူတစ်ယောက်ချောင်းဆိုးနေသံကိုကြားရ၏။ ချောင်းဆိုးခြင်းမှာရပ်တန့်မှုမရှိဘဲ ဆက်တိုက်ဆိုးနေခြင်းဖြစ်၏။ ရပ်လျှင် ခဏသာရပ်ပြီးပြန်ဆိုးလေ၏။

ကျွန်ုပ်က ချောင်းဆိုးသံကိုကြားသောအခါ-

"ချောင်းဆိုးသံက ဘယ်သူလဲမသိဘူး တော်တော်ဆိုးနေတာပဲ"

ကျွန်ုပ်၏ဇနီးက-

"အဲဒါ ကုလားရယ်လေ၊ သူက ပန်းရန်သမား၊ လက်သမားခေါင်းဆောင်ဖြစ်နေတယ်။ အခုအလုပ်ဆင်းနေတာ သူ့အဖွဲ့ပဲ။ ချောင်းဆိုးတာကလည်း သူပဲ အဖေကြီးမှတ်မိမှာပါ၊ ကျွန်မတို့မြို့သစ်မှာအပေါင်ဆိုင်ဖွင့်တုန်းကမကြာခဏလာလည်ဖူးတယ်လေ။ သူကရာဇသင်္ကြန်လမ်း၊ ဇမ္ဗူအေးဘုရားနားမှာနေတယ်လေ"

"အေးအေး မှတ်မိပြီ၊လက်စသတ်တော့ကုလားကိုး။ ဟိုတုန်းကတော့ အသက်(၅၀)လောက်ပဲရှိသေးတယ်။အခု ဘယ်လောက်ရှိပြီလဲမသိဘူး"

"အခု (၇၀) ရှိပြီလို့ပြောတယ်။ ဟိုတစ်နေ့က သူနဲ့စကားပြောရသေးတယ်"

နောက်တစ်နေ့မှစ၍ကုလားအလုပ်မဆင်းချေ။ အဘယ်ကြောင့်ဆိုသော် ကုလား၏အသက်(၁၉)နှစ်အရွယ်သားလေးဆုံးပါးသွားသောကြောင့်ဖြစ်လေသည်။ သူ၏သားသည် မွေးကတည်းက ပိုလီယိုရောဂါဖြစ်နေရာမှ ယခုကဲ့သို့ဆုံးပါးသွားခြင်းဖြစ်လေသည်။ ထို့ကြောင့် လုပ်ငန်းခွင်သို့ သူ၏တပည့်များသာ အလုပ်ဆင်းနေပြီး ကုလားမလာနိုင်ခြင်းဖြစ်လေသည်။

သားလေးရက်လည်ဆွမ်းသွတ်ပြီးသောအခါ ကုလားအလုပ်ပြန်ဆင်းလေသည်။ ကျွန်ုပ်ကကုလားအားလပ်နေချိန်တွင် အိမ်လည်ခေါ်လိုက်သည်။

နေရာထိုင်ခင်းပေးပြီးသောအခါ-

"ကုလားမင်းသားလေးဆုံးသွားလို့ဆို"

"ဟုတ်တယ်အစ်ကို၊တကယ်တော့ သူလည်းဝဋ်ကျွတ်တာပါပဲ။ ကျွန်တော်တို့ကတရားနဲ့ဖြေပါတယ်"

"အေးကွာ ငါလည်း သားဆုံးပါးဖူးလို့ကိုယ်ချင်းစာပါတယ်"

"ဒါပေါ့အစ်ကို သတ္တဝါတွေဟာ ကံပေးသလောက်နေကြရတာပဲ။ ဒါနဲ့ အစ်ကိုစာတွေရေးတယ်ဆို"

"အေးကွ၊ သူရဋ္ဌမဂ္ဂဇင်းကြီးမှာ ရေးနေတယ်"

"ဘယ်လိုစာတွေရေးတာလဲ"

"အစုံပါပဲကွာ၊ဝတ္ထုလေးတွေလည်းရေးတယ်၊ဆောင်းပါးလေးတွေလည်းရေးတယ်၊ တိုင်းရင်းဆေးလေးတွေလည်းရေးတယ်"

"အစ်ကိုကတိုင်းရင်းဆေးအကြောင်းသိလို့လား"

"အေးကွာ၊ကိုယ်တိုင်ကြုံဖူးတာတွေရော သူများတွေရောဂါဖြစ်လို့ဘယ်ဆေးနဲ့ပျောက်ကင်းသွားတယ်ဆိုတာလေးတွေ ပြောပြကြလို့ ငါက မှတ်ထားပြီး ပြန်ရေးတာပါ။ အများအကျိုးအတွက်ပါ"

ထိုစဉ် ကျွန်ုပ်နှင့်ကုလားထိုင်၍ စကားပြောနေသည်မှာနာရီဝက်ခန့်ရှိနေပြီဖြစ်သော်လည်း ကုလားသည်ချောင်းမဆိုးတော့ကြောင်းတွေ့ရသဖြင့် -

"ဒါနဲ့ကုလား မင်းချောင်းမဆိုးတော့ပါလား"

"အဲဒါလေးပြောပြချင်လို့အစ်ကို"

"လုပ်စမ်းပါဦးကွ၊ ဟိုတစ်နေ့က မင်းချောင်းဆိုးသံကြားရလို့ငါတော်တော်စိတ်မကောင်းဖြစ်နေတာ"

"ဆေးနည်းကောင်းတွေ့ထားလို့ အစ်ကို၊ ဆေးနည်းကဒီလိုပါ ရှောက်သီးတစ်လုံးကိုအဝကိုလှုပ်ပစ်လိုက်၊ ပြီးတော့ အထဲကိုဆားဝင်သလောက်သိပ်ထည့်ပြီး မီးဖုတ်ရတယ်။ မီးဖုတ်တာကအိုးကလေးတစ်လုံးထဲ ခုနရှောက်သီးကိုထည့်ပြီးဖွဲမီးဖိုထဲမှာဖုတ်တာ၊ ကျွန်တော်ကတော့အိမ်မှာပန်းပဲဖိုရှိနေလို့ ပန်းပဲဖိုထဲကို ထည့်လိုက်တာပဲ။ တစ်ရက်လောက်ကြာတော့ အိုးကလေးထဲကရှောက်သီးက ဖြာဖြစ်သွားရော။ အဲဒီဖြာကိုယူပြီး ပျားရည်နဲ့တို့စားရတာ၊ ပျားရည်နဲ့ဖော်ပြီး ဆေးလုံးလေးတွေလုပ်စားလို့လည်း ရပါတယ်။ ကျွန်တော်ကတော့ အဲဒီဆေးနဲ့ပျောက်တာချောင်းဆိုးတုန်းကဆိုဘယ်သက်သာမလဲ။ရင်ဘတ်တွေနာလာတာပဲ။ အခုတော့ချောင်းလည်းမဆိုးတော့ဘူး၊ ရင်လည်းမကျက်တော့ဘူး ချွဲသလိပ်တွေလည်းမရှိတော့ဘူး"

"မင်းဆေးနည်းက ကောင်းလိုက်တာ ငါလည်း သူရဋ္ဌမဂ္ဂဇင်းကြီးမှာရေးလိုက်ဦးမယ်ကွာ"

မင်းသန့်ကျော်(ဇီးကုန်း)

---

လေကို ခေါ်လို့ဟေ့"

ဟုပြော၍ လေချွန်လျှင် စပါးလှေ့နိုင်အောင်လေလာသည်ဟုဆိုသည်။

'ဖုန်းမဂျီရှင်မ၊နို့ပျဉ်းကိုးတောင်ကျ၊
လှည်းဦးမှာပေါ်၊သုံးတော်ကျော်တဲ့၊
ဒို့စပါး မထွက်သင့်ဘား၊
ထွက်သင့်ဘား ဟေ့၊
ထွက်သင့်ပေ ထွက်သင့်ပေ၊
ဟေလား မောင်တို့ဝါး'

ကောက်လှိုင်းကြီးကို မိန်းမဝတ်စုံဆင်ယင်ထားပြီး ကောက်ညှင်းပေါင်း၊ အုန်း၊ ငှက်ပျော၊ ကန်တော့ပွဲအစုံအလင် မုန့်ဖြူ မုန့်နီ၊ ကျောက်ပျဉ်၊ သနပ်ခါး၊ မှန်များကိုပါ လှည်းဦးမှာတင်ပြီး ကလေးသူငယ်၊ လူရွယ်၊ ကာလသားများအတိုင်အဖောက် သံချပ်ထိုးပြီး လက်ခုပ်လက်ဝါးတီးကာ တလင်းထဲရှိစပါးပုံကို(၇)ပတ်လှည့်ကြသည်။ အချို့သောအရပ်တွင် အိုးစည်ဗုံမောင်းများပါတီးပြီး ပျော်ရွှင်စွာကခုန်ကြသည်၊ လှည့်ပတ်ကြသည်။

ဤသို့တင်မြှောက်ပ,သခြင်းအတွက် စပါးပိုထွက်သည်ဟု ယုံကြည်ကြသည်။

အထက်မြန်မာပြည် အချို့ဒေသနှင့်မြေလတ်ဒေသတို့တွင် တပေါင်းလဆန်းတွင်'ဖုန်းမဂျီ'ရှင်မကိုအထူးယုံကြည်ပူဇော်ပွဲပြုလုပ်ကြသည်။

မောင်သန်းဆွေ(ထားဝယ်)

ကိုးကားချက်

မောင်သန်းဆွေ (ထားဝယ်) ၏ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့၊ ဒုတိယတွဲ။



အုန်းသန်းသည်မိဘများမရှိတော့၍ အဘိုးဖြစ်သူနှင့်အတူနေထိုင်၏။အဘိုးဖြစ်သူကချစ်၍အလိုလိုက်သော်လည်း အဘိုးတွင်ဝင်ငွေမရှိ။ အဘိုးကိုယ်တိုင်က သူ၏သမီးဖြစ်သူအုန်းသန်း၏အဒေါ်တော်သူများလုပ်စာဖြင့်စားသောက်နေထိုင်ရသည်ဖြစ်ရာချို့ချို့တဲ့တဲ့နေထိုင်ရ၏။ သို့သော်လူငယ်ပီပီပေါ့ပေါ့နေပေါ့ပေါ့စားသူအဖြစ် အဒေါ်များကမနှစ်သက်၍အုန်းသန်းနှင့်မတည့်။ အုန်းသန်းကရွယ်တူသူငယ်ချင်းများနှင့်တန်းတူသောက်စားနေထိုင်ချင်၏။ငွေမရှိသောအခါအိမ်ရှိပစ္စည်းများကိုရောင်းချသုံးစွဲသည်။ အဘိုးဖြစ်သူကမတားသောအခါအဒေါ်များနှင့်ရန်ဖြစ်ကြလေ၏။ ကျောင်းလည်း မတက်ကြတော့သည်မှာကြာပြီ။ ဤသို့ဖြင့် အုန်းသန်းအိမ်မှနှင်ချခံရသည်။

ကိုကြည်လှိုင်ကလည်းမိထွေးနှင့်အဆင်မပြေ။မိထွေး၏နှိမ်ချဆက်ဆံခြင်းကြောင့်ရန်ဖြစ်စကားများပြီး ရန်ကုန်သို့အထွက်တွင် အုန်းသန်းပါ သူနှင့်တစ်ပါတည်းပါသွားခဲ့ခြင်း ဖြစ်သည်။ ယခုကိုကြည်လှိုင်၏မိခင်နှင့်ပထွေးရှိရာရန်ကုန်အိမ်တွင်သောင်တင်နေကြလေ၏။ ကိုကြည်လှိုင်သည် ဟသ်ာတ၌ဖခင်နှင့်မိထွေးဖြင့်ရသော ညီငယ်နှစ်ဦးရှိသကဲ့သို့ ရန်ကုန်တွင်လည်း မိခင်နှင့်ပထွေးဖြင့်ရသောညီမငယ်လေးနှစ်ဦးရှိ၏။ မည်သို့ဆိုစေရန်ကုန်အိမ်တွင်တော့ စားရေးသောက်ရေးအတွက်မပူပင်ရပေ။ မိခင်နှင့်ဖြစ်၍လည်း အဆင်ပြေသလို ပထွေးဖခင်မှာလည်းငြိုငြင်ခြင်းအလျဉ်းမရှိပေ။

မိခင်၏အိမ်တွင်စားလိုက်သောက်လိုက်ဂစ်တာတီးသီချင်းဆိုလိုက်ဖြင့် အချိန်တို့ကုန်လွန်လာ၏။ ယခုလည်းဂစ်တာတီးနေရင်းဖြစ်၏။ ကိုကြည်လှိုင်၏ရှေ့ရှိခုံပေါ်တင်ထားသော သီချင်းစာအုပ်ကိုကြည့်လိုခြင်းကြောင့် ကိုကြည်လှိုင်၏ခုံဘေးသို့ အတင်းဝင်ရောက်ကပ်ထိုင်ခြင်းဖြစ်၏။ ကိုယ်ကြည်လှိုင်ကမာန်မဲလိုက်သော်လည်းသူငယ်ချင်းချင်းဖြစ်၍ဂရုမစိုက်-

"ဘာဖြစ်တာလဲ မင်းကမိန်းကလေးမဟုတ်လို့လား။ ကိုယ့်သူငယ်ချင်းတော့ အနားကပ်မခံချင်ဘူးပေါ့ဟုတ်လား"

ပြောရင်းပို၍ ပူးကပ်လိုက်၏။ ကိုကြည်လှိုင်ဘာမှမပြောတော့။ တခြားလွတ်နေသောခုံသို့ပြောင်းရွှေ့ထိုင်လိုက်ပြီးဂစ်တာကို ဆက်လက်တီးနေသည်။ အုန်းသန်းက ကိုကြည်လှိုင်ကိုမကြည်ကြည့်ကြည့်လိုက်၏။ ဘေးတွင်ထိုင်ကြည့်နေကြသောမာမက်နှင့်အုပ်ဖားဟုခေါ်သော ကုလားညီအစ်ကိုကသူတို့နှစ်ဦးကိုကြည့်၍ ပြုံးလိုက်ကြလေသည်။ ခဏကြာသောအခါ ဂစ်တာတီးခြင်းရပ်နားလိုက်ပြီး ဆေးလိပ်ထိုင်သောက်နေကြ၏။ ထိုစဉ်-

"ဟေ့ကောင်ကြည်လှိုင် ငါတို့ဒီအတိုင်းပဲထိုင်စားနေတာ အားနာစရာကောင်းလှပြီကွာ"

အုန်းသန်းကတွေတွေငေးငေးဖြင့်ပြောလိုက်၏။အမြဲတမ်းစကားကိုအလေးအနက်မပြောတတ်သောအုန်းသန်းပါးစပ်မှထိုစကားထွက်လာသဖြင့်ကိုကြည်လှိုင်ကအံ့သြစွာကြည့်လိုက်ရင်း-

"အောင်မယ် ခွေးပါးစပ်ကနတ်စကားထွက်လို့ပါလား၊ ထိုင်မစားဘဲမင်းကဘာသောက်လုပ်ရှိလို့လဲ"

သူငယ်ချင်းဖြစ်၍ပြောမနာဆိုမနာများဖြစ်ကြ၏။

"မင်းကသားအရင်းကွအကြောင်းမဟုတ်ပေမယ့်ငါကမင်းသူငယ်ချင်းလေ၊ မင်းကိုမှီခိုပြီးကပ်စားနေရတာမျက်နှာပူလှပြီ"

သည်တစ်ခါတွင်အုန်းသန်းအတည်တကျပြောသည်ကို ကိုကြည်လှိုင်နားလည်လိုက်သည်။ အုန်းသန်းပြောသည်မှာမှန်နေပေ၏။ သူပင်လျှင်သားအရင်းဖြစ်သော်ငြားလည်း ဖခင်အရင်းမဟုတ်သည့်ပထွေးဖြစ်သူ၏လုပ်စာကိုထိုင်စားနေရသည်မှာစိတ်မသက်သာလှ။ကိုကြည်လှိုင်သက်ပြင်းတစ်ခုကိုဆေးလိပ်မီးခိုးများနှင့်အတူရောရော၍မှုတ်ထုတ်လိုက်သည်။

"မင်းပြောတာမှန်ပါတယ်၊ ဒါပေမယ့်ငါတို့ဘာလုပ်ကြမလဲ"

ရန်ကုန်လိုနေရာတွင်အလုပ်မရှေးချယ်သူများအဖို့ အလုပ်မရှားသော်လည်း သူတို့လိုအထည်ကြီးပျက်ပုံတွေအဖို့အလုပ်မရှိဖြစ်နေ၏။ သူတို့ယခုနေထိုင်သည့်တာမွေလေးနှင့်ရန်ကင်းအစပ်တွင်တရုတ်လူမျိုးပိုင်ဘဲခြံကြီးများရှိသည်။ ထိုခြံများတွင် အလုပ်သမားများအမြဲလိုအပ်နေတတ်သည်။ သို့သော်သူတို့မလုပ်နိုင်။ အလွန်ပင်ပန်းလေ၏။ ခရမ်းသုံးခွဘက်မှလူသန်ကြီးများသာလုပ်လေ့ရှိကြသည်။ စိုက်ပျိုးမွေးမြူရေးခြံကြီးများပင်။ ကိုကြည်လှိုင်၏မိခင်နှင့်အိမ်ချင်းကပ်နေသည့်အိမ်မှကုလားညီနောင်မှာလည်း မည်မည်ရရအလုပ်မရှိကြ။ကြုံရာကျပန်းလုပ်ကိုင်စားနေကြသူများဖြစ်သည်။ သူတို့နှင့်ခင်နေ၍အတူလာရောက်ပူးပေါင်းနေခြင်းဖြစ်၏။ အကြီးကောင်မာမက်က-

"ငါအကြံတစ်ခုပေးမယ်ကွာ တို့တွေ ထိုင်းနယ်စပ်သွားအလုပ်လုပ်ကြမလား"

"မင်းကပြောတာလွယ်တယ် သွားဖို့ကအဆက်အသွယ်ရှိဦးမှ။ ပြီးတော့ သွားစရိတ်၊ လာစရိတ်ငွေ ဘယ်မှာလဲ"

အငယ်ကောင်အုပ်ဖားကထောက်ပြပြောဆိုသည်။ ကိုကြည်လှိုင်နှင့်အုန်းသန်းက သူတို့ညီအစ်ကိုနှစ်ဦးစကားကိုနားထောင်နေကြ၏။

"စရိတ်အတွက်ရှာရမှာပေါ့ကွ။ ခုချက်ချင်းထသွားဖို့မှမဟုတ်တာ။ မော်လမြိုင်မှာငါ့အသိတွေရှိတယ်။ သူတို့နဲ့အရင်သွားတွေ့ပြီးမေးစမ်းရမှာပေါ့။ ပြီးတော့ တခြားနေရာမှာဆိုဘာလုပ်ရလုပ်ရလုပ်ရလို့ကောင်းတယ်၊ ကိုယ့်နေရာနဲ့ကိုယ်သာလုပ်ဖို့မလုပ်ချင်တာ။ အဲဒီနေရာတွေမှာဝင်ငွေကလည်း ကောင်းတယ်"

မာမက်ပြောသည်ကိုအုန်းသန်းကအတော်စိတ်ဝင်စားနေ၏။

"ကိုမာမက်ပြောတာသဘောကျတယ်။ သူများနေရာဆိုပင်ပန်းလည်းငွေရဖို့ကို အားစိုက်လုပ်မှာသေချာတယ်။ ဟုတ်တယ်ဗျာ အဲဒီကိုသွားကြမယ်"

"မင်းပြောတာတော့လွယ်တယ်နော်။ မင်းလိုပုံ ခါချဉ်ခါးနဲ့ထမ်းနိုင်ပိုးနိုင်မလားစဉ်းစားဦး"

ကိုကြည်လှိုင်က အုန်းသန်းပုံကိုကြည့်၍ပြောလိုက်ခြင်းပင်။ အမှန်ပင်အုန်းသန်းသည်ခါးကလေးကုန်းကုန်းနှင့်လူပိန်ညှောင်လေးဖြစ်၏။

"မင်းကလည်းကွာ ငါလည်းယောကျ်ားပါကွ။ဘာလုပ်လုပ်အစတော့ခက်ချင်ခက်မှာပေါ့။ နောက်အဆင်ပြေသွားမှာပါ"

အုန်းသန်းပြောသည်ကိုအုပ်ဖားကထောက်ခံ၏။

"အဲဒီအတွက် မပူပါနဲ့ကွာအလုပ်ကသင်သွားမှာပါ။ အလုပ်ရှင်ကလည်းလူကြည့်ပြီး သင့်တော်သလိုခိုင်းမှာပါ။ ထားပါဦးကွာ၊အဲဒါတွေကနောက်မှတွေ့ရမှာ ခုကသွားမှာလား မသွားဘူးလား အရင်ဆုံးဖြတ်သွားမယ်ဆိုရင် မနက်ဖြန်ကစပြီးငါတို့ငွေရှာကြရမယ်။ ငွေအဆင်ပြေမှသွားလို့ရမှာ"

"ငွေရရင်သွားမယ်လေ၊ ငွေရှာဖို့ပဲအရင်လုပ်ကြရအောင်"

ကိုကြည်လှိုင်ကဆုံးဖြတ်ပေးလိုက်

၏။ သူတို့အားလုံးသဘောတူညီလက်ခံကြလေတော့သည်။

*

ငွေရှာသည်ဟု အပြောလွယ်သလောက်အလုပ်ကခက်သည်။ သူတို့လေးဦးအတူစုလုပ်နိုင်သည့်အလုပ်မျိုးကိုအုပ်ဖားကရှာ၏။တရုတ်ပဲငံပြာရည်လုပ်သောစက်ရုံသို့ ကြံသကာသေတ္တာများထမ်းပို့ရန်အလုပ်ရလာ၏။ ကြံသကာစက်ရုံဆိုသော်လည်း တစ်ပိုင်တစ်နိုင်စက်ရုံငယ်လေးဖြစ်၏။ လမ်းထိပ်မှစက်ရုံရှိရာလမ်းကြားလေးသို့ ကားမဝင်နိုင်သဖြင့် လူဖြင့်သယ်ယူရခြင်းဖြစ်သည်။ အုပ်ဖားနှင့်မာမက်က ထမ်းပိုးဖူးသူများဖြစ်၍ ကြံသကာသေတ္တာကိုပင့် ပေးပြီးလျှင်တစ်ယောက်တည်း ထမ်းနိုင်ကြသည်။ ကိုကြည်လှိုင်နှင့်အုန်းသန်းသည်အလေ့အကျင့်မရှိကြ၍မနိုင်ကြ။သေတ္တာကိုကြိုးဖြင့်ချည်၍ ထမ်းပိုးနှင့်ရှေ့နောက်နှစ်ယောက်ထမ်း၏။ လူလေးယောက်ကိုတစ်ခေါက်လျှင် သုံးသေတ္တာသာရောက်လေ၏။ မာမက်တို့ညီနောင်ကလည်းကိုကြည်လှိုင်တို့ကိုသူငယ်ချင်းများဖြစ်ပြီးမလုပ်ဖူးဘဲလုပ်ကြသူများဖြစ်၍နားလည်ခွင့်လွှတ်ပေးလျက် သူတို့ကပို၍အနစ်နာခံထမ်းလေသည်။

သို့သော်အုန်းသန်းအတွက်အတော်ဒုက္ခရောက်လေသည်။ တစ်သေတ္တာကိုနှစ်ယောက် ရှေ့နောက်ထမ်းသည်ပင်ကောင်းကောင်းမနိုင်ချင်။ လေးခေါက်မြောက်အရောက်၊ လမ်းတွင်ကြံသကာသေတ္တာကြီးပြုတ်ကျလေ၏။သေတ္တာမှာထင်ရှူးအဆီထုတ်ထားပြီးသောအသားပြားများဖြင့်အဖြစ်ရိုက်ထားရာသံချက်များပြုတ်၍ကြံသကာတချို့တစ်ဝက်ကျကုန်လေ၏။ ကိုကြည်လှိုင်ဒေါကန်လေတော့သည်။

"မင်းကွာဒီပုံနဲ့နယ်စပ်သွားအလုပ်လုပ်ချင်သေးတယ်။ ဟိုမှာမာမက်တို့တစ်ယောက်တည်းတွေထမ်းနေတာ ဘာမှမဖြစ်ဘူး။ နှစ်ယောက်ထမ်းတဲ့သူတွေကပြုတ်ကျရတယ်လို့ ရှက်ဖို့ကောင်းကောင်းသေးတယ်။ ရမယ့်ပိုက်ဆံထက် လျော်ရတာကများတော့မယ်"

ကိုကြည်လှိုင်သည်လည်း လုပ်ဖူးကိုင်ဖူးသူမဟုတ်ပါ။ သို့သော် အုန်းသန်းထက်တော့သာ၏။ ကိုကြည်လှိုင်စိတ်ဆိုး၍မာန်သောအခါအုန်းသန်းခမျာမျက်နှာငယ်လေးနှင့်ငိုတော့မယောင်ဖြစ်နေလေ၏။ ကျနေသောကြံသကာများကိုသာခေါင်းငုံ့လျက်ကောက်နေသည်။ အုပ်ဖားရောက်လာသောအခါသူတို့ကိုကြည့်၍အားရပါးရရယ်လိုက်ရင်း-

"ဟားဟားဟားငါ့သူငယ်ချင်းတွေကတော့တကယ့်မင်းသားလေးတွေပဲ။ ရတယ်ကိစ္စမရှိဘူး ငါအံ့ကူကိုပြောပြလိုက်ပါ့မယ်"

ပြောရင်း သူ၏ပခုံးခု၍ထမ်းလာသောပုဆိုးအတွင်းသို့ ကြံသကာများကောက်ထည့်လေ၏။ မာမက်ရောက်လာပြီး သေတ္တာကိုပြန်၍နေသားတကျထားပြီး အနီးအနားရှိအိမ်မှတူငှားကာသေတ္တာကွာသွားသောနေရာများကိုပြန်ရိုက်ပေးလေသည်။ အံ့ကူဆိုသည်မှာပဲငံပြာရည်စက်ပိုင်တရုတ်သူဌေးဖြစ်ပြီးအုပ်ဖားနှင့်အလွန်ခင်မင်သူဖြစ်၍ တော်ပေသေး၏။ ပုဆိုးဖြင့်ထုပ်ထားသော ကြံသကာထုပ်ကိုအုပ်ဖားကထမ်း၍ပြန်ရိုက်ထားသောသေတ္တာကိုမာမက်ကထမ်းသွားလေတော့သည်။

ငွေရှာသည်ဆိုသည်မှာ အပြောလွယ်သလောက်အလုပ်ခက်သည်ပင်။

*

နောက်ရက်တွင် အုန်းသန်းဖျားလေတော့၏။ ကိုကြည်လှိုင်၏မိခင်ကြီးကလည်း သားသမီးရင်းချပမာပြုစုသည်။ ကိုကြည်လှိုင်တို့သုံးဦးက ရသမျှအလုပ်များကို ဆက်လက်လုပ်ကိုင်၏။ သူတို့သည် နယ်စပ်သို့သွားရန်အာသီသပြင်းထန်နေလေသည်။ တစ်လနီးပါးကြာသောအခါ သူတို့တွင်ငွေအတော်အတန်စုမိကြလေ၏။ အုန်းသန်းတစ်ယောက်သာသူ၏လုပ်အားဝင်ငွေနည်းနေသဖြင့်အားငယ်နေရရှာလေသည်။ ကိုကြည်လှိုင်၏မိခင်ကြီးကလည်း သူ့သားနှင့်သား၏သူငယ်ချင်းများကို နယ်စပ်သို့မသွားစေလို။ တခြားမိဝေးဖဝေးနေရာတွင်နေထိုင်မကောင်းဖြစ်လျှင်ပင်မလွယ်ကူကြောင်းပြောလေ၏။ သို့သော် သူတို့ဆန္ဒပြင်းပြနေသူများဖြစ်၍တားမရပေ။

ဤသို့ဖြင့်သူတို့သုံးဦးနှင့်အတူရပ်ကွက်အတွင်းမှစပ်မိသူလူငယ်နှစ်ဦးတို့ခရီးထွက်ရန်ပြင်ကြ၏။ အုန်းသန်းမှာကျန်းမာရေး သိပ်မကောင်းသေးသဖြင့်ယခုအခေါက်တွင်မလိုက်ရန်ပြောကြ၏။ အုန်းသန်းအဖို့ ပို၍ခံစားရလေသည်။ အုန်းသန်းက-

"ငါလည်းလိုက်ပါရစေကွာ ငါကဒီခရီးကိုအရင်စိတ်ဝင်စားတဲ့သူပါ"

အုန်းသန်းပြောသည်ကို ကိုကြည်လှိုင်ကလက်မခံ။

"မင်းခဏနေခဲ့ဦး။မင်းကငါတို့အထဲမှာလူပိုလိုဖြစ်နေမှာ၊ တို့လုပ်ငန်းအဆင်ပြေတာနဲ့မင်းကိုလှမ်းခေါ်လိုက်မှာပါ"

ကိုကြည်လှိုင်၏ စကားကြောင့်အုန်းသန်းဝမ်းနည်းသွားပြီး မျက်ရည်ကျလာလေ၏။

"မင်းနဲ့ငါအတူစားအတူနေသူငယ်ချင်းတွေပါကွာ မင်းငါ့ကိုခွဲမထားခဲ့ပါနဲ့။ ငါကမင်းကိုအားကိုးပြီးလိုက်လာနေတာခုမင်းမရှိဘဲငါဘယ်လိုနေရမှာလဲကွာ"

ထိုအခါ ကိုကြည်လှိုင်၏မိခင်ကြီးကဝင်ပြောလေ၏။

"သားမောင်အုန်းသန်း အဒေါ်တို့အိမ်မှာနေလို့ဘာမှအားမနာနဲ့။ မင်းတစ်ယောက်အတွက်ပိုမကုန်ပါဘူးကွာ။ မင်းကျန်းမာရေးကောင်းမှ လိုက်သွားပေါ့။ အဒေါ်က ဘယ်သူ့ကိုမှမသွားစေချင်ပါဘူး တားမရလို့သာ"

တစ်ချိန်လုံး နားသာထောင်နေသောကိုကြည်လှိုင်၏ပထွေးက-

"အဖေကတော့ အထွေအထူးမပြောချင်ဘူး။ ငါ့သားတို့တစ်သက်လုံးဘာမှမလုပ်လဲ အဖေလုပ်ကိုင်နိုင်သရွေ့ကျွေးထားမှာပါ။ စိတ်ငြိုငြင်မှုတောင်မဖြစ်စေရဘူး။ သားတို့ရှိလို့အဖေလည်းအဖော်ရလို့ပျော်နေတာ။ ဘယ်ကိုမှလဲမသွားစေချင်ဘူး။ ဒါပေမယ့်မဖြစ်မနေသွားဖို့ စိတ်ထက်သန်နေတယ်ဆိုရင်လည်းသူငယ်ချင်းကိုခေါ်သွားပါ။ အဖေကျွေးမထားချင်လို့မဟုတ်ဘူး။ သူငယ်ချင်းစိတ်ထိခိုက်အားငယ်သွားမှာစိုးလို့။ မောင်အုန်းသန်းကိုယ်တိုင်က စိတ်လျှော့ပြီးဒီတစ်ခေါက်မလိုက်ချင်သေးဘူးဆိုရင်ပိုကောင်းတာပေါ့ ဦးတို့နဲ့ကျန်ခဲ့ပါ"

"ကျွန်တော် ဦးတို့စေတနာတွေကျေးဇူးတွေကိုနားလည်ပါတယ်ခင်ဗျာ။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်အစပျိုးခဲ့လို့ ဒီခရီးသွားဖို့စီစဉ်ဖြစ်သွားကြတာကျွန်တော်လိုက်ချင်တာပေါ့။ ခုကျွန်တော်လည်းနေကောင်းနေပါပြီ"

အုန်းသန်းကစကားကိုရပ်ထားပြီးသူ့သူငယ်ချင်းများဘက်ကိုလှည့်လိုက်ရင်း-

"သူငယ်ချင်းတို့ကိုငါအနူးအညွတ်တောင်းပန်ပါတယ်လိုက်ပါရစေကွာ"

အုန်းသန်းက သူလိုက်ပါနိုင်ရေးတောင်းပန်အရေးဆိုနေလေတော့သည်။ သည်အခါတွင်တော့ဖခင်ကြီးကိုယ်တိုင်ကပါဖျောင်းဖျပြောဆိုနေသဖြင့်ကိုကြည်လှိုင်ရောသူငယ်ချင်းတစ်စုပါလက်ခံလိုက်

ကြလေတော့၏။ သို့ဖြင့်သူတို့၏ထွက်ခွာရန်ခရီးစဉ်အထမြောက်သွားကြလေတော့သည်။

*

မခေါ်ချင်သောသူငယ်ချင်းတစ်စုနှင့်အတင်းလိုက်ချင်နေသောသူငယ်ချင်းတစ်ယောက်တို့၏အားပြိုင်ပွဲစလေပြီ။ရန်ကုန်ဘူတာကြီးတွင်ဖြစ်သည်။ အုန်းသန်းအားကျန်သူငယ်ချင်းအားလုံးကမခေါ်ချင်ကြ။ သူ့ကိုသနား၍လည်းဖြစ်သည်။ သူ၏အားနည်းချိနဲ့နေသည့်ပုံသဏ္ဌာန်အရသူသာလျှင်ပင်ပန်းဆင်းရဲမည်ကို စိုးရိမ်ကြသောကြောင့်ဖြစ်၏။ ထို့ကြောင့်ပင်အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သည့်ကိုကြည်လှိုင်က-

"မင်းသိပ်လိုက်ချင်ရင်ရထားလက်မှတ်ခတော့ မင်းဟာမင်းပေး။ ကျန်တဲ့စရိတ်အားလုံးတော့ ငါတို့နဲ့အတူတူဆိုတော့တာဝန်ယူမှာပေါ့"

ပြောပြီး သူတို့ငါးဦးအတွက်သာလက်မှတ်ဝယ်လေသည်။ အုန်းသန်းထံတွင်ရန်ကုန်-မုတ္တမရထားလက်မှတ်ခပင်အပြည့်မရှိသည်ကိုသိနေ၍ဖြစ်၏။ (ထိုစဉ်က ယခုကဲ့သို့ရန်ကုန်ထားဝယ်အထိရထားလမ်း တောက်လျှောက်မပေါက်သေး)။ အုန်းသန်းကလည်းခေသူမဟုတ်ပေ။

"အေးပါကွာ၊ ငါ့ဟာငါလက်မှတ်ဝယ်ဝယ်မဝယ်ဝယ်မင်းတို့ရထားနဲ့အတူလိုက်လာရရင်ပြီးရောမဟုတ်လား"

"ဟေ့ကောင်လက်မှတ်တော့ ခိုးမစီးနဲ့နော်။ လက်မှတ်ခိုးစီးလို့အဖမ်းခံရရင်မင်းဟာမင်းရှင်း"

အုန်းသန်းကဘာမှမပြောတော့။ လက်မှတ်ဝယ်ပြီး၊ စကြံန်မှရထားရှိရာပလက်ဖောင်းအတွင်းဝင်သွားသော သူ၏သူငယ်ချင်းများကိုသာ ဝမ်းနည်းစွာကြည့်လျက်ကျန်ခဲ့လေသည်။ ထို့နောက်လက်မှတ်ပေါက်နှင့်မနီးမဝေးတစ်နေရာတွင်ရပ်လျက်သူ၏လက်အတွင်းရှိငွေများကိုရေတွက်ကြည့်နေ၏။ ရန်ကုန်-မုတ္တမရထားလက်မှတ်ခပြည့်မီရန် ငွေအနည်းငယ်လေးသာလိုနေလေ၏။အခြေအနေကိုသူစောင့်ကြည့်နေလေသည်။

ရထားထွက်ခွာရန်ငါးမိနစ်ကြေညာလေ၏။ပလက်ဖောင်းအဝင်တံခါးလည်းပိတ်လေပြီ။ ထိုအချိန်တွင်မှအုန်းသန်းကအဝေးမှပြေးလာသည့်ပုံဖြင့်အူယားဖားယားလက်မှတ်ပေါက်ကိုပြေးလျက်-

"အစ်ကိုရေမုတ္တမလက်မှတ်တစ်စောင်မြန်မြန်လေးပေးပါဗျာ၊ရထားထွက်တော့မှာမို့ပါ"

ပြောရင်း လက်အတွင်းရှိငွေများအားလုံးကိုကောင်တာတွင်းသို့ ပစ်ပေးလိုက်၏။လက်မှတ်ရောင်းကလည်းလက်မှတ်တစ်စောင်အမြန်ထုတ်ပေးလေသည်။ အုန်းသန်းကယူ၍လက်မှတ်ကိုထောင်ပြကာတံခါးပေါက်အစောင့်ကိုဖွင့်ပေးရန်ပြောလိုက်ရာ ထိုသူကဖွင့်ပေးလိုက်၏။ ရထားကဘီးလိမ့်စပြုနေပြီ ဖြစ်သည်။ ကျောပိုးအိတ်ကလေးလွယ်လျက်အုန်းသန်းသည်ရန်ကုန်မုတ္တမရထားကြီးပေါ်သို့တက်ရောက်လိုက်ပါသွားပါလေတော့သည်။ ဤသို့ဖြင့်အုန်းသန်းသည်မလိုက်စေလိုသော သူငယ်ချင်းများနှင့်အတူအလုပ်လုပ်ရန်ဟူသောရည်ရွယ်ချက်ဖြင့်အတူပါသွားတော့သည်။

အုန်းသန်း၏လုပ်ဆောင်ချက်ကိုသိသောအခါ ကိုကြည်လှိုင်အတော်စိတ်မကောင်းဖြစ်ရပြန်သည်။ သူငယ်ချင်းပင်ပန်းမည်စိုး၍မလိုက်ဖြစ်အောင်အမျိုးမျိုးကြံဆောင်ပါသော်လည်းမရပါ။ သူတို့နှင့်မခွဲနိုင်မခွာရက်မရရအောင်အားထုတ်ခဲ့သည်ကိုကြည့်၍သက်ပြင်းအခါခါသာချနေမိတော့၏။

*

မုတ္တမမှကူးတို့သင်္ဘောဖြင့် မော်လမြိုင်သို့ကူးကြသည်။သင်္ဘောပေါ်တွင်အုန်းသန်းသည်ပျော်ရွှင်နေ၏။ ကိုကြည်လှိုင်တို့လည်းအုန်းသန်းကိုခွင့်လွှတ်ဖေးမခေါ်ယူသွားရန်သာဆုံးဖြတ်လိုက်ကြလေသည်။ ဤသို့ဖြင့် မော်လမြိုင်ရထားဘူတာနားတွင်အပေါစားတည်းခိုခန်းကလေးများတွင်အိပ်ကြလေ၏။ မာမက်၏အသိမိတ်ဆွေကိုရှာဖွေလေ့လာစုံစမ်းပြီးမှဆက်လက်သွားကြရန်ဖြစ်သည်။ ဆက်သွယ်မှုရရှိအဆင်ပြေလျှင် မော်လမြိုင်မှရေးသို့ဆက်လက်သွားလျှင်သွားရပေဦးမည်။

နောက်တစ်နေ့နံနက်တွင်မာမက်၏မိတ်ဆွေကိုရှာဖွေကြ၏။ မာမက်သိထားသည့်လိပ်စာဖြင့်ရှာဖွေသော်လည်းပြောင်းရွှေ့သွားပြီဖြစ်ကြောင်းသိလိုက်ရ၏။ ထိုအချိန်တွင် သူတို့နှင့်ရွယ်တူဆံပင်ရှည်နှင့်လူငယ်တစ်ဦးကို ပေါင်းမိကြလေသည်။ ထိုလူငယ်ကနယ်စပ်အလုပ်ကိစ္စအခြေအနေများသိထားပြီး သူတို့ကိုပြောပြလေ၏။ ထိုလူငယ်ပြောပြပုံအရဆိုပါကသူတို့အားလုံးအဆင်ပြေကြမည်ဖြစ်ပေသည်။ သို့ဖြင့် ထိုလူငယ်ခေါ်ရာတည်းခိုဆောက်လုပ်ထားသည့်နေအိမ်တစ်အိမ်သို့ပြောင်းရွှေ့နေထိုင်ကြ၏။ ထိုညထိုလူငယ်နှင့်ပင်အတူမိတ်ဖြစ်ဆွေဖြစ်သောက်စားခြင်းဖြစ်ကြလေသည်။

နံနက်အိပ်ရာမှ ထကြသောအခါသူတို့၏မိတ်ဆွေကိုဆံရှည်ကိုမတွေ့ကြတော့ပေ။ ထိုမျှသာမက သူတို့၏အိတ်များ၊ အဝတ်အစားများနှင့်ငွေများပါပျောက်ဆုံးသွားကြလေတော့သည်။ ဖွတ်ထွက်မှတောင်ပို့မှန်း သိကြလေ၏။ ကိုကြည်လှိုင်ဒေါသဖြစ်၍ မဆုံးတော့ပေ။ သူတို့၏ရည်ရွယ်ချက်ဖျက်ဆီးခြင်းခံလိုက်ရ၏။ ထိုထက်ပို၍ဆိုးသည်မှာထိုနေ့နံနက်၌ပင် သူတို့အားရဲကလာရောက်စစ်ဆေးလေတော့သည်။ သူတို့ကအကျိုးအကြောင်းပြောပြ၏။ သူတို့တွင်မှတ်ပုံတင်များပါ ပျောက်ဆုံးကုန်သဖြင့် ဒုက္ခတွေ့ကြရလေတော့သည်။ ထိုရဲက-

"ညီလေးတို့ကို အစ်ကိုစေတနာနဲ့ပြောမယ်။ မင်းတို့ကိုယ့်အရပ်ကိုပြန်ကြတော့။ မင်းတို့မှာမှတ်ပုံတင်မရှိတော့ရှေ့ဆက်သွားဖို့မဖြစ်နိုင်တော့ဘူး"

"ကျွန်တော်တို့မှာ ပြန်စရာလမ်းစရိတ်တောင်မရှိတော့ဘူး။ ဘယ်လိုလုပ်ရမလဲ။ ဒီမှာပိုက်ဆံရမယ့်အလုပ်ကလေးဘာလေးလုပ်ပြီးမှ ပြန်ဖို့ဖြစ်မှာပေါ့။ တောက်-တော်တော်လူပါးဝတဲ့ကောင်တွေ့လို့ကတော့နုပ်နုပ်စဉ်းပစ်မယ်"

ကိုကြည်လှိုင်ဒေါသအလွန်ဖြစ်နေ၏။

"မင်းတို့က ဒီနယ်သားမဟုတ်တော့ ဒီကကောင်တွေအကြောင်းဘယ်သိမလဲ။ ဒီကောင်တွေကဒီလိုပဲစားနေကြကောင်တွေ။ တွေ့ရင်တောင်မင်းတို့ပဲနာမှာသူတို့အုပ်စုတွေကအများကြီး"

ရဲကမတရားယူသွားသူကို ရှာဖွေဖော်ထုတ်ပေးရန်မပြောဘဲသူတို့ကိုသာပြန်ရန်တိုက်တွန်းနေလေ၏။

"ပြန်တာတော့ပြန်ရမှာပဲမပြန်လို့လဲစားစရာတောင်မရှိတော့ဘူး။ ပြန်ဖို့ကလည်းစရိတ်ကမရှိဒုက္ခပါပဲဗျာ"

သူတို့နှင့်ပါလာသောလူငယ်လေးတစ်ယောက်ကညည်းလိုက်သည်။ ထိုအခါရဲက-

"ကဲ- အခုမင်းတို့အကုန်လုံးအစ်ကိုနဲ့လိုက်ခဲ့။ ဟိုဘက်ကမ်းကူးမဲ့ကူးတို့သင်္ဘောမှာအက်စတော့အစ်ကိုလိုက်ရမှာ။ မင်းတို့အားလုံးအတွက်သင်္ဘောခအစ်ကိုပြောပေးမယ်။ ဟိုဘက်ရောက်ရင်လော်ကယ်မီသေးတယ်။ ရန်ကုန်ကိုပြန်လို့ရတာပေါ့"

သူတို့အားလုံး၏ကိုယ်ပိုင်အိတ်ကပ်ထဲတွင်စုလိုက်လျှင်ငွေအနည်းငယ်ကျန်သေး၏။ ထိုငွေနှင့်သူတို့အသက်ဆက်၍ ကိုယ့်ရပ်ဌာနေအရောက်ပြန်ကြရပေတော့မည်။ မျှော်လင့်ချက်တို့သည် လုံးဝဥသုံပျက်ပြုန်းသွားလေပြီတည်း။

ထိုရဲ၏အကူအညီဖြင့်ပြန်လာခဲ့ကြရသည်။ အပြန်ခရီးသည်စိတ်ဆင်းရဲခြင်းများစွာဖြင့်ပြန်ခဲ့ရခြင်းပင်။ မုတ္တမဆိပ်ကမ်းသို့ရောက်သောအခါ ထိုရဲကပင်သူ တို့အားလုံးအားရထားဘူတာသို့ခေါ်လာခဲ့၏။ မကြာမီထွက်တော့မည့်လော်ကယ်ရထား၏။ ရထားဂါတ်ဗိုလ်ကြီးထံရဲကအကျိုးအကြောင်းရှင်းပြ၍ သံကိုယ်ထည်ကုန်တွဲကြီးအတွင်းမှလိုက်ပါခွင့်ရခဲ့ကြလေသည်။

တရိပ်ရိပ်ပြေးနေသောလော်ကယ်ရထားကြီး၏သံကုန်တွဲအပေါက်ဝတွင်ဖျာစုတ်ကလေးခင်း၍ ကိုကြည်လှိုင်ကထိုင်နေလေ၏။ သူ၏နံဘေးတွင်ကပ်၍အုန်းသန်းကတွဲနံရံကိုမှီထိုင်လျက်လိုက်ပါလာသည်။

"ကြည်လှိုင် မင်းမှာဆေးလိပ်ရှိသေးရင်ပေးပါဦးကွာ"

အုန်းသန်းကတောင်းလိုက်သည်။ အိတ်ထဲတွင်ဆေးပေါ့လိပ်တစ်လိပ်သာကျန်တော့၍မပေးချင်။ ရန်ကုန်ရောက်သည်အထိ ထိုဆေးလိပ်တစ်လိပ်ဖြင့်လောက်ငအောင်သောက်သွားမည်ဟုဆုံးဖြတ်ထားသော်လည်း အတူဒုက္ခရောက်သူချင်းမို့ထုတ်ပေးလိုက်ရတော့၏။

"အဲဒီတစ်လိပ်ပဲရှိတယ်။ ချွေတာသောက်၊ရန်ကုန်မရောက်မချင်းအဲဒီဆေးလိပ်တစ်လိပ်နဲ့ဂိုးရမှာ"

"အေးပါကွာ တစ်ဖွာနှစ်ဖွာဖွာပြီးပြန်မီးသတ်ထားပါ့မယ်"

ဆေးလိပ် ကြိုက်တတ်သူများအတွက် ဒုက္ခတရားပင်ဖြစ်၏။ ကျန်သူများကဆေးလိပ်မသောက်တတ်ကြ၍တော်သေးသည်။ လက်ကျန်ငွေကလေးမှာလမ်းတွင်ခြောက်ယောက်စားဖို့အတွက်ထမင်းထုပ်လေးထုပ်သာဝယ်နိုင်ပြီး ကုန်သွားခဲ့ပြီ။ နေ့လယ်စာထမင်းကိုပင်အဝမစားနိုင်။ လေးထုပ်ခြောက်ယောက်မျှ၍စားရမည်ဖြစ်ပေသည်။ အဆင်မပြေချင်လျှင်တတ်တားခင်းမရ ညောင်ထောက်မရဆိုသောစကားပမာပင် ဖြစ်ပေ၏။

*

ဝယ်လာသည့်ထမင်းထုပ်လေးထုပ်ကိုမျှတစားကြပြီး ရေအိုးစင်မှထည့်လာသောရေပုလင်းကိုသောက်ကြရသည်။ ထမင်းစားပြီးသည်နှင့်ရထားရပ်သောဘူတာတစ်ခုတွင်အုန်းသန်းကရထားတွဲဆိုင်၏ရှေ့ဘက်ရှိလူစီးတွဲများဆီသို့ထွက်သွားလေသည်။ ကိုကြည်လှိုင်ကလက်ကျန်ဆေးပေါ့လိပ်တို့ကိုမီးညှိဖွာရှိုက်ရင်းကျန်ခဲ့၏။အုန်းသန်း၏ပုံသဏ္ဌာန်မှာစိတ်ညစ်ပုံမရှိ။ ပေါ့ပေါ့ပါးပါးပင်။ ရထားထွက်ခွာသွားသော်လည်း အုန်းသန်းပြန်ပေါ်မလာတော့။စိတ်ညစ်ညူးနေကြသည်မို့မည်သူမျှဂရုမထားကြပေ။ ဆေးလိပ်ဖွာပြီးသည်နှင့် ကိုကြည်လှိုင်နေရာတွင်ပင်တုံးလုံးလှဲ၍အိပ်လိုက်လာ၏။ ရထားပြေးဆွဲနေစဉ် ဆူညံနေသောသံတွဲကြီးအတွင်းအိပ်မပျော်သော်လည်း မှိန်း၍လိုက်လာခဲ့သည်။ ကျန်သူများလည်းသူ့နည်းတူပင်လှဲလျက် လိုက်ပါလာကြသည်။ အားလုံးစိတ်ဓာတ်ကျနေသည်မှာပြောစရာပင်မလိုပေ။ ထိုအထဲတွင်အုန်းသန်းတစ်ယောက်မပါ။ ရှေ့ဘက်ရှိလူစီးတွဲတွင်မည်သို့လိုက်ပါလာသည်ကိုမည်သူမျှမသိကြချေ။

ပဲခူးဘူတာကိုရထားဆိုက်ရောက်လာ၏။ ဆူညံနေသောလူသံများကြောင့်ကိုကြည်လှိုင်ထထိုင်နေ၏။ လူအများသည်အကြောင်းကိုယ်စီနှင့်သွားလာနေကြ၏။ ထိုစဉ်သူတို့၏သံကုန်တွဲကြီးပေါ်သို့လူနှစ်ဦးတောင်းခွံထမ်းပိုးတို့ဖြင့်တက်လာ၏။ အဝတွင်ကိုကြည်လှိုင်ထိုင်နေသဖြင့်အတွင်းပိုင်းသို့ဝင်သွားကြသည်။ ထိုလူတို့သည်ဈေးရောင်းပြန်သူများဖြစ်ပေမည်။ ထိုစဉ်အုန်းသန်းရောက်လာပြီးကိုကြည်လှိုင်ကို စီးကရက်တစ်လိပ်ပေးလေ၏။ အံ့သြနေသူကကိုကြည်လှိုင်ပင်။

"ရော့သောက်ပါသူငယ်ချင်း၊မင်းအတွက်ငါဖန်တီးလာတာပါ။ မင်းကငါ့ထက်ပိုပြီးဆေးလိပ်ကြိုက်တာသိတာပေါ့။ ငါခုလူစီးတွဲမှာအစ်မကြီးတစ်ယောက်နဲ့ ဘော်ဒါဖြစ်သွားပြီ။ ခုဒီဆေးလိပ်ကိုသူပေးလိုက်တာပါ"

ပြောရင်းသူ့အတွက်လည်းစီးကရက်တစ်လိပ်ကိုထုတ်ယူမီးညှိ၍သောက်နေ၏။ထိုစဉ် ရထားဥဩဆွဲသံကြားရသဖြင့် အုန်းသန်းသည် ရှေ့တွဲများရှိရာသို့ပြေးလေတော့သည်။ ပဲခူးဘူတာမှထွက်လာသည်နှင့်နေဝင်ခဲ့လေပြီ။ အလင်းရောင်ပျပျလေးတွင် ကိုကြည်လှိုင်ကစီးကရက်ကိုဖွာရှိုက်ရင်း သူတို့ဘဝတွေလည်းနေဝင်သည်နှင့်မခြားသည်ကိုတွေးနေမိလေသည်။ ဤသို့ဖြင့်ပင် ရထားသည်လေးထောင့်ကန်ဘူတာသို့ဆိုက်ရောက်လာလေ၏။ ခေတ္တရပ်ပြီးထွက်ခွာလာ၏။ ထို့နောက်ပြန်ရပ်သွားပြန်သည်။ ထိုအချိန်တွင်အုန်းသန်းရောက်လာပြန်၏။ ကိုကြည်လှိုင်ထိုင်နေသောနေရာကို အတင်းဝင်ရောက်ထိုင်လိုက်ရင်း-

"ရှန်တိန်လုပ်တာကွ၊ တို့ရထားနောက်ကမော်လမြိုင်အမြန်လိုက်လာနေတာမလွတ်လို့တဲ့တို့ရထားကလမ်းရှောင်ပေးရမှာ"

အုန်းသန်းနှင့်အတူသတင်းပါလာခြင်းပင်။ သူတို့ရထားသည်ဖြည်းဖြည်းချင်းနောက်ဘက်သို့ပြန်ဆုတ်လာနေ၏။ အုန်းသန်းက ကိုကြည်လှိုင်ထိုင်နေသောအပေါက်ဝနေရာကိုအတင်းတိုး၍ထိုင်လိုက်သဖြင့် ကိုကြည်လှိုင်ကအတွင်းဘက်သို့ အနည်းငယ်ရွှေ့ကာထိုင်လိုက်လေသည်။သူတို့စီးနေသောတွဲကြီးသည်လမ်းမြောင်လမ်းသို့စတင်ဝင်ရောက်လာ၏။ မော်လမြိုင်အမြန်ရထားလာနေသံကိုလည်းကြားနေရသည်။ ထိုစဉ်-

"ဂျိမ်း ဒုန်း ဝုန်း ဂလုံးဒုန်းဒုန်း"

ဆိုသောအလွန်ကျယ်လောင်သောအသံကြီးနှင့်အတူ သူတို့စီးလာသည့်သံကိုယ်ထည်တွဲကြီး၏နောက်ဘက်ထောင့်တွင်မီးပွိုင့်ကြီးဖြစ်ပေါ်သွားပြီးတွဲကြီးမှာတိမ်းစောင်းရင်းခလောက်ဆန်သွားတော့၏။ တွဲပေါ်ရှိသူတို့အားလုံး ဆီးသီးဗန်းအတွင်းထည့်၍အလှုပ်ခံရသောဆီးသီးများပမာလွင့်ပျံကုန်ကြလေသည်။ သူတို့စီးလာသောရထားကြီးလမ်းရှောင်ပေးနေဆဲမပြီးဆုံးသေးခင် အမြန်ရထားကြီးမှာဝင်ရောက်လာလေရာ ပြင်းထန်သောအရှိန်ဖြင့်လော်ကယ်ရထားကိုဝင်တိုက်ခြင်းဖြစ်၏။ကံဆိုးစွာကိုကြည်လှိုင်တို့စီးလာသည့်တွဲထောင့်ကိုတိုက်မိခြင်းပင်။ ထိုအမြန်ဒီဇယ်စက်ခေါင်းကြီးမှာ သူတို့တွဲနံဘေးတာစောင်းတွင်တုံးလုံးကြီးလဲသွားလေ၏။ ဘီးများလည်းနေလျက်စက်အင်ဂျင်သံမှာလည်းဆူညံနေလေသည်။

သူတို့တွဲကြီးလည်းတိမ်းမှောက်နေ၏။ဘူတာမှနီကျင့်ကျင့်လျှပ်စစ်မီးရောင်သည် တွဲ၏အပေါက်မှဝင်ရောက်နေသဖြင့် ထိုအလင်းရောင်ကိုမှန်းပြီး ကိုကြည်လှိုင်လူးလဲထလိုက်သည်။ တွဲကြီးမှာစောင်းနေသဖြင့်ရပ်ရန်မလွယ်။ နံရံကိုမှေးရင်းဖြည်းဖြည်းချင်းထွက်လာရ၏။ ခေါင်းမှစီးကျလာသောအရာသည် သွေးဖြစ်မည်ကိုသိလိုက်သည်။ ဂရုမစိုက်နိုင်အားသေး။ အပြင်ရောက်ရေးသာအားထုတ်ကြိုးစားနေရ၏။ ကျယ်လောင်စွာ

# မိုးဥတုတွင် သမုဒ္ဒရာန် (၄) ပါးအလိုအရ လိုက်နာဆောင်ရွက်သင့်သော ကျန်းမာစေကြောင်းနည်းလမ်းကောင်းများ ဒေါ်နေနေနိုင်ရည်

(ဖွံ့ဖြိုးရေးဌာနစိတ်) တိုင်းရင်းဆေးပညာဦးစီးဌာန



**မေး-** ဆရာမ မင်္ဂလာပါ။

**ဖြေ-** ဟုတ်ကဲ့မင်္ဂလာပါ။

**မေး-** ဆရာမခင်ဗျား။ ဒီတစ်ပတ် သုတအဖြာအဖြာတိုင်းရင်းဆေးပညာအစီအစဉ်ကနေပြီး ဆရာမအနေနဲ့ဘယ်လိုအကြောင်းအရာကိုဆွေးနွေးတင်ပြပေးသွားမလဲဆိုတာကိုလည်း ပြောပြပေးပါဦးခင်ဗျာ။

**ဖြေ-** ဟုတ်ကဲ့ပါ။အခုဆိုရင်မိုးဥတုကိုရောက်ရှိလာတော့မှာဖြစ်တဲ့အတွက် ဆရာမက 'မိုးဥတုတွင်သမုဒ္ဒရာန် (၄) ပါးအလိုအရလိုက်နာဆောင်ရွက်သင့်သော ကျန်းမာစေကြောင်းနည်းလမ်းကောင်းများ' ကိုသုတအဖြာအဖြာတိုင်းရင်းဆေးပညာအစီအစဉ်ကနေပြီးမြန်မာ့အသံရေဒီယိုမှ

---

အော်မြည်နေသော ဒီဇယ်ခေါင်းကြီး မီးလောင်ပေါက်ကွဲလေမလားဟူသော စိုးရိမ်စိတ်ဖြင့် အလွန်ပင်ကြောက်လန့်နေလေသည်။

"ကိုကြည်လှိုင်ကိုကြည်လှိုင်၊ အုပ်ဖားအုပ်ဖား၊ စိုးအောင်၊ လှမြင့်"

သူတို့အဖွဲ့သားများကိုခေါ်နေသည့် မာမက်၏အသံကိုကြားလိုက်ရသည်။

"ကိုမာမက် ကျွန်တော်ဒီမှာ"

ကိုကြည်လှိုင်ကပြောရင်းတွဲအပြင်သို့ခုန်ထွက်လိုက်၏။ ထို့နောက် မာမက် အုပ်ဖားစိုးအောင်နှင့်လှမြင့်တို့ပါခုန်ထွက်လာကြသည်။ ထိုအချိန်တွင်အုန်းသန်းကိုသတိရလိုက်၏။

"အုန်းသန်းရော အုန်းသန်း အုန်းသန်း"

ကိုကြည်လှိုင်က မေးလည်းမေး အော်လည်းအော်ခေါ်လေတော့သည်။ သူတို့အားလုံး အုန်းသန်းကိုရှာသော်လည်းမတွေ့ကြတော့။သူတို့အားလုံးစက်ခေါင်းကြီးနှင့်ဝေးရာသို့ပြေးကြ၏။ လူအများလည်း ထိုနေရာသို့ရောက်ရှိလာနေကြ၏။ သူတို့တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်းနှင့်ဖြစ်နေကြလေသည်။

ဘူတာမှတာဝန်ရှိရုံပိုင်က သူတို့အားလုံးအား ဘူတာတွင်းသို့ခေါ်သွားလေ၏။ ရဲများနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များရောက်လာပြီး ဒဏ်ရာရသူများကိုပြုစုပေးကြလေ၏။ ကိုကြည်လှိုင်ကခေါင်းကွဲသွားသဖြင့် ပတ်တီးနှင့်ဖြစ်သည်။ ရဲများ၏စစ်မေးခြင်းကို ဖြေကြားရင်း အုန်းသန်းပျောက်နေကြောင်းကိုလည်း ပြောပြထားလေ၏။ ထို့နောက် သူတို့အားရန်ကုန်ဆေးရုံကြီးသို့ လူနာတင်ယာဉ်ဖြင့်ခေါ်ဆောင်သွားသည်။ ရန်ကုန်ဆေးရုံကြီးတွင်ကိုကြည်လှိုင်က ခေါင်းကိုသုံးချက်ချုပ်ရ၏။ မာမက်ကခြေထောက်အ်နာနှင့်ပတ်တီးစီးရသည် အုပ်ဖားကလက်ရောင်သွားသော်လည်းမကျိုး၍တော်သေးသည်။ စိုးအောင်နှင့်လှမြင့်မှာဘာမှအထွေအထူးမဖြစ်ကြ၊ အနည်းငယ်နာကျင်သွားရုံသာဖြစ်လေသည်။ သက်ဆိုင်ရာများက သူတို့အားလုံး၏မှတ်တမ်းများရယူထားပြီးသူတို့နေထိုင်ရာတာမွေလေးရပ်ကွက်သို့ပြန်လည်ပို့ဆောင်ပေးလေသည်။

အပြန်ခရီးတွင်ပျောက်ချင်းမလှပျောက်ဆုံးသွားသော အုန်းသန်းတစ်ယောက်ပါမလာတော့ပါပေ။

*

နှစ်ရက်ခန့်ကြာသောအခါ အုန်းသန်း၏အလောင်းကိုတုံးလုံးလဲနေသော ဒီဇယ်စက်ခေါင်းကြီး၏အောက်မှာတွေ့ရှိရသည်။ စက်ခေါင်းကြီးအားကရိန်းဖြင့်မသောအခါမှထွက်ပေါ်တွေ့ရှိခြင်းဖြစ်ကြောင်း သူတို့ကအုန်းသန်းပျောက်ဆုံးနေကြောင်း သတင်းပို့ခဲ့သဖြင့် သူတို့ထံလှမ်း၍အကြောင်းကြားခြင်းဖြစ်ပေသည်။ သူတို့သွားသောအခါအုန်းသန်း၏ရုပ်ကလာပ်မှာပျက်ယွင်းနေပေပြီ။ ကိုကြည်လှိုင်၏မိဘများကလည်း အုန်းသန်း၏အုပ်ထိန်းသူများထံသို့အကြောင်းကြားရပြန်သည်။ အုန်းသန်း၏အဘရောက်ရှိလာ၏။ ညှိနှိုင်းတိုင်ပင်ကြပြီးအုန်းသန်း၏ရုပ်ကလာပ်အားရန်ကုန်၌ပင်သဂြိုဟ်လိုက်ကြသည်။

အုန်းသန်းနှင့်ပတ်သက်၍အားလုံးစိတ်မကောင်းဖြစ်နေကြသည်။ ကိုကြည်လှိုင်၏မိဘများနေထိုင်သောနေရာသည် မြို့ပတ်ရထားလမ်းဘေးတွင်ဖြစ်ရာမြို့ပတ်ရထားတစ်စင်းဖြတ်သန်းသွားသည့်အခါတိုင်းကိုကြည်လှိုင်သည်လန့်၍ထအော်တတ်လေ၏။အုန်းသန်းသည်သူပထမစီးလာသောလူစီးတွဲတွင်သာနေပါလျှင်သေစရာအကြောင်းမရှိပေ။ ရထားနှင့်စင်းမလွတ်၍လမ်းရှောင်ရန်ရှုန်တိန်ပြုလုပ်နေချိန်ကျမှကိုကြည်လှိုင်ရှိရာတွဲသို့ရောက်လာပြီးကိုကြည်လှိုင်၏နေရာတွင်အတင်းဝင်ရောက်နေရာယူခြင်းဖြစ်လေသည်။

အမှန်တော့ကိုကြည်လှိုင်အစားဝင်ရောက်၍အသက်ချင်းလဲလှယ်သွားသကဲ့သို့ပင်။ သူ၏ထိုက်တန်သောနေရာကိုသူဝင်ရောက်လာခြင်းပင်တည်း။ သို့သော် သူသေဆုံးခြင်းအတွက်မီးရထားဌာနကအသက်အာမခံကြေးငွေပေးသည်ကိုရရှိခဲ့လေရာအုန်းသန်း၏အဘဖြစ်သူမှာသူ့မြေး၏အသက်အာမခံလျော်ကြေးငွေများဖြင့်အိမ်ကိုပြင်ဆင်ဆောက်လုပ်နေသွားနိုင်လေ၏။ တစ်သက်လုံးကောင်းကျိုးမပေးခဲ့သော်လည်း သေသောအခါမှအကျိုးပေးသွားခဲ့သည်ဟုဆိုရပေတော့မည်တည်း။

၁၉၇၆ ခုနှစ်၊ စက်တင်ဘာလအတွင်း လေထောင့်ကန်ရထားတိုက်မှုမှ ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါသည်။ ကိုကြည်လှိုင်သည် စာရေးသူဇနီး၏မောင်အရင်းဖြစ်၏။

သဗ္ဗေသတ္တာကမ္မသကာ

စံဝင်းအောင်(မြန်အောင်)

တစ်ဆင့်ပြည့်သူလူထုထံတင်ပြလိုပါတယ်။

**မေး**- ဟုတ်ကဲ့ပါ။ ဒါဆိုရင် မိုးဥတုရဲ့ကာလအပိုင်းအခြားနှင့် ဖြစ်တတ်တဲ့ သဘာဝကိုလည်းပြောပြပေးပါဦးခင်ဗျာ။

**ဖြေ**- ဟုတ်ကဲ့ပါ။ ဝါဆိုလပြည့်ကျော် (၁) ရက်နေ့မှတန်ဆောင်မုန်းလပြည့်နေ့အထိ(၄)လမှာမိုးဥတုဖြစ်ပါတယ်။ မိုးဥတုတွင် မိုးများပုံမှန်ရွာသွန်းခြင်း၊ အအေးဓာတ်များတဖြည်းဖြည်းလွှမ်းမိုးလာခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့မှာ ရေပြည့်ရေလျှံခြင်း၊ သစ်ပင်၊ တော၊ တောင်တို့စိမ်းလမ်းစိုပြည်ခြင်း၊သတ္တဝါတို့ အေးမြကြည်လင်၍ သာယာရွှင်လန်းခြင်းစတဲ့လက္ခဏာများကို ပုံမှန်အားဖြင့်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် မိုးအလွန်ရွာလိုက်၊ နေပူလိုက်တစ်လှည့်စီဖြစ်နေတတ်၍လည်းအပူ၊ အအေးအားပြိုင်တတ်ပါတယ်။ ဒီလိုအချိန်မှာဥတုနှင့်လိုက်လျောညီထွေအောင်မနေကြဘဲ ဥတုနှင့်ဆန့်ကျင်ပြီးနေထိုင်စားသောက်ကြမယ်ဆိုရင် ခန္ဓာကိုယ်တွင်းဓာတ်များဖောက်ပြန်ပြီး လေထိုးလေအောင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သန်၊ တုတ်ထခြင်းများဖြစ်တတ်ပါတယ်။

**မေး**- ဟုတ်ကဲ့ပါ။ ဒါဆိုရင်ခေါင်းစဉ်မှာပါတဲ့ သမုဋ္ဌာန် (၄) ပါးဆိုတာကိုလည်းရှင်းပြပေးပါဦးဆရာမ။

**ဖြေ**- ဟုတ်ကဲ့ပါ။ တိုင်းရင်းဆေးပညာအလိုအရ သမုဋ္ဌာန် (၄)ပါးဆိုတာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ (၄) ပါးကိုဆိုပါတယ်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သောတရားတော်များကကံဆိုသည်မှာ 'ကံ (ကမ္မ) မှာအလုပ်ပင်ဖြစ်ပါတယ်။ မိမိကိုယ်တိုင်အသိဉာဏ်နှင့်ယှဉ်၍မည်သို့နေထိုင်ကျင့်ကြံနေကြသလဲဟူသည့်လုပ်ကိုင်ဆောင်ရွက်ချက်ပေါ်တွင်သာတည်မှီနေပါတယ်။မိုးဥတုတွင်မိမိ၏ရုပ်သဘောဓာတ်ခံကိုကြည့်ပြီး ကံ၊ စိတ်၊ ဥတု၊အာဟာရအလိုအရပြုမူနေထိုင်စားသောက်ရပါမယ်။ မိုးဥတုမှာဆို ကမ္မသမုဋ္ဌာန်အရရိုးမမိစေရန်အတွက်ခြောက်သွေ့သောနေရာများတွင်နေထိုင်ခြင်း၊မိုးရွာထဲသွားလာခြင်းများရှိပါက ထီး၊ ဦးထုပ်၊ မိုးကာများဆောင်းခြင်း၊ မိုးမိပါကခြောက်သွေ့အောင်ဂရုစိုက်ခြင်းတို့ကိုဆောင်ရွက်ရပါ့မယ်။ဒါ့အပြင် မိမိခံနိုင်စွမ်းရည်ထက်ပိုမိုလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မူးယစ်ထုံထိုင်းစေသည့်ဆေးဝါးများသုံးစွဲခြင်း၊ ဆီး၊ ဝမ်း၊ သွေး၊ လေတို့ကိုချုပ်တည်းခြင်းတို့သည်လည်း ကျန်းမာရေးကိုထိခိုက်စေသောက်အကြောင်းတရားများပင်ဖြစ်တာကြောင့်ရှောင်ကြဉ်ရပါ့မယ်။

စိတ်ဆိုတာကတော့အာရုံကိုသိတတ်သောသဘောကို စိတ် (စိတ္တ) ဟုခေါ်ပါတယ်။ လူသားတို့၏ရုပ်ခန္ဓာကြီးသည် စိတ်၏ဦးဆောင်မှုအလိုအတိုင်း ဖြစ်ပျက်တည်ရှိနေပါတယ်။ အမျက်ဒေါသကြီးခြင်း၊ စိတ်သောကများခြင်းနှင့်စိတ်အားငယ်ခြင်းတို့ကိုရှောင်ရှားပြီး မေတ္တာပွားကာ သင့်တင့်စွာနှလုံးသွင်းခြင်းဖြင့် ကျန်းမာရေးကိုကောင်းမွန်စေနိုင်သောစိတ်၏အကြောင်းတရားပင်ဖြစ်ကြောင်းမြတ်စွာဘုရားကဟောကြားခဲ့ပါတယ်။

ဥတုအလိုအရကတော့လူတို့သည် သဘာဝပတ်ဝန်းကျင်ကအလိုအလျောက်ပေးအပ်ထားသော ပူခြင်း၊ အေးခြင်း၊ ခြောက်သွေ့ခြင်း၊စွတ်စိုခြင်းစသည့်အခြေအနေများနှင့်လူတို့ဖန်တီးစွမ်းဆောင်ထားသောပတ်ဝန်းကျင်အခြေအနေများကို 'ဥတု' လို့ဟုခေါ်ပါတယ်။ ရာသီဥတုနှင့်ကိုက်ညီအောင်လုပ်ကိုင်ခြင်း၊ ဝတ်စားဆင်ယင်နေထိုင်ခြင်းတို့သည်ကျန်းမာခြင်းတည်းဟူသောအကျိုးကျေးဇူးကိုရရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့် မိုးဥတုတွင်အခုလိုနွေဥတုအဆုံးပိုင်းကာလများနဲ့မိုးဥတုအစပိုင်းကာလများမှာအပူအအေးနှစ်ပါးပြိုင်ဆိုင်တတ်ပါတယ်။ ရာသီဥတုအကူးအပြောင်းပြုချိန်အဆက်အစပ်ပြုနေချိန်များမှာ ကျန်းမာရေးကိုယ်ခံအားလျော့နည်းသူများအတွက်ရောဂါဘယနှိပ်စက်မှုများကိုခံရတတ်ကြပါတယ်။ 'ရတုသန္ဓိရောဂါဖိ၊ သတိရှိကြစေ'ဆိုတဲ့စကားအရ ဥတုအကူးအပြောင်းပြုနေချိန်များမှာရောဂါဘယအဖြစ်များတတ်ကြတာမို့ အစားအသောက်အနေအထိုင်အပြုအမူများကို စိတ်အလိုမလိုက်ဘဲ လွန်၊ ယုတ်၊ လွဲမှားစွာမပြုမူဘဲသတိနှင့်ယှဉ်ပြီးနေထိုင်စားသောက်သင့်ဖို့လိုပါတယ်။

မိုးဥတုမှာတော့မိုးအလွန်ရွာနေရင် အပြင်မထွက်ခြင်း၊အအေးမမိအောင်နေထိုင်ခြင်း၊ အနွေးထည်ဝတ်ခြင်း၊ အစားအသောက်များကိုပူပူနွေးနွေးစားသောက်ခြင်းစသည်များကိုပြုလုပ်ရပါမယ်။ ဒါ့အပြင်ရှေးသမားတော်များ၏ဥတုအလိုအရနွေကိုး၊ မိုးတစ်ဆယ်၊ ဆောင်းတယ့်တစ်ရေချိုးစနစ်ဆိုတဲ့အတိုင်း မိုးဥတုမှာ အများအားဖြင့်နံနက် (၁၀) နာရီတွင်ရေချိုးပေးလျှင်သင့်တော်ပါတယ်။

အာဟာရဆိုသည်မှာ အထောက်အပံ့ဟုအဓိပ္ပာယ်ရပါတယ်။ ရုပ်ခန္ဓာ၏အသက်ရှင်ရပ်တည်မှုအတွက်အထောက်အပံ့ဖြစ်နိုင်သောဩဇာဓာတ် သို့မဟုတ် ဇီဝဖြစ်စဉ်တည်တံ့ရေးအတွက်အထောက်အပံ့ဖြစ်သောဩဇာဓာတ်ကိုအာဟာရဟုခေါ်ပါတယ်။ အာဟာရသဘောတရားအရ 'သဗ္ဗေသတ္တာအာဟာရဋ္ဌိတိကာ' ဆိုသည့်အတိုင်းသတ္တဝါတို့၏အသက်ရှင်ခြင်းဖြစ်စဉ်သည်အာဟာရပေါ်တွင်တည်မှီနေကြရပါတယ်။ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်၊ အရသာခြောက်ပါးအနက်တစ်ခုခုလွန်ကဲသောအစာများစားသုံးခြင်းကို ရှောင်ကြဉ်၍ သင့်တော်မည့်အစာအာဟာရများကိုရွေးချယ်စားသောက်ခြင်းဖြင့် ကျန်းမာခြင်းတည်းဟူသောအကျိုးကိုခံစားရရှိနိုင်မှာ ဖြစ်ပါတယ်။ ရှေးသမားတော်များ၏ နွေချို၊ မိုးခါး၊ ဆောင်းချဉ် တိုင်းရင်းဆေးနည်းစဉ်ဆိုသည့်အတိုင်း မိုးဥတုမှာတော့အခါးအရသာကိုကျန်းမာနေသူများအဖို့စားသုံးပေးရန်သင့်တော်ပါတယ်။

ဒါကြောင့်အထက်တွင်ဆိုခဲ့သည့်အတိုင်း မိုးဥတုတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရသမုဋ္ဌာန်(၄)ပါးသဘောတရားအတိုင်းပြုမူနေထိုင်စားသောက်ကြရန်လိုအပ်ပါတယ်။

**မေး**- ဟုတ်ကဲ့ပါ။ဒါဆိုရင်သမုဋ္ဌာန်(၄)ပါးနှင့်လိုက်နာဆောင်ရွက်သင့်သောကျန်းမာစေကြောင်းနည်းလမ်းကောင်းများကိုတော့ဆရာမပြောပြလို့သိရှိခဲ့ပါပြီ။ အခုဆက်ပြီးတော့ဆရာမရှေ့ကပြောခဲ့တဲ့ မိုးဥတုမှာအများဆုံးဖြစ်တတ်တဲ့ရောဂါတွေအတွက်လိုက်နာဆောင်ရွက်သင့်တဲ့ကျန်းမာစေကြောင်းနည်းလမ်းကောင်းများကိုလည်းဆက်ပြောပြပေးပါဦးဆရာမခင်ဗျား။

**ဖြေ**-ဟုတ်ကဲ့ပါ။ဥတုဘောဇနသင်္ဂဟဆေးကျမ်းပါ။ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလနှင့်ဝါခေါင်လများမှာ ပြင်ပလေအားကြီးတဲ့အတွက်သည်းခြေဓာတ်ငုပ်ပါတယ်။ လေဓာတ်ပျက်ပါတယ်။ ဝမ်းမီးနုံ့ပါတယ်။ အစာချေချက်အားနည်းမယ်၊ ပြင်ပလောကဓာတ်ကလည်းပူလိုက်အေးလိုက်ဖြစ်နေပါတယ်။ မှတ်၊ ခြင်၊ ယင်၊ သတ္တဝါတွေပေါက်ပါတယ်။မိုးဥတုဟာအလွန်ပူပြင်းတဲ့နွေဥတုနဲ့အလွန်အေးမြတဲ့ဆောင်းဥတုတို့ရဲ့အကြားမှာတည်ရှိနေတာဖြစ်တဲ့အတွက် အပူနဲ့အအေးရောထွေးပြီးဖောက်ပြန်တဲ့အတွက် ဝမ်းမီးအညံ့ဆုံး၊ ရောဂါအဖြစ်အများဆုံးဥတုဖြစ်တာကိုတွေ့ရှိရပါတယ်။ ဒါကြောင့်ဆရာမစောစောကပြောပြခဲ့တဲ့

လေထိုးလေအောင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ဝမ်းကိုက်ခြင်း၊နှာစေး၊ချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သန်၊ တုတ်ထခြင်းများဖြစ်တတ်ပါတယ်။ ဒါတွေအတွက်လိုက်နာဆောင်ရွက်သင့်တဲ့ကျန်းမာစေကြောင်းနည်းလမ်းကောင်းများကတော့လေထိုးလေအောင့်သူများဟာခြေဖျားအေးတတ်သဖြင့်ခြေဖျားများပူအောင်အပူပေးခြင်း၊ ဆေးပူလိမ်းခြင်းများပြုလုပ်ပေးနိုင်ပါတယ်။ သာမန်လေထိုး လေအောင့်ဖြစ်ပါက ဆားခါးကိုရေနွေးဖြင့်ဖျော်၍သောက်ပေးခြင်း၊ ရေနွေးအိတ်ကပ်ပေးခြင်း၊ ကန့်ကလာကိုသုံးခွက်တစ်ခွက်တင်ကျိုပြီး ဆား၊ပျားရည်တို့ဖြင့်သောက်ပေးခြင်း၊ အစာမကြေစာများကိုမစားဘဲ စွပ်ပြုတ်ရည်ကျဲကျဲတစ်မျိုးမျိုးသောက်ပေးခြင်းများပြုလုပ်ပေးနိုင်ပါတယ်။

အစာမကြေဖြစ်ပါကလည်းကြက်သွန်ဖြူ၊ငရုတ်ကောင်းဟင်းခါးရည်သောက်ပေးခြင်း ပူ၊ စပ်၊ ခါး၊ ငန်အရသာရှိသောအစားအစာများကိုစားသောက်ပေးခြင်း၊ သံပရာရည် (၁) ဇွန်း၊ ထန်းလျက် (၁) ကျပ်သား၊ ရေနွေးပူပူ (၅) ကျပ်သားနှင့်ရောစပ်၍လည်းကောင်းသောက်ပေးနိုင်ပါတယ်။

ဝမ်းပျက်ဝမ်းလျှောဖြစ်ပါကကြက်သားစွပ်ပြုတ်ရည်သောက်ပေးခြင်း၊အုန်းစိမ်းရည်သောက်ပေးခြင်းများပြုလုပ်ပေးနိုင်ပါတယ်။ (အုန်းစိမ်းရည်တွင်လိုအပ်သောအချိုဓာတ်နှင့်ဓာတ်ဆားများပါဝင်နေခြင်းကြောင့်သောက်ပေးနိုင်ခြင်းဖြစ်ပါတယ်) ဒါ့အပြင်လိုအပ်ပါကဓာတ်ဆားထုပ်များကိုလည်း သောက်ပေးနိုင်ပါတယ်။ သန့်ရှင်းလတ်ဆတ်သောထမင်းရည်တွင် ဆားအနည်းငယ်ထည့်၍သောက်ပေးခြင်း၊ ငှက်ပျောသီး (ဖီးကြမ်း)ကိုပြုတ်၍ဖြစ်စေ၊ မီးကင်၍ဖြစ်စေစားပေးခြင်း၊ ကြက်သားကြော်ကိုပါးပါးလှီးပြီးကြက်သွန်ဖြူများများ ရှောက်၊ သံပရာဖြင့်သုပ်စားခြင်း၊ ထမင်းမီးဖုတ်ကိုရေနှင့်ဖျော်၍အရည်သောက်ပေးခြင်းများပြုလုပ်ပေးနိုင်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောဖြစ်နေသူများအတွက်ကတော့ပူနွေး၍ လတ်ဆတ်ပြီးသန့်ရှင်းစွာပြုလုပ်ထားသော အစားအစာများကိုသာစားသုံးသင့်ပါတယ်။ ဝမ်းကိုက်ခြင်းဖြစ်လာပါကကြက်သားပြုတ်ကြော်၊ ထားဝယ်မှိုင်းရွက်၊အဘော်ဖိုရွက်နုနုရှာစောင်းသင်္ကန်းနိုတ် (kiss me Quick) အရွက်၊ ဘောစကိုင်း (အဝေရာ) အရွက်နုတို့ကိုပြုတ်ပြီး ကြက်သွန်ဖြူ၊ နှမ်းလှော်တို့ဖြင့်သုပ်၍စားသုံးနိုင်ပါတယ်။ ဝမ်းကိုက်ရောဂါမဖြစ်ပွားစေရန်မသန့်ရှင်းသော၊မလတ်ဆတ်သော၊ အမှည့်လွန်သော၊ ရေဖြင့်စင်ကြယ်စွာမဆေးထားသော ဟင်းသီးဟင်းရွက်၊ သားငါးများအားစားသောက်ခြင်းမှရှောင်ကြဉ်ပါ။ ယင်လုံအိမ်သာများသုံးစွဲခြင်း၊ အိမ်သာအသုံးပြုပြီးတိုင်းလက်ဆေးခြင်း၊ အစားအစာများမကိုင်တွယ်မီနှင့်စားသောက်ခြင်းမပြုမီ လက်ကိုရေ၊ဆပ်ပြာတို့ဖြင့်စင်ကြယ်စွာ ဆေးခြင်း၊ အစားအစာများယင်မနားစေရန်အဖုံးအုပ်ထားခြင်းများပြုလုပ်ရပါမယ်။

သန်ကောင်၊ တုတ်ကောင်ရှိနေပါကသန်ချဆေးကိုအသက်အရွယ်အလိုက်သောက်သုံးသင့်ပါတယ်။ သန်ရှိပြီးကိုယ်သားကိုယ်ရေပူနေပါက တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၄၇) ခုနစ်ပါးဆေးဝါလေးရွှေးကြီး(၁)ရွှေးခန့်ကို သနပ်ခါးရေကျဲကျဲဖြင့်လိမ်းပေးနိုင်ပါတယ်။ ဒါ့အပြင် နာနတ်သီး(၁၅) ကျပ်သားခန့်တစ်နေ့ (၁) ကြိမ်၊ (၃) ရက်စားပေးခြင်း၊ ပေါက်ပွင့်ကိုသုပ်စားခြင်း၊ ဘောစကိုင်း (အဝေရာ)အရွက်နုကိုသုပ်စားခြင်း၊ တို့စရာအဖြစ်ပြုလုပ်၍ စားသောက်ခြင်းပြုလုပ်ပေးနိုင်ပါတယ်။ သန်ကောင်၊ တုတ်ကောင်ရောဂါများမဖြစ်ပွားစေရန်အတွက်အစားအစာများမကိုင်မတွယ်မီ၊ အစားမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာဆေးပါ။ ဟင်းသီးဟင်းရွက်များကိုရေစင်အောင်ဆေးပြီးမှစားပါ။အသားငါးများကိုကောင်းစွာကျက်အောင်ချက်စားပါ။ ယင်နားသောအဖုံးအုပ်မပါသောအစားများစားသောက်ခြင်းမှရှောင်ကြဉ်ပါ။ နှာစေး၊ချောင်းဆိုးပါကလည်း ချောင်းဆိုးသက်သာစေသည့်ဆေးဖြစ်သော ကွမ်းရွက်၊ ကသော့ရွက်၊ သင်္ဘောရည်ကိုဆားအနည်းငယ်ထည့်၍ လက်ဖက်ရည်ဇွန်း (၁)ဇွန်းစာတစ်နေ့ (၃) ကြိမ်တိုက်ပေးနိုင်ပါတယ်။ နှာပိတ်ပါက နှာပွင့်စေသည့်ဆေးဖြစ်သောရှိန်းခိုကိုအုန်းဆီဖြင့်ဖျော်၍နှာဝနှင့်ငယ်ထိပ်တို့ကိုအုပ်လိမ်းပေးနိုင်ပါတယ်။ ရှူဆေးတစ်မျိုးမျိုးကိုလည်းရှူပေးနိုင်ပါတယ်။ ဒါ့အပြင်ပူဆိမ့်ခါးစပ်အရသာရှိသောအစာအာဟာရများကိုစားသုံးမှီဝဲပေးခြင်းဖြင့် မိမိ၏ကျန်းမာရေးကိုမိမိကိုယ်တိုင်စောင့်ရှောက်နိုင်ပါတယ်။

**မေး**- ဟုတ်ကဲ့ပါဆရာမ။ ဆက်ပြီးရှင်းပြပေးပါဦးခင်ဗျာ။

**ဖြေ**- ဟုတ်ကဲ့ပါ။ ဥတုဘောဇနသင်္ဂဟဆေးကျမ်းအလိုအရမိုးဥတုမှာနွေးအောင်းခြင်း၊ အနှိပ်နင်းခံခြင်း၊ ကရမက်၊ ကတိုး၊ ကုံကုမံ၊ အမွှေးနံ့သာများကိုလိမ်းကျံသင့်ပါတယ်။ ကြေလွယ်တဲ့ပူဆိမ့်ခါးစပ်အစာအာဟာရများကိုစားသောက်သင့်တယ်။ အသားငါးများကို ကလေးငယ်များရဲ့အရွယ်နဲ့လိုက်ပြီးမျှတစွာကျွေးပါ။ အသီးရွက်များများကျွေးပါ။ ဆေးအနေနဲ့ကတော့ ဒီဥတုမှာကြစုသီး၊ သိန္ဓောတို့ကဲ့သို့ဆေးများစားသင့်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကိုဂရုစိုက်ပါ။ ရှောင်ကြဉ်ရန်အနေနဲ့ကတော့မိုးဥတုတွင်ကလေးငယ်များကိုပြောင်းဖူး၊ ကောက်ညှင်း၊ ပေါက်ပေါက်များမကျွေးရပါ။ အစာမကြေစာတွေမစားသင့်ပါဘူး သန်ထစေနိုင်ပါတယ်။

**မေး**- ဟုတ်ကဲ့ပါဆရာမ။ ထပ်ပြီးမှာကြားချင်တာရှိရင်လည်းပြောပြပေးပါဦးခင်ဗျာ။

**ဖြေ**- ဟုတ်ကဲ့ပါ။ မိုးဥတုအတွက်အထူးမှာချင်တာကတော့မိုးဥတုမှာရာသီပေါ် အသီးအနှံများလည်းပေါ် ပေါက်တဲ့အတွက် အမှည့်လွန်သောသစ်သီးများ၊ ယင်နားစာများ၊ ဝမ်းနူးစာများ၊ မသန့်ရှင်းသောအစားအစာများ၊ မလတ်ဆတ်သောအစားအစာများကို ရှောင်ကြဉ်သင့်ပါတယ်။ နွေအကုန် မိုးအကူးမှာဥတုအကူးအပြောင်းဖြစ်တတ်တဲ့ရောဂါများဖြစ်လေ့ရှိတဲ့အတွက်မိုးမိခြင်း၊အလွန်အမင်းအအေးခံခြင်းများ မပြုလုပ်ကြရန်ထပ်ပြီးမှာကြားချင်ပါတယ်။

**မေး**- အခုလိုပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့ဆရာမကိုအထူးကျေးဇူးတင်ပါတယ်။

**ဖြေ**- ဆရာမကလည်းကျေးဇူးတင်ပါတယ်။

ဒေါ်နေနေနိုင်ညွှန့်
ထ/ထညွှန်ကြားရေးမှူး
(ဖွံ့ဖြိုးရေးဌာနခွဲ)
တိုင်းရင်းဆေးပညာဦးစီးဌာန

**ကျမ်းကိုး**

ဥတုဘောဇနသင်္ဂဟကျမ်း၊
တိုင်းရင်းဆေးပညာဖြင့်ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်းလက်စွဲစာအုပ်၊
ဆေးဖက်ဝင်အပင်များပေါင်းချုပ် အတွဲ (၁)။

# ကိုယ်ပျောက်ပြီးလော

ရဲစကတံခွန်

(၁)

နံနက်ခင်း၏ လေပြည်ထဲတွင် ယမ်းခိုးနံ့များရနေသည်။ ဘုန်းတော်ကြီး ဦးကေတုမာလာသည် သစ်သားကျောင်းအိုကြီး၏ဝရန်တာ သစ်သားလက်ရမ်းကို လက်နှစ်ဖက်ဖြင့်ထောက်ရင်း ဘုံသာရွာမကြီးဆီသို့ လှမ်းမျှော်ကြည့်နေမိသည်။ နှင်းမှုန်များအောက်တွင် ဘုံသာရွာမကြီး ပတ်ပတ်လည်ရှိ သစ်ပင်ချုံနွယ်များကို မှိုင်းပျပျ မြင်နေရသည်။

စောစောက ဘုံသာရွာမကြီးဆီမှ သေနတ်ပစ်သံလေးငါးချောက်ချက်ကြားလိုက်ရသည်။ အခုတစ်လော ဘုန်းတော်ကြီးဦးကေတုမာလာတို့ရွာဘက်ဆီ၌ အစိုးရတပ်တွေရော အလံဖြူ၊ အလံနီ၊ ကွန်မြူနစ်တပ်တွေရော ခြေရှုပ်နေကြသည်။ ပစ်လိုက်ကြသည့်သေနတ်သံတွေ၊ သေလိုက်ကြသည့် လူတွေ။ ယခုလိုကာလကြီးမှာ လူတွေမှာတကယ့်ကို နေမြင်ညပျောက်ဖြစ်သည်။ အစိုးရတပ်နှင့်ကွန်မြူနစ်တွေတိုက်ပွဲဖြစ်လို့ သေသည့်သူတွေ၊ တရားဥပဒေလျော့နည်းနေသည့်ကာလမို့ ရန်ငြိုးရှိသူတွေအချင်းချင်း ခုတ်ကြထစ်ကြလို့ သေသည့်သူတွေ၊ ရပ်ထဲရွာထဲကချမ်းသာသည့်အိမ်တွေ ဓားပြတိုက်ခံရပြီးအသတ်ပါခံရလို့သေသည့်သူတွေ။ ဤသို့ဖြင့် သေလိုက်ကြတာမှ မနည်းမနော။ ကျောင်းမှာက ဦးပဥ္စင်း၊ ကိုရင်လည်းမရှိ ကျောင်းသားလေး မောင်ချစ်ငွေတစ်ယောက်သာရှိသည်မို့ ဘုန်းတော်ကြီး ဦးကေတုမာလာနှင့် မောင်ကျောင်းသားတို့မှာကြွလိုက်ရသည့်သရဏဂုံတင်အသုဘရှု။ တစ်ခါတလေတစ်ရက်တည်းနှင့် နာရေးက လေးငါးခု။

ထိုအချိန်တွင် ဘုံသာရွာမကြီးဆီကနေ သူ့ကျောင်းရှိရာသို့ ခပ်သုတ်သုတ်လာနေသူတစ်ယောက်ကိုဘုန်းတော်ကြီး ဦးကေတုမာလာ လှမ်းမြင်လိုက်ရသည်။

"ချစ်ငွေ လာစမ်း၊ ဟိုမှာလာနေ



တာ ဘယ်သူလဲ"

ကျောင်းကြီးပေါ်တွင်တံမြက်စည်းလှည်းနေသည့်မောင်ချစ်ငွေက တံမြက်စည်းကို ကျောင်းတိုင်မှာ မှီထောင်လိုက်ရင်း ဘုန်းတော်ကြီးရှိရာသို့ ခပ်သုတ်သုတ် လှမ်းလာ၏။ မောင်ချစ်ငွေသည် ဝရန်တာ သစ်သားလက်ရမ်းကို ကျော်လွန်အောင် ခြေဖျားထောက်၍ ဘုန်းတော်ကြီးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

"ဦးဖေတင်ကြီးပါဘုရား"

"ဟုတ်လား"

ဦးဖေတင်သည် အရင်ကကျောင်းကိုညလာအိပ်လေ့ရှိသည့်ညအိပ်ကျောင်းသားကပ္ပိယဒကာကြီးဖြစ်သည်။ နောက်ပိုင်းတွင် ယခုလို ခေတ်ပျက်ကာလကြီးမှာသူ့အိမ်ကို ညရေးညတာစိတ်မချဟုဆိုကာ ကျောင်းကိုလာမအိပ်တော့ဘဲ သူ့အိမ်မှာပဲ ပြန်အိပ်သည်။ အခု ဘာကိစ္စများရှိလို့ကျောင်းကိုရေးကြီးသုတ်ပြာနှင့်လာရတာလဲဟု ဘုန်းတော်ကြီးဦးကေတုမာလာ တွေးနေမိသည်။

ဦးဖေတင်သည် ကျောင်းပေါ်ရောက်ရောက်ချင်း ဘုရားကိုပင်ဝတ်မပြုနိုင်တော့ဘဲ ဘုန်းတော်ကြီးဦးကေတုမာလာကို ချက်ချင်းဝတ်ပြုလိုက်သည်။

"ဘုန်းကြီးမြန်မြန်ကြွမှဖြစ်တော့မယ်၊ မြန်မြန်ကြွမှဖြစ်တော့မယ်"

အရင်းမရှိအဖျားမရှိ ပြောချလိုက်သော ဦးဖေတင်၏စကားကို ဦးကေတုမာလာ နားမလည်။ ဘယ်ကိုမြန်မြန်ကြွခိုင်းနေတာလဲ ဟုသာတွေးမိလိုက်သည်။

"ဖြည်းဖြည်းလျှောက်ပါ ဒကာဖေတင်ရဲ့၊ ဘာဖြစ်လာတာတုံး"

ထိုသို့ သတိပေးလိုက်တော့မှ ဦးဖေတင်သည် အသက်ကို ဝဝရှူရင်း ပြန်လျှောက်သည်။

"ဘုံသာရွာမကြီးထဲကို ကွန်မြူနစ်တွေ ရောက်နေပြီဘုရား။ စောစောက သေနတ်သံတွေက သူတို့ဖောက်တာဘုရား။ အခု ကွန်မြူနစ်တွေအရှင်ဘုရားကျောင်းကို လာနေပြီ၊ အရှင်ဘုရားကို ပစ်ကြတော့မယ်"

"ဧာ်-ကျုပ်ကိုပစ်ရအောင် ကျုပ်က ဘာများလုပ်နေလို့လဲ"

"မနေ့က ပြင်စည်ရွာက ဘုန်းကြီးကိုလည်း အစိုးရသတင်းပေးဆိုပြီး ကွန်မြူနစ်တွေက ပစ်သတ်လိုက်ကြတယ်ဘုရား။ သတ်တာမှရိုးရိုးသတ်တာမဟုတ်ဘူး။ တစ်ကိုယ်လုံး မြေကြီးထဲကိုမြှုပ်၊ ခေါင်းကလေးပဲဖော်ပြီး ပစ်သတ်ကြတာဘုရား"

ဦးဖေတင်စကားကြောင့်ဦးကေတုမာလာ ကျောထဲကစိမ့်သွားသည်။

"နေပါဦး၊ ကျုပ်က အစိုးရသတင်းပေးမှမဟုတ်တာဘဲ"

"ဟုတ်ဟုတ် မဟုတ်ဟုတ်၊ကွန်မြူနစ်တွေက သူတို့ထင်ရင် ဘာမှမေးတာမြန်းတာမဟုတ်ဘူး။ အရှင်ဘုရားလွတ်ရာ ကျွတ်ရာကိုသာ မြန်မြန်ကြွပါတော့။ နောင် အေးအေးဆေးဆေးဖြစ်မှ ပြန်ကြွလာခဲ့ပါ။ ကျောင်းကိုတပည့်တော်စောင့်ရှောက်ထားလိုက်ပါ့မယ်"

ဘုန်းတော်ကြီး ဦးကေတုမာလာသည် ချက်ချင်းပင်ဘုရားကိုဝတ်ပြုလိုက်သည်။ ဘုရားဝတ်ပြုရင်း ထီးလှိုင်ဘက်ကို ကြွမှပဲဟုလည်း တွေးမိသည်။ ထီးလှိုင်ဘက်မှာက ဦးကေတုမာလာနှင့် ပညာသင်ဖက်သူငယ်ချင်းဘုန်းတော်ကြီးတစ်ပါးရှိသည်။

"ဟေ့ - မောင်ချစ်ငွေ၊ ဘုန်းကြီး ဝေယျာဝစ္စပြုရအောင် မင်းလည်း ဘုန်းကြီးနဲ့လိုက်သွား"

ဦးဖေတင်က မောင်ချစ်ငွေကိုပါ ဦးကေတုမာလာနှင့် လိုက်သွားရန်ပြောသည်။

ဘုန်းတော်ကြီး ဦးကေတုမာလာနှင့် ကျောင်းသားမောင်ချစ်ငွေတို့သည် အဝတ်တစ်ထည် ကိုယ်တစ်ခုစီဖြင့် ကျောင်းပေါ်ကနေ တဒိုင်းဒိုင်းပြေးဆင်းလာကြပြီး ကျောင်းတောင်ဘက် လယ်ကွင်းများဘက်ဆီသို့ ပြေးကြသည်။

ထိုအချိန်တွင် ကျောက်မြောင်းဘက်ဆီမှ ခွေးဟောင်သံများနှင့်အတူ သေနတ်သံများကိုပါဆက်တိုက်ကြားလိုက်ရသည်။

(၂)

ဦးကေတုမာလာ နောက်သို့လှည့်ကြည့်လိုက်တော့ လက်နက်ကိုင်လူတစ်စု ကျောင်းဝန်းထဲသို့ ဝင်လာကြသည်ကို မြင်လိုက်ရသည်။ မိမိတို့ပြေးသည်ကို မြင်လျှင် မိမိတို့နောက်သို့ လိုက်တော့မည်။ လိုက်လျှင် တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်ကြီးထဲ၌ လွတ်ဖို့ရာလမ်းမမြင်။ ထိုသို့ ဦးကေတုမာလာတွေးလိုက်မိပြီး လယ်ကန်သင်းရိုးပေါ်၌ ထီးထီးကြီးရှိနေသည့်မန်ကျည်းပင်ကြီးရှိရာသို့မောင်ချစ်ငွေကို လက်ဆွဲခေါ်ပြီးပြေးသွားလိုက်သည်။

"ပြေးပြီ လိုက်ဟ၊ လိုက်ဟ"

နောက်က အသံတွေကြားလိုက်ရသည်။

မန်ကျည်းပင်ကြီးမှာ ယောကျ်ားကြီးနှစ်ယောက်ဖက်စာလောက် ကြီးမားတုတ်ခိုင်သည့်နှစ်ချီ့သစ်ပင်ကြီးဖြစ်သည်။ မန်ကျည်းပင်ကြီးအောက်တွင် နတ်ကွန်းတစ်ခုရှိပြီး လယ်သမားတွေ နှစ်စဉ်လယ်ရိတ်သိမ်းချိန်ပြီးတိုင်း မုန့်ဖြူ မုန့်နီများလုပ်၍ပူဇော်ပသကြသည့် နတ်ကွန်းတစ်ခုဖြစ်သည်။

ဦးကေတုမာလာသည် ကျောင်းသားလေးမောင်ချစ်ငွေကို မန်ကျည်းပင်ပေါ်သို့တွန်းတင်လိုက်ပြီး သူပါမန်ကျည်းပင်ပေါ်သို့ တက်လိုက်သည်။ မန်ကျည်းပင်ပေါ်ရှိ ခွဆုံကြီးပေါ်သို့ ဆရာတပည့်နှစ်ယောက် တက်ထိုင်လိုက်သည်။ ထိုအချိန်တွင် လယ်ကွင်းထဲရှိရိုးပြတ်များအတိုင်း သေနတ်များကိုင်၍ပြေးလာကြသော လူများကိုမြင်လိုက်ရသည်။

မောင်ချစ်ငွေမှာ ကြောက်လွန်း၍ ဒူးတဆက်ဆက်တုန်နေသည်။ ဘုန်းတော်ကြီးဦးကေတုမာလာသည် မောင်ချစ်ငွေကိုပခုံးမှသိုင်းဖက်လိုက်သည်။ ထို့နောက် ဤမန်ကျည်းပင်စောင့် ရုက္ခစိုးနတ်မင်းကြီးအား စိတ်ထဲမှနေ၍ တိုင်တည်လိုက်သည်။

"ဒကာတော် ရုက္ခစိုးနတ်မင်းရေ ဘုန်းကြီးတို့တော့ အန္တရာယ်နဲ့ကြုံနေရပြီ။ဘုန်းကြီးတို့ကိုကာကွယ်စောင့်ရှောက်ပေးပါဦး"

ထိုအခိုက် မီးခိုးရောင်ပါးပါး ဇာခြုံလွှာတစ်ခုသည်အပေါ်မှကျလာပြီးဘုန်းတော်ကြီး ဦးကေတုမာလာနှင့်မောင်ချစ်ငွေတို့အပေါ်သို့ လွှမ်းခြုံလိုက်လေ၏။ ခဏအကြာတွင် သေနတ်ကိုင်လူစုသည် မန်ကျည်းပင်အောက်သို့ ရောက်လာကြပြီး သေနတ်များကို မန်ကျည်းပင်ပေါ်သို့ ထိုးချိန်ထားလိုက်ကြသည်။

"ဟင်- ဘယ်ရောက်သွားတာလဲ"

"ဒီအပင်ပေါ် တက်သွားတာမြင်လိုက်ပါတယ်"

"ဘယ်လိုဖြစ်တာလဲ"

ထိုလူစုထံမှ တစ်ယောက်တစ်ပေါက် ပြောဆိုနေသည့် အသံများကို ဘုန်းတော်ကြီး ဦးကေတုမာလာနှင့် မောင်ချစ်ငွေတို့ အတိုင်းသားကြားနေရသည်။ သူတို့ကို မြင်လည်း မြင်လည်းနေရသည်။ သူတို့ကတော့ဦးကေတုမာလာနှင့်မောင်ချစ်ငွေကို မြင်ဟန်မတူ။ ထိုလူစုထဲက လူတစ်ယောက်ကို ဦးကေတုမာလာ ကောင်းကောင်းသိသည်။ ဘုန်းကြီးလူထွက် တစ်ယောက်ဖြစ်သည်။ သူ

ဘုန်းကြီးဘဝမှာတုန်းက ဒကာမတစ်ယောက်နှင့်ငြိစွန်းနေသည်ကို ဦးကေတုမာလာတို့ ရပ်ကျေးသံဃာ့နာယကအဖွဲ့က ပါရာဇိကအာပတ်ဖြင့် စွပ်စွဲပြီး ခုံရုံးဖွဲ့၍ စစ်ဆေးဖူးသည်။ နောက်တော့ လူထွက်သွားသည်။ အဲဒီ မကျေနပ်ချက်ကြောင့် ငါ့ကို အစိုးရသတင်းပေးဆိုပြီး လုပ်ကြံလီဆယ်ပြီး သတ်ဖို့လာတာနေမှာဟု ဦးကေတုမာလာ တွေးမိသည်။

ထိုလက်နက်ကိုင်လူစုသည် မန်ကျည်းပင်ပေါ် မော့ကြည့်လိုက်၊မန်ကျည်းပင်ပတ်ချာလည်ကိုလှည့်ပတ်ကြည့်လိုက်ဖြင့် ဦးကေတုမာလာတို့ဆရာတပည့်ကို ရှာဖွေနေကြသည်။ နောက်တော့ ခေါင်းတွေကုတ်ပြီး လှည့်ပြန်သွားကြသည်။

တော်တော်ကြာတော့မှဦးကေတုမာလာတို့ ဆရာတပည့်ပေါ် လွှမ်းခြုံထားသည့် မီးခိုးရောင်ပါးပါး ဇာခြုံလွှာသည် အထက်သို့ မြောက်တက်သွားပြီး လေထဲတွင် ပျောက်ကွယ်သွားသည်။ ဦးကေတုမာလာသည် စိတ်ထဲမှာ ကျေးဇူးပါပဲ ရုက္ခစိုးနတ်မင်းကြီးရယ်ဟု ပြောမိသည်။

ဘုန်းတော်ကြီး ဦးကေတုမာလာနှင့် ကျောင်းသားမောင်ချစ်ငွေတို့သည် မန်ကျည်းပင်ပေါ်မှ ခပ်သုတ်သုတ်ဆင်းလိုက်ပြီး လယ်ကွင်းများအတိုင်း တောင်ဘက်အရပ်သို့ဦးတည်ပြီး သွားလိုက်ကြသည်။ ဟိုး. . . တောင်ဘက်အရပ်မှာ ထီးလှိုင်မြို့ ရှိသည်။

(၃)

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်ပေါင်းနှစ်ဆယ်ကြာမှ ကျောင်းသားမောင်ချစ်ငွေသည် ရွာသို့ပြန်ရောက်လာခဲ့တော့သည်။ ဤတောအတွင်း သူ့ရောဘုန်းတော်ကြီး ဦးကေတုမာလာရော ကြောက်လွန်း၍ ရွာသို့ တစ်ခေါက်မှပြန်မရောက်ဖြစ်တော့။ ဘုန်းတော်ကြီး ဦးကေတုမာလာသည် ထီးလှိုင်ဘက်ရှိ ကျောင်းတစ်ကျောင်းတွင် ကျောင်းထိုင်အဖြစ် သီတင်းသုံးနေခဲ့ပြီး ယခုအခါမှာတော့ ပျံလွန်တော်မူသွားပြီ ဖြစ်သည်။ မောင်ချစ်ငွေသည်ပင်လျှင် အိမ်ထောင်ကျ၍ သားသမီးများပင်ရနေပြီဖြစ်သည်။

သူတို့ဆရာတပည့် ကြုံခဲ့ရသည့် အထက်ပါထူးဆန်းသည့်အဖြစ်အပျက်ကိုတော့ ဦးချစ်ငွေသည်ရွာသို့ပြန်ရောက်ပြီးမှ ပြန်ပြောင်းပြောပြ၍ သိရခြင်းဖြစ်ပါသည်။

ခဲစက်တံခွန်

# မှတ်စုထဲမှ မြန်မာ့ဆေးနည်းများ

ကိုလေးဆင့်(လက်ပံတန်း)



စာရေးသူ၏ဖခင်ကြီးသည် တိုင်းရင်းဆေးဆရာကြီးတစ်ဦးဖြစ်ပါသည်။ တိုင်းရင်းဆေးပညာဖြင့် နှစ်ပေါင်း (၄၀) ကျော်ခန့် ၁၉၅၀ မှ ၁၉၉၄ ခုနှစ်ထိ မေတ္တာတရားဖြင့် လူနာများကိုကုသကယ်ဆယ်ပေးခဲ့ပါသည်။ မည်သည့်အခါမှ ဆေးကုသခတောင်းခံခြင်းမပြုခဲ့သူဖြစ်ပါသည်။ လူနာရှင်များကန်တော့သမျှကိုသာ ဆေးဝါးဖော်စပ်ရန်အတွက် လက်ခံယူခဲ့ပါသည်။ ဆေးဖိုးဝါးခမတတ်နိုင်ကြသူများကိုလည်း မေတ္တာမပျက် ရောဂါပျောက်ကင်းသည်အထိကုသပေးခဲ့သည်သာဖြစ်ပါသည်။ လက်ပံတန်းမြို့နယ်အတွင်း ဆရာဦးထွန်းကြိုင်ဆိုလျှင် အသပြာဆရာမဟုတ်ကြောင်း၊ ဆေးကုသမှုခံယူခဲ့သူတိုင်း သိရှိကြပါသည်။ ဖခင်ကြီးသည် လူနာတစ်ဦးသောက်သုံးရန်ဆေးပေးနေစဉ် ရုတ်တရက်လဲကျကွယ်လွန်သွားခဲ့ပါသည်။ ကွယ်လွန်ချိန်အထိ သူတစ်ပါး၏အသက်ရှည်ကျန်းမာရေးကို အထူးအလေးအနက် စေတနာထားကြောင်းဖြစ်စဉ်အရသိရှိနိုင်ပါသည်။ လူနာများကုန်ကျစရိတ်သက်သက်သာသာဖြင့် ရောဂါပျောက်ကင်းကျန်းမာကြစေရန် စေတနာထားပြီး မြန်မာ့တိုင်းရင်းဆေးမြီးတိုများဖော်စပ်အသုံးပြုကုသပေးခဲ့သူလည်းဖြစ်ပါသည်။

ဆေးပညာများကို အမွေဆက်ခံသင်ယူခဲ့ခြင်းမပြုနိုင်ခဲ့သူကျွန်တော်သည် ဆေးပညာအမွေတစ်စုံတစ်ရာမရရှိခဲ့ပါ။ သို့သော် ဖခင်ကြီး၏ဆေးဝါးမှတ်စုအချို့ကိုရှာဖွေတွေ့ရှိခဲ့သဖြင့် ဆေးရုံဆေးခန်းနှင့်အလှမ်းဝေးပြီး သွားလာဆက်သွယ်ရန်ခက်ခဲသောအရပ်ဒေသတွင် နေထိုင်ရသူများ အထောက်အပံ့ဖြစ်စေခြင်းငှာ ဆေးမြီးတိုနည်းကလေးများ ကူးယူတင်ပြအပ်ပါသည်။ နားလည်တတ်ကျွမ်းသူဆရာသမားများ၏လမ်းညွှန်အကြံပြုချက်များခံယူညှိနှိုင်း၍လည်း သုံးဆောင်နိုင်ပါသည်။ အစွမ်းထက်မြက်သည့်မြန်မာ့ဆေးမြီးတိုများ အဓွန့်ရှည်အောင်မြင်ပါစေဟုဆုတောင်းအပ်ပါသည်။ ဖခင်ကြီးကွယ်လွန်ချိန်တွင် အသက်(၈၁)နှစ်ရှိပြီဖြစ်ပါသည်။

၁။ ဆီးချိုဖြစ်လျှင် နံ့သာနီကို ဆန်ဆေးရည်နှင့်ဟင်းစားဇွန်းခန့် ရအောင်သွေးယူပါ။ ပြီးလျှင် ဆန်ဆေးရည်မတ်ခွက်တစ်လုံးစာခန့်ရောပြီး သောက်ပါ။

၂။ ဆီးမပေါက်နိုင်သောအမျိုးသမီးအား ကတက်ပင်အခေါက်ကိုဆန်ဆေးရည်နှင့်သွေးပြီးဆီးခုံပေါ် လူးပေးပါ။

၃။ ဆီးချုပ်၊ ဆီးကိုက်ဖြစ်ပြီး၊ ဆီးမပေါက်နိုင်လျှင်ကြက်ဟင်းခါးသီး (ဂျင့်ခါးသီး)အစေ့ကြိတ်ပြီး ဆီးခုံပေါ် အုံပေးပါ။

၄။ ဆီးပူ၊ ဆီးချုပ်၊ ဆီးသွားခက်လျှင်ဆန်ဆေးရည်သန့်(ဒုတိယဆန်ဆေးရေ) လက်ဖက်ရည်ပန်းကန်တစ်လုံးစာယူ၍ သကြားလက်ဖက်ရည်တစ်ဇွန်းထည့်ပြီးဖျော်သောက်ပါ။

၅။ မကြာခဏကြွက်တက်သော် ငြုပ်ကြီးအစေ့နှင့်ရှိန်းခိုရော်ပြီးလူးပေးပါ။

၆။ လေးဖက်နာဖြစ်သော် အလိုကျမြစ်သွေးပြီးလူးပါ။

၇။ သွေးပေါင်ကျလျှင်ပဲပင်ပေါက်ကြော်စားပါ။

၈။ ကလေးများတက်လျှင် ဗုဒ္ဓသရဏံရိုးနီဥသွေးပြီး ရင်မှာလူး၍သပ်ချပေးပါ။

ကိုလေးဆင့်(လက်ပံတန်း)



မျှသိမ်းစောင့်မြည်ပြီး

# ခွေးမကြီး၏

တို့မြန်မေတ္တာ

ကျွန်တော်တို့အိမ်တွင် ခွေးတွေကြောင်တွေရှိသည်။ အဖေနှင့်အမေကလည်း ခွေးတွေကြောင်တွေကိုချစ်သည်၊ ကျွန်တော်ကလည်း ခွေးတွေကြောင်တွေကိုချစ်သည်။ အိမ်ပေါ်တွင် ကြောင်မကြီးမိရွှေဝါက ကြောင်ကလေးငါးကောင်ပေါက်ထားသည်။ ဖြူနီညိုပြာရောင်စုံအလွန်ချစ်စရာကောင်းကြသည်။ အိမ်အောက်တွင် ခွေးမကြီးမဲတူရှိသည်။ တစ်ကိုယ်လုံးအနက်ရောင်လွှမ်းနေသဖြင့် မဲတူဟုခေါ်ကြသည်။ သူမှာလည်းသားတွေပေါက်ထားသည်။ ခွေးမကြီးမဲတူသည် သူ့သားတွေကိုအလွန်ချစ်သည်၊ သားတွေနို့တိုက်ပြီး အပြင်ကိုခဏထွက်သွားပြီး မကြာမီပြန်လာသည်။ သားတွေကိုလျှာနှင့်လျက်ပေးသည်။ သန့်တွေကိုက်ပေးနေသည်။ ကျွန်တော်က ခွေးကလေးတွေကိုချစ်သည်၊ ခွေးကလေးတွေမှာဝဝတုတ်တုတ်လေးတွေဖြစ်သည်။ ကျွန်တော်ကပွတ်သပ်ပေး၊ သန်းရှာပေးပြီးတယုတယပြုစုပေးနေသည်။ ခွေးမကြီးမဲတူက သားတွေနို့တိုက်ရင်းမှိန်းပြီး အိပ်နေသည်။ ခွေးကလေးတွေက နို့ဝတော့မအေအနားတွင်တစ်ကောင်နှင့်တစ်ကောင်တိုးဝှေ့ပြီး အိပ်နေကြတော့သည်။

ကျွန်တော်က ခွေးကလေးတွေအိပ်နေတော့မှ အိမ်ပေါ်ပြန်တက်ခဲ့သည်။အိမ်ပေါ်မှာမိရွှေဝါ၏သားကြောင်ကလေးတွေကိုကိုင်တွယ်ပွတ်သပ်ပြီးသန်းရှာပေးနေမိသည်။ ခွေးနှင့်ကြောင်တွေမှာအိမ်တိုင်းလိုလိုမွေးကြသည်။ မွေးဖွားစအကောင်ပေါက်လေးတွေဘဝတွင်အလွန်ချစ်စရာကောင်းကြသည်မို့ လူအတော်များများကခွေး၊ ကြောင်တို့ကိုချစ်ကြင်နာကြသည်။

ကြောင်နှင့်ခွေးတို့မှာ လူတွေ၏မိတ်ဆွေဖြစ်ကြသည်။ သို့သော် ကြောင်နှင့်ခွေးစရိုက်ခြင်းမတူကြချေ။ ကြောင်ကလူ၏ကရိကထကိုမခံ၊ အိမ်တစ်အိမ်တွင်ကျန်းမာရေးမကောင်းလျှင်သော်လည်းကောင်း၊ စီးပွားရေးချို့တဲ့၍ အစားအစာ မကျွေးမွေးနိုင်လျှင်သော်လည်းကောင်းကြောင်သည် ဒုက္ခမခံကြာကြာမနေတော့ဘဲ အိမ်ကိုစွန့်သွားလေတော့သည်။ ခွေးဟာမူထိုသို့မဟုတ်လူ၏အနှံ့တာကိုခံသည် ဒုက္ခကိုလူနှင့်အတူခါးစည်းခံသည်။ အစာမကျွေးနိုင်၍ငတ်နေပါစေ ခွေးဟာဘယ်မှမသွားသခင်ကိုဖက်တွယ်နေသည်။ သခင်အပေါ်မှာသစ္စာရှိသည်။

ကျွန်တော့်မှာခွေးတို့ကြောင်တို့နှင့်သာအချိန်ကုန်နေသည်။ ကြောင်နှင့်ထွေးလုံးရစ်ပတ်မြူဆွယ်ကစားလိုက်၊ ခွေးကလေးတွေဆီ ပြေးသွား၊ ခွေးကလေးတွေနှင့်မြူဆွယ်ကစားလိုက်နှင့်အ

ချိန်ကုန်တော့သည်။သို့သော်ညအိပ်လျှင်ကြောင်ကအိမ်ပေါ်မှာရှိနေ၍ ကြောင်အတွက်မစိုးရိမ်ရပေ။ ခွေးအတွက်မူ စိုးရိမ်ရသည်။ ညဘက်ရောက်လျှင် ခွေးအ(ခဲဝါ)တွေကရောက်လာကြသည်။ ဝါဝါနှင့်တဝါဝါအော်ပြီး ခွေးတွေရှိရာရောက်လာကြသည်။ ခွေးမကြီးမှာ ခဲဝါတွေကိုထွက်ကိုက်သော်လည်း ခဲဝါတွေကအုပ်နှင့်လာသည်မို့ ခွေးမကြီးထွက်ကိုက်နေတုန်းကျန်သည့်ကောင်တွေကတစ်ဖက်တစ်လှည့်လာကာ ခွေးကလေးတွေကိုဝင်ဆွဲတော့သည်။ အမေနှင့်ကျွန်တော်ကမီးတုတ်ဆွဲကာထလိုက်ရတော့သည်။

ထို့ကြောင့် ညညဆိုလျှင်ခဲဝါသံနားထောင်ပြီး ခွေးတွေကိုသတိထားနေရသည်။ စပါးထည့်သည့်ပုတ်အဝိုင်းကြီးရှိသည်။ ထိုပုတ်အဝိုင်းကြီးထဲခွေးကလေးတွေရော ခွေးမကြီးပါထည့်ပြီးသိပ်သည့်အခါသိပ်ရသည်။ စပါးပုတ်ထဲမှာဆိုတော့စိတ်ချရသည်။ ညခဲဝါထလိုက်စရာမလိုတော့ပေ။

တစ်နေ့တွင် ကျွန်တော်အပြင်မှပြန်လာတော့ ခွေးမကြီးပျာလောင်ခတ်နေသည်ကိုမြင်ရသည်။ ခွေးမကြီးမှာအပြင်ထွက်သွားလိုက် သူ့သားတွေဆီပြန်လာလိုက်၊ရေမြောင်းပေါက်ထဲခေါင်းဝင်ကာ တအင်အင်နှင့်လုပ်နေသည်။ ကျွန်တော်ပြန်လာသည်ကိုမြင်တော့ ရေမြောင်းထဲမှခေါင်းကိုထုတ်ကာ ကျွန်တော့်ခြေထောက်ကိုလာ၍ သူ့လက်နှစ်ချောင်းနှင့်ထိကာ မြောင်းပေါက်ထဲသို့ပြန်သွားလေသည်။ ကျွန်တော့်ကိုလာခေါ်သည့်သဘောဖြစ်သည်။ ကျွန်တော်ရေမြောင်းပေါက်ဘက်သို့ လိုက်သွားလိုက်သည်။ ခွေးမမဲတူသည်ရေမြောင်းထဲခေါင်းသွင်းကာ တအင်အင်နှင့်လုပ်နေပြန်သည်။ ကျွန်တော်ခွေးမကြီးကိုဆွဲဖယ်ပြီး မြောင်းထဲငုံ့ကြည့်လိုက်သည်။ ခွေးကလေး နှစ်ကောင်ကရေမြောင်းထဲကျနေသည်ကိုတွေ့လိုက်ရသည်။ ကျွန်တော့်အိမ်ရှေ့တွင်ရေစီးမြောင်းရှိသည်။ ရေစီးမြောင်းကိုပျဉ်ချပ်တွေနှင့်ပိတ်ထားသည်။ အပေါက်သေးသေးကလေးတစ်ပေါက်ရှိသည်။ ထိုအပေါက်သေးသေးလေးထဲသို့ ခွေးကလေးတွေကျသွားသည်။ ခွေးမကြီးမဲတူမှာ သူဆင်း၍မရသဖြင့်လက်နှင့်လုပ်လိုက်ခေါင်းဝင်လိုက်နှင့်အပူမီးဝင်ကာ ဗျာများနေတော့သည်။

ကျွန်တော်ပျဉ်ချပ်တွေဆွဲဖယ်ပြီး ခွေးကလေးနှစ်ကောင်ကိုဆွဲယူလိုက်သည်။ ခွေးကလေးတွေမှာရေစိုပြီးချမ်းတုန်နေတော့သည်။ ခွေးကလေးနှစ်ကောင်ကိုယူပြီးသူတို့အိပ်ရာသို့ပို့ပေးလိုက်စဉ်ခွေးမကြီးမှာကျေးဇူးတင်သည့်အနေဖြင့် ကျွန်တော့်ကိုမော့ကြည့်လိုက် သူ့သားတွေ၏စိုနေသောရေတွေကို လျှာနှင့်လျက်ပေးလိုက်နှင့်အနွေးဓာတ်ရအောင် လုပ်နေတော့သည်။ ကျွန်တော့်ကိုလည်း ခဏခဏမော့ကြည့်နေ၍ကျေးဇူးတင်ပါတယ်ဆိုသောစကားမျိုး ပြောလိုပုံရသည်။ စကားမပြောတတ်သဖြင့်သာ မျက်လုံးဖြင့်ကြည့်ကာအမူရာလုပ်နေခြင်းသာဖြစ်သည်။

ခွေးနှင့်ကြောင်တို့မှာသုံးလေးလအတွင်းတော်တော်ကြီးသွားကြသည်။ ရာသီဥတုကလည်း ပြောင်းလဲလာပြီးနွေရာသီကူးပြီ မိုးသို့လှည့်လာခဲ့ပြီမို့မိုးရေတဖွဲဖွဲနှင့်ဖြစ်နေလေပြီ။ ခွေးတွေလည်း နေရာပြောင်းသွားပြီဖြစ်သည်။ နွားတင်းကုပ်ထဲမှာ နွားစင်အောက်မြေမို့မို့တွင် ကောက်ရိုးတွေခင်းပြီး ဂိုက်ကျနေကြလေပြီ။ ကြောင်ကလေးတွေမှာ လိုချင်သည့်လူတွေလာယူကြသဖြင့် မိရွှေဝါနှင့်သားအမိ(၃)ကောင်သာရှိတော့သည်။ မိုးတွေတအားရွာသည့်နေ့တွင် ရေတွေကလည်း တဝေါဝေါနှင့်အမှိုက်ဆွေးတွေနှင့်အပျက်အစီးပါ မျောလာကြသည်။ ရေမြောင်းတွေလည်း ရေလျှံပြီး တုံးတိုတုံးစအားလုံးမျောပါကုန်ကြသည်၊ မိုးစဲသွားသည်။ တစ်နေ့တွင် ခွေးမကြီးသည် အိတ်ပျက်တစ်လုံးကိုကိုက်ပြီးဆွဲလာသည်။

ကျွန်တော်ရှိသည့်ဘက်သို့သယ်လာသည့်အိတ်မှာဝါကြင့်ကြင့်အသွင်ရှိသည်။ သို့သော် အလွန်ဟောင်းနွမ်း၍အိတ်၏မူလရုပ်ပင်မပေါ်တော့ပါ။ ခွေးဆွဲလာသည့်အိတ် ကျွန်တော့်ရှေ့မှာချထားခဲ့သည်။ သူကမော့ကြည့်ပြီးပြန်လှည့်သွားသည်။ ကျွန်တော်အိတ်ကိုဆွဲယူ၍ အထဲမှပစ္စည်းတွေမှောက်သွန်ချလိုက်သည်။ အိတ်ထဲမှအထုပ်တွေထွက်ကျလာသည်။ဖြည်ကြည့်လိုက်တော့ဂျပန်ခေတ်ကသုံးခဲ့သည့်ဂျပန်ငွေစက္ကူတွေ၊ အင်္ဂလိပ်ငွေစက္ကူတွေ၊ငွေဒင်္ဂါး(ငွေသား) (၃၀) လောက်ထွက်ကျလာသည်။ အိတ်ခွံမှာလေထီးစဟုအမေကပြောသည်။ ကျွန်တော်မမွေးခင်က ကျွန်တော်တို့နေရာသည် လူနေကျဲပြီးတောချုံတွေဟုဆိုသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးဂျပန်အင်္ဂလိပ်တို့နေခဲ့ကြသည်ဟုဆိုသည်။ လေထီးစမှာအလွန်ခိုင်ခံ့သည်ဟုဆိုသည်။ လေယာဉ်ပေါ်မှခုန်ချသူလေထီးစဟုဆိုသည်။ထိုစဉ်ကဂျပန်အင်္ဂလိပ်တို့သုံးခဲ့သည့်ပစ္စည်းတွေဖြစ်သည်။လူနေကျဲသဖြင့်ခြုံတွေ၊ သစ်ပင်တွေနှင့်တောဖြစ်နေပေလိမ့်မည်။ ဂျပန်အင်္ဂလိပ်ပြေးကြတော့ ပစ္စည်းလက်ကျန်ကလေးတွေကိုထုပ်ပိုးပြီး မြေမြှုပ်ထားခဲ့ပုံရသည်။

နှစ်ကာလကြာလာတော့လူတွေအခြေချလာကြသည်။ တောတွေလျော့ကုန်ကြသည်။ အိမ်တွေတိုးလာကြသည်။ ယခုတော့ရွာမှာအိမ်ခြေတစ်ထောင်လောက်ရှိနေပြီ။ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းတွေနှင့်ရွာမြို့ကြီးဖြစ်နေခဲ့ပြီ။ ကျွန်တော်အမေ့လက်ထဲပစ္စည်းတွေအပ်လိုက်သည်။ လေထီးစမှာခိုင်သေးသော်လည်းအရောင်အဆင်းမရှိသုံးမရတော့ ဂျပန်စက္ကူ၊ အင်္ဂလိပ်စက္ကူတွေသူလာရာမြောင်းထဲပြန်သွားပေတော့။ ငွေသားဒင်္ဂါး (၃၀) ကတော့ကျွန်တော်တို့မိသားစုအတွက်ငွေကြေးအထောက်အပံ့ရလိုက်ပါသည်။ မိုးတွေကတအားရွာ၊ အမှိုက်တို အမှိုက်စတွေမျောလာချိန်တွင်မြေကြီးထဲအောင်းနေခဲ့တာကြာသော ဂျပန်ပစ္စည်းတွေလည်း မြေပေါ်ပေါ်လာကြသည်။ ခွေးမကြီးဟာ ထိုအိတ်စကြီးကိုကိုက်ဆွဲပြီးကျွန်တော့်ဆီယူလာခဲ့သည်။

ကျွန်တော် သူ့သားကလေးနှစ်ကောင်ရေမြောင်းထဲမှ ကယ်ဆယ်ပေးလိုက်သဖြင့် ကျေးဇူးဆပ်သွားသလားမသိပါ။ လူကဲ့သို့စကားမပြောတတ်သဖြင့်ကိုယ်အမူရာဖြင့်သူတတ်စွမ်းသမျှလုပ်ဆောင်ကာ ကျေးဇူးဆပ်သွားခဲ့ပုံရသည်။

ခွေးမကြီးကိုကျွန်တော်တို့မိသားစုကကျေးဇူးတင်နေကြပါသည်။ မပြေမလည်နှင့်ရုန်းကန်နေရသော ဘဝတွင်ငွေဒင်္ဂါး (၃၀) ရလိုက်သဖြင့် လဲလှယ်ပြီးအဆင်ပြေခဲ့ကြသဖြင့် ခွေးမကြီးကိုအစားကောင်းကောင်းကျွေးကာ သူ့အိပ်ရာကိုကောက်ရိုးထူထူခင်းပေးပြီး'မဲတူရယ်နင်ကျေးဇူးပြန်ဆပ်တာ ငါတို့ဝမ်းသာပါတယ်။ အကောင်းကြီးမဟုတ်သည့်တိုင်အဆိုးထဲကရုန်းထွက်နိုင်လို့နင့်ကိုကျေးဇူးတင်မဆုံးပါဘူးကွယ်'

ကျွန်တော် စဉ်းစားတွေးမိသည်။ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသည့်အတိုင်းသူ့သားတွေကိုရေမြောင်းထဲကဆယ်ပေးခဲ့လို့ကျေးဇူးပြန်ဆပ်တာလား (သို့) တိုက်ဆိုင်မှုပေပဲလား။

ရွှေလင်းမောင်ပြည်ဦး

# ကျောကောသိန်းကျင် သိစေချင်

## မင်းသုကျော်(ကန့်ဘလူ)



ဆရာတော်ဦးပညာသာမိ(မန္တလေး ၈၆/၈၇ ကြား၊ (၂၁/၂၂ ကြား) ပုလင်းဝင်းရပ်)က၊ ကျွန်တော့်ကို ဗေဒင်ပညာရပ်အချို့သင်ပေးဖူးပါတယ်။ဗေဒင်ပညာအတန်အသင့်တတ်သိလာတဲ့အခါဆရာတော်က-

'ကဲ-ဒကာကြီး၊ဘုန်းကြီးတို့ဆရာစဉ်ဆက် လက်ဆင့်ကမ်းခဲ့ကြတဲ့ ဗေဒင်ပညာကိုတော့သင်ပေးလိုက်ပြီ။ ဒီတော့ ဒကာကြီးလုပ်ရမှာက ဘုန်းကြီးတို့ရဲ့ဆရာစဉ်ထုံးစံအတိုင်းဗေဒင်(၁)နှစ်ဟောရမယ်။ ဉာဏ်ပူဇော်ခအဓိကမဟုတ်ဘဲပညာပြန့်ပွားရေးအဓိကအနေနဲ့ ဟောချင်သည်ဖြစ်စေ၊ မဟောချင်သည်ဖြစ်စေ (၁) နှစ်တော့ဟောပါ'တဲ့။

ခက်ကရော့။ ကျွန်တော်ဗေဒင်ပညာလေ့လာသင်ယူခဲ့တာက ဗေဒင်ဟောဖို့မှမဟုတ်တာဘဲ။ မြန်မာ့ရှေးရိုးဗေဒင်ပညာရပ်ရဲ့ မြတ်နိုးဂုဏ်ယူဖွယ်ကောင်းတဲ့ပညာရပ်တစ်ခုအနေနဲ့ ထုတ်ဖော်ရေးသားတင်ဆက်ချင်လို့ သန့်စင်ရိုးသားကြတဲ့ ဗေဒင်မေးသာမန်လူပုဂ္ဂိုလ်တွေ၊ဗေဒင်ပညာရပ်ရဲ့သဘော၊သဘာဝ၊ အထာတွေကို တီးမိခေါက်မိရှိအောင် ဖော်ထုတ်ရေးသားဖို့သင်ခဲ့တာပဲဥစ္စာ၊ မဟောရဲပေါင်။

သို့သော် ဆရာတော့်စကားကို ကျွန်တော်မပယ်ရှားဝံ့။ ဆရာတော်တို့ရဲ့ ဆရာစဉ်ထုံးစံကို မပယ်လှန်ဝံ့လေသောအခါ ရှက်ရှက်နဲ့ပင်ဟောခဲ့ရဖူးပါတယ်။ တစ်လလောက် ဗေဒင်မေးသူမျက်နှာကို မကြည့်ရဲဘဲ တွက်ကိန်းဗေဒင်ခွင်တွေကိုသာ မျက်နှာမခွာဘဲ ဟောခဲ့ရတဲ့အဖြစ်ပေါ့။ အဲဒီအဖြစ်တွေ ပြန်စဉ်းစားရင်း ဆရာတော်သင်ပေးခဲ့ဖူးတဲ့ကောဇာဆန်းကျင်ဗေဒင်ကို သတိရလိုက်မိပါတယ်။

တစ်ရက်က-

လူတစ်ယောက်ရောက်လာပါတယ်။ ဗေဒင်မေးချင်လို့တဲ့၊ အသက်(၄၀)ကျော်လို့ခန့်မှန်းရတဲ့အမျိုးသားကြီးတစ်ဦးပါ။ ဗေဒင်ဟောတဲ့ စားပွဲမှာသူနဲ့ကျွန်တော်မျက်နှာချင်းဆိုင်ထိုင်ထိုင်ချင်း သူက-

'အခုတစ်လော ဘာဖြစ်နေတယ်မသိဘူးဆရာ၊ကျွန်တော့်အလုပ်မှာလည်း အဆင်မပြေမှုတွေက ခဏခဏပေါ်လာတယ်။ အလုပ်တောင်မှ ထွက်ချင်စိတ်တွေဖြစ်နေတယ်။ မိသားစုအတွင်းမှာလည်း စိတ်သောကတွေ၊ ပူပန်စရာတွေ၊ ပြဿနာတွေပေါ်ပေါ်နေတယ်။ ဒီကြားထဲ ဖေဖေကလည်း ကျန်းမာရေးဖောက်လာတယ်။ တော်ကြာ ဟိုလိုဖြစ်လိုက်၊ တော်ကြာဒီလိုဖြစ်လိုက်နဲ့ တစ်ယောက်ယောက်ကများ ပညာရပ်တစ်ခုခုနဲ့လုပ်ခံထားရသလားလို့' တဲ့၊ မချမ်းမမြေ့စွာ ပြောလာပါတယ်။

သူ့အပြောအရ တနင်္ဂနွေနံဖြိုဟ်ပျက်စီးနေတာပဲဖြစ်မယ်ဆိုတာ ဗေဒင်မတွက်ကိန်းမချ၊ မရေးမီထဲက ကျွန်တော်ခန့်မှန်းနားလည်လိုက်ပါတယ်။ ဗေဒင်မေးသာမန်လူတွေ အတော်များများဒီလိုပါပဲ။ ဗေဒင်ဟောမည့်သူက ဘာမှမပြောရ မဟောရသေးမီမှာပင် သူတို့ပြဿနာ၊ သူတို့အခက်အခဲကို ကြိုတင်ပြောပြတတ်ကြပါတယ်။ တချို့ဗေဒင်ဆရာအမည်ခံ၊ ဗေဒင်ဟောသူတွေအဖို့ အဲဒီလိုဗေဒင်မေးလာသူပြောသမျှစကားအပေါ် အကြောင်းလျှောက်ကောက်ကြောင်းဆွဲပြီး ဘာဖြစ်တယ်/ ညာဖြစ်တယ်၊ ဘယ်လိုယတြာခေတ်ရိုက်ခေတ်ဆင်တွေလုပ်ရမယ်ဆိုပြီး ယတြာကြေးကြီးကြီးယူလေ့ရှိတတ်ကြတော့တာပါပဲ။ ရိုးသားသန့်စင်ကြတဲ့ ဗေဒင်မေးသူတွေအဖို့ မကြာခဏဆိုသလို ကြုံကြရတတ်ပါတယ်။ ကျွန်တော့်ကတော့ ဗေဒင်မေးသူ ပြောလာတဲ့စကားကို အတိတ်နိမိတ်အဖြစ် ဟိတ်ယူရုံပဲယူထားပြီး ရှေးရိုးမြန်မာပညာရှိကြီးတွေရဲ့ မြတ်နိုးတန်ဖိုးထားဖွယ် ဗေဒင်ကိန်းခန်းတွေကိုသာအဓိကထားပါတယ်မှန်သောသစ္စာပါ။

စောစောကပုဂ္ဂိုလ်ကြီးရဲ့စကားဆုံးတော့ သူ့ကိုကျွန်တော်နာမည်မေးလိုက်တော့ ကြည်လွှင်ပါဆရာတဲ့၊ သူဗေဒင်မေးချင်လို့ပါဆိုတဲ့အချိန်နာရီကိုဗေဒင်အခါ စဉ်းစားလိုက်တဲ့အခါ ဗေဒင်ပညာရပ်အခေါ်အရ (စနေ) လို့ခေါ်တဲ့ (တနင်္လာ)အခါဖြစ်နေပါတယ်။ နာမည်ကလည်းကြည်လွှင်ဆိုတော့. . .၊

၆
၃
၀
* ② (ကြည်)
↓
၅
၁
* ၄ (လွှင်)
(အခါတိုင်)

အင်း. . . သူ့စကားနဲ့ သူ့အထာအခါနဲ့ကွက်တိပါပဲ။ သူပြောခဲ့တဲ့ တနင်္ဂနွေနံအထိအခိုက်အရှုအနတွေကလည်း အထင်းသားဖြစ်နေသလို သူ့နာမည်ကလည်း နာမည်အရင်းလုံး (ကြည်) က အလယ်ကတ္တားဂြိုဟ်ဖြစ်နေတယ်။

'အလယ်ကတ္တား၊ ဂြိုဟ်နေငြား၊ ပျက်ပြားကြုံအစည်' ဆိုတာမှန်နေသလို။ နာမည်အဖျားလုံး (လွှင်) ကလည်း တြိရန်းခိုနေလေတော့ 'ဂြိုဟ်တြိရန်း၊ ပျော်စံမြန်းနေ၊ သေကျေပျက်စီး၊ မီးလည်းတစ်

ကြောင်း၊ ခြေ(၂)ချောင်းနှင့်(၄)ကြောင်း ပြင်ထွက်၊ နိုပ်စက်ဝေဒနာစွဲကပ်လာ၏' အဆိုအမိန့်နဲ့လည်းကွက်တိ။ ဒီတော့ သူပြောတာအမှန်တွေဖြစ်နေပြီ။ ဟုတ်တယ်ပေါ့။ အလုပ်မှာအထိအခိုက်တွေ ရှိတာမှန်တယ်။ အိမ်ထောင်စုအတွင်း မှာပြဿနာအခက်အခဲတွေပေါ်တာမှန်တယ်။ အကြီးအကဲ ဖခင်ကျန်းမာရေး ချွတ်ယွင်းဖောက်ပြန်နေတာလည်းဟုတ်တယ်။သူ့အတွေးသူ့အခေါ်တွေကလည်း မှုမှန်မဟုတ်တော့ဘဲ ဟိုလူကလုပ်ထားသလိုလို၊ ဒီလူကလုပ်ထားသလိုလိုဖြစ်တာမှန်နေတယ်။ကြည်လွင်ဆိုတဲ့နာမည်ကအခါတိုင်မှာဇောက်ထိုးမဟုတ်လား။ ဒီတော့ ကျွန်တော်ဘာဟောပေးနေရဦးမှာလဲ။ သူ့စကားတွေကိုပဲ ဗာရာဏသီချဲ့ပြီး အဟောလုပ်ရမှာလား၊ မလုပ်ခဲ့ပါ။

'ဒီလိုရှိပါတယ် ဦးကြည်လွင်။ ဦးကြည်လွင်ထင်မြင်နေသလို တစ်ဦးဦးတစ်စုံတစ်ယောက်က မသင့်လျော်တဲ့ အကြံအစည်နဲ့ အတိုက်အခိုက်နည်းပညာသုံးပြီးလုပ်ထားတာမဟုတ်ပါဘူး။ ကံဇာတာညှိုးမှိန်နေမှုသက်သက်ပါ။မွေးသက္ကရာဇ်လေးပြောပါဦး'ဆိုတော့-

၁၃၄၆ ခု၊ ပြာသိုလပြည့်ကျော် (၉) ရက်ပါဆရာတဲ့။ ၁၃၄၆ ဆိုတော့ မူလမဟာဘုတ် (၂) ကြွင်းသမားပဲပေါ့။ ဘင်ဖွားပေါ့။ ဘ၀အချုပ် မဟာဘုတ်လို့ ရှေးပညာရှင်တွေက သမုတ်ခဲ့ကြတယ် မဟုတ်ပါလား။ မဟာဘုတ်ရဲ့အကျယ်အ၀န်းကိုစဉ်းစားရတော့မယ်။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |


(-)

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |


(၁၃၇၄- ကောဇာမဟာဘုတ်)

ဒီမှာတင် ဆရာတော်ဦးပညာသာ မိလက်ဆင့်ကမ်းသင်ကြားပေးခဲ့တော်မူတဲ့ကောဇာဆန်းကျင်ဂြိုဟ်၊ တနင်္ဂနွေကို ကျွန်တော် သတိထားလိုက်မိပါတယ်။ ကောဇာဆန်းကျင်ဂြိုဟ်ဆိုတာက၊ မူလနာမက္ခ (၇) တိုင်နဲ့ ရောက်ဆဲကောဇာနာမက္ခရတိုင် (၂) ခုတို့ကိုယှဉ်တွဲဆန်းစစ်ခြင်းပါ။

အဲဒီတိုင် (၂)တိုင်မှာဇေယျနဲ့ကိစ္စ ၀ရနဲ့မရဏ။ လာဘနဲ့ဗျာယ။ဒွယအချင်းချင်းတွေဟာ ဆန်းကျင်ဂြိုဟ်တွေဖြစ်ပါတယ်။ ပုံစံအနေနဲ့ပြရရင် အောက်ပါအတိုင်းဖြစ်ပါတယ်။




ယခု ဦးကြည်လွင်ရဲ့ မူလနာမက္ခရနဲ့ ကောဇာနာမက္ခရတို့ကို ယှဉ်တွဲလေ့လာကြည့်တဲ့အခါလည်း စောစောကတင်ပြပြီးခဲ့တဲ့အတိုင်း မူလနာမက္ခရ- ဇေယျ (တနင်္ဂနွေ) နဲ့ ကောဇာနာမက္ခရကိစ္စ (တနင်္ဂနွေ) တို့ဟာ ဆန်းကျင်ဂြိုဟ်များအဖြစ် အထင်းသားတွေ့မြင်လိုက်ရပါတယ်။




ကောဇာဆန်းကျင်ဂြိုဟ်နဲ့ပတ်သက်ပြီး- ကျွဋ္ဌဆန်းကျင်ဂြိုဟ်၊အနိဋ္ဌဆန်းကျင်ဂြိုဟ်၊ ကျွဋ္ဌ+အနိဋ္ဌရောထွေးဆန်းကျင်ဂြိုဟ်လို့ သတ်မှတ်ထားရာမှာ ဦးကြည်လွင်ကြုံတွေ့နေရတဲ့ ဆန်းကျင်ဂြိုဟ်က အနိဋ္ဌဆန်းကျင်ဂြိုဟ်အကြီးစားလို့ခေါ်ပါတယ်။ တနင်္ဂနွေ (အဆိုးအနိဋ္ဌ) ဆန်းကျင်ဂြိုဟ်အကြီးစားဖြစ်နေခြင်းပါ။

တနင်္ဂနွေအဆိုးအနိဋ္ဌဆန်းကျင်ဂြိုဟ်အကြီးစားကြုံတွေ့နေရတဲ့အတွက် ဦးကြည်လွင်ပြောပြတဲ့ အလုပ်အကိုင်ဌာနတွင်းမှာ အဆင်မပြေမှုတွေ၊ အထက်အရာရှိ ငြိုငြင်အထင်လွဲခံရတာတွေ၊အလုပ်မှာမပျော်ပိုက်တာတွေ၊အိမ်ထောင်စုအတွင်းလည်းပြဿနာအခက်အခဲတစ်ခုမဟုတ်တစ်ခုကြုံတွေ့ကြရတာတွေအိမ်ထောင်အကြီးအကဲ၊ ဖခင်ကျန်းမာရေးချွတ်ယွင်းယိုင်နဲ့လာတာတွေဖြစ်ရတော့တာပါပဲ။ ဘယ်သူကမှ နတ်တိုက်၊ဓာတ်တိုက်လုပ်တာမျိုးကြောင့် မဟုတ်ပါဘူး။ အင်းမြှုပ်ခံရတာတာမျိုး တော့ရှိတတ်ပါတယ်။

ဒီတော့ ဒီဆန်းကျင်ဂြိုဟ်ရဲ့ ဆိုးကျိုးတွေကို သက်သာလျော့ပါးသွားစေမယ့်ယတြာသျှို့လမ်းညွှန်ရုံမှအပ မရှိတော့ပါ။ ဘာဖြစ်နေတယ်ညာဖြစ်နေတယ် ဗေဒင်ဟောပြောနေဖို့မလိုတော့ပါ။ ဦးကြည်လွင်ကိုယ်တိုင်က ဖြစ်သမျှပျက်သမျှ ကြုံဆုံနေရပုံတို့ကို ပြောပြခဲ့ပြီးပြီမဟုတ်လား။

တနင်္ဂနွေဂြိုဟ် ဆန်းကျင်ကြီး

တစ်ပါးပါးကို ဆီထမင်း (၃) ထုပ်ကပ်လှူခြင်း၊ အင်္ဂါသားရဟန်းတစ်ပါးပါးကို ဆေးဝါးပစ္စည်းလှူဒါန်းခြင်း၊ ကိုးကွယ်ဆည်းကပ်ရာ ဘုန်းတော်ကြီးကျောင်းတိုက်သို့ (ဆန်အိတ်) လှူဒါန်းခြင်း၊ နေအိမ်ရှိ ဘုရား၌ စကားဝါပန်း၊ စကားစိမ်းပန်း၊ စံပယ်ပန်း၊ ငှက်ပန်းတို့ဆက်ကပ်လှူဒါန်းခြင်းများပြုလုပ်သင့်ပါတယ်။

မူလမဟာဘုတ် (၇) (၀) ကြွင်းသူတွေအဖို့ကတော့ စနေနံဂြိုဟ် ဣဋ္ဌဆန်းကျင်အလတ်ကြုံတွေ့ရမှာဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်များအနေနဲ့ အမှုအခင်းကြုံတွေ့ရသည့်တိုင်အောင် မိမိကအနိုင်ရခြင်း၊ ထီပေါက်ကံနိုးထလာခြင်း၊ နတ်ကောင်းနတ်မြတ်တို့က စောင့်ရှောက်ကူမခြင်း၊ အမျိုးသမီးများ ကိုယ်ဝန်ရှိပါကသားကောင်း၊ သမီးကောင်း မွေးဖွားလာခြင်း၊ သားသမီးများထဲတွင် စနေသားကြီး၊ သမီးကြီးရှိသူများအဖို့အရာရာတွင် အောင်မြင်ပြီးမြောက်ခြင်းများ ကြုံရတတ်ပါတယ်။

ယတြာအနေနဲ့ကတော့ ရဟန်းသံဃာတော်တွေကို ဒံပေါက်ဆွမ်းကပ်လှူခြင်း၊ ထောပတ်ဆွမ်းကပ်လှူခြင်း၊ နာနတ်သီးစိတ်လှူဒါန်းခြင်း၊ ထန်းလျက်လှူဒါန်းခြင်း၊ ထမနဲလှူဒါန်းခြင်း၊ ထီးလှူဒါန်းခြင်း၊ နေအိမ်ဘုရား၌ ဒန်းညွန့်လှူဒါန်းခြင်း၊ နှင်းဆီပန်းလှူဒါန်းခြင်း၊ ဒေါနပန်းလှူဒါန်းခြင်း စသည်တို့ပြုလုပ်ရမှာဖြစ်ပါတယ်။

အထက်ဖော်ပြပါ ဆောင်ရွက်ရန်ယတြာများကို တစ်ပတ်တစ်ကြိမ်ပြုသင့်ပါတယ်။ အကယ်၍ ခက်ခဲမည်ဆိုပါကတစ်လလျှင် တစ်ကြိမ်တော့ မဖြစ်မနေပြုသင့်ပါတယ်။ ပြုရန်လည်း တိုက်တွန်းလိုပါတယ်။ လာမယ့် ၁၃၈၅ ခု၊ နှစ်သစ်မှာလည်း မမေ့မလျော့မပေါ့မတန်သောသတိဝီရိယများထားပြီး ပြုလုပ်သွားကြမယ်ဆိုရင် အဆိုးအနိဋ္ဌကြုံနိုင်သူများအဆိုးအားလျော့ပါးသက်သာစေပြီး အကောင်းဣဋ္ဌကြုံရမယ့် သူများအဖို့ ပိုမိုအားကောင်းတဲ့အကျိုးတရားများ တိုးပွားလာမှာဖြစ်ကြောင်း စေတနာမောင်းခတ်လိုက်ရပါတယ်ခင်ဗျား။

*ပညာရှင်အပေါင်းကို*
*မညောင်းသောဂါရဝဖြင့်။*

**မင်းနေထွန်း(ကန့်ဘလူ)**

# သွေးဝမ်းသွားရောဂါပျောက်ဆေးနည်း

## ကိုရင်ထွန်း(သီလဝမြေ)

စာရေးသူ၏ဖခင်သည် ပညာရေးဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ထို့အပြင် စာရေးသူ၏ဖခင်သည် ငယ်စဉ်ကပင်ဝါသနာပါခဲ့သော ပန်းချီ-ပန်းပုပညာရပ်ကိုလည်း တတ်မြောက်သောဆရာများထံတွင် အဆင့်ဆင့်လေ့လာဆည်းပူးသင်ကြားခဲ့သည်။ ဆရာအတတ်သင်ကျောင်းတွင်တက်ရောက်ခဲ့ပြီး ပန်းချီအထူးပြုဘာသာရပ်ဖြင့် အောင်မြင်ခဲ့ပါသည်။ များပြားလှသောမိသားစုကြောင့် ဝန်ထမ်းလစာဖြင့်လောက်ငှမှုမရှိသောကြောင့် အားလပ်သောရက်များတွင် စာရေးသူ၏ဖခင်သည် တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိရေး တတ်မြောက်သောပန်းချီပညာ၊ ပန်းပုပညာဖြင့်နိပါတ်တော်ပန်းချီကားများရေးဆွဲခြင်း၊ ဆိုင်းဘုတ်ပိုစတာ ဒီဇိုင်းများရေးဆွဲခြင်း၊ သစ်သားဆင်စွယ်စသည်တို့ဖြင့် ပန်းပုရုပ်များထုလုပ်ခြင်းတို့ကိုဆောင်ရွက်၍ မိသားစုစားဝတ်နေရေးအတွက် ရှာဖွေကျွေးမွေးခဲ့ပါသည်။ စာရေးသူဖခင်လုပ်ကိုင်၍ ဝင်ငွေရှာရသောလုပ်ငန်းများမှာ အထိုင်များသောကြောင့် အသက် (၄၅) နှစ်အရွယ်မှစတင်၍ရာသီဥတုပူပြင်းသောနွေရာသီရောက်ရှိသည့်အခါတိုင်းတွင် သွေးဝမ်းရောဂါဖြစ်တတ်ပါသည်။ ကာလကြာသော် အဆိုပါသွေးဝမ်းရောဂါစွဲကပ်ခဲ့ပါသည်။

[illegible]သိဆေးရှိဆိုသကဲ့သို့ သွေးဝမ်းသွားရောဂါအတွက် နိုင်ငံခြားဆေးဝါးများအပြင် တိုင်းရင်းဆေးနည်းတို့များဖြင့်လည်းကုသခဲ့ပါသည်။ ထိုသို့ကုသရာတွင် ထားဝယ်မှိုင်းအရွက်နုများကို ရေနွေးဖျော၍ မြေပဲဆံဖြင့်သုတ်၍စားခြင်း၊ ကြက်သွန်အဖြူကို မီးဖုတ်၍စားခြင်း၊ ထန်းလျက်ကိုကြော်၍စားခြင်း၊ ဆင်ငိုမြက်ပုတ် (ခ) လေးခွမြက်ကို (၃)ခွက် (၁)ခွက်တင်ကျိုသောက်ခြင်း စသည့်ဆေးနည်းအမျိုးမျိုးဖြင့် ကုသခဲ့ပါသည်။ သို့ပါသော်လည်း သွေးဝမ်းသွားရောဂါမှာအမြစ်ပြတ်၍မသွားပါ။ နှစ်စဉ်ဖြစ်နေကျအချိန်တိုင်းတွင် သွေးဝမ်းသွားရောဂါဖြစ်၍ ရောဂါဝေဒနာ၏ဆိုးကျိုးများကိုအလူးအလဲခံစားရပါသည်။ စာရေးသူ၏ဖခင်ကြီး (၅၅) နှစ်အရွယ်သို့ရောက်သောအခါ တိုင်းရင်းဆေးပညာ



လေ့လာလိုက်စား၍ရပ်ရွာများတွင် ဆေးကုသပေးနေသော ဆရာတော်ကြီးတစ်ပါးနှင့်တွေ့ဆုံခဲ့ပါသည်။ အဆိုပါဆရာတော်ကြီးမှာ မြို့နယ်အတွင်း၌ တိုင်းရင်းဆေးပညာဖြင့်ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးတစ်ပါး ဖြစ်ပါသည်။ ဆရာတော်ကြီးနှင့်တွေ့ဆုံပြီး ဆရာတော်ကြီးမိန့်ကြားသောဆေးကို သောက်သုံးခြင်းဖြင့် စာရေးသူ၏ဖခင်ကြီးမှာ နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိသော သွေးဝမ်းသွားရောဂါမှာ လုံးဝကင်းစင်ပပျောက်သွားပါသည်။ ထို့ကြောင့် မိသားစုမှာဝမ်းသာကြည်နူးကြပါသည်။အဆိုပါဆရာတော်ကြီးမိန့်ကြားသည့်ဆေးနည်းမှာ-

၁။ ကြက်ဥအစိမ်းတစ်လုံး (အိမ်မွေးကြက်)
၂။ ဖီးကြမ်းငှက်ပျောသီးအမှည့်တစ်လုံး၊
၃။ နွားနို့ (အကျက်) တစ်ခွက်ဖြစ်ပါသည်။

ကျိုချက်ပြီးသား နွားနို့တစ်ခွက်အတွင်းသို့ ကြက်ဥကို အစိမ်းအတိုင်းဖောက်ထည့်ပြီး ဖီးကြမ်းငှက်ပျောသီးတစ်လုံးကိုအခွံခွာ၍ထည့်ကာ သမအောင်မွှေပြီး သောက်ခြင်းဖြစ်ပါသည်။ တစ်နေ့လျှင်တစ်ကြိမ် (၁၄)ရက်ဆက်တိုက်သောက်သုံးပြီးသောအခါ စာရေးသူဖခင်ကြီး နှစ်စဉ်ခံစားနေရသော သွေးဝမ်းသွားရောဂါမှာ ပိန်းကြာရွက်ပေါ် ရေမတင်ဟူသောစကားကဲ့သို့ လုံးဝကင်းစင်ပျောက်ကင်းခဲ့ပါသည်။ စာရှုသူများအတွက် မျှဝေခံစားရေးသားလိုက်ပါသည်။

ကွယ်လွန်သွားပြီဖြစ်သောစာရေးသူ၏ဖခင်ကြီးဦးသန်းထွန်း၊(Art သန်းထွန်း- ရမည်းသင်း)အား ဤစာစုဖြင့် ဂါရဝပြုရေးသားမျှဝေအပ်ပါသည်။

**ကိုရင်ထွန်း(သီလဝမြေ)**

# ကာမည် ကွယ်မည် မြတ်ပဋ္ဌာန်းနှင့်

မောင်လူချစ်



အားလုံးက ကျွန်တော့်ကိုခေါ်တယ်။ ရွာလူမိုက် တောကျော်တဲ့။

အလုပ်က မယ်မယ်ရရမရှိ။ အလုပ်မရှိလေ စိတ်ညစ်လေ။ အလုပ်သာမရှိတယ် မိန်းမကတော့ ယူလိုက်သေးတယ်။ မယားကျွေးမှု၊ သားကျွေးမှု တာဝန်က ပိုလာတော့ အလုပ်ကမလုပ်လို့ မရတော့ဘူး။ မြစ်ထဲငါးရှာလည်း ခဏပဲ။ ငွေကအသုံးမခံဘူး။ အပေါင်းအသင်းတွေကလည်းစုံလာတယ်။ ရှာလို့မရတဲ့ဒီငွေ ရတဲ့နည်းနဲ့ရှာပြီ။

တစ်နေ့ ညနေ နေဝင်ချိန် အပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့အရက်သောက်ရင်း. . .၊

"ဟော့ကောင်တွေ ဒီလိုဘဝမျိုးနဲ့ လုပ်စားနေလို့ကတော့ လူမွေးသူမွေး ပြောင်မှာမဟုတ်ဘူး။ ဖြတ်လမ်းကလိုက်မှ ကြီးပွားမှာကွ"

လို့ အာလေးလျှာလေးနဲ့ ပြောလိုက်တော့ အားလုံးက ကျွန်တော့်ကို-

"လုပ်စမ်းဗျာ ကိုတောကျော်၊ ဖြတ်လမ်းက ကြီးပွားမယ်ဆိုလို့ကတော့ ငရဲကိုသွားပြီး မားပြတိုက်ရတိုက်ရ တိုက်မယ်ဗျာ"

"ဟုတ်တယ် တောကျော်ရ၊ မင်းမှာဘာနည်းလမ်းရှိလဲ။ ရှိရင်ပြောကွာ။ တို့က မင်းနောက်က အသင့်ပဲ"

အားလုံးက ကျွန်တော့်ကိုထောက်ခံကြတယ်။

"အေး-အဲဒီလိုမှပေါ့ကွ။ ငါ့စကားကိုနားထောင်၊ ငါပြောသမျှကိုလုပ်မယ်ဆိုရင် ကြီးပွားရမယ်ကွ၊ ကြီးပွားရမယ်"

လို့ ပြောရော-

"လုပ်ဗျာ ကိုတောကျော်"

တဲ့။

သုံးရက်မြောက်နေ့မှာ ဆုံတွေ့နေကျ ညနေနေဝင်ချိန် အရက်သောက်ရင်း လုပ်ငန်းစတော့မယ်ပြောတော့ အားလုံးနားထောင်နေကြတယ်။

"ဒီလိုကွ၊ ကျွန်းသောင်းရွာက ပိုက်ဆံရှိတဲ့မိသားစုထဲက တစ်ဦးဦးကို ပြန်ပေးဆွဲငွေတောင်းမယ့် အစီအစဉ်ပဲကွ"

အားလုံးက ဖြတ်လမ်းက ကြီးပွားမည်ဆိုတော့ စိတ်အားထက်သန်တဲ့ အရိပ်အယောင်တွေကို မြင်နေရတယ်။ ဒီပြန်ပေးဆွဲစနစ်ကို အင်္ဂလိပ်ခေတ်က ပေါ်ခဲ့ပြီးနောက်ပိုင်းတော့ ပျောက်သွားတယ်။ အတော်လေးကြာပြီးနောက် (. . .)မြို့နယ်မှ လူဆိုးဘသိန်းဆိုသူက ဒီပြန်ပေးစနစ်ကိုပြန်လုပ်လာရာ မြန်မာပြည်အနှံ့အပြား ပြန်ပေးဆွဲ လူဆိုးတွေခေတ်စားလာခဲ့ကြတယ်။ တစ်နေ့မှာ ကျွန်းသောင်းရွာက ငွေကြေးပြည့်စုံသူမိသားစုမှ သမီးငယ်လေးကို ရွာဦးကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုလှူဒါန်းပြီး အပြန် အစီအစဉ်အတိုင်း စောင့်ဖမ်းပြီး ခြိမ်းခြောက်ခေါ်လာခဲ့သည်။

ငွေကို ဘယ်၍ဘယ်မျှနဲ့ ဘယ်နေရာဘယ်အချိန်လာရွေးရမယ်၊ အပိုလုမခေါ်ရ၊ ရဲမတိုင်ရ၊ ရဲတိုင်လျှင် ကလေးကိုသတ်ပစ်မယ် စသည်ဖြင့် ခြိမ်းလုံး

ဖြစ်စေ၊ ဆန်းကျင်လတ်ဖြစ်စေ၊ ဆန်းကျင်ငယ်ဖြစ်စေ ကြုံတွေ့နေကြရပြီဆိုရင်မိမိတို့ရဲ့မွေးနေ့ (နံ) ရက် နံနက် (၉) နာရီမှ (၁၀း ၃၀) အတွင်းမှာဖြစ်စေ၊ တနင်္ဂနွေနေ့ရက် နံနက် (၆)နာရီမှ (၇း ၃၀)အတွင်းဖြစ်စေ ဘုရားရှင်ကိုရည်မှန်းပြီး နေအိမ်ဘုရားမှာဖြစ်စေ၊ ဂြိုဟ်ပြေနံပြေရုပ်ပွားတော်တနင်္ဂနွေထောင့်၌ဖြစ်စေ၊ အာလူးကြော်ကပ်လှူပူဇော်ခြင်း၊ အုန်းထမင်း၊ ဆွမ်းကပ်လှူခြင်း၊ ဩဇာသီးကပ်လှူပူဇော်ခြင်း၊ အင်ကြင်းပန်းဆက်ကပ်လှူဒါန်းခြင်းတို့ပြုလုပ်ပေးရပါတယ်။ ဆန်းကျင်ဂြိုဟ်ယတြာပါ။

လမ်းဘေးခွေးလေခွေးလွင့်များကိုလည်း အုန်းထမင်း၊ ဆွမ်းတော်ကျကျွေးမွေးခြင်း၊ အုန်းယိုများကျွေးမွေးခြင်းပြုကြရပါတယ်။ ဦးကြည်လွင်ကိုလည်း အလျဉ်းသင့် အဆင်ပြေလွယ်ကူစွာပြုလုပ်နိုင်မည့်နည်းတစ်ခုခုပြုရန်ညွှန်းဆိုကူညီပေးလိုက်ပါတယ်။

အခြားအခြားသော မူလမဟာဘုတ် (၁) ကြွင်း (၂) ကြွင်း၊ (၃) ကြွင်း၊ (၄)ကြွင်းစတဲ့ဇာဖတ်သူတို့အတွက်လည်း တစ်ဆက်ထဲအကျဉ်းချုံးတင်ပြရသော် မဟာဘုတ်(၁)ကြွင်းသူများအဖို့ ၁၃၈၄ ခုအတွင်း(ဗုဒ္ဓဟူး)နံဂြိုဟ်သည် ကောဇာဆန်းကျင်ဂြိုဟ် ဖြစ်နေပါတယ်။ သို့သော် စိုးရိမ်ဖွယ်မရှိ ပကတိကျန်းမာရွှင်လန်းစေမည်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင်ဣဋ္ဌကောင်းကျိုးဆန်းကျင်အကြီးစားဖြစ်နေတာကြောင့်ပါ။

| | | | |
|---|---|---|---|
| ဇေယျ | - ၀ | (၄) | - ဇေယျ (ဣဋ္ဌဆန်းကျင်အကြီး) |
| ဝရ | - ၃ | ၀ | - ဝရ |
| လာဘ | - ၆ | ၃ | - လာဘ |
| ဒွယ | - ၂ | ၆ | - ဒွယ |
| ဗျာယ | - ၅ | ၂ | - ဗျာယ |
| မရဏ | - ၁ | ၅ | - မရဏ |
| ကိစ္စ | - (၄) | ၁ | - ကိစ္စ |
| (နာ) | | (ကော) | |

မူလမဟာဘုတ် (၃) ကြွင်းသူများအဖို့ကတော့ ၁၃၈၄ ခုနှစ်အတွင်း ကြာသပတေးဂြိုဟ် အနိဋ္ဌအဆိုးဆန်းကျင်အလတ်ကြုံကြရမှာ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်များအနေနဲ့အတွေးမှား၊အယူမှားအမြင်မှားဖြင့် ပြောမိ၊ ဆိုမိ၊ လုပ်မိကိုင်မိ၊ သွားလာဆက်ဆံမိတာတွေဖြစ်တတ်ပါတယ်။ ဘိုးတော်ယောင်ယောင်၊ ဆရာယောင်ယောင်၊ အကြားအမြင်ပုဂ္ဂိုလ်ယောင်ယောင်စတဲ့သူများနဲ့တွေ့တတ်၊ ကြုံတတ်၊ လိမ်လည်လှည့်စားခြင်းခံရတတ်ပါတယ်။

မြေကိစ္စ၊ အမွေကိစ္စများရှုပ်ထွေးစွာရင်ဆိုင်ရတတ်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းများထဲမှ ကိုယ့်ကိုဆန့်ကျင်သူ၊ မကောင်းကြံသူ၊ မလိုလားသူများပေါ် ပေါက်တတ်ပါတယ်။ကိုယ်ကျင့်သိက္ခာချိန့်သူများအဖို့ မိန်းမကိစ္စ၊ မိန်းမပြဿနာပေါ် တတ်ပါတယ်။

ထိုသူများအဖို့ မိမိမွေးနံ(နေ့ရက်) နံနက် (၉) နာရီမှ (၁၀း၃၀) အတွင်းဖြစ်စေ၊ ကြာသပတေးနေ့နံနက် (၈) နာရီမှ (၁၀)နာရီအတွင်းဖြစ်စေ၊ မြတ်စွာဘုရားအားရည်မှန်း၍ ပန်းသီး(၅)မျိုး ကပ်လှူပူဇော်ခြင်း၊ ပန်း(၅)မျိုးကပ်လှူပူဇော်ခြင်း၊ ရဟန်းသံဃာတော်တို့အား (ဘဲဥ) ဆွမ်းဟင်းလှူဒါန်းကပ်လှူခြင်း၊ (ပေါင်မုန့်)ကပ်လှူပူဇော်ခြင်း၊ (ပြောင်းဖူး)ကပ်လှူပူဇော်ခြင်း၊ မှိုဟင်း၊ ဘူးသီးဟင်းကပ်လှူပူဇော်ခြင်း စသည်များပြုလုပ်ရမှာဖြစ်ပါတယ်။

မူလမဟာဘုတ် (၄) ကြွင်းသူများအဖို့ကတော့ တနင်္လာနံဂြိုဟ်၊ အနိဋ္ဌဆိုးကျိုးဆန်းကျင်လေးနဲ့ကြုံတွေ့ကြရမှာဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်များအတွက်ကတော့ ငွေကြေးအခက်အခဲ၊ငွေကြေးဆိုင်ရာပြဿနာများကြုံတွေ့ရတတ်ပါတယ်။ ငွေကြေးကိစ္စအဆင်ပြေရာမှရုတ်တရက်အကျပ်အတည်း ဖြစ်ပေါ်လာခြင်းများကြုံတွေ့ကြရတတ်ပါတယ်။

ငယ်ရွယ်သူများအဖို့ အချစ်ရေးကိစ္စအဆင်မပြေမှုတွေ ကြုံရတတ်ပါတယ်။ ကျန်းမာရေးချူချာတတ်ပါတယ်။ မိခင်အတွက်အပူအပင်အကြောင့်အကျဖြစ်ရတတ်ပါတယ်။ ကားအန္တရာယ်၊ ခွေးအန္တရာယ်ကြုံရတတ်တာမျိုးလည်း သတိထားသင့်ပါတယ်။ခြေထောက်ဒဏ်ရာထိခိုက်တာမျိုးလည်း ကြုံရတတ်ပါတယ်။

ထိုပုဂ္ဂိုလ်များအနေနဲ့ မိမိတို့မွေးနံ (နေ့ရက်) နံနက် (၉) နာရီမှ (၁၀း ၃၀) အတွင်းဖြစ်စေ၊ တနင်္လာနေ့နံနက် (၁၀း ၃၀)မှ(၁၂)နာရီအတွင်းဖြစ်စေနေအိမ်ဘုရား၌ ဘုရားမြတ်စွာအားရည်မှန်းပြီး (ကိတ်မုန့်)ကပ်လှူခြင်းမျိုး၊ (ကြံရည်) ကပ်လှူခြင်းမျိုး၊ (ကြက်ဥ၊ကြက်ဥကြော်) ကပ်လှူခြင်းမျိုး၊ (ဂျုံနဲ့လုပ်သောမုန့်အမျိုးမျိုး)ကပ်လှူခြင်းမျိုး၊ ကံ့ကော်ပန်း၊ ကြာပန်း၊ ငွေပန်းကပ်လှူခြင်းမျိုးများပြုလုပ်နိုင်ပါတယ်။

မူလမဟာဘုတ် (၅) ကြွင်းများအဖို့ကတော့ သောကြာနံဂြိုဟ်၊ ဆန်းကျင် (ဒွယ) ဖြစ်ပါတယ်။ အကောင်း/အဆိုး၊ ဣဋ္ဌ/အနိဋ္ဌရောထွေးစွာကြုံရတတ်ပါတယ်။ ကောင်းမွန်တဲ့ခရီးထွက်ရခြင်း၊ ကောင်းမွန်တဲ့သတင်းစကားကြားရခြင်း၊ အသံထွက်ပစ္စည်းများရရှိတတ်ခြင်း၊ သောကြာသားသမီးများနဲ့ပတ်သက်ပြီး စိတ်မချမ်းမြေ့ဖွယ်ကြုံရခြင်း၊ ဇနီးမယားကြောင့်စိတ်သောက၊ စိတ်ဒေါသဖြစ်ရခြင်းစသည်များလည်းကြုံတွေ့ရတတ်ပါတယ်။

ထိုပုဂ္ဂိုလ်များအနေနဲ့ မိမိမွေးနံ (နေ့ရက်) မှာ ဘုရားရှင်အားရည်မှန်း၍ သစ်သီး (၆) မျိုးဆက်ကပ်ခြင်း၊သစ်ကျားသီးဆက်ကပ်လှူဒါန်းခြင်း၊ သရက်သီးဆက်ကပ်လှူဒါန်းခြင်း၊ သဇင်ပန်း၊ သနပ်ခါးပန်းဆက်ကပ်လှူဒါန်းခြင်း၊ သံပယို၊ သစ်တော်လှူဒါန်းခြင်း စသည်တို့ပြုလုပ်သင့်ပါတယ်။ သောကြာနေ့ဖွား ရဟန်းသံဃာတော်တို့အား (သင်္ကန်း)ဆက်ကပ်လှူဒါန်းခြင်းတို့ပြုလုပ်သင့်ပါတယ်။

မူလမဟာဘုတ် (၆) ကြွင်းတဲ့သူများအဖို့ကတော့ အင်္ဂါနံဂြိုဟ်၊ ဣဋ္ဌကောင်းကျိုးဆန်းကျင်လေးကြုံတွေ့မှာဖြစ်ပါတယ်။ စိတ်ညစ်စရာ၊ စိတ်ရှုပ်ထွေးစရာတွေရှိနေရာက စိတ်ချမ်းသာ၊ စိတ်ချမ်းမြေ့စရာတွေ ကြုံတွေ့လာတတ်ပါတယ်။ အရာရာမှာ ဝေဖန်လိုစိတ်၊ ထောက်ပြလိုစိတ်၊ ညွှန်ပြလိုစိတ်တွေဖြစ်ပေါ်လာတတ်ပါတယ်။ ဆိုလိုချင်တာက (ဆရာကြီး)ဘဝင်စိတ်တွေပြင်းထန်လာတတ်ပါတယ်။ တစ်ခုသတိထားရမှာက စိတ်အလိုလိုက်ပြီး ထင်ရာဇွတ်မလုပ်မိဖို့ပါပဲ။

ထိုပုဂ္ဂိုလ်များအနေနဲ့ မိမိရဲ့မွေးနေ့နံ (ရက်) နံနက် (၉) နာရီမှ (၁၀း ၃၀) နာရီအတွင်းမှာဖြစ်စေ။ အင်္ဂါနေ့နံနက် (၁၀း ၃၀) နာရီမှ မွန်းတည့် (၁၂) နာရီအတွင်းဖြစ်စေ၊ဆွမ်းခံရဟန်းသံဃာ

ခြောက်လုံးတွေရေးပြီး စာပေးလိုက်တယ်။ မိဘတွေအားချင်းပဲ လာရွေးကြတယ်။ ကျွန်တော်တို့လည်း ငွေအမျိုးမျိုး မျက်မျက်လေး ရလိုက်ကြတယ်။

ဩော် - လူမိုက်နဲ့ငွေ အတူမနေတဲ့။ ရေထဲကရတဲ့ငွေ၊ ရေထဲပြန်သွားဆိုသလို အသုံးမခံ၊ စားလိုက်သောက်လိုက်နဲ့ နှမြောရမှန်းမသိ ဒုံရင်းဘဝကိုပဲပြန်ရောက်။ ငွေရနည်းကလည်း သိနေတာကိုး။ ဒီလမ်းကိုပဲ လိုက်ချင်တယ်။

အပေါင်းအသင်းတွေက လူစုံလာရင် နောက်တစ်ပွဲထပ်နွှဲချင်နေကြတာ။

"ဟေ့. . . တောကျော်၊ နောက်တစ်ပွဲလောက်ကွာ ဘိုင်ပြတ်နေပြီကွ"

ဆိုသူကဆို-

"အေး- ဒီတစ်ခါတော့ ငွေတင်မဟုတ်ဘူး ရွှေပါလိုချင်တယ်ကွာ။ အုတ်ဖြတ်ရွာမှာ လူမှုဝန်ထမ်းလာလုပ်တဲ့ အမျိုးသမီးကို ပြန်ပေးဆွဲမယ်"

"ဖြစ်ပါ့မလားကွ"

စိုးရိမ်ဟန်ဖြင့် တစ်ယောက်ကဆိုတယ်။

"တောကျော်ပါကွ၊ ငါအားလုံးကို လေ့လာထားပြီးပြီ။ ဒီအမျိုးသမီးမှာ အမေပဲရှိတယ်ကွ။ သူတို့နှစ်ယောက်ထဲနေတာ"

လို့ ပြောတော့-

"အိုကေ တောကျော်ရေ"

တဲ့။

ဆရာမတို့သားအမိမှာ အိပ်ရာသို့စောစောဝင်လေ့မရှိ။ ညဉ့်နက်မှ အိပ်ရာဝင်တယ်။ အိပ်ရာမဝင်ခင် သားအမိနှစ်ယောက် အရပ်လေးမျက်နှာကို လက်ညှိုးတွေထိုး၊ နှုတ်ကလည်း ဘာတွေရွတ်မှန်းမသိဘူး။ နေ့စဉ် ဒီလိုပြုလုပ်လေ့ရှိတယ်။

ပြန်ပေးဆွဲမယ့်ည။

အရက်ကို ရဲဆေးသဘောမျိုး အနည်းငယ်ဆီ သောက်ဖြစ်ကြတယ်။ ဆရာမကိုပြန်ပေးဆွဲပြီးရင် ထားရန်နေရာ၊ စာပို့ရန်၊ လုံခြုံရေးတွေပါ အစစအရာရာကြိုတင်စီမံထားကြတယ်။ ညဉ့်နက်ချိန်သတ်မှတ်နေရာမှာ စုဝေးပြီး ဆရာမတို့အိမ်သို့ တိတ်တဆိတ်ထွက်ခွာလာခဲ့ကြတယ်။ အချိန်ယူ လေ့လာထားသောနေရာဖြစ်၍ အေးအေးလူလူပင်။ သို့သော် ဆရာမတို့အိမ်ရှေ့ရောက်တော့ ခွေးဇောတွေပြန်လာတယ်။ အရက်ပင်မူးနေ၍လော။ အကြိမ်ကြိမ်လေ့လာထားပါလျက် တောနက်ထီးထီးကြီးကိုပဲ တွေ့မြင်နေရတော့တယ်။

"ဟေ့ကောင်တွေ ငါတို့တော့ တောမှောက်ပြီထင်တယ်ဟ"

"တောမဟုတ်ဘူးကွ။ ရွာမှောက်တာ။ မျက်စိပဲ လည်တာလား"

ပတ်ဝန်းကျင် အခြေအနေကအားလုံးပုံမှန်ပဲ။ ဆရာမတို့ အိမ်ကသာ တောကြီးဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတာ တွေးလို့လဲမရတော့ဘူး။

"တောက်"

"ငါတို့ပဲအမူးပဲလွန်နေသလားဟ"

ဟိုဟို ဒီဒီ စဉ်းစားနေစဉ်-

"ဟေ့ကောင်တွေ ရပ်လိုက်ကြစမ်း၊ မင်းတို့ ဒီရွာက မဟုတ်ပါဘူး။ မင်းတို့ဘယ်သူတွေလဲ"

ဟူသော ဆယ်အိမ်ခေါင်း ကိုစိန်မောင်၏အသံ။ ကျွန်တော်တို့ရဲ့ လက်နက်တွေကိုမြင်သောအခါ. . .၊

"ဟ. . . ဒီကောင်တွေဓားပြတိုက်ဖို့စီစဉ်နေတာပဲ။ ဖမ်းကြစမ်း"

ရွာသူကြီးဦးလှနဲ့ ဆယ်အိမ်ခေါင်းကိုစိန်မောင်တို့အုပ်စုက ဝိုင်းထားကြသည်။ ပြေးဖို့ပင် သတိမရ။ ကြိုးတုတ်ထားသလိုမျိုး မလှုပ်မယှက်၊ ပါးစပ်ထဲအာဆေးထည့်ခံထားရတဲ့ သူတွေလို ဘာမှကိုပြန်မပြောနိုင်ဘူး။ ရွာသူကြီးဦးလှက-

"ငါ့အိမ်အောက်ကနေ ဆရာမတို့အိမ်ကိုဓားပြတိုက်ဖို့ လူတစ်စုရောက်နေကြတယ်။ သူကြီးသွားကယ်ပါဆိုလို့ လာခဲ့တာ။ ဒီရောက်တော့ မင်းတို့ကိုတွေ့တာ့ပဲ"

သူကြီးဘာပြောသလဲ၊ ကျွန်တော်တို့အားလုံး နားမထောင်နိုင်ဘူး။ အိမ်ရှေ့ရောက်နေပါလျက် တောကြီးဖြစ်နေတာ ဘာဖြစ်လို့လဲ သိချင်စိတ်နဲ့အတူ ဆရာမတို့အိမ်ရှိရာ တောအုပ်ကြီးဆီသို့ ငြိုင်တူလှည့်ကြည့်မိတယ်။

အိမ်၊ ဆရာမတို့အိမ်။

*

နောက်ဓားပြမှုနဲ့ထောင်ကျတယ်။ ထောင်ထဲမှာရှိနေစဉ် အိမ်ရှေ့ရောက်ပြီးအိမ်မတွေ့ရဘဲ တောကြီးဖြစ်နေတယ်။ ရွာသူကြီးဦးလှကိုရော၊ဘယ်သူသွားပြောတာလဲ။ ဒီအကြောင်းကိုပဲ ကျွန်တော်တို့အားလုံး အဖြေရှာမရ ဖြစ်နေတုန်းပဲ။

ကံအားလျော်စွာနဲ့ သာသနာ့နှစ်ထောင့်ငါးရာအောင်ပွဲနှင့် ကြုံကြိုက်တဲ့အချိန် တောင်ငူထောင်မှ လွတ်လာခဲ့ကြပါတယ်။ ရွာကို ရောက်ရောက်ချင်း ဆရာမတို့ သားအမိရှိရာအိမ်ကို သွားပြီးဝန်ခံ ကန်တော့ကြတယ်။ နောင်ဒီလိုမျိုး မကောင်းမှုလည်းမလုပ်တော့ဟု ကတိပေးကြတယ်။ ဆရာမတို့အိမ်ရှေ့ရောက်ပေမယ့်၊အိမ်မတွေ့ရဘဲ တောကြီးဖြစ်နေသောကြောင့် အဆောင်ကောင်းများရှိရင် ချီးမြှင့်ပေးရန် တောင်းဆိုတော့-

"အမေကြီးတို့မှာ ဘာအဆောင်မှမရှိပါဘူးကွယ်။ အမေကြီးတို့ကိုးကွယ်တဲ့ဆရာတော်က ပဋ္ဌာန်းကိုစည်းချပြီး အိပ်ဖို့ မေတ္တာပို့ အမျှဝေဖို့ပြောခဲ့တယ်ကွယ့်။ ဒီကနေ့အထိ နေ့စဉ်မပျက် အိပ်ရာမဝင်ခင် ပြုလုပ်လေ့ရှိတယ်ကွယ့်။ ငါ့တူတို့ ပြောမှပဲ ပြန်ပေးဆွဲမယ်ဆိုတာ သိရတယ်"

အမေကြီးက အုံ့ညြစွာနဲ့ ပြောတယ်။

ဒါကြောင့်ကိုး။ ကျွန်တော်အကြိမ်ကြိမ်လေ့လာစဉ်က အရပ်လေးမျက်နှာကိုလက်ညှိုးထိုးပြီး နှုတ်ကရွတ်ဆိုနေတာ ပဋ္ဌာန်းဒေသနာကိုး။ မှန်ပါတယ်။ ပဋ္ဌာန်းတန်ခိုးတော်ကြောင့် အိမ်မှာတောကြီး ဖြစ်သွားခြင်းကိုး။ အမေကြီးတို့ နေ့စဉ်ဝတ်မပျက် ပဋ္ဌာန်းစည်းချပြီး အိပ်ရာဝင်လို့သာ တောအုပ်ကြီးဖြစ်နေတာပါ။ သူကြီးကို လူတစ်ယောက်သွားပြောခြင်းက အိမ်စောင့်နတ်သာ ဖြစ်လိမ့်မယ်။

နောင် အကျွတ်တရားရသောအခါ လက်တွေ့အကျိုးပေးပုံတွေ ကိုယ်တွေ့သိလာ၍ မိမိ မိသားစုအန္တရာယ်မှ ကင်းအောင် ကိုယ့်ရဲ့အိမ်၊ ကိုယ့်ရဲ့အခန်းကို သူခိုးခိုးလို့မရအောင် သော့တွေ၊ တံခါးတွေ၊ လက်ညှိုးထိုး၍ ပဋ္ဌာန်းဒေသနာတော်နဲ့စည်းချပြီးမှ သွားလိုရာသို့သွားစေလိုပါတယ်။ ကိုယ်သွားမယ့်ခရီး၊ လာမယ့်ခရီးကို ပဋ္ဌာန်းဒေသနာတော်နဲ့ စည်းချပြီးမှသွားပါ၊ လာပါ။ နေ့စဉ်နဲ့အမျှ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်သင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

ဟေတုပစ္စယော အကျဉ်းကို အရပ်လေးမျက်နှာသို့ လက်ညှိုးထိုးပြီး စည်းချပါလေ။

ပြုလုပ်ပုံ။ ။ နမောတဿသုံးကြိမ်၊ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော အစရှိသော နှစ်ဆယ့်လေးပစ္စည်းအကျဉ်းကို ရွတ်ဆို၍ ငါ၏သွားလမ်းလာလမ်းမှန်သမျှ ဘေးအန္တရာယ်အပေါင်းတို့သည် ပဋ္ဌာန်းဒေသနာတော်၏တန်ခိုးကြောင့် မတွေ့မမြင်ပါစေသတည်း။

*ဉာဏ်ရှိသလို သုံးကြပါလေဟု. . .။*

မောင်လှချစ်

ခြောက်လုံးတွေရေးပြီး စာပေးလိုက်တယ်။ မိဘတွေအားချင်းပဲ လာရွေးကြတယ်။ ကျွန်တော်တို့လည်း ငွေအမျိုးမျိုး မျက်မျက်လေး ရလိုက်ကြတယ်။

ဩော် - လူမိုက်နဲ့ငွေ အတူမနေတဲ့။ ရေထဲကရတဲ့ငွေ၊ ရေထဲပြန်သွားဆိုသလို အသုံးမခံ၊ စားလိုက်သောက်လိုက်နဲ့ နှမြောရမှန်းမသိ ဒုံရင်းဘဝကိုပဲပြန်ရောက်။ ငွေရနည်းကလည်း သိနေတာကိုး။ ဒီလမ်းကိုပဲ လိုက်ချင်တယ်။

အပေါင်းအသင်းတွေက လူစုံလာရင် နောက်တစ်ပွဲထပ်နွှဲချင်နေကြတာ။

"ဟေ့. . . တောကျော်၊ နောက်တစ်ပွဲလောက်ကွာ ဘိုင်ပြတ်နေပြီကွ"

ဆိုသူကဆို-

"အေး- ဒီတစ်ခါတော့ ငွေတင်မဟုတ်ဘူး ရွှေပါလိုချင်တယ်ကွာ။ အုတ်ဖြတ်ရွာမှာ လူမှုဝန်ထမ်းလာလုပ်တဲ့ အမျိုးသမီးကို ပြန်ပေးဆွဲမယ်"

"ဖြစ်ပါ့မလားကွ"

စိုးရိမ်ဟန်ဖြင့် တစ်ယောက်ကဆိုတယ်။

"တောကျော်ပါကွ၊ ငါအားလုံးကို လေ့လာထားပြီးပြီ။ ဒီအမျိုးသမီးမှာ အမေပဲရှိတယ်ကွ။ သူတို့နှစ်ယောက်ထဲနေတာ"

လို့ ပြောတော့-

"အိုကေ တောကျော်ရေ"

တဲ့။

ဆရာမတို့သားအမိမှာ အိပ်ရာသို့စောစောဝင်လေ့မရှိ။ ညဉ့်နက်မှ အိပ်ရာဝင်တယ်။ အိပ်ရာမဝင်ခင် သားအမိနှစ်ယောက် အရပ်လေးမျက်နှာကို လက်ညှိုးတွေထိုး၊ နှုတ်ကလည်း ဘာတွေရွတ်မှန်းမသိဘူး။ နေ့စဉ် ဒီလိုပြုလုပ်လေ့ရှိတယ်။

ပြန်ပေးဆွဲမယ့်ည။

အရက်ကို ရဲဆေးသဘောမျိုး အနည်းငယ်ဆီ သောက်ဖြစ်ကြတယ်။ ဆရာမကိုပြန်ပေးဆွဲပြီးရင် ထားရန်နေရာ၊ စာပို့ရန်၊ လုံခြုံရေးတွေပါ အစစအရာရာကြိုတင်စီမံထားကြတယ်။ ညဉ့်နက်ချိန်သတ်မှတ်နေရာမှာ စုဝေးပြီး ဆရာမတို့အိမ်သို့ တိတ်တဆိတ်ထွက်ခွာလာခဲ့ကြတယ်။ အချိန်ယူ လေ့လာထားသောနေရာဖြစ်၍ အေးအေးလူလူပင်။ သို့သော် ဆရာမတို့အိမ်ရှေ့ရောက်တော့ ခွေးဖောတွေပြန်လာတယ်။ အရက်ပင်မူးနေ၍လော။ အကြိမ်ကြိမ်လေ့လာထားပါလျက် တောနက်ထီးထီးကြီးကိုပဲ တွေ့မြင်နေရတော့တယ်။

"ဟေ့ကောင်တွေ ငါတို့တော့ တောမှောက်ပြီထင်တယ်ဟ"

"တောမဟုတ်ဘူးကွ။ ရွာမှောက်တာ။ မျက်စိပဲ လည်တာလား"

ပတ်ဝန်းကျင် အခြေအနေကအားလုံးပုံမှန်ပဲ။ ဆရာမတို့ အိမ်ကသာ တောကြီးဖြစ်နေတယ်။ ဘာကြောင့်လဲ ဆိုတာ တွေးလို့လဲမရတော့ဘူး။

"တောက်"

"ငါတို့ပဲအမူးပဲလွန်နေသလားဟ"

ဟိုဟို ဒီဒီ စဉ်းစားနေစဉ်-

"ဟေ့ကောင်တွေ ရပ်လိုက်ကြစမ်း၊ မင်းတို့ ဒီရွာက မဟုတ်ပါဘူး။ မင်းတို့ဘယ်သူတွေလဲ"

ဟူသော ဆယ်အိမ်ခေါင်း ကိုစိန်မောင်၏အသံ။ ကျွန်တော်တို့ရဲ့ လက်နက်တွေကိုမြင်သောအခါ. . .၊

"ဟ. . . ဒီကောင်တွေဓားပြတိုက်ဖို့စီစဉ်နေတာပဲ။ ဖမ်းကြစမ်း"

ရွာသူကြီးဦးလှနဲ့ ဆယ်အိမ်ခေါင်းကိုစိန်မောင်တို့အုပ်စုက ဝိုင်းထားကြသည်။ ပြေးဖို့ပင် သတိမရ။ ကြိုးတုတ်ထားသလိုမျိုး မလှုပ်မယှက်၊ ပါးစပ်ထဲအာစေးထည့်ခံထားရတဲ့ သူတွေလို ဘာမှကိုပြန်မပြောနိုင်ဘူး။ ရွာသူကြီးဦးလှက-

"ငါ့အိမ်အောက်ကနေ ဆရာမတို့အိမ်ကိုဓားပြတိုက်ဖို့ လူတစ်စုရောက်နေကြတယ်။ သူကြီးသွားကယ်ပါဆိုလို့ လာခဲ့တာ။ ဒီရောက်တော့ မင်းတို့ကိုတွေ့တာပဲ"

သူကြီးဘာပြောသလဲ၊ ကျွန်တော်တို့အားလုံး နားမထောင်နိုင်ဘူး။ အိမ်ရှေ့ရောက်နေပါလျက် တောကြီးဖြစ်နေတာ ဘာဖြစ်လို့လဲ သိချင်စိတ်နဲ့အတူ ဆရာမတို့အိမ်ရှိရာ တောအုပ်ကြီးဆီသို့ ငြိုင်တူလှည့်ကြည့်မိတယ်။

အိမ်၊ ဆရာမတို့အိမ်။

*

နောက်ဓားပြမှုနဲ့ထောင်ကျတယ်။ ထောင်ထဲမှာရှိနေစဉ် အိမ်ရှေ့ရောက်ပြီး အိမ်မတွေ့ရဘဲ တောကြီးဖြစ်နေတယ်။ ရွာသူကြီးဦးလှကိုရော၊ ဘယ်သူသွားပြောတာလဲ။ ဒီအကြောင်းကိုပဲ ကျွန်တော်တို့အားလုံး အဖြေရှာမရ ဖြစ်နေတုန်းပဲ။

ကံအားလျော်စွာနဲ့ သာသနာ့နှစ်ထောင့်ငါးရာအောင်ပွဲနှင့် ကြုံကြိုက်တဲ့အချိန် တောင်ငူထောင်မှ လွတ်လာခဲ့ကြပါတယ်။ ရွာကို ရောက်ရောက်ချင်း ဆရာမတို့ သားအမိရှိရာအိမ်ကို သွားပြီး ဝန်ခံ ကန်တော့ကြတယ်။ နောင်ဒီလိုမျိုး မကောင်းမှုလည်းမလုပ်တော့ဟု ကတိပေးကြတယ်။ ဆရာမတို့အိမ်ရှေ့ရောက်ပေမယ့်၊အိမ်မတွေ့ရဘဲ တောကြီးဖြစ်နေသောကြောင့် အဆောင်ကောင်းများရှိရင် ချီးမြှင့်ပေးရန် တောင်းဆိုတော့-

"အမေကြီးတို့မှာ ဘာအဆောင်မှမရှိပါဘူးကွယ်။ အမေကြီးတို့ကိုးကွယ်တဲ့ဆရာတော်က ပဋ္ဌာန်းကိုစည်းချပြီး အိပ်ဖို့ မေတ္တာပို့ အမျှဝေဖို့ပြောခဲ့တယ်ကွယ့်။ ဒီကနေ့အထိ နေ့စဉ်မပျက် အိပ်ရာမဝင်ခင် ပြုလုပ်လေ့ရှိတယ်ကွယ့်။ ငါ့တူတို့ ပြောမှပဲ ပြန်ပေးဆွဲမယ်ဆိုတာ သိရတယ်"

အမေကြီးက အုံးဩစွာနဲ့ ပြောတယ်။

ဒါကြောင့်ကိုး။ ကျွန်တော်အကြိမ်ကြိမ်လေ့လာစဉ်က အရပ်လေးမျက်နှာကိုလက်ညှိုးထိုးပြီး နှုတ်ကရွတ်ဆိုနေတာ ပဋ္ဌာန်းဒေသနာကိုး။ မှန်ပါတယ်။ ပဋ္ဌာန်းတန်ခိုးတော်ကြောင့် အိမ်မှာတောကြီး ဖြစ်သွားခြင်းကိုး။ အမေကြီးတို့ နေ့စဉ်ဝတ်မပျက် ပဋ္ဌာန်းစည်းချပြီး အိပ်ရာဝင်လို့သာ တောအုပ်ကြီးဖြစ်နေတာပါ။ သူကြီးကို လူတစ်ယောက်သွားပြောခြင်းက အိမ်စောင့်နတ်သာ ဖြစ်လိမ့်မယ်။

နောင် အကျွတ်တရားရသောအခါ လက်တွေ့အကျိုးပေးပုံတွေ ကိုယ်တွေ့သိလာ၍ မိမိ မိသားစုအန္တရာယ်မှ ကင်းအောင် ကိုယ့်ရဲ့အိမ်၊ ကိုယ့်ရဲ့အခန်းကို သူခိုးခိုးလို့မရအောင် သော့တွေ၊ တံခါးတွေ၊ လက်ညှိုးထိုး၍ ပဋ္ဌာန်းဒေသနာတော်နဲ့စည်းချပြီးမှ သွားလိုရာသို့သွားစေလိုပါတယ်။ ကိုယ်သွားမယ့်ခရီး၊ လာမယ့်ခရီးကို ပဋ္ဌာန်းဒေသနာတော်နဲ့ စည်းချပြီးမှသွားပါ၊ လာပါ။ နေ့စဉ်နဲ့အမျှ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်သင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

ဟေတုပစ္စယော အကျဉ်းကို အရပ်လေးမျက်နှာသို့ လက်ညှိုးထိုးပြီး စည်းချပါလေ။

ပြုလုပ်ပုံ။ ။ နမောတဿသုံးကြိမ်၊ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော အစရှိသော နှစ်ဆယ့်လေးပစ္စည်း အကျဉ်းကို ရွတ်ဆို၍ ငါ၏သွားလမ်းလာလမ်းမှန်သမျှ ဘေးအန္တရာယ် အပေါင်းတို့သည် ပဋ္ဌာန်းဒေသနာတော်၏တန်ခိုးကြောင့် မတွေ့မမြင်ပါစေသတည်း။

*ဉာဏ်ရှိသလို သုံးကြပါလေဟု. . .။*

မောင်လှချစ်

အပိုင်း (၂)

# နာကြောက်လျှင်နောက်ကျ ပင်ကြောက်၍သတင်ရှောင်ခဲ့သော် နားစားပြီးနားကားနိုင်ပါသည်

ဦးပင်းစင်(ရွှေနဝင်း)

(ယခင်လမှအဆက်)

နာ၏ပရိယာယ် အလွန်ကြွယ်ပေသည်။ နာသည်သူကိုယ်တိုင်ပင်မီးစား၍ ချော်ပေါက်နိုင်သလိုအခြားတစ်ပါးသော ဓာတ်များကိုလည်းတိုက်စား၍ချော်ဘဝ ကို ခေါ် ဆောင်ယူသွားနိုင်ပေသည်။

မီးနုရာတွင်လည်းနန်းမတော်မယ် နုကပင်အစ်မခေါ် ရမလို ရှိလျှင်ကစား တစ်နေ့နာဓာတ်လုံးများစခန်းသိမ်းကြရာ တွင် အဘယ်သို့သောမီးနှင့်ပင်ဖျော်ဖျော် ပျော်နိုင်ပါခဲ့။ နာဓာတ်မြဲလို့အသိန္တိနွထို ဘဝရောက်မှသာ စခန်းသိမ်းကြပါလေ သည်။

နာသည် . . . သူကိုယ်တိုင် ပြာ ဘက်ကိုဦးဆောင်သွားတတ်ပြီး အခြား တစ်ပါးသောဓာတ်များကိုလည်း ပြာ အဖြစ်ကို ရောက်စေတတ်ပါတယ်။ ပြာ မထွက်ချော်မပေါက်လေမှနာသေကွလို့ ကြွေးကြော်တတ်ပေတယ်။ အကယ်၍ နာပြာသေ ဘဝရောက်ခဲ့လျှင်လည်း ထို ပြာသေကနေပြီး အခြားတစ်ပါးသော ဓာတ်များစွာကို ဓာတ်သေ နိဗ္ဗာန်သို့ပို့ ဆောင်ပေးစေတတ်ပါသည်။

နာသည်အခြားတစ်ပါးသောဓာတ် တို့နှင့်ပူးယှက်ကူးသန်းအရောတဝင်ရှိပေ လင့်ကစား ဓာတ်သေဘဝရောက်လေရ သော်ငုတ်ပေါ် ကစား ပိန်းကြာဖက်ပေါ် ဝယ်ရေမတင်သားရှိသည့်အလားသို့ငုတ် ပြီးပေါ် လာ သူချည်းသာနေမည်စ်ပေဘဲ တစ်ပါးသောဓာတ်တွင်ငုတ်ပေါ် ၍လာ လတ်သော် ဝင်းဝါစိုပြည်နုသားရည် ရောက်နိဗ္ဗာန်ဓာတ်မြတ်ရောက်စေတတ် ၏။

နာပြာနူပျောက်(အနာကြီးရောဂါ) ဘေသစ္စဆေးမြတ်မဟာ လွန်ချမ်းသာ စေကြောင်း။

ဓာတ်အပူကြီး ရှူနာရှိုက်ကုန်း အလုံးမလှရှိနေကမူ. . . သိတာရေဓာတ် ထိုနာဓာတ်ကို ဉာဏ်နှင့်ယှဉ်၍ကျွေးမွေး တတ်ပါက လှပသွင်ပြင် ချောရုပ်သွင်နှမ လွန်ကြည့်လှ၏။

အနာဖက်ခွက်အနာ့ပဆုပ်လွန်ဆိုး ယုတ်တဲ့အနာပေါက်အမျိုးမျိုး တိုးလို့လာ လည်း နာပြာကောင်းက (၇)ရက်မကြာ အမြန်ပျောက်ကင်းရောဂါရှင်း၍ချမ်းသာ ရစေသည်။

နာလည်းလက္ခား ချော်တခြား မရှာ သိစေရာဟု ဝိဇ္ဇာစကားဆိုထား တစ်ရက် သိစေအပ်၏. . . ကဝိပညာ အလိမ္မာသုံးဝိဇ္ဇာတို့ထုံးနှလုံးမူပါ နာတစ် လုံးပိုင်လျှင် နော်ဗျာမဆုံးနိုင်အောင်ပင် ပညာပွားစေရာ၏။

ကြံတွေးကြည့်ပါဝါသနာရှင်သုတေ သီမိတ်ဆွေများကို လက်ဆောင်စကား ပါးလိုက်ပါသည်။

ဤစကားရပ်များသည် နာဘုရင် ဆရာကြီး၏သင်ကြားချက်များထဲမှအချို့ ကို ဝါသနာရှင်များ လေ့လာသဘော ပေါက်နိုင်စေရန် စေတနာလက်ဆောင် တစ်ရပ်ပင်ဖြစ်ပါသည်။ နာကိုအဂ္ဂိရတ် ကျမ်းများ၏အဆိုမိန့်များကို ထပ်မံ၍ တင်ပြပေးရသော် နာကိုခဲပုပ်၊ သလွဲ မည်း ခဲမနက်ဟု ခေါ် ဆိုကြပါတယ်။ ဒါ့ ပြင်ဂဠုန်၊ ကြွက်မ၊ ဟိုင်းမ၊ ရာဂ၊ တဏှာ ပေမ စသော အမည်နာမအမျိုးမျိုးနှင့် လည်း ခေါ် ဆိုပညတ်ထားခဲ့ကြပါသေး သည်။

ဂဠုန်ဆိုသည်မှာနဂါးပြဒါးကိုမပြေး နိုင်အောင် ချုပ်ကုတ်သတ်တတ်စေနိုင် သောစွမ်းအားရှိသောကြောင့်ခေါ် ဆိုခြင်း ဖြစ်ပါတယ်။

နာသည်ပြဒါးဓာတ်မှလွဲ၍အခြား သောဓာတ် (၈) ပါးတို့ကိုတတိတိနဲ့စား စေတတ်ခြင်းကြောင့်လည်းသူ့ကိုကြွက်မ ဟုခေါ် ပေသည်။

နာသည် ဓာတ်မမျိုးဝင် ဖြစ်လင့် ကစားအခြားသောဓာတ်မများလိုပင်သန္ဓေ ကိုယ်ဝန်ကို မနေခြင်းကြောင့် ဟိုင်းမဟု ပင် ခေါ်ကြလေသည်။

ရာဂတဏှာ ဆိုပေရာတွင် သူနှင့် ပေါင်းစပ်အခြားသော ဓာတ်တို့တွင်ဆွဲ နှောင်ရစ်ပတ်အညစ်ကြေးဓာတ်ဖြစ်စေ တတ်၍ ခေါ် ဆိုပေသည်။

(နာသည်အခြားသော ရုပ်ဓာတ် နာမ်ဓာတ်များကိုနှစ်ချိန်ခါမှာသူပါဝါဖြင့် ဖမ်းယူဖွဲ့သတ်ချုပ်ခါစတွင်နာနှင့်မီးပြိုင် နပန်းကိုင်နေစဉ်ဝယ်. . . တဏှာအညစ် ကြေးသူကပေး၏)

(ဖမ်းချုပ်သတ်ပြီးတစ်ကိုယ်တည်း ပိုင်နိုင်စွာရပ်တည်နေနိုင်ပြီဆိုသောဓာတ် များမှာ. . . လေတော့. . . သက်ဆိုင်ရာ ဓာတ်အရပ်ရပ်ကို သန့်စင်ဆေးကြော အမြိုက်သဘောကိုသူဆောင် သိတာရေ အလား သူ၏အဆီများကြောင့်တစ်ပါး သောဓာတ်တို့ကိုတစ်နေ့တခြားသန့်စင် ပွားတိုးအား တန်ခိုးမှီဓာတ်ရွှေစင်သုဒ္ဓ ပျော့ပြောင်းကျ၍ ဝင်းဝါစိုပြည်ကျက်သရေ အပြည့်ဝပေးဝေငှ၍နာ၏အကျိုးထူးသိ စေဦးဟု ဖော်ညွှန်းသေချာထုတ်ပြန်ရာ သည်ရှေးပညာရှိ ကဝိအဆူဆူ ကျေးဇူး ဂုဏ်အင်ဝိဇ္ဇာရှင်တို့ မှာတမ်းတည်း)

နာဓာတ်သည် အာဟာရ(အပုပ်) သီတတေဇောဓာတ်အုပ်စိုးပေသည် သူ့ ကိုအထာသိ၍အမိကိုင်နိုင်လျှင် အခြား တစ်ပါးသောဓာတ်များကို အဆီဩဇာ ပေးစေ၍လိုရာကိစ္စပြီးစေအပ်ပါသည်။

ဒါကြောင့်ပင်နာသေမှနေသာမည် ဟုအရပ်စကားဆိုထားကြသည်မဟုတ် ပေလား။သိပ္ပံပညာအရနာ၏ဓာတုသင်္ကေ တ ကို Pb။

နာ၏ အက်တမ်အမှတ်စဉ် 82 ။

နာ၏အက်တမ်အလေးဆ 207. 21။

နာ၏သိပ်သည်းဆ 11. 34။

နာ၏ပျော်မှတ် C 155 C ။

နာ၏ဆူမှတ် C 327 C ။

သဘာဝတွင် ဂလီနာခေါ် ခဲသတ္တု ရိုင်းအဖြစ် တွေ့ရပါသည်။

နာကို ဆေးဖက်ဝင် ပြာသတ္တိရ အောင်နာပြာချတော့မည်ဆိုလျှင်ရှေးဦး စွာ နာကိုသန့်စင်ခြင်းအမှုကိုပြုလုပ်ပြီးမှ သာ သုံးစွဲရပေမည်။

မသန်သောနာပြာ၏အပြစ်ဒေါသ

သည် လူ၏ခန္ဓာကိုယ်၌ သွေးဖောက်ပြန်ခြင်း၊ ကိုယ်အရောင်ဆင်းပျက်စီးခြင်း အရေပြားရောဂါ၊ သမင်ဖြူရောဂါ၊ ဖောရောင်ခြင်း၊ ဂရင်ဂျီနာ၊ အာရုံကြောရောဂါဝမ်းပိုက်အတွင်းပိုင်ဆိုင်ရာရောဂါများစသော အပြစ်ဒေါသများကိုခံစားရရှိနိုင်ပါသည်။ အဂ္ဂိရတ်ဝါသနာရှင်များ အထူးဂရုပြုရန် အလွန်လိုအပ်လှပါသည်။

နောက်တစ်ချက် သတိပြုစရာမှာ နာဓာတ်သည် ပြာဘက်ကိုဦးတည်တတ်သောဓာတ်ပဋိသန္ဓေမဆောင်ယူတတ်သောဓာတ်မမျိုးဖြစ်ခြင်းကြောင့်မည်သည့်မီးမျိုးနဲ့မဆို ပြင်ပလေဓာတ်နဲ့ ထိတွေ့လိုက်တာနဲ့ကိုပဲ ပြာထွက်၍လာတတ်ခြင်းကြောင့်လွယ်လွယ်နဲ့ဖြစ်တတ်တဲ့ပြာမျိုးဆိုလေတော့စီမံဖန်တီးသူဝါသနာရှင်များကပြာကျနေပြီဆိုအလွယ်တကူလက်တည့်စမ်းတတ်ကြတဲ့အကျင့်မျိုး ရှိတတ်ကြလေတော့မိမိတို့၏နာပြာဟာ တကယ့်နာသန့်စင်ပြီးသောနာဓာတ်ကိုသေအောင်စိတ်ချစွာသတ်ထားသော နာပြာဖြစ်စေဖို့ရန်သေချာလေးစီစစ်ကြရန် အလွန်လိုအပ်လှပါတယ်။

သန့်စင်ပြီးကောင်းမွန်စွာပြာသေအောင်ပြုလုပ်ထားသောနာပြာသည်အနာရောဂါများနှင့်အနာပေါက်အမျိုးမျိုးတို့ကိုကုသရာတွင်အလွန်အစွမ်းထက်မြက်ပြီးအမြိုက်ဆေးဖြစ်ပေတော့သည်။

(ရောဂါဝေဒနာရှင်များအတွက်ဆေးအဖြစ်ကုသကြရာတွင် နာတကယ်သေပါမှ နေသာ၍ရောဂါပျောက်ကင်းနိုင်သည်ကို သိစေအပ်ပါသည်)

နာကိုနိုင်စေသော သဘာဝဆေးတစ်မျိုးမှာ နွားနက်အမ၏နောက်ချေးသည်လည်းအလွန်ကောင်းသောဆေးတစ်မယ်ပါ။ နာဓာတ်ကိုနိုင်စေသော ရုက္ခမူဆေးပင်များကိုလည်း တင်ပြပေးပါမည်။

(၁) စောင်းလျားမြစ်၊
(၂) မဟာကာကြံဆစ်ပင် (အဆိပ်ဖြေပင်)၊
(၃) ညောင်ပိန္နဲရွက်၊
(၄) သနပ်ခါးပန်းရွက်၊
(၅) ဖက်ယားကြီး၊
(၆) မြန်မာကုက္ကိုခေါက်၊
(၇) ကျွဲနှာခေါင်းချိတ် (တောကြက်မောက်ဆူးပြန်)
(၈) တမာခေါက်၊
(၉) ညောင်နီအစေး၊
(၁၀) ညောင်ဗုဒ္ဓဟေခေါက်၊
(၁၁) မရိုးစေး၊
(၁၂) သံပရာရည်၊
(၁၃) မုယားကြီးရွက်၊

စသောဆေးပင်များသည်နာဓာတ်ကိုနိုင်စေသောသတ္တိထူးများရှိကြပါသည်။

နာဓာတ်ကိုနိုင်စေတတ်သောနာမ်ဓာတ်ဆေးမျိုးများမှာ-

(၁) ကျောက်ချဉ်သည်လည်းနာဓာတ်ကိုနိုင်စေသောဓာတ်ဆေးတစ်မယ်ဖြစ်ပါတယ်။
(၂) မြင်းသီလာ၊
(၃) ဟင်းရိုင်းနီ၊
(၄) ဆေးဒန်း၊
(၅) ကန့်၊
(၆) စိန်နီမြင်းသွား၊
(၇) ကျောက်ကွမ်းသီး၊
(၈) ရွှေဆတ်ကျောက်၊
(၉) လက်ယာကန့်တိုက်၊

စသောနာမ်ဓာတ်တို့သည်နာဓာတ်ကိုအထူးနိုင်စေတတ်သော သတ္တိထူးများရှိကြပါသည်။

ထို့ကြောင့် ကျွမ်းကျင်လိမ္မာသောအဂ္ဂိရတ်ပညာရှင်သည်မိမိတို့၏အာစရိယဝါဒနည်းပညာပါအတိုင်း နာဓာတ်ကိုအထက်ပါရုက္ခမူမြစ်ချင်းပြီးဆေးပင်များနှင့်သော်လည်းကောင်း-

ထိုရုက္ခမူဆေးပင်များထဲမှတမူထူးခြားသည့်ဟင်းနုနယ်အနီဟုဆိုအပ်သောသိုက်ဝင်ဆေးပင်ထူးကိုများရရှိခဲ့လျှင် နာဓာတ်ကိုအထူးပင်အစွမ်းအာနိသင်ထက်မြက်စွာဖြင့်သေအောင်သတ်နိုင်ပါကြောင်းထပ်လောင်းတင်ပြပေးခြင်ပါတယ်။

ထိုသို့နာဓာတ်ကိုအစွမ်းထက်သိုက်ဝင်ဆေးပင်တို့ဖြင့်စီမံ၍ရရှိလာသော နာသေပြာထူးကိုပိုင်ဆိုင်ခွင့်ရသောသူသည် ၎င်းနာသေပြာအစွမ်းသတ္တိထူးဖြင့် စင်ကြယ်သန့်ရှင်းထားသောနာဓာတ်သားကိုအရည်ဖျော်ပြီးထိုနာရည်ပျော်ထဲသို့သိုက်ဝင်ရုက္ခမူနာသေပြာရွှေးကြီးစေ့လောက်ပေါက်ထည့်ပေးလိုက်သည်နှင့်၎င်းနာရည်ပျော်ဓာတ်များသည် နရဏီဓာတ်အဖြစ်သို့ ရောက်သွားပေသည်။

(အဂ္ဂိရတ်ဝါသနာရှင်လူတစ်သိန်းမှာမှတစ်ယောက်အလွန်ဖြစ်မြောက်ဖို့ရန်ပင်လွန်စွာကိုခဲယဉ်းစွာရရှိနိုင်မည့်ကံထူးလှသည့် အခွင့်ရေးပင်ဖြစ်ပါတော့သည်)

ထိုသို့သော ကံအထူးကိုမခံစားရပေမယ့်လည်းမှန်ကန်ပြီးစနစ်ကျတဲ့နည်းလမ်းများနှင့်ပြုလုပ်စီမံထားသောကောင်းမွန်သန့်ရှင်းစွာဖြင့်ရရှိထားသော နာသေပြာသည်လည်း အမြိုက်ဆေးတစ်ပါးဖြစ်ပါတယ်။

ကောင်းစွာစီမံထားသော နာသေပြာသည် အရသာချို၏၊ အနည်းငယ်ခါး၍ သက်သောအရသာရှိ၏။ ခေါင်းပါးသောဂုဏ်ရှိ၏။ (လူခန္ဓာကိုယ်တွင် မလိုလားအပ်သောအညစ်ကြေးမလများပွားစည်းမိ၍ အပြစ်ပြုလာသော ကိုယ်တွင်းဖောရောင်လာခြင်း အနာပေါက်၍ပြည်အညစ်ကြေးများ စုအောင်းလာခြင်း ဒုလာသရောနာ စသောရောဂါများတွင် နာသေပြာ၏ခေါင်းပါးသောဂုဏ်၏သတ္တိအစွမ်းကြောင့်ပင် ရောဂါသက်သာပျောက်ကင်းမှုကို ရရှိစေပါတယ်) ဝမ်းမီးကို ပွားစေတတ်၏။ လေရောဂါ၊ အစာအိမ်ရောဂါ၊ မြင်းသရိုက်ရောဂါ၊ သလိပ်ဖောက်ပြန်သောရောဂါ၊ မီးယပ်ရောဂါ၊ ကိုယ်တွင်းမှ အလွန်ဖြစ်သောကျင်ငယ်၊ ချွေး၊ သွေးစသည်ယိုစီးမှုကိုပျောက်ကင်းစေသည်။

ကျောက်ကပ်၊အသည်း၊အရိုးတို့ကိုအားကောင်းစေသည်။ဝမ်းပျက်ဝမ်းကိုက်နာတာရှည်ဝမ်းသက်ရောဂါ၊ အူရောင်ရောဂါပိုးရောဂါ၊ မြင်းဖုရောဂါ၊ ခယရုပ်မြစ်ခြောက်ရောဂါများကို ပျောက်ကင်းစေသည်။

နာသေပြာ၏ ချုပ်စေတတ်သောသတ္တိထူးကြောင့် သားအိမ်မှသွေးယိုစီးခြင်း အနာပေါက်ရောဂါများမှသွေးယိုစီးခြင်းတို့ကို သက်သာစေပါတယ်။ အစာအိမ် အချဉ်ပြန်ရောဂါ၊ ကျပ်ပတီးနာ၊ ဆီးချိုရောဂါ၊ အာရုံကြောရောဂါများအတွက် ဩသဓဆေးပင်ဖြစ်ပေသည်။

နာသေပြာကို ရောဂါများအတွက်အသုံးပြုနိုင်သောပမာဏမှာ လူနာ၏အသက်အရွယ် ခွန်အား ရောဂါအတိုးအဆုတ်တို့ကိုဆင်ခြင်၍တစ်ရတီ၏ (၄) ပုံ (၁)ပုံမှစ၍ တစ်ရတီအထိအသုံးပြုတိုက်ပေးနိုင်ပါသည်။ကုသပေးသူ ဆရာသမား၏အတွေ့အကြုံဉာဏ်ပညာပေါ် မူတည်ပြီး နာသေပြာကိုအနုပါနရေလဲအမျိုးမျိုးတို့နှင့် တွဲဖက်၍တိုက်ပေးနိုင်ပါသည်။


အထူးအသိပေးစေချင်တာကတော့ ထက်မြက်လှသော ဓာတ်ဆေးမျိုးဖင်နာပြာတို့ကို (အသုံးတတ်လျှင်နတ်ဆေး ဘုရင်ဆိုစမှတ်ပြုကြလေသည်၊သမားထိပ်တင်ဆေး အမည်တွင်စေသော် အသုံးမတတ်လျှင်ဆရာပေါက်တူးအခေါ် ထူးကိုသင်အမြဲသတိပြု၍ကုသရာတွင်မာန်မဝင်နဲ့ဉာဏ်ယှဉ်တွဲ၍သာ ကုသကြပါသမားခင်မင် ဆရာရှင်တို့ဗျား)

*တတိယအပိုင်း (၃)ကိုရှေ့လတွင်*
*ဆက်၍တင်ပြပေးပါမည်*
*ချစ်မိတ်ဆွေများခင်ဗျာ။*

**ဦးမင်းဇင် (ရွှေနဝင်း)**

# အဘဘိုးမင်းခေါင်နှင့် တောင်ပို့တောင့်နတ်

သိန်းဇေယျာ([illegible])



အဘဘိုးမင်းခေါင်ကို ယုံကြည်သူများသည် အဘထံအကူအညီတောင်းခံကြရာတွင် လည်းကောင်း၊ ဆုတောင်းကြရာတွင်လည်းကောင်း၊ ဥစ္စာစနတိုးပွားအောင် ဆောင်ရွက်ပေးပါရန်နှင့် လောကီအတိုက်အခိုက်အန္တရာယ် ကင်းပရန် တို့ကိုဆုတောင်းကြပေသည်။ အောက်ဖော်ပြပါ အဖြစ်အပျက်သည် အိမ်ပြောင်းရွှေ့ကြရမည့် ဇနီးမောင်နှံကို အဘသည် ပဌာန်းဆက်ရှိသူတစ်ဦးကို ဓာတ်စီးပြောဟောချက်များ ဖြစ်ပါသည်။ ရုပ်ပိုင်းသည်သာ အဓိကဟု ဆိုကြသူများအတွက်မူ စိတ်နယ်လွန်ဖြစ်ရပ်များဖြစ်သည်။ ထူးဆန်းသောကိစ္စရပ်များ မဟုတ်ကြောင်း ငြင်းဆိုနေကြသော်လည်း ၎င်းတို့ကိုယ်တိုင် ကြုံတွေ့ရသည့်အခါ တစ်သက်လုံးစွဲကိုင်ခဲ့သည့် ရုပ်ပိုင်းအမြင်ကို စွန့်လွှတ်ရန် ဝန်လေးတတ်ပေသည်။ လက်တွေ့ကြုံမှ ယုံတတ်သူတစ်ဦးအကြောင်း တင်ပြလိုက်ရပေသည်။

*

လွန်ခဲ့သော(၅)နှစ်ခန့်ကဖြစ်လေသည်။ သမိုင်းဘူတာရုံအနောက်ဘက်တွင်ရပ်ကွက်တစ်ခုရှိလေသည်။ ထိုရပ်ကွက်၏ လမ်းတစ်လမ်းအတွင်းသို့ ကိုအောင်ခိုင်တို့ဇနီးမောင်နှံသည် အိမ်ပွဲစားတစ်စုနှင့်ရောက်ရှိနေလေသည်။အိမ်ပွဲစားအမျိုးသမီးက ငှားရမ်းမည့်အိမ်တစ်အိမ်ကို ပြသလေသည်။ သွပ်မိုးပျဉ်ကာ ခြေတံရှည်အိမ်ဖြစ်ပြီး အိမ်အောက်တွင် မြေနီတောင်ပို့ သို့မဟုတ် ခြတောင်ပို့ တစ်ခုရှိလေသည်။

ထိုတောင်ပို့သည် မြေပြင်မှ(၃)ပေခန့် ထိုးထွက်နေလေသည်။ အိမ်ငှားမည့်မမြအေးက အိမ်ကိုကြည့်ပြီး-

"ဟယ်-တောင်ပို့ကြီးနဲ့ပါလား"

ပြောလိုက်ရာ ခင်ပွန်းကိုအောင်ခိုင်က-

"တောင်ပို့လည်း ဘာဖြစ်လဲ တို့က အပေါ်မှာ နေမှာပဲဥစ္စာ"

စကားမဆုံးမီ ပွဲစားအမျိုးသမီးက စကားဖြတ်ပြောလေသည်။

"အဲ့ဒါမို့ ဒီဈေးနဲ့ငှားလို့ရတာပေါ့"

ပွဲစားမ၏ အပြောအဆိုကြောင့် ကိုအောင်ခိုင်အဖို့ အကြောင်းမထူးသော်လည်း ဇနီးသည်မမြအေးသည် မျက်ခုံးတွန့်သွားလေသည်။ မမြအေးသည် တောင်ပို့နှင့် ပတ်သက်နေသည်ကို ထင်မြင်မိသော်လည်း ပွဲစားမကပြောပြမည် မဟုတ်သဖြင့် အိမ်မှာ ငှားရမ်းခဈေးချိုသော်လည်း ယတိပြတ်အဖြေမပေးသေးဘဲ နောက်တစ်ပတ်စောင့်ပါရန် ပြောကြားပြီး ပြန်ခဲ့ကြလေသည်။

*

ထိုအိမ်သို့ပြောင်းသင့်မပြောင်းသင့် ခင်ပွန်းသည်နှင့်တိုင်ပင်ရသည်၊ကိုအောင်ခိုင်က-

"အိမ်လခလည်း သက်သာ၊ သွားရေးလာရေးက မြို့ထဲကိုဆိုတော့အဆင်ပြေပါတယ်ကွ"

ဇနီးသည် မမြအေးကမူ-

"အဲဒါတော့ဟုတ်တာပေါ့။တောင်ပို့ကြီးရှိနေတယ်၊ အဆိုးလားအကောင်းလား မသိနိုင်ဘူးလေ"

"မဆိုင်ပါဘူးမအေးရယ်၊ကိုယ်ကတော့ ထည့်မတွက်ပါဘူး"

"ရှင်ကတော့ ဟုတ်သပေါ့၊ ကျုပ်တော့သိတတ်တဲ့လူကို မေးပြီးမှပြောင်းမယ်တော်"

ဤသို့ဖြင့် ဇနီးမောင်နှံစဉ်းစားကြ

ရလေသည်။ မမြအေးလည်း အသိမိတ်ဆွေများထံစုံစမ်းလေရာ အဘဘိုးမင်းခေါင်မာတ်စီးဟောပြောသူတစ်ယောက်အကြောင်း ကြားသိရလေသည်။ ကြားသိရသည်နှင့်မမြအေးသည်ခင်ပွန်းသည်ကိုခေါ်၍ ဒဂုံမြောက်(၄၂)ရပ်ကွက်သို့ ရောက်ခဲ့ကြလေသည်။ တွေ့ချင်စိတ်ဖြင့် လာခဲ့ကြသော်လည်း ထိုနေ့သည် ဥပုသ်နေ့ဖြစ်သည်ကို သိသော်လည်း ဂရုမပြုမိခဲ့။ ဟောပြောသည့်အိမ်ရောက်သည့်အခါ လှည့်ပြန်ခဲ့ရသည်။ အကြောင်းမူ ဥပုသ်နေ့ဖြစ်သဖြင့် အဘဘိုးမင်းခေါင်မာတ်စီးခြင်းမပြုမှန်း သိခဲ့ရလေသည်။ ယခုတစ်ခေါက်ထပ်ရောက်ခဲ့လေသည်။

အဘကို ပင့်ပေးမည့်အမျိုးသမီးသည် အသက် (၃၀) ကျော်ခန့်ရှိသည်။ ပင်နီပိတ်သားကို ရှမ်းတိုက်ပုံအကျႌပုံစံချုပ်ဝတ်ထားသည်။ ထဘီမှာယောဂီရောင် ဝတ်ထားသည်။ မမြအေးသည် အဘအတွက်ဝယ်လာသော ကွမ်းယာနှင့်ဆေးပြင်းလိပ်ကိုချထားသောပန်းကန်ပြားထဲတွင် ထည့်ပေးလိုက်သည်။

မာတ်စီးမည့် အမျိုးသမီးသည် ဘုရားဆောင်ရှေ့တွင်ထိုင်ကာမမြအေးတို့ဘက် လှည့်ထားသည့် ဘုရားဆောင်အောက် စားပွဲခုံပုပေါ်တွင် အဘဘိုးမင်းခေါင်၏ထိုင်လျက် ပုံတော်ရှိသည်။အဘရှေ့တွင် ကန်တော့ပွဲထိုးထားသည်။ ရေနွေးကြမ်း ပန်းကန်လုံးကြီးကြီးတစ်လုံးကိုလည်း တွေ့ရသည်။ အမျိုးသမီးသည် ပုဆစ်တုပ်ထိုင်ကာ ငြိမ်သက်စွာအာရုံပြုနေသည်။ မိနစ်ပိုင်းအတွင်းအမျိုးသမီးသည်ပုဆစ်တုပ်ထိုင်ထိုင်နေရာက အဘဘိုးမင်းခေါင်ထိုင်သည့်အတိုင်း ညာခြေကို ဘယ်ပေါင်တွင်တင်ကာ ထိုင်လေသည်။ ဆက်ကပ်ထားသော ကွမ်းယာကိုတစ်ယာပြီးတစ်ယာဝါးလေတော့သည်။ မီးညှိထားသောဆေးပြင်းလိပ်ကို ရဲခနဲ ရဲခနဲ ဖွာလေသည်။ ကိုအောင်ခိုင် ကို စူးစိုက်ကြည့်ပြီး-

"မင်းက သဘက်ဘဝက လာတာကိုးကွ၊ မင်းအဖေက သရဲဘဝက လာတာ။ ဒါကြောင့် မင်းအဖေက မင်းကို ကြောက်တယ်၊လန့်နေတာပေါ့ကွ ဟုတ်လား"

ကိုအောင်ခိုင်နှင့်မမြအေးတို့သည် အဘပြောစကားကြားရသည်နှင့် အံ့ဩမိလေသည်။ ထို့ထက်ပို၍ အံ့ဩစေသည့် စကား ဆက်ပြောလေသည်။

"မင်းရဲ့ကိုယ်မှာ မှဲ့နီစလွယ်သိုင်းရှိတယ်။မင်းတို့ရဲ့သားကသိုက်ချုပ်ရဲ့မြေးကွ၊ သာသနာပြုလိမ့်မယ်"

အဘသည် စကားပြောခြင်းခဏရပ်ကာကွမ်းယာဝါးပြန်လေသည်၊ကိုအောင်ခိုင်လည်း အဘပြောချက်များဒက်ထိမှန်ကန်သဖြင့် မေးရသည့်ကိစ္စကို မေ့လျော့နေလေသည်။ မမြအေးသည် အခုငှားရမ်းမည့်အိမ်ရှိ တောင်ပို့အကြောင်း မေးရန် တွေးမိလေသည်။ အဘသည် ကွမ်းတံတွေးကို ပျစ်ခနဲထွေးပစ်လိုက်ပြီး-

"နင်တို့ အခုပြောင်းမည့်အိမ်မှာ တောင်ပို့ရှိတယ်၊ မေတ္တာသုတ် ရွတ်ပေး၊ နွားနို့ကပ်ပေး"

သည်တစ်ခါအံ့ဩရသူမှာမမြအေး၊ မေးချင်သည်ကိုတွေးရုံမျှတွေးရသေးသည် အဘက ကြိုသိပြီးပြောပြနေသည်။ မမြအေး ဆက်မမေးမီ အဘမာတ်စီးမှုသည် ပြီးစီးသွားလေသည်။ အမျိုးသမီးသည် ကွမ်းများစားခြင်း၊ ဆေးပြင်းလိပ်ကို ဖွာခြင်းပြုခဲ့သော်လည်း မူးဝေခြင်းအလျှင်းမရှိသည်ကို တွေ့ရသော ကိုအောင်ခိုင်သည် မည်သို့ ကောက်ချက်ချရမည်မှန်းနားမလည်တော့ပေ။ အဘကန်တော့ပွဲရေစင်ဖိုးငွေ(၂၀၀)ကန်တော့ခဲ့လေသည်။ လမ်းတွင် မမြအေးက မရှင်းမရှင်းဖြစ်နေသော ကိုအောင်ခိုင်သရဲဘဝကို မေးလေသည်။

"အစ်ကိုတို့သားအဖက သရဲ သဘက်ဘဝက လာတယ်လို့ အဘဘိုးမင်းခေါင်ပြောတာ ဟုတ်လားဟင်"

"ဟုတ်တာပေါ့၊ ဟုတ်လွန်းလို့ ခက်နေတာပေါ့"

"ဘယ်လို ဘယ်လို ရှင်းပါဦး အစ်ကိုရာ"

ကိုအောင်ခိုင်သည် အောက်ပါအတိုင်း ပြောပြလေသည်။

"အစ်ကိုနဲ့အဖေ ပုပ္ပားဘက်ဘုရားဖူးရောက်တုန်းက ပုပ္ပားတောင်ကလပ်ပေါ် ရောက်ခဲ့တယ်။ အဖေကတော့ တရားထိုင်တယ်လေ။ အစ်ကိုကတော့ ဟိုလိုလို ဒီလိုလိုပဲ။ အဖေက အစ်ကို့ကို ဩဇာပေးလို့မရဘူးဘုနဲ့ဘောက်ချည်းပဲ။ အဲ ဇရပ်တစ်ခုမှာတည်းနေတုန်း ဆရာလှဆိုတဲ့ယောဂီဝတ် အဘတစ်ဦးနဲ့တွေ့တယ်။ နောက်မှသိရတာက ပုပ္ပားဆရာလှဆိုတာ သိရတယ်။ တို့ အခုအဘဘိုးမင်းခေါင်ပြောတဲ့အတိုင်း ကွက်တိ မှန်တာပဲ။

နောက်တစ်ခေါက် ပုပ္ပားတောင်မှာသွားရှာတော့မတွေ့ရတော့ဘူး။ထွက်ရပ်ပေါက်ပုဂ္ဂိုလ်လို့ ထင်ရှားတယ်တဲ့။

မှန်လွန်းအားကြီးလို့ အစ်ကိုလည်းဘာပြောရမှန်းမသိအောင်ဖြစ်ပြီး ပါးစပ်ထဲအာစေးထည့်ခံရသလို ဖြစ်သွားတာကို ညီမအမြင်ပဲလေ"

**တောင်ပို့နဲ့အိမ်**

ကိုအောင်ခိုင်နှင့်မမြအေးတို့သည် တောင်ပို့ရှိရာအိမ်သို့ ပြောင်းရွှေ့ကြလေသည်။ ပြောင်းရွှေ့သည့်နေ့တွင် ပစ္စည်းများကိုနေရာချထားရသဖြင့် အိမ်အောက်သို့ရှင်းလင်းခြင်းမပြုရသေးပေ။ မှာထားသည့်ကားမှာ အချိန်နောက်ကျပြီးမှ ရောက်လာသဖြင့် မွန်းလွဲအချိန်မှ ပစ္စည်းတင်သယ်ရွှေ့ကြရလေသည်။တစ်နေ့လုံး ပင်ပန်းကြလေသည်။ ထိုနေ့ည (၉)နာရီကျော်သည်နှင့်မိသားစု (၃)ဦးသည် အိပ်ယာဝင်ခဲ့ကြလေသည်။ ညဉ့် (၂)နာရီခန့်အချိန်တွင် (၂)နှစ်သားမောင်ပြည့်ဖြိုးသည် ကျယ်လောင်စွာအသံပြုကာ အော်ဟစ်ငိုကြွေးလေတော့သည်။ ကိုအောင်ခိုင်နှင့်မမြအေးလည်း ကလေးငိုသံကြောင့် နိုးကြလေသည်။ မမြအေးသည် သားငယ်ကို ပွေ့ဖက်ရင်း-

"သားဘာဖြစ်လို့လဲ မေမေကြီးရှိတယ်လေ တိတ် တိတ်"

ဟုချော့ရလေသည်။ကိုအောင်ခိုင်လည်းမီးများကိုဖွင့်လေသည်။ သားငယ်သည် ကြောက်စရာတစ်စုံတစ်ခုကိုတွေ့နေရသည့်နှယ်အော်ဟစ်ငိုကြွေးပြန်လေသည်။ သားမေ်ပြည့်ဖြိုးသည် အိမ်အောက်ဆီသို့ လက်ညှိုးထိုးကာ ရှိုက်ကြီးတငင်ငိုပြန်လေသည်။ ထိုအခါမှ ဇနီးမောင် နှံသည် အိမ်အောက်တွင်ရှိသော တောင်ပို့ကို သတိရလေသည်။အပြောင်းအရွှေ့ကိစ္စကြောင့် ဂရုမပြုမိသော တောင်ပို့ကို သတိရသလို အဘဘိုးမင်းခေါင်၏ မှာကြားချက်ကိုလည်း သတိရလေသည်။ ယခုအချိန်ကျမှ နွားနို့ကပ်ရန် မဖြစ်နိုင်ပေ။ မမြအေးက-

"အစ်ကို သောက်ရေသွားကပ်ပေးပါလား"

ကိုအောင်ခိုင်သည် အထွေအထူးမစဉ်းစားနိုင်တော့ဘဲ ဖန်ခွက်တစ်ခုတွင် ရေထည့်ပြီး အိမ်အောက်သို့ ဆင်းလေသည်။

မီးလုံးမှိန်မှိန်တွင်တောင်ပို့ကို ထင်ရှားစွာတွေ့နေရသည်၊ အစွန်းတစ်ခုပေါ်တွင် သောက်တော်ရေဖန်ခွက်တင်ကာ မတ်တပ်အနေအထားဖြင့်ပင် လက်အုပ်ချီလေသည်။

"အမှားရှိရင် ခွင့်လွှတ်ပါ တောင်ပို့စောင့်ရှောက်သူများ ခင်ဗျား"

# ကျောက်ကပ် မကောင်းသူများစားစေချင်

**စိုးလင်းအောင်(မြန်အောင်)**

မနေ့က လှိုင်မြင့်သန်း အသုဘကို သွားရသည်။ အသက်(၅၀)ကျော်ကျော်လေးတွင်သေဆုံးသွားပြန်ပါပြီ။ ကျောက်ကပ်မကောင်းသဖြင့် မျက်နှာတွေ၊ ခြေခုံတွေဖောရောင်ပြီး သေဆုံးသွားခြင်းဖြစ်သည်။

သူမသေခင်တစ်ရက်ကနှမဖြစ်သူကို 'မမလေးရယ် ငါ့ကိုဆေးကုပေးပါဟယ်၊ ငါမသေချင်သေးဘူးဟာ'ဟုပြောကြောင်း နှမဖြစ်သူ မသန်းအေးက မျက်ရည်လည်လည်ဖြင့်ပြောပြပါသည်။ လှိုင်မြင့်သန်းမှာ အရက်လည်းမသောက်ပါ။ အရက်သောက်ပြီး ကျောက်ကပ်ထိကာ ဖောရောင်နေသူများ ရွာထဲတွင် တော်တော်များများ ရှိသည်။ လှိုင်မြင့်သန်းမိန်းမ နောက်လင်ယူသွားတာကြာပါပြီ။ သူနှင့်ရသောကလေးကလည်း အမေနှင့်သွားနေသဖြင့် သူမှာအချစ်လည်းရှုံး၊ ဘဝလည်းဆုံးခဲ့ရသူဖြစ်သည်။ တစ်ယောက်တည်းနေရသူဖြစ်၍ သူ့အသုဘကိုဝိုင်းဝန်းကူညီကြသည်။

ကျောက်ကပ်ထိလျှင် မလွယ်လှပေ။ စာရေးသူ၏အစ်ကို အစ်ကိုစိုးဝင်းရှိစဉ်က ကုန်သွယ်လယ်ယာမှာလုပ်ရင်းရက်ရှည်လများ အသောက်များလာပြီး ခြေခုံလက်ခုံတွေ ရောင်လာသည့်အပြင် ဗိုက်ကြီးလည်း ကျောက်ပြင်ကြီးလိုဖြစ်လာသည်။ သူ့အထက်အရာရှိက-

"ဟေ့ကောင် စောစောစီးစီး ဆေးကုနော် လွန်သွားရင်မလွယ်ဘူး။ကျောက်ကပ်ထိသွားရင်ရေနဲ့ဆေးတောင် (၁၀) သိန်း၊ သွေးနဲ့ဆေးရင်သိန်း(၃၀)လောက် (၂၀၀၆ ခုနှစ်က) ကုန်မှာ"

ဟုပြောသော်လည်းမရ။သောက်မြဲသောက်နေခဲ့ရာ အချိန်လွန်မှ ဆေးရုံတက် ကုသ၏။ (၂) ရက်ကျော်ကျော်လောက်တွင် ဆေးရုံမှာပင် သေဆုံးသွားခဲ့ပါသည်။ ဆေးကုသချက် လက်ဦးမှုရရန်အထူးအရေးကြီးပါသည်။

"အရှေ့မှာ လူစုစုနဲ့ဘာဖြစ်နေတာလဲလေးလေး"

ကနောင်မှ ဈေးလာရောင်းသော သေးသေးမက စာရေးနေသော စာရေးသူကို လှမ်းမေးလိုက်၏။

"လှိုင်မြင့်သန်းသေလို့ဟ၊ကျောက်ကပ်မကောင်းလို့တဲ့ သူမသေခင် ခြေခုံတွေ၊ လက်ခုံတွေ ရောင်နေတယ်လို့ပြောကြတယ်"

"အမလေးလေးလေးရယ် ကျောက်ကပ်မကောင်းတာများလက်တွေ့ပျောက်တဲ့ဆေးနည်းနှစ်ခု ကျွန်မပြောပြမယ်"

"အေးပြောပါဦး၊ ငါစာထဲထည့်ရေးရတာပေါ့"

"ဒီလိုလေးလေးရေ မြောက်ပိုင်းက မမြင့်ရီမရှိတုန်းက ဆေးနည်းပါ။ (သေးသေးမက ကုန်းတစ်လုံးကျောင်းကုန်းရွာမှကနောင်သို့သွား၍အိမ်ထောင်ကျသူဖြစ်၏) သူရှိတုန်းက ကျောက်ကပ်မကောင်းလို့ မျက်နှာတွေခြေခုံတွေတစ်ကိုယ်လုံးလိုလိုပါ လေးလေးရယ် ရောင်နေတာ။ နီးစပ်ရာဆေးမြီးတိုတွေနဲ့ လုပ်လည်း မပျောက်ဘူး။ ဆေးထိုးတယ် မရဘူး။ နောက် မြန်အောင်ပြောင်းသွားတဲ့လူက ပြောလို့တဲ့ မမြင့်ရီယောက်ျားကိုဌေးက လယ်ကွင်းထဲထွက်ပြီး ခရုမျက်ပြူ (ချောင်းထဲ၊ မြစ်ထဲတွေ့ရသော ခရုချွန်မဟုတ်ပါ) သွားကောက်တယ်။ အစိမ်းသုပ်ကျွေးတယ်၊ ပြုတ်ပြီးအဆံထုတ်လို့ သုပ်ကျွေး၊ ကြော်ကျွေးတာနဲ့ သိသိသာသာအဖောအရောင်တွေသက်သာသွားတာ။ ခုတော့ မမြင့်ရီမကြီးလည်း အသက်ကြီးလို့သေသွားပါပြီ။

နောက်တစ်ယောက် ပြောရဦးမယ်။ သူက ကျွန်မယောက်ျားရဲ့ညီပေါ့။ သူက သဘော်လိုက်တယ်၊ သဘော်ဆိုတော့ ဘေးမှာစီဘီတွဲတွေနဲ့ ကျောက်တင်၊ ကျောက်ချ တာလီမှတ်ရတယ်။ နေပူပူထဲ သံပြားပူပူပေါ်မှာ အလုပ်လုပ်ရတာကြာတော့ ကျန်းမာရေးထိခိုက်လာပြီး အိမ်ပြန်လာတာပေါ့။ သဘော်ကုန်းပေါ်က မဆင်းနိုင်လို့ ကျွန်မယောက်ျားက သွားပြီးတွဲခေါ်ခဲ့ရတာ။

ကနောင်ဆေးခန်းသွား ဆေးထိုးတယ်။ တစ်နေ့သက်သာနိုး သက်သာနိုးနဲ့လေ။ နောက်ရက်ကျတော့ ဆရာဝန်ဦးမောနားက ဖွင့်ပြောရော ကျောက်ကပ်မကောင်းတာတဲ့၊ ဆေးရုံတက်ရမယ်တဲ့။

အကျပ်ရိုက်သွားတာပေါ့ လေးလေးရာ၊ စာရေးသောက်ရေးတောင် အခက်အခဲဖြစ်နေတာ။ ဆေးရုံတက်ရင်ကုန်မှာလေ။ အဲဒါနဲ့ ဆေးရုံတက်ဖို့ ဆွေမျိုးတွေဟိုစုဒီစု စုနေတုန်း ဈေးထဲက ဦးလေးတစ်ယောက်ရောက်လာပြီး ပြောတယ်။ အခြေအနေကို သူသိသွားတော့ နေကြဦး၊ ဆေးရုံမတက်နဲ့ဦး၊ ငါအကြံတစ်ခုပေးမယ်၊ လက်တွေ့ပျောက်တဲ့ ဆေးဆိုပြီးညွှန်လိုက်တာ လေးလေးရာ။

မြစ်ထဲ၊ ချောင်းထဲ၊ ဆည်မြောင်းချောက်ထဲမှာတွေ့တဲ့ ဗေဒါပင်သိတယ်မဟုတ်လား။ အပွင့်ပြာပြာလေးတွေ ပွင့်တယ်လေ။ အဲဒီဗေဒါပွင့်ကို တို့စားတဲ့။

အမလေးလေးလေးရာ ဗေဒါတစ်ပွင့်တောင်မကုန်သေးဘူး၊ အဖောအရောင်တွေ အကုန်ကျသွားပြီး သက်သာသွားလို့ ဆေးရုံမတက်လိုက်ရတော့ဘူး လေးလေးရေ"

ဟုပြောကာအနောက်ပိုင်းသို့ဈေးဖိုးတောင်း ထွက်သွားပါသည်။

ထို့ကြောင့်ကျောက်ကပ်မကောင်းဘူးဟု အတိအကျသိပါက ခရုမျက်ပြူ (ခရုဝိုင်း)ကိုသုပ်စားကြော်စားကြည့်ပါ။ ဗေဒါပွင့်ကို တို့စားကြည့်ကြပါလို့ အကြံပေးလိုက်ပါရစေ စာဖတ်သူတို့ရေ။

ဆေးနည်းပြောပြသော ကနောင်ဈေးသည် သေးသေးမအားကျေးဇူးတင်စွာဖြင့်. . . ။

*သမ္မာဆန္ဒပြည့်ဝကြပါစေ။*

**စိုးလင်းအောင်(မြန်အောင်)**

---

ကိုအောင်ခိုင်သည် တောင်းပန်ပြောဆိုပြီး အိမ်ပေါ်သို့ ပြန်တက်ခဲ့လေသည်။ ကလေးငယ်သည် အော်ဟစ်ငိုကြွေးခြင်းမပြုသော်လည်း တဟင့်ဟင့်ရှိုက်လျက်ရှိလေသည်။ အဘဘိုးမင်းခေါင်မှာသည့်အတိုင်း ယသာနုဘာဝတောယက္ခာ အစချီ မေတ္တာသုတ်ကို နှစ်ဦးသား ပြိုင်တူရွတ်ဆိုလေသည်။ ခဏကြာလေလျှင် ၎င်းတို့၏ရင်သွေးငယ်သည် ကောင်းမွန်စွာ အိပ်မောကျသွားလေတော့သည်။

နံနက်ရောက်သည်နှင့် ကိုအောင်ခိုင်တို့လင်မယား တောင်ပို့ဝန်းကျင်တွင်သန့်ရှင်းရေးလုပ်ပေးသည်။ သဲဖြူခင်းကာ ရာဇမတ်ကာထားပေးသည်။ နွားနို့ကပ်လှူပေးသည်။ တောင်ပို့၏အထက်တည့်တည့်အိမ်ပေါ်တွင် မြေဖြူဖြင့်အဝိုင်းသင်္ကေတအမှတ်သားပြုကာ ထိုစည်းဝိုင်းအတွင်းသို့ ဝင်ရောက်ခြင်းမပြုကြပေ။ ထိုနေ့မှစ၍ မိသားစုသည်စိတ်ချမ်းသာစွာနေထိုင်နိုင်ကြလေတော့သည်။

**ဟိန်းဇေယျာ(စံမြင့်မြတ်)**

# ဘဝပျက်ချိန်ရောက်မှ ချမ်းသာလာသူ

ရိုးကျွန်း(ဥမ္မာ)

ခေါင်းစဉ်ကြီးက ဘာကြီးလဲဟာလို့ ထင်စရာပါပဲ၊ တကယ်ဆိုရင်ဘဝတောင်ပျက်နေမှတော့ ချမ်းသာစရာအကြောင်းကိုမရှိနိုင်ပါဘူး။ ဒါပေမယ့် ဦးကံထူးကတော့နာမည်နဲ့လိုက်အောင် ဒီဖြစ်စဉ်နဲ့ဆန့်ကျင်ဘက်ကြီးပါပဲ။ လူတစ်သိန်းမှာ တစ်ယောက်ကြုံဖို့မလွယ်ပါဘူး။ ဘဝဆိုတာတစ်ခါတရံသဘာဝကပိုပြီးဆန်းကျယ်နေတတ်ပါတယ်။ ဒါကြောင့် ကျွန်တော်က သူငယ်ချင်းဦးကံထူးအကြောင်းကိုတော့ မှတ်တမ်းတင်သင့်တဲ့အကြောင်းအရာဆိုပြီး အခုလိုရေးဖြစ်ခဲ့တာပါပဲ။ ဒီလူက ဟိုဆိုရှယ်လစ်ခေတ်တုန်းက တင်းပြည့်ပုဂ္ဂိုလ်ကြီး၊ မြို့ထဲမှာဩဇာတိက္ကမ



ကလည်းကြီးပ။ တော်တော်တန်တန် ပုဂ္ဂိုလ်တွေကသူ့ကိုဘယ်လာကျော်ရဲပါ့မလဲ။ဒီတော့အရှိန်အဝါကြီးမားတုန်း တိုက်ဆောက်ဖို့ ဘဏ်ကနေသိန်း (၆၀) ချေးလိုက်တယ်။ အဲဒီအချိန်က သိန်း (၆၀) ဆိုတာ ခုအချိန်မှာတော့ သိန်း (၆၀၀) လောက်နဲ့ ညီမျှမယ်ထင်ပါတယ်။

ဘဏ်ဆိုတာ လုပ်ငန်းရှိမှချေးတာလေ။ စီးပွားရေးလုပ်ငန်းတစ်ခုပြနိုင်မှ ချေးမယ်ဆိုတာကိုလည်း အမြင်ကျယ်တဲ့ဦးကံထူးက သိပြီးသားပါ။ သူ့ရဲ့အိမ်ကိုလာစစ်တော့အိမ်ရှေ့မှာဆန်ဂိုထောင်တစ်လုံးဆောက်ပြီး ဆန်အိတ်တွေကို အပြည့်ထည့်လိုက်တယ်။ အိမ်ရှေ့မှာတော့ အထက်မြန်မာပြည်ဆန်ပို့ဆောင်ရေးယာဉ်လို့စာတမ်းပါတဲ့ကားတစ်စီးကရပ်လျက်၊ ဒါတွေက ဟန်ပြတွေပါ။ စစ်ဆေးရေးအဖွဲ့ကလည်း စည်းကမ်းချက်နဲ့ညီနေတော့ အလိုရှိတဲ့သိန်း(၆၀)က ဝေါခနဲ ရောက်လာပြီပေါ့။

ဘဏ်ဆိုတာ တကယ်ကိုအတိုးသက်သာပါတယ်။ဒါကိုဦးကံထူးကဘဏ်တိုးကို ဘယ်လာမှုပါ့မလဲ။ငွေတွေကိုအိမ်ရှင်မအပ်၊ အပြင်မှာပစ္စည်းနဲ့ဆို(၅) ကျပ်တိုး၊ပစ္စည်းမပါရင်(၁၀)တိုးနဲ့ချေးပါတယ်။ နေ့ပြန်တိုးသမားတွေက ဆရာကတော်ဆီကယူပြီး(၂၀)တိုးနဲ့ပုံကျချေးသည်တွေကို ဖြန့်ကြတာပေါ့။ ကံတရားဆိုတာ ကံကောင်းချိန်နေမှာတော့ လွှတ်ကောင်းပေါ့ဗျာ။ ရလိုက်တဲ့ငွေတွေ သောက်သောက်လဲပါပဲ။ ဒါကြောင့် ဦးကံထူးက ကျပ်ကဘယ်တော့မှလာဘ်မစားဘူး။မှန်တဲ့အလုပ်ပဲလုပ်မယ်ဆိုတဲ့ မင်္ဂလာရှိတဲ့ ဂုဏ်ကို သူ့လည်ပင်းမှာ အသေချိတ်ဆွဲထားပါတယ်။အရှိန်အဝါကြီးသူဆိုတော့ ဘယ်သူမှသူ့ကို မကျော်ရဲပါဘူး။

ဒီလိုနဲ့လကနေနှစ်တွေပြောင်းလာတယ်။ ဦးကံထူးက သူရမယ့်အတိုးတွေကိုသာ ငွေယူသူတွေဆီက မရရအောင်တောင်းနေတယ်။ ဘဏ်ကြွေးကျတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင်မထင်ပါဘူး။ ဘဏ်ဆိုတာ (၄)လစာအတိုးမပေးတာနဲ့အရင်းနဲ့အတိုးကိုပေါင်းပြီး ချေးငွေထဲမှာ သတ်မှတ်တာကိုမသိတာဘဲလား၊ မသိချင်ယောင်ဆောင်တာများလား။ ဒါတော့ သူ့ဘာသာသူပဲ သိပါလိမ့်မယ်။ ဘဏ်ကပုဂ္ဂိုလ်တွေကလည်း ဦးကံထူးအရှိန်အဝါကိုကြောက်တာကြောင့်ဘဏ်တိုးလာမဆပ်လည်း ဘယ်သူမှ မပြောရဲကြပါဘူး။

ခေတ်ရဲ့ရေစီးကြောင်းဆိုတာအမြဲပြောင်းလဲတဲ့သဘောရှိတယ်မဟုတ်လား။ ၁၉၆၂ ခုနှစ်က ထူထောင်ခဲ့တဲ့စနစ်ကြီးတစ်ခုက(၂၆)တာကာလမှာတော့ပြောင်းလဲခြင်းသဘောတရားတွေအရ ပြောင်းလဲသွားပါပြီ။ အခုတော့ ဦးကံထူးတစ်ယောက် တင်းပြည့်တောင်းပြည့်မဟုတ်တော့ပါဘူး။ဒါကြောင့်သာမန်အရပ်သားပြန်ဖြစ်သွားတယ်ပေါ့။ ဒီလိုအရပ်သားဖြစ်တာတောင်ဘဏ်ကသူ့ရဲ့အရှိန်အဝါလက်ကျန်လေးတွေရှိနေသေးလို့ တရားမစွဲသေးပါဘူး။ မင်္ဂနီမှတ်ချက်စာရင်းမှာတော့ ထည့်ထားလိုက်ပါပြီ။ နောက်တော့ ဘဏ်အရာရှိအသစ်က စာရင်းတွေလည်းစစ်လိုက်ရောဦးကံထူးကိုတရားစွဲဖို့ လုပ်တော့တာပါပဲ။

အတိုးနဲ့အရင်းပေါင်းလိုက်တော့ သိန်း (၁၁၀) ဖြစ်နေပါပြီ။ ဘဏ်ငွေတွေနဲ့အတိုးအရင်းပွားစီးရာက ဆောက်ထားတဲ့ နှစ်ထပ်တိုက်လှလှပပလေးကတော့ မျက်နှုံးလှုပ်နေပြီပေါ့။ သိန်း(၆၀)ချေးတာက ဒီလောက်တောင် တက်ရသလားလို့ ကိုယ်မပေးတဲ့အတိုးတွေကိုတော့ နည်းနည်းလေးမှထည့်ပြီးမတွက်ပါဘူး။ ကျွန်တော့်ဆီကို ဥပဒေအကြံဉာဏ်လာပြီးတောင်းပါတယ်။ကျွန်တော်က ဒဲ့ပဲပြောလိုက်တယ်။ ရှေ့နေမငှားနဲ့ ပိုက်ဆံကုန်တာပဲ အဖတ်တင်မယ်၊ ဘဏ်နဲ့ဖြစ်ရင်ရှုံးမှာပဲ။ ဖြောင့်ဆိုဝန်ခံလိုက်၊ လေလံတင်ရောင်းချတော့မှ ကာလပေါက်ဈေးကိုတင်ပြ။ ခင်ဗျားတိုက်က (၁၈၀) လောက်ရနိုင်ပါတယ်။ ကိုယ်တိုင်ရောင်းပြီး ငွေဆပ်ရင်လည်း ဘဏ်က လက်ခံတယ်။ ဘဏ်ကတော့ လေလံမအောင်မခြင်းတစ်ရစ်ကို (၅)သိန်းလျှော့ပြီးလေလံတင်လိမ့်မယ်။ ဒါကကျွန်တော်ပေးတဲ့အကြံဉာဏ်ပါ။

ကျွန်တော့်မိတ်ဆွေဝန်ခံတာတောင်ချက်ချင်းပြီးမသွားပါဘူး။ ကြမ်းခင်းဈေးကိုဘဏ်ကသိန်း (၁၂၀) သတ်မှတ်လိုက်တယ်။ ဦးကံထူးက ကျွန်တော်ပြောသလိုသိန်း (၁၈၀)သတ်မှတ်တော့ကွာဟချက်ကို တရားရုံးကစစ်ဆေးရတော့မှာပေါ့။ သက်သေတွေစစ်လို့လည်းပြီးရောတရားရုံးက သိန်း (၁၅၀)နဲ့ လေလံတင်ရောင်းချဖို့အမိန့်ချမှတ်လိုက်ပါတယ်။ တရားစွဲချိန်ကနေ လေလံတင်တဲ့အထိ တစ်နှစ်နဲ့ခြောက်လကြာမှလေလံတင်ဖြစ်တာပါ။ လုပ်ထုံးလုပ်နည်းတွေနဲ့အညီဆောင်ရွက်နေရတော့အရပ်ထဲမှာရောင်းသလိုဘယ်လာ မြန်ပါ့မလဲ။

တကယ်အရောင်းအဝယ်ဖြစ်တဲ့ဈေးကသိန်း (၁၃၀)၊ သိန်း (၁၁၀) နဲ့စွဲခဲ့လို့သိန်း(၂၀)ပိုမယ်မထင်ပါနဲ့။ တရားစစွဲချိန်ကစပြီးပြီးတဲ့အထိတက်နေတဲ့အတိုးကို ထပ်ပြီးနုတ်ရပြန်တော့ ဦးကံထူးတစ်ယောက်(၁၅)သိန်းတော့ရလိုက်ပါတယ်။ အခုတော့ သူပိုင်ဆိုင်ခဲ့တဲ့ပေ(၄၀)ပေ(၆၀) မြေကွက်နဲ့ နှစ်ထပ်တိုက်ကြီးကသူများလက်ထဲရောက်သွားပါပြီ။သားသမီးနှစ်ယောက်ရှိပါတယ်။ ဘဏ်ကတရားစွဲမယ်၊သိုးသိုးသန့်သန့်ကြားတာနဲ့ သူတို့တွေကို ကိုယ်ပိုင်တိုက်ခန်းလေးတွေဝယ်ပေးထားပါတယ်။ ဒီသားနဲ့သမီးတွေမိဘမှာအိမ်ခြေရာမဲ့ဖြစ်တာသိလိုက်တာနဲ့ ငါတို့ဆီများလာပြီးနေမလား ဆိုတဲ့လန့်နေတဲ့မျက်နှာပေးတွေ အထင်သားပေါ်နေတယ်။ ဒါကိုလည်း ဦးကံထူးကဒီသားသမီးတွေမပြောဘဲ သူက သိနေတယ်လေ။ ဦးကံထူးက တင်းပြည့်ကြီးပဲ၊ ဒီလောက်တော့ လူရိပ်လူကဲကို နားလည်တာပေါ့။

ဒါကြောင့် ဦးကံထူးက ဘယ်သားသမီးအရိပ်ကိုမှခိုဖို့စိတ်မကူးပါဘူး။ သူကိုယ်တိုင်က မျက်စိကြီးနားကြီးဖြစ်ခဲ့တဲ့လူကြီးတစ်ယောက်ပဲ။ ဘဝကို အသစ်ပြန်စဖို့ ဆုံးဖြတ်လိုက်တာပေါ့။ ပထမဆုံး ပုသိမ်မြို့ထဲကိုစနည်းနာကြည့်လိုက်တယ်။ တွေ့ပါပြီ၊ ကိုသိန်းရပ်ကွက် အရှေ့ဘက်လယ်ကွက်တွေကို မြို့မြေကွက်အဖြစ်ဝန်ကြီးချုပ်က အတည်ပြုလိုက်ပြီတဲ့။ မြို့နယ်မြေစာရင်းကလည်းလယ်ယာမြေစာရင်းက ပယ်ဖျက်လိုက်ပြီတဲ့။ ဒီလယ်တွေကစိုက်ပျိုးလို့လည်း မဖြစ်ထွန်းတော့ဘူး။ လယ်ကောတွေလိုဖြစ်နေတာတဲ့။ ပြီးတော့ ရေနက်ကွင်းမျိုးမဟုတ်ဘူး။ မိုးပျောက်၊ရေပျောက်တဲ့ကွင်းတဲ့။ဒါကြောင့် ရေကြီးရေလျှံမှာလုံးဝမပူရဘူးတဲ့။ အဲဒီအချိန်ကတစ်ဧကကိုသုံးသောင်းနဲ့ရောင်းတာတောင် ဝယ်မယ့်သူမရှိပါဘူး။ အခုတော့နေ့ချင်းညချင်းတစ်ဧကကိုတစ်သိန်းဖြစ်လာတယ်။ ဦးကံထူးက ဈေးမတက်ခင် မြေတစ်ကွက်ဝယ်လိုက်တယ်။

လယ်ပိုင်ရှင်တွေသိတာက မြို့မြေကွက်ဖြစ်တာကို လက်ခံပါတယ်။ ဒါပေမယ့် လူနေရပ်ကွက်ကြီးဖြစ်လာဖို့ဆိုတာနှစ်ချီပြီးကြာတတ်တယ်လေ။ ရာမညရပ်ကွက်၊ ပန်းဆက်ရပ်ကွက်တွေကသာဓကပါပဲ။ ပန်းဆက်ရပ်ကွက်ဆိုရင်အနှစ် (၂၀)ကျော်တာတောင် မဖွံ့ဖြိုးသေးပါဘူး။ ဒါကြောင့် လယ်ပိုင်ရှင်တွေကအဲဒီအချိန်ကငွေတစ်သိန်းဆိုတာရင်းနှီးစားသောက်လို့ကြီးပွားနိုင်တဲ့ငွေဖြစ်တာ

ကြောင့် ကျေကျေနပ်နပ် ရောင်းနေကြတာပါ။

ဦးကံထူးဝယ်တဲ့တစ်ဧကမြေကွက်ကိုပဲလယ်ယာပိုင်ရှင်ဖြစ်သူကပဲခြံကာပေးပါတယ်။ ဦးကံထူးကအသက်ကြီးပြီလေ။ ခြံကာခကိုပေးထားတော့ လယ်ပိုင်ရှင်က ဝါးထရံရက်ပေးပြီး လှလှပပကိုခြံကာပေးတာပါ။ ပြီးတော့လည်း မြန်မာလူမျိုးတွေရဲ့ဓလေ့အတိုင်း သူတဲဆောက်မယ့်နေရာကိုတော့လူမဝယ်သေးတဲ့မြေကွက်တွေထဲက နည်းနည်းစီယူလိုက်တယ်။ ဒါကသူဆောက်မယ့်တဲအိမ်လေး ရေလွတ်သွားအောင်မြေဖို့လိုက်တာပါ။အခုတော့ကုန်းမြင့်ကလေးဖြစ်သွားလို့ အခိုင်အမာတဲဆောက်ရုံပါပဲ။ တဲဘေးမှာတော့ ခါးစောင်းလောက်နက်တဲ့ ရေကန်လေး တူးလိုက်တယ်။ ရေကန်က ငါးမွေးဖို့၊ ပိုတဲ့မြေတွေက ရာသီပင်တွေစိုက်ဖို့၊ ဒီကိစ္စအားလုံးကိုပါတီယူနစ်မှာတပည့်ဖြစ်ခဲ့တဲ့(၃)ယောက်ကအခမဲ့လာပြီးလုပ်အားပေးကြတယ်လေ။

အခုတော့ ဦးကံထူးက ထူးထူးခြားခြား ပြောင်းလဲသွားပါပြီ။ သူ့ဘဝအခြေအနေနဲ့ဆိုရင် ဘဝပျက်သွားတာပါပဲ။ လျှပ်စစ်မီးကိုကြိုက်သလောက်သုံးနိုင်တဲ့ဘဝကနေမီးတိုင်ခွက်ကိုအားကိုးနေရပြီ။လျှပ်စစ်ပေါင်းအိုး၊လျှပ်စစ်ရေနွေးအိုး၊ ဒယ်နီအိုးတွေလည်း သူ့အတွက်အသုံးမဝင်တော့ပါဘူး။ ထင်းမီးဖို၊ မီးသွေးမီးဖိုတွေကသူ့ဘဝရဲ့အဖော်တွေပါပဲ၊ တီဗွီလည်းမဖွင့်နိုင်တော့ပါဘူး၊ အဲယားကွန်းဆိုတာ အောက်ဈေးနဲ့မနည်းကြီးရောင်းခဲ့ရတာပါ။ အခုတော့ ရွှေထီးဆောင်းတဲ့ခေတ်က ဘိုးတော်ဘုရားလက်ထက်မှာ ကျန်ခဲ့ပါပြီ။

အခုတော့ သစ္စာရှိတပည့်တွေဝိုင်းဆောက်ပေးလို့ ဓနိမိုး၊ ထရံကာ ဝါးပိုးဝါးတိုင်နဲ့ တဲကြီးတစ်လုံးဆောက်လို့ပြီးပါပြီ။ သီးပင်စားပင်လေးတွေလည်း စိုက်ပျိုးရေးခြံက ဝယ်စိုက်တာဖြစ်လို့ နေ့ချင်းညချင်း သစ်ပင်လေးတွေစိမ်းစိုနေပါပြီ။ သူ့လိုဘဝပျက်တဲ့လူ လယ်ကွက်ထဲမှာ (၃) ဦးလောက်တော့ရှိပါတယ်။ ဒါကတော့ အရင်းနှီးဆုံးဆွေမျိုးတွေပါပဲ။ ကွင်းထဲမှာနေတာဖြစ်လို့ လေပြင်းတိုက်မှာတော့စိုးရိမ်ရတာပေ့ါ။ ဒါ့အပြင် လူသူအရောက်အပေါက်မရှိသေးလို့ ဒီလူ့မှာငွေ (၁၀) သိန်းလောက်ပါတာကိုလည်းသိကြမှာပါ။ ဒီတော့ဓားပြဖြစ်ဖြစ်၊ အနုကြမ်းစီးမှာဖြစ်ဖြစ်နည်းနည်းတော့ဘုရားတနေရတယ်လေ။ ဒီနေရာမှာ ဦးကံထူး



ကတစ်နှစ်ခွဲလောက်တော့ ဘဝပျက်ခဲ့ရတာပေ့ါ။

အခုလို ဘဝပျက်ချိန်ရောက်မှ ချမ်းသာမယ့်ကံတရားကပေါ်လာတာပါ။ ဒီလို လွင်တီးခေါင်ကြီးကို မြို့မြေကွက်ဖြစ်ဖို့အကြံပြုတဲ့ပုဂ္ဂိုလ်ကြီးတွေက နယ်နယ်ရရမှ မဟုတ်တာ။ မဟာရန်ကုန်မြို့ကနေ မဟာစီမံကိန်းအကြီးစားကြီးတွေရေးဆွဲပြီးမှ ဧရာဝတီတိုင်းဝန်ကြီးချုပ်ဆီလာပြီးခွင့်ပြုမိန့်ရအောင် စွမ်းဆောင်နိုင်တဲ့လူကြီးတွေပါ။ အခုလို မြို့မြေကွက်သာအတည်ပြုလိုက်ပြီဆိုတာနဲ့စင်ကာပူနိုင်ငံကလူနေရပ်ကွက်လို ခေတ်မီအောင်တည်ဆောက်မယ့် စီမံကိန်းကလည်းအသင့်ရှိပြီးသား။ ဒါကြောင့် ပန်းဆက်မြေကွက်ကို မြို့မြေကွက်ချပေးတာနဲ့ လုံးဝမတူပါဘူး။ ဒီလိုစီမံကိန်းတွေပြလိုက်တော့ဝန်ကြီးချုပ်ကချက်ချင်းဆောင်ရွက်ပေးလိုက်တာပေ့ါ။ မဟာစီမံကိန်းရေးဆွဲသူတွေက ငွေတွေကိုထားစရာနေရာမရှိအောင်ချမ်းသာတဲ့လူတွေလေ။ ခွင့်ပြုမိန့်ကျတာနဲ့အကြီးစားစက်ယန္တရားကြီးတွေရောက်လာကြပါပြီ။ လှလှပပလူနေရပ်ကွက်ဖြစ်ဖို့က ပထမဦးဆုံး (၄) လမ်းသွားမဟာလမ်းမကြီးတည်ဆောက်ဖို့ပါပဲ။ ငွေကိုလိုသလိုသုံးနိုင်တဲ့ပုဂ္ဂိုလ်ထူးတွေပဲ။ ချက်ချင်းဆိုသလို လမ်းမကြီးက အကောင်အထည်ပေါ်လာပါပြီ။

အခုတော့ ဦးကံထူးမြေကွက်ရှေ့ဘက်မှာ နတ်တွေဖန်ဆင်းလိုက်သလို ကွန်ကရစ်လမ်းမကြီးက ဘွားခနဲပေါ်လာတာမျှားမြန်လိုက်သည့်ဖြစ်ခြင်း၊လမ်းမာတ်မီးတိုင်တွေပါ ရောက်လာတော့ ကြိမ်းသေပေါက် ခေတ်မီမြို့ကြီးဖြစ်တော့မှာပေ့ါလေ။ ကုမ္ပဏီလူကြီးတွေအကွက်ရိုက်တော့ ဦးကံထူးမြေကွက်က ဟိုဘက်အကွက်နဲ့ဒီဘက်အကွက်နဲ့ နှစ်ဖက်စလုံးနဲ့ငြိနေတယ်။ သူဆောက်ထားတဲ့မြေကွက်တဲကြီးကိုရောင်းဖို့ကုမ္ပဏီကကမ်းလှမ်းတဲ့အခါဦးကံထူးက အပြင်းအထန်ငြင်းပါတော့တယ်။

အဘကြိုက်ဈေးပြောပါ မနစ်နာစေရပါဘူးဆိုတာကို ဦးကံထူးက လုံးဝလက်မခံပါ။

'မင်းတို့ တိုက်ဆောက်ချင်ရင်ဆောက် ငါ့ကိုတစ်ခြမ်းပေးစနစ်နဲ့လက်ခံမယ်။ တို့ပုသိမ်ကမြို့ထဲမှာမြေကွက်ပိုင်ရှင်နဲ့ကုမ္ပဏီတွေ ဒီလိုပဲတစ်ဝက်ပေးတစ်ဝက်ယူဆောက်နေကြတယ်လေ။ မင်းတို့သဘောတူရင် ငါမြို့ထဲကကန်ထရိုက်ကိုခေါ်လိုက်မယ်။ ဒီကောင်တွေက ပါမစ်မရှိကြလို့ ငါကသာကမ်းလှမ်းရင် ဘယ်နေ့လာရမလဲလို့ ပြောကြမှာ။ မင်းတို့ကဦးဆောင်တဲ့လူတွေဖြစ်နေလို့ မင်းတို့မဆောက်မှ သူတို့ကိုခေါ်ပါ့မယ်။ ရောင်းဖို့တော့ လုံးဝစိတ်ကူးမရှိဘူးကွ'

ဦးကံထူးက မျက်စိကြီးနားကြီးဆိုတော့ ဘယ်လာကြောလို့ရပါ့မလဲ။

ဦးကံထူးက ခါးခါးသီးသီးဘူးခံနေတော့ စီမံကိန်းနဲ့ဆောက်ထားတဲ့လူတွေကသူတို့စီမံကိန်းအဖွဲ့မှာအခြားကုမ္ပဏီဝင်တာကို ဘယ်လာလက်ခံနိုင်ပါမလဲ။ နောက်ဆုံးတော့အဆောက်အအုံနှစ်လုံးဆောက်မယ့်ကန်ထရိုက်နှစ်ဦးကညှိပြီးကုမ္ပဏီ (၅) ထပ်၊ ဦးကံထူးကို (၅) ထပ်တိုက် တစ်ခြမ်းပေးလိုက်ရတာပေ့ါ။ ဒီအဆောက်အအုံမှာရေအဆင်သင့်၊မီးတာအဆင်သင့်၊အမည်ပေါက်ပါဆောင်ရွက်ပေးထားတော့ နေရင်းထိုင်ရင်းဦးကံထူးကနတ်ဘုံနတ်နန်းကိုတစ်ခါတည်းရောက်သွားပါတော့တယ်။

ကာလတန်ကြေးနဲ့ တွက်မယ်ဆိုရင်မနည်းလှပါဘူး။ ရှယ်ရာဝင်တောင်မြေညီထပ် သိန်း ၅၀၀၊ ပထမအလွှာသိန်း-၄၀၀၊ ဒုတိယအလွှာ သိန်း-၃၀၀၊ တတိယအလွှာ သိန်း-၂၀၀နဲ့ ရှယ်ရာတွေခေါ်နေတာပါ။ ဦးကံထူးကအောက်ထပ်မှာသူနေပြီး အပေါ်အားလုံးငှားထားတော့ သူ့ရဲ့တစ်လဝင်ငွေကငါးသိန်းပြေးမလွတ်တော့ပါဘူး။ ကျွန်တော် သူ့တိုက်ရှေ့ရောက်တော့ ကိုယ်တော်ချောက စတီးတုတ်ကောက်နဲ့ လမ်းလျှောက်နေလေရဲ့။ တရားတော်နဲ့ကြည့်ရင်တော့ ရိုးရိုးလေးဖြစ်စဉ်ပါပဲ။ပဋိစ္စသမုပ္ပါဒ်တရားတော်လို အကြောင်းတရားရှိထားလို့ အကျိုးဖြစ်ထွန်းလာတဲ့ သဘောပါပဲ။ မြို့မြေကွက်ကိုလူမနေခင်ဝယ်ဖြစ်တဲ့ကျေးဇူးတရားက သူ့ဘဝကို ဇိကုပ်ပြီးနတ်ပြည်တင်လိုက်သလိုဖြစ်ခဲ့ရတာပါ။ ဘာပဲဖြစ်ဖြစ်ကျွန်တော့်မျက်စိရှေ့မှာဘဝပျက်ချိန်ရောက်မှ လူချမ်းသာဖြစ်သွားတာကို မျက်စိနဲ့တိုက်ရိုက်မြင်ခဲ့လို့ ယုံကြည်သွားပါပြီ။

စိုးထွန်း(ဥပဒေ)



# သရဲ စိတ်ညစ်သည် ရာနံသင်းထက်

လူအများစုသည်ဝိညာဉ်လောက ဟု ပြောလိုက်လျှင်အနည်းငယ်တွန့်သွားတတ်ကြ၏။ သရဲခြောက်သည်ဟုပြောလိုက်သည်နှင့်ကြက်သီးထသည့်သူကထတတ်ကြသည်။လက်တွေ့ကြုံခဲ့လျှင်ကြက်သီးဖြန်းဖြန်းထပြီး ခေါင်းမွေးတွေထောင်လာသည်ကိုကြုံဖူးကြမည် ထင်ပါသည်၊ ငယ်စဉ်ကလေးဘဝက လူကြီးတွေသရဲအကြောင်းပြောလျှင် လူကြီးတွေအနားတရွေ့ရွေ့တိုးကပ်သွားပြီး၊ နောက်ဖေးအိမ်သာသို့အပေါ့ပင် မစွန့်ရဲတော့သည်အထိ ဖြစ်ခဲ့ရသည်။

စာဖတ်တတ်လာတော့ မြစကြာ၊ မြစလွယ် စသည့်စာရေးဆရာကြီးများရေးသောသိုက်သမိုင်း၊ စုန်းကဝေဝတ္ထုတွေဖတ်နေရင်း ချိုးချိုးချွတ်ချွတ်အသံများရုတ်တရက်ကြားလိုက်ရလျှင် လက်တွေ့မှာ ကြက်သီးတွေဖြန်းဖြန်းထပြီးဘာရယ်မှန်းမသိကြောက်ခဲ့ရသည်။ ဖတ်နေသည့်ဝတ္ထုကလည်းသရဲဝတ္ထု။ ဖတ်သည့်အချိန်ကလည်းလူခြေတိတ်ချိန်၊ ပြီးတော့တစ်ယောက်တည်းဆိုတော့ကြောက်စိတ်သည် ငယ်ဘဝတစ်လျှောက် အဖော်ဖြစ်ခဲ့ရပါသည်။

ငယ်စဉ်ဘဝသည်ဆိုရှယ်လစ်ခေတ်အားဖြတ်သန်းရသဖြင့် အရာရာပြည့်စုံခြင်းမရှိ။ ပြည်သူဆိုင်၊သမဝါယမဆိုင်များကား ပြည်သူတို့၏ခိုကိုးရာဖြစ်ခဲ့သည်။ လမ်းမကြီးများမှာ မာကျူရီမီးရောင်ဖြင့်



လင်းနေခဲ့သော်လည်း လမ်းသေး၊ လမ်းသွယ်၊ဆင်းရဲသားရပ်ကွက်များကားခရမ်းချဉ်သီးမီးရောင်မှိန်မှိန်ကိုသာ အားပြုနေခဲ့ကြရပါသည်။

ထိုခေတ်ကလမ်းဘေးသစ်ပင်များအား အရမ်းကာရောမခုတ်ကြ။ ရန်ကုန်မြို့သည်လေယာဉ်ပေါ်မှကြည့်လျှင်သစ်တောအုပ်ကြီးထဲမှရွှေရောင်ဝင်းနေသောရွှေတိဂုံစေတီတော်ကြီးဖြင့်စိမ်းစို့ညို့မှိုင်းနေပါသည်။ညောင်ပင်၊ကုက္ကိုပင်ကြီးတွေက နှစ်ချို့ပင်ကြီးများဖြစ်သည်။ ငယ်စဉ်ကလေးဘဝမှာထိုသစ်ပင်ကြီးများ၏အရိပ်အဝန်းသည် ကစားကွင်းများဖြစ်သည်။ နွေ၊ မိုးကာလများတွင် အရိပ်ခိုရာဖြစ်ခဲ့သည်။

နွေဘက်မှာ ခိုနားစရာအရိပ် ဖြစ်သော်လည်းညဘက်ရောက်လျှင်ထိုအရိပ်သည်ကျွန်တော်တို့အတွက်ကြောက်စရာအတိဖြစ်ခဲ့ရပါသည်။ လမ်းမီးကမှိန်မှိန်၊ သစ်ရိပ်မှောင်မှောင်မည်းမည်းသည်ကျွန်တော်တို့အတွက်ညအခါမှာကြီးမားသောဖြတ်ကျော်ရာ အခက်အခဲဖြစ်ခဲ့ရသည်။ လမ်းထိပ်ဦးစိန်တရုတ်လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဝယ်ခိုင်းသော အဖေသည်ပြန်မလာနိုင်သော ကြာနေသည့်ကျွန်တော့်ကို တုတ်ကိုင်ပြီး ထိုင်စောင့်သည်။ကျွန်တော်ကလည်းလက်ဖက်ရည်ချိုင့်လေးကိုင်ပြီး လမ်းထဲဝင်မည့်လူကြုံကိုစောင့်သည်။လမ်းမီးရောင်မှိန်ပျပျမှာသဖန်းပင်ကြီးအောက်မှောင်မည်းမည်းကိုဖြတ်မသွားရဲခဲ့ပါ။ ကျွန်တော်တို့လမ်းထဲက ထိုသဖန်းပင်ကြီးကလည်းနာမည်ကြီးပါသည်။

ကြည့်မြင်တိုင်မြို့သည် ကျွန်တော်တို့ငယ်စဉ်ကကိုယ့်ခြံကိုယ့်ဝန်းနှင့်နေကြသောမြို့နယ်ဖြစ်သည်။ ခုခေတ်မှာတော့ အားလုံးကန်ထရိုက်တိုက်ခန်းတွေ ဖြစ်ကုန်၏။ မြို့နယ်လူဦးရေက ဆယ့်ငါးဆလောက်တက်သွားသည်။ လမ်းတိုင်း၊ ခြံ

သည်လက်ဖမောင်းတဖြောင်းဖြောင်းခတ်ပြီး လမ်းအတိုင်းပြေးတော့သည်။ ကျွန်တော်တို့လမ်းဆုံးလျှင်နိဗ္ဗာန်လမ်းရှိသည်။ နိဗ္ဗာန်လမ်းမှအောက်ဘက်သို့ချိုးလျှင်ကမ်းနားလမ်းသို့ပေါက်သည်။ ကမ်းနားလမ်းမှပြန်ချိုးလျှင်နတ်စင်လမ်းပြန်ရောက်သည်။

နတ်စင်လမ်းမှကျွန်တော်တို့လမ်းသို့ပြန်ဝင်၍ရသည်။ဦးလေးဘိုကျင်သည် ထိုလမ်းအတိုင်းရပ်ကွက်ကိုပတ်ပြေးနေပါသည်။ရပ်ကွက်ထဲမှခွေးတွေကလည်းတစီစီဟောင်နေကြသည်။ ဘိုကျင်ကပြေး၊ခွေးတွေကဟောင်ဖြင့်တစ်ရပ်ကွက်လုံးဆူညံနေပါသည်။ အဖေတို့တစ်တွေကလည်း ဘိုကျင့်ကိုဝိုင်းတားကြသည်။ ဘိုကျင်ဘာကိုမှ မြင်ဟန်မတူပါ။ ကျွန်တော်တို့တွေ့နေရသည်ကဘိုကျင်တစ်ယောက်တည်းပြေးနေခြင်းဖြစ်သည်။ဘိုကျင့်ကြည့်ရသည်မှာ ဘီလူးသရဲစီးနေသကဲ့သို့ဖြစ်သည်။ ရှေ့ကိုကြည့်ပြီး သဲကြီးမဲကြီးလိုက်နေပါသည်။ အဖေနှင့်အိမ်ရှေ့အိမ်မှ ဘကြီးဦးအေးငွေတို့က 'ဘိုကျင်အာဋာဝကဝင်နေပြီ'ဟုပြောကြသည်။

ကျွန်တော်အိမ်မပြန်ရပါ။ကျွန်တော့်လက်ထဲမှာဟင်းပန်းကန်နှင့်အရက်ပုလင်းကိုင်ထားရ၍ဖြစ်သည်။ ဘိုကျင်ငါးပတ်မြောက်ရပ်ကွက်အား ပတ်ပြေးပြီး ကျွန်တော့်အနားပြန်ရောက်သောအခါ ကျွန်တော်ကိုင်ထားသောဟင်းပန်းကန်ထဲသို့ အမဲသားဟင်းအတုံးတွေ တဖုတ်ဖုတ်ပြန်ကျလာပါသည်။ ဘိုကျင်သည်ဒေါ်သတကြီးဖြင့် သဖန်းပင်ကြီးအား ပြေး၍ကန်သည်။ လက်သီးဖြင့်လည်း ထိုးသည်။ ပုဆိုးခါးတောင်းကျိုက်ဖြေပြီး သေးနဲ့ပါပန်းနေပါသေးသည်။ ဘိုကျင့်အမေကျွန်တော့်အဘွားလေး လာဆွဲမှ ဘိုကျင်လူစိတ်ပြန်ဝင်လာသည်။ သူမောနေပြီ၊ ကတ္တရာလမ်းအစပ်မှာထိုင်ပြီးကျွန်တော့်ဆီမှအရက်ပုလင်းကိုတောင်းသည်။ တစ်ချိုက်မော့လိုက်ပြီးအမဲသားဟင်းတစ်ဖက်ကိုနှိုက်စားလိုက်၏။ သဖန်းပင်ကြီးအားမော့ကြည့်ပြီး ငါနှင့်ကိုင်တုတ်သွားသေးသည်။

အိမ်ပြန်ရောက်တော့မှသူ့ဆီမှအမဲသားဟင်းအမြည်းအား ကပ်စားရင်းမေးကြည့်တော့ သဖန်းပင်မှဆံပင်ဖားလျားနှင့်မိန်းမကြီးဆင်းလာပြီး သူ့အမဲသားဟင်းတွေကိုလာယူခြင်းဖြစ်သည်တဲ့။ ဘိုကျင့်ကိုယ်မှာထိုးထားသောအာဋာဝကဆေးထလာသောအခါ ထိုသရဲမကြီးကြောက်ပြီး ပြေးခြင်းဖြစ်သည်။ ဘိုကျင်လိုက်တော့ ထိုသရဲမကြီးသည် တခြားရပ်ကွက်သို့လည်း ပြေးလို့မရဘဲ ကျွန်တော်တို့ရပ်ကွက်ကိုပဲ ပတ်ပြေးနေရခြင်းဖြစ်သည်။ နောက်ဆုံး ဘိုကျင့်ကိုအရှုံးပေးလိုက်ရပြီး သူလုထားသောအမဲသားဟင်းတွေပြန်ပေးလိုက်မှ ဘိုကျင်ရပ်သွားခြင်းဖြစ်သည်။

အဖေတို့ပြောပြသည်မှာ ဂျပန်ခေတ်တုန်းက မိန်းမကြီးတစ်ယောက်သဖန်းပင်ကြီးအောက်မှာဂျပန်လေယာဉ်တွေဗုံးကြဲတုန်းပုန်းနေစဉ်ဗုံးစမှန်ပြီးသေသွားခဲ့ဖူးသည်။ ကျွန်တော်တို့ရပ်ကွက်၏တခြားထိပ်တစ်ဖက်တွင် ဟိုးခေတ်က အနာကြီးရောဂါကုဆေးရုံကြီး ရှိသည်။ အင်္ဂလိပ်တွေကလည်း ထိုဆေးရုံကြီးထဲမှာတပ်စွဲပြီးအမြောက်တွေထားဖူးသည်။ ဂျပန်တွေလေယာဉ်နှင့် ဗုံးလာကြဲတော့ အင်္ဂလိပ်စစ်တပ်ရှိသည့်ထိုဆေးရုံပေါ်သို့ဗုံးတွေအများကြီးကြဲချဖူးသည်။ လက်မတည့်သည့် ဂျပန်လေယာဉ်မှ...ခါဗုံး တချို့သည် ကျွန်တော်တို့ရပ်ကွက်ထဲသို့တည့်တည့်ကျပါတော့သည်။ ရပ်ကွက်ထဲမှာလူတွေအများကြီးဗုံးဆန်ထိပြီးသေခဲ့ဖူးပါသည်။

သရဲမကြောက်သော ဘိုကျင်ပါတကား။

*

ကျွန်တော် အရွယ်ရောက်ပြီး တက္ကသိုလ်ကျောင်းသားဖြစ်တော့ဦးလေးတွေ၏ကောင်းမှုကြောင့်အရက်သောက်တတ်လာသည်။ အပေါင်းအသင်းလည်း စုံလာသည်။ ကျောင်းမှာဗိုလ်မှူးသား၊ဝန်ကြီးသားတွေနဲ့လည်း သူငယ်ချင်းဖြစ်ခဲ့သလို ရပ်ကွက်ထဲမှာလည်းလူဆိုးလူမိုက်ဘိန်းစား၊အရက်သမားကအစ အပေါင်းအသင်းစုံသည်။ ကြံတောသချိုင်းထဲမှ ဒုစရိုက်မှုပေါင်းစုံလုပ်သောကိုယ်ရေပြားရောဂါသည်တွေနဲ့လည်း ရင်းနှီးသည်။

အဖေ ဆုံးမဖူးပါသည်။ ဘိန်းစားကစလို့ ဟိုးအပေါ်ဆုံးက သမ္မတအထိ အပေါင်း အသင်းဆန့်ရမည်။ ဆေးဖော်ဖို့ ဘိန်းလိုလျှင် ဘိန်းစားဆီကအကူအညီရလိမ့်မည်။

ဒါပေမယ့်မကောင်းတဲ့အမူအကျင့်များကိုတော့ အတုမယူမိပါစေနဲ့တဲ့။

ကျွန်တော်တွေ့ခဲ့ရသောယခုခေတ်အခေါ် ဝိုင်းကြီးများ၊ ဟိုဘက်ခေတ်က လူမိုက်ကြီးများသည် စိတ်ရင်းကောင်းကြသည်ကများသည်။ဘဝပေးအခြေအနေအရလူမိုက်ကြီးများဖြစ်နေကြသော်လည်း လူကောင်းတွေကိုမတရားမလုပ်၊ဒုက္ခမပေးကြပါ။ သူတို့လောကထဲမှာသာဆိုးသွမ်းရက်စက် ခုတ်ရဲထစ်ရဲလုပ်ရဲကြခြင်းဖြစ်သည်။ သူတို့အမြင်မှာကျွန်တော်သည် တက္ကသိုလ်ကျောင်းသား ပညာတတ်ဖြစ်သည်။ ကျွန်တော်တို့ခေတ်ကဆယ်တန်းစာမေးပွဲအောင်စာရင်းထွက်လျှင်လူတစ်ရာမှာတစ်ယောက်နှစ်ယောက်သာအောင်ကြသည်။ ကျွန်တော်က သာမန်အဆင့်ထက်သာပြီးဂုဏ်ထူးနှင့်အောင်သူဖြစ်၍ အထင်ကြီးကြခြင်းဖြစ်မည် ထင်ပါသည်။

ဦးလေးဘိုကျင်၊ ဦးလေးအငယ်ဝါးရင်းတုတ်ဆင်ပေါက်တို့အိမ်ထောင်အသီးသီးကျသွားကြပြီး ကျွန်တော်တို့ခြံထဲမှ ထွက်သွားကြတော့ ခေါင်းရင်းအိမ်မှ ကိုအောင်သန်း၊ ကိုနီတွတ်၊ ခြေရင်းနှစ်အိမ်ကျော်မှကိုအောင်တင်တို့သည် ကျွန်တော့်အစ်ကိုကြီးများသဖွယ်ဖြစ်လာကြသည်။ တဲက္ကသိုလ်ကျောင်းသားကမကြီးကျယ်ပဲလမ်းဘေးထိုင်ဂစ်တာတီးလိုက် လက်ဖက်ရည်ဆိုင် ထိုင်လိုက်လုပ်ရင်း ရပ်ကွက်ထဲမှလူဆိုးတွေနဲ့သာ အပေါင်းအသင်းလုပ်သော်လည်း၊ အချိန်တန်အိမ်ပြန်လျှင် စာကိုမနက်မိုးလင်းခါနီးအထိ ကျက်တတ်သဖြင့် ဆယ်တန်းကိုဂုဏ်ထူးများဖြင့်အောင်ခဲ့သည်ကို အိမ်နီးခြင်းထိုအစ်ကိုကြီးများကသိကြသည်။ ရပ်ကွက်ထဲမှာတက္ကသိုလ်ကျောင်းသားရှားသည်။ တစ်လမ်းမှာတစ်ယောက် ရှိခဲလှသည်။ အောင်သွားသည့်သူတွေကလည်း တော်ရုံလူကိုအဖက်မလုပ်ချင်တော့ မာနတွေကြီးကုန်ကြသဖြင့် ကျွန်တော့်အား သူတို့အမြင်မှာခင်မင်ချင်စရာကောင်းနေကြခြင်းဖြစ်သည်။သူတို့တွေကတော့အလွန်ဆုံးမှရှစ်တန်းအထိသာ ပညာသင်နိုင်ခဲ့ကြခြင်းဖြစ်သည်။ လက်ဖက်ရည်ဆိုင် ထိုင်ရင်းရန်ဖြစ်ကြပြီဆိုလျှင် ကျွန်တော်ဝင်ပါသည်ကိုသူတို့မကြိုက်ပါ။ တက္ကသိုလ်ကျောင်းသားဖြစ်နေ၍ရဲစခန်းရောက်ပြီး အမှုအခင်းဖြစ်လျှင်ပညာရေးမှာအနှောင့်အယှက်ဖြစ်လိမ့်မည်ဆိုပြီး ကျွန်တော့်အစား သူတို့ကကျွန်တော်မကြည်သောသူကို ဝင်ရိုက်ကြသည်။

အိမ်ခေါင်းရင်းမှကိုအောင်သန်းက သူ့ညီတက္ကသိုလ်ကျောင်းသားဆိုပြီး သူသွားလေရာခေါ် သွားပြီး မိတ်ဆက်ပေးသဖြင့် အလုံမှကိုစိုးမြတ်၊ ကြည့်မြင်တိုင်မန်ကျည်းတန်းမှကိုစံငြိမ်း၊ ဈေးကြီးမှကိုကပ္ပလီကြီးတို့နှင့် ခင်မင်ခွင့် ရခဲ့သည်။ ကျွန်တော်လို နေရာတကာလျှောက်သွားနေသည့်ဂစ်တာသမားတစ်ယောက်အတွက် သူတို့နာမည်ပြောလိုက်သည်

နှင့် အားလုံးငြိမ်းသည်။ သုံးထောင့်ကွေ့ ဆင်မလိုက် ဝက်သက်ရုံရပ်ကွက်အား မကွာရာနယ်မြေဟုသမုတ်ကြသည်။ထစ်ခနဲရန်ဖြစ်လျှင် ငှက်ကြီးတောင်ဓား တဝင့်ဝင့်၊ ဝက်ထိုးဓားတလက်လက်ဖြင့် လူသတ်မှုဖြစ်ပြီးမှ ကိစ္စပြီးသည့်နာမည်ကြီးသောရပ်ကွက်ဖြစ်သည်။ ထိုရပ်ကွက်သည်လည်းကျွန်တော့်အတွက်အေးရာအေးကြောင်းဖြစ်သည်။ဝက်သက်သမားသူငယ်ချင်းများကောင်းမှုကြောင့် ဝက်သား၊ ဝက်အူစုံအသည်းစုံ၊ ဝက်ဆီဖက်အလကားစားရသည်။

အပေါင်းအသင်းအစ်ကိုကြီးတွေထဲမှာခင်စရာအကောင်းဆုံးကကြံတောသချိုင်းထဲမှာနေသောဂိုဏ်းစတား ကိုပိုးဟပ်ဖြူနှင့်ရောကြီးတို့ဖြစ်ပါသည်။ သူတို့ကကိုယ်ရေပြားရောဂါဖြစ်ခဲ့ဖူးသဖြင့် ရုပ်နည်းနည်းပျက်နေသော်လည်း ရောဂါပျောက်ကင်းသွားသူများဖြစ်သည်။ လူအသိုင်းအဝန်းကတော့ မဆက်ဆံချင်ကြပါ။ သူတို့ကလည်း သူတို့အသိုင်းအဝန်းထဲမှာသာ ကျက်စားကြသည်။ ကိုအောင်သန်းနှင့်အတူလိုက်လိုက်သွားရင်းဖဲဝိုင်းမှာတွေ့ပြီးခင်သွားကြခြင်းဖြစ်သည်။ သူတို့ကဒုစရိုက်မှုပေါင်းစုံလုပ်ပြီးမူးယစ်ရာဇာကြီးတွေဖြစ်သောကြောင့် ပိုက်ဆံချမ်းသာကြသည်။ သူတို့ကိုခင်မင်ရင်းနှီးစွာဆက်ဆံခဲ့၍သူတို့ကကျွန်တော့်အားကျောင်းသားညီလေးဟု ခေါ်ကြသည်။ ကျွန်တော့်အတွက်ဆိုလျှင် လူသတ်ဖို့အထိ ဝန်မလေးကြသူများဖြစ်သည်။

ကိုပိုးဟပ်ဖြူကြီးဖဲနိုင်လျှင် ကျွန်တော့်အား ကျောင်းမှာသုံးဖို့ဆိုပြီးမုန့်ဖိုးနှစ်ရာ၊ သုံးရာပေးတတ်သည်။ ကျောင်းတတ်လျှင် မုန့်ဖိုးနှစ်ကျပ်သာရသောကျွန်တော့်အတွက် ငွေသုံးရာသည် ထီပေါက်သကဲ့သို့တည်း။ ရွှေတစ်ကျပ်သားသုံးထောင်၊ ကျောင်းသွားဖို့ ဘတ်စ်ကားစီးလျှင် ဆယ်ပြားသာပေးရပြီးဦးချစ်ဆိုင်မှာလက်ဖက်ရည်တစ်ခွက်ငါးမူး၊ စီးကရက် နှစ်လိပ်တစ်မတ်၊ အိုက်ကန်တင်းမှာအကျော်တစ်ပွဲမှ တစ်ကျပ်သာပေးရသောကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားခေတ်မှာအမေပေးလိုက်သောမုန့်ဖိုးနှစ်ကျပ်သည် အိမ်အပြန်အိတ်ထဲမှာပိုက်ဆံပိုပါသေးသည်။

သူတို့ကလည်းကိုယ်ရေပြားရောဂါသည်တွေကိုနှိမ့်ချမှုမရှိဘဲခင်မင်ရင်းနှီးစွာပေါင်းသဖြင့် တက္ကသိုလ်ကျောင်းသားညီလေးဆိုပြီးဂုဏ်ယူနေကြသည်။ကြံတောသချိုင်းဒုစရိုက်ရပ်ကွက်သည်ကျွန်တော့်အတွက် တံခါးမရှိဓားမရှိပါ။ ဒါပေမယ့် အဲ့ဝန်းထဲလူစိမ်းနှင့် ရဲတွေယောင်လို့မှ ဝင်မသွားနှင့်၊ အလောင်းသာပြန်ထွက်လာလိမ့်မည်။ တော်တော်ဆိုးသော ရပ်ကွက်ဖြစ်သည်။

*

ကျောင်းမှာ ပရက်တီကယ်လုပ်ရသောနေ့ဆိုလျှင် အတန်းပြီးသွားတာတောင်အိမ်သို့တော်တော်နှင့်မပြန်ဖြစ်ပါ။ ဓာတုဗေဒလက်တွေ့ခန်းမှ ဝန်ထမ်းများဖြစ်သောကိုခင်မောင်ဝင်း၊ ကိုအေးကိုတို့အုပ်စုသည် ကျွန်တော်နှင့်အတော်လေးခင်ကြသည်။ လက်တွေ့ခန်းထဲမှာလက်တွေ့လုပ်နေရင်းသူတို့ရှိရာကောင်တာသို့သွားပြီး အရက်ခိုးသောက်တတ်သည်။ သရုပ်ပြဆရာမတွေ၊ကျူတာဆရာမတွေကလည်း သီချင်းအဆိုကောင်း၊ ဂစ်တာသမား အဆောင်ညသရဲဖြစ်သော ကျွန်တော့်ကို ချစ်ကြသည်။ တက္ကသိုလ်အာစီထဲမှာကျင်းပသည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှုတ်ဆက်ပွဲများ၌ ကျွန်တော်သည်မပါလျှင်မပြီးသည့်လူတစ်ယောက်၊ အတန်းဖော်ဖြစ်သော ပလေးဘွိုင်းတီးဝိုင်မှာကြည်ဝင်းသောင်း၊တင်ဦးသောင်းတို့ညီအစ်ကိုတွေက အတီးသမားတွေဖြစ်သလို ကျွန်တော်ကလည်းဂစ်တာတီးရင်း သီချင်းအမြဲဆိုသည်။ အင်းလျား၊ ရတနာ၊ သီရိ မာလာဆောင်ညခင်းများအား ကျွန်တော်နှင့်ကွယ်လွန်သွားပြီဖြစ်သည့် သူငယ်ချင်းအဆိုတော်ဖိုးချိုတို့ကကြီးစိုးခဲ့ကြပါသည်။

လက်တွေ့ခန်းမှဝန်ထမ်းတွေဖြစ်ကြသောကိုခင်မောင်ဝင်းတို့အုပ်စုအလုပ်ဆင်းကြလျှင် ကျွန်တော်ကလည်း သူတို့နှင့်အတူလိုက်ပြန်သည်။ ဦးတည်ရာက



တက္ကသိုလ်ဝန်ထမ်းလိုင်းခန်းရှိရာ ဆေးတက္ကသိုလ်လိပ်ခုံးတစ်ဖက် ဝဂ္ဂီရပ်ကွက်သို့ဖြစ်သည်။ ဝဂ္ဂီရပ်ကွက်သည်ကြံတောသချိုင်းနှင့်ထိစပ်နေပြီး တစ်ဖက်မှာနာနတ်တောရပ်ကွက် ရှိသည်။ ကြံတောသချိုင်းအဝင်လမ်းဖြစ်သောကျွန်းတောလမ်းထိပ်ဟံသာဝတီအဝိုင်းဘက်မှဝင်လျှင်အဝဋ္ဌမှုစလင်သုသာန်ရှိသည်။ ဆက်ဝင်လာခဲ့လျှင်လက်ယာဘက်၌ တရုတ်သချိုင်းရှိပြီး တရုတ်သချိုင်းနယ်နိမိတ်အစပ်မှအသံလွှင့်ရုံအုတ်တံတိုင်းရှိပါသည်။ ထိုမှဘယ်သို့ချိုးကွေ့လိုက်လျှင်မီးသဂြိုဟ်စက်ကြီးသို့ရောက်၍ ဆက်သွားလျှင်အထွက်ဂိတ်ဟံသာဝတီလမ်းသို့ပြန်ရောက်ပါသည်။မီးသဂြိုဟ်စက်ရှိရာဘယ်သို့မချိုးဘဲတည့်တည့်ဆက်သွားလျှင်ဘယ်ဘက်မှာကုက္ကိုပင်ကြီးကြီးတွေကြားမှာ ဇရပ်အယောင်းကြီးကို တွေ့ရမည်ဖြစ်သည်။ ဇရပ်ကြီးအလွန်မှာမြေမြှုပ်သဂြိုဟ်ထားရာမြေပုံမှိုမှိုမှတ်တိုင်များနှင့် ဟိုဘက်အလွန်တွင် အကြော်ဖို၊ ဝက်ဆီဖက်ဖို၊ ပဲကြော်ဖို၊ နွားတဲများနှင့် နာနတ်တောရပ်ကွက်တို့ကို တွေ့ရမည်ဖြစ်သည်။ လမ်းဘယ်ဘက်မှာ ခရစ်ယာန်သချိုင်းရှိပြီး လမ်းဆုံးခါနီး ဝဂ္ဂီလမ်းမရောက်မီ ကျွန်တော်တို့စတည်းချနေကျ ကိုမြင့်၏တောအရက်အိမ်ဆိုင်လေးရှိသည်။

ကိုမြင့်သည် သချိုင်းအစပ်မှာ တဲအိမ်အခိုင်အမာဆောက်ထားပြီး တောအရက်ရောင်းသည်၊အမြည်းအဖြစ်ကြောင်သားဟင်း ရောင်းသည်။ ကြောင်သားဟင်းတစ်ကျပ်ဖိုးဝယ်လျှင် ငါးတုံးခန့်ရသည်။ တောအရက်တစ်ပုလင်းသုံးကျပ်၊ အမြည်း ကြောင်သားဟင်းတစ်ကျပ်ဖိုးဆိုလျှင် ပုံမှန်သောက်သူတစ်ယောက်အတွက် ရေချိန်ကိုက်သွားပြီဖြစ်သည်။

ကိုခင်မောင်မြင့် (ဘတ်ကီး)၊ အေးကို၊ အောင်မြင့်နှင့် ကျွန်တော်တို့လေးယောက်အတွက် တောအရက်သုံးလုံးနှင့် ကြောင်သားဟင်းနှစ်ကျပ်ဖိုးဆိုလျှင် အိုကေသွားပါပြီ။

နောက်ပိုင်းအရက်ရောင်းသူကိုမြင့်သည်ကျွန်တော့်အားလွန်စွာခင်မင်သွား၏။ သူ့တောအရက်ပုန်းဆိုင်သို့ တက္ကသိုလ်ကျောင်းသားဖြစ်သူကျွန်တော်အရက်လာသောက်သည်ကို လွန်စွာဂုဏ်ယူ၏။ ရှစ်တန်းကျောင်းသူချောချောလှလှသူ့သမီးလေးအား စာပြခိုင်းပါသည်။ ကျွန်တော့်မှာ အရက်ကောင်းကောင်း မသောက်ရဘဲ အဲ့ကောင်မလေး နားမလည်သောသင်္ချာ၊ အင်္ဂလိပ်စာဘာသာများကို ရှင်း

ပြနေရသည်။ ကျွန်တော်ကြောင်သားဟင်းကြိုက်သည်ဆို၍ ပိုက်ဆံမယူဘဲ ဟင်းဇလုံကြီးနှင့်အပြည့်ထည့်ပေးထားသည်။ ဟိုကောင်တွေကလည်း ပိုက်ဆံမပါလည်း အကြွေးသောက်သည်။ ထိုဆိုင်မှာကျွန်တော့်မျက်နှာတော်တော်ကြီး၏။ နောင်သော်သံယောဇဉ်ဖြစ်ပြီး ထိုကလေးမလေးနှင့်မဖြစ်သင့်တာဖြစ်သွားမည်စိုး၍တတိယနှစ်စာမေးပွဲကြီးအားအကြောင်းပြပြီးရှောင်ထွက်ခဲ့ရပါတော့သည်။

*

တစ်နေ့စမ်းချောင်းမြို့နယ်ဝေဠုဝန်အိမ်ယာဝန်းထဲအုတ်ခုံလေးမှာကျွန်တော်တို့သူငယ်ချင်းတစ်စု ညဘက်ဂစ်တာတီးနေကြရင်းညဆယ်နာရီထိုးတော့သောက်နေသည့်အရက်ကုန်သွားသည်။ နတ်စင်လမ်းထိပ် မီးရထားသံလမ်းကျော်လိုက်လျှင်ဝေဠုဝန်အိမ်ယာသို့ရောက်ပါသည်။ နတ်စင်လမ်းအလယ်မှ မခင်မြင့်ဘီအီးဆိုင်မှာလည်း အကြွေးပေးစရာရှိသဖြင့်နောက်ထပ်အကြွေးဝယ်၍မရတော့ပါ။ ကျွန်တော်တို့တွေကလည်း အရက်ဆက်သောက်ချင်နေကြသည်။အကြောင်းကတော့ တပေါင်းလပြည့်ဖြစ်သောကြောင့်ညဆယ့်နှစ်နာရီကျော်မှဂစ်တာပိုင်းသိမ်းပြီးရွှေတိဂုံစေတီတပေါင်းပွဲတော်သို့လမ်းလျှောက်သွားကြမည်ဖြစ်သည်။ အနောက်မုခ်ကွင်းပြင်မှာ မြန်မာပြည်သိန်းတန်၏အယ်ပီဂျေတီဝိုင်းနှင့်အေ့စ်ဇက် (ACES)တီးဝိုင်းတို့ အပြိုင်တီးကြမည်ဖြစ်သည်။ ဇာတ်ရုံကြီးဆောက်ပြီး လက်မှတ်ခပေး၍ဝင်ရမည်ဖြစ်သော်လည်းကျွန်တော်တို့ကရုံကိုဖြိုးဖျက်ပြီးမှဝင်ကြမည်ဖြစ်သည်။ဆင်မလိုက်ကကောင်တွေနှင့်ရုံဖျက်ဝင်ဖို့ချိန်းထားပြီးဖြစ်၏။

ခုလောလောဆယ်အရက်သောက်ချင်နေကြသည် ပိုက်ဆံကမရှိပါ။နောက်ဆုံးမင်းတို့တောအရက်သောက်မလားဆိုတော့မူးလျှင်ပြီးရော တောအရက်လည်းသောက်မည်ဟုပြောကြသည်။ပိုက်ဆံမရှိဘူးမင်းဘယ်ကတောအရက်ရမှာလဲမေးတော့. . .

“ငါနဲ့လိုက်ခဲ့ကြ၊ တောအရက်ကောင်းကောင်းနဲ့ကြောင်သားဟင်းမြည်းရမယ် ပိုက်ဆံမလိုဘူး”

“သန့်ဇင် ဟုတ်မှလည်း လုပ်နော်ဘယ်ကိုလိုက်ရမှာလဲ”

ကျားကြီးကမေးသည်။ ကျားကြီးသည်စလင်းလမ်းထိပ်မှာနေသောမြို့နယ်ကောင်စီဝင်တစ်ဦး၏သား ဖြစ်သည်။

သောက်စားမူးရစ်လွန်းပြီးခြောက်တန်းနှင့် ကျောင်းထွက်ထားရသူဖြစ်၏။

“ဂျိုင်းထဲကို”

ကျွန်တော်တို့ခေတ်က ကြံတောသင်္ချိုင်းအားဂျိုင်းဟုဘန်းစကားဖြင့်ပြောလေ့ရှိကြသည်။

“ဟော့ကောင်ညဆယ့်တစ်နာရီထိုးနေပြီ၊ ဂျိုင်းထဲကိုဝင်တာနဲ့ဆီးပြီးခုတ်လိမ့်မယ်နော်၊ ဟုတ်မှလည်းလုပ်ပါကွာ။ နေ့ခင်းကြောင်တောင်ကြီးတောင် အလုခံရတာ”

ကျားကြီးပြောတော့ကြောက်တတ်သော ဘိုနီကပါဝင်ပြောသည်။

“ငါမလိုက်တော့ဘူးသရဲကြောက်တယ်”

ဘိုနီက သရဲကြောက်တတ်သူဖြစ်သည်။မြင့်ကြည်(ယခုသာစုအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး) နှင့်ဝက်ကြီးတို့ကဘာမှ ဝင်မပြောပါ။ ကျွန်တော့်အခြေအနေကို စောင့်ကြည့်နေကြသည်။

“ဂျိုင်းထဲမှာအားလုံးငါတာဝန်ယူတယ်၊ မင်းတို့ ဘာမှမဖြစ်စေရဘူး”

ကျွန်တော်ပြတ်ပြတ်သားသားတာဝန်ခံလိုက်တော့ နတ်စင်လမ်းထိပ်မှနေရောင်ဆိုသူကသူ့အိမ်မှာဂစ်တာသိမ်းထားဖို့ပြောသည်။ နေရောင်သည် နတ်စင်လမ်းထိပ်မှာ လက်စလက်နရှိသော ဒိုးပေါက်စဖြစ်သည်။ ကျွန်တော့်အား အရမ်းခင်၏။ ကျွန်တော့်ကိုမနာလိုသူတချို့အား လက်ဖက်ရည်ဆိုင်ထဲ ကင်ဒိုဂျပန်ဓားကြီးဖြင့်ဝင်ခုတ်သောကြောင့်နတ်စင်လမ်းအပိုင်းမှာ ကျွန်တော့်အားဘယ်သူမှရိသဲ့သဲ့မနာလိုစကားမပြောရဲကြတော့ပါ။

ကျွန်တော်တို့အုပ်စု ဝေဠုဝန်အိမ်ယာဝင်းအလယ်လမ်းမှတစ်ဆင့် ဟံသာဝတီလမ်းဘက် ထွက်လာခဲ့ကြသည်။ ဟံသာဝတီလမ်းမသည် ခြောက်ဆယ်ဝပ်အား မီးလုံးနီကျင်ကျင် အလင်းရောင်အောက်မှာ ခြောက်ချားစရာကောင်းနေသည်။ ဦးအေးမောင်၊ဦးပန်ချာစသည့်လူသေခေါင်းရောင်းဆိုင်များပိတ်ကုန်ကြပြီဖြစ်သော်လည်းခေါင်းအသစ်များကဆိုင်ရှေ့ကားလမ်းပလက်ဖောင်းမှာ အစီအရီထပ်လျက်ရှိကြသည်။ ကျွန်တော်လမ်းထိပ် ကြံတောသင်္ချိုင်းအဝင်လမ်းဂိတ်တံခါးကြီးကတော့ပိတ်သွားပြီဖြစ်ပါသည်။ မီးသဂြိုဟ်စက်အနောက်ဘက်ဇရပ်အုတ်တိုက်အသစ်ကြီးဘေးအုတ်တံတိုင်းလူဝင်ပေါက်လေးကတော့ တံခါးမရှိပါ။ လူနှစ်ကိုယ်စာဝင်ပေါက်လေးဖြစ်သည်။အလင်းရောင်မရှိဘဲ မှောင်မည်းနေပါသည်။ နေ့ခင်းဘက်တောင် ထိုအပေါက်လေးမှာအပြင်လူအဝင်အထွက်မရှိပါ။ သင်္ချိုင်းကျူးကျော်ရပ်ကွက် ကိုယ်ရေပြားရောဂါသည်များနှင့် တောင်းရမ်းစားသောက်သူတွေ၊ ထိုရပ်ကွက်အတွင်းနေထိုင်ကြသောဒုစရိုက်မှုမူးယစ်ဆေးဝါးရောင်းဝယ်သူတွေသာထို ဝင်ပေါက်လေးအားအသုံးပြုကြပါသည်။

“သန့်ဇင် မင်းအရင်ဝင်ကွာ”

နေရောင်က ကျွန်တော့်နောက်မှကပ်လိုက်သည်။ သူ့ခါးကြားမှာ စကေဘာသုံးမြှောင့်ဓားချွန်းတစ်လက်ဝှက်ပြီးပါလာသည်။ ကျားကြီးကနေရောင်နောက်မှာကပ်ပါလာသည်။ ပြီးနောက် ဘိုနီ၊ ဝက်ကြီး၊ မြင့်ကြည်တို့ဖြစ်သည်။

“မင်းတို့ပါးစပ်တွေမဆော့နဲ့ ငြိမ်ငြိမ်လေးငါနဲ့လိုက်ခဲ့။ မီးသဂြိုဟ်စက်နောက်ဒေါ်ခင်မေသန်းအုတ်ဂူကြားထဲကနေအဝင်လမ်းမကိုဖြတ်ထွက်မယ်”

“သန့်ဇင်အုတ်ဂူကြားတွေကဆိုဖြစ်ပါ့မလားကွာ”

သရဲကြောက်သောဘိုနီအသံတုန်တုန်ဖြင့်တိုးတိုးလေး မေးသည်။ ဒေါ်ခင်မေသန်းသည် ထိုခေတ်ကာလက ပါတီဥက္ကဋ္ဌကြီးဦးနေဝင်း၏ဇနီးဖြစ်ပါသည်။ သူ့အုတ်ဂူအား သံပန်းတွေဖြင့်ကာရံထားပါသည်။ အဝင်ကားလမ်းမနှင့်မီးသဂြိုဟ်စက်သို့ အဝင်လမ်း ဝဲယာမှာငွေကြေးချမ်းသာသူရန်ကုန်မြို့မှကွယ်လွန်သူများ၊ ထင်ရှားသူများ၏အုတ်ဂူသန့်သန့်တွေအစီအရီ ရှိပါသည်။ ထိုအုတ်ဂူတွေကြားထဲမှာမှအရိပ်ကောင်းသောဖျဉ်းမပင်၊ ကုက္ကိုပင်ကြီးတွေရှိသည်။ဖျဉ်းမပင်ကြီးတစ်ပင်အောက်တွင် သုသာန်စောင့်ဆောင်နေသော အသက်ကြီးကြီးသံယာတော်တစ်ပါးသီတင်းသုံးလျက်ရှိသည်။ ထိုသံဃာတော်ကြီးသည် ကြံတောသင်္ချိုင်းမှာလေးဆယ့်ငါးရက်အမိဋ္ဌာန် ဓူတင်လာဝင်နေသည်ဟုသိရသည်။ သုသာန်မှူးကလည်း ထိုသံဃာတော်ကြီးအား ကြည်ညိုပြီးဆွမ်းပို့သည်။ ယာယီလေးတိုင်စင်လေးထိုးပြီး တရားကျင့်နေသူဖြစ်သည်။ ဇရပ်ကြီးတိုက်သစ်မှာလည်း သီတင်းမသုံးပါ။ ဇရပ်ဟောင်းကြီးကျတော့လည်း ဦးပဥ္စင်းကြီးတစ်ပါးရှိနေသည့်အပြင် နံပါတ်ဖိုး၊ ဘိန်းဆီ၊ ဆေးခြောက်ရောင်းသူများရှိနေတတ်သဖြင့်သီတင်းမသုံးချင်သည့်အတွက်မီးသဂြိုဟ်စက်ဘက်အခြမ်း အုတ်ဂူသန့်သန့်တွေကြားမှာ ယာယီတဲလေးထိုးပြီးတရားကျင့်နေသူဖြစ်သည်။ ထိုကျောင်းသခ်မ်းလေးအားရှောင်ကွင်းသွားရမည်

သာဖြစ်သည်။

"ဟိတ် ဘယ်ကကောင်တွေလဲရပ်စမ်း"

တပေါင်းလပြည့်ည၏လရောင်ဝင်းဝင်းအောက်မှာလူနှစ်ယောက်အုတ်ဂူကြားထဲမှထွက်လာပြီး ကျွန်တော်တို့အုပ်စုကိုတားသည်။ကျွန်တော်တို့နှင့် ပေနှစ်ဆယ်ခန့်သာ ကွာမည်ထင်ရသည်။ လရောင်အောက်မှာသူတို့ကိုင်ထားသောဓားရှည်နှစ်လက်က အရောင်လက်လက်ထနေသည်။

"သွားပြီ ငါတို့တော့ ပြဿနာတက်ပြီ"

ကျားကြီးသွေးနည်းနည်းလန့်နေပြီး ခပ်တိုးတိုးညည်းသည်။ ဘိုနီကကျွန်တော့်ပုဆိုးခါးပုံစကို အတင်းဆွဲထားသည်။ နေရောင်ဖတ်ခနဲ ကျွန်တော့်ရှေ့မှာ ဝင်ရပ်လိုက်သည်။

"ငါတို့နတ်စွင်လမ်းကလူငယ်တွေပါ"

နေရောင့်၏အပြောကို ထိုလူနှစ်ယောက်ဂရုမစိုက်ဘဲအုတ်ဂူတစ်လုံးပေါ်သို့ လွှားခနဲခုန်တတ်လိုက်သည်။

"နတ်စင်ငြမ်းကကောင်တွေ ဘာနာလုပ်နာလဲ"

ကိုယ်ရေပြားရောဂါသည်ဖြစ်သည့်တခြားတစ်ယောက်က နှာခေါင်းသံဖြင့်လှမ်းမေးသည်။ သူသည် လက်တွေကရောဂါကြောင့်တိုနေသော်လည်းငှက်ကြီးတောင်ဓားလက်ကိုင်ရိုးအား သူ့လက်တိုမှာကြိုးဖြင့်အသေချည်ထားသည်။

"ကျွန်တော် ကိုပိုးဟပ်ဖြူရဲ့ တက္ကသိုလ်ကျောင်းသားပါ၊ ကိုရောကြီးရဲ့ ဘော်ဒါ"

ကိုပိုးဟပ်ဖြူသည်ကြံတောသင်္ချိုင်း၊ ရပ်ကွက်တစ်ခုလုံး၏ဂိုဏ်းစတားကြီးဖြစ်သလိုကိုရောကြီးကလည်းကိုပိုးဟပ်ဖြူ၏ တပည့်ကြံတောသင်္ချိုင်းငိုးကြီးဖြစ်သည်။ ကိုရောကြီး၏တပည့်နှစ်ယောက်ဖြစ်သည်။ ကျွန်တော်အားသူတို့ကောင်းကောင်းသိကြသည်။

"ညီနှေး ဘာနိုချင်လို့ ဂျိုင်းနဲ့လာနာလဲ"

နှာခေါင်းချိုင့်နေပြီး လက်တွေတိုနေသည့်ရောဂါသည်မှာမှုကြီးဆိုသူဖြစ်သည်။လက်မှာဝါးရှည်ကိုကြိုးခိုင်ခိုင်ချည်ပြီးမကြာခဏ ဓားခုတ်မှုဖြစ်လွန်းသည့်လက်စလက်န မသေးသူဖြစ်သည်။

ရဲတွေကလည်းဒီဝင်းထဲသို့ဝင်မဖမ်းရဲ။ သူတို့က ဘဝဆုံးနေသူတွေဖြစ်သောကြောင့်သေမထူးနေမထူးပါဟုပြောတတ်ကြသည်။

"ကိုမြင့်ဆိုင်မှာအရက်သွားသောက်မလို့"

မှုကြီးနှင့်ပါလာသူက ကိုကျော်မောင်၊ သူက ဟံသာဝတီဘူတာနားမှာဆေးခြောက်ရောင်းသူ ဖြစ်သည်။

"ညီလေးကိုပိုးဟပ်တော့အိပ်သွားပြီ၊ သူ့မိန်းမကမအိပ်သေးဘူး၊ ငါသူ့အိမ်မှာအရက်ပုလင်းသွားယူလိုက်မယ်။ မင်းအရက်သောက်ချင်လို့ဂျိုင်းထဲကိုရောက်လာတယ် ပြောလိုက်မယ်လေ"

"မလုပ်ပါနဲ့ဗျာ၊အစ်မကကျွန်တော့်ကို ဆူနေပါဦးမယ်။ ကိုမြင့်ဆိုင်မှာလည်းအဆင်ပြေပါတယ်။ဟော့ကောင်တွေလာလာဒီလမ်းမကနေဝင်္ဂဘက်ထွက်ရအောင်သွားမယ်ကိုမှုကြီး"

"နေဦးလေ ဇရပ်ကြီးနားအထိ ငါတို့လိုက်ပို့ပါ့မယ်။ တော်ကြာမင်းတစ်ခုခုဖြစ်ရင်ကိုရောကြီးကငါတို့ကိုပြဿနာရှာနေပါဦးမယ် ကျောင်းသားရယ်"

"ကဲ-ပြီးရော ဒါဆိုလိုက်ပို့"

သူတို့နှစ်ယောက်အနားသို့ ကျားကြီးကပ်သွားပြီး ခပ်တိုးတိုးပြောလိုက်ရာကိုမှုကြီးက ပုဆိုးခါးပုံစထဲမှအထုပ်တစ်ထုပ်ပေးလိုက်သည်။ ကျားကြီးပိုက်ဆံငါးကျပ်တန်တစ်ရွက်ပေးတာကို မယူပါ။

"ကျားကြီးကတော့ ကုန်းဆင်းလာပြီဟေ့"

ဘိုနီကရယ်ပြီးပြောတော့-

"မင်းမရှုဘူးလား၊ နောက်မှငါ့ကိုလည်းတစ်ဖွာလောက်တိုက်လေလို့မပြောနဲ့"

ဒီလိုပြောတော့လည်း ဘိုနီပါးစပ်ပိတ်သွား၏။

သူတို့နှစ်ယောက်ဇရပ်ပောင်းကြီးနားမှာလှည့်ပြန်သွားကြသည်။ သူတို့နှစ်ယောက်ပါလာသဖြင့်ဇရပ်ကြီးအုတ်ခုံမှာထိုင်နေသောလူရိပ်တချို့ အောက်သို့ပင်ဆင်းမလာကြပါ။ ကြံတောသင်္ချိုင်းမှုဖိုးကြီးတွေနှင့် ပတ်သက်နေသည့်အပိုင်းသားတွေမှန်း သိသွား၍ဖြစ်ပါသည်။

ယခုမှပဲကျွန်တော်နဲ့ပါလာသည့်နတ်စင်လမ်းအပိုင်းမှကျားကြီးတို့အုပ်စုဟောင်ဖွာဟောင်ဖွာဖြင့်စကားသံတွေဆူလာကြသည်။

ဝဂ္ဂီလမ်းထိပ်နား သင်္ချိုင်းအစပ်ကိုမြင့်အရက်ပုန်းတဲနားအရောက်မှာ-

"ကိုမြင့်ရေ. . . ဗျို့ ကိုမြင့်. . . ထပါဦးဗျ. . . အိပ်ပြီလား"

တဲထဲမှလက်နှိပ်ဓာတ်မီးရောင်နှင့်တချွတ်ချွတ်အသံကြားရသည်။

"ဘယ်သူတွေလဲကွ၊ ဒီအချိန်မတော်ကြီးမှာဘာမှမရှိတော့ဘူးကုန်ပြီ ပြန်ကြတော့"

တဲထဲမှကိုမြင့်စကားသံကြောင့်-

"သန့်ဇင်ဖြစ်ပါ့မလားကုန်ပြီတဲ့"

ဘိုနီတိုးတိုးလေးမေးသည်။အရက်ကုန်ပြီဆို၍မြင့်ကြည်စိတ်ဓာတ်ကျသွားသည်။

"နေစမ်းပါကွာ၊ ငါကြည့်လုပ်ပါ့မယ်"

"ကိုမြင့်ကျွန်တော်ပါကျောင်းသားလေ"

ကျောင်းသားဆိုသောနာမည်သည်ကြံတောသင်္ချိုင်းမှာ လူရင်းတွေသာ သိသောနာမည်ဖြစ်ပါသည်။

"ဟေ- ကျောင်းသားလား"

ရှုတ်တရက် တဲတံခါးဖွင့်လာပါသည်။ လက်နှိပ်ဓာတ်မီးဖြင့်ကျွန်တော်တို့အုပ်စုအားထိုးကြည့်သည်။

"ဟုတ်တယ်ဟ ကျောင်းသား၊ သမီးရေ ထ ထ နင့်အစ်ကိုလေးရောက်လာတယ်။ ကျောင်းသားရယ် ဒီအချိန်ကြီးကွာ ဘာလာလုပ်တာလဲလာ လာတဲထဲဝင်ကြ။ မင်းသူငယ်ချင်းတွေလား"

"ဟုတ်တယ်နတ်စင်လမ်းကကောင်တွေကျွန်တော်တို့တောအရက်နဲ့ကြောင်သားဟင်းစားချင်လို့လာတာ"

"ကျောင်းသားရယ်ညနေဘက်ကလာရင်ပြီးရော၊ခုချိန်ကျမှလာရတယ်လို့"

ကိုမြင့်ညည်းညည်းညူညူပြောပါသည်။

"ဟုတ်သားပဲကိုကိုကဘာဖြစ်လို့ဒီအချိန်ကြီးကျမှ လျှောက်သွားနေရတာလဲ။ ပြီးတော့ သင်္ချိုင်းကုန်းထဲလျှောက်သွားနေတယ်။ အိမ်ကိုလည်းမလာတာကြာပြီ"

မိန်းကလေးတစ်ယောက်၏တဗျစ်တောက်တောက်စကားပြောသံနှင့်အတူ

အိုးသံခွက်သံတွေကြားနေရ၏။ ကိုမြင့် အရက်တစ်ပုလင်းယူလာပြီးကျွန်တော်တို့ ဝိုင်းအလယ်မှာချသည်။အကြမ်းပန်းကန်လုံးနှစ်လုံးချလိုက်သည်။မိန်းကလေးငယ်တစ်ယောက်ကြောင်သားဟင်းထည့်ထားသောဒန်ဇလုံခွက်အားကိုင်လာပြီး ကျွန်တော့်ရှေ့မှာချသည်။ ကျွန်တော့်အနားမှာထိုင်ရင်း-

"ကိုကိုဘာဖြစ်လို့အိမ်ကိုမလာတာလဲ"

ကောင်မလေးက အပြုံးနွဲ့နွဲ့ဖြင့် ကျွန်တော့်ကိုမေးပါသည်။

"နှစ်တစ်ဝက်စာမေးပွဲကနီးတော့ အတန်းမှန်မှန်တက်နေရတယ်။ ပြီးတော့ ဒီအရက်က စွဲသောက်လို့မကောင်းဘူးလေ။ ဟိုကောင်တွေကနေ့တိုင်းသောက်တာ၊ ကိုကိုကအပျော်သောက်တာ"

"အရက်မသောက်ဘဲညီမလေးတို့ဆီကိုလာရင်ပိုမကောင်းဘူးလား၊ စာမေးပွဲကြီးဖြေတုန်းက ကိုကို့ကိုသိပ်သတိရတာပဲသိလား။အခုလည်းအချိန်မတော်ကြီး အရက်တွေသောက်ပြီးဘာလုပ်ကြဦးမလို့လဲ"

"ရွှေတိဂုံဘုရားတပေါင်းပွဲရှိတယ်လေ။ သောက်ပြီးရင်တပေါင်းပွဲကိုဆက်မှာ"

ကျွန်တော်တို့တစ်တွေအရက်တစ်ပုလင်းအားတစ်ယောက်တစ်ခွက်လှည့်သောက်လိုက်ကြရာအရက်တစ်ပုလင်းမှာ ခဏနှင့်ကုန်သွားပါသည်။

"ကျောင်းသား. . . မင်းအိမ်ကိုလာခဲ့ဦးလေကွာ။ မင်းညီမလေးက နေ့တိုင်းမျှော်နေတာ"

"စာမေးပွဲပြီးလို့နွေကျောင်းပိတ်ရင် လာခဲ့ပါမယ် ကိုမြင့်ရာ"

"သန့်ဇင်အရက်ထပ်ယူကွာ၊ ပြီးတော့ငါတို့ဒီမှာမသောက်တော့ဘူးအပြင်မှာ သွားသောက်ရအောင်"

ကျားကြီးကတိုးတိုးလေးကပ်ပြောသည်။ ဒီကောင်ကျွန်တော်နှင့်ကောင်မလေးရင်းနှီးစွာပြောဆိုနေသည်ကိုမနာလိုပုံရသည်။ ဒီအုပ်စုသည်ရပ်ကွက်ထဲမှာ စော်ကြည်သည့်ကောင်တွေ မဟုတ်ပါ။ ပညာရေးတစ်ပိုင်းတစ်စအလုပ်မလုပ်ဘဲ မိဘအရှိန်အဝါဖြင့်ပေါ့လားဟားလားလုပ်နေသည့်ညနေတိုင်းမူးရူးပြီးလမ်းထိပ်မှာ ဂစ်တာဝိုင်းဖွဲ့နေသူတွေကို အဘယ်မိန်းကလေးများက ကြိုက်ပါမည်နည်း။ ကျွန်တော်တက္ကသိုလ်ကျောင်းသား ပြီးတော့ ဂစ်တာအတီးကောင်း၊ အဆိုကောင်းရုပ်ရည်အသင့်အတင့်ရှိသူကို တချို့မိန်းကလေးတွေက စိတ်ဝင်စားကြသည်မှာဖြစ်နိုးဖြစ်စဉ်သာ။ အခုလည်း အပျိုကြီးဖားဖားကိုယ်လုံးကိုယ်ပေါက်ပြည့်ပြည့်တင်းတင်းဆံပင်ဂုတ်ဝဲမျက်နှာလေးကချစ်စရာဖြင့် အသားဖြူနုနုလေးက ကျွန်တော့်ကိုတွတ်တီးတွတ်တာပြောနေတော့ ကျားကြီးမနာလိုစိတ်တွေပိုကဲနေခြင်းဖြစ်သည်။ ကျန်သည့်ကောင်တွေက အားကျသည့်အကြည့်ဖြင့်လုပ်လိုက်တော့ဟူသောမျက်နှာပေးဖြင့် အချက်ပြကြသည်။

ကျွန်တော့်မှာစည်းကမ်းတစ်ခုရှိပါသည်။မိန်းကလေးတစ်ယောက်အားမယူနိုင်ဘဲချစ်ပါသည်ဟုပြောပြီး လိမ်ညာပြီးမတွဲချင်ပါ။ ပြီးတော့ ဒီနေရာများမှာ မဟုတ်တာသွားလုပ်လျှင်ခေါင်းပြတ်သွားမည်ဖြစ်သည်။ ဒီတော့အတတ်နိုင်ဆုံးရိုးသားဖြူစင်စွာဆက်ဆံပါသည်။ကျွန်တော့်အပြုအမူတွေကရိုးသားသည်ကိုသူတို့မိသားစုသိကြသဖြင့်ပို၍ရင်းနှီးလာကြခြင်းဖြစ်သည်။ သူတို့မိသားစုကတော့လူငယ်နှစ်ယောက်ငြိစွန်းသွားခဲ့လျှင် သချိုင်းထဲတောအရက်ရောင်းသည့်တဲမှာနေနေရသည့် သူတို့သမီးလေးအတွက်စိတ်ချမ်းသာမှာ အမှန်ပင်ဖြစ်သည်။ ကျွန်တော်ကတော့ဘဝကိုမစွန့်စားရဲပါ။အထူးသဖြင့် ဤမိန်းကလေးအပေါ် ညီမလေးတစ်ဦးလိုကလွဲ၍ ပိုပြီးစိတ်ကူးလို့မရ။ အသားဖြူဖြူရုပ်ရည်လေးရှိပြီး နုပျိုလန်းဆန်းမှုက ကျွန်တော့်အပေါ် မလွှမ်းမိုးနိုင်ပါ။ ရန်ကုန်တက္ကသိုလ်မှာဒီထက်မကအပုံကြီးသာသူတွေရှိနေသည် မဟုတ်ပါလား။အဆင့်အတန်းခွဲခြားလို၍မဟုတ်ပါ။ ကျွန်တော့်မှာရည်ရွယ်ချက်တစ်ခုရှိနေပါသည်။ အဆောင်ညတွေမှာဂစ်တာတီးဘက်သူငယ်ချင်းဖြစ်သူဖိုးချို၏ကိုယ်ပိုင်သံစဉ်သီချင်းတွေကိုကျွန်တော်သီဆိုပြီးစီးရီးထုတ်ဖို့စပယ်ဦးတေးသံသွင်းကပိုင်ရှင်ဖြစ်သူနှင့်စကားပြောထားခဲ့၍အနုပညာရည်မှန်းချက်ကြီးမားနေခြင်းကရည်းစားထားသောအလုပ်တွေကိုစိတ်မဝင်စားခြင်းဖြစ်သည်။ (နောက်ပိုင်း စပယ်ဦးနှင့်စီးရီးထုတ်မည့်ကိစ္စပျက်သွားသောအခါကျွန်တော်တို့သူငယ်ချင်းတစ်စု ရသလောက်ပိုက်ဆံစုပြီးဖိုးချိုကိုယ်တိုင်ဆို၍စီးရီးထုတ်လိုက်သောအခါ 'ပိုင်စိုးမှုဇကရီ၏တမ်းခြင်းများ' စီးရီးခွေဖြင့်ဖိုးချိုတစ်ယောက်နိုင်ငံကျော်အဆိုတော်ဖြစ်သွားပါသည်)

*

ကျွန်တော်တို့အုပ်စု တောအရက်နှစ်ပုလင်း၊ ကြောင်သားဟင်းပန်းကန်ယူပြီးကိုမြင့်အိမ်မှ ထွက်လာခဲ့ကြသည်။ ကိုမြင့်က အရက်ဖိုးကြောင်သားဟင်းအမြည်းဖိုးအတွက် ပိုက်ဆံမယူပါ။ ကျွန်တော်သူတို့တဲကိုပြန်ပြီး ခြေဦးလှည့်လာတာကိုပဲ ဝမ်းသာနေပါသည်။ သူ့သမီးလေးပျော်နေသည်ကိုကြည့်ပြီး တပြုံးပြုံးဖြစ်နေသည်။ ကောင်မလေးကတပေါင်းပွဲမှာမူးပြီးရန်မဖြစ်ဖို့အထပ်ထပ်မှာနေပါသည်။ တဲအပြင်ဝဂ္ဂီလမ်းအထိ လိုက်ပို့သည်။ကျွန်တော်တို့ဝဂ္ဂီလမ်းဘက်မထွက်ဘဲ အသံလွှင့်ရုံနောက်ကျောဘက် ကြံတောသချိုင်းအဝင်လမ်းအတိုင်းပြန်ထွက်လာခဲ့ကြသည်။

တပေါင်းလပြည့်ည၏ လရောင်သည် သချိုင်းတစ်ပြင်လုံး ဖွေးဖွေးလုဖုံးလွှမ်းထားသည့်အုတ်ဂူဖြူဖြူများကအစီအရီ။မလှမ်းမကမ်းမှသုသာန်စူတင်ကျင့်နေသောဘုန်းတော်ကြီး၏တဲလေးမှ မီးရောင်လဲ့လဲ့ကို မြင်ရသည်။ ညဉ့်ငှက်တို့သည်တကစ်ကစ်အသံပေးရင်းဟိုမှသည်ပျံနေကြသည်။သချိုင်းအတွင်းရှိစေတီလေးမှခေါင်းလောင်းညောင်ရွက်လှုပ်ခတ်သံတချွင်ချွင်ကြားရသည်။

လရောင်အောက်မှာမြေပုံမို့မို့များကုက္ကိုပင်အရိပ်မည်းမည်းကြီးများကစိတ်ချောက်ချားစရာအတိ။ မြေပုံများကြားမှ ပျဉ်းမပင်ကောက်တီကောင်ကွေးသည့်မကောင်းဆိုးဝါးကြီးတစ်ကောင်မားမားရပ်နေသကဲ့သို့ထင်ရသည်။ ဇရပ်အဟောင်းကြီးအနီးကြီးမားသောကုက္ကိုပင်ကြီးမှာနေသည်ဆိုသောကြံတောသချိုင်းမှအကြီးဆုံးအကောင်ကြီးသည်ကျွန်တော်တို့အုပ်စုနောက်သို့လိုက်များလိုက်လေမလား။ မူးမူးနှင့်ဟိုသည်တွေးရင်းသချိုင်းကုန်းထဲမှသရဲတွေကိုစချင်လာသည်။ မီးသဂြိုဟ်စက် အဝင်လမ်းထိပ်နားရောက်တော့-

"အဲဒီအုတ်ဂူပေါ်မှာ ထိုင်ကြရအောင်ကွာ၊ လကလည်းအရမ်းသာတာပဲ။ ငါတို့ဒီဂူပေါ်မှာ အရက်သောက်ကြမယ်"

"မင်းကလည်းကွာအပြင်ရောက်မှသောက်တာမဟုတ်ဘူး။ သချိုင်းကုန်းအုတ်ဂူပေါ်မှာအရက်သောက်ရတယ်လို့"

ကျားကြီးလေသံက တစ်ခုခုကိုစိုးရိမ်နေသလိုလို။

"ကျားကြီးမင်းကြောက်နေလား၊ငါတို့ကို ဒီသချိုင်းထဲမှာဘယ်သရဲကမှလာမခြောက်ဘူး"

"မဟုတ်ပါဘူးကွာ၊ သောက်ချင်လည်းသောက်လေ"

လေသံပျော့ပျော့လေးဖြင့်ကျားကြီး

ပြောသည်။ ဝဲဘက်ခြမ်းအုတ်ဂူကြီးကြီးပေါ် သို့တက်ထိုင်လိုက်ကြသည်။ သင်္ချိုင်းအဝင်လမ်း၏ဟိုဘက်မှာကတရုတ်သင်္ချိုင်း။ ပြီးတော့အသံလွှင့်ရုံအုတ်တံတိုင်း၊ အသံလွှင့်မျှော်စင်ထက်မှမီးရောင်နီနီလေးသည် လရောင်အောက်မှာရဲရဲတောက်နေသည်။ တရုတ်သင်္ချိုင်းနှင့်ဗမာသင်္ချိုင်းအား လမ်းမကြီးက စည်းတားထားပါသည်။

ကိုမြင့်တဲက အကြွမ်းပန်းကန်လုံးတစ်လုံးကိုပါ ယူခဲ့၍အရက်ခွက်လှည့်ရသည်မှာအဆင်ပြေပါသည်။ တစ်ယောက်တစ်ခွက်သောက်လိုက်ကြပြီးကျွန်တော်ကကြောင်သားဟင်းတစ်ဖက်ကိုနှိုက်လိုက်သည်။ ကိုမြင့်သည် သူ့တဲသို့ကျွန်တော်အရက်လာသောက်လျှင်တက္ကသိုလ်လိုင်းခန်းကကိုခင်မောင်ဝင်းတို့သောက်သည့်ထောက်ကြန့်တောအရက်ကိုဘယ်တော့မှမတိုက်ပါ။ ကြည့်မြင်တိုင်တစ်ဖက်ကမ်းညောင်ရွာမှကောက်ညှင်းအရက်ကိုသာတိုက်ပါသည်။ထောက်ကြန့်တောအရက်နှင့်ညောင်ရွာမှကောက်ညှင်းအရက်သည် ဈေးနှစ်ဆမက ကွာပါသည်။ ကောက်ညှင်းအရက်စစ်စစ်ဖြစ်၍မွှေးနေပါသည်။ ကြောင်သားဟင်းအမြည်းအား မစားဘဲ အုတ်ဂူပေါ် တင်လိုက်သည်။

"စားစား ငါမင်းတို့ကိုကျွေးတာ၊ ငါတို့ကို ဟိုဘက်က တရုတ်သရဲတွေ မနှောင့်ယှက်အောင်စောင့်ရှောက်နော်"

"ဟော့ကောင် မင်းမူးမူးနဲ့ဘာတွေလျှောက်လုပ်နေတာလဲ"

ဘိုနီကြောက်ကြောက်နှင့် ကျွန်တော့်ကို လှမ်းပြောသည်။

"ဒီသင်္ချိုင်းကုန်းထဲမှာသရဲတွေအမှန်တကယ်ရှိတာ ငါသိတယ်ကွ။ သူတို့ကိုအမြည်းကျွေးပြီးအပေါင်းအသင်းလုပ်ထားရတာ"

ထိုစဉ်ကျွန်တော်တို့ဝိုင်းအလယ်မှာအရက်ထည့်ထားသောအကြွမ်းပန်းကန်လုံးသည် မည်သူမှမထိရဘဲ သူ့အလိုလိုမှောက်သွားသည်။ ဘိုနီ ထခုန်ပါတော့သည်။

"ဘိုနီ မင်းငြိမ်ငြိမ်နေစမ်း၊ သူတို့အမြည်းစားရုံတင် မကျေနပ်ဘူးကွ။ အရက်ပါသောက်ချင်နေကြတာ။ ကဲပါကွာ ငါတိုက်ပါမယ်"

ပြောပြောဆိုဆိုဖြင့်အရက်တစ်ခွက်ငှဲ့လိုက်ပြီးအုတ်ဂူဘေးမြေကြီးပေါ် သို့သွန်ချလိုက်သည်။ ကျန်သည့်ကောင်တွေက ကြောက်နေသည့်ဘိုနီကို ကြည့်လိုက် ကျွန်တော်လုပ်နေသည်ကိုကြည့်လိုက်ဖြင့်မူးမူးနှင့် ဝိုင်းရယ်ကြတော့သည်။ ကျွန်တော်ကအရက်တစ်ခွက်ငှဲ့ပြီးမြေကြီးပေါ် သွန်ချလိုက်၊ ကြောင်သားဟင်းတစ်ဖက်ကိုအုတ်ဂူပေါ် တင်လိုက်ဖြင့်အလုပ်ရှုပ်နေတော့သည်။

မကြာမီအရက်ရောအမြည်းပါကုန်သွား၏။ လူတွေလည်းတော်တော်မူးနေကြပြီဖြစ်သည်။ ကျွန်တော်အုတ်ဂူပေါ် မှခုန်ဆင်းပြီးလမ်းမအလယ်မှာရပ်လိုက်သည်။ ကျားကြီးကတော့ ကိုမှုံကြီးပေးလိုက်သောအထုပ်အားဖြည်ပြီး ဆေးပေါ့လိပ်တစ်လိပ်ဖြင့် အလုပ်ရှုပ်နေပါသည်။ ဒီကောင် နှစ်ပင်လိမ်တော့မည်။ နှစ်ပင်လိမ်ပြီးဒီကောင်ငြိမ်သွားလျှင် ကောင်းပါသည်။

ဒိပြင်ဆိုအရက်မူးပြီးတပေါင်းပွဲမှာရန်ဖြစ်လျှင်ပြဿနာ။

"ဟိုဘက်ကတရုတ်သရဲတွေမိုက်တဲ့ကောင်ထွက်ခဲ့"

မူးမူးနှင့်အော်လိုက်သောကျွန်တော့်အသံက တိတ်ဆိတ်နေသော သုသာန်တစ်စပြင်မှာ ဖုံးလွှမ်းသွားပါသည်။

"ဟာ- ဒီကောင်ပေါက်ကရတွေလုပ်နေပြန်ပြီ။ ဟော့ကောင်သန့်ဇင် တော်တော့ကွာ သွားကြမယ်"

ဘိုနီကကျွန်တော့်ကိုလာဆွဲသည်။ မြင့်ကြည်နှင့် ဝက်ကြီးက ကျွန်တော့်ကိုကြည့်ပြီး ရယ်နေကြသည်။ ကျားကြီးကဆေးပေါ့လိပ်အား ရှိုက်ရှိုက်ဖွာရင်းမှိန်းနေပါတော့သည်။

"မင်းတို့တရုတ်သရဲတွေမိုက်ရင် ဒီဘက်က ငါ့ဘော်ဒါ ဗမာသရဲတွေနဲ့ချမလား ချချင်ရင်ထွက်လာခဲ့"

"ဟော့ကောင်မင်းနဲ့ချမှာမဟုတ်ဘူးလား"

"ဘယ်ကချရမှာလဲ ဒီဘက်က ငါ့ဘော်ဒါ ဗမာသရဲတွေနဲ့ချမှာ ဒီသင်္ချိုင်းမှာ သရဲတွေကငါ့ဘော်ဒါတွေ၊ သီတင်းကျွတ်လပြည့်ည အကျွတ်အလွှတ်ပွဲမှာ ငါသူတို့ကို အမဲသားဟင်းနဲ့ ထမင်းဝေကျွေးနေကျကွ"

အကျွတ်အလွှတ်ပွဲလုပ်တိုင်း ကျွန်တော်အမြဲတမ်းပါပြီး အုတ်ဂူတွေ၊ မြေပုံတွေပေါ် မှာ ဖက်ခင်းပြီးအမဲသားဟင်းနဲ့ထမင်းပုံကျွေးရသည့်အဖွဲ့မှာဝိုင်းလုပ်ပေးနေကျဖြစ်၍သင်္ချိုင်းကုန်းမှသရဲတွေကိုရင်းရင်းနှီးနှီး ပြောရဲခြင်းဖြစ်ပါသည်။

"ဟော့ကောင်တွေတရုတ်သရဲတွေ မင်းတို့စကြောက်တွေလားမချရဲဘူးလား မင်းတို့မချရဲရင် ငါခဲနဲ့ထုမှာနော်"

သုသာန်တစပြင်ကား တိတ်ဆိတ်နေပြီးပိုးမွှားအသံ၊ ပုရစ်အသံပင်မကြားရတော့ပါ။အဝေးနာနတ်တောရပ်ကွက်ဆီမှ ခွေးအူသံသဲ့သဲ့အား ကြားနေရသည်။ ဖျဉ်းမပင်သစ်ခေါင်းထဲမှဇီးကွက်ကြီးတစ်ကောင်သည် တကွပ်ကွပ် အသံပေးနေသည်။

ကျွန်တော်ကတရုတ်သရဲတွေနှင့်ဗမာသရဲတွေကိုမြှောက်ပေးပြီးရန်ဖြစ်ခိုင်းနေသော်လည်း ဒင်းတို့က တုတ်တုတ်မျှမလှုပ်ပါ။ ကြာလာတော့ စိတ်မရှည်ဘဲဒေါသဖြစ်လာသည်။

"ဒီလောက်တောင်ဖြစ်လှတာ ငါနဲ့တွေ့မယ်၊ဟော့ကောင်တွေဒီကိုလာကြဦး။ ခဲတွေကောက်ပြီး တရုတ်သင်္ချိုင်းဘက်ထုကွာ"

ကျွန်တော်တို့အုပ်စုမှာ အရက်မူးနေကြပြီဖြစ်၍ကျွန်တော်လုပ်သမျှလိုက်လုပ်ကြပါတော့သည်။ ကျွန်တော်တို့ ပစ်သောခဲတွေကတရုတ်သင်္ချိုင်းအုတ်ဂူများအား တဖုန်းဖုန်းထိသည်။ ခဲပစ်သံတွေ တဒိုင်းဒိုင်းဒိုင်းမြည်နေပြီး ဆူညံနေပါတော့သည်။

"ဒကာလေးတို့ တော်ကြတော့"

လူသံကြားလိုက်ရ၍ကျွန်တော်တို့ ခဲနှင့်ပစ်ပေါက်နေသည်ကို ချက်ချင်းရပ်လိုက်ကြသည်။ လှည့်ကြည့်လိုက်တော့ သုသာန်မှူတင်အဓိဋ္ဌာန်ဝင်နေသည့် ဦးပဉ္စင်းကြီးဖြစ်နေပါသည်။

ကျွန်တော်တို့ အမူးနည်းနည်းပြေသွားကြသည်။ အလိုလိုလက်အုပ်ချီပြီးသားဖြစ်သွား၏။ လရောင်အောက်တွင် သံဃာတော်အရှင်မြတ်သည်ပကတိတည်ငြိမ်အေးချမ်းလှပါသည်။

"ဘုန်းကြီးကိုသူတို့လာလျှောက်ပြီးအပူကပ်နေကြတယ် ဒကာလေးတို့"

"ဘယ်သူတွေကလဲ ဘုရား၊ ဒီဝန်းထဲကဆိုရင်တော့ တပည့်တော်သွားရှင်းလိုက်ပါမယ်"

ကျွန်တော်ရိုရိုသေသေ လျှောက်တင်လိုက်ပါသည်။

"ဒီဝန်းထဲကပါပဲ ဒါပေမယ့်လူတွေမဟုတ်ဘူး၊ ဝိညာဉ်လောကသားတွေကွယ့် ဒီကြီးတောသုသာန်တစ်ဝန်းလုံးကမကျွတ်မလွတ်သေးတဲ့အမနုဿဘုံသားတွေဟာ ဟောဒီက ဒကာလေးကိုသိကြတယ်။ သူတို့ရဲ့ကျေးဇူးရှင်တဲ့၊ သူတို့ကိုအစာအာဟာရ ကျွေးမွေးပြီး ကုသိုလ်တရားတွေရအောင်နှစ်စဉ်လှူဒါန်းနေတဲ့အဖွဲ့မှာ ပါနေတဲ့သူတဲ့။ ဒကာလေးကအရက်တိုက်ပြီး ဟိုဘက်ခြမ်းက တရုတ်သရဲတွေနဲ့ရန်ဖြစ်ခိုင်းတော့ဒကာလေးတို့စိတ်ဆိုးပြီး ခဲတွေနဲ့ပေါက်တော့ တရုတ်

# အငြိမ်းခံ ဆန်းတျိုင်း မဟာသုတ များ

**ထိပ်တင်အုန်းကျော်**



**မေး။** အဲဒါလည်းတွေးရတဲ့ပညာတွေပဲနော်ဆရာ။

**ဖြေ။** လှူတာကျတော့လည်း တကယ့်ကို ထိရောက်တဲ့ လှူခြင်းမျိုးပဲ။ ကိုယ့်နားမလည်နိုင်တာ မလိုက်နိုင်တာ မမြင်နိုင်တာ အပထား လှူတာကတော့ တကယ်ကောင်းတဲ့လှူခြင်းပဲ။ မာတ်ထိအောင်လှူပုံကွာတာတော့ ကျွန်တော့်အမြင်မှာ နည်းနည်းလိုအပ်နေသေးလို့ပေါ့။ မလိုက်နိုင်သေးလို့ပေါ့။ တစ်ခုပြောမယ်။ သောကြာသက်ရောက်ဗျာ။ မွေးနေ့ကလည်း သောကြာပဲ။

**မေး။** ဟုတ်ကဲ့ သုံး- လေး- ငါးတိုင်။

**ဖြေ။** ဟုတ်တယ် အဲဒီမှာ ခင်တဲ့လူပါပဲ သူက သောကြာ။ အသက်မေးကြည့်တော့ ခုနသက်ရောက် မွေးနံ့ရဲ့ သဘောက တိုင်ခြေမြေလူးနှစ်ပေါ့။ မွေးနေ့မှာငါးတွေသက်စေ့ဝယ်သွားပြီးလွှတ်လွှတ်နေလို့မေးကြည့်တာ ကြည့်ရတာပုံးတွေနဲ့ဆိုတော့ကြည့်နူးစရာ၊ အားရစရာ။ စပ်စပ်စုစုမေးကြည့်တော့ သူဒီလိုမျိုးသုံးလေးခါလွှတ်ပြီးတဲ့နောက်ပိုင်းမှာ တော်တော်အဆင်ပြေလာတယ်လို့ပြောတယ်။ ဘာအဆင်ပြေလဲလို့တော့စပ်စပ်စုစုထပ်မေးမနေတော့ဘူး။ ဒါက တန်းကပ်မှာရှိနေတဲ့ တနလ်ာကိုချေဖျက်လိုက်တာပဲ။ ပြောရမယ်ဆို တနလ်ာနံ့ကောင်းအောင်လုပ်လိုက်တာပဲဆိုတာတော့ ရိပ်မိတယ်။ 'ဝံသေ'ဆိုတဲ့ရေဂြိုဟ် သောကြာက တနလ်ာနံ့ကိုတန်းကပ်မှာကပ်ထားတော့ သောကြာရဲ့ပရိယာယ်အရ လှုပ်ရှားသွားလာခြင်းကိုပြုပေးလိုက်တာပေါ့။လှုပ်ရှားသွားလာခြင်းဟာလွတ်မြောက်ခြင်းပဲခရီးပဲ။ ဒါဖြင့်ငါးလေးတွေ ခရီးသွားကြပြီပေါ့ဗျာ။ ဘယ်ခရီးလဲ သူတို့လိုမျိုးတူတဲ့ငါးလေးတွေပဲနေထိုင်ကျက်စားရာ ရေပြင်ကျယ်ကြီးထဲကိုခရီးသွားကြပြီပေါ့။ ပြောချင်တာကခွေးကျွေးဖြစ်တယ်။ဒီလိုသက်ရောက်မှုမှာခွေးကျွေးတဲ့လူတွေဖြစ်တယ်ပေါ့။ဒါပေမယ့်သူလိုချင်တဲ့အတိုင်းအတာ

---

သချိုင်းဘက်ကသူတွေဟိုပြေးသည်ပြေးနဲ့ အနေအထိုင်ပျက်ရတယ်။ ဒါကိုဘုန်းကြီးကိုလာလျှောက်ပြီး တားပေးပါလို့ အကူအညီတောင်းကြတယ်။ ဒကာလေးတို့သောက်စားပြီးပျော်ပြီးကြပြီပဲ၊ကိုယ့်လမ်းကိုယ်သွားကြတော့၊ မဖဲဝါနဲ့ဇရပ်ဟောင်းကြီးနားကုက္ကိုပင်ကြီးမှာနေတဲ့နက်ကြီးကလည်းဒကာလေးကိုဆက်မလုပ်ဖို့တောင်းပန်နေပါတယ်တဲ့။ ကဲ-သိပြီလား သွားကြတော့"

ကျွန်တော်တို့ တွေဝေကုန်ကြ၏။ ကျွန်တော်တို့ကအပျော်သက်သက်မူးပြီးလုပ်နေကြခြင်းဖြစ်သည်။ ဝိညာဉ်လောကသားတွေ ဘာဖြစ်နေသည်ကိုမသိပါ။ မမြင်အပ်သော အမနုဿလောကသားတွေမှာတော့ ကမ္ဘာပျက်ကုန်ပြီဖြစ်သည်။ သူတို့တတွေသည် ဒီသချိုင်းမြေထဲမှာ ပေါက်ကရလာလုပ်သော ကျွန်တော်တို့အုပ်စုအားသည်းခြေပျက်ပြီးကြောက်လန့်သွားလောက်အောင် ခြောက်လှန့်၍ရပါသည်။ သို့သော် နှစ်စဉ်သီတင်းကျွတ်လပြည့်ရောက်တိုင်းအကျွတ်အလွတ်ပွဲမှာဝင်ရောက်ကူညီပြီးကုသိုလ်ယူနေသောကျွန်တော်ဖြစ်နေ၍သူတို့ဘာမှလုပ်မရပါ။ ဒါကြောင့်လည်းသုသာန်မှူးတင်အမိဋ္ဌာန်ဝင်နေသောသံဃာတော်အားသွားပြီးအပူကပ်ကြခြင်းဖြစ်ပါသည်။

"တင်ပါ့ဘုရား. . . တပည့်တော်တို့ ပြန်ပါဦးမယ်ဘုရား။ တပည့်တော်တို့ကို ခွင့်လွှတ်ပါဘုရား"

"အေး. . . အေး ကောင်းပါပြီကွယ်။ သာဓု. . . သာဓု. . . သာဓု"

သံဃာတော်ကြီးသည်သူ့ဓူတင်တဲလေးရှိရာအုတ်ဂူကြားသစ်ပင်အောက်သို့ ပြန်ကြွသွားပါတော့သည်။ ကျွန်တော်တို့အုပ်စုလည်းကြဲတောသချိုင်းအဝင်လမ်းအတိုင်း ပြန်ထွက်လာခဲ့ကြသည်။

ရုတ်တရက် လေအဝှေ့မှာ ဆိတ်ဖလူးပန်းရနံ့သည်လွန်စွာမွှေးလာသည်။ ကျွန်တော်ကြက်သီးဖြန်းခနဲ ထလာ၏။ သဘောပေါက်သွားပြီ။ကျွန်တော့်ကိုနှုတ်ဆက်နေကြပါလား။

"ဟော့ကောင်တွေငါပြန်ပြီဟော့မင်းတို့ ကောင်းကောင်းနေခဲ့ကြတော့"

အားလုံးက ကျွန်တော့်ကိုအံ့သြသောအကြည့်ဖြင့်ကြည့်ကြသည်။ ဟံသာဝတီလမ်းအတိုင်း အဝိုင်းကိုကျော်ပြီးဦးဝိစာရလမ်းဘက်ရောက်လာသည်။ ရွှေတိဂုံစေတီကြီးသည်မီးရောင်အောက်မှာရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှပါစွတကား။ ဦးဝိစာရလမ်းမကြီးကတော့ရေတမာပင်လေးတွေအားရင်ခွင်မှာပိုက်ရင်းငြိမ်သက်စွာလဲလျောင်းနေပါတော့သည်။

*ပြီးပါပြီ။*

ရာန်လင်းထက်

အထိမအောင်မြင်ဘူးဖြစ်နေရာကသူက တတ်ကျွမ်းနားလည်တဲ့ပုဂ္ဂိုလ်တစ်ဦးဆီ ရောက်သွားပြီးငါးတွေလွှတ်တော့တာပဲ။ သူလည်းသက်စေ့တွေဝယ်လွှတ်တာ။ငါး ခူတွေရော ငါးကျည်းတွေရော အများ ကြီးပဲ။ နှစ်ခါသုံးခါလည်း လွှတ်ပြီးရော ဖြစ်သွားတယ်ဗျာ။ သူလိုချင်တဲ့ကိစ္စတွေ အောင်မြင်သွားတယ်။ ငွေကြေးနဲ့ပတ် သက်တာတွေပဲ။ပြောချင်တာက ဂဏန်း တစ်လုံး ဂြိုဟ်တစ်လုံးကိုမြင်တာနဲ့ လုပ် ဖြစ်သွားတာမျိုးဆိုရင် ဖြစ်အောင်လုပ် နိုင်စွမ်းတဲ့ယတြာနဲ့ မတူတာကိုပြောချင် တာပါ။ ဒါတွေက ထူးခြားတယ်ဗျ။ အ ကောက်မှာအတော်ကွာသွားတတ်တယ်။

၅၂
၄၁
၃၀
―――
၂၆- ငါးသက်စေ့လွှတ်
၁၅
၀၄
၆၃

(သောကြာသည် ရေနောက်ဂြိုဟ် ဖြစ်သည်)

ဒါလည်းနီးနီးစပ်စပ်တွေးနိုင်ပါသေး တယ်။ နည်းနည်းဝေးတာက မျောက်ကို ငှက်ပျောသီးကျွေးတဲ့ ကိစ္စပဲ"

**မေး** ။ ဗျာ မျောက်ကို-

**ဖြေ** ။ ဟုတ်တယ် တိုင်ထိပ်မှာ ကြာသပတေးကို တနင်္လာပူးထားတယ်။ ကျွန်တော်ဆီ မျက်စိခွဲထားတဲ့သူတွေ၊ ခွဲ ရမယ့်သူတွေကို ဆေးဖိုးလှူခိုင်းမှာ လှူ လည်း လှူခိုင်းခဲ့ဖူးတာပဲ။ အဆင်ပြေတဲ့ လူရှိသလို အဆင်မပြေတဲ့လူလည်း ရှိပါ တယ်။ ခုနမျောက်ကိုငှက်ပျောသီးကျွေး တဲ့လူကျ ကြွေးတွေပြန်ရတယ်ဗျာ။ ငွေ တွေပြန်ဝင်လာတာ အံ့ရော။ ဒါပေမယ့် တစ်ခါထဲနဲ့တော့ မရဘူး။ သုံးလေးကြိမ် သွားတော့ သွားကျွေးရတယ်။ တွေ့ဖူး တယ်။ အဆင်ပြေတယ်ဆိုတာလည်း သူ ပဲပြောပြလို့ သိရတာ။ အဲဒါကျ ခုနပြော သလိုနည်းနည်း ဝေးသွားတယ်။ မလိုက် နိုင်ပြန်ဘူး။

**မေး** ။ ဆန်းကျမ်းပညာရဲ့တကယ့် အနှစ်သာရတွေပဲနော်ဆရာ။ ဆရာမပြ နည်းမကျဆိုတာ ခုဆရာရှင်းပြမှပဲသိရပါ တယ်။

**ဖြေ** ။ တကယ်ကို ဆရာမပြ နည်း မကျဘဲ။ ပညာနဲ့အကိုက်ဖြစ်အောင် စဉ်း စားရတာလည်း ပညာပဲဗျ။ ခင်ဗျားကျွန် တော်ပြောမယ့် တနင်္လာသားတစ်ယောက် ဗျာ အသက်က (၃၄) နှစ်။ အဲဒါသူ့သက် ရောက်ဟာ အင်္ဂါသက်ရောက်မို့လား။

၀၆
၆၅
၅၄
―――
၄၃
၃၂
၂၁
၁၀

**မေး** ။ ဟုတ်တယ်လေ ငါး၊ ခြောက်၊ ခွန် တိုင်။


**ဖြေ** ။ အေး၊ ကျွန်တော်က တနင်္လာရဲ့ကောင်းခြင်းကိုဖြစ်စေတဲ့ သူ့ ဆပွတ်ဂြိုဟ် စနေဟာ ဟိုးတိုင်ထိပ်မှာရှိ ပြီး သောကြာကကပ်နေတယ်၊ဒါကြောင့် ဒုက္ခိတကို ခရီးစရိတ်ပေးတာမျိုး အစာ အဟာရဝယ် ကျွေးလှူတာမျိုး လုပ်ခိုင်း တယ်။ ကာယကံရှင်ကလည်း ယုံယုံ ကြည်ကြည်နဲ့ လုပ်တယ်၊မဆိုးဘူး။ ဒါပေ မယ့် ကောင်းမလာသေးဘူးပေါ့ဗျာ။ အ တိုက်အခိုက်က ရှိနေသေးတာပဲ။ အဲဒါ နဲ့တစ်နေ့တော့ ကျွန်တော်အရမ်းလေးစား တဲ့ ဆန်းဆရာနဲ့ဆုံတော့၊အဲဒီအကြောင်း လေးတွေ ပြောဖြစ်တယ်။ ပြောဖြစ်တော့ ဆရာက မင်းကလည်းကွာ ဒါများ မင်း ဘာလုပ်ချင်တာလဲ ပြောတဲ့။ ကျွန်တော် အဲဒီ တနင်္လာသားကို အတိုက်အခိုက် တွေရှင်းပြီး အန္တရာယ်ကင်းနေချင် တယ်ဆရာဆိုတော့ မင်းဘာလုပ်ခိုင်း ထားလဲတဲ့။ ကျွန်တော် သူ့ရဲ့ကောင်း ခြင်းကိုဖြစ်စေတဲ့ ဆပွတ်ဂြိုဟ်စနေကို စိတ်ဝင်တစား ယတြာလုပ်ခိုင်းလိုက် တယ်လို့ ပြန်ပြောလိုက်တယ်။ လုပ်ခိုင်း တာကဒုက္ခိတကိုခရီးစရိတ်ပေးတာမျိုးပါ လို့ ပြောလိုက်တယ်။ ဆရာက အေး- ဟုတ်ပြီ၊ မင်းပြောတဲ့စနေကဘာဂြိုဟ်ပူး နေတာလဲ သိလားတဲ့။ သောကြာဂြိုဟ် ပါဆရာဆိုတော့ အေး (၀- ၆)ဟာဘုမ္မိပဲ လေကွာ။ ဘုမ္မိမိနေမှတော့ နတ်လမ်းမှာ တံမြက်စည်းလှည်းခိုင်းပြီး ပြီးရင်ဘုန်း ကြီးကုဋီရေဆေးခိုင်းလိုက်ပေါ့ကွာ။ ဘုမ္မိ ကျနေမှတော့ ကုဋီရေဆေးခိုင်းတာ အ ကောင်းဆုံးပဲတဲ့။ ဟာ-အမြင်ကိုပွင့်ထွက် သွားတာပဲ။ဘုမ္မိ၊ ဟာ-ဟုတ်သားပဲဆိုပြီး ပျော်သွားတယ်။နောက်တော့ ကျွန်တော် လုံးဝမထင်မှတ်ထားတာကို ဆရာပြော တော့တာပဲ။ မင်းလူက တနင်္လာဆို။ ဟုတ်ကဲ့ဆိုတော့ အဲဒီ တနင်္လာနဲ့မင်း စိတ်ဝင်စားပြီးချေတဲ့ စနေကရော ဘာ တော်လဲတဲ့၊ (၂- ၀) ကို မေးတာ။ ကျွန် တော်က၊သောမနဲ့ပါပမို့ ဥဒါသိန်ပါဆရာ ဆိုတော့ ဘုမ္မိပဲလေကွာ မင်းမမြင်ဘူး လားတဲ့။ မင်းကစနေကို ချေမှာဆိုတော့ ဒီစနေဟာတနင်္လာနဲ့ ဘာတော်တယ်ဆို တာလောက်တော့ မင်းသိထားရမှာပေါ့ တဲ့။အဲလိုမှမသိဘဲ မင်းရမ်းချေနေရင် ဟို တစ်ဖက်သားလည်း အချိန်တွေကုန် အလုပ်တွေရှုပ်ရနဲ့ အဓိပ္ပာယ်မရှိဘူးလေ ကွာတဲ့။ ဟား တနင်္လာကနေကြည့်တာ နဲ့စနေဟာ ဘုမ္မိ၊ ဟာဟုတ်တယ်ဟာဆိုပြီး အားရပါးရလည်း အသံထွက်သွားရော အေး ဒါကြောင့် ငါဘုန်းကြီးကုဋီတွေရေ ဆေးခိုင်းတာ သိပလားတဲ့။ ဟုတ်ကဲ့သိပါ ပြီဆရာဆိုပြီးဒုက္ခိတကိုခရီးစရိတ်လှူခိုင်း တဲ့အသိကို ပြန်ရုပ်နိုင်းရတော့တာပေါ့။ ဘုန်းကြီးကုဋီတွေ ရေဆေးကြော တိုက် ချွတ်အကုန်လုပ်ခိုင်းတော့တာပေါ့။ ဟော အဲသလိုလည်း လေးငါးခါလုပ်လည်းပြီး ရော သူတို့တိုက်ရိုက်စွပ်စွဲတိုက်ခိုက်နေ တဲ့လူတွေ ငြိမ်သွားပြီး တချို့ကသူ့ကို မြင်ရင်တောင် ပြုံးပြတာတွေ ရယ်ပြတာ တွေဖြစ်လာတယ်တဲ့ဗျ။

**မေး** ။အရမ်းကိုအံ့ဩစရာကောင်း လွန်းတဲ့ အတွေးအခေါ် တွေ၊ပညာတွေပဲ နော်ဆရာ။ ထင်သာမြင်သာအောင်သာ ပြောမပြရင် ဘယ်လိုလုပ်ပြီး ဉာဏ်မီနိုင် ပါ့မလဲ အဝေးကြီး။ ဆရာပြောသလို၊ဒုက္ခိ တကိစ္စတို့၊ ကျွန်တော်ဆို နွားကျွေးရမလို လိုတို့ ဖြစ်ကုန်မှာပဲ။

**ဖြေ** ။အေး-အဲဒါပဲဗျ။ အဲဒါပြီး တော့မှ ဆန်းဆရာက (၃- ၂) ကို ကိုင် တာ။ စာကလေးတွေ လွှတ်ခိုင်းတယ်။ စာကလေးတွေ ကျွေးခိုင်းတယ်။ ဆေး တွေ လှူခိုင်းတယ်။ တစ်ခုပဲ ခင်ဗျားကို ကျွန်တော်ပြန်မပြောနိုင်တာက အဲဒီတုန်း က ကောဇာတွေကို ကျွန်တော်သတိမ ထားခဲ့မိဘူး။ ဝင်ထွက်ဝင်ထွက်နဲ့ပဲ အ ကုန်လုံးလိုက်ချိန်နေတဲ့သဘော ဆောင် နေတော့ကောဇာကို တန်ဖိုးထားရကောင်း မှန်းမသိခဲ့ဘူး။ သက်ရောက်ကိုသာ မဲနေ ခဲ့တာ။

-ထိပ်တင်အခုန်းကျော်(သုတေသီ)

# သိစရာ ကြည့်စရာ လက္ခဏာပညာ မင်းရဲရင့်မွန်



*ယခင်လမှအဆက်*

**အခန်း (၁၃)Hour Thirteen**

**Mind Mapping စိတ်ပိုင်းဆိုင်ရာကို လေ့လာခြင်း**

လက်ဝါးပြင်ပေါ်၌ အဓိကလမ်းကြောင်း Major Lines များကို မည်သည့်လက်ဝါးပြင်မျိုး၌မဆို တွေ့မြင်ရသည်။ Major Line ၏သဘာဝအရ လက်ဝါးပြင်ပေါ်ပါ အရေးအကြောင်းများအနက် သိသာထင်ရှားလွန်းစွာ ရှိနေပါသည်။

Major Line (၄) လိုင်းရှိပါသည်။

၁။ Line of Emotion (စိတ်ခံစားမှုပြလမ်းကြောင်း)-Heart Line (နှလုံးလမ်းကြောင်း)၊

၂။ Line of Consciousness (ဦးနှောက်အသိဉာဏ်ပြ)- HeadLine (ဦးခေါင်းလမ်းကြောင်း)၊

၃။ Vitality Line (အသက်ဇီဝဆိုင်ရာပြ)-LifeLineအသက်လမ်းကြောင်း၊

၄။ Life Path Line (ကံလမ်းကြောင်း) = DestinyLine(ကံလမ်းကြောင်း)။

နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်၏တစ်ဖက်တစ်ချက်စီမှ ဆန့်ကျင်ဘက်အစပြုဝင်ရောက်လာပြီး လက်ဝါးပြင်မျက်နှာပြင်အား ကန့်လန့်ဖြတ်သွားသည်ကိုတွေ့ရသည်။

တတိယမြောက်လိုင်းဖြစ်သောအသက်လမ်းကြောင်းသည် လက်မ၏အထက်ပိုင်း လက်ညှိုး၏အောက်ခြေ (လက်မ၊ လက်ညှိုးခွကြားနေရာ) မှအစပြုကာ အဆိုပါ လက်ညှိုးလက်မခွကြားမှအောက်ဘက်လက်ကောက်ဝတ်ထိစက်ဝိုင်းခြမ်းသဏ္ဌာန်ဝိုက်ဆင်းသွားသော Thumb Ball လမ်းကြောင်းအတိုင်း ဝိုက်ပြီးဆင်းသွားသည်ကိုတွေ့ရမည်။

စတုတ္ထမြောက် (နောက်ဆုံးလမ်းကြောင်း)ဖြစ်သောကံလမ်းကြောင်းသည် လက်ဝါးပြင်အောက်ခြေ လက်ကောက်ဝတ်အနီးမှအစပြုပြီး လက်ခလယ်ရှိရာဘက်သို့ အလယ်တည့်တည့်နေရာမှ ထောင်တက်သွားသည်။

Major Line(အဓိကလမ်းကြောင်း)များသည် အထက်ဖော်ပြပါနေရာအသီးသီးမှ အမြဲတစေအစပြု (အခြေတည်) သော်လည်း ၎င်းတို့၏အဆုံးသတ်လမ်းကြောင်းများ (အတိုအရှည်) များစွာကွဲပြားသွားသည်ကိုတွေ့ရမည်။

သင့်၏ကိုယ်ပိုင်လက်ဝါးပြင်အားသေချာစွာကြည့်ပါ။လေ့လာ၍ အထက်ပါ မေဂျာလိုင်း(၄)လိုင်း၏အစပြုခဲ့သောနေရာများနှင့်အဆုံးသတ်လမ်းကြောင်းတို့ကိုလေ့လာနိုင်ပေမည်။ထိုအခါ ၎င်းလမ်းကြောင်းများသည် ပို၍တိုခြင်း၊ပို၍ရှည်ခြင်း၊ ကွေးခြင်း၊ ကောက်ခြင်း၊ ဖြောင့်တန်းခြင်းစသည်ဖြင့် အမျိုးမျိုးကွဲပြားကြသည်ကိုတွေ့ရပါမည်။

ကံလမ်းကြောင်းသည် အဓိကလမ်းကြောင်း(၄)ကြောင်းအနက် အားအနည်းဆုံးနှင့်အတိုဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရမည်။

**အဓိကလမ်းကြောင်းများ**

**(The Major Lines)**


မည်သည့် Major Lines မဆို(မထင်ရှားဘဲ)ပျောက်နေခြင်း (သို့) တစ်ဝက်တစ်ပျက်ရှိနေခြင်းဖြစ်ပါက စိုးရိမ်ထိတ်လန့်စရာမလိုဘဲ အခြားအကူလမ်းကြောင်းများဖြင့်ရှင်သန်ရပ်တည်နိုင်သည်ကိုသိထားရပေမည်။

**လမ်းကြောင်းအပြောင်းအလဲနှင့်အချိန်အပြောင်းအလဲ**

**(Changing Lines, Changing Times)**

လူသားတစ်ဦးအတွက် လက္ခဏာအရေးအကြောင်းများသည် မိခင်ဝမ်းကြာတိုက်အတွင်းရှိနေစဉ် (၃) လဝန်းကျင်ခန့်မှစတင်ပေါ်ပေါက်ကာ မွေးဖွားပြီး လူလားမြောက်လာသည်မှ ဘဝတစ်သက်တာတစ်လျှောက် လမ်းကြောင်း (လက္ခဏာအရေးအကြောင်း)များ အချိန်အခါအလိုက်ပြောင်းလဲလျက်ရှိပါသည်။

လက်ဝါးပြင်ရှိလမ်းကြောင်းများတိုစတင်ဟောပြောရာ၌ လက်ဝါးပြင်ကဖော်ပြထားပြီးသည့်လမ်းကြောင်းများ၏အရှည်အသွေးအမှန်ကို ဖော်ထုတ်ရပါ



Before ECT treatment



After ECT treatment

မည်။

**ပြည့်ဝ (ပြည့်စုံခြင်း) (သို့) ဗလာနတ္ထိ၊ ရဲရင့်ခြင်း (သို့) အားနည်းချည့်နဲ့ခြင်း(Full or Empty, Bold or Feeble)**


လက်ဝါးပြင်ပေါ်၌ ရာပေါင်းချီရှိသောလိုင်းများပါဝင်ပါက ၎င်းလက်မျိုးကို Full Hand ဟုခေါ်သည်။

Full Hand သည် ဗျာများခြင်း၊ အခက်အခဲ အရှုပ်အထွေးကြုံနေရခြင်း၊ စိုးရိမ်ထိတ်လန့်မှုကြုံနေရခြင်း၊ စိတ်လှုပ်ရှားလွယ်ခြင်းစသည့်အချက်များကို ဖော်ပြပါသည်။

လက်ဝါးပြင်ပေါ်၌ထင်ရှားရှင်းလင်းသောလမ်းကြောင်းအနည်းငယ်သာပါဝင်ပါက ၎င်းလက်ဝါးမျိုးကို Empty Handဟုခေါ်သည်။

Empty Handလက်ဝါးပိုင်ရှင်သည် ပြဿနာ အရှုပ်အထွေးကင်းစင်လျက် လက္ခဏာပါပင်ကိုစရိုက်အမှတ်လက္ခဏာများအတိုင်း ဘဝကို ဖြောင့်ဖြောင့်တန်းတန်းဖြတ်သန်းနိုင်မည်ဟုဆိုလိုပါသည်"

လက်ဝါးပြင်အရည်အသွေးပိုကောင်းလျှင်ပိုကောင်းသလို ဘဝခရီးလျှောက်လှမ်းရာ၌ လမ်းကြောင်းကောင်းများ၏ အလိုအရ ဖြောင့်ဖြောင့်တန်းတန်း



**Full hand**



**Empty hand**

လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ခြုံ၍ပြောရပါက လက်ဝါးပြင်အရည်အသွေးကောင်းလျှင်လက္ခဏာအရေးအကြောင်းများလည်း ပိုမိုကောင်းမွန်တတ်ကြောင်း လေ့လာတွေ့ရှိရပါမည်။

အဓိကလမ်းကြောင်း Major Line များသည် သက်ဆိုင်ရာပုဂ္ဂိုလ်၏လောက၌ တွေ့ကြုံရမည့်အဖြစ်သနစ်များကို ကိုယ်စားပြုပါသည်။ အကယ်၍အစက်အပြောက်နှင့်အဖျက်လမ်းကြောင်းများ ပြည့်နှက်စွာပါဝင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်သည် ဗလုံးဗထွေးဖြစ်ခြင်း၊ ဖရိုဖရဲဖြစ်စေခြင်း၊ တည်ငြိမ်မှုမရှိခြင်းစသည့်အချက်အလက်များကိုကိုယ်စားပြုဖော်ပြသည်။


လက်ဝါးပြင်ပေါ်၌အရေးအကြောင်းများထင်ရှားစွာပါရှိခဲ့ပါက ၎င်းတို့၏ဘဝအတွေ့အကြုံများ ကောင်းခြင်းများဖြင့်ပြည့်စုံ၍ ရဲရင့်ပြတ်သားစွာဘဝကိုဖြတ်သန်းနိုင်မည်ဖြစ်သည်။အကယ်၍ လက်ဝါးပြင်ပေါ်၌ လှည်းဘီးရာလမ်းကြောင်းများသဏ္ဌာန် လိုင်းများအထပ်ထပ်ပါရှိခဲ့ပါကလည်း ထူးခြားမှုတစ်စုံတစ်ရာရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါမည်။

ကျွန်ုပ်တို့၏ အတွင်းသဘောစိတ်ထားများ ပြောင်းလဲလာမှုအပေါ် မူတည်၍ လက္ခဏာပါအရေးအကြောင်းများလည်း လိုက်လံပြောင်းလဲတတ်ပါသည်။

**အပေါ်ထောင်တက်သွားခြင်း၊ အောက်သို့ထိုးစိုက်ဆင်းခြင်းနှင့် ကန့်လန့်ဖြတ်ခြင်း** (Up Down and Cross)

လက်ဝါးပြင်၌ ထောင်လိုက်လမ်းကြောင်း(Vertical line) များ ကောင်းမွန်စွာဖွံ့စည်းတည်ရှိ၍ ရှင်းလင်းထင်ရှားနေပါလျှင် ၎င်းလိုင်းများအတွင်းနက်လေလေ သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် ပိုကောင်းလေလေပင်ဖြစ်သည်။ ဘဝ၏တိုးတက်မှုကိုကိုယ်စားပြုသော အတွင်းစိတ် (ဓာတ်ခံ)အားကောင်းလာပြီး အရည်အသွေးများလည်း ပိုမိုပြည့်မီလာမည်ဖြစ်သည်။

လက်ဝါးပြင်၌ ရေပြင်ညီလမ်းကြောင်း (Horizontal Line) များ ပါဝင်နေခြင်းသည် ပြင်ပလောကနှင့်ပတ်သက်



**Poor-quality line**

ဆက်နွယ်ရာ၌ ကိုယ်စားပြုအချက်များဖြစ်သည့် ပြုပြင်ပြောင်းလဲပုံဖော်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ အမိန့်ပေးခြင်း၊ အခြေတည်ခြင်း၊ လူအများနှင့်ဆက်သွယ်ခြင်း၊နေရာယူခြင်းနှင့် လက်ဝယ်ဆုပ်ကိုင်ခြင်းတို့ကို ဖော်ပြပါသည်။

လက္ခဏာပညာရှင်တစ်ဦးအနေဖြင့် သာမန် သူလိုကိုယ်လို (အများစု) လက္ခဏာများကို အချိန်ကုန်ခံအဖြေရှာခြင်းထက် လိုင်းများ သာမန်ထက်ရှည်ခြင်း၊ တိုခြင်း၊ အဖျက်လမ်းကြောင်းများပါခြင်း၊ မပါခြင်းနှင့် အခြားအစက်အပြောက်(အမှတ်အသားများ) ထင်ရှားစွာပါခြင်း၊ မပါခြင်းတို့ပေါ်၌သာ အာရုံစိုက်အဖြေရှာကြသင့်ပါသည်။

(Major Line) များကိုလေ့လာရာ၌ မည်သည့်လိုင်း (Line) သည် ခွန်အားအရှိဆုံး (အားအကောင်းဆုံး) ဖြစ်သည်ကို အမြဲတစေကြည့်ရှုရပါမည်။ အားကောင်းသည့် Vitality Line (အသက်လမ်းကြောင်း) သည် ကျွန်ုပ်တို့အတွက် လုံလောက်သော စွမ်းအင်ခွန်အားများရှိစေပြီး ဘဝတစ်သက်တာ ရှင်သန်နေစဉ်အတွင်း တည်ငြိမ်မှုရစေသည့်အရည်အချင်းများကို ဖော်ပြနေပါသည်။ အကယ်၍ အသက်လမ်းကြောင်းသည် အားမကောင်းပါက သက်ဆိုင်ရာပုဂ္ဂိုလ်၏တည်ငြိမ်မှုသည် အခြားသောအားကောင်းသည့် Major Line များအပေါ် အစစအရာရာမူတည်နေပါသည်။ မိမိ၏ကိုယ်ပိုင်လမ်းကြောင်း (Life Line) အားမကောင်းခြင်းကြောင့် အားကောင်းသောအခြားလိုင်းများပေါ် မှီခိုရခြင်းသည် မူလသဘာဝအရ တိုးတက်သင့်သလောက်မတိုးတက်တော့ဘဲ ပျော့ကွက်၊ ဟာကွက်များစွာဖြင့် ရင်ဆိုင်ရတတ်ပါသည်။

Major Line (အရွယ်)များကို လေ့လာရာ၌ လက်ဝါးပြင်တွင် အခြားလိုင်းများ ဘေးတစ်ဖက်တစ်ချက်စီမှလည်းကောင်း၊ အထက်နှင့်အောက်သော်လည်းကောင်း အဖျက်သဘောဆန်ဆန် ကန့်လန့်ဖြတ်ပါရှိနေပါက ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ အစွဲလမ်းကြီးခြင်း (ဥပါဒါန်စွဲခြင်း) စသည့်စရိုက်လက္ခဏာများကို ဖြစ်ပေါ်စေတတ်ပါသည်။

တစ်ဖန် Major Line သည် လက်ဝါးပြင်အကျယ်၏ (၄) ပုံ (၃) ပုံခန့် နေရာယူထားပါက သက်ဆိုင်ရာပုဂ္ဂိုလ်၏စွမ်းဆောင်နိုင်မှုအရည်အချင်း အကန့်



**Complete crossing line**



**Short line**

အသတ်ကို ဖော်ပြသည်။

**ကြားဖြတ်လျက်ခံနေသောလမ်းကြောင်းများနှင့်ဖြတ်နေသောလိုင်းများ**


လက်ဝါးပြင်များ၌ သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် ကောင်းမွန်သောလမ်းကြောင်း၊ အမှတ်လက္ခဏာများပါဝင်သလို တချို့သော လက်ဝါးပြင်များ၌လည်း အဖျက်သဘောဆောင် လိုင်းဖြတ်များ၊ ကန့်လန့်ဖြတ်ဘားများ(အစက်အပြောက်များ)၊ ကျွန်းများပါဝင်နေတတ်ပြီး အဆိုးပါလက္ခဏာများက သက်ဆိုင်ရာပုဂ္ဂိုလ်၏ ဘဝတစ်သက်တာ ကြုံတွေ့ရလတ္တံ့အခြေအနေများကို ဖော်ပြပါသည်။ ထိုအခြေအနေများကြောင့် လူ၏စိတ်အတွင်း ဥပါဒါန်အားပိုမိုကြီးထွားလာစေပါသည်။မကောင်းလိုင်း၊ မကောင်းသောအမှတ်လက္ခဏာများအား တွေ့ရှိရပါက ထင်ရှားမှုရှိမရှိ သေချာစွာစစ်ဆေးကာ ရှင်းလင်းထင်ရှားခြင်းမရှိပါက ဥပေက္ခာပြုထားနိုင်ပါသည်။ လူတစ်ဦးတစ်ယောက်၏စိတ်ဓာတ်ကျဆင်းမှုမဖြစ်စေရန် မကောင်းသော အရေးအကြောင်း၊ လက္ခဏာများထင်ရှားမှသာ အမှန်အတိုင်း ဟောကြားသင့်ပါသည်။

**အဖျက်အပျောက်လမ်းကြောင်းများ** (Breaks)

၎င်းလမ်းကြောင်းများကိုဆက်စပ်လေ့လာပါက လက်ဝါးပိုင်ရှင်၏ ပင်ကိုစရိုက်လက္ခဏာ အကောင်း၊ အဆိုး၊ သဘောထားအမြင်၊ အတွေးအခေါ်၊ မိသားစုအသိုင်းအဝန်းအခြေအနေ၊ ဉာဉ်(အမူအကျင့်)နှင့်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အနေအထားတို့ကိုဖော်ပြသည်။လက်ဝါးပြင်၏လမ်းကြောင်းတစ်ခုအတွင်း အဖျက်လမ်းကြောင်းတစ်ခုပါနေလျှင်(သို့)မူလလမ်းကြောင်းက သိသာထင်ရှားစွာပနေလျှင် အဆိုပါလက်ဝါးပိုင်ရှင်၏ ကြိုးစားအားထုတ်မှုတစ်ခုခုကျဆုံးတော့မည်အရေး(ပျောက္ကက်)အားထင်ရှားစွာ သိရှိစေပါသည်။အကယ်၍အဖျက်လမ်းကြောင်းသည် နှလုံးလမ်းကြောင်း၏ လမ်းတစ်ဝက်အထိတိုင်ဆင်းလာပါက အဆိုပါလက်ဝါးပိုင်ရှင်သည်ပင်ကိုရှိရင်းစွဲစွမ်းရည်များကျဆုံးလျက်တစ်ပါးသူများနှင့် ပြောဆိုဆက်ဆံမှုများ၌ ကြားဝင်နှောင့်ယှက်ခံရမှုများနှင့် ကြုံတွေ့ရတတ်ပါသည်။ မကောင်းသောအခြေအနေများနှင့်ကြုံတွေ့ရပြီဆိုပါက တစ်ရက်ချင်း၊ တစ်နေ့ချင်းစီအလိုက်သာမကဘဲ နှစ်ကာလအလိုက်ပါ ကြုံတွေ့ခံစားရတတ်ပါသည်။


အထက်ပါ (မကောင်းသော) ဖြစ်စဉ်များသည် ဘဝတစ်သက်တာ (သက်တမ်းထက်ဝက်) နီးပါးအထိ အကျိုးပေးတတ်ပါသည်။

ထို့အတူ မကောင်းသောလိုင်းဖြတ်အမှတ်၊ အစက်များသည် လက်ရှိကာလ၌အကျိုးမပေးသေးဘဲ အနာဂတ်တွင် (အကျိုးပေးခွင့်) ကြုံလာနိုင်မည်ကိုကြိုတင်တွက်ဆနိုင်ရန် ခက်ခဲတတ်ပါသည်။သို့သော် မကောင်းသောလက္ခဏာများ ရှိရင်းစွဲအတိုင်းမရှင်သန်စေဘဲ ပြုပြင်ပြောင်းလဲသင့်သည်များ ကြိုးစားဆောင်ရွက်လိုက်ပါက အချိန်ကာလများတရွေ့ရွေ့ကုန်ဆုံးသည်နှင့်အမျှ မကောင်းသော လက္ခဏာအရေးအကြောင်းများလည်းပပျောက်ကာ ကောင်းသောလက္ခဏာများအဖြစ် ပြောင်းလဲရောက်ရှိလာမည်ဖြစ်သည်။တစ်ဖက်သားအပေါ်၌ ကောင်းသောအမြင်ဖြင့် ရှုမြင်သုံးသပ်ဖန်များလာပါက မိမိ၏စရိုက်လက္ခဏာများလည်း တဖြည်းဖြည်း ကောင်းမွန်းမသိကောင်းလာကာ ဘဝပြဿနာအမျိုးမျိုးအား အလွယ်တကူဖြေရှင်းသွားနိုင်မည်ဖြစ်သည်။



**Break in the Line of Emotion**

တစ်ခါတစ်ရံ မူလလမ်းကြောင်းသည် တစ်ဆက်တည်းမရှိဘဲ မျဉ်းနှစ်ကြောင်း တစ်ကြောင်းနှင့်တစ်ကြောင်းထပ်နေသည့်သင်္ကေတန် ရှိနေတတ်ပါသည်။ ၎င်းသည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ ရှိရင်းစွဲပြုမှုပုံစံများအား တစ်ဦးတစ်ယောက်ကြောင့်ရပ်တန့်သွားစေသည်ကို ဖော်ပြပါသည်။



**Overlap**

**မူလလမ်းကြောင်းမှ ခွဲထွက်သွားသည့်လိုင်းများ**(Branches)

လက်ဝါးပြင်ရှိအဓိကလမ်းကြောင်း (Main Line) မှ အပေါ်ဘက်သို့ အခက်အလက်များအဖြစ် ဖြာထွက်သွားသော (လက်ချောင်းများဆီသို့ ဦးတည်တက်သွားသော)လမ်းကြောင်းငယ်များသည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ အတွေးအမြင်၊ စိတ်ကူး၊ အပြုသဘောဆောင်သော သဘောထားအမြင်တို့အား ရည်ညွှန်းဖော်ပြသည်။မူလလမ်းကြောင်းမှ အပေါ်ဘက်သို့ခွဲထွက်သွားသည့် Rising Line များသည် တိုးတက်ရေးလမ်းကြောင်းများပင်ဖြစ်သည်။

အကယ်၍ မူလလမ်းကြောင်းမှ အောက်ဘက်ဆီသို့ဖြာထွက်ကာထိုးဆင်း



**Rising lines**



**Falling lines**

သွားသော လမ်းကြောင်းငယ်များသည် Falling Line များအဖြစ် သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ စိတ်ဓာတ်ကျဆင်းမှု၊ ဆုံးရှုံးလက်လွှတ်ခံရမှု၊ အားအင်ဆုတ်ယုတ်မှု စသည့် ဆန့်ကျင်ဘက် ကိုယ်စားပြု (မကောင်းသည့်) လက္ခဏာများပင်ဖြစ်ပါသည်။

**နှစ်ထပ်လိုင်းများ** (Doubled Lines)

တစ်ခါတစ်ရံ လက်ဝါးပြင်၌ နှစ်ထပ်လိုင်းများပါဝင်တတ်သည်ကို တွေ့ရပါမည်။ Double Line ၏ သဘာဝအရ ဘဝ၌ ရှင်သန်ရပ်တည်ခြင်းပုံစံ (၂) မျိုး၊



**Doubled line**

ဘဝ၏လိုအပ်ချက်များကိုယ်စားပြုသည့် (သို့) သက်ဆိုင်ရာလိုင်းအား ရည်ညွှန်းဖော်ပြသည့် စရိုက်လက္ခဏာ(၂)မျိုးတို့အားဆိုလိုပါသည်။ ဥပမာအားဖြင့် ပုဂ္ဂိုလ်တစ်ဦး၌ နေစရာ အိုးအိမ်(အိမ်(၂)လုံး) ပိုင်ဆိုင်ခြင်း၊ အခြေခံအရင်းမြစ်(၂)မျိုးနှင့်ပတ်သက်သည့် ဘဝရှင်သန်ရပ်တည်မှုပုံစံ(၂)မျိုးပါရှိခြင်း၊ မျိုးမတူ စွမ်းရည် (ခွန်အား) များကို ပိုင်ဆိုင်ခြင်းတို့သည် Double Line ၏ သဘောသဘာဝများပင်ဖြစ်ပါသည်။

**အစက်အပြောက်များ** (Dots)

လက်ဝါးပြင်ပေါ်ပါရှိသောအစက်အပြောက်များသည် သက်ဆိုင်ရာပုဂ္ဂိုလ်မှ (သီးခြား) ပြဿနာတစ်ခုခုနှင့် ပတ်သက်၍ စိတ်လှုပ်ရှားခြင်း၊ ဒေါသထွက်ခြင်းစသည့် စိတ်ခံစားမှုများ မြင့်တက်လာချိန်၌ ရုတ်တရက်ဖြစ်ပေါ်လာသော စွမ်းအင်ကို ကိုယ်စားပြုပါသည်။

**ကျွန်းများ** (Islands)

ကျွန်းများသည် အမြဲတစေငြင်းဆိုဆန့်ကျင်မှု (သို့) မကောင်းသည့် နိမိတ်ပုံဆောင်များပင်ဖြစ်သည်။ လက်ဝါးပြင်ပါ (ကြမ္မာဆိုးပြ) ကျွန်းများသည် စိတ်ဖိစီးမှု၊ စိတ်ရှုပ်ထွေးမှုတို့ကို ညွှန်ပြနေပါသည်။

**ကန့်လန့်ဖြတ်ဘားများ** (Bar Lines)

Major Line တစ်ကြောင်းကြောင်းအား ကန့်လန့်ဖြတ်ထားသောလိုင်းကို ကန့်လန့်ဖြတ်ဘားဟုခေါ်ဆိုသည်။ ၎င်းသည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ အောင်မြင်တိုးတက်ရေးများ၌ ကြားဖြတ်ဝင်ရောက်ဟန့်တားသည့်အခြေအနေတစ်ရပ်ရပ်ကို ကိုယ်စားပြုဖော်ပြပါသည်။ ထိုကဲ့သို့ (မကောင်းသည့်) ဘားများကို ဖယ်ရှားရှင်းလင်းနိုင်စေရန် လုံလောက်သောစွမ်းအင်နှင့် အချိန်အတော်အသင့်ပေးရမည်ဖြစ်သည်။



**A bar line**



**A square**

**လေးထောင့်ကွက်များ** (Squares)

လက်ဝါးပြင်ပါ လေးထောင့်ကွက်များသည် သက်ဆိုင်ရာလက်ဝါးပိုင်ရှင်မှ ခက်ခဲကြမ်းတမ်းစွာ ဘဝကိုရုန်းကန်ရပြီးနောက် ကျွမ်းကျင်လိမ္မာမှုအသစ်များဖြင့်ရင့်ကျက်လာကာ ငွေအင်အား၊ လူအင်အား စသည့် အရင်းအမြစ်ကောင်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကိုဖော်ပြသည်။

လက္ခဏာဟောပြောမည့်သူတစ်ယောက်အနေဖြင့် မေဂျာလိုင်းများတွင် မည်သည့်လိုင်းက အားအကောင်းဆုံးဖြစ်သည်၊ ၎င်းလိုင်းများ ဘယ်ကစ၍ ဘယ်မှာဆုံးသည် Full Hand နှင့် Empty Hand မည်သို့ကွာခြားသည် စသည်တို့အား သေချာစွာ စိစစ်လေ့လာအဖြေထုတ်ရပါမည်။

(အောက်ပါ အမေး၊ အဖြေများကို လေ့လာပါ။)

၁။ ပုဂ္ဂိုလ်တစ်ဦး၌ Full Hand ပါဝင်(ပိုင်ဆိုင်)နေခြင်းသည် မည်သည်ကို ဆိုလိုသနည်း။

Full Hand သည် လက်ဝါးပြင်၌ ရာနှင့်ချီသောလိုင်းများပါဝင်ပြီး စိတ်ဖိစီးမှုများခြင်း၊ ဗျာများခြင်း၊ စိုးရိမ်ထိတ်လန့်ဖွယ်များကြုံရခြင်းစသည့်အချက်များကို ဆိုလိုပါသည်။

၂။ Empty Hand ဟူသည် အဘယ်နည်း။

Empty Hand သည် ပြဿနာအရှုပ်အထွေးများကင်းစင်လျက် (ရှင်းလင်း) ထင်ရှားသောလက်ဝါးပြင်ပါ လက္ခဏာအရေးအကြောင်း (အနည်းငယ်)နှင့်အတူ ဘဝခရီးအား ရိုးရှင်းဖြောင့်တန်းစွာဖြတ်သန်းသွားမည်ကို ဆိုလိုပါသည်။

၃။ လက်ဝါးပြင်ရှိ Major Line များရှိရာနေရာတစ်ဝိုက် ဖြတ်မျဉ်းများရှိနေပါက မည်သည်ကိုရည်ညွှန်းပါသနည်း။

လက်ဝါးပြင်အား (အခြား) လိုင်းတစ်ခုခုမှ ကန့်လန့်ဖြတ်ပုံစံဖြင့် ပါဝင်နေပါက အဆိုပါလက်ဝါးပိုင်ရှင်သည် အမြဲတစေလိုလို ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ အစွဲအလမ်းကြီးတတ်ခြင်းစသည့်စရိုက်လက္ခဏာများကို ရည်ညွှန်းပါသည်။

၄။ Major Line တစ်လိုင်းသည်



**A dot**



**An island**

တစ်ဆက်တည်းရှိမနေဘဲ ပြတ်နေပါက မည်သည့်အကျိုးဆက်ကို ဖော်ပြပါသနည်း။

Major Line တစ်လိုင်းသည် တစ်ဆက်တည်းမရှိဘဲ သိသာစွာ ပြတ်နေ၊ ဟနေပါက သက်ဆိုင်ရာပုဂ္ဂိုလ်၏ အားနည်းချက်ပိုမိုပေါ်လွင်စေပြီး ကြိုးစားအားထုတ်မှုတစ်ခုခု ကျဆုံးတော့မည်ကို သတိပေးဖော်ပြသည်။

၅။ လိုင်းတစ်လိုင်းအတွင်း ကျိုးပြတ်နေခြင်း၊ တစ်လိုင်းနှင့်တစ်လိုင်းထပ်နေခြင်းတို့သည် မည်သည်ကို ရည်ညွှန်းသနည်း။

လက်ဝါးပြင်ပေါ်၌ ထပ်နေသောလမ်းကြောင်း(လိုင်း)များပါရှိခဲ့လျှင် တစ်စုံတစ်ဦးက မိမိ၏(လက်ရှိ) ပြောဆိုပြုမူဟန်များအားလည်းကောင်း၊ ကြိုးစားဆောင်ရွက်မှုများလည်းကောင်း ရပ်တန့်သွားစေပါသည်။

၆။ Double Line သည် မည်သည်ကို ရည်ညွှန်းသနည်း။

Double Line (နှစ်ထပ်လိုင်းများသည်) ဘဝအတွေ့အကြုံနှစ်မျိုးကြောင့် ဖြစ်ပေါ်ရရှိလာသည့် စရိုက်လက္ခဏာနှစ်မျိုးတို့ကို ဖော်ပြရည်ညွှန်းပါသည်။

၇။ Major Line မှခွဲထွက်ဖြာထွက်ပြီး အပေါ်ဘက်လက်ချောင်းများရှိရာသို့ ထောင်တက်သွားသော လမ်းကြောင်းငယ်များ မည်သည်ကိုရည်ညွှန်းသနည်း။

အထက်ပါ (မေးခွန်းပါ) လမ်းကြောင်းများသည် စိတ်ကူးယဉ်ဆန်ခြင်း၊ အကောင်းမြင်ဝါဒရှိခြင်း၊ အပြုသဘောဆောင်သောပြုမူဆောင်ရွက်မှုရှိခြင်းတို့ကိုဖော်ပြသည်။

၈။ Major Line ပေါ်ကန့်လန့်ဖြတ်ဘားတစ်ကြောင်းကြောင်းမှ ခံနေဖြတ်နေလျှင် မည်သည့်အကျိုးသက်ရောက်မှုရှိသနည်း။

အဓိကလမ်းကြောင်း Major Line အပေါ် ဘားတစ်ခုခု ကန့်လန့်ဖြတ်နေပါလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်၏ တိုးတက်အောင်မြင်မှုများအား ကြားဝင်ဟန့်တားအနှောင့်အယှက်ပေးမှုများကို ဖြစ်စေပါသည်။

၉။ ကျွန်း (Islands) ဟူသည် အဘယ်နည်း။၎င်းတို့သည်ကောင်းသောအကျိုးသက်ရောက်မှုရှိပါသလား။

ကျွန်းများသည် ကောင်းကျိုးမပေးတတ်ကြပါ။ လက်ဝါးပြင်၌ ကျွန်းပါဝင်သောသူသည် စိတ်ဖိစီးမှုနှင့်စိတ်ရှုပ်ထွေးခြင်းများကိုသာဖြစ်စေပါသည်။

**အခန်း (၁၄) Hour Fourteen**

**The Vitality Line အသက်လမ်းကြောင်း Life Line**

အသက်လမ်းကြောင်းသည် လူတိုင်းအတွက် စိုးရိမ်ထိတ်လန့်ဖွယ်လမ်းကြောင်းအဖြစ် အများစုကသတ်မှတ်ထားကြသည်။ အကြောင်းမှာ သေခြင်းနှင့်ပတ်သက်၍ မည်သည့်အချိန်ကာလတွင်သေဆုံးမည်ကို ဖော်ပြလိမ့်မည်ဟု ရှေးရိုးစွဲယူဆထားသောကြောင့်ပင် ဖြစ်သည်။

အသက်လမ်းကြောင်းသည် လူတစ်ဦး၏တည်ငြိမ်ခြင်း၊ အသက်ပါခြင်းတို့ကို ကိုယ်စားပြုသည်။ အသက်လမ်းကြောင်းပေါ်၌ Breaks(အဖျက်အမှောက်လက္ခဏာ)များ၊ Marking (အမှတ်အသား) များပါရှိနေခြင်းသည် ၎င်းအသက်လမ်းကြောင်း၏ Stability အားအကြီးအကျယ် ပြောင်းလဲစေမည့်အကြောင်းအသိပေးနေပါသည်။

အသက်လမ်းကြောင်း၏ အရှည်သည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခွန်အားသုံးနိုင်သောအခြေအနေကို ကိုယ်စားပြုသည်။

အလယ်ခေတ် (အေဒီ ၁၁၀၀-၁၄၀၀)ခန့်ကာလအတွင်းက လက္ခဏာပညာရပ်အရ အသက်လမ်းကြောင်းပေါ်၌ မည်သို့သောအပြောင်းအလဲပုံစံအမျိုးမျိုးပေါ်ပေါက်လာပါက အသက်တမျှအရေးပါသောကိစ္စများ၊ အသက်နှင့်ဆိုင်သောဘေးအန္တရာယ်များကို ကိုယ်စားပြုနေကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းမကောင်းသောလက္ခဏာများကြောင့် ထိပေါက်ခြင်း၊ ငွေရခြင်းမရှိခြင်း၊ အလုပ်အကိုင်ရာထူးတိုးတက်မှုရှိခြင်း၊ လစာမတိုးတက်ခြင်း၊ ကောလိပ်၊ တက္ကသိုလ်သို့တက်ရောက် ပညာမသင်နိုင်ခြင်းတို့ကိုဖြစ်ပေါ်စေသည်။ ထို့ပြင် ၎င်း (အသက်လမ်းကြောင်း) ပေါ်၌ အမှတ်အသား၊ အစက်အပြောက်များပါဝင်နေခြင်းသည် စစ်မက်ဖြစ်ပွားနိုင်ခြင်း၊ ရောဂါထူပြောခြင်း၊ အစာရေစာတော်မွတ်ခေါင်းပါးခြင်းနှင့်သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် သေကိန်းနှင့်ကြုံရခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း လေ့လာတွေ့ရှိရသည်။

**အစွမ်းရှိလမ်းကြောင်းများ** (Power Line)

အသက်လမ်းကြောင်းသည် လက်မအောက်ဘက်အသားအထူဆုံး(အဆူဖြိုးဆုံး)နေရာ Thumb Ball Mound ဧရိယာအတွင်းသို့ထိုးဆိုက်ဆင်းသွားပြီး ရှိသမျှခွန်အားများ စုစည်းအမြစ်တွယ် (သို့လှောင်လျက်) ထိုနေရာမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းပိုင်းအင်္ဂါအစိတ်အပိုင်းများသို့ ပျံ့နှံ့ရောက်ရှိစေပါသည်။ ထိုအခါသက်ဆိုင်ရာပုဂ္ဂိုလ်အား တည်ငြိမ်စွာဖြင့်နေသားတကျ ပြုမူလှုပ်ရှားစေကာ လုံခြုံ



**Short Vitality Line**



**Weak Vitality Line**

မှုနှင့်အသက်ဇီဝိန်ခိုင်မြဲမှုတို့ကိုဖြစ်စေပါသည်။

**တိုသော၊ တိမ်သောအသက်လမ်းကြောင်းနှင့် အားပျော့သောအသက်လမ်းကြောင်းများ** (Shallow Roots, Weak Roots)

**တိုသောအသက်လမ်းကြောင်း**

အသက်လမ်းကြောင်းတိုနေပါက အဆိုပါလက်ဝါးပိုင်ရှင်သည် ဘဝတစ်သက်တာအတွင်း အခြေခိုင်မှုမရှိသည့် အနေအထားများနှင့် ကြုံတွေ့ရပါမည်။ ထိုသို့ဘဝအာမခံချက်နည်းသော အခြေခံမကောင်းသောအဖြစ်ကြောင့် လုံခြုံမှုနည်းလာလေလေ မိမိအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်၊ မိမိအိမ်ထောင်ရေးတို့သည်လည်း တည်ငြိမ်မှုကင်းလာလေလေဖြစ်သည်ကို ကြုံတွေ့ရပါမည်။ တိုသောအသက်လမ်းကြောင်း၏သဘာဝအရ အချိန်ကာလတိုတိုအတွင်း ခွန်အားစွမ်းရည်များ ပြည့်ဝစွာအသုံးချနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက်မူ မစွမ်းဆောင်နိုင်ကြပေ။

အသက်လမ်းကြောင်းရှည်နေသော်လည်း ၎င်းလမ်းကြောင်းသည် မှေးမှိန်ပါးလွှာနေပါက အညံ့စားအသက်လမ်းကြောင်းအဖြစ်သာ သတ်မှတ်ပါသည်။ တစ်ခါတစ်ရံ မှေးမှိန်သေးမျှင်သည့်ကြားမှအမှောင့်ပယောဂဖြစ်စေသည့် အဖျက် (အပြတ်ကြောင်း)၊ ကျွန်းများတို့ပါ ပါဝင်နေတတ်ကြောင်းတွေ့ရှိရသည်။

**အားနည်းသော အသက်လမ်းကြောင်း** (Weak Vitality Line)

Thumb Ball (လက်မအောက်အသားထူသည့်နေရာ) သည် ပျော့ဖတ်ဖတ်ဖြစ်နေပါက (သို့) ပြားချပ်ချပ်ဖြစ်နေပါက ၎င်းဧရိယာအတွင်းဝိုက်ဆင်းသွားသောအသက်လမ်းကြောင်းကို အားနည်းသောအသက်လမ်းကြောင်းဟုသတ်မှတ်ပါသည်။ ၎င်းလက်ဝါးပိုင်ရှင်များသည် မကြာခဏဆိုသလို အဖျားရောဂါဝေဒနာများတရှောင်ရှောင်ဖြစ်နေတတ်ပါသည်။

အားနည်းသော Life Line ပိုင်ရှင်များသည် မိမိကိုယ်မိမိပင်အနိုင်နိုင် ရှာဖွေစားသောက်ရတတ်သည်။ အားနည်းပျော့ညံ့သည့် အနေအထားကြောင့်ပင် ဘဝ၏စိန်ခေါ်မှုအမျိုးမျိုး မကြာခဏကြုံတွေ့ခံစားရတတ်သည်။ အားနည်းသောအသက်လမ်းကြောင်းသည် Passive Hand ဘက်တွင်ရှိပါက အဆိုပါပုဂ္ဂိုလ်သည် လုံခြုံမှုကင်းမဲ့စွာ အသက်ရှင်ကြီးပြင်းလာရခြင်း၊ မိဘနှစ်ပါး ကွာရှင်းပြတ်စဲကြခြင်းကြောင့် မိကွဲဖကွဲဖြစ်နေထိုင်ရခြင်း၊ စားဝတ်နေရေးအတွက် အဆမတန် ရုန်းကန်လှုပ်ရှားရတတ်ခြင်းတို့ကိုဖန်တီးဖြစ်ပေါ်စေပါသည်။

အသက်လမ်းကြောင်းကျွန်းများခံနေခြင်းနှင့် ၎င်းလမ်းကြောင်းသည် ပါးလွှာသေးမျှင်(မှေးမှိန်)နေပါက ဆင်းရဲနေသည့်အလျောက် လုံးဝအနားမရနိုင်လောက်အောင် အခက်အခဲဝန်ထုပ်ဝန်ပိုးများအား ဆက်တိုက်ဖြေရှင်းနေရတတ်သည်။ အဆိုပါဘဝများ၌ ကျင်လည်နေကြရသောလူတို့သည် ဘဝနာခြင်းမှ လွတ်မြောက်အောင် အမြဲတစေကြိုးစားနေလျက်ရှိတတ်သည်။



**Boxer Muhammad Ali's palms – note the strong Vitality Lines**

အသက်လမ်းကြောင်းထင်ရှားနက်ရှိုင်း၍ အားကောင်းသောအခါ အဆိုပါလက်ဝါးပိုင်ရှင်သည် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ဇွဲသန်၊ အားကောင်းခြင်း၊ ရုပ်ပိုင်းကျန်းမာသန်စွမ်းအားကောင်းသလို စိတ်ပိုင်းဆိုင်ရာ၌လည်း အမှန်အတိုင်းကိုပြတ်သားစွာ ရှုမြင်သုံးသပ်လာနိုင်ကြသည်။ ကမ္ဘာကျော် လက်ဝှေ့ပညာရှင်ဟောင်း မိုဟာမက်အလီသည် အားကောင်းသောအသက်လမ်းကြောင်းအား ပိုင်ဆိုင်ထားကြောင်း မှတ်တမ်းများအရ လေ့လာတွေ့ရှိရသည်။

**Naomi ၏ လက်ဝါးနှင့် Amber လက်ဝါး**

ပုံတွင်ပြထားသည့် လက်ဝါးပြင်နှစ်ခုအားနှိုင်းယှဉ်လေ့လာပါက-

ပထမတစ်ဦးသည် သားသမီးလုံးဝမရှိသူ၊ အချိန်ပိုင်းအရောင်းလက်ထောက်ဝန်ထမ်းလုပ်သူ Amber ဆိုသူဖြစ်ပြီး သူ



**Naomi's and Amber's palms**

သည် (၅)နှစ်တာကာလအတွင်း အိုးအိမ်အပြောင်းအရွှေ့ (၁၄)ကြိမ်တိုင်တိုင်လုပ်ခဲ့ဖူးသူလည်းဖြစ်သည်။သူမသည် ထမင်းဟင်းချက်ပြုတ်စားသောက်ရခြင်းအလုပ်ကိုမုန်းတီးတတ်ပြီး တည်ငြိမ်မှုမရှိသည့် နောက်ခံအကြောင်းရင်းများကြောင့် ဘဝကို ဖြစ်သလိုရုန်းကန်နေသည့်သဘောရှိသည်။ သူမ၏ဝါသနာသည် WICCA (သို့) Witchcraft (ကဝေ-စုန်းအတတ်) စသည့် အောက်လမ်းပညာများကို စိတ်ဝင်စားစွာသင်ယူလေ့လာပြီး ခရီးထွက်ခြင်းကိုနှစ်ခြိုက်သည့်ဝါသနာပါရှိသည်။

အခြားတစ်ဦးဖြစ်သူ Naomi ၏ လက်ဝါးပြင်အားလေ့လာရာတွင် သူမသည် သားသမီး (၃) ဦးရှိပြီး အထက်ပါ Amber လုပ်ကိုင်သည့်ဈေးဆိုင်၌ပင်(တစ်နေရာတည်း) ရာထူးအတူတူလုပ်နေသူဖြစ်သည်။ Naomi သည် မိဘများနှင့် အနီးကပ်နေထိုင်သူဖြစ်ပြီး ထမင်းဟင်းချက်ပြုတ်ရခြင်းကို နှစ်သက်သူဖြစ်သည်။ အချက်အပြုတ်အပြင် ပန်းမာန်စိုက်ပျိုးခြင်းကိုလည်း စိတ်ဝင်စားသည်။ (၁၀) နှစ်တာကာလအတွင်း သူမ၏ အိုးအိမ်အပြောင်းအလဲလုံးဝမရှိပါ။ ဖော်ပြပါ လက်ဝါးပြင်နှစ်ခုတွင် Naomi ၏ လက်ဝါးနှင့် Amber ၏လက်ဝါးအား မည်သို့ ခွဲခြားသိမြင်နိုင်သနည်း။

ထင်ရှားစွာကွဲပြားနေသည့်အချက်များအရ Naomi ၏လက်ဝါးသည် ဘယ်ဘက်အခြမ်းမှဖြစ်ပြီး ညာဘက်အခြမ်းသည် Amber ၏လက်ဝါးပင်ဖြစ်သည်။

**ခရီးသွားလမ်းကြောင်းပြလက္ခဏာများ**
(Wandering Roots)

လက်ဝါးပြင်၏အောက်ခြေအဆုံး လက်ကောက်ဝတ်အနီး ခက်ရင်းခွသဏ္ဌာန်ပါရှိပြီး လက်မရှိရာဘက်မှခွဲထွက်သွားသည့်ပုံစံရှိသောလမ်းကြောင်းသည် ခရီးသွားလမ်းကြောင်းပင် ဖြစ်ပါသည်။ ခရီးသွားခြင်းကိုပြသည့် လမ်းကြောင်းသည် အမြဲတစေ အောက်ခြေ၌ ကွဲထွက်လျက်ရှိပြီး မိမိနေရင်းဌာနေမှ မကြာခဏ ခရီးထွက်နေရတတ်သူဖြစ်သည်။

အထက်ပါပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်သောလမ်းကြောင်းသည် လက်ဝါးပြင်အောက်ခြေ၌လက်မရှိရာဘက် (Thumb Ball) နေရာသို့ ကွေးကောက်လိပ်တက်နေပြီး မိမိနေရပ်ဌာနေ (ဇာတိမြေ အိုးအိမ်)မှခွာ၍ ဘယ်အရပ်ကိုမှ ခရီးမသွားလိုကြောင်းဖော်ပြပါသည်။

အသက်လမ်းကြောင်းတွင်အပျက်



**Break and gap in the Vitality Line. This person was unable to walk for two years**

လမ်းကြောင်း (Breaks) များပါရှိနေပါက သက်ဆိုင်ရာလက်ဝါးပိုင်ရှင်၏ စွမ်းအင်ခွန်အားများ ယုတ်လျော့ကျဆင်းစေရန် ကြားဖြတ်နှောင့်ယှက် ဟန့်တားခြင်းတို့ကြောင့် သစ်ပင်တစ်ပင်အား အမြစ်မှဆွဲလှန်နုတ်ယူပြီးမှ ပြန်စိုက်သကဲ့သို့ (အခြေပျက်ပြီးမှပြန်လည်အရှိန်ယူရခြင်း) ကဲ့သို့ လောကဓံ၏အထုအထောင်း ပြင်းထန်စွာခံစားရတတ်ပါသည်။ အဆိုပါအဖျက်လမ်းကြောင်းသည် တစ်ကြောင်းပေါ်တစ်ကြောင်းထပ်နေသည့် Overlap ပုံစံမဟုတ်ဘဲ သိသာထင်ရှားစွာကွာဟလျက် (တစ်ဆက်တည်းမရှိဘဲ) Break ဖြစ်နေပါက အမြဲတစေ ပရိဒေဝမီးတောက်လောင်ခြင်းခံနေရပါမည်။သို့သော်လည်း အဖျက်လမ်းကြောင်းသည် Break ပုံစံမ




**Break with overlap. This person divorced and remarried into much happier circumstances**


ဟုတ်ဘဲ တစ်ကြောင်းနှင့်တစ်ကြောင်းထပ်နေသည့် Overlap ပုံစံဖြစ်နေပါက ကျဆုံး၊ ဆုံးရှုံးလက်လွှတ်ခဲ့ရသောအခြေအနေအရပ်ရပ်ကို အချိန်မီစုစည်း ပြန်လည်ပြုပြင်၍ စိတ်သစ်လူသစ်ဖြင့် ဘဝခရီးအား ဆက်လက်ဖြတ်သန်းနိုင်ပါမည်။ တစ်နည်းအားဖြင့် အဆိုးထဲကအကောင်း(သို့)အရှုံးထဲမှ အမြတ်ထွက်သည့်သဘောပင်ဖြစ်သည်။ အကယ်၍ အိမ်ထောင်ရေးတွင် ကွာရှင်းပြတ်စဲထားသူဖြစ်ပါက နောက်ထပ်ပြုလိုက်သောအိမ်ထောင်သည် ယခင်အိမ်ထောင်ထက် ပိုမိုသာယာပျော်ရွှင်ချမ်းမြေ့မှုပေးသည်ကိုလေ့လာတွေ့ရှိရသည်။

Passive Hand (မသန်သောလက် (သို့)အသုံးနည်းသည့်လက်) ရှိ အသက်လမ်းကြောင်းပေါ်တွင် Break (အပျက်အပြတ်)လိုင်းများဖြစ်နေပါက မိဘ၊မောင်နှမအရင်းအချာတို့ ဆုံးရှုံးရတတ်ခြင်း၊ ပျောက်နေတတ်ခြင်း၊ (သို့) မိဘနှစ်ပါးကွာရှင်းထား၍ (မိကွဲ၊ ဖကွဲ) ဖြစ်ရခြင်း (သို့) မိသားစုဝင်များအတွင်း ကြမ္မာဆိုးတစ်ခုခု ဝင်ရောက်ဖျက်ဆီးမှုကြောင့် အကြီးအကျယ်ပြောင်းလဲမှုများ ကြုံတွေ့ရခြင်းတို့ကို ကိုယ်စားပြုဖော်ပြပါသည်။ အဆိုပါ လက်ဝါးပိုင်ရှင်တို့သည် အသက်ရွယ်ကြီးရင့်လာသည်အလျောက် ပိုမိုတည်ငြိမ်သောဘဝကို ကြိုးစားတည်ဆောက်သော်လည်း လုံခြုံစိတ်ချရမှုမရှိသလိုခံစားနေရတတ်ပါသည်။

Active Hand (သန်သောလက် (သို့) အသုံးများသည့်လက်)၌ အသက်လမ်းကြောင်းပေါ်တွင် အပျက်လမ်းကြောင်း Break များပါရှိနေပါက မိမိနေထိုင်ရာတိုင်းနိုင်ငံမှ ပြောင်းရွှေ့ရတတ်ခြင်း၊ အိမ်ထောင်ကွဲခြင်း၊ နာမကျန်းဖြစ်ခြင်း၊ အိမ်ပြောင်းရခြင်းတို့ဖြင့် ကြုံတွေ့ရတတ်ပါသည်။



**Travel line on an airline pilot's palm**



**Vitality Line curling into the base of the thumb ball**

အထက်ပါအပြောင်းအလဲများဖြစ်ပေါ်ပုံကို ပုံတွင်ပြထားသည့်အတိုင်း နှစ်ကာလအလိုက် အသက်အပိုင်းအခြားအလိုက် စက်ဝိုင်းခြမ်းပုံစံရှိ အသက်လမ်းကြောင်းတစ်လျှောက် Section(အစိတ်)များခွဲခြားကာလေ့လာနိုင်ပါသည်။

အသက်လမ်းကြောင်းပေါ်၌ မကောင်းသော Break များပါဝင်နေခြင်းကို သက်ဆိုင်ရာလက္ခဏာပိုင်ရှင်အား အဆောတလျင် (အမှန်အတိုင်း) ထုတ်ဖော်မပြောသင့်ပေ။ အဆိုပါလက်ဝါးပိုင်ရှင်အနေဖြင့် စိတ်ဓာတ်အကြီးအကျယ်ကျဆင်းကာ မထူးဇာတ်ခင်းသွားနိုင်ပါသည်။ ထို့အတွက် လက္ခဏာဟောပြောသူများအနေဖြင့် မကောင်းသောကြမ္မာဆိုးနှင့်ရင်ဆိုင်နေရသူအား စိတ်တည်ငြိမ်မှုရအောင်ကြိုးစားစေပြီး အစားအသောက်အနေအထိုင် အိပ်စက်ခြင်းမှအစ လေ့ကျင့်ခန်းလုပ်သည်အထိ တိုက်တွန်းအကြံပြုသင့်ပါသည်။ ဤသို့အားဖြင့် (အချိန်ယူကြိုးစားကာ) ပြုပြင်လျက် အနာဂတ်ကာလကိုရဲရဲ့စွာရင်ဆိုင်စေသင့်ပါသည်။

**အခက်အလက်သဏ္ဍာန်ခွဲဖြာထွက်သောလမ်းကြောင်းများ** (Branches)

အသက်လမ်းကြောင်းမှခွဲဖြာထွက်သွားသောလမ်းကြောင်းများသည် ဘဝတစ်သက်တာအတွင်း အတွေ့အကြုံသစ်များဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဖော်ပြပါသည်။ အထူးသဖြင့် လာခြင်းကောင်းသောအနာဂတ်၌ အောင်နိမိတ်ဆောင်သည့်ရလဒ်များအဖြစ် အမွေရရှိခြင်း၊ အလုပ်အကိုင်သစ်ရရှိခြင်း၊ နောက်ထပ်ကလေး(သားသမီး)ရရှိခြင်း စသည့်အခွင့်အရေးကောင်းများအား ရယူဆုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းအသိပေးနေပါသည်။

အသက်လမ်းကြောင်း၌ကျွန်းခံနေခြင်းသည် စိတ်ဖိစီးမှုခံနေရသောကာလအပိုင်းအခြားနှင့်ဆုံးဖြတ်ချက်ပိုင်နိုင်စွာမချနိုင်ခြင်းတို့ကိုကိုယ်စားပြုနေပါသည်။ အထူးသဖြင့် မိသားစုပြဿနာများ၌အများဆုံးကြုံတွေ့ရတတ်ပါသည်။

အသက်လမ်းကြောင်း၌ Bar များကန့်လန့်ဖြတ်ပါရှိနေခြင်းသည် မိမိ၏ဘဝတစ်သက်တာအတွင်း တိုးတက်အောင်မြင်မှုများ ပြင်ပ ပယောဂတစ်ခုခုကြောင့် ကြားဝင်နှောင့်ယှက်ဖျက်ဆီးခံရမှုကိုဖော်ပြသည်။

**အသက်လမ်းကြောင်းနှစ်ကြောင်းပါရှိခြင်း**
Double Trouble (or) Doubled Vitality Lines



**Timing on the Vitality Line. The break shows when that this person emigrated at the age of 44**





**Doubled Vitality Lines**

တစ်ခါတစ်ရံ၌ အသက်လမ်းကြောင်းနှစ်ကြောင်းပါရှိသော လက်ဝါးပြင်များကိုတွေ့ရတတ်သည်။ အကယ်၍ Passive Hand ဘက်၌ အသက်လမ်းကြောင်းနှစ်ကြောင်းပါရှိခဲ့လျှင် အဆိုပါလက်ဝါးပိုင်ရှင်၌မိဘအရင်းအချာအပြင် အခြားကျေးဇူးရှိသူ(အရင်းအချာမဟုတ်သော) မိဘများပါရှိကြောင်းဖော်ပြပါသည်။

အကယ်၍ Active Hand ဘက်၌ အသက်လမ်းကြောင်းနှစ်ကြောင်းဖြစ်နေပါက လက်ဝါးပိုင်ရှင်သည် ခွန်အား(စွမ်းအင်)ပြည့်ဝသူ၊ ခရီးကျယ်ပြန့်စွာထွက်ရတတ်သူ၊ အိမ်နှစ်လုံးပိုင်ဆိုင်နေသူနှင့် မိသားစုနှစ်စု၊ ဘဝရှင်သန်ရပ်တည်ပုံနှစ်မျိုးစသည်ဖြင့် ထူးခြားချက်များစွာပိုင်ဆိုင်ထားကြောင်း လေ့လာတွေ့ရှိရသည်။

**အောက်ပါ အမေး၊ အဖြေများကိုလေ့လာပါ။**

၁။အသက်လမ်းကြောင်းတိုသူများသည် ငယ်ငယ်ရွယ်ရွယ်ဖြင့်သေဆုံးရလိမ့်မည်ဟုဆိုလိုပါသလား။

မဆိုလိုပါ။ အသက်လမ်းကြောင်းတိုခြင်းသည် တက်ကြွရှင်လန်းသောဟန်ပန်မရှိဘဲ အခြေခံမကောင်းသောလူ့အဆင့်အတန်းအသိုင်းအဝန်းတွင် ကျင်လည်နေရတတ်ခြင်း၊ ဘဝရပ်တည်မှုဆိုင်ရာလုံခြုံမှုကင်းမဲ့လျက် မိမိကိုယ်မိမိအနိုင်နိုင်ရုန်းကန်နေရတတ်ခြင်းကို ရည်ညွှန်းဆိုလိုပါသည်။

၂။ အသက်လမ်းကြောင်း၏အောက်ခြေမှ ခက်ရင်းခွသဏ္ဍာန်ဖြာထွက်သွားသောလမ်းကြောင်းသည် မည်သည့်အဓိပ္ပာယ်ကိုဆောင်သနည်း။

၃။ အသက်လမ်းကြောင်းသည် Passive Hand ဘက်ရှိ လက်ဝါးပေါ်၌ တိုနေပါက မိသားစုအတွင်း တည်ငြိမ်မှုလုံခြုံမှုရှိပါသလား။

Passive Hand ဘက်လက်ဝါးပြင်ရှိ အသက်လမ်းကြောင်းတိုနေခြင်း၊ အားပျော့နေခြင်းသည် သဘာဝအရနောက်ခံ

အသိုင်းအဝန်း မကောင်းခြင်းကြောင့် မိသားစုအတွင်း လုံခြုံစိတ်ချရခြင်းမရှိပါ။

၄။ လူတစ်ယောက်အတွက် အိမ်မကြာခဏပြောင်းနေရခြင်းသည် မည်သို့သောအသက်လမ်းကြောင်းပါသည့် လက်ဝါးပိုင်ရှင်ဖြစ်သနည်း။

အထက်ပါအခြေအနေဖြစ်ရသည်မှာ အသက်လမ်းကြောင်းတိုခြင်း၊ အားနည်းခြင်းတစ်ခုခုပါနေခြင်းကြောင့်ပင်ဖြစ်သည်။

၅။ လက်ဝါးပြင်ပေါ်၌ထင်ရှားရှင်းလင်းသောအပျက်လမ်းကြောင်း Break များက အသက်လမ်းကြောင်းပေါ်တွင်ပါနေခြင်းနှင့် ၎င်းတွင် Overlap တစ်ကြောင်းနှင့် တစ်ကြောင်းထပ်နေခြင်းသည် မည်သို့ကွာခြားသနည်း။

အသက်လမ်းကြောင်းပေါ်တွင် Break နှင့် Overlap တို့ပါဝင်မှုကြောင့် အကျိုးသက်ရောက်မှုလည်း ကွာခြားပါသည်။ ထင်ရှားရှင်းလင်းသော Break (အပျက်အဖြတ်လမ်းကြောင်း) ဖြစ်ပါက အခက်အခဲကြုံတွေ့မှု၊တည်ငြိမ်ခြင်းကင်းမဲ့မှုကျိုးပြတ်ကွာဟနေသည်။လမ်းကြောင်းရှည်လျှင်ရှည်သလောက်မကောင်းသောလက္ခဏာက အကျိုးပေးပါမည်။ Overlap တစ်ခုနှင့်တစ်ခု ထပ်နေသည့်လမ်းကြောင်းဖြစ်ပါက အခက်အခဲနှင့်ရင်ဆိုင်ရတတ်သော်လည်း အတွေ့အကြုံသစ်များနှင့်ကြုံတွေ့ရနိုင်ပါသည်။

၆။အသက်လမ်းကြောင်း Double (နှစ်ကြောင်း)ပါနေခြင်းသည် Schigophrenic(ခေါ်)စိတ်ကစဥ့်ကလျားရောဂါဖြစ်နိုင်ပါသလား။

Passive hand ဘက်၌ အသက်လမ်းကြောင်း Double ဖြစ်နေပါက မိဘအရင်းအချာအပြင် ကျေးဇူးသိရှိခဲ့ဖူးသူ (မွေးစားမိဘ) များပါရှိနေတတ်ပြီး Active hand ဘက်၌ Double ဖြစ်နေပါက ခွန်အား (စွမ်းအား) အပြည့်ရှိတတ်သူ၊ မိသားစုနှစ်စုရှိတတ်သူ၊ အိမ်နှစ်လုံးရှိတတ်သူနှင့်ဘဝရှင်သန်ရပ်တည်မှုပုံစံနှစ်မျိုးပိုင်ဆိုင်ထားသူများဖြစ်နေပါသည်။

၇။ အသက်လမ်းကြောင်းမှဖြာထွက်၍ အပေါ်ဘက်လက်ချောင်းများရှိရာထောင်တက်သွားသောလမ်းကြောင်းငယ်များသည် ကိုယ်စိတ်နှစ်ပါးကျန်းမာမှုမရှိခြင်းကိုဖော်ပြပါသလား။

မဟုတ်ပါ။ အသက်လမ်းကြောင်းမှအပေါ်ဘက်သို့ခွဲဖြာထောင်တက်သွားသောလမ်းကြောင်းငယ်များသည် အောင်မြင်ရေးလမ်းကြောင်းများအဖြစ် လက်ချောင်းများရှိရာသို့ဦးတည်ကာ ပြင်းပြသောရည်မှန်းချက်ဆန္ဒများ အကောင်အထည်ဖော်နိုင်ခြင်း၊ လာခြင်းကောင်းသောဘဝအတွေ့အကြုံသစ်များဖြင့် ရင်ဆိုင်ရခြင်းတို့ကိုဖော်ပြပါသည်။

၈။ အသက်လမ်းကြောင်းပေါ်၌မကောင်းသော အမှတ်လက္ခဏာများပါရှိပါက အန္တရာယ်ကျရောက်တော့မည့်အရေးကြုံတင်တွက်ဆနိုင်ပါသလား။ ထို့အတွက် ကာယကံရှင်အားအသိပေးသင့်ပါသလား။

ကြိုတင်အသိပေးမည့်အစား စိတ်တည်ငြိမ်အောင်ကြိုးစား၍ ကျန်းမာအောင်နေထိုင်တတ်ရေးအတွက်သာ အကြံပြုသင့်ပါသည်။

၉။ အသက်လမ်းကြောင်းသည် မည်သည့်အသက်အရွယ်၌အလယ်တစ်ဝက်ရှိအမှတ်ကိုရောက်ရှိမည်နည်း။

အသက်(၄၃)နှစ်အရွယ်၌အသက်လမ်းကြောင်းပြ (စက်ဝိုင်းခြမ်းပုံရှိလမ်းကြောင်း)၏အလယ်တစ်ဝက်ခန့် အမှတ်ကိုရောက်ရှိပါသည်။

မင်းရဲရင့်မွန်

ကိုသက်ရှည်

# ဘုရားတုတ်ကျိုး ကြွမ်းပိုးမကိုက်

ကြွမ်းပိုး၊ သန်းတို့သည် ကပ်ပါးသတ္တဝါမျိုးဖြစ်သလိုလူနှင့်အခြားတိရစ္ဆာန်တို့၏သွေးအားစုပ်ယူလေ့ရှိသည်။ ကြွမ်းပိုးတို့အား လင်းနို့ငှက်များကတစ်ဆင့်လူနေအိမ်ရာတို့တွင် ကျရောက်ကူးမက်ကာလူတို့အားလည်းကိုက်လေ့ရှိသည်။ မည်သည့်လူနေအိမ်ရာမဆိုကြွမ်းပိုးတက်တာ၊ ကြွမ်းပိုးကိုက်တာရှိနိုင်သည်။ ကြွမ်းပိုးမှာလူနေအိမ်အဆောက်အအုံများတွင် လင်းနို့များ ဝင်ထွက်သွားလာနိုင်လျှင် ကြွမ်းပိုးတက်တာရှိနိုင်သည်။ လင်းနို့၏ကိုယ်ပေါ်တွင်ကြွမ်းပိုးများပေါက်ပွားကာတွေ့ရှိရသောကြောင့်ဖြစ်သည်။

ကြွမ်းပိုးနိုင်သည့်နည်းအချို့ကတော့ ကက်ကင်းသတ်တဲ့နည်းအရဆိုလျှင် ကြွမ်းပိုးကိုက်လျှင် အိပ်ရာအောက်ကြောင်ပန်းရွက်ခင်း၍အိပ်လျှင် ကြွမ်းပိုးမကိုက်ဟုဆိုသည်။ ကြွမ်းပိုး၊ ကြောင်ပန်း၊ တနလ်ာနှင့်ကြာသပတေး၊ တစ်နည်းမြင်းခွေးနှင့်ကြွမ်းပိုး။ ကြာသပတေးနှင့်တနလ်ာ ကက်ကင်းထိုနည်းတို့မှာကက်ကင်းသတ်တဲ့နည်းပင်ဖြစ်သည်။

ယခုဖော်ပြသည်မှာ လူသိလည်းနည်း သုံးဖူးသူလည်းရှိမည်မထင်ပါ၊ တစ်နေ့ရွာအပြင်ယာခရိုးတွင်အသီးအပွင့်ကိုကောက်ယူပြီးခုတ်ပုံထားသည်။ ဝါးခက်ထင်းပုံကဝါးခက်တုတ်တစ်ချောင်းအား အသည်တော်ကလေးတစ်ယောက်တုတ်ဆွဲယူသည့်အချိန်ကိုခင်မောင်ဝင်းမှ ဟော့ကောင်အဲဒါဘာလုပ်တာလဲကွဟုမေးလျှင် အစ်ကိုကြီးရာဘုရားတုတ်ပါဟုဆိုမှကိုခင်မောင်ဝင်းသဘောပေါက်သွားသည်။

အသည်တော်(သူတောင်းစား)တို့ရွာစဉ်လှည့်၍ တောင်းရမ်းသည့်အခါ လက်ထဲတွင်ခွေးဆွဲခွေးကိုက်တာအကာအကွယ်ရဖို့ ဝါးသဲတုတ်၊ ဝါးခြမ်းတုတ်နှစ်တောင်တို သုံးတောင်တို တုတ်အားကိုင်ဆောင်၍တောင်းလေ့ရှိတတ်သည်။ ထိုတုတ်အား သူတို့အခေါ်(ဘုရားတုတ်)ဟုခေါ်တာသိရသည်။

အသည်တော်ကိုင်သည်တုတ်အားအထင်တော့မသေးသင့်၊ သူတို့တုတ်အနားသို့ တော်ရုံတန်ရုံခွေးတို့မကပ်ရဲ၊ တုတ်အားဝှေ့ရမ်းထားလျှင် ခွေးကအတော်ပင်ဟောင်၍နေတတ်သည်။ တုတ်ရှေ့ဇွတ်တိုးဇွတ်ထိုး၍မကိုက်ဝံ့။ ကိုက်လေ့မရှိတာတွေ့ရသည်။ အတွေ့အကြုံရှိသူတို့ပြောစကားအရ အသည်တော်တုတ်နှင့် ထိမိရိုက်မိသည့်ခွေးတို့မှာနောက်ဆုံး တပိန်ပိန်တလိန်လိန်နှင့်ရောဂါစွဲကပ်သလိုဖြစ်ကာ သေဆုံးသွားလေ့ရှိတတ်သည်။ အသည်တော်တုတ်မှာထက်သည်ဟုဆိုကြသည်။ ထို့ကြောင့်လည်းသူတို့တုတ်ဝှေ့ရမ်းထားလျှင် ရှေ့တိုးမကိုက်ဝံ့တာတွေ့ရသည်။

သင်၏အိပ်ရာတွင် ကြွမ်းပိုးတက်ကြွမ်းပိုးကိုက်လျှင်အသည်တော်တို့ထံမှ ဘုရားတုတ်အားခွင့်တောင်းကာ တုတ်ခြင်းလဲလှယ်၍ ၎င်းတုတ်ကျိုးအားအိပ်ရာအောက်ထား၍အိပ်လျှင်ကြွမ်းပိုးမတက်မကိုက်ဟုဆိုပါသည်။ ကိုယ်တိုင်လက်တွေ့ပြုလုပ်နိုင်ဖို့ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ကိုသက်ရှည်



**သဲကုန်းလေးရွာ**

သဲကုန်းလေးရွာရှိတော့ကာ သဲကုန်းကြီးရွာဆိုတာကလည်း ရှိပေမပေါ့၊ ရှိပါတယ်။ သဲကုန်းကြီးရွာက အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ရွာကြီးဖြစ်ပြီး သဲကုန်းလေးရွာက အိမ်ခြေတစ်ရာကျော်ပဲရှိတဲ့ရွာလေးပါ။ သဲကုန်းကြီးနဲ့သဲကုန်းလေးက ဆယ်ဆတစ်ဆကွာတဲ့ ရွာနှစ်ရွာပါ။ ဒီတော့ လူတွေက သဲကုန်းကြီး သဲကုန်းလေးလို့တွဲပြီးခေါ်ကြလေ့ရှိတယ်။

ရွာနှစ်ရွာဝေးသလားဆိုတော့မဝေးပါဘူး။ သဲကုန်းကြီးရွာက တောင်ဘက်၊ သဲကုန်းလေးရွာကမြောက်ဘက်ကပ်လျက်ပါပဲ။ရွာစည်းအနေနဲ့သဲကုန်းကြီးအထက်တန်းကျောင်းကြီးကရွာနှစ်ရွာကိုစည်းကန့်ပေးထားတာပါ။ ပညာသင်ရာမှာတော့ ရွာနှစ်ရွာစလုံးအထက်တန်းကျောင်းမှာပဲ တက်ကြရပါတယ်။ သဲကုန်းလေးမှာသီးခြားမူလတန်းကျောင်းမရှိပါဘူး။ ကိုးကွယ်စရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတော့ရှိနေပါတယ်။ ရွာလည်လမ်းမကြီးဟာလည်း တစ်ဆက်တည်းပါပဲ။သဲကုန်းကြီးလွန်ရင်သဲကုန်းလေးရွာရောက်တာပါပဲ။

ရွာနှစ်ရွာတစ်ဆက်တည်းဖြစ်သော်လည်း နှစ်ရွာတစ်ရွာမဖြစ်ဘဲ သူ့စည်းကိုယ့်စည်းနဲ့နေထိုင်ကြတဲ့အခါ သချိုင်းကအစ သဲကုန်းကြီးသချိုင်း၊ သဲကုန်းလေးသချိုင်းဆိုပြီးသူ့သချိုင်းကိုယ့်သချိုင်းနဲ့အစဉ်အလာတည်လာခဲ့ကြတာပါ။ သဲကုန်းလေးကငယ်တယ်ဆိုပေမယ့်အစွယ်နဲ့ငေါငေါဆိုတာလို့ပေါ့လေ။ ဘာမှတ်လဲဆိုတဲ့အောက်ကျမခံတဲ့သဘောပါပဲ။

ရွာငယ်တယ်ဆိုပြီး နှိမ်မယ်တော့

# သချိုင်းတန်းက လက်ပံပင်ကြီး

ရွှေပြည်စိုး(မိုးကုတ်)



မကြံ့နဲ့သဲကုန်းကြီးကကာလသားတွေကို သဲကုန်းလေးကကာလသားတွေကစိန် ခေါ်ပြီးရိုက်ခဲ့ကြဖူးတာအခါခါဆိုပါတော့။ တောရွာတွေဆိုတာက ထစ်ခနဲဆိုရင် လက်ကပါတတ်ကြတာ ထုံးစံပေကိုး။ နောင်ရေးနောင်တွေးနောက်ကိစ္စနောက် မှရှင်းဆိုတာလို အနိုင်ရဖို့ကိုသာအဓိက ထားတတ်ကြတာပါ။ ဒါကတော့ဓလေ့ ပါပဲ။

သဲကုန်းကြီးသဲကုန်းလေးဆိုတာ ရှေးအခါက လှည်းလမ်းပဲပေါက်တဲ့တော ခေါင်ခေါင်ချောင်ကျကျရွာတွေပါ။ သွား ရေးလာရေးခက်ခဲလှပါတယ်။ မိုးရွာရင် ဗွက်ထူ၊ နေပူရင် ဖုန်ထဆိုတဲ့လမ်းတွေ သာပေါက်တာပါ။

အဲဒီနှစ်ရွာဟာ မန္တလေးတိုင်း လယ်ဝေးမြို့နယ်ထဲမှာပါတဲ့ရွာတွေပါ။ အဲဒီရွာတွေနဲ့နီးတဲ့ချောင်းက အနောက် ရိုးမကစီးဆင်းလာတဲ့ပလွေးချောင်းပါပဲ။ အဲဒီပလွေးချောင်းရေကိုအမှီပြုကာ စိုက် ပျိုးရေးတွေလုပ်ကြပါတယ်။ ရေကောင်း မြေကောင်းအရပ်တွေမို့ သီးနှံတွေဖြစ် ထွန်းအောင်မြင်ကာစီးပွားရေးကောင်း ကြပါတယ်။ အိမ်တိုင်းမှာလည်း သရက်၊ ပိန္နဲ၊ အုန်းစတဲ့သီးပင်စားပင်တွေရှိတော့ ကာ အရိပ်အဝါသကောင်းပြီးနေလို့ထိုင် လို့အဆင်ပြေကြပါတယ်။ အိမ်ကြီးအိမ် ကောင်းတွေလည်းများလှပါတယ်။ နေ ချင့်စဖွယ်ရွာတွေလို့ဆိုရမှာပါပဲ။

**သချိုင်းကုန်းကလက်ပံပင်ကြီး**

ရွာရှိရင်သချိုင်းရှိတယ်ဆိုတဲ့ ရှေး စကားရှိပါတယ်။ ရွာတွေမြို့တွေဆိုတာ လူတွေနေတာပါ။ လူတွေဆိုတာက အနိစ္စကောင်တွေဖြစ်တဲ့အတွက် အမြဲ မရှိပါဘူး။ မမြဲတဲ့သဘောမို့ တစ်နေ့မှာ သေကြရမှာမြေကြီးလက်ခတ်မလွဲပါဘူး။ ဒီတော့ကာ လူသေတွေဆိုတာက ကြက် သေ၊ ဝက်သေ၊ ကျွဲသေ၊ နွားသေတွေ လိုချက်ပြုတ်စားလို့ရတာမဟုတ်ပါဘူး။ အလှထားလို့လည်းရတာမဟုတ်ဘူး။ ဒီ တော့ကာ မသတီစရာအပုပ်ကောင်ကို မြှုပ်နှံဖို့ သချိုင်းဆိုတာ မရှိမဖြစ်ရှိကိုရှိ ကြရတာပါ။

မိဘဘိုးဘွား၊ ဇနီးမယား၊ သား သမီးတွေဆိုတာက သူ့သက်တမ်းနဲ့သူ လာကြတာပါ။ ဒီတော့ကြီးငယ်မဟူသေ တတ်ကြတာမွေ့တာပါပဲ။ ဒီအခါ အပူ မီးကြီးစွာ လောင်မြိုက်ကြရပါတယ်။ သို့ သော်လည်း သွေးကတော့ကွဲသွားခဲ့ပါပြီ။ ကျန်ရစ်ခဲ့တဲ့အပုပ်ကောင်ဟာ အချိန်တို အတွင်းမှာပဲ ပုပ်ပွဖောင်းကားလာတတ် တာပါ။ အနံ့တကာအနံ့ထဲမှာ ဘယ်အ သေပုပ်နံ့မှလူသေပုပ်နံ့လောက်မနံပါဘူး။ ဆိုးဆိုးရွားရွားကိုနံတာပါ။ ဒီအခါမှာ တော့ ချစ်လှချည်ရဲ့၊ မြတ်နိုးလှချည်ရဲ့ဆို တဲ့လူတွေဟာအပုပ်ကောင်နားကိုမကပ် ချင်တော့ပါဘူး။ ကပ်လည်းမကပ်ရဲတော့ ပါဘူး။ စက်ဆုပ်ရွံရှာဖွယ်ပေကိုး။ ဒီတော့ ဖိနပ်စုတ်လောက်တောင်မှတန်ဖိုးမရှိတဲ့ လူသေကောင်တွေမြှုပ်စရာသချိုင်းဆို တာကမရှိမဖြစ်တဲ့နေရာဆိုပါတော့။

ဒီတော့ကာ သဲကုန်းလေးရွာက လည်း ရွာသာအိမ်ခြေတစ်ရာကျော်ရှိ တာ သူ့မှာလည်း ကိုယ်ပိုင်သချိုင်းရှိပါ တယ်။ အကျယ်ကြီးတော့မဟုတ်ဘူးပေါ့ လေ။ရွာရဲ့အနောက်ဘက်လယ်နှစ်ကွက် အကျော်မှာ နှစ်ဧကလောက်ကျယ်တဲ့ သချိုင်းရှိတယ်။ ရွာနဲ့ကပ်လျက်ဆိုပါ တော့၊ သရဏဂုံတင်တဲ့သုသာန်ဇရပ်က လမ်းမကြီးရဲ့အနောက်ဘက်ဘေးမှာ ခိုင် ခိုင်မာမာဆောက်ထားတာပါ။ အဲဒီဇရပ် ရဲ့ဘေးဘယ်ညာမှာတော့လူနေအိမ်တွေ ပါပဲ။

သုသာန်ဇရပ်က လူနေအိမ်တွေနဲ့ ဆက်စပ်နေတော့ကာ လူတွေ ကျွဲနွား တွေနားခိုလို့ရနေတာပါ။အများအားဖြင့် နွားတွေနားခိုကြတာများပါတယ်။ အယူ သည်းသူအချို့ကျတော့ သုသာန်ဇရပ် ကို မင်္ဂလာမရှိဘူးဆိုပြီး ရှောင်ကြသပေါ့ လေ။ သုသာန်ဇရပ်ထဲကို မလွှဲသာလို့ မသာလိုက်ပို့ရင်း ခေတ္တခဏဝင်လိုက်ရ ရင်ကိုသနတယ် မင်္ဂလာမရှိဘူး၊ ကျက် သရေယုတ်တယ်ဆိုပြီးတော့ကာတရော် ကင်ပွန်းဆေးကြတဲ့ဓလေ့ကလည်းရှိတာ ကိုး။ သချိုင်းကို ကိုယ်နဲ့မဆိုင်ဘူးလို့ကို အတ္တစိတ်နဲ့တွက်နေကြတာကလားဗျာ။

တကယ်လို့များတော့ အုပ်လေးနဲ့ လက်ပံပင်ကြီးကြီး၊ ထီးထီးမားမားနဲ့ရပ် တည်နေတဲ့သချိုင်းဟာတစ်နေ့တို့တွေ မလွဲမသွေသွားရမယ့်နေရာပါလား။ ဒီ ဇရပ်လေးဟာလည်း ငါ့ကိုသရဏဂုံတင် မယ့်ဇရပ်လေးပါလားလို့ စိတ်ထဲအမြဲ ထည့်ထားရင် အဲဒါမရဏနုဿတိကမ္မ ဋ္ဌာန်းဗျ။ သေခြင်းတရားကို အောက်မေ့ ခြင်း၊ သေခြင်းတရားကိုပွားများနေရင် အဲဒီလူဟာသေမှာမကြောက်သလို သေ ရမယ့်ရက်ကိုတောင်သိနေတတ်တယ်ဗျ။ သိတော့ ကြိုတင်ပြင်ဆင်နိုင်တာပေါ့။ ဒါဆိုအဲဒီလူ လူဖြစ်ကျိုးနပ်တယ်ဆိုရမှာ ပေါ့ဗျာ။သို့သော်လည်းမျက်စိအောက်မှာ နေ့စဉ်မြင်နေရတဲ့ဇရပ်နဲ့သချိုင်းကိုကြည့် ကာသေခြင်းတရားပွားများမိသူဆိုတာ ကတော့ ရှိရင်လည်းရှိနိုင်တာပေါ့လေ။ ဗုဒ္ဓဘာသာဝင်တွေကိုးဗျ။

သဲကုန်းလေးသချိုင်းရဲ့ ဝိသေသ ကအလွန်ကြီးမားတဲ့ လက်ပံပင်ကြီးတစ် ပင်ဟာ သချိုင်းကိုအုပ်မိုးနေတာပါပဲ။ အဲဒီလက်ပံပင်ကြီး ဘယ်လောက်ကြီးလဲ ဆိုရင် လူကြီး (၅) ယောက်ဖက်တောင် မမီပါဘူး။ ဒီလက်ပံပင်ကြီးဟာ မိဘဘိုး ဘွားတွေအစဉ်အဆက်ကတည်းကရှိနေ ခဲ့တာလို့ဆိုတယ်။ သက်တမ်းဘယ် လောက်ရှိပြီဆိုတာ ဘယ်သူမှမခန့်မှန်း တတ်ပါဘူး။ အသက်အလွန်ကြီးပေမယ့် လက်ပံပင်ကြီးကမအိုပါဘူး။ ရေကောင်း မြေကောင်းအရပ်မို့ စိမ်းစိုပြီးအလွန်မြင့် မားကာ အလွန်လည်းလှပပါတယ်။

လက်ပံပွင့်ချိန်ရောက်ပြီဆိုလို့က တော့ဘာတစ် သားတွဲတွေဆွဲထားသလို ရဲတွတ်ပြီးအရမ်းလှတာပါ။ လက်ပံပင် ကြီးကတော့ သူ့တာဝန်ကျေပွန်စွာ တစ် နှစ်တစ်ခါအလှဆင်ပေမယ့် လူတွေအ နေနဲ့ကတော့ သချိုင်းလက်ပံပင်ကြီးမို့ ဘယ်သူကအလေးထားခြင်း၊ အလှအပ ခံစားခြင်း၊လက်ပံပွင့်ကောက်ခြင်း၊လက်ပံ သီးခူးခြင်းမပြုကြပါဘူး။ သူကသချိုင်း လက်ပံပင်လေ။ ဒီတော့အနိဋ္ဌာရုံအဖြစ် ပဲလူတွေမြင်လေ့ရှိတာပါ။ လှလိုက်တာ ဟယ်လို့ နှုတ်ဖွင့်မချီးကျူးရဲကြပါဘူး။ အဲဒါကိုသူနဲ့ပတ်သက်မှာကြောက်ကြလို့ ပါပဲ။ သချိုင်းဆိုတာမချီးကျူးကောင်းဘူး ဆိုပဲ။ ပြီးတော့ သချိုင်းကို သန့်ရှင်းရေး မလုပ်ကောင်းဘူးဆိုပဲ။ ဒီအထိကို အယူ သည်းကြတာပါ။ လူတွေမှာ ဒီလိုတလွဲ ဆံပင်ကောင်းအတ္တစိတ်တွေနဲ့သချိုင်း ကိုဥပေက္ခာပြုကြပေမယ့် သချိုင်းထဲကို တစ်နေ့နေ့မှာမလွဲမသွေသွားရမယ့်လူ တွေချည်းပါပဲဗျာ။ ကင်းလို့ရတာမှတ်လို့ မကင်းရာမကင်းကြောင်းဆိုတာဒါလည်း ပါသဗျ။

**လူကြီးသုံးယောက်**

သချိုင်းဆိုရင် နေ့နေ့ညညလူတွေ ကကြောက်ကြတယ်။ အဲဒါက လူသေ တွေမြှုပ်လို့ မသတီစိတ်ရယ်၊ သရဲတစ္ဆေ လို့ခေါ်ကြတဲ့ နာနာဘာဝတွေရယ်ကို ကြောက်တာပါ။ သချိုင်းဆိုတာကလည်း လူသေတွေစွန့်ပစ်ရာဌာနဖြစ်သလို ခန္ဓာ စွဲရှိတဲ့ပြိတ္တာတွေနေထိုင်ရာ ရွာဖြစ်ပါ တယ်။ အဲဒါကြောင့်လည်း ကာလဒေသ အလျောက် သချိုင်းတွေရွှေ့ရတဲ့အခါ သချိုင်းနေပြိတ္တာတွေကို ရွှေ့ပြောင်းပေး

ရခြင်းပါပဲ။ ဒါကမြန်မာတွေရဲ့ဓလေ့တစ်ခုပါ။

လူတွေ အချို့ဟာ မိမိတို့ရုပ်ခန္ဓာကိုအစွဲကြီးကြပါတယ်။ပြိတ္တာဘဝရောက်ပြီးဘဝခြားသွားပေမယ့် ကျန်ရစ်တဲ့ရုပ်အလောင်းကို ငါ့ရုပ်ငါ့ခန္ဓာလို့စွဲကာ မခွဲနိုင်မခွာနိုင် တွယ်တာနေတတ်တာပါ။ ပြိတ္တာဆိုတာဥပပတ္တိကပဋိသန္ဓေပေကိုး။ အိပ်ရာကနိုးသလို ဘွားခနဲဖြစ်ရတာ။ ဒီအခါ မိမိကပြိတ္တာဖြစ်နေသော်လည်း မိမိရုပ်အလောင်းကိုတွယ်တာနေပါတယ်။ ဒီအခါမှာရုပ်အလောင်းမြှုပ်နှံရာသုသာန်မှာလာရောက်နေထိုင်ကြခြင်းပါ။ ပြိတ္တာတိုင်းမဟုတ်ပါဘူး။ ဒါကပြိတ္တာအနည်းစုပါ။ ပြိတ္တာအများစုကတော့ နေရာအနှံ့မှာများစွာဖြစ်တည်နေထိုင်ကြရခြင်းပါပဲ။ ကျွန်တော်တို့လူတွေထက် အဆများစွာပြိတ္တာဦးရေကသာပါတယ်။ ဘာလို့လဲဆိုတော့အကုသိုလ်မကုန်သမျှ ခံကြရတဲ့အတွက်ကြောင့်ပါပဲ။သက်တမ်းတွေကရှည်လျားလွန်းလှပါတယ်။ကဿပမြတ်စွာဘုရားလက်ထက်တော်ကပြိတ္တာတွေတောင်ရှိတယ်ဆိုမှတော့ ကျွန်တော်တို့ကမ္ဘာကြီးမှာပြိတ္တာတွေဘယ်လောက်များတယ်ဆိုတာ သဘောသာပေါက်ပေတော့။ မမြင်အပ်လို့ မမြင်နိုင်လို့သာမမြင်ရတာကိုး။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့အပါယ်လေးဘုံဟာကျွန်တော်တို့လူတွေနေထိုင်ရာကမ္ဘာမှာယှဉ်တွဲဖြစ်ပေါ်နေတာပါ။ လူဆိုတာတကယ့်မပြောပလောက်တဲ့ အနည်းစုလေးပါ။ လူကကာမသုဂတိ (၇) ဘုံမှာပါတာလေ။ ဖြစ်တောင့်ဖြစ်ခဲလို့ဆိုရမှာပါ။ ဘုရားကမနုဿတ္တဘာဝေါဒုလ္လဘောလူ့အဖြစ်ရခဲတယ်လို့ ဆိုထားတာပါ။ ထားပါတော့။

သချိုင်းတွေဆိုတာက လူတွေကြောက်မယ်ဆိုလည်းကြောက်စရာပါ။ ဘာလို့လဲဆိုတော့ သချိုင်းနေပြိတ္တာတွေဟာ အေးအေးဆေးမနေဘဲ အခွင့်သာတာနဲ့လူတွေကိုကြောက်အောင်ခြောက်လှန့်တတ်ကြတာများတယ်။ လူတွေကိုခြောက်လှန့်လိုက်လို့လူတွေကြောက်သွားရင် သူတို့တွေနေသာထိုင်သာပျော်ပျော်ရွှင်ရွှင်ရှိပုံရတယ်။ ခြောက်လှန့်ခြင်းကိုတစ္ဆေလို့ခေါ်တာကိုး။ တစ္ဆေဆိုတဲ့ပါဠိစကားဟာခြောက်လှန့်ခြင်းပါ။

သဲကုန်းလေးရွာရဲ့အနောက်ဘက်ကပ်လျက်ရှိနေတဲ့တောအုပ်လေးနဲ့လက်ပံပင်ကြီးထီးထီးတည်ရှိနေတဲ့ သချိုင်းကတော့ ဆိုးဆိုးရွားရွားခြောက်တယ်လှန့်တယ်မရှိခဲ့ပါဘူး။ သချိုင်းနဲ့ဆက်နေတာကလယ်တောတွေပါ။ တစ်မျှော်တစ်ခေါ်ဆိုပါတော့။ ဟိုးအနောက်ဘက်မှာကပလွေးချောင်းပါ။

အနီးမှာလုပ်နေကြတဲ့လူတွေအနေနဲ့တော့ ဒီသချိုင်းဟာ ထူးခြားမှုမရှိခဲ့ကြပါဘူး။ အဝေးမှာလုပ်နေကြတဲ့လူတွေအနေနဲ့ကတော့ အဲဒီလက်ပံပင်ကြီးပေါ်ကို လူကြီးသုံးယောက်ကျွမ်းကျွမ်းကျင်ကျင်တက်သွားတာတွေ့ရတတ်ပြီး အဲဒီလူကြီးသုံးယောက်ဟာ ကြီးမားတဲ့လက်ပံကိုင်းကြီးပေါ်မှာ ထိုင်နေတတ်တာကိုတွေ့ရလေ့ရှိပါတယ်။ ဘယ်သူတွေလဲ၊ ဘာတက်လုပ်တာလဲဆိုတာ သိချင်လို့အနီးနားသွားကြည့်ရင်တော့ အဲဒီလူကြီးသုံးယောက်ကိုတွေ့ရလေ့မရှိပါဘူး။ ဒါကအစဉ်အဆက်မြင်ဖူးခဲ့ကြတာပါ။ ဒီတော့ သရဲဆိုတာ ကြာတော့ သဘောပေါက်ကြပါတယ်။

အဲဒီလူကြီးသုံးယောက်ဟာ သရဲလား၊ တစ္ဆေလား၊ ရုက္ခစိုးလားခွဲခြားမသိကြပါဘူး။ ပရလောကသားဆိုတာတော့သိနေကြပါတယ်။ ပြီးတော့ နေ့လယ်နေ့ခင်းဖြစ်တာတစ်ကြောင်း လူအသွင်နဲ့ပြတာတစ်ကြောင်းကြောင့် အဲဒီလူကြီးသုံးယောက်ကို သချိုင်းစောင့်နတ်တွေလို့ယုံကြည်ကြပါတယ်။ ရွာဘက်ကအနေနဲ့တော့ဘာဆိုဘာမှမမြင်ရတာမို့သချိုင်းနေနတ်တွေပြိတ္တာတွေအနေနဲ့စည်းကမ်းရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**ခေတ်အဆက်ဆက်မှာ**

ပျဉ်းမနား၊ လယ်ဝေးဒေသဟာရှေးအခါက အရှေ့ရိုးမ အနောက်ရိုးမကြီးတွေရှိနေတော့ကာ အလွန်ကြီးမဝေးတာမို့ သစ်ဝါးအလွန်ပေါတဲ့ဒေသပါ။ အဲဒီထူထပ်တဲ့တောကြီးတွေကို အမှီပြုကာရောင်စုံသောင်းကျန်းသူတွေ ခိုလှုံရာဒေသတွေလည်း ဖြစ်ခဲ့ကြပါတယ်။

အဲဒီသောင်းကျန်းသူတွေကြီးစိုးနေတဲ့တောနက်ကြီးတွေမှာ သောင်းကျန်းသူတွေကြောင့် သစ်ထုတ်လုပ်မှုဟာအဟန့်အတားတစ်ခုသဖွယ်ဖြစ်ခဲ့ကြရပါတယ်။ အဲဒီအချိန်ဟာ တရားဥပဒေလက်တံက အစွန်အဖျားကျေးလက်တွေအထိမမီသေးပါဘူး။ တောရွာတွေအတော်များများ သောင်းကျန်းသူတွေရဲ့ဩဇာအာဏာရိပ်မှာပဲရှိနေပါသေးတယ်။ အဲဒါကြောင့် တောနက်ကြီးတွေဟာ မိမွေးတိုင်းဖမွေးတိုင်းရှိနေပါသေးတယ်။ နေပြောက်တောင်မထိုးတဲ့တောကြီးတွေဆိုတာအများအပြားပါ။

အုပ်ချုပ်ရေးယန္တရားပုံမှန်လည်ပတ်ပြီဆိုတော့မှ ပဲခူးရိုးမကြီးမှာ အခြေစိုက်တည်ထောင်ထားတဲ့ရောင်စုံသောင်းကျန်းသူတွေကို အောင်စိုးမိုးစစ်ဆင်ရေးနဲ့အပြီးတိုင်ချေမှုန်းလိုက်တဲ့အခါ ပဲခူးရိုးမကြောနဲ့ ကျေးလက်တွေကို စိုးမိုးနေတဲ့သောင်းကျန်းသူတွေဟာ အပြီးတိုင်ချုပ်ငြိမ်းဇာတ်သိမ်းသွားပါတော့တယ်။ ကွန်မြူနစ်ပါတီခေါင်းဆောင်သခင်သန်းထွန်းနဲ့အပေါင်းအပါတွေကျဆုံးကုန်ပါတယ်။ အလံနီသခင်စိုးကတော့ အညာကျေးလက်တွေမှာ ဆက်လက်ဒုက္ခပေးနေဆဲပါ။ (သခင်စိုးအလင်းဝင်လိုက်တော့အလံနီပါတီလည်းပြီးဆုံးသွားပါတယ်)

ရိုးမတွေမှာ လွတ်လပ်သွားတာနဲ့တစ်ပြိုင်နက် နိုင်ငံတော်သစ်ထုတ်လုပ်ရေးနဲ့ မှောင်ခိုသစ်ထုတ်လုပ်ရေးတွေဟာ အပြိုင်အဆိုင်သဖွယ် ထုတ်လုပ်ကြတာကြောင့် သစ်တောကြီးတွေပြောင်တလင်းခါသွားပါတော့တယ်။

သစ်ပင်တစ်ပင်ဖြစ်ဖို့နှစ်ရာချီသန္ဓေတည်ဖြစ်ခဲ့ရပေမယ့် အဲဒီသစ်တစ်ပင်ကိုလှဲလိုက်ခဲ့တဲ့အခါမှာတော့ မိနစ်ပိုင်းပဲကြာတာပါ။ ဖြစ်ဖို့ခက်ခဲလှပေမယ့် ပျက်ဖို့ကျတော့မြန်ဆန်လွန်းလှပါတယ်။ အဲဒီတော့ကာသစ်တွေရှားပါးသွားခဲ့ပါတယ်။ သစ်ဈေးကလည်း မိုးထိုးကာ ခေါင်ခိုက်နေပါပြီ။

အရက်ပြတ်ရင် ခွက်ကပ်နဲ့မှုးမယ်ဟော့ဆိုတာလို့ပေါ့လေ လူတွေဟာဘိုင်ကြံကြံလာကြပါတယ်။ အဲဒါက လူတွေအနီးက သက်တမ်းရင့်အပင်ကြီးတွေပါပဲ။ လူတွေနဲ့အတူနေကြတာကကုက္ကိုပင်ကြီးတွေ၊ သရက်ပင်ကြီးတွေ၊ ပိန္နဲပင်ကြီးတွေ၊ လဲပင်ကြီးတွေ၊ လက်ပံပင်ကြီးတွေပါပဲ။ သူ့အပိုင်ကိုယ့်အပိုင်သူ့အပင်ကိုယ့်အပင်ရှိနေကြတော့ကာ သစ်ကုန်သည်တွေအနေနဲ့ ကုန်ကြမ်းရရှိရေးကိုရပ်တွေရွာတွေမှာချဉ်းကပ်လာကြတော့တာပါပဲ။လူတွေနဲ့အတူနေတဲ့အရိပ်ရအပင်ကြီးတွေဟာငွေရှင်ကြေးရှင်တွေရဲ့လက်ထဲပါကုန်ကြပြန်ပါတယ်။ သက်တမ်းရင့်တော့ကာ ဘာပင်ဖြစ်ဖြစ်ကောင်းတာပါပဲ။

ချွင်းချက်တစ်ခုတော့ ရှိတယ်။ အဲဒီအရိပ်ရအပင်၊ သီးပင်စားပင်တွေရောင်းစားကြရာမှာ မန်ကျည်းပင်လုံးဝမပါပါဘူး။ ဘာလို့လဲဆိုတော့ မန်ကျည်းသားကို စက်လှတွေလုံးဝမတိုးပါဘူး။ သစ်တွေကို သစ်စက်ဆီကိုအခွဲချတ်ပြီး

ယူသွားရတော့ကာ မန်ကျည်းသားမှန်းရုတ်တရက်မသိပေမယ့် လွှခုံပေါ်တင်လိုက်တာနဲ့ လွှမတိုးရင် ပြန်ဆွဲချပြီးပယ်လိုက်တာပါ။ ဒီတော့ကာ သစ်သမားတွေအနေနဲ့ မန်ကျည်းပင်ကိုလုံးဝရှောင်ကြတာကြောင့် သက်တမ်းရင့်နှစ်ချီ့မန်ကျည်းပင်ကြီးတွေကတော့ နေရာဒေသတိုင်းမှာ ကျန်းမာစွာ ပန်းပန်လျက်ရှိနေကြဆဲပါ။ ကျန်းမာပကတိချမ်းသာစွာရှိနေကြပါတယ်။

ချောင်းဘေးတွေမှာ အများဆုံးပေါက်တာက မအူပင်ကြီးတွေပါ။ မအူပင်ဟာ ဖြစ်ထွန်းလွယ်ပြီး ဖြောင့်ဖြူးတာကြောင့် သစ်သမားတွေ မျက်စိကျကြပါတယ်။ ဒီတော့ဆိုင်ရာပိုင်ရာတွေဆီပေးကမ်းပြီးယူသွားကြတာကြောင့် ချောက်ကမ်းပါးတွေထိန်းတဲ့ မအူပင်ကြီးတွေလည်း ပြုတ်ပြုတ်ပြုန်းကုန်ကြပါပြီ။ မအူပင်ပေါက်တွေတော့ ဆက်လက်ရှင်သန်ဖြစ်ထွန်းနေကြပါတယ်။ ဖြစ်လွယ်တဲ့အပင်မျိုးပါ။

န၊ ဝ၊ တ အစိုးရလို့ခေါ်တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအစိုးရခေတ်မှာ သဲကုန်းလေးရွာအုပ်ချုပ်တာက ဦးမှတ်ကျော်ပါ။ တစ်နေ့မှာ သဲကုန်းလေးအုပ်ချုပ်ရေးမှူး ဦးမှတ်ကျော်ရဲ့အိမ်ကို စုံစမ်းမေးမြန်းကာ ဆိုင်ကယ်ကိုယ်စီနဲ့ လူသုံးဦးရောက်လာခဲ့ပါတယ်။ ဒီလိုပါပဲ ဘာကိစ္စရှိရှိ ရွာရဲ့ဥက္ကဋ္ဌအိမ်ကို ဦးတိုက်လာကြရတာကထုံးစံပါ။ ဒီရွာမှာ ဘာမဆိုသူပါမှပြီးတာကိုး။ သူ့စကားတစ်ခွန်း သူ့လက်မှတ်တစ်ခြစ်ဟာ အလွန်ကိုအသုံးဝင်လှပါတယ်။ သူ့ခေတ်နဲ့သူပေးကိုးဗျ။

**လက်ပံပင်ကြီးကိုရောင်းလိုက်ပြီ**

"ဒီက မိတ်ဆွေတို့ထိုင်ကြပါဗျာ။ ကျွန်တော်ဘာအကူအညီပေးရမလဲ"

"ဟုတ်ကဲ့ ကျွန်တော်တို့က ရွာတွေမှာ သစ်လိုက်ဝယ်တဲ့အဖွဲ့ပါ။ သစ်ခွဲလို့ရတဲ့ကြီးမားတဲ့အပင်ကြီးတွေကိုဝယ်ပါတယ်"

"ဩော်- ဒါကတော့ အပင်ပိုင်ရှင်တွေအနေနဲ့ရောင်းမယ်ဆိုရင်ကျွန်တော်ကခွင့်ပြုပေးရမှာပါ။ ဘာမှဆိုစရာမရှိပါဘူး"

"ခုဟာက ဥက္ကဋ္ဌရောင်းပေးမှ ဖြစ်နိုင်မှာမို့ ဥက္ကဋ္ဌဆီကို ကျွန်တော်တို့လာခဲ့ရတာပါ"

"ကျွန်တော် အိမ်ဝန်းထဲမှာရောတောထဲကအကွက်တွေမှာပါ ကြီးမားတဲ့အပင်ရယ်လို့ လုံးဝမရှိပါဘူး။ ဘယ်အပင်



ကိုဆိုလိုတာပါလဲ"

"သချိုင်းကုန်းထဲကလက်ပံပင်ကြီးပါ"

"ဗျာ"

"ဟုတ်ပါတယ် ဥက္ကဋ္ဌ၊ အဲဒီလက်ပံပင်ကြီးကို ဥက္ကဋ္ဌအနေနဲ့ ရောင်းပိုင်ခွင့်ရှိပါတယ်"

"မဖြစ်ဘူးထင်တယ်ဗျ။ ဒီအပင်ကြီးက ရှေးအစဉ်အဆက်ကတည်းကရှိနေခဲ့တာ။ကျွန်တော့်အပြစ်ဖြစ်နေပါ့မယ်ဗျာ။ ပြီးတော့ ရောင်းရမှာလိပ်ပြာမသန့်ပါဘူးဗျာ"

"လိပ်ပြာမသန့်စရာ မရှိပါဘူး ဥက္ကဋ္ဌကြီးရယ်၊ ဒီအပင်ကြီးကပိုင်ရှင်မဲ့ပါ။ ပြီးတော့ သူ့ဝန်းကျင်မှာရှိတဲ့ စိုက်ကွက်တွေအနေနဲ့ သူ့ရဲ့လောင်းရိပ်အမိုးခံရတဲ့အခါ သီးထွက်လည်းညံ့ဖျင်းပါတယ်။ ဒီအပင်ကြီးကို ဖယ်ရှားလိုက်ရင် အနီးနားကစိုက်ကွက်ပိုင်ရှင်တွေက ဥက္ကဋ္ဌကိုအရမ်းကျေးဇူးတင်နေကြမှာပါ။ ဒီအပင်ကြီးဟာ နေရာယူထားတာပဲရှိတယ်။ ဘာမှအကျိုးကျေးဇူးမပြုပါဘူး။ အဲဒါကြောင့်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်ကသာအရေးကြီးတာပါ"

"ကျွန်တော်ပြောချင်တာက အဲဒါမဟုတ်ဘူးဗျ။ အဲဒီအပင်မှာနေထိုင်ကြတဲ့ပုဂ္ဂိုလ်တွေကိုပြောတာ"

"ဒါကတော့ သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ကျွန်တော်တို့ကလုပ်နေကျပါ၊ အဲဒီအတွက်မပူပါနဲ့။ ပွဲတွေနဲ့ဆိုင်ရာပိုင်ရာတွေကိုတင်မြှောက်ပြီးမှ လှဲမှာပါ။ စိတ်ချပါ ဘာမှမဖြစ်စေရပါဘူး။ ဒါမျိုးအပင်တွေ လှဲလာတာများပါပြီ။ ဘာမှမဖြစ်ခဲ့ပါဘူး၊ဥက္ကဋ္ဌကသာခွင့်ပြုပါ။ ကျန်တာ ကျွန်တော်တို့တာဝန်ထားပါ။ ဥက္ကဋ္ဌတို့အနေနဲ့ ခေါင်းတောင်မခဲစေရပါဘူး။ ကဲ ကိုမြတ်သာ ဥက္ကဋ္ဌကို ပိုက်ဆံကန်တော့လိုက်ပါ"

ဆိုပြီး စကားနဲ့ချည်တုပ်ကာ ကိုမြတ်သာကိုပိုက်ဆံထုတ်ပေးစေပါတယ်။ ကိုမြတ်သာက သူ့ရဲ့သားရေအိတ်အနက်ထဲက သားရေကွင်းနဲ့အထပ်ထပ်စည်းထားတဲ့ပိုက်ဆံထုပ်ကြီးကို ဥက္ကဋ္ဌဦးမှတ်ကျော်ရဲ့ရှေ့မှာညင်သာစွာချပေးပါတယ်။

"အေးပေါ့ဗျာ၊ ခင်ဗျားတို့ပြောသလို ဘာမှအကျိုးမပြုဘဲ အနီးနားကစိုက်ကွက်တွေ လောင်းရိပ်မိတာအမှန်ပါပဲ၊ဒါတော့ငြင်းလို့မရတာအမှန်ပါ၊သချိုင်းထဲကသစ်ပင် ကျွန်တော်ရောင်းစားပစ်တယ်ဆိုတဲ့သမိုင်းဆိုးကြီးကျန်ရစ်မှာတော့စိုးတယ်ဗျာ"

"ဩော်- ဥက္ကဋ္ဌရယ် လူ့ပါးစပ်ဆိုတာ လိုရင်လိုသလို မလိုရင်မလိုသလိုပြောတဲ့အမျိုးပါဗျာ။ ဘယ်သူမှမဖယ်ရှားဝံ့တဲ့လက်ပံပင်ကြီးကိုဖယ်ရှားဝံ့လို့သမိုင်းမှာဥက္ကဋ္ဌဂုဏ်သတင်းက မွှေးတောင်မွှေးနေဦးမှာပါဗျာ။ အနီးနားအကွက်ရှင်တွေအနေနဲ့လောင်းရိပ်လွတ်သွားတဲ့အတွက်ဥက္ကဋ္ဌကိုတစ်နေ့ဦးသုံးကြိမ်တောင်ချနေကြမှာသေချာတယ်။ လိပ်ပြာသန့်စမ်းပါ ဥက္ကဋ္ဌရယ်"

"ဟုတ်ပြီဗျာ ဟုတ်ပါပြီ။ ခင်ဗျားတို့ဆောင်ရွက်စရာရှိတာကို ဆက်ပြီးဆောင်ရွက်ကြပါ။ ဟုတ်ပြီလား"

"ဒါဆိုလည်း ရက်ဆိုင်းမနေတော့ဘူး မနက်ဖြန်ပဲကျွန်တော်တို့လာလှဲကြမယ်။ ကျေးဇူးပါပဲ ဥက္ကဋ္ဌရယ်"

**ရွာတုံဟည်းသွားတဲ့အသံကြီး**

နောက်နေ့မနက်(၈)နာရီလောက်မှာသစ်လှဲအဖွဲ့တွေရောက်လာပြီး ပွဲတင်ကာစက်လွှနဲ့လက်ပံပင်ကြီးကိုစတင်ပြီးတိုက်ဖြတ်ပါတယ်။ စက်လွှသံတဒီးဒီးကိုအနီးနားကအိမ်တွေအနေနဲ့ကြားနေရပါတယ်။လှမ်းကြည့်တဲ့အခါသချိုင်းထဲကလက်ပံပင်ကြီးကိုစက်လွှနဲ့လှဲနေကြောင်းသိရတာပါ။

ဒီအခါမှာ လူကြီးသူမတွေက မနေသာတာနဲ့သွားပြီး စပ်စုကြတဲ့အခါကျေးရွာဥက္ကဋ္ဌရဲ့ခွင့်ပြုချက်ရယူပြီးကြောင်းသိရတာမို့ဘာမှမပြောသာတော့ပါဘူး။ လူကြီးသူမတွေအနေနဲ့ကဒီအပင်ကြီးကိုလှဲရင်ပတ်သက်တဲ့လူတွေဒုက္ခရောက်မှာစိုးလို့ပါပဲ။ သက်တမ်းရင့်နှစ်ချီ့ပင်ကြီးဖြစ်တာကြောင့်ဒီအပင်ကြီးမှာ လူကြီးသုံးယောက် (ပြိတ္တာကြီးသုံးဦး) မှီခိုနေထိုင်

ကြောင်းလည်း မြင်ဖူးသူတွေရှိတော့ကာ သိနေကြပါတယ်။

အပင်ကြီးက ကြီးသလားမမေးနဲ့။ သူ့ရဲ့အကိုင်းကြီးတွေတောင်မှလူနှစ်ဖက် စာသုံးဖက်စာလောက်ကြီးတယ်။ ဒီလောက်ကြီးတဲ့လက်ပံပင် အချို့ဆိုမြင်တောင်မမြင်ဖူးကြပါဘူး။ မြင်ရသူငေးမောလောက်တဲ့အပင်ကြီးပါ။ စက်လွှသံ တဒီးဒီးကဆူညံနေပါတယ်။

တော်သေးတယ် လို့တဲ့အချိန်မှာ အနီးနားက ကောက်ပဲသီးနှံတွေသိမ်းပြီး ချိန်မို့ စိုက်ခင်းတွေကိုမထိခိုက်နိုင်ပါဘူး။ အနေအထားကအပင်ကြီးဟာအနောက်ဘက်ကိုအားပြုထားတာမို့ အနောက်ဘက်လယ်ကွင်းထဲလဲမှာပါ။ အပင်ကကြီးလွန်းတော့ကာ ပတ်ပတ်လည်ဖြတ်တောက်ရတာပါ။

မွန်းတည့်ချိန်လောက်ရောက်မှ ဗျစ်၊ ဗျစ်၊ ဗျစ်၊ ဝုန်းဆိုတဲ့အသံကြီးထွက်ပေါ်လာတာကြောင့် ရွာတစ်ခုလုံးတုန်လှုပ်သွားခဲ့ပါတယ်။အနီးနားကအိမ်တွေ သိပေမယ့် ဝေးတဲ့အိမ်တွေက မသိတာကြောင့် အားလုံးအလန့်တကြားဖြစ်ကုန်ရတာပါ။ ပြင်းထန်လိုက်တဲ့အသံကြောင့် လူတွေရင်တုန်ပန်းတုန်ဖြစ်ကုန်ကြတာပါ။ ဘာလဲဘာဖြစ်တာလဲ၊ ဘယ်ကလဲဆိုတာ အဆောတလျင်စုံစမ်းကုန်ကြတာပါပဲ။ ကြောက်စရာကောင်းလိုက်တဲ့အသံကြီးပါ။ ရွာတောင်တုန်ထွက်သွားအောင် ရိုက်ခတ်မှုကပြင်းထန်လွန်းပါတယ်။ တုန်လှုပ်ပေမပေါ့။ အပင်ကလည်း အလွန်ကြီးတာကိုး။ ဒီလောက်ကြီးတဲ့ အပင်အချို့မြင်တောင်မမြင်ဖူးကြဘဲကိုး။ ဒါပေမယ့် အဲဒီအပင်ကြီးဟာ သစ်လှဲသူကြောင့် အနောက်ဘက်ကို စင်းစင်းကြီးလဲကျသွားခဲ့ပါပြီ။ လူတွေဟာ အထူးအဆန်းမို့သွားကြည့်လိုက်ကြတာ တစ်ရွာလုံးနီးပါးပါပဲ။ ဒါဟာ လက်ပံပင်ကြီးကိုနောက်ဆုံးမြင်ခွင့်ရကြခြင်းပါ။ ရက်တိုပိုင်းအတွင်း လက်ပံပင်ကြီးဟာ သူတို့မျက်စိအောက်ကထာဝရပျောက်ကွယ်သွားတော့မှာပါ။ ပြီးတော့ ဒီလက်ပံကြီးကိုမှီလိုက်သူတွေအနေနဲ့ သချိုင်းနဲ့ယှဉ်တွဲကာမြင်ယောင်နေကြဦးမှာပါ။ ပုံပြင်သဖွယ်ပြောဆိုနေကြဦးမှာပါ။

**လှည်းအစီးရှစ်ဆယ်ကျော်**

အလွန်ကြီးမားတဲ့လက်ပံပင်ကြီးကို စက်လွှတွေနဲ့ အပိုင်းပိုင်းအစိတ်စိတ် အမွှာမွှာဖြတ်တောက်ကာ သစ်တင်လှည်းတွေနဲ့ မနားတမ်းသယ်ယူနေကြပါတယ်။လိုအပ်တဲ့ပေပမာဏနဲ့တိုင်းထွာဖြတ်တောက်ကာ သယ်ယူနေကြခြင်းပါပဲ။ သစ်တန်ပေါင်းအတော်များများထွက်မှာပါ။ လက်ပံသားဟာ နုရင်သာပွတာပါ။ ခုလိုနှစ်များစွာ သက်တမ်းရှိတဲ့အပင်ကြီးကျတော့ မာကျောကျစ်လစ်နေပါတယ်။

အနောက်ဘက်မှာ ထွက်နေတဲ့ လူနှစ်ဖက်လောက်ရှိတဲ့ကိုင်းကြီးတစ်ကိုင်းဟာလဲအကျမှာကျိုးပြီး မြေကြီးထဲစိုက်ဝင်သွားပါတယ်။ မြေသားဟာ နုံးမြေဖြစ်တာကြောင့် ခုလိုစိုက်ဝင်သွားခြင်းပါပဲ။ သူများစိုက်ခင်းမြေမှာ စိုက်ဝင်သွားတာမို့ အဲဒီစိုက်ဝင်သွားတဲ့အကိုင်းကိုရအောင် ဖော်ကာယူကြမှာဖြစ်ပါတယ်။ ပြောင်အောင်ရှင်းပေးရမှာက သူတို့တာဝန်ပါ။

သစ်တွေလှည်းတွေနဲ့သယ်အပြီးမှာတော့ မြေကြီးထဲစိုက်ဝင်သွားတဲ့အကိုင်းကြီးကို လူအားနဲ့ဖော်ကြတဲ့အခါ ဆယ်တောင်နက်သည်အထိ အကိုင်းကြီးက မဆုံးသေးပါဘူး။ အောက်ကရေတွေထွက်လာပြီမို့ တူးဖော်ခြင်းကို ရပ်နားကာ သစ်တုံးကြီးကို ချိန်းဘလောက်နဲ့ ထိန်းထားပြီး အောက်ခြေကစက်လွှနဲ့ ဖြတ်တောက်လိုက်ပါတယ်။သူတို့ခန့်မှန်းတာက အောက်မှာငါးတောင်လောက် ကျန်ဦးမယ်လို့ခန့်မှန်းကြပါတယ်။ အဲဒီသစ်လုံးကြီးကို ချိန်းဘလောက်နဲ့တဖြည်းဖြည်းမတင်ကာ ရအောင်ယူသွားနိုင်တာကတော့ အဲဒီလူတွေကို ရွာသားတွေက မချီးကျူးဘဲကိုမနေနိုင်ကြတာပါ။

ခွဲလို့စိတ်လို့ရနိုင်တဲ့ပမာဏဆိုရင် ပေါင်လုံးလောက်အထိ အကုန်ယူသွားတာမို့ လက်ပံပင်ကြီးဟာ လှည်းအစီးရှစ်ဆယ်ကျော် တိုက်ထွက်ကြောင်း သိကြရပါတယ်။ ခွဲစိတ်လို့မရနိုင်တဲ့ ကိုင်းဖျားကိုင်းနားတွေပဲချန်ထားတာပါ။ ဒါကိုလည်း စနစ်တကျစုပုံထားပေးပြီး ပျက်စီးသွားတဲ့လယ်မြေကိုလည်း ပကတိလိုဖြစ်အောင်ပြန်လည်ပြုပြင်ပေးခဲ့ပါတယ်။ အဲဒါကြောင့် ပြီးကပြစ်မလုပ်ဘဲစေတနာပါပါလုပ်ပေးသွားတာကြောင့် မြေပိုင်ရှင်တွေကျေနပ်ကြပါတယ်။

အမှန်တကယ်လည်း လက်ပံပင်ကြီးအုပ်မိုးထားမှုကြောင့် လောင်းရိပ်မိထားတဲ့လယ်မြေစိုက်ခင်းတွေကလောင်းရိပ်ကင်းရှင်းသွားတာကြောင့် နေရောင်ခြည်ကိုကောင်းစွာရခဲ့ကြပြီဖြစ်ပါတယ်။ သစ်သမားတွေကို အရမ်းကိုကျေးဇူးတင်နေရတာပါ။

**ထင်းတွေယူတဲ့ကိုရွှေမောင်**

ကိုင်းဖျားကိုင်းနားတွေဆိုတာက တစ်ပုံတပင်ကြီးပါပဲ။ အဲဒီထင်းတွေကို တောင်းထားတာက ကိုရွှေမောင်ပါ။ သွားရောက်လုပ်ကိုင်ကူရင်း ထင်းတွေတောင်းထားခြင်းပါ။ လူတွေကတော့ သချိုင်းထဲကထင်းကို ဝေးဝေးရှောင်ကြတာပါ။ ကိုရွှေမောင်ကိုလည်း မယူဖို့ အတန်တန်တားမြစ်ကြပါတယ်။သို့သော်လည်းကိုရွှေမောင်ကတော့အယုံအကြည် မရှိပါဘူး။ သချိုင်းထဲကထင်းလည်း ထင်းပဲ၊ တောထဲကထင်းလည်း ထင်းပဲ၊ ရွာထဲကထင်းလည်းထင်းပဲ။ ဘာများကွာခြားလို့လဲ မီးတောက်တာချင်းအတူတူပဲဆိုပြီး ပြောမရဆိုမရနဲ့ မကုန်ကုန်အောင် လှည်းနဲ့ အခေါက်ခေါက်အခါခါတိုက်တော့တာပါ။ ညနေကျမှပြီးတယ်။

ပြီးတယ်ဆိုရင်ပဲ နွားတွေအစာကျွေးပြီး သန့်ရှင်းရေးလုပ်တဲ့အနေနဲ့ ရေချိုးပါတယ်။ ဖြစ်ချင်တော့ ရေချိုးနေရင်းဗိုင်းခနဲလဲကျသွားပါတော့တယ်။သူ့မိန်းမ မမြတင်က မြင်တာနဲ့ပြေးပွေ့ပါတယ်။ လာကြပါဦးဆိုပြီး အကူအညီခေါ်တော့ကာ အိမ်နီးချင်းတွေပြေးလာပြီး ရွှေမောင်ကို အိမ်ပေါ်အမြန်ပွေ့တင်ကြပါတယ်။ ဒါပေမယ့် ကိုရွှေမောင်အသက်မရှိတော့ပါဘူး။

အဲဒီမှာ မမြတင်ရဲ့ငိုသံက ပွက်လောရိုက်သွားပါတယ်။ ဘာဖြစ်တာလဲဆိုပြီးဝိုင်းအုံရောက်လာကြတော့တာပါ။ အံ့ဩလိုက်ကြပုံကတော့ ပြောမဆုံးကြပါဘူး။ အတော်နေကပဲ ထင်းလှည်းနဲ့ ရွာထဲဝင်လာတာမြင်တဲ့လူတွေမြင်ပါသေးတယ်။ ဟော ခုအသက်မရှိတော့ဘူး မြန်လိုက်တဲ့ဖြစ်ခြင်းပါ။

သချိုင်းကုန်းက သယ်လာတဲ့ လက်ပံသားထင်းတွေကတစ်ပုံတပင်ကြီးပါ။ ဒီတော့ လူတွေက သချိုင်းကထင်းတွေယူလို့ သရဲစားတာလို့ပြောနေကြပါတယ်။ အချို့ခေတ်မီတဲ့အတွေးအခေါ်ရှိသူတွေကျတော့လည်း ချွေးတွေမတိတ်မီရေလောင်းချိုးမိလို့ ဦးနှောက်သွေးကြောပြတ်ပြီးသေရတာလို့ဆိုကြပါတယ်။ ဒါလည်းဖြစ်နိုင်ခြေရှိပါတယ်။ ဒါပေမယ့် လူအများစုကတော့ သရဲစားတာလို့ပဲယုံကြည်ကြပါတယ်။

ဒါထက် ဆန်းကြယ်တာကကိုရွှေမောင်ဟာ အချိန်တိုအတွင်းမှာပဲ တစ်ကိုယ်လုံးညိုမည်းသွားတာပါ။ အဲဒီအခါမှာသရဲစားတယ်လို့ ပိုမိုယုံကြည်ကြပါတယ်။ လက်ပံပင်ခိုက်တာပေါ့လေ။ မယုံ

ကြည်သူအနည်းစုက မယုံကြည်ပါဘူး။ ဘာလို့လဲဆိုတော့ လက်ပံပင်ကြီးလဲပြီး ဖြတ်တောက်ကာ သယ်ယူတဲ့လူတွေကျ တော့ဘာမှမဖြစ်ပါဘဲ ကိုင်းဖျားကိုင်း နားကျန်တဲ့ဟာလေးတွေ ထင်းအဖြစ်ယူ တဲ့လူကျတော့ အသေသတ်တယ်ဆိုတာ မယုံကြည်နိုင်စရာအဖြစ်ပါလို့ ထောက် ပြကြပါတယ်။ တစ်ကိုယ်လုံး မည်းပုပ် သွားတဲ့လက္ခဏာဟာ အဆိပ်သင့်တာ ကြောင့်ဖြစ်နိုင်တယ်ဆိုပြီး တောကြီးမြွေ ဟောက်လိုအကောင်မျိုး ကိုက်မကိုက် ခြေထောက်ကို စစ်ကြည့်တော့လည်း ဘာမြွေကိုက်ရာမှမတွေ့ရပါဘူး။ ဒီတော့ ပဟေဠိသဖွယ်ဖြစ်ကြရပြန်ပါတယ်။

ဒါနဲ့ပဲ ကိုရွှေမောင်ကိုသချိုင်းကုန်း ကလက်ပံပင်သရဲကစားလိုက်တယ်ဆို တာကို အများစုက အတည်ပြုပြောဆို နေကြတော့တာပါပဲ။ အဲဒီမှာ လူအချို့ ကတိုးတိုးတိတ်တိတ် သေချင်းသေရင် လက်ပံပင်ကြီးကိုရောင်းစားတဲ့ဥက္ကဋ္ဌဦး မှတ်ကျော်သေရမှာလို့ ကျိတ်ပြီးပြောဆို နေကြလေရဲ့။

## ပြုတ်သွားတဲ့ဥက္ကဋ္ဌရာထူး

အင်္ဂလိပ်ခေတ်နဲ့ လွတ်လပ်ရေးရ ပြီး ပါလီမန်ဒီမိုကရေစီခေတ်မှာ သူကြီး တွေဟာ သူကြီးရာထူးမှာမြဲနေကြပြီး သူ ကြီးသေရင် သူကြီးသားက သူကြီးပြန် ဖြစ်တာပါ။ အစဉ်အလာမျိုးရိုးနဲ့ဆိုပါ တော့။ နောင်ခေတ်မှာတော့ အဲဒီစနစ် တွေပျက်သုဉ်းသွားပြီး ရွာကမဲပေးတင် မြှောက်မှသာ သူကြီး (အုပ်ချုပ်ရေးမှူး) ဖြစ်ခွင့်ရတာပါ။ သူ့သက်တမ်းစေ့တာနဲ့ ပြန်လည်ရွေးချယ်ကြရတာပါ။ ဒီတော့ ဥက္ကဋ္ဌရာထူးကမမြဲပါဘူး။

ဦးမှတ်ကျော်ဟာလည်း သူ့သက် တမ်းစေ့တဲ့အခါ ဒုတိယအကြိမ်ယှဉ်ပြိုင် အရွေးခံမေမယ့် ရွေးကောက်ပွဲမှာ မဲရှုံး ပြီး ဥက္ကဋ္ဌရာထူးကပြုတ်သွားပါတော့ တယ်။ အုပ်ချုပ်သူတွေဟာ နှစ်ကြိမ်တိုင် အရွေးခံလို့ရပါတယ်။ သုံးကြိမ်တော့မရ တော့ပါဘူး။ မဲနိုင်ရင် သက်တမ်းနှစ်ခု အုပ်ချုပ်ခွင့်ရပါတယ်။

အုပ်ချုပ်တဲ့ လူတန်းစားဆိုတာ ဘုန်းရှိမှရတာပါ။ ဘုန်းမရှိရင် အုပ်ချုပ် သူမဆိုထားနဲ့ ဆယ်အိမ်ခေါင်းတောင် မဖြစ်ပါဘူး။ ဒီတော့ အုပ်ချုပ်သူတွေမှာ ဘုန်းရှိကြပါတယ်။ ဒီအခါမှာ အဲဒီဘုန်း ရှိတဲ့လူကို စုန်းတွေ၊ကဝေတွေ၊မကောင်း ဆိုးဝါးလို့ခေါ်ကြတဲ့ သရဲတစ္ဆေတွေမပြု စားနိုင်ပါဘူး။ သူတို့ဟာ ဩဇာအာဏာ



ရှိတဲ့အရှင်သခင်တွေကို။

သူ့ရဲ့ဘုန်းကံကုန်ပြီဆိုလို့ကတော့ ဥက္ကဋ္ဌရာထူးကို ရှုံးမတတ်ရချင်သော် လည်း ဘုန်းကံကုန်သွားတဲ့အတွက် လူ တွေရဲ့စိတ်ထဲမှာ သူ့ကိုမရချင်ကြတော့ ပါဘူး။ ဒီတော့ မဲမပေးတော့ဘူးပေါ့ဗျာ။ ဦးမှတ်ကျော်ဟာ ဒုတိယအကြိမ်မှာ မဲ အပြတ်အသတ်နဲ့ရှုံးနိမ့်ခဲ့ရခြင်းပါ။ ဒီ တော့ ဥက္ကဋ္ဌပြုတ်ဖြစ်သွားခဲ့ပါပြီ။ အရာ မဝင်တော့ဘူးပေါ့။ အဲဒီမှာ လူတွေအချို့ ကကြုံကြုံဖန်ဖန်ဝေဖန်ကြပါတယ်။

သချိုင်းကလက်ပံပင်ကြီးကိုရောင်း လိုက်တာက ဦးမှတ်ကျော်ကွ။ ဒါပေမယ့် အဲဒီအချိန် သူက ဘုန်းကံမြင့်နေတော့ လက်ပံပင်သရဲတွေကဘာမှမလုပ်နိုင်ဘူး။ သရဲတွေရဲ့ဒေါသကိုမရှုမလှခံသွားရတာ ကကိုရွှေမောင်ပဲကွ။ ကိုရွှေမောင်က အချောင်ခံသွားရတာပါကွာ။ ဦးမှတ် ကျော်ရဲ့ကိုယ်စားခံသွားရတာပါ။ ဟော ခုတော့ ဦးမှတ်ကျော်မှာ မင်းအာဏာမရှိ တော့ဘူး။ သာမန်လူဖြစ်သွားခဲ့ပြီ။ တကယ်လို့များလက်ပံပင်ကသရဲတွေက ဦးမှတ်ကျော်ကို နင့်ဇာတာပိုးထိုးမှနင်း ချိုးမဟဲ့ဆိုပြီးများ ကြိမ်းထားခဲ့ရင်တော့ တစ်နေ့နေ့တစ်ကွေ့ကွေ့မှာဦးမှတ်ကျော် ခံသွားရနိုင်တယ်။ တစ်ခုတော့ရှိတာပေါ့။ ဦးမှတ်ကျော်ဟာဘာသာတရားကိုင်းရှိုင်း ပြီး တရားနဲ့နေနေရင်တော့ မဆိုလိုဘူး ပေါ့ကွာ"

စသည်ဖြင့်ပေါ့လေ၊ ကွယ်ရာမှာ ဝေဖန်နေကြတာပါ၊ သူတို့ပြောသလိုပါ ပဲ၊လက်ပံပင်မှာနေတဲ့ပုဂ္ဂိုလ်ကြီးသုံးဦးက ပဲဆော်ထည့်လိုက်တာလား သို့တည်း မဟုတ်အနေအထိုင်မတတ်လို့လားတော့ မသိပါဘူး။ ဥက္ကဋ္ဌရာထူးပြုတ်ပြီးလို့ တစ် လတောင်မပြည့်လိုက်ပါဘူးလေဖြန်းကာ ဆန့်ငင်ဆန့်ငင်နဲ့ ဒုက္ခိတဘဝကိုရောက် သွားခဲ့တော့တာပါပဲ။ သေမသွားတာပဲ ကံကောင်းတယ်ဆိုရမှာပါ။

ဟိုကုဒီကုနဲ့ ကုတဲ့နေရာတွေစုံပြီး ပိုက်ဆံတွေသာကုန်တယ်၊ ဝေဒနာက အရှင်းမပျောက်ပါဘူး။ ပထမဆေးရုံ၊ ဆေးရုံကနေ တိုင်းရင်းဆေး၊ တိုင်းရင်း ဆေးကနေအနှိပ်ဆရာ၊ အနှိပ်ဆရာပြီး တော့ ဆေးမြီးတိုတွေစုံလို့စုံလို့ပါပဲ။ ပျောက်စေဆရာတွေတောင် ပါတယ်။ သက်သာသယောင်ပဲရှိတာပါ။ ဆန့်ငင် ဆန့်ငင်ဘဝကမလွတ်ပါဘူး။ ဒီလောက် ကုတာမှမပျောက်ရင် ဝဋ်နာလို့သာယူဆ ရတော့မှာပါပဲ။

မကောင်းဆိုးဝါးတွေလုပ်ထားတာ ဖြစ်နိုင်ခြေရှိတာမို့အတိုက်အခိုက်ပယော ဂတွေမှာနာမည်ကြီးနေတဲ့ရေနီသစ်ကြိမ်း ရွာက ဆရာဦးဝင်းအောင်ဆီကိုသွားပြ ပြန်ပါတယ်။ ဆရာကစေ့စေ့ကြည့်ပြီး-

"ဦးမှတ်ကျော် ခင်ဗျားကိုမုန်းတီး နေတဲ့ပုဂ္ဂိုလ်ကြီးသုံးဦးရှိတယ်ဗျ။ သူတို့ ကအခွင့်သာတုန်းဆော်ထည့်လိုက်တာ ပဲ။ ဆော်ကတော့ အသေဆော်တာပါ။ ကံကကောင်းနေတော့ကာ အသက် တော့ အန္တရာယ်မဖြစ်ဘူးပေါ့လေ။ သို့ သော်လည်း ဝေဒနာတော့ခံစားရမှာပဲ။ ခင်ဗျားက နိုင်တုန်းက သူတို့ကိုလုပ်ခဲ့ဖူး တာကိုး။ သက်သာလိုသက်သာငြား ဒီ ထက်ပိုဆိုးမလာအောင်ကျွန်တော်အလင်း တိုင်စီစဉ်ပေးလိုက်ပါ့မယ်"

လို့ အတပ်ပြောလိုက်ပါတယ်။ အဲဒီမှာလိုက်ပို့တဲ့လူတွေက ဖြစ်ကြောင်း ကုန်စင်ပြောပြပါတယ်။ ဆရာဦးဝင်း အောင်ဟာ လူတစ်ယောက်ကို ပျောက် မှာဆိုရင်ပျောက်မှာ၊ သေမှာဆိုရင်သေ မှာရက်လတိတိကျကျနဲ့ကို ဟောပြော နိုင်စွမ်းရှိတဲ့ဆရာပါ။ ရပ်နီးရပ်ဝေးက လူတွေနဲ့ပြတ်တယ်မရှိပါဘူး။ ခုလည်း ဦးမှတ်ကျော်ကိုပျောက်မယ်လို့ လုံးဝ မပြောပါဘူး။ ဒါဆိုသိကြပါပြီ။ ပြုခဲ့တဲ့ ကံကြောင့် ဦးမှတ်ကျော်ဟာဝေဒနာ တန်းလန်းနဲ့နေသွားရတော့မှာပါပဲ။

သချိုင်းကုန်းက လက်ပံပင်ကြီး အကြောင်းကတော့သဲကုန်းကြီးနဲ့သဲကုန်း လေးရွာတွေမှာ ပြောစမှတ်အဖြစ်ကျန် ရစ်နေပါပြီ။

*ချမ်းမြေ့ကြပါစေ။*

ရွှေပြည်စိုးမိုးကဲ့ဘတ်

# မြန်မာတံဆိပ်ခေါင်း ဝေါဟာရများ ကြည့်လျှင်

တံဆိပ်ခေါင်းဝါသနာဆိုင်ရာ ဝေါဟာရများကို မြန်မာနိုင်ငံ၌စတင်တွေ့ရှိလာရသည်မှာ ၁၉၆၉ ခုနှစ်နောက်ပိုင်းမှသာဖြစ်သည်။ထိုနှစ်တွင် မြန်မာဘာသာဖြင့် တံဆိပ်ခေါင်းစုဆောင်းနည်းစာအုပ်ကို ပထမဆုံးအကြိမ်ထုတ်ဝေခဲ့ရာ ထိုစာအုပ်ထဲတွင်ပါရှိသော မြန်မာဘာသာဖြင့် တံဆိပ်ခေါင်းဝေါဟာရများကိုစတင်တွေ့ရှိလာရခြင်းကြောင့်ဖြစ်သည်။မြန်မာဘာသာဖြင့် တံဆိပ်ခေါင်းဝေါဟာရများမှာ အင်္ဂလိပ်ဘာသာမှတစ်ဆင့် ပြန်ဆိုရေးသားကြခြင်းဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် အချို့သောဝေါဟာရများကလည်း ပြင်သစ်၊ လက်တင်၊ ဂရိ စသည့်ဘာသာစကားများမှဆင်းသက်လာသည်ကိုတွေ့ရသည်။ စာပို့တံဆိပ်ခေါင်း ဟူသည်မှာ သေးငယ်သော ပစ္စည်းတစ်ခုဖြစ်ရာ ထိုပစ္စည်းနှင့်ဆက်စပ်သော ဝေါဟာရအချို့မှာလည်း သေးကွေးသောအရာ၊သေးနုပ်သောကိစ္စများကို ညွှန်ပြထားလေ့ရှိကြသည်။ မြန်မာတံဆိပ်ခေါင်း ဝေါဟာရများမှာ တံဆိပ်ခေါင်းနှင့်ပတ်သက်သောပစ္စည်းများ၊ တံဆိပ်ခေါင်း၏ လုပ်ငန်းဆောင်တာ၊ တံဆိပ်ခေါင်းကို ထောက်ကူပံ့ပိုးသည့်အရာများနှင့် သက်ဆိုင်သောဝေါဟာရများ ဖြစ်ကြသည်။ ဤဆောင်းပါးတွင် မြန်မာတံဆိပ်ခေါင်း ဝေါဟာရများတီထွင်ကြပုံ၊ ဝေါဟာရအမျိုးမျိုးနှင့် ပြဿနာအချို့တို့ကို ခြုံငုံသုံးသပ်ရေးသားထားခြင်းဖြစ်သည်။ ဆောင်းပါးစာကိုယ်၏ဝါကျဘေးမှ နံပါတ်များမှာ ကိုးကားမှုအမှတ်စဉ်ကို ညွှန်းထားခြင်းဖြစ်သည်။

**■ တံဆိပ်ခေါင်းဝေါဟာရတီထွင်ကြသူများ**

မြန်မာနိုင်ငံမှတံဆိပ်ခေါင်းဝါသနာရှင်အားလုံးနီးပါးမှာ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော တံဆိပ်ခေါင်းစာအုပ်များမှ ပညာယူကြရသည်။ ကမ္ဘာပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် တီထွင်ထားသော တံဆိပ်ခေါင်းဆိုင်ရာ ဝေါဟာရများကသည်သာ အရေအတွက်များပြားပြီး အဓိပ္ပာယ် ပိုမိုပြည့်စုံလေ့ရှိကြသည်။ အင်္ဂလန်နိုင်ငံမှ နောက်ဆုံးထုတ်ဝေထားသည့် တံဆိပ်ခေါင်းဝေါဟာရဆိုင်ရာစာအုပ်မှာ ဂျေးမက်ကေး (Philatelic Terms Illustrated) စာအုပ်ဖြစ်သည်။ ထိုစာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် တံဆိပ်ခေါင်းဝေါဟာရပေါင်း (၁၀၀၀) နီးပါးကို အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဝေါဟာရအားလုံးနီးပါးကို ရောင်စုံနမူနာရုပ်ပုံများနှင့် ရှင်းလင်းဖော်ပြထားခြင်းဖြစ်သည်[၁]။ မြန်မာနိုင်ငံ၌ မြန်မာဘာသာဖြင့် တံဆိပ်ခေါင်းဆိုင်ရာဝေါဟာရများ စတင် ပေါ်ပေါက်ခဲ့သည်မှာ ၁၉၆၉ ခုနှစ်က သုတေသီတစ်ဦးပြုစုသော 'တံဆိပ်ခေါင်းစုနည်း နိသရည်း' စာအုပ်ထုတ်ဝေစဉ်က ဖြစ်သည်။သုတေသီတစ်ဦးအမည်ခံထားသူမှာ နောင်အခါတွင် မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များအသင်းတည်ထောင်သူ ဒု-ဗိုလ်မှူးကြီး ခင်မောင်ကလေးဖြစ်သည်။ သူ၏စာအုပ်တွင် မြန်မာဘာသာဖြင့် တံဆိပ်ခေါင်းဝေါဟာရများကို ပထမဆုံးအဖြစ် မြင်တွေ့ရသည်[၇]။

ဤသည်၏နောက်ပိုင်း နှစ်ပေါင်း (၄၀) နီးပါးခန့် တံဆိပ်ခေါင်းဆိုင်ရာ ဝေါဟာရများ တီထွင်ဖန်တီးမှုကိုမတွေ့ရဘဲ ပြတ်လပ်နေခဲ့ပြီးမှ 'စီးပွားဖြစ်တံဆိပ်ခေါင်းစုဆောင်းနည်း' စာအုပ်ရေးသားပြုစုသူ ကျော်မြင့်မောင်၏ မြန်မာတံဆိပ်ခေါင်းဝေါဟာရများကို သူ၏စာအုပ်တွင် ပြန်လည်မြင်တွေ့လာရသည်။ သုတေသီတစ်ဦး တီထွင်ပြုစုခဲ့သည့် ဝေါဟာရစာလုံးရေထက် ပိုမိုများပြားစွာတွေ့ရပြီး တံဆိပ်ခေါင်းဝါသနာ နယ်ပယ်စုံမှ ဝေါဟာရများလည်း ပါဝင်လာခဲ့သည်။ဆရာကျော်မြင့်မောင်၏စာအုပ်၌ တံဆိပ်ခေါင်း ဝေါဟာရ (၃၂၄)လုံးကို တီထွင်ပြုစုထားသည်ကိုတွေ့နိုင်သည်[၄]။ ၂၀၁၉ ခုနှစ်ဝန်းကျင်က မြန်မာတံဆိပ်ခေါင်းဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ဆိုလျက် စာရင်းပြုရေးသားသူ ရဲရင့်ဇေယျ က မြန်မာတံဆိပ်ခေါင်းအသင်း၏ သတင်းလွှာစာစောင်တွင်ဖော်ပြခဲ့သေးသည်။ သို့သော် သူ၏စာရင်းမှာအခန်းဆက်အဖြစ်ပါရှိနေပြီး အဆုံးသတ်ခြင်းမရှိသေးသဖြင့် ဝေါဟာရအလုံးရေ မည်မျှဖွင့်ဆိုမည်ကို မသိနိုင်သေးပေ[၃]။ ဤသို့ပြုစုကြရာ၌ သက်ဆိုင်ရာ မိမိတို့ကြိုက်နှစ်သက်ရာ မူရင်းအင်္ဂလိပ်စာအုပ်များမှ ဝေါဟာရများကို မြန်မာပြန်ဆိုခြင်းဖြစ်ရာ အဓိပ္ပာယ်ဖော်ရာ၌ အနည်းအငယ်ကွဲပြားမှုများ ရှိနိုင်သည်။



**■ စာတိုက်လုပ်ငန်းသုံးဝေါဟာရများ**

တံဆိပ်ခေါင်းဟူသည်မှာစာတိုက်မှ ထွက်ပေါ်ဆင်းသက်လာခြင်းဖြစ်ရာ တံဆိပ်ခေါင်းနှင့်ဆက်နွယ်သော စကားလုံးများမှာ စာတိုက်ဆိုင်ရာဝေါဟာရများနှင့်လည်း ဆက်စပ်လျက်ရှိသည်။သို့ရာတွင် စာတိုက်လုပ်ငန်းသုံး ဝေါဟာရများမှာ စာတိုက်ကိုသာ ဗဟိုပြုပြီး စာတိုက်လုပ်ငန်းဆိုင်ရာဘက်ကို ပိုမိုအလေးထား တီထွင်သုံးနှုန်းထားခြင်း ဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာဆိုင်ရာ ဝေါဟာရများမှာမူ ဝါသနာရပ်ဘက်ကိုသာ ဦးစားပေး၊ အဓိပ္ပာယ်ဖော်ထားခြင်းဖြစ်သည်။ ဦးထွန်းအောင်ကျော်ပြုစုပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၀၇ ခုနှစ်ကထုတ်ဝေခဲ့သော 'စာတိုက်လုပ်ငန်းသုံးဝေါဟာရများ' ဟူသည့်စာအုပ်မှာ စာတိုက်လုပ်ငန်းတွင် ယခင်က အင်္ဂလိပ်ဘာသာဖြင့် သုံးစွဲခဲ့သောဝေါဟာရများကို မြန်မာဘာသာသို့ ပြန်ဆိုထားသော ဝေါဟာရများ စာရင်းစာအုပ်ဖြစ်သည်။ ထိုစာအုပ်၌ စာတိုက်လုပ်ငန်းဆိုင်ရာဝေါဟာရအလုံးရေ (၅၃၅) လုံးပါရှိသည်[၅]။

ဝါသနာဘက်ဆိုင်ရာနှင့် စာတိုက်လုပ်ငန်းဆိုင်ရာဘက်တွင် အခြေခံကျ

သည့် Postmark ဟူသည့်စကားလုံးကို စာတိုက်လုပ်ငန်းဘက်၌ 'စာတိုက်တံဆိပ်အမှတ်အသား'ဟု ခေါ်ဝေါ်ပြီး ဝါသနာရပ်ဘက်တွင် 'စာပို့အမှတ်အသား'ဟုသာ ခေါ်တွင်သည်။ ဝါသနာရပ်ဘက်၌ postmark ဟူသည်ကို တံဆိပ်ဟုမယူဆဘဲ အမှတ်အသားတစ်ခုအဖြစ်သာသတ်မှတ်သည်။ 'တံဆိပ်ခေါင်းအတု'ဟူသည့် စကားလုံးကိုမူ စာတိုက်လုပ်ငန်း၌ 'စိတ်ကူးဖြင့်ပြုလုပ်ထားသော တံဆိပ်ခေါင်း' (fictitious stamp) ဟုဖော်ပြပြီး ဝါသနာရပ်ဘက်၌ လိမ်လည်၍အတုပြုလုပ်ထားသောတံဆိပ်ခေါင်း (forgery) ဟုဖွင့်ဆိုထားသည်။ တံဆိပ်ခေါင်းအတု၏ အန္တရာယ်ကို နဖူးတွေ့ဒူးတွေ့ လက်တွေ့ရင်ဆိုင်ကြရသော တံဆိပ်ခေါင်းဝါသနာရှင်များအတွက် တံဆိပ်ခေါင်းဝါသနာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်ကို ပိုမိုနှစ်ခြိုက်ကြပေမည်။ မည်သို့ပင်ဖြစ်စေ စာတိုက်လုပ်ငန်းသုံးနှင့် ဝါသနာရပ်သုံး ဝေါဟာရများမှာ ရောယှက်နွယ်နေကြမည်သာဖြစ်သည်။

**■ ကြိုက်နှစ်သက်သော တံဆိပ်ခေါင်းဝေါဟာရများ**

တီထွင် အသုံးပြုလျက်ရှိကြသော တံဆိပ်ခေါင်းဝေါဟာရများအနက် အချို့ကို နှစ်ခြိုက်အားရလှသည်။ ဝါသနာရှင်တို့မှာ တံဆိပ်ခေါင်းလေးလုံးကို လေးထောင့်ပုံစံဖြင့်တွဲနေသောအခြေအနေကို မျက်စိပသာဒရှိလှသည်ဟုဆိုကာ ကြိုက်နှစ်သက်ကြသည်။ ထို့အတူ ထိုသို့ လေးထောင့်ပုံစံဖြင့်တွဲနေသော တံဆိပ်ခေါင်းလေးလုံးကို block of four ဟုခေါ်ကြရာ မြန်မာဘာသာဖြင့် လေးထောင့်ကွက်လေးလုံးဟု ပြန်ဆိုထားသည်ကို ဤစာရေးသူအနေဖြင့် နှစ်ခြိုက်လှသည်။ တစ်ခါတစ်ရံ ဝါသနာရှင်တို့အဖို့ ခေါ်ဆိုရအသားကျနေသောစကားလုံးကို အဓိပ္ပာယ်ပြန်ဆိုသည်ထက် အသံဖလှယ်၍ သုံးနှုန်းသည်က ပိုမိုအဆင်ပြေစေသည်။ Thematic ဟူသော စကားလုံးကို 'အကြောင်းအရာအလိုက်'ဟုပြန်ဆိုထားသော်လည်း မြန်မာဝါသနာရှင်တို့၏ ပါးစပ်တွင် သီမက်တစ်ဟုခေါ်ဆိုရသည်မှာ အရိုးစွဲသကဲ့သို့ နှုတ်ကျိုးနေပြီဖြစ်သည်။ ထို့ကြောင့် ဝါသနာရှင်တို့အကြိုက် သီမက်တစ်ဟုသုံးနှုန်းကြသည်ကို အပြစ်ဆိုစရာအကြောင်းမရှိပါပေ။ မြန်မာတို့မှာ ဗြိတိသျှ အင်္ဂလိပ်ဘာသာဘက်သို့လိုက်၍ သီမက်တစ်ဟုခေါ်ကြသော်လည်း ထိုစကားလုံးကိုပင် အမေရိကန်တို့က topical တော့ပီကယ် ဟု သုံးနှုန်းကြသည်။ အဓိပ္ပာယ်မှာ အတူတူနီးပါးပင်ဖြစ်သော်လည်း မြန်မာဝါသနာရှင်တို့အဖို့ တော့ပီကယ် ဟုခေါ်ဝေါ်ရန်ဝန်လေးကြပြီး သီမက်တစ်ဟုသာ ခေါ်ကြသည်။ မြန်မာ့ပါးစပ်ဖြင့် အသံထွက်၍ ခေါ်ဆိုရသည်မှာ နှစ်လိုဖွယ်ဖြစ်သောကြောင့်ဖြစ်မည်ထင်သည်။

**■ ဝေါဟာရတီထွင်မှုဆိုင်ရာပြဿနာများ**

ပြဿနာများဟု ဆိုသည်ထက် အခက်အခဲများ ဟုဆိုလျှင် ပိုမိုမှန်ကန်မည်ထင်သည်။ ဝေါဟာရတီထွင်ဖန်တီးရာ၌ သက်ဆိုင်ရာဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်သကဲ့သို့ အထွေထွေဗဟုသုတကြွယ်ဝမှုလည်းရှိရမည်ဖြစ်သည်။ နမူနာပြရပါက sweet potato ကို ဗဟုသုတနည်းပါးသူက အာလူးချိုဟု ဘာသာပြန်လိုက်သည်။ အဓိပ္ပာယ်မှန်မှာ ကန်စွန်းဥဖြစ်သည်။ တစ်ချိန်တစ်ခါက တံဆိပ်ခေါင်းလောက၏ရှေ့ဆောင်ဟု ခံယူထားသူ ဝါသနာရှင်ကြီးတစ်ယောက်က ကျိုက္ကဆံကွင်း၏ ပွဲတော်ပြခန်းများနှင့်တွဲ၍ ယာယီဖွင့်လှစ်ထားသောစာတိုက်ကို field post office ဟူ၍ ကြိမ်ဖန်များစွာ သုံးစွဲခဲ့သည်။ ကွင်းထဲရှိ စာတိုက်ဆို၍ ထိုသို့ပြန်ဆိုလိုက်ခြင်း ဖြစ်ဟန်တူသည်။ အမှန်မှာ field post office ဟူသည်မှာ တပ်မြေစာတိုက်ကိုဆိုလိုသည်။ ဗဟုသုတပြည့်စုံမှုလိုအပ်ခဲ့ခြင်းကြောင့် မှားယွင်းစွာ ပြန်ဆိုလိုက်ခြင်းဖြစ်သည်။ ထိုခေတ်က ကျိုက္ကဆံကွင်း၌ ပွဲတော်များစွာပြုလုပ်ခဲ့ပြီး ခေတ္တဖွင့်လှစ်ခဲ့သောစာတိုက်များစွာရှိခဲ့ရာ အင်္ဂလန်မှပုဂ္ဂိုလ်တစ်ဦးက ရန်ကုန်မှာ တပ်မြေစာတိုက်တွေ တယ်များပါလားဟု မှတ်ချက်ပြုခဲ့သည်။ ဝေါဟာရအမှန်မှာ ယာယီစာတိုက် ဟု ပြန်ဆိုရမည် ဖြစ်သည်။ ဝေါဟာရ ဘာသာပြန်ရာ၌ တစ်ခါတစ်ရံ အခက်အခဲကို ကျော်လွှားအောင်မြင်နိုင်ကြသည်။ စာတိုက်မှထုတ်ဝေသော တံဆိပ်ခေါင်းကပ်ပြီး စာပို့အမှတ်အသားပါရှိသည့်ကတ်ကို stamp folder ဟုခေါ်ဝေါ်သည်။ အဘိဓာန်၌ folder ကိုစာတွဲဖိုင်ဟု ပြထားရာ ခေါက်ထားသောကတ်ပြားအတွင်း တံဆိပ်ခေါင်းကပ်ထားသည့်ထိုပစ္စည်းကို ဘာသာပြန်ရန်ခက်ခဲလျက်ရှိရာ ဝါသနာရှင်တစ်ယောက်က 'တံဆိပ်ခေါင်းခေါက်ကတ်'ဟုအကြံပြုခဲ့သောကြောင့် ဤ စာရေးသူ၏ဆောင်းပါးများတွင် ထိုဝေါဟာရကို သုံးစွဲခဲ့သည်။

တံဆိပ်ခေါင်းဝေါဟာရများ ဘာသာပြန်ဆိုရာ၌ ရှေးခေတ်အယူအဆနှင့် ယခုခေတ်အသုံးအနှုန်းတို့ ကွဲပြားလာပြီး ပိုမိုတိကျမှန်ကန်လာသည်။ ရှေးအခါက တံဆိပ်ခေါင်းကို စာမျက်နှာပေါ်၌ စက္ကူစငယ်ကိုကော်သုတ်၍ တွဲကပ်ရလေ့ရှိသည်။ ထိုစက္ကူစကို အင်္ဂလိပ်ဘာသာဖြင့် hinge ဟုခေါ်ကြသည်။ ရှေးယခင် ဘာသာပြန်သူက ထိုစက္ကူစကို စက္ကူတွယ်ချိတ်ဟု ဘာသာပြန်ခဲ့သည်[၅]။ တွယ်ချိတ်ဟူသည်မှာ အင်္ဂလိပ်ဘာသာဖြင့် safety pin ဟုခေါ်ဝေါ်ရာ အဓိပ္ပာယ်ဖော်ရာတွင် ကသိကအောင့်ဖြင့်မပေါ်လွင်ခဲ့ပေ။ နောက်ပိုင်း၌ ထိုစက္ကူစငယ်ကို စက္ကူပတ္တာဟု ဘာသာပြန်ခဲ့ရာ hinge ဟူသည်မှာ ပတ္တာဟုအဓိပ္ပာယ်ရ၍ ပိုမိုဆီလျော်ခဲ့သည်[၂]။ တံဆိပ်ခေါင်းဝေါဟာရများကို မြန်မာဘာသာဖြင့် ပြန်ဆိုကြသော်လည်း ဝါသနာရှင်တို့ကလိုက်၍ ခေါ်ဆိုသုံးစွဲကြချင်မှသုံးစွဲပါမည်။ သို့ရာတွင် မြန်မာ့စာပေ၌ တံဆိပ်ခေါင်းဆိုင်ရာဝေါဟာရများကို ဤနှယ်ဤပုံဖြင့် တီထွင်သုံးစွဲလျက်ရှိကြောင်း မှတ်တမ်းတင်နိုင်မည်ဖြစ်ပြီး မြန်မာစာပေ၏စကားလုံးကြွယ်ဝမှုကိုလည်း ထောက်ကူပြုမည်ဖြစ်သည်။

ကြည်သွင်

**ကိုးကားမှုများ**


၁။ J.Mackay (2002) Philatelic Terms Illustrated.SG Limited, London.

၂။ ကျော်မြင့်မောင် ၂၀၀၉၊ စီးပွားဖြစ် တံဆိပ်ခေါင်းစုဆောင်းနည်း။ ထိပ်တန်းစာပေ၊ ရန်ကုန်မြို့။

၃။ ထွန်းအောင်ကျော်/ဦး ၂၀၀၇ စာတိုက်လုပ်ငန်းသုံး ဝေါဟာရများ။ မြန်မာ့ ဆက်သွယ်ရေး၊ ရန်ကုန်မြို့။

၄။ သုတေသီတစ်ဦး ၁၉၆၉ တံဆိပ်ခေါင်းစုနည်းနိသရည်း၊ ဝင်းမော်ဦးစာပေ၊ ရန်ကုန်မြို့။


၅။ ရဲရင့်ဇေယျ ၂၀၁၉ တံဆိပ်ခေါင်းဝေါဟာရများ။ MPS Newsletter.

၆။ မြန်မာ-အင်္ဂလိပ်အဘိဓာန် ၁၉၉၃ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ရန်ကုန်မြို့။

၇။ အင်္ဂလိပ်-မြန်မာအဘိဓာန် ၂၀၀၁ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ရန်ကုန်မြို့။

**မြင့်မြင့် ★ တပေ**

**31,ထန်းတာပင်အနောက်လမ်း၊ လှည်းတန်းအထာရွှေ**



မောင်စိမ်းထွေး(ထားဝယ်)

## တစ်သက်တွင်တစ်ခါကြုံကြိုက်ခဲ့လှသော ထားဝယ်မြို့ပေါ်တည့်တည့် နေလုံးဝကြတ်ခဲ့ခြင်း

ခရစ်နှစ် ၁၉၅၅ ခုနှစ်၊ ဇွန်လ(၂၀) ရက်နေ့။

ထားဝယ်မြို့တွင် ခါတိုင်းနေ့နံနက်များနှင့်မတူဘဲ နံနက်စောစောကတည်းက ခြောက်ကပ်ကပ်ဖြစ်နေသည်။ မော်တော်ကား၊ ဆိုက်ကား၊ မြင်းလှည်း၊ စက်ဘီးသံများ ဈေးသွားဈေးလာလူသံသူသံများ တိုးတိတ်လျော့ပါး၍နေသည်။လမ်းပေါ်မသွားမဖြစ်အသော့နှင်မောင်းသွားသည့်ယာဉ်အချို့ကိုသာတွေ့ရသည်။ဈေးတောင်းခေါင်းရွက် ဗျပ်ထိုးဈေးသမတို့ သုတ်သီးသုတ်ပြာ စောစောလာ၊ စောစောအိမ်ပြန်ကြသည်။ဈေးကြီးအထည်ဆိုင်တန်း၊ ကုန်စိမ်းတန်း၊ ကုန်ခြောက်တန်း၊သားငါးတန်းများ အရောင်းအဝယ်ခပ်စောစောပိတ်ကြသည်။ ရွှေဆိုင်များနှင့် ကုန်စုံဆိုင်ကြီးများပိတ်ထားသဖြင့် တိတ်ဆိတ်နေသည်။ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်များ လူကျနည်းသည့်အပြင် လာသူများကသုတ်ကရက်စားသောက်ပြီး မြန်မြန်ထပြန်ကုန်ကြသည်။ စက်ဘီးပြင်ဆိုင်၊ မြင်းသံခွာရိုက်ဆိုင်၊မြင်းမွေးညှပ်ဆိုင်၊ ဆံသဆိုင်၊ သံဖြူဆိုင်အချို့ဖွင့်၍ အချို့ပိတ်ထားသည်။ ကမ်းနားရေဆိပ်တွင် လှေအဝင်အထွက်မရှိ။ မြင်းလှည်းဂိတ်၊ ဆိုက်ကားဂိတ်ထိုးသူအချို့ရှိသော်လည်း စီးသူကဲ့ပါး၍ အလုပ်သိမ်းအိမ်ပြန်ကြလေသည်။ ကျောင်းအချို့တက်ပြီး တချို့ကပြန်လွှတ်လိုက်သည်။

နံနက်(၈)နာရီခန့်တွင် အချို့နေကာမျက်မှန်ဖြင့်လည်းကောင်း၊ အချို့မှိုင်းခံမှန်ပြားဖြင့်လည်းကောင်း၊ အချို့ရေထည့်ထားသော ရေခွက်ဖြင့်လည်းကောင်းအမျိုးမျိုး သူသူငါငါ ကြည့်ရှုနေကြသည်။ လမ်းပေါ်ထွက်လေ့လာကြည့်ရှုနေကြသူများကိုလည်း လမ်းဘေးဝဲယာတစ်လျှောက် တသီတတန်းတွေ့မြင်ရသည်။

ထိုနေ့မတိုင်မီကပင် ထားဝယ်မြို့တွင် နေလုံးဝကြတ်၍ အမှောင်ထုကျမည်ဆိုသဖြင့် တစ်ယောက်စကားတစ်ယောက်နားကြားနှင့် တောရောမြို့ပါ အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်သည်။ ဆန်၊ ဆီ၊ ဆား အခြောက်အခြမ်း လိုလိုမယ်မယ်ပိုဝယ်ထားသည်။ မီးခွက်ထွန်းရန် ရေနံဆီ အလုံအလောက်ဝယ်ကြသည်။ ကျွဲ၊ နွား၊ မြင်း၊ ဆိတ်အစာကျွေးပြီး အိမ်တိုင်ချည်ထားလိုက်ကြတော့သည်။ ရပ်ထဲရွာထဲ အိမ်တိုင်းလိုလို ဘုရားပန်း၊ ညောင်ရေအိုးပန်းအသစ်လဲခြင်း၊ အချို့ ဘုရားကျောင်းကန်သွားရောက်မီးပူဇော်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ နေ့သားနံ့သားကြိုပ်ခွင် ရေချမ်းအိုးတည်ခြင်း၊ ဆုတောင်းခြင်းကောင်းမှုကုသိုလ်ပြုကြသည်။ ရန်ကုန်မြို့မှ မိုးလေဝသပညာရှင်များ၊ နက္ခတ္တကျွမ်းကျင်သူများ၊ မှတ်တမ်းယူမည့်သူများစိတ်ဝင်စားသူများ လေယာဉ်ဖြင့်တဖွဲဖွဲ ထားဝယ်သို့ရောက်လာကြသည်။နိုင်ငံခြားသားအချို့ကိုလည်းတွေ့မြင်ရသည်။ ၎င်းတို့အများစုမှာ နေကြတ်သည်ကိုအရှင်းလင်းဆုံးကြည့်ရှုရန် အကောင်းဆုံးနေရာဟုတွက်ချက်ခန့်မှန်းသော ထားဝယ်မှ တောင်ဘက် (၄၀)မိုင်ကွာ ချောင်းဝပြင်ရွာသို့ ခရီးဆက်သွားကြပေသည်။

မိုးလေဝသဌာနက ကြိုတင်တွက်ချက်ထားသည့်အတိုင်း ၁၉၅၅ ခုနှစ်၊ ဇွန်လ (၂၀)ရက်နေ့ နံနက် (၈)နာရီ၊ (၂၇) မိနစ်အချိန်မှစတင်၍ နေကြတ်လာသည်ကိုတွေ့ရှိရသည်။ နေရောင်လည်း ဖျော့တော့သွားသည်။နေသည်တဖြည်းဖြည်းကြတ်လာပြီး (၉)နာရီခန့်တွင် ဗထက်ခြိုက်ပုံစံနှင့် အုံ့မှိုင်းလျက်ရှိသည်။ (၉) နာရီခွဲခန့်အချိန်တွင် ခုံးမျက်သုံးရက်လခြမ်းသဏ္ဌာန်ကဲ့သို့ ပြောင်းလဲသွားပြီးမှောင်ရီသန်းလာသည်။ ယင်းသို့အလင်းရောင်တဖြည်းဖြည်းနည်းလာသည်နှင့် နေဝင်လျှင် သဘာဝအလျောက် ပူးကပ်အိပ်တတ်သည့် မန်ကျည်း၊ ကုက္ကို၊ ထိကရုံး၊ ကင်ပွန်း၊ ဒန့်ကျွဲအရွက်များအိပ်ကုန်သည်ကို တွေ့မြင်ကြရသည်။ ထိုအခိုက်အတန့်အတွင်း ရုတ်တရက် တအာအာအော်မြည်ပျံပြေးနေသောကျီးမြို့သံနှင့်အတူ ကောင်းကင်တခို လင်းဆွဲငှက်တို့ လန့်ဖျပ်ပျံဝဲနေသည်ကို တွေ့မြင်ကြရသည်။ ဆက်ရက်၊ စာကလေး၊ ခိုနှင့် အခြားငှက်များလည်း ၎င်းတို့အသိုက်ရှိရာသို့ အိပ်တန်းဝင်ရန် အသီးသီးပျံသန်းလာကြသည်။

နံနက် (၉)နာရီ (၄၂)မိနစ်တွင် နေလုံးကြောင်းကြောင်းကလေးမျှသာကျန်တော့ပြီး ရုတ်ခြည်းမှောင်လာသည်။ တစ်ဦးနှင့်တစ်ဦး (၁၀)ကိုက်ကွာလျှင်မမြင်ရတော့။ ထားဝယ်မြို့၏တစ်ခုတည်းသော ပုဂ္ဂလိကပိုင်ဒေါ်အေးကြည်ဓာတ်မီးရုံမှ ခရမ်းချဉ်သီးမှည့်လိုလင်းမီးပေးသည်။ မော်တော်ကားများ မီးဖွင့်မောင်းကြရပြီး စက်ဘီးများလည်း မီးထွန်းစီးကြရသည်။

[illegible] မီးထွန်းကြသည်။ အောက်အီးအီးအူတ [illegible] ကြ သည်။ [illegible] စူး မြူ ပြန်ရာမှ ဒူး [illegible] ချကာ တစ်ချီးတည်း ခေါင်းစိုက် အိပ်လိုက်ကြတော့သည်။ စူးစူးဝါးဝါးခွေး အူသံကို တစ်ချက်တစ်ချက် ကြားရ သည်။

နံနက် (၉)နာရီ (၄၅) မိနစ်တိတိ အချိန်တွင် ထားဝယ်မြို့ပေါ် တည့်တည့် နေဝန်းကို လက တိကျအောင်ထပ်မိ ကြတ်မိသဖြင့် လမိုက်ညကဲ့သို့ လုံးဝပိန်း ပိတ်မှောင်အတိကျသွားလေသည်။ မြို့ ရွာလူထုမှာ မှောင်ကြီးမည်းမည်းသီးခြား ကမ္ဘာတစ်ခုသို့ တစ်ခဏချင်းရောက်သွား သည်နှယ် ခံစားရသောအားငယ်စိတ် နှင့်အတူ သို့လောသို့လော တွေးတော ရင်း စိုးရိမ်ထိတ်လန့်ချောက်ချားမှု အထူး ထိခိုက်ခံစားကြရသည်မှာ ပြောမတတ် အောင်ရှိကြရှာသည်။ နေလုံးဝကြတ်ချိန် (၅)မိနစ် (၁၀)စက္ကန့်ကြာရှိသည်။ ထို့ နောက် နေလုံးကြောင်းကြောင်းကလေး တရေးရေးပြန်ပေါ် လာပြီး တဖြည်းဖြည်း အလင်းရောင်ကို ပြန်မြင်ကြရသည်။ နံနက် (၁၁)နာရီ (၂၀)မိနစ်တွင်မှ နေ ကြတ်ခြင်းလုံးလုံးလွတ်သွားသည်။

ဤနေကြတ်ခြင်းဖြစ်စဉ်မှာ လုံးဝ နေကြတ်ခြင်း သို့မဟုတ် သဗ္ဗနေကြတ် ခြင်း (Total Solar Eclipse) အမျိုးအစား ဖြစ်၍ နေလုံးဝကြတ်ချိန်၌ အပူချိန်လုံးဝ လျော့ကျကာ စိမ့်အေးခြင်းခံစားကြရ သည်။ အလင်းရောင်မိတာသုညဖြစ်၍ သာမန်အချိန် လေထုအတွင်းရှိသော အနုမြူဓာတ်အား ဒဿမ (၀၄) မီလီရွှန် ဂျင်မှ ဒဿမ (၀၂) မီလီရွှန်ဂျင်သို့ကျ ဆင်းငြိမ်သက်နေသဖြင့် လေထုအတွင်း ရှိ အနုမြူဓာတ်လှုပ်ရှားမှုမှာ ပြောပ လောက်အောင်မရှိတော့ဟုယူဆရသည်။ အဘယ့်ကြောင့်ဆိုသော် နေစကြတ်ချိန် တွင် အနုမြူဓာတ်အား ဒဿမ (၀၄)မှ ဒဿမ (၀၂) မီလီရွှန်ဂျင်အကြား အ ပြောင်းအလဲရှိနေပြီး နေလုံးဝကြတ်ချိန် ၌ ဒဿမ (၀၂) မီလီရွှန်ဂျင်တွင် လုံးဝ ငြိမ်သက်နေကာ ပြန်မလွတ်မီချိန်တွင် လည်း အနုမြူဓာတ်အား ဒဿမ (၀၄) နှင့် ဒဿမ (၀၂) မီလီရွှန်ဂျင်အကြား တွင် ပြောင်းလဲနေခြင်းကြောင့်ဖြစ်သည်။

ထိုစဉ်က ထားဝယ်မြို့အနောက် ရပ် ထားဝယ်စာပုံနှိပ်တိုက်ပိုင်ရှင် ခေတ် သစ်နယ်လှည့်ရုပ်ရှင် ဓာတ်ပုံဆရာ ဦး စံသင်းသည် နောင်တစ်ချိန် မှတ်တမ်း အနေဖြင့်ရည်ရွယ်၍ နေစကြတ်စဉ်မှ နေလုံးလုံးလွတ်သွားသည့်အချိန်အထိ ထူးထွေဆန်းပြားသဘာဝတရားပြောင်း လဲမှုများကို ရုပ်ရှင်ကင်မရာနှင့် မိမိရရ ရိုက်ကူးခဲ့သည်ဟုသိရှိရသည်။

ဤကဲ့သို့ ထားဝယ်မြို့ပေါ် တည့် တည့် နေလုံးလုံးတိကျထပ်မိအောင် ကြတ်ခြင်းမျိုးကို တစ်သက်တွင်တစ်ခါ ကြုံကြိုက်ခဲလှသည်ဟု သိပ္ပံပညာရှင် များကဆိုသည်။ ထို့အပြင် မိုးလေဝသ ဌာန (ယခု မိုးလေဝသနှင့်ဇလဗေဒ ညွှန် ကြားရေးဦးစီးဌာန)မှလည်း ဤသို့တိကျ အောင်နေကြတ်ခြင်းမျိုးကို နောင်အနှစ် (၁၉၈) နှစ်ကြာမှ ဤကမ္ဘာကကြုံတွေ့ရ မည်ဟု ကြေညာလေသည်။

ဤအဖြစ်အပျက်ကား ယခုအခါ (၆၈) နှစ် ကြာမြင့်ခဲ့ပြီတည်း။

ထားဝယ်သမိုင်း မညှိုးစေရ။

မောင်စိမ်းထွေး(ထားဝယ်)

**မှီငြမ်း**

၁။ ထားဝယ်ယဉ်ကျေးမှု အမြုတေ၊ ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ထား ဝယ်ကျော်မင်း၊

၂။ တနင်္သာရီတိုင်းဒေသကြီးမဂ္ဂ ဇင်း၊ ၂၀၁၅ ခုနှစ် ဇွန်လ၊ မောင်ကြည် ဝင်း(ထားဝယ်)၊

၃။ သက်ကြီးစကားသက်ငယ်ကြား။

# ဝမ်းလျှောရောဂါ အလွယ်ကုသနည်း

နေဝင်းဝင်း(လွန်ဆေး)

အနောက်ရိုးမတောင်တွင်းရှိ သစ် ထုတ်လုပ်ရေးစခန်းတစ်ခုသို့ရောက်ခဲ့စဉ် ကဖြစ်ပါသည်။ ကျွန်တော့်အဖွဲ့တွင်လူ ငယ်လူလတ်ပိုင်းသုံးဦးခန့် ပါဝင်သည်။ ရက်များစွာမကြာမီစခန်းထဲကဆင်ဦးစီး အဖွဲ့၊ သစ်တောဝန်ထမ်းတွေနှင့်အဖွဲ့ကျ ပျော်ရွှင်နေကြပါသည်။ တစ်ရက်တွင် ကျွန်တော့်အဖွဲ့မှလူငယ်တစ်ဦး ဝမ်းတွေ လျှောပါလေသည်။ ကြွက်ကြော်နှင့်ထန်း ရည်သောက်သည်။ ဝက်သားနှင့်ထမင်း စားကြသည်ဆို၏။မျက်မြင်အခြေအနေ တွင်ဝမ်းဆယ်ကြိမ်မကသွားပြီး၍လူလည်း နုံးခွေပျော့ဖတ်နေပါပြီ။

နေ့လယ်ပိုင်းတွင် စခန်းဝင်းထဲသို့ ခြင်းတောင်းတစ်ခုကျောပိုးလျက်အသက် (၇၀) နှစ်ခန့်ရှိအဘိုးတစ်ဦးဝင်လာသည် ကိုမြင်မိပါသည်။ ဆင်ဦးစီး၏ဖခင်ကြီးဟု သိရပါသည်။ သစ်ထုတ်လုပ်ရေးစခန်း တာဝန်ခံလည်းအခြေအနေသာလာကြည့် ပါသည်။ ညနေပိုင်းမှဝမ်းမရပ်လျှင် အနီး ဆုံးဆေးရုံသို့ပို့ပါမည်။ ခရီးတာဝေးသော် လည်း စိုးရိမ်ရသည်။ စခန်းမှာက ဝမ်း လျှောရောဂါဆေးပြတ်နေသည့်အချိန်၊ အနီးအနားမှာရွာဘက်ကဝေးလွန်းသည်။ ထိုရွာတွေမှာလည်း ဓာတ်ဆားထုပ်ပင် ဝယ်လို့ရနိုင်ဖွယ်မမြင်ပါ။ အသက်ကယ် နိုင်ဖို့အနီးဆုံးဆေးခန်းဆေးရုံပို့နိုင်မှဖြစ် မည်။ထိုစဉ်ဆင်ဦးစီး၏ဖခင်ကြီးကသတင်း ကြားသည်မို့ရောက်လာသည်။ သားဖြစ် သူဆင်ဦးစီးကပြောပြထားသည်မို့အခြေ အနေကိုသိပြီးဖြစ်သည့်အလျောက်ဆား ရည်လည်းပါလာပါသည်။ မစိုးရိမ်ကြပါ နဲ့ဒီဆေးရည်သောက်တာနဲ့ပျောက်ကင်း ချမ်းသာပါလိမ့်မယ်ဟုအာမခံချက်ပင်ပြော ကြားလိုက်ပါသေးသည်။

ထိုဘကြီးယူလာသည့်စတီးမတ် ခွက်ထဲတွင်ရေနွေးအဖြူထည့် ထိုအထဲ တွင်အစိမ်းရောင်အညွန့်ကလေးများကို မြင်နေရသည်။ရေနွေးပူပူနှင့်မွှေးပျံ့သော ရနံ့ကြောင့် စိတ်ဝင်စားမိသောကြောင့် သေချာစူးစမ်းကြည့်မိပါသည်။ မတ်ခွက် ထဲတွင်နံနံပင်တွေဖြစ်ပါသည်။ ရေနွေး အပူလျော့သောက်ကောင်းသည့်အနေ တွင်ဝမ်းလျှောသူအား တစ်ခွက်လုံးကုန် အောင်သောက်ခိုင်းပါသည်။ ဆေးရည် သောက်ပြီးတစ်နာရီခန့်ကြာသည့်အချိန် အထိ ဝမ်းနှစ်ကြိမ်မျှသွားပါသေးသည်။ ထိုမှနောက်ပိုင်းမပြတ်သွားနေသော ဝမ်း လျှောခြင်းမှာလုံးဝရပ်တန့်သွားတော့သည်။ ဝမ်းလျှောရပ်သွားသောကြောင့် ဆင်ဦး စီး၏ဖခင်ကြီးကို အထူးပင်ကျေးဇူးတင်ရ ပါသည်။ ဘကြီး၏ဆေးနည်းမှာရေနွေး ပူပူထဲသို့နံနံပင်(ဗမာ)ကိုထည့်စိမ်ပြီးသောက် သုံးရုံသာဖြစ်ပါသည်။

ထိုဘကြီး ပြောကြားသောစကား ကလည်း မှတ်သားဖွယ်ဖြစ်ပါသည်။ ဒီ ဆေးနည်းက ကျုပ်ရဲ့အဖေကို ဘိုးတော် အောင်မင်းခေါင်ကြီးချီးမြှင့်ခဲ့တဲ့ဆေးနည်း ပဲ။ ဝမ်းလျှောနေလို့ရပ်ကျော်ရင် ဒီနည်း သုံး၊ ဝမ်းချုပ်နေတာကိုဝမ်းသွားစေချင် ရင်လည်း ဒီနည်းပဲမှတ်ထားပြီးသတ္တဝါ တွေကိုနိုင်စွမ်းသမျှကူညီကြပေါ့ဗျာဟု ပြောကြားခဲ့သည်ကိုမျှဝေကုသိုလ်ပြုအပ် ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

# မောင်ပွင့်ဉာဏ်(မောရ)

# လူငယ်များအတွက် ရွှေစကား



မော်လမြိုင်မြို့မှာ ၂၀၀၇ ခုနှစ်က ကွယ်လွန်ခဲ့တဲ့ လန်ဒန်တက္ကသိုလ်အငြိမ်းစားမြန်မာစာပါမောက္ခဆရာကြီးဒေါက်တာလှဘေအထိမ်းအမှတ်အဖြစ် ပညာပါရမီစာကြည့်တိုက်ကို ထူထောင်ထားပါတယ်။ စာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်ရေးအလုပ်အမှုဆောင်အဖွဲ့ မှာ ကျွန်တော်က ဒုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေပါတယ်။ ၂၀၂၂ စက်တင်ဘာ (၁၁) မှာအမှုဆောင်အဖွဲ့ဝင်စာရေးဆရာမခင်စောဝင်း(ပညာရေး)က သူတပည့်အယောက်(၂၀)လောက်ကိုစာကြည့်တိုက်လေ့လာဖို့ခေါ်လာပြီး သူတို့ကိုစာဖတ်ချင်လာအောင် တိုက်တွန်းပေးဖို့ မေတ္တာရပ်ခံလာတာနဲ့ စကားနည်းနည်းပြောဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့စာကြည့်တိုက်ရဲ့ရည်ရွယ်ချက်တွေထဲမှာ လူငယ်တွေစာဖတ်ချင်လာအောင် စာဖတ်ကျင့်ပြုစုပျိုးထောင်ပေးဖို့လည်းပါတာမို့ အဲဒီနေ့က သူတို့ကိုပြောခဲ့တဲ့စကားတွေကို တခြားလူငယ်တွေကိုလည်းသိစေချင်တာမို့ ဒီစာကိုရေးဖြစ်ပါတယ်။

*

"သားတို့ သမီးတို့မင်္ဂလာပါ"

"မင်္ဂလာပါဆရာ"

"ဆရာက ဟောပြောပွဲတွေမှာ ပရိသတ်ကိုနှုတ်ဆက်တဲ့အခါ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ခြင်းဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ပြောလေ့ရှိတယ်။ မင်းတို့မင်္ဂလာရဲ့အဓိပ္ပာယ်ကိုသိကြသလား"

ဘယ်သူမှမဖြေ။

"ဆရာပြောပြမယ်၊ မကောင်းတာတွေပယ်ဖျောက်တာဟာ မင်္ဂလာ၊ မကောင်းတာတွေမဖြစ်ရင် ဘာတွေဖြစ်လာမလဲ"

"ကောင်းတာတွေဖြစ်လာပါမယ်"

"မကောင်းတာတွေမဖြစ်ချင်ရင် မကောင်းတဲ့အလုပ်တွေကို မလုပ်ရဘူး။ ဒါဆိုကောင်းတာတွေ ဖြစ်ချင်ရင်ရော ဘာလုပ်ရမလဲ"

"ကောင်းတဲ့အလုပ်တွေလုပ်ရပါမယ်"

"တရားပွဲတွေမှာ ဆရာတော်ကြီးတွေဟောပြောလေ့ရှိတယ်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင် နောက်တစ်ချက်ကဘာတဲ့လဲ"

ယောကျ်ားလေးတစ်ယောက်က ဖြေတယ်-

"ဖြူအောင်စိတ်ကိုထား"

"သားတော်တယ်။ မြတ်စွာဘုရားဟောထားတဲ့ပိဋကတ်သုံးပုံမှာ တရားအပုဒ်ပေါင်း ရှစ်သောင်းလေးထောင်ပါတယ်။ အဲဒီတရားအားလုံးကို အနှစ်ချုပ်လိုက်ရင် ဒီသုံးပါးပဲရတယ်ဘာတွေလဲ"

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"

"ဟုတ်ပြီ၊ ဒီနေ့ဆရာသားတို့ကို ပြောမယ့်စကားတွေအားလုံးဟာမင်္ဂလာရှိတဲ့စကားတွေပဲ။ ဟုတ်ပြီနော်၊အရင်ဆုံး ပြောမယ့်စကားတစ်ခွန်းက စာဖတ်တဲ့လူဟာ စာမဖတ်တဲ့လူထက် ခေါင်းတစ်လုံးပိုမြင့်တယ်။ ကဲ- ပြောကြည့်ရအောင် ဘာတဲ့လဲ"

"စာဖတ်တဲ့လူဟာ စာမဖတ်တဲ့လူထက် ခေါင်းတစ်လုံးပိုမြင့်တယ်"

"ခေါင်းတစ်လုံးပိုမြင့်တယ်ဆိုတာ အရပ်မြင့်တာကိုပြောတာလား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာကိုပြောတာလဲ"

"ဗဟုသုတပိုများတာကိုပြောတာပါ။ ပညာပိုရှိတာကိုပြောတာပါ"

"တော်လိုက်တဲ့ကလေးတွေ မင်းတို့ရောသူများထက်ခေါင်းတစ်လုံးပိုမမြင့်ချင်ဘူးလား"

"မြင့်ချင့်ပါတယ်"

"ဒါဆိုမင်းတို့ဘာလုပ်ရမလဲ"

"စာဖတ်ရပါမယ်"

"ဟုတ်တာပေါ့၊ ဒါ-မင်းတို့ကိုပေးချင်တဲ့ပထမဆုံးစကားလက်ဆောင်ပဲ။ ပြန်ပြောကြည့်ရအောင်"

"စာဖတ်တဲ့လူဟာ စာမဖတ်တဲ့လူထက်ခေါင်းတလုံးပိုမြင့်တယ်"

"မင်းတို့ 'အ' သုံးလုံးဆိုတာကြားဖူးသလား"

"မကြားဖူးပါဘူး"

"ဆရာတို့ ၁၉၇၁ ခုနှစ်မှာ မော်လမြိုင်ကောလိပ်ကနေ ကျောင်းပြီးတော့ အထက်မြန်မာပြည်ကို အသုံးလုံးလုပ်အားပေးသွားခဲ့တယ်။ အဲဒီတုန်းက မင်းတို့တယ်မရောက်နေလဲ"

"မသိပါဘူး၊ မမွေးသေးဘူး"

ပြောရင်း ရယ်ကြသည်။

"ဘယ်ကလာလို့လာမှန်းမသိဆိုတာအဲဒါပြောတာ၊ ဘယ်ကလာလို့လာမှန်းမသိတဲ့ကောင်လေး ကောင်မလေးတွေနဲ့ ဘယ်ကလာလို့လာမှန်းမသိတဲ့ဒီကောင်ကြီးတို့ (ကိုယ့်ကိုယ်ကိုယ်လက်ညှိုးထိုးပြော)အခုလာဆုံနေကြတာနော်"

(ရယ်ကြသည်)

"အသုံးလုံးဆိုတာ အရေး၊ အဖတ် အတွက်ကိုပြောတာ။ လူတိုင်းစာဖတ်တတ်ဖို့၊ စာရေးတတ်ဖို့မလိုဘူးလား"

"လိုပါတယ်"

"အတွက်ဆိုတာက အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား၊ အခြေခံဂဏန်းသင်္ချာကိုပြောတာ။ အဲဒီတုန်းက စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုဆိုပြီးတစ်နိုင်ငံလုံး အတိုင်းအတာနဲ့လုပ်ခဲ့တာကမ္ဘာ့ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကတောင်မြန်မာနိုင်ငံကိုဆုချီးမြှင့်ခဲ့တယ်။ သတိရလို့တစ်ခုထပ်ပြောဦးမယ်"

"စာမတတ်တဲ့သူကို အကန်းလို့ပြောရင် စာတတ်ပြီးစာမဖတ်တဲ့ သူဟာလည်းအကန်းပဲတဲ့။ ပြန်ပြောကြည့်ရအောင်"

"စာမတတ်တဲ့သူကို အကန်းလို့ပြောရင် စာတတ်ပြီးစာမဖတ်တဲ့သူဟာလည်းအကန်းပဲ"

"မင်းတို့သေချာစဉ်းစား၊ လူ့ဘဝအတွက် လိုအပ်တဲ့ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးစတာတွေကိုလမ်းညွှန်ပေးနိုင်တဲ့တန်ဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတွေစာအုပ်ထဲမှာ အကုန်ရှိတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက ခေတ်ဆက်ဆက်ကပညာရှိကြီးတွေရဲ့ စကားတွေမှတ်သားနာယူနိုင်တယ်။ ဒါကိုယူရကောင်မှန်းမသိတဲ့လူဟာလူဖြစ်ရှုံးတာပဲ။ မင်းတို့ဆရာမကပြောတယ်။မင်းတို့ထဲမှာကရာတေးကစားတဲ့ယောက်ျားလေးတစ်ယောက်ပါတယ်တဲ့ ဘယ်သူလဲဟေ့"

နောက်နားမှ လူငယ်လေးတစ်ယောက်ကလက်ထောင်ပြသည်။

"သိပ်ကောင်းတယ်၊ဆရာတို့လည်းငယ်ငယ်တုန်းက ဂျူဒိုတို့၊ မြန်မာသိုင်းတို့ကစားဖူးတယ်။ ကရာတေးဆိုလို့ဆရာကြီးဦးအောင်သင်းပြောဖူးတာ သတိရတယ်။ ဦးအောင်သင်းမန္တလေးကိုဟောပြောပွဲကိစ္စနှင့်သွားတော့ ကရာတေးကလပ်အသင်းတစ်ခုကသူတို့ဆီက လူငယ်တွေကိုလည်း ဟောပြောပေးဖို့ဖိတ်တယ်။ ကလပ်အသင်းခန်းမထဲကို ဝင်ဝင်ချင်းမှာပဲ ဆရာကြီးကနံရံပေါ် ကစာတန်းတစ်ခုကိုဖတ်မိပြီးလန့်သွားတယ်။ အဲဒီစာတန်းက-

'ခွက်တစ်ခုရဲ့တန်ဖိုးဟာ အဲဒီခွက်ထဲမှာ ဘာမှရှိမနေတာဘဲ'

ဆရာကြီးက စဉ်းစားတယ်။ ဒီစာဟာကရာတေးကလပ်နဲ့ဘာဆိုင်သလဲပေါ့။ စာဆိုတာဖတ်ပြီး စဉ်းစားရတယ်နော်။ စာကဘာကိုဆိုလိုတာလဲပေါ့။ခွက်ဆိုတာဘာလုပ်ဖို့လဲ"

"တစ်ခုခုထည့်ဖို့ပါ"

"လက်ဖက်ရည်ထည့်ထားရင်ဘာခွက်လဲ"

"လက်ဖက်ရည်ခွက်ပါ"

"အမှိုက်ထည့်ထားရင်ရော"

"အမှိုက်ခွက်ပါ"

"မင်းတို့လူငယ်တွေဟာလည်းခွက်တွေလိုပါပဲ။ မင်းတို့ခေါင်းထဲကိုဘာတွေထည့်မလဲ။ တစ်ဘဝလုံးအသုံးချလို့ရမယ့်ပညာတွေ၊ ဗဟုသုတတွေ၊အတွေးအခေါ် တွေထည့်ရင်တန်ဖိုးမရှိဘူးလား"

"ရှိပါတယ်"

"ဒီအတွက် ဘာလုပ်ရမလဲ"

"စာဖတ်ရပါမယ်"

"အခုဆရာကလှုပ်ရှားမှုတစ်ခုလုပ်မယ်၊ မင်းတို့ရာပါမှာလား"

"ပါပါမယ်"

"ဘာလှုပ်ရှားမှုမှန်းမသိဘဲနဲ့အရမ်းမဖြေနဲ့လေ။ တို့အရေး၊ တို့အရေးဆိုရင် ဘယ်လိုလုပ်မလဲ"(ရယ်သံများ)

"ဆရာပြောတဲ့လှုပ်ရှားမှု စာမဖတ်သူပပျောက်ရေး ဘာလှုပ်ရှားလဲ"

"စာမဖတ်သူပပျောက်ရေး"

"စာမဖတ်သူပပျောက်ရေးအတွက် အခုကစပြီး မင်းတို့စာဖတ်ကြရမယ်။ ဆရာတို့စာကြည့်တိုက်မှာ စာအုပ်ပေါင်းနှစ်သောင်းကျော်ရှိတယ်။ ဘာစာအုပ်ဖတ်ရမလဲမမေးနဲ့။ မင်းတို့ကြိုက်တာဖတ် ကာတွန်းဖတ်ချင်ဖတ်၊ ရုပ်ပြဖတ်ချင်ဖတ်၊ ဝတ္ထုဖတ်ချင်ဖတ်၊ အရေးကြီးတာကစာကိုဖတ်နေဖို့ပဲ။ ဖတ်ရင်းဖတ်ရင်းနဲ့ ဘယ်စာကဖတ်လို့ကောင်းတယ်၊ အကျိုးရှိတယ်၊ ဘယ်စာကဖတ်လို့မကောင်းဘူး အကျိုးမရှိဘူးဆိုတာ မင်းတို့ဘာသာမင်းတို့သိလာလိမ့်မယ်"

"အစားကောင်းစားရရင်ချစ်သူခင်သူတွေကို သတိရတယ်လို့ဆိုကြတယ်။ ဒီလိုပါပဲ စာကောင်းဖတ်ရရင်လည်းစာမိတ်ဆွေတွေကိုသတိရတတ်တယ်။မင်းတို့လည်းစာအုပ်ကောင်းတွေ ဖတ်ရရင် မိသားစုတွေ၊ သူငယ်ချင်းတွေကို ဖတ်ကြည့်ဖို့ တိုက်တွန်းပါ။ စောစောက ဆရာပြောခဲ့တဲ့'အသုံးလုံး'ဆိုတာဘာလဲ၊ ပြန်ပြောကြည့်ပါဦး"

"အရေး၊ အဖတ်၊ အတွက်ပါ"

"ဟုတ်ပြီ၊ ဆရာက နောက်ထပ် 'အသုံးလုံး' ပြောပြမယ်။အဲဒါကအင်္ဂလိပ်စာ၊အိုင်တီနဲ့အင်တာနက်ပဲ။ ပြောကြည့်ရအောင်ဘာတွေလဲ"

"အင်္ဂလိပ်စာ၊ အိုင်တီနဲ့အင်တာနက်ပါ"

"မင်းတို့အင်္ဂလိပ်စာမတတ်ချင်ဘူးလား"

"တတ်ချင်ပါတယ်"

"အင်္ဂလိပ်စာတတ်ချင်ရင်အင်္ဂလိပ်ကိုမတတ်တတ်အောင် သင်မယ်လို့ဆုံးဖြတ်၊ အင်္ဂလိပ်စာတတ်ရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် အသုံးကျတယ်။ နိုင်ငံခြားထွက်ရင် အင်္ဂလိပ်လိုမေးမယ်။ မဖြေတတ်ရင် အဝင်မခံဘဲ ပြန်ပို့ချင်ပို့လိမ့်မယ်။ အင်္ဂလိပ်စာကို တွေ့တဲ့နေရာမှာဖတ်၊ သောက်ရေသန့်ကို အင်္ဂလိပ်လိုဘယ်လိုခေါ် သလဲ"(ဘယ်သူမှမဖြေ)

"သောက်ရေသန့်ဘူးတိုင်းမှာရေးထားတယ်။ (Purified Drinking Water)တဲ့။ (Purify)ဆိုတာသန့်စင်အောင်လုပ်တာ၊ (Drinking Water)ကသောက်ရေ။ ကဲ-ပြောကြည့်ရအောင်သောက်ရေသန့်ကိုဘယ်လိုခေါ် လဲ"

"Purified Drinking Water"

"ဆရာတို့ဆို အချိုရည်ဘူးတွေ၊ မုန့်ထုပ်တွေမှာပါတဲ့စာတွေကအစလိုက်

အေးချမ်းအောင်(ရမည်းသင်း)

# ကျွန်သိထားသော ပျားစွဲခြင်း



သစ်တောထွက်ကုန်တွေထုတ်လုပ်သောကုမ္ပဏီကြီးတွင်အထွေထွေတာဝန်ခံမန်နေဂျာအဖြစ်နှင့်ကျွန်တော်လုပ်ကိုင်ခဲ့စဉ်က ဒေသအသီးသီးတွင်တွေ့ရှိခဲ့ရသော အိုးအိမ်အလုပ်ရုံအဆောက်အအုံတို့၌ပျားစွဲခြင်းနှင့်ပတ်သက်သောအတွေ့အကြုံတွေကိုတင်ပြချင်ပါသည်။

ကျွန်တော်ငယ်ငယ်ကလူကြီးသူမတွေပြောလေ့ရှိသောစကားတစ်ခွန်းမှာ နွေရာသီရောက်ရင်အိမ်ရှိလူကုန်အပြင်မသွားနဲ့ဟုအမြဲသတိပေးလေ့ရှိသလို နွေရောက်လျှင်မထင်မှတ်ဘဲပျားတွေကလူတွေ၏အဆောက်အအုံများကိုဝင်စွဲလေ့ရှိသည်ကိုလည်းသတိပြုရန်ပြောကြားလေ့ရှိသည်။

မိုးတွင်းကာလတွေမှာပျားတွေက အပင်ငယ်ချုံပုတ်တွေထဲစွဲလေ့ရှိကြသော်လည်း နွေရာသီရောက်လာပါက မီးအန္တရာယ်ကြောင့် အနိမ့်မှာမစွဲတော့ဘဲမီးထွက်သောနေလုံသစ်ပင်မြင့်ကြီးများနှင့် အိုးအိမ်အဆောက်အအုံတို့မှာလာရောက်စွဲလေ့ရှိကြသည်။

အိုးအိမ် အဆောက်အအုံများ ပျားလာစွဲပါက ပျားစွဲသောအိမ်သည်ကံမကောင်းပေ။ လူမှုစီးပွားပျက်စီးလေ့ရှိသည်ဟုအယူရှိကြလေသည်။

အိမ်မှာလူရှိနေပါကပျားတွေအိမ်ထဲဝင်လာလျှင်ပျားကောင်တွေ၏တောင်ပံခတ်သံတွေတဝီဝီကြားရတော့အိမ်ထဲမှာပျားမစွဲနိုင်အောင်မောင်းထုတ်လို့ရလေသည်။

နေအိမ်ထဲဝင်လာသည့်ပျားတွေကိုငရုတ်သီးမီးခိုးငွေ့ဖြင့် မောင်းထုတ်လို့ရသလို ချေဖြင့်ပတ်ကာ ကြည့်မှန်ကိုနေရောင်ပြ၍မောင်းထုတ်ကြသည်များလည်းရှိလေသည်။

အရေးကြီးသည်က အိမ်ကိုပျားစွဲခြင်းမပြုနိုင်အောင် လုပ်နိုင်ဖို့ကအဓိက

---

ဖတ်တာ။ ဆေးရည်ပုလင်းတွေမှာ (Shake before drinking) လို့ရေးထားတတ်တယ်။ (Shake) ကဘာလဲ"

"လှုပ်သည်"

"Before drink က"

"မသောက်ခင်"

"ဒါဆို Shake before drink ဆိုတာဘာလဲ"

"မသောက်ခင်အရင်လှုပ်ပါ"

"ဆေးအရည်တွေဟာ အောက်မှာအနည်ထိုင်နေတတ်လို့ မသောက်ခင်အရင်လှုပ်ခိုင်းတာ။ ကာတွန်းတစ်ပုဒ်မှာတွေ့ဖူးတယ်။ အဘွားကြီးကဆေးပုလင်းကိုမလှုပ်ဘဲသောက်လိုက်လို့ အဘိုးကြီးကသောက်ပြီးသွားရင်လည်း ကိစ္စမရှိဘူး မင်းကိုယ်ကိုလှုပ်ပေးမယ်ဆိုပြီး အဘွားကြီးကိုယ်ကိုကိုင်နေတဲ့ပုံ"(ရယ်သံများ)

"အင်္ဂလိပ်စာကျွမ်းကျင်မှု (Skill) ဘယ်နှစ်မျိုးရှိသလဲ"

"လေးမျိုးရှိပါတယ်"

"ဘာတွေလဲ"

(Speaking, Listening, Reading, Writing)

"ဘာသာစကားသင်တန်းဟာ Listeningနားထောင်တာကစတယ်။ကလေးဟာနားကကြားတာကို လိုက်ပြောရာကစကားပြောတတ်လာတယ်။ ပြီးတော့မှ စာဖတ်၊ စာရေးသင်ရတယ်။ ဒါကြောင့်အင်္ဂလိပ်စာတတ်ချင်ရင် အင်္ဂလိပ်လိုများများနားထောင်၊ များများပြော၊ များများဖတ်၊ များများရေးတာက လွဲပြီး တခြားနည်းမရှိဘူး။ အင်္ဂလိပ်စာ အင်မတန်တော်၊ အင်မတန်ကျွမ်းတဲ့ဆရာကြီးဆရာမကြီးတွေကို အင်္ဂလိပ်စာတတ်အောင် ဘယ်လောက်ကြာကြာသင်ရမလဲလို့မေးတဲ့အခါ ငါတို့လည်းလေ့လာနေတုန်းပဲ။တစ်သက်လုံးသင်ရမယ်လို့ဖြေတတ်ကြတယ်။

မင်းတို့ (3Ls) ဆိုတာကြားဖူးသလား"

"မကြားဖူးပါဘူး"

"(3Ls) ဆိုတာ Life Long Listening ကိုပြောတာ။ ဘဝတစ်သက်တာပညာရှာလို့အမိဟွာယ်ရတယ်။ ပညာဆိုတာဘယ်ပညာမှအဆုံးမရှိဘူး။ လေ့လာလေပိုတတ်လေ၊ ပိုတတ်လာလေ ပိုလေ့လာချင်လေဖြစ်ရမယ်။ သားတို့ သမီးတို့ပြန်ပြောကြည့်ရအောင် Life Long Learning ဆိုတာဘာကိုပြောတာလဲ"

"ဘဝတစ်သက်တာပညာရှာပါ"

"နမူနာတစ်ခုပြောပြမယ်၊ဒေါ်ခင်မျိုးချစ်ဆိုတာ အင်္ဂလိပ်စာအလွန်တော်တဲ့ဆရာမကြီး၊ အရှေ့တောင်အာရှမှာအင်္ဂလိပ်လိုဝတ္ထုတိုပြိုင်ပွဲလုပ်တော့ပထမရတယ်။ တစ်နေ့မြို့ထဲလမ်းလျှောက်ရင်းလမ်းဘေးစာအုပ်အဟောင်းဆိုင်မှာ သူငယ်ငယ်က သင်ခဲ့ရတဲ့ဖတ်စာအုပ်အဟောင်းလေးတွေ့တော့ ပြန်ဝယ်ဖတ်တယ်တဲ့။ မင်းတို့ရောကိုယ်ငယ်ငယ်သင်ခဲ့တဲ့ဖတ်စာအုပ်အဟောင်းတွေ့ရင် ဝယ်ဖတ်ပါ့မလား"

"မဖတ်ပါဘူး"

"ဝေးသေးတယ်၊ငါတို့တတ်ပြီးသားတွေ"(ရယ်သံများ)

"အခု ဆရာပြောနေတဲ့အသုံးနှုန်းမှာပထမဆုံး 'အ' ကဘာလဲ"

"အင်္ဂလိပ်စာပါ"

"အခုခေတ်က အင်္ဂလိပ်စာမတတ်ရင်စာမတတ်ဘူးလို့ပြောရမယ့်ခေတ်။ ဒါကြောင့် အင်္ဂလိပ်စာကို တက်အောင်သင်ပါ။ နောက် 'အ' တစ်ခုက 'အိုင်တီ' (IT) ဆိုတာ Information Technology သတင်းအချက်အလက် နည်းပညာလို့ဆိုတယ်။ I နဲ့ T ကြားမှာ C ထပ်ထည့်လိုက်ရင် Information and Communication Technology သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖြစ်သွားရော။ အမှန်က ICT ဆိုတာ ကွန်ပျူတာပညာကိုခေါ်တာပါပဲ။ မင်းတို့ထဲမှာကွန်ပျူတာမကိုင်ဘူးတဲ့လူလက်ညှိုးထောင်"

(တစ်ဝက်ကျော်ကျော်က လက်ညှိုးထောင်ကြသည်) ဆက်ရန်. . .

မောင်ပွင့်ညာဏ်(မောရ)

ဖြစ်လေသည်။

ပျားစွဲခြင်းနှင့်ပတ်သက်တဲ့ပျားစွဲ နိမိတ်အဆိုအမိန့်များရှိသော်လည်း မိမိ၏အိမ်ကိုဘယ်အရပ်မှပျားတွေဝင်လာသည်ကိုသိနိုင်ဖို့ခက်ခဲလေသည်။ အိမ်နားပတ်လည်ပျားတွေတဗီဗီဝဲပျံနေမှသာ သိလေ့ရှိတာကြောင့်မည်သို့ပင်ဆိုစေအိုးအိမ်အဆောက်အအုံတို့တွင်လာရောက်စွဲသည့်များဟူသမျှသည်ကောင်းခြင်းထက်ဆိုးခြင်းတွေကိုသာမြင်တွေ့ရလေ့ရှိသည်။

မိမိ၏အိမ်အနားရှိသစ်ပင်များပေါ်၌ပျားအုံတွေလာရောက်စွဲနေသော်လည်း အိမ်တွေကိုတော့အလွယ်တကူစွဲလေ့မရှိသည်ကိုလည်းသိထားဖို့လိုပါသည်။

သို့သော်အရပ်တစ်ပါးမှထင်မှတ်မထားဘဲ ရောက်လာမည့်ပျားများကိုသာဂရုစိုက်ရန်လိုပါသည်။

ဘာပဲဖြစ်ဖြစ် မိမိတို့၏အိုးအိမ်အဆောက်အအုံတို့တွင်ပျားစွဲပြီဆိုပါကပျားလာစွဲခြင်းသည်ကံဆိုးခြင်းသင်္ကေတအဖြစ်မှတ်ယူထားရန်လိုပါသည်။

*

ကျွန်တော်ငယ်စဉ်လွန်ခဲ့သောနှစ်(၄၀)ကျော်ကရွာအတွင်းမှအိမ်တစ်အိမ်၏အတွင်းဘက်ခေါင်မိုးတွင်ပျားဝင်စွဲနေသည်ကိုရက်အတော်ကြာမှအိမ်ပေါ်နေသူတို့သိရှိသွားကြသည်။

ထိုအိမ်ကိုနေထိုင်သူများမှာအခြားရွာမှဖြစ်ပြီး အိမ်ရှင်မှာဝန်ထမ်းဖြစ်ခြင်းကြောင့် အိမ်မှာအစောင့်အဖြစ်နေထိုင်ခွင့်ပြုထားသည်။

ပျားလာစွဲနေသည်ကိုသိသောအခါ ထိုအိမ်ပေါ်နေသူများကအခြားသောသူများကိုအသိပေးမတိုင်ပင်ဘဲပျားအုံကိုမီးတုတ်ဖြင့်ခြောက်ထုတ်သည်ထင်ပါသည်။ အိမ်အမိုးမှာသက်ငယ်မိုးထားသည်ဖြစ်ရာပျားစွဲနေသည်ကလည်း ခေါင်မိုးခြင်ဝါးကိုစွဲသည်ဟုသိရသည်ရာသီကလည်းနွေရာသီဆိုတော့မီးတုတ်မီးကအိမ်မိုးထားသောသက်ငယ်ကိုခွဲကာတစ်အိမ်လုံးပြာကျတဲ့အထိမီးလောင်သွားလေတော့သည်။

ပျားစွဲတာကိုမီးတုတ်မီးနှင့်ခြောက်လှန့်မောင်းထုတ်ခြင်းသည် လွန်စွာအန္တရာယ်များသည်ကို သိမြင်လိုက်ရပါသည်။ အိုးအိမ်တွေကိုပျားလာစွဲလေ့ရှိသောအချိန်သည် နွေဦးပေါက်သစ်ရွက်ကြွေချိန်နှင့်နွေရာသီအချိန်တွေတွင် စွဲလေ့ရှိသည်မို့ သတိထားရမည့်ကာလများဖြစ်လေသည်။

ကျွန်တော့်အသက် (၃၀)အရွယ်တွင်သစ်တောထွက်ကုန်တွေထုတ်လုပ်တဲ့ကုမ္ပဏီတွင်တာဝန်ခံအဖြစ်နှင့်လုပ်ကိုင်စဉ်ကျွန်တော်တို့ကုမ္ပဏီနှင့်အပြိုင်သစ်တောထွက်ကုန်ထုတ်လုပ်သောကုမ္ပဏီအလုပ်စခန်းတစ်ခုတွင်ပျားဝင်စွဲလေသည်။ စခန်းခေါင်မိုးတွင်ဖြစ်သည်။

ထိုစခန်းမှတာဝန်ခံနှင့်ကျွန်တော်ရင်းနှီးသည်ဖြစ်ရာ သူ့စခန်းတွင်ပျားစွဲခြင်းကိုဂုဏ်ယူဝင့်ကြွားစွာအထူးတလည်ခေါ်ယူပြသခြင်းကြောင့်ကျွန်တော်သိရခြင်းဖြစ်သည်။

ပျားစွဲခြင်းသည် နိမိတ်မကောင်းကြောင်း ကျွန်တော်သိထားသော်လည်း ထိုသူကပျားစွဲခြင်းကိုဂုဏ်ယူစွာပြောနေခြင်းကြောင့်ပြောမပြခဲ့ပါ။

ပျားစွဲတာကို သူတို့ဆရာသမား(မန်နေဂျင်းဒါရိုက်တာ)ကလွန်စွာသဘောကျကြောင်း၊ ပျားလာစွဲ၍သူ့ကုမ္ပဏီအလုပ်နှစ်ဆမကတိုးတက်တော့မည့်ဖြစ်ကြောင်းဝမ်းသာအားရပြောပြလေသည်။

သူပြောပြတာဟုတ်သည်မဟုတ်ကျွန်တော်မဝေဖန်လိုသော်လည်း လက်တွေ့မှာတော့ သူတို့ကုမ္ပဏီသည်ထိုနှစ်မှာပဲပြုတ်သွားသည်ကိုတော့ သေချာသိလိုက်ရလေသည်။

*

ကျွန်တော်နှင့်လွန်စွာခင်မင်ရင်းနှီးသောကိုသန်းတင်ဆိုသောမိတ်ဆွေသည် ဥစားကြက်မွေးမြူရေးလုပ်ငန်းကိုအကြီးအကျယ်လုပ်ကိုင်လေသည်။

လုပ်ငန်းကျွမ်းကျင်မှုကြောင့် သူ၏မွေးမြူရေးလုပ်ငန်းသည် တကယ်ပင်အောင်မြင်လေသည်။ နှစ်များစွာအတွေ့အကြုံရှိသူဖြစ်၍သူ့လုပ်ငန်းနှင့်ပတ်သက်ပြီး သူတွက်ချင်ပြသလို တကယ်ပဲမှန်ကန်လေ့ရှိသည်ကိုတွေ့ရလေသည်။

တစ်ရက်တွင် သူ့ကြက်ခြံကိုကျွန်တော်ရောက်သွားတော့တစ်ခုသောကြက်ခြံတွင်ပျားစွဲနေသည်ကိုမြင်တွေ့ရသည်မို့ကျွန်တော်က-

"ကိုသန်းတင် အလယ်ကြက်ခြံထောင့်မှာပျားစွဲနေတယ်"

"ဟုတ်တယ်ဗျို့တစ်ပတ်လောက်ရှိပြီစွဲတာ"

"ပျားအုံကိုမောင်းမထုတ်ဘူးလား"

"ဘာလို့မောင်းထုတ်ရမှာလဲဗျာစွဲပါစေ"

"ကျွန်တော်ကြားဖူးတွေ့ဖူးတာကပြောပြချင်တယ်ဗျ။ ခင်ဗျားစိတ်မဆိုးနဲ့နော်"

"ပြောပါဗျာ၊ ခင်ဗျားနဲ့ကျွန်တော်ကြားစကားခံမနေပါနဲ့ပြော"

ဟုလိုလိုလားလားပင်ကိုသန်းတင်ကပြောလာသည်မို့ ကိုသန်းတင်မျက်နှာကိုကျွန်တော်အကဲခတ်ကြည့်ရင်းဆက်မပြောဘဲစဉ်းစားနေသည်ကို-

"ပြောစမ်းပါဗျာ၊ပျားစွဲတာမကောင်းဘူးပြောမှာမဟုတ်လားသိပါတယ်ဗျာ အဲဒီလိုပြောလာမှာဆိုတာ"

သူ့ကို ကျွန်တော်ပြောမပြတော့ခေါင်းပဲညိတ်ပြလိုက်ပါသည်။

"အယူအဆတွေပါဗျာ၊အဲဒီအယူအဆကိုကျွန်တော်လက်မခံဘူးဗျ။ ဒီနေ့အိုင်တီခေတ်ကြီးထဲမှာဒါတွေဟာခေတ်မမီတော့ပါဘူး"

ဟု ခါးခါးသီးသီးပင် ရှုထောင့်အမျိုးမျိုးကျိုးကြောင်းပြငြင်းပယ်စကားတွေပြောနေသည်ကို ကျွန်တော်နားထောင်ရင်း ပျားစွဲတာနဲ့ပတ်သက်ပြီးဘာမှပြောပြမနေတော့ဘဲ အခြားစကားများပြောဆိုကြပြီးနောက် နှုတ်ဆက်ပြန်ခဲ့လေသည်။

ကိုသန်းတင်ကြက်ခြံပျားစွဲတာသိပြီး (၂)လလောက်အကြာတွင် ကိုသန်းတင်ကဥစားကြက်တွေအပြင် အဆောင်တစ်ခုတိုးချဲ့ဆောက်ကာ အသားတိုးကြက်များထပ်မံမွေးမြူပြန်ပါသည်။

အသားစားကြက်များမွေးထားပြီးရက်(၄၀)သားအရွယ်လောက်တွင်ကိုသန်းတင်၏အသားတိုးကြက်များမှာမည်သည့်ရောဂါဝင်ရောက်သည်မသိပေ။ (၃)ရက်အတွင်းမှာပင်ထောင်ချီရှိနေသောအသားစားကြက်များမှာ အားလုံးနီးပါးသေဆုံးကုန်ကြသည်လည်းကောင်း၊ အသားစားကြက်များမှတစ်ဆင့် ဥစားကြက်များကိုပါရောဂါကူးစက်လေသည်။

ဆရာဝန်နှင့်ကုသသော်လည်း ဘာရောဂါဖြစ်သည်ကို ဒွိဟစိတ်နှင့်မခွဲခြားနိုင်ဘဲ ကိုသန်းတင်မွေးထားသောကြက်အားလုံးသေဆုံးကုန်လေသည်။

ရှိသမျှပုံရင်းထားသောကိုသန်းတင်စီးပွားပျက်သွားလေသည်။

အရာတိုင်းသည် အကောင်းနှင့်အဆိုးအမြဲဒွန်တွဲရှိနေသော်လည်း ပျားလာစွဲခြင်းသည် ကောင်းသောပျားစွဲခြင်းရှိနိုင်သော်လည်းကျွန်တော်တွေ့ဖူးသောပျားစွဲခြင်းများကတော့. . . ။

ဒေးချမ်းအောင်(ရမည်းသင်း)



ကျောင်းသူတွေက မြို့ထဲက ပင်လုံဆောင်မှာနေပါသည်။ ကျောင်းသားများက ကောလိပ်ကြီးနားမှာပင် အောင်မြတ်ဆောင် (၁၊ ၂၊ ၃၊ ၄) စသည်ဖြင့် နေကြသည်။ ကျွန်တော်နေသည့်နှစ်ထပ်ခုတင်အပေါ်ထပ်တွင် မုံရွာကိုချစ်လှိုင်နေသည်။ မကြာမီ ကိုချစ်လှိုင်အစာအိမ်ရောဂါကြောင့် ဆေးရုံတွင်ဆုံးရှာသည်။ ကိုချစ်လှိုင်နေရာ နေမည့်သူမရှိ၍လပ်သွားသည်။ နောက်မကြာမီ ကျွန်တော်၏ဇာတ်လိုက်ကျော်ကြီးအခြားအဆောင်မှ ပြောင်းလာပြီး တက်နေလိုက်သည်။ သူနှင့်ကျွန်တော်မေဂျာတူဖြစ်လေသည်။

# ပုထုဇဉ်

## မောင်မောင်စိုးယု(မန်းတက္ကသိုလ်)

**အတိတ်၏အကျဉ်းသား**

ဆရာကြီးဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်) ကျောင်းအုပ်ကြီးလုပ်နေစဉ်ကကျွန်တော်တောင်ကြီးကောလိပ်သို့ရောက်ပါသည်။တောင်ကြီးကောလိပ်ကိုအစပထမတွင် မြို့ထဲရှိ ကျားခေါင်းအမှတ်တံဆိပ်ကြီးနှင့် ပင်လုံဆောင်တွင် ဖွင့်ပါသည်။ ထိုစဉ် ကျောင်းသားဦးရေလည်းမများလှပါ။ နောက်မှ ဟိုပုန်းမြို့အထွက် တောင်ကြီးဂေါက်ကွင်းအလွန်သို့ ပြောင်းရွှေ့ဖွင့်လှစ်လေသည်။ ကျွန်တော်ရောက်ရှိချိန်တွင် ကောလိပ်အဆောက်အအုံကြီးပြီးစဖြစ်၍ ဆေးပင်ကောင်းကောင်းမခြောက်တတ်သေးပေ။ ကောလိပ်ကလည်း ဥပစာကောလိပ်အဆင့်သာ ရှိသေး၏။ ကောလိပ်ကြီးတောင်ဘက်တွင် အဆောင်လေးများရှိသည်။သွပ်မိုးပျဉ်ထောင်သမံတလင်းခင်းမြေစိုက်တစ်ထပ်ပျဉ်ကာဆောင်လေးများဖြစ်ကြသည်။ တစ်ဆောင်လျှင် ကျောင်းသားငါးဆယ်လောက် ဆန့်ပါမည်။ ရှစ်ဆယ်တစ်ရာဆန့်အောင် နှစ်ထပ်ခုတင်ဖြင့် ထားပါသည်။

ကောလိပ်ကြီးဘယ်ဘက် မျက်စောင်းထိုးတွင် သဘာဝရေကန်ကျယ်ကြီးက ကန်ပတ်လည် ဒီဒီဟိုဟိုတွင် ညိုမှိုင်းသောမိုးမခပင်များနှင့် တောင်ကြီးဂေါက်ကွင်းသည်မြက်ခင်းစိမ်းစိမ်းနှင့်စိုလန်းနေ၏။ ဂေါက်ကွင်းပတ်ပတ်လည်တွင်ချယ်ရီပင်လေးတွေအစီအရီ။ မြို့တွင်းမှဂေါက်ကွင်းကိုပတ်၍ ကောလိပ်သို့လာရာလမ်းတစ်လျှောက်မှာလည်း ချယ်ရီပင်တွေ။ လမ်းအရှေ့ဘက်တော်တော်လှမ်းလှမ်းတွင် တောင်ချွန်းတောင်ကြီးကကျောက်သားနံရံမတ်မတ်ကြီးဖြစ်ပြီးမြို့ကိုစီးမိုးထားလေသည်။ ထိုတောင်ကြီးကြောင့် မြို့လည်းတောင်ကြီးတောင်ကြီးတွင်သွားလေ၏။တောင်ချွန်းတောင်ခြေတောတွင်ချယ်ရီပင်တွေပြူးပြူးပြောက်ပြောက်ရက်ဖောက်ထား၏။ လှပသောတောင်ကြီးမြို့သည် မောင်တို့ချယ်ရီမြေဆိုသည့်အတိုင်း ချယ်ရီပွင့်ချိန်တွင်ပန်းနုရောင်ဟပ်နေ၏။

ကောလိပ်ဝန်းကျင်တွင် တောင်ခေါင်းတုံးလေးတွေရှိသေး၏။ ခပ်ပြေပြေကမူဝိုင်းလေးတွေဖြစ်သည်။ ထိုကျောက်ကုန်းကမူလေးများပေါ်တွင် မြက်ခင်းနှင့် တောပန်းလေးများ။ တောပန်းလေးတွေဟိုတစ်ခိုင်သည်တစ်စက်ကပြာတာပြာဝါတာဝါ၊ အနီအပန်းခရမ်းစုံစီနှင့်ဆေးပန်းချီရေးသလိုအိမ်ဝေးသူဆွေးပိုအောင်လှနေ၏။ ကောလိပ်အနီးရွာလေးတစ်ရွာနှစ်ရွာရှိသေးရာ တဲအိမ်လေးတွေကျိုးတိုးကျဲတဲက နေခြည်နုနုနှင်းနုနုထဲတွင် မပြိုပိုးဝါးနှင့်တစ်မျိုးသားလှနေပြန်သေးသည်။

အကြောင်းကိစ္စရှိလျှင် ကျောင်းသားများကို ရှာဖွေဆက်သွယ်ရလွယ်ကူစေရန် ခုတင်တွင်နာမည်ကိုအပေါ်အောက်ရေး၍ကပ်ထားကြသည်။အပေါ်နာမည်ကအပေါ်ထပ်ကကျောင်းသား၊ အောက်နာမည်က အောက်ထပ်ကကျောင်းသား။ ထိုအခါ ကျွန်တော်တို့ခုတင်က ပေါ်ပြူလာဖြစ်ပြီး အချို့လည်းရယ်ကြပါသည်။ အပေါ်သူ့နာမည်က စိုးမောင်မောင်။ အောက်ကျွန်တော့်နာမည်က မောင်မောင်စိုး။ ထိုကက်ကင်းမိနေသောနာမည်အတွဲကြောင့်ပင် ကျွန်တော်တို့ညီအစ်ကိုလိုချစ်ကြတာ တစ်တွဲတွဲဖြစ်သွားကြလေသည်။

ကိုစိုးမောင်မောင်က သူ့ကိုယ်သူသာစည်မိတ္ထီလာနားက ရက်ကန်းမြို့တော် ဝမ်းတွင်းဇာတိဟုဆိုပါသည်။ သို့သော် သူ့မိဘများမှာ ရဲအမှုထမ်းဖြစ်၍ အရပ်တကာပြောင်းရွှေ့နေရပြီး သူ့ဝမ်းတွင်းမြို့မှာမနေဘူးသလို ဝမ်းတွင်းဘယ်နေရာမှာမွေးခဲ့မှန်းပင်မသိဟု ဆိုသည်။ ကျွန်တော်နှင့်တွေ့ချိန် သူ့မိဘများ ရှမ်းပြည်တစ်နေရာ ရောက်နေပြီဖြစ်သည်။ နွားအိုနောက်ကျတစ်ဦးတည်းသောသားဖြစ်သည်။

အရပ်အမောင်း(၅)ပေ၊(၅)လက်မခန့်ရှိကာ အလုံးအဖန်တောင့်တောင့်

ထဲက ဖြစ်သည်။ မျက်လုံးမျက်ဖန်လှ၍ နှာတံပေါ်သည်။ နှုတ်ခမ်းလှ၍ တင်းတင်းရင်းရင်း စေ့နေသည်။ အသားလတ်လတ်မျက်နှာဝိုင်းယောင်ယောင်လေးဖြစ်သည်။ နဖူးကမဟာနဖူးဖြစ်ပြီး နဖူးပေါ်တွင် ဆံစလေး ခွေနေတတ်သည်။ ရုပ်ရှင်မင်းသားကြီး အကယ်ဒမီထွန်းဝေငယ်ရုပ်နှင့် ဆင်သဖြင့် အတော်ကြည့်ကောင်းအောင် ခန့်ခန့်လေး ချောသူဖြစ်သည်။ အသံသြဇာလည်းရှိသည်။ ကောလိပ်ပထမနှစ် ဖရက်ရှာကင်း ချွေးကြသောအခါ ကိုစိုးမောင်မောင် ကင်းရပြီး ကွင်းရသူမှာ ပိတုံးရောင်သုံးတောင်ကျနှင့်မြန်မာဆန်ဆန်ချောသူ မခင်မာရီ ဆိုသည်ကိုတော့ မှတ်မိသေးသည်။ မည်သည့်အရပ်သူ ဆိုသည်ကိုတော့ မှတ်ဉာဏ်တွင် မသဲကွဲတော့ပေ။

ဆယ်တန်းအောင်၍ ကောလိပ်တက္ကသိုလ်ရောက်ပြီဆိုသည်နှင့်ကျောင်းသူရော၊ ကျောင်းသားများပါ လွတ်လပ်ကုန်ပါသည်။ ပိုးကျပန်းပန်းကြအတွဲချိတ်ကြတာလည်းမဆန်းတော့ပေ၊ကျွန်တော်တို့ခေတ်က (၁၀) တန်းကျောင်းသားဆိုသည်မှာ ယနေ့ခေတ်လိုလုလင်ငယ်သွေးကလေးသာသာ အရွယ်တွေမဟုတ်။ အပျိုလူပျိုကောင်းကောင်းကြီးဖြစ်နေကြတာများသည်။ လူကောင်တွေကလည်း ထွားသည်။ မူလတန်းကတည်းက သူ့အတန်းနှင့်သူ စာမကျေညက်လျှင် ဘယ်သောအခါမှ အတန်းတက်ပေးလေ့မရှိ။ (၁၀) တန်းရောက်သောအခါ တစ်ရာမှာ ဆယ်ယောက်ကျော်သာ အောင်သည်။ မက်ထရိတ်နတ်အလွန်ကြီးသော အချိန်ဖြစ်၏။ ထို့ကြောင့် (၁၀) တန်းအောင်ချိန်တွင် အရွယ်တွေ အတော်ကြီးကုန်ခြင်းဖြစ်၏။ (၁၀) တန်း (၁၀) နှစ်ဖြေသူတွေ တကယ်ရှိဖူး၏။ တန်းလုံးကျွတ်အောင်သည် ဆိုသောစကား ထိုခေတ်က (၁၀) တန်းအတွက် မဟုတ်ပေ။ (၁၀) တန်းတွင်အရွယ်ရောက်ကြပြီဆိုသော်လည်း ရည်းစားမထားရဲကြ။ရည်းစားစာပေးလျှင် တန်းစီမှာထုတ်၍ ရိုက်ပစ်၏။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း လုံးဝလက်မခံ။ ဆရာကို အလွန်ချစ်ကြောက်ရိုသေကြသော ခေတ်ဖြစ်လေသည်၊ထို့ကြောင့် (၁၀)တန်းအောင်၍ကောလိပ်တက္ကသိုလ်ရောက်သောအခါ လှောင်အိမ်မှ လွတ်လိုက်သောငှက်ကလေးများလိုလွတ်လပ်ပေ့ါပါး သွားကြခြင်းဖြစ်သည်။ ဒီတော့ ညနေဆိုလျှင် ကျောင်းသားအချို့က အောင်မြတ်ဆောင်မှနေ၍ မြို့ထဲပင်လုံဆောင်သို့ဥက္ကလာပမှမင်းနန္ဒာသန်လျင် ကျွန်းရှင်မွေးလွန်းစံရာသွားသလို သွားကြလေ၏။

ကိုစိုးမောင်မောင်ကို မိန်းကလေးများက စိတ်ဝင်စားပုံရသည်။ သူက မိန်းကလေးဆိုလျှင် မေးထူး ခေါ်ပြောပင်မလုပ်။ ပရောပရီနေဖို့ကား အဝေးကြီးဖြစ်သည်။တစ်ခါတစ်ခါနေရာချင်းလဲပစ်ချင်စိတ် ပေါက်မိ၏။ ကျွန်တော်ကား ကဗျာရေးလိုက်၊ စာရေးလိုက်နှင့် အနုပညာသမားပီပီ နှလုံးသားက ထိရှလွယ်လွန်းလေသည်။ ထို့ကြောင့် သူနှင့် ကျွန်တော် အမာနှင့်အပျော့၊ အဖြူနှင့်အမဲ အတွဲအဖက် သဟဇာတဖြစ်ပုံရသည်။

ကုန်နှမြကြီးတစ်ခွဲသားနှင့်တည်လွန်းသောကိုစိုးမောင်မောင်က ကျွန်တော်နှင့်ဆိုလျှင်လေရသည်။ ကြုံကြုံဖန်ဖန် ရယ်စရာလည်း ပြောတတ်သည်။ မှတ်သားစရာလည်း ပြောတတ်သည်။ သူပြောသည့်ရယ်စရာလေးများသည်ပင်မှတ်သားစရာ ဖြစ်နေတတ်ပြန်သည်။ သူသည် အနုပညာသမားမဟုတ်။ ဒဿနဆန်သူ စာလည်းအတော်စုံစုံလင်လင်ဖတ်သည်ကို ကျွန်တော်သိသည်။ ကျွန်တော်နှင့် အပြင်သို့အလည်အပတ်မထွက်လျှင် စာကြည့်တိုက်ထဲတွင် စာအုပ်နှင့်အေးအေးဆေးဆေး အချိန်ကုန်နေတတ်သူဖြစ်၏။ သို့သော် သူဖတ်လာသောစာကို အရမ်းလက်ခံသူမဟုတ်။သဘာဝကျ မကျ စဉ်းစားတတ်၏။ ဟုတ်သည် မဟုတ်သည် အသာထား သူ့ကားတွေးရဲ၏။ တစ်ခါတရံ လူအများနှင့်ဆန့်ကျင်၍ တွေးချင်တွေး၏။ သူ ဤသို့ပြောဖူးသည်။

'ချားလ်ဒါဝင်ရဲ့ နိယာမကို ငါတော့ ဘဝင်မကျချင်ဘူးကွ'

ဟူ၏။ သူတစ်ကမ္ဘာလုံးကို ဆန့်ကျင်၍ တွေးခြင်းဖြစ်သည်။ လူသည် မျောက်မှ ဆင်းသက်လာသည် ဆိုသော ဒါဝင်သီအိုရီကို ဘဝင်မကျဟု သူပြောလိုခြင်းဖြစ်သည်။ သူတွေးပုံကလည်း မှန်နေသည်။

'မျောက်နဲ့လူ ဇာတ်မှမတူတာကြီးကွာ'

မှန်ပါသည်၊မျောက်သည်တိရစ္ဆာန်ဇာတ်၊ လူသည် မနုဿဇာတ်၊ တိရစ္ဆာန်သည် အဟိတ်ဒုဂ္ဂတိ ဘုံသား။ လူသည် သုဂတိ ဘုံသား။ မနုဿဟူသည် ထက်မြက်ပြန့်ပြောသော စိတ်ရှိသူ။(မနော ဥဿန္န မနုဿာ) ဟု ဆိုထား၏။ သတိနှင့်ပြည့်စုံခြင်း၊ ရဲရင့်ခြင်း၊ ဗြဟ္မစရိယကျင့်ခြင်း၊ ဘုရားပစ္စေကဗုဒ္ဓါသာဝကစကြာမင်းတို့ ပွင့်ထွန်းရန် လျောက်ပတ်ခြင်းတို့ဖြစ်သည်။

တစ်ခါပြောပြန်၏။

'ဟော့ကောင် လောကမှာလုပ်လို့ရတာ ဘာမှမရှိဘူးကွ။ ရလို့လုပ်တာပဲရှိတယ်။ မရရင်ဘယ်သူမှမလုပ်ဘူး ဟူ၏'

သူ့ညာဘက်ချိုစောင်းတွင် ဒိုးဝိုင်းခန့်အမာရွတ်လိုလိုဆံပင်မပေါက်ဘဲကွက်နေသည့် အမှတ်ရာလေးရှိ၏။ ဆံပင်တိုတိုထားသော်လည်း ဆံပင်ညှပ်လျှင် ထိုအကွက်ကလေးကို ဖုံးမိအောင်ဂရုစိုက်ညှပ်ပေးဖို့ မှာလေ့ရှိသည်။

တစ်ခါတွင် သူ့ကိုစပ်စုကြည့်ဖြစ်သည်

"မင်းချိုစောင်းက အမာရွတ်က ဘယ်လိုဖြစ်တာလဲကွ"

သူကပြုံး၍-

"ဪ-ဒါလား၊အမာရွတ်မဟုတ်ဘူးကွ မွေးရာပါပဲ။ ငါကလူဝင်စားကွ"

ထို့နောက်သူကဘဝဇာတ်ကြောင်း ရှေးဖြစ်ဟောင်းကို ပြောပြလေသည်။

"အရင်က ငါက ကျောက်ဆည်သားကွ။ ကျောက်ဆည်မှာပဲ ဆွေမကင်းမျိုးမကင်းထဲက တစ်ယောက်နဲ့အိမ်ထောင်ကျတယ်။ ငါ့မိန်းမက ငါ့ထက်တော့ အသက်ငယ်ပါတယ်။ သွယ်သွယ်နွဲ့နွဲ့ထဲကပဲ။ အသားလတ်လတ်ဖြူတယ်။ စနေသမီး နုနုအေးတဲ့။ သမီးလေးနှစ်ယောက်လည်း ရှိတယ်။ ငါတို့ကတစ်ယောက်ကိုတစ်ယောက်ငုံထားမလောက်ချစ်ကြတာ။ စီးပွားရေးလည်း မဆိုးဘူး။ စားနိုင်သောက်နိုင်ထဲကပဲ"

ပြောနေရင်းမှသူကတွေတွေလေး တစ်ချက်ငေးလိုက်သည်။ သူ့မျက်ဝန်းအိမ်မှ ဆွေးရိပ်ကလေးများကိုမြင်လိုက်မိရာမေးမိသည်ကိုပင် အားနာသလိုဖြစ်မိသေးသည်။သူကဆက်ပြောလေသည်။

"ဆိုတော့ တစ်ရက်အိမ်မှာ ငါမရှိတုန်း ငါ့ရပ်ကွက်မီးလောင်ပါလေရော။ ကျောက်ဆည်မီးကြီးဆိုပြီး သတင်းစာထဲတောင်စာလုံးမည်းကြီးနဲ့ပါသေးတယ်လို့ ပြောတဲ့မီးပေါ့"

"သတင်းစာထဲပါတာ မင်းမဖတ်ဘူးလား"

ကျွန်တော်ကတစ်ချက်ဝင်ထောက်လိုက်သည်။

"မင်းကလည်း မလောနဲ့လေကွာ။ ငါပြောဦးမယ်။ ဒီလိုကွ မီးလောင်တယ်လည်းကြားရော ငါလည်းအိမ်ကိုဒရောသောပါး ပြန်ပြေးလာတာ။ မီးကလည်း ငါ့အိမ်ကိုကူးနေပြီ။ အဲဒီမှာတင် နုနုအေး

ကသူအတွင်းပစ္စည်းလေးတွေယူမယ်ဆိုပြီးအိမ်ထဲဝင်သွားတာ တွေ့ရတယ်။ လူတွေလည်း မဆွဲရဲကြဘူးလေကွာ”

“ပစ္စည်းပဲကွာ၊ လူထက်ဘာမှ အဖိုးမတန်ပါဘူး”

ကျွန်တော်က ဖြည့်စွက်ဆွေးနွေးလိုက်သည်။

“ဒါပေါ့ကွာ ပြန်ရှာ ရတာပဲ။ ဒါပေမယ့် ထူပူနေတော့ လုပ်မိတာပေါ့။ ဒါနဲ့ငါလည်း အရဲစွန့်ဝင်ပြီး နုနုအေးကို အပြင်တွန်းထုတ်ပစ်လိုက်ရတယ်။ အဲဒီတုန်းမှာ မီးလောင်နေတဲ့ တုတ်တန်းက ငါ့ပေါ် တည့်တည့်၊ တည့်တည့်မှ ခေါင်းပေါ်ကို ပြုတ်ကျတာ။ ငါလည်းသေ သူလည်း ကလေးနှစ်ယောက်နဲ့မုဆိုးမဖြစ်ရော။ ဒီလိုနဲ့ပဲ တစ်နေ့တော့ လက်ရှိမိဘတွေဆီမှာငါလူဝင်စားဖြစ်လိုက်တယ် ပြောပါတော့”

“ငါ သုံးနှစ်သားလောက်လေးမှာပေါ့။ တစ်နေ့လမ်းထွက်ကစားနေတုန်း သီလရှင်တစ်ပါးဆွမ်းခံလာတာ မြင်ရော နုနုအေးနဲ့တူပါတယ်လို့ ကြည့်နေတာ။ ဒါပေမယ့် နုနုအေးက မျက်မှန်မတပ်ရဘူးကွ။ သူက ရွှေကိုင်းမျက်မှန်အဝိုင်းလေးနဲ့၊ ဒါနဲ့သေချာအောင် အနားပြေးကြည့်တော့ နုနုအေးမှ နုနုအေးအစစ်ဖြစ်နေတာပေါ့”

“ဒါနဲ့ ငါလည်းနုနုအေးလက်ကိုဆွဲပြီး နုနု နေကောင်းရဲ့လား၊ ဘယ်သွားမလို့လဲ၊ သမီးလေးတွေရော ဘယ်လိုနေလဲလို့ မေးတာပေါ့။ အရင်ဘဝတုန်းက ငါကနုနုလို့ခေါ်နေကျကွ။ အဲဒီလိုမေးလိုက်တယ်ဆိုရင်ပဲသူကငါ့ကိုတအံ့တသြနဲ့ပြန်မေးတယ်။

‘သားကအမေ့ကိုသိလို့လား၊ သားလေးက ဘယ်ကတုံး’

‘သိတာပေါ့။သားကကျောက်ဆည်ကလို့ ပြောလိုက်တော့ သူက ငါ့ခေါင်းလေးကိုပွတ်ကြည့်ပြီး အမှတ်ကလေးကိုမြင်သွားတော့ မျက်လုံး၊ မျက်ဆံတွေပြူးသွားတယ်။ ပြီးတော့ သားအိမ်ဘယ်နားမှာလဲလို့ မေးရော ဒါနဲ့ငါလည်းအိမ်ခေါ်သွားတော့ ငါ့အမေနဲ့တွေ့တာပေါ့။

အမေနဲ့တွေ့တော့ သူ့ခမျာ ပြောပြောပြီး ငိုတာကွာ၊ သူ့ယောကျ်ား သူ့ကြောင့်သေရတာပါဆိုပြီး ယူကျုံးမရဖြစ်နေပုံများ ငါ့အမေကလည်း ပြေရာပြေကြောင်း မိကျောင်းမင်းရေကင်းပြတာပေါ့။အဖို့ပါလို့ဖြစ်မှာပါ၊ တရားနဲ့ဖြေပါဘညာပေါ့ကွာ။

ပြောရရင်တော့ကွာ သူ့ခမျာ ငိုရလွန်းလို့ မျက်စိပျက်ပြီး မျက်မှန်တပ်ရတဲ့ဘဝ ရောက်သွားရှာတာ။

နောက်တော့ကွာ ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီးရဲ့အာဝါသအောက်မှာ သီလရှင်ဝတ်သွားရှာတာ။ ငါ့အမေကလည်းသမီးလေးတွေအတွက် အဝတ်အစားတွေ ဝယ်ပေးလိုက်သေးတယ်။ လမ်းစရိတ်လည်း လှူလိုက်တယ်။ အဲဒီ တစ်ခါတွေ့ပြီး သူ ပြန်မပေါ်လာတော့ဘူး။ သောကဝေဒနာအသစ်ဖြစ်မှာစိုးလို့နဲ့ တူပါတယ်”

မှန်ပါသည်။ ပြန်ပြောလျှင် မပြယ်ချင် သစ်၍ သံယောဇဉ်နှယ်မျှင် ရစ်တတ်သည်မဟုတ်ပါလား။

“သူပြန်မသွားခင် ငါ့ပခုံးလေးနှစ်ဖက်ကို တင်းတင်းကိုင်ပြီး မျက်နှာချင်းဆိုင်ပြောသွားတဲ့စကား ငါ့နားထဲကမထွက်ဘူး။ သားနဲ့အမေ့ဘဝ ဆိုးလှချည်လား သားရယ်တဲ့။ အမေမှားတာ ရှိဖူးခဲ့ရင်လည်း ခွင့်လွှတ်နော်တဲ့။ အဲဒီတုန်းက ငါကလည်း ကလေးဆိုတော့ အထူးတလည် မခံစားမိဘူးပေါ့။ သိတတ်တဲ့အရွယ်လည်းရောက်ရော ရင်ထဲမှာနင့်နေတာပဲကွာ” တဲ့။

သူပြောသွားသည်မှာ ရုပ်ရှင်ရိုက်ပြသွားသလိုတစ်ကွက်ပြီးတစ်ကွက် ဖျတ်ခနဲ ဖျတ်ခနဲနေ၏။သူ့ဘဝဇာတ်ကြောင်းကိုမျက်ရည်နှင့်အနားသတ်သွားလေသောအခါ ကျွန်တော်ပင် ငိုင်သွားမိသည်။ သူ့ကိုအနုပညာသမားမဟုတ်၍မခံစားတတ်ဟုထင်ခဲ့ဖူးပါသည်။ကျွန်တော် မှားသွား၏။ ကိုယ့်ထက်ပင် ခံစားတတ်နေပါပကော။ စာအုပ်ပုံကြားဘဝကိုမြုပ်ကာ သူဖြေပြေရာ ရှာနေပုံရလေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မသိသား ဆိုးရွားရန်ကောဟုအပြစ်တင်မိသည်။ ခန့်ခန့်လေးချောသောကိုစိုးမောင်မောင် မိန်းကလေးများနှင့်အရောတဝင်မနေတတ်ခြင်း၏အကြောင်းရင်းကိုလည်း တွေ့လိုက်ရသည်။ အခြားမဟုတ် သူ့စိတ်သည် ပစ္စုပ္ပန်မှာမရှိ အတိတ်၏အကျဉ်းသားဖြစ်နေ၏။

ဥပစာတန်းပြီး၍ မန္တလေးတက္ကသိုလ်ရောက်သောအခါသူက နုဒီဆောင်မှာနေပြီး ကျွန်တော်က အပြင်တွင်အဆောင်ငှားနှင့် နေသည်။ နုဒီဆောင်နှင့် ကားမဝေးလှ။ ကျွန်တော်တို့ နှစ်ယောက် ယခင်လိုပင် တတွဲတွဲ။ ရုပ်ချင်းသာဆင်လျှင်ညီအစ်ကိုဟုပင်ထင်လောက်သည်။

ကျောင်းပြီးခါနီးတွင် သူ့သဘောကို တီးခေါက်ကြည့်မိသည်။

“ပြီးတာလည်းပြီးပြီပဲကွာ။ ဒီပုံဆိုမင်းဘယ်လိုလုပ် အိမ်ထောင်ပြုမှာလဲ မျိုးဆက်ပြတ်သွားဦးမယ်။ အယူသီလတူမျှတဲ့သူတွေတောင် ဘဝတိုင်းဆုံလို့လား ဘဝခြားတဲ့အခါ ခြားတာပဲ”

ထိုအခါ သူက -

“ဒါတော့ ဒါပေါ့ကွာ။ မမှတ်မိရင်တော့ ဟုတ်တာပေါ့။ ငါကမှတ်မိနေတာကို”

သူပြောတာလည်း ဟုတ်နေ၏။ မမှတ်မိသူများပင် ဘဝများစွာသံသရာ၌တွယ်တာခဲ့ဖူးလျှင် မြင်မြင်ခြင်းသံယောဇဉ် တွယ်တတ်၏။ ဘဝများစွာမဟုတ်သည့်တိုင် နီးစပ်ရာ ဘဝဟောင်း၌ နက်ရှိုင်းစွာပတ်သက်ဖူးလျှင်သံယောဇဉ်သည်ရေထိသောသစ်စေ့လေးလိုနိုးကြားလာတတ်၏။ယခုမူ သူက မှတ်မိနေသူ။

“ငါ့မိဘတွေလည်း အိုပြီကွာ။ ဘယ်လောက်မှ မကြာတဲ့ဘဝမှာ အဆုံးသတ်မရေရာတဲ့ လောကီအပျော်လည်း မရှာချင်တော့ဘူး။ လွတ်လွတ်လပ်လပ်နေပြီး ငါ့မိဘတွေကိုလုပ်ကျွေးမယ်။ သူတို့မျက်စိမှိတ်သွားတဲ့အခါ ဘုန်းကြီးဝတ်မယ် မကောင်းဘူးလား”

သူ့သံဝေဂရပုံပါပဲ၊သံဝေဂနောက်မှာသဒ္ဓါတရားလေး ကပ်ပါလာသည်ကိုလည်း သတိပြုလိုက်မိသည်။

အကယ်၍သူသာယခင်ဘဝဟောင်းမှာ အသက်ရှည်သူဖြစ်ပါလျှင် ရိုးမြေကျသစ္စာတရားကြီးများဖွယ်ရှိသည်။နုနုအေးလည်းမိန်းမဖြစ်ရကျိုးနပ်မည်ထင်သည်။

“သာဓုကွာ သာဓု သူငယ်ချင်း”

ကျွန်တော်သည်လိုပဲ သာဓုပဲခေါ်လိုက်သည်။

ကျောင်းပြီးသောအခါ ကျွန်တော်တို့တစ်မြေစီနေတစ်ရေစီခြားကွဲသွားကြသည်။ သူနှင့်သာမဟုတ် သူငယ်ချင်းတွေအားလုံးလောက်ပင် ဘယ်ရောက်ဘယ်ပေါက်၍ ဘယ်ရပ်ဌာနေ စံလေသည်ကိုပင် မမှန်းတတ်ပါချေပြီ။

အခါများစွာပင် သူ့ကို မှတ်မှတ်ထင်ထင် သတိရဖြစ်သည်။ကွဲကွာသွားသည့်နှစ်တွေ အရေအတွက်များလာသောအခါ အထူးသဖြင့် ကျွန်တော့်မိဘများ ကွယ်လွန်စဉ်က သူ့မိဘများရှိသေးရဲ့လားဟု တွေးရင်း သူ့စကားလေးတွေကို ကြားယောင်မိရလေသည်။

**နေဝင်တွင်းမဝင် သိသိတော့ကာမှ**

ကျွန်တော်သည် ကျောင်းစာမှလွဲ၍ အခြားစီးပွားရေးပညာ ဘာတစ်ခုမှ ဟုတ်တိပတ်တိ နားမလည်ပေ။ မိဘက

လည်း ဝန်ထမ်းဖြစ်နေ၍ ပညာအမွေက လွဲလျှင် ဘာအထုပ်အထည်မှ ရော့ အင့် မပေးနိုင်။ ဒီတော့ ဝန်ထမ်းသားသမီး ဝန်ထမ်းလောကထဲ ပြန်ရောက်၍ဝန်ထမ်း သံသရာလည်ပါတယ်။ အလုပ်ရပြီး ဆယ်နှစ်ကို တော်တော်အကျော်တွင်ဦးစီးအရာရှိဘဝနှင့် မြန်ပြည်အလယ်ပိုင်းမြို့ တစ်မြို့သို့ ရောက်ရှိတာဝန် ထမ်းဆောင်ရလေသည်။ ကိုစိုးမောင်မောင်ကိုလည်း မထင်မှတ်ဘဲ ပြန်တွေ့ရသည်။ သူ ကြေးတိုင်နှင့်မြေစာရင်းဘက် ရောက်သွားသည်။ သူလည်း မြို့နယ်အရာရှိဖြစ်နေလေပြီ။ သူငယ်ရုပ်မပျောက် ဘာမှ မပြောင်းလဲ။ နဂိုက ဥပမိကောင်းသူဖြစ်ရာ အရာရှိအဆောင်အယောင်လေးနှင့် တွဲစပ်လိုက်သောအခါ အဟပ်မိပြီး ပို၍ ပင် ကြည့်ကောင်းလာလိုက်သေးသည်။ ဒီပုံသို့သူ့မိဘတွေရှိနေလောက်သေးသည်ဟုကျွန်တော်တွက်လိုက်၏။ ကျွန်တော်ကတော့ ကံနည်းသည်။ မိဘများကို တာရှည်လုပ်ကျွေးခွင့် မရခဲ့ပေ။

နှစ်ယောက်သားဝမ်းသာအယ်လဲဖြစ်ရင်းမှ သူ့မိဘများအကြောင်း မေးဖြစ်လိုက်သည်။

"မင်းမိဘတွေ ကျန်းမာကြရဲ့လားကွ"

"ငါးနှစ်လောက်ပဲလုပ်ကျွေးခွင့်ရလိုက်ပါတယ်ကွာ။အသက်တွေကလည်း ရကုန်ပြီမို့လား။ ကျန်းမာရေးခေတ်ခံကမကောင်းကျတော့ ဘယ်လိုမှမတတ်နိုင်ဘူး။ ရှေ့ဆင့်နောက်ဆင့်ပါပဲ"

ကျွန်တော်တို့ချင်းအဆက်အသွယ်ပြတ်ခဲ့သဖြင့် ထိုမျှထိတော့ ကျွန်တော်မသိနိုင်။

လောကကြီးမှာ သေမှာကလွဲ၍ သေချာတာ ဘာတစ်ခုမှမရှိ။ သေချာတာကတော့အချိန်ကအရာရာကိုပြောင်းလဲပစ်ခြင်းဖြစ်သည်။ သူ့ကိုလည်း အချိန်ကပြောင်းလဲပစ်ခဲ့သည်။ ဆိုရလျှင် ကျွန်တော်နှင့်ပြန်ဆုံချိန် သူအိမ်ထောင်သက်အတော်ရနေပေပြီ။ သူ့ဇနီး ခင်နှင်းဆီလေးကလှပဂေးမဟုတ်သော်လည်း တောရုပ်တောဆင်နှင့် ယဉ်စစလေးဖြစ်သည်။

တစ်ရက်တွင် အပြင်မှာဆုံကြရင်း သူ့အိမ်ထောင်ရေးကို မေးဖြစ်သည်။

"ငါက မင်းအိမ်ထောင်မပြုတော့ဘူး ထင်နေတာ။ တချို့လည်းအပျိုကြီးလူပျိုကြီးလုပ်လာပြီး အချိန်မရှိမှ ထအိမ်ထောင်ပြုတော့ ကြီးမှဒုက္ခတွေ့ရောကောင်းပါတယ်ကွာ"

သူဘုန်းကြီးဝတ်မည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်စကားမဟာဘဲ အလိုက်အထိုက်ပြောနေခြင်းကို သူရိပ်ဖမ်းမိပုံရသည်။ သူလူညံ့မဟုတ်ချေ။ ထို့ကြောင့် ကျွန်တော့်စကားကိုငြင်းလည်းမငြင်း၊ သိပ်လည်းလက်မခံချင်သေးဟန်မတူ။

"ငါ့အတွက်တော့အကောင်းချည်းလည်း မဟုတ်ပါဘူး။ အင်း- ဒါပေမယ့် အဆိုးချည်းမဟုတ်တာလည်းပါတာပေါ့"

သူသည်စကားပြောလျှင် ဘီအီးဒီအောင်သိုက်လို လေသံမာမာနှင့် နားထောင်ကောင်းအောင်ပြောတတ်သူဖြစ်သော်လည်း ဒီတစ်ခါဖြောင့်ကွယ်ကွယ်သလို လေကနည်းနည်းဝေ့နေ၏။

"မင်းကလည်းကွာ၊ တခြားလူမဟုတ်ဘဲ လာပဟေဠိလုပ်နေပြန်ပြီလိုရင်းပြောကွာ"

ကျွန်တော် အငေါ့တူးပစ်လိုက်သည်။ သူက-

"မလောနဲ့လေ၊ ငါပြောပြမှာပါ။ ဒီလိုကွ။ ငါအိမ်ထောင်ပြုဖို့စိတ်မကူးခဲ့တာတော့အမှန်ပဲ။ ငါ့အဖေကြောင့် အိမ်ထောင်ပြုခဲ့ရတာ။ လောကမှာ အပေးအယူဆိုတာ ရှိတယ်။ ယူရဲရင် ပေးရဲရတယ်။ စားရဲရင် လျော်ရဲရတယ်။ငါ သူ့ရဲဘောမကြောင်တတ်ဘူး"

လေသံပြန်မာလာ၏။ စိတ်ဝင်စားစရာလည်း ကောင်းလာ၏။

"ငါ့အဖေ ဝန်ထမ်းဆိုတာ မင်းသိပြီးသား။ အဖေကလက်နက်စတိုးကိုင်ရတယ်။ လက်နက်အသွင်းအထုတ် တာဝန်ယူရတယ်"

"အဲဒီကိစ္စနဲ့ မင်းမိန်းမရတာ ဘာဆိုလို့လဲ"

ထိုအခါ သူက ကျွန်တော့်ကို-

'ဒီကောင် တယ်ခက်ပါလား'

ဆိုသည့် အကြည့်မျိုးဖြင့် ခပ်စူးစူးစိုက်ကြည့်ပြီး မျက်မှောင်ကြုတ်ပြလေသည်။

"မင်းကလည်းကွာနည်းနည်းတော့ ခေါင်းသုံးစမ်းပါ။ မဆိုင်ဘဲပြောမလားကွ အလကားလေကုန်အောင်"

သူကဆက်၍-

"ဒီလိုကွ၊ တောမြို့လေးမှာတာဝန်ကျတုန်းကပေါ့။ စတိုးထဲဝင်ရင် တစ်ယောက်ထဲ မဝင်ရဘူး၊ အဲဖော်တပည့်လေးတစ်ယောက်နဲ့ ဝင်ရတယ်။ ငါ့အဖေက အရက်နဲ့မျက်နှာသစ်တဲ့လူ ဆိုတော့ သတိဝီရိယလည်း နည်းတယ်။ သဘောကောင်းတော့ လူတိုင်းကိုယုံလိုပဲ ထင်တယ်။ ရှေ့လှည့်နေတုန်း နောက်ကနေတပည့်လေးက ကျည်ဆန်တစ်တောင့်စနှစ်တောင့်စ တိုထားရော။ အကြိမ်တွေများတော့ အလျော့တွေ များတာပေါ့"

"အဲဒီကျည်ဆန်တွေဘာလုပ်တာလဲ"

"မင်းကလည်းဝေးလိုက်တာကွာ။ ကျည်ဆန်ဆိုမှတော့ ပစ်ဖို့ပေါ့ကွ။ တောတောင်ရှိတဲ့ဒေသဆိုတော့ ချေပစ်မျောက်ပစ် လျှောက်ပစ်တာပေါ့"

"ဒီလိုနဲ့ တစ်နေ့စစ်တော့ ကျည်ဆန်စာရင်းတွေ ကွာရော။ ကွာတာမှ တော်တော် ကွာတာ။ လေးငါးတောင့်မဟုတ်ဘူး။ အဲဒီမှာ ပြဿနာအကြီးအကျယ်တတ်တော့တာပဲ။ ကျည်ဆန်ကလည်း ရိုင်ဖယ်ကျည်ဆန်ဆိုတော့ ပိုရှားတယ်"

မှန်ပါသည်။ ငွေရှိလျှင် ရွှေဝယ်၍ရနိုင်သည်။ ကျည်ဆန်ဝယ်၍မရနိုင်ပါ။ ငွေလျော့လျှင်ပြန်လျော်၍ရသည်။ မသကာယာယီအလွဲသုံးစားမှုထက်မပို။ကျည်ဆန် ပြန်လျော်၍မရ။ လက်နက်ခဲယမ်းဟူသည်ပေါ့ဆမှုကြောင့်ကျပျောက်လျှင်ပင် အပြစ်ကြီး၏။ လက်နက်စတိုးထဲမှ ပျောက်သည်ဆိုသောအခါလက်နက်ပုဒ်မဖြစ်သွားနိုင်သည်။ စတိုးကိုင်သာမက အားလုံးကိုသိမ်းကျုံးဝှေ့ခတ်သွားဦးမည်။ ထောင်မကျသော်မှ အလုပ်ပြုတ်မည်။ အလုပ်မပြုတ်သော်မှ ရာထူးမှအဆင့်လျှော့မည်။ သူ့စကားကြားတော့ ကျွန်တော့်မျက်လုံးများပင်ကျယ်လာပါသည်။

"ဒါနဲ့ ပြုတ်ကရောဆိုပါတော့"

အဖြေကို ကျွန်တော်က မှန်းဆကြည့်လိုက်ခြင်းဖြစ်၏။

သူက-

"ဘာမှဖြစ်ဘူးကွ"

သူ့စကားကပို၍ ပဟေဠိဆန်လာပါသည်။ ကျွန်တော့်ပါးစပ်မှ-

"ဟေ"

ဟု အာမေဍိတ်တစ်လုံး ထွက်ကျသွားပါတော့သည်။

သူကပြုံး၍-

"ကံကွ ကံ"

ထိုသို့ပြောပြီးစကားရှေ့မဆက်ဘဲရပ်နေ၏။ရာဇဝတ်အိုးတုတ်နှင့်ထိုးသောကိစ္စဖြစ်၍မယုတ်မလွန်ပြောရမည့်စကားလုံး ရှာနေဟန်တူသည်။ လျှို့ဝှက်အပ်သောကိစ္စ မဟုတ်လား။ ကောင်းခန်းရောက်မှ ရှေ့လဆာတ်ဖတ်ပါဆိုသည့် အခန်းဆက်ဝတ္ထုလို ဇာတ်ရှိန်တက်နေတုန်း ထစ်ထားလိုက်သဖြင့် ကျွန်တော်မှာယားကိယားကျိဖြစ်လာပါတော့သည်။

"ဟော့ကောင်ငါကြိုပြောထားမယ် မင်းဖွတော့မဖွနဲ့နော်။ ဒီကိစ္စ ခင်နှင်းဆီတောင် ရှင်းရှင်းလင်းလင်းသိထားတာမဟုတ်ဘူး"

သူက သိပ်စိတ်မချသလို စကားပလ္လင်ခံ၏။ သူ့စကားသူ ရပ်ထားရမှာလည်း ခက်နေ၏။

"ဒီလောက်တော့ ငါလည်းမတိမ်ပါဘူး ဆက်စမ်းပါမြန်မြန်"

အမှန်တော့ ကျွန်တော်ဒီလောက်ထိ မစပ်စုသင့်ပေ။

"အရာရှိကတော်က မိုးပေါ်က ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မရီးကွ။ အဲဒီ ဘိုးတော်ကြီးက ညီမယူထားတာ။ ညီအစ်မဆိုပေမယ့်အငယ်မကမှတကယ်လှတာ။ ဘာမှ လိုလေသေးမရှိဘူး။ အဲဒီတုန်းက ခေတ်ကလည်း သူတို့ခေတ်လေ။ မင်းလည်း သိနေတာပဲ။ဒါနဲ့အရာရှိကတော်က သူ့ညီမကိုပြောရော။ ညီမလေးရယ် လုပ်ပါဦး ကြံစမ်းပါဦး ညည်းအစ်ကိုဘာဖြစ်လိမ့်မယ် ညာဖြစ်လိမ့်မယ်ပေါ့"

ကျွန်တော်နည်းနည်းတော့ ရိပ်မိလာပါသည်။ သို့သော် အလုံးအရပ်မကွဲသေးပေ။

"ဒါနဲ့ ညီမလေးက အဘိုးကြီးကို ချွဲရောလား"

"ဟကောင်ရ ဒီလောက်လေးနဲ့ ချွဲမလားကွ။ ဒီလိုနေရာမျိုးမှာ မိန်းမတွေက ယောက်ျားတွေထက် ဖြတ်ထိုးဉာဏ်ကောင်းတယ်ကွ။ သူတို့ခေတ်ပါဆိုမှ မင်းငါးပါးတဲ့။ မင်းမသိဘူးလား။ ဘုရင်တဲ့၊ မိဖုရားတဲ့၊ အိမ်ရှေ့မင်းတဲ့၊ မင်းဆရာတဲ့၊ ဘုရင့်မယ်တော်တဲ့။ အားလုံးမှာအဆိပ်ရှိတယ်။ အဲဒီအဆိပ်ကိုသုံးတာပေါ့ကွ"

"အဲဒီလိုနဲ့ အဘိုးကြီးရဲ့မဟေသီက အဘိုးကြီးရဲ့တပည့် လက်နက်ငယ်သင်တန်းမှူးကို ခေါ်ပြောတာပေါ့။ မင်းအဘလည်း မသိစေနဲ့ဦး။ ဒီလိုဒီလိုပေါ့ ငါ့မောင်ရဲ့၊ဘာညာဆိုတော့ ဟိုကလည်း မမစိတ်ချပေါ့။ အဘိုးကြီးသိရင်လည်း သိမှာပေါ့။ ဉာဏ်ကြီးလို့ လူကြီးဖြစ်တာပဲ။

သင်တန်းလည်းရောက်ရော နှစ်ဆယ့်ငါးတောင့်ပစ်ရမယ့်သူ နှစ်ဆယ့်နှစ်တောင့်ပစ်၊ နှစ်ဆယ့်သုံးတောင့်ပစ်ပေါ့။ သင်တန်းသား အများကြီးဆိုတော့ လိုသလောက်ရတာပေါ့ ရှင်းပြီလား၊ဒါလေးများ"

ထိုအခါမှ အရိပ်ပြ၍ အကောင်မထင်သော ကျွန်တော်၊ အကောင်လိုက်ပြမှ ဘဝင်ကျလေ၏။ သူ့နည်းနှင့်သူဟုတ်လို့။

"အေးပါကွာ။ မင်းအစအဆုံးပြောမှတော့ ရှင်းပါပြီ။ အဲဒီကိစ္စနဲ့မင်းကိစ္စ ဘယ်လိုဆက်စပ်လို့တုန်း"

"အဲဒီကိစ္စလား၊ ငါ့မိန်းမက အရာရှိ တူမကွ အတူနေတာ။ တောကနေကျောင်းလာတတ်တာ။ ဆယ်တန်းတဖုံးဖုံးကျပြီး သောင်တင်နေတာ။ သူ့ကိုဘယ်သူကစာပေးပေး အရာရှိကတော်ကို အပ်ရတယ်။ လျှိုထားမိလို့ကတော့ ကြက်မွေးပဲ ကျောကွဲအောင်ချမှာ ကြိုက်တဲ့လူရှိရင်ပြော သင့်လျော်ရင် ပေးစားမယ်။ ညည်းက ပညာနဲ့လုပ်စားလို့ရမှာမဟုတ်ဘူး။လင်ကောင်းမှ စံရမှာလို့ ပြောထားတာ။ အမြော်အမြင်တော့ ရှိသားကွ"

"အဲဒီတော့ မင်းက စာပေးရော့လား"

"ဟကောင်ရ မြင်ပါပြီဆိုပြီးဘယ်လိုလဲကွ။ ငါကနဂိုကမှအိမ်ထောင်ပြုချင်တာမဟုတ်ဘူး။ ဘွားတော်ကစည်းကမ်းကြီးတော့ သူလည်းပျော်ပုံမရဘူး။ ငါ့အကြောင်းလည်းသိနေတော့ ငါဆိုရင် မဆိုးဘူးလို့ စဉ်းစားမှာပေါ့။ သူကတော့ သူဆိုတော့ ဘွင်းဘွင်းပဲ။ ဟိုအစ်ကိုကြီးရဲ့မခင်နှင်းဆီ လုပ်ရော။ အရာရှိကတော်ကလည်း ငါ့လက်ကလွတ် ပြွတ် ဆိုပြီး အမေ့ကိုပြောရော။ ကျေးဇူးတရားကလည်းရှိသေးတယ်လေ။ ယူဘက်ခံလို့ချည်းဖြစ်တာမှမဟုတ်တာ။ ငါကမိဘကိုလည်း စိတ်ချမ်းသာစေချင်တယ်။ ဒီလိုနဲ့ ငါမိန်းမရတာ။ မကင်းတရားကြောင့်ပေါ့ကွာ"

"ဟုတ်ပါပြီ။တစ်ခုကျန်သေးတယ်လေ။ အဆိုးချည်းလည်းမဟုတ်ပါဘူး ဆိုတာ"

သူ့ဇာတ်လမ်းကိုသူ အနားမလုံးရသေးသဖြင့် သတိပေးလိုက်ရသည်။

"အဲဒီအကြောင်းက ဘယ်လိုပြောမလဲ။ ငါ့အမေက မြေးသိပ်ချီချင်တယ်။ ဝိသာခါသောတာပန်မကြီးတောင် မြေးတွေတစ်ရာလောက် ရပြီးတာတောင် ထပ်ချီချင်နေသေးတာ။ တို့လည်း သုံးနှစ်လောက်ရလို့တောင် ကလေးမရဘူး။ အမေလည်း မြေးမချီလိုက်ရဘဲ ငါးသေတ္တာအဆိပ်ဖြစ်လို့ ဆုံးရှာတယ်"

"နောက်မှ တတ်ကျွမ်းနားလည်တဲ့သူနဲ့ပြုပြင်ယူမှ ကိုယ်ဝန်ရှိလာတယ်။ ကိုယ်ဝန်မရှိခင် သူအိပ်မက်မက်တယ်။ ငါ့အမေကိုပြတင်းပေါက်ကနေ လက်ဆွဲပြီးအိမ်ပေါ်ခေါ်တယ်တဲ့။ နောက် ကိုယ်ဝန်ရှိလာတယ်။ အခု သမီးလေးပဲ။ ငယ်ငယ်လေးတုန်းကဆို နို့ဝတာနဲ့အတင်းရုန်းပြီး ငါ့ပေါ်လိုက်တော့တာ။ စကားပြောတတ်လာတော့အရင်ဘဝအကြောင်းနည်းနည်းပြန်ပြောတယ်။ ငါလည်းငါ့အမေ ပြန်လာတာဆိုတော့ ဝမ်းသာလိုက်တာမှ ပြောမပြတတ်အောင်ပဲ။ အဲဒါအကောင်းပေါ့ကွာ။ မင်းကိုပြောရတာအာတောင်ခြောက်တယ်ကွာ"

သို့သော် သူ့အမေအကြောင်းပြောလိုက်ရ၍ ထင်သည်။ သူ့မျက်နှာမှာဝင်းပလျက်ရှိလေသည်။ ထိုအချိန်က သူ့သမီးလေးပင် အတော်ကြီးနေလေပြီ။

သူပါးစပ်ကဘာပြောပြောသူ့မိန်းမခင်နှင်းဆီလေးကို သနားချစ်ဖြင့်တော့ချစ်ပုံရပါသည်။ သူ့အမေဝင်စားသည်ဆိုသော သူ့သမီးလေးကိုမူ ပြောဖွယ်မရှိပါပေ။သူပျော်ပုံလည်းရပါသည်။ဘဝရာသီကလည်း တိမ်ပြာသောနေ့ နွေးနွေးလေးမဟုတ်လား။

ဝတ်ကြောင်ကိုလွတ်အောင်ရုန်း၍ ဘုန်းကြီးဝတ်ချင်သောကိုစိုးမောင်မောင်ကို ကံဇာတ်ဆရာက ဂုက်ဖဲ သုံးသွားသလား။ ပြောနိုင်တာတစ်ခုတော့ရှိသည်။ သူသည် ပုထုဇဉ်၊ ပုထုဇဉ်တို့၏ သဒ္ဓါတရားသည် မခိုင်မြဲပါချေ။

အလောင်းတော်တို့၏သဒ္ဓါတရားသည် ဘုရားဆုပန် လျှောက်စဉ်မှစ၍ ဆင်းသက်လာသောထူးခြားသောသဒ္ဓါဖြစ်၍ အာဂမနသဒ္ဓါ။

အရိယာတို့၏ သဒ္ဓါတရားသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ရာမှ ဖြစ်ပေါ်လာသော အဓိဂမသဒ္ဓါ။

ပုထုဇဉ် သူတော်ကောင်းတို့၏ သန္တာန်၌စွဲထင်နေသောသဒ္ဓါတရားသည် ဘုရား၊ တရား၊ သံဃာဟူသော အသံကြားရုံမျှနှင့် ကြက်သီးတဖြန်းဖြန်းထသော ယိမ်းယိုင်တွေဝေခြင်းမရှိသည့် ဩကပ္ပနသဒ္ဓါ။

သူလိုငါလို ပုထုဇဉ်တို့ရတနာသုံးပါးအပေါ် စိတ်ကြည်လင်ရုံမျှဖြစ်သော သဒ္ဓါသည် မခိုင်မြဲသေးသော ပသာဒသဒ္ဓါ။

ထို့ကြောင့် ကျွန်တော်တို့သည် နှောင်တွင်းမဝင် သီသီဝေ့ကာမှ၊ ရှောင်ရင်းပင် ကြည်ကြည်မွေ့ကြလေသည်။ တစ်ဆင့်ထက် တစ်ဆင့် ရင့်တက်ရင့်အောင်လည်း. . .။

*သူတော်ကောင်းတရားထွန်းကားပါစေ။*

မောင်မောင်စိုးယု(မန်းတက္ကသိုလ်)

# ဒေါလာစီမံကိန်းမှ ကြုံတွေ့ရသည့်အမြင်အမျက်များ

## စောမိသွင်(ရန်ကုန်)



အိမ်ထောင်ကျ၍ ယောက္ခမအိမ်လိုက်နေစဉ် မိသားစုများ၍ စားသောက်ချိန်မမှန်၊ အလွန်မြန်မာဆန်လှသော မိသားစု။ မိဘကိုရိုသေကာ အသက်အကြီးဆုံးအဘိုး ထမင်းမဆာသေးလျှင် တစ်အိမ်လုံး ဘယ်သူမှ မစားကြရဘဲ အဖေကြီး (အဘိုးကို အဖေကြီးဟု ခေါ်ကြပါသည်)ကထမင်းစားမည်ဆိုမှ ထမင်းစုစားကြသည်။ ညနေလေးနာရီလောက်တွင်အဖေကြီးက တုတ်ကောက်လေးတစ်ချောင်းနှင့် လမ်းထိပ်သို့ထွက်သွားတတ်သည်။ (၁၁) ရပ်ကွက်၊ (၈) လမ်းထိပ်ဘက်မှထွက်လျှင် (၁၆) ကွေ့နားရောက်၍မုန့်ဟင်းခါးဆိုင်၊ အသုပ်စုံဆိုင်၊ မြန်မာမုန့် မျိုးစုံလုပ်ရောင်းသောဆိုင်၊ ဆီချက်ခေါက်ဆွဲ၊ အသားကင်ကအစ စားစရာအစုံရသော စားသောက်ဆိုင်လေးတွေရှိ၍အဖေကြီးက မုန့်ထွက်စားခြင်းပါ။

အဖေကြီး ထိုအချိန်အပြင်ထွက်သွားတတ်သည်မှာဗိုက်ဆာ၍ဖြစ်သည်။ အသက် (၈၀)ကျော်လူကြီးတစ်ယောက်အနေဖြင့် ထမင်းစားချိန်တွင် အနည်းငယ်သာစားတတ်ပြီး သူဆာသည့်အချိန်တွင်တော့ လမ်းထိပ်ထွက်ကာ မုန့်ထွက်စားတတ်သည်။ လေးနာရီလောက် မုန့်ထွက်စားတတ်သော အဖေကြီးသည် ညရှစ်နာရီလောက်မှ ညစာထမင်းစားဖို့ဆာတတ်လေသည်။ အဖေကြီးထမင်းမစားမချင်း မုန့်စားရေသောက်ကာထမင်းစားဖို့ စောင့်ရသည်။ အိမ်ရှိမြေးများကလည်းအသုပ်စုံတို့ဝယ်ကာ စားထားတတ်ကြသည်။ ကျွန်မတို့လင်မယားကတော့ ရန်ကင်း (ဘ-ခ-ရ) ရုံးမှနေ၍ ညနေရုံးဆင်းလျှင် လိုင်းကားစီးကာဗိုလ်အုန်းသီးကွေ့တွင် ဆင်းကြရသည်။ အိမ်ရောက်ဖို့လိုင်းကားတစ်စီး ထပ်စီးရမည်ဖြစ်ပြီး (၁)လမ်းထိပ်မှနေ၍ ကိုယ့်အိမ်(၈)လမ်းသို့ရောက်ရန် လမ်းလျှောက်ဝင်ရသေးသည်။

တစ်ခါတလေ လိုင်းကားမစီးဘဲ လမ်းလျှောက်ပြန်ကာ ကားခကိုအကြော်ဝယ်စားခဲ့ကြသည်။ ကားစီးခဲ့ရင်တော့ (၁) လမ်းထိပ်တွင်ဆင်းကာ မာတ်ဆီဆိုင်ဘေးလမ်းမှနေ၍ လမ်းလျှောက်ဝင်လျှင် အိမ်ရှေ့တွင် ရေကန်လေးရှိသောအိမ်က ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေမေဝင်း နေသောအိမ်ဖြစ်ပါသည်။အကျီအဖြူ လက်

စက ယောဂီထဘီလေး ဝတ်ထားတတ်သည့် ဒေါ်မေမေဝင်းကို စတွေ့ကတည်းက ရုပ်ရှင်မင်းသမီးကြီးမှန်း မှတ်မိခဲ့ပါသည်။

မနက်ရုံးမသွားမီ လမ်းထိပ်က အသုပ်ဆိုင်တွင် အသုပ်ထွက်စားကာ ဝမ်းဖြည့်ရသည်။ ကိုယ့်အိမ်မှာလို မုန့်ဟင်းခါးတို့၊ အသုပ်တို့ အဆင်သင့်ဝယ်ထားပေးမည့်သူ မရှိ။အမျိုးသားကလည်း ထွက်ဝယ်မပေးနိုင်ပါ။ တစ်အိမ်လုံးသုံးရန်ရေတွင်းမှရေကိုဆွဲ၍ တိုင်ကီလေးလုံး အပြည့် ရုံးမသွားခင်ဖြည့်ပေးခဲ့ရသည်။ လမ်းထိပ်မှာ မုန့်ထွက်စားတိုင်းရုပ်ရှင်မင်းသမီးကြီး မေမေဝင်းနှင့် ကြုံတတ်လျှင်လျှင်ခဲ့မိသည်။

ကျွန်မရုစ်တန်းလောက်ကရန်ကုန်အနောက်ပိုင်း စံပြုရုပ်ရှင်ရုံတွင် ဗန်ဒိုလူလေးနှင့်သူဇာ ရုပ်ရှင်ကားကို ကြည့်ဖို့သွားရာ လက်မှတ်ကုန်သွား၍ ပြန်လာခဲ့ရာမှ ကဒ္ဒေးရုံတွင်ပိုလ်အောင်ဒင်ရုပ်ရှင်ဇာတ်ကား ပြသနေသည်။ အမေက တို့ခေတ်က သိပ်ကောင်းတဲ့ဇာတ်ကား ဝင်ကြည့်ရအောင်ဆို၍ဗိုလ်အောင်ဒင်ရုပ်ရှင်ဇာတ်ကားကို ကြည့်ဖူးသွားသည်။ ဦးဘချစ်၊ခင်မောင်ရင်နှင့် မေမေဝင်းပါသောကားဖြစ်ပါသည်။ အမေကြည့်ချင်သည်ဆို၍သာ လိုက်ကြည့်ရသည်၊ အစက စိတ်မဝင်စားခဲ့ပါ။ ကြည့်ပြီးတော့မှ ခင်မောင်ရင်ကိုလည်းကြိုက်၊ မေမေဝင်းရဲ့ တန်ဆောင်မုန်းမှာမောင်ဖုန်းမလာတော့ နှစ်လတာရှည် ဆယ့်နှစ်လရာသီရှိပြီ မောင်ရဲ့ မေ့ခါနေသလား၊ရက်စက်လေအားသည်ဆိုသော သီချင်းကိုလည်း သိပ်ကြိုက်တာပါပဲ။ ထိုဇာတ်ကားထဲမှ ဒေါ်မေမေဝင်းကို အပြင်မှာ တွေ့ဖူးရသည်အခါ သေဆုံးသွားပြီဆိုသောရုပ်ရှင်မင်းသားခင်မောင်ရင်ကို လွမ်းမိရသေးသည်။

ရန်ကုန်ကနေ နယ်မြို့လေးတစ်မြို့သို့ အလုပ်သွားလုပ်မည်ဟု တစ်ခါမှ စိတ်မကူးဖူးပါ။ (ဘ-ခ-ရ) ရုံးမှနေ၍ အေလာစီမံကိန်းအစတွင် ဝန်ထမ်းများ လွှတ်ရန်ရွေးချယ်မည်ဆို၍ ဆရာဦးမြအေးကိုသွားတွေ့ကာ ကိုယ့်ဘာသာအိမ်ခွဲနေလို၍ အေလာသို့လွှတ်ပါရန် သွားပြောခဲ့ရသည်။ အမေကလည်း သူ့အိမ်နှင့်နီးနီးနားနားတွင် လာနေစေလို၍ သူ့ဘာသာအိမ်ငှားပေးမည် ဆိုသော်လည်း အမျိုးသားက လက်မခံပါ။ ကိုယ်အပါအဝင် လူကိုးယောက်ရှိသောအိမ်ကြီးတွင်နေရထိုင်ရသည်မှာ လူနည်းနည်းနှင့်နေခဲ့ဖူးသောကျွန်မအဖို့ စိတ်ကျဉ်းကျပ်၍ ကိုယ့်အိမ်နှင့်ကိုယ် နေလိုလှပါသည်။ အကြောင်းကြောင်းကြောင့် အမျိုးသားက အိမ်ခွဲနေရန်သဘောတူလိုက်၍ အေလာတွင် စီမံကိန်းအသစ်ဖွင့်သည်နှင့် တိုက်ဆိုင်ကာ အဆင်ပြေသွားပါတော့သည်။

အေလာစီမံကိန်းသို့သွားရန် ဝန်ထမ်းကိုးဦးသာအရင်ရွေးချယ်လွှတ်လိုက်ပါသည်။ အေလာစီမံကိန်းကသတ္တုဗေဒ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဌာနစီမံကိန်းဖြစ်လေသည်။ မိမိလစာအပြင်နယ်သို့သွား၍နေ့တွက်စားစရိတ် ထိုခေတ်က တစ်နေ့တစ်ဆယ်ကျပ်ရရှိ၍မိမိလစာထက် ပင်များကာ အပိုဝင်ငွေ တစ်လသုံးရာရရှိပါသည်။ နှစ်ယောက်ပေါင်းခြောက်ရာပိုရပါသည်။ ပြောင်းဖူးဆယ်ဖူးမှ တစ်ကျပ်၊ ပြောင်းဖူးကလည်းရန်ကုန်တွင် မကြားဖူးသည့် ပြောင်းဖူးအမည်များ ဖြစ်သည်။ ဘိုကတော်လည်ပြင်မို့၊ နတ်ပြည်မွှေးကြက်တမော့နာမည်ရှိပြောင်းဖူးများက စေး၍ချိုသည်။ ပြုတ်စားစား၊ ကြော်စားစားအရသာရှိသည်။အခွံချွတ်ပြီးသားဆိုအဖူးပိုရသည်။ ကြက်တစ်ပိဿာ(၁၆)ကျပ်၊ဆီတစ်ပိသာဆယ့်သုံးကျပ်လောက်သာရှိပြီး ဂေါ်ဖီထုတ်တစ်ထုပ် တစ်ကျပ်ပဲရှည်သီး(ပဲလင်းမြွေသီး) ရှစ်တောင့်လောက်ကိုမှတစ်ကျပ်ပဲပေးရသည်။ဟင်းသီးဟင်းရွက် အလွန်ပေါသည်။ကြံစိုက်ပျိုးသောအရပ်ဖြစ်၍ ကြံသကာဖိုများလယ်ကွင်းထဲတွင် ရှိသည်။ ထောပတ်၊ ကြံသကာ စားချင်လျှင် ကြံဖိုတွင်ထောပတ် မြေပဲတို့ ဝယ်ပေးကာ လုပ်ခိုင်း၍ရသည်။

အစားအသောက် အလွန်ပေါပြီး အိမ်ကျယ်ကျယ်၊ ခြံကျယ်ကျယ်နှင့်နေရပြီး အိမ်ထောင်ကျပြီး နှစ်နှစ်နီးပါးကြာမှ အိမ်ခွဲနေရ၍ ကိုယ့်လက်ကိုယ်ခြေမို့ အလွန်ပျော်ခဲ့ပါသည်။ရန်ကုန်ကပြောင်းတော့မည်ဆိုကတည်းက အဒေါ်က တကောက်တောင်းကြီးနှင့်ဆီဆန်ငံပြာရည် အိုးခွက်ကအစ ထည့်ပေးလိုက်သည်။ သနပ်ခါးကျောက်ပျဉ်မယူခဲ့မိ၍ ဝယ်မရပါ။ သူများအိမ်မှာ သနပ်ခါးသွားလိမ်းခဲ့ရသည်။ ကိုးအိမ်သာလူရှိသော ထိုစီမံကိန်းလေးတွင်ရုံးတက်ရသည်က အခန်းသုံးခန်းပါသော တန်းလျားရှည်ကြီးတွင်ဖြစ်ပါသည်။ တစ်ခန်းက ကျွန်မတို့ စီမံရေးရာဌာန၊ တစ်ခန်းက ဂျပန်လူမျိုးကူဝါးနားနှင့်သူ့အတွင်းရေးမှူး အခန်း တစ်ခန်းကတော့ စာကူးစက်လှည့်တို့ထားသောအခန်းလေး ဖြစ်ပါသည်။ အာနိစံဟု ကျွန်မတို့ခေါ်သော ဂျပန်ကြီးကလည်း အလွန်သဘောကောင်းပါသည်။

ထိုစဉ်ကရွာမှ လာအလုပ်လုပ်သောရေရွှာမှကိုခင်မောင်ဝင်းတို့ကသူတို့ အိမ် ထမင်းဖိတ်ကျွေးသည်။ ကျွန်မတို့ စီမံရေးရာဌာနကအခန်းတံခါးသော့ခတ်ကာရုံးကားနှင့်ထမင်းသွားစားကြ၍ကျွန်မတို့ရုံးကို စားကြောရှာဖွေရေးရုံးဟု ဂျပန်ရုံးခန်းက လူတွေက နာမည်ပေးထားကြသည်။ သူတို့ဂျပန်အရာရှိ မစ္စတာကူဝါးနားက ရုပ်ရှည်သန့်သန့်နှင့် ချစ်စရာကောင်းသောစာရေးမလေးတစ်ယောက်ခန့်ထားသည်။ မစ္စတာကူဝါးနားက သူ့ရည်းစားထိုင်းသူလေးကလည်းချောသည်။ သူ့စာရေးမမြန်မာမလေးကလည်း ချောသည်မှာ အင်္ဂလိပ်လို လက်နှိပ်စက်နှင့်ရိုက်ကာ ပရင့်ထုတ်ထားသောစာကို သူ့စားပွဲပေါ်တွင်မြင်ကြရ၍ ဂျပန်နေသောရုံးခန်းကို နှာဘူးရုံးခန်းဟု နောက်ခေါ်ကြသည်။

ထို ပျော်စရာကောင်းသော စီမံကိန်းလေးတွင် ရုံးကြီးဆောက်၍လည်း မပြီးသေး၍ ဝန်ထမ်းနည်းနည်းသာရှိသေးသည်။ ရုံးဆောက်နေသော နေရာက ယခင်က စက္ကူစက်ရုံလုပ်ဖို့ဆိုသော်လည်း မလုပ်ဖြစ်ဘဲ သုတေသနရုံးခန်းဆောက်နေသော နေရာဖြစ်လာသည်။ ထိုရုံးမြေနေရာသည် ယခင်က သချိုင်းဟောင်းနေရာလေးလည်း ဖြစ်သည်။ ကျွန်မတို့ပြောင်းမလာခင်က မြေနေရာကိုရှင်းသည့်အခါ အလုပ်သမားမိန်းကလေးများကို သရဲကဝင်ပူးကပ်ပြောဆိုနေ၍ အထက်လမ်းနည်းဖြင့်ဦးဘိုကေဆိုသည့် ဦးလေးကြီးက ဖြေရှင်းပေးခဲ့ရသည်။ သချိုင်းဟောင်းဆိုသော်လည်း တချို့လူများကအလောင်းများထပ်မံလာမြှုပ်ထားကြ၍ အရိုးစုမဖြစ်သေးသော အလောင်းများကိုလည်း မြေတူးစက်ဖြင့်ရှင်းသည့်အခါတွေ့ရသည်ဟုဆိုပါသည်။

ထိုနေရာလေးတွင် နေထိုင်ရင်းကိုယ့်အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်ကြီးတွင် စက်တလိုက်အော်ပရေတာတစ်ဦးနှင့်မိုင်းစောင့်ရှောက်ဖို့ တပ်ကြပ်တစ်ဦးတပ်သားတစ်ဦးပါအတူနေထိုင်ကြသည်။ သူတို့နှင့်လည်း ခင်နေကြပြီး တပ်ကြပ်ကြီးက ညနေဆို ရန်ကင်းရွာသို့အရက်သောက်ရန် သွားတတ်သည်။ ရန်ကင်းရွာနှင့်စက်ရုံက လမ်းလျှောက်သွား၍ရသည်။ဩဇာသီးပေါသော ရန်ကင်းရွာ

လေးတွင်ဩဇာသီးဝယ်ပါက ဩဇာသီး အလုံး(၁၀၀)မှတစ်ဆယ်ကျပ်ပေးရသည်။ လခထုတ်ရက်တွင်တော့တပ်ကြပ်ကြီးက ပျဉ်းမနားမြို့သို့ လစာသွားထုတ်တတ်ပါသည်။ ပျဉ်းမနားမှအပြန်တွင် ရထားစီးပြန်လာတတ်သည်။ ရထားက အေလာဘူတာတွင်မရပ်ပါ။ တပ်ကြပ်ကြီးက ပျဉ်းမနားရှိမိသားစုအိမ်တွင် တစ်ညအိပ်ပြီးမှမနက်ရထားနှင့်ပြန်လာတတ်သည်။ အေလာမြို့လေးနှင့်စက်ရုံဘက်သွားသောလမ်းကို ရထားလမ်းက ခြားထားသည်။ ထိုနေရာတွင် မြောင်းကျော်တံတားလေးရှိ၍ ရထားအရှိန်လျော့သွားတတ်သည်။

တပ်ကြပ်ကြီး ရထားကြိတ်၍ သေပြီဆိုသည့်သတင်း စက်ရုံရှိဝန်ထမ်းများစီသို့ရောက်ရှိလာသည်။ အလောင်းကြည့်ရန် အေလာမီးရထားဘူတာသို့သွားကြရာ ရထားဘူတာမျက်နှာစာရှေ့တွင် အလောင်းကိုချထားသည်။ ခါးနားကနေဖြတ်ကြိတ်သွားသဖြင့် အလောင်းမှာနှစ်ပိုင်းပြတ်သွားသည်ကို တာလပတ်စဖြင့် အုပ်ထားသည်။ ကျွန်မတို့အဖွဲ့ဝင် သေချာအောင်မျက်နှာကို လှပ်ကြည့်ကြပြီးစိတ်မကောင်းဖြစ်ကြရပါသည်။ ပျဉ်းမနားမှပြန်တိုင်းသူအကြိတ်ခံရသည့်နေရာတွင်ရထားပေါ်မှခုန်ဆင်းချပြီးနေခဲ့တတ်သည်မှာလတိုင်းပါ။ဒီလမှရထားအောက်ကို ဘယ်လိုရောက်သွားလဲမသိဘဲ သေရရှာသည်။

တပ်ကြပ်ကြီး သေသည့်ညတွင် အိမ်ရှေ့အိမ်မှလူများလည်းမအိပ်ကြပါ။ ညဆယ်နာရီကျော်လျှင် မီးပေးသည်ကို ရပ်လိုက်၍ ဖယောင်းတိုင်တို့မီးအိမ်တို့ကိုအသုံးပြုကြရသည်။ တပ်ကြပ်ကြီးနေသောအိမ်တွင် ဆူညံသံလိုကြား၍ နားစွင့်နေကြရသည်။ သူ့ကိုယ်သူ သေမှန်းမသိရှာတာလားမသိပါ။ ခြေသံများလည်းကြား၍အတူနေသူများက မအိပ်နိုင်ကြပါ။

ရန်ကင်းရွာလေးတွင်တော့ သူအရက်သွားသောက်တတ်သည့် အိမ်၏ အိမ်ရှေ့လမ်းမတွင် လမ်းလျှောက်သံတို့ကြားနေရပြီးအော်ခေါ်သံလည်းကြားကြရသည်ဟုပြန်ပြောပြပါသည်။ ထိုနေ့ ညနေစောင်း မှောင်စပျိုးချိန်တွင် ခွေးတွေကလည်း အဆက်မပြတ်အူနေ၍ရွာသူရွာသားတွေကတော့ တပ်ကြပ်ကြီးလာနေကျအတိုင်း အရက်သောက်ရန်လာသည်ဟု ထင်ကြေးပေးကြသည်။ တပ်ကြပ်ကြီးအစိမ်းသေဖြစ်၍ ချက်ချင်းကျွတ်လွတ်ဟန် မတူပါ။ သတိရတိုင်း တပ်ကြပ်ကြီးကို အမျှဝေပေးရပါသည်။ သူ့အလောင်းကိုတော့ မိသားစုရှိရာ ပျဉ်းမနားသို့ပြန်သယ်သွားကြပါသည်။

ရုံးသစ်ကြီးပြီးသွားတော့ တဲတန်းလျားနေရာ ရုံးဟောင်းလေးတွင် လက်သမားလုပ်သော ဂျပန်လေးများပါလာကြပြီး ဂျပန်အလုပ်သမားရော၊ မြန်မာအလုပ်သမားများပါ ရော၍ ထိုရုံးလေးတွင်ရုံးထိုင်ကာ အလုပ်လုပ်ကြပါသည်။ ရှာခံလျှပ်စစ်ဌာနကလူများသည်၊ မီးပျက်၍ဓာတ်တိုင်တက်လျှင်လှေကားနှင့်ဓာတ်တိုင်ပေါ် မတက်ဘဲ တိုင်လုံးကိုဒီတိုင်းဖက်တက်နိုင်သော အရည်အချင်းရှိကြလေသည်။

ညဘက် လသာသာတွင် ကားလမ်းမနေရာမှနေ၍ မီးလုံးကြီးများတက်လိုက်ဆင်းလိုက်ဖြစ်နေသည်ကို မြင်ကြရသည်။ ကိုယ်ကတော့ စုန်းတောက်တာလားမသိဘူးဟုထင်ကြေးပေးသော်လည်း အမျိုးသားကတော့ ကြောက်မှာစိုး၍ထင့် ကားလမ်းအနိမ့်အမြင့်မှာ ကားမီးတို့ စက်ဘီးမီးတို့မြင့်သွားလိုက်၊ နိမ့်သွားလိုက်ဖြစ်တာနေမှာပေါ့။ အိမ်ထဲဝင်တော့ ခဏကြာမီးမှိတ်တော့မှာလို့ ပြောပါသည်။ ရန်ကုန်မြို့ကြီးတွင် မမြင်ရသည့်ရှုခင်းအလှအပဝိုင်းစက်နေသောလပြည့်နေ့ည လမင်းကြီးအလင်းရောင်ကမိုးမြင့်တိုက်တွေမရှိသောကွင်းပြင်ကျယ်ကြီးတွင် နေ့လိုထိန်လင်းနေပါသည်။

ညဂျူတီကျသော ကျွန်မတို့စီမံဌာနမှ စာရေးကြီးဦးစိုးမြင့်က သူဂျူတီကျလျှင် ရုံးသို့တစ်ယောက်တည်း သွားမစောင့်ပါ။ သူ့သားလေးကို အဖော်ခေါ်သွားတတ်ပါသည်။ ညဂျူတီကျလျှင် လူမရှိသော ရုံးခန်းထဲမှလက်နှိပ်စက်ရိုက်သံများကြားရတတ်၍ လန့်ကြသည်။ ၁၉၈၀ ပြည့်နှစ်ကာလခန့်က ရုံးတွင်ကွန်ပျူတာမသုံးကြသေးပါ။ရုံးခန်းမျက်နှာစာများတွင်မှန်ချပ်ကြီးများဖြင့်ကာထား၍ ရုံးခန်းထဲမှနေ၍ ရုံးအပြင်ကိုအတိုင်းသားမြင်ရသည်။ ရုံးဝင်းထဲရှိရှေ့မျက်နှာစာအနီးဓားလွယ်ခုတ်လောက်တွင် ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ညောင်ပင်ကြီးက အုတ်ဂူတစ်လုံးကို သူ့ အမြစ်များဖြင့်ကုတ်အုပ်ထား၍အုတ်ဂူကိုတစ်ဝက်တစ်ပျက်မြင်နေရသည်။ သချိုင်းဟောင်းနေရာဆိုတော့လည်း ကြောက်မိရသည်။

နောက်နေ့ရုံးတက်တော့ စက်ရုံသို့ အရာရှိလာမည်မို့ရန်ကုန်မှပို့လိုက်သော ကြိမ်ကုလားထိုင်ကြီးများလမ်းတွင်ထိခိုက်မိ၍ထိုင်သောနေရာ နောက်မှီနေရာများတွင်ပေါက်လာ၍ ပျဉ်းမနားသို့သွားပြင်၍ရမလားဟု မေးနေသံကြားရသည်။

"ကျွန်မ ကြိမ်ထိုးတတ်ပါတယ်။ ညနေရုံးမဆင်းခင်တစ်နာရီအလိုလောက်မှာအချိန်ယူပြီး ပေါက်ပြဲနေတာတွေကိုပါ ဖာပေးပြင်ပေးပါ့မယ်။ ကြက်ဥကြိမ်ဝယ်ပေးပါလား"

ရုံးကလူကြီးများက ကျွန်မပြော၍ ပျဉ်းမနားတက်ကာ ကြက်ဥကြိမ်ဝယ်ပေးသည်။ အစည်းအဝေးခန်းမကြီးထဲတွင် ကြိမ်ကုလားထိုင်ကြီးများကိုပြင်ဖို့ ပြင်ဆင်ရသည်။ ကြိမ်ထိုးလျှင် ကြက်ဥကြိမ်နှင့်မှရပါသည်။ ရေခွက်ကြီးတစ်ခွက်ထဲတွင် ကြိမ်ပျော့စေရန် ထိုးရမည့်ကြိမ်ကို ပထမဦးစွာ ရေစိမ်ရပါသည်။ ကြိမ်ထိပ်ဖျားကို ဖယောင်းနှင့်တိုက်၍ နောက်မှီအပေါက်များ ထိုင်ခုံအပေါက်နေရာများကိုကြိမ်ပြန်ဆက်ပြီး ပြင်ရသည်။ ကြိမ်ဖြတ်ရန် ကတ်ကြေးတစ်လက်လည်းပါရသေးသည်။ အစည်းအဝေးခန်းမကြီးကကျယ်ပါသည်။ တစ်ယောက်တည်းမို့စိတ်ကနည်းနည်းတော့ ချောက်ချားမိသည်။ ထိုးမည့်ကြိမ်ထိပ် ပျော့စေရန် ရှေ့လက်လှမ်းကာ ကြိမ်ကိုရေစိမ်စဉ် နာရီဝက်လောက် အဆင်ပြေပြေရှိနေသော ရှေ့တွင် ချထားသောရေခွက်ကမရှိတော့ပါ။ အခန်းထဲတွင် ကိုယ်တစ်ယောက်တည်း။ ရေခွက်က ကိုယ့်ဘေးနှစ်ခုံကျော်နေရာသို့ ရောက်နေသည်။ ကိုယ်လည်းဘာပစ္စည်းမှမသိမ်းနိုင်တော့ဘဲ အခန်းထဲကထွက်လာခဲ့မိပါသည်။ နောက်နေ့တွေ ကြိမ်ကုလားထိုင်များကိုပြင်လျှင် အဖော်တစ်ယောက်ခေါ် ထားရပါသည်။

အရာရှိမလာမီ ဧည့်သည်တွေ တစ်ရက် ကြိုရောက်နေကြသည်။ သူတို့ တည်းခိုရန်ရုံးဝင်းထဲရှိဧည့်ရိပ်သာနေရာလေးတွင် ထားပေးထားပါသည်။ ရေချိုးခန်းဘေစင်ပေါ် တွင်မျက်နှာသစ်ရန်သွားတိုက်သွားပွတ်တံတို့၊ သွားတိုက်ဆေး၊ ဆပ်ပြာခဲတို့ကို ထားပေးထားသည်။ သူတို့ သွားတိုက်မျက်နှာသစ်စဉ် သူတို့ရှေ့တွင်ပင်ရေချိုးခန်းထဲဘာအရိပ်အယောင်မျှမမြင်ရဘဲ တခြားဘေစင်ပေါ် သို့ပစ္စည်းများနေရာရွှေ့သွားသည်ကို ကြုံကြရကြောင်း ပြန်ပြောပြ၍သိကြရသည်။

ဗိုအိုင်ပီလူကြီးများ လာမည့်နေ့တွင် နေ့လယ်ဆယ့်တစ်နာရီမှစ၍ ရုံးနှင့်ဝန်ထမ်းအိမ်ရာကို အကူးအသန်း မလုပ်ရဘဲ လမ်းပိတ်မည်ဆို၍ ဘယ်အချိန်ရုံးမှပြန်ရမည်မသိသဖြင့် ထမင်းဟင်းတို့ကို ညနေစာပါ ကမန်းကတန်းချက်ပြုတ်

ထားရသည်။ရွှေဖရုံသီးသည်က ဒီအချိန်မှလာရောင်းနေ၍ တစ်လုံးဝယ်လိုက်သော်လည်းမသွားသေးဘဲ သူ့ကိုထမင်းကျွေးပါဟု ပြောလာသည်။

"ကျွန်မတို့လူကြီးလာမှာမို့ အခုပဲရုံးသွားရတော့မှာ။ ထမင်းကျွေးဖို့အချိန်မရှိလို့စိတ်မရှိပါနဲ့။ လမ်းလည်းပိတ်တော့မှာမို့ဝန်ထမ်းအိမ်ရာကနေပြန်ထွက်သွားပါတော့နော်"

စျေးသည်ကို ပြန်ရန်ပြောပြီး ယူနီဖောင်းလဲကာအခန်းတံခါးများပိတ်၊ ခြံတံခါးများပိတ်ပြီး ရုံးကိုသွားရသည်။ ညနေစောင်းမှ ရုံးမှပြန်လာရသည်။ ဒီနောက်ပိုင်း ဗိုက်ခဏခဏအောင့်၍ ဆေးခန်း သွားသွားပြနေရရာ ဆေးသောက်သော်၊ခဏပဲသက်သာပြီးပြန်ပြန်ဖြစ်နေ၍ ဆေးကုရန်ရန်ကုန်သို့ခဏပြန်ကြသည်။ အဘိုးက မနောမယသိဒ္ဓိဝိဇ္ဇာမိုရ်ရိုဂိုဏ်းမှ ဂိုဏ်းထောက်ဆရာဖြစ်၍ သူတစ်ပါးမကောင်းသော အောက်ဓာတ်ဖြင့်ပြုလုပ်ထားခြင်းရှိမရှိ ဓာတ်စစ်ရာ လက်ချောင်းများကွဲထွက်၍ ပြုစားထားကြောင်းသိရသည်။ အဘိုးကုပေး၍ သက်သာလာသဖြင့် မိဘအိမ်သို့ ခေတ္တပြန်နေရာ အမေ့အိမ်ဘေးဘက်မှဦးလေးမှာရွှေရင်ကျော်ဂိုဏ်းမှဆရာဖြစ်၍စကားစပ်မိရင်း ပြောပြမိသည်။ ဦးလေးကလုပ်သောသူကို ခေါ်သွင်းကာ ဘာကြောင့်လုပ်သလဲဟု စုတ်အပ်နှင့်ပေါက်၍ မေးပါတော့သည်။

"ကျွန်မက ရွှေဖရုံသီးသည်ပါ။ ထမင်းဆာလို့ ထမင်းတောင်းစားတာကို ညနေသူတို့အိမ်အတွက် ထမင်းထပ်မချက်နိုင်မှာစိုးလို့ မကျွေးတာနဲ့ ဗိုက်အောင့်အောင်ပြုစားမိတာပါ။ သူ့ယောကျ်ားကလည်း မနက်စာပြန်မစားသေးလို့ ရုံးသွားရတော့မယ်ဆိုပြီး မကျွေးလို့ မုန်းလို့လုပ်လိုက်မိတာပါ"

ဦးလေးနှင့် စုန်းတတ်သောပညာသည်တို့ အပြန်အလှန်ပြောနေကြသည်ကို ကျွန်မအကုန်သိနေပါသည်။ ရွှေဖရုံသီးသည် ထမင်းတောင်းစားတော့အချိန်လည်းမရ သူ့ကိုကျွေးလိုက်လျှင် ညနေစာပြန်ချက်ဖို့ လုပ်နေရမည်လို့ စိတ်ထဲကတွေးမိသည်ကိုပညာသည်ကသိနေ၍ အံ့ဩမိပါသည်။ ကျွန်မကို ဝင်ပူးကပ်လျှင် ကိုယ်ကဘေးနားမှာ ထိုင်နေသလိုခံစားရပြီး ဝင်ပူးကပ်ပြောဆိုသောစကားများကိုလည်းအကုန်ကြားသိနေပါသည်။ ဝင်ပူးကပ်သူကိုလည်း စိတ်ထဲကနေစကားပြောမိလျှင် လုပ်သောသူက ပြောတာကို သိနေပါသည်။ သူ့ကိုကျိန်းနေတယ်ဟု ဂိုဏ်းဆရာကို ပြန်ပြောပြပါသည်။ သူများတွေလို ပူးကပ်သူထွက်သွားလျှင် ဘာမှန်းမသိတော့တာမျိုး မရှိခဲ့ပါ။ အဘိုးတို့အိမ်ပြန်ရောက်သောအခါ အဘိုးကို ပြန်ပြောပြမိသည်။ အဘိုးက သံသရာရှည်မှာစိုးလို့ ဘယ်သူဘယ်ဝါလုပ်တယ်ဆိုတာမမေးတာလို့ ပြောပါတယ်။

"သူများကျွေးသည့်အစားအစာများ စားတော့မည်ဆိုလျှင် သရဏဂုံရွတ်ဆိုပြီးမှ စားပါ။ သမီးတို့ကို အဘိုးကနောက်ထပ် ထပ်ပြုစားခံရနေမှာစိုးလို့ မနောမယသိဒ္ဓိဝိဇ္ဇာမိုရ်ရိုဂိုဏ်းဝင်ဖို့လုပ်ပေးလိုက်မယ်။အဘိုးကတော့ငါးကံထိန်းရတယ်။သမီးတို့က ကာမေသုမိစ္ဆာစာရာကံနဲ့ သူရာမေရ ကံနှစ်ကံကိုထိန်းရမယ်။ သူတစ်ပါးသားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်တဲ့ကံရယ်၊ မူးယစ်စေတတ်သောသေရည်သေရက်သောက်စားခြင်း၊ ရှူရှိုက်ခြင်းတို့ကို ရှောင်ရမယ့်ကံတွေကို ထိန်းရမှာပေါ့"

အဘိုးက ဓာတ်ပြန်စစ်ပေးကာပြုစားထားသည်များကုန်မှ ဂိုဏ်းတော်သို့ ဝင်ခိုင်းလိုက်ပါသည်။ အေလာစီမံကိန်းသို့ပြန်ရောက်တော့ ကိုယ့်ကလေးကိုချစ်၍ယခင်ကအိမ်ကိုခေါ် ယူထိန်းတတ်သောစာရေးကြီးအိမ်က ငှက်ပျောသီးများတစ်ယောက်တစ်လုံးအခန်းထဲလိုက်ဝေကျွေးပါသည်။ကျွန်မမစားခင်သူတစ်ပါးအောက်ဓာတ်နှင့်ပြုလုပ်ထားသည်များ ဤအစားအစာတွင်ရှိပါက လက်ထဲကနေခါချပေးပါဟုတိုင်တည်ကာ ငှက်ပျောသီးကိုကိုင်ထားရာ ကိုင်ထား၍မရဘဲ လက်ကခါချ၍အောက်သို့ပြုတ်ကျသွားပါသည်။ကျွန်မနှစ်ခါသုံးခါဓာတ်စစ်ကြည့်ရာ ထိုသို့ဖြစ်နေ၍ ထိုငှက်ပျောသီးကို ကျွေးသောသူမမြင်နိုင်သည့်နေရာတွင် စွန့်ပစ်လိုက်ရပါသည်။

ငှက်ပျောသီးကျွေးသော အိမ်နှင့်အစက အတော်ခင်ကြရာ သမီးကထိုအိမ်မှာပဲအဖော်တွေများ၍ သွားကစားနေတတ်ပါသည်။ တစ်နေ့ညနေစောင်း ထမင်းကျွေးနေစဉ် ထိုအိမ်သို့ပြေးသွား၍ထမင်းလိုက်ခွံ့ရာ ဂျပန်ဇည်သည်များကိုအားနာ၍ အိမ်ဘက်သို့အတင်းပြန်ခေါ် လာခဲ့မိပါသည်။

ထိုသို့ခေါ် လာမိသည်ကို သူတို့ကကလေးကိုအရမ်းချစ်တာကိုဒီလိုပြန်ခေါ် သွားရသလားဆိုကာ ကျွန်မတို့ခြံဘက်ပြတင်းပေါက်တံခါးများကို ပိတ်ပစ်ပါသည်အစကတည်းက အစာအိမ်ရောဂါဖြစ်ဖူး၍ပျောက်ကင်းနေပြီကို အခုဗိုက်ခဏခဏအောင့်လာ၍ ရန်ကုန်ပြန်ကာဆေးကုရပါသည်။ ပညာတတ်သောသူများသည် စကားအများမခံ၊ သည်းမခံတတ်ကြပါ၊ သူတို့နှင့်ခင်စဉ်က ကလေးကိုလူရှေ့မှာနို့မတိုက်နဲ့ရေနဲ့လည်းသူများပြုစားလို့ရတယ်။ အပြုစားမခံချင်လျှင်အကျႌမှာတွယ်ချိတ်လေးချိတ်ထား၊ခေါင်းအုံးအောက်မှာ ကတ်ကြေးထားအိပ်ဟုသင်ပေးတတ်သော်လည်း ထိုအန်တီကြီးကို ပညာတတ်သည်ဟု မထင်ခဲ့ပါ။

ကျွန်မတို့ နောက်ကျတော့ ပြန်စကားပြော ပြန်ခင်ခဲ့ကြသော်လည်း သူတို့နှင့်ကျွန်မတို့အိမ်က ယခင်က ဟင်းချက်ပြီး ဟင်းခွက်ကမ်းစားနေကြမှုဆက်လက်ပေးဖြစ်ခဲ့ကြသော်လည်း ဓာတ်စစ်ပြီးမှ စားရခဲ့ပါသည်။ ကျွန်မတို့ရန်ကုန်တွင် ဆေးကုစဉ်ကပညာလျှုခိုင်းသည်ကို ပိုက်ဆံပေးပြီးသင်ထားရ၍ မလျှုပါရစေနှင့်ဟုတင်းခံနေ၍ နူတ်ဖြင့်လက်ပြန်ကြိုးတုတ်၍လက်မပါဘဲရိုက်ရာ ကျွန်မတို့မရှိစဉ်ကအန်တီကြီးနေမကောင်း၍ခေါင်းကိုပိတ်စဖြင့်စီးထားရသည်ဟုပြန်လာတော့အိမ်နားနီးချင်းတွေကပြောပြကြပါသည်။ ရန်ကိုရန်ခြင်းမတုံ့နှင်းဘဲ ခင်မင်စွာပဲမေတ္တာပို့ကာ ဆက်နေခဲ့ကြပါသည်။ နှစ်ပေါင်းကြာပြီဖြစ်၍ အန်တီကြီးရော၊ အန်ကယ်ကြီးရောရှိကြမည်မထင်တော့ပါ။

ဂိုဏ်းတော်သို့ဝင်ပြီးသည့်နေ့မှစ၍ သူတစ်ပါးကျွေးသောအစားအစာများကို စားလျှင်လည်းဓာတ်စစ်ပြီးမှစားရပါသည်။ ကျွန်မတို့အေလာစီမံကိန်းမှနေ၍ကြေးနီစီမံကိန်းသို့ပြောင်းရွှေ့လာသည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီဖြစ်သည်။ အေလာတွင်ကျန်ခဲ့သည့်ရွာခံသူငယ်ချင်းများလည်း ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးသည့်လူများလည်း ဆုံးသွားကြပါပြီ။ စက်ရုံနှင့်အိမ်များသည်လည်း ဆက်လက်အလုပ်မကျတော့၍ ချုံနွယ်များပိတ်ဖုံးနေသည်ဟု အေလာမြို့ထဲတွင် နေကြသော မြို့ခံသူငယ်ချင်းက ဖုန်းဆက်ပြောပြပါသည်။ လူတချို့သာ ထိုနေရာမှ မပြောင်းမရွှေ့ဘဲ နေထိုင်ကျန်ခဲ့ကြသည်ဟုဆိုပါသည်။ ထိုစီမံကိန်းတွင်ငါးနှစ်ကျော်ကြာအောင်နေခဲ့ရ၍ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကိုမမေ့နိုင်သလို ထိုစီမံကိန်းနေရာလေးကို တစ်ခေါက်လောက်တော့ သွားရောက်ချင်ခဲ့မိပါသည်။

စောမိသွင်-ရန်ကုန်



# ကံကြမ္မာဆန်းကြယ်ပုံကို ပြောရရင်ဖြင့်

[illegible]

လူတို့၏ကံကြမ္မာ ဆန်းကြယ်ပုံကို ကြုံဖူးသူများရှိသကဲ့သို့ကြားဖူးသူများလည်းရှိသည်။အသက်သေဆုံးရလောက်အောင် ဘေးအန္တရာယ်အမျိုးမျိုးနှင့်တွေ့ကြုံရပါလျက် အသက်ရှင်လျက်ရှိနေသူများလည်းမနည်းချေ။ ဥပမာ-လေယာဉ်ပျံပျက်ကျရာတွင်လည်းကောင်း၊ လေဒဏ်မိုးဒဏ်နှင့်ကြုံတွေ့ရာတွင်လည်းကောင်း၊ငလျင်လှုပ်ရာတွင်လည်းကောင်း၊ လူပေါင်းများစွာအသက်သေဆုံးကြသော်

လည်း ဘေးမသီရန်မခဘဲ သေဘေးမှ လွတ်မြောက်၍ အသက်ရှင်ကျန်ရစ်သူ အများအပြားရှိပါသည်။

လွန်ခဲ့သောနှစ်၊ ကဆုန်လကမိခင်၏ရင်ခွင်၌ ပွေ့ပိုက်ထားသော (၂) နှစ်သမီးအရွယ်မိန်းကလေးတစ်ယောက်နှင့် လူလတ်ပိုင်းအမျိုးသမီး (၅) ယောက်တို့သည် ကညွတ်ကွင်းမြို့နယ်၊ ရွာတစ်ရွာမှ မင်္ဂလာဆောင်တစ်ခုသို့ နွားလှည်းဖြင့် လာကြရာလမ်းခရီးအကြား၌ရုတ်တရက် မိုးကြိုးပစ်ချလိုက်သဖြင့် လှည်းပေါ်ပါလူအားလုံးနှင့်နွားတစ်ကောင်ပါပွဲချင်းပြီး သေဆုံးကြသည်။ သို့သော် (၂) နှစ်ရွယ် သမီးကလေးမှာ ခလုတ်မထိဆူးမငြိဘဲ သေဘေးမှလွတ်မြောက်ကျန်ရစ်ခဲ့သည်။

ဘိုးဘွားရိပ်သာသို့ ရောက်ရှိလာကြသောခိုကိုးရာမဲ့ဘိုးဘွားများတွင်လည်း အသက်သေရမည့်ဘေးနှင့်ရင်ဆိုင်ခဲ့ရပြီးမှသေကံမရောက်၍ သက်မပျောက်ဘဲ လွတ်မြောက်လာသူများရှိသည်။တစ်နေ့ အဘွားတစ်ယောက်က-

"မွေးနေ့၊ သောကြာ၊ တနင်္လာကသာဆံမြိတ်မပြုအပ်တဲ့။ ဒီနေ့သောကြာနေ့ဆံပင်မရိတ်ကောင်းဘူး"

ဟုပြောသည်။ ထိုအခါခေါင်းရိတ်ချင်သောအဘွားက-

"မထူးပါဘူးတော်၊ ကျုပ်က သေတွင်းကလွတ်လာခဲ့တဲ့လူပါ"

ဟု အချင်းချင်းပြောနေသူကို (ဘိုးဘွားရိပ်သာစောင့်ရှောက်နေသည့်) ဆရာမကကြားသဖြင့်-

"ဘယ်လိုလဲအဘွားရဲ့၊ သေတွင်းကလွတ်လာတယ်ဆိုတာပြောပြပါဦး"

"တခြားမဟုတ်ပါဘူး၊ အဘွားဒီမရောက်ခင်တုန်းက သူများအိမ်မှာ တစ်နှစ်ကျော်(၂)နှစ်နီးပါးနေခဲ့ရတယ်။ အိမ်ရှင်များကလက်လုပ်လက်စား၊ ချမ်းသာလှတာမဟုတ်ဘူး။ အဘွားကိုသနားလို့ သူတို့အိမ်မှာခေါ်ပြီးစောင့်ရှောက်ထားတာ။ တစ်နေ့တော့ အဘွားမကျန်းမမာဖြစ်ရာက ဝမ်းတွေလျှောပြီးလူမှန်းသူမှန်းမသိဘဲမေ့မြောသွားတယ်။ အိမ်ရှင်များလည်းသူတို့တတ်နိုင်သလောက် ဂရုစိုက်ပြုစုကြပါတယ်။ ဒါပေမယ့် မလှုပ်မရှားစကားလည်းမပြောနိုင်မေ့မြောနေတာကို သေပြီမှတ်လို့ ညတွင်းချင်းပဲဖျာနဲ့လိပ်ပြီး သုသာန်ကိုပို့လိုက်ကြတယ်။ ဝမ်းရောဂါဆိုတော့ကူးမှာစိုးလို့အိမ်မှာဘယ်ကြာကြာထားချင်ကြမလဲ။ သုသာန်ရောက်တော့ သုသာန်စောင့်တွေက ညကြီးမင်းကြီးအချိန်လည်းမရှိတော့ဘူး။ မနက်မိုးလင်းမှတွင်းတူးပြီးမြေမြှုပ်မယ်ပြောလို့ အဘွားကိုသုသာန်မှာ ဒီအတိုင်းဖျာလိပ်နဲ့ထားခဲ့ပြီးပြန်သွားကြတယ်"

"ဆက်ပြောပါအဘွား"

"သတိရလို့ သူ့ကိုပြောတာတွေကိုကြားရတာပေါ့။ ကြားပေမယ့် စကားပြန်မပြောနိုင်ဘူး။ သူတို့ပြန်သွားပြီး ရေကလည်းငတ်လွန်းလို့ ညည်းရုံသာညည်းနိုင်တယ်။ အဘွားသေနေ့မစေ့သေးတော့ အဲဒီလိုညည်းနေသံကို ဘယ်သူကကြားတယ်မှတ်လဲ။ သုသာန်နားမှာကပ်နေတဲ့ သုသာန်ဘုန်းကြီးကျောင်းက ကပ္ပိယက တရေးနိုးလို့ ညည်းသံလိုလိုဘာလိုလိုကြားတာနဲ့ ဘုန်းကြီးကိုနှိုးပြီးလျှောက်သတဲ့။ ဘုန်းကြီးက အသာနားစိုက်ထောင်ရင်း-

"အေးဟဲ့- လူညည်းသံပဲ၊ ဘယ်လိုဟာများလဲမသိဘူး။ လာ- သွားကြည့်ကြရအောင်။ မီးခွက်တစ်ခုယူခဲ့၊ကျောင်းသားလေး (၂) ယောက်ကိုလည်းနှိုးပြီး ခေါ်လာခဲ့"

လို့ ပြောပြောဆိုဆိုလူသေမြှုပ်တဲ့ မြေပုံတွေ၊ အုတ်ဂူတွေကိုကျော်ဖြတ်ပြီး ခတ်သုတ်သုတ်လာကြသတဲ့။ ညည်းသံကြားတဲ့အနားရောက်တော့ ဘုန်းကြီးက ကပ္ပိယကိုဖျာလိပ်ဖြေခိုင်းတယ်၊ ဖျာလိပ်ဖြေနေတုန်းအဘွားအသံနည်းနည်းထွက်လာပြီး ရေတောင်းတယ်၊ ဘုန်းကြီးကလည်း-

"ဟဲ့- ဒကာ မဟုတ်ဘူး၊ ဒကာမဟ၊ ကျောင်းပြန်သောက်ရေအိုးထဲကရေတစ်ဖလား မြန်မြန်ခပ်ယူခဲ့စမ်း"

လို့ကျောင်းသားလေး(၂)ယောက်ကိုလွှတ်လိုက်တယ်။ ရေရောက်လာတော့ ကပ္ပိယကအဘွားကိုအသာထူပြီး ရေတိုက်တယ်။ ရေကလည်းငတ်ငတ်နဲ့မနားတမ်းသောက်လိုက်တာ ရေသီးမှာစိုးလို့ကပ္ပိယကြီးက ဖြည်းဖြည်းသောက်ဖို့ပြောတယ်။ ပြောပေမယ့် ရေကသိပ်ငတ်နေတော့တစ်ခါတည်းသောက်ချလိုက်တာရေတစ်ဖလားကိုကုန်ရော။ ရေသောက်ရလို့လားမသိဘူး။ ရင်ထဲကို အေးသွားတာပဲ။ အားလည်းနည်းနည်း ပြန်ပြည့်လာတယ်။

ဘုန်းကြီးက-

"ဒကာမကြီး ဘယ်လိုကဘယ်နဲ့ဖြစ်လာတာလဲ၊ ဪ- ဒုက္ခကိုင်း . . . လာ. . . လာ၊ ကပ္ပိယနဲ့ကောင်လေးနှစ်ယောက်ကဒကာမကြီးကိုအသာတွဲကြ၊ တွဲပြီးငါ့ကျောင်းကိုခေါ်ခဲ့ကြ"

လို့ပြောတယ်။ ဘုန်းကြီးကျောင်းအောက်မှာ တစ်ညထားပြီးမိုးလင်းတော့မှဘုန်းကြီးကအရပ်ကလူတွေကိုအကြောင်းကြားတယ်။ ဒကာမဆိုတော့ ဘုန်းကြီးကျောင်းမှာကြာကြာထားလို့ ဘယ်ဖြစ်မလဲ။ ဒါနဲ့အရပ်ကစုပြီး သုသာန်ထဲမှာ တဲကလေးတစ်လုံးထိုးပြီး အဘွားကိုနေချင်းပြောင်းပေးတယ်။ ထမင်း၊ ဟင်းကတော့ ဘုန်းကြီးစားလို့ ကျန်တဲ့ဆွမ်းကျန်၊ ဟင်းကျန်ကို ကျောင်းသားလေးနဲ့ပို့ခိုင်းပေးတဲ့အတွက်စားရတယ်"

ဟု ပြော၍အဘွားသည်ဆေးလိပ်သောက်ရန်မီးညှိနေပါသည်။

ဆရာမက-

"သုသာန်မှာ အဘွားခုလိုတစ်ယောက်တည်းနေရတာ မကြောက်ဘူးလား"

ဟုမေးသောအခါအဘွားကဆေးလိပ်ကိုနှစ်ဖွာသုံးဖွာဖွာ၍-

"ဆရာမရယ် ဘယ်မကြောက်ဘဲနေမလဲ၊ ကြောက်တာပေါ့၊ ကြောက်ပေမယ့်ဘယ်နဲ့လုပ်မလဲ၊ကိုယ့်ကံအကြောင်းကိုကဆိုးလာတာကိုး။ ပြီးတော့ မမြင်ချင်ပေမယ့်မြင်နေရတာတွေ၊ မကြားချင်ဘဲကြားနေရတာတွေ"

"ဘယ်လိုလဲအဘွားရဲ့ ပြောပါဦး"

"သုသာန်ကိုလာချတဲ့မသာတွေပေါ့။ သမီးရေအမေလာပြီ၊ သားရေအမေလာပြီလို့ပြောပြီးရင်ဘတ်ထုအော်ငိုတဲ့အသံတွေငိုရင်းနဲ့တက်သွားလို့ ဝိုင်းနှိပ်ကျ၊ မြေကြီးပေါ်လူးလိမ့်ငိုသူကလည်း မနည်းဘူး။ ဒီလိုဟာတွေကိုမြင်တွေ့နေရတော့ ဘယ့်နှယ်မကြောက်ဘဲနေမလဲ။ ကြောက်သမှ ညညဆိုရင် မအိပ်နိုင်ဘူး။ ပါလာတဲ့စောင်စုတ်ကလေးနှစ်ထည်ကို ခေါင်းမြီးခြုံအိပ်ပြန်လည်း တပေါင်းတန်ခူးပူအိုက်တဲ့ရာသီမို့ ချွေးကိုဖြိုင်ဖြိုင်ကျနေတာပဲ။ ဣတိပိသောတို့၊ဘာတို့လည်း တတ်သရွေ့မှတ်သရွေ့ပါးစပ်ကရွတ်ပါရဲ့။ စိတ်ကမဟုတ်တရုတ်တွေလျှောက်တွေးတောနေတော့ကဘောက်တိကဘောက်ချာဘယ်ဖြောင့်အောင်ရွတ်နိုင်မလဲ"

"သုသာန်သင်္ချိုင်းဆိုတော့ညဘက်မှာပိုပြီးတိတ်ဆိတ်တာပေါ့။ သစ်ပင်ကသစ်ကိုင်းသစ်ရွက်တွေ သူ့အလိုလိုလေတိုက်လို့တဖျောက်ဖျောက်တရှဲရှဲလှုပ်ကျ ကြွေကျတဲ့အသံ၊ ငှက်မြည်သံ၊ မြွေတွန်သံတွေကြားရင်လည်း တစ္ဆေခြောက်တာလား၊ သရဲခြောက်တာလားဟဲ့။ ငါ့ခေါင်းများအရိုးနဲ့လာခေါက်မလား၊ ဟာ- မပြောပါနဲ့တော့၊ ကတ်သီးကတ်သတ်

အမျိုးမျိုးတွေးကြောက်တယ်။ငါသေတာပဲကောင်းတယ်၊ မြန်မြန်သေပါစေတော့လို့ပါးစပ်ကဆုတောင်းမိတယ်။ တချို့ကပြောကြတယ်။ တို့များတော့သချိုင်းကုန်းမှာ ညအိပ်ဖို့မပြောနဲ့။ ညတစ်ယောက်တည်းသွားရရင် ငွေတစ်ထောင်ပေးမယ်ဆိုတာတောင်မှ မသွားဝံ့ဘူးတဲ့။ ဒီအဘွားကြီးက သတ္တိတော်တော်ကောင်းလို့တဲ့။ အဘွားက သတ္တိကောင်းချင်လို့ကောင်းတာမဟုတ်ဘဲ သတ္တိမကောင်းချင်လို့မဖြစ်လို့ကိုကောင်းရတာ အရင်ဘဝတုန်းကသူတစ်ပါးကို သချိုင်းကုန်းမှာပစ်ထားခဲ့လို့များဝဋ်လည်လေသလားမသိဘူး၊ ညညကင်းလှည့်လာကြတဲ့ပုလိပ်တွေ”

“ပုလိပ်လို့ မခေါ်ရဘူးအဘွား၊ ရဲသားလို့ခေါ်ရတယ်”

“အေးအေးရဲသား၊ သူတို့လည်းအဘွားအကြောင်းကြားထားကြလို့နဲ့တူပါတယ်၊ အဘွားအိပ်ပြီလား၊ ဘာမှမကြောက်နဲ့နော်၊ ကျွန်တော်တို့ဒီအနီးအနားမှာရှိကြတယ်လို့ အားပေးစကားပြောကြတယ်။ သူတို့ဒီလိုအားပေးစကားပြောကြတဲ့အခါမှာ ကြောက်စိတ်တွေပြေသွားပြီးအိပ်ပျော်သွားတယ်။ တစ်ခါတလေတော့လည်း အဘွားကြီးသုံးချင်တာသုံးရအောင်ဆိုပြီးတစ်ယောက်ကိုပြားငါးဆယ်မျိုး၊ ပြားခြောက်ဆယ်မျိုးပေးသွားကြတယ်”(မှတ်ချက်- ၁၉၆၄ ခုနှစ်)

“ဒါနဲ့နေပါဦး၊ အဘွားရဲ့ဇာတိကဘယ်ကလဲ”

“ညောင်တုန်းအပိုင် ဝဲကြီးဆိုတဲ့ရွာကပါ၊ နာမည်ကမဖွားသင့်တဲ့၊ လူမျိုးကတလိုင်းကရင်”

“အသက်က ဘယ်လောက်ရှိပြီလဲ”

“အသက် (၈၃) နှစ်ထဲရောက်နေပြီလဲ”

“သားသမီးမရှိဘူးလား”

“သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ ငယ်ငယ်ကတည်းကသေကုန်ကြပြီ။ ခင်ပွန်းမသေခင်ကဆိုရင်ဘိုကလေးမှာအတူသွားပြီးလယ်အငှားလုပ်တယ်၊ လယ်လုပ်ရင်းဘိုကလေးမှာပဲခင်ပွန်းဆုံးသွားတယ်။ ဆုံးတာ (၁၀) နှစ်ကျော်ပြီ။ ခင်ပွန်းဆုံးပြီးတဲ့နောက်အရင်ကခင်မင်နေတဲ့မော်လမြိုင်ကျွန်းကအမျိုးသမီးတစ်ယောက်ကသူနဲ့အတူနေဖို့ ဘိုကလေးမြို့ကိုလာပြီးခေါ်တာနဲ့ သူ့အိမ်မှာပဲလိုက်နေတယ်။ ဒီတုန်းကအဘွားကလည်းအတော်အတန် လုပ်ကိုင်နိုင်သေးလို့သနုပ်ခါးသွေးပြီး နို့ဆီဘူးတစ်ဘူးနဲ့တစ်ခွက်ကို (၁) ကျပ်နဲ့ရောင်းတယ်၊ နောက်တော့အဘွားလည်းမလုပ်နိုင်မကိုင်နိုင်ဖြစ်လာတော့သူတို့ကပဲ ထမင်းကျွေးထားတယ်။ အဲဒီလိုနေရင်းကခုတင်ကပြောခဲ့တဲ့အတိုင်း အဘွားမကျန်းမမာဖြစ်လာရော။ နောက်တော့ ဝမ်းတွေလျှောပြီး သုသာန်ရောက်သွားတာပဲ၊ သုသာန်ကတဲမှာတစ်ယောက်တည်းနေနေရာက နှစ်လ၊ သုံးလနီးပါးကြာတော့အရင်အိမ်ရှင်များကခေါ် လို့ပြန်လိုက်သွားရတယ်။

တစ်နေ့တော့ အရပ်ကလူတွေကအဘွားကိုသနားကြလို့ အဘွားချမ်းချမ်းသာသာနေရအောင် ရန်ကုန်ဘိုးဘွားရိပ်သာကိုပို့ပေးမယ်၊ နေမလားလို့မေးကြတယ်။ အဘွားကသုသာန်မှာတောင်တစ်ယောက်တည်းနေလာခဲ့ရသေးတာပဲ၊ မောင်တို့သင့်တော်မယ်ဆိုရင်ပို့ချင်တဲ့ဆီကိုပို့ပါ၊နေပါ့မယ်လို့ပြောတော့သူငယ်တစ်ယောက် စာရွက်တစ်ခုပေါ်မှာလက်မှတ်ထိုးခိုင်းတယ်။ အဘွားကစာမတတ်တော့လက်မနှိပ်ရတယ်။ လေးငါးလကြာတော့မော်လမြိုင်ကျွန်းက ကြက်ခြေနီရဲဘော်ရဲမေဆိုလားထင်ပါရဲ့၊ သုံးလေးယောက်ပဲအဘွားကိုခေါ် လာပြီးသင်္ဘောနဲ့ရန်ကုန်ကိုလိုက်ပို့ပေးကြတယ်။ သူငယ်သူငယ်မတွေကတော်ရှာပါတယ်။ သင်္ဘောပေါ်မှာ လမ်းတစ်လျှောက်လုံးဘာမှလိုလေသေးမရှိအောင်အစစအရာရာဂရုစိုက် စောင့်ရှောက်လာကြတယ်။ ရန်ကုန်သင်္ဘောဆိပ်ရောက်တော့ အခုဟောဒီနေရာအဲ. . . အဲဘိုးဘွားရိပ်သာကိုတစ်ခါတည်းတန်းပို့ကြတာပဲ။ပြန်ခါနီးတော့ အဘွားနဲ့ခွတ်ပုံတောင်ရိုက်သွားကြသေးတယ်”

“ဘိုးဘွားရိပ်သာမှာနေရတာစိတ်ချမ်းသာရဲ့လား”

“စိတ်ချမ်းသာပါတယ်”

“ထမင်းရေစားကောင်းရဲ့လား”

“ထမင်းလည်းစားလို့ကောင်းတယ်၊ စားရတာတွေကအမျိုးကိုစုံလို့ ပြောတောင်မပြောတတ်ပါဘူး၊ အိပ်လို့လည်းနှစ်နှစ်ခြိုက်ခြိုက်ပျော်တယ်၊ လူလည်းရောက်စတုန်းကနဲ့တောင်မတူဘူး၊ အတော်ဝလာတယ်။ ဘုရားလည်းတစ်နေ့သုံးခါဝတ်မပျက်ဘူး။ သီတင်းနေ့တိုင်းဥပုသ်စောင့်တယ်။ အဘွားလေအသက် (၈၃) နှစ်ကတည်းကရောက်သာရောက်လာရော ဘယ်တုန်းကမှ စိတ်မကူးခဲ့တဲ့အဖြစ်မျိုးနှစ်ခါကြုံနေရလို့ ကိုယ့်ဘာကိုယ်အံ့ဩမိတယ်”

“ဘယ်လိုအဖြစ်မျိုးလဲအဘွား”

“အရှင်လတ်လတ်ကို သုသာန်မှာသွားနေရတာကတစ်မျိုးမဟုတ်လား”

“နောက်တစ်မျိုးကကော”

“နောက်တစ်မျိုးက အခုအဘွားရောက်နေတဲ့နေရာမျိုး၊ ဒီလိုကောင်းကောင်းမွန်မွန်နေထိုင်ရ၊ စားသောက်ရတဲ့နေရာမျိုးပေါ့။ သေတဲ့တိုင်အောင်ဘယ်တော့မှရောက်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ ခုတော့ ကုသိုလ်ကံအကျိုးပေးတဲ့အလှည့်ရောက်လာလို့ထင်ပါရဲ့ ချမ်းချမ်းသာသာနေရစားရတာပဲ”

“နောက်ဘာများပြောစရာရှိသေးလဲ”

“ပြောစရာတော့ မရှိသေးပါဘူး”

ဟုဆို၍ အဘွားသည်ပြုံးနေပါသည်။

“ဒါနဲ့နေပါဦးအဘွားရဲ့အကြောင်းတွေကို ဆရာမကဘာလုပ်ဖို့မေးတာလဲ”

“ဒီလိုပါအဘွား ဘိုးဘွားရိပ်သာမှာလက်ခံထားတဲ့အဘိုးအဘွားအချို့ရဲ့ဘဝဖြစ်စဉ်တွေဟာ တော်တော်လည်းစိတ်ဝင်စားစရာကောင်းပါတယ်။ ဒီလိုအဘိုးအဘွားတွေရဲ့အကြောင်းတွေကိုဘိုးဘွားရိပ်သာမှာ ငွေအား၊ ပစ္စည်းအားလူအားနဲ့အဘက်ဘက်က ဝိုင်းဝန်းကူညီနေကြတဲ့စေတနာရှင်တွေ၊တရားသံဝေဂလည်းရစေတော့၊ ဗဟုသုတလည်းရစေတော့၊ဘိုးဘွားရိပ်သာကတစ်နှစ်တစ်ကြိမ်ထုတ်ဝေတဲ့ဘိုးဘွားစာစောင်မှာဖော်ပြပါတယ်။ ဒီစာစောင်တွေကိုဘိုးဘွားရိပ်သာအလှူရှင်တွေ ကိုယ်အား၊ နှုတ်အားနဲ့ကူညီနေကြတဲ့ စေတနာရှင်တွေဆီကိုမေတ္တာနဲ့ပို့ပေးပါတယ်။

“ဪ- ဒီလိုလား၊ အင်း-ကောင်းပါ့တော်၊ သာဓုသာဓုသာဓု ဒါနဲ့နေပါဦးဘယ်သူတွေအကြောင်းများထည့်ပေးခဲ့သလဲ”

“အဘွားတို့လို တောင်သူလယ်သမားတွေ၊ လက်လုပ်လက်စား၊ ဆင်းရဲသားတွေ၊ ငယ်စဉ်အခါက ဆွေနဲ့မျိုးနဲ့ချမ်းချမ်းသာသာသိုက်သိုက်ဝန်းဝန်းနေလာပြီး အိုမင်းမစွမ်းဖြစ်လာတဲ့အခါမှာပစ္စည်းဥစ္စာပျက်၊ ဆွေမျိုးညာတိတွေဆုံး၊ နေစရာမရှိ၊ စားစရာမရှိ၊ ခိုကိုးရာမဲ့ဖြစ်နေတဲ့လူတွေအကြောင်းပေါ့။ အနယ်နယ်အရပ်ရပ်ကလူပေါင်းစုံပါပဲ။ တချို့ကလည်း ငယ်ရွယ်စဉ်အခါက စက်ပိုင်၊ မြေပိုင်၊ ပွဲစား၊ အရာရှိ၊ သဘင်သည်တို့

ပေါ့လေ။ ကြီးမှဒုက္ခရောက်နေရသူတွေ စာစောင်ထဲမှာ ဖော်ပြခဲ့တာလူတန်းစား အမျိုးမျိုးပါပဲ။ နာမည်နဲ့ပြောရရင် အဘွားလည်း သိမယ်မဟုတ်ပါဘူး။ သဘင်သည်ထဲကဆိုရင် ဟန်မရာမောင် ညွှန့်အဘွားသိသလား"

"မသိဘူး"

"သဘင်ဝန်ဦးနုတို့အငြိမ့်မင်းသမီး အိန္ဒိယမစိန်မှုံနဲ့မစိန်ဆယ်၊ မကြိုတ်ဆုံတို့ရော"

"ဩော်- နေပါဦး အိန္ဒိယမစိန်မှုံ ဆိုတာလည်း ဒီမှာနေသွားသလား"

"ဒီရောက်နေတာ (၃)နှစ်လောက်ရှိပြီ၊ အဘွားက အိန္ဒိယမစိန်မှုံကိုသိလို့လား၊ တွေ့ချင်ရင်တွေ့နိုင်ပါတယ်"

"လူချင်းတော့မသိပါဘူး၊ မသိပေမယ့် ငယ်ငယ်ကရုပ်နဲ့ ခုရုပ်ဘယ်လိုကွာခြားတယ်ဆိုတာ အဘွားမြင်ရင်နှိုင်းယှဉ်နိုင်တာပေါ့။ လာ- သွားတွေ့ရအောင်"

ဟုဆို၍ဘွားစိန်မှုံနေသောအဆောင်သို့ခေါ် သွားပါသည်။

ဘွားစိန်မှုံအဆောင်သို့ရောက်သောအခါ-

"ဒါပဲဘွားစိန်မှုံဆိုတာ"

ဟု ဆရာမက လက်ညှိုးထိုးပြရာ

"မျက်စိကခပ်မှုန်မှုန်မို့ အနားကပ်ကြည့်ရဦးမယ်"

ဆိုပြီး လက်ဝါးကိုနဖူးပြင်၌ကာ၍ကြည့်ရင်း အင်း- ငယ်ငယ်ကရုပ်နဲ့တော့ ကွာချင်းတိုင်းကွာနေတာပဲ။ သူများတကာသာပြောရတယ်။ ကိုယ့်ကိုယ်လည်း ဒီလိုပဲ၊ ပျိုရုပ်မရှိတော့ဘဲ အိုရုပ်ပဲရှိတော့တယ်ဟုပြောနေစဉ်ကြေးစည်သံကြား၍ ဆရာမက-

"ကဲ- အဘွားတို့ ဘုရားဝတ်တက်ဖို့ အချက်ပေးနေပြီ။ နောက်မှအေးအေးတွေ့ပြီး စကားပြောတာပေါ့။ ခေါင်းရိတ်ချင်တဲ့ အဘွားကိုလည်းဘုရားဝတ်တက်ကပြန်လာမှပဲ အေးအေးဆေးဆေးရိတ်ပေးတော့မယ်နော်"

ဟု ဆိုသဖြင့်အဘွားများလည်း ယောဂီတဘတ်ကိုယ်စီသိုင်း၍ ဓမ္မာရုံသို့ ဘုရားဝတ်တက်သွားကြပါတော့သည်။

**သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)**

**ကျမ်းကိုး**

၁၉၇၂ ခုနှစ်၊ စက်တင်ဘာလထုတ်၊ ဘိုးဘွားရိပ်သာစာစောင်အမှတ် (၂၄)။

ထွန်းရည်(မြန်အောင်)

# မရန်းပင်နှင့် ကုက္ကိုသီးအမှည့်

ကျွန်ုပ်သည် ၁၉၇၆ ခုနှစ် နှစ်စ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်အောင်ရေနံမြေတွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၀ပြည့်နှစ်တွင် အိမ်ထောင်ပြုခဲ့ပါ၏။ မြန်အောင်ရေနံမြေရှိဝန်ထမ်းအိမ်ရာများမှာရွာငယ်လေးတစ်ရွာစာရှိမည်ဟု ခန့်မှန်းရပါသည်။ ဝန်ထမ်း (၅၀၀)ကျော်နေနိုင်ရန်လုပ်သားလိုင်း၊ စာရေးလိုင်း၊ အရာထမ်းငယ်လိုင်း၊ အရာထမ်းကြီးလိုင်း ဟူ၍ သီးခြားခွဲပြီး ဆောက်လုပ်ထားသည်ကို တွေ့နိုင်ပါ၏။

ကျွန်ုပ်သည် စာရေးလိုင်းတွင် အိမ်ခန်းရပြီး နေခဲ့ရာ အိမ်၏အနောက်ဘက်မြေကွက်လပ်တွင် မရန်းပင်လေး အလေ့ကျပေါက်နေသည်ကို တွေ့ရပါသည်။ အခြားနေရာလွတ်မြေနေရာများတွင် ဩဇာပင်၊ သံပရာပင်၊ ကွဲကောပင်၊ ပိန္နဲပင်၊ သရက်ပင်၊ အုန်းပင်တို့ကိုအိမ်သူဇနီးမှစိုက်ပျိုးခဲ့၏။

ဝန်ထမ်းများအတွက် သောက်သုံးရန်ရေကို ဧရာဝတီမြစ်ကမ်းစပ်တွင် ရေကန်ကြီးတည်ဆောက်ပြီး မြစ်ထဲမှရေကို မော်တာပန့်ကြီးများနှင့်ရေကန်ကြီးထဲသို့ မောင်းထည့်ပေးပါသည်။ ၎င်းကန်ကြီးထဲမှရေကို လျှပ်စစ်ပန့်ကြီးဖြင့်စုပေါင်းရုံးအနီးရှိ ရေစင်သန့်ကန်ကြီးဆီသို့ မောင်းပို့ပေးပြီးဝန်ထမ်းများ၏လိုင်းများသို့အချိန်နှင့် ဖြန့်ဖြူးပေးပါ၏။ ဧရာဝတီမြစ်ရေသည် မြေဆီဩဇာဓာတ်ပါသဖြင့် စိုက်ပျိုးထားသော သီးပင်စားပင်များအား ဓာတ်မြေဩဇာကျွေးရန်မလိုပါ။ အပင်စိုက်ပြီး(၃)နှစ်ကြာလျှင်အသီးသီးပါသည်။

ဖော်ပြခဲ့ပြီးသောမရန်းပင်ကလေးမှာ (၃) နှစ်ပြည့်သည်နှင့်အသီးစတင်သီးခဲ့ပါ၏။ ခူးချိန်တန်၍ ခူးပြီးစားကြည့်ခဲ့ရာ အလွန်ချဉ်နေသည်ကိုတွေ့ခဲ့ရသည်။ အိမ်နီးနားချင်းများကိုဝေငှပြီးပိုသည်များကို ဇနီးမှဆားရေစိမ်ခဲ့သည်။ မရန်းသီးများမှာ အချဉ်၊ အဖျှုံ၊ အချိုရှိခဲ့ရာ ဤအပင်အားအချိုသီး၊သီးရန်မည်သို့ပြုလုပ်ရမည်ကို ညနေရေချိုးချိန်တိုင်းအပင်ကိုကြည့်ကာ စဉ်းစားနေမိခဲ့သည်။

ကျွန်ုပ်၏အိမ်ရှေ့ဘက်တွင်ရှိသော ကုက္ကိုပင်ကြီးမှာ ယောက်ျားကြီးနှစ်ယောက် နှစ်ဖက်စာမကာရှိပြီး အမြင့်မှာ ပေ (၃၀) ခန့်ရှိသည်။ အသီးမှည့်ချိန်တွင် အောက်သို့ကြွေကျနေသည့် ကုက္ကိုသီးများကိုလိုင်းခန်းထဲတွင်မွေးမြူထားသော နွားများပြန်သိမ်းလာချိန်၌ ဤအပင်အောက်ရောက်လျှင် ကုက္ကိုသီးများစားနေကြသည်ကိုနေ့စဉ်မြင်တွေ့နေခဲ့ရသည်။ ရုံးပိတ်ရက် စနေ၊တနင်္ဂနွေတွင် အပင်အောက်သွားပြီး ကုက္ကိုသီးများကို ခွာကြည့်ရာ အထဲ၌ရှိသောအနှစ်များမှာ နီညိုရောင်အဆင်းဖြင့်ကြည်လင်နေသည်ကို တွေ့ခဲ့သည်။

ကျွန်ုပ်သည်၎င်းအနှစ်များကိုလက်နှင့်ထုတ်ပြီး လျှာဖြင့်လျက်ကြည့်ရာ ချိုနေတာကိုသိခဲ့ရသည်။-

'ဩော်- ဒါကြောင့် နွားတွေက စားနေကြတာကိုး'

ဟုတွေးမိကာခေါင်းထဲအတွေးဝင်လာပြီး ညနေအလုပ်ပြန်ချိန် ထည့်ရန်တောင်းတစ်ခုယူပြီး နေ့စဉ်ကုက္ကိုသီးများကောက်ယူကာ မရန်းပင်ဘေး၌ (၂)ပေခန့်ပတ်လည်ပုံထားပေးပြီး အမြင့် (၁)ပေခန့်တွင်ရပ်ထားခဲ့ပါသည်၊ နေ့စဉ်ရေလောင်းပေးခဲ့၏။

နောင်နှစ် မရန်းသီးချိန်ရောက်သောအခါ အသီးများ များပြားစွာသီးနေသည်ကို အံ့ဩစွာတွေ့ခဲ့ရသည်။ အသီးများရင့်မှည့်ချိန်တွင် ခူးယူခဲ့ပြီး စားကြည့်ရာ ချိုနေသည်ကိုသိခဲ့ရ၏။

သို့ဖြစ်၍ မရန်းပင်များ၏အသီးများချဉ်နေပါကအပင်၏ဘေးပတ်လည် (၂) ပေအကွာခန့်တွင် ကုက္ကိုသီးများပုံထားပေးခြင်းဖြင့် အသီးများချိုလာနိုင်ပါကြောင်း ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ရေး သား ဖော်ပြလိုက်ရပါသည်။

*ရောဂါကင်း၍စိတ်ရှင်းကြပါစေ။*

ထွန်းရည်(မြန်အောင်)

ကွင်းကြီးသည် နာမည်နှင့်လိုက်အောင် ကွင်းပြင်ကြီးက ကျယ်သည်။ အရပ်ရှစ်မျက်နှာ ဘယ်ကိုကြည့်ကြည့် မျက်စိတစ်ဆုံး မိုးတစ်ဆုံး ရှိသည်။ ကွင်းကြီး၏ အရပ်ရှစ်မျက်နှာရှိ နှုတ်ခမ်းသားပတ်ပတ်လည်တွင် ရွာကြီးရွာငယ်ပေါင်းများစွာရှိသည်။ လယ်သမား၊ ယာသမားပေါင်း များစွာရှိသည်။ ထို့ကြောင့် ကွင်းကြီးနယ်၊ ကွင်းကြီးတိုက်နယ်ဟု ခေါ်ကြခြင်းဖြစ်သည်။


ထိုကွင်းကြီး တိုက်နယ်ရှိ ရွာပေါင်းများစွာတွင် အိမ်ခြေထောင်ကျော်ရှိသော တောင်ရွာနှင့်မြောက်ရွာမှာ အထိကရရွာကြီးနှစ်ရွာဖြစ်သည်။ ထိုရွာကြီးနှစ်ရွာတွင် ပန်းထိမ်ဖို၊ ပန်းပဲဖို၊ လက်သမား၊ ပန်းရန်၊ အပ်ချုပ်သမား စသည်များရှိသလို ဆေးဆရာ၊ ဗေဒင်ဆရာ၊ နတ်ဆရာ၊ ပတ်ဆရာ၊ မှော်ဆရာအစုံရှိသည်။ ကုန်စုံဆိုင်၊ အပေါင်ဆိုင်နှင့်အရက်ဆိုင်၊ ဘိန်းခန်းလည်း တိတ်တိတ်ပုန်းရှိသည်။ အုပ်ချုပ်ရသူများမှာ သူကြီးနှစ်ယောက်ဖြစ်သည်။ ဤသည်မှာ အင်္ဂလိပ်ခေတ်ကပင် ဖြစ်သည်။

ထို့အပြင် တောင်ရွာရှိ လယ်ပိုင်ရှင်ကြီး ဦးအောင်ဘာလေနှင့်မြောက်ရွာရှိဦးသာဇံဝေတို့မှာလည်း အထိကရလယ်ပိုင်ရှင်လယ်သူဌေးကြီးများဖြစ်ကြသည်။ ကွင်းကြီးနယ်တစ်ပိုက်တွင် သူတို့နှစ်ယောက်၏လယ်များမှာ လက်ညှိုးထိုးမလွဲဟုပင် ဆိုစမတ်ပြုကြသည်။

# ဖိုးကျော့

## ကျွဲဆွဲကောင်းတစ်ယောက်၏ ဘဝခရီး

သုရဋ္ဌမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်



သူတို့နှစ်ယောက်မှာ ငယ်စဉ်ဘုန်းကြီးကျောင်းသားဘဝကပင် ရင်းနှီးခင်မင်ခဲ့ကြသည်။ တောင်ရွာဘုန်းကြီးကျောင်းသားနှင့် မြောက်ရွာဘုန်းကြီးကျောင်းသားတို့ ဖြစ်ခဲ့ကြသည်။ မြောက်ရွာဘုန်းကြီးကျောင်းသား အောင်ဇံဝေမှာ ငယ်စဉ်ကပင် မိဘမျိုးရိုးလယ်ပိုင်ရှင်လယ်သူဌေးသားဖြစ်သည်။ ထို့ကြောင့်လည်း အရွယ်ရောက်လာသောအခါ လယ်ပိုင်ရှင်ကြီးသမီးကြာညိုမနှင့် မိဘပေးစား၍ လယ်သူဌေးဖြစ်လာသူ။

အောင်ဘာလေကမူ သာမန်လယ်ပိုင်ရှင်သားတစ်ဦးသာ။ သို့သော် အောင်ဘာလေက သာဇံဝေလို ရိုးရိုးအေးအေးကြီးမဟုတ်။ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိသည်။ လူပျိုပေါက်အရွယ်တွင် အရပ်ဇာတ်ထဲလိုက်ပါသွားရာ ရှေ့ထွက်မင်းသားလေးပင် ဖြစ်ခဲ့သည်။ သူ့မိဘပေးထားတဲ့ အောင်ထွန်းဦး ပင်ပျောက်ပြီး ဇာတ်မင်းသားလေးနာမည် အောင်ဘာလေဟုသာ တွင်တော့သည်။ အောင်ဘာလေမှာဇာတ်သမားပီပီပြောရဲဆိုရဲဖြစ်သဖြင့် တောင်ရွာလယ်သူဌေးသမီး လှကျော့ခိုင်ကိုရပြီး လယ်သူဌေးဖြစ်လာသူပင်။

သူတို့နှစ်ယောက်မှာငယ်စဉ်ကပင် ရင်းနှီးခင်မင်မှုရှိကြသလို လယ်သူဌေးများဖြစ်လာကြသောအခါမှာလည်းအခင်အမင်မပျက်ကြ။ ရွာနှစ်ရွာနှင့်ပတ်သက်၍ သာရေး နာရေးရှိက တစ်ဦးနှင့်တစ်ဦး တိုင်ပင်ကာ ခင်ခင်မင်မင်ပင်ရှိကြသည်။ သို့သော် ရှေးကျေးရွာကြီးများ အစဉ်အလာအရ သူဌေးနှစ်ယောက်မှာ အလှူအတန်း၊ ရပ်ရေးရွာရေးကအစ အပြိုင်လိုဖြစ်လာကြသည်။

အမှန်က လယ်သူဌေးနှစ်ယောက်သာပြိုင်ဘက်လိုဖြစ်နေကြသည်မဟုတ်။ ကျောင်းခြင်း၊ ကန်ခြင်း၊ သိမ်ခြင်း၊ ဇရပ်ခြင်းပင် အပြိုင်ဖြစ်ကြသလို ရွာသားတို့မှာလည်း ပန်းပဲ၊ ပန်းထိမ်၊ ဆေးဆရာ၊ အပ်ချုပ်သမားကအစ အပြိုင်စကားကို ရွာသားချင်းကအစ ကလေးငယ်များထိ အပြိုင်စကား ပြောတတ်ကြသည်။



"ပန်းထိမ်ရိုးရိုး အမေ့ရွှေတစ်မတ်ခိုး ဆိုတာ မင်းတို့တောင်ရွာက ပန်းထိမ်ဆရာ"

ဟု မြောက်ရွာသားက ပြောလျှင် တောင်ရွာသားကလည်း-

"မင်းတို့မြောက်ရွာက ဆေးသမား ဒီနေညနေ လူမမာလာပင့်ရင် မိုးမလင်းသေးဘူး လူနာအိမ်ကငိုသံကြားရတယ်။ အဲဒါကြောင့် မင်းတို့မြောက်ရွာက ဆေးဆရာကို ငိုသံကြားဆေးသမားလို့နာမည်ပေးထားကြတာ၊ မင်းတို့ တောင်ရွာက ပန်းပဲမှာ ဒီနေ့သွားလုပ်ရင်အဲဒီဓားမနက်ဖြန် ပဲ့ပြီ။ မင်းတို့ရွာက စက်ဆရာ ချုပ်ကြောင်းတောင် ဖြောင့်ဖြောင့်ချုပ်တတ်လို့လား"

စသည်ဖြင့် စကားနိုင်လုတတ်ကြသည်။

ဤသို့ဘာမဆိုအပြိုင်စကားပြောတတ်ကြသလို ကျွဲတိုက်ပွဲ၊ နွားတိုက်ပွဲများ၌လည်း ပြိုင်ကြသည်။ ကျွဲတိုက်ပွဲ၊ နွားတိုက်ပွဲများမှာ ကျွဲနွားများကိုသာမဟုတ်၊ ကျွဲဆွဲ၊ နွားဆွဲ၊ ကျွဲသူရဲကောင်း၊ နွားဆွဲကောင်းလုပ်သူ သူရဲကောင်းများနှင့် တစ်ခါတစ်ခါပွဲကြည့်ပရိသတ်များပါ အန္တရာယ်ဖြစ်တတ်ကြသည်။

တိုက်ကျွဲ၊ တိုက်နွားများမှာ အခန့်မသင့်လျှင် ခြေကျိုး၊ လက်ကျိုး၊ ဦးချိုကျိုးဒဏ်ရာအနာတရဖြစ်တတ်ကြသလို ကျွဲဆွဲကောင်း၊ နားဆွဲကောင်းလုပ်သူများမှာလည်း ခြေကျိုး၊လက်ကျိုး၊ခါးကျိုးဒဏ်ရာအနာတရဖြစ်တတ်ကြသည်။နွားဝှေ့ကျွဲခတ်၍လည်း အနာတရဖြစ်တတ်ကြသည်။ ထို့ကြောင့် တော်တော့တန်တန် အားခွန်ဗလနှင့် ကျွဲဆွဲ၊ နွားဆွဲအလုပ်ကို လုပ်ဝံ့ကြသည်မဟုတ်။ စွန့်စားရဲသူ သတ္တိကောင်းသူများသာ လုပ်ရဲကြသည်။

အထူးအားဖြင့် ကျွဲတိုက်ပွဲက အန္တရာယ်ပိုကြီးသည်။ ရှုံးသောကျွဲကလူအားကိုးနှင့် ပွဲပရိသတ် လူအုပ်ထဲဝင်ပြေးတတ်သည်။ကျွဲဆွဲကောင်း ကျွဲသူရဲကလည်း သူ့ကျွဲသူ ထိန်းမနိုင် သိမ်းမနိုင်ဖြစ်သောအခါ ပွဲကြည့်ပရိသတ်တွေမှာ ကျွဲနင်း၍ ကျွဲဝင်ထိုး၍ ခြေကျိုး၊ လက်ကျိုး အနာတရဖြစ်တတ်ကြသည်။ ထို့ကြောင့် အင်္ဂလိပ်မင်းအုပ်ချုပ်စဉ်က သူတို့နယ်၌ ကျွဲတိုက်ပွဲကို ခွင့်မပြုဘဲ ပိတ်ပင်ခဲ့သည်။ ပုန်းလျှို ကွယ်လျှို ခိုးလုပ်သူများကိုမိလျှင် ကျွဲပွဲအခကြေးငွေမ, တည်သူရော ကျွဲဆွဲ သူရဲကောင်းကိုရော ဒဏ်တပ်သည်။

နွားတိုက်ပွဲကတော့ လူတွေကို များစွာ အန္တရာယ်မဖြစ်။ နွားနှစ်ကောင်ဝှေ့ခတ်ကြရာ ရှုံးသောနွားကထွက်ပြေးလျှင် နိုင်နွားကပြေးလိုက် ဝှေ့မခတ်နိုင်အောင်၊နွားဆွဲကောင်းက မိမိ၏နိုင်နွားကိုအမြီးလှန်ချိုးကာ နွားတံကောက်ခွက်ကိုတက်နင်းပြီးထိန်းနိုင်သည်။ နိုင်နွား၏နားရွက်ကိုဆွဲကာ လည်ပင်းနှင့်ဦးချိုတွင် ပွဲရှင်၏ငွေစက္ကူပန်းကုန်းစွပ်ကာပွဲပရိသတ်ရှေ့လှည့်၍နွားစာခံတတ်ကြသည်။ အများချီးမြှင့်ကြသော သုံးပုံတစ်ပုံ ငွေကြေးကိုနွားဆွဲကောင်းက ရသည်။ ကျန်နှစ်ပုံကိုတိုက်နွားရှင်ကရသည်။ ကျွဲတိုက်ပွဲ၌လည်းထိုနည်းလည်းကောင်းပင်။

သူတို့နယ် သူတို့တိုက်နယ် အနှံ့အပြားတွင် စပါးပေါ်ချိန် ကျွဲတိုက်ပွဲ၊ နွားတိုက်ပွဲများကို တပို့တွဲ၊ တပေါင်းလတို့၌ စကြသည်။ စပါးနယ်သိမ်းပြီး တလင်းထဲ၌ စပါးတွေ တောင်ပုံယာပုံ စုပုံထားကြချိန်တွင် ဖြစ်သည်။ ပင်မလောင်းကြေးမှာ ပွဲကြီး၊ ပွဲငယ်ကိုလိုက်၍ စပါးတင်းတောင်း တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်၊ ငါးဆယ်မှ တစ်ရာထိလည်းရှိကြသည်။ ဤသည်မှာ နာမည်ကြီး ကျွဲ၊နွားနှင့် တိုက်ပွဲနွားအပေါ်တွင်မူတည်သည်။

လက်ခွဲလက်ဖျား လောင်းကြသူများကမူ ဆင်းရဲချမ်းသာလိုက်၍ ငါးတင်းတစ်ဆယ်ကလည်းအပျော်လောင်းနိုင်ကြသည်။ဟိုဘက်သည်ဘက် မတည့်သူနှစ်ဦးကတော့ သူ့စပါးပုံ ကိုယ့်စပါးပုံကိုလောင်းကြေးထပ်ထားသော ပမာဏရှိမရှိနိုင်ကို တလင်းထဲကစပါးပုံကိုအပြန်အလှန် သွားလာကြည့်ကြပြီးမှ သဘောတူ အတည်ပြုလောင်းကြ၏။

နိုင်သူက ရှုံးသူ၏ တလင်းထဲက စပါးပုံကို တင်းတောင်းနှင့် ကျုံးချိန်၍လှည်းပေါ် တင်ယူသွားရုံသာ။ အကယ်၍များ လောင်းကြေးကို နှစ်ဦးနှစ်ဖက်သဘောတူထားကြသည့်အတိုင်း နိုင်သူက စပါးလာယူသောအခါ မူလကတိအတိုင်း တင်းတောင်းမပြည့်လျှင်လည်းနောက်ထပ် ရှုံးသူက ဖြည့်ပေးစရာမလို၊ နိုင်သူက တလင်း၌ ရှိသမျှစပါးကိုသာတစ်စေ့ကျန်ကျုံးယူသွား၊ တင်းတောင်းကတိအတိုင်း မပြည့်သည်မှာ တလင်း၌သူလာကြည့်ပြီး သူ၏ခန့်မှန်းချက်မှား၍မခန့်မှန်းတတ်၍သူခံရသည်။

အင်္ဂလိပ်ခေတ်က တားမြစ်ပိတ်ပင်ထားခဲ့သော ကျွဲတိုက်ပွဲသည် ကိုယ့်မင်းကိုယ့်ချင်းကိုယ့်အစိုးရလွတ်လပ်ရေးခေတ်ဦးကာလတွင် တစ်ကျော့ပြန်ခေတ်ထလာသည်။ ထို့ကြောင့် ထိုရွာနှင့်သည်ရွာ ဟိုလူ့ကျွဲနှင့် သည်လူ့ကျွဲ တိုက်ကြသည်။ ရပ်၌ရွာ၌ အတော်အသင့်လယ်ရှင်ယာရှင်များနှင့် ကြေးရတတ်များက ကျွဲပွဲကို မတည်ကြသည်။ ဘို့တင်ကြီး လည်သားတက်ကြီးများကို ရှာငှား၍ ဟိုဘက်သည်ဘက် တိုက်ကြသည်။

ထို ဘို့တင်ကြီး လည်သားတက်ကြီးများကို ရှာငှားကြရာတွင် အဖိုးအခပေးရသလို ထိုကျွဲများကို တိုက်ပွဲ၌ထိန်းဆွဲကြမည့် ကျွဲဆွဲကောင်း ကျွဲသူရဲများကိုလည်း မတည်စပါးတင်းတောင်းပေါ် မူတည်ပြီးအချိုးကျပေးရသည်။ ထို့ကြောင့်လည်း လယ်မဲ့ယာမဲ့ လူငယ်လူရွယ်များကအများဆုံး ကျွဲဆွဲနွားဆွဲအလုပ်ကိုလုပ်ကြသည်။

ဤသို့ဖြင့်ကွင်းကြီးတိုက်နယ်တစ်ဝိုက်တွင် ကျွဲတိုက်ပွဲများမစမီ တစ်လလောက်ကပင် ဘယ်သူ့ကျွဲနှင့် မည်သူ့ကျွဲ။ ကျွဲဆွဲခေါင်း ကျွဲသူရဲက မည်သူမည်ဝါဆိုသည်ကို သတင်းပေးကြ။ ကျွဲတိုက်ပွဲကို မတည်ကြမည့် ပွဲရှင်များကလည်း တိုက်ကျွဲကောင်း၊ ကျွဲဆွဲကောင်းများကို ရှာလည်၍ သူ့ထက်ငါဦး ရှာကြတော့သည်။

သည်လိုနှင့်တောင်ရွာလယ်သူဌေး ဦးအောင်ဘာလေမှာ ကျွဲတိုက်ပွဲကို အလွန်ဝါသနာကြီးသူဖြစ်၏။ အင်္ဂလိပ်ခေတ်က ပိတ်ပင်ထားခဲ့သော ကျွဲတိုက်ပွဲကယခုမိမိတို့အစိုးရလက်ထက်တွင်လွတ်လပ်ရေးနှင့်အတူ လွတ်လွတ်လပ်လပ်ကျွဲတိုက်ပွဲကိုလုပ်နိုင်ကြပြီဆိုသောအခါ သူကကျွဲတိုက်ပွဲလုပ်ရန် သူ့ကျွဲကျောင်းသားများကို တိုက်ကျွဲကောင်း၊ ကျွဲဆွဲကောင်း ကျွဲသူရဲကို ရှာခိုင်းလိုက်သည်။

သူ့တွင် ကျွဲအကောင်ရေ လေးငါးဆယ်ရှိသော်လည်း တိုက်ပွဲဝင်နိုင်သော ဘို့တင်ကြီး လည်သားတက်ကြီးများမရှိ။ ထို့ကြောင့် ပတ်ဝန်းကျင် ကျွဲတိုက်ပွဲများ၌ ကျွဲဆွဲကောင်း၊အဝှေ့ကောင်း၊ အခတ်ကောင်း တိုက်ကျွဲများကို ရှာခိုင်းသည်။ သူတို့နယ်မှာ ရေနက်ကွင်းများသဖြင့်ရွာတိုင်းလိုလိုကျွဲကိုသာအသုံးများကြသည်။

ထိုသတင်းကို မြောက်ရွာလယ်သူဌေး ဦးသာဇံဝေကလည်း ကြားသွားသည်။ ထိုအခါ ပြိုင်ဘက်လိုဖြစ်နေကြသောဦးသာဇံဝေကလည်း သူ့ကျွဲကျောင်းသားများကို ရှာလည်၍တိုက်ကျွဲကောင်း၊ ကျွဲဆွဲကောင်း၊ကျွဲသူရဲကိုရှာခိုင်းပြန်သည်။

ဤသို့နှင့် တောင်ရွာသူဌေး ဦး

အောင်ဘာလေက ဤနှစ်ကျွဲတိုက်ပွဲတွင် စပါးတင်းတောင်း(၁၀၀)ကိုလောင်းကြေး ခေါ်လိုက်သည်။ ထိုအခါ စပါးတင်းတောင်း (၁၀၀) ကို ဤနယ်တစ်ဝိုက်၌ လယ်သူဌေးသူတစ်ယောက်လုံးရှိပါလျက်နှင့်စပါးတင်းတောင်း (၁၀၀)လောက်ကိုပင် လောင်းကြေးထပ်နိုင်သူမရှိပါက သူ့သိက္ခာကိုထိခိုက်လာသည်ဟူသောစိတ်နှင့်စပါးတင်းတောင်း(၁၅၀)နှင့်ကြေးထပ်တိုး စိန်ခေါ်လိုက်သည်။ ဤသည်ကို တောင်ရွာသူဌေး ဦးအောင်ဘာလေက တော့-

"သူငယ်ချင်းလောက် ကိုယ်က မချမ်းသာတော့ လောင်းကြေးထပ်မတိုးရဲတော့ပါဘူးဗျာ"

ဟုပြောပြီး ဤနှစ် လယ်သူဌေးနှစ်ယောက်၏ အကြီးဆုံးလောင်းကြေးကျွဲတိုက်ပွဲကို ရက်သတ်မှတ်လိုက်ကြသည်။

ဤသတင်းမှာ ကွင်းကြီးတိုက်နယ်တစ်ခုလုံးကို တောမီးပမာပျံ့နှံ့သွား၏။ တောင်ရွာလယ်သူဌေးနှင့် မြောက်ရွာလယ်သူဌေးတို့ ဤနှစ်ကျွဲအပြိုင်တိုက်ကြတော့မည်ကို လူတိုင်းပါးစပ်ဖျားရောက်သွားသည်။ သွားရင်းလာရင်းတစ်ဦးနှင့်တစ်ဦးတွေ့တိုင်း ထိုသတင်းကိုသာ ထိုရက်ပိုင်း၌ သတင်းဦး၊ သတင်းထူးအဖြစ် လူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားလျက်ရှိသည်။

ဦးအောင်ဘာလေ၏ တိုက်ကျွဲမှာ သူရှာထားသော ကွင်းပြိန်ရွာက ဦးဖိုးချမ်းဦး၏တိုက်တိုင်းနိုင် အငှေ့ကောင်း အခတ်ကောင်း တိုက်ကျွဲ ချက်ကြီးဖြစ်သည်။ကျွဲဆွဲကောင်းမှာ မာဂျစ်ကေဖြစ်သည်။

လောင်းကြေးပိုထပ်၍ စိန်ခေါ်လိုက်သော မြောက်ရွာလယ်သူဌေး ဦးသာဇံဝေကမူ ချောင်းကြီးနားရွာက ဦးပြေားထီး၏ တာစိုးလောင်း ခေါ် တိုက်ကျွဲခွာချွန်ဖြစ်၏။ ကျွဲဆွဲခေါင်းကျွဲသူရဲမှာ ငယောင်းချေ ဖြစ်သည်။

သည်လိုနှင့် ချိန်းရက်တွင် တိုက်ကြရာ တောင်ရွာသူဌေး ဦးအောင်ဘာလေက နိုင်သွားသည်။

ကြေးပိုထပ်၍ စိန်ခေါ်လိုက်သော မြောက်ရွာသူဌေးမှာ ပြောစမှတ်ဖြစ်ပြီး အရှက်ရသွားသည်။ ထိုအခါ တောင်ရွာသားတွေက-

"ဖားကိုတုလို့ ခရုခုန် အိုင်ပျက်ရုံသာ ရှိတော့မပေါ့။ မြောက်ရွာ တိုက်ကျွဲ ခွာချွန်ချွန် အပြေးမြန်လို့ အူမထွက်တာ"

ဟု အော်သွားကြသော်လည်း သူငယ်ချင်းနှစ်ယောက်ကမူ ရွာသူရွာသားတွေအတွက် အပျော်ပွဲလုပ်ပေးကြသလို အပြုံးမပျက် လည်ပင်းဖက်၍ ကျွဲတိုက်ပွဲကွင်းက ထွက်သွားကြလေသည်။

ရာသီစက်ဝန်း တစ်ပတ်လည်၍ ကျွဲတိုက်ပွဲရာသီ ရောက်လာပြန်သည်။ မနှစ်ကလိုပင် ထိပ်တိုက်တွေ့ကြပြန်သည်မှာ တောင်ရွာလယ်သူဌေးနှင့် မြောက်ရွာလယ်သူဌေးတို့သာ ကျွဲတိုက်ပွဲတို့၏ထုံးစံအတိုင်း ရှုံးထားသူကလောင်းကြေးစခေါ်ရရာ ဦးသာဇံဝေက မနှစ်ကအတိုင်း စပါးတင်း (၁၅၀) ကြေးခေါ်သည်။ တောင်ရွာသူဌေးသူငယ်ချင်း ဦးအောင်ဘာလေက ကြေးထပ်တိုးပြီး စိန်ခေါ်မှုမပြုတော့ဘဲ မနှစ်ကအတိုင်း စပါးတင်း(၁၅၀)နှင့်လက်ခံလိုက်သည်။

ဤသည်ကို တောင်ရွာသူ တောင်ရွာသားများက ဦးအောင်ဘာလေ ကို မကျေနပ်ကြ။ ကြေးရတတ် တောင်ရွာလယ်ပိုင်ရှင် အချို့ကဆိုလျှင် စပါးတင်းတောင်(၅၀)ကိုစောစောကသာသိလျှင် မိမိတို့ထည့်ဝင်ပေးပါမည်။ မနှစ်ကလည်း နိုင်ထားလျက်နှင့် ဇာတ်မင်းသားအရှုံး။ မြောက်ရွာသူဌေးကို စပါးတင်းတောင်း (၂၀၀) နှင့်စိန်မခေါ်ရဲကောင်းလားဟု ပြစ်တင်စကား ဆိုကြသည်။ ကတိပေးကြေညာထားပြီးဖြစ်သဖြင့် အပြောင်းအလဲ လုပ်မရတော့ပေ။

သည်လိုနှင့် ဒုတိယနှစ် ကျွဲတိုက်ပွဲကို တောင်ရွာမြောက်ရွာ သူဌေးနှစ်ယောက်၏ မတည်ပွဲအဖြစ် စပါးတင်း (၁၅၀)နှင့်ပင် တိုက်ကြရတော့သည်။

တောင်ရွာသူဌေး ဦးအောင်ဘာလေ၏တိုက်ကျွဲမှာ လယ်တိမ်ပြင်ရွာက ဦးငအောင်လာ၏တိုက်ကျွဲကြံစုံကြီး ဖြစ်သည်။ ထိုကျွဲကို ဆွဲမည့်ကျွဲဆွဲကောင်းက ငထီးသံ။

မြောက်ရွာလယ်သူဌေး ဦးသာဇံဝေ၏တိုက်ကျွဲမှာ ပြင်ချိန်ရွာသားဦးဝေဒေါင်း၏ မြီးတိုဖြစ်သည်။ ထိုကျွဲကို ဆွဲမည့်ကျွဲသူရဲကောင်းမှာနာမည်ကြီး ခေါင်းစောက်ကေ ဖြစ်သည်။

ဒုတိယနှစ် ကျွဲတိုက်ပွဲမှာလည်း ဦးအောင်ဘာလေကသာ နိုင်သွားပြန်သည်။ ဦးသာဇံဝေမှာ တစ်ရက်ကနေနှစ်ရက်ရသွားပြန်သည်။ ထို့ကြောင့် နောက်နှစ်နောင်ခါ ဦးအောင့်ဘာလေကို မည်သည့်ကျွဲ၊မည်သည့်ကျွဲသူရဲနှင့်အနိုင်ယူရမည်ကိုသာ စိတ်ထဲအမြဲ ရောက်နေလေသည်။

အထူးသဖြင့်မှာ သုံးနှစ်နိုင်သူသည် အင်္ဂလိပ်ခေတ်က ကျွဲတိုက်ပွဲတစ်လျှောက်၌ သုံးနှစ်ဆက်တိုက်နိုင်၍ ကျွဲတိုက်ပွဲ အစဉ်အလာအရ တာစိုးကြီးဘွဲ့ကို သူတို့နယ်၌ မည်သူမှမပေးခဲ့ကြ၊ ယခု ဦးအောင်ဘာလေရသွားမှာကိုတော့ သူငယ်ချင်းဖြစ်သော်လည်း ဦးသာဇံဝေက မလိုလားပေ။ ထို့ကြောင့်လည်း သူသည် နောင်နှစ် ကျွဲတိုက်ပွဲအတွက် စိတ်ဖိစီးမှုဖြစ်နေလေသည်။

ညနေချမ်းတွင် ရေနွေးတစ်အိုး၊ ကြံသကာ တစ်ပန်းကန်၊ ငါးလက်ခွာခြောက် ဆီဆမ်းနှင့်အိမ်ကြီးပေါ်က ရိုးပြတ်ကွင်းကြီးကို လယ်ပိုင်ကြီးဦးသာဇံဝေ ငေးကြည့်နေသည်။ ရိုးပြတ်ကွင်းကြီး၏အစမှ သူကျွဲတစ်အုပ် ပြူတောထဲက တက်လာကြသည်ကို လှမ်းမြင်လိုက်ရသည်။ ရုတ်တရက် သူလက်ထဲရောက်နေသော ငါးလက်ခွာခြောက်ကိုပင် ပါးစပ်ထဲထည့်ရန် မေ့သွားသလိုပင်။

သူ့စိတ်သည် သကြိန်မတိုင်မီက ဒုတိယအကြိမ် ကျွဲပွဲရှုံးထားသည်ကို သတိရလိုက်သည်။ ဦးသာဇံဝေသည် နေ့နေ့ညညဆိုသလို ဦးအောင်ဘာလေဆီ၌ ကျွဲပွဲရှုံးထားသည်ကို ခဏခဏ သတိရတတ်သည်။ လာမည့်နှစ်ကျွဲပွဲရာသီတွင် ဦးအောင်ဘာလေကို ရှုံးပွဲပြန်ဆပ်နိုင်ရန် စိတ်တစ္ဆေသည် သူ့ကိုမကြာမကြာ ခြောက်လှန့်နေသည်။

ဤနေ့ညနေမှာလည်း ရိုးပြတ်ကွင်းကျယ်ကြီး နှုတ်ခမ်းသတ်နားမှပြူတောထဲကတက်လာကြသောကျွဲများကို လှမ်းမြင်လိုက်ရသောအခါ နောက်နှစ်နောင်ခါ ကျွဲပွဲ၌ ဦးအောင်ဘာလေကို မည်သူ့တိုက်ပွဲ၊ မည်သည့်ကျွဲဆွဲကောင်းကိုငှားတိုက်ရလျှင် နိုင်ပါ့မလားဆိုသည့် အတွေးထဲ စိတ်ရောက်သွားသည်။

သူတို့တိုက်နယ်ရှိ တိုက်ကျွဲများ ကျွဲဆွဲကောင်းများကိုလည်းတစ်ယောက်ပြီးတစ်ယောက်၊ တစ်ကောင်ပြီးတစ်ကောင် အတွေးရောက်သွားပြန်သည်။ မည်သူ့ကျွဲ မည်သည့်ကျွဲဆွဲခေါင်းနှင့်တိုက်ရလျှင် နိုင်နိုင်မည်လား၊ သူသိသမျှကြားဖူးထားသမျှ ကျွဲတိုက်ပွဲများနှင့်ကျွဲဆွဲခေါင်း၊ ကျွဲသရဲများကိုလည်း လက်ချိုးရေကြည့်နေပြန်သည်။

"ယောက်ဖ"

သူမည်မျှအတွေးလွန်နေသည်မသိ အိမ်ရှေ့လှေကားထိပ်တွင် မတ်တတ်ရပ်၍လှမ်းခေါ်လိုက်သော သူ့မိန်းမကြာညိုမ၏အစ်ကိုကြီး ကျွဲအုပ်ထိန်းဦးကြာပန်း

ဦးကိုလှမ်းမြင်လိုက်ရသည်။သူ့နောက်မှာလည်း လူရွယ်တစ်ယောက်။

"လာလေ ယောက်ဖကြီး"

သူတို့နှစ်ယောက် သူထိုင်နေရာ ဝရန်တာပေါ် လျှောက်လာကြသည်။

"ထိုင် ယောက်ဖကြီး၊ ရေနွေး သောက်ကြဦး"

သူတို့နှစ်ယောက်က သူ့ရှေ့၌ပင် ထိုင်လိုက်ကြသည်။

"ကိစ္စက. . . "

"သူက ငါတို့ဆီ ဒီမိုး လယ်ထွန် အငှားဝင်ချင်လို့ပြောတယ်"

"ဒီရွာကလား၊ ဘယ်သူ့သားလဲ"

ဦးသာဇံဝေက လူငယ်ကိုကြည့်ပြီး မေးလိုက်၏။

"ဒီရွာကမဟုတ်ပါဘူး။ ကျွန်တော် မြစ်ဝကပါ လယ်ရှင်ကြီး"

"မြစ်ဝဘက်ကဆိုတော့ ယောက်ဖကြီး သောက်ဦးလေ၊ ငါးလက်ခွာက ကြာညိုမှာ ကျက်မှကျက်ရဲ့လားမသိ၊ မင်းလည်းသောက်ကွာ"

ဦးသာဇံဝေက သူ့ယောက်ဖကြီး နှင့်လယ်အငှားလာထွန်ချင်သည်ဆိုသော လူရွယ်ကိုပါရောပြောလိုက်သည်။

ဦးကြာပန်းဦးကတော့-

"မကျက်တကျက်ဆို ပိုချိုတာပေါ့ ယောက်ဖ"

ဟု သူ့နှမဘက်ကိုကာပြောသည်။

"မြစ်ဝဘက်ကဆိုတော့ ဘယ်ရွာကလဲ"

"ကျွန်တော် သဲချောင်းရွာကပါ လယ်ရှင်ကြီး"

လူရွယ်က ရိုရိုသေသေပြော၏။

"မင်းထွန်တုံးပိတ်ထိတော့ထွန်နိုင်ပါ့မလား"

"ထွန်နိုင်ပါတယ် လယ်ရှင်ကြီး"

"စိတ်မရှိနဲ့ကွာ၊ အရင်မင်းတို့ဆီက ကောင်တွေ ရေနုတ်လယ်မပြီးခင်ပြန်ပြန် သွားတတ်ကြလို့"

"စိတ်ချပါ လယ်ရှင်ကြီး၊ ကျွန်တော် ကတိပေးပါတယ်"

"ဒါဆို ယောက်ဖကြီးကို ကျွန်တော်အပ်လိုက်ပြီးနော်"

"အေးပါကွာ၊ ဒါနဲ့ ပြောရဦးမယ်၊ သူမနက်ကပင်ရောက်နေတာ၊ ငါ့အိမ်မှာပဲ ထမင်းစားတယ်၊ စကားစပ်မိပြောကြရင်းကသူတို့မြစ်ဝဘက်မှာ ကျွဲဆွဲကောင်း တစ်ယောက် ပေါ်နေတယ်ပြောတယ်။ သူဆွဲတဲ့ကျွဲတိုက်ပွဲတိုင်း အနိုင်ချည်းပဲတဲ့၊ အရှုံးကိုတစ်ပွဲမှ မရှုံးဖူးသေးဘူးတဲ့"

ဦးသာဇံဝေချက်ချင်းဝမ်းသာသွားသည်။

"ဟုတ်လားကွ"

"ဟုတ်ပါတယ်လယ်ရှင်ကြီး ကျွန်တော်တို့နယ်မှာ ဒီတစ်နှစ်နှစ်နှစ်အတွင်း သိပ်နာမည်ကြီးနေပါတယ်။ သူဆွဲတဲ့ပွဲတိုင်း အနိုင်ချည်းပါပဲ"

"အေး - ဒါဆို ပြောစမ်းပါဦးကွ၊ သူ့ဆွဲတဲ့ ကျွဲပွဲတွေအကြောင်း"

အားရဝမ်းသာပင်ဦးသာဇံဝေက မေးတော့သည်။

"ဟုတ်ကဲ့ပါ၊ ဒီနှစ်ကကျွဲပွဲမှာတော့ သူပိုပြီး ဟိုးလေးတကျော် နာမည်ကြီး သွားပါတယ်"

"ဟုတ်လား၊ ဘယ်လိုနာမည်ကြီး သွားလဲ၊ ပြောစမ်းပါဦးကွ"

"ဒီလိုဗျ"

ဟု အစချီကာ လယ်ထွန်းအငှား လုပ်ရန် လာသူကပြောပြသည်။

*

သူကျွဲဆွဲလုပ်သည့် ပွဲတိုင်းမှာ သူ့ကျွဲကချည်း အနိုင်ရသည်။ ရှုံးပွဲမရှိ၊ အနိုင်ရနေသည့်အပြင် ဤနှစ်ရာသီကုန် ခါနီးပွဲမှာတော့ ပိုပြီးအကျော်ဇေယျဖြစ်သွားသည်။ တစ်ဖက်ကျွဲနှင့်သူ့ဆွဲကျွဲတို့ ရှေ့ခတ်ကြသည်။ တစ်ဖက်ကျွဲနှင့်သူ့ကျွဲကအလုံးအရပ်ကတော့ သူမသာ ကိုယ်မသာပင်။ ကျွဲနှစ်ကောင်ခေါင်းချင်းဆိုင် ဝှေ့ခတ်ကြရာ နာရီဝက်ပင်မကြာ။ ဦးချိုချင်းတိုက်ခတ်ကြရာ သူ့ကျွဲဦးချိုတစ်ဖက်ကျိုးထွက်သွားသည်။ ထိုအခါ သူကသူ့ကျွဲပေါ် ခုန်တက်သွားကာ သူ့ကျွဲနံပါးကို လက်နှင့်ပုတ်ပြီး-

"တာစိုးကြီးကွ၊ တာစိုးကြီး"

ဟုအော်ပြီး ရဲသံသွင်းလိုက်သည်။ ထို့ကြောင့်လားမသိ သူ့ကျွဲက ဦးချိုတစ်ဖက်ကျိုးသွားသော်လည်း ထွက်မပြေး။ မာန်သွင်းပြီး ဆက်ကာဆက်ကာဝှေ့ခတ်နေသည်။

သူက သူ့ကျွဲပေါ်က ပြန်ခုန်ချပြီး သူ့ကျွဲဦးခေါင်းနာကပ်ပြီး အော်ဟစ်အားပေးနေသည်။ သူ့ကျွဲဦးချိုမှ သွေးတွေပင် စီးကျလာသည်။ သို့သော် သူ့ကျွဲက ထွက်မပြေး။ တစ်ဖက်ကျွဲက သွေးနံ့နှင့် သွေးကိုမြင်၍လားမသိ။ နောက်အလှည့်မှာ သူ့ကျွဲကတစ်ချောင်းကျန် ချိုနှင့်ဝှေ့ပင့်ခတ်လိုက်ရာ တစ်ဖက်ကျွဲမှာ နံဘေးစုတ်ပြဲသွားပြီး သွေးအလိမ်းလိမ်းနှင့် ထွက်ပြေးတော့သည်။

တစ်ဖက်ကျွဲဆွဲကောင်းရောတိုက်ကျွဲရှင်ရော ပရိသတ်များက အံ့ဩတကြီးဟင် ဟာ လန့်အော်လိုက်ကြသည်။ထွက်ပြေးသွားသောကျွဲနောက်ကို ကျွဲဆွဲကောင်းက ကျွဲနာမည်ကိုအော်ဟစ်ပြီးလိုက်ထိန်းရန် ကြိုးစားသော်လည်း ထိုကျွဲသည် တညွန့်ညွန့်အော်ကာ သူ့ရွာ၊သူ့ချည်တိုင်အရောက် ဒုန်းစိုင်းပြေးချသွားသည်။ နိုင်ကျွဲဆွဲသော သူကမူ-

"တာစိုးကြီးကွ၊ တာစိုးကြီး"

ဟုအော်ကာ ချိုကျိုးကျွဲနားရွက်ကိုဆွဲထိန်းထားသည်။ကျွဲရှင်ဆီက လည်ပတ်တောင်းချည်ပြီး ကျွဲရှင်ကိုအပ်လိုက်သည်။ ကျိုးသွားသော ချိုကိုလည်း ရှာကောက်ပြီး ကျွဲရှင်ကိုပေးလိုက်သည်။

သူဆွဲသောကျွဲက ချိုတစ်ဖက်တည်းနှင့် တစ်ဖက်ကျွဲကို အနိုင်ဝှေ့ခတ်လိုက်နိုင်သော်လည်း ထိုနိုင်ကျွဲမှာလည်း ဤပွဲသည် သူ့အတွက် နောက်ဆုံးပွဲဖြစ်သွားသည်။ တိုက်ကျွဲတစ်ကောင်၏ပွဲဆုံး ဖြစ်သွားသည်။ နောက်နောင်တွင် ဤလိုချိုတစ်ဖက်ကျိုးကျွဲနှင့် မည်သည့်တိုက်ကျွဲရှင်ကမှ သူ့ကျွဲကိုအပြိုင်မတိုက်ရဲကြတော့ချေ။ အဘယ်ကြောင့်ဆိုသော် ဤလိုချိုတစ်ဖက်သာရှိသောကျွဲမှာ မည်သည့်ကျွဲနှင့်တိုက်တိုက် ထိုချိုတစ်ဖက်က တစ်ဖက်ကျွဲကို ထိလွယ်ရှလွယ်၍ဖြစ်၏။ ချိုနှစ်ဖက်ရှိသော ကျွဲတို့မှာမူ ဝှေ့ခတ်ကြရာ၌ ချိုနှစ်ဖက်ကအညီခံနေသဖြင့် တစ်ဖက်ကျွဲ၏လည်ပင်း၊ ကိုယ်လုံးတို့ကို တော်တော်နှင့်မထိမရှနိုင်၍ဖြစ်သည်။

သူတို့ဆီတွင် အချို့သော ကျွဲနွားတစ်ကောင်ကောင်သည် ချိုပေါက်လာကတည်းက ချိုတစ်ချောင်းသည် သဘာဝအတိုင်းထွက်လာသော်လည်း ကျန်တစ်ချောင်းချိုမှာ ဘေးသို့လည်းကောင်း၊ ရှေ့သို့လည်းကောင်း လက်ညှိုးထိုးနေသလို သဘာဝမကျထွက်တာ ချိုပေါက်တာရှိကြသည်။ ထိုသို့သော ကျွဲ၊ နွားများကို သူတို့ဆီ၌ ကျွဲကြန်အင်ဖတ်သူများက-

"ဘယ်လဲ ညာထောင်၊ ညာလဲ ဘယ်ထောင် တွေ့မရှောင်"

ဟုဆိုကြသည်။ ထိုသို့သော ကျွဲနွားများနှင့် သူတို့ဆီက မိမိကျွဲ၊ နွားကို လောင်းကြေးမတိုက်ရဲကြ။ အကြောင်းမှာ ဘယ်လဲ ညာထောင်၊ ညာထောင် ဘယ်လဲ ကျွဲနွားများကို မည်သည့်ကျွဲနွားများကို ဝှေ့ခတ်ဝှေ့ခတ်တစ်ဖက်သားကို ထိလွယ်ရှလွယ်၍ ဖြစ်သည်။ နောက် သူတို့ဆီက 'ဗက်လံကြီး' ဟုခေါ်သော ကျွဲနွားတစ်ကောင်တလေလည်း ရှိသေးသည်။ ထိုကျွဲ၊ နွားများမှာ အရွယ်ရောက်၍ ချိုပေါက်လာသောအခါ သာမန်ကျွဲ

နွားများလို ဦးချိုက သဘာဝအတိုင်း အပေါ်ကိုထွက်မလာဘဲ နှစ်ချောင်းစလုံး ရှေ့သို့လည်းကောင်း၊ ဘေးသို့လည်းကောင်း ကွေ့ကောက်ထွက်နေသည်။ ထိုဗက်လံခေါ် ကျွဲ၊ နွားများမှာလည်း တစ်ဖက်ကျွဲနွားများကို ထိလွယ်ရှလွယ်ဖြစ်သဖြင့် တိုက်ပွဲမဝင်ရပေ။

ကျွဲတိုက်ပွဲတွင် ချိုတစ်ချောင်းကျိုးစဉ်ထွက်သွားသော်လည်း တစ်ဖက်ကျွဲကိုအနိုင်ဖွေ့ခတ်လိုက်သော နိုင်ကျွဲပွဲကပြီးသွားသည်။ ထိုပွဲတွင် ကျွဲဆွဲကောင်း ကျွဲသရဲဖြစ်သူကတော့ နာမည်ပိုကြီးသွားသည်။

"အဲဒီ ကျွဲဆွဲကောင်း နာမည်ကဘယ်သူလဲကွ"

"နာမည်တော့ ကျွန်တော်လည်း မသိပါဘူးခင်ဗျာ။ သူ့ကို အများကတော့ မြစ်ညာသားကျွဲဆွဲကောင်းပဲ ခေါ်ကြပါတယ်။ သူ့ဇာတိက မြစ်ညာဘက်ကလို့ သိရပါတယ်။ သူက ကျွဲပွဲရာသီနီးမှမြစ်ဝနယ်ကို ရောက်လာတတ်ပါတယ်။ ကျွဲပွဲတွေ ရာသီကုန်သွားရင်တော့ မြစ်ညာကိုပြန်သွားတတ်ပါသည်။ ကျွန်တော်တို့ဆီမှာ အငှားလယ်ထွန်လည်းမလုပ်ပါဘူး။ ကျွဲတိုက်ပွဲနဲ့ ကျွဲဆွဲပဲဝါသနာကြီးပုံရပါတယ်"

"သူ့အသက်ကကောကွ"

"သူ့အသက်ကနှစ်ဆယ်ဝန်းကျင်လောက်ပဲရှိမယ်ထင်ပါတယ်။ ကျွန်တော်တို့ဆီက ကျွဲဆွဲကောင်း ကျွဲသူရဲတွေနဲ့ယှဉ်ရင်တော့ သူကငယ်ပါတယ်"

လက်အငှားထွန်ရန် လာသူ၏စကားအဆုံးမှာ လယ်ရှင်ကြီး၊ လယ်သူဌေး ဦးသာဇံဝေက သူ့ယောက်ဖကြီး ဦးကြာညိုဦး၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

*

"မင်းခေါ် ခိုင်းလိုက်တယ် ပြောတယ်၊ ငါက ကွင်းထဲရောက်နေတာကွ"

"ထိုင်လေ၊ ကွင်းထဲဆိုတော့ ကျွဲတွေ ဘာဖြစ်လို့လဲ"

"ကျွဲတွေဘာမှမဖြစ်ပါဘူး၊ကောင်လေးတွေ ရိုးပြတ်မီးရှို့နေကြတာမြင်လို့ ကောက်ရိုးပုံတွေဘာတွေ မီးကူးမှာစိုးလို့ သွားကြည့်တာ"

"ဒီကောင်တွေ နန်းထိုင်ဖားရှာဖို့ မီးရှို့ကြတာနေမှာပေါ့"

"ဟုတ်တယ်"

ဦးသာဇံဝေပြောသည်မှာ အမှန်ပင်ဖြစ်သည်။

နွေနှောင်းရာသီတွင် ကျွဲကျောင်းနွားကျောင်းသားများသည် ရိုးပြတ်တွေကိုမီးရှို့ပြီး နန်းထိုင်ဖားရှာတတ်ကြသည်။ နန်းထိုင်ဖား ဆိုသည်မှာ မိုးနှောင်းကာလက မြေမမာမီမြေပျော့ချိန်၌ ဖားကြီးများသည် ရွှံ့နွံထဲမြှုပ်နေတတ်ကြသည်။ အပေါ်ယံရွှံ့နွံမာသောအခါ မြေထဲ၌ပင်နေကြသည်။ အသက်ရှူရန်လေပေါက်တစ်ပေါက် သေးသေးဖောက်ထားပြီး တစ်နွေလုံး မြေထဲအောင်းနေတတ်ကြသည်။ ထိုဖားကြီးများသည် သူ့သေးကို သူပြန်သောက်ပြီး နေကြသည်ဟုဆို၏။ မိုးဦးကျ၍ မြေပျော့သောအခါမှ အပြင်ကို ထွက်လာတတ်ကြသည်။၎င်းသည်ကို 'နန်းထိုင်ဖား' ဟု ခေါ်ကြခြင်းဖြစ်သည်။

"ယောက်ဖကြီးကို ကျွန်တော်ပြောချင်တာကဟိုမြစ်ဝကလယ်ထွန်သားပြောပုံအရဆိုရင် အဲဒီမြစ်ညာသား ကျွဲဆွဲကောင်းကို နောက်နှစ်အတွက် ကျွန်တော်တို့ကြိုရထားရင် အောင်ဘာလေတို့နဲ့ တိုက်ကြတဲ့အခါ နိုင်မယ်ထင်လို့ အဲဒီမြစ်ညာသားကို ခုကပင် ကျွန်တော်တို့ စရန်တွေဘာတွေ ကြိုပေးထားပြီး ငှားထားရင်မကောင်းဘူးလား၊ ယောက်ဖကြီး ဘယ်လိုသဘောရလဲ"

"အဲဒီတော့ သူက ကျွဲတိုက်ပွဲရာသီပြီးသွားရင် မြစ်ညာကိုပြန်သွားတတ်တယ်ပြောတယ်၊ အဲဒီတော့ သူမြစ်ညာမပြန်မီ အုပ်မိအောင်ကျွန်တော်တို့ရထားဖို့လိုမယ်။ ဒါပေမယ့် သူ့နာမည်ကိုလည်း မသိတော့ ယောက်ဖကြီး မြစ်ဝသွားရှာတဲ့အခါမှာ အခက်အခဲများရှိမလားလို့"

"မရှိနိုင်ပါဘူးကွာ၊ဟိုသူ့အကြောင်းပြောတဲ့ လယ်ထွန်သားကို ငါခေါ်သွားမယ်လေ၊ သူ ငယောင်းချေတို့အိမ်မှာ တစ်ရက်နှစ်ရက်နေဦးမယ် ပြောတယ်"

"ဟာ- ယောက်ဖကြီး၊ သူ့ကိုခေါ်သွားလို့တော့ မဖြစ်ဘူးလေ"

ဦးကြာပန်းဦးက သူ့ယောက်ဖမျက်နှာကို လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲကွ"

"သူ့ကို မြစ်ဝဘက်ခေါ်သွားပြီး မြစ်ညာသားကို ရှာခိုင်းလိုက်ရင် သတင်းပြန့်သွားမှာစိုးလို့လေ၊ ဒီကိစ္စ ကျွန်တော်တို့လျှို့လျှို့ဝှက်ဝှက် လုပ်ကြရမှာ၊ ကျွန်တော်စိတ်ကူးထားတာက သူ့ကိုတွေ့ရင် နောက်နှစ်အတွက် ကျွဲဆွဲပေးဖို့ တိုးတိုးတိတ်တိတ် ပြောရမယ်။ စရန်တွေဘာတွေပေးထားပါမယ်၊ ဒီကိစ္စလည်း ဘယ်သူ့မှမပေါက်ကြားစေချင်ဘူးပြောရမယ်၊ ဖြစ်နိုင်ရင်ဗျာ မြစ်ညာကိုမပြန်ဘဲ ကျွန်တော့်ဆီမှာ ကျွဲကျောင်းအငှားဝင်ရင်လည်းရတယ်၊ တခြားကျွဲကျောင်းသားများထက် ပိုပေးမယ်၊ လယ်ထွန်းသမားထက်တောင် ပိုပေးမယ်ဆို ရချင်ရမယ်။ ဒီတစ်မိုးဒီမှာနေပြီး ကျွဲတိုက်ရာသီရောက်မှသူ့ကိုကျွဲဆွဲခိုင်းမယ်၊ ပြီးတော့ သူက မြစ်ဝဘက်မှာ ကျွဲဆွဲလုပ်နေတာ နှစ်နှစ်သုံးနှစ်တောင်ရှိပြီးဆိုတော့ မြစ်ဝနယ်မှာ အကောင်းဆုံး တိုက်ကျွဲတွေကိုလည်း သူသိမှာပဲ၊ အဲဒီတော့ မြစ်ဝနယ်က အကောင်းဆုံး တိုက်ကျွဲတစ်ကောင်ကို သူ့ရှာခိုင်းပြီး အောင်ဘာလေတို့ ကျွဲနဲ့ တိုက်မယ်ဗျာ၊ ကျွန်တော် အဲသလို စိတ်ကူးထားတယ်၊ ဘယ့်နှယ်လဲ"

"မင်းစိတ်ကူး ကောင်းပါတယ်၊ ငါတောင်စောစောကအဲဒီစိတ်ကူးကို မထွက်မိဘူး"

"ဒါဆို ယောက်ဖကြီး မြစ်ဘက်စောစောသွားမှ ဖြစ်မယ်၊ သူက ရာသီကုန်ရင် မြစ်ညာကို ပြန်သွားတတ်တယ်ဆိုတာကိုး၊ တစ်ယောက်တည်း မသွားချင်ရင် ဝေသာဦးကို ခေါ်သွား"

"မင်းသားကို ခေါ်သွားရင် မြစ်ဝဘက်ကအသိတွေနဲ့ ပေါးလားဝါးလား လုပ်ပြီး လိုရင်းကိစ္စရောက်မှာမဟုတ်ဘူး။ ဒီကောင်ကို အဲဒီကိစ္စလည်း အသိပေးလို့ဖြစ်မှာမဟုတ်ဘူး။ မူးရူးပြီး လျှောက်ပြောနေရင် သောက်ဝွကျမယ်။ ငါတို့အသိတွေ မြစ်ဝမှာရှိပါတယ်ကွာ၊ ဒါကို မပူပါနဲ့၊ ငါသွားလိုက်မယ်။ သူ့ကိုအကျိုးအကြောင်းပြောပြပြီး ခေါ်လာမယ်ကွာ"

"ယောက်ဖကြီး ဒီကိစ္စတော့ဘယ်သူ့မှ သိလို့မဖြစ်ဘူးနော်"

"စိတ်ချပါကွာ၊ ငါတည်းအိမ်က လူတောင်မသိစေရဘူး၊ မြစ်နားရွာကို မိုးတွင်းအတွက် ငါးလာဝယ်တယ်ပဲပြောပြီး စုံစမ်းမယ်၊ မင်းယောက်ဖကြီး ဒီလောက်တော့လုပ်တတ်ပါတယ်ကွာ၊ ငါကြာညိုကိုမေးပြီး တကယ်လည်းမိုးတွင်းအတွက် ငါးလက်ခွာတွေ၊ သင်းပုတ်ထိုးတွေ လက်စနဲ့ဝယ်လာခဲ့မယ်။ မင်းဘာမှမပူနဲ့။ မင်းစိတ်ကူးရတာ မင်းကို ဘုရားမတာပဲ၊ ဒီတစ်ခါတော့ အောင်ဘာလေကို တို့အနိုင်တိုက်ရမယ်"

ဦးသာဇံဝေ လယ်သူဌေး၏ ယောက်ဖ ဦးကြာပန်းဦးကလည်း ဦးသာဇံဝေထက်ပင် ဝမ်းသာအားရတက်တက်ကြွကြွဖြစ်သွားသည်။

"အိမ်ကအကောင်ကို ခေါ်မသွားချင်ဘူးဆိုရင် ယောက်ဖကြီးအစီအစဉ်နဲ့ ယောက်ဖကြီးသွားလိုက်၊ အရေးကြီးတာ

ကတော့ ယောက်ဖကြီးနဲ့ကျွန်တော်က လွဲပြီး ဘယ်လူမှမသိဖို့ဘဲ”

“စိတ်ချပါကွာ၊ ဒီလိုကိစ္စ ငါလိမ်လိမ်မာမာလုပ်တတ်ပါတယ်။ ငါစောစောကပြောပါပကောလား၊ မြစ်ဝရောက်ရင် ဒီလိုဒီလိုကိစ္စနဲ့လာတယ်ဆိုတာ ငါတည်းမယ့်အိမ်ရှင်ကတောင် မသိစေရဘူး။ ငါးခြောက်ဝယ်ဖို့ မိုးတွင်စာလာတယ်ပေါ့ကွ၊ ခါတိုင်းနှစ်တွေမှာလည်း ဒီလိုပဲ ငါးခြောက်ငါးခြမ်းလာဝယ်နေကျဆိုတော့ ဘယ်လူသိမှာမှမဟုတ်တာစိတ်ချပါကွာ”

သူ့ယောက်ဖကြီးက စိတ်ချပါဟု အတန်တန်ပြောသော်လည်း ဦးသာဇံဝေကတော့ သူ့ယောက်ဖ ဦးကြာပန်ဦးနှင့်မြစ်ညာသားကျွဲဆွဲကောင်း ကျွဲသူရဲ သူ့ရှေ့မှောက်ရောက်လာမှ စိတ်ချလက်ချ ယုံရသက်မ ချနိုင်ပေမည်။

အဘယ်ကြောင့်ဆိုသော် ကိုယ့်ရွာကိုယ့်အရပ်မှာတော့ သူ့ယောက်ဖ သူ့နှမ သူလည်း သိက္ခာထိန်းရမည်ဖြစ်သဖြင့် ဘုံဆိုင်ကို ပေါ်ပေါ်ထင်ထင် မသွားဝံ့။ သူ့နှမနှင့်ဦးသာဇံဝေတို့အိမ်ထောင်မဂ ခင်ကတော့ ဦးကြာပန်းဦးမှာလည်း ခပ်ပေပေတေတေ တစ်ယောက်ပင်။ သူ့နှမကရော သူ့ယောက်ဖ လယ်သူဌေးကပါ ဘုံဆိုင်တွင်သွားမသောက်ရန်နှင့်သောက်ချင်လျှင် ကိုယ့်အိမ်မှာကိုယ်ဝယ်သောက်ဟုတားမြစ်ထားကြသဖြင့် အိမ်မှာညနေတိုင်းခွက်ပုန်းချနေသည်ကိုတော့ ဦးသာဇံဝေက သိသည်။ သို့သော်လူပျို့တုန်းကလို အလွန်အကျွံတော့မသောက်တော့။

သူမြစ်ဝဘက် ရောက်သွားလျှင် သူ့အပေါင်းအသင်းတွေနှင့်တွေ့ကာ လာရင်းကိစ္စကြာနေမှာလည်း ဦးသာဇံဝေက တော့စိုးတထိတ်ထိတ်သာ။

*

ဦးကြာပန်းဦးသည် ကတိခံသွားသည့်အတိုင်း သုံးရက်အကြာမှာ မြစ်ညာသားကျွဲဆွဲကောင်း ကျွဲသူရဲကို ဦးသာဇံဝေရှေ့မှောက်ကို အရောက်ခေါ် ချလာနိုင်သည်။

“ကြာညို ငါးခြောက်တွေ လာသိမ်းဦးဟ၊ ထိုင်ကွာ”

သူ့အသံကိုကြားသဖြင့် သူ့ယောက်ဖဦးသာဇံဝေကလည်း အခန်းထဲက ထွက်လာသည်။

“အစ်ကိုကြီးလည်း ယူသွားဦး”

ဒေါ်ကြာညိုမက ဦးကြာပန်းဦး ဝယ်လာသော ငါးခြောက်တွေကိုလာယူရင်း သူ့အစ်ကိုကြီးကို ပြောလိုက်သည်။

“ငါတို့က ကျွဲဆွဲကောင်းဆိုတော့ တို့ဆီက ကျွဲသူရဲတွေလို ဗလကြီးတွေလား ထင်ထားကြတာ၊ မင်းက လူဗလံလေးပဲ”

သူ့ယောက်ဖကြီး မည်သို့ပြောပြီး စည်းရုံးခေါ်လာသည်မသိ။ ကျွဲသူရဲက ချက်ချင်း ကျွဲစကားပြောလိုက်သည်။

ထိုအချိန်မှာတွင်ဒေါ်ကြာညိုမက ညှော်ဝတ်ကျော့ပွန်စွာ ရေနွေးအိုး၊ ကြံသကာခွက်၊ ငါးလက်ခွာဖုတ်ဆီဆမ်းတို့ ကို လင်ပန်းကြီးနှင့်လာချပေးသွားပြီး ကျွဲသူရဲလူငယ်ကို အကဲခတ်ကြည့်သည်။

“မောင်ချေ (လူလေး) ရေနွေးသောက်၊ ကြံသကာလည်း စားပါကွယ်”

ဟုလည်း ပြောလိုက်သည်။

အစကမူ သူ့ဦးကြီးခေါ်လာသူမှာခါတိုင်းလို လယ်ထွန်အငှားသား လာပို့သည်ထင်သဖြင့် စိတ်မဝင်စားကြသော်လည်း သူ့အဖေနှင့်လူရွယ်ကိုပြောနေကြသည်ကိုကြားပြီး၊ကျွဲဆွဲကောင်း ကျွဲသူရဲဟုသိလိုက်ကြသောအခါ ဦးသာဇံဝေနှင့် ဒေါ်ကြာညိုမ၏ သမီးနှစ်ယောက်စလုံး ကွက်ကြည့်ကွက်ကြည့်လုပ်နေကြသည်။

သူတို့အရပ်ဒေသတွင်ကျွဲဆွဲကောင်း ကျွဲသူရဲဆိုလျှင် ရွာမှာနယ်မှာထင်ပေါ် ကျော်ကြားသူများဖြစ်သဖြင့် ကျွဲဆွဲကောင်းကျွဲသူရဲဆိုသည်နှင့်လူတိုင်းလိုလို တစ်ချက်တစ်စွေ့တော့လှည့်ကြည့်တတ်ကြသည်သာ။

“မင်းက မြစ်ညာသားဆိုတော့ မြစ်ညာမှာ မင်းဘာလုပ်ခဲ့လဲ”

“ကျွန်တော် သစ်ဆွဲကျွဲတွေကို ဖမ်းပေးရပါတယ်”

သူပြောသည်မှာ အမှန်ပင်ဖြစ်သည်။

သူတို့မြစ်ညာတွင် တောင်ဆီမှာ မိုးညိုပြီ မိုးကျတော့မည်ဆိုလျှင် တစ်နွေလုံး တောထဲတောင်ထဲလွှတ်ထားသော သစ်ဆွဲကျွဲများကိုဖမ်းပေးရန် သစ်ခေါင်းလုံး ကျွဲခေါင်းများက သစ်ဆွဲကျွဲပိုင်ရှင်များကိုဆော်ဩရသည်။ ထိုအခါ ကျွဲပိုင်ရှင်များက တစ်ဖန်ရွာလည်ပြီး ကျွဲဖမ်းကောင်း ကျွဲသူရဲများကိုရှာကြရပြန်သည်။ ကျွဲဖမ်းကောင်း ကျွဲသူရဲများ ဖမ်းပေးသော ဘို့တင်ကြီး လည်သားတက်ကြီး သစ်ဆွဲကျွဲများမှာ တစ်မိုးလုံး တောထဲတောင်ထဲက သစ်များကိုဆွဲကြသည်။

တပို့တွဲလကုန် တပေါင်းလဆန်း ရောက်လျှင် သစ်ဆွဲကျွဲများကို အနားပေးပြီး တောထဲတောင်ထဲလွှတ်ကြရသည်။ တောထဲတောင်ထဲ တစ်နွေလုံး လွှတ်ထားသော အချို့ကျွဲမများသည် တစ်နှစ်တလေတွင် တောထဲ၌ပင် သားပေါက်၍ ကျွဲကလေးများပင်ပါလာတတ်ကြသည်။ သစ်ဆွဲကျွဲ အချို့မှာလည်း တောစိတ်ဝင်ကာ ရိုင်းလာသောကျွဲများလည်းရှိသည်။ ကျွဲမများနှင့်မူ တောတောင်ထဲ၌ သစ်မဆွဲကြပေ။ ဆည်တာကပ်၊ စက်ကပ်ခရီးတိုများကိုသာ ကျွဲမများနှင့်ဆွဲလေ့ဆွဲထရှိကြသည်။ဤသည်မှာလည်း အကောင်ကြီး အားခွန်ဗလကြီးသောကျွဲမများနှင့်သာ။

မိုးဦးကျ တောထဲတောင်ထဲက သောင်ပြင်ကို ရေစိမ်ရေသောက်ရန် ဆင်းလာကြသော သစ်ဆွဲကျွဲများကို ကျွဲဖမ်းကောင်း၊ကျွဲသူရဲများက ဖမ်းပေးကြရသည်။ ဖမ်းမိသောကျွဲများကို ပိုင်ရှင်များဆီ အဖိုးအခနှင့်အပ်ကြရသည်။ ဤသည်မှာလည်း သစ်ဆွဲကျွဲအကြီး၊အသေး သစ်ဆွဲကောင်း၊ မကောင်း ကျွဲများပေါ်မူတည်၍ ကျွဲဖမ်းပေးသူက အဖိုးအခရကြသည်။

ကျွဲပိုင်ရှင်များကမူ ကျွဲဖမ်းကောင်း ဖမ်းပေးသော ကျွဲသည် မိမိကျွဲဟုတ်မဟုတ်ကို ကျွဲချိုရင်းက အမှတ်အသားကိုကြည့်၍ လက်ခံကြသည်။ ကျွဲပိုင်ရှင်များသည် မိမိကျွဲ၏ချိုရင်း၌လေးထောင့်အဝိုင်း၊ လတစ်ခြမ်း၊ ကြက်ခြေခတ်၊ အစင်းအကြောင်းတစ်ချောင်းနှစ်ချောင်း စသည်တို့ဖြင့် အမှတ်အသားထားရှိကြသည်။

ကျွဲချိုဖျားဍ္ဍ အမှတ်အသားမပြုလုပ်ဘဲ ကျွဲချိုရင်း၌သာ အမှတ်အသားလုပ်ထားကြရသည်မှာ ကျွဲများသည် နွားများလို အချိန်ကြာကြာ ချိုမသွေးတတ်ကြသော်လည်း အချင်းချင်း ဝှေ့ခတ်ကြရာ၌ ချိုဖျားကျိုးတတ်သလို အားစမ်းသည့်အနေနှင့် သစ်ပင်ကြီးများ ကမ်းပါးများကိုဝှေ့ခတ်ရာ၌ ချိုဖျားတွင် အမှတ်အသားလုပ်ထားပါက ပွန်းပဲ့ပျက်ပြေသွားတတ်ကြသဖြင့် ဖြစ်သည်။

မိုးဦးကျ ကျွဲဖမ်းရာသီ၌ ကျွဲဖမ်းသမားများသည် ညနေစောင်းကျွဲများ တောတောင်ထဲက သောင်ပြင်ကို ရေစိမ်ရေသောက်ရန် ဆင်းလာတတ်ကြသည်။ ထိုအခါ သောင်ပြင်တွင် သဲကျင်းယက်ပုန်းစောင့်၍ဖမ်းကြရသည်။ ကျွဲများသောင်ပြင်ကိုဆင်းလာကြပြီးလျှင် ကျွဲမကြီးများ၊ ကျွဲကလေးများလည်း ပါလာတတ်ကြရာ ထိုကျွဲမကြီးများနှင့်မြှောင်ကပ်ပြီး သစ်ဆွဲကျွဲကြီးများကို ဖမ်းကြရ

အလိုင်းငှန်းလိန်(ရှုပ်ဘင်)

# အားလုံးပြီးပြောက် သိဒ္ဓိပေါ်ကလိတာတော်

ကျွန်တော်ကအငြိမ်းစားအစိုးရဝန်ထမ်းတစ်ယောက်ပါ။ ဝန်ထမ်းဘဝနဲ့ (၇) မြို့နယ်မှာ နှစ်ပေါင်း (၃၄) နှစ်တာတာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ အဲဒါကြောင့် ကိုယ်တွေ့ကြုံခဲ့ရတဲ့အတွေ့အကြုံလေးတွေကို စာဖတ်သူတွေကိုမျှဝေတာပါ။ အခုကျွန်တော်ရေးမယ့်ဂါထာတော်အကြောင်းကကြားဖူးနားဝမဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်နဲ့လူအများစုအောင်မြင်မှုရတဲ့ဂါထာတော်ကြီးပါ။ကျွန်တော်တာဝန်နဲ့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့ကိုရောက်မှ ဒီဂါထာရဲ့အစွမ်းကြီးမားပုံကို မိုပြီးသိလာပါတယ်။ ပထမဆုံးစသိတာကတော့ ရမည်းသင်းမြို့မှာပါ။ ရမည်းသင်းမြို့နယ်မှာ ရွှေမြင်တင်တောင်ဆိုတာရှိပါတယ်။ သမိုင်းဝင်ဂဇက်တက်ဘုရားပါ။ မြန်မာနိုင်ငံမှာ ဂဇက်တက်ဝင်ဘုရား (၂၂)ဆူရှိပါတယ်။ ရွှေမြင်တင်တောင်ပေါ်မှာတန်ခိုးကြီးဘုရားတွေသမိုင်းဝင်နေရာတွေအများကြီးရှိပါတယ်။ ကျန်စစ်သားမင်းလှူထားတဲ့နှီးဘုရားတောင် အခုထိရှိပါသေးတယ်။ ပြည့်ပြည်စုံစုံသီးခြားရေးသင့်တဲ့ရွှေမြင်တင်တောင်တော်သမိုင်းပါ။နှစ်စဉ်တပေါင်းလပြည့်နေ့မှာဘုရားပွဲလုပ်ပါတယ်။

ရွှေမြင်တင်တောင်ပေါ်မှာရသေ့ကြီးဦးခန္တီနေပြီးသာသနာပြုခဲ့ဖူးပါတယ်။ ရသေ့ကြီးလှူဒါန်းထားတဲ့ သာသနိကအဆောက်အဦတွေအများကြီးပါ၊ အားလုံးသံတွေသွပ်တွေနဲ့တည်ဆောက်လှူဒါန်းခဲ့တာပါ။ ဒီဂါထာကို အဘရသေ့ကြီးဦးခန္တီကအမြဲသုံးပါတယ်။ သူ့ရဲ့တပည့်သားမြေးတွေကိုလည်း ဒီဂါထာကိုအသုံးပြုပြီး စီးပွားရေး၊ လူမှုရေး၊ပညာ



သည်။

သောင်ပြင်တွင် ဖမ်းမမိသောကျွဲကြီးများကို မှောင်ရီဖျိုးဖျအချိန်တွင် ရေထဲထိ လိုက်ပါ၍လည်း ဖမ်းကြရသည်။ ကျွဲဖမ်းသူရဲသည် ရေထဲ၌ ခေါင်းတစ်လုံးသာဖော်ပြီး ကျွဲမကြီးများ၊ ကျွဲကလေးများကို အကာအကွယ်ယူကာ သစ်ဆွဲကျွဲတစ်ကောင်ကောင်၏ လည်ပင်းကိုကြိုးကွင်းစွပ်မိအောင်ပထမပစ်ရသည်။ ထိုအခါ သူ့လည်ပင်းကြိုးကွင်းစွပ်မိသွားမှန်းသိသော ကျွဲကြီးသည် တစ်စောင်းခြေခေါက်၊ လက်ခေါက် လူးလိမ့်ရေစိမ်ရာမှ ထခုန်တော့သည်။ ထိုအခါ ကြိုးကွင်းက သူ့လည်ပင်း၌ ပိုတင်းသွားလေသည်။

ဤနည်းဖြင့် ကျွဲဖမ်းသမားသည် ရဲရဲရင့်ရင့်ကျွဲနားကိုကပ်သွားပြီး ကျွဲ၏နဖားပေါက်ကိုလက်နှင့်ထိုး၍ ကျွဲကြီးကို နားဖားထိုးတော့သည်။ ဖားထိုးပြီးလျှင်တော့ ကျွဲကြီးကို ဆွဲခေါ်ရုံသာ။ ဤသို့စွန့်စွန့်စားစား ကျွဲဖမ်းကြရာ၌ အချို့ကျွဲဖမ်းသမားသည် သောင်ပြင်၌လည်းကောင်း၊ ရေထဲ၌လည်းကောင်း ကျွဲဝှေ့ခံရပြီး အသက်စွန့်သွားကြရသည်လည်းရှိလေသည်။ ထို့ကြောင့် ကျွဲဖမ်းသမားများမှာ တော်ရုံတန်ရုံကျွဲများအထာကို မသိမကျွမ်းဘဲ ကျွဲမဖမ်းရဲကြပေ။ အထူးသဖြင့် တစ်နွေလုံး တောထဲနေပြီး တောစိတ်ဝင်လာသော အယဉ်က အရိုင်းဖြစ်လာသော ကျွဲကြီးများကိုဖမ်းရာတွင် ကျွဲဖမ်းသမားများမှာပိုပြီးအသက်အန္တရာယ်နှင့်နီးသဖြင့် အထူးသတိထား ဖမ်းကြရလေသည်။

ကျွဲဖမ်းကောင်းသည်သစ်ဆွဲကျွဲကြီးတစ်ကောင်ကို ဘေးမသီရန်မခ ဖမ်းရလာပြီဆိုလျှင် ထိုကျွဲကို မိမိအိမ်၌ အစာရေစာကျွေးပြီး ကောင်းကောင်းမွန်မွန်ခေတ္တထားရသည်။သူကျွဲတစ်ကောင်ဖမ်းမိထားပြီးဖြစ်ကြောင်း ရွာကိုဆော်ဩရသည်။ မည်သူ့ကျွဲမှန်း သူလည်းမသိသဖြင့် ကျွဲရှင်များလာကြည့်ကြရန်ရွာမှာသတင်းဖြန့်ရသည်။ ထိုအခါ မနှစ်ကပင်တောထဲတောင်ထဲလွှတ်ထားသော ကျွဲရှင်များ မိမိကျွဲဟုတ်မဟုတ်ဖမ်းမိထားသောကျွဲချိုရင်းကိုလာကြည့်ကြရသည်။ မိမိတို့သင်္ကေတပြုထားသော ကျွဲဖြစ်ပါက ကျွဲဖမ်းကောင်းကို အခကြေးငွေပေး၍ ရွေးယူကြသည်။ ပြီးတော့မှ ကျွဲခေါင်းကို မိုးတွင်းသစ်ဆွဲရန် အပ်နှံလိုက်ကြသည်။

*

"ဒီနှစ်ကျွဲတိုက်ပွဲမှာ မင်းဆွဲကျွဲကချိုတစ်ဖက်ကျိုးသွားပေမယ့် နိုင်သွားတယ်ဆိုတာလည်း ဦးကြီးတို့ကြားတာဟုတ်လားကွ"

"ဟုတ်ပါတယ်ခင်ဗျာ"

"အဲဒါ ဘယ်လိုလဲဆိုတာလည်း ပြောပြပါဦးကွ"

"အဲဒါက ရှင်းပါတယ်။ ဦးဆီမှာလည်း ကျွဲတွေအများကြီးရှိတာပဲ။ ကျွဲချိုဆိုတာက အခေါင်းပွရယ်၊ တစ်ဖက်ကျွဲနဲ့ချိုချင်း တိုက်ခတ်ကြတဲ့အခါ ချိုအခေါင်းပိုပွတဲ့ ကျွဲတွေကဒီလိုပဲ ကျိုးတတ်ပါတယ်"

(ဆက်ရန်)

မိုးကျော့

ရေး၊ ကျန်းမာရေးတွေကောင်းစေဖို့နည်းလမ်းတွေပေးခဲ့ပါတယ်။ ဒီဂါထာကိုအမျိုးမျိုးသုံးပြီး ကြီးပွားချမ်းသာအဆင်ပြေနေတဲ့သူတွေအများကြီးရှိပါတယ်။အထူးသဖြင့် ရွှေမြင်တင်နားကသိမ်ကုန်းစံပြရွာကြီးမှာပေါ့။ မင်းတို့ရွာမြို့ဖြစ်လိမ့်မယ်လို့ရသေ့ကြီးကိုယ်တိုင်ပြောခဲ့တာပဲ။ အခုဆိုမြို့တစ်ပိုင်းဖြစ်နေပါပြီ၊ မြို့အင်္ဂါနဲ့ညီညွတ်နေပါပြီ၊ သပိတ်ကျင်းမြို့ကိုပြောင်းပြီးတာဝန်ထမ်းဆောင်ရတော့ ဒီဂါထာအကြောင်းပိုပြီးသိလာပါတယ်။ သပိတ်ကျင်းမှာ ထွက်ရပ်ပေါက်ဆရာတော်တစ်ပါးဖြစ်တဲ့အဘရာကျော်ဆရာတော်ဘုရားကြီးသီတင်းသုံးခဲ့ဖူးပါတယ်။ လက်ရှိသပိတ်ကျင်းဈေးအနီးမှာတန်ခိုးကြီးဘုရားတစ်ဆူရှိပါတယ်။ အဘရာကျော်ဆရာတော်ကြီးက အဲဒီဘုရားမှာနေပြီးကျင့်ကြံအားထုတ်ခဲ့တာပါ။ ဆရာတော်ကြီးဖိုထိုးတဲ့နေရာလည်းရှိပါတယ်။

သပိတ်ကျင်းမြို့ကလည်း တောတောင်ထူထပ်ပါတယ်။ အခုထိတောဆင်ရိုင်းတွေရှိတုန်းပါ။ ကျွန်တော်ကိုယ်တိုင် ဆင်ရိုင်းအုပ်ကြီးနဲ့တွေ့လို့ပြေးခဲ့ရဖူးပါတယ်။ ရွှေဒေါင်းဘေးမဲ့တောကြီးလည်းရှိပါတယ်။ ကျီ၊ စိုင်၊ ဆတ်၊ သမင်ဒရယ်၊ ဒေါင်းတွေနဲ့ငှက်မျိုးစုံရှိပါတယ်။ တောကြက် တောငှက်တွေနေရာအနှံ့တွေ့နေရတာပါပဲ။ မြန်မာပြည်သိန်းတန်ဆိုထားတဲ့ စုံတောမြိုင်ပါပဲ။ သူတော်ကောင်းတွေအများကြီး ကိန်းအောင်းမွေ့လျော်ကြတဲ့စုံတောမြိုင်ပါပဲ။ အဘရာကျော်ဆရာတော်ကြီးကသပိတ်ကျင်းမှာနှစ်ပေါင်းများစွာနေခဲ့တာပဲ။ သူတမည့်တစ်ယောက်ဖြစ်တဲ့ ဦးဘစိန်နဲ့ကျွန်တော်တွေ့ခဲ့ရပါတယ်။ ကျွန်တော်တွေ့တဲ့အချိန်မှာ ဦးဘစိန်ကအသက် (၉၂)နှစ်ရှိပါပြီသန်သန်မာမာပါပဲ။အဘရာကျော်ဆရာတော်ကြီးပေးခဲ့တဲ့ ဖိုထဲကပြာကိုစားပြီးအသက်ရှည်တာလို့ပြောပါတယ်။ လွယ်အိတ်အလွတ်တစ်လုံး အမြဲလွယ်ထားပြီးလိုသမျှငွေကိုလွယ်အိတ်အလွတ်ထဲကနှိုက်ပြီးပေးလိုက်တာပဲတဲ့၊ ဦးဘစိန်ကတစ်နေ့တော့ အဘရာကျော်ဆရာဆရာတော်ဘုရားကြီးချိတ်ထားတဲ့လွယ်အိတ်ကိုလက်နဲ့နှိုက်ကြည့်တော့ဘာမှမရှိဘူးတဲ့၊ လွယ်အိတ်ကဗလာတဲ့၊ အဘာအိပ်ရာကထပြီး အပြင်သွားတော့လွယ်အိတ်ကိုယူပြီးပခုံးမှာလွယ်ထားတယ်တဲ့၊ ဆိုင်တစ်ဆိုင်ကိုသွားပြီး သူလိုချင်တဲ့ပစ္စည်းတွေဝယ်တိုင်း လွယ်အိတ်ထဲကပဲနှိုက်ပေးတာတဲ့၊ တစ်ရာကျတယ်ဆိုရင်



လွယ်အိတ်ထဲကနှိုက်ပေးရင်အပိုအလိုမရှိတစ်ရာအတိပဲတဲ့။ အဲဒီလောက်စွမ်းတဲ့ဆရာတော်ကြီးပါ။ ဆရာတော်ကြီးတည်ဆောက်လှူဒါန်းထားတဲ့ဘုရားတွေ၊ ကျောင်းတွေ၊ဇရပ်တွေ၊ ရေတွင်းရေကန်တွေအများကြီးပါ။ သူ့ဆီကိုလူတွေကအကူအညီတောင်းရင် ဒီဂါထာကိုအမြဲပေးပြီးစီရင်တာတဲ့။ ဒီဂါထာကဉာဏ်ရှိသလိုသုံးလို့ရတဲ့ဂါထာပါ။ ကျွန်တော်ရှိတုန်းကနိုင်ငံတော်အကြီးအကဲတစ်ယောက်အောင်မြေနင်းဖို့သပိတ်ကျင်းကိုလာသွားပါတယ်။ ရှေးရှေးထဲက အခုထိရွှေထွက်တဲ့နေရာပေါ့။ သပိတ်ကျင်းမှာနေတဲ့သူတွေ အဆင်ပြေကြတာများပါတယ်။ မိုးကုတ်ကသူဌေးတွေ ကျောက်တွင်းပိုင်ရှင်တွေ သပိတ်ကျင်းကိုလာပြီးအဘရာကျော်ဆရာတော်ဘုရားကြီးပေးခဲ့တဲ့ဒီဂါထာကို ဆရာတော်ကြီးနေတဲ့နေရာတွေမှာရွတ်ပြီး အောင်မြေနင်းကြပါတယ်။ (၁၀) တန်းစာမေးပွဲနီးပြီဆိုရင်ဒီဂါထာရွတ်ပြီး ပုတီးစိပ်ဖို့ဈေးနားကဘုရားကိုလာကြပါတယ်။အဘရာကျော်ရဲ့အောင်မြေဘုရားပေါ့၊ အနယ်နယ်အရပ်ရပ်က ကျောင်းသားကျောင်းသူတွေလာကြပါတယ်။မန္တလေးကကျောင်းသားတွေကားကြီးနဲ့လာပြီး ပုတီးစိပ်သွားတာတွေ့ဖူးပါတယ်။ ဂါထာတစ်ပုဒ်ဆုံးရင်ပုတီးတစ်လုံးချပြီး ပုတီး(၃)ပတ်စိပ်ရပါတယ်။ နေ့ချင်းပြန်လာကြတာပါ။စီးပွားရေးအတွက် အောင်မြင်ချင်တယ်ဆိုရင်တော့ ဂါထာဆုံးအောင်ရွတ်ပြီးပုတီးတစ်လုံးချ(၉)ပတ်စိပ်ရပါတယ်။ ပုတီးကတော့ (၁၀၈) လုံးပုတီးကိုအသုံးပြုရပါတယ်။ ကျန်းမာရေးအတွက်ဆိုရင်တော့(၁၈)ပတ်စိပ်ရပါတယ်။ ဝန်ထမ်းတွေရာထူးတိုးချင်ရင် အပြောင်းအရွှေ့လုပ်ချင်ရင်(၂၇)ပတ်စိပ်ရပါတယ်။ မိမိတို့ဉာဏ်ရှိသလိုအသုံးပြုနိုင်ပါတယ်၊ဒီဂါထာဟာဆိုရင် ဘုရားရှင်တွေအဆက်ဆက်မိန့်ကြားလာတာဖြစ်ပါတယ်။ဘုရားဂုဏ်တော်(၁၃)ပါးဂါထာတော်ဖြစ်ပါတယ်။

ဂါထာတော်ကတော့

အရဟံ ဗဟိ အန္တဇယံ သုဂတံ၊
အမိတံ ဝိရဇံ လလိတံ အတုလံ၊
စရဏံ တိ ဘဝူပ သမံ ယမကံ၊
သုခဒံ သရဏံ ပဏာမာမိ ဇိနံ၊

၁။**အရဟံ**- ပူဇော်အထူးကိုခံယူတော်မူထိုက်သော မြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၂။**ဗဟိအန္တဇယံ**-အတွင်းအပရန်ကိုအောင်မြင်သော မြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၃။**သုဂတံ**-ကောင်းသောစကားကိုဆိုတော်မူသော မြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၄။**အမိတံ**-မနှိုင်းယှဉ်နိုင်သောတန်ခိုးရှိတော်မူသော မြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၅။**ဝိရဇံ**-ကိလေသာမြူကင်းတော်မူသောမြတ်စွာဘုရားကို ပဏာမာမိရှိခိုးပါ၏။

၆။**လလိတံ**-တင့်တယ်သပ္ပာယ်တော်မူသောမြတ်စွာဘုရားကို ပဏာမာမိရှိခိုးပါ၏။

၇။**အတုလံ**-အတုမရှိသောမြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၈။**စရဏံ**-အကျင့်စရဏနှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၉။**တိဘဝူပသမံ**-ဘုံသုံးပါး၌ ကိလေသာမြူငြိမ်းအေးတော်မူသော မြတ်စွာဘုရားကို ပဏာမာမိရှိခိုးပါ၏။

၁၀။**ယမကံ**-ရေမီးအစုံတန်ခိုးပြာဋိဟာနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၁၁။**သုခဒံ**-ချမ်းသာအဝဝကိုပေးစွမ်းနိုင်သော မြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

၁၂။**သရဏံ**-ကိုးကွယ်အားထားရာဖြစ်သောမြတ်စွာဘုရားကို ပဏာမာမိရှိခိုးပါ၏။

၁၃။**ဇိနံ**-မာရ်ငါးပါးကို အောင်မြင်တော်မူသောမြတ်စွာဘုရားကိုပဏာမာမိရှိခိုးပါ၏။

ဘုရားဂုဏ်တော်ကိုပွားများတဲ့သူတွေဟာအစစအရာရာဆောင်ရွက်သမျှပြီးမြောက်စေပါတယ်။ သိဒ္ဓိပေါက်ပြီးတန်ခိုးရပါတယ်။ အဲဒါကြောင့်စာဖတ်သူများမိမိတို့ဉာဏ်ရှိသလိုအသုံးချပြီးအစစအရာရာအောင်မြင်ကြပါစေ။

*ကိုယ်စိတ်နှစ်ပါးချမ်းသာပါစေ။*

ဆလိုင်းငွန်သိန်း(ရမည်းသင်း)

# နှမချစ်ရှာအလွန်တာ မယ်အိမ်မြနုတ်နှင်း

ကိုဇော်ဝင်း (လှုဇော)



နံနက် (၇) နာရီအချိန်၊ကျွန်တော်နှင့်အိမ်သူတို့ ဆိုင်ကယ်ဖြင့် ထွက်လာကြသည်။ အိမ်နှင့်ဈေးမှာ နီးပါသောကြောင့် ဆိုင်ကယ် ကြာကြာမစီးရ။ ဈေးအလယ်ပေါက်မှာ အိမ်သူဆင်းခဲ့၏။ အိမ်သူဈေးတွင် လိုအပ်သမျှ ဝယ်ဦးမည်။ ကျွန်တော်က ဆိုင်ကယ် ဆက်ထွက်သည်။ တြိဂံ တစ်ဆစ်ချိုး ကွေ့ကို ရောက်သော် အရှေ့ဘက်ကို မောင်းသည်။ မြနီလာ လက်ဖက်ရည်ဆိုင်ရှေ့မှာဆိုင်ကယ် ရပ်သည်။သော့ဖြုတ်ပြီး ဆိုင်အတွင်းဝင်သည်။

ကျွန်တော်ထိုင်နေကျ တန်းလျားကို ဝင်သည်။ ကျွန်တော် လက်ဖက်ရည်မိတ်ဆွေများ ရောက်နေကြပြီ စားပွဲထိုးလေးက-

"ထုံးစံအတိုင်းပဲလား ဆရာ"

ဟုမေး၍ ကျွန်တော် ခေါင်းညိတ်ပြသည်။ ပဲအီကြာတစ်ပွဲစားပြီး လက်ဖက်ရည်ချိုဆိမ့်တစ်ခွက် ကျွန်တော် နေ့စဉ် နံနက်တိုင်း သောက်ပါသည်။

မိတ်ဆွေများကစားပြီးသောက်ပြီး ကြပြီး ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့နေကြပါသည်။ ကျွန်တော်စားပွဲထိုးလေး လာချပေးသော ပဲအီကြာစားသည်။ ချိုဆိမ့်လက်ဖက်ရည်တစ်ခွက် သောက်ပြီး ရေနွေးကြမ်းတစ်ခွက် ဆက်သောက်ရန် ပြင်၏။

"ဟကောင် တမြန်မနေ့က နှမ

ချစ်ရွာမှာ မင်္ဂလာဆောင်တဲ့ ကလေးနှစ်ယောက် မယ်အိမ်မြနတ်နန်းရှေ့ ကားလမ်းပေါ်မှာ သူတို့စီးလာတဲ့ ဆိုင်ကယ်နဲ့ မြေသယ်ထော်လာဂျီ မျက်နှာချင်းဆိုင်တိုက်မိကြသတဲ့။ ဝက်လက်က အဘိုးအဘွားတွေ ကန်တော့ကြမလို့ အသွားဖြစ်သတဲ့ကွာ၊နှစ်ဦးစလုံး ပွဲချင်းပြီးဆိုပဲ မင်းကြားပြီးပလား"

ကိုမြင့်ဦးကျွန်တော်ရှေ့တည့်တည့်ထိုင်နေသူစကားကြောင့် ကျွန်တော့်လက်ထဲက အကြမ်းပန်းကန်လွတ်ကျလုနီးနီး ဖြစ်သွားပါ၏။

"မကြားဘူးဗျ။ အခု ခင်ဗျားပြောလို့သိရတာ စိတ်မကောင်းပါဘူးဗျာ။ အဲသည်ကလေးနှစ်ယောက်က ကျွန်တော့်လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းရဲ့သားဗျာ၊ နှမချစ်ရွာသူနဲ့တက္ကသိုလ်မှာတွေ့ခဲ့ကြဆိုပဲ။ ကလေးတွေမင်္ဂလာပွဲကို ကျွန်တော်ရော အိမ်သူပါရောက်သဗျ။ မတွေ့ကြမဆုံကြတာကြာလို့ကျွန်တော့်သူငယ်ချင်းနဲ့စကားတွေ ပြောလိုက်ကြတာဗျာ။ မင်္ဂလာပွဲသိမ်းမှပြန်ဖို့သတိရတော့သဗျ"

ကျွန်တော်က ကိုမြင့်ဦးကို ထိုသို့ပြန်ပြောလိုက်ပါ၏။

"အေးလေကွာ၊ မင်းတို့လင်မယားမင်္ဂလာပွဲသွားတာ ကိုယ်ကလယ်ကြည့်ရင်းမြင်လိုက်ရလို့ပါ။ မင်းတို့ရဲ့ဆွေမျိုးသားချင်းပွဲများလို့ထင်မိပါသဗျ။ သဟာကြောင့် မင်းတို့မကြားသေးဘူးထင်လို့ ကိုယ်က သည်သတင်းပြောချင်လို့ လက်ဖက်ရည်သောက်ရင်းစောင့်နေတာဗျာ"

ကိုမြင့်ဦးက အထက်ပါအတိုင်း စကားဆက်ပါသည်။

ကျွန်တော်လွန်စွာစိတ်မကောင်းဖြစ်သွားပါ၏။ အခါတိုင်းနှယ် လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်စကားမရှင်တော့၊ ရေနွေးကြမ်း တစ်ခွက်နှစ်ခွက်သောက်ကျသင့်ငွေရှင်း၊ အားလုံးကိုနှုတ်ဆက်ပြီး ကျွန်တော် ထပြန်ခဲ့ပါသည်။

လက်ဖက်ရည်ဆိုင် မိတ်ဆွေများက နားလည်မှုကောင်းစွာပေးခဲ့ကြပါ၏။

မည်သို့ ဆိုင်ကယ်သော့ဖွင့်၊ မည်သို့ကျွန်တော်လမ်းပေါ် ရောက်မှန်းသတိမရချေ။ စေးရှေ့စောင့်နေသော အိမ်သူကိုမြင်မှကျွန်တော်ဆိုင်ကယ်ရပ်လိုက်ပါသည်။ အိမ်သူကို မည်သည့်စကားမျှမဆိုမပြောဖြစ်။

အိမ်သူက မီးဖိုဆောင်ချက်ခုံပေါ် စျေးခြင်းတင်၏။ ကျွန်တော်က ထမင်းစားပွဲရှေ့ ခုံတစ်လုံးဆွဲထိုင်လိုက်ပါသည်။

"ကို နေမကောင်းဘူးလား၊ မျက်နှာလည်း မကောင်းဘူး။ လက်ဖက်ရည်ဆိုင်မှာ ဘာများဖြစ်လာသလဲ"

ဟုအိမ်သူက ကျွန်တော့်မျက်နှာကိုကြင်နာစွာကြည့်ရင်းမေးလာပါသည်။

ကျွန်တော်က ကျွန်တော့်သူငယ်ချင်းသားလေးအကြောင်း ကြားရသမျှ အိမ်သူကို ပြန်ပြောဖြစ်ပါသည်။

"စိတ်မကောင်းလိုက်တာ ကိုရယ်"

ဟု အိမ်သူက ပြန်စကားဆိုပြီး လုပ်ဆောင်ဖွယ်ရာ ဆက်လက်လုပ်ကိုင်နေပါသည်။ မည်သည့်စကားမျှ ဆိုခြင်းမရှိ။

ကျွန်တော်ကလည်း စကားပြောချင်စိတ်မရှိ။ ကျွန်တော့်မျက်ဝန်းတည့်တည့် စားပွဲပေါ်မှာ စာအိတ်အဖြူလေးနှင့်မင်္ဂလာဆောင်ဖိတ်စာကတ်ပြားလေး ရှိနေ၏။

ကျွန်တော့်လှမ်းယူမည်ဟု ပြင်၏။ သို့သော် မယူဖြစ်။

မီးဖိုဆောင် ထမင်းစားပွဲမှထပြီး အိမ်ရှေ့ထန်းပက်လက် ကုလားထိုင်ပေါ် ကျွန်တော်ထိုင်သည်။ အိမ်သူကရေနွေးကြမ်းဓာတ်ဘူးနှင့် လက်ဖက်တစ်အုပ်လာပို့၏။

'နှမချစ်ရွာ' မင်္ဂလာပွဲကို အမှတ်ရနေသည်။

ကျွန်တော့်သူငယ်ချင်းက သားသတို့သားနှင့် ချွေးမလောင်းသတို့သမီးကိုကျွန်တော်တို့ထိုင်စေလျက်မိတ်ဆက်ပေးသည်။

သူတို့လေးတွေ၏အပျော်မျက်နှာ၊ တက်ကြွရွှင်လန်းခြင်းများစွာ တောက်တောက်ပပကြည်ကြည်စင်စင် မျက်ဝန်းများ၊ရယ်မောသံစကားဆိုသံလေးတွေကတလွင်လွင်။

နှစ်ဦးစလုံး အင်ဂျင်နီယာဘွဲ့ပိုင်ဆိုင်ခြင်း၊ ချမ်းသာပြည့်စုံသောအမိအဖများ ဝိုင်းရံကြသူ။

ဤလောကကြီး၌ အပျော်ရွှင်ဆုံးနေ့ကြီး သုံးနေ့တွင်အပါအဝင် 'မင်္ဂလာဆောင်သောနေ့'သူတို့လေးတွေ၏မင်္ဂလာပွဲ။

ကျွန်တော့်သူငယ်ချင်း လင်မယားသည် တစ်ဦးတည်းသောသားအတွက် ကြည်နူးဂုဏ်ယူဝမ်းသာသောအမူအရာများ။

'ဟင်း' ခနဲ ကျွန်တော်သက်ပြင်းချလိုက်ရပါပြီ။

'နှမချစ်ရွာ' ရွာနာမည်ကလှသည် ချစ်စရာကောင်းသည်။ သို့သော် ရွာသမိုင်းက မလှ၊ ရွာသမိုင်းကချစ်စရာမကောင်း အကျည်းတန်သည်။ဟိုးယခင်က ကုန်းမြင့်ရွာဟု အမည်ရှိခဲ့၏။

ထိုကုန်းမြင့်ရွာသည် ကျွန်တော်တို့ရွာ၏ အရှေ့မြောက်ထောင့် မိုင်ဝက်အကွာအဝေးမရှိတရှိမှာ တည်၏။ ကုန်းမြင့်ရွာနှင့် ကျွန်တော်တို့ရွာ လှည်းလမ်းကလေးရှိ၏။

ကုန်းမြင့်ရွာ၏ အရှေ့ဘက်လှည်းလမ်းတစ်လမ်း ရှိပါသည်။ ထိုလှည်းလမ်းသည် အရှေ့တည့်တည့် ဖြောင့်ဖြောင့်ပြေးပြီးမှ ညာဘက်ချိုးဝင်လျက် ဝါးလေးငါးရိုက်အကွာမှ ဝက်လက်၊လှတောကားလမ်းပေါ် တက်ရ၏။အရှေ့ကိုသွားသော် ဝက်လက်မြို့၊ အနောက်ကို သွားသော် လှတောရွာ၊ ကားလမ်းပေါ် မတက်မီထောင့်ချိုးအကွေ့၏ဘယ်ဘက်မှာ လွန်စွာကြီးမားသော လက်ပံပင်ကြီးသုံးပင်ထီးထီး ရပ်၏။

ကုန်းမြင့်ရွာမှအရှေ့ဘက်အထွက်ညာဘက်တွင် ရှစ်မျက်နှာဘုရား ရွာဦးကျောင်းရှိနေသည်။

ရွာသူကြီးမင်း ဦးမင်းဒင်သည်လွန်စွာထက်၏။ စိတ်ကြီး၏။ ဦးမင်းဒင်ကို ကုန်းမြင့်ရွာမှာသာမက ရွာနီးချုပ်စပ်ကပါ ကြောက်ကြရ၏။ လန့်ကြရ၏။မယားလေးယောက် တရားဝင်ယူထား၏။

မယားကြီးမှသားအကြီးဆုံးကိုမင်းခိုင်၊ မယ်အိမ်လှ၊ မယ်အိမ်မြ၊ မယ်အိမ်ခ ဟူ၍ သမီးသုံးယောက်မွေးဖွားသည်။

မယ်အိမ်လှ၊ မယ်အိမ်မြ၊ မယ်အိမ်ခ၊ သမီးသုံးယောက်တွင် သမီးလတ် မယ်အိမ်မြသည် အချောဆုံးဖြစ်၏။ မြင်ကြရသူတိုင်းလည်းငေးကြည့်ကြရသည်။

အသားက ဝါဝါရွှေရည် မျက်ဝန်းဝိုင်းဝိုင်း မျက်တောင်ကော့ကော့ကြီးများ နှာတံသွယ်သွယ် နှုတ်ခမ်းဖူးဖူးက အစဉ်ပြုံးတောမယောင် ဆံပင်များကတင်ပေါ်သို့ရောက်သည်အထိ ရှည်၏။ ကောင်း၏။

ရွာသူကြီးမင်း ဦးမင်းဒင်၏အချစ်ဆုံးသမီး ဖြစ်၏။

မယ်အိမ်မြသည်အိမ်လူငှား ကိုချစ်ဇင်နှင့် ရည်ငံနေ၏။ ကိုချစ်ဇင်သည် ကျောင်းနေဖက်လည်းဖြစ်၏။ပြီးနောက် အစ်ကိုမင်းခိုင်၏သူငယ်ချင်းလည်း ဖြစ်ပြန်ပါသည်။

ဦးမင်းဒင်၌ ကိုယ်ရံတော်လူမိုက်နှစ်ဦးထား၏။ သွားလေရာ ဓားထမ်းသေနတ်ထမ်းလိုက်ကြရ၏။ လူမိုက်တစ်ဦးဖြစ်သူ ထက်ခေါင်ကို ဦးမင်းဒင်ယုံ၏။ စိတ်ချ၏။ အားကိုး၏။

ထက်ခေါင်က မိုက်ရိုင်း၏။ လက်ယဉ်၏၊ ထက်၏၊ သွက်၏၊ သူကြီးမင်း မျက်နှာအမူအရာပြလိုက်သည်နှင့် ထိုလူကို ရှင်းပြီးသားဖြစ်၏။ သတ်ပြီးသားဖြစ်၏။

ဦးမင်းဒင်ထက် ထက်ခေါင်ကို ပို ကြောက်ကြရသည်။

ထက်ခေါင်နှင့် မယ်အိမ်မြကို ဦးမင်းဒင်ကလက်ထပ်ပေးမည်အတိအလင်း ကြေညာသည်။ လက်ထပ်ရက်ရွေးရန် ပြင်နေ၏။

ထမင်းမစား ဟင်းမစား အခန်းတွင်းအောင် အရယ်အပြုံးမရှိ ပိန်ချုံးချိနဲ့ နေသောနှမငယ်ကို ကိုမင်းခိုင် မကြည့်ရက်ပြီးနောက် မင်းခိုင်နှင့် ထက်ခေါင်က မတည့် မျက်နှာချင်းဆိုင်၍ မရကြ။

သို့ဖြစ်၍ ရှစ်မျက်နှာဘုရား ဆွမ်းလောင်းပွဲအပြီးတွင် မင်းခိုင်က သူငယ်ချင်းချစ်ဇင်အတွက် မယ်အိမ်မြကို ခိုးပေးသည်။

မင်းခိုင် ချစ်ဇင် မယ်အိမ်မြတို့ ရှစ်မျက်နှာဘုရားဝင်းမှ အရှေ့လမ်းအတိုင်း ပြေးခဲ့ကြ၏။

သူကြီးမင်းကို မျက်နှာလုပ်လိုသူ တစ်ဦး၏သတင်းပေးအရ အချိန်မီ နောက်က လိုက်နိုင်သည်။

လှက်ပံပင်ကြီးသုံးပင်အောက်မှာ ပက်ပင်းမိ၏။

ထက်ခေါင်က သေနတ်မောင်း တင်ပြီးချိန်သည်၊ မင်းခိုင်ကတောက်တစ်ချက်ခေါက်ပြီး ငှက်ကြီးတောင်ဓားဖြင့် ထက်ခေါင်ကို ခုတ်ရန်ပြေးဝင်သည်။

ထက်ခေါင် သေနတ်ပြောင်း မီးပွင့်သွား၏။

မင်းခိုင် ရင်ဘတ်ထုတ်ချင်းပေါက်မှန်ပြီး သေဆုံးသည်။ ထက်ခေါင်သေနတ်ဖြင့် နောက်ထပ်ပစ်ရန် ချစ်ဇင်ကိုထိုးချိန်၏။ မီးပွင့်ချိန် ချစ်ဇင်ရှေ့မှ မယ်အိမ်မြ ဝင်ခံရာ မယ်အိမ်မြထိမှန်ပြီး အသက်ပါသည်။ နောက်တစ်ချက်သည် ချစ်ဇင်အတွက် ပွဲသိမ်း၏။ သုံးလောင်းပြိုင်ဖြစ်သွား၏။

အချိန်က မကြာလိုက်၊ သူကြီးမင်း ဦးမင်းဒင်ပင် အမိန့်ပေးချိန် တားမြစ်ချိန် မရလိုက် ကြားကြားသမျှ တုန်လှုပ်သွားကြရပါပြီ။

သမီးကြီးမယ်အိမ်လှ စစ်ကိုင်းတောင်မှာ သီလရှင်ဝတ်သွားပါသည်။

သမီးအငယ်ဆုံး မယ်အိမ်ခနှင့် ထက်ခေါင်ကို သူကြီးမင်းဦးမင်းဒင်လက်ထပ်ပေးပါသည်။မြိမ့်မြိမ့်သဲသဲကျင်းပပေး၏။

ခေတ်ဆိုး ခေတ်ပျက်ကြီးတွင် ထက်ခေါင်ကို သူကြီးမင်း လက်မလွှတ်နိုင်။

မည်သူမျှ ခေါင်းမော်မကြည့်ဝံ့အောင် ဖိန့်ဖိန့်တုန်အောင်အမိန့်မှန်သမျှ တည်အောင်သူကြီးမင်းအာဏာအတွက် ထက်ခေါင်သည် လိုအပ်၏။

မယ်အိမ်ခ မျက်ရည်အရွဲသားနှင့် ထက်ခေါင်ကို ယူလိုက်ရ၏။ မယ်အိမ်ခ ရည်စားတော်စပ်သူ အောင်မှူးသည် အောက်ပြည်အောက်ရွာကို ပြေးဝင်သွားရ၏။

သားစိတ် သမီးစိတ်နှင့် ဦးမင်းဒင် မယားကြီး ကွယ်လွန်သွား၏။

မယ်အိမ်လှနှင့်ထက်ခေါင်ကိုဦးစွာ မယ်အိမ်မြ မရှိတော့သောအခါ သူကြီးမင်းပေးစားရန်စိတ်ကူးကိုကြိုတင်သိရ၍ မယ်အိမ်လှ စစ်ကိုင်းကိုအပြေးကောင်း၍ လွတ်သွားပြီး မယ်အိမ်ခကား မပြေးနိုင်တော့။

ဦးမင်းဒင်သည်မယားကြီးအတွက် မည်သို့မျှစိတ်တွင်မခံစားရ၊ နောက်ထပ် ရွာမြောက်ပိုင်းမှ အသက် (၁၈) နှစ်ပင် မပြည့်သေးသူမိန်းကလေးကိုပဥ္စမမြောက် တော်ကောက်လိုက်ပြန်ပါသည်။ ဖူးဖူး မှုတ်မြှောက်စားဖြစ်ပါသည်။

ထို ပဥ္စမမြောက်မယားလေးသည် ထက်ခေါင်နှင့်လည်း မောင်နှမဝမ်းကွဲ တော်စပ်ပါသောကြောင့် ထက်ခေါင်အတွက် ကန့်ကွက်ရန်မရှိ။

*

မယ်အိမ်မြသည် ရွာဦးကျောင်းဆရာတော်ကို အိပ်မက်ပေး၍ ရွာတစ်ဆစ်ချိုးကွေ့လက်ပံပင်ကြီးသုံးပင်အောက်တွင် နန်းတစ်ဆောင် လျှောက်ထားတောင်းဆိုပါသောကြောင့် ဆရာတော်က သူကြီးမင်းကို အသိပေး ဆောက်ပေးရ၏။

တိုင်လေးတိုင်အထက် အမိုး၊ အကာ၊အခင်း၊အသားများဖြင့် အိမ်လေးတစ်လုံး မယ်အိမ်မြ နတ်နန်း။

မယ်အိမ်မြနတ်နန်းသည် သူ့ရှေ့မှ အရိုအသေမပေး၊ ပွဲမပေးသော သတို့သား၊ သတို့သမီးများကို အမုန်းကြီး၏။ သူ့နန်းရှေ့က ဖြတ်သွားခြင်းခွင့်မပြု။

ငါးနှစ်ခန့်အကြာကုန်းမြင့်ရွာလယ်ပိုင်းသူနှင့် မန်ကျီးတုံသားတို့ အကြောင်းပါခဲ့၏။မန်ကျီးတုံမှဆွေမျိုးများကန်တော့ရန် လှည်းယဉ်ဖြင့် သတို့သားသတို့သမီး လှည်းမောင်းသူ သုံးဦးသား ရွာမှထွက်လာခဲ့ကြ၏။

မယ်အိမ်မြနန်းရှေ့အရောက် နွားနှစ်ကောင်လန့်၍ လှည်းယဉ်မှောက်ပါသည်။ လှည်းမောင်းသူက မည်သို့မျှမဖြစ်ပြား သတို့သား သတို့သမီးနှစ်ဦး သေဆုံးခဲ့၏။

"ကျုပ်လှည်းရှေ့မှာများ ကျွဲရိုင်းကြီးသုံးကောင် ဒုန်းပြေးဝင်လာလို့ တိမ်းမယ်အလုပ် နွားနှစ်ကောင်လန့်ပြီး လှည်းမှောက်သွားတယ်။ ကျုပ်လည်း လွင့်စင်ပြီး သတိမေ့သွားသဗျ။ ကျုပ်ကံကောင်းတာက ကားလမ်းပေါ် မကျဘဲ ဘေးက ချုံပေါ် ကျလို့ဗျ။ သတို့သား၊ သတို့သမီးကတော့ ကားလမ်းပေါ် တည့်တည့် ပက်လက်ကျတော့ ခေါင်းနဲ့ကားလမ်း ကိုင်ရိုက်သလိုဖြစ်သွားသပေါ့ဗျာ။ ကံမကောင်းရှာကြဘူး"

လှည်းသမားက မေးသူမှန်သမျှ အထက်အပါအတိုင်းပြောပြသည်ဆို၏။

မင်္ဂလာဦး သတို့သား သတို့သမီးတို့ မယ်အိမ်မြနန်းကိုပွဲပေးပြီး၊အရိုအသေပေးကြပြား စင်ရှေ့က မဖြတ်ရဲကြ။ ဝေးဝေးကကွင်း၍ သွားလိုရာခရီး ဆက်ကြရသည်။မယ်အိမ်မြ မကျွတ်မလွတ်သေးဟု ထင်၏။

အဲနှစ် (၇၀) ဆယ်ကျော်ကြာခဲ့ပြီ။ ကျွန်တော့်သူငယ်ချင်းသား သတို့သား သတို့သမီးတို့စီးလာသော ဆိုင်ကယ်နှင့် အရှေ့မှလာသောမြေသယ် ထော်လာဂျီ တိုက်၍ သေဆုံးခဲ့ပါသည်။

သူကြီးဦးမင်းဒင် သူကြီး၏ကိုယ်ရံတော် လူမိုက်ကြီး ထက်ခေါင်လည်း ကွယ်လွန်ခဲ့ကြပြီး နှမဖြစ်သူမယ်အိမ်မြကို အချစ်ကြီးသူမင်းခိုင်ကိုအကြောင်းပြု၍ ကုန်းမြင့်ရွာမှ 'နှမချစ်ရွာ' ဟု နာမည်သစ် တွင်ခဲ့သည်။

လှတော၊ ဝက်လက် ကားလမ်းမြောက်ဘက် နှမချစ်ရွာလမ်းဆုံ လက်ပံပင်ကြီး သုံးပင်အောက်မှာ မယ်အိမ်မြနတ်နန်းက ယနေ့တိုင်ရှိနေဆဲဖြစ်ပါ၏။

ယနေ့တိုင်ယုံကြည်ကြဆဲ သတို့သား သတို့သမီးတို့ ပွဲပေး အရိုအသေပေးရဆဲပါတည်း။

အိမ်သူထံမှ ဖုန်းလှမ်းတောင်းပြီး ဝက်လက်မြို့မှ ကျွန်တော့်သူငယ်ချင်းလင်မယားထံ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရကြောင်း ကျွန်တော်ဖုန်းဆက်ပါသည်။

သတို့သားမိခင်ငိုသံကို ကျွန်တော်ဖုန်းထဲမှ ကြားလိုက်ရပါသည်။

ကိုဇော်ဝင်း(လှတော)



# ရာထူးတက်မလား

စိုးလှိုင်းဇေအောင် (မြန်အောင်)



"ကျွန်တော် ဒီနှစ်ရာထူးတက်ဖို့ ရှိလားဆရာ"

"ဆရာ ကျွန်မဒီနှစ်ထဲရာထူးတက်နိုင်မလား"

ထိုမေးခွန်းတွေက စာရေးသူတို့နယ်ဘက်တွင်အမေးခံရတာနည်းပါသည်။ ပစ္စည်းဝယ်၊ ပစ္စည်းပျောက်၊ ဆိုင်ဖွင့်၊အိမ်ဆောက်၊ ခရီးသွားလုပ်ငန်းတိုးချဲ့၊ကလေးနာမည်ပေး၊လူမှုရေး၊ စီးပွားရေး၊ကျန်းမာရေး စသည်တို့လောက်သာ အဓိကထား၍မေးကြပြောကြရသည်။ သူရဋ္ဌမဂ္ဂဇင်းတွင်ဗေဒင်ဆောင်းပါးများရေးသားသောအခါမြန်မာနိုင်ငံတစ်နံတစ်လျားကစာဖတ်ပရိသတ်တွေ အထက်ပါမေးခွန်းမျိုးမေးလာကြပါသည်။

စာရေးသူကမြန်မာ့မြေမြန်မာ့ရေပေါ်မှာ မြန်မာနည်းမြန်မာ့ဟန်ဖြင့်တွက်ချက်ရသောမဟာဘုတ်ပညာကိုအလေးထားပါသည်။ တတ်နိုင်သမျှထဲထဲဝင်ဝင်လေ့လာကြည့်မိ၏။ တစ်မူထူးခြားစွာထွက်ပေါ်လာသော မဟာဘုတ် ဦးကြာမြင့်၏ နည်းပညာတွေကိုလည်းလေ့လာသည်။ သက်ရောက်၊ ဂြိုဟ်စားမှဆင့်ပွားထွက်ပေါ်လာသော သုံးတန်ပေါ်နိစ်ကိုလည်း လေ့လာ၏။ တိုင်ထိပ်တန်းပေါ်မြင်ရုံမျှဖြင့် ရာထူးတက်နိုင်သည်ဟူသောအဖြေကိုလည်း တိတိကျကျယူ၍မရပါ။ (သူ့အဟောကတိုင်ထိပ်၊ တန်းပေါ်နံမြင်သော်အဟောဝတလာဘ်ကြီးရဟူသောအဟောသာရှိ၏။လာဘ်လာဘရွှင်လန်းသောကာလဖြစ်သည်က မှန်၏။ ရာထူးတက်မတက်က မကျိန်းသေပါ)

ထိုအခါ ရှေးဆရာအစဉ်အဆက်ကသုံးစွဲလာခဲ့သော နည်းပညာဖြစ်၍ဘယ်နည်းနှင့်မဆိုတွက်နိုင်သည့် နည်းတစ်ခုတော့ရှိရမည်ဟု ယုံကြည်သည်။ ထို့ကြောင့်လည်း မဟာဘုတ်နည်းပညာဖြင့်ရာထူးတက်ကိန်းရှိမရှိကိုသိလိုသဖြင့်ဆက်လက်လေ့လာမိပါသည်။နှစ်ကာလကြာသောအခါ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသောပညာရပ်တစ်ခုကိုရှာဖွေနိုင်ခဲ့သည်။ ရှာဖွေတွေ့ရှိသောအခါလက်တွေ့အသုံးချ သုတေသနပြုမိ၏။

နယ်မှာက တောင်သူယာလုပ်ငန်းမခုတ်သဘောမျိုး လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသူ၊အရောင်းအဝယ်လုပ်ကိုင်သူတို့သာ များ၏။ ဝန်ထမ်းနည်း၏။

ထို့ကြောင့် လွန်ခဲ့သောဆယ်နှစ်ကျော်ကျော်က တွက်ချက်ပေးခဲ့ရသော တွက်ခွင်တွေကို ပြန်လည်လေ့လာ၏။ လေးငါးဦးသာ တွေ့၏။ ထိုသူတွေလည်း တွက်ခွင်အရ သုံးဦးသာ တကယ်ရာထူးတက်ခဲ့ကြပါသည်။ မြန်အောင်နယ်မှ ကျောင်းဆရာမတစ်ဦးလပွတ္တာနယ်တွင်တာဝန်ကျ၏။ ရာထူးတက်ကိန်းရှိသည်ဟုပြောလိုက်၏။မကြာမီတွင် အ. လ. ပြ ရာထူးရသွားသည်။

သမဦးစီးတစ်ဦးရာထူးတက်ကိန်းရှိကြောင်း ပြောလိုက်၏။ မကြာမီလက်ထောက်ညွှန်မှူးဖြစ်၍ နယ်ပြောင်းသွားရပြန်သည်။ လေးမျက်နှာမှ အ. ထ. က ကျောင်းအုပ်ကြီးတစ်ဦး ကျောင်းအုပ်ကြီးလုပ်ရတာ ငြီးငွေ့နောက်ချောက်ရသဖြင့် ရာထူးတိုး လျှောက်၏။

"ရာထူးတိုးတက်ကိန်း ရှိသလား"

ဟု လှမ်းမေးပြန်၏။တွက်ခွင်အလိုအရ ရှိကြောင်းပြောလိုက်၏။ သုံးလခန့်အကြာတွင်ကချင်ပြည်နယ်သို့လက်ထောက်ညွှန်မှူးအဖြစ်ရာထူးတိုး၍ ပြောင်းသွားရသည်။

ဤအကြောင်းတွေက စာရေးသူသုတေသနပြုလုပ်နေသဖြင့် ဤခွင်ဖြင့်တွက်ချက်ပြောပြောသည်ကိုဟုတ်မဟုတ်၊ မှန်မမှန်လှမ်းမေးရာဟုတ်ဟုတ်မှန်ကြောင်းပြန်ကြားသဖြင့် ရေးလိုက်ရခြင်းဖြစ်ပါသည်။

တစ်နေ့တွင် ရန်ကုန်စမ်းချောင်းမှလွင်လွင်ကျော်ဟူသော အမျိုးသမီးတစ်ဦး(ဘဏ်ဝန်ထမ်း) လှမ်း၍ဗေဒင်မေး၏။ သူကဘဏ်ဝန်ထမ်းမှ အလုပ်ပြုတ်သွားသူဖြစ်၏။ အလုပ်ပြန်ရနိုင် မရနိုင် မေးခြင်းဖြစ်သည်။ သို့သော် ဤနေရာတွင်ရာထူးတက်ကိန်းရှိမရှိခွင်ကိုတင်ပြမည်ဖြစ်၍ အလုပ်ပြန်ရနိုင်၊ မရနိုင်ကိုချန်လှပ်ခဲ့ပါသည်။

နောက်သုံးရက်ခန့်တွင် လွင်လွင်ကျော်က ပဲခူးရှိ သူ့အမျိုးတွေဆီအလည်သွား၏။ သူ့တူမဖြစ်သူ မို့မို့မေအောင်ဘဏ်ဝန်ထမ်းက ရာထူးတက်မတက် လှမ်းမေးပြန်၏။

မည်သူမဆို ရာထူးတက်မတက်

သိလိုပါက မဟာဘုတ်ချတတ်ရုံမျှဖြင့်သိနိုင်ပါသည်။ လွယ်လွန်းသည်ဟုဆိုကာ ပညာရပ်တစ်ခုကို အထင်မသေးသင့်ပါ။ ဤမဟာဘုတ် ဇာတာအိမ်ဆောက်နည်းဖြင့်အရွယ်သုံးပါးတွင် ချမ်းသာ၊ဆင်းရဲ ပစ္စည်းပျောက်၊ရာထူးတက်မတက်၊စီးပွားတက်မတက်၊ ထီပေါက်ကိန်းရှိမရှိ ဘယ်လုပ်ငန်းနဲ့ အကျိုးပေးမလဲ၊ အိမ်ထောင်ရေး အပျိုကြီးဖြစ်မလား၊ မုဆိုးဖိုနှင့်ရမလား၊ ဘုန်းကြီးလူထွက်နှင့် ရမလား၊ နိုင်ငံခြားသွားလိုမှု၊ ကုန်လှောင်၊ ပစ္စည်းထွက်မထွက် စသည်တို့ကို တွက်ချက်၍ရသည်။ဤနေရာတွင် ရာထူးတက်ကိန်းရှိမရှိကိုသာ တင်ပြမည်ဖြစ်ပါသည်။

ရာထူးတိုး လျှောက်ထားသူသည် ရာထူးတိုး၊ မတိုးသိလိုပါက မိမိ၏မူလမဟာဘုတ် အရင်ထူလိုက်ပါ။

ဥပမာ ၁၃၅၅ ခု၊ တန်ဆောင်မုန်းလဆန်း (၅)၊ ကြာသပတေး

၁၃၅၅ + ၇ ‑ ၄ ကြွင်း

**မဟာဘုတ်ထူသော်**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၇ | ၄ | ၅ |

**(ဝနေကို ၇ ဟုရေးပါ)**

၁။ရိုးရိုးမဟာဘုတ်အရင်ထူပါ၊

၂။အထွန်းမှာရှိသော အင်္ဂါ ၃ ကို ဘင်္ဂမှစ၍ မဟာဘုတ်ဆက်ထူပါ၊

၃။အဓိပတိမှာရှိသော တနင်္ဂနွေ ၁ ကိုဘင်္ဂမှစ၍မဟာဘုတ်ထူပါ၊

၄။မိမိမွေးနံ ကြာသပတေး ၅ ကို ဘင်္ဂမှစ၍ မဟာဘုတ်ဆက်ထူပါ။

**၁။ရိုးရိုး မူလမဟာဘုတ်**

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၇ | ၄ | ၅ |

**၂။အထွန်းမှာရှိသော အင်္ဂါ (၃) ကို ဘင်္ဂမှစ၍ မဟာဘုတ်ထူသော်**

| | | |
|---|---|---|
| | ၁၇ | |
| ၃၂ | ၆၅ | ၂၀ |
| ၇၆ | ၄၃ | ၅၄ |

**၃။အဓိပတိမှာရှိသော တနင်္ဂနွေ(၁) ကို ဘင်္ဂမှစ၍မဟာဘုတ်ထူသော်**

| | | |
|---|---|---|
| | ၁၇<br>၅ | |
| ၃၂<br>၇ | ၆၅<br>၃ | ၂၀<br>၆ |
| ၇၆<br>၄ | ၄၃<br>၁ | ၅၄<br>၂ |

**၄။မိမိမွေးနံ ကြာသပတေး (၅) ကို ဘင်္ဂမှစ၍ မဟာဘုတ်ထူသော်**

| | | |
|---|---|---|
| | ၁၇<br>၅၂ | |
| ၃၂<br>၇၄ | ၆၅<br>၃၇ | ၂၀<br>၆၃ |
| ၇၆<br>၄၁ | ၄၃<br>၁၅ | ၅၄<br>၂၆ |

ထို့နောက် ရောက်ဆဲ သက္ကရာဇ်ကို မဟာဘုတ်ဇာတာအိမ်ဖွဲ့သော်

(၁) ၁၃၈၄ + ၇ ‑ ၅ ကြွင်း

| | | |
|---|---|---|
| | ၂ | |
| ၄ | ၇ | ၃ |
| ၁ | ၅ | ၆ |

**၂။အထွန်းမှာရှိသောဗုဒ္ဓဟူး(၄)ကိုဘင်္ဂမှစထူသော်**

| | | |
|---|---|---|
| | ၂၀ | |
| ၄၃ | ၇၆ | ၃၂ |
| ၁၇ | ၅၄ | ၆၅ |

**၃။အဓိပတိမှာရှိသော တနင်္လာ(၂) ကို ဘင်္ဂမှစထူသော်**

| | | |
|---|---|---|
| | ၂၀<br>၆ | |
| ၄၃<br>၁ | ၇၆<br>၄ | ၃၂<br>၇ |
| ၁၇<br>၅ | ၅၄<br>၂ | ၆၅<br>၃ |

**၄။ကြာသပတေးသားသမီးဖြစ်၍ ကြာသပတေး ၅ကို ဘင်္ဂမှစ၍ထူသော်**

| | | |
|---|---|---|
| | ၂၀<br>၆၂ | |
| ၄၃<br>၁၄ | ၇၆<br>၄၇ | ၃၂<br>၇၃ |
| ၁၇<br>၅၀ | ၅၄<br>၂၅ | ၆၅<br>၃၆ |

မူလမဟာဘုတ် ဇာတာအိမ်ဆောက်ပြီး အဓိပတိရှိဂဏန်းများပေါင်းသော်- ၁+၇+၅+၂ ‑ ၁၅

ရောက်ဆဲသက္ကရာဇ် မဟာဘုတ်ဇာတာအိမ်ဆောက်ပြီး အဓိပတိရှိဂဏန်းများပေါင်းသော်

၂+၁+၆+၂ ‑ ၁၁

နှစ်ခုပေါင်း ၁၅ + ၁၁ ‑ ၂၆

၇နှင့်စားသော် ၂၆ ÷ ၇ ‑ ၅ ကြွင်း


အကြွင်းဂဏန်း ၁ မှ၅အထိကြွင်းလျှင် ၁လမှ ၅လအတွင်း ရာထူးတက်မည်။ ၆- ၀ ကြွင်းလျှင်ကြာပါလိမ့်မည်။

*သမ္မာဆန္ဒပြည့်ဝကြပါစေ။*

စိုးသင်းအောင်(မြန်အောင်)

ဝိုးမင်း(မြောက်ဥက္ကလာပ)

# မြေကြမ်းကို ဘယ်လိုတိုက်ရပါ့



မြေကြမ်းတာ မကြမ်းတာမြေသန့်တာမြေရိုင်းတာမြေခိုက်တာတွေကအစ ခဏထားပေးပါ။ သာသနာနဲ့ဆိုင်တဲ့သာသနာ့မြေတွေအကြောင်း ဥပမာလေးပေးမယ်။ သာသနာမြေဆိုတာ စာဖတ်သူတို့သိပြီးသားပါ။ သာသနာ့မြေအဖြစ်သတ်မှတ်ထားရင် အဆောက်အအုံမရှိသေးရင်တောင်သာသနာ့မြေပါပဲ။ အဲဒီမြေမှာသာသနာဆိုင်ရာအစောင့်နတ်များရှိနေပါပြီ။

နောက်ဘုရားစေတီများ အပျက်အဟောင်း၊ ဘုရားငုတ်တိုတချို့အုတ်ပုံအတိဒီမြေများ၊နောက်ဘုန်းကြီးကျောင်းများမှမြေများ၊ သိမ်မြေများ၊ဇရပ်မြေများ၊ တစ်ဖန်ရေတွင်းများ၊ ရေကန်များတွေဟာသာသနာနဲ့ဆိုင်သလိုအစောင့်အကြပ်များလည်း အလိုလိုရှိနေပြီးသားဖြစ်ပါတယ်။

ဥပမာပေးရင် ဘုရားတစ်ဆူတည်ပြီး စေတီတစ်ဆူတည်ပြီဆိုရင်တောင် အများသုံးဖို့ ရေတွင်းများ ရေကန်များ ပူးတွဲတည်ပြီးသားပါ။ ဘုရားမြေဧရိယာဟာ ဘောင်ခတ်ထားပြီးသားပါ။ ဒီလိုပဲ သိမ်တွေ ဇရပ်တွေလည်း ဘောင်ခတ်ပါတယ်။သိမ်ဆိုလို့ သေးသေးလေးလို့တချို့ကထင်ကြပါမယ်၊ မထင်ကြပါနဲ့ဗျ။ ရှေးဘုရားရှင်တို့ခေတ်က သိမ်တောင် ဒီနေ့ခေတ်သိမ်ထက်ပိုပြီး ကြီးကျယ်တယ်။ တစ်ထပ်သိမ်တောင်မကဘူး၊ နှစ်ထပ်သိမ်ကြီး၊ ကျယ်တာရော ကြီးတာရော ခေတ်မီတာရော တကယ့်ကျောင်းတိုက်ကြီးအတိုင်း အဲ့တာရှေးသိမ်ပဲ၊ ဒီသိမ်က လွန်ခဲ့တဲ့သုံးနှစ်ကျော်ကဆေးပညာပေးပွဲမှာ အမှတ်တရဓာတ်ပုံရိုက်ရာက မနက်(၂)နာရီထိုးမှာကင်မရာထဲပေါ်လာလို့မသိလို့မေးရာက ကဿပဘုရားရှင်သီတင်းသုံးသိမ်လို့ ပုဂ္ဂိုလ်ထူးကပြောမှသိခဲ့ရတာပါ။ အဲဒီပုဂ္ဂိုလ်ထူးက ကနေ့မြန်မာပြည်မှာသီတင်းသုံးလျက် သက်ရှိထင်ရှားရှိနေပါသေးတယ်ခင်ဗျား၊ဒီစာအပေါ်စိတ်မကွက်မိပါစေနဲ့နော်။

ဓာတ်စုံ နတ်စုံ အရိယာအကုန်ပြီးထားသော သူတော်ကောင်း၏စကားမှ ကြိုတင်ဖွင့်ပြောပြတာပါ။ ဒါ့အပြင်ထိုထိုဘုရားရှင်တို့သုံးစွဲခဲ့သောအသုံးအဆောင်သပိတ်၊ ရေခွက်၊ကြွေခွက်၊ဖန်ခွက်၊ကရားအိုးပန်းကန်များကအစ ကနေ့အထိအကောင်းအတိုင်း မူလအတိုင်းသိမ်းဆည်းထားတုန်းပဲဆိုတာလည်း သိခဲ့ရပါတယ်။ ဒါတော့ ဒီလောက်ပဲအမြည်းပေးပါရစေခင်ဗျ။

ကောင်းပါပြီ၊ အထက်ကပြောခဲ့သလိုသာသနာပိုင်မြေ၊ဘုရားမြေ၊ကျောင်းမြေ၊ သိမ်မြေ၊ ဇရပ်မြေ၊ရေတွင်းရေကန်မြေတွေမှာသာသနာနဲ့ဆိုင်သောနတ်များအကုန်အစောင့်ရှောက်ထားတဲ့ မြေတွေဆိုတာသိထားပါ။

နောက်သိုက်မြေပေါ့။ သိုက်မြေအကြောင်းစာမှာတော့ ဘယ်လိုကျယ်ပြန့်နေသလဲကျွန်တော်မမီဘူး၊လက်တွေ့ထဲကပြောရရင်သိုက်မြေဟာတောင်ပေါ်မြေပြန့်မှာသီးခြားရှိတာလည်းရှိတယ်။ ဘုရားပျက်၊ ဘုရားကျိုးမြေမှာလည်းရှိနေတယ်။ တစ်ဖန်ဘုရားကပျက်လို့အုတ်တစ်ချပ်မှမရှိတော့ဘဲ အရှင်းလင်းခံရပြီးမြေပြင်အလားဖြစ်နေတဲ့သိုက်တွေရယ်၊ ရေထဲမှာရှိတဲ့ရေသိုက်တွေရယ်၊ အဲဒီမြေအဲဒီရေမှာသိုက်ကိုစောင့်ကြပ်ပေးနေတဲ့သိုက်နန်းရှင်(ဝါ)သိုက်စောင့်နတ်တွေအများကြီးရှိနေတယ်။ သိုက်နန်းရှင်တွေဆိုတာ တိုင်းရင်းသားပေါင်းစုံက လူမျိုးတွေရယ်တိုးနယားလိုခြင်္သေ့ကြီးတွေရယ်၊နဂါးတွေရယ်၊နတ်တွေရယ်၊ပူးတွဲစောင့်ကျပ်နေကြပြန်တယ်။ သိုက်မှန်သမျှသိုက်စောင့်နတ်များရှိနေကြပါတယ်။

နောက်ဇရပ်မြေတွေဟာ အများအတွက် အများသုံးနေစေဖို့ ရှေးဘုရင်တွေခေတ်ကစလို့ ဇရပ်အပြင် ရေတွင်းရေကန်တွေအစ ပူးတွဲလှူဒါန်းပေးခဲ့ကြတယ်။ အဲဒီနေရာတွေမှာအစောင့်တွေရှိနေပါတယ်။

နောက်လမ်းမြေ အများသွားနေတဲ့မြေဆိုတော့ လမ်းစောင့်နတ်နဲ့ မြို့ပိုင်နတ်၊ရွာပိုင်နတ်တွေအပိုင်အစောင့်အကြပ်တွေရှိပြန်တယ်။

သချိုင်းမြေလည်း သုဘရာဇာဆို

တဲ့သချိုင်းစောင့်နတ်တွေရှိတယ်။သချိုင်းစောင့်နတ်ဆိုတာ နည်းနည်းနောနော မဟုတ်ဘူးနော်။ မူလအကြီးအကဲရဲ့နောက်မှာအခိုင်းအစေတွေအများကြီးပဲရှိနေတယ်။

ကဲ- ဒီမြေတွေကတော့ မူလအစကတည်းက အစောင့်အကြပ်တွေရှိနေတယ်ဆိုတာသိထားပါနော်။

နောက်တောင်ပေါ် မြေပြောကြည့်မယ်။ တောင်ပိုင်နတ်ဆိုတာရှိတယ် မြင်မြင်သမျှဘယ်တောင်ဖြစ်ဖြစ်၊ တောင်ပိုင်နတ်ရှိတယ်။ အဲဒီတောင်ပိုင်နတ်ရဲ့အောက်မှာအခြွေအရံနတ်တွေအများကြီးရှိနေတယ်။ အဲဒီတောင်ကိုသွားရင် အဲဒီတောင်ကပစ္စည်းယူမယ်ဆိုရင်အဲဒီတောင်ပိုင်နတ်တွေကို အသိပေးရတယ်။ ဗလိနတ်စာကျွေးတာ အရိုအသေပေးတာတွေလုပ်ပြီးမှ ကိုယ်လိုတာကိုယူကြရတယ်။

နောက်ထူးခြားတာပြောမယ်။အဲဒီတောင်ပိုင်နတ်ဟာ သူ့တောင်မှာရှိတဲ့ဘုရားစေတီနဲ့သိုက်တွေကို အမိကကာကွယ်ပေးရတယ်။ လိုအပ်ရင်ဒဏ်ခတ်အပြစ်ပေးတယ်။ နောက်သူ့ရဲ့မိသားစု (သို့) သူနေတဲ့နေရာ (သို့) သူ့နတ်ကွန်း (သို့) သူ့ဗိမာန်ကိုဖျက်ဆီးမယ့်သူ သူခိုနေတဲ့သစ်ပင်ခုတ်လှဲခဲ့ရင် သူသည်းခံပါ့မလား။

သူ့နေတဲ့နေရာအတွင်းမှာ အယုံအကြည်မရှိတဲ့သူပဲဖြစ်ဖြစ် မသိလို့ဘဲဖြစ်ဖြစ် အပေါ့အပါးလေးပဲအရင်သွားကြည့်ပါဦး။ ဟိုကဘာလုပ်မလဲဆိုတာမသိနိုင်ပါဘူး။ ဒါသူပိုင်မြေပါ။ သူ့နယ်သူ့အိမ်ပါစောင့်နေတယ်ဆိုတာအထင်ရှားပါနော်။

နယ်ပိုင်နတ်ဆိုရင်တောင်ပိုင်ထက်ပိုကြမ်းနိုင်တယ်၊ တောင်ပိုင်ကတောင်ပဲပိုင်တာ၊ နယ်ပိုင်ဆိုတာကတစ်နယ်လုံးအတိုင်းအတာတစ်ခုအထိအကျယ်ကြီးလေ၊ သူ့နယ်ကိုသူထိန်းနေမှာပဲ။အဲဒီမြေတွေလည်းအစောင့်ကိုယ်စီရှိနေတာပဲ။

ကွင်းပိုင်ဆိုလည်းသူတာနဲ့သူကွင်းပိုင်နတ်အဖြစ်တာဝန်ယူတယ်။ ကွင်းပိုင်နတ်ကတော့ သိပ်မကျယ်ဘူး။ မျက်စိတစ်ဆုံး(သို့)မိုင်ဝက်၊ တစ်မိုင်နှစ်မိုင် အဲဒီလောက်မြေမှာသူပိုင်တယ်။

တောင်ပိုင်ဆိုလည်း တောတစ်တော အကြီးအသေးပဲကွာမယ်၊ တောအုပ်တစ်ခုလုံးပိုင်နေတာပဲ။ အဲဒါလည်းအစောင့်နဲ့ပဲနော်။ နောက်နတ်ကွန်းတွေကလည်းအများကြီးရှိနေတယ်။ကျန်တာမကြည့်နဲ့(၃၇)မင်းနတ်ကွန်းတွေတောင်သူ့နယ်နဲ့သူ ကနေ့အထိအယုံအကြည်ရှိနေကြသလို နတ်ကွန်းတွေအခိုင်အမာနဲ့နှစ်စဉ်နှစ်တိုင်းနတ်ပွဲတွေရှိနေပြန်တယ်။

ဒီဘက် ယောချောင်ဆိုရင်အမေရေယဉ်နေတယ်။ တပေါင်းလထဲထင်ရဲ့ပွဲတော်ကြို ပွဲတော်ပြန်ဆိုပြီး ဒီဘက်တစ်နယ်လုံးမုန့်တွေ၊လက်ဖက်တွေ၊အုန်းပွဲတွေနဲ့ဗလိနတ်စာပေးနေကြတယ်။ ပုံတောင်နဲ့ပုံညာတောင်ပေါ်မှာ အမေရေယဉ်နန်းရှိတယ်။ ဒီဘက်တောင်ပေါ်တက်တဲ့ကားတွေအကုန်လုံး သူ့နန်းကိုဦးတိုက်တယ်။ အမွှေးဖယောင်းဆက်ကြတယ်။ ဒါမူလထဲကအစောင့်နတ်ရှိတာပဲ။

နောက် မိဆိုင်ဖဆိုင် မိရိုးဖလာ၊ ဘိုးဘွားတွေက သူ့တော ကိုယ့်တောမှာ နတ်စင်၊ နတ်ကွန်းတွေဆောက်ပြီး ဗလိနတ်စာကျွေးတဲ့ သီးသန့်အမည်ခွဲနတ်တွေလည်းအများသား၊ အဲဒီနေရာတွေဆိုရင် တောအုပ်ကလေးလိုပဲ အပိုင်စားမြေနဲ့နေတာ အစောင့်ရှိနေတာပဲလေ။

နောက်တောထဲမှာ မြေပြန့်မှာတောင်ပေါ်တွေမှာ အထိကရသစ်ပင်ကြီးတွေအများကြီးရှိပြန်တယ်။ ညောင်ကျွတ်ပင်၊ ကုက္ကိုပင်၊ သပြေပင်၊ ညောင်ဗိန္ဒဲပင်၊ သရက်ပင်၊ မန်ကျည်းပင်၊ ကြို့ပင် အဲဒီအပင်ကြီးတွေမှာလည်း သီးသန့်နတ်ကြီးတွေရှိတယ်သတိနဲ့ခိုပေါ့။အပင်ရိပ်ဟာသူတို့မြေပဲလေ။

တခြားမကြည့်နဲ့ဗျာ၊ဗောဓိညောင်ပင်ကိုကြည့်ပါ၊ ကျေးငှက်သာတကာဗောဓိသီးစားပြီးကြဲ့တဲ့နေရာစွန့်ခဲ့မယ်။ အဲဒီမစင်က ဗောဓိပင်ပေါက်တယ်။အဲဒီဗောဓိပင်တစ်ထွာတစ်မိုက်တစ်တောင်အမြင့်ရောက်ပြီဆိုတာနဲ့ အစောင့်ကအလိုလိုနေရင်ရောက်နေပြီ၊အဲဒါအထက်နတ်ကြီးတွေက ချက်ချင်းခိုင်းစေတဲ့အစောင့်ပဲ။ သိလရုက္ခစိုးကြီးတွေစောင့်တာများပါတယ်နော်။

သေးသေး၊ငယ်ငယ်၊ကြီးကြီးဗောဓိပင်တိုင်းမှာအစောင့်နတ်တွေရှိနေကြပါတယ်ဗျာ။ အရိပ်ကျရာမြေဟာလည်း သူပိုင်မြေပါပဲခင်ဗျာ၊ ဒါကအစောင့်ရှိတဲ့မြေတွေဆိုတာ လက်လှမ်းမီသလောက်လေးအနည်းငယ်ပဲရှိပါဦးမယ်။ အသေးစိတ်ရင်တော့ ပြောလို့တောင်ပြီးမယ်မထင်ပါဘူး။

လွတ်လွတ်ကင်းကင်းမြေလို့ထင်ရတဲ့မြေလေးပြောကြည့်မယ်။ အဲဗျာလွတ်လွတ်ကင်းကင်းမြေလို့သာပြောရမှာတကယ်တော့ မလွတ်မကင်းဘဲဗျ။ရှေးတုန်းကစာအရ ရေမြေသနင်း ပြည့်ရှင်မင်းပိုင်သကိုးဗျ။ ခုခေတ်ကျတော့ ရေမြေ၊ လေတောင်ပိုင်လာပြီ။

စီမံကိန်းမြေမလွတ်တာ ရုံးအဆောက်အအုံမလွတ်တာ လမ်းမြေချဲ့တာတွေကလည်း လုပ်ငန်းလိုအပ်ချက်အရ ရှိနေပြန်တော့ သတ်သတ်မှတ်မှတ်လွတ်ကင်းတဲ့မြေဆိုတာ ပြောလို့မရသလိုဘဲဖြစ်နေပြန်တယ်။ ဒါကတော့မလွတ်ကင်းမှသာ ရွှေ့ပြောင်းရမှာပဲဗျာ။ လောလောဆယ်တော့ လွတ်ကင်းတဲ့မြေလို့ပဲသဘောထားပါ။ အခုကျွန်တော်နေတဲ့မြေနေရာလေးကြည့် အစကရွာပိုင်မြေတဲ့ ရပ်ကျေးဥက္ကဋ္ဌက အကွက်ရိုက်ရောင်းတော့ ဒီကဝယ်ရော၊ ဟော့ရထားဘက်ကသူတို့မြေတဲ့၊ သူတို့စီမံကိန်းရှိရင် အဆောက်အအုံတွေဆောက်ရင်ဖယ်ခိုင်းမယ်။ သူတို့ပိုင်မြေလေဖယ်ပေးရမှာပဲမို့လား၊ဘာစောဒကမှတတ်လို့မရဘူး။ ဖယ်ဆိုရင်ဖယ် ဒါကကျွန်တော့်အပြစ်ပါ၊ ခုတော့မဖယ်ခိုင်းသေးပါဘူး။ သူတို့မဖယ်ခိုင်းသေးတော့ ကျွန်တော်ကပ်နေရသေးတယ်ပေါ့ဗျာ။ဘယ်အချိန်အထိကပ်နေရဦးမယ်ဆိုတာ မသိနိုင်ဘူးပေါ့။အခုတော့ကျွန်တော်နေတဲ့မြေလေးဟာလည်း လွတ်ကင်းတယ်လို့ပဲသဘောထားပြီးနေတယ်ပေါ့ဗျာ။

လူကြီးမင်းတို့နေတဲ့မြေတွေရယ် လယ်ယာကိုင်းကျွန်းမြေဥယျာဉ်မြေတွေကတော့အပြုသဘောအရဘာအစောင့်၊ ဘာနတ်၊ ဘာရုက္ခစိုးမှမရှိတဲ့ မစောင့်တဲ့မြေလို့မှတ်ယူထားပါ။

ကဲ- ကျွန်တော်တို့နေတဲ့ ကန့်ဘလူက အိမ်မြေအကြောင်းနဲ့ ဥပမာနှစ်ခုပြောပြပေးမယ်နော်။ ဒီဥပမာပေးတာလေး စာဖတ်သူကအကဲခတ်ပါနော်။ မပြောမဖြစ်လို့ပြောပြရတာ။

ပရိတ်ပဌာန်းရွတ်ဖတ်တာ ကမ္မဝါညှပ်တာတွေက သံဃာတော်များနဲ့သာသက်ဆိုင်မယ်၊ အင်းဆေးတွေကလောကီပညာခန်းဝင်နေတဲ့ ဒီနှစ်မျိုးကပေါင်းလို့မရဘူးခွဲပြောမှရမယ်။

ကဲ- ပထမအနေနဲ့ ပရိတ်ပဌာန်းရွတ်တာ ကမ္မဝါညှပ်တာ မြေနုတ်တာဆိုတဲ့အန္တရာယ်ကင်းမြေရှင်းခဲ့တာလေး နမူနာပြောမယ်။ ကျွန်တော်တို့ငယ်ငယ်ကနေခဲ့တဲ့အိမ် ဝယ်ပြီးလို့ အိမ်ပြင်ပြီး အိမ်သစ်တက်ပွဲလုပ်တယ်။ အဖေနဲ့အမေကမြို့ပေါ်ကသံဃာကုန်ပင့်ဆွမ်းကျွေးပြီး အိမ်တက်လုပ်တယ်။

ဒီအချိန် ကျွန်တော်က ကျောင်း

ထိုင်ဆရာကြီးငါးပါးနဲ့အတူ ပထမဆုံးခြံထဲမှာမြေစနုတ်ပါတယ်။ ခြံထောင့်တစ်နေရာမှာမြေတစ်ပြည်ခန့်တူးဖော်နုတ်ယူပါတယ်။ ခြံလေးထောင့်မှ နုတ်မြေလေးပြည်ခန့်ရတယ်။ ခြံပတ်ပတ်လည်ရှင်းဖို့သဲနဲ့ကျောက်ခဲရောရာ နှစ်ပြည့်ခန့်၊အပ်ချည်တစ်လုံး၊ ပရိတ်အိုးများဖြင့် လင်ဗန်းထဲထည့်ပြီး တနင်္ဂနွေထောင့်မှစပြီး ဆရာတော်များနှင့်အတူလိုအပ်တာတွေကူပြီး စောင့်ပေးပါတယ်။ ခြံထောင့်လေးနေရာစေ့အောင် ပရိတ်ရွတ်ခြင်း၊ ပဠာန်းရွတ်ခြင်း၊ ကမ္မဝါညှပ်ခြင်းများဖြင့်ရွတ်ဖတ်ကြပါတယ်။

ခြံလေးထောင့်ရွတ်ဖတ်အပြီးအိမ်ပေါ် မှာလည်းတစ်ခါထပ်ပြီးပရိတ်ပဠာန်းကမ္မဝါများထပ်ရွတ်ကြပါတယ်။ အားလုံးပြီးတဲ့အခါ ကျွန်တော်ကသဲများကျောက်ဖျား သပြေပန်းများဖြင့် ခြံပတ်ပတ်လည်လက်ယာရစ်ပက်ဖျန်းတယ်။ ပရိတ်ကြိုးကိုလည်း အိမ်ဝင်းတစ်ပတ်ပတ်ပြီးချည်ခဲ့ပါတယ်။ ဒါလေးက ကိုယ်နေတဲ့အိမ်ကိုအန္တရာယ်ကင်းလုပ်ခဲ့တယ်ဆိုတာလေးချပြတာပါ။ ခြံလေးထောင့်က နုတ်ယူထားတဲ့မြေကို အိမ်ရဲ့ရာဟုထောင့်အပြင်ဘက်မှာစွန့်ခဲ့တယ်။

ခြံရှင်းတဲ့နည်းဟာ အတော်များများဒီလိုပုံစံတွေနဲ့ပဲရှင်းကြပါတယ်။ ဒါက ကျွန်တော်တို့ဒေသရဲ့လုပ်ပုံလေးပါ။ တခြားဒေသတွေမှာတော့ ဘယ်လိုတွေရှင်းကြပါသလဲ သိတဲ့သူများကဖော်ကြပေါ့။

မြေရှင်းအိမ်တက်မင်္ဂလာလုပ်ထားရင်အန္တရာယ်ကင်းတယ်လို့အများလက်ခံထားကြတယ်။ကောင်းပြီဗျာ၊စာဖတ်သူများကို ကျွန်တော်မေးခွန်းလေးမေးပါမယ်။ မြေပဲရှင်းရှင်း၊ အိမ်ပဲရှင်းရှင်း အိမ်ထဲ၊ ခြံထဲကစက်ရုံမော်တော်ကားအပြင်တခြားဘယ်ဆောက်အအုံမဆိုအကျုံးဝင်မယ်ဗျာ။ အဲဒီအတွက်အန္တရာယ်ကင်းပရိတ်၊ပဠာန်း၊ကမ္မဝါတွေညှပ်ပြီးရှင်းလင်းပါပြီ၊ အဲဒီလိုရှင်းလင်းလိုက်လို့အဲဒီခြံ၊အဲဒီအိမ်၊ အဲဒီကား၊ အဲဒီဟိုတယ်၊ တခြားစက်ပစ္စည်းပါအဆောက်အအုံတွေဟာအန္တရာယ်ကင်းရှင်းသွားပြီလို့ အားလုံးကထင်ပြီးသား။

အဲဒီအန္တရာယ်ကင်းရှင်းတဲ့အချိန်ကာလကရောသတ်မှတ်ချက်ရှိနိုင်သလား၊ ဥပမာဗျာ တစ်ရက်လား၊ နှစ်ရက်လား၊ တစ်နှစ်လားသုံးနှစ်လားဆယ်နှစ်လားအနှစ်နှစ်ဆယ်သုံးဆယ်လား၊ဒါမှမဟုတ်ကိုယ်အသက်ခေါင်းချတဲ့အထိတစ်သက်လုံးအန္တရာယ်ကင်းနေမယ်လို့ထင်ထားပါသလား၊ စာဖတ်သူများဒီမေးခွန်းလေးဖြေကြည့်ပေးပါ။

အထက်ကတစ်ရက်လား နှစ်ရက်လားဆိုတဲ့အချိန်ထည့်ပေးထားတာဟာအကြောင်းရှိလို့ သေချာဖော်ထားတာဖြစ်ပါတယ်။ ပြောရရင် နာရီပိုင်းအတွင်းအထိအကျုံးဝင်နေလို့ဖြစ်ပါတယ်။

ကျွန်တော်မေးတဲ့ မေးခွန်းဟာ ယုတ္တိရှိရှိမေးထားတာပါ။ စကားကပ်မေးခြင်းမျိုးမဟုတ်ပါ။ သေသေချာချာစဉ်းစားပြီးဖြေပေးကြပါ။ ဟိုလိုလိုဒီလိုလိုအဖြေမျိုးမဟုတ်ပါ။အဖြေကတိတိပပရှိနေလို့ဖြစ်ပါတယ်။

အမေ့အိမ်တက်ပြီး သိပ်မကြာခင်မှာကျွန်တော်အရက်ပြတ်လို့ လောကီပညာသင်စဖြစ်နေပါပြီ။ ဒုတိယဆရာမောင်မောင်သန်းဆီမှာလည်း တပည့်ထပ်ခံပြီးပြီ၊ တစ်ရက်မှာဆရာသန်းက-

"စိုးမင်းငါမင်းတို့အိမ်အလည်သွားချင်တယ်ကွာ၊ ငါ့ကို မင်းတို့အိမ်အလည်ပို့စမ်း"

လို့တောင်းဆိုတယ်။ ကျွန်တော်က-

"ဟုတ်ကဲ့ဆရာ၊ အားတဲ့နေ့သွားမယ်ပေါ့"

အလုပ်အတူဆင်းတဲ့သူငယ်ချင်းနဲ့ညှိတော့အဆင်ပြေတယ်။ နှစ်ညသုံးရက်လောက်ကူဆင်းပေးဖို့ပြောတော့သွားတဲ့ တာဝန်ခံကလည်းခွင့်ပြုတယ်။

ဆရာတပည့် နေ့ခင်းလော်ကယ်နဲ့သွားကြတယ်။ နေ့လွဲတစ်နာရီခွဲတော့အမေ့အိမ်ရောက်ကြပြီး အိမ်အောက်ထပ်က ခါးပြတ်ဓာတ်ပုံကို ဆရာသန်းကမြင်ပြီးပြုံးတယ်။ သူ့အပြုံးကအဓိပ္ပာယ်ပါနေတာသိတယ်။ ဒါနဲ့ဆရာက စိုးမင်းအပြင်လက်ဖက်ရည်သောက်သွားရအောင်ကွာဆိုပြီးလှည့်တော့ကျွန်တော်ကအလိုက်သင့်ပဲဖဲ့ထွက်ကြတယ်။ အိမ်ကအမေနဲ့အစ်မ ညီတွေမသိစေချင်လို့ပေါ့။လမ်းမှာပဲ ဆရာသန်းကစပြောတယ်။

"စိုးမင်း အောက်ထပ်က ခါးပြတ်ဓာတ်ပုံကြီးက ဘယ်သူလဲကွ"

"အဲဒါ ကျွန်တော့်အဖေဆရာ"

"ဟေ- မင်းဖားသားလား"

"ဟုတ်တယ်ဆရာရဲ့"

"အေး- အဲဒါဆို အခုမင်းဖားသားကအိမ်ရောက်နေတယ်။ ငါတို့လာတာကြိုသိနေတယ်။ သူပြောချင်တာရှိတယ် ငါတို့လုပ်ပေးစရာလည်းရှိနိုင်တယ်။ မင်းအဖေက. . ."

ဆရာသန်းစကားဆွဲ့အသွားတယ်။ ကျွန်တော်ဇဝေဇဝါဖြစ်ပေမယ့် ဆရာကိုအမှန်အတိုင်းပဲမေးတယ်။

"ပြောပါဆရာရဲ့ အားမနာပါနဲ့။ အဖေက အခုဘယ်ဘဝရောက်နေတာလဲကျွန်တော်သိချင်တယ်"

"အေး- စိတ်တော့မပျက်နဲ့ကွာ။ မင်းဖားသား တောင်စောင့်ဘီလူးဖြစ်နေတယ်။သူနေတာအဝေးကြီးမှာကွ၊ တောင်စောင့်ဘီလူးဖြစ်နေတယ်။ သူနေတာအဝေးကြီးမှာကွ၊တောင်တွေအထပ်ထပ်နဲ့အိန္ဒိယဘက်နီးမယ်ထင်တယ်၊နယ်စပ်နားမှာ ငါလည်းအဲဒီနေရာမရောက်ဖူးသေးဘူး။ အခုလည်းသူ အထက်အမိန့်နဲ့ခွင့်တောင်းလာတာ၊ အဲဒါမင်းအမေနဲ့အစ်မတွေညီတွေမသိစေနဲ့ သူတို့သိရင်စိတ်မကောင်းဖြစ်နေကြမယ်၊ ငါပြောတာကြားလား"

"ဟုတ်- ကြားတယ်ဆရာ"

လမ်းလျှောက်စကားပြောရင်း မြို့ထဲကဆိုင်မှာပဲထိုင်ဖြစ်ကြတယ်။ ဆရာကဆက်ပြောရှာတယ်။

"ဒီကပြန်ရောက်ရင်ခဏနားမယ်၊ ညနေပိုင်းစောစောမှာ မင်းမားသားရယ် အစ်မကြီးရယ် သူတို့ကိုစစ်လိုက် တွေ့လိမ့်မယ်။ မင်းဖားသားလည်းလာလိမ့်မယ်။ မင်းဟာမင်းကြည့်လုပ်ကွာ"

ဟုတ်ကဲ့ဆရာပေါ့။လက်ဖက်ရည်သောက်ရင်း ဒူးယားဖွာရင်း စကားလေးပြောရင်း အိမ်ပြန်ခဲ့ကြတယ်။ ဆိုင်ထဲမှာဆရာသန်းပြောတဲ့စကားတွေကအံ့ဩစရာပါတယ်။ ဆေးသမားတော့ဆေးသမားပဲ အဲဒီလိုဆရာကခပ်ရှားရှားပဲလို့မှတ်ချက်ပေးမိတယ်။ အလဲကြည့်လေဆရာသန်းတစ်ယောက်ထဲပဲ အိမ်တွင်းရေးပြဿနာအကုန်သိနှင့်နေပြီ၊ အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ညီအငယ်ဆုံးကဆေးဂိုဏ်းအပြီးတတ်ပြီး သင်ပြီးထားပြီးပြီအဆင့်ကုန်ပေါ့။သူကဒီအိမ်မှာပဲအတူနေတာမိန်းမတောင်မရသေးဘူး။ကာလသားပေါ့၊ ကိုယ်ကလည်းသမားပေါက်စညီအငယ်ဆုံးကလည်းသမားပေါက်စ။

အဲဒီမှာစောစောကစကား ကျွန်တော်ပြန်ကောက်ပါပြီ၊မြေရှင်းအိမ်တက်မင်္ဂလာပြီးခဲ့လို့ အချိန်နှစ်နှစ်ကျော်ကာလမှာပဲ မနှစ်ကသေသွားပြီးဖြစ်တဲ့ ကျွန်တော့အဖေပြိတ္တာဘဝနဲ့ ကျွန်တော်တို့ခြံထဲ အိမ်ထဲမှာအရင်ရောက်နှင့်နေပြီ။ အဖေဟာ တောင်စောင့်ဘီလူးဘဝနဲ့ အိမ်ခြံထဲရောက်လာတာနော်။ အိမ်ခြံ

ရှင်းခဲ့တဲ့အချိန်နဲ့အဖေအိမ်ထဲပြန်ရောက်ချိန်ဟာ အချိန်နှစ်နှစ်ကျော်လေးပဲရှိသေးတယ်။

အထက်ကပြောခဲ့သလို မြေရှင်းအိမ်ရှင်းအန္တရာယ်ကင်းဟာ အချိန်နှစ်နှစ်ကျော်ပဲခံတာလား၊ ဒါလေးစာဖတ်သူကဝေဖန်ပါဘာကြောင့်လဲပေါ့။

*

အဲဒီနေ့က ညနေစောင်းမှာအမေနဲ့အစ်မကို ပယောဂစစ်တော့မိတယ်။ အမေနဲ့အစ်မကို အောက်လမ်း၊ စုန်းအတိုက်ဖြည်တယ်။ ဒီအချိန်အစ်မကြီးကို မာတ်ဖွင့်ထားလေတော့ ကျွန်တော်လည်းသတိတစ်ချက်မေ့တာလည်းပါတာပေါ့။ အဖေကအစ်မရှေ့ဘွားခနဲကိုယ်ထင်ဝင်ပြပါရောဗျာ။

ဘာပြောကောင်းမလဲဗျာ၊ အစ်မငိုတာပေါ့။ ကိုယ့်အဖေ တောင်စောင့်ဘီလူးဖြစ်နေတော့ စိတ်မထိန်းနိုင်ရှာတာပေါ့။ အစ်မကိုချော့ပြီး အဖေနဲ့အပေးအယူလုပ်ပြီးအလုပ်နားရတယ်။ အဖေတောင်းဆိုတာ နောင်ကျရင် ကျွန်တော်ပေးရမယ်၊ ဒီကတိခံရတယ်။အစ်မနဲ့အမေလည်းကောင်းသွားကြပြီ ရှင်းပြီ။

ဒီအချိန်မှာ တစ်အိမ်ထဲအတူနေတဲ့ဆေးသမားပေါက်စ ကျွန်တော့်ညီဟာ ပညာကုန်တတ်ထားတာတောင်ဘာမှမသိရှာပါဘူး။ ဆေးကုခန်းမှာလည်းဘာမှမသိရှာသလိုကုထုံးကုကွက်အကြောင်းလည်း နားမလည်ရှာပါ။ နံဘေးကထိုင်ပြီးငေးကြည့်နေရှာတယ်။ သူပြောဖူးတယ်၊ ငါတို့ဆရာက အဲဒီလိုကုတာတစ်ခါမှမရှိဘူး၊ ငါလည်းမမြင်ဖူးသေးဘူး၊ ခုမှမြင်ဖူးတာတဲ့။

အမေနဲ့အစ်မ တရှောင်ရှောင်ဖြစ်နေတာကြာပြီ။ အိမ်ထဲမှာ ညီငယ်ဆေးသမားရှိတယ်။ အောက်လမ်းစုန်းတွယ်ထားတယ် ညီငယ်မသိရှာဘူး၊ အဲဒါဘာကြောင့်လဲ ဂိုဏ်းခြင်းတူတယ်နော် ဆရာမတူဘူး၊ အဲဒါဆေးသမားလေး ကိုယ့်အမေနဲ့အစ်မကြီးတွယ်ထားတာ မသိမှတော့ ဒါဆေးဆရာလားဗျာ၊ ကျွန်တော့်ညီငယ်ကိုပြောတာပါ၊တခြားသူကိုမပြောပါဘူး။

ကိစ္စပြီးသွားပြီမို့ မနက်ဖြန်ခေါက်ပြန်နဲ့ ရွာပြန်မယ့်အကြောင်း ဆရာကိုဆိုင်ထိုင်ရင်းပြောတော့ဆရာကရယ်ပါတယ်။

"မင်းကိစ္စပြီးပြီလား"

"ဟုတ် ပြီးပြီဆရာ"

"ဟကောင်ရဲ့ မပြီးသေးဘူး၊ ဒီအတိုင်းထားခဲ့လို့ ဘယ်ရမလဲကွ၊ အိမ်ကလူတွေထပ်နာမှာပေါ့"

ဆရာ့စကားကြားပြီး အံ့ဩတာတော့အမှန်၊ ဘာကျန်မှန်းမသိလို့မေးရတော့တယ်။

"ဘာကျန်သေးတာလဲ ဆရာရဲ့၊ စက်တွေကုန်ပြီပဲဆရာရဲ့"

."မင်းက တယ်အ,သကိုး၊မင်းအစ်မခေါ်ပြီးမာတ်ဖွင့်လိုက် မင်းတို့ခြံထဲကအကောင်တွေတစ်ပုံကြီးနဲ့ အဲဒါတွေအကုန်နှင်အကုန်ရှင်းခဲ့ဦးကွ"

"အာ- ဆရာကလည်း လွန်ခဲ့တဲ့နှစ်နှစ်ကျော်က ဒီခြံနဲ့အိမ်ရှင်းပြီးသား မြေနုတ်တာ ကမ္မဝါညှပ်တာ ပရိတ်စွန်းတာ အကုန်ရှင်းခဲ့ဦးကွ"

"မင်းဟာမင်း ဘယ်လိုပဲရှင်းရှင်း ခြံထဲကအကောင်တွေကရှိနေတာပဲကွ၊ ဟိုသရက်ပင်အိုကြီးက မည်းမည်းအကောင်ကြီးဆိုရင် ကြာပြီ အဲဒီကောင်ဆိုအတော်အန္တရာယ်များတယ်အကုန်ရှင်းခဲ့"

အိမ်ရဲ့မီးဖိုဆောင်အနောက်တောင်ထိပ်မှာ လူနှစ်ယောက်ဖက်စာမကတဲ့ သရက်ပင်အိုကြီးက ထီးထီးကြီး သရက်ကိုင်းတွေကမီးဖိုဆောင်အပေါ်မှာတောင်ဝေနေတယ်။

"ဟိုး ရာဟုထောင့် အိမ်သာကျင်းပောင်းနားမှာ တစ်တောင်လောက်မြင့်တဲ့ ဘီလူးပေါက်စတွေ မိသားစုလိုက်နေတာလည်းကြာပြီငါတွေ့တာတောင်(၁၅) ယောက်လောက်ရှိတယ်။ မင်းအစ်မကိုတိုက်တဲ့အောက်လမ်းဆရာကခြံထဲတစ်ကောင်လွှတ်ထားသေးတယ်။ အဲဒါပါတစ်ခါထဲရှင်းလိုက်"

"ဟုတ်ကဲ့ဆရာ"

ကျွန်တော်အလိုလိုနေရင်းကြောင်အမ်းအမ်းဖြစ်သွားတာတော့အမှန်ပါ၊ ဘယ်နှယ်ဟာလဲ၊ ဘယ်လိုတွေကြောင့်လဲ၊ ခြံတွေအိမ်တွေရှင်းထားပါလျက်နဲ့ ဘယ်ကဘယ်လို ခြံထဲပြန်ရောက်နေကြသလဲကျွန်တော်ဉာဏ်မမီတော့ငေးသွားရပါတယ်။

ညနေပိုင်း အစ်မကိုခေါ် မာတ်ဖွင့်ပြတော့ ဟောဗျာ၊ ဆရာသန်းပြောတာတွေအကုန်လုံးကွက်တိမှန်ပြီ ခြံထဲမှာသရဲကြီးနှစ်ကောင်နဲ့ ဘီလူးမိသားစု (၁၅) ကောင် အားလုံးရှင်းခဲ့ရတယ်။ ဒီအချိန်ရင်ထဲကသံသယကိုသိလိုတာကြောင့်ဆရာ့ကိုထပ်မေးမိတယ်။

"ဆရာ အရင်အိမ်တက် ခြံရှင်းခဲ့တုန်းက အခုရှိနေတဲ့ ပြိတ္တာကောင်တွေကမရောက်သေးတာလား၊ အရင်ရောက်ထားပြီးသားလား အဲဒါပြောပါဦး"

အဲဒီစကားကိုဆရာကဖြေပါတယ်။ အခုကျွန်တော်ကမရေးရဲပါဘူး။ ရေးပြလို့လည်းမဖြစ်လို့ပါ။အကြောင်းကအစွန်းတွေငြိနေပါတယ်။ ငါ့ပေါင်ငါထောင်းအဖြစ်မခံချင်တာမို့ ဒီအဖြေကိုထိန်ချန်ပါ့မယ်။ အဖြေကသုံးမျိုးသုံးစားတောင်ရှိနေတယ်။ စာဖတ်သူက ကိုယ်ဉာဏ်နဲ့ပဲ အဖြေထုတ်ပါနော်။ ဒါလောက်ပဲတိုက်တွန်းပါရစေ။

အထက်က အိမ်နဲ့ခြံရှင်းတာဟာ စာအရအများလုပ်တဲ့အတိုင်းလုပ်ခဲ့တာမှန်ပါတယ်။ တကယ့်လက်တွေ့မှာတော့ စာတွေနဲ့လက်တွေ့ဟာတော်တော်လေးကွာဟနေပါတယ်။ ပြောခဲ့သလိုပဲအဖြေကသုံးမျိုးတောင်ရှိပါတယ်လို့ စာအရဆိုရင်အမေ့အိမ်ထဲက(၁၇)ကောင်ဟာမရှိရဘူးမဟုတ်လား။ နှစ်နှစ်ကျော်မှာပဲခြံထဲပြန်ရောက်ပြီဆိုတော့ ဒါလေးသတိကပ်ထားပါ။

အန္တရာယ်ကင်း လုပ်တာလေး ဥပမာထပ်ပေးဦးမယ်။အကူအညီတောင်းသူကကျွန်တော့်သူငယ်ချင်းရုံပိုင်၊ သူကဒီအချိန်မှာရွှေဘိုနယ်၊ကျွန်တော်ကယောချောင်ပေါ့။သူငယ်ချင်းကဖုန်းလှမ်းဆက်တယ်။ သူငယ်ချင်းရေကူညီပါဦးတဲ့ ဘာကိစ္စလဲမေးတော့ သူ့မိန်းမကညညလိုင်းခန်းအိမ်မှာမအိပ်ရဲတော့ဘူးတဲ့။ သူ့ရှာပြန်တော့မလို့ ခဏခဏပြောလို့ အဲဒါကူညီပါတဲ့။ ကျွန်တော်က မင်းနယ်ကွာအိမ်တက် ပရိတ်နာတာအန္တရာယ်ကင်းလေးလုပ်လိုက်ပါပြောတော့ အဲဒါတွေဒီဘူတာစရောက်ထဲကအိမ်ဆေးပြီးလုပ်ထားပြီးပြီတဲ့။

သူပြောတာကညပိုင်းဆိုရင်ကြမ်းပြင်ပေါ် လူလမ်းလျှောက်နေတဲ့အသံရယ် မီးဖိုချောင်မှာ အိုးခွက်ပန်းကန်အသံမြည်တာ၊သောက်ရေအိုးအဖုံးဖွင့်သံတွေကြားကြားနေရတာပါတဲ့။

ဒါကိုကျွန်တော်စစ်ကူပေးရတယ်။ စမသုံးဆူ ဖယောင်းနဲ့ပတ်ပြီး လူကြုံနဲ့ပါးပေးရတယ်။ စမဆိုတာ စမပညာပါအင်းမဟုတ်ပါ။ အဖွင့်စမတွေ ပယောဂကုတဲ့စမတွေ အတိုက်အခံစမတွေ အဲဒီအထဲကမီးထွန်းစမလေးပဲ ရိုးရိုးလေးပေးလိုက်တာပါ။ သူ့ဆီရောက်လို့ နှစ်ပတ်လောက်အကြာမှာဖုန်းလာတယ်။ အားလုံးအဆင်ပြေသွားပါပြီတဲ့။

စာအရ သူငယ်ချင်းလည်းအိမ်ရှင်းတာပဲနော်။ လုပ်ထုံးလုပ်နည်းမှန်နေ

တယ်။ ဘာတွေလိုနေသလဲ ကျွန်တော် အဖြေမပြောဘူး။ စာဖတ်သူပဲအဖြေပေးလိုက်ပါ။

နောက်ထပ် ဥပမာတစ်ခုထပ်ပေးမယ်။ ဒါက သိုက်မြေကိုရှင်းရာကဖြစ်သွားတာ၊ ကျွန်တော့်ရဲ့ကျေးဇူးရှင်ဆရာတော်ကြီးဆိုလည်းဟုတ်တယ်။ ပဋ္ဌာန်းဆက်ဆရာတော်လည်း ဟုတ်တယ်ပေ့ါ။ ဒီအကြောင်း ဆောင်းပါးရေးခဲ့ပြီးသားအခုဟာကကြုံလို့ထပ်ပြောတာပါ။

(xxx) ရွာကအိမ်တစ်အိမ်မှာ မြေနုတ်ခြံရှင်းအိမ်တက်လုပ်တော့အန္တရာယ်ကင်းပရိတ်ရွတ်တာကမ္မဝါညှပ်တာတွေပြီးတော့ နောက်ဆုံးမှာ ဆရာတော်ကြီးကပရိသတ်ကို တရားဟောမယ့်ဆဲဆဲပဌာန်းဖောင်ဒေးပယ်အစဉ်းရွတ်နေတုန်း ဒီဂါထာမပြီးခင်မှာပဲ ဆရာတော်ရဲ့ညာဘက်နားထင်မှာထင်းခနဲမိုးကြိုးပစ်သလိုအသံပေးပြီး မီးတွေပွင့်ထွက်သလို ဦးခေါင်းပွင့်ထွက်သွားသလိုခံရပြီး မိုက်ခနဲသတိလစ်သွားတယ်။ ပလ္လင်ပေါ်ကပြုတ်မကျအောင် ချက်ချင်းဖေးကူရတယ်။အဲဒီနေ့မှာပဲ ဆရာတော်လေဖြတ်သွားရှာတယ်။

ဂေါပကအဖွဲ့တွေခေါ်လို့အားခြင်းပြေးရတယ်။ ဆရာတော်ရဲ့အသက်ကိုတစ်ပတ်တီတီအပေးအယူနဲ့အသက်ရခဲ့တယ်။ ဟိုက အသေပဲတွယ်တာပါ။ ဒီကြောင်းရေးပြီးသားပါ။ အဲဒီအိမ်ဟာသိုက်ကြီးခံနေတဲ့အိမ်ဖြစ်နေတယ်။သိုက်ကတွယ်တာပါ။

စာအရလုပ်ထုံးလုပ်နည်းအရဆိုရင် အန္တရာယ်ကင်းရှင်းမှာပဲမို့လား ဖြစ်ကိုဖြစ်ရှာပဲမို့လား။ အဲဒီမြေဟာ အခုမှအိမ်ပိုင်၊ ခြံပိုင်လူကပိုင်နေတာ၊ ဒီမြေကရှေးထဲကသိုက်စောင့်တွေပိုင်တဲ့မြေကြီးပါ။ သူတို့မြေမတရားသိမ်းခံထားရတော့အဲဒီအိမ်အမြတ်မဲဒုက္ခပင်လယ်ဝေနေမှာပဲ၊သူတို့အိမ်ဟာသိုက်မြေပေါ်မှာဆောက်ထားတာအိမ်ရှင်သိတယ်။ သိရဲ့သားနဲ့ရှင်းတာ ထိခိုက်ခံရတော့ ကျွန်တော့်ဆရာတော်ဘုရားကြီးပေ့ါ။ စာဖတ်သူတို့ရေစာအရနဲ့လက်တွေ့မညီညွတ်တာတော့တွေ့နေမှာပဲနော်။

အခုပေးခဲ့တဲ့ ဥပမာသုံးခုကိုပြန်ကြည့်မယ်။ ပထမကျွန်တော်တို့အိမ်မြေဟာ မြို့ပေါ်ရပ်ကွက်ထဲကမြေပဲ၊ ဒုတိယသူငယ်ချင်းရုံပိုင်နေတာကအစဉ်အဆက်နေလာခဲ့တဲ့ မိရထားလိုင်းခန်းမြေနေရာ၊ တတိယက ရွာထဲကသိုက်ခံမြေမှာနေတဲ့အိမ်ပဲ။

မြေဟာသန့်နေသလိုပဲနော်။ အခုဟာက မသန့်ဘဲ အတိုက်အခံတွေရှိနေတာ၊ နောက်ဥပမာတစ်ခုထပ်ပေးဦးမယ်ဒီအကြောင်းလည်းပြောခဲ့ပြီးသားပဲ။ ကြုံလို့ထပ်ပြောပြတာ ကျွန်တော့်ကြီးတော်ရဲ့အိမ်နဲ့မြေပဲ၊မြေကသချိုင်းမြေဝယ်ထားတာ၊ အဲဒီသချိုင်းမြေမှာပဲ မိသားစုတစ်ခုလုံးအိမ်ဆောက်နေတာ၊ တစ်အိမ်လုံးပြောင်းဆန်နေအောင် ထိခိုက်နေတာလည်းပေကပ်နေတယ်၊ မပြောင်းကြဘူး။ သွားတာပဲ တစ်မိသားစုနဲ့သေတာရောလွင့်တာရော အခုချိန်ထိနေကြတုန်းနေကြဆဲ ဒုက္ခတွေ့ဆဲဆင်းရဲတွင်းထဲကမ ထဲ့ က် နဲ့ င် တော့ ဘူး။

ဟိုတုန်းကကြီးတော်မသေခင်မြေဝယ်ပြီး ခြေတံရှည်အိမ်လေးဆောက်ပြီးတော့ ကျွန်တော့်လာပြီး အပူကပ်တယ် ငါ့တူရယ် ကြီးတော်တို့ဒုက္ခရောက်နေတာ ငါ့တူသိနေတာတဲ့၊ ကြီးတော်ရဲ့အိမ်နဲ့ခြံကိုရှင်းပေးစမ်းပါ။ မင်းရှင်းရင်ရမှာပါအဲဒါအလုပ်ခိုင်းရောဗျာ။

ဒီက အစောကြီးထဲကသိပြီးသားပဲလေ၊သုဘရာဇာအပိုင်မြေလေသချိုင်း၊ ဟိုးရှေးတုန်းကတည်းက အစောင့်နတ်တွေရှိပြီးသားလေ။ သူတို့အပိုင်မြေသူတို့မြေသူတို့စောင့်နေတာလေ။ ကိုယ်ကအခုမှသူ့မြေခိုးပြီး ကိုယ့်မြေလုပ်တော့ဟိုကပြုံးပြမနေဘူးလေဗျာ။ သူတို့မြေခိုးရင်တော့ ကလဲ့စားချေမှာပဲလေဗျာ။ ဘယ်သူခံမလဲ။

ကြီးတော်ရေ ကျွန်တော်လည်းလုပ်လို့မရဘူး။ တခြားဘယ်ဆေးသမားမှလည်းလုပ်လို့မရပါဘူးပရိတ်နာအန္တရာယ်ကင်းလည်းမလုပ်ပါနဲ့။ အကောင်းဆုံးကတော့ ဒီမြေမှာမနေပါနဲ့ တခြားနေရာမှာမြေပြန်ဝယ်ပြောင်းနေကြပါလို့ ကျွန်တော်ကအကြံပေးလိုက်တယ်။

အဲဒီကြီးတော်တို့မိသားစုထိခိုက်တာလေးပြောပြမယ်။ အဲဒီသချိုင်းမြေမှာအိမ်ဆောက်ပြီး နှစ်နှစ်အကြာမှာပဲကြီးတော်အရင်သေတယ်။ ကြီးတော်ရဲ့ယောကျ်ားဟာ အခုချိန်ထိအသက်(၇၀)ကျော်ပြီ၊ ဘုန်းကြီးကျောင်းမှာကပ်နေရရှာတယ်။ ကြီးတော်ရဲ့သားသမီး (၆)ယောက်ရှိတယ်။

မိန်းကလေး (၅) ယောက်စလုံးအိမ်ထောင်တွေတန်းစီကျတယ်။ တချို့ဆိုအသက်မပြည့်သေးဘူး။ ၁၄၊ ၁၅ လောက်နဲ့ အိမ်ထောင်တွေကျတယ်။ လင်တွေနောက်အကုန်ပါသွားတယ်။ လယ်ယာချောင်းမြောင်းအသေးစားတွေအကုန်ပြုတ်တယ်။နွားတွေတစ်ကောင်မှ မရှိတော့ဘူး၊ အကုန်ပြုတ်တာပဲ။

ကျန်တဲ့ ယောကျ်ားလေးတစ်ယောက်အခုထိပေစုတ်နေတယ်။ ဘာအလုပ်မှမရှိဘူး။ကျပန်းလုပ်စားနေရတာဒီမြေဒီအိမ်မှာခုထိနေတုန်းပဲ။ ဒီမြေကိုအန္တရာယ်ကင်းလုပ်မယ်လို့တော့စိတ်နဲ့တောင်မကူးနဲ့။ရမယ်ထင်ပါတယ်ကွာဆိုပြီးလုပ်ကြည့်စမ်းပါ။အကုန်ဖွင့်ပြောလိုက်မယ်ဗျာ။ ကြိုက်တဲ့နည်းနဲ့ရှင်းကြည့်ပါအဖြေကချက်ချင်းပဲ ထွက်လာမှာတော့အသေအချာပါပဲ။

ကြီးတော်မသေခင်ပြောတာလေးမှတ်မိတယ်။ ငါတူရေ ည ညကိုးနာရီဆယ်နာရီလောက်ဆိုရင် မည်းမည်းတူးတူးမျက်လုံးနီတာကြီးနဲ့ သရဲကြီးကငါ့နေရာဖယ်ပေး ငါ့နေရာနင်တို့မနေနဲ့ အခုထွက်သွားဆိုပြီး ညတိုင်းနီးပါး အိမ်ပေါ်တက်တက်လာပြီး ကြိမ်းနေတာကွယ့်။ အဲဒီသရဲကြီးကိုမောင်းထုတ်ပေးစမ်းပါတဲ့ဗျာ။

အဲဒီကွင်းဆက်အရ အဲဒီသုသာန်စောင့် ပြိတ္တာ နတ်တွေက အဲဒီအိမ်ပေါ်အထိတက်နေတာ။ အဲဒီအိမ်ပေါ်မှာပဲအမြဲတမ်းတက်အိပ်နေတာ၊ သမီးမိန်းကလေးငါးယောက်စလုံး အဲဒီသရဲကြီးကိုအမြဲတမ်းမြင်တယ်။ကြာတော့ သမီးတွေညဆိုရင် ဒီအိမ်မှာမအိပ်ရဲတော့ဘူး။ အဘွားအိမ်နဲ့ကျန်တဲ့ကြီးတော်အိမ်တွေမှာသွားအိပ်ကြရရှာတာဒီအိမ်မှာတောင်မနေရဲရှာကြဘူး။

ကြီးတော်ဆိုရင် တက်အနင်းခံရတာ လည်ပင်းအညှစ်ခံရတာ ခဏခဏပဲ။ သူလည်းတပ်အပ်မြင်နေတာနော်။ အဲဒါဒီမြေမှာပဲဆက်နေတယ်ဗျ၊ မကြာဘူးအသက် (၄၀)ပြည့်တော့သေတာပဲ။ အဲ့မမြင်တာကလင်ပဲ၊ သူကတော့မြင်လည်းမမြင်ဘူး အယုံအကြည်လည်းမရှိဘူး။ ဒါပေမယ့် သူလည်းဒီအိမ်မှာမနေနိုင်ဘူး။ ကျောင်းမှာပဲကပ်နေရရှာတယ်။ ဒါကအခုစာရေးနေတဲ့အချိန်အထိ ထိခိုက်နေတုန်းပဲဆိုတာ ဥပမာလေးပေးလိုက်တာပါ။

ကြီးတော်လည်းမသေခင် မြေနဲ့အိမ်အန္တရာယ်ကင်းလုပ်တာ ဘယ်နှစ်ခါလဲတော့ကျွန်တော်မသိဘူး။အညွှန်းအရဆိုရင် ဟုတ်နေရမှာပဲမို့လား ဒါလေးဖြေကြည့်ကြစမ်းပါ။

အင်းနဲ့ဆေးကအခန်းတွေအများကြီးပဲ ပြောရင်လည်းမကုန်နိုင်လောက်ဘူး။ အင်းတစ်ချပ်ကပွားရင် အင်းပေါင်းအသိန်းအသန်းအထိမကကျယ်တယ်။

ဒီအခန်းက အများကြီးဆိုတော့ ကျွန်တော်တို့လည်း ဉာဏ်မမီဘူး။ ဒီတော့ ကိုယ်သိတဲ့ထမင်းစားရေသောက်လောက်လေးပြောမယ်နော်။

အင်းစီရင်မယ်ဆိုရင် ဘယ်အင်းကိုစီရင်ရမှာလဲမေးရင် အခုဟာက အတိုက်အခံကိုအနိုင်ယူမှာ အတိုက်ကိုရှင်းချင်တာဆိုတော့ တန်ပြန်အင်း၊ အတိုက်အင်းတွေပဲစီရင်မှာပေါ့။အတိုက်အင်းဆိုတော့များသောအားဖြင့်အစောင့်ပါတဲ့အင်းတွေပဲစီရင်မှာပေါ့ဗျာ။ အဲ တချို့လည်းကိုယ်ဉာဏ်မီတဲ့အင်းနဲ့ကစားမှာပေါ့။ ဒီလိုပဲယေဘူယျသဘောထားလိုက်ပါ။

အင်းစီရင်တဲ့အပိုင်းပြောပါ့မယ်။ အထက်လမ်းဆရာစစ်စစ်ကလုပ်မှာလား (သို့) အောက်လမ်း၊အလယ်လမ်းနဲ့ကဝေဆရာကစီရင်မှာလား၊ ဒါလေးခွဲခြားပြောရမယ်။

ဒီတော့ အောက်လမ်းဆရာ၊ ကဝေဆရာ၊ အလယ်ဆရာတွေက အင်းစီရင်မယ်ဆိုရင် အင်းစောင့်ဟာအစောင့်ပါတဲ့အင်းပဲရပါမယ်။ အင်းကိုအင်းစောင့်ပါတဲ့အင်းပဲစီရင်နိုင်တယ်။ သိဒ္ဓိမြောက်အင်းမျိုးသူတို့မစီရင်နိုင်ဘူး။ စီရင်နိုင်ရင်လည်းစီရင်ကြည့်ပါ။ မရရေးချမရဘူးလို့ ဒဲ့ပဲဖြေပါ့မယ်။ ဒီစကားမျိုးပြောလိုက်လို့ စောဒကတက်ချင်တယ်ဆိုရင်လည်းဖြေဖို့အသင့်ရှိပါတယ်နော်။

သူတို့အာဏာဟာ ဒီထက်မပိုပါဘူး။ တိမ်ညွှန့်ခူးစားနိုင်တဲ့အဆင့် လက်ညှိုးထိုးအောင်တဲ့အဆင့်ဟာ အမြင့်ဆုံးလောက်ထဲမှာရှိတယ်။ အဲ့တချို့ဝိဇ္ဇာအကျင့်ကျင့်တယ်။ သစ္စာဖောက်မိတယ် အင်းတွေမှားတယ်၊ အောက်အင်းတွေရောကိုင်မိလို့ တချို့တပည့်အလိုလိုက်ခဲ့မိလို့ အောက်ဝိဇ္ဇာအဆင့်ရတဲ့သူတွေရှိတယ်။ ဒါကလည်း ကန့်ခေတ်သိပ်မရှိတော့ဘူး၊ သေကုန်ပြီ။

ကန့်ခေတ်ကျတော့ အောက်လမ်း၊ကဝေ၊အလယ်လမ်းက ဆေးသမားအများစုဟာ သူတို့ရဲ့မွေးစားသား သူတို့ရဲ့ကျွန်၊ သူတို့သတ်လို့သေတဲ့အစိမ်းသေ အဲဒီအစေအပါးတွေနဲ့ခိုင်းစားပင့်စားလိမ်စားတာပဲရှိတော့တယ်။

အဲဒီမွေးစားသားတွေက အောက်ဘီလူး၊ နတ်သရဲ၊ သရဲအစိမ်း၊ ပြိတ္တာ အကျက်ပြိတ္တာမှင်စာတွေနဲ့တိရစ္ဆာန်တွေ အပါဒါတွေကသူတို့ရဲ့အင်း၊သူတို့ရဲ့ဆေးကိုစောင့်တာပဲ၊ထပ်ပြောပါဦးမယ်အောက်ပြိတ္တာတွေလို့ပြောလိုက်ပါပြီနော်။အောက်ပြိတ္တာဟာ အနိမ့်ဆုံးအစောင့်ပါပဲ။ ဘာအဆင့်မှမရှိဘူး။ တန်ခိုးလည်း မကြီးပါဘူး။ သူတို့က လူတွေတိရစ္ဆာန်တွေကိုသက်သက်ဒုက္ခပေးနိုင်တာပဲရှိတယ်၊ ခပ်ညံ့ညံ့ပြိတ္တာတွေဆိုပါတော့။

ဥပမာလေးပြောမယ်။ အင်းတစ်ချပ်စီရင်လိုက်ပြီ သူ့ရဲ့မွေးစားသားထဲကပဲ။ ကဲ မောင်နီရေ မောင်နက်ရေ မင်းတို့ဒီအင်းရှိတဲ့နေရာသွားစောင့်ကြ ဘယ်သူ့ခြံဘယ်သူ့အိမ်၊ ဘယ်သူ့အဆောင်၊ဘယ်ဉယျာဉ်၊ ဘယ်တောင်ယာအဲဒီလိုခိုင်းစေလိုက်တာနဲ့ သူ့မွေးစားသားတွေကပဲသွားစောင့်ပေးရမယ်။ အင်းကိုသွားစောင့်ပေးရုံပဲနော်။ ဘာအဆင့်ရှိတဲ့အင်းစောင့်လဲ၊ ကောင်းပြီဗျာ ဥပမာပေးတော့မယ်။ ဒီမြေဒီခြံထဲမှာမြေကြမ်းလို့မြေစိုက်လို့အတိုက်အခိုက်တွေများလွန်းလို့ အဲဒီမြေငြိမ်သွားအောင်အန္တရာယ်ကင်းသွားအောင်အခုပြောထားတဲ့အောက်ဆရာတွေစီရင်တဲ့အင်းလေးချပ်(သို့)ဒရပ်စေ့ရှစ်ချပ်နဲ့ ခြံပတ်ပတ်လည် (သို့) အိမ်ပတ်ပတ်လည် (သို့)တိုင်ခြေရင်းအောက် (သို့) အိမ်တိုင်ခြေအနီးအနားမှာ အဲဒီအင်းချပ်တွေမြှုပ်လိုက်ပြီဆိုပါတော့-

အင်းချပ်ကတော့ သိမ်ဝင်သပိတ်ကွဲ၊ ရေလုံအိုးကွဲ၊ အိုးထိန်းစက်လှည့်မြေသံပြား၊ ခဲပြား၊ ကြေးပြား၊ မိုင်းခံစက္ကူတို့အထဲကတစ်ခုခုပေါ့။မြေဝင်(သို့) ဘိလပ်အဝင်တစ်ထွာတစ်မိုက် တချို့တစ်ပေတစ်တောင်အထိအင်းမြှုပ်တယ်။ကောင်းပြီ အဲဒီခြံထဲ၊ အဲဒီအိမ်ထဲ အင်းလေးချပ်မြှုပ်လိုက်ပြီဆိုပါတော့ဗျာဘာတွေနောက်ဆက်တွဲဆက်ဖြစ်မလဲ။

အခုပြောပြတာဟာစာတွေ့မဟုတ်ဘူးနော်။ လက်တွေ့ထဲကဖော်ပေးနေတာ၊ လူကြီးမင်းတို့ကို ဗဟုသုတမျှဝေပေးနေတာ အ,နေကြမှာစိုးလို့၊ သူများမြှောက်ပေးတိုင်း စွတ်လုပ်နေကြတာသိထားလို့ပဲ၊ပညာခန်းထဲကပဲသက်သက်မျှပေးနေတာ လောကီစာအုပ်တွေသွားမလှန်နဲ့မရှိဘူး။ ဘယ်ဆရာမှမဖော်ဘူးလေ၊ မြှုပ်ကွက်ပဲဗျာ၊ ဆရာစားဗျ၊ အဲဒါလေးသိကြဦး။

မူလအစက ဒီခြံဒီအိမ်ထဲမှာ အိမ်သားတွေမနေနိုင်အောင် နှောင့်ယှက်နေတဲ့သရဲပြိတ္တာနှစ်ကောင်ရှိမယ်ဆိုပါတော့၊ မူလကနှစ်ကောင်နော်။ အင်းမြှုပ်လိုက်တော့ နောက်ရောက်လာတဲ့ သရဲဘီလူးပြိတ္တာလေးကောင် အားလုံးပေါင်း သရဲဘီလူး၊ အစိမ်း ပြိတ္တာခြောက်ကောင်က ခြံထဲ၊အိမ်ထဲအလိုလိုရောက်လာပြီးအရင်လက်ရှိနှစ်ကောင်ကတောင် ဒုက္ခတွေပေးနေပါတယ်ဆိုမှ နောက်ထပ်လေးကောင်က ထပ်ရောက်လာပြန်တော့ အိမ်ရှင်တွေဘက်က ဘာဆက်လုပ်မလဲ၊ အိမ်ရှင်အထင်ကတော့ အခုမှပဲ ငါတို့ခြံငါတို့အိမ်အန္တရာယ်ကင်းသွားတော့တယ်လို့မထင်ဘူးလား၊ထင်ကြမှာတော့သေချာတယ်ဗျာ။

အခုပြောတဲ့အပိုင်းက အခုစာဖတ်ပရိသတ်ထဲမှာတောင် လက်ရှိခံနေရတဲ့သူတွေရှိနေတယ်။ မဖြေရသေးဘူးနော်။ အခုထိလည်းအဲဒီအင်းစောင့်တွေမထွက်ဘူး။ သရဲဘီလူးပြိတ္တာတွေပဲ။

ဒီတော့ စာဖတ်သူပဲအဖြေထုတ်ကြည့်စမ်းပါ။ အခုကိစ္စမှာ ခြံထဲအိမ်ထဲကနှစ်ကောင်နဲ့ နောက်ရောက်လာတဲ့အင်းစောင့်လေးကောင် အတူနေနိုင်သလား၊ သူတို့တည့်ကြပါ့မလား။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားနိုင်ကြပါ့မလား ဒါလေးတစ်ချက်နော်၊ယခင်ဦးဆုံးနေတဲ့နှစ်ကောင်ကို နောက်ရောက်လာတဲ့လေးကောင်က နှင်ထုတ်နိုင်ပါ့မလား၊နှင်ထုတ်ရင်ရောယခင်နှစ်ကောင်ကထွက်ပေးပါ့မလား ဒါလေးစဉ်းစားပါ။

ယခင်နေတဲ့ ပြိတ္တာနှစ်ကောင်နဲ့ နောက်ရောက်လာတဲ့ အစိမ်းသရဲဘီလူးလေးကောင်ရဲ့တန်ခိုးအဆင့် တူညီနိုင်သလား၊ အင်းလေးချပ် လေးကောင်ကတော့အဆင့်မရှိဘူး။ သူကအစိမ်းသရဲဘီလူး အောက်ပြိတ္တာပဲ ဆေးဆရာခိုင်းလို့သာသူတို့လုပ်ရတာလေ။

အရင်နှစ်ကောင်က အဆင့်ရှိရင် တန်ခိုးရှိရင် နောက်ရောက်တဲ့လေးကောင်ဟာ ဆရာ့အမိန့်နဲ့သာနေရပေမယ့်သေချာတယ်သူတို့ဟာအနှိပ်အစက်ခံရနိုင်တယ်၊ ဒုက္ခတွေ့မှာပဲ။ အဲဒီလိုမညီညွတ်ကြဘူးဆိုရင် အိမ်ထဲကခြောက်ကောင်ဟာပြဿနာရှာတော့မယ်။ဘယ်သူ့ကိုလဲအိမ်ရှင်မိသားစုပဲပေါ့။ ငါတို့ကိုဒုက္ခပဲပေးတာ နင်တို့ပဲဆိုပြီးမဲချပြီပေါ့။ အင်းစီရင်တဲ့ဆေးသမားကိုရန်မရှာဘူးနော်။ ဆေးသမားကလွတ်နေမှာပဲ။

အဲဒီတော့ အဖြေလေးထွက်လာပြီဆိုးကျိုးအဖြေပဲ၊ အဲဒီခြံပိုင်နဲ့အိမ်ပိုင်ရှင်မိသားစုဟာ အလိုလိုနေရင်း အင်းတိုက်ဆိုတာမိသွားပါပြီ။မိတာမှနည်းနည်းနောနောမဟုတ်ဘူး။တုတ်ပြီးချုပ်ပြီးကိုမိသွားတော့တာပဲ။အိမ်ထဲခြံထဲသရဲတစ္ဆေလေးကောင်အလိုလိုရောက်ပြီးသူတို့နေဖို့အင်းကမြှုပ်လိုက်ပြီ၊ ဒါအခိုင်အမာအင်းတိုက်မိတာပဲ။

စာထဲကအလိုဆိုရင်တော့ ဟုတ်လားမဟုတ်ဘူးလား စာဖတ်သူကအဖြေထုတ်လိုက်ပါ။

အဲဒီအိမ် အင်းတိုက်မိသွားတာဟာ အဲဒီအင်းစီရင်တဲ့ အောက်ဆရာကဝေဆရာ အလယ်ဆရာမသိဘူးနော်။ တကယ်ကို သူတို့မသိတာ သူတို့ကပိုက်ဆံရရင် ဘာမဆိုလုပ်ပေးတာပဲရှိတယ်။ လှည့်မကြည့်ကြဘူး၊ လုပ်ပြီးရင်ပစ်ထားတယ်၊ ဒါသူတို့ပညာပဲ။ သူတို့အစီအရင်ဟာတစ်ဖက်သားကူရာကယ်ရာမရောက်ဘဲ တစ်ဖက်သားမှာသာထိခိုက်နစ်နာစေတာဒါပညာခန်းထဲကထောက်ပြပေးလိုက်တာပဲ။

အင်းကို သာမန်သူလိုကိုယ်လိုကစီရင်မယ်ဆိုရင်ရောရနိုင်သလား၊ဝါသနာအဆင့်လောက်ကရောစီရင်လို့ရပါသလားလို့မေးလာရင်ဖြေပဲဖြေတယ်၊ မရဘူး။ ဘာကြောင့်လဲမေးရင် ဆရာမရှိဘဲမလုပ်ချင်နဲ့လေဒီပညာတွေကမှန်းရမ်းစမ်းလုပ်အပ်တဲ့အရာတွေမှမဟုတ်ဘဲဗျ။ ဦးစီးဦးကိုင်မရှိဘဲသွားမလုပ်နဲ့ဗျအင်းဖိုက်တယ်ဆိုတာမျိုးထဲပါသွားမယ်။

ကိုယ့်ဟာကိုယ် ငါ့ပီအရင်ဖုတ်ကြည့်ဦး တကယ်ဖုတ်တတ်သလားလို့အပြောလွယ်တယ်။အလုပ်ကျတော့ခက်တာပေါ့ဗျာ။

အိမ်နဲ့ခြံမြေအန္တရာယ်ကင်းရှင်းစေလိုတဲ့အခါ ဆေးတွေအင်းတွေနဲ့လုံးဝမရှင်းအပ်ဘူး။ ထပ်ပြောဦးမယ်။အိမ်ခြံမြေကိုအတိုက်အခိုက်ကင်းစေဖို့ အင်း၊ ဆေးနဲ့လုံးဝမရှင်းကြပါနဲ့ အလွန်အန္တရာယ်များတဲ့ကိစ္စမို့ပါ၊ စာတွေ့နယ်၊ လက်တွေ့နယ်ဒီနေရာမှာစပ်ဟပ်လို့မရတာတွေအများကြီးပဲဗျ။ တခြားစီပဲ တလွဲကြီးပဲ။ အဲဒါဖြစ်ရပ်မှန်ထဲက လက်တွေ့နဲ့ပဲပြောပေးနေတာ။

ကနေ့ လောကီပညာခန်းက အင်းဝိဇ္ဇာဖြစ်ချင်လို့ ကျင့်တဲ့သူတွေတစ်ပုံကြီးရှိတယ်။ ကတိသစ္စာမရှိတဲ့သူတွေ စည်းကျိုးတဲ့သူတွေအများဆုံးခံရတယ်။တချို့ရူးနေတုန်းပဲ။ ဒါမြေကိုရှင်းတာမဟုတ်သေးဘူးနော်။လူကိုယ်တိုင်ကသစ္စာပျက်လို့စည်းကျိုးလို့ခံနေရတာ ဒီအထဲကကျွန်တော့အသိတွေတောင်ပါသေးတယ်။ ခုထိ လူရာမဝင် လူတောမတိုး စားမဲ့မဲ့ဘဝမျိုးနဲ့ အသက်ရှင်နေတာ၊ အင်းနဲ့ကျင့်တာတောင် နားဝေတိမ်တောင်သွားလုပ်လို့မရဘူး။ အင်းအင်းနဲ့ပြောနေကြတာတကယ်လုပ်ကြည့်ပါ။ အစ၊အလယ်၊အဆုံး ဖိုက်တင်တွေနဲ့ပဲနားပန်းလုံးသွားရတာ၊ ပေနိုင်မှဇွဲကောင်းမှ ဝီရိယကောင်း-မှဆရာလည်းကောင်းမှကိုယ်လိုတာပြီးတာ။

ကနေ့ အောက်ဆရာတွေ သူတို့ကိုင်တဲ့အင်းတွေ လောကီကျမ်းတွေမှာလည်းရှိနေတယ်။ဘီလူးအင်းက ခပ်များများပဲ။ အဲဒီဘီလူးအစောင့်က အောက်ဘီလူးပဲ။ လူ၊ တိရစ္ဆာန်ကိုဒုက္ခပေးတဲ့အကောင်တွေပဲ။ ပုဏ္ဏကအင်းတွေ၊အာဠာဝကအင်းတွေ၊ ဝက်ကုံးအင်းတွေ၊ သူတို့ပဲအများဆုံးသုံးနေတာပဲ။ ဒီအစောင့်တွေဘာအဆင့်ရှိနေလို့လဲ၊ အဲဒီဘီလူးစောင့်တွေဟာ အစိမ်း၊သရဲပြိတ္တာတွေပဲ။ ဒါလောက်ယုတ်ညံ့နေတဲ့အကောင်တွေနဲ့အင်းစောင့်ခိုင်းတော့ လူကြီးမင်းတို့အိမ်ခြံတွေကလုံခြုံမှာတဲ့လား၊မလုံခြုံတဲ့အပြင်ကိုယ့်ရှူးကိုယ်ပတ် ကိုယ့်မိသားစုပဲ သူတို့ကဒုက္ခပေးမှာပဲ။

ဘာမသိညာမသိ သူများမြှောက်ပေးတိုင်း အောက်ဆရာဆီမှာသွားကပ်ဟိုကပိုက်ဆံမျက်နှာနဲ့အင်းချပေး ရှေ့ဒါခြံလေးထောင့်မြှုပ်ထားလိုက်အန္တရာယ်ကင်းပြီဆိုတာနဲ့ယုံခဲ့ရင်တော့ လူကြီးမင်းတို့မိသားစု အစ်မရေ ပေါက်ဆီပဲဖြစ်ပြီမှတ်တော့-

ပေါက်ဆီနဲ့နှိုင်းလို့ မရယ်နဲ့နော်။ ပေါက်ဆီက ဒီနေ့လုပ်ဒီနေ့စားရတာဒါတောင်ညနေဆိုသိုးသွားပြီ။အဲလိုခံစားသွားရမယ်။ ဒါလက်တွေ့ခန်းထဲကဖွင့်ပြောနေတာ့ပြောရရင်အများကြီးပဲစာရှည်မှာစိုးလို့ဗျ။

နောက်ဆေးလည်းဒီလိုပဲခြံထောင့်တွေမှာလုံးဝမမြှုပ်သင့်ဘူး။ အောက်သမား၊ ကဝေ၊အလယ်ဆရာတွေကိုင်တဲ့ဆေးဘာဆေးဖြစ်ဖြစ်ဗျာ၊ သုံးကိုမသုံးနဲ့။ သူတို့ဆေးတွေက နာနာရုပ်ဆေးလိုင်းတွေပဲအများဆုံးကိုင်တာ၊ ညစ်ပတ်စုတ်ပြတ်နေတဲ့ဆေးတွေပဲကိုင်တာ၊အဲဒီဆေးတွေမှာအစောင့်တွေနဲ့ဗျ။ ဆေးကသိဒ္ဓိမရှိဘူး။ ခင်ဗျားတို့အမြင်မှာ သူတို့ဆေးတွေသိဒ္ဓိရှိမယ်ထင်သလား၊ထင်ရင်လည်းထင်ပေါ့၊ အရင်တော့ခံပေါ့ဗျာ။

အိမ်ရှင်တွေက ခိုင်းတဲ့အတိုင်းအိမ်ခြံလေးထောင့်မှာ ဆေးတွေမြှုပ်ရောဗျာ။ဆေးစောင့်တွေလည်း လူကြီးမင်းတို့သိနိုင်သလား၊လာမယ်နော်။ ဘီလူးသရဲပြိတ္တာ အစိမ်းအိမ်ထဲသွင်းတာလူကြီးမင်းတို့ပဲသွင်းလိုက်တာ၊ နောက်ဆက်တွဲလာပြီ မိသားစုတွေဒုက္ခလှလှတွေ့ပြီသာမှတ်ပေရော့၊ တစ်အိမ်လုံးပယောဂအတိုက်ကြီးမိသွားတော့တာပဲ။

ခုတ်ရာတခြားလား၊ရှရာတလွဲဖြစ်ကုန်ပြီ၊ မူလကအန္တရာယ်ကင်းချင်လို့အိမ်ရှင်းတာ အိမ်ကမရှင်းတဲ့အပြင် အတိုက်ပြန်ခံရတော့သေပြီပေါ့ထိကုန်ကြပြီပေါ့။ အဲဒီဆေးတွေခြံထဲကမဖော်မခြင်း၊ အဲဒီဆေးတွေမပျက်မခြင်း အဲဒီအိမ်ခြံထဲကသရဲ ဘီလူးတွေကမထွက်တော့ဘူး။ ဒီဆေးတစ်သက်လုံးမြှုပ်ထားတစ်သက်လုံးထွက်မှာမဟုတ်ပါဘူး။ဒါစေတနာနဲ့ပြောပေးတာပဲ။

အင်းနဲ့ပတ်သက်လို့ ဘယ်အင်းတွေနဲ့စီရင်ရင်ကောင်းမလဲလို့မေးရင်း ရတဲ့အင်းအများကြီးပဲ။ ဉာဏ်ရှိဖို့ပဲလိုတာ၊ ယခင်ကျွန်တော်ဖော်ထားပေးတဲ့ အင်းတွေနဲ့လည်းရတာပဲ။ အင်းခန်းကအများကြီးမို့သိပ်မပြောရဲဘူးဗျာ၊ လက်လွန်သွားရင်မကောင်းပါဘူး။ အင်းတွေမှာကသောက်အင်းတွေကလည်းအများသား၊ အဖွင့်အင်းတွေကလည်းတစ်ဖုံ ရန်ပြုရန်ငြိမ်းအင်းကတစ်သွယ် သိဒ္ဓိအင်းတွေကလည်းရှိအန္တရာယ်ကင်းအင်းကတစ်သွယ်နဲ့အများကြီးပဲလေ ကိုယ်နိုင်ရာပဲလုပ်ကြပေါ့။

ဒီနှစ် ၂၀၂၂ ဒီဇင်ဘာအထူးထုတ်ထဲမှာ ဆရာဦးဆက်ထွန်းလင်းရဲ့ (ငှသညက) အင်းကြီးဖော်ပေးတာ ကောင်းလိုက်တာဗျာ။ ဆရာစားမချန်ဘဲအသေးစိတ်ရှေးပြ ဖော်ပြပေးတာကျေးဇူးအထူးတင်လှပါတယ်ဆရာကြီးခင်ဗျား။

အင်းဝိဇ္ဇာဖြစ်ချင်လို့ သူရဇ္ဇဝယ်ဖတ်တာပါဆိုတဲ့ ဝါသနာရှင်စာဖတ်ပရိသတ်များခင်ဗျား။ယခုဒီဇင်ဘာလအထူးထုတ်မှာပါတဲ့ ဆရာကြီးဦးဆက်ထွန်းလင်းရဲ့ (ငှသညက) အင်းကြီးကိုလက်စွဲသုံးကြည့်ပါခင်ဗျာ။ မိမိကဝီရိယနဲ့လုံ့လစိုက်ပြီးကြိုးစားဖို့ပဲလိုပါတော့တယ်၊အကုန်ပြီးပါရဲ့ဗျာ။

သောက်အင်းတစ်မျိုးထဲနဲ့ပြီးပါတယ်ခင်ဗျာ၊ တကယ့် အင်းကောင်းတစ်ချပ်လို့ပဲပြောပါရစေ။ ဒီလိုအင်းမျိုးကိုအတိုက်အခံအတွက် လုံးဝမသုံးအပ်သလိုရန်ပြုရန်ရှင်း မီးထွန်းရင်တောင်မသုံးအပ်ပါဘူး။ အိမ်ခြံထဲမြှုပ်ဖို့ဆိုတာတော့ လုံးဝမဖြစ်သင့်တော့ဘူး။ အင်းရဲ့အာနိသင်မတူလို့ဘဲဖြစ်ပါတယ်နော်။

အထက်လမ်းဆရာတွေ အိမ်နဲ့ခြံကိုအင်းနဲ့ရှင်းအပ်ပါသလားမေးရင် ကျွန်တော်ကဖြေမယ်မရှင်းအပ်ဘူး၊မလုပ်အပ်ဘူး၊ စီရင်မပေးသင့်ဘူးလို့ဖြေပါတယ်။ ဆေးနဲ့ရှင်းရင်ရောရနိုင်မလားဗျာ၊ဒါလည်းမရှင်းရဘူး ရှင်းလို့ကိုမသင့်တာ။ ဘာ

ကြောင့်လဲလို့မေးရင် အဲဒီအိမ်နဲ့ခြံကိုရှင်းပေးမယ့်အထက်လမ်းဆရာဟာအာဏာမရှိဘူးလား၊ အာစက်လျှာစက်ကျိုးနေသလား၊ကိုယ့်မှာရှိတဲ့ကိုယ်မှာစောင့်နေတဲ့အစောင့်ကောင်းနတ်တွေမရှိလို့လား။ ဒါမှမဟုတ် အထက်လမ်း အမည်ခံလိမ်စားနေတဲ့သမားလား။ ဒီမေးခွန်းကိုအရင်ဖြေကြည့်ရင်အဖြေကဘွားခနဲပေါ်နေပါပြီ။

စာဖတ်သူတို့ရေ ဒါကစာထဲက အပြောမဟုတ်ဘူးနော်။ လက်တွေ့နယ်ကပဲထောက်ပြပေးနေတာ။ အထက်လမ်းဆရာဆိုတာ သီလလုံရတယ်။ နေ့စဉ်သမထဘာဝနာရှိရမယ်။ နောက်ပိုင်းသားကြီးငါးကြီးကအစ ရှောင်ရတယ်၊ သစ္စာမပျက်ရဘူး။ဆေးကုခသမာသမတ်တောင်းခွင့်ရှိမယ်။

နောက်ဆက်တွဲ ဆေးပညာမှာပဲဖြစ်ဖြစ် အင်းပညာနဲ့ဖြစ်ဖြစ် ပစ္စည်းမှန်ဈေးမှန် အစစ်အမှန်သင်ယူထားဖို့လည်းလိုမယ်။ ဒီလောက်ကလေးရှိရင်တောင် ဒီအဆင့်လေးမီရင်တောင် ခြံ၊ အိမ်ရှင်းတာ အင်းလိုသလား၊ ဆေးရောလိုပါသလား လုံးဝလုံးဝမလိုရေးချ မလိုလို့ဘဲဖြေပါတယ်နော်။

အဲ-ပိုက်ဆံတောင်းကောင်းအောင်လို့တချို့များအင်းတစ်ချပ်ဘယ်လောက် အင်းလေးချပ်ဆိုဘယ်လောက် သိန်းချီတောင်းမယ့် ဆေးသမားကလည်း ကနေ့ခေတ်ပုံနေပြီး အရင်တော့ခံကြပေရော့ဗျာ။

အိမ်ခြံရှင်းတာ အထက်လမ်းဆရာရဲ့အင်းနဲ့ခြံလေးထောင့်အိမ်လေးထောင့်မြှုပ်ပြီးဆိုပါတော့ဗျာ။ဥပမာလေးပေးတာနော်။ အစောင့်ပါတဲ့အင်းပဲဆိုပါတော့ဒါတောင်အစောင့်ဝင်သလား၊မဝင်ဘူးလား သိမယ့်ဆရာကမရှိသလောက်ရှားမယ်နော်။ ထားတော့ အင်းစောင့်လေးယောက်နဲ့ ခြံထဲမှာမြှုပ်လိုက်ပြီ။

အဲဒီအစောင့်လေးပါးဟာ ဒီခြံဒီအိမ်ထဲမှာ ဒီအင်းမဖော်မခြင်း ဒီအိမ်ထဲမှာစောင့်ပေးနေရမှာလား။ တစ်သက်လုံးထားရင် တစ်သက်လုံးပဲစောင့်ပေးနေရမှာလား။ ဒီအစောင့်လေးပါးရဲ့လွတ်လပ်ခွင့်ကိုရောထည့်မစဉ်းစားတော့ဘူးလား။ ဒီအိမ်ထဲမှာပဲ သူတို့ဘဝထောင်ချထားမှာလား။

ဒါက ဥပမာဖြစ်နိုင်ချေကိုပြောလိုက်တာပါ။ ဒီလိုအစီအရင်မျိုး သမားကောင်းက ဘယ်သူမှမစီရင်ပါဖူးခင်ဗျား စီရင်ချင်လည်းအထက်ကခွင့်ပြုမှာမဟုတ်ပါဘူး။ ကိုယ်လုပ်ချင်တိုင်းလုပ်ခွင့်မရှိပါဘူး။ သမားကောင်းဟာ ကိုယ်လုပ်မယ့်အရာတွေမှာ အထက်နဲ့ညှိနှိုင်းပြီးမှသာလုပ်ရတာများပါတယ်။ သာမန်ကိစ္စတွေတော့မဆိုလိုပါဘူး။ သတိထားအပ်တာတွေအရေးကြီးတာတွေမှာ အပေးအယူနဲ့သာသွားရပါတယ်နော်။

ကနေ့မထွက်သေးတဲ့ဝိဇ္ဇာကြီးတွေသက်ရှိထင်ရှားရှိနေတယ်။ သူတို့ဆီလာတဲ့ သာဝကတပည့် သားသမီးတွေကိုအများဆုံးချီးမြှင့်တာဟာ အပွင့်အင်း၊ အန္တရာယ်ကင်းအောင်အင်း၊ ဆေးလက်ဖက်၊ ဆေးငှက်ပျော၊ ကာယအပွင့်ဓာတ်လုံး ဒီလောက်လေးပဲပေးကြတယ်။ တန်ရာတန်ရာပေးပါတယ်။ ဘာမှမလုပ်ထားဘဲအကြီးကြီးတော့မလိုချင်နဲ့လေ။ တစ်ဖက်ဝိဇ္ဇာက အကုန်သိနေတာပဲမို့လား။ သူတော်ကောင်းတွေလည်း တန်ဆေးလွန်ဘေးပေးသင့်မှပဲပေးတာပါ။ လူတိုင်းလည်းမပေးဘူးလေ။ စာဖတ်သူတို့ကြုံပြီးသားပါ။ ဒါကကြုံလို့သတိပေးတာ။

အဲဒီဥပမာကိုသဘောမကျဘူးဆိုရင်တော့ ဘယ်ဆေးသမားနဲ့ပဲရှင်းရှင်း၊ ဘယ်အင်းနဲ့ပဲမြှုပ်မြှုပ်၊ ဘယ်ဆေးနဲ့ပဲသွင်းသွင်းလုပ်ချင်သလိုသာလုပ်ပေါ့ဗျာ။

ကဲ- ကျွန်တော်ကမရှင်းအပ်တဲ့မြေတွေကိုပြောတော့မယ်။ဒီမြေတွေဟာအန္တရာယ်ကင်းမရှင်းသင့်ဘူး။ဒါကတော့အကြံပေးလိုက်တာ လုံးဝလုံးဝမရှင်းလင်းနဲ့လို့ အသေမပြောဘူး။ ပရိယာယ်ကြွယ်ရင်ပါးနပ်ရင် အပေးအယူတည့်ရင်တချို့တလေရနိုင်တယ်ရပါတယ်လို့ကျွန်တော်တထစ်ချမပြောဘူးနော်။ ရကောင်းရနိုင်တယ်။ ပိုင်ရင်တော့လုပ်ပါ။ ဒီအကြောင်းအရင်ကပြောဖူးတယ်။ မြေတိုင်းတော့မဟုတ်ဘူး။ အစားလေးနိုင်ရင် သီးသန့်နေရာပေးနိုင်ရင်တော့ လုပ်တတ်ရင် ကျွမ်းကျင်ရင် ပါးနပ်ရင် သိုက်ဆိုတဲ့အဖွဲ့အစည်းနဲ့ အပေးအယူလုပ်ပြီးနေရာရွှေ့ပြောင်းတာလေးလုပ်ရင်ရနိုင်ပါတယ်။ ဒီမြေတစ်မျိုးထဲပဲနော်။ ဒါတောင်မသေချာဘူး။ လုပ်တိုင်းရမယ်မထင်ပါနဲ့။မသကာကိုယ့်မိသားစုတောင်ပြောင်းဆန်သွားနိုင်ပါတယ်။ လက်တွေ့ကြုံထားပြီးသားမို့ သတိပေးတော့-

ရှင်းလို့မသင့်တဲ့ မရှင်းကောင်းတဲ့မြေကရှိတယ်။အဲဒါတွေကဘုရားပိုင်မြေရှေ့ကအပိုင်စားမြေ၊သာသနာပိုင်မြေဘာအဆောက်အအုံမှမရှိဘဲ မူလကတည်းကအဆောက်အအုံဘုရားစေတီကျောင်းကန်အတွက်ရည်စူးထားတဲ့မြေ၊ ဘုန်းကြီးကျောင်းမြေ တချို့ကျောင်း အပြင်ဘက်ခြံစည်းရိုးမရှိသောမြေ၊ သိမ်မြေ၊ ရေတွင်းမြေ၊ ရေကန်မြေ၊ ဇရပ်မြေ၊ သိုက်မြေ၊ သချိုင်းမြေနဲ့လမ်းမြေတွေဟာ ရှေးကဘိုးစဉ်ဘောင်ဆက် အပိုင်စားအစောင့်များရှိတဲ့မြေတွေပါ။ သူတို့ရဲ့အပိုင်မြေဆိုပေမယ့်စောင့်စားပေးနေရတဲ့နတ်တွေနေတဲ့မြေလို့ပြောတာဖြစ်ပါတယ်။

ကနေ့ခေတ်တွေပြောင်းလာပြီ ဒီမြေတွေကို ဟိုလူပိုင်ဒီလူပိုင်တစ်ဆင့်စီပြန်ရောင်း ဦးပိုင်တွေနဲ့ဂရံစာချုပ်တွေအပိုင်အဆိုင်နဲ့ ကိုယ်ပိုင်မြေဆိုပြီး မောင်ပိုင်စီးထားတယ်။သိစေအောင်နည်းနည်းတော့ပြောကြည့်မယ်ဗျာ၊ပြောသင့်တယ်ထင်လို့ပါ တစ်မျိုးလည်းမမြင်ကြပါနဲ့။

ကနေ့ ဘုရားပိုင်မြေခိုးထားတဲ့ သူအများကြီးပဲ။ ဘုန်းကြီးကျောင်းမြေခိုးထားတာလည်းမနည်းဘူး။ ရှေ့ကဘုရားတည် ကျောင်းဆောက်ရင် ရေတွင်း၊ ရေကန်၊ဇရပ်တွေက ပူးတွဲလှူခဲ့ကြတာ၊အဲဒီအလှူတွေက မြို့တိုင်း ရွာထဲမှာကနေ့အထိရှိတယ်။ခုတော့ ရေတွင်းတွေလည်းမမြင်ရ၊ရေကန်တွေလည်းကြာမရှိ၊အများသူငှာတည်းခိုနားဖို့ ဇရပ်တွေဒါတွေကိုရတဲ့နည်းနဲ့သိမ်းကြတယ်။ မတရားယူတာပေါ့။ ဈေးကောင်းတော့ရောင်းစားပြန်တယ်။ ဒီမြေတွေမှာက အထက်နတ်ကြီးတွေရဲ့အစောင့်အရှောက်နဲ့ သီးခြားအစောင့်နတ်တွေရှိတယ်။ အစောင့်တွေဟာရှေးတုန်းထဲကအခုချိန်ထိရှိနေတုန်းပဲ။

အလောင်းစည်သူ ဒီဘက်နယ်မှာမြစ်ကြောင်းလျှောက် ဘုရားတွေတည်သွားတယ်။ ဘုရားစောင့်တွေ အခုထိရှိတယ်။ ဒါနှစ်ပေါင်းကိုးရာတောင်ကျော်မယ်ထင်တယ်။ နောက်ရေကန်တွေမှာကန်စောင့်နတ်တွေ အခုထိစောင့်တုန်းနေတုန်းပါပဲ။

ရေတွင်း၊ရေကန်၊ ဇရပ်အကုန်လုံးမှာအစောင့်နတ်တွေရှိပါတယ်။ အများစုကမမြင်ဖူးတော့ မရှိပါဘူးကွာလို့ထင်မှာပဲထင်ချင်လည်းထင်နိုင်တယ်။ တစ်ခုတော့အကြံပေးမယ်။ တောင်ပေါ်ကတန်ခိုးကြီးဘုရားတစ်ဆူမှာညဥ့်နက်သန်းခေါင်အထိအဓိဋ္ဌာန်တစ်ခုသွားတင်ကြည့်ပါ။(၇)ရက်(၉)ရက်လောက်ပေါ့။ မရှိပါဘူးကွာဆိုတာ ပြောင်းပြန်အဖြေပြန်ထွက်ပါလိမ့်မယ်။ လုပ်ကြည့်မှသိမယ်လေ၊ ဘာမှမလုပ်ထားဘဲနဲ့၊ သိချင်မြင်ချင်သေးတာလားလုပ်ကြည့်ပါ။ လက်ကြောတင်းအောင်သာလုပ်ပါ သိပါလိမ့်မယ်ဗျ။

နောက်သိုက်မြေသချိုင်းမြေ၊လမ်းမြေတွေလည်းဒီလိုပဲ အကုန်အစောင့်တွေကိုယ်စီရှိတယ်။ သိုက်မြေဆိုရင် သိုက်ချုပ်ဘိုးဘိုးကြီးများအောက် သိုက်နန်းရှင်တွေတစ်ပုံကြီးစောင့်နေတယ်။ သချိုင်းမြေလည်း အစောင့်နတ်နဲ့အခြွေအရံတွေအများကြီးရှိတယ်။ လမ်းမြေဆိုရွာတော်ရှင်နတ်နဲ့ လမ်းစောင့်နတ်တွေကိုယ်စီကိုယ်စီရှိနေကြတာပါပဲ။ ကိုယ်မမြင်တိုင်းမရှိဘူး မပြောစေချင်ဘူးလေ။

ပြောနေကြတယ်၊ မြေကြမ်းတယ် မြေကကိုင်တယ် မြေကမသန့်ဘူး၊ မြေကဟပ်တယ်တဲ့ မြေပဲအပြစ်မြင်နေကြတယ်။ မြေကမကြမ်းဘူး မကိုင်ဘူး သူ့ဟာသူလူ၊တိရစ္ဆာန်တွေရဲ့အနင်းခံအနှိပ်စက်ခံပဲ သူ့ခမျာဘာမှပြန်မလုပ်နိုင်ရှာပါဘူး။ တရားတောင်ရှိသေး မြေလို့ကျင့်တဲ့လေ။

တူးတာဆွတာကလော်တာ ကျင်းဖောက်၊ မြောင်းဖောက် ဟိုကလော် ဒီကလော် ဟိုသယ်ဒီသယ်သူ့ခမျာ ဘာမှပြန်မလုပ်နိုင်ရှာဘူး။ အဖိခံအနှိမ်ခံ အနင်းခံသက်သက် အသက်မရှိတဲ့သက်မဲ့အမှုန်ပဲရှိတယ်။

ဒါကိုလူတွေက မြေကကြမ်းတာတဲ့ဘယ်နဲ့လဲစာဖတ်ပရိသတ်ရေ၊ ဒါမြေကကြမ်းနေတာလား၊ သက်မဲ့အမှုန်တွေနဲ့အစိုင်အခဲ ကျောက်ရုံ့တွေစုဖွဲ့ပေးထားတဲ့အရာကို အများကမြေလို့ ခေါ်တာမို့လား။ သူ့ဟာသူနေတဲ့မြေက အခုကျတော့ကြမ်းတယ်၊ခိုက်တယ်ဆိုတော့ဗျာ။ ကိုယ်ပိုင်ဉာဏ်လေးနဲ့စဉ်းစားပြောကြပါဗျ၊အများပြောသလိုမှန်ရမ်းမပြောကြပါနဲ့။ အဲဒီမြေမှုန်တွေ လူတွေရဲ့ခေါင်းပေါ်ကဖြိုချပေးနေလို့လား ဘာမှမလုပ်နိုင်ဘူး။ သူ့ဟာသူနေတာ သက်မဲ့ပဲလေ ဘယ်မှာလာကြမ်းပြနေတာလဲဗျ။

မြေကမကြမ်းပါဘူးဗျာ။ အဲဒီမြေထဲမှာအဲဒီမြေပေါ်မှာနေတဲ့ အပိုင်စားရသူ (သို့) တာဝန်အရစောင့်ပေးနေရသူ (သို့) ခိုကပ်နေရသူ ဒီအထဲက ပြိတ္တာဘုံသား (သို့)နတ်တွေကမကျေနပ်ရင်တော့ သူတို့မှာရှိတဲ့ တန်ခိုးလေးနဲ့ ဒီမြေပေါ်ကျူးကျော်တဲ့မြေနိုးထားတဲ့သူတွေကိုပြန်တိုက်ခိုက်တာပါဗျ။ မြေစောင့်ကပြန်တွယ်တာပါ၊ ဒီအဖြေရှင်းပါရဲ့နော်။ အထက်ကသာသနာနဲ့ဆက်စပ်တဲ့ မြေတွေဟာတိုက်ကိုတိုက်မှာပဲ၊ဒီမြေသူတို့မပေးနိုင်ဘူးလေ။ နဂိုထဲကအစောင့်ပဲမို့လား။

လွတ်လွတ်ကင်းကင်း မြေတွေ၊ ခြံတွေ၊ ဥယျာဉ်တွေ အိမ်မြေတွေကတော့ အန္တရာယ်ကင်း ပရိတ်၊ ကမ္မဝါနဲ့ရှင်းအပ်ပါတယ်၊ လွတ်ကင်းတဲ့မြေပဲ။ ရှင်းလင်းသင့်တယ်လို့ ကျွန်တော်မြင်တယ်။

နောက်အရေးကြီးထဲက စည်းအကြောင်း တစ်ခါတည်းပြောချင်တယ်။ ဒီစည်းကမပါရင်မဖြစ်လို့ သီးသန့်ပြောရတာ စာဖတ်သူတို့လည်း ဘဝင်ရှင်းသွားအောင်လို့ တစ်ခါအထက်ကအန္တရာယ်ကင်းလုပ်တာနဲ့ ဒီစည်းနဲ့ချိတ်ဆက်မိစေချင်လို့တမင်ပြောတာ။

အိမ်တွေစည်းပေါက်တာ ခြံတွေစည်းပေါက်တာရှိတယ်။ အဲဒီစည်းကျိုးနေရင်ခြံမလုံဘူး၊ အိမ်လည်းမလုံပါဘူး။ ထပ်ပြောမယ် စည်းကျိုး၊ စည်းပေါက်ရင် အဲဒီခြံ၊ အဲဒီမြေ အိမ်ထဲမှာမိစ္ဆာဆိုတဲ့အမှောင့်ပယောဂတွေ အကုန်ဝင်နိုင်ထွက်နိုင်တယ်။ ဒုက္ခအမျိုးမျိုးပေးနိုင်တယ်။ ဒီတော့စာဖတ်သူက ဒီစည်းကိုဝေဖန်ပါဆန်းစစ်ပါ၊ ဟုတ်နိုင်မဟုတ်နိုင်စဉ်းစားပြီးမှဆုံးဖြတ်ပါ၊ ဟုတ်ပြီနော်။

အဲဒီစည်းက လောကီစာပေထဲမှာဘယ်သူမှမဖော်ဘူး၊ မရေးဘူး။ ဘာကြောင့်လဲလို့မေးရင် မသိကြလို့ပါဘဲ။ အရင်က အဲဒီစည်းအကြောင်းပြောထားတယ် မေ့များသွားကြပြီလား၊ ဒီစည်းကိုလူအတော်များများမသိဘူး။ အခုပညာခန်းထဲကပြောတော့မယ်၊ မယုံရင်ပုံပြင်လို့သဘောထားလိုက်ပေါ့။

အဲဒီစည်းကျိုးနေတာတွေ ကနေ့ဆေးသမားအများစု ဘာမှကိုမသိဘူး။ အခုပြောမှသိမှာပဲ။ တချို့ထဲထဲဝင်ဝင်အနည်းလေးပဲသိလိမ့်မယ်။ဒီစည်းကပုန်းနေတာလျှိုးနေတာ အခုပြောမှသိမှာပဲ။

စည်းကျိုးအောင် ဘယ်သူတွေလုပ်နေတယ်ထင်သလဲ၊ စာဖတ်သူတို့ကိုယ်တိုင်ပဲ။ အဲဒီစည်းချိုးနေတာ ကိုယ့်စည်းကိုယ်ချိုးနေကြတာပဲ။အဲဒီစည်းကျိုးစေတာကအမဲသား၊ ကျွဲသားပဲဗျ။ အိမ်ခြံထဲအမဲသား၊ ကျွဲသားဝင်လိုက်ပြီ အတွဲလိုက်ဆွဲလာပြီဆိုတာနဲ့ အဲဒီအိမ်ခြံထဲနောက်က ယင်ကောင်တွေလိုက်ဝင်ပြီးနောက်ကတကောက်ကောက်ကပ်ပါလာမယ်။ အဲဒီအသားဟာစည်းကိုချိုးဖျက်တာ။

ဒီအကြောင်းပြောတာဟာ ကျွန်တော်တစ်ယောက်ထဲ ကိုယ်ပိုင်ဆုံးဖြတ်ပြီးမှပြောလိုက်တာနော်။ တခြားစာတွေမှာလည်းဖြမ်ရှာနဲ့၊ ဒါကကုထုံးလက်တွေ့ထဲကဆွဲထုတ်ပြပေးတာ။ အာချောင်ရေးတယ်မထင်ကြနဲ့ဦး။ စာဖတ်သူတို့ကိုသိစေချင်တာ အယုံသွင်းနေတာလည်းမဟုတ်ဘူး။

အမဲသား ခြံထဲအိမ်ထဲဝင်တာနဲ့ အဲဒီအိမ်ပထမစည်းပေါက်တယ်၊ ဒုတိယကမိသားစုဝင်တွေ စည်းထပ်ကျိုးမယ်။ ဒီအသားစားတော့မယ်လေ စားတဲ့သူတော့စည်းကျိုးပဲနော်။

ကဲ- ဒီအမဲသား ကျွဲသားစားလိုက်တာနဲ့ အိမ်ထဲဝင်တာနဲ့ ပထမခြံစည်းပေါက် ဒုတိယမိသားစုဝင်တွေစည်းထပ်ပေါက်သွားတယ်။ ဒီလိုပြောတော့ ဖိုးစိုးမင်းစကားကြီးကတရားလွန်ကြီးပါလားကွ၊ ငါတို့စားတာဘာမှမဖြစ်ဘူး၊ ဘာအန္တရာယ်မှမရှိဘူးလို့ပြောလာမယ့်သူလည်းရှိနေမယ်။ ပြောလာကြရင်လည်းအပြစ်မတင်ရဲပါဘူးဗျာ။ငြင်းချက်လည်းမထုတ်ရဲပါဘူး။ ဟုတ်တဲ့အပိုင်းဟုတ်နေလို့ပြောပြတာပါ။

အများသိတဲ့အတိုင်း ကျွန်တော်တို့ဘုရားက အသားမစားရဘူးလို့မဟောခဲ့ဘူးလေ။ ဒါပေမယ့် ရဟန်းတော်များအတွက် မစားအပ်တဲ့ အသား (၁၀)မျိုးတော့ ပညတ်ထားခဲ့သေးတယ်မို့လား။ လူတွေအတွက်တော့ အသားမစားရမဟောခဲ့ဘူး။ ဒါပေမယ့် မစားအပ်ဘူးဆိုတဲ့အပိုင်းလည်းရှိသေးတယ်လေ။ ရှေးကနွားမေတ္တာစာတွေဟာ အထိကရစာဆိုဆရာတော်တွေရေးပြီး နွားသားမစားဖို့ကျေးဇူးရှင်အသားမို့ တားမြစ်တာတော့ကျွန်တော်တို့ကောလိပ်အဆင့်မှာပဲသင်ခဲ့ရဖူးတယ်လေ။ တချို့သီချင်းတောင်ရှိသေးပေါ့။

ကျွန်တော်အတိုက်အခံပြောပြနေတာမဟုတ်ဘူးနော်။ ဘယ်သူ့ကိုမှထိခိုက်စေလိုတာမပါဘူး။ စည်းပေါက်စည်းကျိုးတဲ့အပိုင်းပဲဖွင့်ပြပေးနေတာ။ တခြားဘာမှပြဿနာမှမရှိဘူး။ သိစေချင်လို့ပြောပြတာပဲရှိတယ်။ မကြိုက်ရင်ပယ်လိုက်ပါ ဟုတ်ပါပြီနော်။

ပရိတ်တွေ ပဋ္ဌာန်းတွေ ကမ္မဝါတွေဟာ အကုန်စွမ်းပြီးသားပါ။ အင်းဆေးတွေလည်းအကုန်စွမ်းတယ်။ ပရိတ် ပဋ္ဌာန်း ကမ္မဝါတွေက သာသနာနဲ့ဆိုင်မယ် အလွန်စွမ်းတဲ့စာတွေပဲ အများလည်းရွတ်တယ်။ ကျွန်တော်လည်းရွတ်တာပဲ။ အဲဒီအကောင်းစားစာတွေဟာကနေ့ အင်းခန်းဆေးခန်းတွေမှာထိပ်ဆုံးကပါနေတုန်းပဲ။

ပဋ္ဌာန်း ပရိတ် ကမ္မဝါစာတွေဟာကနေ့အင်းဆန်ထည့်ပြီး စီရင်ခန်းတွေမှာလည်းအများကြီးပါနေပါတယ်။ ပြောရင်

ကုန်မယ်တောင်မထင်ပါဘူး။ ဒီလောက်ကောင်းတဲ့စာတွေနဲ့ သိဒ္ဓိခန်းတွေအထိ သုံးနေကြတယ်။ ဆရာတော်များရွတ်တာ ဖတ်တာမထိရောက်ဘူးလို့မထင်လိုက်မိစေနဲ့ ထိရောက်တယ် အကျိုးရှိပါတယ်။ အကျိုးကအများအတွက်ကောင်းကျိုးတွေပါပဲ။ အန္တရာယ်ကင်းဘေးရှင်း စီးပွားအလို့ငှာ အကုန်ပေးစွမ်းစေတယ်။

ကောင်းပြီ အဲဒီကောင်းကျိုးတွေဘယ်သူစဖျက်ဆီးတာလဲ၊ အဖြေလာပြီနော်။ အထက်စာဖတ်သူကိုမေးထားပြီးသား ဖြေပြီးကြပြီလား။ ကောင်းကျိုးတွေအကုန်လုံးနီးပါးဖျက်ဆီးပစ်ကြတာကအများစုအိမ်ရှင်မတွေပဲ။ တချို့အိမ်ရှင်မကအသားမစားတော့ လင်နဲ့သားသမီးကျွေးတယ်။ ဟာဟင်ဟယ်တော့ မလုပ်လိုက်နဲ့ အဲဒီအသားစားလိုက်တာနဲ့ လူပါစည်းထပ်ပေါက်သွားတယ်။

စောစောက အမေ့အိမ်ထဲကသရဲဘီလူး(၁၇)ကောင်ဘယ်အချိန်အိမ်ထဲပြန်ဝင်သလဲ၊ ဘယ်အချိန်ခြံထဲ ပြန်ရောက်သလဲမေးရင်အမေ့ကြောင့်ပဲအမေစည်းကျိုးတာ၊အမေအမဲသားမစားတော့အသက်(၃၀)လောက်ကပဲ။ အခုအမေကတိတ်တိတ်ပုန်းအမဲသားတွေ ပြန်စားတယ်။ အမေ့ကိုအပြစ်တင်တာတော့မဟုတ်ဘူးနော်။ အမေစည်းကျိုးလို့ အိမ်ထဲသရဲတစ္ဆေတွေပြန်ဝင်တာ။

အဝေးကသူငယ်ချင်းရုံပိုင် မိသားစုလည်းအတူတူပဲ။ အန္တရာယ်ကင်းလုပ်ပေမယ့် သူတို့တစ်အိမ်လုံး အမဲသားတွေစားနေတယ်။ ဟော့ စည်းကျိုးရောမိစ္ဆာကပြန်ဝင်တာပဲ။

ကနေ့လောကီပညာလိုက်စားတဲ့သူတွေ ဝိဇ္ဇာဖြစ်ချင်တဲ့သူတွေ ဝါသနာရှင်တွေအများသား အခုပြောတဲ့အမဲသား၊ ကျွဲသားစားပြီး စည်းကျိုးစည်းပေါက်ကြီးနဲ့ ဟိုတောင်ဒီတောင်ဟိုတောဒီတောနဲ့အောင်မြေဘုရားတွေမှာ ဂန္ဓာရီအဓိဋ္ဌာန်တင်ကြည့်ပါလား။ပေါက်မလားလို့၊ ဒဲ့ပဲဖြေလိုက်မယ်မပေါက်နိုင်ဘူးဗျ၊ အဲဒီအသားနံ့ကို အဲဒီအပုတ်နံ့ကို သာသနာစောင့်နတ်တွေကအစ အနံ့တောင်မခံနိုင်ဘူး။

ဝိဇ္ဇာပြစ်ထားတဲ့ ကျွန်တော့်အဘပြောတဲ့စကားပညာပါတယ်။ အဘကပုတီးနဲ့ပေါက်တာ၊ဘိုးဘိုးအောင်ရဲ့တပည့်ရင်းပဲ။အဘကရိုးရိုးသားသား တောသားဘုန်းကြီးစာပဲတတ်ရှာတာသူပေါက်တော့အကုန်သိနေတယ်။ ဒီလိုနဲ့အဘအသက်(၇၀)နားကပ်တော့ ရောဂါအပြင်းအထန်ဖြစ်ရောဆေးရုံသွားပေါ့။ဟိုကအသားမစားခင်သေမယ်ပေါ့။ အိမ်ပြန်ရောက်မိသားစုကအဘကိုအားရှိအောင် ကြက်၊ ဝက်၊အမဲငါးတွေစွပ်ပြုတ်တစ်မျိုးအကြော်တစ်မျိုး အချက်တစ်ပုံနဲ့ကျွေးတော့အဘစားရောဗျာ။

ဟော- အဘအသားစစားတဲ့နေ့မှာပဲ ဆေးလာလာတိုက်နေတဲ့ အထက်နတ်မင်းတွေနဲ့သူရဿတီဟာ အဘရဲ့အိမ်ထဲလည်းမဝင်သလို အိမ်ရှေ့လမ်းမမှာလည်းမနေဘူးတဲ့၊ ဟိုးလမ်းဆုံအဝေးကြီးမှာပဲစောင့်ကြည့်ပေးတော့တာတဲ့။ အခြွေအရံတွေနဲ့ပဲ ဆေးလာတိုက်တော့တာတဲ့။

အဘဆီကအသားနံ့တွေ မခံနိုင်လွန်းလို့ အနားမကပ်နိုင်တာပါလို့ အဘကိုယ်တိုင်သိရှာတယ်။ အဘနေကောင်းတုန်းက အခုပြောတဲ့တေလောကနတ်မင်းကြီးတွေနဲ့သူရဿတီနတ်သမီးတွေဆိုရင် အဘရဲ့အနားတစ်ထွာ တစ်မိုက်အနီးမှာအနီးကပ်စောင့်ရှောက်ပေးနေတာတဲ့။ အခုအဘကအသားတွေပြန်စားပေးတာနဲ့ သူတို့အနားမကပ်နိုင်တော့ဘူးပေါ့။ ဒါအဘပြောတဲ့စကားပါနော်အဘဟာအခုထိအသက်ရှိသေးတယ်။ (၈၅)နှစ်လောက်တော့ရှိပါပြီ။

ဒီဘက်ယောချောင်မှာရှိတဲ့တောင်တွေအကုန်လုံးနီးပါးမှာ အဘကပုတီးစိတ်အဓိဋ္ဌာန်တင်ခဲ့ပြီးလို့ အောင်ပြီးသားဘာသားမှမစားဘဲကျင့်ခဲ့ရတာ။ ဒါကလက်တွေ့တစ်ခုထုတ်ပြပေးတာ။

နောက် ကျွန်တော်တို့လောကီဆရာများအပိုင်နဲ့ အဆောင်၊ လက်ဖွဲ့၊ အင်းစီရင်ပေးတဲ့ကိစ္စပြောမယ်။ ကျွန်တော် အသက် (၃၀)လောက်က အင်းစကိုင်တယ်။ သောက်အင်းတွေကိုတော့ အခံသဘောပဲသောက်တယ်။ အဆောင်အင်းတွေကိုတော့ လိုအပ်တဲ့သူတွေတောင်းရင် ဒီတုန်းကစီရင်ပေးခဲ့တယ်ပေါ့။

ဒီတုန်းက အားပြတ်နေတဲ့သူကိုဓာတ်လေးပါးအင်းလက်ဖွဲ့ထိုးပေးတယ်။ နလန်မထူတဲ့သူကိုအပွင့်ဓာတ် သရဏဂုံအင်းတွေ လက်ဖွဲ့ထိုးပေးတယ်။ လိုအပ်မှလုပ်ပေးခဲ့တာပေါ့။ ဆောင်တဲ့သူတွေတစ်နှစ်လောက်ပဲ အကျိုးပေးတယ်။ တချို့(၆)လပဲခံတယ်။ အဲဒီလက်ဖွဲ့တွေကိုယ်စီကိုယ်စီပျောက်ဆုံးသွားတယ်။ ဘယ်လိုပျောက်သွားသလဲ သူတို့မသိဘူးတဲ့ဆောင်တဲ့သူတိုင်းပျောက်ကုန်တယ်။ ဘာလို့ပျောက်ရတာလဲ။

ဒီကစီရင်တဲ့သူဟာ လက်ဖွဲ့တစ်ထုံးပြီးဖို့ ဘယ်လောက်ကြိုးစားရသလဲ ဘယ်လောက်အရှိန်ယူရသလဲ သူတို့နားမလည်ဘူး။ ပညာရဲ့တန်ဖိုးလျှော့တယ်ပေါ့။ နောင်တစ်ယောက်မှလုပ်မပေးတော့ဘူး။ ယခင်လက်ဖွဲ့ထိုးပေးပြီးကတည်းက အမဲသား၊ ကျွဲသားလုံးဝမစားပါနဲ့လို့ သေသေချာချာမှာထားပြီးသားလေ။ အဲဒီလက်ဖွဲ့တွေပျောက်တာဟာ စည်းကျိုးလို့ပဲ အဲဒါအဖြေပဲပရိသတ်ရဲ့။

အခုလည်း လူကြီးမင်းတို့လက်ထဲမှာအဆောင်လက်ဖွဲ့ အင်းတွေဓာတ်လုံးတွေဆောင်ထား၊ ကိုင်ထားကြမှာပဲ။ ဒီအသားတွေစားထားရင်တော့ အစ်မရေပေါက်ဆီပေါ့ ကိုင်ထားရတာလေးရုံပဲပေါ့။

ဥပမာထပ်ပေးဦးမယ်။ကျွန်တော်ကသူနာတွေ့ရင် ကိစ္စပြီးသွားရင် အပ်ချည်လက်ဖွဲ့လေးပဲပေးတာ သုံးထုံး၊ ငါးထုံး၊ ခုနစ်ထုံးပေါ့။ ပေးတာနဲ့အမဲသားကျွဲသားမစားနဲ့ စားတာနဲ့အဲဒီလက်ဖွဲ့ကြိုးထုံးပဲအပ်ချည်ပဲ၊ ဘာအာနိသင်မှမရှိတော့ဘူးလို့ တစ်ခါထဲပြောလိုက်တာ၊ လက်တွေ့အများကြီးကြုံထားပြီးသားလေ။

အဲ တကယ်လို့များ အဲဒီအပ်ချည်ထုံးလေးဟာ မည်းမည်းညစ်ညစ်ပေတူးလန်နေပြီ အသစ်လုပ်ပေးပါဦးလို့လာတောင်းသူတွေရှိပြန်တယ်။ စည်းမကျိုးရင်အဲဒီမည်းမည်းညစ်ညစ်အပ်ချည်ထုံးလေး ဆယ်နှစ်လည်းမပြယ် ဆယ်ငါးနှစ်လည်းမပျက်ကြိုးခိုင်ရင် တစ်သက်လုံးအထိအနှောင့်ပယောဂကင်းစေတယ်။ ဒါလည်းလက်တွေ့ပဲ။

ဒီအကြောင်းပြောရတာစိတ်တော့မကောင်းပါဘူး။ တချို့ဆရာတွေကလိုင်းပေါ်မှာပေါ်တင်ကြေညာရောင်းနေကြတယ်လေ။ ဒီလက်ဖွဲ့ဒီအင်းကဘာတွေကောင်း ညာတွေကောင်းပေါ့။တချို့များရည်စားအမြန်ရတယ်တဲ့၊ ကွဲသွားတဲ့ကိုယ့်ရည်းစားကိုယ့်ဆီပြန်ရောက်ပြန်သတဲ့၊ မာယာတွေနဲ့လုပ်စားနေတာ ဒုနဲ့ဒေးပဲ။ ဒါလည်းဝယ်ကြတာပဲဆောင်ကြတာပဲ။ ဘာမှလဲမသိဘဲနဲ့ သူများရှူးတိုင်းနောက်ကလိုက်ရှူးကြတာအ့ကြတာပေါ့။

အောက်လမ်း၊ ကဝေ၊ အလယ်၊ အလတ် ဆေးသမားတွေလိမ်တာလေးဖော်ရဦးမယ်။ သူတို့ကလည်း သူတို့ဟာနဲ့သူတို့တော့ အောက်ပေါက် ပေါက်တယ်နော်။ အထက်ပေါက်လို့တော့လုံးဝမထင်နဲ့ လမိုင်းပေါက်ကြီးပဲရမယ်။

သူတို့ကလည်း ဆရာတပည့် အသင်းအဖွဲ့တွေနဲ့ သူတို့ပိုင်ရာ သူတို့ လုပ်စားကြမှာပဲ။ ဒါကတော့ကိုယ်လည်း သဝန်မတိုပါဘူး။ ဝမ်းစာအတွက် တတ်တဲ့ပညာနဲ့လုပ်စားရမှာပဲလေ။ မိသားစုလည်းရှိတော့ မလုပ်လို့မှမရဘဲ အဆိုးမြင်ဝါဒ ကျွန်တော့်မှာလုံးဝမရှိဘူး။ သူတို့ကိုလည်း မေတ္တာရှိတယ် ချစ်ပြီးသားပါပဲ။ သူတို့နဲ့တွေ့ခဲ့တဲ့ပွဲကလည်းမနည်းတော့ဘူးလေ။ ညီလိုအစ်ကိုလိုပဲ အပေးအယူနဲ့ပဲအဆင်ပြေတာပဲလေ၊ ထားတော့ဗျာ။

အခု သူတို့ဆီက အဆောင်လက်ဖွဲ့လေးပြောပြမယ်။ သူတို့ဆီမှာ ကာယသိဒ္ဓိပြီးစေတဲ့ ခါးလှည့်လက်ဖွဲ့တွေ အင်းလက်ဖွဲ့တွေ စလွယ်တွေအများသားပဲ။ ဆေးလည်းအများသားပဲ၊ တချို့သူတွေကသူတို့ဆီကအဆောင်လက်ဖွဲ့တွေဝယ်တယ်၊ဆောင်တယ်ကျွန်တော်ကမဆောင်စေချင်ဘူးအန္တရာယ်ရှိနေတယ်။ တချို့များအဲဒီလက်ဖွဲ့ကိုရေစိမ်သောက်တဲ့သူကရှိသေးပေါ့။ အလိုလိုနေရင်း အမှောင့်ပယောဂတွေ့ရမယ်။

မိစ္ဆာအတိုက်ကိုဝယ်ပြီးသားဖြစ်စေတယ်။ သူတို့အဆောင်တွေဟာစည်းမရှိဘူး။ စည်းမရှိဘူးဆိုတာက သူတို့အဆောင်လက်ဖွဲ့တွေဆောင်တဲ့သူဟာ အရက်၊ မိန်းမ၊ အမဲသား၊ ကျွဲသား၊ကျားကိုက်အမဲ ဘာစားစား ဘာပဲကျူးလွန်ကျူးလွန် လက်ဖွဲ့ရဲ့အာနိသင်မပျက်ဘူး။ မကောင်းတာ ဘာလုပ်လုပ်ဗျာ၊ သူတို့အင်း သူတို့လက်ဖွဲ့က သိဒ္ဓိမပျက်ဘူး။ အဲဒါဘာကြောင့်လဲအစောင့်တွေကွာနေတာလေ။ သူတို့အဆောင်တွေကအများသိပြီးသားအောက်ကာဘီလူး၊သရဲ၊တစ္ဆေ၊ အစိမ်း၊ မှင်စာဒါတွေပဲလေ။ ဒီလက်ဖွဲ့ဒါပဲစောင့်မှာပေါ့။ မယုံရင်ဝယ်ပြီးဆောင်ကြည့်လေ ပြီးမှအစ်မရေမတနဲ့အကြံပေးတာနော်။

ဒီတော့ အိမ်ရှင်တွေအပိုင်းက ထိန်းထိန်းသိမ်းသိမ်းနေဖို့လိုလာပြီ၊ စည်းစောင့်ပေးရတယ်ဗျ။စည်းလုံနေမှခြံနဲ့အိမ်လုံနေမှာ အထက်ပြောခဲ့တယ်၊ ပရိတ်ပဌာန်း ကမ္မဝါ မြေနုတ်တာတွေက စွမ်းတယ်အများသိနေတယ်။

အဲဒါတွေအန္တရာယ်ကင်းလုပ်ပြီးတဲ့နောက် အဲဒီခြံနဲ့အိမ်ဟာ အန္တရာယ်ကင်းတဲ့အချိန်တစ်နာရီလား၊ နှစ်နာရီလား တစ်နှစ်လား၊ ငါးနှစ်လား၊ ဆယ်နှစ်လား လူအတော်များများမသိဘူး။ တကယ်လည်းမသိဘူး။ အဲ့ သိလာတာရှိတယ်၊ အသံနဲ့ကြားတာ အိမ်မက်ထဲမြင်တာ ပေါ်တင်မျက်မြင်ထင်ရှားမြင်တာ ဘယ်အချိန်လဲမေးရင် ကိုယ်အိမ်က အဖေ အမေ၊ အဘိုးအဘွား၊ သားသမီး၊ မယားလင်၊ တူ၊ တူမ၊ ယောင်းမ၊ယောက်ဖတွေ သေပြီ။အဲဒီသေတဲ့သူက ဒီခြံဒီအိမ်ထဲမှာ အစွဲတွေနဲ့ ပြိတ္တာဘဝဝင်လာပြီ၊ တချို့က ဝင်ပူးပြောပြီ၊ တချို့ခြံထောင့်က ဘယ်သစ်ပင်၊ တချို့အိမ်သာထောင့်၊ တချို့မီးဖိုချောင်၊ အောက်ထပ်၊ တချို့အိမ်ပေါ်မှာ ပူးတာတွေရော ပြတာတွေရော ဆိုတော့ ဟော အိမ်သားတွေသိပြီ ဒုက္ခကြပြီ။

ကိုယ့်မိသားစုဝင် အိမ်ထဲခြံထဲသရဲလာဖြစ်နေတာလေ။ ဒါတောင်အစိမ်းသရဲ အကျက်သရဲအမျိုးမျိုးပဲ။ အဲအဖြေကိုကြည့်ပါ။ ကိုယ်အိမ်ခြံစည်းကျိုးလို့ ကိုယ့်မိသားစုဝင် သရဲပြိတ္တာဖြစ်တာဟာ ဘာကြောင့်လဲ ပစ္စည်း လူ၊ အိမ်၊ လယ်ယာ၊ ငွေတွေစွဲလို့လို့ပြောရင်လည်းပြောဗျာ။ ဒါပေမယ့် ခြံထဲအိမ်ထဲသရဲဝင်နိုင်တယ်၊ နေနိုင်တယ်ဆိုမှတော့ ခင်ဗျားတို့ကနေပါစေကွာလို့ မွေးထားကြမှာလား အဲဒီစည်းကျိုးနေလို့ပဲဗျာ။

လူကြီးမင်းတို့မပြောနဲ့ ဆေးသမားအိမ်တောင် စည်းကျိုးတာနဲ့ ချက်ချင်းရောက်လာတာ လက်တွေ့ပြောမယ်။ မနှစ်ကသားနဲ့ချွေးမက သူ့အိမ်ဝက်မွေးတယ်။ ဝက်ကမွေးပြီး နို့ကမပေါ်ဘူး။ ဝက်ပေါက် ရှစ်ကောင်ကနို့မဝဘူး။ သူများပြောစကားနဲ့ အမဲသားသယ်ဆီက အသားမပါတဲ့ ခြေထောက်ရိုးကြီးတစ်ချောင်း ကျွန်တော့်အိမ်ထဲ သားကဆွဲလာရောဗျာ။ ဟော မီးဖိုချောင်မှာအရိုးတွေ ပေါက်ဆိန်နဲ့ထုချိုးပြီး အိမ်ထဲမှာပဲ မီးမွှေးအိုးကြီးနဲ့ပြုတ်ရောဗျာ။ ဒီပြုတ်ရေ ဝက်မတိုက်ရော သုံးရက်နေတော့ ဝက်မလည်း နို့ပေါ်သွားတယ်ပေါ့။

အဲဒီ အမဲရိုးခြေထောက်ကြီး ကျွန်တော့်အိမ်ထဲဆွဲလာစဉ်ထဲက ဟား သွားပြီ ငါ့အိမ်စည်းပေါက်ပြီး ကျွန်တော်ချက်ချင်းသိတယ်နော်။ခြံနဲ့အိမ်ချက်ချင်းမရှင်းဘူး။ သိချင်လို့ဘယ်နှစ်ရက်ခံသလဲစောင့်ကြည့်တာတော့ အမဲရိုးပြုတ်ပြီးလို့ သုံးရက်မြောက်မှာပဲ အိမ်ကပေါင်ရှမ်းကကစ်ပြီဗျာ ဖိုးစိုးမင်းကြီး ခင်ဗျားအိမ်သာဘက် သရဲကြီးရောက်နေပြီ၊ ကြည့်လုပ်ဦးကလေးတွေရှိသေးတယ်။ ဟော့ ချက်ချင်းအဖြေထွက်လာတာ ဒါလက်တွေ့ပဲနော်။ ဒီခြံမှာ ဒီမြေမှာနေတာ (၁၅)နှစ်လောက်ရှိပြီနော်။ခြံထဲအပ်ကျသံတောင် မကြားတဲ့အိမ်ကအမဲရိုးကြီး ဝင်လာတာနဲ့သရဲတစ်ခါထဲဝင်လာတာ သိအောင်ပြောတာပါ။

စာကပြီးချင်နေပြီဗျာ၊ ပြီးလို့မရသေးဘူးဖြစ်နေတယ်။ ပြောချင်တာကျန်သေးတယ်။ခြံနဲ့မြေမရှင်းအပ်တဲ့မြေလေးကျန်နေတယ်။ မရှင်းအပ်ဘူးလို့ပြောတာပါနော်။ မရှင်းနဲ့ မလုပ်နဲ့လို့မတားပါ။

ဘုရားပိုင်မြေ၊ ကျောင်းပိုင်မြေ၊ သိမ်မြေ၊ ရေတွင်း ရေကန်မြေ၊ သိုက်မြေ၊ ဇရပ်မြေ၊ သချိုင်းမြေတွေကို မတရားလို့ ဘဲယူယူ တရားသဖြင့်ပဲယူယူ ကိုယ်ပိုင်လုပ်ပြီး အဲဒီခြံအဲဒီမြေကိုအန္တရာယ်ကင်းမလုပ်အပ်ပါဘူး။ ဒီမြေတွေမှာအိမ်ဆောက်ပြီး မိသားစုတွေလည်းမနေအပ်ပါဘူး။

ဒီမြေတွေဟာ အထက်ကနတ်မင်းကြီးတွေရဲ့အစေအပါး အစောင့်နတ်တွေနဲ့စောင့်ပေးနေတဲ့မြေတွေပဲ ဖြစ်ပါတယ်။ ဒီနတ်ကြီးတွေရဲ့ အမိန့်အောက်မှာ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗဆိုတဲ့နတ်တွေဟာ အထပ်ထပ်စောင့်နေကြပါတယ်။ ဒါအထက်နတ်အဖွဲ့အစည်းတွေရဲ့ အပိုင်စားအစောင့်တွေသာဖြစ်တယ်။

တချို့က အထက်နတ်၊ အောက်နတ်၊ မကွဲပြားကြဘူးလေ။ သိအောင်ပြောတာပါ။ ဒီနတ်တွေစောင့်ပေးနေတဲ့မြေကို ကျွန်တော်ကျွန်မရဲ့မြေပါ။ ဂရမ်စာချုပ်တွေနဲ့ အိမ်ဆောက် အန္တရာယ်ကင်းပရိတ်နာမယ်ဆိုရင် ဖြစ်သင့်ပါသလား၊ လုပ်သင့်ပါသလား သူခိုးကလူပြန်ဟစ်အတိုင်းဖြစ်မနေပေဘူးလား၊ ဆရာတော်ကြီးများအတွက် မနစ်နာပေဘူးလား၊ မူလကတည်းက သာသနာပိုင်မြေတွေလေဗျာ။

ဒီမြေတွေက မခိုးကောင်းပါဘူး။ သေသွားခဲ့ရင်တောင် အဲဒီမြေကိုထမ်းနေရတော့မှာပေါ့ဗျာ။ သိပ်ကြောက်ဖို့ကောင်းတယ်နော်။ လက်တွေ့ချပြရင် စာကရှည်တော့မယ်မပြောတော့ဘူး။

အထက်က သာသနာ့မြေတွေမှာ စောင့်တဲ့နတ်တွေဆိုတာ ဘိုးသိကြားရဲ့အောက် စတုလောကပါလနတ်မင်းကြီးတွေရဲ့အောက်မှာ အမြဲတစေစောင့်ပေးနေကြတာက နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ယက္ခ ဂန္ဓဗ္ဗစတဲ့နတ်တွေပဲ အဲဒီနတ်တွေဟာ အထက်နတ်ကြီးတွေရဲ့အမိန့်နဲ့စောင့်စားပေးနေတဲ့နတ်တွေပဲ အထက်နတ်စစ်စစ်ပဲ။ သူတို့ကိုဆေးသမားတွေက အတင်းအကြပ်မတရားဘာမှခိုင်းစေလို့မရဘူး။

အထက်သမားလည်း မရဘူး။ အောက်သမားဆိုရင်တော့ဝေးရောပေါ့။ ဒီသာသနာမှာ အထက်နတ်ထဲမှာ အင်အားအကြီးဆုံး တန်ခိုးအကြီးဆုံးနတ်တွေဟာ အထက်နတ်ဆိုတာသိထားပါ။ သူတို့ထက်ကြီးတဲ့နတ်မရှိသလောက်ပဲ၊ သာသနာကို သူတို့အသိပဲ တစ်ဖက်တစ်လမ်းက ကာကွယ်ပေးတာစောင့်ရှောက်ပေးတာပါ။ ဒါတွေဟာ အထက်နတ်ဆိုတာသိပါ။

အောက်နတ်တွေဆိုတာလည်း အများကြီးပဲနော်။ ဒါပေမယ့် ဒီအထဲက အောက်လမ်း၊ ကဝေ၊ ခလယ်၊ အလတ်ဆေးသမားကိုင်တဲ့ အောက်နတ်ဆိုတာ အဆင့်နိမ့် အဆင့်မရှိတဲ့ သရဲ၊ ပြိတ္တာ၊ ဘီလူးအုပ်စုကို ကျွေးပြီးမှခိုင်းစေတာ သူတို့ပဲမွေးစားတာ၊ သူတို့ပဲမွေးမယ်၊ ကျွေးတယ်ခိုင်းတယ်။

အထက်က သာသနာ့ဆက်စပ်တဲ့မြေစောင့်နတ်တွေနဲ့ အခုပြောတဲ့ အောက်ဆရာတွေကိုင်တဲ့ ဆေးစောင့်၊ အင်းစောင့်နတ်တွေ အရည်အချင်းယှဉ်ကြည့် ဆီနဲ့ရေပဲအဲဒီလိုကွာမယ်။တန်ခိုးအရာလည်းယှဉ်ကြည့်အထက်နတ်တွေကိုဘယ်လိုမှမယှဉ်နိုင်ပြန်ဘူး။

ဒီနေရာလေးမှာ သေချာတွေးကြည့်စမ်းပါ။ ယခင်သာသနာစောင့်နတ်မင်းကြီးတွေရဲ့အမိန့်နဲ့စောင့်ပေးနေရတဲ့ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗဆိုတဲ့ နတ်တွေဟာ ဒီခြံဒီမြေမှာစောင့်နေပြီ။

ဒီအချိန်မှာဘာမဟုတ်တဲ့အောက်ဆေးသမားလွှတ်ထားတဲ့ အင်းစောင့် ဆေးစောင့် အစိမ်း၊ သရဲ၊ ဘီလူး၊ မှင်စာတွေက နောက်မှရောက်လာပြီး ယခင်နေတဲ့နတ်တွေကိုမောင်းထုတ်မှာလား၊ နှင်ပစ်ကြမှာလား၊နှင်လို့ရောရမှာတဲ့လား၊ မောင်းလို့ရော ဟိုကထွက်ပါ့မလား။

သေချာတယ်၊ ယခင်အဖွဲ့စောင့်နတ်တွေမဖယ်ဘူး မသွားဘူး ဂရုလည်းစိုက်မှာမဟုတ်ဘူး၊ အဆင့်မတူဘူး။ သူတို့အစိမ်းအဖွဲ့ကိုကြောက်လို့ အလိုလိုထွက်ပေးရမလို့နော်။ နောက်ရောက်တဲ့အစိမ်းအဖွဲ့ကတော့မချောင်တော့ဘူး။ ဆေးဆရာခိုင်းလို့သာ လာရတာလေ ဘာသောက်ဆင့်မှမရှိဘဲကိုးဗျ။ အနှိပ်စက်ခံရမှာတော့ အနှင်ခံရမှာတော့သေချာနေပြီ။

ကဲ- နှစ်ဖွဲ့ပေါင်း ဒီခြံထဲ ဒီအိမ်ဒီမြေထဲနေပြီ ကြာကြာတည့်မလား၊ မထင်နဲ့နော် အဲဒီမယ် အနေအစားကျပ်တည်းလာရင် သူတို့ပြဿနာရှာမယ် ဘယ်သူ့ကိုလဲဆိုတော့ အိမ်ရှင်ကိုပဲတွယ်မှာပေါ့။

ခက်တာက ဆေးသမားတွေက အနယ်နယ်မှာပျံ့နှံ့နေတယ်။ထတ်သိနားလည်တဲ့ဆေးသမားတွေလည်းရှိနေတယ်။ စာဖတ်သူအတော်များများနဲ့ ပြည်သူအများက ဆရာကိုမရွေးချယ်တတ်ပြန်ဘူး။ ဟိုတုန်းကလည်း ဆရာရွေးချယ်တဲ့အပိုင်းပြောခဲ့ပြီးသားအခုထိလည်းဆရာမရွေးတတ်ကြဘူး၊ သဘောကဗျာ-

ဘယ်ဆရာတွေက အထက်လမ်းဆရာတွေလဲ၊ဘယ်ဆရာတွေကအောက်လမ်းကဝေဆရာတွေလဲ အဲဒါသဲသဲကွဲကွဲမသိတာခက်နေတယ်ဗျ။ အရင်ကခွဲခြားသိဖို့ပြောပြီးပါပြီ၊ ပြောစရာပင်မလိုတော့ပါ။ အဲဒီဆေးသမားရွေးတတ်ဖို့လည်း စာဖတ်သူများကအရွေးမမှားစေနဲ့ပေါ့ဗျာ။ ဆေးသမားမှားသွားရင်ကိုယ့်ဘက်ပြန်လာမှာလေ သိပ်ကိုအရေးကြီးပါတယ်နော်။ ပေါ့ပေါ့တန်တန်သဘောမထားကြပါနဲ့။

ကဲ-ဗျာ မြေကြမ်းကိုဘယ်လိုရှင်းရပါဆိုတဲ့ ခေါင်းစဉ်လေးကို ဒီမှာပဲနားပါတော့မယ်။

အထက်က ဥပမာပေးထဲမှာ မြေရှင်းနိုင်ဖို့ အဖြေသုံးမျိုးလောက်ပဲ ချန်ထားပါတယ်။ဒီဥပမာတွေက ကျွန်တော်ပြောပြလို့မရပါ။ ဘာသာရေးနဲ့ငြိစွန်းနေတာမို့မရေးတာပါ။ ဒါလေးသည်းခံနားလည်ပေးကြပါ။

ပြောထားခဲ့သလိုပဲ ခြံမြေ၊ အိမ်မြေတွေထဲက လွတ်လွတ်ကင်းကင်း ပိုင်ဆိုင်တဲ့မြေများကိုတော့ အများသွားတဲ့လမ်းကြောင်းအတိုင်း အန္တရာယ်ကင်းပရိတ်နာ ပဌာန်း၊ ကမ္မဝါညှပ် မြေနုတ်ပရိသတ်များ အကျွေးအမွေးနဲ့ အလှူများလုပ်အပ်ပါတယ်။ ဘာပြဿနာမှမရှိပါ။ ကုသိုလ်ရသောအလှူများမို့ကောင်းလှပါတယ်။

အဲ-ကိုယ့်မြေအမည်ခံပြီးမတရားယူထားတဲ့မြေ သာသနာပိုင်ဆိုင်ရာမြေတွေကတော့ အန္တရာယ်ကင်းလုပ်ခဲ့ရင်လည်းရမယ်မထင်ပါ။မရဖို့ဘဲများပါ့မယ်။ အရင်ထဲက သူတို့စောင့်မြေတွေမို့ပါ။

နောက်လမ်းမြေ၊ဇရပ်မြေ၊သချိုင်းမြေတွေလည်း မတရားပဲယူယူ ခိုးလို့ပဲယူယူ တရားတယ်လို့ပဲထင်ထင် ဒီမြေတွေကလည်း အန္တရာယ်ကင်းလုပ်ပေးခဲ့ရင်လည်း ထူးခြားမယ်တော့မထင်ပါ။

နောက် သိုက်ခဲမြေ၊ သိုက်ပိုင်မြေများကတော့ချွင်းချက်ရှိပါတယ်။အန္တရာယ်ကင်းလုပ်မယ်ဆိုရင် အရင်ဆုံးသူတို့ဆိုတဲ့သိုက်အဖွဲ့အစည်းနဲ့ပြေလည်မှသာ အဆင်ပြေနိုင်ပါတယ်နော်။ ဇွတ်အတင်းတော့လုပ်လို့မသင့်ပါ။အန္တရာယ်ရှိတဲ့မြေတွေသာဖြစ်ပါတယ်နော်။

အထူးသဖြင့် နဂါးသိုက်များဟာပိုလို့အရေးကြီးပါတယ်။အလွန်ပဲအန္တရာယ်များပါတယ်။ မနိုင်ဘဲနဲ့ သာမန်လောက်နဲ့နောက်ဆုံးသမားကောင်းနဲ့ အန္တရာယ်ကင်းလုပ်ခဲ့ရင်လည်း တယ်မလွယ်ပါ။ တကယ်ပိုင်နိုင်မှသာ သူတို့နဲ့အပေးအယူမျှမှသာလုပ်သင့်တယ်လို့အကြံပေးပါတယ်။

တောင်ပေါ်မှာရှိတဲ့ တောင်ပိုင်နတ်ကြီးများရဲ့နေသော အနားယူသော ဆော့ကစားသော ဘုံဗိမာန်များနေရာ၊ သူ့အနီးအနားဆက်သော မြေများကို အန္တရာယ်ကင်းလုပ်မယ်ဆိုပါရင်လည်း အရမ်းမလုပ်ကောင်းပါ။ သူတို့နဲ့ညှိရပါမယ်။ သဘောတူမှသာလုပ်ကောင်းပါတယ်။


ညှိနှိုင်းဆောင်ရွက်တယ်ဆိုတာ ဘုံဗိမာန်အစားပေးတာ၊ ညောင်ရေအိုးပန်းအိုးလေးများနဲ့ ဆောင်ရွက်ပေးတာမျိုးလေးအထိ ဆောင်ရွက်ပေးလျှင် အန္တရာယ်ကင်းနိုင်ပါတယ်။

တစ်ဖန်မြေပြန့်ကအပိုင်စား ကွင်းပိုင်၊ နယ်ပိုင်၊ တောပိုင်ကအစ မိဆိုင်ဖဆိုင်နတ်ကွန်းအထိ ဒီမြေများနဲ့ငြိစွန်းရင်လည်း အထက်ကလိုနေရာအစားပေးနတ်ကွန်းသစ်များနဲ့ပလိနတ်စာကျွေးပြီးတောင်းပန်ညှိခိုင်းရင်လည်း ရနိုင်ပါမယ်။

အခုပြောတဲ့မြေတွေ ကြမ်းနေလို့ လုပ်စားမဖြစ် နေလို့မဖြစ်ဘူးဆိုတိုင် အများနည်းတူ ပရိတ်ကမ္မဝါ မြေနုတ်တာတွေလုပ်တိုင်း အန္တရာယ်ကင်းစေမယ်လို့အများကထင်ကြပါမယ်၊မလွတ်ကင်းတဲ့မြေဟာ ဒီလိုပဲထိခိုက်နေမှာပါပဲ။ ဒါကြောင့် သူတို့နဲ့အပေးအယူတည့်ပြီးမှသာ အန္တရာယ်ကင်းလုပ်အပ်တယ်လို့ အကြံပေးပါတယ်။

နောက်ဆုံး မှာချင်တာကတော့ စည်းမကျိုးစေကြပါနဲ့နော်။အဲဒီစည်းကျိုးရင် မိစ္ဆာပယောဂတွေအမှောင့်ပယောဂတွေဟာ ကိုယ့်အိမ်ထဲ ခြံထဲအလိုလိုဝင်ထွက်သွားလာနိုင်ပါကြောင်း အသိပေးရင်းနားပါပြီ။

စိုးမင်း(မြောက်စည်း၊ ရွှာသစ်)



# သမီး

## ထွန်းရင်(သဖန်းကိုင်း)

လက်သွယ်ကြိုး(ဘော့ကြိုး)မှတစ်ဆင့် မျှားတန်းကြိုးကို ဖော်မလိုက်သည်နှင့်တစ်ပြိုင်နက် ဒုတ် ဒုတ် ဒုတ် ဒုတ်ဟူသော ငါးရုန်းသံများအား မျှားကြိုးကိုင်လက်က ခံစားသိရှိလာရသည်။ ငါးအတော်မိထားပြီ ထင်သည်။

ဟုတ်သည် ပထဆုံးရေမျက်နှာပြင်ပေါ် ပေါ်လာသည့်ငါးမျှားတွင်ပင် ငါးနုသန်း အာနီကြီးတစ်ကောင် မိထားသည်ပဲ။

ဟော- ဒုတိယငါးမျှားမှာလည်းတစ်ကောင်၊ ဟာ တတိယငါးမျှားမှာလည်းတစ်ကောင်၊ အို ငါးမျှားကွင်းစေ့ငါးနုသန်းတွေမိထားပါကလား။

ဒါမျိုးငါးမျှားကွင်းစေ့ငါးမိတာကို ကိုမောင်စိုးတစ်သက်တွင် တစ်ခါဖူးမျှမကြုံဖူးသေး။ ငါးအလွန်ပေါသည့် ကောက်ကွေ့ချောင်းထဲတွင်တောင်မှငါးမျှားနှစ်ကွင်းခြားတစ်ကောင်၊သုံးကွင်းခြားတစ်ကောင်၊ စသည်ဖြင့်သာငါးမိသည်။ အခုရွာနှင့်မဝေးလှသော သည်နေရာကျမှ. . .။

ကိုမောင်စိုးဝမ်းသာ၍မဆုံးတော့၊ ငါးများများရမှ သူ့မိသားစုစားဝတ်နေရေးအဆင်ပြေမည်မဟုတ်ပါလား။

"ဝုန်း"

ယင်းသည့်အခိုက် ကိုမောင်စိုး၏ လှေဘေးနားတွင်ကြီးမားလှသော ငါးကြီးတစ်ကောင် ရုတ်တရက်ထိုးပေါ်လိုက်လေ၏။ ကိုမောင်စိုးပင်လန့်ဖျပ်ပြီး အော်ပစ်လိုက်မိသည်။

"အား- အမယ်လေး"

"အဖေ အဖေ"

ဇဝေဇဝါဖြစ်နေသည့်ကြားမှ ကိုမောင်စိုး၏နားထဲ၌'အဖေအဖေ'ဟု ခေါ်သံကိုကြားနေရသည်။ စောစောကငါးနုသန်းတွေငါးကြီးတွေလည်းဘယ်ရောက်သွားကုန်ပြီမသိ။

ကိုမောင်စိုးမျက်လုံးဖွင့်ကြည့်လိုက်သည်။ အသီအမြင်အာရုံများက ဝေဝေဝါးဝါး။ အတော်လေးကြာမှပီပြင်ထင်ရှားလာလေ၏။ အိပ်မက်မက်နေတာပေပဲ။

သူ၏ဘေးနားတွင် မျက်နှာငယ်လေးဖြင့် သူ့အားကြည့်နေသောသမီးကြီးဖြစ်သူချိုမာကိုတွေ့ရသည်။ ခပ်လှမ်းလှမ်းတွင်တော့ ကျန်သားသမီးသုံးယောက်တို့စုထိုင်နေကြသည်။

"ဟို. . . ဟိုဒင်း. . . စားပွဲလဲကျသွားတာအဖေ"

သမီးကြီးကထစ်ထစ်ငေါ့ငေါ့ဖြင့်ပြောလာ၏။ အိပ်ရာမှလန့်နိုးလာသောအဖေစိတ်ဆိုးမှာကိုစိုးရိမ်နေဟန်ရှိသည်။

စောစောကငါးကြီးပေါ်သံလို့ ကိုမောင်စိုးအိပ်မက်မက်လိုက်တဲ့ 'ဝုန်း'ခနဲအသံဟာစားပွဲလဲကျသံပဲဖြစ်မှာပေါ့။

ကိုမောင်စိုး သမီးကြီးအား ဘာမျှအပြစ်တင်စကားမဆိုဘဲ အိပ်ရာထက်တွင်ပြန်မှိန်းနေလိုက်သည်။ သူ့မျက်စိထဲမှာတော့ ငါးနုသန်းအာနီကြီးများကိုမြင်ယောင်နေဆဲ။

တကယ်တော့ ငါးနုသန်းအာနီကြီးများကို ကိုမောင်စိုးအမှန်တကယ်ရရှိခဲ့ခြင်းမဟုတ်။ အိပ်မက်မက်နေခြင်းသာပါ။ အိပ်မက်ဆိုတော့လည်း အိပ်ရာကနိုးလာရင်ပျောက်ကွယ်သွားရစမြဲပေါ့လေ။

ကိုမောင်စိုး မျက်စိမှတ်မှိန်းနေရာမှ သူ၏လက်ရှိဘဝအခြေအနေကိုစဉ်းစားတွေးတောနေမိလေ၏။

ကိုမောင်စိုးတွင် သားသမီးလေးယောက်ရှိသည်။အကြီးဆုံးသမီးက (၁၂)နှစ်၊ဒုတိယသမီးက(၉)နှစ်၊ တတိယသမီးက (၇)နှစ်၊ အငယ်ဆုံးသားလေးက(၄)နှစ်၊ လိမ္မာရေးခြားရှိလှသော သားသမီး

ကလေးများပင်ဖြစ်ပါသည်။

ဟိုစဉ်တုန်းကတော့ ကိုမောင်စိုးရသောဝင်ငွေနှင့်ကိုမောင်စိုး၏ဇနီးမကျော့ကျော့ရသောဝင်ငွေနှစ်ရပ်ပေါင်းသည် ကိုမောင်စိုးတို့မိသားစုခြောက်ယောက်အတွက်လုံလောက်ရုံမကပိုပိုလျှံလျှံပင်ရှိခဲ့လေသည်။

ကိုမောင်စိုးသည် တံငါလုပ်ငန်းများတန်းသည့်အလုပ်ကိုလုပ်ကိုင်၏။ မကျော့ကျော့ကတော့ ကိုမောင်စိုးရသောငါးများသာမက အခြားတံငါသည်များရသော ငါးများကိုပါရွာတွင်ကောက်ကာမြို့သို့တက်ရောင်းသည့်ငါးစိမ်းသည်ဖြစ်ပါသည်။

ယင်းသို့ဖြင့် ကိုမောင်စိုးတို့မိသားစုသည် ဖူဖူလုံလုံမကြောင့်မကျနေလာခဲ့ကြရာမှ တစ်ခုသောနေ့တွင်မူ ကြမ္မာဖြိုဟ်ဆိုးကဝင်ရောက်လာတော့သည်။ တခြားတော့မဟုတ် မကျော့ကျော့တွင်နာတာရှည်ရောဂါဆိုးကြီးတစ်ခု စွဲကပ်လာခဲ့ခြင်းပဲဖြစ်ပါ၏။

ကိုမောင်စိုးသည် လူမသေငွေမရှားဟုသဘောပိုက်ပြီး မကျော့ကျော့၏ရောဂါပျောက်ကင်းရေးအတွက် အကောင်းဆုံးဆရာဝန်များကိုပင့်၍ဆေးဝါးများဖြင့်ကုသပေးခဲ့ပါသည်။ ပိုက်ဆံတို့လျှောခနဲလျှောခနဲကုန်သွားခဲ့လေသည်။ ရရှိထားသော ရွှေထည်ပစ္စည်းကလေးများအားလုံးပြောင်သွားရုံမျှမက ဈေးတိုးသမားကိုလှမြင့်ထံမှပင် ငွေအတော်များများယူလိုက်ရလေ၏။(ဈေးတိုးသမားဆိုသည်မှာတံငါသည်များ ငွေလိုသောအခါငွေထုတ်ပေးပြီး ငွေယူထားသောတံငါသည်ရသည့်ငါးများအားလုံးကိုတန်ရာတန်ကြေးထက် အနည်းငယ်လျှော့သောဈေးဖြင့် ပြန်လည်သိမ်းယူသောသူဖြစ်ပါသည်)

မည်သို့ပင် ကုသပေးခဲ့စေကာမူ မကျော့ကျော့၏ရောဂါက သက်သာမလာခဲ့ပါ။ နောက်ဆုံးတွင်တော့မကျော့ကျော့ကွယ်လွန်သွားခဲ့ပါသည်။

မကျော့ကျော့၏ ရက်လည်ဆွမ်းပြီးသွားသောအခါ ကိုမောင်စိုးတွင်ကြွေးပတ်လည်ဝိုင်းလျက်ရှိလေပြီ။သည်အထိကိုမောင်စိုးစိတ်ဓာတ်မကျသေးချေ။

မကျော့ကျော့ကွယ်လွန်သွားပြီး၍ တစ်လကျော်ကျော်ခန့်အရ အကြွေးများကျေအောင်မဆပ်နိုင်သေးမီ မိမိကိုယ်တိုင်ဖျားပြီး အိပ်ရာထဲလဲသောအခါတွင်မှ ကိုမောင်စိုးအကြီးအကျယ်စိတ်ဓာတ်ကျတော့သည်။ ကိုမောင်စိုး၏အဖျားကနာတာရှည်ဖျားမဟုတ်၍တော်သေးသည်။ ဒါတောင်ရက်နှစ်ဆယ်မျှခံလိုက်ရ၏။

ကိုမောင်စိုးသည် သူဖျားနေစဉ်အတွင်း ကလေးများ၏ဝမ်းရေးနှင့် သူ့အတွက်ဆေးဖိုးဝါးခတို့ကို ဈေးတိုးကိုလှမြင့်နှင့် အိမ်နားနီးချင်းများ ရင်းနှီးသောမိတ်ဆွေများထံမှချေးငွေများဖြင့် ဖြေရှင်းခဲ့ရလေသည်။

ရက်နှစ်ဆယ်ခန့်ကြာသောအခါ ကိုမောင်စိုး အဖျားသက်သာလာ၏။ လုံးဝကင်းကင်းရှင်းရှင်းတော့မပျောက်သေး။ ခေါင်းထဲတွင်မူးနောက်နောက်ဖြစ်နေတုန်း၊ ကိုယ်လက်များလေးလံနေပြီး အားခွန်မရှိဖြစ်ကာ တစ်ခါတစ်ရံချမ်းဖျားတက်ချင်သလိုလို ဖြစ်ပေါ်လာတတ်တုန်း။

သို့သော်လည်းကိုမောင်စိုးအိပ်ရာထဲတွင်ကွေးမနေနိုင်တော့ပါ။ အကြွေးကသိပ်ပြီးထူနေပြီမို့ အဖျားမပျောက်တပျောက်နှင့်ပင် တံငါအလုပ်ဆင်းရန်ပြင်ဆင်ရလေတော့သည်။

ယင်းသို့ပြင်ဆင်ကာမှမမျှော်လင့်သောအဖြစ်ဆိုးနှင့်တိုးရပြန်လေသည်။ ညအိပ်နေစဉ် ကိုမောင်စိုး၏ညာဘက်လက်ခုံအားကင်းခြေများအကိုက်ခံလိုက်ရသဖြင့် လက်ကြီးရောင်ကိုင်းနေပြီး ဘာမျှမထိနိုင်မကိုင်နိုင်ခြင်းပဲဖြစ်ပါသည်။

လှေလှော်ရာတွင်လည်းကောင်း များကြီးချရာတွင်လည်းကောင်း ငါးစာတပ်ရာတွင်လည်းကောင်း၊ ငါးဖြုတ်ရာတွင်လည်းကောင်း၊ အစစအရာရာလက်နှစ်ဖက်စလုံးနှင့်လုပ်ကိုင်ရလေရာ ယခုကဲ့သို့လက်တစ်ဖက်အသုံးမချနိုင်ဖြစ်နေလေမှတော့ ဘယ်မှာတံငါအလုပ်ဆင်းလို့ဖြစ်နိုင်ပါလေတော့မည်လဲ။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည်မှာ ဒါမျိုးပဲထင်ပါရဲ့။

"မမ မံမံချာတယ်"

သားငယ်၏ အသံထွက်ပေါ်လာသဖြင့် ကိုမောင်စိုး၏အတွေးစများပြတ်တောက်သွားရလေသည်။ ဆာတော့မှာပေါ့။ အခုဆယ့်တစ်နာရီလောက်ပင်ရှိရော့မည်။ နံနက်စာမှမစားကြရသေးဘဲ အိမ်မှာဆန်ကုန်နေပြီဆိုတော့ (၁၂)နှစ်သမီးသာရှိသေးတဲ့ သမီးကြီးချိုမာလည်း ဘယ်မှာထမင်းဖြစ်အောင်ဖန်တီးတတ်ရှာပါ့မလဲ။

"အေးအေး၊ စားရမယ်နော် မောင်လေး ခုနနေကျရင် မမထမင်းတွေ အများကြီးကျွေးမယ်သိလား"

သမီးကြီးကချော့မော့နှစ်သိမ့်နေ၏။ တကယ်တော့ ထမင်းကဘယ်မှာနေမှန်းပင်မသိသေး။

ငွေဖြစ်ဖြစ်၊ ဆန်ဖြစ်ဖြစ် ဘယ်မှာချေးရပါ့မလဲ။ သွားရောက်ချေးငှားလျှင်မူ ကိုမောင်စိုးလို ရိုးရိုးသားသားလူမျိုးကို မည်သူမဆိုချေးငှားပေးကြမည်မှာသေချာပါသည်။ သို့ပေမယ့် ပြန်ဆပ်သည်ဟူ၍မရှိဘဲ ခဏခဏချေးငှားရလွန်းတော့ ကိုမောင်စိုးအားနာလှပေပြီ။

ဈေးတိုးသမားဘက်ကြည့်ပြန်တော့လည်း ဈေးတိုးသမားထံမှယူထားသည့်ငွေကနည်းတော့သည်မဟုတ်။ ပုံမှန်ငါးပေးသွင်းနိုင်လျှင်တော့တော်သေးသည်။ ယခုမူ အလုပ်မလုပ်ရတော့ ငါးကလည်း မပေးသွင်းနိုင်။

"မမ သမီးလည်းထမင်းဆာလှပြီ"

တတိယသမီး၏အသံကတိုးတိုးလေးထွက်ပေါ်လာပြန်၏။ မဖြစ်တော့သည့်အတိုင်းနေ၍မဖြစ်တော့။

ကိုမောင်စိုးမတ်တပ်ထရပ်လိုက်၏။ ရုတ်တရက်မို့ ခေါင်းထဲတွင်မူးနောက်ပြီး မျက်စိများပြာဝေသွားသည်။ ထို့ကြောင့် မျက်စိကိုစုံမှိတ်လျက် ငြိမ်သက်စွာရပ်နေလိုက်ရသည်။ အတန်ကြာမှအနည်းငယ်သက်သာလာ၏။

သက်သာသည်နှင့် ကိုမောင်စိုးအိမ်အောက်သို့ခပ်သုတ်သုတ်ဆင်းလာခဲ့သည်။ ကိုမောင်စိုး၏ခြေထောက်များက ကိုလှမြင့်အိမ်ဆီသို့။

ပြန်လည်ပေးဆပ်နိုင်မှုမရှိတာချင်း အတူတူအခြားသူများထံမှချေးငှားသည်ထက်စာလျှင် ဈေးတိုးသမားထံမှငွေယူရခြင်းကနည်းနည်းတော့မျက်နှာပူသက်သာသေးသည်မို့ ဈေးတိုးသမားကိုလှမြင့်ထံဦးတည်လာခဲ့ခြင်းဖြစ်ပါသည်။

ကိုလှမြင့်၏အိမ်သို့ရောက်သောအခါ တံခါးမကြီးအားပိတ်ထားသည်ကိုတွေ့ရသည်။

"ကိုလှမြင့် ကိုလှမြင့်"

ကိုမောင်စိုးအသံပြုလိုက်၏။အထဲမှပြန်ထူးသံကိုမကြားရပါ။

"ကိုလှမြင့်၊ ဗျို့ ကိုလှမြင့်"

ကိုမောင်စိုး ဒုတိယအကြိမ်အသံပြုပြန်၏။ သည်တစ်ကြိမ်လည်းပြန်ထူးသံကိုမကြားရချေ။

ကိုမောင်စိုးတံခါးကိုလက်နှင့်တွန်းကြည့်လိုက်၏။ တံခါးကစေ့ရုံစေ့ထားသည်မို့ပွင့်သွားခဲ့သည်။

ကိုမောင်စိုးအိမ်ထဲသို့ဝင်သွားပြီးမျက်လုံးကစားကြည့်လိုက်သည်။ ပထမ

ဆုံးမြင်တွေ့ရသည်က အိမ်ရှေ့ခန်းတွင် စောင်တစ်ထည်ကိုရင်ပတ်အထိခြုံ၍နှစ်ခြိုက်စွာအိပ်မောကျနေသောကလေးငယ်တစ်ဦး၊ ထိုကလေးငယ်သည် ကိုလှမြင့်၏သားကလေးဖြစ်ပါသည်။ အသက်ကဆယ့်တစ်နှင့်ခန့်မျှသာရှိသေး၏။

ကိုမောင်စိုး ဒုတိယသတိထားမိသည်မှာ ညှပ်ခန်းရှိဆက်တီစားပွဲပေါ်တွင်တင်ထားသောနာရီတစ်လုံးပင်ဖြစ်သည်။ ယင်းနာရီသည် ကိုလှမြင့်၏နာရီဖြစ်၏။ ဝယ်ထားသည်မှာမကြာလှသေး။ သုံးလေးလမျှလောက်သာရှိသေးသည်။ တစ်သိန်းခွဲပေးရသည်ဟု ကိုလှမြင့်ကပြောဖူး၏။

"အဲဒီနာရီကြီးများ ယူသွားပြီးရောင်းစားလိုက်ရရင်"

တစ်သက်တာတွင် တစ်ကြိမ်တစ်ခါသော်မျှမစဉ်းစားခဲ့ဖူးသော စိတ်ကူးကကိုမောင်စိုး၏ခေါင်းထဲသို့ဝင်ရောက်လာသည်။

'အို- ကိုလှမြင့်ဟာ ငါ့ကျေးဇူးရှင် ငါ့ထမင်းရှင်ပဲ မသင့်တော်ပါဘူးလေ။ မသင့်တော်ပါဘူး။အခုလိုစိတ်ကူးမိလိုက်တာကိုကလွန်လှပြီ'

ကိုမောင်စိုးသည်ခေါင်းထဲတွင်ဖြစ်ပေါ်လာသောမကောင်းစိတ်ကိုအတင်းနှင်ထုတ်ပစ်လိုက်၏။

"မမ မံမံချာတယ်"

"မမ သမီးလည်းထမင်းဆာလှပြီ"

ကိုမောင်စိုး၏နားထဲ၌ သားငယ်သမီးငယ်တို့၏အသံများကိုကြားယောင်လာပြန်သည်။ ရင်ထဲတွင်အမျိုးအမည်မဖော်ပြနိုင်သောဝေဒနာတစ်ရပ်ကို ကိုမောင်စိုးခံစားလိုက်ရသည်။

နောက်ပြီး သမီးကြီးချိုမာသည်သည့်နှစ်လေးတန်းအောင်၍ ငါးတန်းသို့တက်ရမည်ဖြစ်သည်။ ဒုတိယ၊ တတိယသမီးများကလည်း ကျောင်းသူများကျောင်းစရိတ်ကနည်းသည်မဟုတ်။

ကိုမောင်စိုး၏မျက်လုံးအစုံက စားပွဲပေါ်ရှိနာရီဆီသို့ရောက်သွားပြန်ချေပြီ။

'ဒီအိမ်မှာ လူကြီးတစ်ယောက်မှမရှိဘူး။ လှေကားရင်းမှာ ဖိနပ်တွေမရှိပုံထောက်ရော့ တခြားကိုသွားနေကြတာပဲဖြစ်မယ်။ ရေချိုးများသွားကြသလား။ အခုနေ ဒီနာရီကိုငါယူသွားရင် ဘယ်သူမှသိမှာမဟုတ်ဘူး။ ဘယ်သူကမှလဲ ငါ့လိုလူမျိုးကိုယူမယ်လို့ထင်ကြမှာမဟုတ်ဘူး။ တို့မိသားစုအတွက်တော့ တော်တော်အဆင်ပြေသွားမှာပဲ။

ဟာ- မဟုတ်သေးပါဘူးလေ။ ကိုလှမြင့်ဟာငါ့အပေါ်မှာသိပ်ပြီးသဘောထားကောင်းရှာတာ၊ ငါ ချေးငှားရင်လည်း အမြဲတမ်းမငြိုမငြင်ပေးနေတာပဲ။ ဈေးတိုးဆိုပေမယ့် ငါ့အပေါ်မှာတော့ တခြားဈေးတိုးတွေလိုလည်း အမြတ်များများတင်ပြီးစားတာမဟုတ်ပါဘူး။ ငါ သူ့ကျေးဇူးကိုစောင့်သိရမယ်။

ဒါလည်းမဟုတ်သေးပါဘူး။ ဒီလိုအခွင့်အရေးမျိုးဆိုတာကရဖို့ လွယ်တာမှမဟုတ်တာ၊ ရရှိတဲ့အခွင့်အရေးကိုလက်လွှတ်ခံရင် ငါအရူးဖြစ်သွားမှာပေါ့'

ကိုမောင်စိုး၏ခေါင်းထဲတွင်ကောင်းစိတ်နှင့်မကောင်းစိတ်တို့လွန်ဆွဲလျက်ရှိသည်။ အချိန်အတန်ကြာသည်အထိဝေခွဲ၍မရ။ သို့သော် နောက်ဆုံးတွင်မူ ကိုမောင်စိုးတစ်ယောက် ဘဝပေးအခြေအနေအရ ယတိပြတ်ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်မိပါတော့သည်။

"ကိုလှမြင့် ကိုလှမြင့်"

ကိုမောင်စိုးသည် လူမရှိမှန်းပို၍သေချာအောင် အသံခပ်အုပ်အုပ်ဖြင့်ခေါ်ကြည့်လိုက်ပြန်သေး၏။ မည်သည့်တုံ့ပြန်သံကိုမျှမကြားရပါ။

ကိုမောင်စိုး တွေဝေမနေတော့ဆုတ်ဆိုင်းမနေတော့။ စားပွဲပေါ်မှနာရီကိုယူပြီး ပုဆိုးခါးပိုက်ထဲထည့်လိုက်၏။ ပြီးလျှင်အိမ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းလာခဲ့တော့သည်။

အခြေအနေက အကောင်းဘက်မှာရှိလေသည်။ ကိုမောင်စိုးအား မည်သူတစ်ဦးတစ်ယောက်ကမျှ သတိထားမိလိုက်ကြဟန်မတူပါ။

နာရီကိုလုံခြုံသည့်နေရာတွင်သိမ်းဆည်းပြီးသည့်နောက် လောလောဆယ်သားသမီးတွေ၏ ဝမ်းရေးဖြေရှင်းပေးရဦးမည်မို့ အတန်ငယ်ပြည့်စုံကုံလုံသောမိတ်ဆွေတစ်ဦးထံသွားကာ ဆန်ချေးသည်။ ထိုမိတ်ဆွေက ဆန်နှစ်ပြည်ကိုလွယ်လွယ်ကူကူချေးပေးခဲ့သည်။ ငွေရောယူဦးမလားဟုပင်မေးနေသေးသည်။ ကိုမောင်စိုးကငွေကိုမူမယူခဲ့တော့။

ဆန်ရှိလျှင်ကိစ္စပြီးပြီ။ အိမ်မှာချဉ်ပေါင်ပင်တွေ မုန့်ညင်းတွေစိုက်ထားတာရှိသည်။ ဆာလောင်နေကြသော သားသမီးတွေဟင်းမကောင်းပေမယ့်လည်း ထမင်းမြိန်ကြမှာပါပဲ။

ကိုလှမြင့်နာရီပျောက်သည့်သတင်းကိုကြားရသည်။ ကိုလှမြင့်ကချမ်းသာသူမို့နာရီပျောက်တာလောက်ကိုရေးကြီးခွင်ကျယ်မလုပ်။တိုင်တန်းခြင်းပင်မရှိ။

ဘာပဲဖြစ်ဖြစ် ကိုမောင်စိုးရန်တုန်နေမိသည်မှာတော့အမှန်။

ကိုမောင်စိုးသည် နာရီရရှိပြီးလေးရက်မြောက်နေ့နံနက်ပိုင်းတွင် နာရီကိုတိုက်ပုံအကျႌ ဘယ်ဘက်အိတ်ထဲထည့်ကာ ကိုယ်ပိုင်စက်ဘီးစုတ်ကလေးကိုစီး၍မြို့ဈေးဘက်ဆီသို့ထွက်ခွာလာခဲ့သည်။ သည်နာရီကိုငွေဖြစ်အောင်ဖန်တီးရဦးမယ်လေ။

ရွာနှင့်မြို့ဈေးကနီးတော့မနီးလှ။ သုံးမိုင်ကျော်လောက်ဝေးသည်။ စက်ဘီးနှင့်နာရီဝက်လောက်စီးရသည်။ကျန်းမာရေးကသိပ်မကောင်းသေးတော့ စက်ဘီးစီးရတာလည်းအဆင်မပြေလှပေ။ ဘာပဲဖြစ်ဖြစ် မြို့ဈေးကိုတော့ မဖြစ်မနေသွားကိုသွားရမှာပဲ။ အိမ်မှာစားစရာဆန်လုံးဝမရှိတော့ဘူးလေ။ သမီးတို့သားတို့လည်းအဖေပြန်လာတဲ့အထိ ဝမ်းဟောင်းလောင်းနဲ့စောင့်ကြပေဦးတော့။

မြို့ဈေးထဲတွင် သည်လိုခိုးရာပါပစ္စည်းများ၊ မှောင်ခိုပစ္စည်းများတို့ကိုဝယ်ယူလာသော ဦးလောရံ၏ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရှိသည်။ ဦးလောရံသည် ဈေးကိုသိပ်ပြီးနှိမ်လေ့ရှိသော်လည်း ဝယ်ယူရရှိသောပစ္စည်းများကို ဤမြို့တွင်မဖြန့်ဘဲ အခြားသောအဝေးမြို့များတွင်သာဖြန့်သောကြောင့် အမှုပေါ်ပေါက်ဖို့ဝေးသဖြင့် အတိုအလျှိုသမားတို့သည်ရရှိလာသည့်ပစ္စည်းများကို ဦးလောရံထံတွင်သာရောင်းချတတ်ကြလေသည်။နောက်ပြီး ဦးလောရံကပစ္စည်းရောင်းသူများအား စပ်စုမေးမြန်းခြင်းလည်းမရှိဟုဆိုပါသည်။

ကိုမောင်စိုးက အတိုအလျှိုသမားတစ်ယောက်မဟုတ်၍ ဦးလောရံလိုလူမျိုးနှင့်ဆက်စပ်ပတ်သက်မှုမျိုးမရှိသော်လည်းမိတ်ဆွေတချို့ထံမှတစ်ဆင့်စကားတစ်ဆင့်နားဖြင့် ဦးလောရံအကြောင်းသိရှိနေခဲ့ခြင်းဖြစ်ပါသည်။

သည်ခဏ၌ ကိုမောင်စိုးသည် တစ်စုံတစ်ခုကိုသတိရလာ၏။ မိမိမြို့ဈေးသွားပြီး ဆန်တွေ၊ စားစရာတွေ၊ တခြားအသုံးလိုတဲ့ပစ္စည်းတွေဝယ်လာခဲ့မယ်ဆိုရင် နာရီပျောက်တဲ့ကိုလှမြင့်က မိမိကိုသင်္ကာမကင်းမဖြစ်နိုင်ပေဘူးလား၊ ဖြစ်နိုင်တာပေါ့။ သိပ်ဖြစ်နိုင်တာပေါ့။ ဒါဖြင့်ဘယ်လိုလုပ်ရမလဲ။

ကိုမောင်စိုးဦးနှောက်ခြောက်သွား၏။

"ဟာ- ငါတစ်သက်လုံး ရိုးရိုးသားသားနေလာခဲ့တဲ့သူပဲ။ ငါ့ကိုထင်ချင်မှ



လည်းထင်ကြမှာပါ။ တကယ်လို့ထင်ခဲ့ရင်တောင်မှ ဂရုစိုက်စရာတော့မလိုပါဘူးလေ။ လက်တွေ့လက်ပူးလက်ကြပ်မိတာမှမဟုတ်တာ၊အဲ့တစ်ခုတော့ရှိတယ်။ ငါ စားစရာသောက်စရာတွေ ပစ္စည်းပစ္စယတွေများများစားစား ဝယ်လာခဲ့လို့တော့မဖြစ်ဘူး။ ငါ့အပေါ် ပိုပြီးအထင်လွဲစရာဖြစ်လာနိုင်တယ်။ တော်ပြီ၊ လောလောဆယ် ဆန်တစ်ပြည်လောက်ပဲဝယ်လာခဲ့တော့မယ်။

ကိုမောင်စိုးသည် စက်ဘီးစီးနေရင်းမှ အတွေးအပေါင်းစုံတွေးနေမိ၏။ စက်ဘီးနှင့်ဖြစ်သော်လည်းအဖျားပျောက်စအားအင်မရှိသေးချိန်မို့ ကိုမောင်စိုးတစ်ယောက် နွမ်းနယ်ညောင်းညာလှပေပြီ။ ခဏတော့ နားလေဦးမှပဲ။

ဟောရှေ့နားမှာကုက္ကိုပင်တစ်ပင်၊ ကုက္ကိုပင်အနားရောက်တော့ ကိုမောင်စိုးစက်ဘီးကိုရပ် ကုက္ကိုပင်အောက်ဝင်ပြီး သစ်ပင်အောက်တွင်ရှိနေသည့်သစ်ကိုင်းကျိုးတစ်ခုပေါ် ထိုင်ချလိုက်သည်။ မောပန်းညောင်းညာနေတုန်း ထိုင်နားလိုက်ရာအရသာရှိလိုက်ပါဘိ။

ယင်းသို့ထိုင်နားနေရင်းမှာကိုမောင်စိုးသူ့အကြောင်းသူပြန်စဉ်းစားနေမိပြန်သည်။

သူသည်ယခုအသက်အရွယ်အထိ သူများပစ္စည်းဆို၍ အပ်တိုတစ်ချောင်းပင်မယူခဲ့ဘူးချေ။ သည်နေ့တော့ ဆိုးဝါးလှသောဘဝပေးအခြေအနေအရ သူ၏ရိုးသားမှုဂုဏ်ကိုစွန့်လွှတ်လိုက်ရပါပြီကောလား။

'အိုး- ငါ ငါ သူခိုး သူခိုးဖြစ်သွားပြီ'

ကိုမောင်စိုး၏ကိုယ်တွင် ကြက်သီးမွေးညှင်းများထလာလေ၏။

"ဒါပေမယ့် ကီစ္စမရှိပါဘူးလေ။ ဒီနာရီကို ငါခိုးခဲ့မှန်းဘယ်သူကမှသိတာမှမဟုတ်ဘဲ"

ကိုမောင်စိုး သူ့ကိုယ်သူဖြေသိမ့်မိပြန်သည်။သို့တိုင်အောင်စိတ်ထဲကတော့မကောင်းလှ။

ခဏနားပြီးနောက် ကိုမောင်စိုးဆက်လက်ထွက်ခွာလာခဲ့ပြန်၏။အကြာကြီးထိုင်နားနေလို့ ခရီးရောက်မှာမဟုတ်ဘူးလေ။

ယင်းသို့ဖြင့်ပင် မြို့ဈေးနှင့်နီးသထက်နီးလာတော့၏။

"ဖောင်း"

မြို့ဈေးနှင့်နှစ်ဖာလုံ သုံးဖာလုံခန့်မျှသာကွာဝေးတော့သည့်အချိန်တွင် ကိုမောင်စိုး၏စက်ဘီးမှအသံတစ်သံထွက်ပေါ်လာခဲ့သည်။

"ဟာ- စက်ဘီးပေါက်သွားပဟ"

ကိုမောင်စိုးစက်ဘီးပေါ်မှဆင်းလိုက်၏။ တော်ပါသေးရဲ့ မြို့ဈေးနှင့်နီးသောနေရာရောက်မှဘီးပေါက်လို့။လမ်းခုလတ်မှာဘီးပေါက်လို့ကတော့ အခက်တွေ့ပြီ။

ပိုပြီးအဆင်သင့်တာက ဘီးပေါက်သောနေရာအနီး၊ လမ်းဘေးတွင်ဆိုင်ကယ်စက်ဘီးပြင်ဆိုင်တစ်ခုရှိနေခြင်းပင်။ ကိုမောင်စိုးသည် ထိုဆိုင်တွင်စက်ဘီးကိုအပ်လိုက်သည်။ ထို့နောက်ဈေးထဲသွားဦးမည် ပြန်လာမှစက်ဘီးကိုယူမည်ဟုပြောဆိုကာ မြို့ဈေးတန်းဘက်သို့ထွက်လာခဲ့ပါသည်။

မြို့ဈေးတန်းလမ်းများပေါ်၌ လူအများစည်ကားလျက်ရှိ၏။ ကိုမောင်စိုးလူတွေကြားထဲတိုးဝှေ့၍လျှောက်လာခဲ့သည်။ သည်လောက်လူရှုပ်သည့်ကြားထဲ‌ပေးသည့်လူကလည်း ရှိသေးသည်။ ကိုမောင်စိုးတိမ်းပေးသည့်ကြားမှပင် ကိုမောင်စိုးအားဝင်တိုက်ဖြစ်အောင်တိုက်သွားသေး၏။ အသက်နှစ်ဆယ့်ငါးဝန်းကျင်လောက်ရှိမယ့် စုတ်ချာချာကောင်လေးပါ။ ကိုယ့်လိုပဲတောကထင်ပါရဲ့။

မကြာမီ ကိုမောင်စိုးသည် ဦးလောရုံ၏ကုန်စုံဆိုင်ရှေ့သို့ရောက်လာသည်။ ဦးလောရုံသည် တရားဝင်ပစ္စည်းရောင်းဝယ်သောကုန်စုံဆိုင်ကြီးကို ဟီးနေအောင်ဖွင့်လှစ်ထားပြီး တရားမဝင်ပစ္စည်းများကိုတော့ တိတ်တဆိတ်လက်ခံဝယ်ယူရောင်းချနေခြင်းဖြစ်ပါသည်။

ကိုမောင်စိုး ဦးလောရုံ၏ဆိုင်ထဲသို့ဝင်သွားလိုက်သည်။ ဆိုင်ထဲ၌လူရှင်းနေ၏။ ကိုမောင်စိုးဝမ်းသာသွားသည်။ လူရှင်းမှလွတ်လွတ်လပ်လပ်ရောင်းဝယ်နိုင်မည်မဟုတ်ပါလား။

"ဘာဝယ်မလို့လဲ"

ဆိုင်တွင်းတစ်နေရာတွင်ရှိနေသောဦးလောရုံရှေ့သွားရပ်တော့ ဦးလောရုံကမေးလာသည်။

"ဝယ်မလို့မဟုတ်ဘူးဗျ။ ရောင်းမလို့"

ကိုမောင်စိုးသည် ပြောပြောဆိုဆိုတိုက်ပုံအင်္ကျီဘယ်ဘက်အိတ်ထဲသို့လက်နှင့်နှိုက်လိုက်၏၊ နာရီမတွေ့ရ။ ကိုမောင်စိုးတိုက်ပုံအင်္ကျီ ညာဘက်အိတ်ထဲသို့နှိုက်ကြည့်ပြန်သည်။ ညာဘက်အိတ်ထဲမှာလည်းနာရီကမရှိ။

"ဟင်"

ကိုမောင်စိုးမျက်လုံးပြူးလေပြီ။

တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲရှာကြည့်သော်လည်း အချည်းနှီးသာ။နာရီ၏အရိပ်အယောင်ကိုသော်မျှ မတွေ့ရတော့။

ကိုမောင်စိုး၏မျက်စိထဲတွင်ဈေးတန်းတစ်နေရာ၌ သူ့အားဝင်တိုက်သွားသည့်ကောင်လေးကိုပြန်လည်မြင်ယောင်လာ၏။ သူပဲ သူနှိုက်သွားတာဖြစ်မှာပဲ။

သွားပြီ၊ ပါသွားပြီ။ ဘယ်သူနှိုက်တာပဲဖြစ်ဖြစ် နာရီကတော့ပါသွားပြီ။ မိမိတစ်သက်လုံးထိန်းသိမ်းလာခဲ့သောကောင်းမြတ်သည့် ကိုယ်ကျင့်တရားကိုအဆုံးရှုံးခံကာရယူခဲ့သည့်နာရီကား ခါးပိုက်နှိုက်လက်ထဲသို့ပါသွားခဲ့ချေပြီ။

မတတ်နိုင်တော့ ဘာမှမတတ်နိုင်တော့။ ကိုမောင်စိုး၏မျက်လုံးအိမ်တွင်မျက်ရည်များရစ်ဝိုင်းလာ၏။ လောကဓံ၏ရိုက်နှက်ထုထောင်းချက်က ပြင်းထန်လွန်းလှချေကလား။

"တောက်"

ကိုမောင်စိုးထံမှ တောက်ခေါက်သံတစ်ချက်ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည်။ တောက်တစ်ချက်ခေါက်ပြီးနောက် ကိုမောင်စိုးသည်ဆိုင်ထဲမှ ချာခနဲလှည့်၍ထွက်သွားလေတော့သည်။

ဦးလောရုံတစ်ယောက်နားလည်ရခက်စွာဖြင့်ကျန်ရစ်ခဲ့တော့၏။

"ဒီလူကလည်း ကြောင်တောင်တောင်နဲ့၊ ဘယ်လိုလူလဲဟ"

ထွန်းခင်(သဇန်းကိုင်း)

# လက္ခဏာလမ်းကြောင်းများသည် ပြောင်းလဲတတ်သလော

[illegible]



လက်ဝါးပြင်ပေါ် မှလက္ခဏာလမ်းကြောင်းများသည် ပြောင်းလဲတတ်သလားဟုမေးလျှင် ပြောင်းလဲတတ်သည်ဟုသာဖြေရပါလိမ့်မည်။ ဤသို့ဖြေခြင်းမှာကျွန်ုပ်၏လက်ဝါးပြင်ပေါ် မှလက္ခဏာလမ်းကြောင်းများကို ဂရုစိုက်လေ့လာကြည့်ရင်း ကြုံတွေ့ရသောအတွေ့အကြုံကို ရေးခြင်းဖြစ်သည်။

ကျွန်ုပ်၏အစ်ကိုသည် ရန်ကုန်မြို့ရှိစက်ရုံတစ်ရုံတွင် အလုပ်လုပ်ခဲ့သည်။ တစ်နေ့တွင် သူနှင့်စက်ရုံမှာအတူအလုပ်လုပ်သူတစ်ဦးနှင့်အတူ ကျွန်ုပ်ထံရောက်ရှိလာခဲ့သည်။ ထိုညီသည်က ကျွန်ုပ်ထံတွင် လက္ခဏာကြည့်ရင်း နိုင်ငံခြားခရီးရှိမရှိမေးမြန်းသည်။

ညီသည်၏လက်ဝါးပြင်ကို စစ်ဆေးကြည့်ပြီးနောက် နိုင်ငံခြားခရီးကိုမတွေ့ကြောင်း ကျွန်ုပ်ကပြောလိုက်သည်။ ထို့နောက် ကာလအတော်ကြာသွားခဲ့သည်။ ကျွန်ုပ်၏အစ်ကိုက ထိုညီသည် နိုင်ငံခြားခရီးသွားရန်ရှိကြောင်း စက်ရုံမှ စေလွှတ်ခြင်းဖြစ်ကြောင်းပြောသည်။

တစ်နေ့တွင် ထိုညီသည်သည် အစ်ကိုနှင့်အတူ ကျွန်ုပ်၏နေအိမ်သို့ ရောက်လာပြန်သည်။ ထိုအခါညီသည်၏လက္ခဏာကိုပြန်လည်ကြည့်ရှုစစ်ဆေးလိုကြောင်း ကျွန်ုပ်ကတောင်းဆိုလိုက်သည်။

နိုင်ငံခြားခရီးကို ညွှန်ပြသောတနလ်ာဂြိုဟ်ခုံပေါ် မှလမ်းကြောင်းသည် ထူးဆန်းစွာပင် ယခုအခါ တွေ့မြင်ရလေသည်။ ယခင်က ကျွန်ုပ်လက္ခဏာကြည့်စဉ်မှာ မတွေ့ရပေ။ အခမဲ့လက္ခဏာဟောခြင်းဖြစ်၍သာ ကျွန်ုပ်သက်သာသွားခြင်းဖြစ်၏။ အခကြေးငွေ ယူခဲ့မည်ဆိုက ထိုသူ၏ရိုက်နှက်ခြင်း ခံရနိုင်ပေသည်။ လက္ခဏာလမ်းကြောင်းများ၏ ပြောင်းလဲဖြစ်ပေါ် တတ်သည့်သဘောကို ကျွန်ုပ်အတွက် သင်ခန်းစာတစ်ခုရရှိသွားစေခဲ့ပါသည်။

ဤသို့ဖြင့် လက္ခဏာလမ်းကြောင်းများကို သတိထားလေ့လာခဲ့ရာ ကျွန်ုပ်၏ညာဘက်လက်ဝါးပြင်ရှိအသက်လမ်းကြောင်းပြောင်းလဲမှုကို တွေ့မြင်ရသည်။ ထိုသို့ ပြောင်းလဲချိန်ကို အသက်လမ်းကြောင်းတစ်ခုလုံးအား အသက် (၁၀၀) နှစ်ဟုထားပြီး ခန့်မှန်းကြည့်ရာ အသက် (၇၀) နှစ်ခန့်တွင် အသက်လမ်းကြောင်း ပြတ်သွားသည်။ အသက်လမ်းကြောင်းအပြတ်သည် နံဘေးရှိ ကံလမ်းထဲသို့ ထိုးစိုက်ဝင်သွားလေသည်။ ပုံ (၂)

တစ်ဖန် ဝဲဘက် လက်ဝါးပြင်၏လက္ခဏာကို စစ်ဆေးကြည့်သောအခါတွင်လည်း ကျန်းမာရေးလမ်းကြောင်းသည် ကျွန်ုပ်၏အသက်(၇၀)နှစ်အရွယ်မှာပါ အသက်လမ်းကြောင်းကို ထိုးဖြတ်ပြီးနောက် သောကြာဂြိုဟ်ခုံထဲသို့ ဝင်ရောက်သွားသည်။ အခြေအနေသည် ညာလက်ဝါးပြင်မှ အားနည်းချက်ကို အထောက်အကူမပြုဘဲ ရေနှစ်သူဝါးကူထိုး ဟူသကဲ့သို့ရှိချေ၏။ ပုံ (၁)

ထိုအခြေအနေကို လက္ခဏာဟောချက်ထုတ်ရသော် ကျန်းမာရေးအခြေအနေဆိုးဝါးပြီး အသက်ကိုပင် အန္တရာယ်ပေးမည့်ပုံစံ ဖြစ်သည်။ ဤသို့ရှိလျှင် အသက်လမ်းကြောင်းနှင့်အပြိုင် ရှိနေတတ်သော အရံအသက်လမ်းကြောင်းသည် သောကြာဂြိုဟ်ခုံထဲမှာတွေ့မြင်ရလျှင် မေခလာနတ်သမီးအလားအားကိုးရာဖြစ်၏။ သို့သော် အရံအသက်လမ်းကြောင်းကို ဝဲယာလက်ဝါးနှစ်ဖက်လုံးမှာ အရိပ်အရောင်မျှမမြင်တွေ့ရခြင်းက ဆိုးဝါးလှသည်။



ပုံ-၁



ပုံ-၂

ထိုအခြေအနေကို(၃)နှစ်မျှအချိန်စော၍ ကျွန်ုပ်ကြိုတင်မြင်တွေ့နေရခြင်းဖြစ်၏။ ကံအကြောင်းမသင့်က ကျွန်ုပ်၏အသက်ခန္ဓာပျက်ကိန်း ဖြစ်ကြောင်းသဘောပေါက်သည်။ ကျွန်ုပ်သည် အသက် (၆၀) နှစ်ကျော် (၇၀) နှစ်နီးထိ ကျန်းမာရေးကောင်း၏။ ရောဂါမရှိသွေးတိုးမရှိကြောင်း ဂုဏ်ယူနေခဲ့သော်လည်း လက္ခဏာ၏ ကြိုတင်ပြသသောအရိပ်အကဲကြောင့် အတော်ကြောက်လန့်နေမိသည်။

သေဘေးနှင့်ကြုံသော် မည်သူမျှ သတ္တိမကောင်းနိုင်တော့ပေ။ ထို့ကြောင့် ပုထုဇဉ်ဖြစ်သောကျွန်ုပ်လည်း လူငယ်စကားနှင့်ဆိုရသော် အတော်ဖြုံနေ၏။ ထို့ကြောင့် လိုအပ်သောကိစ္စများကို ကြိုတင်ပြင်ဆင်ရလေသည်။

ဤသို့ပြင်ဆင်ရာတွင် ဒါန၊ သီလ၊ ဘာဝနာသုံးမျိုးဟန်ချက်ညီဖို့ လိုအပ်သည်။ ဒါနဟူသော ပေးကမ်းလှူဒါန်းခြင်းတွင် သံဃာတော်များ၊ အရုဏ်ဆွမ်းဘုဉ်းပေးရန် ဆွမ်းဆန်စိမ်းအလှူခံရာတွင် ဆွမ်းဆန်ထက် ဝတ္ထုငွေကြေးအနည်းငယ်သာ လှူအများလှူဒါန်းနေရာ ကျွန်ုပ်က တစ်ကြိမ်လှူဒါန်းလျှင် ဆွမ်းဆန်စိမ်းနို့ဆီဘူးတစ်ဘူးခွဲခန့်ကို တစ်နေ့လျှင်အလှူခံအဖွဲ့နှစ်ဖွဲ့အား ပုံမှန်လှူဒါန်းမှုပြုလုပ်သည်။

ပလက်စတစ်အိတ်နှစ်လုံးတွင် လှူဒါန်းမည့်အရာများကို အသင့်ထည့်ပြီး အိမ်တံခါးဝအနီးမှာ အသင့်ထားကာ အလှူခံအဖွဲ့တွင် လှူဒါန်းမှုပြုလုပ်နိုင်လေသည်။

သီလအရာတွင်ကား အခါကြီးရက်ကြီးများတွင် ယခင်ကဥပုသ်သီတင်းဆောက်တည်ပြီး (၉) ပါးသီလယူခြင်း၊ ဝါတွင်းကာလများတွင် သက်သတ်လွတ်စားခြင်းများပြုလုပ်ခဲ့ဖူးသည်။ ယခုကားရက်ရှည် ဥပုသ်စောင့်လိုသော်လည်း



ပုံ-၃

အသက်အရွယ်ကြီးရင့်ချိန်ရောက်နေ၍ အာဟာရအလို့ငှာအားကောင်းရန်ဥပုသ်စောင့် ညစာမစားခြင်းကို သားဆရာဝန်က တားမြစ်၍ (၉) ပါးသီလကိုမစောင့်ထိန်းနိုင်တော့ပါ။ (၉) ပါးသီလဖြင့်နေနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။

ထို့ကြောင့် (၅) ပါးသီလကိုကား မပျက်မကျိုးအောင် အထူးသတိထားရလေသည်။ ကံ (၅) ပါးမျှ မလုံခြုံလျှင်လည်း အိတ်ပေါက်နှင့်ဖားကောက်သည့်ပမာ အချိန်ကုန်အကျိုးမရှိဖြစ်စေနိုင်၏။ စရဏအားထုတ်မှုအပိုင်းတွင် မဟာသမယသုတ်ကို ကျွန်ုပ်၏အိမ်တွင်မိသားစုတစ်စုလုံးရွတ်ဆိုကြသည်။

ထိုသို့ရွတ်ဆိုကြခြင်းမှာ အကြောင်းရှိသည်။ ၂၀၀၈ ခုနှစ်၊ နာဂစ်လေမုန်တိုင်းကျရောက်စဉ် ကျွန်ုပ်၏သားငယ်သည် စင်ကာပူနိုင်ငံမှာသွားရောက်အလုပ်လုပ်ကိုင်စဖြစ်သည်။ (၇)နှစ်အကြာတွင် စင်ကာပူမှသားငယ်ပြန်ရောက်လာသည်။ အိမ်ထောင်ကျသည်၊ အလုပ်အကိုင်ကလုပ်နေသော်လည်း အဆင်မပြေလှပေ။

တစ်နေ့တွင် သားငယ်မောင်လပြည့်သည် နံနက်ပိုင်းမှာ နေအိမ်မှထွက်ခွာသွားသည်ကို သတိထားမိသည်။ ညနေမှ သူပြန်ရောက်လာသည်ကို တွေ့ရသည်။ နောင်အခါမှသိရှိရသည်မှာ သူ့မိတ်ဆွေအိမ်ကိုသွားရောက်ပြီး မဟာသမယသုတ်တော်ကို မိမိလက်ရေးဖြင့် သွားရောက်ကူးယူခြင်းဖြစ်ကြောင်း သိရလေသည်။

ထိုအချိန်မှစတင်၍ သားငယ်သည် မဟာသမယသုတ်ကို နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်လေသည်။ တစ်နေ့တွင် ရန်ကုန်မြို့ထဲမှမိတ်ဆွေကမင်္ဂလာဆောင်ကိစ္စသွားရန် သားငယ်ကို ကားမောင်းလာခဲ့ပေးဖို့ခေါ်၏။ ထိုမိတ်ဆွေသည် စင်ကာပူရှိစက်ရုံတွင် အတူတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကားနှင့်အတူသွားစဉ် မောင်လပြည့်အား အလုပ်အခြေအနေမေးမြန်းရင်း အဆင်မပြေကြောင်း သိရှိသွားသည်။ ထိုမိတ်ဆွေ စင်ကာပူသို့ပြန်ရောက်သွားစဉ် စက်ရုံမန်နေဂျာအား ပြောပြရာ မောင်လပြည့်အား ယခင်တာဝန်ထမ်းဆောင်ခဲ့သော စက်ရုံမှူလရာထူးအား ပြန်လည်ပေးအပ်သဖြင့် အဆင်ပြေသွားခဲ့လေသည်။ ယခုအချိန် စင်ကာပူအလုပ်ရခြင်းကား အလွန်ကောင်းလှ၏။

ထိုအချိန်မှစတင်၍ ကျွန်ုပ်တို့အိမ်မှာမဟာသမယသုတ်ကို ကျွန်ုပ်လည်း ယခုအခါရွတ်ဖတ်ပူဇော်လာခဲ့သည်။

ထိုမျှဖြင့် လုံလောက်မှုမရှိဟုယူဆသဖြင့် အသက်ရှည်ခြင်းကို အထောက်အကူပြုသည်ဟု နောက်ခံဇာတ်လမ်းဖြင့်ထင်ရှားလူသိများသော ရှင်အရဟံ ပုတီးစိပ်ဂါထာကိုလည်း တစ်နေ့လျှင် (၁၀၈)ခေါက်ရွတ်ဖတ်ပူဇော်လာခဲ့သည်။

ဤသို့ဖြင့် ကျွန်ုပ်၏အသက်လည်း (၇၀)နှစ်ထဲရောက်ရှိလာခဲ့သည်။ ကျန်းမာရေးကောင်းမွန်ကြောင်း ဝင့်ကြွားခဲ့သော ကျွန်ုပ်မှာချာချာလာခဲ့သည်မှာ သိသာလှ၏။ နာစေး၊ ချောင်းဆိုးဟူသော အာဂန္တုရောဂါလောက်ကတော့ ရာသီဥတုအကူးအပြောင်းမှာ ဖြစ်မြဲရောဂါအသေးအဖွဲ့မျှသာ ဟုသတ်မှတ်နိုင်သည်။

ထိုအသေးအဖွဲ့ရောဂါအပြီး အစားများရာမှ ဗိုက်အောင့်လာသည်။ တစ်စတစ်စနှင့်ပိုဆိုးလာသဖြင့် နယ်ဝေးရောက်နေသော သားဆရာဝန်ကိုအသိပေးလိုက်ရာ သူပြောပြသောဆေးဝါးကို ဝယ်စားပြီး အဆင်ပြေသွားသည်။ ထို့နောက်တစ်ဆင့်တက်လာသည်ကညနေပိုင်းမှာအဖျားတက်နေခြင်း ဖြစ်သည်။ ထိုအဖျားရောဂါက လူကို အတော်ဒုက္ခပေးသည်။

ငယ်စဉ်တုန်းက ငှက်ဖျားရောဂါဖြစ်ခဲ့ဖူးသဖြင့် ထိုစဉ်က ရောဂါခံစားရပုံနှင့်တူညီနေသည်ကို စိတ်ထဲမှာသဘောပေါက်နေ၏။ မည်သို့ဆေးစားရမည်ကိုလည်းသိနေသည်။ တစ်ခုပြီးတစ်ခုရောဂါရနေရာသားဆရာဝန်လည်းလေကြောင်းလိုင်းများပိတ်ထား၍ ပြန်မလာနိုင်သဖြင့် ငှက်ဖျားဆေး ကလိုရိုကွင်းကို ဆေးဆိုင်မှာ ရှာဝယ်စားလိုက်ပြီး သက်သာသွားလေသည်။

ဤမျှဖြင့် မကောင်းသောဘေးဆိုးအန္တရာယ်များရပ်တန့်သွားသော်ကောင်းလေစွ။ သို့သော် ကံဆိုးမိုးမှောင်သည် သူတစ်ဦးတည်းမလာ၊ အပေါင်းအသင်းကိုခေါ်လာတတ်သည်ဟူသောဆိုရိုးစကားပုံအတိုင်းဖြစ်လာသည်။

နောက်ဆုံးရောဂါကြီးက လူအများသိကြသည့်အတိုင်း ကိုဗစ် (၁၉) ကမ္ဘာ့ကပ်ဆိုးရောဂါကြီးဖြစ်သည်။ ထိုရောဂါကြီးဝင်ရောက်မှုနောက်စဉ် သားနှစ်ယောက်လုံးသူတို့မိသားစုကိုယ်စီဖြင့် မိဘနေအိမ်ပေါ် ရောက်ရှိနေစဉ် ဖြစ်သည်။ သူလည်းခေတ်အခြေအနေကြောင့်အလုပ်ကိုပစ်ပြီး ပြေးလာခဲ့သည်။

သားဆရာဝန်၏ဇနီး ကလေးမီးဖွားချိန်သည် ကိုဗစ်ကြောင့် လူသေဆုံးမှု အများဆုံးအချိန်ဖြစ်နေသည်။ ရှောင်မရသော ရောဂါကြီးက သားဆရာဝန်၏ မိသားစုအတွင်းဝင်မွှေသည်။ မွေးကင်းစကလေးပါရောဂါရသည်။သား၏ဇနီးနှင့် ကလေးသာမက ယောက္ခမနှင့်ခယ်မပါ ရောဂါရပြီး အိမ်ပေါ်ထပ်မှာ ကိုယ်တိုင်ဆေးကုသမှု ပေးရသည်။

ထိုအချိန်ကားရေဝေးသုသာန်တွင် မီးသဂြိုဟ်၍မနိုင်အောင် ဖြစ်နေချိန်ဖြစ်သည်။ဝင်းထရံသာခြားသော ခေါင်းရင်းအိမ်က အဘိုးကြီးလည်း သေဆုံးသွားသည်။ ကျွန်ုပ်တို့အိမ်မှာလည်း ကိုဗစ်ရောဂါရသူများ တဖြည်းဖြည်းပြန်လည်သက်သာလာသည်။ အောက်စီဂျင်အိုးများ အသင့်ဆောင်ထားသော်လည်း အောက်စီဂျင်ပေးရသောအဆင့်ကိုမရောက်လိုက်ကြပါ။

ကိုဗစ်ရောဂါ အတော်လေးလျော့နည်းလာချိန်မှ သားငယ်နှင့်ကျွန်ုပ်၏ဇနီးဒေါ် အေးအေးတို့ ကိုဗစ် (Postive) ဖြစ်လိုက်ကြသေးသော်လည်း ကျွန်ုပ်ကား ကိုဗစ်ရောဂါမရလိုက်သောကံထူးရှင်ဖြစ်သွားခဲ့ပါသည်။

ဤအချိန်တွင်ကျွန်ုပ်၏လက္ခဏာလမ်းကြောင်းများကို ပြန်ကြည့်မိပြီး အလွန်အံ့ဩသွားစေခဲ့သည်။ ယာဘက်လက်ဝါးပြင်မှပြတ်တောက်ပြီး ကံလမ်းကြောင်းထဲစိုက်ဝင်နေခြင်း မတွေ့မြင်ရတော့ပါ။အသက်လမ်းကြောင်းပြန်ဆက်နေသည်။ ကံလမ်းကြောင်းလည်း အသက်လမ်းကြောင်းနှင့်ဘေးခြင်းယှဉ်လျက်တွေ့မြင်ရသည်။ ပုံ (၃)

လက်ဝါးပြင်မှ လက္ခဏာလမ်းကြောင်းများ၏ပြောင်းလဲမှုကိုသတိထားစောင့်ကြည့်လေ့လာလျှင် တွေ့မြင်ရတတ်သည်။ မကောင်းသောပြောင်းလဲမှုအတွက် ကြိုတင်ပြင်ဆင်ခွင့်ရနိုင်သည်။ အသက်ကိုဉာဏ်စောင့်၊ဥစ္စာကိုကံစောင့်၏ဟု ဆိုရိုးရှိ၏။

အသက်ရှည်အောင်ဉာဏ်ကိုလွှာသုံးစွဲခြင်းဖြင့် လူသားအားလုံးကျန်းမာစွာဖြင့် သက်တမ်းပြည့်အောင်နေသွားနိုင်ကြပါစေ။

**စာကြွင်း။ ။**

ရှင်အရဟံပုတီးစိပ်ဂါထာ ပါဠိသည် ကျွန်ုပ်စတင်ရွတ်ဖတ်စဉ်က(၅)ပိုဒ်သာရှိသည်။ နောက်ပိုင်းတွင် ဤသူရဿမဂ္ဂဇင်းမှဆောင်းပါးတွင် ပါဝင်သော (၇)ပိုဒ်က ပိုမိုပြည့်စုံကောင်းမွန်၍ ထိုဆောင်းပါးအတိုင်း ရေးသားလိုက်ပါသည်။

**ရှင်အရဟံ ပုတီးစိပ် (၇) ပိုဒ်ပါဠိ**

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊

၃။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊

၅။ စက္ကဝါဠေသု အနန္တေသု၊ အာကာသေ အနန္တေ တထာ၊
သတ္တနိကာယာ အနန္တာစ သမ္ဗုဒ္ဓါ ဉာဏ အနန္တာ၊

၆။ အနန္တံ ဗလဝံ ဗုဒ္ဓံ အနန္တံ ဝေါစရံ
ဓမ္မံ အနန္တအရိယံ ဖဂ္ဂဋ္ဌာန်ဖလဋ္ဌာန်
သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ၊

၇။ အာဂစ္ဆေ ယျ သဗ္ဗေဒေဝါ
အာယုဝဏ္ဏော သုခံဗလံ
သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ
ဇယတေဇာ ဒသဒိသာ
ဘဝတု မမ သဗ္ဗဒါ။

၁။ **ဗုဒ္ဓံ**-မြတ်စွာဘုရားကို၊ **သရဏံ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**- ဆည်းကပ်ပါ၏။ **နာမရူပံ**-နာမ်ရုပ်သည်၊ **အနိစ္စံ**- အမြဲမရှိ၊ **ဒုက္ခံ**-ဆင်းရဲ၏။ **အနတ္တာ**- အနှစ်ကင်းပအစိုးမရ။

၂။ **ဓမ္မံ**- တရားတော်မြတ်ကို၊ **သရဏံ**- ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**-ဆည်းကပ်ပါ၏။

**နာမရူပံ**- နာမ်ရုပ်သည်၊ **အနိစ္စံ**- အမြဲမရှိ၊ **ဒုက္ခံ**- ဆင်းရဲမရှိ၊ **အနတ္တာ**- အနှစ်ကင်းပအစိုးမရ။

၃။ **သံဃံ**- သံဃာတော်မြတ်ကို **သရဏံ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**-ဆည်းကပ်ပါ၏။

**နာမရူပံ**- နာမ်ရုပ်သည်၊ **အနိစ္စံ**- အမြဲမရှိ၊ **ဒုက္ခံ**- ဆင်းရဲ၏။ **အနတ္တာ**- အနှစ်ကင်းပအစိုးမရ။

၄။ **ဗုဒ္ဓံ**- မြတ်စွာဘုရားကို၊ **သရဏံ** -ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**-ဆည်းကပ်ပါ၏။

**ဓမ္မံ**-တရားတော်မြတ်ကို၊ **သရဏံ** ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**- ဆည်းကပ်ပါ၏။

**သံဃံ**-သံဃာတော်မြတ်ကို **သရဏံ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**- ဆည်းကပ်ပါ၏။

**နာမရူပံ**- နာမ်ရုပ်သည်၊ **အနိစ္စံ**- အမြဲမရှိ၊ **ဒုက္ခံ**- ဆင်းရဲ၏၊ **အနတ္တာ**- အနှစ်ကင်းပအစိုးမရ။

၅။ **အနန္တေသု**-အဆုံးအပိုင်းအခြားမရှိသော၊ **စက္ကဝါဠေသု**-စကြဝဠာတိုက်တို့၌လည်းကောင်း၊

**တထာ**- ထို့မှတစ်ပါး၊ **အနန္တေသု**-အဆုံးအပိုင်းအခြားမရှိကုန်သော၊ **အာကာသေ**- အာကာသေ၊ **သုစ**- ကောင်းကင်တို့၌လည်းကောင်း၊ **သတ္တနိကာယာ**- သတ္တဝါတို့သည်လည်း၊ **အနန္တာ**-အပိုင်းအခြားမရှိကုန် **သမ္ဗုဒ္ဓါစ**- သစ္စာသိမြင် ဘုရားရှင်တို့သည်၊ **ဉာဏအနန္တာ**- အပိုင်းအခြားမရှိကုန်သော ဉာဏ်တော်ရှိကြကုန်၏။

၆။ **ဗလဝံ**- အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့်ပြည့်စုံသော **ဗုဒ္ဓံ**- မြတ်စွာဘုရားသည်၊ **အနန္တံ**- အတိုင်းမသိတန်ခိုးတော်ကြီးမြတ်လှပါပေ၏။**အရိယ**- အရိယာဖြစ်သော၊ **ဖဂ္ဂဋ္ဌာန်ဖလဋ္ဌာန်**- ရှစ်တန်ထင်ပေါ်၊ **သံဃံ**- သံဃာတော်မြတ်သည်၊ **အနန္တံ**-အတိုင်းမသိတန်ခိုးတော်ကြီးမြတ်လှပါပေ၏။

**ဗောဓိမုတ္တမံ**- မြတ်သော၊ **ဗောဓိ**- ဉာဏ်သည်၊ **အနန္တံ**- အတိုင်းမသိတန်ခိုးတော်ကြီးမြတ်လှပေ၏။

၇။ **သဗ္ဗေ**- ခပ်သိမ်းကုန်သော **ဒေဝါ**- နတ်တို့သည်၊ **အာဂစ္ဆေယျ**-စောင့်ရှောက်ရန်လာပါစေကုန်သတည်း။

(**အာရက္ခန္တု**- ကျွန်ုပ်အား စောင့်ရှောက်ကြပါစေကုန်သတည်း)

ဤကဲ့သို့စောင့်ရှောက်ခြင်းကြောင့် အကျွန်ုပ်သည်၊ **အာယု**- အသက်ရှည်ခြင်း၊ **ဝဏ္ဏော**- အဆင်းလှခြင်း၊ **သုခံ**- ချမ်းသာကြီးခြင်း၊ **ဗလံ**- ကိုယ်အားဉာဏ်အားကြီးခြင်း၊ **သဗ္ဗသိဒ္ဓိ**- အလုံးစုံပြီးမြောက်ခြင်း၊ **မဟိဒ္ဓိကာ**- ကြီးသောတန်ခိုးရှိခြင်း ဖြစ်ပါစေသတည်း။

**ဒသဒိသာ**- အရပ်ဆယ်မျက်နှာမှ၊ **ဘယံ**- ဘေးဟူသမျှကို၊ **ဇယတေဇာ**- ဘုန်းတန်ခိုးအားဖြင့် အောင်မြင်သူဖြစ်ခြင်းသည်လည်းကောင်း၊ **မမ**- အကျွန်ုပ်အား၊ **သဗ္ဗဒါ**- နေ့ရောညပါ ဘယ်ခါမပြတ်အခါခပ်သိမ်း၊ **ဘဝတု**-တောင့်တတိုင်းပြည့်စုံပါစေသတည်း။

အောင်ဆန်းလင်း(ဘီ-အေ)

**ကိုးကား**

'ရှင်အရဟံပုတီးစိပ်မှုကဲ့ ဘယ်နှစ်မျိုးရှိပါလိမ့်'ဆောင်းပါး ကိုကြီးကောင်း သူရဿမဂ္ဂဇင်း၊ ၂၀၂၂- ခုနှစ်၊ ဩဂုတ်လ

# ပူတာကိုအေးစေပြီး အေးတာကိုပူစေတတ်သည်

## ကိုကိုသက်(ရေနံ)

ပူတာကိုအေးစေပြီး၊ အေးတာကို ပူစေတတ်သည့် ဂုဏ်ရှိသောတိုင်းရင်းဆေးတစ်မျိုးမှာ နနွင်းပင်ဖြစ်ပါသည်။ နနွင်းသည် နေရာအတော်များများတွင် အမျိုးစုံသုံးစွဲ၍ရသော ပရဆေးတစ်မျိုးလည်းဖြစ်ပါသည်။

မြန်မာ့ဟင်းလျာတို့တွင် နနွင်းမပါသည့်ဟင်းဆိုသည်မှာ မရှိသလောက်ရှားပါသည်။ မတော်တဆထိခိုက်မိလို့ အကြောအဆစ် ရောင်ရမ်းသည့်အခါ ထုံးနှင့်နနွင်းဖျော်လိမ်းပေးလေ့ရှိပါသည်။ မီးဖွားသည့်မီးနေသည်တွေကို နနွင်းတိုက်ပေး၊ လိမ်းပေးလေ့ရှိပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့အနေဖြင့် နနွင်းနှင့်မကင်းဘူးဟုဆိုနိုင်ပါသည်။

သွားဖုံးရောင်ခြင်း၊ သွားနာခြင်၊ ကိုက်ခဲခြင်းတို့အတွက်နနွင်းမှုန့်ကိုရေနွေးနှင့်ဖျော်ပြီး ငုံပေးရပါမည်။ ဆားအနည်းငယ်ထည့်ပြီးသောက်ပေးလျှင် ပိုကောင်းပါသည်။ သွား၏အရင်းမှာ သန့်ရှင်းစင်ကြယ်သည့် နနွင်းမှုန့်အနည်းငယ်ဖိသိပ်ပေးရင်လည်းချက်ချင်းဆိုသလိုသက်သာစေပါသည်။

အိမ်သုံးနနွင်း၏ဆေးဖက်ဝင်ပုံတို့မှာအမျိုးမျိုးအဖုံဖုံပင်ဖြစ်ပါသည်။ မြန်မာ့ဆေးကျမ်းများအလိုအရ နနွင်းသည်ပူပြီးစပ်ရှရှအရသာရှိပါသည်။ ခါးသက်ပြီးစိမ့်သည့်အရသာအနည်းငယ်ရှိပါသည်။ အသားအရေကိုကြည်လင်စေပြီး ပူသည့်ဂုဏ်သတ္တိရှိပါသည်။ လေကိုနိုင်ပြီး ဝမ်းမီးကိုတောက်စေသည့်အတွက် အစာမကြေရောဂါကိုပျောက်ကင်းစေပါသည်။

နနွင်း၏အခြားတိုင်းရင်းဆေးပစ္စည်းတို့နှင့်မတူသည့်ထူးခြားသောဂုဏ်သတ္တိတစ်ခုမှာ-

'ပူတာကိုအေးစေပြီး အေးတာကိုပူစေတတ်သည့်ဂုဏ်'

ပဲဖြစ်ပါသည်။ အာယုဗ္ဗေဒဆေးပညာအနေဖြင့် နနွင်းကိုယားနာအမျိုးမျိုး၊ နူနာတို့ကိုကုသရာတွင် အဓိကသုံးကြပါသည်။ ထို့အပြင် အသားဝါရောဂါ၊ အဖောရောဂါ၊ အရေပြားရောဂါတို့ကိုပျောက်ကင်းစေပါသည်။

ကိုယ်ဝန်ဆောင်စဉ်မှာ ဖျားတာ၊ သားဖွားပြီး သွေးတက်ခြင်း၊ သွေးပုပ်ကျန်ခြင်း၊ သွေးမသန့်ခြင်း၊ မီးယပ်ထုံကျဉ်ချည့်နဲ့ခြင်း၊ မီးယပ်ဖောခြင်း၊ သားမြတ်ကိုက်ခြင်းများအတွက် နနွင်းကိုလိမ်းပေး မှိုင်းရှူပေး၊ တိုက်ကျွေးပေးဖို့လိုအပ်ပါသည်။ နနွင်းနှင့်သကြားဆတူရောလို့ အနာအို၊ အနာဆွေးထိခိုက်ရှနာဒဏ်ရာတို့တွင်ထည့်လျှင်အနာမရင်းဘဲအကျက်မြန်စေပါသည်။

အကျိတ်အဖုတို့ဆိုလျှင် နနွင်းနှင့်ထုံးကိုဆတူစပ်ပြီးလိမ်းပေးသင့်ပါသည်။ နုလျှင်ပိန်သွား၊ ရင့်လျှင်အဖုအကျိတ်တို့ပေါက်ထွက်ကာသက်သာစေပါသည်။ ပြည်တည်ပြည်မြစ်ရှိလျှင် စုပ်ယူနိုင်သည့်အာနိသင်လည်းရှိပါသည်။

သားဖွားသည့်မိခင်တို့အနေနှင့် နနွင်းမှုန့်သန့်သန့်လေးကို ကော်ဖီဇွန်းတစ်ဇွန်းခန့်ထည့်၊ တစ်နေ့နှစ်ကြိမ်၊ နှစ်ပတ်တိတိသောက်သုံးပေးလျှင် တစ်သားမွေးတစ်သွေးလှဆိုသည့်အတိုင်း သွေးသားသန့်စင်ပြီး အသားအရေကြည်လင်ဝင်းပလာမည်ဖြစ်ပါသည်။

သန့်စင်ပြီးနနွင်းမှုန့်ကို မီးယပ်လိမ်းဆေးနှင့်တွဲဖက်၍ဖြစ်စေ၊ နံ့သာဖြူနှင့်ဖြစ်စေ၊ လိမ်းပေးလျှင်ပိုကောင်းပါသည်။ မီးယပ်ထုံကျဉ်ခြင်း၊ ချည့်နဲ့ခြင်း၊ သွေးဆုံးကိုင်ခြင်းတို့အတွက် နနွင်းကိုအသုံးပြုခြင်းတို့ပင်ဖြစ်ပါသည်။

နနွင်းမှုန့် ကော်ဖီဇွန်းတစ်ဝက်ကို သကြားသင့်ရုံစပ်၍ တစ်နေ့သုံးကြိမ်၊ (၁၀) ရက်တိတိဆန်ဆေးရည်နှင့်သောက်ပေးလျှင် ဆီးကျောက်တည်ရောဂါသက်သာပျောက်ကင်းစေပါသည်။

အိမ်သုံးနနွင်းမှုန့်သည် သွေးကိုစင်ကြယ်စေသည်။ သွေးသားသန့်ရှင်းစေသည်။ ထို့ကြောင့် သွေးသားမသန့်၍ သွေးဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်လာသည့်ရောဂါများကိုတိုင်းရင်းဆေးသမားတော်ကြီးများအနေဖြင့် တညီတညွတ်တည်းကုသကြသည်ကိုတွေ့ရပါသည်။

မြန်မာနိုင်ငံ တချို့ဒေသတို့က မိန်းကလေးများမှာ သနပ်ခါးလိမ်းသည့်အခါ နနွင်းကိုရောပြီးလိမ်းကြပါသည်။ ထိုသို့လိမ်းခြင်းအားဖြင့် မကောင်းသည့်ရေ၊ လေတို့ကြောင့်ဖြစ်သည့်ရောဂါတို့ မဖြစ်အောင်ကာကွယ်ပေးနိုင်ပြီး မှက်ခြင်တို့ကိုက်ခြင်းကလည်း ကာကွယ်ပေးနိုင်ပါသည်။ အိမ်သုံးနနွင်းမှုန့်သည် လူကိုအလွန်ကျေးဇူးပြုသည့်အတွက်ကျွန်တော်တို့၏ဘိုးဘွား၊ မိဘများသည် နနွင်းမှုန့်ကိုနေ့စဉ်စားသုံးကြစေဖို့ ရည်ရွယ်ခဲ့ပါသည်။

တိုင်းရင်းဆေးပညာတွင် အိမ်သုံးနနွင်းမှုန့်ကို ငန်းဆေး၊ မန်းဆေး၊ မျက်စိဆေး၊ ဒူလာမီးယပ်ဆေး၊ လိမ်းဆေး၊ မှိုင်းဆေးစသည်ဖြင့် အမျိုးမျိုးအဖုံဖုံသုံးစွဲကြပါသည်။

မျက်နှာမှာ တင်းတိပ်၊ ညှင်း၊ ဝက်ခြံပေါက်ခဲ့မည်ဆိုလျှင် နနွင်းနှင့်နှမ်းဆီကိုရောပြီးခပ်ပါးပါးလိမ်းကျံပေးပါ။နေ့စဉ်ရက်ဆက်လုပ်ပေးလျှင်(၁၀)ရက်အတွင်းသက်သာပျောက်ကင်းသွားပါမည်။

အရေပြားပေါ်မှာယားယံခြင်းဖြစ်ခဲ့လျှင် နနွင်းမှုန့်ကိုသနပ်ခါးနှင့်ရောစပ်ကာမပျစ်မကျဲလိမ်းပေးလျှင် တဖြည်းဖြည်းသက်သာသွားပါလိမ့်မည်။

နှာစေးနေသူ၊ မကြာခဏနှာချေသူများမှာ နနွင်းကိုမီးခဲပေါ်တင်ရှူပေးခြင်း၊ မြန်မာ့အိမ်သုံးနနွင်းမှုန့်၊ ကော်ဖီ (သို့) နွားနို့ပူပူ၌ သကြားအနည်းငယ်ထည့်၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပေးခြင်းဖြင့် နှာစေးခြင်းပျောက်ကင်းသွားပါမည်။

အိမ်သုံးနနွင်းမှုန့်၊ ကော်ဖီ၊ ဆားအနည်းငယ်ရောပြီးရေနွေးနွေးနှင့်သောက်ပေးမည်ဆိုပါကလည်း နှာစေးနေသူကိုသက်သာစေပါသည်။အစာအိမ်အတွက်နနွင်းနှင့်ပျားရည်ပါသည့်အတွက်အန္တရာယ်မရှိနိုင်ပါ။

ဖော်စပ်၍စားမည်ဆိုလျှင် နနွင်းဥကိုပါးပါးလှီးပြီး နေရိပ်မှာခြောက်သွေ့စေပြီး ထိုနနွင်းကိုအမှုန့်ပြုကာ ကော်ဖီ၊ ပျားရည်နှင့်တစ်နေ့ (၃) ကြိမ် (ကော်ဖီပန်းကန်နှင့်)သောက်သုံးပေးပါလျှင်အစာအိမ်နာသိသိသာသာ ပျောက်ကင်းပါမည်။ လေးလတိတိစွဲစွဲမြဲမြဲသောက်သုံးရန်လိုအပ်ပါသည်။

လွန်ခဲ့သည့် (၃) လခန့်က မိတ်ဆွေတိုင်းရင်းဆေးဆရာကြီး ဦးခင်မောင်သန်း ကျွန်တော့်အိမ်သို့လာလည်စဉ် တစ်နာရီခန့်စကားတဝကြီးပြောကြားရာတွင် အိမ်သုံးနနွင်းမှုန့်သည် တိုင်းရင်းဆေးနာမည်ကြီးဖြစ်ကြောင်း သူကပြောပြခဲ့သည်။ ဦးခင်မောင်သန်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ဒီစာမျက်နှာမှတစ်ဆင့်တင်ပြလိုက်ရပါသည်။

ကိုကိုသက်(ရေနံ)

# ကောင်းကျိုးပေးမြှား တစ်နေ့တာကာလပေးမည့် ဆောင်ရန်(ဂါထာတော်)

၂၀၂၃ ခုနှစ် ဩဂုတ် လ

ဩဂုတ်လ ၁ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်ကအစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'မဲ့ပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊၈)။ လာဘ်နေအရပ်ကတောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၃ ရက်၊ ကြာသပတေးနေ့-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်ကမြောက်။ လာဘ်အရောင်ကအနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၄ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၇) လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်ကအဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့တောင်ဘက်လှည့်၍ 'အရဟံ ဇိနော' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၅ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊၀)။ လာဘ်နေရပ်က အနောက်တောင်။ လာဘ်အရောင်ကအဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၆ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၇ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊၈)။ လာဘ်နေအရပ်ကအနောက်။ လာဘ်အရောင်ကပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍'သုဂတော' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၈ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၉၊၀)။ လာဘ်နေအရပ်ကအရှေ့တောင်။လာဘ်အရောင်အဝါရောင်။အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'မဲ့ပူဇေမိ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၉ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊၈)။ လာဘ်နေအရပ်ကတောင်။ လာဘ်အရောင်ကလိမ္မော်ရောင်။အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့မြောက်ဘက်လှည့်၍'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၁၀ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်ကအဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၁၁ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၇၊၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်ကအနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထအရှေ့တောင်ဘက်လှည့်၍'အရဟံ ဇိနော' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၁၂ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်အပြာရောင်။အကျိုးပေးနေ့သားတနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထတောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

ဩဂုတ်လ ၁၃ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၈၊၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်ကအစိမ်းရောင်။ အကျိုးပေးနေ့သားတနင်္လာ၊ သောကြာ။ တစ်

နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအနောက်ဘက်လှည့်၍'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၄ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊၉)။ လာဘ်နေအရပ်ကအနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၅ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၉၊၀)။ လာဘ်နေအရပ်ကအရှေ့တောင်။လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မပူဇေမိ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သားတနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၇ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်ကမြောက်။ လာဘ်အရောင်ကအပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၈ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်ကအဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍'အရဟံဇိနော' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၉ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၈၊၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၀ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၇၊၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၁ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၂ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၇၊၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်ကအစိမ်းရောင်။အကျိုးပေးနေ့သားအင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မပူဇေမိ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉)ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၄ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်ကမြောက်။ လာဘ်အရောင်ကအဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၅ ရက်၊ သောကြာနေ့**-လာဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သားအင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့တောင်ဘက်လှည့်၍'အရဟံဇိနော' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၆ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၈၊၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်ကအစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၇ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်ကအနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍'ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၈ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊၀)။ လာဘ်နေအရပ်ကအနောက်။ လာဘ်အရောင်ကခရမ်းရောင်။ အကျိုးပေးနေ့သားတနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၉ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊၉)။ လာဘ်နေအရပ်ကအရှေ့တောင်။လာဘ်အရောင်ကအပြာရောင်။ အကျိုးပေးနေ့သားတနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအနောက်တောင်ဘက်လှည့်၍ 'ဓမ္မပူဇေမိ' (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်ကအဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရောပုရိသဒမ္မသာရထိ' (၉) ခါရွတ်ဆိုပါ။


**ဩဂုတ်လ ၃၁ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်ကမြောက်။ လာဘ်အရောင်ကအဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါရွတ်ဆိုပါ။

*ဆရာ့ကျေးဇူးအထူးအောက်မေ့လျက်။*

ဒေါ်ခင်စံသူ (B.Sc)

# စဉ်းစားပြီးမှလုပ်သင့်တဲ့ ယတြာအတွက် သူရဲ့လက်ဆောင်

## ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)



ကျန်းမာရေးနဲ့ပတ်သတ်လာရင် ကျန်းမာချင်ကြတဲ့ သူချည်းပါပဲ။

ဘယ်သူမှ ကျွန်တော်တော့ နေမကောင်းရင်အရမ်းပျော်တာပဲတို့၊ ချူချာတာပဲကြိုက်တာတို့၊ မစားနိုင်မသောက်နိုင်ရောဂါစွဲလာရင် စိတ်ကိုချမ်းသာ[illegible] တာပဲတို့ ဘယ်သူမှမရှိပါဘူး။ကပ်ရော[illegible] မျိုးတွေဖြစ်လာပြန်ရင်လည်း ပျော[illegible] လိုက်တာဆိုတာ မရှိပါဘူး။

ဒီတော့ ကျန်းမာရေး[illegible] ဂရုတစိုက် နေနေကြတဲ့ကြား[illegible] တစ်ခါတစ်ခါ ချူချာလာရင်နေ[illegible]င်းနိုင်မယ့် အကြော[illegible]ကို စဉ်းစားမိကြပါတော့တယ်။[illegible]ပါးပစ္စည်းတွေ တတ်ကျွမ်းနာ[illegible]ည်တဲ့ ဆေး[illegible]ညာရှင်ကြီးတွေ၊ [illegible]ပေးနိုင်တဲ့ပညာရှင်တွေ အစစအ[illegible]ရာ ချဉ်းကပ်ကြ[illegible]ပါတော့တယ်။ အဲဒီအထဲမှာမှ လောကီပညာရပ်[illegible]ကျန်းမာရေးကို ကောင်းချင်ကြသူ[illegible]လည်း များစွာရှိကြပါတယ်။ ဒါလည်း အ[illegible]ထောက်အကူတစ်ခုအနေနဲ့ ထိရောက်[illegible]တွေ ရှိပါတယ်။ တကယ်လည်း လော[illegible] ပညာရပ်တွေကြောင့် ဆေးမတိုးသူ[illegible] ဆေးတိုးပြီး နေကောင်းသွားကြတာတွေ၊ ကျန်းကျန်းမာမာ ဖြစ်သွားကြသူတွေ အများကြီး မရေမတွက်နိုင်အောင် [illegible]လက်တွေ့ထင်ရှားရှိနေပါတယ်။ ဒါ[illegible]ကြောင့်မို့ ကိုယ့်ဂုဏ်ဇာတာကို မေးကြမြန်းကြပြီဆိုရင် စီးပွားရေးပဲဖြစ်ဖြစ် လူမှုရေးပဲဖြစ်ဖြစ် မေးပြီးကြတာနဲ့ ကျန်းမာရေးက ဒီနှစ်ထဲမှာ[illegible]ဆိုး[illegible]ဝါးဝါးများ ရှိလားဆိုပြီး သိချင်တဲ့မျက်နှာလေးတွေနဲ့

မေးကြလေ့ ရှိပါတယ်။

လောကီပညာရပ်တွေကို အမှန်တကယ် ထိထိရောက်ရောက် သင်ကြားတတ်မြောက်လာတဲ့ ပညာရှင်ဆရာ၊ ဆရာမတွေကို ခုနလိုမေးခွန်းမျိုးမေးမိတဲ့သူဆို တော်ပါသေးရဲ့၊ ဘာပညာမှမယ်မယ်ရရမသင်မတတ်ဘဲ အောင်မြင်နေကြသူတွေကိုကြည့်ပြီး ဖွတ်အတင်းတိုးဝင် ပေါ်ပင်လုပ်စားတဲ့လူမျိုးဆီမှာ သွားမေးမိလို့ကတော့ ဟာ-ရှိတာပေ့ါ။ခင်ဗျားဒီနှစ်ထဲမှာ ကျန်းမာရေးတော်တော်ထိခိုက်သွားမှာ ရှိကိုရှိနေတယ်ဆိုပြီး လုပ်ပါလိမ့်မယ်။ ဘယ်လောက်ထိ ဆိုးသွားနိုင်လဲ ဆရာဆိုရင် အင်း-ကျုပ်မပြောချင်ဘူးဗျာဆိုပြီး လုပ်လိမ့်မယ်။ ပြောပါဆရာရယ်လို့ အထပ်ထပ်မေးလာရင် ခင်ဗျားသားအိမ် ဒုက္ခပေးတော့မယ်တို့၊ ခင်ဗျား နှလုံးသွေးကြော ဒုက္ခပေးတော့မယ်တို့၊ ခင်ဗျားကျောက်ကပ်၊ ခင်ဗျားအဆုတ် အဲ့ဒါတွေကြောင်ဒုက္ခဖြစ်တော့မယ့်ကံ ကျုပ်ဒီမှာ မြင်နေလို့ ဘယ်လိုပြောရမှန်းမသိဖြစ်နေတယ် ဆိုပြီး သူကပါ ကိုယ့်အတွက်စိတ်ပူပေးသလိုလို ပြောပါလိမ့်မယ်။ တချို့က ဟာ-ခင်ဗျား Accident ဖြစ်ဖို့ ကျုပ်အာရုံမှာလာတွေ့နေပါလား၊ စိတ်မကောင်းလိုက်တာဗျာ ဆိုပြီး ပြောပါလိမ့်မယ်။ ကယ်ပါဦးဆရာရယ် ဆိုလိုက်တာနဲ့အသက်ကယ်ပွဲဆိုပြီး ပွဲတွေထိုးဖို့ အနည်းဆုံးသုံးသိန်း၊ ငါးသိန်း စတော့တာပါပဲ။ အသက်ကို ဆက်ပေးမယ် လုပ်ကြတော့တာပါပဲ။

အသက်ဆက်နိုင်တယ်ဆိုတော့ တကယ့်ကိုတန်ခိုးရှင်တွေဖြစ်ကုန်ပြီ၊ လူတစ်ယောက်ရဲ့ကံတရားကို ပြန်တီးနိုင်တယ်ဆိုတာ ပေ့ါသေးသေးမဟုတ်ဘူး။ အတိတ်ကပါလာတဲ့ကံကို ဆက်ပေးနိုင်တယ်ဆိုတဲ့ ပါဝါကြီးက ကြားတာနဲ့ကို မော်မကြည့်ရဲလောက်တော့ဘူး။

ဒါကြောင့် မပြောသင့်တဲ့လူမျိုးတွေရှေ့မှာ မပြောမိဖို့က အင်မတန်အရေးကြီးပါတယ်။ ဒါက သူများမျက်ရည်ပေါက်ကြီးငယ်ကျမှသာ နေသာထိုင်သာရှိတဲ့ လူတစ်ဦး နှစ်ဦးစပါ၊ ဆန်ထဲမှာ ရောလာတဲ့ ကြွက်ချေးတွေပါ။ ဘာပဲဖြစ်ဖြစ် သတိထားသင့်တာလေးတွေကို သတိထားနိုင်အောင် ဝေမျှပေးတာပါ။

အဲဒီလို လောကီပညာရပ် အစီအရင်တွေနဲ့ ကျန်းမာလာအောင် စွမ်းဆောင်ကြတဲ့ပညာရပ်တွေထဲမှာ နည်းပေါင်းမျိုးစုံ ရှိပါတယ်။

ကုသိုလ်ဆက်နိုင်တဲ့ စွမ်းတဲ့ကောင်းခြင်းကုသိုလ်ကြီးတွေပါ။အသက်ကယ်နိုင်စွမ်းတယ်ဆိုတာ ဒီလို ကုသိုလ်တွေနဲ့ပြည့်နေမှဆိုပြီးတော့တောင် လက်မထောင်ပြီး ပြောနိုင်ပါတယ်။

မွေးနံ့ထောင့်မှာ ဆီမီး၊ ပန်း၊ ရေချမ်းတွေနဲ့ ပူဇော်တာ၊ ရွှေသင်္ကန်းကပ်လှူတာ၊ နံ့သင့်ပန်းတွေနဲ့ ပူဇော်တာ၊ ဘုရားကိုးဆူ ဆွမ်းတော်ကပ်လှူပူဇော်တာ၊ ရှားမီးထွန်းတာ၊ ထီးစုံပန်းစုံလှူတာ



ဒီလိုပူဇော်တာတွေအများကြီးရှိပါတယ်။ ဒီ ကောင်းမှုကုသိုလ်တွေကိုပြုရင်း တကယ်ကို ကျန်းမာသွားကြသူတွေ အများကြီးပါ။

တချို့က ဆရာတော်ဘုရားကြီးများ ရွတ်ဖတ်သရဇ္ဈာယ်ထားတော်မူတဲ့ ပရိတ်တော်တွေကို နာယူပူဇော်ရင်း ဆေးတိုးပြီး ကျန်းမာလာကြသူတွေ၊ ရောဂါကျပြီး နေကောင်းသွားကြတဲ့သူတွေ မရေမတွက်နိုင်တော့ပါဘူး။

တချို့များ ဂါထာ၊ မန္တန်စွမ်းအားထက်တဲ့ သီလအားကောင်းသူသက်ကြီးဝါကြီးတွေက မန်းမှုတ်ပေးလို့ ကျန်းမာသွားကြသူတွေလည်း တွေ့ဖူးပါတယ်။

တချို့ကျတော့ သတ်ခံရအံ့ဆဲဆဲ သတ္တဝါလေးတွေကို အသက်ကယ်ပြီး ဘေးမဲ့လွှတ်တာတွေရှိပါတယ်။ ဒါဟာ သတ္တဝါလေးတွေရဲ့အသက်ကို ဆက်ပြီး သူ့သက်တမ်းစေ့ရှင်သန်နိုင်အောင်ပြုတဲ့ ကောင်းမှုကုသိုလ်တွေဖြစ်လို့ ကျန်းမာရေးတကယ်ကို ကောင်းလာကြတာတွေ တွေ့ရပါတယ်။ တချို့လည်း အလှောင်ခံသတ္တဝါလေးတွေကို အားရပါးရဘေးမဲ့လွှတ်ပေးပြီး ကျန်းမာခြင်းကိုရယူပိုင်ဆိုင်သွားကြတာတွေလည်း ရှိပါတယ်။

ရှေးရှေးတုန်းကဆို ဝါးတံတားသစ်သားတံတားလေးတွေကို လမ်းသွားမရဖြစ်နေတဲ့ နေရာလေး ခင်းကြရင်း ကျန်းမာရေးဒေါင်ဒေါင်မြည်သွားကြသူတွေ၊ ကုနေရင်း ဆေးနဲ့ပဲ ဆေးတိုးသွားပြီး ကျန်းမာသွားကြသူတွေရှိနေပါတယ်။

တချို့ကျတော့လည်း အင်းဖယောင်းတိုင်၊ ဆေးဖယောင်းတိုင်ထွန်းကြပါတယ်။ နေကောင်းသွားကြသူတွေ အများကြီးပါ။ လောကီပညာရှင်တွေရဲ့ သီလ၊ သမာဓိ၊ ပညာစွမ်းအားနဲ့ ကာယကံရှင်ရဲ့ ကံကုသိုလ်ဟန်ချက်ညီသွားပြီး နေကောင်း ကျန်းမာသွားကြသူတွေများလှပါတယ်။

တချို့ကျတော့ အရွက်အခက်တွေနဲ့ စီရင်ကြတာပါ။ အညွန့်အရွက်အခက်တွေကို နည်းပညာများစွာနဲ့စီရင်ကြတာတွေရှိပါတယ်။ ဒါလည်း ကောင်းသွားကြသူတွေ များလှပါတယ်။

တချို့ နံ့တူသစ်သားတွေမှာဆံပင်၊ ခြေသည်း၊ လက်သည်းချည်ပြီး ဘုမ္မိအရပ်မှာ ပစ်ကြတာ၊ ရေတွေမျှောကြတာတွေလည်း ရှိပါတယ်။ တကယ်လည်း ကျန်းမာရေးကောင်းလှတဲ့ယတြာတွေပါ။

နည်းပေါင်းစုံ ပညာပေါင်းစုံနဲ့ ကူညီကြ၊ ကယ်ကြသူတွေကြောင့် ကျန်းမာလာကြရသူတွေ အများကြီးပါ။

သူ့ဒေသ၊ သူ့ဓလေ့အလျောက် ရိုးရာနည်းများနဲ့ ကုသနိုင်ကြသူတွေလည်း တွေ့ဖူးပါတယ်။ တကယ်စွမ်းကြသူတွေပါ။

အဲဒီလိုပညာရှင်တွေ ပညာပေါင်းစုံတွေနဲ့ လူသားအကျိုးပြုကြတာတွေကြားထဲက-

နည်းနည်းအန္တရာယ်များတဲ့နည်းတစ်ခုကိုအကြံပေးချင်လို့ ဒီ သူရဋ္ဌလက်ဆောင်ဖြစ်ပေါ်လာခဲ့ရပါတယ်။

အဲ့ဒါကတော့ အခေါင်းပုံလုပ်ပြီး အဲဒီထဲမှာ လူပုံအရုပ်ထည့်ပြီး သင်္ချိုင်းကို ငိုယိုသွားပို့ သင်္ဂြိုဟ်တဲ့နည်းပါပဲ။ နေမကောင်းတဲ့သူရဲ့ အဝတ်အစားတွေကို အရုပ်တစ်ခုမှာဝတ်ပေးပြီး အခေါင်းထဲမှာထည့်အဲ့ဒီအရုပ်ကလည်းနေမကောင်းသူနဲ့ပုံစံတူအောင်လုပ်ထားတဲ့ အရုပ်ပါ။ ဝတ်ပေးထားတဲ့အကျီအဝတ်အစားတွေကလည်း အဲ့ဒီနေမကောင်းသူရဲ့အဝတ်အစားတွေပါပဲ။ တကယ်ကို ပုံစံတူလုပ်တာပါ။ အဲ့ဒီလိုပုံစံတူလုပ်ထည့် ပြီးရင် ခေါင်းတလားပေါ်မှာ နေမကောင်းသူရဲ့ နာမည်နဲ့အသက်ကိုရေး အဲ့ဒါကြီးကို လူတွေကထမ်းပြီး သင်္ချိုင်းကိုလိုက်ပို့ကြရပါတယ်။ အဲဒီလိုလိုက်ပို့ရင် နောက်ကလိုက်ပို့ကြတဲ့လူတွေက ယုတ္တိယုတ္တာရှိအောင်ငိုကြရပါတယ်။ ငိုတတ်တဲ့သူတွေက ပိုပြီးငိုပြရပါတယ်။ တချို့ဆို အဲ့ဒီလိုဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြီးငိုတတ်တဲ့သူကိုအခကြေးငွေနဲ့တောင်ငှားပြီး၊ငိုခိုင်းကြရတာတွေရှိပါတယ်။ သင်္ချိုင်းရောက်တဲ့အခါ လူတစ်ယောက်ကိုပုံမှန်သင်္ဂြိုဟ်သလိုထုံးစံအတိုင်းတွေလုပ်ပြီး သင်္ဂြိုဟ်ကြပါတော့တယ်။ ဒါ-နေမကောင်းသူရဲ့ကိုယ်စား အဲ့ဒီလူသေပြီပေါ့။ ရုပ်စားသင်္ဂြိုဟ်ရတဲ့ယတြာပါ။

အဲ့ဒါ ဟိုးတုန်းကတော့ ခပ်ငယ်ငယ်ကတည်းက ကြားဖူးနေခဲ့ပါတယ်။ တစ်စွန်းတစ်စပါ။

နောက်ပြီး အရွယ်လေးရလာတော့ နှစ်ကြိမ်သုံးကြိမ်လောက်တွေ့ခဲ့ဖူးပါတယ်။ အဲဒီလူတွေလည်းအနိစ္စရောက်ကုန်ကြတာချည်းပါပဲ။ လုပ်သင့်တဲ့နှစ်ရယ်၊ မလုပ်သင့်တဲ့နှစ်ရယ်ကို နည်းနည်းသဘောပေါက် လာပါတော့တယ်။ ဒါတောင်လုပ်သင့်တဲ့နှစ်ဆိုတာ မရှေရာပါဘူး။ မလုပ်သင့်တာက ပိုများပါတယ်။ ဘာလို့လဲဆိုတော့ အဲ့ဒီလိုလုပ်ပြီးရင် မကြာဘူး အဲ့ဒီပုံစံအတိုင်း တကယ်ဖြစ်သွားလို့ပါပဲ။ တကယ်ကို ငိုယိုရတော့တာပါပဲ။ ရှေ့ကနိမိတ်ပြေးသွားလေသလားလို့တောင် တွေးနေမိပါတယ်။ နည်းတစ်ခုခုတော့ရှိပါလိမ့်မယ်။ နည်းရှိလို့သာ ပေါ်လာတာဖြစ်မှာပါ။ ဒါပေမယ့် အဲ့ဒီနည်းကိုစနစ်တကျမလုပ်တတ်ရင် နိမိတ်ဆိုးတစ်ခု အရင်ဆုံးရှေ့ကပြေးသွားသလိုပါပဲ။

နောက်ပိုင်းအသိတွေထဲမှာလည်း တွေ့ရလာရပါတယ်။ နေကောင်းလာလောက်တဲ့အခြေအနေကိုရမှ ခုန ငိုကြီးချက်မ ယတြာကြီး ထလုပ်ကြတော့တာပဲ။ ပြောကြည့်တယ်၊ မရပါဘူး။ အကြံဉာဏ် ပေးကြည့်တယ် လက်မခံပါဘူး။ ဒါနဲ့ပဲ ကာယကံရှင်ခမျာ တကယ်ကို အနိစ္စ ရောက်သွားရရှာပါတယ်။ တွေ့သမျှတော့ ပြန်ရှင်လာတာ သိပ်မတွေ့ပါဘူး။ တစ်ခါထဲကိစ္စပြတ်သွားကြတာတွေ များပါတယ်။

အဲ့ဒီလိုယတြာပြီးတာနဲ့ တန်းပြီး ကိစ္စပြတ်သွားသူတွေရဲ့အသက်တွေကို တွက်လိုက်ရင် ဂြိုဟ်တူတာချင်းတွေ၊ ပူးနေတာသွားတွေ့ရပါတယ်။ လူငယ်ပိုင်းဖြစ်ဖြစ်၊ လူကြီးပိုင်းဖြစ်ဖြစ် အဲ့ဒီလိုဂြိုဟ်တူတာတွေ ပူးနေတဲ့နှစ်ရောက်လာပြီဆိုရင် အခုပြောနေတဲ့ကိစ္စကြီးတွေ တော်တော်သတိထားရပါပြီ။ သတိမထားမိလိုက်တာနဲ့ မထင်မှတ်တာတွေ ဖြစ်ကုန်တာမျိုး၊ နောင်တရချိန်တောင် မရလိုက်တာမျိုး ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့်မို့ ဒီသူရဋ္ဌလက်ဆောင်မှာအဲ့ဒီလိုထိချက်ပြင်းသွားနိုင်တဲ့နှစ်တွေကို ဗဟုသုတအဖြစ်တင်ပြလိုက်ပါတယ်။

တနင်္ဂနွေသားသမီး တွေဆိုရင် အသက်-၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀၊ ၉၈။

တနင်္လာသားသမီး အသက်-၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃။

အင်္ဂါသားသမီး အသက်-၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃။

ဗုဒ္ဓဟူးသားသမီး အသက်-၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃။

ကြာသပတေးသားသမီးအသက်- ၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂။

သောကြာသားသမီးအသက်-၄၊ ၅၊ ၁၂၊ ၁၃၊ ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၆၊ ၃၇၊ ၄၄၊ ၄၅၊ ၅၂၊ ၅၃၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉၊ ၇၆၊ ၇၇၊ ၈၄၊ ၈၅၊ ၉၂၊ ၉၃။

စနေသားသမီးအသက်-၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉၊ ၉၇။

ဒီနှစ်တွေပါပဲ။ အဲ့ဒီလိုနှစ်မျိုးတွေ ရောက်လာပြီဆိုတာနဲ့ အနိဋ္ဌအားရဲ့ ကူးစက်မှုဟာ အုံ့ဩစရာကောင်းလောက်အောင် ဆက်သွားတတ်ပါတယ်၊ကောင်းတာဆက်သလို မကောင်းတာလည်း ဆက်တတ်ပါတယ်။ အဲဒီထဲမှာမှ အခုပြောပြလာတဲ့ ရုပ်စားကိုယ်စားပစ် ကိစ္စကနေ တကယ်ကိုပစ်လိုက်ရတဲ့ကူးစက်မှုတွေ ဖြစ်လာကြလေ့ရှိပါတယ်။

အတော်လေးငယ်သေးတဲ့လူငယ်လေးတစ်ယောက် နေမကောင်းဖြစ်တော့ မိဘတွေခမျာ စိတ်တွေပူလွန်းပြီး ဟိုလိုက်ကု ဒီလိုက်ကုအပြင် ဟိုလိုက်မေး ဒီလိုက်မေးနဲ့ ချေလိုက်တဲ့ယတြာပေါင်းစုံဆိုတာလည်း မပြောပါနဲ့တော့။ နောက်တော့ လူပုံကို ခေါင်းတလားထဲထည့်ပြီး စီရင်တတ်တဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ပါလေရော။ အဲ့ဒီမှာတင် အဲ့ဒီပုဂ္ဂိုလ်ရဲ့ အပြောအဆိုကို သဘောတွေကျပြီး စောစောကပြောတဲ့ ရုပ်စားပစ်ကိစ္စကြီး လုပ်တော့တာပါပဲ။ ငွေကြေးကလည်း တတ်နိုင်တဲ့ မိဘတွေဆိုတော့ စည်စည်ကားကားနဲ့ကို လုပ်တာ၊ တားကြတဲ့သူတွေလည်း များပါတယ်။မလုပ်သင့်ဘူး ဘာညာပေါ့။ ဒါပေမယ့် ဒါမျိုးလုပ်တဲ့ လူရဲ့စကားအရာ ပီပြင်မှုကြောင့် လုပ်ဖြစ်သွားတာပါပဲ။ အဲဒီရုပ်စားလည်း လုပ်ပြီးရော တစ်လလောက်မရှိတရှိမှာ အဲ့ဒီလူငယ်လေး တကယ်ကို ကိစ္စပြီးသွားပါတော့တယ်။ ရုပ်စားပစ်တုန်းကလိုပဲ စည်စည်ကားကားနဲ့ တစ်ပုံစံထဲ၊ လိုက်ပို့လိုက်ကြရပါတော့တယ်။ အဲဒီလူငယ်လေးရဲ့ အသက်ကို တွက်ကြည့်တော့ ကြားမိတော့ စောစောက ပြောပြခဲ့တဲ့ဂြိုဟ်တူရာ နှစ်တွေ ပူးနေတဲ့နှစ် ဖြစ်နေပါတယ်။

တစ်နေရာမှာလည်း အသက်ကြီးတဲ့အမျိုးသမီး၊ နေမကောင်းဖြစ်တာကို အဲဒီလိုနည်းနဲ့ယတြာချေတာမျိုးကြုံခဲ့ဖူးပါတယ်။ လူတွေစည်ကားပြီး ဝင်လိုက်ထွက်လိုက်များနေလို့ ဘာဖြစ်တာလဲမေးကြည့်တော့ ဒေါ်ဘယ်သူဆုံးသွားပြီလေတဲ့၊ အဲဒါ သူ့အတွက် သက်ပျောက်ဆွမ်းသွတ်နေတာတဲ့။ ဟာ-မနေ့ကပဲ ပက်လက်ကုလားထိုင်မှာထိုင်နေတာတွေ့ပါသေးရဲ့ဗျာဆိုတော့ အော်-ခင်ဗျားကလဲ နားဝေးလိုက်တာဆိုပြီး လှည့်ထွက်သွားပါတယ်။ ဘာမှန်းမသိဘဲ ကြောင်ကြည့်နေတုန်း နောက်တစ်ယောက်က အနားလာပြီး ရုပ်စားပစ်ရတော့မယ်လေဗျာတဲ့၊ ဒါကြောင့် ဆွမ်းသွတ်နေတာ သီပလားလုပ်တော့မှ သဘောပေါက်သွားပါတော့တယ်။ မကြာပါဘူး မြင်ကွင်းတစ်ခုမြင်ရတော့တာပါပဲ။ ဒေါ်ဘယ်သူ အသက် ဘယ်လောက်ဆိုတာရေးထားတဲ့အခေါင်းကို ထမ်းထုတ်လာကြပြီး ရွာပြင်သုသာန်ဆီကို ထမ်းသွားကြပါတော့တယ်။ သုသာန်ကလည်း သိပ်မဝေးပါဘူး။ နောက်ကလိုက်တဲ့သူတွေက တရှုတ်ရှုတ်ပေါ့။ တချို့ကဒေါ်ဘယ်သူရဲ့နာမည်ကိုထောင်ခေါ်ခေါ်ပြီး အော်ငိုကြတာရှိသေးတယ်။

နောက်နေ့ကျတော့ ဒေါ်ကြီးဟာ ပက်လက်ကုလားထိုင်မှာသနပ်ခါးအဖွေးသားနဲ့ထိုင်နေတာ တွေ့လိုက်ရတောတယ်။ ဟာ-ရုပ်စားကိုယ်စားပစ်တာဟာ တကယ်စွမ်းပါလားဆိုပြီး တွေးလိုက်မိပါတယ်၊ တစ်ပတ်မကြာပါဘူး။ အဲဒီဒေါ်ကြီးရဲ့နာရေး လက်တွေ့ဖြစ်သွားပါတော့တယ်။ ပထမရီဟာဇယ် လုပ်သလိုဖြစ်သွားတဲ့မြင်ကွင်းအတိုင်းဖါ့ပဲ။ အော်ငိုသူက ငိုပေါ့။

ဒါမျိုးတွေ ခဏခဏ တွေ့လာတော့ စိတ်ဝင်တစားလေ့လာကြည့်ရာကနေ ခုနလို ဂြိုဟ်တူတာတွေ ပူးနေတဲ့ နှစ်တွေဖြစ်နေတောသွားတွေ့ရပါတယ်။ ဆယ်ယောက်ဆို ရှစ်ယောက်က အဲဒီကံတွေပါ။

ဒါကြောင့် အဲ့ဒီလိုယတြာမျိုး ချေတော့မယ်ဆိုရင် အရမ်းမလုပ်စေချင်ပါဘူး။ အမှန်တကယ်တတ်ကျွမ်းနားလည်ကြသူတွေနဲ့ တိုင်ပင်ပြီးမှ လုပ်သင့်တယ်ထင်ရင် လုပ်ပါ။ မလုပ်သင့်ဘူးထင်ရင် မလုပ်ပါနဲ့။

နေမကောင်းဖြစ်သူ ကာယကံရှင်ကို နေပြန်ကောင်းသွားစေချင်တဲ့စိတ်၊ အသက်ရှည်စေချင်တဲ့ စိတ်ကတော့ အင်မတန်မှမြင့်မြတ်လွန်းတဲ့ စေတနာ၊ မေတ္တာတရားတွေနဲ့ပြည့်နှက်နေပါတယ်။ ဒါပေမယ့် စိတ်ပူတာလွန်ကဲပြီးတွေ့တွေ့သမျှ ယတြာတွေ အကုန်လုပ်တော့မယ်ဆိုရင် ခုပြောတဲ့ရုပ်စားပစ်တဲ့ယတြာမျိုးကို သတိထားစဉ်းစားပြီးမှ လုပ်ပါ။

ပညာရပ်တစ်ခုဟာ နဂိုရှိခဲ့ဖူးလို့ အခုရှိတာ မှန်ပါတယ်။ ဒါပေမယ့် ချင့်ချိန်ဖို့ပါ။

အဲဒီလိုချေလို့ပြန်ကောင်းသွားတဲ့သူဆိုတာ ကြားတော့ကြားဖူးပါတယ်။ မမြင်ဖူးခဲ့ပါဘူး။

အဲဒီလိုချေပြီးအဲဒီအတိုင်းတကယ်ဖြစ်သွားကြတဲ့သူတွေကတော့ သုံးလေးငါးဦးတွေ့နေရပြီမို့ ဒီလအတွက် စဉ်းစားပြီးမှလုပ်သင့်တဲ့ ယတြာအတွက် သူရဲ့လက်ဆောင်ကိုပေးရင်း လိုအပ်မယ်ထင်တဲ့ ကွက်လပ်လေးတစ်ခုကို ဖြည့်ပေးလိုက်တာဖြစ်ပါတယ်။

ဒီနည်းဟာ ရှေးနည်းဆိုတာ သိလာရတော့ အဲ့ဒီနည်းနဲ့ရုပ်စားပစ်ပေးတဲ့ ဆရာတစ်ယောက်ကိုချဉ်းကပ်ပြီး မေးကြည့်ဖူးပါတယ်။ သူတို့မှာလည်းသူတို့ စည်းကမ်းတွေနဲ့ဆိုတာသိခွင့်ရခဲ့ပါတယ်။ နေကောင်းနေတဲ့လူကို မလုပ်ရဘူးဆိုတာတွေ၊ လူတစ်ယောက်ကိုအကြောင်းမဲ့ အဲဒီလိုလုပ်ပြီးနှိမ်သလိုလုပ်ရင် လုပ်တဲ့လူတွေ ပြန်ထိကုန်ကြတာတွေ ကြက်သီးထခမန်း ကြားခဲ့ရပါတယ်။တစ်နေရာမှာ သူငယ်ချင်းအချင်းချင်းနောက်ပြောင်ပြီး အဲဒီလိုမျိုး သွားလုပ်လိုက်တဲ့ရွာရဲ့ မြောက်ဖျားက သူငယ်ချင်းဟာ သူ့အလိုလို အစာမဝင်ဘဲသေသွားတယ်ဆိုတဲ့အကြောင်း။လိုက်ထမ်းပြီးသရုပ်ဆောင်ခဲ့သူတွေ တစ်မျိုးစီဒုက္ခရောက် ဘဝပျက်ကုန်ကြတဲ့အကြောင်း သေချာပြောပြပါတယ်။ တော်တော်လည်း ဗဟုသုတရလိုက်ပါတယ်။ ကြောက်စရာလည်း တော်တော်ကောင်းပါတယ်။

ဒါကြောင့် အမှားမခံ၊ အတိမ်းအစောင်းမခံတဲ့ ဒီရုပ်စားပစ်ယတြာနဲ့ ပတ်သက်ပြီး ခုလို သတိပေးရတာဖြစ်ပါတယ်။ နည်းနည်းအန္တရာယ်များတဲ့နည်းလို့ဆိုရတာ အဲ့ဒါကြောင့်ပါ။ တကယ်ကို အတိမ်းအစောင်း မခံပါဘူး။

အဲဒီလိုအတိမ်းအစောင်းမခံလွန်းလို့ ဒီလိုရုပ်စားပစ်ယတြာကို လုပ်တော့မယ်ဆိုရင် အချိန်တွေအများကြီးယူပြီး စဉ်းစားပါ။

အဓိက နေမကောင်းနေတဲ့ ကာယကံရှင်အတွက် စဉ်းစားပေးပါ။

ကိုယ်တိုင် နေထိုင်မကောင်းရင်လည်း ကိုယ့်အတွက် အသက်ရှည်ဖို့ကို စဉ်းစားပါ။

အဲဒီလိုစဉ်းစားတဲ့အခါ-

အသက်ရှည်စေနိုင်စွမ်းတဲ့ကုသိုလ်ပြုယတြာကြီးတွေ၊ အသက်ဆက်နိုင်စွမ်းတဲ့ ကုသိုလ်ဆက်ယတြာကြီးတွေကို ရှာဖွေတွေ့ရှိပြီး ကံကောင်းခြင်းများစွာ ပြည့်စုံပြီးရင်း ပြည့်စုံရင်း-

သက်ရှည်ကျန်းမာကြပါစေလို့-

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွက်

# ရှိန်းဇေအောင်(ဂမ္ဘီရ) ဓနသိဒ္ဓိနက္ခတ် မင်္ဂလာအခါတော်

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်တို့၌ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ကမ္မဋ္ဌာန်းထိုင်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်ခြင်းပြုလုပ်ပါလျှင် ကောင်းကျိုးလိုအင်ဆန္ဒပြည့်စုံနိုင်ပါသည်။ ဤလ၏ထူးခြားချက်မှာ စန်းနှင့်ဓနသိဒ္ဓိနက္ခတ်ယှဉ်ခြင်း နှစ်ကြိမ်ဖြစ်ပေါ်ခဲ့ပါသည်။

ပထမအကြိမ်၌ (၂-၈-၂၀၂၃)နေ့၊ သန်းခေါင် (၀၀း၄၀) နာရီ၌ စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၎င်းနေ့နေ့လယ် (၁၂း၃၉း၅၀)နာရီတွင် စန်းနှင့်ဓနသိဒ္ဓိနက္ခတ်ယှဉ်ပြီး (၃-၈-၂၀၂၃)နေ့၊ သန်းခေါင် (၀၀း၄၀) နာရီ၌ စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည်ဖြစ်သည်။ (၂-၈-၂၀၂၃) နေ့၊ (၁၈း၅၉း၅၉) မှ (၂၀း၅၀း၄၅)နာရီအတွင်း လက်သည် ဓနသိဒ္ဓိနက္ခတ်ဖြတ်ကျော်မည်ဖြစ်သည်။ ၎င်းနေ့ (၁း၀၁း၂၃)နာရီမှ (၂း၀၇း၅၉) နာရီတွင် မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

ဒုတိယအကြိမ်၌ (၂၉-၈-၂၀၂၃) နေ့၊ နေ့လယ် (၁၁း၂၉) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ကို စတင်ဝင်ရောက်ပြီး ၎င်းနေ့ညဉ့် (၁၁း၂၈း၅၉)နာရီတွင် စန်းနှင့်ဓနသိဒ္ဓိယှဉ်ကာ (၃၀-၈-၂၀၂၃)နေ့၊ နေ့လယ် (၁၁း၂၉) နာရီ၌ စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည်ဖြစ်သည်။ (၂၉-၈-၂၀၂၃) နေ့ (၁၇း၁၇း၄၃)မှ (၁၉း၀၈း၃၁)နာရီအတွင်း လက်သည် ဓနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ (၂၃း၂၅း၁၁) မှ (၀း၁၈း၄၅) နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၉း ၀၃း ၅၅ | ၂၀း ၅၄း ၄၃ | ၁ | ၁း ၀၅း ၁၉ | ၂း ၁၁း ၅၅ |
| ၂ | ၁၈း ၅၉း ၅၉ | ၂၀း ၅၀း ၄၇ | ၂ | ၁း ၀၁း ၂၃ | ၂း ၀၇း ၅၉ |
| ၃ | ၁၈း ၅၆း ၀၃ | ၂၀း ၄၆း ၅၁ | ၃ | ၀း ၅၇း ၂၇ | ၂း ၀၄း ၀၃ |
| ၄ | ၁၈း ၅၂း ၀၇ | ၂၀း ၄၂း ၅၅ | ၄ | ၀း ၅၃း ၃၁ | ၂း ၀၀း ၀၇ |
| ၅ | ၁၈း ၄၈း ၁၁ | ၂၀း ၃၈း ၅၉ | ၅ | ၀း ၄၉း ၃၅ | ၁း ၅၆း ၁၁ |
| ၆ | ၁၈း ၄၄း ၁၅ | ၂၀း ၃၅း ၀၃ | ၆ | ၀း ၄၅း ၃၉ | ၁း ၅၂း ၁၅ |
| ၇ | ၁၈း ၄၀း ၁၉ | ၂၀း ၃၁း ၀၇ | ၇ | ၀း ၄၁း ၄၃ | ၁း ၄၆း ၁၉ |
| ၈ | ၁၈း ၃၆း ၂၃ | ၂၀း ၂၇း ၁၁ | ၈ | ၀း ၃၇း ၄၇ | ၁း ၄၂း ၂၃ |
| ၉ | ၁၈း ၃၂း ၂၇ | ၂၀း ၂၃း ၁၅ | ၉ | ၀း ၄၃း ၅၁ | ၁း ၃၈း ၂၈ |
| ၁၀ | ၁၈း ၂၈း ၃၁ | ၂၀း ၁၉း ၁၉ | ၁၀ | ၀း ၂၉း ၅၅ | ၁း ၃၄း ၃၁ |
| ၁၁ | ၁၈း ၂၄း ၃၅ | ၂၀း ၁၅း ၂၃ | ၁၁ | ၀း ၂၅း ၅၉ | ၁း ၃၀း ၃၅ |
| ၁၂ | ၁၈း ၂၀း ၃၉ | ၂၀း ၁၁း ၂၈ | ၁၂ | ၀း ၃၂း ၀၃ | ၁း ၂၆း ၃၉ |
| ၁၃ | ၁၈း ၁၆း ၄၃ | ၂၀း ၀၇း ၃၁ | ၁၃ | ၀း ၂၈း ၀၇ | ၁း ၂၂း ၄၃ |
| ၁၄ | ၁၈း ၁၂း ၄၇ | ၂၀း ၀၃း ၃၅ | ၁၄ | ၀း ၂၄း ၁၁ | ၁း ၁၈း ၄၇ |
| ၁၅ | ၁၈း ၀၈း ၅၁ | ၁၉း ၅၉း ၃၉ | ၁၅ | ၀း ၂၀း ၁၅ | ၁း ၁၄း ၅၁ |
| ၁၆ | ၁၈း ၀၄း ၅၅ | ၁၉း ၅၅း ၄၃ | ၁၆ | ၀း ၁၆း ၁၉ | ၁း ၀၉း ၅၅ |
| ၁၇ | ၁၈း ၀၀း ၅၉ | ၁၉း ၅၁း ၄၇ | ၁၇ | ၀း ၁၂း ၂၃ | ၁း ၀၆း ၅၉ |
| ၁၈ | ၁၇း ၅၇း ၀၃ | ၁၉း ၄၇း ၅၁ | ၁၈ | ၀း ၀၈း ၂၇ | ၁း ၀၂း ၀၃ |
| ၁၉ | ၁၇း ၅၃း ၀၇ | ၁၉း ၄၃း ၅၅ | ၁၉ | ၀း ၀၄း ၃၁ | ၀း ၅၈း ၀၇ |
| ၂၀ | ၁၇း ၄၉း ၁၁ | ၁၉း ၃၉း ၅၉ | ၂၀ | ၀း ၀၀း ၃၅ | ၀း ၅၄း ၁၁ |
| ၂၁ | ၁၇း ၄၅း ၁၅ | ၁၉း ၃၆း ၀၃ | ၂၁ | ၂၃း ၅၆း ၃၉ | ၀း ၅၀း ၁၅ |
| ၂၂ | ၁၇း ၄၁း ၁၉ | ၁၉း ၃၂း ၀၃ | ၂၂ | ၂၃း ၅၂း ၄၃ | ၀း ၄၆း ၁၉ |
| ၂၃ | ၁၇း ၃၇း ၂၃ | ၁၉း ၂၈း ၁၁ | ၂၃ | ၂၃း ၄၈း ၄၇ | ၀း ၄၂း ၂၃ |
| ၂၄ | ၁၇း ၃၃း ၂၇ | ၁၉း ၂၄း ၁၅ | ၂၄ | ၂၃း ၄၄း ၅၁ | ၀း ၃၈း ၂၇ |
| ၂၅ | ၁၇း ၂၉း ၃၁ | ၁၉း ၂၀း ၁၉ | ၂၅ | ၂၃း ၄၀း ၅၅ | ၀း ၃၄း ၃၁ |
| ၂၆ | ၁၇း ၂၅း ၃၅ | ၁၉း ၁၆း ၂၃ | ၂၆ | ၂၃း ၃၆း ၅၉ | ၀း ၃၀း ၃၅ |
| ၂၇ | ၁၇း ၂၁း ၃၉ | ၁၉း ၁၂း ၂၇ | ၂၇ | ၂၃း ၃၃း ၀၃ | ၀း ၂၈း ၃၉ |
| ၂၈ | ၁၇း ၁၇း ၄၃ | ၁၉း ၀၈း ၃၁ | ၂၈ | ၂၃း ၂၉း ၀၇ | ၁၀း ၂၂း ၄၃ |
| ၂၉ | ၁၇း ၁၃း ၄၇ | ၁၉း ၀၄း ၃၅ | ၂၉ | ၂၃း ၂၅း ၁၁ | ၀း ၁၈း ၄၇ |
| ၃၀ | ၁၇း ၀၉း ၅၁ | ၁၉း ၀၀း ၃၉ | ၃၀ | ၂၃း ၂၁း ၁၅ | ၀း ၁၄း ၅၁ |
| ၃၁ | ၁၇း ၀၅း ၅၅ | ၁၈း ၅၆း ၄၃ | ၃၁ | ၂၃း ၁၇း ၁၉ | ၀း ၁၀း ၅၅ |

၂၀၂၃ ခုနှစ် ဩဂုတ်လ

# ကံမြင့်ကံပွင့် အစီအရင် ပြည့်သိန်းကျော်

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်းများကပ်လှူပူဇော်ထားပြီး ဒိဝါတပတိ ဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီအဟီ ဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာ ရွတ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ ဝိဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာရွတ်၍ ရင်ပြင်တော်၊ တန်ဆောင်း၊ ဇရပ်တို့တွင် တံမြက်စည်း လှည်းပါ။

**နှလုံးသားရေးရာ အခက်အခဲတွေ့နေသူများ** - ချစ်သူကို အတိတ်က အကြောင်းတွေပြောပြီး စကားနာမထိုးပါနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်ပါသည်။ ခို၊ ကျီး၊ ခွေး လေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကိုဒါနပြုပါ။

**ထီကံကောင်းလိုသူများ** - စနေနံ၊ ဗုဒ္ဓဟူးနံထီဆိုင်များတွင် (၁အစ ၁အဆုံး) ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှ လွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၁) ပတ်နေ့စဉ် စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီး အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော ဆွမ်းခံကြွလာသောသံဃာတော်များကို တန်းဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ'နံ ဘွဲ့ အမည်ရှိသော ဘုရားစေတီသို့ မကြာမကြာ သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးဝေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - အိမ်နှင့်အနီးဆုံးဖြစ်သော ဘုရားစေတီသို့လမ်း လျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - နှစ်ယောက်အတူဆုံတိုင်း ခိုလေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သည့်ထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံအသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး(၃)ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးငွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေ'နံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များ ကောက်၍ စွန့်ပစ်ပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - နှစ်ယောက်အတူဆုံတိုင်း ခိုလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - မျက်မမြင်များကို ဒါနပြုပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်များတွင် (၇အစ ၇အဆုံး) ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံအသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ချေးငွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော် အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ ပဌာန်း ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ထီး၊ ဖိနပ်၊ အဟောင်းအစုတ်များ၊ သွပ်ပြားအစုတ်၊ သစ်သား အဆွေးများ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်း၊ အမှိုက်များ ကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်လေးများ ထပ်ဝတ်မ သွားပါနှင့်။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို ဆေး၊ ငွေ၊ အာဟာရ
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်များတွင် (၅အစ ၅အဆုံး) ထီလက်မှတ်လေးများ ကံစပ်နေပါသည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံအသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃)ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ချေးငွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီ ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့်စတီပက်ဖျန်းပြီး စနေနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာရွတ်ဖတ် ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော် ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို သန့်ရှင်းရေးကုသိုလ် ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့် ကိုယ်က လျှော့ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။

**ထိက်ကောင်းလိုသူများ** - အင်္ဂါနံအက္ခရာများနှင့် (၇၊ ၃၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အားယခုတစ်လလုံးကြာသပတေးနံအသီး၊အညွန့်ပန်းများဖြင့် ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်း အရုဏ်ဆွမ်းကြွလာသော သံဃာတော်အရှင်သူမြတ်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုအနောက်အရပ်က အကျိုးဆောင်နှင့်စပ်၍ ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာ သွား၍ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ သစ်ဟောင်း၊ သွပ်ဟောင်း၊ အလှပြင်ပစ္စည်း အပျက်အစီးများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်၍ စွန့်ပစ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်၊ကိုယ်ကလျှော့ပါ၊ သစ္စာရှိပါ၊ မျက်နှာမများပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။
**ထိက်ကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်များတွင် (၅အစ ၅အဆုံး) ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

**စနေသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိ ဂါထာပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာ သွား၍ ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် (၁၀၈) ခေါက် ရွတ်ဖတ်ပူဇော်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်၍ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်၊ အမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဗီဝိတဒါန လွှတ်ပေးပါ။
**ထိက်ကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်၊ ကားများနှင့် ရောင်းသောထီသည်များထံတွင် အင်္ဂါနံအက္ခရာများ (၃၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယခုလတွင်-**
စနေ စ- သောကြာ ပိတ်မှည့်ထားသော နာမည်ရှင်များအနေနဲ့ အခြားသူများထက် ပိုမိုကျင့်ကြံအားထုတ်ရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများရယူပါ။
တင်ဟိန်း၊ ခွဲ့သင်း၊ ထားသူ

*မီမီကောင်းမှ အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*
ပြည်သိန်းကျော်

၂၀၂၃ ခုနှစ် ဩဂုတ်လ

# ခုနစ်ရက်သားသမီး ဟောစာတမ်း

## ဆရာကြီးမောင်မောင်သန့်

[ ရှင့်ကိုအေးမြဲစေသော ]

### တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ (၂)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ ကားလုပ်ငန်း၊ ငွေကြေးအပေးအယူကိစ္စများ၊ အလှပြင်ဆိုင်လုပ်ငန်းများ၊ မြေကိစ္စ၊ အမွေကိစ္စများ စပ်တူရှယ်ယာလုပ်ငန်းများဖြစ်ပါသည်။ အကျိုးပေးသောနံသင့်သူများနှင့်တစ်ဆင့်ကြားခံဆောင်ရွက်ပါ။ လူမှုရေးအတိုက်အခံများရှိနေပါက ဘုရားရှင်ကို ရွှေရင်အေးဆွမ်းတော်မကြာမကြာကပ်လှူပါ။ အိမ်တွင်းရေးများသာယာစေရန် လက္ခဏာရှားပါးသူများကို အဝတ်အထည်လေးများ၊ စားသောက်ကုန်ပစ္စည်းများကို ဝေမျှလှူဒါန်းပေးပါ။ သူများလာအပ်သောငွေများ၊ ပစ္စည်းများလက်ခံသိမ်းထားခြင်းမပြုပါနှင့်။ ကျန်းမာရေးကောင်းပါမည်။ သွားကိုက်၊ သွားနာဖြစ်တတ်ပါသည်။ အချိုများရှောင်ပါ။ ပညာရေးကံများကောင်းနေသော်လည်း အပြင်ထွက်ချင်စိတ်များနေတတ်ပါသည်။ ဂိမ်းများအလွန်အကျွံမဆော့ပါနှင့်။ ဘုရားစေတီများတွင် ညလုံးပေါက်လျှပ်စစ်မီးပူဇော်သောအလှူများပြုပါ။ ဆရာမိဘများ၏စကားကိုနားထောင်ပါ အောင်မြင်မှုများရရှိပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ မျက်နှာမများပါနှင့်၊ အေးစကားများမယုံပါနှင့်၊ သဝန်တိုတတ်သောချစ်သူကိုနားလည်ပေးပါ။ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။ နှစ်ဦးဆုံချိန်၊ ခိုလေးများကိုအတူအစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ထီထိုးမည်ဆိုပါကဗုဒ္ဓဟူးနံထီဆိုင်များ၊ ထီလှည်းလေးများတွင် (၅)အစ(၇)အဆုံးထီလက်မှတ်လေးများကိုရွေးချယ်ကံစမ်းထားလိုက်ပါ။

*ယတြာ ။ ။ သတ်အဲ့ဆဲဆဲငါးအရှင်လေးများကို ရေအရှင်မှာဘေးမဲ့လွှတ်ပေးပါ။*

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီပေးပါလိမ့်မည်။ (၃)ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ စက်ပစ္စည်းရောင်းဝယ်ရေးများ၊ အထည်အလိပ်၊ ထီး၊ ဖိနပ်၊ နာရီရောင်းဝယ်ရေးများ၊ ရေလုပ်ငန်း၊ ရတနာလုပ်ငန်းများဖြစ်ပါသည်။ ထစ်ငေါ့ခက်ခဲနေတတ်၍ အကျိုးပေးသောနံသင့်သူများနှင့်ကြားခံဆောင်ရွက်ပါ။ လူမှုရေးအတိုက်အခံများရှိနေတတ်၍ နီးရာဘုရားစေတီတစ်ဆူဆူသို့သွား၍ ရင်ပြင်တော်၊ နတ်လမ်း၊ လူသွားလမ်းများတွင် အမှိုက်များကောက်၊ တံမြက်စည်းများလှည်းပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများအဆင်ပြေစေရန် အိမ်ထဲရှိရွှေရောင်ပစ္စည်းများ၊ ကျိုးပဲ့နေလျှင်စွန့်ပစ်ပါ။ ရေသန့်ဘူးခွံများစွန့်ပစ်ပါ။ ဆိုင်ကယ်၊ စက်ဘီးစီးသူများအကြမ်းပတမ်းမစီးပါနှင့်။ ကျန်းမာရေးကောင်းပါမည်။ ဆီး၊ မျက်စိ၊ အစာအိမ်ရောဂါများမဖြစ်ရန် ဂရုစိုက်ပါ။ အငန်နှင့်ဆီကြော်များလျှော့စားပါ။ ပညာရေးကံများကောင်းနေပါသည်။ ကိုယ်စိတ်အလိုမကျဖြစ်တိုင်း မိဘ၊ အုပ်ထိန်းသူများကို ပြန်လည်ခွန်းတုံ့ပြန်ခြင်းမပြုပါနှင့်။ စိတ်လေမနေဘဲ စာကိုအချိန်မှန်ကျက်မှတ်ပါ။ အောင်မြင်မှုများရရှိပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများအဆင်ပြေနေပါသည်။ မမျှော်လင့်ဘဲ မင်္ဂလာကိစ္စများဆောင်ရွက်ရတတ်ပါသည်။ ထီထိုးမည်ဆိုပါက တနင်္လာနံထီဆိုင်နှင့်ကားနှင့်ရောင်းသောထီဆိုင်တွင် (၂)အစ(၂)အဆုံးထီလက်မှတ်လေးများနှင့်ကံစပ်နေပါသည်။

**ယတြာ ။ ။ အလှောင်ခံနေရသောစာကလေးများကိုဘေးမဲ့လွှတ်ပေးပြီးမေတ္တာပို့ပါ။**

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများယူပါ။ (၁)ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ အဆောက်အဦကိစ္စများ၊ မြေကိစ္စ၊ အမွေကိစ္စများဖြစ်သည်။ ထစ်ငေါ့ခက်ခဲနေတတ်ပါသည်။ လုပ်ငန်းခွင်တွင် မပျော်ဖြစ်တတ်သော်လည်းသည်းခံပါ။ အထူးသဖြင့်ငွေကြေးအခက်အခဲများရှိလာတတ်၍ ငွေဝင်စေသော ဒိဝါတပတိဂါထာ၊ ရှင်သီဝလိ(၁၀)ဂါထာများကို အမိဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ လူမှုရေးအတိုက်အခံများရှိနေပါက သမ္ဗုဒ္ဓေဂါထာကိုသွားရင်းလာရင်းသက်စေ့ရအောင်ရွတ်ပါ။ ကျန်းမာရေးကောင်းစေရန် လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ အတွေးများလျှော့ပါ။ မကြာမကြာဆေးလှူပါ။ အိမ်တွင်းရေးသာယာစေရန် သူများပစ္စည်းများကို အိမ်ထဲမှာယူမထားမိပါစေနှင့်။ သိမ်းပေးမထားပါနှင့်။ ပညာရေးကံများကောင်းရန်အတွက် စိတ်လေပြီးသွားချင်လာချင်ဖြစ်နေတတ်တာကိုလျှော့ပါ။ လက္ခဏာရှားပါးသောသူငယ်ချင်းကို စာအုပ်၊ ဘောပင်၊ ခဲတံများလက်ဆောင်ပေးပါ။ အိပ်ရေးပျက်ခံပြီး ဂိမ်းဆော့ခြင်းများရှောင်လိုက်ပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများသစ္စာကိုယ်စီရှိကြရပါမည်။ သဝန်တိုတတ်တာလေးတွေရှိနေပါလိမ့်မည်။ ခိုစာ၊ ငှက်စာအတူကျွေးပါ စိတ်ချမ်းသာမှုရှိလာပါမည်။ ထီထိုးမည်ဆိုပါကစနေနံထီဆိုင်များနှင့် (၇)အစ(၇)အဆုံးရွေးချယ်ကံစမ်းထားပါ။

**ယတြာ။ ။ ဦးခေါင်းမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။**

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီ၊ အထောက်အပံ့များပေးပါလိမ့်မည်။ (၃)ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ အင်္ဂါနံလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံကိစ္စများ၊ သစ်လုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့်အနုပညာနယ်ပယ်မှလုပ်ငန်းများဖြစ်ပါသည်။ ထစ်ငေါ့နေတတ်၍ အကျိုးပေးသောနံသင့်သူများနှင့်တစ်ဆင့်ကြားခံဆောင်ရွက်ပါ။ လူမှုရေးအတိုက်အခံများရှိပါက ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ ဖြူဟ်ရှစ်ခွင်လှည့်၍ ရေသပ္ပာယ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် မိသားစုအပေါ် နားလည်မှုပေးပါ။ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းမကြာမကြာလောင်းလှူပါ။ ကျန်းမာနေစေရန် အစာကိုအချိန်နှင့်စားပါ။ လွန်ကဲစွာအအေးမခံပါနှင့်။ သွားကျန်းမာရေးဂရုစိုက်ပေးပါ။ ပညာရေးကံများကောင်းမည်။ သင်တန်းများတက်ရတတ်သည်။ မသင်ရဖူးသေးသောပညာများသင်ခွင့်ရမည်။ စာမေးပွဲများအောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများပျော်ရွှင်ရမည့်နေ့ရက်များဖြစ်ပါသည်။ စကားပြောမမောက်မာဖို့ပဲလိုပါသည်။ ထီထိုးမည်ဆိုပါက ကြာသပတေးနံထီဆိုင်များတွင် (၅)အစ(၅)အဆုံးထီလက်မှတ်လေးများနှင့်ကံစပ်နေပါသည်။

**ယတြာ ။ ။ စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။**

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ စနေသားသမီးများနှင့်တိုင်ပင်ပါ။ အကူအညီအထောက်အပံ့များရရှိပါလိမ့်မည်။ (၈) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာအဆောက်အဦလုပ်ငန်း၊ မြေကိစ္စ၊ ရေလုပ်ငန်း၊ ရတနာရောင်းဝယ်ရေးများ၊ အနုပညာနယ်ပယ်မှလုပ်ငန်းများ၊ သစ်ရောင်းဝယ်ရေး၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပါသည်။ ထစ်ငေါ့ခက်ခဲနေတတ်၍ အကျိုးပေးသောနံသင့်သူများနှင့်တစ်ဆင့်ကြားခံဆောင်ရွက်ရပါမည်။ လူမှုရေးအတိုက်အခံများရှိနေတတ်၍ ထိန်သားပုတီးဖြင့်နမော(၅)ချက်ကိုအဓိဋ္ဌာန်ပုတီးစိပ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာမည်။ ကျန်းမာရေးကောင်းနေစေရန် လွှန်ကဲစွာအဆာမခံပါနှင့်၊ လွန်ကဲစွာအအေးမခံပါနှင့်။ ပညာရေးကံများကောင်းနေသော်လည်း လျော့ရဲရဲဖြစ်နေတတ်ပါသည်။ သူငယ်ချင်းများနှင့် အပျော်အပါးလျှော့ပါ။ ဘုရားစေတီများတွင် ညီလုံးပေါက်လျှပ်စစ်မီးပူဇော်ပေးပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်နေတတ်ပါသည်။ စကားပြောကြမ်းသဖြင့် စိတ်ဝမ်းကွဲတတ်ပါသည် ဆင်ခြင်ပါ။ ခိုစာ၊ ငှက်စာကျွေးပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် အင်္ဂါနံအက္ခရာများနှင့် (၇၊ ၃၊ ၂၊ ၉)ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *လေထိထားသောဝေနော့ရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီအထောက်အပံ့များရရှိပါလိမ့်မည်။ (၂)ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ အနုပညာနယ်ပယ်မှလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ အလှပြင်ဆိုင်လုပ်ငန်းများ၊ ကားလုပ်ငန်းများဖြစ်ပါသည်။ ထစ်ငေါ့ခက်ခဲနေတတ်၍ အကျိုးပေးသောနံသင့်သူများနှင့်တစ်ဆင့်ကြားခံဆောင်ရွက်ရပါမည်။ လူမှုရေးအတိုက်အခံများရှိတတ်၍ ဘုန်းတော်ကြီးကျောင်းများသို့သွားပြီး ကုဋီများသန့်ရှင်းရေးလုပ်ခြင်း၊ ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်း၊ အမှိုက်ကောက်၊ မြက်နုတ်စသောသန့်ရှင်းရေးများလည်းဆောင်ရွက်ပေးပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာမည်။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ အစာကိုအချိန်နှင့်စားပါ။ လွန်ကဲစွာအအေးမခံပါနှင့်။ သွားကျန်းမာရေးဂရုစိုက်ပေးပါ။ ပညာရေးကံများကောင်းပါမည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ ချစ်ရသူအပေါ် သစ္စာရှိပါ။ မျက်နှာများလျှင် အရှုပ်အရှင်းကိစ္စများကြောင့် နာမည်ပျက်တတ်ပါသည်။ ထီထိုးမည်ဆိုပါက တနင်္ဂနွေနံထီဆိုင်တွင် (၁အစ၁အဆုံး) (၅အစ၅အဆုံး)ထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *ခြေထောက်မကောင်းသူများကို ငွေ၊ အာဟာရလှူပါ။***

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၈)ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ ရေလုပ်ငန်း၊ ရတနာရောင်းဝယ်ရေး၊ ကားလုပ်ငန်းများ၊ အဆောက်အဦ၊ အိုးအိမ်ကိစ္စများဖြစ်ပါသည်။ ထစ်ငေါ့ခက်ခဲနေတတ်၍ အကျိုးပေးသောနံသင့်သူများနှင့်ကြားခံဆောင်ရွက်လုပ်ကိုင်ပါ။ လူမှုရေးအတိုက်အခံများရှိနေတတ်၍ ဘုရား၊ ကျောင်းကန်၊ ဇရပ်များတွင်အသုံးပြုရန် တံမြက်စည်းများလှူပါ။ လှည်းလည်းလှည်းခဲ့ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန်မိသားစုအပေါ် နားလည်မှုပေးပါ။ သားငယ်၊ သမီးငယ်များနားလည်အောင်နားဝင်အောင်ချော့မော့ပြောပါ။ အလိုမလိုက်ပါနှင့်။ နံနက်မိုးလင်းလျှင် ပရိတ်၊ ပဋ္ဌာန်းများဖွင့်၍ပူဇော်ပါ။ ကိုယ်တိုင်လည်းရွတ်ဖတ်ပူဇော်ပါ။ ကျန်းမာရေးကောင်းနေစေရန်အတွက် လွန်ကဲစွာအအေးမခံပါနှင့်။ လွန်ကဲစွာအဆာမခံပါနှင့်။ ညဥ့်နက်သည်အထိဖုန်းကြည့်မနေပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ စာမေးပွဲများအောင်မည်။ သင်တန်းများတက်ရန်ရွေးချယ်ခံရတတ်ပါသည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ၊ အတိတ်ကအကြောင်းများကြောင့် စကားများ၊ ရန်ဖြစ်ပြီးလမ်းခွဲရတတ်ပါသည်။ စကားပြောဆင်ခြင်လိုက်ပါ။ ထီထိုးမည်ဆိုပါကကြာသပတေးနံထီဆိုင်တွင် (၅၊ ၆၊ ၃၊ ၂)ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *လမ်းမှာတွေ့သော ချို့တဲ့သူကလေးတစ်ဦးကို စားချင်တာမေး၍ဝယ်ကျွေးပါ။ ပြီးရင်မုန့်ဖိုးပေးလိုက်ပါ။***

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)